www.burmeseclassic.com





# ကောလိပ်ကျောင်းသား

ဝေဠု



www.burmeseclassic.com

www.burmeseclassic.com

# ကောလိပ်ကျောင်းသား

ဇဝန

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှုမှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၇၆၀၆၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၀၁၀၆၀၃

❐

ပုံနှိပ်ခြင်း

ပထမ အကြိမ် - ၁၉၃၅ ခုနှစ်၊ သူရိယသတင်းစာ
ဒုတိယအ အကြိမ် - ၁၉၃၆ ခုနှစ်၊
တတိယ အကြိမ် - ၁၉၆၆ ခုနှစ်၊ ပုဂံစာပေ
စတုတ္ထ အကြိမ် - ၁၉၇၀ ခုနှစ်၊ ပုဂံစာပေ
ပဉ္စမ အကြိမ် - ၁၉၇၄ ခုနှစ်၊ စာပေပေါင်းကူး
ဆဋ္ဌမ အကြိမ် - ၁၉၉၅ ခုနှစ်၊ တင်ရွှေစာပေ
သတ္တမ အကြိမ် - ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ၊
(ကုံကော်ဝတ်ရည်စာပေ)

အုပ်ရေ - (၅၀၀)

❐

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၈၇)၊ (၅၆)လမ်း၊ (၂) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးပန်းချီ
ဇော်မောင်

❐

တန်ဖိုး
၆၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com


## ဇဝန၊ စာရေးဆရာ(ခရစ် ၁၉၁၁– ၁၉၈၃ )။ ။

မြန်မာစာပေနယ်တွင် စာရေးဆရာတစ်ဦးအဖြစ်လည်းကောင်း၊ သတင်းစာဆရာတစ်ဦးအဖြစ်လည်းကောင်း ထင်ရှားခဲ့သော ဇဝန၏ နာမည်အရင်း သည် ဦးသိန်း ဖြစ်သည်။ ဦးသိန်းကို ၁၉၁၁-ခုနှစ်တွင် ပြည်မြို့၌ အဖ ဆန်ကုန်သည် ဦးဖိုးမင်း၊ အမိ ဒေါ်မြတို့က မွေးဖွားသည်။ မွေးချင်း ၁၄ ယောက်တွင် ၁၀-ယောက်မြောက် ဖြစ်သည်။

ပြည်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ရာ ၁၉၂၇ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲ အောင်မြင်သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ကြားသည်။

အထက်တန်းကျောင်းသားဘဝမှ စတင်၍ စာရေးလေ့ကျင့်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ် ပုဂံကျောင်းဆောင်၏ နံရံကပ်စာစောင် ပုဂံလက်သီး၏ တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ရင်း 'ဇဝန' ကလောင်အမည်ကို စယူသည်။

၁၉၂၈-ခုနှစ်တွင် လန်ဒန်အတ် ရုပ်ရှင်၌ ဇာတ်ညွှန်းများရေးသည်။ ၁၉၃၀ ပြည့်နှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင် ဇာတ်ညွှန်းများရေးသည်။ ထိုကာလမှာပင် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏သား ကိုတင်ဦး၊ မော်လမြိုင်မြို့မှ ကိုသန်းတင်တို့နှင့် တွဲဖက်၍ ဝိဇယဂျာနယ်ကို ထုတ်ဝေသည်။

၁၉၃၅-ခုနှစ်တွင် မြန်မာ့နေ့စဉ်သတင်းစာ၌ တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ထိုစဉ်မှာပင် ကောလိပ်ကျောင်းသား ဝတ္ထုကို ရေးသားထုတ်ဝေရာ စာရေးဆရာ ဇဝနသည် ကောလိပ်ကျောင်းသားဝတ္ထုဖြင့် ကျော်ကြားလာသည်။ ၁၉၃၆-၃၉ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ၌ ဘာသာပြန်နှင့် လက်ထောက်အယ်ဒီတာ၊ ၁၉၃၉-ခုနှစ်တွင် သူရိယမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၄၂-ခုနှစ်တွင် စာရေးဆရာ မဂ္ဂဇင်းအယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဇဝနသည် စာရေးဆရာအသင်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက် မြန်မာ့အလင်းသတင်းစာ ပင်တိုင်ဆောင်းပါးရှင်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၄၆-ခုနှစ်တွင် ဇဝနဂျာနယ်၊ ၁၉၄၇-ခုနှစ်တွင် ဇဝန သတင်းစာတို့ကို ကိုယ်တိုင်တည်းဖြတ် ထုတ်ဝေခဲ့သည်။ ထို့နောက် ဂျာနယ်ကျော်၊ ဒီးဒုတ်ဂျာနယ်နှင့် အိုးဝေသတင်းစာတို့တွင် အယ်ဒီတာ ဖြစ်လာသည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၈-ခုနှစ်အထိ ကလေးဂျာနယ်နှင့် မြဝတီမဂ္ဂဇင်းတို့၏ တာဝန်ခံအယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com


သည်။ ၁၉၅၈-ခုနှစ်တွင် ကြေးမုံသတင်းစာ အစုရှင် ဖြစ်ခဲ့၍ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ဆောင်းပါးများကို တာဝန်ယူ ရေးသားခဲ့သည်။ ၁၉၆၄-ခုနှစ်မှစ၍ ကြေးမုံသတင်းစာ အယ်ဒီတာချုပ် ဖြစ်လာသည်။ ၁၉၇၂-ခုနှစ်တွင် ကြေးမုံသတင်းစာ အယ်ဒီတာချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

၁၉၅၂-၅၃၊ ၁၉၅၈၊ ၁၉၆၀-၆၁ ခုနှစ်များတွင် မြန်မာနိုင်ငံစာရေးဆရာများအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၂-ခုနှစ်တွင် ဗီယင်နာမြို့၌ ကျင်းပသောငြိမ်းချမ်းရေး ညီလာခံသို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၁၉၆၁-ခုနှစ်တွင် တိုကျိုမြို့၌ ကျင်းပသော အာရှ-အာဖရိက စာရေးဆရာညီလာခံသို့ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ကိုင်ရိုမြို့၌ ကျင်းပသော အာရှ-အာဖရိက စာရေးဆရာများ ဒုတိယညီလာခံသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဆန့်ကျင်ရေး သရုပ်ဖော်ဝိဇယ ပြဇာတ်တွင် အရေးပါသော ဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့ရာမှစ၍ စာရေးဆရာအသင်း ပြဇာတ်များတွင် ထင်ရှားသော ဇာတ်ဆောင်တစ်ဦး ဖြစ်လာသည်။

စာပေလောကသို့ ၁၉၂၇-ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး အချစ်၊ အလွမ်း၊ စုံထောက်နှင့် ဟာသဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၃၅-ခုနှစ် ကောလိပ်ကျောင်းသားဝတ္ထုကို ရေးသားပြီးနောက် **ကောလိပ်ဂျုံး၊ ဒို့ကျောင်းသား** ဝတ္ထုများကို ဆက်လက်ရေးသားခဲ့သည်။

ဟာသဝတ္ထုများအပြင် အထွေအထွေစာများ ရေးသားခြင်းဖြင့်လည်း ထင်ရှားခဲ့သူ ဖြစ်သည်။ **အပါပုံပြောမယ်၊ ဦးလေးပြောမယ်၊ ဇဝနစာပြောင်**တို့သည် စာရေးဆရာ ဇဝန၏ ထင်ရှားသော စာအုပ်များဖြစ်သည်။ လယ်ယာလုပ်သားဘဝ သရုပ်ဖော်ဖြစ်သော **ရွှေဝါဆန်** (၁၉၄၅) ဝတ္ထုသည်လည်း ထင်ရှားသည်။ ဆိုးပေအမည်ရှိ လူငယ်ဇာတ်ဆောင်တစ်ဦးကို အဓိကသရုပ်ဆောင်ပြုလျက် ရေးဖွဲ့သော ဆိုးပေဝတ္ထုများသည်လည်း ကျော်ကြားသည်။

၁၉၃၈-ခုနှစ်တွင် ဒေါ်ထားအိနှင့် လက်ထပ်ခဲ့ပြီး သားတစ်ယောက် သမီးငါးယောက် ထွန်းကားခဲ့သည်။

စာရေးဆရာ ဇဝနသည် မကွယ်လွန်မီကလေးတွင် မိမိ၏ကိုယ်ရေးဝတ္ထုကို သွေးသောက်မဂ္ဂဇင်း၌ ရေးခဲ့သည်။ လွတ်လပ်ရေးရပြီး ကာလအထိ ရေးသားသောစာစုကို ၁၉၈၃-ခုနှစ်တွင် **ဇဝန၏ ဇဝန**ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။

စာရေးဆရာ ဇဝနသည် ၁၉၈၃-ခုနှစ် မတ်လ ၈-ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## စစ်ပြီးခေတ် ပုံနှိပ်ခြင်းအတွက်
## ဇဝန၏အမှာ

ကျွန်တော့်အား ကျွန်တော်တို့ခေတ်က ကောလိပ်ကျောင်းသားတို့၏ဘဝကို သရုပ်ဖော်သော ဝတ္ထုတစ်ပုဒ် ရေးပေးပါဟူ၍ ပုံနှိပ်ထုတ်ဝေသူ တစ်ဦးဦးက ယနေ့လာရောက်တောင်းခံအံ့။ ကျွန်တော် ငြင်းပယ်ကောင်း ငြင်းပယ်မိပေလိမ့်မည်။ သို့မဟုတ် သဘောတူလက်ခံ၍ ရေးသားပေးပါကလည်း ဤကောလိပ်ကျောင်းသားဝတ္ထုမျိုး ဖြစ်မလာနိုင်ပေ။

ရန်ကုန်တက္ကသိုလ်ကို ခေတ်နှင့် ပိုင်းခြားရမည်ဆိုလျှင် ရန်ကုန်တက္ကသိုလ်ဟူ၍ စတင်လာသော ၁၉၂၀-ပြည့်နှစ် ကောလိပ်သပိတ်ခေတ်မှ ၁၉၃၀-ပြည့်နှစ် ဆရာစံ သူပုန်ထသည့်အချိန်ထိတစ်ပိုင်း၊ ၁၉၃၀-ပြည့်နှစ်မှ ၁၉၄၀-ပြည့်နှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်ထိတစ်ပိုင်း၊ ထိုကာလမှ လွတ်လပ်ရေး ရရှိပြီးနောက် ပြည်တွင်းစစ်မီးကြီး တောက်လောင်လာသည့်အချိန်အထိတစ်ပိုင်း၊ အနည်းဆုံး လေးပိုင်းခွဲခြားရပေလိမ့်မည်။

ကျွန်တော်ကား အိုင်စီအက် ဖြစ်ဖို့လောက်သာ အမြင့်ဆုံး ရည်ရွယ်ချက်ထားကြရသည့် မြို့ရိုကရက်တို့နှင့် အရင်းရှင်ပေါက်စတို့၏ သားသမီးများသာလျှင် အများဆုံးတက်ရောက် သင်ကြားနိုင်ခဲ့သော ခေတ်ဖြစ်သော ပထမခေတ်၏ နောက်ပိုင်းတွင် တက္ကသိုလ်ပညာ သင်ယူနေထိုင်ခဲ့ရသည့်အပြင်၊ ကျောင်းထွက်၍ ၅-နှစ်မျှ ကြာပြီးခါမှ ဤကောလိပ်ကျောင်းသားဝတ္ထုကို ရေးသားခြင်း ဖြစ်သော်လည်း ထိုစဉ်က ကျွန်တော့်မှာ အသက်အရွယ်အားဖြင့် နုနယ်ငယ်ရွယ်သေးသည့်အလျောက် ကျွန်တော့်အတွေးအခေါ်များမှာ နက်နက်နဲနဲ ရှိသည်ဟု မဆိုနိုင်ချေ။ ဤသည်ကိုပင် ကောလိပ်ကျောင်းသားတို့၏ဘဝကို ဖြစ်ရပ်မှန်အတိုင်း ဖောက်သည်ချနိုင်သော အရည်အချင်းတစ်ရပ်အ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်ဟု ဆိုနိုင်မည်လား မသိပေ။ ဆိုခဲ့သည့် ခေတ်အဆက်ဆက်တွင် တက္ကသိုလ်ကျောင်းသားတို့၏ တွေးခေါ်မှုနှင့် လှုပ်ရှားမှုတို့မှာ အမျိုးမျိုးပြောင်းလဲလျက် ရှိနေသော်လည်း တက္ကသိုလ်ကျောင်းသားတို့၏ ဘဝသည်ကား သိသိသာသာ ထူးခြားစွာ ပြောင်းလဲခြင်း မရှိဘဲ တသမတ်တည်းလိုပင် ရှိလျက် နေပေသည်။

ယနေ့သာလျှင် ကောလိပ်ကျောင်းသားဝတ္ထုကို ကျွန်တော် ရေးရပါက အဖြစ်အတိုင်း မရေးဘဲ ဖြစ်စေလိုသည့် ရည်သန်ချက်ဖြင့် ရေးသည့်ဖက်က အလေးသာပေလိမ့်မည်။ သို့ဖြစ်၍ ငယ်စဉ်က ရေးဖြစ်ခဲ့၍သာလျှင် တက္ကသိုလ်ကျောင်းသားတို့၏ဘဝကို သရုပ်ဖော်သော ကျွန်တော့်လက်ရာတစ်ခု ရှိနေပေသည်ဟု ဝမ်းမြောက်မိတော့သည်။

ကျွန်တော်သည် ဤဝတ္ထုကိုရေးရာ၌ ပျော်ပျော်ရွှင်ရွှင် နေတတ်သော ကျောင်းသားတို့၏ သဘာဝကို ထင်ရှားစေလိုသဖြင့် ဟာသရှုထောင့်မှနေ၍ ရေးသားခဲ့ရာ ကောလိပ်ကျောင်းသားတို့၏ဘဝကို မိအောင်ဖမ်းဖို့ရန်မှာ လေးနက်သော ဇာတ်ကွက်၊ ဇာတ်လမ်းပေါ်ကွင် ဇာတ်အိမ် တည်ဆောက်၍ မဖြစ်နိုင်သည့်အလျောက် အရွှန်းနှင့် အလွမ်းပေါ်တွင်သာ အုတ်မြစ်ချခဲ့ရလေသည်။

ဤကောလိပ်ကျောင်းသား ရေးစဉ်ခေတ်က ဟာသဝတ္ထု ရေးကြသူ အလွန်နည်းသေးသည်။ တစ်ပုဒ်လုံး ဟာသမြောက်သော စာပေအနေအထားဖြင့် ဝတ္ထုဆောင်းပါး တိုတိုထွာထွာမျှလောက်သာ ရေးကြလေ့ရှိသည်။ ထိုစာများကို ဖတ်ကြရသည့်အခါ ရယ်ရပါ၏။ သို့သော် ဇာတ်လမ်းမရှိဟု ဝေဖန်တတ်ကြသည်။ သို့ဖြစ်၍ တစ်ပုဒ်လုံး ဇာတ်လမ်းနှင့်တကွ ဟာသမြောက်သည့် ဝတ္ထုရှည်များကို ရေးရမည်ဆိုသောအခါ အချစ်နှင့် ဟာသကို သမအောင် မွှေပေးလိုက်ရလေသည်။ ယင်းသို့ ရောမွှေပေးရာတွင် ဟာသအမျိုးမျိုး ရှိသည့်အနက် 'ပြက်လုံး' ဟူ၍ ခေါ်ဝေါ်လေ့ရှိသော မြန်မာတို့ အများဆုံး သုံးစွဲပြောဆိုကြသည့် ဟာသနှင့် ရွှင်မြူးစရာ ဇာတ်လမ်းကို ပို၍အသားပေးကာ နက်နက်နဲနဲ တွေးတောသော နူးညံ့သော ဟာသနှင့် စာပြောင်တို့ကို လိုသည့်နေရာတို့၌သာ သင့်တင့်သလို ဖြည့်စွက်ရေးသားခြင်း ပြုခဲ့ရပေသည်။ အဓိကအားဖြင့် ကျောင်းသားတို့၏ ဘဝနှင့် ပို၍ဟပ်မိသော ဟာသတို့ကို အသုံးပြုထားရာ အငှားဟာသကွက်ကလေးများ အတော်အသင့်ပါသည်ကို စာဖတ်သူတို့ သတိပြုမိကြလိမ့်မည်ဟု မျှော်လင့်သည်။

ဤကောလိပ်ကျောင်းသားဝတ္ထုကို ရေးစဉ်က လွန်စွာအားရနှစ်ခြိုက်ရှိခဲ့သော်လည်း ယခု ပြန်လည်ဖတ်ရှုစစ်ဆေးသည့်အခါ ချွတ်ယွင်းချက်ကလေးများ ပါရှိနေသည် ကို တွေ့ရပေသည်။ ဤနှစ်ပေါင်း ၃၀-မျှ ကာလအတွင်း ခေတ်အကြီးအကျယ် ပြောင်း လဲခဲ့သည်ကိုလည်း သတိပြုမိသည်။ အချို့အမည်များ၊ အခေါ်အဝေါ်များကို ယနေ့ ပြောင်းလဲခေါ်ဝေါ်ထားကြရာ ယနေ့စာဖတ်သူတို့

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်ဘဲ ရှိမည့်အရာ အနည်းငယ်တို့ကို ပြင်ဆင် သုတ်သင်လိုက်ရပေသည်။

ဤကဲ့သို့ စင်းလုံးချော မဟုတ်စေကာမူ အပြစ်အနာအဆာ မကင်းသော သားကလေးကိုပင် မိဘတို့က အခြားသားသမီးများထက်ပို၍ ယုယချစ်ခင်ရသလို ကျွန်တော့်အဖို့ရာမှာလည်း မွဲ့ကလေး၊ အမှတ်ကလေး ပါရှိနေခြင်းကြောင့်ပင် ပို၍ လှနေသေးသည် ထင်မိလျက် မိဘကို အကျိုးပေးသော သားကလေးတစ်ယောက်အနေဖြင့် ပိုလို့ပင် ချစ်ရပေတော့သည်။

ဤချစ်စွာသော ရင်နှစ်သည်းချာကလေးကို တစ်ခေတ် တစ်ခါတုန်းက မြတ်နိုးခဲ့ကြောက်ကြသူတွေ များသလောက် ယနေ့ စာဖတ်ပရိသတ်တို့ကလည်း ယုယပိုက်ထွေးကြလိမ့်မည်ဟု မျှော်လင့်မိပေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်တက္ကသိုလ် ဓမ္မးဖွားစဉ်က

၁၉၂၀-ပြည့်နှစ် ဒီဇင်ဘာ ၁-ရက်၊ ဗုဒ္ဓဟူးနေ့ ( ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆-ရက်) တွင် အာဏာသခင်၊ နယ်ချဲ့ရှင်တည်း၊ မိခင်ဗြိတိသျှ၊ အစိုးရက၊ ဆန္ဒပြည်သူ၊ ဆန့်ကျင်ဆူလည်း၊ မမူဂရု၊ မွေးထုတ်ပြုသည်၊ သားနုကြွန်စုံ၊ အမည်တုံကား၊ ရန်ကုန်တက္ကသိုလ် တွင်စေသတည်း။

ယင်းတက္ကသိုလ်သည် ဗြိတိသျှ မိခင်ဝမ်းတွင်း၌ ကိုးလကျော် ကိန်းအောင်းပြီး ဖွားမြင်လာသည် မဟုတ်။ ခြောက်ဆယ့်ငါးနှစ်ကြာမျှ ပဋိသန္ဓေ တည်ခဲ့ရ၏။ အကြောင်းသော်ကား ၁၈၅၅-ခုနှစ်တွင် ရန်ကုန်မြို့၌ ကျောင်းသားလေးငါးယောက်မျှဖြင့် ထူထောင်ခဲ့သော အစိုးရအလယ်တန်းကျောင်းသည် ယင်း၏ ကာလရေကြည်တည်ခြင်း ဖြစ်သောကြောင့်ပင်။ အောက်မြန်မာပြည်ကို နယ်ချဲ့တို့သိမ်းပြီး သုံးနှစ်ခန့်ဖြစ်၍ အင်္ဂလိပ်အစိုးရကျောင်းကို လူကြိုက်မများသေးချေ။ ၁၈၆၀-ပြည့်နှစ် မတ်လတွင် ကျောင်းသား ၆၈-ယောက်အထိ တိုးတက်ခဲ့သော်လည်း နောက်နှစ်,နှစ်တွင် ကျောင်းသား နည်းပါး၍ ထိုကျောင်းကို ခေတ္တပိတ်လိုက်ရ၏။

၁၈၆၈-ခုနှစ်တွင် ယင်းကျောင်းကို ပြန်ဖွင့်သောအခါ ကျောင်းသား ၁၅ ယောက်သာ တက်သည်ကို တွေ့ရသည်။ တိုးတက်မှု ရှိလာသောကြောင့် ထိုကျောင်းသည် ၁၈၇၂-ခုနှစ်တွင် အထက်တန်းကျောင်း ဖြစ်လာခဲ့သော်လည်း နောက်သုံးနှစ်ကြာမှ အဌမတန်းကို စတင်ဖွင့်နိုင်ခဲ့၏။

ကာလကတ္တားတက္ကသိုလ် မက်ထရစ်ကူလေးရှင်း စာမေးပွဲကို မြန်မာပြည်က ရှေးဦးမဆွ ၁၈၇၇-ခုနှစ်တွင် အောင်မြင်သူ ကျောင်းသားနှစ်ဦးကား ရန်ကုန်အစိုးရ

www.burmeseclassic.com

www.burmeseclassic.com

အထက်တန်းကျောင်းသားများ ဖြစ်သည်။

ထိုကျောင်းကို ၁၈၇၉-ခုနှစ် ဇန်နဝါရီလ ၁-ရက်နေ့တွင် ရန်ကုန်ကောလိပ်ဟု ကာလကတ္တားတက္ကသိုလ်က အသိအမှတ်ပြုခြင်းခံရသဖြင့် ယင်းနှစ်တွင် အက်ဖ်အေ အတန်းကို ကောလိပ်ကျောင်းသား လေးယောက်ဖြင့် စတင်ဖွင့်ခဲ့၏။ ၁၈၈၃-ခုနှစ်တွင် ရန်ကုန်ကောလိပ်သည် ဝိဇ္ဇာ(ဘီအေ)တန်းကို ဖွင့်နိုင်သော အခြေအနေသို့ ရောက်ခဲ့သည်။ ၁၈၈၅-ခုနှစ်တွင် ဤပညာရိပ်မြုံမှ မြန်မာတိုင်းရင်းသားထဲက ရှေ့ဦးစွာ ဝိဇ္ဇာဘွဲ့ ဆွတ်ခူးသူမှာ မောင်တူ ဖြစ်၏။

၁၈၆၀-ပြည့်နှစ် ကုမ္ပဏီအက်ဥပဒေ ၂၁-အရ ယင်းကောလိပ်သည် ၁၈၈၆-ခုနှစ်အစတွင် အမြဲတမ်း ကောလိပ်အဖြစ်ဖြင့် အသိအမှတ်ပြုခံရလောက်အောင် ကြီးပွားခဲ့ပြီ။ မြန်မာပြည် ပညာရေးဆင်ဒီကိတ်က ယင်းကို အုပ်ချုပ်သည်။

အမေရိကန် ရေနှစ်ခရစ်ယာန် သာသနာပြုအဖွဲ့၏အားထုတ်မှုကြောင့်လည်း ကောင်း၊ ဗြိတိသျှအစိုးရကလည်း အားပေးသောကြောင့်လည်းကောင်း ရန်ကုန်ကောလိပ်နှင့် စင်ပြိုင်ဖြစ်သည့် ဗက်ပတစ်ကောလိပ်သည် ၁၈၉၄-ခုနှစ်တွင် ထွန်းပေါ်ခဲ့၏။ ထိုနှစ်တွင် ရန်ကုန်ကောလိပ်၌ ကျောင်းသား ၆၉-ယောက်ရှိပြီး ဗက်ပတစ်ကောလိပ်၌ ငါးဦးမျှသာရှိသည်။

၁၉၀၀-ပြည့်နှစ်တွင် ရန်ကုန်ကောလိပ်ကို ရွှေတိဂုံဘုရားလမ်းနှင့် ကောမိရှင်နာလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) ထောင့်ရှိ ရန်ကုန်အစိုးရ အထက်တန်းကျောင်းဝင်း၏ မြောက်ဘက်မြေကွက်တွင် အဆောက်အအုံသစ်တစ်ခုဆောက်၍ သီးသန့်ဖွင့်ပေးခဲ့၏။

၁၉၀၄-ခုနှစ်တွင် ပညာရေးဆင်ဒီကိတ်က ထိုကောလိပ်ကို အစိုးရလက်သို့ အပ်နှင်းခဲ့သည်။ နောက်လေးနှစ်ကြာသော် အစိုးရက ကာလကတ္တားတက္ကသိုလ် စည်းမျဉ်းများအရပင် ရန်ကုန်ကောလိပ်အတွက် အုပ်ချုပ်သူများအဖွဲ့တစ်ခုကို သီးခြားဖွဲ့စည်းပေး၏။

၁၉၀၉-ခုနှစ်တွင် မြန်မာပြည် တက္ကသိုလ် အက်ဥပဒေတစ်ခုကို အကြမ်းရေးဆွဲရန် ပညာရေးဆင်ဒီကိတ်က ခန့်အပ်သော အထူးကော်မတီအဖွဲ့က စဉ်းစားခဲ့သောကြောင့် ထိုနှစ်သည် ထူးခြားသည့် နှစ်ပင်ဖြစ်သည်။ သို့ရာတွင် ရန်ကုန်ကောလိပ်၌ ကျောင်းသား ၂၀၈-ယောက်ရှိ၍ ဗက်ပတစ်ကောလိပ်၌ ကျောင်းသား ၃၆-ယောက်မျှသာ ရှိသေးသောကြောင့် တက္ကသိုလ်တစ်ခု ထူထောင်ပေးလောက်အောင် ကျောင်းသားအင်အား မကြီးမားသေးဟု ယင်းကော်မတီက ဆုံးဖြတ်ခဲ့၏။

၁၉၁၅-ခုနှစ်တွင် ရန်ကုန်ကောလိပ်၌ ကျောင်းသားဦးရေ ၅၆၇-ယောက်ရှိ၍ ဗက်ပတစ်ကောလိပ်တွင် ကျောင်းသားဦးရေ ၇၈-ယောက် ရှိသောကြောင့် မြန်မာဘုရင်ခံက မြန်မာပြည်တွင် တက္ကသိုလ်တစ်ခု ဖွဲ့စည်းပေးရန် ဥပဒေကြမ်းတစ်ခု ပြုလုပ်

www.burmeseclassic.com

 www.burmeseclassic.com 

၍ အိန္ဒိယအစိုးရထံသို့ တင်ပြခဲ့သည်။ သို့ရာတွင် ထိုအချိန်က ပထမကမ္ဘာစစ်ကြောင့် ဗြိတိသျှတို့မှာ ငွေအလွန်ကြပ်တည်းနေသဖြင့် ထိုဥပဒေကြမ်းကို စဉ်းစားနိုင်သော အခြေအနေ မရှိချေ။ သို့သော်လည်း စည်းမျဉ်းဥပဒေများကို ရေးဆွဲထားရန် အိန္ဒိယ အစိုးရက မြန်မာပြည်အစိုးရကို တိုက်တွန်းခဲ့သည်။

သို့နှင့် အထူးကော်မတီသည် ၁၉၁၉-ခုနှစ် မတ်လ-၂၇ ရက်ကျမှပင် ရန်ကုန် တက္ကသိုလ် ဖွဲ့စည်းပုံ နည်းစနစ်အတွက် အစီရင်ခံစာကို ပညာမင်းကြီးထံ ပေးပို့နိုင်ခဲ့၏။ ယင်းအရာရှိသည် အိန္ဒိယမှ ပညာရေးစနစ်များတွင် အထူးကျွမ်းကျင်သူ ငါးဦးနှင့် မဒရပ်တက္ကသိုလ် မော်ကွန်းထိန်း မစ္စတာအက်ဖ်ဒဗ္ဗျူစဗာရီတို့ကို ငွေမြောက်မြားစွာ အကုန်ခံ၍ ဖိတ်ခေါ်ကာ ယင်းတို့နှင့် ဆွေးနွေးပြီးလျှင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အထူးကော်မတီ၏ အစီရင်ခံစာထဲက အကြံဉာဏ်ပေးချက်နှင့် အဆိုတင်သွင်းချက်များကို အခြေပြု၍ ရေးဆွဲခဲ့သည်။ ထိုကဲ့သို့ ပြုခြင်းသည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို သူကိုယ်တိုင် ရေးဆွဲရန် အရည်အချင်း မပြည့်စုံပါဟု ဝန်ခံရာရောက်တော့သည်။ မည်သို့ပင်ဖြစ်စေ ယင်းအက်ဥပဒေကို သူတို့ ခုနှစ်ဦး ပြုစုပြီးသောအခါ ထိုနှစ်တွင်ပင် အိန္ဒိယဗဟိုအစိုးရထံသို့ ပို့လိုက်၏။ ထိုအစိုးရက ယင်းကို အတည်ပြုပြီး အင်္ဂလန်ပြည် လန်ဒန်မြို့တော် အုပ်ချုပ်ရေးဌာနဝန်ကြီးထံသို့ တစ်ဖန် ပို့လိုက်၏။ ထိုဝန်ကြီးကလည်း ယင်းဥပဒေကို အတည်ပြုခဲ့သည်။ ထို့နောက် ယင်းဥပဒေကို မြန်မာပြည် ဘုရင်ခံ ဆာရယ်ဂျီနယ်ဟာင်နရီကရက်ဒေါ့ထံသို့ပို့၍ မြန်မာပြည် ဥပဒေပြုအဖွဲ့က လက်ခံအတည်ပြုစေသည်။

၁၉၂၀-ပြည့်နှစ် ဇူလိုင်လ ၃၁-ရက်၊ စနေနေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းချုပ်က ကြီးမှူး၍ ဂျူဗလီရုံ၌ ကျင်းပသည့် လူလေးရာကျော် တက်ရောက်သော မြို့လုံးကျွတ် အစည်းအဝေးက

၁ ။ ။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အများပြည်သူတို့ မကြိုက်ကြသောကြောင့် ဩဂုတ်လတွင် ကျင်းပမည့် ဥပဒေပြုအဖွဲ့က ယင်းဥပဒေကို အတည်မပြုသေးဘဲ ဒိုင်အာခီ အုပ်ချုပ်ရေးရမည့် ၁၉၂၂ ခုနှစ်ခန့်တိုင်အောင် ဆိုင်းငံ့ထားရန်

၂ ။ ။ နောင်အခါ ပညာတတ်များ နည်းပါးရန် ရည်စူးပြီး ထိုဥပဒေကို ရေးဆွဲသော ပညာမင်းကြီး ဂျွန်မတ်ဆမ်းမားဟန်းတားကို မြန်မာပြည်မှပြောင်းရွှေ့ပစ်ရန်

အပြင်းအထန် တောင်းဆိုလေသည်။ ဆာကရက်ဒေါ့သည် ထိုတောင်းဆိုချက်များကို ဂရုမစိုက်ချေ။

ဩဂုတ်လ ၂၈-ရက်နေ့တွင် မတ်ဟန်းတားက ဥပဒေပြုအဖွဲ့၌ ယင်းဥပဒေကို လက်ခံအတည်ပြုရန် ဥပဒေပြု အမတ်များအား ပြောကြားသောအခါ အရာရှိ

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်သော မင်းတိုင်ပင်အမတ် ဦးမေအောင်က ထောက်ခံခဲ့လေသည်။ ထိုအဆိုကို ကန့်ကွက်သူ မရှိသောကြောင့် ၁၉၂၀-ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အများသဘောတူ အတည်ပြုခဲ့ကြသည်။ ဆာကရက်ဒေါ့က စက်တင်ဘာလ ၂၆ ရက်နေ့တွင် အထက်ပါအတည်ပြုချက်ကို သဘာတူကြောင်း လက်မှတ်ရေးထိုး၏။ အောက်တိုဘာ ၂၄-ရက်တွင် အိန္ဒိယဘုရင်ခံချုပ်က ယင်းအက်ဥပဒေကို လက်ခံအတည်ပြုလိုက်သည်။

ဤအချက်သည် 'မြန်မာတိုင်းရင်းသားတွေ ငါတို့ လုပ်သည်ကို ဘယ်လိုပင် မကြိုက်စေကာမူ ငါတို့ လုပ်ချင်ရာကို ငါတို့ လုပ်သည်' ဟူသော ဗြိတိသျှနယ်ချဲ့တို့၏ အပြုအမူကို ထင်လင်းစွာ ဖော်ပြသည့် ဥဒါဟရုဏ်တစ်ခုပင် ဖြစ်တော့၏။

## ၁၉၂၀–ပြည့်နှစ် ကျောင်းသားသပိတ်

ရန်ကုန်ကောလိပ်ကျောင်းအုပ် မက်သယူးဟန်းတားသည် ၁၉၂၀-ပြည့်နှစ် နောက် နိုဝင်ဘာလ ၃၀-ရက် အင်္ဂါနေ့နံနက် ကောလိပ်ကျောင်းသား၊ ကျောင်းသူများ စုရုံးရာ၌ မိန့်ခွန်းပြောရာတွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဒီဇင်ဘာလ ၁ရက် ဗုဒ္ဓဟူးနေ့က စ၍ အသုံးပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သောအခါ ဥရောပတိုက်သားများနှင့် အင်္ဂလိပ် အိန္ဒိယ ကပြားများသည် တစ်ခဲနက် သြဘာပေးကြသည်။ သူတို့သည်ကား မြန်မာပြည်ပညာရေးစနစ်တွင် အထူးအခွင့်အရေး ရကြသူများ ဖြစ်ကြသည်။ ဆာကရက်ဒေါ့နှင့် အိန္ဒိယဘုရင်ခံချုပ်တို့ကလည်း ယင်းဥပဒေကို သဘောတူ အတည်ပြုလိုက်ပြီဖြစ်ကြောင်း ကျောင်းအုပ်က လေးလေးနက်နက် ဆက်ပြော၏။ အထက်ဖော်ပြပါ ကျောင်းသားများသည် ဝမ်းမြောက်ဝမ်းသာ လက်ခုပ်တီးကြပြန်သည်။ တိုင်းရင်းသား ကောလိပ်ကျောင်းသားများအဖို့မူကား စုရုံးရာ ခန်းမကြီးထဲသို့ မိုးကြိုးပစ်လိုက်သကဲ့သို့ ခံစားကြရ၏။ လွန်ခဲ့သောနေ့က (၂၉. ၁၁. ၂၀) ဘာသာရေးကြောင့် ကူရှင်ဟိုက်စကူးကျောင်းသားများ သပိတ်မှောက်ကြသည်ကို မြင်ယောင်လာသော ကျောင်းသားကြီး ၁၁-ဦး၏စိတ်များတွင် ထိုဥပဒေကို သပိတ်မှောက်ရန် အကြံပေါ်လာလေသည်။

၃. ၁၂. ၂၀ ရက်စွဲတွင် ထိုကျောင်းသား ၁၁-ဦးသည် ရန်ကုန် ရွှေတိဂုံစေတီရင်ပြင် အနောက်တောင်ထောင့်ရှိ ညောင်ပင်အောက်တွင် တိတ်တဆိတ် တွေ့ဆုံကြပြီး ထိုဥပဒေကို အောင်မြင်စွာ သပိတ်မှောက်နိုင်ရန် အကြမ်းမဖက်သော နည်းလမ်းများဖြင့် အံ့အားသင့်စေမည့် တိုက်ပွဲဆင်နွှဲရန် သုံးနာရီကြာမျှ တိုင်ပင်ဆွေးနွေးကြသည်။ အစီအစဉ်များ ပြုလုပ်ပြီးနောက် ယင်းတို့သည် ကောင်းအတူ ဆိုးသမျှ ဆောင်ရွက်ကြမည်ဟု သစ္စာအဓိဋ္ဌာန်ပြုကြ၏။ ယင်းတို့မှာ ဘီအေအထက်တန်းမှ ကိုဘဦး၊ ကိုလှတင်၊ ကိုသာညွှန့်၊ ကေညီပိတ် ဘီအက်စီ အထက်တန်းက ကိုဘရှင်၊

www.burmeseclassic.com

 www.burmeseclassic.com 

ကိုဖိုးကွန်း၊ ကိုအေး၊ ကိုဖေသိန်း၊ ဘီအက်စ်စီ အောက်တန်းက ကိုထွန်းဝင်း။ အိုင်အေအထက်တန်းက ကိုဘရှင်၊ အိုင်အေအောက်တန်းက ကိုအောင်ဒင်တို့ပင် ဖြစ်သည်။

ဒီဇင်ဘာ ၄-ရက်နေ့တွင် ထိုကျောင်းသား ၁၁-ဦးတို့သည် ရန်ကုန်ကောလိပ်နှင့် ဗက်ပတစ်ကောလိပ်က သူတို့ ယုံကြည်စိတ်ချလောက်သော သူငယ်ချင်း ၈၉ ယောက်ကိုပါခေါ်၍ ဗဟန်းရပ် ကြားတောရ ရွှေကျင်တိုက် တိုင်တစ်ရာကျောင်းအောက်ထပ်တွင် စုရုံးခဲ့ကြသည်။ သူတို့၏ ပထမခြေလှမ်းဖြစ်၏။ မွန်းလွဲ ၃-နာရီအချိန်တွင် သပိတ်မှောက်သင့်၊ မမှောက်သင့်ကို စတင်ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးပြီးနောက် လက်ရှိကောလိပ်ကျောင်းသားများအတွက်လည်း နစ်နာ၊ နောင်ခေတ် ဟိုက်စကူးကျောင်းသား၊ ကောလိပ်ကျောင်းသားများအတွက်လည်း နစ်နာမည့် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်ရန်နှင့် ထိုအရေးကို အောင်မြင်အောင်ဆောင်ရွက်ရန် အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ကောလိပ်ကျောင်းနှစ်ကျောင်းစလုံးက ပါဝင်သော သပိတ်မှောက် အမှုဆောင် ၂၆-ယောက်ကို ရွေးကောက်တင်မြှောက်လိုက်သည်။ အမှုဆောင် ၂၆-ယောက်နှင့်တကွ ကျန်ရှိသောကျောင်းသား ၇၄-ယောက်တို့ကို ထိပ်သီးခေါင်းဆောင် ကိုဘဦးက နောက်တစ်နေ့ (၅. ၁၂. ၂၀)တွင် အခြားကောလိပ်ကျောင်းသားများအား ဗဟန်းသပိတ်မှောက်စခန်းသို့ လာရောက်စုရုံးကြရန် လိုက်လံတိုက်တွန်း နှိုးဆော်ဖို့ တာဝန်ပေး၍ အစည်းအဝေးကို ညနေ-၆နာရီခွဲတွင် ရုပ်သိမ်းလိုက်၏။

နောက်တစ်နေ့ (၅. ၁၂. ၂၀) နံနက်စောစောတွင် သိမ်ကြီးဈေး၊ ပုစွန်တောင်ဈေး၊ ဗိုလ်တထောင်ဈေး၊ ရေကျော်ဈေး၊ ဗိုလ်ကလေးဈေး၊ ကွမ်းခြံဈေး၊ လမ်းမတော်သံဈေး၊ မော်တင်ဈေး၊ အလုံဈေး၊ ကြည့်မြင်တိုင်ဈေးများသို့ သပိတ်မှောက် အမှုဆောင်များ နှစ်ယောက်တစ်စု၊ သုံးယောက်တစ်စု ခွဲကာသွားပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ရန်ကုန်ကောလိပ်နှင့် ဗက်ပတစ်ကောလိပ်ကျောင်းသူ၊ ကျောင်းသားများက ကန့်ကွက်၍ သပိတ်မှောက်ကြောင်း၊ ယင်းတို့သည် ဗဟန်းကြားတောရသို့ ချီတက်နေကြပြီဖြစ်ကြောင်းကို ဈေးသည်များနှင့် ဈေးဝယ်လာသူတို့ သိရှိကြစေရန် သတင်းလွှင့်ပေးလိုက်သည်။

သပိတ်စခန်းသို့ ကောလိပ်နှစ်ကျောင်းလုံးက မြန်မာ ကျောင်းအိပ်၊ ကျောင်းစားများ ဦးစွာရောက်လာကြသည်။ ထို့နောက် နေ့ကျောင်းသားများ တစ်သုတ်ပြီး၊ တစ်သုတ် ရောက်လာကြသည်။ ခေါင်းဆောင်တစ်ဦးဖြစ်သော ကိုအောင်ဒင် စီမံထားချက်အရ ကြားတောရ ဇရပ်များတွင် သူတို့ စခန်းချကြသည်။ ထိုနေ့ညနေတွင် တက္ကသိုလ် ဘွိုင်းကော့တား စုစုပေါင်း ဦးရေမှာ ၃၅၈-ယောက် စုစည်းမိသည်။ သူတို့၏ စားသောက်ရေးအတွက် သိမ်ကြီးဈေး ဒါနသုခအသင်းဥက္ကဋ္ဌ ဒေါ်ကြင်အိမ်ကတာဝန်ယူ၍ ဆောင်ရွက်ပေးသောကြောင့် စခန်းပိတ်သည့်အထိပင် သပိတ်စခန်း၌ ဆန်၊

www.burmeseclassic.com

www.burmeseclassic.com

ဆီ၊ ဆား စသည်တို့ ဖူလုံပေသည်။

ရန်ကုန်ကောလိပ် ကျောင်းအုပ်၊ ဗက်ပတစ်ကောလိပ်ကျောင်းအုပ်တို့မှစ၍ ဆာကရက်ဒေ့ါအထိ သက်ဆိုင်ရာ အရာရှိကြီးများသည် သူတို့ မမျှော်လင့်သော သပိတ်မှောက်ခြင်း ရုတ်တရက် ပေါ်လာသောကြောင့် မျက်လုံးပြူးသွားကြလေသည်။ သပိတ်မှောက်သမားများ၏ လက်သီးပုန်းထိုးခံရသော ပညာမင်းကြီး မတ်ဟန်းတားသည် ရန်ကုန်ပုလိပ်မင်းကြီး အိပ်စ်စီနန်ဂဲနှင့်အတူ ရန်ကုန်ကောလိပ်ကျောင်းအုပ် မက်သယူးဟန်းတားထံသို့ ထိုနေ့ညနေတွင် သွားရောက်ပြီး "ဤသပိတ်ကို ခင်ဗျား ခွဲပါ၊ လိုသမျှ အကူအညီကို အစိုးရက ပေးမည်" ဟု ကျောင်းအုပ်က သူ့အား ကတိပေးလိုက်၏။

သို့နှင့် ကျောင်းအုပ်သည် ဓာတုဗေဒ ကထိက ဦးဘနှင့် ဦးဘလှိုင်တို့ကိုခေါ်ပြီး ဗဟန်းသပိတ်စခန်းသို့ ညနေ ၆-နာရီတွင် ရောက်လာခဲ့ကြ၏။ ကျောင်းအုပ်သည် မော်တော်ကားထဲတွင် နေရစ်ပြီး ဦးဘနှင့် ဦးဘလှိုင်တို့ကို ကျောင်းသားများအား ကျောင်းသို့ ပြန်လာရန် ဖြားယောင်းခိုင်း၏။ ဗက်ပတစ်ကောလိပ်ကျောင်းသား ကိုလှက "ဆရာများနှင့် ကောလိပ်ကို သပိတ်မှောက်သည် မဟုတ်၊ အက်ဥပဒေကို သပိတ်မှောက်ခြင်းဖြစ်၍ ဆရာတို့ ပြန်ကြပါ" ဟု တောင်းပန်သဖြင့် ဦးဘတို့သည် သပိတ်မှောက်စခန်းရုံးမှ ပြန်ထွက်လာပြီး သူတို့ အားထုတ်မှု မအောင်မြင်ကြောင်း ကျောင်းအုပ်ကို ပြောကြားကြ၏။ ကျောင်းအုပ်က "ငါကိုယ်တိုင် သွေးဆောင်မည်" ဟု ပြောကာ မော်တော်ကားပေါ်မှဆင်း၍ အဖော်ဆရာနှစ်ဦးနှင့်အတူ ဇရပ်ပေါ်သို့ တက်ခဲ့၏။ ကျောင်းအုပ်က "ငါ့တပည့်တို့ ပညာရေး ပျက်ကုန်မည်၊ ကျောင်းသို့ ပြန်လာပြီး ပညာသင်ရင်း မင်းတို့၏ နစ်နာချက်များကို တောင်းပါ" ဟု မိန့်မြွက်သော် ခေါင်းဆောင်ကိုဖေသိန်းက "ကျွန်တော်တို့၏ တောင်းဆိုချက်များကို ပို့လိုက်ပါမည်။ ကျွန်တော်တို့ တောင်းဆိုသည်များကို ကျေနပ်လောက်အောင် ပြုပြင်ပေးတော့မှ ကျွန်တော်တို့ ကောလိပ်များသို့ ပြန်လာကြပါမည်" ဟု လေးစားစွာ ပြန်ကြားလေသည်။ ကျောင်းအုပ်က "ဤဟာ မှန်ကန်သော နည်းလမ်းမဟုတ်" ဟု ဆက်ပြောသော စကားမဆုံးမီ အမှုဆောင် ကိုမြင့်က "ဆရာကြီး ကျွန်တော်တို့ ညစာစားရန် အဆင်သင့် ဖြစ်နေပါပြီ။ ဗြိတိသျှအစိုးရ၏ နည်းပရိယာယ်များကို ကျွန်တော်တို့ စက်ဆုတ်ပါသည်။ ဆရာကြီးကို အတိုက်အခံ မပြောလိုပါ။ အစိုးရကို ကျွန်တော်တို့ တိုက်နေခြင်း ဖြစ်ပါသည်။ ဆရာကြီး ကျေးဇူးပြု၍ ပြန်ပါတော့" ဟု မျက်ရည်စို့သော မျက်လုံးများဖြင့် မချိတင်ကဲဝင်ပြောလိုက်သဖြင့် ကျောင်းအုပ်သည် လက်လျှော့ကာ ပြန်သွားလေတော့သည်။

ကောလိပ်ကျောင်း နှစ်ကျောင်းလုံး ပိတ်ထားသော စနေနေ့နှင့် တနင်္ဂနွေတွင် ထိုကဲ့သို့ ဖြစ်ခဲ့၏။ (၆. ၁၂. ၂၀) ရက်စွဲ တနင်္လာနေ့တွင် ကောလိပ်များ ဖွင့်သောအခါ နံနက်စောစောကပင် ပုလိပ်မင်းကြီးသည် ရန်ကုန်ကောလိပ်နှင့် ဟိုက်[illegible]ကူးဝင်ပေါက်၊

www.burmeseclassic.com

 www.burmeseclassic.com 

ဇက်ပတစ်ကောလိပ်ဝင်ပေါက်များတွင် မျက်နှာဖြူပုလိပ် ဂေါ်ရာဆာဂျင် များစွာကို ချထား၍ သပိတ်တားသူ ဟူသမျှကို ဖမ်းရန် အမိန့်ပေးထားလေသည်။

ဤကဲ့သို့ ပြုမည်ကို ကြိုသိမြင်သော ခေါင်းဆောင်ကြီး ကိုဘဦးသည် အမှုဆောင်များကို လမ်းမတော်ဘူတာ၊ ဘုရားဘူတာ၊ သိမ်ကြီးဈေးနှင့် ဖရေဇာလမ်းထောင့်၊ ကျုံးကြီးလမ်းနှင့် လမ်းမတော်ထောင့်၊ ၂၆ လမ်းနှင့် ကော်မီရှင်နာလမ်းထောင့်များတွင် နေရာချထား၍ တိုင်းရင်းသားများကိုသာ အမှတ်တမဲ့ နှုတ်ဖြင့်ပြောကာ သပိတ်မှောက်ဖို့ တိုက်တွန်းရန် ညွှန်ကြားထားသဖြင့် ပုလိပ်မင်းကြီး၏ ညွှတ်ကွင်းထဲသို့ သပိတ်မှောက်ရန် ဆော်ဩသူများ မကျရောက်ကြချေ။ တစ်ဦးတစ်ယောက်ကိုမျှ သူတို့ မဆော်ဩလိုက်ရဘဲ ထိုနေ့တွင် သပိတ်စခန်းသို့ နောက်ထပ် ကောလိပ်ကျောင်းသားများ ရောက်လာကြသဖြင့် ဘွိုင်းကော့တား အင်အားသည် စုစုပေါင်း ၄၆၄-ဦး ဖြစ်လာ၏။ (၇. ၁၂. ၂၀)တွင် သပိတ်မှောက်သမားဦးရေ ၅၁၅ ယောက်အထိ တိုးလာ၏။ ကျန်ရှိသော ရန်ကုန်ကောလိပ်ကျောင်းသား ၂၉၀ နှင့် ဇက်ပတစ် ကောလိပ်ကျောင်းသား ၄၉-ဦးတို့မှာ အများအားဖြင့် ဥရောပတိုက်လားများနှင့် အင်္ဂလိပ်-ကုလား ကပြားများ ဖြစ်ကြသည်။ ထိုစာရင်းတွင် ရှမ်း၊ ကရင်၊ မြန်မာ၊ ကုလား၊ တရုတ် အနည်းငယ်သာ ပါသည်။

မက်သယူးဟန်းတား၏ စေခိုင်းချက်အရ သူရိယသတင်းစာတိုက် မန်နေဂျင်းဒါရိုက်တာ ဦးလှဘေက (၇. ၁၂. ၂၀) ထုတ် သူရိယသတင်းစာ ခေါင်းကြီးပိုင်းတွင် သပိတ်မှောက်သမားများ ကောလိပ်ကျောင်းသို့ ပြန်တက်ကြရန် တိုက်တွန်းထားသည်ကို ဖတ်ရ၏။ သပိတ်မှောက် အရေးတော်ပုံကို သူဖြိုခွဲသော်လည်း မပြိုကွဲပေ။

နောက်တစ်ရက်တွင် ဘာသာရေးနှင့် ပတ်သက်၍ သပိတ်မှောက်နေကြသော ကူရှင်ဟိုက်စကူးကျောင်းသား ၄၀၀ ခန့်က သူတို့လည်း ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်နေကြပြီဟု ကြေညာခြင်းဖြင့် ဦးလှဘေကို ဒဏ်ပြန်ခတ်လိုက်ကြ၏။ ထိုကျောင်း၏ အပြုအမူသည် မြန်မာပြည်အတွင်းရှိ အခြား အင်္ဂလိပ်-မြန်မာ ဟိုက်စကူးကျောင်းများအဖို့ ရှေ့ဆောင်လမ်းပြ ဖြစ်သွားလေသည်။ ရန်ကုန်မြို့ပေါ်ရှိ အခြား အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်းများကလည်း ထိုကျောင်းနည်းတူလိုက်၍ သပိတ်မှောက်ကြသောကြောင့် ကူရှင်ကျောင်းအုပ် အယ်လ် ဒဗလျူ ဟက်တာစလေးက ယင်း၏တပည့်များကို မိဘမဆုံးမသော သားများဟု ဆဲရေး၏။ စိန်ပေါကျောင်းအုပ် ဘရာသာဂျွန်က ယင်း၏တပည့်များကို မိစ္ဆာဒိဋ္ဌိများဟု ရေရွတ်၏။ အစိုးရဟိုက်စကူးကျောင်းအုပ် ဝီလျံဒေါက်ကလပ်က သပိတ်မှောက် ကျောင်းသားများကို လူမိုက်တွေဟု ချိုးဖွဲ့ပြော၏။ စိန်မိုက်ကယ်ကျောင်းအုပ် ဝီလျံချားမာထရမ်ပါးစားက ခွေးမသားတွေဟု ကလော်တုတ်၏။ မက်သဒစ်ကျောင်းအုပ် စီ၊ အိပ်၊ ရစ်က ကျေးဇူးကန်းခွေးတွေဟု နင်းပြောဆို၏။ စိန်ဗာနဗတ်ကျောင်းအုပ်က သရဲတွေဟု မိန့်ခေါ်

www.burmeseclassic.com


၏။ စိန်ဂျွန်းကျောင်းအုပ်က လူဆိုးတွေဟု ဘွဲ့ပေး၏။ ရေဒီယားကျောင်းအုပ်နှင့် မူဆလင်ကျောင်းအုပ်တို့က နွားတွေဟု တိုင်းထွာကြ၏။

စိန်မေရီ ကျောင်းအုပ်ဆရာမကြီး လွှစ်ဟယ်လင်မော့လပ်ဖလင်က သပိတ်မှောက် ကျောင်းသူတပည့် သုံးလေးယောက်ကို ပေါက်ကျော်တွေဟု ငေါ့ပြော၏။ အောဘီအမ် မိန်းကလေး ကျောင်းအုပ်ဆရာမကြီး မစ်ဆာသာလန်က သပိတ်မှောက် တပည့် သုံးလေးဦးကို မကောင်းသော သူငယ်မတွေဟု သမုတ်၏။

တပည့်များ၏ သွေးကိုစုပ်၍ ငါးကြင်းဆီဖြင့် ငါးကြင်း ကြော်နေကြသော ကျောင်းအုပ်များ၏ ဒဏ်ပြန်ခတ်ခြင်းကို တင်ပြပြီးနောက်၊ ရန်ကုန်ဂေဇက် သတင်းစာက ကျောင်းသားများသည် ဗဟန်း၌ ဆိုးသွမ်းညစ်ညမ်းမှုများ လုပ်နေကြသည်။ ဥပဒေလက်လွတ်ပြုနေကြသည်ကို ငါတို့ လျစ်လျူမရှုနိုင်ဟုလည်းကောင်း၊ ရန်ကုန်တိုင်းသတင်းစာက သပိတ်မှောက်ကျောင်းသားများသည် စည်းကမ်းလုံးဝမရှိကြ။ အာဏာပိုင်အားလုံးကို ပုန်ကန်၍ ခြေဦးတည့်ရာ လှည့်သွားနေကြသဖြင့် ကြာပွတ်ရိုက် ဥပဒေကို သုံးသင့်သည်ဟုလည်းကောင်း လိမ်လည်ကာ ချောက်တွန်းရေးသား၍ ဒဏ်ပြန်ကြသည်များကို ဖော်ပြလိုက်ပါသည်။ အမှန်မှာ တက္ကသိုလ် သပိတ်မှောက် အမှုဆောင်အဖွဲ့က ဟိုက်စကူးကျောင်းသားများကို ညီ၊ နှမရင်းချာများကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။ ဘယ်လိုနေ၊ ဘယ်လိုထိုင်ဟု စည်းကမ်းပေးစရာ မရှိလောက်အောင်ပင် ယင်းတို့သည် သေဝပ်ကျစ်လစ်စွာ အပြစ်ကင်းအောင် နေထိုင်ကြသည်။ ကောလိပ်ကျောင်းသား(၇၀)က ဆရာလုပ်၍ သူတို့အား (၁၃. ၁၂. ၂၀) မှစ၍ အချိန်မှန် စာသင်ပေးကြမည်ဖြစ်ကြောင်း အမှန်ရှင်းတမ်းကို သတင်းစာတိုက်များသို့ အမှုဆောင်အဖွဲ့က အမြန်ပို့ပေးသော်လည်း လက်မခံချေ။ ထို့ကြောင့် မြန်မာပိုင် နယူးဘားမား သတင်းစာကတစ်ဆင့် သပိတ်မှောက်ကျောင်းသား မိဘများတို့ ရှင်းပြခဲ့ရ၏။

ဥရောပတိုက်သားနှင့် အင်္ဂလိပ်-ကုလား ကပြားပိုင် သတင်းစာများ၏ အယ်ဒီတာများသည် ထိုမျှ ညစ်ပတ်လေစွ။

သပိတ်မှောက် ဟိုက်စကူးကျောင်းသားကြီးများ၏ ဦးရေမှာ ၁၄၀၀ ခန့်ရှိသဖြင့် ရန်ကုန်ဈေးအားလုံးက ထောက်ပံ့ကြသော စားစရာများဖြင့် မလုံလောက်ချေ။ ထို့ကြောင့် နောင်တော် တက္ကသိုလ် ဘွဲ့ရင်းကော့တားတို့သည် စနစ်တကျ ငွေအလှူခံခြင်းဖြင့် ထိုပြဿနာကို ဖြေရှင်းကြရသည်။

ရန်ကုန်ဟိုက်စကူးကျောင်းများ သပိတ်မှောက်ခြင်းကြောင့် အခြားမြို့ရှိ ဟိုက်စကူးကျောင်းနှင့် အလယ်တန်းကျောင်း ၈၉-ကျောင်းသို့ သပိတ်မှောက်မီး ကူးစက်သွား၏။

သပိတ်မှောက် ကိစ္စကြောင့် ၁၂. ၁၂. ၂၀ ရက်စွဲတွင် တက္ကသိုလ်ကောလိပ်

www.burmeseclassic.com

 www.burmeseclassic.com 

အုပ်ချုပ်ရေးအဖွဲ့၏ အရေးပေါ် အစည်းအဝေးကို ထိုကောလိပ် ကျောင်းအုပ် ရုံးခန်းတွင် ကျင်းပခဲ့ကြ၏။ ဥက္ကဋ္ဌ စီအမ်ဝက်က "ခင်ဗျားတို့ ပြောစရာရှိသည်များကို ငါ ကြားပါရစေ" ဟု ဆိုသောအခါ တက္ကသိုလ်၊ ကောလိပ်ကျောင်းအုပ် မက်သယူးဟန်းတားက "သပိတ်မမှောက်ခင် တစ်လခန့်က ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းတွင် ထထကြွကြွ လုပ်တတ်သော မြန်မာလူငယ်တစ်စုသည် ဤကဲ့သို့သော လှုပ်ရှားမှုတစ်ခုကို ပြုမည်ဟု ကြံနေကြကြောင်း ကျုပ် ကြားရ၏။ တက္ကသိုလ်အသစ်တွင် ကျောင်းအိပ်၊ ကျောင်းစား နေထိုင်သူများသာ ပညာသင်နိုင်မည် ဖြစ်သောကြောင့် ကျောင်းသားများမှာ စရိတ်အကုန်အကျ များမည်ဟူသော အချက်ကို တင်ပြကြသည်။ သပိတ်မှောက်သွားသည့်အချိန်ထိ ကျောင်းသားများသည် လှုပ်ရှားမည့် အရိပ်အယောင် အနည်းငယ်မျှ မပြဘဲ အေးချမ်းစွာ စာသင်နေကြသည်။ ဒီဇင်ဘာလ ၅ ရက် တနင်္ဂနွေနေ့တွင် ဗဟန်း၌ စုရုံးသော ကျောင်းသားများထံသို့ ကျုပ် သွားပါသည်။ သူတို့၏နစ်နာချက်များဘာဖြစ်သည်ကို ရှင်းရှင်းလင်းလင်း မသိခဲ့ရပါ။ ပြည်သူတို့၏ဆန္ဒကို ဆန့်ကျင်လျက် အက်ဥပဒေကို အတည်ပြုခဲ့ကြသည်။ ဥပဒေကို အတည်မဖြစ်အောင် လူကြီးများက တိုက်ပွဲဝင်ခဲ့သော်လည်း မအောင်မြင်သောကြောင့် ထိုဥပဒေကို ချေမှုန်းရန် သူတို့ ထွက်ခဲ့ကြသည်ဟု ပြောကြသည်" ဟု အစီရင်ခံ၏။ ဥပဒေပါမောက္ခ ဦးမေအောင်က "သပိတ်မှောက်ခြင်းကို ကျုပ်တို့ ချေမှုန်းကြရမည်" ဟု တိုက်တွန်းသည်။

ပါမောက္ခ ဂျီ၊ အာ၊ တီ၊ ရော့က "သူတို့၏ နစ်နာချက်များကို တောင်းဆိုသည့်စာကို ကျုပ်တို့အဖွဲ့သို့ ပို့မည်ဟု ကြားသည်" ဟု ဆိုရာ ပညာမင်းကြီး မတ်ဟန်းတားက "ဤအကြောင်းနှင့် ပတ်သက်၍ မည်သည့်တောင်းဆိုလွှာကိုမျှ ကျုပ် မစဉ်းစားနိုင်ဘူး။ ဘယ်ကိုယ်စားလှယ်အဖွဲ့ကိုမျှ ကျုပ်လက်ခံ ဆွေးနွေးမည်မဟုတ်" ဟု ခိုင်မြဲစွာပြော၏။ ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်း မန်နေဂျာ အီ၊ ဂျေ၊ ဟိုလဗာတန်က "သူတို့ကို ဗြိတိသျှအစိုးရ၏ ဂုဏ်သရေကို ဖျက်ခွင့် မပေးသင့်ဘူး" ဟု မိန့်ဆိုသည်။ ထိုအခါ ဝတ်လုံတော်ရ တီ၊အာ၊အက်၊ မယ်ဒေါ်နယ်က "သပိတ်မှောက်ခေါင်းဆောင် ၁၁-ယောက်ကို ထိန်းသိမ်းလိုက်ရင် ကောင်းမည်လား" ဟု တိုက်တွန်းသော မေးခွန်းထုတ်လိုက်ရာ၊ ပါမောက္ခ ဒီ၊ ဂျေ၊ ဆလော့က "ခွေးလေးခုန်လို့ ဖုန်မထပါဘူး။ သိပ်မစိုးပါနဲ့ သူတို့ အာကွဲအောင် တောင်းဆိုပါစေ" ဟု ဂရုမစိုက်သောလေသံပစ်လိုက်၏။ ပဲခူးတိုင်းမင်းကြီး ဒုပိုလ်မှူးကြီး အက်၊ အာ၊ နဲသားဆိုးက "ကျုပ်ကတော့ သူတို့ကို အချုပ်ခန်းထဲ ထည့်ထားလိုက်ရင် သပိတ်မှောက်ခြင်း ပြိုကွဲသွားလိမ့်မည်ဟု ယူဆသည်" ဟု တင်းမာစွာ မြွက်ကြားသည်။ ရန်ကုန်တက္ကသိုလ်၏ ဒုတိယအဓိပတိလည်းဖြစ်သော ဥက္ကဋ္ဌ စီ၊ အမ်၊ ဝက်က "ခွန်အားသုံးရန် အချိန်မရောက်သေးဘူးဟု ငါ ထင်သည်၊ ဒီဇင်ဘာ ၂၃-ရက်တွင် ကောလိပ် ပြန်မတက်လျှင် စာရင်းမှ ပယ်မည်ဟု ခြိမ်းခြောက်ကာ ကြေညာလိုက်လျှင် သပိတ်လှန်ပြီး ပြန်လာကြမည်။ ဤနည်းဖြင့် သပိတ်မှောက်ကို ပြိုကွဲ

www.burmeseclassic.com

www.burmeseclassic.com


နိုင်သည်။ ခင်ဗျားတို့ သဘောတူကြပါသလား" ဟု မေးသောအခါ ကျန်အဖွဲ့ဝင်ရှစ်ဦးက တူပါသည်ဟု တစ်ဦးစီ ပြန်ဖြေကြသဖြင့် သူသည် ထိုအမိန့် ဆာကြူလာကို နောက်တစ်နေ့တွင် ထုတ်လိုက်သည်။

ထိပ်သီးခေါင်းဆောင် ကိုဘဦးက ရန်ကုန်တက္ကသိုလ် အဓိပတိ ဆာကရက်ဒေါ့ထံသို့ တောင်းခံလိုက်သော အချက်များ၏ အကျဉ်းချုပ်ကား အောက်ပါအတိုင်းဖြစ်၏။

၁ ။ ။ တက္ကသိုလ်တစ်ခုထက် ပိုမိုရှိနိုင်ရန်နှင့် နေ့ကျောင်းသားများလည်း တက္ကသိုလ်တက်နိုင်ရန်။

၂ ။ ။ ဆယ်တန်းစာမေးပွဲအောင်ရန်အတွက် အင်္ဂလိပ်စာနှင့် အခြားတစ်ဘာသာတွင် ပြောင်မြောက်ရမည် ဆိုသည့်အချက်ကို ပယ်ဖျက်ရန်။

၃ ။ ။ တက္ကသိုလ် ရှေ့ဦးတန်းကို ပယ်ဖျက်ရန်။

၄ ။ ။ တက္ကသိုလ်စာမေးပွဲများတွင် နှုတ်မေးစာမေးပွဲများကို ဖြုတ်ရန်။

၅ ။ ။ ရိုးရိုး ဘီအေအောင်သူကို အမ်အေစာမေးပွဲ ဖြေခွင့်ပေးရန်။

၆ ။ ။ ဘီအေ ဂုဏ်ထူးတန်းသားများကို တစ်ကြိမ်ထက်ပို၍ စာမေးပွဲဖြေခွင့်ပေးရန်။

၇ ။ ။ အမ်အေစာမေးပွဲဖြေသူများကိုလည်း အကြိမ်ကန့်အသတ် မရှိဘဲ ဖြေခွင့်ပေးရန်။

၈ ။ ။ ဘီအေ ဂုဏ်ထူးတန်းသားများကို သုံးနှစ်ကျော်စေကာမူ စာမေးပွဲဖြေခွင့်ပြုရန်။

၉ ။ ။ အမ်အေအတွက် နှစ်ကန့်သတ်ထားခြင်းကိုလည်း ဖျက်ရန်။

၁၀။ ။ သိပ္ပံနှင့် မဟာသိပ္ပံဘွဲ့များအတွက် အင်္ဂလိပ်စာစီကုံးခြင်းကို မစစ်ဆေးရန်။

၁၁။ ။ တက္ကသိုလ်ကောင်စီနှင့် ဆီးနိတ်တွင် ကိုယ်စားလှယ်မျိုးစုံ ပါဝင်စေရန်။

၁၂။ ။ ဒု-အဓိပတိနှင့် ပါမောက္ခများကို အဓိပတိက တိုက်ရိုက်ခန့်မည့်အစား ဆီးနိတ်က ခန့်ထားရန်။

၁၃။ ။ အရစ်ကျ စာမေးပွဲများ လုပ်ပေးရန်။

၁၄။ ။ ဥပဒေတန်းကျောင်းသားများအတွက် နံနက်ကျောင်းတက်ချိန် လုပ်ပေးရန်။

၁၅။ ။ အလွတ်စာသင်သားများကို တက္ကသိုလ်စာမေးပွဲများ ဖြေခွင့်ပေးရန်။

ဤတောင်းခံလွှာကို ဆာကရက်ဒေါ့က ချောင်ထိုးထားခိုင်းလိုက်၏။

တက္ကသိုလ် ဒု-အဓိပတိ၏ ခြိမ်းခြောက်စာကို ဒဏ်ပြန်ခတ်သည့်သဘောဖြင့် ခေါင်းဆောင်ကြီး ကိုဘဦးက (၂၀. ၁၂. ၂၀) ရက်စွဲတွင် တိုင်တရာကျောင်း၌ ကျင်းပသော သပိတ်မှောက်ကျောင်းသားများအားလုံး ညီလာခံ၌ ပြောကြားသည့် မိန့်ခွန်းရှည်၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သဘာပတိ ဦးဖေနှင့်
သပိတ်မှောက်ဖော်များ ခင်ဗျား-

ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်ခြင်းသည် မြန်မာပြည်သားများ၏ရင်ခွင်တွင် အိပ်မောကျနေသော အမျိုးသားစိတ်ဓာတ်ကို နှိုးခဲ့ပါပြီ။ တိုင်းပြည်တစ်ခု၏ ပညာရေးကို နှေးဖင့်အောင် လုပ်ခြင်းသည် ရာဇဝတ်မှုဖြစ်သည်။ မတရားမှု အပြုခံရသည့်အတွက် ကောလိပ်ကျောင်းသား သပိတ်မှောက်ခြင်း ဖြစ်ပေါ်လာရ၏။ ယခု ဟိုက်စကူး ကျောင်းသားများလည်း ပါဝင်လာခဲ့ပြီ။ မနေ့က ရွှေတိဂုံ ရင်ပြင်ပေါ် မှာ မြို့လုံးကျွတ် အစည်းအဝေးခေါ်ပြီး အမျိုးသားတက္ကသိုလ် ထူထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ငွေခြောက်သိန်းခန့် လှူကြမည်ဟု ကတိပေးခဲ့ကြပြီဖြစ်၍ မကြာမီ အမျိုးသား တက္ကသိုလ် ထွန်းပေါ်တော့မည်။ ငါတို့၏ တောင်းဆိုချက်များကို ရေးချိတ်ထားပြီး၊ ဒီဇင်ဘာလ ၂၃-ရက်တွင် ကောလိပ်နှင့် ကျောင်းများသို့ ပြန်မတက်သူများကို စာရင်းမှ ပယ်ပစ်မည်ဟု ခြိမ်းခြောက်လိုက်၏။ ငါတို့ မကြောက်။ ငါတို့သည် အစိုးရ၏ လက်ထဲတွင် ရုပ်သေးများ မဟုတ်ကြောင်း အစိုးရနှင့် ကမ္ဘာသို့ ငါတို့ ပြကြရမည်။ ငါတို့တိုင်းပြည်အတွက် ငါတို့၏ အသက်များကိုပင် စွန့်ရစေကာမူ ငါတို့ အသင့်ရှိကြသည်။ ပုသိမ်မြို့တွင် ကျောင်းသား (၄၀၀) ကျော် ကျောင်းထုတ်ခံကြရပြီ။ ငါတို့ နောက်ဆုတ်ရန် မဖြစ်နိုင်။ ရှေ့သို့တိုး၍ ငါတို့ သေအထိ တိုက်ခိုက်မည်။ မောင်တို့ မယ်တို့ ထိုကဲ့သို့ လုပ်ရန် သန္နိဋ္ဌာန် ချထားကြရဲ့လား (ချထားကြပါတယ်)။ တက္ကသိုလ်ဥပဒေ ကျဆုံးပါစေ။ ညီတို့ နှမတို့ သင်တို့ စိတ်အားငယ်ကြသလား (မငယ်ပါဘူး)။ သို့ဖြစ်လျှင် ဒီဇင်ဘာ ၂၃ ရက်ထိ စောင့်ထားပါ။ (ဩဘာသံ တစ်ခဲနက် ဆူသွား)။

ထို့နောက် သက်ဆိုင်ရာတို့က ကျောင်းသားစာရင်းမှ ထုတ်မပစ်မီ သပိတ်မှောက် ကျောင်းသားများက မိမိတို့အမည်များကို နုတ်ယူကြရန် အားလုံးသဘောတူကြသည်။ စာရင်းပေးကြသည်မှာ ရန်ကုန်ကောလိပ်က ၄၉၂-ယောက်၊ ဗက်ပတစ်ကောလိပ်က ၅၄-ယောက်၊ စုစုပေါင်း ၅၄၆-ယောက် ဖြစ်သည်။ ဟိုက်စကူးကျောင်းသား ၁၇၀၀ ကျော်ကလည်း ထိုနည်းတူ ပြုလုပ်ကြပြီး သက်ဆိုင်ရာ ကျောင်းအုပ်များထံသို့ နုတ်ထွက်စာရင်း ပို့လိုက်ကြသဖြင့် မတ်ဟန်းတားတို့က စောင့်ကြည့်ကြသေးတာပဟု ပြော၍ သက်ပြင်းချလိုက်ကြ၏။ ရက်စေ့သော်လည်း ကျောင်းသားတစ်ယောက်မျှ ပြန်မလာသောကြောင့် မတ်ဟန်းတားတို့က ၁၉၂၁ ခုနှစ် ဇန်နဝါရီလ ၅-ရက်နေ့အထိ ရက်တိုးပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


(၂၄. ၁၂. ၂၀) ရက်စွဲတွင် ဗဟန်းသပိတ်မှောက်စခန်း အထက်တန်းကျောင်းကို အမျိုးသားကျောင်းဟု အမည်ပေး၍ အမျိုးသားပညာရေး လှုပ်ရှားမှုကော်မတီက စတင်ဖွင့်လှစ်လိုက်သည်။ (၂၈. ၁၂. ၂၀) တွင် ကျောင်းသား၊ ကျောင်းသူများအတွက် အဆင်ပြေစေရန် ဗဟန်း တန်းမြင့်ကျောင်း၊ ပုဇွန်တောင် တန်းမြင့်ကျောင်း၊ ကြည့်မြင်တိုင် တန်းမြင့်ကျောင်း၊ ၃၂ လမ်း မိန်းကလေး တန်းမြင့်ကျောင်း၊ ဗိုလ်တထောင် အလယ်တန်းကျောင်း၊ စမ်းချောင်း အလယ်တန်းကျောင်းဟူ၍ ခြောက်ကျောင်းခွဲ၍ ထူထောင်ခဲ့သည်။ ယင်းကော်မတီက အမြို့မြို့၌ အမျိုးသားကျောင်းများဖွဲ့စည်းရန်အတွက် သပိတ်မှောက် ကောလိပ်ကျောင်းသားများကို (၂၁. ၁၂. ၂၀) မှစ၍ စေလွှတ်ခဲ့သည်။

ထို့ကြောင့် (၁. ၁. ၂၁) တွင် မြင်းခြံ၌ အမျိုးသားကျောင်း ထွန်းပေါ်ခဲ့၏။ နှစ်လကြာသော် မြန်မာတစ်ပြည်လုံးတွင် ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၆၀၀၀) ရှိသော အမျိုးသားကျောင်း (၉၀) ရှိလာခဲ့၏။ အမျိုးသားပညာရေး လှုပ်ရှားမှုကော်မတီကိုလည်း အမျိုးသားပညာရေးကောင်စီဟု အမည်ပြောင်းလိုက်သည်။ (၁၄. ၈. ၂၁) တွက် ဗဟန်းရွှေကျင်ကျောင်းတိုက်၌ ပထမအမျိုးသားတက္ကသိုလ် ပေါက်ဖွားလာသည်ကား နောက်ဆက်တွဲ အကျိုးကျေးဇူးပေတည်း။

၁၉၂၀-ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ခြင်းကြောင့် ပေါ်ပေါက်လာသော ဖြစ်ထွန်းမှုများကိုသာ ဖော်ပြပြီး အပျက်အစီးများကို ထိန်ချန်ထားခဲ့လျှင် ဤဆောင်းပါးကို မှတ်တမ်းကောင်းတစ်ခုဟု ဆိုနိုင်မည်မဟုတ်။ ထို့ကြောင့် အပျက်အစီးများကိုလည်း ဖော်ပြပါဦးအံ့။ ဗက်ပတစ်ကောလိပ်ကျောင်းအုပ် ဒီ၊ စီ၊ ဂီးလမိုးက ဘာသာရေးနှင့်ဆွယ်ပြီး သွေးဆောင်သောကြောင့် ကရင်ခရစ်ယာန်ကောလိပ်ကျောင်းသား ၇၄-ယောက်သည် ခရစ္စမတ်ပွဲအတွက် ပြန်ရဦးမည်ပြောပြီး (၁၉. ၁၂. ၂၀) တွင် သွားကြ၏။ သူတို့သည် သပိတ်မှောက်စခန်းသို့ ပြန်မလာတော့ချေ။ သပိတ်မှောက် အမှုဆောင်အဖွဲ့က သူတို့အား သပိတ်မှောက် စခန်းပြေးဟု သတ်မှတ်လိုက်သည်။ အမြို့မြို့၌ ဖွင့်ဆဲ ဖွင့်လတ္တံ့သော အမျိုးသားကျောင်းများတွင် အနစ်နာခံ၍ ဆရာအလုပ် မလုပ်လိုသူနှင့် အမျိုးသားတက္ကသိုလ် ဖွင့်သောအခါ မတက်လိုသူ အိန္ဒိယလူမျိုးနှင့် တရုတ်လူမျိုး စုစုပေါင်း ၁၂၅-ယောက်သည် ရန်ကုန်တက္ကသိုလ်သို့ ပြန်တက်ကြသည်။ သူတို့ မပါဘဲနှင့်လည်း အမျိုးသားကျောင်းများနှင့် အမျိုးသားတက္ကသိုလ် ဖြစ်မြောက်သွားသည်မှာ မျက်မြင်ဒိဋ္ဌပင်။

သန့်ရှင်းသော ရည်ရွယ်ရင်းအကြောင်းခံ၊ မြင့်မြတ်သော ရည်မှန်းချက်၊ တိုယ်ကျိုးမဲ့သော ဆောင်ရွက်မှု၊ ခံစားရမည့် ကိုယ်ကျိုးများကိုစွန့်၍ အနစ်နာခံခြင်း၊ မိုးချစ်စိတ်၊ မှန်ရာလုပ်ရဲသောသတ္တိနှင့် ဖွဲ့ဟူသော အရည်အချင်းများနှင့် ပြည့်စုံသည့် ထိုစဉ်အခါက ဘွိုင်းကော့တား အမျိုးသားကျောင်းဆရာ၊ ကျောင်းဆရာမ ၆၀၀ နီးပါး

www.burmeseclassic.com

www.burmeseclassic.com


တို့သည် ဗြိတိသျှအစိုးရတို့ကို နှလုံးရည်ဖြင့် ပထမ စတင်တိုက်သော တော်လှန်ရေးသမားများ ဖြစ်သွားကြသည်မှာ ရန်ကုန်တက္ကသိုလ် မွေးဖွားစဉ်အခါက ဟုတ်မှန်ပါသတည်း။

အညတြ

( ရန်ကုန်တက္ကသိုလ် နှစ် ၅၀ ပြည့် အထိမ်းအမှတ် ၁၉၇၀ အပိုင်း ၂ မှ ကောက်နှုတ် ဖော်ပြပါသည်။ )

□□□

www.burmeseclassic.com

www.burmeseclassic.com

## မောင်သစ်လွင်
## ၁၉၂၀ ခုနှစ်

ကျွန်တော်သည် ဆယ်တန်းစာမေးပွဲ **(H. S. F)** ကို ၁၉၂၀-ပြည့်နှစ်၊ မတ်လတွင် အောင်မြင်ခဲ့ပြီး ယင်းနှစ် ဇွန်လဆန်းတွင် ရန်ကုန်ကောလိပ်သို့ အထက်တန်းပညာ ဆက်လက် ဆည်းပူးရန် ဝင်ရောက်ခဲ့ပါသည်။ ထိုစဉ်အခါက မြန်မာပြည်တစ်ပြည်လုံးတွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ဟူ၍ ကောလိပ်ကျောင်းနှစ်ကျောင်းမျှသာ ရှိခဲ့ပါသည်။ ယင်းကောလိပ်ကျောင်း နှစ်ကျောင်းစလုံးမှာ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံ ကောလိပ်ကျောင်းများ ဖြစ်ခဲ့ကြပါသည်။

ရန်ကုန်ကောလိပ်မှာ ယခု ဗဟိုပြည်သူ့ဆေးရုံကြီး**(R.G.H)** နှင့် မျက်နှာချင်းဆိုင်လျက် မင်းကြီးလမ်း**(Commissioner Road)** (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး)ပေါ်တွင် တည်ရှိပါသည်။ ရန်ကုန်ကောလိပ်၏ လက်ဝဲ (အရှေ့) ဘက်၌ အစိုးရဟိုက်စကူးကျောင်း တည်ရှိပါသည်။ ကျောင်းဝင်းမှာ မြောက်ဘက်၌ ရန်ကုန်-ပြည်မီးရထားလမ်းအထိ ကျယ်ဝန်းပါသည်။ ကောလိပ်အဓိက အဆောက်အဦးမှာ အောက်ထပ်တိုက်ခံ အပေါ်ထပ်ပျဉ်ထောင် ပျဉ်ခင်း အုပ်ကြွပ်မိုး ဖြစ်ပါသည်။ အောက်ထပ်အရှေ့ဘက်ပိုင်း၌ အစည်းအဝေးခန်းမကြီး ရှိပါသည်။ အလယ် ပင်မတွင် စာသင်ခန်း ၆-ခန်းနှင့် ဆရာမများအတွက် အနားယူခန်းကလေး နှစ်ခန်း ရှိပါသည်။ အနောက်ဖက်ပိုင်း၌ စာသင်ခန်း တစ်ခန်းနှင့် ကထိကများအတွက် အနားယူရန် အခန်းကြီးတစ်ခု ရှိပါသည်။ အပေါ်ထပ်၌ ဘော်ဒါခန်း ၁၂-ခန်း၊ လူနာခန်း **(Sick Room)** တစ်ခုနှင့် ဘော်ဒါအဆောင်မှူးကြီးများအတွက် နေအိမ်ခန်းများ ရှိပါသည်။ ဘော်ဒါများအားလုံးအတွက် ထမင်းစားဆောင်ကြီးမှာ ပင်မကျောင်းဆောင်ကြီး၏ နောက်ဖေး(မြောက်)ဘက်မှာ ရှိပါသည်။ ယင်းထမင်းစားဆောင်၏ အနောက်ဘက်ကပ်လျက် ကျောင်းအုပ်ကြီး၏ရုံးခန်း လုပ်ထားသော တစ်ထပ်တိုက်တစ်လုံး ရှိပါသည်။ ထိုရုံးအဆောက်အဦး

www.burmeseclassic.com

www.burmeseclassic.com


၏ အနောက်တောင်ဘက်၌ အမျိုးသမီးများအတွက် အနားယူ အပန်းဖြေခန်းတစ်ခု ရှိပါသည်။ အနောက်မြောက်ဘက်တွင်မူကား မိုးလုံလေလုံ အားကစားခန်း **(gymnasium)** တစ်ခု ရှိပါသည်။ ယင်းအားကစားခန်း၏ အနောက်ဘက်တွင် ရူပဗေဒ သင်ကြားပို့ချရေးအတွက် နှစ်ထပ်တိုက်တစ်လုံးသည် ကျောင်းဝင်းနှင့်ယှဉ်လျက် တောင်နှင့်မြောက်တန်းကာ တည်ရှိပါသည်။ ရူပဗေဒကျောင်းဆောင်နှင့်ဆက်လျက် မြောက်ဘက်မီးရထားလမ်းနံဘေးတွင် နှစ်ထပ်တိုက်တစ်လုံး အရှေ့နှင့်အနောက် တန်းလျက် တည်ရှိပါသေးသည်။ ထိုတိုက်တွင် ဓာတုဗေဒ သင်ကြားပို့ချပါသည်။ ဓာတုဗေဒကျောင်းဆောင်၏ အရှေ့ဘက်တွင် ဝိဇ္ဇာဘာသာရပ်များ ပို့ချရန်အတွက် ပျဉ်ထောင် ပျဉ်ခင်း နှစ်ထပ်တိုက် အဆောက်အဦတစ်ခု တည်ရှိပါသည်။ ယင်းကျောင်းဆောင်၏ အရှေ့ဘက်၌ ကျောင်းသူ၊ ကျောင်းသားများအတွက် စားသောက်တန်းတစ်ခု ရှိပါသည်။ ထိုဆိုင်တန်း၌ ဒူဘန်း**(Du Ben)** ဘီလပ်ရည်မျိုးစုံ၊ နွားနို့၊ ရေခဲအဖျော်ယမကာများရောင်းသော ဆိုင်တစ်ဆိုင်နှင့် တရုတ်ထမင်း၊ ခေါက်ဆွဲဆိုင်တစ်ဆိုင် ရှိပါသည်။ ယင်းဆိုင်တန်းနှင့်ကပ်လျက် အရှေ့ဘက်တွင် ကျောင်းသားများအတွက် ရေချိုးခန်းတစ်ခုနှင့် အုတ်အိမ်သာ အဆောက်အဦတစ်ခု ရှိပါသည်။ ယင်းအိမ်သာ အဆောက်အဦသို့ သွားသောလမ်း၏ အရှေ့ဘက်တွင် အစေခံတန်းလျားနှင့် မီးဖိုဆောင် ရှိပါသည်။ ဖော်ပြခဲ့သော အဆောက်အဦများ၏ အလယ်တွင်ရှိသော မြေကွက်လပ်မှာ ဘောလုံး လေ့ကျင့်ရန် ကစားကွင်း ဖြစ်ပါသည်။ ကျောင်းအုပ်ကြီးအတွက် နေအိမ်မှာ ပင်မကျောင်းဆောင်ကြီး၏ အနောက်ဘက်တွင် တည်ရှိသော တိုက်ခံ ပျဉ်ထောင်အိမ်ကြီး ဖြစ်ပါသည်။ ထိုအဆောက်အဦ အားလုံးကို ယခုအခါ ဗဟိုပြည်သူ့ဆေးရုံကြီး၏ တိုးချဲ့အဆောက်အဦးများအဖြစ် အသုံးပြုထားပါသည်။

၁၉၂၀-ပြည့်နှစ်က ရန်ကုန်ကောလိပ်သို့ မောင်မယ်သစ်လွင် (၂၀၀) ခန့် ဝင်ရောက်ကြပါသည်။ အမျိုးသမီး ၂၀ ခန့် ပါဝင်ပြီး ယင်းတို့အနက် လေးဦးမှာ မြန်မာအမျိုးသမီးများ ဖြစ်ကြပါသည်။ မြန်မာအမျိုးသမီး အများဆုံး ဝင်ရောက်သော နှစ် ဖြစ်ပါသည်။ ထိုမြန်မာအမျိုးသမီးများမှာ ဒေါ်ခင်ခင်ကြီး၊ ဒေါ်မြသိန်း၊ ဒေါ်ခင်ဆင့်နှင့် ဒေါ်စောရီတို့ ဖြစ်ကြပါသည်။ သူတို့အားလုံး သိပ္ပံဘာသာတွဲ ယူကြပါသည်။ ထိုစဉ်ကတည်းက ဝိဇ္ဇာဘာသာရပ်များထက် သိပ္ပံဘာသာရပ်များ လိုက်စားသူ ပိုမိုများပြားလာပါသည်။ အိုင်အေ **(I.A)** နှင့် အိုင်အက်စ်**(I. Sc.)** အတန်းသားများအားလုံး အင်္ဂလိပ်နှင့် မြန်မာဘာသာများ ယူရပါသည်။ အိုင်အက်စ် ယူသူများမှာ ဓာတုဗေဒ၊ ရူပဗေဒနှင့် သင်္ချာဘာသာများ အပိုယူရပါသည်။ အိုင်အေယူသူများမှာ များသောအားဖြင့် ပါဠိ၊ ဓာတုဗေဒနှင့် သင်္ချာဘာသာများ အပိုယူရပါသည်။ အချို့က တက္ကဗေဒ **(Logic)** ဘာသာကိုလည်း တွဲယူကြပါသည်။ ထိုဘာသာရပ်များမှအပြင် အခြားသင်ကြားပို့ချသော ဘာသာရပ်များ မရှိတော့ပါ။ ဘီအေရောက်တော့ တက္က

www.burmeseclassic.com

ဗေဒယူသူများ ဒဿနိကဗေဒ (**Philosophy**) ယူပါသည်။

အင်္ဂလိပ်ဘာသာ သင်ကြားပို့ချသော ကထိကများမှာ **Mr. C. W. Ainsley. Mr. A Campbell. Mr. G. H. Luce** နှင့် **Mr. G. Fraser** တို့ ဖြစ်ကြပါသည်။ သူတို့အားလုံး(**I.E.S**) အရာရှိများ ဖြစ်ကြပါသည်။ လက်ထောက်ကထိကများမှာ **H.Mr. B. A. Masani** နှင့် **Miss Kamen** တို့ ဖြစ်ကြပါသည်။

မြန်မာဘာသာမှာ ပြဌာန်းထားသော ဘာသာရပ်တစ်ခု ဖြစ်သော်ငြားလည်း ရန်ကုန်ကောလိပ်၌ ထိုစဉ်အခါက မြန်မာစာဌာန သီးခြားထားရှိခြင်း မရှိသေးပါ။ ထို့ကြောင့် မြန်မာစာ ပို့ချသော သင်တန်းများလည်း မရှိပါ။

ဓာတုဗေဒဘာသာ သင်ကြားပို့ချသော ကထိကများမှာ **Dr. Mathew Hunter** နှင့် **Mr Bellers** တို့ ဖြစ်ကြပါသည်။ လက်ထောက်ကထိကမှာ ဆရာကြီး ဦးဘ ဖြစ်ပါသည်။ နည်းပြဆရာများမှာ ဆရာ ဦးဘိုးချို၊ ဆရာ ဦးဘသန်း၊ ဆရာ ဦးဘလှတင်၊ ဆရာ ဦးဘသွင်နှင့် ဆရာ ဦးခင်မောင်ဦးတို့ ဖြစ်ကြပါသည်။

ရူပဗေဒ သင်ကြားပို့ချသော ကထိကများမှာ (**Mr. Ward**) နှင့် (**Mr. K. C. Aiyer**) တို့ ဖြစ်ကြပါသည်။ လက်ထောက်ကထိကမှာ(**Mr. Basu**) ဖြစ်ပါသည်။ နည်းပြဆရာများမှာ(**H.Mr. Sokhey, Mr. Wan Hock.**) ဦးမောင်မောင်(စစ်ကိုင်း) နှင့် ဦးသန်းအောင်တို့ ဖြစ်ကြပါသည်။

သင်္ချာဘာသာ သင်ကြားသော ကထိကများမှာ (**Mr. L. G. Owen**) နှင့် (**Mr. De**) တို့ ဖြစ်ကြပါသည်။ လက်ထောက်ကထိကမှာ (**Mr. Wan Choo**) ဆရာ ဦးကာ၊ ဆရာ ဦးအောင်လှ၊ ဆရာ ဦးမြတ်ကြည်နှင့် ဆရာ ဦးကျော်ညွန့်တို့ ဖြစ်ကြပါသည်။

ဒဿနိက ဘာသာရပ်များကို သင်ကြားပို့ချသော ကထိကမှာ ကျွန်တော် မှတ်မိသလောက်(**Dr. Ross**) တစ်ဦးတည်း ရှိပါသည်။

ပါဠိဘာသာ သင်ကြားပို့ချသော ကထိကမှာလည်း (**Mr. A. Cassium**) တစ်ဦးတည်း ဖြစ်ပါသည်။ ထိုအခါက ဆရာကြီး ဦးဖေမောင်တင်မှာ နိုင်ငံခြားသို့ ပညာသင်သွားနေခိုက် ဖြစ်ပါသည်။

ကျောင်းအုပ်ကြီးမှာ (**Dr. Methew Hunter**) ပင် ဖြစ်ပါသည်။ လူပျိုကြီး ဖြစ်ပါသည်။

ရှေးက ကောလိပ်ကျောင်းသားကြီးများ ခေါင်းပေါင်း ပေါင်း၍ ကျောင်းတက်ကြသည်ဟု ကြားသိရပါသည်။ ကျွန်တော်တို့၏ခေတ်၌ ထိုသို့ မဟုတ်တော့ပါ။ သို့သော် ဘီအေခေါင်းပေါင်း ဆိုတာတော့ ကျော်ကြားဆဲ ဖြစ်ပါသည်။ ကျောင်းသားများ ပိုးလုံချည်နှင့် အပေါ်ရင်စေ့အင်္ကျီ ဝတ်ကြပြီး သားရေရှူးဖိနပ်၊ မန္တလေးပိန်းကန်းဖိနပ်၊ သို့မဟုတ် မော်လမြိုင် ရေ့ထိုးဖိနပ် စီးလေ့ရှိပါသည်။ ထိုကဲ့သို့ မဝတ်ဆင်လျှင် စာသင်

www.burmeseclassic.com



ခန်းများနှင့် ထမင်းစားဆောင်အတွင်းသို့ ဝင်ရောက်ခွင့် မပြုပါ။ ချင်းချက်အနေနှင့် မိုးတွင်း၌ ညစာစားရန်လာသော ကျောင်းသားများသာ ကျိုက်ထိုခုံဖိနပ် စီးခွင့်ပြုပါသည်။

ကျွန်တော်တို့ ရန်ကုန်ကောလိပ်သို့ ဝင်ရောက်သောနှစ်က ကျောင်းသားအားလုံးပေါင်း ၇၀၀ ခန့်မျှသာ ရှိပါသည်။ ထက်ဝက်လောက်မှာ ကျောင်းအိပ်၊ ကျောင်းစားဘော်ဒါများ ဖြစ်ကြပါသည်။ အထက်တွင် ဖော်ပြခဲ့သော ပင်မကျောင်းအိပ်၊ ကျောင်းစားများနေရန် အခန်း ၁၂-ခန်း ရှိပါသည်။ တစ်ခန်းလျှင် ၆-ဦး နေထိုင်ရပါသည်။ ယင်းအခန်းများမှာ ဘီအေ၊ ဘီအက်စီ အတန်းသမားအတွက် ဖြစ်ပါသည်။ နေရာလွတ်များ ရှိလျှင်သာ အိုင်အေ အိုင်အက်စီ အကြိုတန်းသမားအချို့ကို နေထိုင်ခွင့်ပြုပါသည်။ မောင်သစ်လွင်များ အလည်အပတ်ပင် ရဲရဲဝင်ထွက်ခြင်း မပြုရဲကြပါ။ ကျောင်းအိပ်၊ ကျောင်းစားတစ်ဦးအတွက် အုန်းဆံ မွေ့ယာနှင့် သံကုတင်တစ်လုံး၊ အဝတ်အစားထည့်ရန် သစ်သားဗီဒိုတစ်ခု၊ စားပွဲတစ်လုံးနှင့် လက်တင်ကုလားထိုင်တစ်လုံး ထားရှိပါသည်။ ထို့ကြောင့် ကျောင်းသားများ ကိုယ်ပိုင်လိုအပ်သော ပစ္စည်းများမှာ အိပ်ယာခင်း၊ ခြင်ထောင်နှင့် ခြုံစောင်မျှသာ ဖြစ်ပါသည်။ အိုင်အေ၊ အိုင်အက်စ်စီ အကြိုတန်းများကို များသောအားဖြင့် အမှတ်(၁) ဗွိုင်း(**Voyle**)လမ်း (ယခု ဦးဝိစာရလမ်း)နှင့် အမှတ်(၈-ဘီ) နှင့် (၈-စီ) ဘုရားလမ်း၌ ငှားရမ်းထားသော တိုက်များတွင် နေရာ ချထားပေးပါသည်။ မောင်သစ်လွင်များကို အမှတ်(၁)ဗွိုင်းလမ်းနှင့် ကြောချင်းကပ်လျက်ရှိသော အမှတ် (၈) ဆင်မဆင်လမ်း (**Simpson Rd.**) နှင့် ထိုလမ်းရှိ (**Free Mason**) အသင်းတိုက်နှင့် မျက်နှာချင်းဆိုင်တိုက် အမှတ် (၉) တွင် ထားပါသည်။ အထက်တွင် ဖော်ပြခဲ့သော ပြင်ပဘော်ဒါ ကျောင်းဆောင်များအနက် အမှတ် (၉) ဆင်မဆင်လမ်းရှိ တိုက်တစ်လုံးမှတစ်ပါး ကျန်အဆောက်အဦများ ယခု မရှိကြတော့ပါ။ အမှတ်(၁) ဗွိုင်းလမ်းတိုက် နေရာတွင် ယခု စစ်ဘက် ငွေစာရင်းမင်းကြီးရုံး တည်ရှိပါသည်။ အမှတ် (၈) ဆင်မဆင်လမ်းမှာ ယခု အမှတ်(၄၆)အဖြစ် အသစ်တည်ဆောက်ထားသော တစ်ထပ်တိုက် ဖြစ်နေပါသည်။ ဘုရားလမ်းရှိ အဆောင်နှစ်ခုမှာလည်း ထိုအဆောင်များ၏ နောက်ဘက်တွင် တည်ရှိသော စိန်ရောင်ခြည် စေတီပေါင်းကြီးအားပြင်ဆင်မွမ်းမံရာ၌ ဖျက်ဆီးခံလိုက်ရပြီး မြေနေရာမှာ ဘုရားပရိဝုဏ်အတွင်း ပါရှိသွားပါသည်။

ကျောင်းအိပ်၊ ကျောင်းစား ကျောင်းသားအားလုံးကို စောင့်ထိန်းကြည့်ရှုရသော အဆောင်မှူးချုပ်မှာ ဆရာကြီး ဦးဘ ဖြစ်ပါသည်။ သူသည် ပင်မကျောင်းဆောင်ကြီးတွင် နေရသည်။ အမှတ်(၁) ဗွိုင်းလမ်းနှင့် အမှတ်(၈) ဆင်မဆင်လမ်းတွင်ရှိသော ဘော်ဒါဆောင်များအတွက် အဆောင်မှူးမှာ ဆရာ ဦးဘလှိုင် ဖြစ်ပါသည်။ ဦးဘလှိုင်သည် ကောလိပ်ကျောင်းဆရာ မဟုတ်ပါ။ ငွေစာရင်းမင်းကြီးရုံးမှ ရုံးဝန်ထောက်တစ်ဦး

www.burmeseclassic.com

ဖြစ်ပါသည်။ ဘုရားလမ်းရှိ အဆောင်နှစ်ခုအတွက် ဆရာ ဦးဘသန်းက အဆောင်မှူးအဖြစ် တာဝန်ယူရပါသည်။ အမှတ်(၉) ဆင်မဆင်လမ်း၌ ဆရာ ဦးခင်မောင်ဦးက အဆောင်မှူးအဖြစ် ဆောင်ရွက်ပါသည်။ အဆောင်မှူးများအားလုံး မိမိတို့ သက်ဆိုင်ရာ အဆောင်များတွင် နေထိုင်ရပါသည်။

ကျောင်းအိပ်၊ ကျောင်းစားလခမှာ တစ်လလျှင် ကျပ် (၂၀) မျှသာ ဖြစ်ပါသည်။ နံနက် ၇-နာရီအချိန်တွင် လက်ဖက်ရည်နှင့် ထောပတ်သုတ် ပေါင်မုန့်ကြွပ်ပေးပါသည်။ နံနက် ၉-နာရီခွဲ၌ နံနက်စာ ကျွေးပါသည်။ နေ့လည် ၁-နာရီအချိန်တွင် အသားဟင်း**(Side dish)** တစ်ခုနှင့် ဖီးကြမ်းငှက်ပျောသီးတစ်လုံး ပေးပါသည်။ သောက်ရန် ရေတစ်ဖန်ခွက် ပေးပါသည်။ ညနေ ၄-နာရီ ကျောင်းဆင်းသောအခါ လက်ဖက်ရည်တစ်ခွက် ပေးပါသည်။ ည ၇-နာရီအချိန်တွင် ညစာထမင်း ကျွေးပါသည်။ ဆောင်းတွင်း၌မူ ညစာကို ၆ နာရီခွဲတွင် ကျွေးပါသည်။ နံနက်စာနှင့် ညစာအတွက် အဓိကအသားဟင်းတစ်ခွက်နှင့် ဟင်းရွက်ရောသော အရန်ဟင်းတစ်ခွက် ပါရှိပါသည်။ နံနက် လက်ဖက်ရည်ကို သက်ဆိုင်ရာ ကျောင်းဆောင်များ၌ပင် တိုက်ကျွေးပါသည်။ ကျန်ရှိသော အစာများကို ပင်မထမင်းစားခန်းမကြီး၌ ကျွေးမွေးပါသည်။

ထမင်းစားခန်းမကြီး၌ စားပွဲတစ်ခုတွင် ကုလားထိုင် ၈-လုံး ထားရှိသဖြင့် ကျောင်းသားများ တစ်စုလျှင် ၈-ဦးကျ အလျဉ်းသင့်သလို ဖွဲ့စည်းမှတ်တမ်းတင်ပြီး တစ်နှစ်ပတ်လုံး အတူတကွ စားသောက်ကြရပါသည်။ မြန်မာကျောင်းသားများသည် နေ့လည်စာနှင့် ညစာအတွက် လက်ဖက်ရည်၊ ကော်ဖီ၊ ကိုကိုး မိမိတို့ ကြိုက်နှစ်သက်သလို သောက်သုံးနိုင်ရန်အတွက် တစ်ဦးလျှင် တစ်လငွေ ၅-ကျပ်စီ စုဆောင်းပြီး နို့ဆီနှင့် သကြားပါ အပြည့်အစုံ ဝယ်ထားလေ့ ရှိပါသည်။ ယင်းပစ္စည်းများကို သက်ဆိုင်ရာ စားပွဲထိုးက တာဝန်ယူ၍ သိမ်းဆည်းထားပါသည်။ ထမင်းစားပွဲ ၄-ခုလျှင် စားပွဲထိုးတစ်ဦးခန့် ထားပါသည်။ ထို့ကြောင့် စားပွဲထိုးတစ်ဦးသည် အထက်ပါ အပိုဝတ္တရား ဆောင်ရွက်ရသဖြင့် ကျောင်းသားများထံမှ လစဉ်ငွေ ၂ဝ ထက်မနည်း ရရှိပါသည်။ စနေ၊ တနင်္ဂနွေနေ့နှင့် အခြားကျောင်းပိတ်ရက်များတွင် နေ့လည်စာနှင့် ညနေလက်ဖက်ရည်ကို ပြင်ပကျောင်းဆောင်သားများအား သူတို့၏ သက်ဆိုင်ရာ ကျောင်းဆောင်များ၌ပင် ကျွေးမွေးပါသည်။ ဘောလုံးပွဲ နိုင်သောနေ့များတွင် ညစာခန်း၌ ဆူညံပြီး ပျော်ရွှင်ကြပါသည်။ ညစာထမင်းစားပြီးနောက် ကျောင်းသားအများသည် ယခု ဗိုလ်ချုပ်ဈေးနေရာတွင် တည်ရှိသော **(Cinema de Paris** နှင့် **Elephanstone)** ရုပ်ရှင်ရုံများရှိ ပွဲဈေးတန်းအထိ အညောင်းပြေ အစုလိုက် လမ်းလျှောက်လေ့ ရှိပါသည်။ ထို့နောက်မှ မိမိတို့ သက်ဆိုင်ရာ ကျောင်းဆောင်များသို့ ပြန်ကြပါသည်။ ညစာကြည့်ချိန်မှာ ၈-နာရီမှ ၁၀-နာရီအထိ ဖြစ်ပါသည်။ ထိုအချိန်များအတွင်း အဆောင်မှူးများ လာရောက် စစ်ဆေးလေ့ ရှိပါသည်။ တစ်ခါ တစ်ခါ

www.burmeseclassic.com

 www.burmeseclassic.com 

လောက် ကျောင်းအုပ်ကြီးကိုယ်တိုင် လိုက်ပါစစ်ဆေးလေ့ ရှိပါသည်။ ကျောင်းသားများ နေထိုင်မကောင်းဖြစ်လျှင် ပင်မကျောင်းဆောင်ကြီးတွင်ရှိသော လူနာခန်း **(Sick room)** သို့ ပြောင်းရွှေ့ထားရှိ ဆေးကုသပေးပါသည်။ ဆေးရုံတက်ရန် လိုအပ်ပါက ရန်ကုန်ဆေးရုံကြီး လူနာအခန်း အမှတ် ၁၃ နှင့် ၁၄ တို့သို့ တင်ပို့ပြီး ဆက်လက်ကုသ ပေးပါသည်။ ထိုအခန်းများမှာ အင်္ဂလိပ်၊ မြန်မာ ကပြားများအတွက် သီးသန့်ထားရှိသော အခန်းများဖြစ်၍ တစ်နေ့ ၃ိ ပေးရပါသည်။ ကျောင်းသားများ အခလွတ်ပါသည်။ ထိုစဉ်အခါက ကျောင်းသားဦးရေ နည်းသဖြင့် ကျောင်းသားများ အထူးသဖြင့် ကျောင်းအိပ်ကျောင်းသားများ တစ်ဦးနှင့်တစ်ဦး များသောအားဖြင့် သိရှိကြပြီး ခင်မင်ရင်းနှီးကြပါသည်။ တနင်္ဂနွေနေ့များတွင် နံနက်တိုင်း အစုလိုက် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမျှော် ကန်တော့လေ့ ရှိကြပါသည်။ ထိုစဉ်အခါက သွားလာရေးအတွက် မာတ်ရထား၊ မြင်းရထားနှင့် လံချားများသာ ရှိပါသည်။ အများအားဖြင့် လန်ချားများကို လွယ်ကူ၍ သုံးလေ့ရှိကြပါသည်။

ကျွန်တော်တို့ ကောလိပ်ရောက်ပြီး မကြာမီပင် ရန်ကုန်တက္ကသိုလ် သီးခြားထူထောင်ရန်ကိစ္စ ပေါ်လာပါသည်။ ထိုအကြောင်း သတင်းစာများ၌ ရေးသားချက်များ ဖတ်ရှုရပါသည်။ ကျောင်းသားကြီးအချို့ စိတ်ဝင်စားကြပြီး အချင်းချင်း ဆွေးနွေးကြပါသည်။ ကျွန်တော်တို့ လူငယ်များအနေနှင့် အမှတ်မထင်ဘဲ နေခဲ့ကြသည်။ စိတ်အထင် ဒီဇင်ဘာလ ၅-ရက် တနင်္ဂနွေနေ့ရောက်သောအခါ နေ့လည်အချိန်တွင် ကျွန်တော်တို့ နေထိုင်သော အမှတ်(၈) ဆင်မဆင်လမ်းကျောင်းဆောင်သို့ ကျောင်းသားကြီးအချို့ ရောက်လာကြပြီး တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက် **(Boycott)** လုပ်လိုက်ပြီ ဖြစ်သဖြင့် ကျောင်းဆောင်မှ ထွက်ခွာသွားကြပြီး ဗဟန်းကြားတောရဇရပ်များသို့ ပြောင်းရွှေ့စုဝေးနေထိုင်ကြရန် ကျွန်တော်တို့အား မေတ္တာရပ်ခံပြောကြားသည့်အတိုင်း လိုက်နာကြပါသည်။ ဗဟန်းဇရပ်များ၌ အစုလိုက် စိတ်အားထက်သန် ပျော်ရွှင်စွာ နေထိုင်ကြပါသည်။ ထိုနေ့ညနေတွင် ကျောင်းအုပ်ကြီး **(Dr Methew Hunter)**နှင့် ဆရာကြီး ဦးဘတို့ ကျွန်တော်တို့စခန်းသို့ လိုက်လာကြပြီး ကျွန်တော်တို့အား ကျောင်းသို့ ပြန်လာကြရန် မေတ္တာရပ်ခံပါသည်။ ကျွန်တော်တို့ ခေါင်းဆောင်များက ဆရာကြီးကို မိဘသဖွယ် ချစ်ကြောက်ရိုသေ လေးစားကြသော်လည်း ဤကိစ္စ၌ သူ၏ဝါဒကို လက်မခံနိုင်၍ ခွင့်လွှတ်ပါမည့်အကြောင်း ပြန်ပြောကြပြီး ကျွန်တော်တို့အားလုံး ဆရာကြီးကို လက်အုပ်ချီ ကန်တော့လိုက်ကြပါသည်။ ဆရာကြီးများ ဝမ်းနည်းစွာနှင့် ပြန်သွားကြရပါသည်။ နောက်ရက်များတွင် ကျောင်းသားများ လူစုခွဲ၍ အချို့ကျောင်းတက်ရန်လာသော ကျောင်းသားများကို သပိတ်တားကြပါသည်။ အချို့ သိမ်ကြီးဈေး စသည့်ဈေးများနှင့် ပွဲရုံများသို့ သွားရောက်ကာ စားသောက်ကုန်ပစ္စည်းများ အလှူခံကြပါသည်။ နာတာလူးပွဲတော် ကျောင်းပိတ်ချိန် နီးလာသောအခါ မိမိတို့ နေအိမ်သို့ ပြန်သိုသော

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများအား သပိတ်ကိစ္စ မပြီးပြတ်မီ ကျောင်းမတက်ပါဟု ကတိပြုလျှင် အိမ်ပြန်နေထိုင်ခွင့်ပြုသည့်အတိုင်း ကျွန်တော် ဗဟန်းသပိတ်စခန်းမှ ထွက်ခွာလာခဲ့ပါသည်။ ထိုနှစ် ကျောင်းသို့ ပြန်မလာတော့ဘဲ ပညာသင်နှစ်တစ်နှစ် အရှုံးခံလိုက်ပါသည်။

တင်မောင်

ooo

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

နွေရာသီ ကျောင်းပိတ်ရက်များအတွင်းဝယ် ယူနီဗာစီတီ အက်စတိတ် ကျောင်းနိမိတ်အဘွင်း ပေါက်ရောက်လျက် ရှိကြကုန်သော သစ်ပင်ကြီးများသည် ပူပြင်းသောနေအရှိန်ကြောင့် ရွက်ဟောင်းတွေကြွေ၍ အရိုးပြိုင်းပြိုင်း အရွက်ခြောက်ခြောက် ရှိနေကြသည်နှင့် အလားတူစွာ တက္ကသိုလ်ကျောင်းတော်ကြီး၏ ခံ့ညားသော အဆောက်အဦးများသည်လည်း ကျောင်းသားများ ကင်းမဲ့ခြင်းဖြင့် ပျင်းရိငြီးငွေ့ဖွယ်ရာ တိတ်ဆိတ်ငြိမ်သက် အသက်မရှိသကဲ့သို့ ဖြစ်ရာမှ သာယာကြည်လင် ပျော်ရွှင်သော မျက်နှာများနှင့် ကောလိပ်ကျောင်းသားဟူသော ဂုဏ်ထူးဆောင်ရတော့မည်ဟု မာန ကလေးတက်ကြွလျက် လှပသစ်လွင်သော အဝတ်အစားများကို ဆင်ယင်ကာ ရောက်ရှိ လာကြကုန်သော 'ဖရက်ရှာ' ခေါ် ကျောင်းသားအသစ်ကလေးများအားဖြင့် တံခါးကြီး များ ပြန်လည်ပွင့်လင်းလာပြီးလျှင် အသက်ဝင်၍ လာလေတော့သည်။

တက္ကသိုလ်ကျောင်းတော်ကြီး၏ စာသင်ခန်းများ အပြင်ဘက်ရှိ 'ကော်ရစ်ဒါ' ခေါ် လမ်းကူးစင်္ကြံများတွင် လူးလာပြန်ခေါက် သွားလာလျက် ရှိကြကုန်သော ကျောင်းသားသစ်များဖြင့် ရှုပ်ယှက်ခတ်ကာ တရှုပ်ရှုပ် တဂေါက်ဂေါက် တကျွိကျွိ ဖိနပ် သံများသည်လည်းကောင်း၊ ကျောင်းသားကြီးများ ကျောင်းပိတ်ရက်အတွင်း ကွဲကွာ နေကြရာမှ ပြန်လည်တွေ့ကြသဖြင့် အားရဝမ်းသာ ခေါ်ဝင်နှုတ်ဆက်သံများသည် လည်းကောင်း ဆူညံလှုပ်ရှားကာ ကျောင်းတော်ကြီးမှာ စည်စည်ကားကားကြီး ဖြစ်နေ ပေ၏။

ကျောင်းသားသစ်များမှာ ကျောင်းတော်ကြီးသို့ မရောက်မီက ကောလိပ်ဆို တာ တယ်ပြီးပျော်စရာကောင်းမှာပဲဟု ထင်ခဲ့ကြသော်လည်း ရောက်စနေ့တွင် ပျော်ရွှင် စရာ တွေ့ မြင်ရပါလျက်နှင့် မပျော်နိုင်ကြရှာပေ။ မတွေ့ဖူး၊ မမြင်ဖူး၊ မရောက်ဖူး သော ခြားခမ်းနားသော ကျောင်းတော်ကြီး၏ အဟုန်အရှိန်ကြောင့် လန့်ဖျပ်မိပြီးလျှင် မသွား

www.burmeseclassic.com

www.burmeseclassic.com


တတ်၊ မလာတတ် အခန်းရှာရကြပ်လျက် ယောင်မှားမှား ရှိကြသည့်အထဲတွင် နှစ်ကြီးကျောင်းသားများက ၎င်းတို့၏ ပြုမူပုံများကိုကြည့်ကာ ရယ်မောပြောင်လှောင်ကြရုံမျှမက၊ မိမိတို့အား လာ၍မေးမြန်းသည့်အခါ မဟုတ်တာကို ရှာကြံ၍ ညွှန်ပြခြင်း ပြုလုပ်ကြသဖြင့် ထိုနေ့အဖို့ ကျောင်းသားသစ်များမှာ ငိုချင် ရယ်ချင် ဖြစ်ကြရရှာလေ၏။

'စတက်တစ္စတစ်ကယ် ကလပ်'၊ 'ဘာဆာ' စသော အခေါ်အဝေါ်များမှာ များစွာသော ကျောင်းသားသစ်များအဖို့တွင် ယခင်က မကြားစဖူး မသုံးစဖူးသော အသုံးအနှုန်းများ ဖြစ်သည့်အလျောက် ကျောင်းနေခွင့်ရရန် မိမိတို့ တင်သွင်းထားသော လျှောက်လွှာ စသည်များ စစ်ဆေးရန် လက်မှတ်ထိုးရန်၊ အမိန့်စာပြန်ရရန်၊ ထိုသူများထံ သွားဖို့ရန်မှာ မည်သူ့ထံ သွားရမည်မသိ။ မည်သူ့အား ခေါ်ရမည်မသိ။ မည်သည့် အခန်းတွင် ရှိသည်မသိဘဲ ဟိုမှာရှာ၊ ဒီမှာရှာနှင့် ပျာပျာသလဲ ရှိကြပြီးလျှင် မေးမြန်းပြန်ပါလည်း ကျောင်းသားအသစ်ချင်း မေးမိသူမေးမိ၊ ကျောင်းသားကြီးများ မေးမိပြန်ပါကလည်း လူကောင်းနှင့်တွေ့လျှင် လိုရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါသော်လည်း ရှုပ်ချင် နောက်ချင်သူများနှင့် ကံဆိုးမိုးမှောင် ကိုးမိသောအခါ လေဒီစ်ကော်မွန်းရုမ်းခေါ် မိန်းကလေးများ အခန်းသို့ ရောက်သူရောက်၊ ကျောင်းအုပ်ကြီးအခန်းထဲသို့ ရောက်သူရောက်နှင့် အမျိုးမျိုး ချောက်ကျလျက် ရှိပေ၏။

"အက်ဖ်" ဘွဲ့ထူးရသူ စာမေးပွဲကျသည့် ကျောင်းသားဟောင်းနှင့် ကျောင်းသားကြီး အချို့ကား "ဘွိုင်းစ်ကော်မွန်းရုမ်း" ခေါ် ကျောင်းသားများ အားလပ်ချိန်တွင် နားနေရာအခန်းနားဆီတွင်ရပ်ကာ ထိုသို့ မယောင်မလည် ရောက်လာကြသည့် ကျောင်းသားသစ်များကို ချောက်ချ၍ ကျောင်းသူအသစ်ကလေးများကိုမူ မိမိတို့မျက်စိထဲတွင် အလှပြိုင်ပွဲ ကျင်းပလျက် ရှိကြလေ၏။

ကျော်ဝင်း၏ ပြည့်ဖြိုးဖြူစင် ကြည်လင်ရွှင်ပြသော မျက်နှာကို သုံးရာခန့်မျှသော ကျောင်းသားသစ်တို့၏ မျက်နှာအမျိုးစုံတို့၏အကြားတွင် ထင်ရှားစွာ တွေ့မြင်ရလေ၏။ ၎င်း သည်ကား အခြားသော ကျောင်းသားသစ်များကဲ့သို့ ယောင်လည်ယောင်လည်နှင့် ဟိုသွားဒီလာ ရှိနေတော့၏။ အခြားကျောင်းသားသစ်အချို့တို့အား ချောက်တွန်းခံရသည်ကိုတွေ့၍ မိမိသည်လည်း ထိုသို့ ပြုလုပ်ခြင်းမခံရအောင် အခြားသူတို့၏ လုပ်ပုံကိုင်ပုံ အရိပ်အကဲကို ကြည့်ကာသာလျှင် နောက်ယောင်ခံ၍ လိုက်လုပ်နေရလေ၏။

သို့သော် ကျောင်းသားသစ်များကား မိမိထက် မည်၍မျှ မသာသဖြင့် ဘာမျှ မလုပ်တတ် မကိုင်တတ် ရှိသည့်အလျောက် စုံစမ်းမေးမြန်းရန် ကျောင်းသားကြီးများအား လိုက်လံရှာဖွေရာ 'ကွန်မွန်ရုမ်း' နားရှိ လူတစ်စုထံသို့ ရောက်လာလေသည်။

"ဘာဆာ ဘယ်အခန်းမှာလဲဗျ" ဟု ကျော်ဝင်းက မေးလိုက်ရာ ထိုသူတို့သည် ၎င်းအားကြည့်ကာ ပြုံးတော့မလိုလို မျက်နှာထား ဖြစ်ပေါ်လာကာ တစ်ယောက်ကား

www.burmeseclassic.com

www.burmeseclassic.com

အနောက်ဘက်သို့ ထိုးပြ၍ တစ်ယောက်က တောင်ဘက်ကို ထိုးပြသောကြောင့် မည်သူ၏ ညွှန်ကြားချက်ကို အတည်ယူရမည် မသိဘဲရှိကာ "ဘာဆာ နှစ်ယောက် တောင်မှုပဲလား" ဆိုမှ အနောက်ဘက်သို့ လက်ညှိုးထိုးပြသူက "ပြော် ဘာဆာ မေး သလား" ဟု ဆိုကာ မျက်မှန်နှင့်ကျောင်းသား ညွှန်ပြရာ တောင်ဘက်သို့ ညွှန်ပြီးလျှင် "ဟိုရှေ့မှာ၊ အဲဒီက လျှောက်သွားပြီး ဟိုအထဲကိုဝင်သွား။ ဘာဆာအခန်းတွေလိမ့်မယ်" ဟု က္ကန္ဒြေရရ ပြောသောကြောင့် ကျော်ဝင်းလည်း ၎င်းတို့ ညွှန်ပြရာဘက်သို့လှည့်ကာ "ကျေးဇူးတင်ပါတယ်" ဟု ပြောပြောဆိုဆိုနှင့် ထွက်လာခဲ့လေ၏။

ညွှန်ပြသော အခန်းပေါက်သို့ ရောက်သဖြင့် အတွင်းသို့ဝင်ရာ အခန်းကလေး များ စီတန်းလျက် ရှိသည်ကို တွေ့သည်တွင် မည်သည့်အခန်းထဲသို့ ဝင်ရမည် မသိဘဲ အခန်းကလေးများ၏ အပေါ်တွင်လည်း မည်သည့်စာမျှ ဆွဲကပ်ထားသည်ကို မတွေ့ရ သောကြောင့် အတန်ကြာရပ်၍ စဉ်းစားနေလေ၏။ နောက်မှ အခန်းတစ်ခန်းကို ဆွဲဖွင့် ကာ ဘာဆာ ဟုတ်လျှင်လည်းဟုတ်၊ မဟုတ်လျှင်လည်း တွေ့သူအား ထပ်မေးမည်ဟု နှလုံးပြုလျက် ဟိုအခန်း ဖွင့်တော့မလိုလို၊ ဒီအခန်း ဖွင့်တော့မလိုလိုနှင့် ခေါက်တုန့် ခေါက်ပြန် လုပ်နေပြီးမှ အခန်းတစ်ခုအတွင်းမှ ချောင်းဟန့်သံကို ကြားသဖြင့် တံခါးကို ဆွဲဖွင့်လိုက်ရာ တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက် အထဲတွင် ကျောင်းသားတစ်ယောက် ငုတ်တုတ်ကြီး အထိုင်ခပ်ဆိုးဆိုး ထိုင်နေသည်ကို တွေ့ရသဖြင့် ဘာလုပ်ရမှန်း မသိ သကဲ့သို့ ရှိသွားလေ၏။

အတွင်းက ကျောင်းသားလည်း ကျော်ဝင်းကို မြင်သည်နှင့်တစ်ပြိုင်နက် မျက်နှာကြီးမဲ၍သွားကာ လုံချည်ကို ဆတ်ခနဲ အုပ်လိုက်ပြီးလျှင် ထိုင်တော့မလို ထတော့မလို ကုန်းကွကွကြီး လုပ်နေသည်ကို တွေ့ရတော့မှ ကျော်ဝင်းလည်း ရုတ် တရက် သတိရပြီးလျှင် တံခါးကို ပြန်စေ့ပိတ်လိုက်လေ၏။ ထိုသို့ စေ့ပိတ်လိုက်ပြီးမှ ၎င်း၏လက်များသည် ယောင်ရမ်းပြီး တံခါးကို ပြန်ဆွဲဖွင့်မိပြန်ရာ အတွင်းက ကျောင်း သားသည် ပြန်၍ထိုင်ရာမှ ကုန်းကွကွကြီး ဖြစ်နေရပြန်လေ၏။

ထိုအခါမှ ကျော်ဝင်းလည်း မိမိ၏အမှားကိုသိကာ ရှက်၍သွားပြီးလျှင် တံခါး ကို ပြန်၍ပိတ်ခဲ့ပြီးနောက် မိမိအား ချောက်တွန်းသူများကိုရှာရန် ထွက်လာရာ ထိုအခန်း ကြီးတံခါးဝသို့ မရောက်မီ နောက်မှကုပ်ကို ဆွဲထားသည်ကို တွေ့ရသဖြင့် လှည့်၍ကြည့် သည်တွင် အခန်းကလေးထဲက ကုန်းကွကွ ကျောင်းသား ဖြစ်နေသည်ကို တွေ့ရကာ၊ ၎င်း၏မျက်လုံးများသည် မိမိအား စားတော့မလို ဝါးတော့မလို ကြည့်နေသဖြင့် ကြောက်ရွံ့သလိုလို ဖြစ်မိလေ၏။

"ဟေ့လူ၊ ခင်ဗျားက ဘာမှတ်လို့ လာပြီးရှုပ်ဝံ့ဘာလဲ။ ကျုပ်ကို ဖရက်ရှာ ဆော် နေသလား"

"မဟုတ်ပါဘူးဗျာ၊ စိတ်မဆိုးပါနဲ့၊ ကျွန်တော် မသိလို့ပါ။ ဘာဆာအခန်းကို

 www.burmeseclassic.com 

မေးတာ ဒီအခန်းဆိုလို့ ကျွန်တော်လည်း ဒီအခန်းထဲ လိုက်လာပြီး လူသံကြားတဲ့အခန်းကို ဖွင့်ကြည့်မိတာပဲ။ ခင်ဗျားကို တွေ့ရမှ အိမ်သာခန်းမှန်း သိရတယ်" ဟု ပြောမှ ကုန်းကွကွကျောင်းသားသည် စိတ်ဆိုးများ ပြုန်းကနဲပြေကာ ဟက်ဟက်ပက်ပက် ရယ်မောရှ၍

"ဟားဟား၊ ဟားဟား။ ခင်ဗျားကို တမင်ချောက်ချလိုက်တာပဲ။ ခင်ဗျားဖရက်ရှာမှန်းသိလို့ တမင်နောက်ကြတာ။ မိန်းကလေးတွေ အခန်းထဲ မပို့လိုက်တာကံကောင်းတာပဲ။ ဘယ်သူတွေလဲ မှတ်မိလား"

"ဟိုထောင့်မှာ တွေ့တာပဲ၊ အခုမရှိတော့ဘူး။ အသားညိုညို မျက်မှန်ဝိုင်းနဲ့၊ အရပ်ပုပုလူတော့ သေသေချာချာ မှတ်မိတာပဲ"

"ဟား ဟား ဟား တကယ့်ကို ရှုပ်တတ်တဲ့ အဓိပတိ လူရှုပ်ကြီးကိုသိန်းဖေနဲ့မှ သွားတွေ့နေတာကိုး၊ ဒီလူတွေကတော့ အနောက်ချည်းပဲ"

"နို့ပေတဲ့ ဒီအတိုင်းသာနောက်ရင် ခက်ရော့ပေါ့ဗျာ"

"ဒါ အခုမှ မဟုတ်ဘူး ထုံးစံကြီး ဖြစ်နေပြီ။ စီနီယာမင်းတွေဟာ ဖရက်ရှာဆိုရင် နောက်ရမယ့် ပြောင်ရမယ့်လူဆိုတာကလွဲပြီး ဘာမှမထင်ဘူး။ မြန်မာပြည်မို့ တော်သေးတာပေါ့။ အမေရိကန်ကောလိပ်မှာဆိုရင် ဒီထက်ဆိုးတာပေါ့" ဟု ဆိုပြီးမှ "ကိုင်းလာလာ၊ ခင်ဗျား သနားလှတယ်ဗျာ။ ခင်ဗျား လုပ်စရာတွေကို ကျွန်တော် လုပ်ပေးမယ်" ဟုဆိုကာ ကျော်ဝင်းအား ခေါ်၍သွားမှ ကျော်ဝင်းမှာ အကြီးအကျယ် စိတ်ညစ်နေရာက ပြုံးရွှင်၍လာနိုင်လေ၏။

စိတ်ဆိုးခြင်းဖြင့် ရန်ဖြစ်ရမည်ကဲ့သို့ရှိသော အခြေအနေမှ ရယ်ဖွယ်ရာ ဖြစ်ပေါ်လာခြင်းကြောင့် ထိုသူနှစ်ယောက်တို့မှာ ခင်မင်ခြင်းသို့ ရောက်ရှိကြကာ ကျော်ဝင်းမှာ ၎င်းမိတ်ဆွေသစ်၏ အကူအညီကို ရရှိသည့်အလျောက် အခက်အခဲနှင့် မတွေ့ကြုံရတော့ဘဲ မိမိလုပ်ရန်ကိစ္စများ ချောမောပြီးစီးခြင်းသို့ ရောက်ရှိလာတော့၏။

"ဟာ နေရာကျတာပဲ။ ခင်ဗျားနဲ့ ကျွန်တော် ဟောလ်တစ်ခုထဲ အတူတူကျတာပဲ"

"ပုဂံဟောလ်ဆိုတာ သိပ်ပြီးကြပ်တယ်လို့ ကြားရတယ်။ တစ်ကျွန်းဆိုလား၊ ဘာဆိုလား။ အရင်တုန်းက နာမည်တောင် တွင်တယ်ဆိုတာပဲ"

"ဒါကဗျာ၊ အခုအဆောက်အအုံသစ်တွေ မပေါ်ခင်တုန်းကပါ။ အဲဒီတုန်းက ပရှမ်းဟောလ်၊ တကော်င်းဟောလ်နဲ့ ပုဂံဟောလ် အားလုံးမှ ကျောင်းဆောင် သုံးဆောင်တည်းရှိတယ်။ ပရှမ်းနဲ့ တကောင်းက ကျောင်းဝင်းကြီးတစ်ဝင်းထဲမှာ နှစ်ကျောင်းရှိပြီး ပုဂံဟောလ် ဆိုတာက အခုမြင်ရသလို ဘယ်ဟုတ်မလဲ။ မရမ်းပင်ကြီးတွေ၊ သစ်ပင်ကြီးတွေ ပြည့်နေတဲ့ တောကြီးအလယ်ထဲ ရောက်နေတာကလား။ယူနီဗာစီတီ အဲဗင်းနယူးတို့ ဘာတို့ဆိုတဲ့ လမ်းမကြီးတွေ ဘယ်ဖောက်ရဦးမလဲ။ လမ်းဆိုလို့ မရမ်း

www.burmeseclassic.com

ရှဒ်ကလာတဲ့ လမ်းကျဉ်းကျဉ်းကလေး တစ်လမ်းထဲရှိတယ်။ ဒီလမ်းထဲ ကျောင်းက မော်တော်ကားတွေကလွဲလို့ ဘယ်ဘတ်စ်ကားမှ မဝင်ရဘူး။ အဲဒီတုန်းက ဆေးရုံကြီးနားမှာရှိတဲ့ ကော်မီရှင်နာလမ်းက ကျောင်းဟောင်းမှာ ကျောင်းတက်ကြရတယ်။ ဟိုစတယ်မှာနေတဲ့ ကျောင်းသားတွေကို ကျောင်းက ဘတ်စ်ကားတွေနဲ့ မြို့ထဲပို့ရတယ်။ ညနေတို့ ညတို့မှာ တခြားဘတ်စ်ကားတွေနဲ့ မြို့ထဲက ပုဂံဟောလ်ကိုပြန်ရင် ပြည်လမ်းမကြီးပေါ်မှာ ချပစ်ခဲ့တာပဲ။ ပရမ်းတို့ တကောင်းတို့လို လမ်းမကြီးနား ကပ်နေတာ မဟုတ်ဘဲ အထဲဝင်ရတာဖြစ်တော့ မိုးတွင်းအခါဆိုရင် မြေနီတွေလည်းပေ၊ မိုးတွေလည်းရွှဲ သိပ်စိတ်ညစ်စရာကောင်းတာပဲ။ ပုဂံနဲ့ ပြည်၊ တကောင်း ကျောင်းဆောင်တွေကူးချင်၊ သွားချင်ရင် မရမ်းတောကြီးထဲက ဖြတ်သွားရင်သွား၊ ဒီလိုမှ မသွားချင်ရင် ပြည်လမ်းမကြီးဘက်က လှည့်သွားရတာပဲ။ အဲဒီလို တောကြီးထဲ ရောက်နေတဲ့အတွက် ညဥ့်တွေများ ခိုးပြီးထွက်ချင်တိုင်း မထွက်နိုင်၊ ဆရာကလည်း အင်မတန် ကြပ်မတ်လွန်းလို့ အန်ဒါမင်ဟောလ် ( တစ်ကျွန်းကျောင်းဆောင်) လို့ ခေါ်ကြတယ်။ ည,ညများ ကိုက်လိုက်တဲ့ ခြင်တွေဆိုတာ မပြောပါနဲ့တော့၊ တဝီဝီနဲ့ လေယာဉ်ပျံတွေလား အောက်မေ့ရတာပဲ။ မြန်မာစာဂုဏ်ထူးနဲ့ အောင်သွားကြတဲ့ ကိုစိန်တင်၊ ကိုညွန့်၊ ကိုဘမောင်တို့နောက်ပြီး မစ္စတာဟိန်စွန်တို့၊ ကိုသိန်းတို့ဆိုတဲ့ သတင်းစာဆရာတွေစုပြီး လက်ရေးနဲ့ ထုတ်ကြတဲ့ ပုဂံလက်သီးဆိုတဲ့ သတင်းစာထဲမှာ ဒီအကြောင်းတွေ သိပ်ပြီးရေးကြတာပေါ့။ အခုသစ်ပင်ကြီးတွေ၊ ဘာကြီးတွေ အကုန်ရှင်းသွားပြီး မြို့ကြီးတစ်မြို့လောက် စည်ကားနေပါပြီ။ ပုဂံဟောလ်လည်း တစ်ကျွန်းလို့ ခေါ်နိုင်စရာ ဘာမှမရှိတော့ပါဘူး။ ခုအခါမှာ တစ်ခြားကျောင်းတွေထက် ထူးတာကတော့ တစ်ဝင်းတစ်ကျောင်းတည်း ဖြစ်နေပြီး ပွဲတွေ ဘာတွေလုပ်တဲ့အခါ ကိုယ့်ကျောင်းနဲ့ကိုယ် တစ်သီးတစ်ခြား လုပ်တာပဲ ထူးတယ်" ဟု ပုဂံဟောလ်ရာဇဝင်သခေ်ပကို ပြောပြသဖြင့် ကျော်ဝင်းသည် အာရုံစိုက်နားထောင်နေရာမှ စကားဆုံးသွားသည်တွင်

"ဒါဖြင့် ခင်ဗျား ဒီကျောင်းမှာ နှစ်တော်တော်ကြီးပြီပေါ့"

"သိပ်တော့မကြီးသေးပါဘူး။ ပဲခူးတို့၊ သထုံတို့၊ အင်းဝတို့ ဆောက်ပြီးမှ ရောက်တာပါပဲ။ ကျွန်တော့်အထက်ထက်က လူတွေပြောတာ ကြားဖူးတဲ့အတိုင်း ပြောရတာပဲ"

"ဒါထက် ခင်ဗျားနာမည် တစ်ဆိတ်လောက် ပြောပြထားပါဦးဗျာ။ လူချင်းသိပြီး ဘယ်နာမည်ခေါ်ရမှန်း မသိတော့ ခက်သားပဲ" ဟု ကျော်ဝင်းက မေးမှ

ထိုလူလည်း ခပ်ပြုံးပြုံးလုပ်ကာ "ကျွန်တော့်နာမည်လား ရတနာပုံမြစ်လယ်ကျွန်း" ဟု ပြောလိုက်ရာ

"တယ်ဆန်းပါကလားဗျာ။ ရတနာပုံဆိုတာ မန်းပေါ့၊ မြစ်လယ်ကျွန်းဆိုတာ ဘာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



"မြစ်လယ်ကျွန်းဆိုတော့ သောင်ပေါ့ဗျာ။ မန်းနဲ့ သောင်နဲ့ ပေါင်း"

"မောင်သန်းလား"

"မဟုတ်ဘူး။ ကျွန်တော့်နာမည် ဘဦးတဲ့" ဟု ပြောသောကြောင့် ကျော်ဝင်းသဘောကျကာ ဟက်ဟက်ပက်ပက် ရယ်မောပြီးလျှင်

"စကားဖွက်တော့ တစ်ကယ့်နာမည်များ ပြောမလားလို့။ ခင်ဗျားတို့လည်း တစ်နှစ် တစ်နှစ် ကျောင်းပွဲ၊ အငြိမ့်ပွဲတွေ ကြည့်ရလွန်းလို့ ပြက်လုံးတွေ သိပ်တိုးနေတာ ပေါ့လေ" ဟု ပြောပြီးမှ "ကိုင်းဗျာ ခင်ဗျား ကျွန်တော့်အတွက် ဆောင်ရွက်ပေးတာတွေ ကျေးဇူးတင်လွန်းလို့ လက်ဖက်ရည်လေး ဘာလေး တိုက်စမ်းပါရစေ။ လာဗျာ ကိုဘဦး။ ကျောင်းကဆိုင်ထဲသွားပြီး သောက်ရအောင်"

"အိုး ဒုက္ခရှာလို့ဗျာ၊ သောက်တာပေါ့" ဟု ပြောလိုက်သဖြင့် နှစ်ဦးသား သဘောကျ ရယ်မောကာ လက်ဖက်ရည်ဆိုင်သို့ သွားရောက်ကြလေ၏။

ထိုသို့ စားသောက်ကြပြီးနောက် ပုဂံကျောင်းဆောင်သို့ သွားကြကာ "အဆစ်စတင့်ဝါဒင်" ခေါ် ဒုတိယကျောင်းဆောင်မှူးထံ အခန်းသော့တစ်ချောင်း ရလာ၏။ ဘဦးက ကျော်ဝင်းအား ၎င်းရသော အခန်းကို လိုက်ပြကာ "ကိုင်း ဟောဒီ အခန်းပဲ။ ခင်ဗျားပစ္စည်းတွေသာ ယူချေတော့" ဟု ပြောသည့်အလျောက် ကျော်ဝင်းလည်း မြို့ထဲတွင် ထားခဲ့သော ပစ္စည်းများကို ပြန်ယူကာ တက္ကစီတစ်စီးနှင့် ကျောင်းသို့ ပြန်ရောက်လာလေ၏။

ကျောင်းတံခါးဖွင့်လျှင် တစ်ကြိမ် မြက်မြက်ကလေးစားလိုက်ရသော ကျောင်းတွင် ခိုင်းစေသည့် ကုလားများသည် ကျောင်းအတက် လှေခါးထိပ်တွင် စုရုံးကာ ရောက်လာကြသည့် ကျောင်းသားများကို စောင့်မျှော်နေကြသည့်အတိုင်း ကျော်ဝင်း၏ကား ကျောင်းဝင်းထဲသို့ ဝင်လာသည်နှင့်တစ်ပြိုင်နက် လှေကားမှ ဆင်းပြေးကာ ကားအနားသို့ကပ်၍ တစ်ယောက်လျှင် ပစ္စည်းတစ်ခုစီ သယ်ယူကြလေသည်။

ကောလိပ်ကျောင်းသားဟူသောဂုဏ်ဖြင့် ဟန်လုပ်လိုသော အထက်ထက်က ကျောင်းသားကြီးများ၏ အကျင့်ဆိုးကြောင့် ကုလားများသည် တစ်ကိုယ်လျှင် ကူလီခ တစ်မတ်သုံးမူးထက် နည်း၍မယူသောကြောင့် ကျော်ဝင်းမှာ ဖိနပ်သေတ္တာသယ်သူက အစ တစ်မတ်ထက် မနည်းဘဲ အသီးသီးပေးလိုက်ရသည့်အတွက် သေတ္တာများဖွင့်လှစ်၍ ပစ္စည်းထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် အိပ်ရာ၊ စားပွဲမှစ၍ တစ်ခန်းလုံး ခင်းကျင်းပြီး ဖြစ်သွား၏။

မကြာမီ မိမိနေသော မျက်နှာစာတန်းရှိ အခန်းများမှာ တစ်ယောက်ပြီး တစ်ယောက် ရောက်ရှိလာကြသော ကျောင်းသားများဖြင့် အခန်းများ ပြည့်သွားလေ၏။ ၎င်းတို့သည် အမြို့မြို့ အရွာရွာမှ လာရောက်ကြသော လူငယ်များ ဖြစ်ကြသဖြင့် အလျောက် တစ်ယောက်မျက်နှာ တစ်ယောက် တွေ့နေကြသော်လည်း မခေါ်မပြောဘဲ

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့ အလိုက်အထိုက် ဘာသိဘာသာ နေကြခြင်းဖြင့် ကျော်ဝင်းမှာ ပျင်းရိငြီးငွေ့ကာ မိမိအခန်းထဲတွင် ကုတ်၍နေရလေတော့၏။

ညနေသို့ ရောက်သောအခါ ကျော်ဝင်းမှာ ယခင်က မနေဖူး၊ မထိုင်ဖူးခဲ့သည့် အလျောက် ပျင်းရိရာမှ စိတ်များ လေလွင့်ကာ 'ဟုမ်းဆစ်' ခေါ် ဖရက်ရှာ ကျောင်းသား သစ်များ ကျောင်းသို့ ရောက်စတွင် လွမ်းဖျား လွမ်းနာကျတတ်သလို၊ ဟိုလွမ်းချင်သလို၊ ဒီလွမ်းချင်သလို အကြောင်းမဲ့ ဝမ်းနည်းချင်လိုလိုရှိကာ ခုတင်ပေါ်တွင် ခွေနေရာမှ "ဟလို ခင်ဗျား ရောက်နေမှကိုး" ဟု ပြောပြောဆိုဆိုဝင်၍လာသော ဘဦးကို တွေ့ရမှ စကားပြောစရာ အဖော်ရလာသည့်အလျောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှာလေ၏။

"လာဗျာ. . . ကိုဘဦး ထိုင်။ ကုလားထိုင်ပေါ်မှာ" ဟုဆိုကာ ကုလားထိုင်ကို ညွှန်ပြရင်း ကုတင်ပေါ်တွင်ထ၍ ခြေတွဲလွဲချထိုင်လျက် "ကျွန်တော့်ဗျာ တစ်ယောက်တည်း သိပ်ပျင်းတာပဲ။ အသိလည်းမရှိ၊ စကားပြောမယ့်လူလည်းမရှိ၊ အခု ခင်ဗျား ဝင်လာတာ မြင်ရရင်ပဲ သိပ်ဝမ်းသာတာပဲ" ဟု ပြောလေ၏။

ဘဦးလည်း ကုလားထိုင်တွင် ထိုင်လိုက်ပြီးလျှင် "ရိုးနိုးပျင်းတာမှ ဟုတ်ကဲ့လား၊ ကျွန်ရစ်ခဲ့တဲ့ ရည်းစားလေး လွမ်းပြီ ထင်တယ်"

"ရည်းစား မရှိပါဘူး၊ အထင်မလွဲပါနဲ့"

"မပြောတတ်ဘူးလေ။ တချို့ သားနဲ့ မယားနဲ့ ကျောင်းနေတဲ့လူတွေ ကောလိပ်မှာ ပြည့်နေတော့ ခင်ဗျားတော့ အနည်းဆုံး ရည်းစားတော့ ရှိတန်ကောင်းရဲ့လို့ ထင်ပြီး မေးတာပါပဲ။ ဟိုအခန်းတွေ ကျွန်တော် လျှောက်ကြည့်ခဲ့တယ်။ ဖရက်ရှာတွေ ဆိုသမျှ ကုတင်ပေါ်ခွေနေကြတာချည်းပဲ။ ရည်းစားလွမ်းတဲ့လူကလွမ်း၊ အိမ်လွမ်းတဲ့လူကလွမ်း။ အရင်နှစ်က ကျောင်းသားတစ်ယောက် ဟုမ်းဆစ်ဖြစ်ပြီး ဆယ်ရက်လောက် အိပ်ရာထဲက မထနိုင်ဘူး။ တမှိုင်မှိုင် တဝေဝေနဲ့ နေတာပဲ။ ဖရက်ရှာ မှန်သမျှ ရောက်စတော့ ဒီလိုချည်း ဖြစ်တာပဲ"

"ဒါကတော့ဗျာ. . . မိဘနဲ့ တစ်ခါတစ်ခေါက်မှ ခွဲခွာမနေဖူးတဲ့ လူတွေမှာ တော့ လွမ်းဖျား၊ လွမ်းနာကျကြတာပေါ့။ ကျွန်တော် အင်မတန် ပျော်တတ်တဲ့လူတောင် မနေတတ် မထိုင်တတ် ဖြစ်သေးတာပဲ"

"ကိုင်းဗျာ၊ စိတ်ရွှင်ရွှင်လန်းလန်းရှိအောင် ဝင်ဒါမီယာခြံကြီးထဲ လှည့်ပတ် လမ်းလျှောက်ရအောင်။ လိုက်မယ် မဟုတ်လား"

"ကောင်းသားပဲ၊ အညောင်းပြေ အညာပြေ လမ်းလျှောက်တာပေါ့။ နို့ပေတဲ့ ခဏစောင့်ပါဦး။ ရေချိုးလိုက်ပါရစေဦး"

"ချိုးလေ၊ ချိုးတာပေါ့။ စောင့်နေပါ့မယ်"

ကျော်ဝင်းလည်း ဆပ်ပြာခဲ၊ မျက်နှာသုတ်ပုဝါ၊ ရေလဲပိုင်းများကို ယူလေရာ ဘဦးက "လုံချည်နှစ်ထည်တောင် ဘာလုပ်ဖို့လဲ" ဟု မေးမှ "တစ်ထည် ရေသနုပ်လုံချည်ပြီး

www.burmeseclassic.com

www.burmeseclassic.com


တစ်ထည် လဲဖို့ပေါ့"

"အောင်မယ်ဗျာ၊ တစ်ထည်နဲ့ တော်ရောပေါ့ဗျာ။ ကိုယ့်အခန်းနဲ့ကိုယ် တံခါးပိတ်ပြီး ရေချိုးတာပဲ၊ ဘာလုံချည်ဝတ်နေစရာရှိလို့လဲ။ မိမွေးတိုင်း ဖမွေးတိုင်းပေါ့ဗျ"

"ဟာ. . . ရှက်စရာကြီးဗျ။ မဟုတ်တာပဲ"

"ဘယ့်နှယ်မဟုတ်ရမှာလဲ။ လူတိုင်း ဒီလိုချည်း ချိုးနေကြတာပဲ။ ခင်ဗျားကိုလည်း ဘယ်သူမှ ချောင်းမကြည့်ပါဘူး။ ရေချိုးရတာလည်း တယ်ပြီးပေါ့ပေါ့ပါးပါး ရှိသေးတယ်။ ခေါင်းပေါ်က ရှားဝါးဘာသ် ရေပန်းကြီး ဖွင့်ချပြီး ချိုးလိုက်ရင် တစ်ခါတည်း ဇိမ်ပေါ့ဗျ။ ကိုင်းဗျာ ကျောင်းရောက်ရင်လည်း ကျောင်းသားနဲ့တူအောင် ဇာတ်သွင်းရဦးမပေါ့ဗျာ။ ဒါထားခဲ့" ဟုဆို၍ လုံချည်တစ်ထည် ဆွဲယူထားလိုက်သဖြင့် ကျော်ဝင်းလည်း ဟက်ဟက်ပက်ပက်ရယ်ကာ ရေချိုးခန်းသို့ ထွက်သွားလေ၏။

ဘဦး ပြောသကဲ့သို့ ကျော်ဝင်းမှာ ရေချိုးခန်းထဲသို့ ရောက်သည်နှင့် ကောလိပ်ကျောင်းသား ဇာတ်သွင်းပြီးသား ဖြစ်သွားလျက် ပျော်ရွှင်စိတ်များပေါ်၍ လာလေ၏။

ကျောင်းသားများမှာ ရေချိုးခန်းသို့ရောက်လျှင် သီချင်း ဆိုချင်ကြလေ၏။ ကျော်ဝင်း၏ ရေချိုးခန်းမှတစ်ပါး လက်ဝဲလက်ယာရှိ အခြားအခန်းများတွင် ရေချိုးခန်းမင်းသားတွေ အသီးသီး ပြည့်နေ၏။ "ကျွန်တော့်ရည်းစား ပျောက်လို့ရှာ ဝိဋ္ဋာမယ်နဲ့ တူပါတယ်" ဟူသော သီချင်းကို ခံတွင်းမြိန်မြိန်နှင့် ဖင်လိန်ကာ ကုန်း၍အော်သံ အသံဝါကြီးကို လည်း ကြားရ၏။ "ကွဲနာပေါင်ရှည် ခိုးပေပေတည့်" ဟူသော ရတုသံ ကိုလည်း ကြားရ၏။ "ဒစ်စထောင်လောင်ဝေ" ဟူသော မြန်မာလူပျက်များ အင်္ဂလိပ်သီချင်း ဆိုသံနှင့်မခြား၊ ဗိုလ်ကပြား ဗိုလ်ချဉ်ပေါင်တို့ကို အားကျ၍ ငါးပိနံ့ မစင်သော ပါးစပ်မှ တုန်တုန်ယင်ယင်လုပ်ကာဆိုသော ငှက်ဖျားတက်နေသူ၏ အသံမျိုးဖြင့်ဆိုသည့် အင်္ဂလိပ်သီချင်းကိုလည်း ကြားရလေ၏။ သို့နှင့် ရေချိုးခန်းကြီးတစ်ခုလုံးမှာ စည်ကားဆူညံနေလေတော့၏။

ကျော်ဝင်းလည်း ၎င်းတို့ကို အားကျ၍ သီချင်း ဆိုချင်လာလေ၏။ မည်သည့်သီချင်းကိုမှ ကျနစွာမရ၍ မဆိုနိုင်ရှာပေ။ မိမိဆိုလိုက်လျှင် ဝိုင်းဝန်းနောက်ပြောင်လေမည်လားဟု တွေး၍လန့်ကာ မဆိုရဲသဖြင့် ၎င်း၏အခန်းတွင်းမှမူ ရှားဝါးဘာသ်ရေပန်းမှ တရှဲရှဲသော ရေသံများကိုသာ ကြားလေ၏။

ကျော်ဝင်းလည်း ရေချိုးပြီးလျှင် ကိုယ်ကို မျက်နှာသုတ်ပုဝါနှင့် ပွတ်တိုက်ပြီးနောက် အခန်းနံရံတွင် တင်ထားသော လုံချည်တစ်ထည်ကို ဆွဲယူဝတ်ကာ ထွက်လာခဲ့လေ၏။

ဘဦးကလှမ်း၍ "ဘယ့်နှယ်တုန်းဗျာ၊ ကျွန်တော် ပြောသလို ရေချိုးလို့မကောင်းဘူးလားဗျ" ဟု မေးသဖြင့် ကျော်ဝင်းက ပြုံးလျက် "ကောင်းပါ့ဗျာ၊ တစ်ခြား

www.burmeseclassic.com

www.burmeseclassic.com


အခန်းတွေထဲက သီချင်းဆိုလိုက်တာတွေလည်း မပြောပါနဲ့တော့"

"ရေချိုးခန်းမင်းသားဆိုတာ သူတို့တစ်တွေပေါ့ဗျ။ တယောနဲ့ မယ်ဒလင်နဲ့ ကောင်းကောင်းမွန်မွန် အခန်းထဲမှာ ဆိုဖို့ခေါ်ရင် ဘယ်သူမှ ဆိုတတ်တဲ့လူ မရှိဘူး။ ရေချိုးခန်းထဲကျရင် သူတို့ချည်းပဲ"

ကျော်ဝင်းလည်း အဝတ်လဲမည်ပြုကာ "ဟိုက် မှားပြီဗျို့" ဟု ဆိုလိုက်သဖြင့် ဘဦးက "ဘာမှားတာလဲ" ဟု မေးမှ

"ရေချိုးခန်းထဲမှာ ကျွန်တော့်လုံချည်မှတ်လို့ မှားဝတ်လာခဲ့ပြီဗျို့။ ကျွန်တော် ထားတာ ဘယ်ဘက်နံရံပေါ် တင်ထားတာ။ အခု ညာဘက်နံရံပေါ်က လုံချည်ယူဝတ်လာခဲ့ပြီ"

"ဟား. . . ဟား၊ ဟား. . . ဟား. . . ။ ခင်ဗျား ညာဘက်ခန်းမှာ ရေချိုးတဲ့ လူကတော့ ချောက်ပဲဗျို့။ ထွက်နိုင်တော့မှာ မဟုတ်ဘူး။ ဟား. . . ဟား. . . ဟား"

"ပြန်ပေးမှာပေါ့ဗျ" ဟုဆို၍ ကျော်ဝင်းလည်း လုံချည်ကို ယူ၍ဝတ်ကာ မှားလာသော လုံချည်ကိုယူ၍ ရေချိုးခန်းသို့ သွားလေ၏။

ရေချိုးခန်းထဲတွင်ကား လုံချည်ပျောက်၍ ဆူညံနေသံကို ကြားရလေ၏။ "ဟေ့. . . ဘယ်သူလဲဗျ၊ ဟာ သိပ်နောက်တာပဲ။ လုံချည်ပေးပါဗျာ။ လုံချည်ဖွက်မထားကြပါနဲ့။ ဘယ်သူလဲဗျ လုံချည်ယူတာ" ဟုဆိုကာ ဟိုလူ့နာမည်ခေါ် ဒီလူ့နာမည်ခေါ်နှင့် တကျော်ကျော် ဖြစ်နေလေ၏။

"လုံချည်ပေးပါဗျို့။ လုံချည်" ဟု အသံကုန်ဟစ်၍ အော်သံကြားရသဖြင့် အခြားအခန်းများထဲမှ တဝါးဝါး ရယ်သံများ နောက်သံများ ကြားရလေ၏။

"ဟေ့လူ ဘယ်သူလဲဗျ။ လုံချည်ပေးပါဦး။ ကျုပ် ဘယ့်နှယ်လုပ် ထွက်ရမလဲ"

"လက်ဝါးနဲ့အုပ်ပြီး ထွက်ဗျာ။ ယောကျ်ားချည်းဟာပဲ။ မရှက်ပါနဲ့" ဟု တစ်ဘက်ခန်းက လှမ်းနောက်လိုက်လေသည်။

လုံချည်ပျောက်သူမှာ မိမိအဖြစ်ကို ရယ်လည်း ရယ်ချင်၊ လုံချည်ယူသူအား စိတ်လည်းဆိုး၊ မည်သူ့ကို အတပ်စွဲ၍ စိတ်ဆိုးရမည်လည်းမသိ။ တံခါးမဖွင့်ရဲ၊ အကြပ်နှင့် တွေ့ကြုံကာ ရေချိုးခန်းထဲမှ တံခါးကိုသာ ခြေနှင့်ကန်၍ အော်နေရလေ၏။

ကျော်ဝင်းလည်း ထိုသူ၏ အဖြစ်အပျက်ကို ရယ်ချင်လျက် တံခါးအနားသို့ ကပ်ကာ "ဟောဒီမှာ ခင်ဗျားလုံချည်၊ တံခါးဖွင့်လိုက်" ဟု ပြောရာ

"ဘာ. . . ဘယ့်နှယ်လုပ် တံခါးဖွင့်ရမှာလဲ။ အခန်းပေါ်က ပစ်ပြီးပေးလိုက်ဗျာ" ဟုပြောမှ ကျော်ဝင်းလည်း တံခါးနံရံကိုကျော်၍ အခန်းထဲသို့ရောက်အောင် မြှောက်ပစ်ကာ အခန်းထဲသို့ ထည့်လိုက်လေ၏။

"ဘယ်သူလဲဗျ၊ တယ်ရှုပ်တာပဲ" ဟု ဆိုသံနှင့်တကွ ထိုသူလည်း လုံချည်ကို ကောက်၍ဝတ်ကာ အခန်းထဲမှ ထွက်လာလေ၏။ ထိုသူသည် မိမိအား အသိမိက

www.burmeseclassic.com



နောက်သည်ဟု ထင်ခဲ့ရာမှ ကျော်ဝင်း၏မျက်နှာကို မြင်ရသောအခါ အသိမဟုတ်သည်ကို တွေ့ရသဖြင့် ပြောရမှာလည်းခက်၊ စိတ်ဆိုးရမှာလည်းခက် ဖြစ်နေ၏။

ကျော်ဝင်းလည်း ထိုသူ၏မျက်နှာကိုကြည့်၍ မြင်ဖူးသည် ထင်နေရာမှ အသေအချာ ကြည့်မိကာ "ဟင်" ဟု ဆိုမိလေ၏။ ထိုသူလည်း ကျော်ဝင်းအားကြည့်ကာ "ဟာ" ဟု ဆိုမိလေ၏။

"အော်"

"အင်း"

၎င်းတို့မှာ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ အံ့အားသင့်နေကြလေ၏။ အကြောင်းမူကား လုံချည်မှား၍ အယူခံရသူကား ကျော်ဝင်းအား ဘာဆာအခန်းနှင့် မှားအောင် ရေသွန်ခန်းသို့ ညွှန်ကြားသူ သိန်းဖေ ဖြစ်နေသည်ကို တွေ့နေလေ၏။ သိန်းဖေ၏ မျက်မှန်ကို ချွတ်၍ထားသဖြင့် ရုတ်တရက် ကျော်ဝင်း မမှတ်မိဘဲရှိပြီးမှ "စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော့်လုံချည်မှတ်လို့ မှားယူမိတာပါ" ဟု တောင်းပန်သောကြောင့် သိန်းဖေမှာ ရယ်မောခြင်းပြုနိုင်တော့ကာ " စိတ်မဆိုးပါဘူးဗျာ။ မနက်တုန်းက ခင်ဗျားကို ဘာဆာအခန်းနဲ့ အိမ်သာအခန်း လွဲပြီးပြောတာနဲ့ ကျေရောပေါ့" ဟု ဆိုလိုက်မှ နှစ်ယောက်စလုံး ရယ်မောမိကြလေ၏။

"ခင်ဗျား ဘယ်အခန်း ရသလဲ"

"မြောက်ဘက် အောက်ထပ်အပြင်ဘက်အခန်းမှာ၊ အခန်းနံပါတ် ၉၆၊ လိုက်ခဲ့ပါလား" ဟု ခေါ်သဖြင့် သိန်းဖေလည်း ကျော်ဝင်း၏အခန်းသို့ လိုက်ခဲ့လေ၏။

ဘဦးက သိန်းဖေကိုမြင်လျှင် "ကိုသိန်းဖေ. . . ခုတင်က ကိုကျော်ဝင်း မှားဝတ်လာတာ ခင်ဗျားလုံချည်လား" ဟု မေးသောကြောင့်

"အစစ်ပေါ့ဗျာ" ဟု ပြန်၍ဖြေသဖြင့် ဘဦးမှာ ပက်လက်လန်အောင်ရယ်ကာ "ကောင်းတယ်၊ ကောင်းတယ်၊ ခင်ဗျား လူတကာကို လိုက်ပြီးနောက်နေတဲ့လူ အခုခင်ဗျား ထိပြီ။ ကာလဝိပါတ် နေမဝင်ခင်တက်ဆိုတာ ဖြစ်နေပြီ" ဟု ဆိုပြီးနောက် "ကိုင်းဗျာ၊ ကျွန်တော်တို့လည်း လမ်းလျှောက်မလို့ ခင်ဗျားလည်း လိုက်ခဲ့" ဟု ဆိုလိုက်သည့်အတိုင်း အဝတ်အစား လဲလှယ်ဝတ်ဆင်၍ ပြီးစီးကြသောအခါတွင် သုံးဦးသား ပျော်ပျော်ရွှင်ရွှင်ကြီး လမ်းလျှောက်ထွက်သွားကြလေ၏။ ထိုနေ့မှစ၍ ထိုသုံးဦးသားတို့မှာ တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်သွားကြလေသတည်း။

○○○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ကျော်ဝင်းသည်ကား တက္ကသိုလ်ကျောင်းသို့ ရောက်ရှိလာရခြင်း၌ မိမိ၏ ပညာဉာဏ် အစွမ်းအစကို ကြီးမားရင့်သန်စေခြင်းငှာ ပညာသင်ကြားတတ်မြောက် ထွန်းပေါက်လို၍ ရောက်ရှိလာရခြင်း မဟုတ်ပေ။ မိမိသည် တက္ကသိုလ်ပညာကို အတန်တန် တတ်မြောက်၍ ဝတ်ရုံအနက်ကြီးကို ဆင်မြန်းကာ ဘွဲ့နှင်းသဘင်တွင် ဘုရင်ခံနှင့် လက်ဆွဲနှုတ်ဆက်၍ လက်မှတ်ကြီး ရလာစေကာမူ ဖခင်၏ရေနံတွင်းတွင် အလုပ်လုပ်ရမည်မှာ မိမိ၏ရှေ့ရေးအတွက် ဆုံးဖြတ်ပြီးသား ဖြစ်လေ၏။

ကျော်ဝင်း၏ဖခင်မှာ ချမ်းသာသူ ဖြစ်ရကား မိမိ၏သားအား အလုပ်သည် လူ့တစ်သက်တွင် အရေးအကြီးဆုံးသောအရာဖြစ်ကြောင်း၊ တက္ကသိုလ်ပညာတတ်မြောက်ခြင်းအားဖြင့် ၎င်း၏အလုပ်တွင် ဂုဏ်ရှိန်ကြီးမြင့်နိုင်ကြောင်း၊ အထက်တန်းစား ပညာတတ်များနှင့် ပေါင်းသင်းရခြင်းဖြင့် လူရာဝင်ခြင်း၊ ဂုဏ်ရှိခြင်း၊ ခေတ်ကိုမှီခြင်း၊ အသွေးအမွေး ပြောင်လက်ကာ နေရာတိုင်းတွင် ထင်ရှားခြင်းတို့ ဖြစ်နိုင်ကြောင်း၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့များကို ထမင်းစားဖို့အတွက် မဟုတ်ဘဲ ဂုဏ်အတွက်သက်သက်ရအောင် သင်စေလိုကြောင်း စသဖြင့် တိုက်တွန်းခြင်းကြောင့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့များကို မရသေးသမျှလည်းကောင်း၊ ကျောင်းမှ နှင်ထုတ်ခြင်း မခံရသမျှလည်းကောင်း၊ တက္ကသိုလ်ကျောင်းကြီးတွင် နေတော့မည်ဟုသော ရည်ရွယ်ချက်နှစ်ခုဖြင့် ကျောင်းသို့ ရောက်လာခြင်းပေတည်း။

"ဖရက်ရှာဝိခ်" ခေါ် ကျောင်းသားသစ်များ၏ သီတင်းပတ် ဟူ၍တွင်သော ကျောင်းဖွင့်စ တနင်္ဂနွေတစ်ပတ်လောက်တွင် ကျော်ဝင်းမှာ တက္ကသိုလ်ကျောင်းကြီး အပေါ်၌ မိမိ ယခင်က အထင်နှင့် ယခုအမြင်မှာ ကွာခြားနေသဖြင့် များစွာစိတ်ပျက်၍

www.burmeseclassic.com

 www.burmeseclassic.com 

အိမ်သို့သာ ပြန်ပြေးချင်လေတော့၏။ စာသင်ရန် အခန်းကို လိုက်ရှာရသည်မှာ ဟိုလှေကားတက်၊ ဒီလှေကားဆင်း၊ ဒီကော်ရစ်ဒါတစ်ပြန်၍လှည့်နှင့် ရှာလို့တွေ့လျှင်တွေ့၊ ရုတ်တရက် မတွေ့ဘဲ အနည်းငယ်နောက်ကျ၍တွေ့ပြီး အခန်းထဲသို့ နောက်ကျ၍ ရောက်သောအခါ အခြားကျောင်းသားများ၏ ရယ်မောခြင်းခံရသည်ကလည်းတစ်ခက်၊ လက်ချာမမီလိုက်သည်ကလည်း တစ်ဒုက္ခ၊ အခန်းမှားပြီး အတန်းကြီးသမားတွေ သင်နေသည့်အထဲသို့ ရောက်သွားပြီး လက်ချာကို ကြားရမှ မဟုတ်မှန်းသိ၍ ထွက်လာခဲ့ရသည့်အခါများ၌ တဝါးဝါး ရယ်သံများ အခန်းထဲတွင် ကျန်ရစ်ခဲ့သည်ကို ကြားရသည်ကလည်း တစ်ရှက်၊ မျက်စိလည်၍ မဆုံးနိုင်ဘဲ ရှိခြင်းကြောင့် ကောလိပ်ဆိုတာ ပျော်စရာကောင်းသည်ဟု ကြားရသည်နှင့် ယခုတွေ့ရသည်မှာ ကွာခြားလှသဖြင့် စာအုပ်တွေ မီးရှို့ပြီးလျှင် ပြန်၍ပြေးဖို့ရန် စိတ်ကူးမိလေတော့၏။

ကျောင်းသို့ ရောက်သည့်နေ့တွင်ပင် ခင်မင်ရင်းနှီး မိတ်ဆွေကြီးများအဖြစ်သို့ ရောက်ရှိရသော သိန်းဖေနှင့် ဘဉီးတို့မှာ အထက်တန်းသားများ ဖြစ်ကြသည့်အလျောက် ထိုဖရက်ရှာဝိခ်အတွင်း၌ ကျော်ဝင်းအား ကူညီပြသ,လိုသော်လည်း မိမိတို့၏ သင်ခန်းစာအချိန်များမှာ မအားနိုင်သောကြောင့် ကျော်ဝင်းမှာ အခြားသော ကျောင်းသားသစ်များနှင့်အတူ သီတင်းတစ်ပတ်မျှလုံး ယောင်လည်ယောင်လည်နှင့် ဖြစ်နေလေတော့သည်။

သို့နှင့် တဖြည်းဖြည်း နေသားကျ၍လာသောအခါ ကျော်ဝင်းမှာ အပေါင်းအသင်း မိတ်ဆွေများ စုံ၍လာသောကြောင့် ပျော်စပြုလာပြီးလျှင် တက္ကသိုလ်ကျောင်းတော်ကြီးမှာ မိမိနေခဲ့ဖူးသော ဟိုက်စကူးလို ယောကျ်ားလေးများသာ ပညာသင်ကြားရ၍ ယောကျ်ားအချင်းချင်းသာ ပေါင်းသင်းရသကဲ့သို့ မဟုတ်ဘဲ **(Co- Educational System)** ခေါ်သည့် ယောကျ်ားနှင့် မိန်းမ ရောနှောပညာသင်ကြားရသည့်စနစ်အရ မိန်းကလေးတွေနှင့် တပျော်တစ်ပါးကြီး သင်ကြားရသည်ကို တွေ့ရသောအခါ ပို၍ ပျော်ရွှင်လာလေသည်။

စာသင်ခန်းထဲတွင် မိန်းကလေးများ၏နောက်က ဒုတိယခုံတန်းကို အလုအယက် တိုးဝှေ့ကြသည်များကိုလည်းကောင်း၊ မိန်းကလေးတို့ စုဝေးရာ အခန်းနားတွင် ပျော်တပြုံးပြုံး အကြည်လုံးဆိုက်၍ နှစ်ပါးသွားကြသည်များကိုလည်းကောင်း၊ ယင်းသို့ ကျောင်းသားများသည် ပညာရေး၌သာမက ကြင်ယာဘက်မှာလည်း ကြိုးပမ်းနိုင်ခွင့် ရှိကြသည်များကို တွေ့ရခြင်းများကြောင့် ကျော်ဝင်းသည် ကျောင်းဆွေးဆွေး၊ ကိုယ်ဆွေးဆွေး နေတော့မည်ဟူ၍ စိတ်ပိုင်းဖြတ်လိုက်မိလေ၏။

တက္ကသိုလ်ကျောင်းသားများသည် ပညာသင်ကြားရေးတွင် ပျော်ရွှင်မှုတည်းဟူသော လမ်းမှလိုက်ကာ ပညာရှာကြသည်ဟူသော ယူဆချက်သည် ကျော်ဝင်းစိတ်တွင် ထင်မြင်စွဲမှတ်မိသည့်အလျောက် မိမိလည်း ထိုလမ်းအတိုင်း လိုက်

www.burmeseclassic.com

www.burmeseclassic.com


တော့မည်ဟု ဆုံးဖြတ်လိုက်သည့်နေ့မှစ၍ အတန်းကြီးကျောင်းသားများ ဖြစ်ကြကုန်သော ဘဦး၊ သိန်းဖေတို့နှင့် ပေါင်းရခြင်းဖြင့် ကျောင်းပြေးနည်းနိသျှည်း၊ ညအချိန်ကျောင်းဝင်းကိုကျော်၍ ခိုးထွက်နည်းများကို ဂုဏ်ထူးနှင့် အောင်ခဲ့ပြီးလျှင် ကစားဘက်၌ ဘော်လုံးကန်၊ လှေလှော်မှအစ မြင်းလောင်း၊ ဖဲရိုက်သည်အထိ ပျော်ရွှင်မှုဘက်တွင်လည်း အဆုံးအစမရှိ ကောင်းစွာနားလည်၍လာခဲ့ကာ ကောလိပ်ရည်ဝ၍လာပြီးလျှင် "မစ်တမ်းဟောလီးဒေး" ခေါ် ပထမနှစ်ဝက်၏ အလည်တွင် ခေတ္တ ကျောင်းပိတ်ရက်မလွန်မီပင် ကောလိပ်ကျောင်းသားတို့ တပ်အပ်သော အဌာရသတစ်ဆယ့်ရှစ်ရပ်တွင် နောက်ထပ်၍တိုးသော ဂျပိုးထိုးနည်းအတတ်ကိုပါ ကောင်းကောင်းကြီး တတ်လေတော့၏။

ကျော်ဝင်းမှာ နဂိုဝါသနာအားဖြင့် ကစားခုန်စားဘက်တွင် များစွာဝါသနာရှိကာ ကျွမ်းကျင်သူ ဖြစ်သဖြင့် တက္ကသိုလ်ကျောင်းရှိ အားကစားသင်း မှန်သမျှ ကျော်ဝင်း မပါသည့်အသင်း မရှိသလောက် ဖြစ်ပေ၏။ သူသည် ဟိုက်စကူးတွင် ၁နစဉ်က ကစားဘက်တွင် နာမည်ကျော်တစ်ဦးပင် ဖြစ်ခဲ့ပေ၏။ သို့သော် တက္ကသိုလ်ကျောင်းသို့ ရောက်သောအခါတွင်မူကား လူသစ်ဖြစ်သည့်အားလျော်စွာ မည်သူ၏မြှောက်စားခြင်းကိုမျှ မခံရဘဲ ရှိနေသေး၏။

တစ်နေ့ကား တက္ကသိုလ်တွင် ကစားခုန်စားရေးနှင့် ပတ်သက်၍ များစွာစိတ်ပျက်မိလေ၏။ ထိုနေ့က ဘောလုံးကွင်းသို့ဆင်း၍ ပရိုက်တစ် လေ့ကျင့်ရန် သွားရာတွင် မည်သူကမျှ ၎င်းအား တစ်ချက်မျှ အကန်မပေးဘဲ ကိုယ့်လူချင်းပေး၍ကစားကာ ကျော်ဝင်းမှာ ခွေးရူးအလုပ်ခံရ၍နေသောကြောင့် တက္ကသိုလ်တွင် နေသမျှ မကစားတော့ပါဟု စိတ်ပင်ဆုံးဖြတ်မိလေ၏။

ထိုသို့ စိတ်ပိုင်းဖြတ်လိုက်၍ မကြာမြင့်မီတစ်ညတွင် ထမင်းစားပွဲမှ ပြန်လာပြီး အခန်းထဲတွင် ထိုင်နေစဉ် ဘဦး ရောက်လာလေ၏။ ဘဦးကား ပုဂံဟောလ်၏ ဘောလုံးအသင်းကပ္ပတိန် ဖြစ်ပြီးလျှင် ယူနီဗာစီတီ ၁၁ ယောက်အသင်းတွင် ကစားသူလည်း ဖြစ်ပေ၏။

"အိုင်ဆေး ကိုကျော်ဝင်း၊ ခင်ဗျား ဘောလုံးကစားတတ်တယ် မဟုတ်လား။ ပုဂံဟောလ်တင်းမ်အတွက် သွင်းလိုက်မယ်"

"ကစားတော့ ကစားတတ်ပါတယ်ဗျာ။ ကျွန်တော်လည်း ဟိုက်စကူးတုန်းကတော့ နာမည်ကြီးပါပဲ။ နို့ပေတဲ့ ဒီမှာ ကစားဖို့ သိပ်စိတ်ပျက်ပြီ"

"ဘာဖြစ်လို့လဲ"

"ဟာ. . . မပြောပါနဲ့တော့။ တစ်နေ့တုန်းက ပရိုက်တစ်ကစားဆင်းပါတယ် ဘစ်ချက်မှ မကန်ရဘူး။ ဘယ်သူမှ ကျွန်တော့်ဆီ ဘောလုံး မပို့ဘူး"

"ဒါ ခင်ဗျား လူသစ်မှန်းသိလို့ တမင်ညစ်တာပါ။ အသင်းနဲ့ကစားတယ်ဆို

တော့ ဘယ်သူ ညစ်နိုင်ဦးမှာလဲ။ ခင်ဗျား ကောင်းကောင်းကစားနိုင်ရင် ဘီ၊ အေ၊ အေတောင်ဝင်ပြီး ကစားရမှာပေါ့" ဟု ပြောပြောဆိုဆိုနှင့်ပင် စာရင်းယူသွားသောကြောင့် ပုဂံဆောင်ဘောလုံးအသင်းတွင် ပါဝင်ခွင့်ရပြီး စ၍ကန်သည့်နေ့တွင်ပင် ကျော်ဝင်းသည် ခြေစွမ်းပြနိုင်ရန် ကြိုးစား၍ကန်သည့်အတွက် အများ၏ ချီးမွမ်းခြင်းကို ခံရလေ၏။ ထိုအချိန်မှစ၍ ကျောင်းဆောင်ချင်းကန်ပွဲ၊ အတန်းချင်းကန်ပွဲ စသည်ဖြင့် အသင်းအမျိုးမျိုးတွင် ပါဝင်ခွင့်ရသော်လည်း ယူနီဗာစီတီ ၁၁-ယောက်အသင်းကိုမူ အနားမှ မသီနိုင်သေးသဖြင့် အထူးစိတ်ပျက်မိပြန်လေ၏။ ထိုအကြောင်းကို ဘဦးအား ပြောပြရာ "ဒီလိုပဲဗျ၊ ယူနီဗာစီတီ ထုံးစံက လက်သင့်ရာစားတော်ခေါ်တာပဲ။ ခင်ဗျား ခြေကို သိကြပြီ။ နောက်နှစ်တော့ မခေါ်ဘဲ နေနိုင်မှာ မဟုတ်ဘူး" ဟူသော စကားနှင့်သာ တင်းတိမ်နေရတော့၏။

ကျောင်းတော်သားပေါင်း တစ်ရာကျော်မျှရှိသော ပုဂံကျောင်းဆောင်ကြီးသည်ကား ကျောင်းတက်ရက်၊ အားလပ်သော တနင်္ဂနွေနေ့များတွင် ကျောင်းသားများ အစုံအလင်ရှိကာ စည်စည်ကားကားကြီး ရှိပေ၏။ ရယ်သံ၊ မောသံ၊ ဟစ်အော်တေးဆိုသံ၊ တယော၊ မယ်ဒလင်၊ ဘင်ဂျို၊ တူရိယာသံများဖြင့် တစ်ရံမစဲ ခြိမ့်ခြိမ့်သဲလျက် ပွဲတော်ကလေးတမျှ ပျော်ရွှင်ဆူညံလျက် ရှိလေ၏။

အပေါင်ဆိုင် မရောက်သေးခင် ဝတ်ရတာပဲဟု နှလုံးပြုလျက် အဝတ်အစား ပိုးဖဲများက တပြောင်ပြောင်၊ ပေတင့်ရှူးကလေးကလည်း တပြောင်ပြောင်၊ ဘရီလီတင်းဟဲယားကရိမ်းစသော ဆံပင်ဆီမွှေးများ၏အစွမ်းကြောင့် သပိတ်ဆီ သုတ်သလို ဦးစွန်းဖုတ်ကလည်း တပြောင်ပြောင်၊ ရှပ်ကော်လာအမာ စတစ်လယ်ရစ်ကလည်း တပြောင်ပြောင်၊ အိုင်စီလ်မာကိုးလ်ကရိမ်းဘဲနစ်ရှင် နှင်းပွင့်တွေ လိမ်းထားသည့် မျက်နှာအသားကလည်း တပြောင်ပြောင်၊ တစ်ကိုယ်လုံး ပြိုးပြိုးပြက်ပြက် တောက်ပြောင်ကာ၊ ဒါတွေကြောင့် ဗမာတွေ ပြောင်ကုန်ပြီ ဟူသော နမိတ်ကိုပြသည့်အလား လှပစွာ တန်ဆာဆင်၍ မကုန်သေးသော ပိုက်ဆံယားလေးကြောင့် မြို့ထဲ ပြေးသူက ပြေးကြလေ၏။

သားတကွဲ၊ မယားတကွဲ၊ ရည်းစားနှင့်ခွဲပြီး ပညာရှာရန် လာကြသူတို့မှာလည်း သံယောဇဉ်အချစ်မီးကြောင့် ဓာတ်ပုံလေးများ၊ စာကလေးများကြည့်လျက် အလွမ်းကိုဖြေကာ အိပ်ရာပေါ်တွင် ခွေသူ ခွေသဖြင့်၊ အခန်းချင်းကပ် မိတ်ဆွေများက "အို. . . ပူပုံပန်း လွမ်းဖွယ်စေ၊ ဖြေမဆည်နိုင် ငယ်ကကျွမ်းမို့ လွမ်းလို့ခွေကာယိုင်၊ တူးနဲ့ လယ်တယ်၊ တူးနဲ့တယ်၊ လဲ့တဲ့ နဲ့တဲ့၊ တူနယ်လပြောင်" စသဖြင့် ပါးစပ်ဆိုင်းတီးပေးကာ ဖြေဖျော်ကြရရှာလေ၏။

အချို့ကလည်း တစ်ယောက်အိပ်ခန်းလေးထဲတွင် ကုတင်ပေါ်တွင် အိပ်သူအိပ်၊ ဘေးလွဲချ၍ ထိုင်သူထိုင်၊ စားပွဲပေါ်တက်သူတက်၊ ပက်လက်ကုလားထိုင်တွင် လှဲသူလှဲနှင့် သူငယ်ချင်းတစ်သိုက် စုရုံး၍ အုန်းအုန်းကျွက်ကျွက် ပွက်ပွက်ဆူညံ၊

www.burmeseclassic.com


ရယ်စရာတွေပြောပြီး တသောသော ညံနေကြလေ၏။

ဘိုင်ကျသဖြင့် မြို့ထဲသို့လည်း မသွားနိုင်၊ လက်ဖက်ရည်ဆိုင်တွင်လည်း အကြွေးများသဖြင့် မကပ်ဝံ့၊ စိတ်ညစ်လှသဖြင့် သူများတွေ ပျော်နေရာထဲလည်း မဝင်ချင်၊ ကျောင်းကမုန့်ကျွေးမည့်အချိန်ကလည်း လိုသေးသဖြင့် တမှိုင်မှိုင် တတွေတွေ အူလိမ်ကာ ခွေနေကြသူကလည်း မရှားပေ။

သီချင်းကလည်း မဆိုတတ်၊ တူရိယာကလည်း မတီးတတ်၊ စာကိုလည်း မဖတ်ချင်၊ ကိုယ့်အခန်းကိုယ်လည်း မနေနိုင်၊ ဟိုအခန်းဝင်ရှုပ်၊ ဒီအခန်းဝင်နောက် စသော လူရှုပ်တို့ဘေးမှ ကင်းဝေးရန်အလို့ငှာ အချို့သော စာကြမ်းပိုးတို့ကလည်း အခန်းတံခါးကို အပြင်မှနေ၍ သော့ပိတ်ကာ ပြတင်းပေါက်မှဝင်ပြီး အခန်းတွင်း၌ ကြိတ်၍စာကြည့်ကြလေ၏။

ယင်းသို့ တစ်ယောက်တစ်မျိုးစီ ကိုယ့်စရိုက်နှင့်ကိုယ် ပျော်တတ်ကြသည့် အလျောက်၊ ကျော်ဝင်းမူကား မိမိအခန်းကို ပိတ်ပြီးလျှင် ဘဦး၏အခန်းသို့သွားကာ ကျောင်းသူကလေးများ၏ အတင်းအဖျင်း ပြောနေသည်ကိုလည်းကောင်း၊ အချို့က လည်း မိမိတို့မြို့တွင် ကျန်ရစ်ခဲ့သူ ရည်းစားသယ်များအား မည်သို့ပိုးရပုံ၊ တွေ့ဆုံစကား ပြောရပုံ စသည်များကို ပြောပြကြသည်ကိုလည်းကောင်း၊ သောင်းပြောင်းထွေလာ အလွမ်း၊ အရွှမ်း၊ အနောက်၊ အရှုပ်၊ ရယ်စရာ လုပ်နေကြသည်များကို နားထောင်၍ ထိုသူများနှင့်အတူ ပျော်ရွှင်ခြင်း ဖြစ်နေလေ၏။

"ခင်ဗျားတို့က ရည်းစားအကြောင်းပြောတော့ ကျွန်တော် တွေ့ဖူးတဲ့ ကောင်မလေးတစ်ယောက် သွားပြီးသတိရသေးတယ်" ဟု ကျောင်းသားတစ်ယောက်က စကားစ,လိုက်သဖြင့် "ကိုင်း. . . လုပ်စမ်းပါဦး၊ ခင်ဗျား ဖြစ်ဖူးတဲ့အကြောင်းကလေး နားထောင်စမ်းပါရစေ" ဟု ဝိုင်း၍ပွဲတောင်းကြသဖြင့်

"အရင်နှစ်ကပေါ့ဗျ၊ အောက်တိုဘာ ကျောင်းပိတ်တုန်းကပေါ့။ ကျွန်တော်က လည်း ကျွန်တော်တို့မြို့ ပြန်သွားတော့ နောက်ဖေးတန်းအိမ်မှာ လူသစ်တွေ ရောက်နေတာကိုး။ ကောင်မလေးတစ်ယောက်လည်း ခပ်ချောချောကလေး၊ ဆယ့်ရှစ်နှစ်လောက် ဟာလေးတစ်ယောက် ရှိတာကိုတွေ့တော့ ကျွန်တော်လည်း ဟာ ဟန်ကျနေပြီ။ ကျောင်းမပြန်ခင်တော့ ပိုးရဦးတော့မှာပဲလို့ အောက်မေ့ပြီး သိပ် "ခူရှိး" ကျသွားတာပေါ့။ သူတို့အိမ်နဲ့ ကျွန်တော်တို့အိမ် ကြားထဲမှာ ရေမြောင်းကြီးတစ်ခု ခြားနေတယ်ဗျ။ သူတို့အိမ်က ကျွန်တော်တို့အိမ် နောက်ဖေးဘက်ကို မျက်နှာပေးနေတယ်။ ဒီတော့ ကျွန်တော်က နောက်ဖေးထွက်ပြီဆိုရင် သူ့အိမ်ရှေ့ ထွက်နေတာနဲ့ တွေ့နေတာပေါ့"

"ဒီလိုဆိုရင် ကောင်မလေးက ခင်ဗျားမျက်နှာမြင်တော့ ဝမ်းဆွဲသယ်မနေဘူးလား" ဟု သိန်းဖေက ဝင်ရှုပ်ရာ

"အို. . . မရှုပ်စမ်းပါနဲ့ဗျာ၊ နားထောင်ကောင်းနေတုန်း ရုပ်ရှင်ကား ပြတ်ပြတ်

www.burmeseclassic.com

www.burmeseclassic.com


သွားတာလိုပဲ။ ဒါနဲ့ ကောင်မလေးက သူ့ကိုမြင်တော့ ရယ်နေတာပေါ့ဗျာ။ တစ်၊ နှစ်၊ သုံး၊ လေး" ဟု သိန်းဖေကို ဟန့်တားသလိုလိုနှင့် တစ်ယောက်က ရှုပ်ပြန်သဖြင့် ရယ်၍ နေကြရာ မူလပြောပြသူမှာ မဆက်တော့ဘဲ ရပ်၍နေသောကြောင့် ဝိုင်း၍တောင်းပန်ရ ပြန်လေသည်။

"ဒီလိုတွေ့တွေ့နေကြတော့ မျက်စိချင်း ကြိုက်လာကြရောဗျို့။ ကျွန်တော်က လူချောပေကိုးဗျ ဟဲ. . . ဟဲ။ ကိုယ့်ကိုယ်ကိုလည်း မြှောက်ပြောရသေးတယ်။ ဒါနဲ့ တစ်နေ့တော့ ကျွန်တော်က "ဖလိုင်းယင်းကစ်" လုပ်ပြီး ကောင်မလေးကိုလည်း ကျွန်တော့် ပြန်ပေးခိုင်းတော့ ငတိမက အစတော့ ရှက်နေသေးတယ်။ နောက် ကျွန်တော်က နှစ်ခါ၊ သုံးခါ ထပ်ပြီးခိုင်းတော့ ကောင်မလေးက သူများ မမြင်အောင် သတင်းစာလေးနဲ့ကွယ်ပြီး ဖလိုင်းယင်းကစ် ပြန်ပေးတာကိုးဗျ။ ကျွန်တော် တစ်ခါတည်း ဝမ်းသာသွားတာပဲ"

"ဝမ်းသာလို့ စိန်လက်စွပ် ဝတ်ချင်သလိုလို၊ ဟိုဒင်း စားချင်သလိုလို ဖြစ်သွားတာ ပေါ့လေ" ဟု တစ်ယောက်က ဝင်၍သောလိုက်ပြန်သဖြင့် လူပျိုတစ်စုမှာ တသောသော ဖြစ်သွားကြပြန်လေ၏။

"ကောင်မလေးက ဆရာ၊ ဝတ်ပုံ၊ စားပုံ ကျောင်းကမြာတွေလိုပဲ။ စတိုင်ပဲ ဆရာ၊ ကျွန်တော့်မျက်စိထဲတော့ သိပ်လှနေတာပဲ။ ဟဲဟဲ သူ့အိမ်နဲ့ ကျွန်တော့်အိမ်က လည်း တော်တော်ကလေးလှမ်းတော့ စကားပြောရင် လက်ပြ၊ ခြေပြနဲ့ ပြောရတယ်။ လူကောင်း ဖြစ်ပါရက်နဲ့ အ,အတွေ လုပ်နေကြရတယ်လေ။ ကျွန်တော်က မျက်စပစ်ချင် ရင် မျက်ခုံးကို လက်နဲ့ဆွဲပြီး လှုပ်ပြလိုက်၊ သူပြောတာ နားမလည်ရင် နားရွက်လှည့်ပြီး လက်ခါပြလိုက်၊ တယ်နေရာကျနေတာကလား။ ဒါနဲ့ ကျွန်တော်က သူ့နာမည်ကိုမေး တော့ ကောင်မလေးက ပါးစပ်လှုပ်ပြီး ပြောပါရဲ့။ ဘယ်ကြားမလဲ"

"သူ့နာမည်ကို ဘယ်လိုမေးလဲ ပြောပါဦး"

"ဒါကတော့ နောက်ဖေးတံခါးပေါ်မှာ မြေဖြူခဲနဲ့ မင်းနာမည် ဘယ်သူလဲလို့ ရေးမေးတာပေါ့။ ကျွန်တော်လည်း သူပြောတာ နားမလည်နိုင်တော့ တံခါးပေါ်မှာ အေ၊ ဘီ၊ စီ၊ ဒီ ရေးပြပြီး သူ့နာမည်ပါတဲ့စာလုံးကျရင် ခေါင်းညိတ်ခိုင်းတယ်။ အမယ် သူက ကြည့်နေပြီး တစ်လုံး၊ တစ်လုံးကျတော့ ခေါင်းညိတ်တယ်။ အားလုံးပေါင်းလိုက် တော့ 'ခင်ခင်' တဲ့။ ဒါနဲ့ တစ်နေ့ကျတော့ အဆင်သင့်ပဲ။ ဈေးနားမှာ တွေ့တာနဲ့ စကားပြောရပြီး မင်းနာမည် ဘယ်သူလဲလို့ မေးလိုက်တော့ မပုတဲ့" ဟု ပြောလိုက်သဖြင့် နားထောင်နေကြသူများမှာ မျှော်လင့်ချက်တစ်မျိုး၊ ကြားရတာတစ်မျိုးဖြစ်ကာ တခစ်ခစ် ရယ်မောကြပြီးမှ တစ်ယောက်က. . .

"ဒါနဲ့ အစက ခင်ခင်ဆို"

"ဟာ ဒီကောင်မလေးက အင်္ဂလိပ်စာမှ မတတ်ဘဲ။ သူဟာသူ သင်္ချာရာတွေ

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်၊ ကျွန်တော်ကလည်း ထင်တဲ့စကားလုံး လိုက်ရေးတော့ ခင်ခင် ဖြစ်နေတာပေါ့။ လက်စသတ်တော့ နာမည်ရင်း မပုတဲ့ လဗျ" ဟု ပြောလိုက်သဖြင့် ထပ်မံရယ်မောကြလေ၏။

ထိုအခါ သိန်းဖေက "ခင်ဗျား တွေ့ရတာ ဒါလောက် မရယ်ရသေးပါဘူးဗျာ။ ကျွန်တော် တွေ့ရတာမှ ရယ်စရာကောင်းတာ" ဟု တစ်စခန်းထပြန်သဖြင့် "ကိုင်း ခင်ဗျားကတော့ ဟုတ်တယ်။ နဂိုကလည်း လူရုပ်ဆိုတော့ ပိုပြီးရယ်စရာကောင်းမှာပဲ။ ပြောစမ်းဗျာ" ဟု ဝိုင်း၍ပွဲတောင်းကြပြန်သည်။

"ကျွန်တော်တို့ နေတဲ့ အရပ်မှာပေါ့ဗျ၊ ကောင်မလေးက ၁၆-နှစ်လောက်ရှိပြီ။ သူ့နာမည်က မစိန်တဲ့။ နည်းနည်းဆင်းရဲရှာတော့ မုန့်လုံးရောင်းပြီး စားရတယ်။ ကျွန်တော်ကလည်း ကောလိပ်ကျောင်းသားဆိုတော့ ကျွန်တော်တို့အရပ်မှာ မင်းသားပေါ့။ ကြက်ဆူပင် မရှိတဲ့တော အနှစ်မင်းမူ ဟုတ်ပေါင်။ စကားတွေ မှားကုန်ပြီ။ အနှစ်မရှိတဲ့တော ကြက်ဆူပင်လိုပေါ့။ ဟို ကောင်မကကြိုက်၊ ဒီကောင်မကကြိုက်နဲ့ တယ်စန်းပွင့်နေတာကလား။ ဒီကောင်မလေးကလည်း ကျွန်တော့်ကို သိပ်ကြိုက်တာပဲ။ ကျွန်တော် သူ့ဆိုင်သွားပြီးစားရင် အလကားချည်း စားရတာပဲ။ တစ်နေ့တော့ ကောင်မလေးကို လက်ဆွဲပြီးစကားပြောတော့ သူ့မောင် မြင်သွားတာကိုး။ လားလား သူ့မောင်က ဒေါသတကြီးနဲ့ အိမ်ကျတော့ ကောင်မလေးကို သိပ်ရိုက်တာပေါ့။ ကောင်မလေးလည်း တစ်ခါတည်း စိတ်ညစ်ပြီး ဓားမြှောင်ကြီးတစ်ချောင်း အသွားတစ်ထွာ ကျော်ပါတယ်ဗျာ။ အဲဒါကြီး ဘယ်သူမှ မသိအောင် နောက်ဖေးယူသွားပြီး ထက်နေအောင် သွေးပါရောဗျာ။ အမလေး. . . ပြောရင်းဆိုရင်း သူ့အစား ကြက်သီးထပါသေးရဲ့။ ဒါနဲ့ သွေးလည်း ပြီးရော. . ."

"သူ့ကိုယ်သူ ထိုးသတ်တာပဲလား"

"ဘာဟုတ်မလဲ၊ နာနတ်သီးတွေချည်း ခွဲစားတာပေါ့ဗျာ" ဟု ပြောလိုက်သဖြင့် ဝါးကနဲ ပွဲကျသွားကြကာ ရယ်သံရပ်တော့မှ. . .

"အဟုတ်လားလို့ နားထောင်ပါတယ်၊ သူပြောရင်ဖြင့် လုပ်ဇာတ်ချည်းပဲ။ ဘယ်တော့မှ အဟုတ်မပြောဘူး"

သိန်းဖေက ကြက်သီးထသလို လုပ်ပြကာ "အမလေး. . . ဓားကြီးက တစ်ထွာ ကျော်ပါတယ်ဗျာ။ ရည်းစားစိတ်၊ ရည်းစားစိတ်" ဟု ရွှန်းပြန်သဖြင့် တပြုံးပြုံးဖြစ်၍ နေကြပြန်လေ၏။

ထို့နောက်မှ အခြားကျောင်းသားများက ပထမပြောသူအား "နေပါဦး ခုနက ပြောသွားတဲ့ မပုဆိုတာနဲ့ နောက်ဘာဖြစ်ကြသေးလဲ။"

"နောက်တော့ ကျွန်တော်လည်း ကျောင်းဖွင့်တော့ ပြန်ရမှာကိုးဗျ။ ဒီတော့ ပြန်ရတော့မယ့်အကြောင်း လက်ဟန်၊ ခြေဟန်နဲ့ပြတော့ သူနားမလည်ဘူး၊ ဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က လက်ဝါးကို ပါးစပ်မှာ ဒေါင်လိုက်ကပ်ပြီး တူ၊ ဂျုတ်၊ ဂျုတ်၊ ဂျုတ်နဲ့ မီးရထား ခုတ်သလို လက်ပါလှုပ်ပြပြီး နှုတ်ဆက်တဲ့ဟန်၊ လက်ကိုင်ပဝါ လှုပ်ပြတော့မှ သူနားလည်သွားပြီး ဖြုတ်ဆို အိမ်ထဲဝင်သွားပါလေရော။ တော်တော်ကြာ ပြန်ထွက်လာတော့ စောစောက ဆံထုံးကျဲကျဲနန ထုံးထားတာဖြေပြီး ဆံပင်ဖားယားလေးနဲ့ မျက်နှာ ငယ်ငယ်လုပ် ထွက်လာပြီး ကျွန်တော့်ကိုမြင်တော့ လက်နှစ်ဖက် ခေါင်းပေါ်တင်ပြီး တော့ ပူပုံဖမ်းဟန် လုပ်ပြတာကိုးဗျ" ဟုဆို၍ ထိုသူက ဟန်သရုပ်ပေါ်အောင် ပြလိုက် သဖြင့် ပွဲကျ၍သွားမှ "ဒီကတည်းက နောက်ကျောင်းပိတ်လို့ ပြန်သွားတော့ သူတို့လည်း ပြောင်းသွားတာ တွေ့ရတာပဲ" ဟု ပြောပြကာ ဇာတ်သိမ်းလိုက်လေ၏။

ယင်းသို့ တစ်ယောက် တစ်မျိုးစီ မိမိတို့ အဖြစ်အပျက်ကလေးများကို ပြော၍ ပြကာ ရယ်မောပျော်ရွှင်နေကြစဉ် စတိုင်ကျကျ ဝတ်စားလျက် ကျောင်းသားတစ်ယောက် ဝင်၍လာပြီးလျှင် "ဟေ့. . . ဘာတွေပြက်လုံး ထုတ်နေကြသလဲ" ဟု မေးလိုက်သဖြင့် အခန်းတွင်းရှိ ကျောင်းသားတစ်စုက ၎င်းကို ဝိုင်း၍ကြည့်ကာ "ဟလို. . . ကိုအောင်မြင့် ဘယ်ဆီဘယ်လမ်းက မျက်စိလည်ပြီး လာခဲ့သလဲ။ ပလွှင်တင်စေဗျား" ဟု ဆိုသဖြင့် အောင်မြင့်သည် အခန်းထဲသို့ ဝင်၍ထိုင်ပြီးမှ

"အိမ်က လာတာပေါ့ဗျ၊ ဒီကို သက်သက်လာတာပဲ"

"ကားပါလား"

"ကားနဲ့ပေါ့ဗျ။ ဖားသားကြီး မရှိတုန်း လစ်ခဲ့တာ"

"ဆိုစမ်းပါအုံး။ ဘာများကိစ္စထူးသလဲလို့။ မြာတွေ့နေလို့လား"

"မဟုတ်ပါဘူးဗျာ၊ တစ်ခြားပါ။ ဒါနဲ့ဓမ္မစရိယာ။ လာရင်းက ခင်ဗျားမသိ ပါ"

"ဒီလိုဆိုရင် သိပါပြီဗျာ။ ခင်ဗျား ဖဲဝိုင်း ရှာရအောင် လာတာပါ"

"ဟဲဟဲ. . . ခင်ဗျားဗိုက်ထဲ ပုဏ္ဏားကလေး ရှိတယ်ထင်တယ်။ သိပ်မှန်တာပဲ"

"အို ကျုပ်က လူကို အင်္ဂါရုပ်ကြည့်ပြီး ဟောတတ်ပါတယ်။ ခင်ဗျာ့ နဖူးရေ ဒူးရေ ကြည့်ရုံနဲ့ ဖိနပ်တစ်ရံစာတော့ ကပ်သီးကပ်သတ် ရနိုင်တာပဲလို့ သိပြီးသားပါ။ ဟား. . . ဟား ဟား ဟား နို့. . . ဖဲချချင်ရင် ပရမ်းဟောလ် သွားပါလားဗျာ။ ဒီမှာ ဘိုင်ဝိုင်းလောက်ရှိတယ်။ ဆရာကြောက်လို့ ဘယ်သူမှ အကြီးအကျယ် မကစားဘူး"

"အခု ပရမ်းဟောလ်က လာခဲ့တာပေါ့ဗျာ။ တစ်နေ့ကပဲ သေသေချာချာ ချိန်းထားတာ။ ကနေ့သွားတော့ ငတိတွေအားလုံး မနေ့က မြင်းကန်ထားတာနဲ့ နလံ မထူနိုင်ကြဘူး။ ဘူကောင်တွေ ဖြစ်ကုန်ကြပြီ။ ဒါနဲ့ ကျွန်တော်လည်း ဒီကို လာခဲ့တာပဲ။ ကိုင်းဗျာ ရောက်ပြီးတော့မှလည်း မပြန်ချင်ပါဘူး။ လူအစုံသား ဖဲဝိုင်း ဖွင့်ရအောင်"

အောင်မြင့်သည်ကား ဒုတိယနှစ် ဥပစာတန်းတွင် တစ်နှစ်ကျသဖြင့် "အက်ဖ်" ဘွဲ့ထူးရသူတစ်ယောက် ဖြစ်လေ၏။ ပထမနှစ်တွင်ကား များစွာအရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



လှသဖြင့် လွယ်လင့်တကူ အောင်ခဲ့ပြီးမှ ဒုတိယနှစ်သို့ ရောက်သောအခါမူ ပိုက်ဆံရှိ သားသမီးလည်းဖြစ်၊ ရန်ကုန်တွင်နေ၊ အလေလိုက်ချင်သလိုလိုက်၊ ကားကလည်းရှိ၊ အသိမိတ်ဆွေလည်း ပေါသူဖြစ်သည့်အလျောက် စာကို မည်သည့်အခါမှ မကြည့်ဘဲ အပျော်အပါးလောက်သာ ဂရုစိုက်ခြင်းဖြင့် အတန်းရှုံးခဲ့သူ ဖြစ်ပေ၏။ အောင်မြင့်မှာ အထက်ပါ အလုပ်ကောင်းများကြောင့် နာမည်လည်းကြီးပြန်၊ "အက်ဖ်" ကလည်း ဖြစ်ပြန်ကာ ကျောင်းတွင် လူသိများ၍ ထင်ရှားသူတစ်ယောက် ဖြစ်နေလေ၏။ ကျောင်းအိပ် ကျောင်းစား မဟုတ်ဘဲ မြို့ထဲတွင် ကျောင်းတက်သူ ဖြစ်သော်လည်း ကျောင်းဆောင်အသီးသီးတွင် ကြမ်းပိုးထိုးလေ့ရှိရာ ကျောင်းတွင် ထမင်းစားချင်သည့်အခါစား၊ တစ်ခါတစ်ရံ အဆောင်မှူး မသိအောင် ကျောင်းသားများနှင့် ပူးပေါင်း၍ ကျောင်းတွင် သုံးလေးည အိပ်ချင်လျှင် အိပ်နေလေ့ ရှိပေ၏။ ထိုသို့ အောင်မြင့်က ဖဲကစားရန် ပြောလိုက်ရာ ကျောင်းသားများမှာ ဝါသနာမပါ၍လား မပြောတတ်၊ ချက်ချင်းပင် စားပွဲဝိုင်းကွန်ဖရင့်မှ ဖဲဝိုင်းမျက်နှာစုံညီ အစည်းအဝေးကြီး ဖြစ်သွားလေ၏။

"အိုင်ဆေး ကိုကျော်ဝင်း မပါဘူးလား။ လာလဗျာ ဘယ့်နှာတုံး။ ဘိုင်ကျနေသလား"

"မဟုတ်ပါဘူးဗျာ၊ ကစားချင်စိတ် ဒီကနေ့တော့ မရှိဘူးဗျ" ဟု ငြင်းပယ်လိုက်ပြီးနောက် အောင်မြင့်အား "ခင်ဗျား တော်တော်ကြာဦးမယ် မဟုတ်လား"

"ဒါပေ့ါဗျ၊ ညနေကျမှ ပြန်မှာပေါ့"

"ဒါဖြင့်ဗျာ၊ ခင်ဗျားကား ကျွန်တော် ယူသွားဦးမယ်"

"ဘယ်သွားမလို့လဲ။ မြို့ထဲလား"

"ဘယ်မှရယ်လို့ မဟုတ်ဘူး။ အပျင်းပြေ လျှောက်မောင်းမလို့"

"ဒီလိုဆိုရင် မြို့ထဲရောက်အောင် သွားစမ်းပါဗျာ။ စကော့မတ်ကက်ထဲက ကော်ပြန့်ကြော် တစ်ကျပ်ဖိုးလောက် ဝယ်ခဲ့စမ်းပါ"

"ဟာ. . . များလှချည့်ကလားဗျ"

"နို့ ဒီအခန်းထဲက လူတွေလည်း ကြည့်ပါဦး" ဟုဆို၍ ငွေတစ်ကျပ် ထုတ်ပေးလိုက်သဖြင့် ကျော်ဝင်းလည်း လှမ်း၍ယူကာ အခန်းထဲမှ ထွက်ခဲ့လေ၏။ ပထမသော် မိမိအခန်းထဲသို့ပြန်၍ အပေါ်အင်္ကျီ ဝတ်ဦးမည်ကြံပြီးမှ "မဝတ်ပါဘူးလေ၊ ကိုယ့်ဟာသာ ကိုယ့်ကားနဲ့ လည်မှာပဲဟာ။ ဘတ်စ်တို့ လန်ခြားတို့ စီးမှာမှ မဟုတ်ဘဲ။ ကြမ်းပိုးမထင်နိုင်ပါဘူး" ဟု အောက်မေ့ကာ ရှပ်လက်တိုနှင့်ပင် ထွက်ခဲ့ပြီး ကျောင်းအောက်တွင် ထိုးထားသော အောင်မြင့်၏ကားကိုထုတ်၍ မောင်းနှင်သွားလေ၏။

ကျော်ဝင်းသည် မြို့ထဲသို့ ရောက်သွားပြီးလျှင် မြို့ထဲတွင် လှည့်ပတ်ပြီးနောက် စကော့ဈေးဘက်သို့ ရောက်သောအခါ အောင်မြင့် မှာလိုက်သော ကော်ပြန့်ကြော်ကို သတိရ၍ ကော်ပြန့်ကြော် ရောင်းသောဆိုင်သို့သွားကာ အမှာပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုသို့သွားရာတွင် ခေတ်ဆန်လှပယဉ်ကျေးစွာ ဝတ်စားဆင်ယင်ထားသူကလေးနှစ်ယောက် စာအုပ်ဆိုင်တွင် မြင်ခဲ့ရာ ထိုမိန်းမပျိုလေးများအား ကျောင်းတွင်မြင်ဖူးသလိုလို ရှိသည့်ပြင် အင်္ဂလိပ်ဝတ္ထု၊ မဂ္ဂဇင်းများ ဝယ်ယူကြည့်ရှုနေသည်ကို စဉ်းစားထောက်ချင့်ခြင်းအားဖြင့် ကျောင်းသူများဖြစ်ကြောင်း ကောင်းစွာသိရှိသည့်အားလျော်စွာ ၎င်းတို့အားရစ်ရန် မော်တော်ကားကို ပြန်၍လှည့်မောင်းလာလေ၏။

မိမိတွေ့ခဲ့ရသော စာအုပ်ဆိုင်နားသို့ ရောက်သောအခါ ထိုမိန်းမပျိုကလေးများသည် စာအုပ်ဆိုင်မှ ထွက်လာကြပြီးလျှင် လမ်းကလေးကို ဖြတ်ကျော်၍ ပိုးထည်များရောင်းသောဘက်သို့ ကူးကြသည်ကို တွေ့ရသဖြင့် ကားကို ဈေးရှေ့သို့မောင်း၍ စာထည့်သည့်တိုင်နားတွင် ရပ်ကာ ကြည့်နေမိလေ၏။

ထိုမိန်းမပျိုလေးနှစ်ယောက်မှာ တစ်ယောက်က အသားညိုညို၊ ကုလားဆင်နှာတံပေါ်၍ အခြားတစ်ယောက်ထက် အသက်ကြီးပုံရလေ၏။ တစ်ယောက်မှာကား မော်လမြိုင်သူပဲဟု အတပ်စွဲစရာ ဖြူဖြူဖွေးဖွေး ထွေးထွေးအိအိ၊ ကိုယ်လုံးကိုယ်ပေါက်တင်ရင်ပြည့်မောက်ကာ အသက်မှာ အနည်းငယ် ငယ်ပုံရသဖြင့် ကျော်ဝင်း၏စိတ်တွင် ၎င်းအား သာ၍ချစ်စရာကောင်းသည်ဟု ထင်မြင်လေ၏။ အကြီးဖြစ်သူကား လည်ပတ်ပုံရ၍ အငယ်ကား သွက်လက် ဖျတ်လတ်ပုံ ရလေ၏။ အဝတ်အစားမှာဆင်တူ 'ယူနီဖောင်း' ဝတ်ထားကြလေ၏။

ထိုသို့ ကြည့်နေရင်းပင် ၎င်းတို့သည် အလယ်ပေါက်တည့်တည့်မှ ဈေးထဲသို့ဝင်သွားကြ သည်ကို တွေ့မြင်ရသဖြင့် ဈေးသစ်တွင် ကြမ်းပိုးထိုးခြင်း၌ အရည်ဝလာသူကျော်ဝင်းမှာ ကြွေလယာတန်းသို့ ၎င်းတို့ သွားကြသည်ကို အတပ်သိကာ လိုက်လိုသောစိတ်များက မနားမနေ တိုက်တွန်းသဖြင့် ကားပေါ်မှဆင်းကာ အနောက်ဘက်လမ်းမှလှည့်၍ ဝင်လိုက်လေသည်။

ကျော်ဝင်းမှာ မိမိထင်မြင်သည့်အတိုင်းပင် ရေမွှေး၊ ပေါင်ဒါ စုံစီနဖာရောင်းသော ကြွေလယာဆိုင်တန်းတွင် ရင်ဆိုင်တိုးလေတော့၏။ သို့တွေ့နေရသော်လည်း မည်သို့မှ ပြုလုပ်ကြံစည်ခြင်းငှာ မစွမ်းနိုင်သောသည့်အလျောက် ထိုမိန်းမပျိုကလေးများ ဝယ်ခြမ်းနေကြသော ဆိုင်နှင့် မျက်နှာချင်းဆိုင်တစ်ဆိုင်တွင် ဝင်ရောက်၍ မြင်မြင်သမျှတို့ကို ဈေးမေးကာ ကျောင်းသူကလေးများ ပြောသောစကားကို နားစွင့်၍နေလေ၏။

"မသန်းမြင့် ဟောဒီပုလဲကုံးလေး မကြိုက်ဘူးလား။ ကျွန်မတော့ သိပ်ကြိုက်တာပဲ။ တစ်ခုရှိနေလို့ မဝယ်တော့ဘူး" ဟု ပြောသံကြားရသဖြင့် လှည့်၍ကြည့်လိုက်ရာ အကြီးဖြစ်သူက ဖြူဖြူဖွေးဖွေး မိမိသဘောကျသည့် အချောအလှလေးအား ပြောပြလိုက်သည်ကို တွေ့ရသဖြင့် ၎င်းကလေးမ၏နာမည်မှာ မသန်းမြင့် ဖြစ်သည်ကို သိရသောကြောင့် ရွှေဘောတော် ရွှင်ပြုံးပြီး နှလုံးထိသွားလေသည်။

ဆိုင်ရောင်းသော ကုလားမှာ ကျော်ဝင်းအား ပစ္စည်းအမျိုးမျိုး ပြရ၊ ဈေးအမျိုး

www.burmeseclassic.com

www.burmeseclassic.com

မျိုး ပြောရနှင့် စိတ်မရှည်နိုင်တော့ဘဲ၊ ကွဲမြီးတိုလာသည်ကို တွေ့ရသဖြင့် ကျော်ဝင်းမှာ မဝယ်ချင့်ဝယ်ချင် ဈေးဆစ်မိ၍ ကုလားက အတင်းထိုးပေးသော ပစ္စည်းတစ်ခုကို ဝယ်လိုက်ပြီးလျှင် ကြာကြာနေရလျှင် တစ်ဆိုင်လုံးကုန်အောင် ဝယ်ရတော့မည်ကဲ့သို့ ရှိ၍တစ်ကြောင်း၊ ကားအတွက်လည်း စိတ်မချရ၊ ကော်ပြန့်ကြော်ကလည်း ယူစရာရှိသေးသောကြောင့် မခွာချင့် ခွာချင်နှင့် ကော်ပြန့်ကြော်ဆိုင်သို့ ပြန်ခဲ့ရလေသည်။ ကော်ပြန့်ကြော်ဖိုး ပိုက်ဆံပေးပြီး၍ အထုပ်ကိုယူကာ ဈေးတန်းသို့ ပြန်လာသောအခါ ကျောင်းသူကလေးများမှာလည်း မရှိတော့ဘဲ ထွက်ခွာသွားကြသည်ကို တွေ့သဖြင့် ကားရှိရာသို့ ပြန်ခဲ့ရလေ၏။

ဈေးသစ်ကြီးရှေ့ မျက်နှာစာဆိုင်တန်းသို့ ရောက်သောအခါ မိမိရှာဖွေ၍နေသော ကျောင်းသူကလေးများသည် ရှေ့ဘက်သို့လှည့်၍လာကြသည်ကို တွေ့ရသဖြင့် တဒိတ်ဒိတ် ရင်ခုန်ကာ ဖိုးကြိုင်းတုတ် ဖြစ်သွားပြန်ပြီးလျှင် ၎င်းတို့ရှေ့တွင် စတိုင်လုပ်ရန် ကားပေါ်သို့ ခပ်မြန်မြန်တက်၍ တံခါးကို ဂျိန်းကနဲမြည်အောင်ပိတ်၊ ကားနောက်ကိုမှီ၊ လက်တစ်ဘက်ကိုထုတ်၊ တတောင်ကို ကားတံခါးပေါ်တင်လျက် ခပ်တည်တည်ဂိုက်ထုတ်၍ ကြည့်နေလေ၏။

ကျောင်းသူကလေးများမှာ မိမိတို့ ဝယ်ခြမ်းပြီး၍ ကျောင်းသို့ ပြန်တော့မည် စိတ်ကူးသည့်အတိုင်း ကားရှာရာတွင် ကျော်ဝင်း၏ကားကို တွေ့ကြလေ၏။ ကားမှာ တစ်ပတ်ရစ် ဖြစ်နေသည့်အပြင် ကျော်ဝင်း ဝတ်ဆင်ထားပုံမှာ ရှပ်အင်္ကျီလက်တို၊ ဆံပင်ကလည်း ခပ်ပွပွ ဖြစ်နေသဖြင့် ကားပိုင်ရှင်ဟုထင်ရန် မရှိရသည်တွင် ကော်ပြန့်ကြော်ထုပ်ကလေးကိုကိုင်၍ တက်သွားသည်ကို တွေ့ရသောကြောင့် ဒရိုင်ဘာတစ်ယောက် ဖြစ်မှာပဲဟု ၎င်းတို့၏စိတ်ထဲတွင် ထင်မိရာက ကျော်ဝင်း၏ ကြည့်ရှုပုံမှာ ကားလိုက်လို၍ ခေါ်ချင်သည့်မျက်နှာပဲဟု တွေးထင်မိသည့်အလျောက် မသန်းမြင့်က ရှေ့ဆောင်ကာ ကားနားသို့ ကပ်ပြီးလျှင် "ဒီကား အားသလား" ဟု မေးလေ၏။

ကျော်ဝင်းသည် မသန်းမြင့်၏အမေးကို ကြားရလျှင် မိမိအပေါ်တွင် ဒရိုင်ဘာဟု အထင်မှားကာ မိမိစီးသောကားကို ပရိုက်ဘိတ် တက္ကစီပြေးသောကားဟု ထင်မှတ်ကြသည်ကိုသိကာ ရှက်သလိုလို ဖြစ်သွားလျက် "အငှားကား မဟုတ်ဘူး" ဟု ခပ်မာမာ ပြောလိုက်မည်ကြံပြီးမှ ထိုသို့ ပြောလိုက်လျှင် ၎င်းတို့မှာ အမှားကိုသိ၍ ရှက်သွားကြပေလိမ့်မည်။ သို့ဖြစ်လျှင် အငှားကားကဲ့သို့ပင် ဟန်ဆောင်၍ ၎င်းတို့အား ကျောင်းသို့ လိုက်ပို့မည်။ သို့ပို့လျှင် အပြန်တွင် သွေ့သွေ့ခြောက်ခြောက် မရှိဘဲ ပျော်စရာကြီးတစ်ခု ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ကာ "အားပါတယ်၊ ဘယ်ကိုလဲ" ဟုပြောကာ တစ်ကယ့်အမိပတိ တက္ကစီဒရိုင်ဘာဟန်မျိုးဖြင့် ကားပေါ်မှ လျှင်မြန်စွာဆင်းကာ ကားတံခါးကို ဖွင့်ပေးလေ၏။

"ယူနီဗာစီတီကောလိပ်ကို ပြန်မလို့၊ ဘယ်လောက် ပေးရမလဲ"

www.burmeseclassic.com

"ဟာ. . . ကျောင်းကလူတွေတော့ ပိုမယူပါဘူး။ ထုံးစံအတိုင်းပေါ့"

"ထုံးစံအတိုင်းမပြောနဲ့ ဆရာ၊ စောစောက သေသေချာချာ ပြောပါ။ ရှင်တို့ ကားသမားတွေက ဘာမှပြောမထားရင် သိပ်တောင်းတတ်လွန်းလို့" ဟု အသားညိုမက ဝင်၍ပြောလေ၏။

"အို. . . ခင်ဗျားတို့ပဲ ခဏခဏ စီးနေတာပဲဗျ။ ကြည့်ပေးတာပေါ့။ မပေးချင်ရင် တစ်ပြားမှ မပေးပါနဲ့။ ကားသမားချင်း တူပေမယ့် အသက်ရှူချင်း ကွဲပါသေးတယ်။ ကျွန်တော်တို့က နှာခေါင်းနဲ့ရှူတာ" ဟု ပြောလိုက်ရာ. . .

မသန်းမြင့်က ပြုံးလျက် "နို့ တစ်ခြားကားသမားတွေကတော့ ဘာနဲ့အသက်ရှူလို့လဲရှင်" ဟု မေးသည့်အတွက်. . .

"တစ်ခြားကားသမားတွေကတော့ သူများကားကို အငှားမောင်းရတော့ တစ်နေ့လုံးလုံး ခွေးပြေးဝက်ပြေး မောင်းရလွန်းလို့ ညအိပ်တဲ့အခါ မောမောပန်းပန်း ပါးစပ်အဟောင်းသားနဲ့ ပါးစပ်က ရှူတာပေါ့" ဟု ပြောလိုက်သည့်အတွက် မသန်းမြင့်တို့ နှစ်ယောက်မှာ သဘောကျသလိုလို ပြုံးနေကြရာမှ "ကိုင်းပါ. . . တက်ကြပါ၊ လိုက်ပို့တဲ့ သူကတောင် တစ်ပြားမှ မပေးချင်နေပါလို့ ဆိုနေမှ၊ စီးတဲ့လူက ဈေးဆစ်မနေပါနဲ့တော့" ဟု ပြောသောကြောင့် မသန်းမြင့်တို့လည်း ကားပေါ်သို့ တက်လိုက်ကြမှ ကျော်ဝင်းတွင် အထူးသဖြင့် ဝမ်းမြောက်ခြင်းဖြစ်ကာ ကားစက်နှိုးလေ၏။

ထို့နောက် ကားပေါ်သို့တက်ကာ "ဘယ်သွားဦးမလဲ၊ တစ်ခါတည်း အင်းလျားဟောလ်ကို တောက်လျှောက်သွားမှာလား" ဟုမေးရာ "ဟုတ်ကဲ့" ဟု အဖြေရသည်နှင့် တစ်ပြိုင်နက် ကားမောင်း၍ ထွက်ခဲ့လေ၏။

သို့မောင်းရာတွင် ကျော်ဝင်းသည် ၎င်းတို့အား တစိမ့်စိမ့် စိုက်၍သာ ကြည့်ချင်လှသော်လည်း လူတိုက်မိမှာ စိုးသဖြင့် တစ်ချီတစ်ချီသာလျှင် ဖျတ်ကနဲ ဖျတ်ကနဲ လှည့်၍ကြည့်နိုင်ရှာလေ၏။ ထိုသို့ ငြိမ်၍မောင်းလာရသည်ကို မကျေနပ်ဘဲ မသန်းမြင့်တို့ စကားပြောသည့်အထဲတွင် ဝင်၍ရောလိုလှသည်။ သို့သော် စကားစ,ရှာ၍ မရနိုင်သဖြင့် စူးစိုက်၍သာ နားထောင်ခဲ့ရာ အသားညိုမ၏နာမည် မအေးစိန် ဖြစ်သည်ကို သိရလေ၏။ ထို့နောက်မှ စကားမပြောရလျှင် မနေနိုင် ဖြစ်လာကာ မိမိ၏ အတန်းတွင် သိကြားဖူးသော မိန်းကလေးများ၏ နာမည်ထဲက ရုတ်တရက် လျှာထဲတွင် တွေ့ရာကို ကောက်ကာငင်ကာ "အင်းယားဟောလ်ဆိုတော့ ဂျူနီယာ အိုင်အက်စ်စီက မထွေးကြည်တစ်ယောက် သိမှာပေါ့" ဟု စလိုက်ရာ. . .

"သိသားပဲ။ ဘာမေးချင်လို့လဲ" ဟု မသန်းမြင့်က ပြန်၍ ဖြေလည်းဖြေ၊ မေးလည်း မေးလိုက်သဖြင့် စကားဆက်ရ ကျပ်နေပြီးမှ တစ်မျိုးလီဆယ်ဉာဏ်ဖြင့် "အော်၊ အရင်တုန်းက ကျွန်တော်တို့ တစ်မြို့တည်းမှာ နေဖူးတာမို့ မေးတာပါ။ သူ့ပေါင်းများနဲ့တော့ ကျွန်တော်တို့ ကျောင်းနေဖက် သူငယ်ချင်းတွေပေါ့။ သူတော့ အခု ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေလဲ မသိဘူး။ ကျွန်တော်သာ တေပေလေလွင့်နေတဲ့အတွက် အင်္ဂလိပ်စာ ခုနှစ်တန်းလောက်နဲ့ ကျောင်းကထွက်ခဲ့ပြီး ဒီလာ မော်တော်ကား မောင်းစားနေရတာ" ဟု ပြောစဉ်ပင် မအေးစိန်က "အို ကားဆရာကြီးရဲ့ စကားလည်းပြောပါ၊ ကားကိုလည်း ကြည့်မောင်းပါဦး၊ တစ်ခုခု ဝင်တိုက်မိမှဖြင့် ကျောင်းအထိ မရောက်ဘဲ ကြဲတောမှာ ဆင်းနေခဲ့ရပါဦးမယ်" ပြောလိုက်သဖြင့် မသန်းမြင့်တွင် ပြုံးရယ်မိသော်လည်း ကျော်ဝင်းမှာ ရှိမ်း၍သွားလေ၏။

သို့နှင့် စကားစ,ပြတ်၍သွားရာကပင် အင်းလျားကျောင်းဆောင်နားသို့ ရောက်လာကြလေ၏။

"ကိုင်း. . . ကားဆရာကြီး အထဲကိုသာရောက်အောင် မောင်းပါဦး" ပြောသောကြောင့် ကျော်ဝင်းလည်း ကျောင်းဝင်းထဲသို့ ကားကိုမောင်းပြီးလျှင် 'ပေါ်တီကို' အောက် တွင် ကားကို ရပ်လိုက်ကာ "တစ်ဆိတ်လောက်ကလေးခင်ဗျာ၊ ကျွန်တော့်ကို ကားဆရာ ကြီးလို့ မခေါ်ပါနဲ့။ တယ်ပြီး နာမည်က ဆိုးလှတယ်။ ကျွန်တော့်နာမည် ရှိပါတယ်။ နာမည် ခေါ်ပါ" ဟု ပြုံး၍ပြောမှ

"အို. . . ရှင့်နာမည်မှ မသိဘဲကိုးရှင့်"

"ကျွန်တော့်နာမည် မောင်ဘတင့်တဲ့"

"အလို. . . ရုပ်ရှင်မင်းသား မောင်ဘတင့် နာမည်မျိုးပါလား"

"နာမည်တင် တူတာမဟုတ်ဘူး။ လူရုပ်လည်း ကြည့်ပါဦး"ဟု ပြောင်သလိုလို လုပ်လိုက်သဖြင့် မသန်းမြင့်တို့မှာ သဘောကျ၍ ရယ်မောကာ "ချောပါတယ်ရှင်၊ ချောပါတယ်၊ ငါးရှဉ့်က အစ်ကိုကြီး ခေါ်လောက်ပါရဲ့" ဟု ဆိုရင်း ကားပေါ်မှ ဆင်းကြလေ၏။

"ကဲ. . . ဘယ်လောက်ပေးရမလဲ" ဟု မသန်းမြင့်က မေးရာ. . .

"အို. . . နေပါစေ၊ မပေးလည်း ကိစ္စမရှိပါဘူး။ မိတ်ဖြစ်ဆွေဖြစ်ပေါ့ဗျာ။ နောက်ကိုသာ ကျွန်တော့်ကားကို စီးကြပါ။ တစ်ခြားအသိတွေလည်း ပြောပါနော်။ ကားဆရာလေး မောင်ဘတင့်တဲ့"

"လာ လာချည့်သေး။ ကိုင်းပါရှင် တစ်ဆယ်တန်လဲပါ"

"လဲစရာလည်း မရှိပါဘူး"

"ကျွန်မမှာလည်း စက္ကူနဲ့ မူးစေ့ မတ်စေ့တွေပဲ ရှိတယ်"

"ဒါဖြင့် ခဏနေပါဦး။ ကျောင်းထဲမှာ လဲပြီးပေးပါမယ်"

"အကြွေမရှိလည်း နေပါစေဗျာ။ ကျွန်တော်က အတင်းတောင်းနေတာမှ မဟုတ်ဘဲနဲ့။ နောက်ကို ဘယ်နေ့လောက် ကျွန်တော် လာရဦးမလဲ။ မှာလိုက်လေ။ သွားစရာ မရှိလို့ မစီးရင်လည်း ကိစ္စမရှိပါဘူး။ လာရတာ ပင်ပန်းတာလိုက်လို့"

"နောက် တနင်္ဂနွေကျတော့ လာခဲ့သေးတာပေါ့။ သွားဖြစ်ချင်လည်း သွားဖြစ်

www.burmeseclassic.com

www.burmeseclassic.com

မှာပဲ” ဟု ပြောသဖြင့် “ကောင်းပါပြီ လာခဲ့ပါ့မယ်။ ကားသမားချင်းလည်း မှားနေပါဦးမယ်။ မျက်နှာလည်း မှတ်ထားပါဦး။ ကျွန်တော့်နာမည် မောင်ဘတင့်တဲ့” ဟုပြော၍ ထွက်သွားသဖြင့် မသန်းမြင့်တို့မှာ ရယ်မောလျက် ကျန်ရစ်ကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကျော်ဝင်းမှာ မိမိကြုံတွေ့ခဲ့ရပုံကို အပေါင်းအသင်းများအား လွန်စွာမှ ပြောပြလိုသောဇောနှင့် ကားကို ကျောင်းအောက်တွင် ထားခဲ့ပြီးလျှင် ဝမ်းသာအားရနှင့် ကျောင်းပေါ်သို့ ပြေးတက်ကာ ဘဦး၏အခန်းဆီသို့ တောက်လျှောက်ပြေးလေ၏။

"ဒေါက်. . . ဒေါက်. . . ဒေါက်. . . . ဒေါက်"

တံခါးပိတ်ထားသောမှန်ကို ခေါက်လိုက်ရာ ဘဦး၏အခန်းထဲတွင် ရုတ်ရုတ်ရက်ရက်ဖြစ်ကာ ကမန်းကတန်း လှုပ်ရှားပြောင်းရွှေ့သံများကို အပြင်မှ ကြားရလေ၏။ သို့သော် မည်သူမှ တံခါးဖွင့်၍မပေးသဖြင့် ထပ်မံ၍ခေါက်လိုက်မှ အခန်းတွင်းအသံများ ငြိမ်၍သွားပြီးလျှင် ဂျောက်ကနဲ တံခါးပွင့်လာလေ၏။

"အောင်မယ်. . . အလန့်တကြားဗျာ။ ဆရာများ ချောင်းပြီးဖမ်းရော့သလားလို့ ထိတ်သွားတာပဲ" ဟု ဘဦးက တံခါးဖွင့်ရင်းပြောရာ ကျော်ဝင်းသည် အခန်းထဲသို့ ကြည့်ရာတွင် မည်သူမျှ မမြင်ရသဖြင့်. . .

"နို့ အခန်းထဲ ဘယ်သူမှလဲ မရှိပါကလား" ဟု မေးမှ ကုတင်အောက်တစ်ချို့၊ စားပွဲအောက်ကတစ်ချို့ ကျောင်းသားများ အလျှိုလျှို ထွက်လာကြသည်ကို တွေ့ရသောကြောင့်. . .

"ဟား. . . ဟား. . . ဟား. . . ဟား။ ဒီလိုတော့လည်း တယ်ကြောက်ကြပါကလား"

"တော်လည်း တော်တဲ့သူဗျာ၊ အသံကလေး ဘာကလေး ပေးရော့ပေါ့။ အသံပြုရမှာကလေးနဲ့ ငရဲကြီးတာလိုက်လို့။ အလိုလိုကမှ ကာလပျက်ထဲ ရှင်ပြုရသလို တထိတ်ထိတ် တလန့်လန့်နဲ့ ကစားနေရတဲ့အထဲမှာ ခင်ဗျားလုပ်ပုံက ဘာရယ်လို ညာလိုလိုနဲ့"

www.burmeseclassic.com

"ဟုတ်သားပဲဗျာ၊ ခမျာ လန့်ဖြန့်ပြီး ကြောက်လွန်းလို့ သေးတွေတောင်ပါကုန်တာပဲ" ဟု သိန်းဖေက ပြောင်ကာ ပထမစကားပြောသူအား "မဟုတ်ဘူးလားဗျာ" ဟု ပြက်လုံးကြမ်းကြမ်းနှင့် နောက်လိုက်ရာ ကျော်ဝင်းမှာ နဂိုကပင် ရယ်ချင်နေသူဖြစ်သဖြင့် အူနှိပ်၍နေလေတော့၏။

အောင်မြင့်လည်း စားပွဲခုံအောက်က ထွက်လာကာ "ပေါ်တော်မူကြီး ပြန်ပြီးတော့ လာသေးသကိုးဗျ။ ကျွန်တော်ဖြင့် ခင်ဗျား မလာလွန်းလို့၊ ကော်ပြန့်ကြော်ဖြစ်နေရော့သလားလို့ အောက်မေ့မိသေးတယ်"

"ဟာ. . . ပြန်မလို့ပဲဗျ၊ မပြောပါနဲ့တော့"

"မပြောပါဘူးဗျာ" ဟု သိန်းဖေက ဘောက်ဝင်၍ တောလိုက်သဖြင့် ကျော်ဝင်းမှာ ဘာပြောရမှန်းမသိဘဲ ကြောင်သွားသောကြောင့် အခြားကျောင်းသားများတွင် သဘောကျသွားကြလေ၏။

"ဆိုစမ်းပါဦး၊ ဘယ်လိုများ ဖြစ်နေလို့လဲ"

"ဟာ. . . ဖြစ်ပုံတော့ သိပ်ဆန်းတာပဲ။ နို့ပေတဲ့ လူတွေ များသေးတယ်ဗျာ၊ နောက်တော့ ပြောမယ်"

"လူများမှ ပြောကောင်း နားထောင်ကောင်းတာပေါ့ဗျ" ဟု တစ်ယောက်တစ်ခွန်းစီ ဝိုင်း၍ဆိုကြမှ ကျော်ဝင်းမှာ နဂိုက ပြောချင်ချင်တွင် နားထောင်လို သူများက ပွဲတောင်းနေကြသည့်အလျောက်၊ စကော့ဈေးသစ်ထဲတွင် မသန်းမြင့်တို့နှင့် တွေ့ပုံကို ခရေစေ့တွင်းကျ ပြော၍ပြသည်တွင် ထိုစကားမျိုးမှ ကြားချင် နားထောင်ချင်ကြသော ကျောင်းသားတစ်စုတို့မှာ နားထောင်ရာမှ ဝါးကနဲ လုပ်လိုက်ကြ၊ ဟေးကနဲ အော်လိုက်ကြနှင့် အုံးအုံးကျွက်ကျွက် ပွတ်လောကြမ်း၍ နေကြလေ၏။

"ဟား. . . ဟား၊ ဟီးရိုးကွ၊ ဟီးရိုး။ ကိုကျော်ဝင်းတို့က ဒါတွေရှိနေတာကလား" ဟု ဘဦးက ဝမ်းသာစွာ ပြောရာတွင် သိန်းဖေက "ဟုတ်တယ်၊ ဟိုဟာတွေ အပေါင်ဆိုင် ရောက်ကုန်ပြီ" ဟု ဝင်၍ နောက်လိုက်လေ၏။

"ခင်ဗျား အလကားပါဗျာ၊ နောက်ဖို့လောက်တတ်တယ်။ ကိုကျော်ဝင်းလို စွံအောင်ဖြင့် မလုပ်နိုင်ဘူး" ဟု ဘဦးက ပြောရာ. . .

"သူစွံတာ ဘာဟုတ်လို့လဲဗျ၊ ကံကောင်းတဲ့ ဟိုဒင်း ပြေးရင်း ဟိုဟာကို ဟပ်မိတာပါ။ ဟား. . . ဟား ဒရိုင်ဘာလို့ အထင်ခံရကတည်းက ကောင်းနိုင်ပါဦးတော့မလားဗျ။ ခင်ဗျား အခုလိုပုံမျိုးနဲ့တော့ စကြဝဠာ ခြေကန်ပြီး ပိုးဦးတော့ ကောလိပ်ကျောင်းသူနဲ့ ဒရိုင်ဘာ ဘယ်ကမ္ဘာမှာ ကြိုက်နိုင်ကြမလဲလို့" ဟု ပြောလိုက်သဖြင့် ကျော်ဝင်းမှာ မခံချင်တော့ဘဲ "အောင်မယ်. . . လောကမှာ ယောကျ်ားနဲ့ မိန်းမ တွေ့ကြရင် ခံနိုင်ရိုးလားဗျာ။ ကုသတို့တောင် အိုးလုပ် ဖျာရက် အမျိုးမျိုး ဖန်တီးပြီး ပိုးကြသေး တာပဲ၊ ရမှာပေါ့ဗျ"

www.burmeseclassic.com



"ဟုတ်သားပဲဗျ၊ ကုသဟာလည်း အိုးထိန်းသမား အစစ်မဟုတ်၊ ဖျာရက်သူ အစစ်မဟုတ် ဟန်လုပ်ပြီးပိုးတာ ရတာပဲ မဟုတ်လား။ ကိုကျော်ဝင်းက ဒရိုင်ဘာ ယောင်ဆောင်ပြီးပိုးတာ ဘာဖြစ်လို့ မရနိုင်ရမှာလဲ" ဟု ဘဦးက ကျော်ဝင်းဘက်မှ ထောက်ခံ၍ ပြောလေ၏။

"ဟီဟိ. . . ရယ်လိုက်ရရင် ကျောင်းကြီး ပြိုကျပြီး၊ ပျဉ်ထောင် မဟုတ်ဘဲ အုတ် ကျောင်းအသစ်ဆောက်ပြီး နေကြရပြန်ရော့မယ်"

တစ်ဖန် ကိုသိန်းဖေက ဆက်လက်ကာ "ဟုတ်လည်း ဟုတ်တဲ့လူ၊ သူ့ကိုယ်သူ မောင်ဘတင့်လို့ ငတိမတွေ ပြောလိုက်သေးတယ်။ ဟား. . . ဟား. . . ဟား တယ် ချောတဲ့ မောင်ဘတင့်။ အို. . . ကိုဘတင့်" ဟု ပြောရာက မင်းသမီး ခင်ခင်နု ဟန်မျိုး လုပ်၍ ကျော်ဝင်းကို ပြေးပြီးဖက်လိုက်သောကြောင့် ကျောင်းသားများမှာ တအုံးအုံး ဖြစ်သွားကြလေ၏။ နောက်မှ သိန်းဖေက "အလကားပါ၊ ပျော်လို့နောက်တာပါ၊ ကျွန်တော် လည်း သိပ်ပြီးသဘောကျပါတယ်။ စိတ်လည်းမရှိပါနဲ့၊ လွန်တာရှိသမျှ ဝန္ဒာမိပါတယ်" ဟုဆို၍ ဇာတ်ဟန်ဖြင့် တောင်းပန်ပုံလုပ်ပြီးမှ အခြားကျောင်းသားများ အား မျက်စိမှိတ်ပြကာ "ကော်ပြန့်ကြော်တန်ခိုးများလည်း တယ်ကြီးတာပဲနော်၊ မတောင်းပန်ရင် စားရမှာ မဟုတ်ဘူး" ဟု ပြောလိုက်သည့် အတွက် ကျော်ဝင်းမှာ ကျေနပ်၍သွားရာက

"စားရပါတယ်ဗျာ၊ အားလုံးဖို့ပါပဲ။ ကျွန်တော့်ပိုက်ဆံနဲ့ ဝယ်တာလည်း မဟုတ်ပါဘူး။ ဒါယကာ တနင်္ဂနွေသား ကိုအောင်မြင့် ကောင်းမှုတွေပါ။ မောင်မင်းကြီး သား သိပ်ကျေးဇူးတင်တာပဲ။ သူ့ကြောင့် မုန့်လည်း စားရသေးတယ်၊ မြာတွေလည်း တွေ့ရသေးတယ်" ဟု ပြော၍ရယ်လေ၏။

ထို့နောက် ကော်ပြန့်ကြော်များ စားသောက်နေကြစဉ်၊ သိန်းဖေမှာ သူများ ထက် အရင်ကုန်၍သွားသောကြောင့် ကျီးကန်းမျက်လုံးမျိုးနှင့် ဟိုလူ ဒီလူ ကြည့်နေ ပြီးလျှင် "ခင်ဗျားကတော့ ဒီကနေ့အဖို့ ဝမ်းသာလုံးဆို့ပြီး မစားနိုင်တော့ဘူး ထင်ပါ တယ်" ဟု ပြောပြောဆိုဆို ကျော်ဝင်းမုန့်ကို လုယူကာ မိမိ၏ပါးစပ်ထဲကို ပလုပ် ပလောင်း သွတ်လိုက်သဖြင့် ကျောင်းသားများ အမှတ်တမဲ့ ကြည့်နေရာက ရယ်မောကာ မိမိတို့၏ မုန့်များကိုလည်း လုမည်စိုး၍ ကမန်းကတန်း စားကြရလေတော့၏။

သိန်းဖေမှာ တမင်နောက်ပြောင်လို၍သာ ပါးစပ်ထဲသို့ သွတ်လိုက်ရသော် လည်း ပလုပ်ပလောင်း ဖြစ်၍နေကာ မစားနိုင်၊ မမျိုနိုင်ဖြစ်လျက် မျက်လုံးကြီး ပြူး လျက်နေသောကြောင့် ကျောင်းသားတစ်စုမှာ ၎င်းအားကြည့်ကာ သဘောကျ၍ ရယ် နေရလေတော့၏။ ပါးစောင်နှစ်ဖက်မှာ ဖောင်း၍နေသဖြင့် "ဟေ့ မျောက်ကြီး၊ ခံသီး စားမလား" ဟု သံပြိုင်ဆိုကာ လက်ခုပ်လက်ဝါး တီးပေးကြသဖြင့် သိန်းဖေမှာ ပါးစပ်ဖြင့် မပြုံးနိုင်သော်လည်း မျက်လုံးများကပြုံးကာ မျောက်လို ခုန်ဆွခုန်ဆွ

www.burmeseclassic.com

www.burmeseclassic.com

ကပြလျက် မျောက် အယားဖျောက်သလို နဘေးကိုပုတ်၍ ပြလိုက်သောကြောင့် ဝိုင်း၍ ရယ်မောကြရာက ထ,ပြီး ကလိထိုးသူကထိုး၊ ပုဆိုးဆွဲသူကဆွဲ၊ မျောက်ပြဆရာ လုပ်သူက လုပ်သည့်အတွက် မရယ်ဘဲ မနေနိုင်တော့ဘဲ၊ ရယ်မောလိုက်ရာ အစာတွေ ပလုပ်ပလောင်း ဖြစ်နေသဖြင့် 'ဖူး' ကနဲ ပါးစပ်ထဲမှ မုန့်များ ထွက်၍ကျကုန်၏။

"ကောင်းလိုက်တာဗျာ၊ ဝမ်းသာလိုက်တာ၊ အားရလိုက်တာ၊ လောဘငယ်တော့ လယ်လောက်ရ၊ လောဘကြီးတော့ အင်း၊ ရတော့ ရပါရဲ့ သိပ်မများပါဘူး ဆိုသလို အကုန်ထွက်ကုန်တာပဲ" ဟု ကျော်ဝင်းက သဘောကျ၍ ပြုံးရယ်ကာ ပြောလိုက်သဖြင့် ကာရံကို တွေး၍ ဝါးကနဲ ဖြစ်သွားကြပြန်လေ၏။

"မုန့်ကလေးတစ်ခု စားရမည့်အရေး အပင်းအဆိပ် မျိုရသလိုပဲ၊ မနာလိုတဲ့လူတွေက များတော့ အန်ထွက်တာပေါ့" ဟု သိန်းဖေက အပြုံးမပျက်ဘဲ ပြောကာ အန်ဖတ်တွေကို တံမြက်စည်းဖြင့် လှဲထုတ်ရလေ၏။

ထိုသို့ တပြုံးပြုံး တရွှင်ရွှင်နှင့် ပြောင်လှောင်ရှုပ်နောက်ကြရာ အချိန်ကုန်၍ လာပြီးလျှင် မှောင်စပြုလာတော့၏။

"ဘတ်တီခိုလိုး၊ ဘတ်တီခိုလိုး" ဟု ကျောင်းသားများ အာဘောင်နီတို့၏ အသံများသည် ဟိုထောင့်က ထွက်လာ၊ သည်ထောင့်က ထွက်လာနှင့် ဓာတ်မီးဖွင့်ပေးရန် အော်သံများ ပေါ်လာပြီးနောက် ဒရဝမ်ကုလားက ဓာတ်မီးခလုတ်ကို ဖွင့်လိုက်ရာ၊ တစ်ကျောင်းလုံးလင်း၍သွားမှ အားရကျေနပ်စွာ "ဝေး ဟေး" ဟု အော်သံများ ဆူညံ၍ သွားလေ၏။

"ကိုင်း၊ ကျွန်တော်လည်း ပြန်တော့မယ်" ဟု အောင်မြင့်က ပြောလေသည်။

"နေပါဦးလားဗျ၊ တစ်ခါတည်း စားပြီးမှ ပြန်တာပေါ့၊ ကျောင်းမှာ စားပါ"

"မစားပါရစေနဲ့ဗျာ၊ ဘိုးတော်ဘုရား လက်ထက်ကတည်းကမွေးတဲ့ ကြက်အိုကြက်နာကြီးတွေ ချက်လိုချက်၊ ဇာဂနာနဲ့ နှုတ်ယူရမတတ် အမွေးတွေ မစင်တဲ့ တစ်ပင်စီထောင်နေတဲ့ ဝက်သားတွေ ချက်လိုချက်၊ ဒီထမင်းတွေ မစားပါရစေနဲ့ဗျာ၊ အိမ်မှာပဲ စားပါရစေတော့"

"အမယ် . . . ဒီကနေ့ ဟင်းပြောင်းပြီး ချက်တယ်။ လင်းတသား ချဉ်ရေချက်၊ ပဒိုင်းသီး လက်သုတ်၊ မြက်ဖုတ် တို့စရာ၊ အာပုတ်ရေ ငပိဖျော်လို့" ဟု သိန်းဖေက ပြောလိုက်သဖြင့် အောင်မြင့်မှာ အော့ချင်အန်ချင် ဖြစ်သွားလေ၏။

"ကိုင်းဗျာ၊ သွားမှဖြစ်ဦးမယ်။ တစ်နေ့လုံး လည်နေတာ၊ ဒီထက်နောက်ကျရင် အိမ်က ကဖြုတ်သားကြီး ဆူနေလိမ့်ဦးမယ်"

"ဒါဖြင့်ရင်လည်း သွားပေဦးတော့ဗျို့" ဟု နောက်လိုက်ပြီးမှ "နောက်ကိုလည်း ရောက်တဲ့အခါ ဝင်ပါနော်၊ ကျွန်တော့်နာမည် မောင်ဘတင့်တဲ့၊ ဟင် ဟုတ်ပေါင် ဒါက ကိုကျော်ဝင်းပဲ" ဟု သိန်းဖေက ပြောလိုက်သည့်အတွက် ကျော်ဝင်းလည်း ပြုံးမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း. . . ဆိုင်းမဆင့် ဗုံမပါ သွားတော့မယ်ဗျာ။ ဟဲ. . . ဟဲ ကိုသိန်းဖေ မဦးခင်၊ ကိုယ်က ဦးအောင် ပြောလိုက်ရတယ်" ဟုဆိုကာ အောင်မြင့် ထွက်သွားသောကြောင့် သိန်းဖေက မောင်သောနလုပ်ကာ မယ်ရှု ငွေတောင်ပြည် ပြန်သော ဇာတ်ခင်း၍ ရယ်မောရင်း ကျန်ရစ်ကြလေ၏။

အပေါင်းအသင်းချင်း ဆုံမိကြလျှင် ပျော်မြူးစမြဲ ဖြစ်သည့်အတိုင်း ကျော်ဝင်း၊ သိန်းဖေ၊ ဘဦး စသော ကျောင်းသားတစ်စုတို့သာလျှင် ပျော်မြူးကြသည် မဟုတ်ဘဲ မိန်းကလေးများမှာလည်း ထိုနည်းနှင်နှင် ဖြစ်သည့်အားလျော်စွာ မိန်းကလေးများ နေထိုင်ရာ အင်းလျားကျောင်းဆောင်ကြီး၌လည်း မသန်းမြင့်တို့အစုမှာ ပျော်ရွှင်စွာ ရှိကြကုန်၏။

"မသန်းမြင့်တို့များ တယ်ပြီး မျက်နှာပွင့်တာဘဲ။ ဘဝက ဆုတောင်းကောင်းခဲ့လို့ ထင်ပါရဲ့။ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ ဆိုတဲ့ဆုနဲ့ အကုန်ပြည့်တာပဲ" ဟု မအေးစိန်က စကားစ,လိုက်သဖြင့် မသန်းမြင့်တွင် မအေးစိန် ပြောတော့မည့် စကားကို ရိပ်မိကာ ပိတ်ပင်လိုသောသဘောဖြင့် "အို. . . မအေးစိန်ကလည်း မဟုတ်တာ တွေတော့ လျှောက်ပြီးပြောတော့မယ်။ လူကြားရင် ရှက်စရာကြီး" ဟု ဆိုသော်လည်း

အခြားကျောင်းသူကလေးများက "လူကြားရင်သာ ရှက်စရာပါ၊ အခု လူ မကြားပါဘူး။ ကျွန်မတို့တတွေ နတ်သမီးကလေးတွသာ ကြားတာပါ။ ပြောစမ်းပါဦး၊ မအေးစိန်ရဲ့" ဟု ပြောကြလေ၏။

"အမယ်. . . တယ်ပြီးတော့ နတ်သမီးလေးတွေ ဖြစ်ချင်တယ်ထင်တယ်" ဟု မသန်းမြင့်က ပြောင်၍ပြောလိုက်ရာ မအေးစိန်က "ကိုယ့်အကြောင်း ပြောမှာစိုးလို့ စကားနိုင်လုမနေပါနဲ့ မသန်းမြင့်ရယ်" ဟု ဆိုပြီးမှ. . .

"မသန်းမြင့်ကြောင့်ပေါ့။ ကျွန်မတို့ မြို့ထဲက ဒီကို မော်တော်ကား အလကား စီးခဲ့ရတယ်။ ဒရိုင်ဘာက မသန်းမြင့်ကို မြင်မြင်ချင်းပဲ"

"မြင်မြင်ချင်း ဘာဖြစ်ရမှာလဲလို့။ မအေးစိန်နော်"

"ဟား. . . ဟား၊ ဩော် စေတနာ သဒ္ဓါတရား ပွားများလွန်းလို့ ထင်ပါရဲ့။ တစ်ပြားမှ မယူဘဲ နိဗ္ဗာန်ကတို့ လိုက်ပို့တယ်"

"အမယ်. . . ကျွန်မတို့လည်း မော်တော်ကား အလကားစီးရအောင် မသန်းမြင့်ကပ်ဦးမှပဲ။ သူက ကားပိုင်နေတာကိုး"

"ကြည့်စမ်းပါဦး၊ ဘယ့်နှာတွေ လျှောက်ပြောနေကြတာလဲ ရှင်"

"ဟုတ်တာတွေ လျှောက်ပြောနေတာပေါ့။ ကားပိုင်ဆိုတော့ အုံနာဖြစ်ဦးမှပေါ့၊ အုံနာဆိုတော့ ဆေးရုံတက်" ဟု မအေးစိန်က ပြောလိုက်ရာ. . .

"မအေးစိန်ကြီးကလည်း သူကချည်းစ,စပေးနေတာပဲ။ ကျွန်မတစ်ပြောတော့

www.burmeseclassic.com

တည်း စီးတာလိုက်လို့"

"ဩော်. . . မသန်းမြင့်လည်း ခက်နေပါပြီ၊ မသန်းမြင့်က ကားသမားကို ဟိုဒင်းပြုတယ်လို့ ပြောတာမှ မဟုတ်ပဲ။ ကားသမားကသာ မသန်းမြင့်ကို ဟိုဟာပြုပြီး အလကား လိုက်ပို့တယ်လို့ ပြောတာပါ။ ဒါ ဘာနာစရာရှိလဲ သူများက ပိုးလို့ ပဲ့ပါတာလိုက်လို့။ အော်. . . ငါတယ်လှပါကလား၊ သူတစ်ပါး ချစ်မိအောင် လှတာပဲလို့ ကိုယ့်ကိုယ်ကို သွေးကြီးဖို့ ပြောနေတာပါ" ဟု မအေးစိန်က မသန်းမြင့်အား လှည့်၍ချော့လိုက်ပြီးလျှင် အခြားကျောင်းသူကလေးများအား "အမယ် ရုပ်ရည်လေးက သန့်သန့်ပြန့်ပြန့် ရှိပါဘိသနဲ့။ အင်္ဂလိပ်လို ၇-တန်း တတ်တယ်ဆိုပဲ။ နာမည်ကလေး ကကော မောင်ဘတင့်တဲ့" ဟု ပြောသဖြင့်. . .

"ဒါဖြင့် မသန်းမြင့်လည်း ရီဂျစ္စတြာဆီမှာ ငွေ ၅-ကျပ်ပေးပြီး 'ခင်ခင်နု' လို့ နာမည် ပြောင်းလိုက်ပါလား။ လက်ဖက်မကမ်းရဘဲ ခင်ခင်နု ဖြစ်သွားမယ်။ ဟိုက လည်း မောင်ဘတင့်၊ ဒီကလည်း. . ."

"တော်ကြပါရှင်၊ ကျွန်မ စိတ်ညစ်လာပြီ၊ ငိုလိုက်လိမ့်မယ်"

"မငိုပါနဲ့လေ၊ နောက် တနင်္ဂနွေကို တွေ့ရဦးမှာပဲ။ ငိုလွန်းတော့ ကိုယ်နွမ်း သတဲ့။ စိတ်ကို ဖြေမှပေါ့" ဟု မအေးစိန်က ပြောလိုက်ပြန်သည့်အတွက် မသန်းမြင့်မှာ အတိုက်အခံပြော၍ မဖြစ်သောကြောင့် ပြုံးရယ်ကာ "ဩော်၊ လွမ်းရတာပေါ့ရှင်၊ ချစ်စ၊ ခင်စ၊ ကြင်နာစ ဆိုတော့ တစ်ရက်ကို တစ်သက်လောက် ထင်တာပေါ့" ဟု ပြောလိုက် တော့မှ အားလုံးသဘောကျ၍ တဝါးဝါး ဖြစ်သွားကြလေ၏။

သို့ပြောဆို၊ ရယ်မောနေကြစဉ် အခန်းရှေ့တွင် မိန်းကလေးတစ်ယောက် ဖြတ်သွားသည်ကို မအေးစိန် မြင်လိုက်သဖြင့် "မထွေးကြည် ပလိစ်" ဟု ခေါ်လိုက်ရာ မထွေးကြည်လည်း ဝင်လာလေ၏။

"မထွေးကြည်၊ ကိုဘတင့် ဆိုတာသိလား"

"ဘယ်က ကိုဘတင့်လဲ၊ မကြားဖူးပါဘူး"

"ဘယ်ကလည်းတော့ မသိဘူး၊ ကားမောင်းတယ်။ အရင် မထွေးကြည်တို့ မြို့မှာပဲ နေဖူးတယ်တဲ့။ မထွေးကြည် မောင်များနဲ့ ကျောင်းနေဖက်လို့ ပြောတယ်"

"ဟင့်အင်း. . . ကျွန်မလည်း မောင်မရှိပါဘူး" ဟု ပြောပြမှ မအေးစိန်တွင် သဘောကျ၍ ပြုံးရယ်ကာ "ဒါဖြင့် ဟုတ်ပါပြီ။ မသန်းမြင့်ကို စကားပြောစရာမရှိလို့ ကြံဖန်ပြီး ဖိန့်တာပါ။ အဖိန့်က ဟုတ်နေတော့ ပါးစပ်ထဲတွေ့ရာ ပြောလိုက်တာက၊ ဒီမထွေးကြည်နဲ့ ကိုက်နေတာပဲ ဟဲ. . . ဟဲ" ဟု ပြောသည်တွင် မထွေးကြည်က "အမယ် မသန်းမြင့်က ဒါမျိုး မကြိုက်ဘူး။ သူ့မှာ ရည်းစားနဲ့ ကျောင်းဝင်းထဲကပဲ"

"ဟင်. . . မသိရပါကလား၊ ပြောစမ်းပါဦး"

"သူ့ရည်းစားက ခပ်ပုပု၊ အသားညိုညို ဝက်ခြံတွေနဲ့ရှင့်။ တစ်နေ့ညနေတုန်း

www.burmeseclassic.com

www.burmeseclassic.com

က ကျွန်မလည်း ကန်စောင်းကို လမ်းလျှောက်သွားတော့ သူ့ရည်းစားက ကျွန်မကို မြင်ရင်ပဲရှက်ပြီး သစ်ပင်ကွယ်နေတယ်။ အတင်းသူ့အနား ကပ်သွားပြီး အိုရှင့်. . သစ်ပင်မှာ ပုန်းနေတဲ့ မောင်ကြီးရဲ့၊ ရှင် မသန်းမြင့်ရည်းစား မဟုတ်လားလို့ မေးလိုက်တော့ သူက မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ဖားပြုတ်. . . လို့ ပြန်ပြောတယ်" ဆိုမှ နောက်မှန်း သိကြကာ တခိခိ ရယ်နေကြလေတော့၏။

ညနေစာ ထမင်းစားပြီးကြသည့်အချိန်တွင် ကျော်ဝင်း၏အခန်းထဲ၌ လူစုမိကြလေ၏။ ထမင်းဆိပ်တက်၍ ကုတင်ပေါ်တွင် ပက်လက်လှဲသူကလှဲ၊ ဘေးတွင်ခြေတွဲလွဲချ၍ ထိုင်သူကထိုင်နှင့် ကုလားထိုင်နှင့် တစ်မျိုး၊ စားပွဲနှင့်တစ်သွယ် တက်ရောက်ထိုင်ကြကာ ထွေထွေရာရာ ပြောနေကြရာက "ကိုဘတင့်၊ ကိုဘတင့်" ဟူသော ကျော်ဝင်းအား နောက်ပြောင်ကြခြင်းဖြင့် မသန်းမြင့်တို့အကြောင်းကို စကားလှည့်၍လာပြန်လေ၏။

"မသန်းမြင့်ဟာ ဖရက်ရှာပဲ ထင်တာပဲ။ နို့ပေတဲ့ဗျာ၊ ကျွန်တော်တော့ ကျောင်းထဲမှာ သေသေချာချာ တစ်ခါမှ မတွေ့ဖူးသေးဘူး" ဟု ကျော်ဝင်းက ပြောသည်တွင် ဘဦးက "အော်. . . ဒါကတော့ ဟိုတုန်းက သေသေချာချာ ဂရုမထားမိလို့ ဖြစ်မှာပေါ့ဗျာ။ ကျောင်းသားပေါင်း တစ်ထောင်လောက် ရှိတဲ့အထဲမှာ သူ့ကို ဘယ်ဂရု စိုက်နိုင်မလဲလို့။ နို့ပြီးတော့ ခင်ဗျားက ဆိုင်းယင့်ယူတာ၊ သူက အတ်ယူတာ ဖြစ်ချင်ဖြစ်နေမယ်ဆိုရင် ဖရက်ရှာချင်း တူပေမယ့် သင်တဲ့ ဘာသာချင်းက လွဲနေတော့ စာသင်ခန်းချင်းလည်း လွဲနေမှာပေါ့၊ နို့ပြီး ဘာသာချင်းတူတဲ့ အင်္ဂလိပ်နဲ့ မြန်မာမှာလည်း ခင်ဗျားက ကွန်ဘိုင်နေရှင်းချင်း လွဲတဲ့အတွက် ဆရာကလွဲချင် လွဲနေမှာပဲဗျ။ ဒါကြောင့် မတွေ့တာ ဖြစ်တော့မပေါ့။ ဖရက်ရှာထဲက အတ်ယူတဲ့လူ တစ်ယောက်ယောက် မေးကြည့်ရင် သိရော့ပေါ့"

ထိုအခါ သိန်းဖေက "အံမာ၊ ဒါလောက်ကလေးနဲ့ သိဖို့ခဲယဉ်းတာလိုက်လို့။ ဖရက်ရှာအချင်းချင်း မေးနေတာက ပိုးတိုးဝါးတား ဖြစ်နေဦးမယ်။ စတက်တစ္စတစ်ကယ်ကလပ်ဖြစ်ဖြစ်၊ ဒတ်စပက်ချာ ကိုသန့်ဆီမှာဖြစ်ဖြစ် ဒီနှစ်ကျောင်းသားစာရင်းကို တောင်းပြီးကြည့်လိုက်ရင် ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်မြို့က၊ ဘယ်အတန်း၊ ဘယ်ဘာသာယူတယ်ဆိုတာ သိနိုင်တာပေါ့ဗျာ" ဟု အကြံပေးလေ၏။

"နေပါဦးဗျာ၊ သိတော့ကော ဘာလုပ်ရဦးမှာလဲ" ဟု ကျောင်းသားတစ်ယောက်က စောဒကတက်လိုက်ရာ ဘဦးက "သိတော့ ကောင်းတာပေါ့ဗျာ။ အင်္ဂလိပ်ရှိကလပ်စ်၊ ဘားမီးစ်ကလပ်စ်တွေကျရင် သူသင်တဲ့အခန်းသွားပြီး လက်ချာတက်တာပေါ့ဗျ။ လူလည်းတွေ့ရသေးတယ်ဗျာ၊ အတန်းလည်း မပျက်ဘူး။ ကျွန်တော်တို့ အရင်နှစ်တုန်းက ပျင်းပျင်းရှိရင် မစွတာထင်စီ သင်တဲ့အတန်း သွားနားထောင်တာလိုပေါ့။ သူကတော့ တကယ့်ကို ရယ်ရတာပဲ။ ဘာစတာကီတန်ပဲ" ဟု ပြောသဖြင့်. . .

www.burmeseclassic.com



ကျော်ဝင်းက "ဒီလိုလည်း ကျွန်တော် သဘောမကျသေးဘူး။ ကျွန်တော့် သဘောမှာ ကျွန်တော် ကောလိပ်ဂျိယံမှန်း သူ မသိစေချင်ဘူး" ဟု ပြောသောကြောင့် "ခင်ဗျားဟာကလည်း ဘယ်လိုစိတ်ကူးနဲ့လဲ" ဟု မေးမှ. . .

"ဖြစ်ပျက်နေတဲ့အကြောင်းကလည်း သိပ်ပြီးဆန်းနေတာဗျ။ သူတို့စိတ်ထဲမှာ တကယ့်ဒရိုင်ဘာ ထင်နေကြတာ။ ဒီတော့ ဒရိုင်ဘာလိုလိုနဲ့ ရှုပ်ဦးမယ်လို့ စိတ်ကူးတာပဲ။ ဒါမှ မေတ္တာဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာ သိရတာပေါ့ဗျ။ ဒရိုင်ဘာကို ချစ်တယ်ဆိုရင် တော်တော့်ကိုထူးတဲ့ မေတ္တာပဲလို့ ဆိုရမှာပဲ မဟုတ်လားဗျ" ဟု စိတ်ကူးကို ပြောပြလေ၏။

"ခင်ဗျားက ထင်နေသလားဗျာ၊ ကျောင်းသူကလေးတစ်ယောက်က ဒရိုင်ဘာကို မေတ္တာရှိနိုင်ပါ့မလားလို့။ စဉ်းစားကြည့်စမ်းပါဦး"

"ဒါကတော့ဗျာ၊ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုတဲ့စကား ရှိသားပဲ"

"ဒီစကားက တစ်ခြားပါဗျာ။ ခင်ဗျား ကောလိပ်ကျောင်းသားဆိုတာ သိလို့ ကြိုက်ချင် ကြိုက်ဦးမယ်။ အခုတော့ ဘယ်လိုပဲကြိုက်ဘော့ ဖွင့်ပြီးပြောပါ့မလားဗျာ" ဟု သိန်းဖေကပြောရာ ဘဦးက ကျော်ဝင်းဘက်မှနေ၍ "ကိုင်းဗျာ မကြိုက်နဲ့ အကြိုက်လောင်းမလား၊ ကျွန်တော်က ကြိုက်ရမယ်ဆိုတဲ့ဘက်က လောင်းမယ်"

"ကောင်းပြီ စိန်လိုက်။ ကျွန်တော်က မကြိုက်ရဘူးဆိုတဲ့ဘက်က မှတ်ထားနော်။ ခင်ဗျား ဒရိုင်ဘာလို စတိုင်မျိုးနဲ့ ကြံရမယ်" နှစ်ဦးသား အလောင်းအစားပြုကြသဖြင့် ကြားထဲက ကျော်ဝင်းမှာ မရမနေ ပိုးရတော့မည့်အဖြစ်ကိုကြုံကာ ရှုပ်နောက်ပျော်ရွှင်ရန်သက်သက်မျှ မဟုတ်ဘဲ အတည်ကြံရမည်ကို တွေ့ရှိနေရလေ၏။

"နေပါဦးဗျာ။ ကျွန်တော် ပိုးလို့ ရရောဆိုပါတော့။ ကျွန်တော်တို့ကတော့ ရှုပ်ရအောင်ကြံတာ၊ နောက်တော့ တကယ့်ကို သူက အတည်မေတ္တာရှိနေပါရောတဲ့။ ဒီတော့မှ ရှောင်သွားရင် ကောင်းမလားလို့"

"အောင်မယ်. . . မုန့်ဆီကြော်က မစားရခင်က နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားလို့ မေးမနေစမ်းပါနဲ့။ ခင်ဗျား ကြံလို့လည်း ရနိုင်မှာ မဟုတ်ပါဘူး" ဟု ကိုသိန်းဖေက အလျှော့မပေးဘဲ ပြောသဖြင့် ဘဦးက. . .

"ယောက်ျားဗျ၊ မိုးပေါ်ကကြယ်တောင် ဆွတ်နိုင်သေးတယ်။ ဒီမိန်းကလေးတစ်ယောက်လောက်တော့ အပျော့ပေါ့။ ဟုတ်လားဗျာ ကိုကျော်ဝင်း၊ ရအောင်သာ ကြိုးစားစမ်းပါ။ ရပြီးနောက်ဖြစ်မှာကို မပူပါနဲ့။ ဖြစ်ချင်ရာ ဖြစ်ပါစေ၊ ယောက်ျားကလေးက ပူဖို့မဟုတ်ပါဘူး။ မိန်းကလေးဘက်ကသာ"

"ဒါကတော့ ထုံးစံကိုးဗျ"

"ဒါကြောင့် ဘာမှမပူနဲ့၊ ကောက်ညှင်းက စီးရမယ့်အလုပ်ပါ။ ခွေးမျိုးက နံနေဖို့ မလိုပါဘူး" ဟု ရယ်ရယ်မောမောနှင့် ကျော်ဝင်းအား ဘဦးက အားပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း. . . အရှုံး၊ အနိုင် ဘာကြေးလောင်းမလဲ"

"ရပြီဆိုတဲ့နေ့ကျတော့ တစ်ညလုံး ကျောင်းကလစ်ပြီး ပျော်ချင်သလို ပျော်ရမယ်ဗျာ။ ကိုကျော်ဝင်း ကြိုးစားလို့ မရဘူး၊ အရှုံးပေးပါပြီဆိုတဲ့နေ့ကျတော့ ဒီအတိုင်းခင်ဗျားကထရိ လုပ်ရမယ်"

"အဲဒီအထဲမှာ ကျွန်တော်တို့ကော ပါသေးသလားဗျာ" ဟု မေးကြရာ. . .

"ဟောဒီအခန်းထဲမှာ အခုရှိတဲ့သူ အကုန်ပေါ့" ဟု ဆိုလိုက်သဖြင့် အားလုံးကျေနပ်သွားကြကာ "ကြိတ်လိုက်ကွ၊ ကိုယ်တို့တော့ ထီးတင်ပွဲနဲ့ တွေ့ကြရဦးတော့မှာပဲ" ဟု ဝမ်းသာအားရ ဆိုလိုက်ကြစဉ်မှာပင် စာကြည့်ရန် ခေါင်းလောင်းထိုးလိုက်သဖြင့် "ဝေးဟေးဟေး" ဟု ဆူညံသွားကာ အသီးသီး အခန်းထဲမှ ထွက်သွားကြလေသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကျောင်းသားများ ကျော်ဝင်း၏အခန်းမှ ထွက်၍သွားကြသော်လည်း ဘဦးမှာမူကား ထွက်၍မသွားသေးဘဲ နေကျန်ရစ်ခဲ့လေ၏။

"တကယ်ပါပဲဗျာ၊ ပြောလို့ပြောတာ မဟုတ်ပါဘူး၊ တစ်ကျောင်းလုံး ကျွန်တော် မြင်ဖူးသမျှတွေထဲမှာ သူကလေးတစ်ယောက်ဟာဖြင့် အချောဆုံးပါပဲ" ဟု ကျော်ဝင်းက ပြောလိုက်သဖြင့် ဘဦးတွင် ၎င်းပြောလိုက်သည်ကို သဘောကျကာ ပြုံးလျက် "ကိုယ့်လူ စွဲနေပြီထင်တယ်" ဟု ဆိုလေ၏။

"မစွဲသေးပါဘူးဗျ၊ စကားလက်စ,မို့ သတိရလို့ ပြောတာပါ"

"အမယ်. . . ဒါမျိုးက သာပြီးစွဲသေးတယ်။ အင်္ဂလိပ်စကား အရှိသားပဲဗျ။ မြင်မြင်ချင်း ကြိုက်တယ်ဆိုတာ။ တော်တော်ကြာ ခင်ဗျားလည်း မစွဲဘူး၊ မစွဲဘူးနဲ့ တကတည်း ရူးနေမှာပါ"

"အခုတော့ဖြင့် တွေ့ခဲ့ရတာကိုပဲ ဝမ်းသာတာ၊ ပျော်တာပဲ ရှိပါတယ်။ နောက်တော့ဖြင့် မပြောတတ်ဘူးလေ။ စွဲချင်စွဲမလား မဆိုနိုင်ဘူး။ ပုထုဇဉ်သားတွေကိုးဗျ။ စွဲလည်းစွဲလောက်စရာပါပဲ။ သူ့ရုပ်ရည်ကလေးက လှပေတာကိုး"

"ဟား. . . ဟား ပြောရင်းဆိုရင်းပဲ ဟိုဘက်ပါနေပြီ။ နောက်တစ်ရက် နှစ်ရက်ကြာရင် လုံးလုံးကြီးစွဲနေတော့မှာပဲ။ ကိုင်းဗျာ စွဲတာ မစွဲတာ အပထားလိုက်စမ်းပါ။ ခင်ဗျား သူ့ကို ရအောင်ကြံစမ်းပါ။ ကျွန်တော် ကိုသိန်းဖေ ပြောတာတွေ မခံချင်လွန်းလို့"

www.burmeseclassic.com

www.burmeseclassic.com

"နို့ပေတဲ့ တစ်ခုခက်နေတာက ဒရိုင်ဘာအဖြစ်မျိုးနဲ့ ပိုးရမှာ နေရာကျနိုင်ဖို့တော့ အခက်သား။ ဒီလိုမဟုတ်ဘဲနဲ့ ကောလိပ်ဂျိယံ ဖြစ်တာကို သိအောင်လုပ်ရမယ်ဆိုပြန်တော့ ဒီကနေ့ လုပ်လာခဲ့သမျှတွေဟာ အရှက်မရှိဘဲ မျက်နှာပြောင်တိုက်ပြီး ပိုးမှန်းလည်း သိဦးမယ်။ သူကလည်း ဒရိုင်ဘာရယ်လို့ အထင်မှားခဲ့တာကိုသိပြီး ရှက်နေလို့ နောက်ကို အတွေ့ခံချင်မှခံမယ်။ ဒီလိုဆိုရင် သာပြီး ခက်ဦးမယ်"

"အိုဗျာ. . . ဘာမှတွေးပြီး ပူမနေစမ်းပါနဲ့။ ယောက်ျားပဲဗျာ၊ ကြံရင် ဖြစ်ရမှာပေါ့။စစ်မတိုက်ခင်က ရှုံးလေပြီဆိုတဲ့ စစ်သူကြီးလို အားမလျှော့စမ်းပါနဲ့ဗျာ။ ကြံပြီးကြည့်စမ်းပါဦး။ နောက်တော့မှ ဟန်ပုံမပေါ်ရင်လည်း လက်လျှော့လိုက်တာပေါ့ဗျာ" ဟု ဘဦးက အားပေးစကားပြော၍ ဆက်လက်ကာ "ခင်ဗျား အခုနေအတိုင်းသာကြံပါ။ ကျောင်းသားဖြစ်မှန်းကို မသိစေတာလည်း ကောင်းပါတယ်။ ကျောင်းထဲမှာ သွားတဲ့လာတဲ့အခါလည်း ကြည့်ပြီးရှောင်တာပေါ့။ မတွေ့တာ အကောင်းဆုံးပဲ။ ဒီလိုလုပ်ပြီးတော့ ဘယ်လိုကြံကြံမလဲဆိုရင် အချိန်ကြာကြာ ဆွဲမနေနဲ့တော့။ အခုလာမယ့် တနင်္ဂနွေနေ့ တွေ့ကြဦးမှာပဲ မဟုတ်လား။ ဒီလိုတွေ့ကြတဲ့အခါမှာ ဖွင့်မပြောရဲဘူးလား"

"ဟာ. . . ဒီလိုမလုပ်နဲ့ ဆရာ။ မခံချင်ရင် ထောင်ပေါက်တိုးနေရလိမ့်မယ်။ ဒါမှ အကုန်လုံးပေါ်ပြီး အရှက်ကွဲကုန်လိမ့်မယ်။ သူတစ်ယောက်တည်း တွေ့ရမှာမဟုတ်ဘူး။ တစ်ခြားကျောင်းသူကလေးတွေလည်း ပါဦးမှာပဲ"

သို့ပြောလိုက်သဖြင့် ဘဦးလည်း ခေတ္တစဉ်းစားနေပြီးမှ "ဒီလိုဆိုရင်လည်း စာပေးတာပေါ့ဗျာ။ စာပေးလိုက်ပြီး ပြန်စာမရမချင်း၊ ဒါမှမဟုတ်ရင်လည်း ကြိုက်၊ မကြိုက် စကားပြန်မရမချင်း၊ သူနဲ့ မတွေ့တွေ့အောင် ကြံတာပေါ့ဗျာ။ ဒါထက်ပိုပြီး ကောင်းတဲ့နည်းတော့ မရှိဘူး။ ခင်ဗျားသဘော ဘယ့်နှယ်ရသလဲ"

"ဟုတ်တော့ ဟုတ်ပါပြီ၊ စာပေးဖို့က ချောင်ဦးမှကိုး"

"အို. . . ဒါကတော့ ကြံဖန်ပြီး အလိုလို ဖြစ်လာလိမ့်မပေါ့။ တစ်ခါမကြုံ၊ တစ်ခါကြုံ ဆိုသလို အခု တနင်္ဂနွေနေ့ မပေးဖြစ်ရင် နောက်တွေ့တဲ့အခါကျတော့ ပေးရုံပေါ့ဗျာ။ စာကိုသာ ချွဲချွဲပြစ်ပြစ် ရေးထားပြီး အမြဲတမ်း အသင့်ထားပါဗျာ။ မမှားပါဘူး"

သို့ပြောနေစဉ် ကျောဘက်အခန်းမှ ကျောင်းသားတစ်ယောက်က နံရံကို လက်နှင့် ပုတ်ကာ "ဟေ့. . . ဟေ့ ဆရာ လာပြီ၊ ဆရာ လာပြီ" ဟု သတိပေး၍မဆုံးမီ ဂေါက်. . . ဂေါက်. . . ဂေါက်. . . ဂေါက်နှင့် မှန်မှန်ကြီး နင်းလာသော ဖိနပ်သံသည် မိမိတို့အခန်းဘက်ဆီသို့ ရောက်လာသည်ကို ကြားကြရသဖြင့် စာမကြည့်ဘဲ စကားပြောနေသည်ကို ဆရာသိ၍သွားတော့မည်ကိုသိကာ အခက်ကြုံနေပြီးမှ ဘဦးက ရုတ်တရက် အကြံရ၍ "ကိုင်း စာအုပ်တစ်အုပ်လောက် ပေးစမ်းပါဗျာ။ စာမေးတဲ့ စတိုင်မျိုး လုပ်ရအောင်" ဟု ဆိုလိုက်သဖြင့် ကျော်ဝင်းက စာအုပ်တစ်အုပ်ကိုဆွဲ၍ ယူပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဆွဲယူလိုက်ရာတွင် ထရစ်ဂိုနိုမက်ထရီစာအုပ် ဖြစ်သည့်အလျောက် ထိုစာအုပ်ကိုဖွင့်ကာ ဘဦးက "သရိုး အိုင်းအေမိုင်းနပ် ဖိုးဆိုင်းကြူအေ အီကွဲလ်တူ တူဆိုင်းအေကော့စ်အေ။ အားလုံးကို အိုင်းအေနဲ့ စားလိုက်စမ်း။ သရိုးမိုင်းနပ် ဖိုးဆိုင်း စကွဲယားအေး အီကွဲလ်တူ တူးကော့စ်အေ ဖြစ်မသွားဘူးလား။ ဒီဟာမှာ ဆိုင်းစကွဲယား အေနဲ့ ဝမ်းမိုင်းနပ်ကော့စကွဲယားအေ တူတဲ့အတွက် ဒါထည့်ပြီး ရှင်းလိုက်ရင် သရိုးမိုင်းနပ်ဖိုးအင်တူ ဝမ်းမိုင်းနပ်ကော့စကွဲယားအေ အီကွဲလ်တူ တူးကော့စ်အေ ဖြစ်ကရော၊ သဲယားဖိုး သရိုးမိုင်းနပ် ဖိုးပလပ် ဖိုးကော့စကွဲယားအေ အီကွဲလ်တူ တူး ကော့စ်အေ" စသည်ဖြင့် ခပ်တည်တည် ပြောနေစဉ် အဆောင်မှူးလည်း အခန်းဝသို့ ရောက်လာရာ ရုတ်တရက်သော် စာကြည့်ချိန်တွင် စာမကြည့်ဘဲ အခန်းကူးပြီး စကား ပြောနေသည်အထင်နှင့် ဆူပူမည် ကြံမိရာမှ မိမိကြားလောက်အောင် အော်ကျယ် အော်ကျယ်လုပ်၍နေသည်ကို တွေ့ရသည်တွင် ဆရာကိုယ်တိုင်က သင်္ချာကထိက တစ်ဦးဖြစ်သည့်အလျောက် မိမိသင်ကြားသော ဘာသာကို ဂရုစိုက်၍ ကြိုးစားနေကြ သည်ဟု ထင်မြင်ကာ များစွာကျေနပ်၍သွားလေ၏။

"မင်းတို့ စာကို တိုင်ပင်နေကြတာ ကောင်းပါတယ်။ တိုးတိုးပြောကြရင် သာပြီးကောင်းမယ်" ဟုဆိုကာ ဆရာလည်း ဆက်လက်၍ လျှောက်သွားလေမှ ကျော် ဝင်းနှင့် ဘဦးက "အောင်မလေး. . . ဟလေး၊ အကြံကောင်းပေလို့သာ နို့မဟုတ်ရင် ချောက်မှ အကြီးအကျယ်ပေါ့" ဟု ပြောလိုက်ရာ ကျော်ဝင်းက. . .

"ဟား. . . ဟား ဆရာက သေသေချာချာကြည့်ပြီး စစ်ဆေးမသွားလို့။ အခု ခင်ဗျား လျှောက်ပြောနေတာတွေ ကျွန်တော်တို့ မသင်ရသေးဘူး။ နောက်မှ ဒီဟာတွေ ရောက်မယ်" ဟု ပြောလိုက်သောကြောင့် ဘဦးမှာ သဘောကျ၍ အသံထွက်အောင် ရယ်မိလေ၏။

"တိုးတိုး ဆရာ၊ တိုးတိုး။ သိပ်ပြီး ရယ်မနေနဲ့ဦး။ ဆရာ ပြန်ပြီးလှည့်လာလို့ ပြေးပေါက် မတွေ့ဘဲ နေဦးမယ်"

"ဒါထက် ကျွန်တော့်အခန်း ကျွန်တော် ပြန်ဦးမှ။ ကျွန်တော့်အခန်းထဲမှာ မီးပိတ်မထားခဲ့မိဘူး။ ဆရာ တွေ့သွားရင် ဒုက္ခများနေမယ်။ မနေ့ညက မီးငြိမ်းပြီးမှ အိပ်တာနဲ့ မပိတ်မိဘူး။ သွားဦးမှဖြစ်မယ်။ စာတာဒီအာဝါ ကုန်တော့မှ လာခဲ့မယ်" ဟုဆိုကာ ဘဦးလည်း ကမန်းကတန်း သုတ်ခြေတင်ကာ ပြေးရလေ၏။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ကျော်ဝင်းမှာ ဟာတာတာ ကြောင် တက်တက်ဖြစ်ကာ ပျင်းရိ၍ နေလေ၏။ စာကြည့်ချင်သောစိတ်များ လုံးလုံးမဝင်စား တော့ချေ။ အခန်းတံခါး ပိတ်ပြီးလျှင် ခန်းစီးလိုက်ကာကလေးများကို ဆွဲ၍စေ့ကာ အိပ်ရာသို့သွား၍ပစ်လှဲကာ စိတ်ကူးခန်းထုတ်နေမိလေ၏။

နေ့လည်က အဖြစ်အပျက်များသည် ဦးနှောက်ထဲတွင် ရုပ်ရှင်ပြနေကြလေ

www.burmeseclassic.com



၏။ စာအုပ်ဆိုင်တွင် စတင်မြင်ခဲ့ရသည်မှ ကျောင်းသို့ ပြန်ပို့သည်အထိ စီကာစဉ်ကာ တစ်ခုပြီးတစ်ခု ပေါ်လာသဖြင့် တစ်ချက်တစ်ချက် စိတ်ကူးရင်း ပြုံးမိလေ၏၊ ဇာတ်လမ်းဆုံး၍သွားသောအခါ မသန်းမြင့်၏မျက်နှာကို သာမြင်၍နေရကား ဖျောက်ဖျက်၍ မရဘဲ ရှိလေ၏။

ယင်းသို့ တရေးရေး တယောင်ယောင် ဖြစ်နေသဖြင့် "ဟာ မဖြစ်သေးပါဘူး၊ စာကြည့်နေမှ ဒီစိတ်တွေ ပျောက်မှာပဲ" ဟု မိမိကိုယ်ကိုပြောကာ အိပ်ရာမှထ၍ စားပွဲတွင်ဝင်ကာ စာကြည့်ပြန်လေ၏။ သို့ရာတွင် စာထဲ၌ စိတ်မဝင်စားဘဲ လေလွင့်နေသဖြင့် စိတ်မလွင့်ရန် အတွက်များကို ကောက်ငင်၍ တွက်နေပြန်ရာ အိပ်ငိုက်၍လာလေ၏။ သို့အိပ်ငိုက်၍လာသဖြင့် ကုတင်ပေါ်သို့ ပြန်၍တက်ကာ လဲလျောင်းလိုက်သောအခါ၊ အတွေးတွေ ပွားများလာပြီးလျှင် မျက်လုံးကျယ်၍လာပြန်သဖြင့် မနေတတ်၊ မထိုင်တတ် ဖြစ်နေလေ၏။

"ကိုင်း။ ဒါလောက်တောင်ရှိတာ အားရပါးရကြီး စဉ်းစားလိုက်ဦးမယ်" ဟု အရွဲ့တိုက်လိုစိတ်ဖြင့် အခန်းတံခါးကိုဖွင့်၍ အခန်းမီးကို မှိတ်ပြီးလျှင် တံခါးဝနားသို့ ကုလားထိုင်ကို ဆွဲယူကာထိုင်လျက် မြောက်ဘက်လာဟာပြင်ကြီးကို ကြည့်နေလေ၏။

သာယာသော လရောင်သည် မရမ်းတောကြီးကို ခုတ်ထွင်ရှင်းလင်းထားသော လဟာပြင်ကြီးပေါ်သို့ ဖြူဖွေးသော လရောင်များ ကျရောက်စေလေ၏။ ဖြူဖွေးသော လရောင်အောက်တွင် မလှမ်းမကမ်းရှိ သထုံကျောင်းဆောင်မှာ လွမ်းဆွတ်ကြည်နူးစရာ ကောင်းလှသည်ကို တွေ့ရလေ၏။ အခန်းကလေးများ ညီညီညာညာ ပွင့်လင်းလျက် မီးတဝင်းဝင်း တောက်ပြောင်ထွန်းလင်းလျက် ရှိနေသည်မှာ ကြည့်ရှု၍ ကောင်းလှပေ၏။ ရှေ့တည့်တည့်တွင်ကား အင်းလျားဆောင်သို့သွားသော လမ်းတစ်ဘက်တွင် မခုတ်ထွင်ရသေးသော မရမ်းပင်၊ သရက်ပင်တို့မှာ အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းညို့ညို့ လွမ်းဖို့ပင် ကောင်းလေတော့၏။ ညဉ့်အချိန်တွင် ပျံသန်းရွှင်မြူးလျက်ရှိကြသော ငှက်ကလေးများ၏ သာသာယာယာ ဘာသာဘာဝ ကြွေးကြော်ကြသည့် အသံများမှာ ကျော်ဝင်း၏စိတ်ကို ညွတ်ပြောင်း ကြည်နူးလာအောင် ဖန်တီးနေသဖြင့် ကျော်ဝင်းမှာ အင်းလျားဆောင်ဆီသို့ မှန်းရည်စိတ်ကူးကာ အတွေးနှင့် ရူး၍နေမိလေတော့၏။

အချိန်သည် ကုန်မှန်းမသိ ကုန်၍လာကာ ညဉ့်နက်ခဲ့ပြီ ဖြစ်သဖြင့် အခန်းတံခါးကို ပိတ်ပြီးလျှင် မီးမှိတ်၍ အိပ်သူတို့ အိပ်ကြလေကုန်၏။ စာဂျပိုးတို့ကား မီးမငြိမ်းမချင်းဖတ်ရန် အားခဲလျက် ရှိကြလေ၏။ အိပ်လည်း မအိပ်ချင်၊ စာလည်း မဖတ်ချင်သူ တစ်စုကား ကြိတ်၍ ဖဲကစားလျက် ရှိကြလေ၏၊

၁၁-နာရီ မီးငြိမ်းတော့မည်ဖြစ်၍ မီးမှိတ်လိုက် ဖွင့်လိုက်ဖြင့် အချက်ပေးသည့် အခါ ဘဦးသည် ကျော်ဝင်းထံသို့ ရောက်လာလေ၏။

"ကိုယ့်လူ တယ်ပြီးလွမ်းနေပါကလား။ မအိပ်သေးဘဲကိုး"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . အိပ်လို့မရပါဘူးဗျာ။ ခင်ဗျားကို စောင့်နေတာပဲ"

သို့ပြောပြီးလျှင် ကျော်ဝင်းသည် မိမိကုလားထိုင်ကို အခန်းပြင်ဘက် ကော်ရစ်ဒါသို့ ဆွဲထုတ်ပြီးနောက်၊ အခန်းထဲမှ ပက်လက်ကုလားထိုင်ကိုယူကာ ဘဦးအား ထိုင်စေလေ၏။ နှစ်ဦးသား ကုလားထိုင်ပေါ်တွင် အသီးသီးထိုင်လျက် ဝရံတာကို ခြေကန်ပြီးလျှင် ကိုယ့်စိတ်ကူးနှင့်ကိုယ် ငြိမ်သက်စွာ စဉ်းစားနေရာမှ ကျော်ဝင်းက စတင်၍ ဆိတ်ငြိမ်ခြင်းကို ဖြိုဖျက်ကာ "ကိုဘဦးရေ၊ ဘာလိုလိုနဲ့ ကျွန်တော်လည်း မသန်းမြင့်ကို စွဲလာပြီထင်တယ်။ သူ့ကိုချည်း တွေးနေတော့တာပဲ။ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်နေဦးမလား မသိဘူး" ဟု ညည်းညူသည့်အသံမျိုးဖြင့် ပြောလေ၏။

"ဟား. . . ဟား သူ့စိတ်တွေနော်၊ သူ့စိတ်တွေ ဘာစိတ်နဲ့မှ မတူဘူး။ တယ်စွဲတတ်တာမျိုးကလား" ဟု ဆိုရာက လေဘာတီမမြရင် ဆိုသွားသော သီချင်းကို သတိရသဖြင့် "ဩော် စွဲပေ့၊ စွဲပေ့၊ စွဲပေ့အကုန်၊ တော်ပါပြီ တန်ပါပြီ၊ လျှာထဲအရိုးမရှိ ပြောတဲ့စကားတွေ မယုံ" ဟု အသံအေးအေးဖြင့် ဆွဲဆွဲငင်ငင် ပြုလုပ်သီဆိုလိုက်ရာ ကျော်ဝင်းမှာ လှိုက်လှိုက်လှဲလှဲ ဖြစ်သွားလေ၏။

"ဒီသီချင်း မဆိုစမ်းပါနဲ့ဗျာ၊ အလိုလိုကမှ လကလေးကလည်းသာ၊ စိတ်ထဲမှာ ထွေနေရတဲ့အထဲ အသည်းကြွေအောင် မဆွစမ်းပါနဲ့" ဟု တောင်းပန်လိုက်ရပြီးမှ "ကိုင်း. . . ဘယ်လိုကြံမယ်ဆိုတာ စိတ်ကူးစမ်းပါဦး ရွှေဉာဏ်ရှင်ရယ်"

"ဒီအတွက်တော့ စောစောက ပြောပြီးမဟုတ်ဘူးလားဗျ။ စာတစ်စောင် ရေးဖို့ပဲ ရှိတာပေ့ါ"

"ဘယ်လိုရေးရကောင်းမလဲဗျာ။ လုပ်စမ်းပါဦး၊ ပို့မယ်ပို့လည်း ကတို့တွင်မကဘဲ ဟိုဘက်ကမ်းရောက်အောင် ပို့စမ်းပါ။ ခင်ဗျားကျေးဇူးတွေ မမေ့ပါဘူး"

"ဖြည်းဖြည်းပေ့ါဗျာ။ ရက်တွေလည်း လိုပါသေးတယ်။ စဉ်းစဉ်းစားစား နှစ်ယောက်သား တိုင်ပင်ပြီး ရေးတာ မမှားပါဘူး။ ခင်ဗျား မနက်ဖြန် အားသလား"

"မအားဘူးဗျ။ နေ့ခင်းမှာ ဝမ်းပီးရီးယော့ဒ်ပဲ အော့ဖ်ရတယ်။ သန်ဘက်ခါ ဆိုရင်တော့ နေ့တစ်ဝက်လုံး အော့ဖ်ပဲ"

"ဟာ. . . ဒီလိုဆိုရင် နေရာကျသားပဲ။ ကျွန်တော်လည်း သန်ဘက်ခါ နေ့ခင်းကို တစ်ချိန်တည်း တက်စရာရှိတယ်။ ဘန့်လုပ်လိုက်ရုံပဲ။ ဒါဖြင့် သန်ဘက်ခါကျတော့မှ တစ်နေ့ခင်းလုံး ရေးကျတာပေ့ါ" ဟု ပြောလိုက်ပြီး "ကိုင်းဗျာ. . . ဒီညလည်း အချိန်မရှိတော့ပါဘူး။ စကားပြောမနေပါရစေနဲ့တော့။ အိပ်ကြပါစို့ရဲ့" ဟုဆိုမှ ကျော်ဝင်း သဘောတူကာ နှစ်ယောက်သား ခွဲခွာကြပြီးလျှင် အိပ်ရာဝင်ကြလေတော့၏။

နေ့တစ်ဝက် အားလပ်သောနေ့သို့ ရောက်ရှိလာလေ၏။ ကျော်ဝင်းသည် မိမိ၏ကျောင်းဆောင်သို့ပြန်ကာ အခန်းအတွင်း၌ ကြိတ်၍ စာရေးနေသည်။ ကျော်ဝင်းသည် မိမိ တစ်သက်တွင် တစ်ကြိမ်မျှ ရည်းစားစာ မရေးခဲ့ဘူး။ ဤအကြိမ်သည်ကား

www.burmeseclassic.com

www.burmeseclassic.com

ပထမဦးစွာ ရေးသားခြင်း ဖြစ်သဖြင့် စာမေးပွဲဖြေရသည်ထက်ပင် ခက်ခဲခြင်းနှင့် ကြုံကြိုက်ကာ ချွေးတဒီးဒီးကျ၍ နေလေတော့၏။ ရေးလိုက်၊ ဆုတ်ပစ်လိုက်နှင့် စာရေးစက္ကူ စာအုပ်အသစ် ထက်ဝက်ခန့်မျှ အမှိုက်ထည့်သော သံခြင်းကလေးထဲသို့ ရောက်ရှိကြလေ၏။

ထိုသို့ ရေးလိုက်၊ ပြင်လိုက်၊ ဖျက်လိုက်၊ အသစ်ထပ်ရေးလိုက်နှင့် လုပ်နေစဉ်၊ အခန်းတံခါး ခေါက်သံကြား၍ ဘဦးထင်ကာ ဝမ်းသာ၍သွားကာ တံခါးဖွင့်မည်အလုပ်တွင် "အိုင်ဆေး ကိုကျော်ဝင်း တံခါးဖွင့်စမ်းပါဗျ" ဟူသော အသံကို ကြားရသဖြင့် သိန်းဖေ ဖြစ်နေသည်ကို သိရသောကြောင့် ၎င်းအား တံခါးဖွင့်ပေးလိုက်လျှင် မိမိ စာရေးသည်ကို ဝင်၍ရှုပ်နောက်ပြောင်လှောင်တော့မည်ကို အစင်းသား သိရှိသည့်အလျောက် အနှောင့်အယှက် ဖြစ်မည်စိုးသည့်အတွက် တံခါးကို ဖွင့်မပေးဘဲ ခြေသံမကြားအောင် မိမိစားပွဲသို့ ပြန်သွားကာ ငြိမ်နေလေ၏။

သိန်းဖေသည် အပြင်ဘက်မှ မရမက တံခါးလှုပ်လိုက်၊ ပုတ်လိုက်နှင့် မပွင့်ပွင့်အောင် လုပ်နေရသော်လည်း ကျော်ဝင်းသည် ဖွင့်မပေးဘဲ၊ ကြိတ်မြုံကာ ရေးမြဲ ရေးနေလေ၏။ သို့နှင့် မည်သို့ပြော၍မျှ ဖွင့်မပေးသည့်အတွက် သိန်းဖေလည်း လက်လျှော့ကာ ထွက်၍သွားလေတော့မည် လုပ်ပြီးမှ ၎င်း၏အကြောင်းတစ်ခုခုရှိ၍သာ ဖွင့်မပေးခြင်းကို ရိပ်မိကာ ထိုအကြောင်းကို သိရှိရန် ကြံလေ၏။

ထိုသို့ ကြံပြီးလျှင် သိန်းဖေသည် ကျော်ဝင်းနှင့် အခန်းချင်းကပ်နေသော ဖရက်ရှာတစ်ယောက်ကို စကားရောဖောရော ပြုလုပ်ကာ ၎င်းအခန်းထဲသို့ဝင်၍ ထိုသူနှင့် စကားအနည်းငယ်မျှ ပြောပြီးလျှင် "မိတ်ဆွေ၊ ခင်ဗျာ့ ဟိုဘက်ခန်းကလူ ဘာလုပ်နေသလဲ သိရဲ့လား" ဟု တိုးတိုးကြိတ်၍ မေးလေ၏။

"ကိုကျော်ဝင်းလား မသိဘူးဗျ။ အခန်းတံခါးပိတ်ပြီး ကြိတ်လုပ်နေတာပဲ"

"ဒါဖြင့် ကျုပ် ထရံပေါ်က တက်ကြည့်ဦးမယ်" ဟုဆိုကာ ခါးတောင်းကျိုက်ပြီးလျှင် အခန်းနံရံကိုကပ်၍ တက်လေ၏။ အပေါ်ဆုံးအဆင့်သို့ ရောက်သောအခါ ကြက်တူရွေးတန်း ရာဇမတ်ကွက်မှ ချောင်းကြည့်လိုက်ရာ တကုပ်ကုပ်နှင့် စာရေးနေသော ကျော်ဝင်းကို တွေ့ရလေ၏၊ ကျော်ဝင်းသည် မိမိရေးသည့်စာကို သဘောကျသည့်အလား၊ တစ်ခါတစ်ရံဖတ်၍ အဓိပ္ပာယ်မပေါက်နိုင်သည့်အလား၊ စဉ်းစားခန်းထုတ်၍ စိတ်အိုက်နေပုံ တွေ့ရသဖြင့် သိန်းဖေသည် ကျော်ဝင်း၏ အလုပ်အကိုင်ကို သိကာ ပြုံးရယ်လျက် နံရံပေါ်မှ ဆင်း၍လာလေ၏။

"ဘာလုပ်နေတာလဲဗျ"

"ရည်းစားစာ ရေးတာနဲ့တူတယ်" ဟု ပြန်ပြောကာ သိန်းဖေသည် မည်သို့ရှုပ်နောက်ရမည်ကို စဉ်းစားခန်းထုတ်လိုက်ရာ၊ အကြံတစ်ခုပေါ်လာ၍ မိမိအခန်းသို့ပြန်ပြေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အတန်ကြာသောအခါ အထက်ပါ ကျောင်းသားအသစ်ခန်းသို့ ရောက်လာကာ "မိတ်ဆွေ ခင်ဗျား နံရံပေါ်တက်ပြီး ကြည့်နေ။ ကျွန်တော် သူ့အပြင်ထွက်လာအောင် ညာပြီးခေါ်မယ်။ ထွက်မလာခင် သူဘာလုပ်တယ်ဆိုတာ ဂရုစိုက်ပြီး ကြည့်နေနော်" ဟု မှာထားပြီး ကျော်ဝင်းအခန်းရှေ့ သွားလေ၏။

"အိုင်ဆေး ကိုကျော်ဝင်း ခင်ဗျားစာတစ်စောင် ရောက်နေတယ်။ ထမင်းစားခန်းက ကောင်တာပေါ်မှာ တင်ထားတယ်။ ဟိုလူတွေက မိန်းမလက်ရေးမို့ ဖောက်ဖတ်မယ် လုပ်နေကြတယ်" ဟု ပြောလိုက်လေ၏။

ကျော်ဝင်းသည် လူကိုယ်တိုင် ထွက်မလာသေးမီ "ဟုတ်ကဲ့လားဗျာ တကယ်လား။ သိပ်ခက်တဲ့ လူတွေဗျာ။ အိမ်ကလူတွေစာကို ဖောက်ဖတ်ကြပြီထင်တယ်။ ခင်ဗျားကလည်းဗျာ၊ ယူခဲ့ရောပေါ့" ဟူသော အသံသည် ဦးစွာထွက်လာလေ၏။

"ခုတင်က တံခါးအဖွင့်ခိုင်းတုန်းက မဖွင့်လို့ ခင်ဗျား အိပ်နေတယ်မှတ်လို့"

ကျော်ဝင်းသည် ကမန်းကတန်း ထွက်၍လာလေ၏။ သိန်းဖေသည် ကျော်ဝင်း တံခါးပိတ်၍သွားမည် စိုးသဖြင့် "မြန်မြန်သွား၊ မြန်မြန်သွား။ ဟိုလူတွေလက်ထဲ ပါသွားဦးမယ်" ဟု ပြောလိုက်သည်တွင် ကျော်ဝင်းသည် တံခါးမပိတ်အားဘဲ ကမန်းကတန်း ပြေးလေ၏။

သိန်းဖေလည်း တစ်ဘက်ခန်းက ကျောင်းသားထံသို့သွားကာ "မိတ်ဆွေ ဘာမြင်လိုက်ရသလဲ" ဟု မေးလေ၏။

"စာတစ်စောင်ခေါက်ပြီး တိုင်မှာချိတ်ထားတဲ့ သက္ကလပ်အင်္ကျီ မီးခိုးရောင် အပေါ်အိတ်ထဲမှာ ထည့်လိုက်တယ်" ဟု ပြောပြမှ သိန်းဖေလည်း ကျေနပ်သွားကာ ကျော်ဝင်း၏ အခန်းထဲသို့ ဝင်သွားပြီးလျှင် စာကို ရှာလေ၏။ စာကို တွေ့ရမှ မိမိ၏ အိတ်ထဲက စက္ကူခေါက်ကလေးတစ်ခုကို အစားထည့်ထားပြီးလျှင် ကျော်ဝင်း၏စာကို ယူ၍ ကျော်ဝင်း မတွေ့နိုင်သည့်လမ်းက လှည့်ထွက်ကာ ကျောင်းအပေါ်ထပ်သို့တက်၍ ပြေးလေ၏။

ကျော်ဝင်းသည် ထမင်းစားခန်းထဲသို့ ရောက်သောအခါ စာများကို တင်ထားလေ့ရှိသည့် "ကောင်တာ" ခေါ် ထမင်း၊ ဟင်း ပြင်သော စားပွဲခုံတန်းရှည်ကြီးပေါ်တွင် ကြည့်ရှုရှာဖွေရာ မည်သည့်စာကိုမျှ မတွေ့ရတော့မှ သိန်းဖေက မိမိအား တမင်သက်သက် ရှုပ်နောက် ပြောင်လှောင်သွားသည်ကိုသိလျှက် "ရှိန်း" ၍သွားကာ မိမိအခန်းသို့ ပြန်လာခဲ့၏။ မိမိအခန်းသို့ ရောက်သောအခါ ဘဦး ရောက်ရှိနေသည်ကို တွေ့ရလေ၏။

"အောင်မလေး. . . မင်းသားကြီးရာ မျှော်လိုက်ရတာ၊ လည်ပင်းကို သစ်ကုလားအုပ်ကျနေတာပဲ။ အခုမှ ပေါ်လာတော့တယ်"

"လာမလို့ပဲ။ အတန်းထဲမှာ စာအုပ်လှန်တာ ကျွန်တော် ရှုံးလို့ ငနဲတွေကို လက်ဖက်ရည် တိုက်နေရတာနဲ့ 'ဒူးကန်း' မှာ ကြာသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အင်း. . . ခင်ဗျား မလာနိုင်လို့ ကျွန်တော်တောင် စာတစ်စောင် စမ်းပြီးရေးထားသေးတယ်။ ရေးမဖြစ်လို့ဗျာ၊ အကြီးအကျယ် စိတ်ညစ်သွားတာပဲ။ ဝေလမင်းသားဆုငွေတစ်ထောင်ရအောင် ကျမ်းရေးရတာကမှ လွယ်လိမ့်ဦးမယ် ထင်တာပဲ"

"ကိုင်းဗျာ၊ ပြစမ်းပါဦး၊ ကြည့်ရအောင်" ဟု ဘဦးက တောင်းသဖြင့် ကျော်ဝင်းလည်း အိတ်ထဲကစာကို ထုတ်၍ပေးလိုက်လေ၏။

ဘဦးသည် ကျော်ဝင်း၏ စာရွက်ခေါက်ကလေးကို ဖွင့်ဖတ်လိုက်သည်နှင့် တစ်ပြိုင်နက် အံ့ဩသော အမူအရာကိုပြပြီးမှ ဖတ်ရင်းဖတ်ရင်း သဘောကျကာ တပြုံးပြုံးနှင့်နေလေ၏။ ကျော်ဝင်းလည်း ဘဦး၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ တပြုံးပြုံး ဖြစ်နေသည်ကို တွေ့ရသဖြင့် 'ငါ့စာတော့ စွံပြီ' ဟု အောက်မေ့ကာ ပြုံးနေရာမှ ဘဦး ဖတ်၍ပြီးသောအခါ "ဘယ့်နှယ် နေရာကျရဲ့လား"

"နေရာကျပ့ါဗျာ၊ ဒီစာပေးလိုက်ရင်တော့ ငါ့ပါး ဖိနပ်မရွေးဘူးဆိုတဲ့အထဲရောက်သွားမှာပဲ ခင်ဗျား စိတ်များနောက်နေသလား။ ဘာတွေလျှောက်ရေးထားသလဲ။ မြန်ပြီးဖတ်ကြည့်စမ်းပါဦး" ဟုပြောကာ စာကို လှမ်း၍ပေးလိုက်သဖြင့် ကျော်ဝင်းလည်း မျက်နှာပျက်လျက် ဖတ်မိရာ ထိပ်ဆုံးတွင် စာပုံနှိပ်စာလုံး တူးလိုင်းသာသာလောက်ဖြင့် **"လူပျိုက အပျိုပေးမြစ်တာစာ"**ဟု ခေါင်းတပ်ထားသည့်အောက်၌။

နမောတဿ ဘဂဝတော အရဟာတော သမ္မာ သံဗုဒ္ဓဿ။

ကျွန်တော် မောင်ဘတင့်က ရှိသေလေးမြတ်စွာ စာရေး အစီရင်ခံလိုက်ပါသည် ချစ်နမ။ ချစ်နမ၏ မျက်ဏှာကို မြင်ယသိကျော့ ယစ၍ မောင့်မှာ နမ၏လှပသော ရှုပါယုန်ကြောင့် အူတွေ ဘာတွေခုံကာ မနေနိုင် မထိုင်နိုင် မျောက်မီးခဲ ကိုင်မိသလို ကျွမ်းပြန်၍ နေရဘာဘီ။ နမအပေါ်တွင် မောင့်မှာမြစ်တာစိတ်ထားများ တစ်နေ့တခြား ပွားများလာယာ အတ်တလံတိတ်သမုတ်ဒယာကြီးထဲက လှိုင်းဒဘိုးများဂဲ့သို့ တစ်လုံးပြီး တစ်လုံး ထကြွလာဘာဒေ့ါသီ။ နမဆိတ်ကြောင့် မောင့်မှာ အခွေ့ခံရပါဘီ။ မောင့်ကို သနားရင်ချစ်ပါ။ နမက ချစ်မယ်ဆိုရင် မောင်ဂ အုန်းသီးပေးဘမယ်။ နမ၏မြက်ဏှာကလေးကို မြင်ရတိုင်း မောင့်ဆိတ်ထဲမှာ မရဏာပီတိ အကျိန်ကျိန်ဖျစ်မိဘာဘီ။ မောင့်မှာ နမအတွက် ပင့်သက်ကို အနိုင်နိုင် ရှူရဘာဒေ့ါသီ။ မောင် ဒီးဟူသော လူမမာကို နမဒီးဟူသော စယာဝင်ယ အချစ်ဒီးဟူသော အင်ဂျက်ရှင်း ထိုးပေးဘာမှ မောင့်အသက် ချန်းသာယာရဘာမြီ။ သနားဘာ နမရယ်။ ပိုက်ဆံတစ်ပြားလောက်။

မောင့်မှာကန်မှာဝဆယ ကုသိုလ်ကန်ကျောင့် ဒလိုင်ဘာ ဖြစ်နေရသော်လည်း မောင်ဒို့အမျိုးဟာ မညန့်ဘာဗူး။ မောင့်အမျိုးဟာ ကုန်းဘောင်အဆက်ပါ။ ဧရာဝတီမှာ သဘော်ကုန်းဘောင်ဆက်တဲ့ ခေါ်တောကုလားဂျီးဟာ မောင့်ပထွေးဘာ။ မောင့်ဦးလေးတစ်ယောက်က ဘမာပြီခစ်က ဘုရင်ဂံဖြစ်တဲ့ ဆားရောင်းတဲ့ ဂျေ-အေ-မောင်ဂိုးရဲ့ မြင်းစီးပလိပ်ဖြစ်ပါဒယ်။ မောင်ဒို့ဟာ ဖယားထူးခံရဘာဒယ်။ မောင့်ဘိုးဘေးဟာ

www.burmeseclassic.com

ကျောင်းထိုင်ပုတ်ကို ဦးသောဘိတ ဖြစ်ပါဒယ်။ မောင်ဟာ အင်္ဂလိပ်ဆာမတတ်တော်လည်း သဗိတ်မှောက်ကျောင်းသားအစစ်ပါ။ ဦးသောဘိတကျောင်းနေဒုံးက ဆွမ်းခံရင်း သဗိတ်ကျပြီးမှောက်ပါတယ်။ မောင့်ဒို့အမျိုးထဲမှာ အသယ်တော် ဖလဂ္ဂုန်မရှိဘာ။ အဖေသာထန်းတက်စားပါဒယ်။ အမေဂတော့ ခလေးမွေးတဲ့အလုပ် ကောင်းကောင်းတတ်ပါတယ်။ ဒါကြောင့် များများဂျိုးသနားပြီး ချိုသိ၊ ခါးသိ အိ ၂ လိဂို စာပြန်ပါ ချစ်နမ။ ။ ပု-ဒိ-အာနှင့်ပြည့်စုံပါလို၏။

ချစ်နမအတွက် ဒုက္ခရောက်သူ
မောင်ဘတင့်

ဟူ၍ ရေးသားထားသည်ကို တွေ့ရသဖြင့် ကျော်ဝင်းမှာ ရယ်လည်း ရယ်ချင်၊ စိတ်လည်းဆိုး၊ မျက်နှာလည်းမည်းကာ “ဒါ ကိုသိန်းဖေရဲ့ ဉာဏ်တွေပဲ။ ကျွန်တော့်စာကို နှိုက်ပြေးပြီး ဒီဟာကို ထည့်ထားဘယ်”

“အင်း. . . ခင်ဗျား အပုံကြီး ကံကောင်းတယ် အောက်မေ့လိုက်။ အခု စောစောစီးစီးက တွေ့ရလို့ တော်သေးတယ်။ ဒါကို ဘာမှမသိဘဲ ပေးလိုက်မိရင် အကြီးအကျယ်ချောက်ပေ့ါ။ ဗားကရာချောက်ကမှ နိမ့်လိမ့်ဦးမယ်” ဟုဆိုရင်း ဘဦးက အားရပါးရ ခွက်ထိုးခွက်လှန် ရယ်မိလေ၏။

ကျော်ဝင်းမှာ ကျွဲမြီးတိုလျှက် သိန်းဖေ ရေးသားသည့်စာကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဖြဲဆုတ်ပစ်လိုက်လေ၏။

ထိုအခိုက်တွင် လက်ဖက်ရည် ခေါင်းလောင်းထိုးသဖြင့် ညနေစာဖြစ်သော ထောပတ်ပါလေရုံ သုတ်ထားသည့် ပေါင်မုန့်ခြောက်နှင့် အနံ့အသက်မျှပါသော နွားနို့ကြဲနှင့် ရေနွေးဖျော်ထားသည့် နတ်သုဒ္ဓါရေကို စားသောက်ကြရန် ပြေးကြရလေ၏။

ထမင်းစားခန်းထဲသို့ ရောက်သောအခါ ကြော်ငြာဆိုင်းဘုတ်တွင် ကပ်ထားသော စာတစ်စောင်ကို ကျောင်းသားများ ဝိုင်းအုံဖတ်ရှုကာ တသောသော ဖြစ်နေကြသဖြင့် သွားရောက်ကြည့်ကြရာ မိမိရေးထားသော ရည်းစားစာ ဖြစ်နေသည်ကိုသိကာ များစွာဒေါသထွက်လျက် လက်ဖက်ရည်ကို ကမန်းကတန်း သောက်ပြီးလျှင် သိန်းဖေကို ကြည့်ရာ ထမင်းစားခန်းထဲတွင် မမြင်ရသဖြင့် ကျောင်းပေါ်သို့တက်၍ သိန်းဖေအခန်းသို့ လိုက်လေ၏။

သိန်းဖေသည် စိတ်ဆိုး၍လာသော ကျော်ဝင်းကို တွေ့ရလျှင် ကြမ်းပေါ်တွင် ဒူးနှစ်ဘက်ကိုယှက်၍ “စုံဆယ်ဖြာပန်ထွာဦးတင် ဖူးမြင်သက်လွတ်ကြောင်း” ဟူသော သီချင်းကို ဆိုပြီးနောက် “ချမ်းသာပေးတော်မူပါ ဘုရား၊ ချမ်းသာပေးတော်မူပါ ဝန်မင်းရဲ့ (သယ်ဟယ် အခုမှ သေရခါနီးလို့ ကြောက်ချင်ယောင် ဆောင်နေတာလား) မှန်လှ

www.burmeseclassic.com

www.burmeseclassic.com

ပါ။ ကြောက်ချင်ယောင် မဆောင်ပါဘူး ဘုရား၊ ဒုဋ္ဌာယောင် ဆောင်တာပါ(ဟော့ အာဏာသားများ ဒီရာဇဝတ်ကောင်ကို ရောင်ဆွဲပြီး ဆောင့်လိုက်စမ်း)" ဟု တစ်ယောက်တည်း ဇာတ်ခင်း၍ ရောင်ကို အဆွဲခံရသည့်အလား လည်တိုင်ဆန့်၊ မျက်စိမှိတ်၊ ခေါင်းကို မြှင့်လိုက်ပြီးလျှင် ရှေ့သို့ ဆွဲလိုက်သကဲ့သို့ ခေါင်းစိုက်၍ လဲသွားပုံ လုပ်လိုက်သဖြင့် ကျော်ဝင်းတွင် ရယ်စရာတွေ့ရသောကြောင့် ဒေါသစိတ်များ ပြေလာကာ သိန်းဖေ လုပ်ပုံကိုကြည့်ရင်း. . .

"ကျလည်း ကျတဲ့လူ၊ အခုမှ ရယ်သလို၊ ရွှန်းသလို၊ ရှုးသလို၊ နှမ်းသလို လုပ်မနေစမ်းပါနဲ့၊ ကျွန်တော် သိပ်စိတ်ဆိုးတာပဲ"

"စိတ်မရှိပါနဲ့ဗျာ၊ ယောက်ျားချင်းပဲ"

"တော်ပါဗျာ၊ ခင်ဗျားတော့လား တစ်နေ့ကျတော့ အလှည့်ကြုံဦးမှာပဲ" ဟု ဆိုကာ ကျော်ဝင်းသည် လှည့်၍ပြန်ခဲ့ပြီးလျှင် ကြော်ငြာဆိုင်းဘုတ်တွင် ကပ်ထားသော မိမိ၏ရည်းစားစာကို လူများအလစ်တွင် ဆွဲဖြုတ်ခွာယူကာ မိမိအခန်းသို့ ပြန်သွားလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တနင်္ဂနွေနေ့သို့ရောက်လျှင် ကျော်ဝင်းမှာ မသန်းမြင့်တို့အား ရွှေတိဂုံဘုရားကြီးသို့ ကားနှင့်လိုက်၍ ပို့ရန်ရှိသဖြင့် ထိုနေ့အတွက် မော်တော်ကားရရန် လို၍နေလေ၏။ သို့ဖြစ်သည့်အလျောက် စနေနေ့ကပင် ကြိုတင်၍ အောင်မြင့်အား "ကိုအောင်မြင့် ခင်ဗျားကားကို နက်ဖြန်ခါ တဆိတ်လောက် ပေးစေချင်တယ်ဗျာ။ မသန်းမြင့်တို့ကို ကားနဲ့ဘုရားကြီး ပို့ဖို့ကိစ္စ ရှိနေလို့ပါ။ ခင်ဗျားကျေးဇူး ဘယ်တော့မှ မမေ့ပါဘူး နောင်ကြီးရာ၊ အခု ခင်ဗျားခြေသလုံး နှိပ်ခိုင်းမလား၊ နှိပ်ပေးပါ့မယ်" ဟု မျက်နှာချိုနှင့် အသနားခံလေရာ. . .

"ဆောရီး မင်၊ ကျွန်တော်တို့ ဖားသားကြီး မနက်ဖြန်ခါ ပဲခူးကို ကားနဲ့သွားမလို့တဲ့။ သိပ်ပြီးတော့ ဘဲရီးဆောရီး တောကြီးမြိုင်လယ် ဖြစ်သွားတာပဲဗျာ။ မပေးချင်လို့ မဟုတ်ပါဘူး။ ကျွန်တော့်သဘောလည်း အသိသားပဲ။ တကယ့်ကို သွားမှာမို့လို့ပါ" ဟု ပြောလိုက်သဖြင့် ကျော်ဝင်းတွင် အကြံအိုက်၍သွားကာ စိတ်အညစ်ကြီး ညစ်မိလေ၏။

"ခက်တော့တာပဲဗျာ။ ဘယ့်နှယ်လုပ်ရမှန်း မသိဘူး။ ကားမရှိရင် ချောက်ပေါ့"

"ခင်ဗျား အကုန်မခံနိုင်ဘူးလား။ တက္ကစီတစ်စီးငှားပြီး"

"နို့ပေတဲ့ ကျွန်တော်ကိုယ်တိုင် မောင်းရမှ ဖြစ်မယ်"

"ဒါတော့ ကျွန်တော်ကိုယ်တိုင် လုပ်ပေးပါ့မယ်ဗျာ။ ကျွန်တော်တို့အဖို့ ပရိုက်ဗိတ် တက္ကစီမောင်းနေတဲ့ လူတစ်ယောက်ရှိတယ်။ ငွေတစ်ဆယ်လောက် ပေးလိုက်ရင် ပြီးတာပါပဲ။ ကိုယ့်ဟာကိုယ် မှတ်ဆီထည့်ပြီး တစ်နေ့လုံး မောင်းချင်သလို မောင်းပေါ့

www.burmeseclassic.com

www.burmeseclassic.com

ဗျာ" ဟု အောင်မြင့်က အကြံပေး ကူညီသောကြောင့် ကျော်ဝင်းတွင် မော်တော်ကား အတွက် စိတ်သက်သာရာ ရလေ၏။

သို့သော် ကားအတွက် ငွေကုန်စရာ လို၍လာပြန်လေ၏။ ကျောင်းလခ၊ ထမင်းလခ ပေးလိုက်ရသည်မှာလည်း မကြာသေး။ အကြွေးရှင်းလိုက်ရသဖြင့်လည်း အိမ်မှငွေကုန်လှုပြီဖြစ်ရာ အသင်းဝင်ကြေးဟူ၍လည်းတစ်မျိုး၊ စာအုပ်ဖိုးဟူ၍တစ်သွယ်၊ အဝတ်အစား ဝယ်ရန်ဟူ၍တစ်မည် လီဆယ်ကာ စာရေး၍ အိမ်သို့ ငွေမှာလိုက်သည် မှာလည်း မရောက်လာသေးသဖြင့် ငွေရေးအတွက် ဒုက္ခများနေလေတော့၏။

မိတ်ဆွေသူငယ်ချင်းများထံ လိုက်လံချေးငှားပြန်ရာ၌လည်း "မရှိဘူးဗျာ၊ တစ်ခုခု ပေါင်မလို့ဟာတောင် မြို့ထဲသွားစရာ စရိတ်မရှိလို့၊ ခင်ဗျားပါရင် ငါးမူး လောက် ပေးခဲ့ပါဦး" ဟူ၍ပင် မိမိအား ပြန်၍ချေးငှားသူတွေကိုသာ တွေ့ရသောကြောင့် မိမိ၏လက်တွင် ဝတ်ထားသော စိန်လက်စွပ်သည် ယားကျိယားကျိ ဖြစ်လာလေ၏။

"အင်း. . . ငါ့လက်စွပ်တော့ ယားကျိယားကျိ ဖြစ်နေပြီ။ ယာယီကိစ္စ မြင်နေ တာကို ဗေဒင်မေးဖို့ မလိုပါဘူး။ ငါ့လက်ထဲမှာထားရင် ရှေ့သူမျိုးငါးပါးကို ကြောက်ရ တယ်။ ကျစ်ဆံနီဘဏ်တိုက်ကို အပ်ထားမှပဲ" ဟု နှလုံးပြုကာ မြို့ထဲသို့ အမြန်ပြေး၍ ဦးလေး ကြီးဘဏ်တိုက်တွင် ဝိဇ္ဇာတို့၏ တန်ခိုးအားဖြင့် စိန်လက်စွပ်ကို ငွေဖြစ်အောင် ဖန်ဆင်း လိုက်ရလေတော့၏။

သို့အားဖြင့် ကားအတွက် သေချာသွားပြီ ဖြစ်ရကား၊ နောက်တစ်နေ့ တနင်္ဂနွေသို့ ရောက်သောအခါ ကျော်ဝင်းမှာ နံနက်အစောကြီး နိုး၍နေလျက် စာစစ်ပွဲ နေ့တွင် ကျောင်းသားတို့၏စိတ်၌ တွေကြုံခံစားရသလို ထူးခြားသောစိတ်၏ လှုပ်ရှား ခြင်းကို တွေ့ကြုံရလျက် မအီမလည်ကြီး ဖြစ်၍နေလေ၏။ နံနက်စာ လက်ဖက်ရည်ကို မသောက်မိကပင် ဝနှင့်လေ၏။ ၎င်း၏စိတ်ထဲ၌ မသန်းမြင့်တို့နှင့် တွေ့ဆုံရန်ကိုသာ အာရုံစောနေသောကြောင့် ထိုနေ့မှ ထမင်းကျွေးသည်မှာ နောက်ကျနေသည်ဟု ထင်မိ လေ၏။ ကျောင်းတက်ရန်ရှိသောနေ့များတွင် နံနက် ၈-နာရီ၌ ထမင်းကျွေးသော်လည်း တနင်္ဂနွေနေ့များတွင် ၉-နာရီမှ ကျွေးလေ့ရှိသည့်အတွက် ကျော်ဝင်းတွင် စောင့်စားရ သည်မှာ တာဝန်ကြီးတစ်ခု ဖြစ်နေလျက် ထိုနေ့မှ နာရီများသည် အသွားနှေးသည်ဟု အောက်မေ့ကာ ထမင်းစားခန်းထဲက နာရီကို တိတ်တဆိတ် အချိန်ရွှေ့ပြောင်းထားလို သော စိတ်များပင် ပေါ်လာလေ၏။

ထမင်းစားပြီးပြန်သောအခါ မော်တော်ကားကို စောင့်မျှော်ရသည်မှာလည်း စိတ်အငြိမ်မနေနိုင်စရာ ဖြစ်ပေါ်လာလေ၏။ မကြာခဏ ကျောင်းတက်လှေကားထိပ် သို့ ပြေးသွားကာ လမ်းမကို မျှော်၍ကြည့်ရသည်လည်း တစ်မောပင်။ ထိုသို့ကားကို စောင့်မျှော်ရင်း အဝတ်အစားလဲလိုက် ပြောင်းလိုက်ရသည်မှာလည်း အမောမော ဖြစ်နေလေတော့၏။ ကျောင်းသားတစ်သိုက်တို့သည်ကား ကျော်ဝင်း၏အခန်းထဲတွင်

www.burmeseclassic.com

www.burmeseclassic.com

စုဝေးကြကာ ၎င်း၏ လုပ်ပုံကိုင်ပုံများကိုကြည့်လျက် သဘောကျ၍မဆုံးနိုင် ရှိကြလေ၏။

ဘဦးက "ဟေ့လူ. . . အဝတ်အစားတွေ သိမ်ပြီး လှလှပပကြီး လုပ်မနေနဲ့ဦး။ ပိုးအင်္ကျီ၊ ပိုးလုံချည်၊ ပေတင့်ရှူးတွေ ဘာတွေလုပ်နေရင်၊ ကျောင်းသားမှန်း သိသွားမယ်။ ဒရိုင်ဘာနဲ့တူအောင် တော်ရုံတန်ရုံ ဝတ်ရောပေါ့ဗျ။ ရှင်လောင်းလှည့်တာမှ မဟုတ်ဘဲနဲ့" ဟု ပြောရာ. . .

သိန်းဖေက "ဟာ. . . ခင်ဗျား လုပ်ပုံနဲ့တော့ နေရာမကျသေးပါဘူး။ ဒရိုင်ဘာဆိုတာ သက္ကလပ်အင်္ကျီ အနက်ဝတ် ဘာဖိနပ်မှ မစီးနဲ့။ နို့ပြီး ခေါင်းပေါင်းလုပ်ဖို့ သိမ်ကြီးဈေးပြေးပြီး ထဘီအထက်ဆင်လုပ်တဲ့ ရှာနီစ သွားပြီးဝယ်ချေဦး။ ဒါမှ ဘတ်စ်ကားဒရိုင်ဘာနဲ့တူမှာ၊ နေရာမကျဘူးလား"

"တော်ပါဗျာ၊ ခင်ဗျား ပြောလိုက်မှဖြင့် တစ်ဖက်သား အရူးဖြစ်အောင်ချည့်ပဲ"

"အကောင်းပြောတာပါဗျာ။ ရှာနီစကို ခေါင်းမှာပတ်ပြီး သပြေပန်းနှစ်ခက် နားထင်မှာထိုးလို့ ခြောင်နေ‌ာင် ချပ်ချိမ်း၊ ချပ်ချိမ်း၊ ဟင်. . . ငါ့ဟာက ဦးမင်းကျော် နတ်ပဲ။ ဟား. . . ဟား ဟား. . . ဟား" ဟု သိန်းဖေက ရှုပ်နောက်နေစဉ် တဘော်ဘော် မှုတ်လိုက်သော ကားသံကို ကြားရသဖြင့် ကျောင်းရှေ့တွင် မော်တော်ကား ရောက်လာပြီကို သိရှိရကား ကျော်ဝင်းတွင် အလွန်အမင်း အားရကျေနပ်၍သွားလေ၏။

ကျော်ဝင်းသည် ကားဆီသို့ ထွက်သွားသောအခါ သူငယ်ချင်းတစ်စု ကျော်ဝင်း၏နောက်မှ တစ်ပြုံတခေါင်းကြီး လိုက်ပါလာကြလေ၏။ ကျော်ဝင်းလည်း ကားသမားနှင့် စကားအနည်းငယ်မျှ ပြောဆိုပြီးလျှင် ကားသမားအား ကျောင်းတွင် အစောင့်ခိုင်းခဲ့ပြီး ကားပေါ်သို့တက်၍ စက်နှိုးကာ ကားကို မောင်းနှင်ထွက်သွားသည်တွင် သိန်းဖေက "ဇာတ်လိုက်ကလေး မောင်ဘတင့်သည် သူ၏ရည်းစား ခင်ခင်နုအား လူဆိုးတို့၏ လက်ထဲမှ ကယ်ဆယ်ရန် တစ်နာရီ မိုင် ၆၀ နှုန်းဖြင့် မော်တော်ကား မောင်းသွားပုံ၊ ပုနိမ်ခြောင် ပုနိမ်ခြောင်" ဟု ရုပ်ရှင်ဇာတ်ခင်း၍ နောင်ဂျိမ်ဆိုင်းတီးပေးလိုက်သဖြင့် ကျောင်းသားများ တဟားဟားဖြစ်ကာ လက်ခုပ်လက်ဝါး တီးပေးရင်း ရယ်မော ကျန်ရစ်ကြလေ၏။

အင်းလျားဆောင်သို့ ရောက်သောအခါ မသန်းမြင့်သည် အသင့်စောင့်စားနေသည်ကို တွေ့ရလေ၏။

"အော်. . . လာမှလာပေသေးသကိုးရှင့်။ ကျွန်မဖြင့် မလာဖြစ်တော့ဘူး အောက်မေ့နေတာပဲ။ လိုက်မယ့်ကျောင်းသူကလေးတွေ အချို့တောင် စိတ်ပျက်ပြီး မသွားကြတော့ဘူး လုပ်နေကြသေးတယ်" ဟု မသန်းမြင့်ကပြောကာ ဆက်လက်၍ "ကဲ ရှင် ခဏကလေးစောင့်ပါဦး၊ ကျောင်းပေါ်တက်ပြီး ခေါ်လိုက်ဦးမယ်"

"စောင့်ပါ့မယ်။ အေးအေးဆေးဆေးသာ လုပ်ကြပါ"

www.burmeseclassic.com

မသန်းမြင့်လည်း ကျောင်းပေါ်သို့ တက်သွားရာ ကျော်ဝင်း၏ စိတ်ထဲတွင် တထိတ်ထိတ်နှင့် မိမိ၏အသိများ ပါလာလေမလားဟု တွေးမိကာ ထိတ်လန့်လျက်ရှိသည်တွင် "လာကြပေ့၊ သွားကြမယ် ဘုရားကို" ဟု ဆူဆူညံညံ အသံစာစာကလေးများဖြင့် အော်ဟစ်ကာ လှေကားမှ မိန်းကလေးများ ဆင်းလာကြသည်ကို တွေ့ရသဖြင့် ၎င်းတို့အထဲတွင် အသိများပါလေရော့သလားဟု မရဲတရဲ ကြည့်မိကာ မျက်နှာစိမ်းများဖြစ်သည်ကို တွေ့ရမှ ကျော်ဝင်းတွင် စိတ်အေး၍သွားလေ၏။

မအေးစိန်က ရှေ့ဆုံးမှ ခေါင်းဆောင်ရောက်ရှိလာကာ ကျော်ဝင်းကိုကြည့်လျက် "အလို. . . ကိုဘတင့်က အခုလို ဝတ်ဆင်ထားတော့လည်း ဇာတ်လိုက်မင်းသားကလေးကျနေတာပဲ" ဟု ပြောလိုက်ရာ ကျော်ဝင်းမှာ သဘောကျလျှက် သွားဖြဲနှင့်ရယ်ကာ "ဒီလိုပေါ့ဗျာ၊ တစ်ခါတလေလည်း လူယောင်ဖန်ဆင်းရသေးတာပေ့ါ။ ဒီလိုမှမဝတ်ရင် သဘော်ကြီးနဲ့ အပြည့်တင်ထားတဲ့ အဝတ်တွေ ပိုးတောက်ကုန်မှာပေ့ါ" ဟု ရွှတ်လိုက်သဖြင့် မအေးစိန်လည်း ရယ်မိလေသည်။

မသန်းမြင့်က "ဒါဖြင့် ကိုဘတင့်မှာ အဝတ်အစားတွေ သိပ်ပေါတာပေ့ါ"

"ပေါတယ်ဆိုတာတော့ မပြောနဲ့။ ဟောဒီလုံချည်ဟာ သေတ္တာထဲမှာ အောက်ဆုံးထပ်ကဟာရွေးပြီး ဝတ်လာတာ။ အပေါ်မှာ တစ်ထည်မှ မရှိဘူး။ ဟဲဟဲ"

"ကိုင်း တက်ကြလေ တက်ကြ" ဟု မအေးစိန်က ပြောလိုက်သဖြင့် တစ်ယောက်ပြီးတစ်ယောက် ကားပေါ်သို့တက်ကြမှ မအေးစိန်လည်း နောက်မှဆက်လက်၍တက်ရင်း "ဒီကနေ့တော့ ကားတစ်မျိုးပါကလား" ဟု ပြောလိုက်ရာ ကျော်ဝင်းမှာ အပြောရခက်နေကာ ပြီးမှဉာဏ်ရ၍

"ကျွန်တော်တို့ ကုမ္ပဏီမှာ ကားအစင်းပေါင်း လေးဆယ်ကျော်ရှိတယ်။ ဟိုတစ်နေ့ကကား အိုဗာဟောလ်လုပ်ထားတာနဲ့ ဒီကားကို ထုတ်လာရတယ်" ဟု လှည့်ပတ်ပြောလိုက်ရပြီးမှ "ကဲ လူစုံပြီလား"

"စုံပြီ။ တစ်ခါတည်း ဘုရားကိုသာ တန်းပြီးမောင်းပေတော့"

ကားထွက်သွားသည်နှင့်တစ်ပြိုင်နက် မိန်းကလေးများမှာ ဇောင်းကလွတ်လိုက်သော မြင်းကဲ့သို့ လွတ်လပ်ခြင်းရကာ ပျော်ရွှင်သောစိတ်များ ပေါ်လာကြပြီးလျှင် ကျောင်းသူကလေးတို့၏ ထုံးစံအတိုင်း သီချင်းဆိုချင်၊ ခုန်ချင်၊ ကချင်စိတ်များ ပေါ်ပေါက်လာကြလေ၏။ သို့ဖြစ်သည့်အလျောက် သံသေးသံကြောင်ဖြင့် သီဆိုသူက ဆို၊ လက်ခုပ်တီးသူက တီးနှင့် တပျော်တပါးကြီး ရှိကြလေ၏။ ကျော်ဝင်းတွင်မူကား ၎င်းတို့၏ပျော်ရွှင်မှုတွင် ဂရုမစိုက်နိုင်ဘဲ အဘယ်ပုံကြံ၍ မိမိရေးထားသောစာကို မသန်းမြင့်လက်ထဲသို့ရောက်အောင် ပေးရပါ့မလဲဟု စဉ်းစားရင်း ကားကို ညာဘက်သို့ချိုးကာ ယူနီဗာစီတီ အဲဗင်းနယူးလမ်းအတိုင်း မောင်းလာရာ ပုဂံကျောင်းဆောင်နားသို့ ရောက်လာလေ၏။

www.burmeseclassic.com

သိန်းဖေသည် ကျောင်းဝင်းတံခါးမှ စောင့်ကြည့်နေလေရာ ကျော်ဝင်း မောင်းလာသော ကားကိုမြင်လျှင် ဝင်းထရံဘေးသို့ကပ်ကာ သံတိုင်များကိုကိုင်ရင်း မျှော်ကြည့်နေလေ၏။ ကားသည် ရှေ့တည့်တည့်သို့ ရောက်လာလေ၏။ ကျောင်းသူကလေးများသည်လည်း ယောကျ်ားလေးများ၏ ကျောင်းနားသို့ရောက်သဖြင့် ပို၍မြူးကာ သီချင်းကို ကျယ်စွာဆိုကြလေရာ ကျောင်းသားများလည်း ဝရံတာသို့ ထွက်ကြည့်ကြလေ၏။ ထိုသို့ ကြည့်ကြသည်တွင် အေးစိန်က မကျယ်တကျယ်ဖြင့် "စာသိပ်မကြိုးစားကြပါနဲ့ မောင်တို့ မျက်စိမှုန်ပြီး မျက်မှန်တပ်နေရမယ်။ မိန်းမတစ်ယောက်လောက်တော့ အေးအေးလေးနဲ့ ရနိုင်ပါတယ်" ဟု ဆိုသဖြင့် ကျောင်းသူကလေးများလည်း ကျောင်းသားများကိုကြည့်ကာ ဝါးကနဲရယ်ကြလေရာ၊ သိန်းဖေသည် ဦးစွာပထမ၌ ကျော်ဝင်းအား ရွှတ်နောက်မည်ကြံရာမှ အကြံပြောင်းလိုက်ပြီးလျှင် သံတိုင်များကို လက်နှစ်ဖက်နှင့်ကိုင်ကာ မှိုင်၍ပြလျှက်. . .

"မပူပါနဲ့ မိန်းမရေ ထောင်က လွတ်ခါနီးပြီ၊ အရီးထူးတို့ ဘကြီးအောင်တို့ကိုလည်း မာတယ်လို့ ပြောလိုက်ပါ။ ငါ့သားလေး ခွေးဘုကိုလည်း ဦးကေတုကျောင်းကို ပို့ထားကွယ့်။ နေပူထဲ မလည်စေနဲ့။ ငါလည်း ရှေ့လကို လွတ်တော့မယ် မပူနဲ့" ဟု အော်၍ပြောလိုက်သဖြင့် ကျောင်းသားများ ဝါးကနဲ ရယ်သံကြီး ထွက်ပေါ်လာ၏။

ကျော်ဝင်းကား ရယ်ချင်လှသော်လည်း မိန်းကလေးများ ရှက်မည်စိုးသဖြင့် မြို၍နေလေတော့၏။ မိန်းကလေးများမှာ မခံချိမခံသာဖြစ်ကာ မအေးစိန်က ပြန်၍ချေမည်ကြံသော်လည်း ကားမှာလွန်၍လာပြီဖြစ်သဖြင့် မကျေနပ်ဘဲ လိုက်ပါခဲ့ရလေတော့၏။ ကျော်ဝင်းလည်း ပြည်လမ်းသို့ရောက်လျှင် ကားကို လက်ဝဲဘက်သို့ချိုး၍ ရန်ကုန်လမ်းအတိုင်း မောင်းလေ၏။ ပြည်နှင့် တကောင်းကျောင်းဆောင်များဆီသို့ ရောက်သောအခါ လက်ဖက်ရည်ဆိုင် နောက်ဘက်တွင် ကားလမ်းကို မျှော်၍နေကြသော ကျောင်းသားများသည် တေးသံကြားရသဖြင့် ကားထဲသို့ ကြည့်လိုက်ရာ ကျောင်းသူကလေးများ ဖြစ်နေသည်ကို တွေ့ကြရလေရာ ပြောင်လှောင်မည်ပြုဆဲမှာပင် ကားသည် လျှင်မြန်စွာ မောင်းသွားသောကြောင့် "ဝေးဟေးဟေး" ဟူ၍သာ သံပြိုင်အော်ဟစ်ရင်း ငေးနေရစ်ကြရလေတော့၏။

ဤမျှလောက်များသော မိန်းကလေးတွေအကြားတွင် မသန်းမြင့်အား အဘယ်ပုံ စာပေးရပါ့မလဲဟု ကျော်ဝင်းတွင် စဉ်းစား၍ မရနိုင်အောင် ခေါင်းရှုပ်၍နေလေ၏။ သို့နှင့် တိုက်ဂါးအယ်လီလမ်းထဲသို့ဝင်ကာ ရွှေတိဂုံဘုရားကြီးဆီသို့ မောင်းလာခဲ့ရလေ၏။

ဘုရားကြီးသို့ရောက်၍ ကားကို ရပ်လိုက်သည့်အချိန်တိုင်အောင် ကျော်ဝင်းမှာ မည်သို့မျှ စဉ်းစား၍မရနိုင်ဘဲ ရှိနေလေတော့သည်။

မိန်းကလေးများသည် ကားပေါ်က ဆင်းကြပြီးလျှင် ကားထဲတွင် ဖိနပ်များ

www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့၍ ဘုရားပေါ်သို့ တက်ကြလေ၏။

"ကဲ ကားဆရာကြီး၊ အဲလေ ယောင်လို့ ကိုဘတင့် နည်းနည်းတော့ ကြာလိမ့်မယ်။ တဆိတ်လောက် သည်းခံပြီး စောင့်နေ" ဟု မသန်းမြင့်က ပြောသဖြင့် ကျော်ဝင်းသည် ပြုံးပြုံးကြီး ကျေနပ်ကာ. . .

"အို. . . ကိစ္စမရှိပါဘူး၊ နေချင်သလောက် နေနိုင်ပါတယ်။ သဘောအတိုင်းပါပဲ" ဟုပြောလေ၏။

ထို့နောက် ကျော်ဝင်းသည် မသန်းမြင့် စောင်းတန်းတစ်လျှောက် တက်၍သွားသည်ကို မျက်စိတစ်ဆုံး ကြည့်နေပြီးမှ ကားကို ရပ်တန့်သည့်နေရာသို့ ရွှေ့၍ထားလိုက်လေ၏။ "ခုနှယ်ပုံဖြင့် ငါ သူ့ကို စာပေးဖို့ အချက်ကောင်း တွေ့မှာမဟုတ်ဘူး၊ သူတို့ ဆင်းလာကြတဲ့အခါ ကန်တော်ကြီးဖြစ်ဖြစ်၊ မြို့ထဲဖြစ်ဖြစ် လည်ကြရန် တိုက်တွန်းပြီး အချက်ကောင်းပေါ်အောင် ရှာမှပဲ။ ဒါနဲ့မှ မပေးဖြစ်သေးရင် နောက်တစ်ခါပေါ့" ဟု စိတ်ကူးနေဆဲမှာပင် ကား၏နောက်ထိုင်ခုံထောင့်တစ်ထောင့်တွင် လက်ကိုင်အိတ်ရှည်လျားလျားကလေးတစ်ခုကို တွေ့မြင်ရလေ၏။

မည်သူ၏ပစ္စည်းပါနည်းဟု သိလိုသည့်ဇောဖြင့် လျင်မြန်စွာ ကောက်ယူ၍ကြည့်လိုက်ရာ ကနုကမာပြားလေးပေါ်တွင် မသန်းမြင့်ဟု အင်္ဂလိပ်စာလုံးများဖြင့် နာမည်ထိုးထားသည်ကို တွေ့ရသဖြင့် "ဟိုက် ကော်တာပဲ" ဟူ၍ပင် အသံထွက်ကာ ပြုံးရွှင်ဝမ်းသာသွားလေသည်။

"ငါ့အကြံအောင်ဖို့ ဖြစ်လာတာပဲ။ ဒီအိတ်ကလေးထဲ စာထည့်ထားလိုက်ရင် ကိစ္စချောတာပဲ" ဟု နှလုံးပြုကာ အိတ်ထဲကစာကို ထုတ်ပြီးလျှင် သားရေအိတ် ကလေးကိုဖွင့်ကာ ထည့်လိုက်မည်ပြုပြီးမှ အပေါင်လက်မှတ်များ ဖြစ်နေရော့လား၊ ဒါမှမဟုတ် သိန်းဖေတို့ ရှုပ်နောက်သောစာ ဖြစ်နေရော့သလား၊ သေချာအောင် စာကို ဖွင့်၍ကြည့်ရပြန်လေ၏။

မိမိ၏စာဖြစ်သည်ကို သေချာစွာ သိရသောအခါ ပိုက်ဆံများနှင့်ရော၍ ထည့်ထားလျှင် ချက်ချင်းတွေ့သွားမည် ဖြစ်သည်။ ထိုသို့ ချက်ချင်းတွေ့သွားခြင်းကိုလည်း မဖြစ်စေလို၊ ကျောင်းသို့ရောက်မှ သိစေလိုသဖြင့် ငွေစက္ကူထည့်သောကတ်ထဲသို့ သွင်းလိုက်လေ၏။ သို့ပြုလုပ်မိသည့်အချိန်မှစ၍ ကျော်ဝင်း၏စိတ်ထဲတွင် မရိုးမရွဖြစ်ကာ သားရေအိတ်လေးကို မသန်းမြင့်အမှတ်ဖြင့် အားရပါးရ ပွေ့ဖက်လိုက်ချင်၏။ အခြားကားသမားများ မြင်သွားမည်စိုးသဖြင့် မလုပ်ရဲရှိရပေတော့၏။ သားရေအိတ်ကလေးကိုလည်း ချ၍မထားချင်၊ လက်ထဲကိုင်ရမည်မှာလည်း ကိုယ့်စိတ်ကိုကိုယ် လှန့်သည့်သဘောမျိုး ခံစားရပြန်သဖြင့် ဘာလုပ်ရမည်မသိဘဲရှိရာက ထိုစာနှင့် ထိုသားရေအိတ် မသန်းမြင့်လက်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်စေရန် ကုန်းတော်ပေါ်သို့ ဘက်ရောက်ပို့မှပဲဟု နှလုံးပြုမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သည့်အတိုင်း မော်တော်ကားကို စောင့်ကြည့်ရန် ကားများကပ်ရာအနီးရှိ ပုလိပ်တစ်ယောက်အား မှာထားခဲ့လျှင် သားရေအိတ်လေးကိုယူကာ ကုန်းပေါ်သို့ တက်လေ၏။ ကျော်ဝင်းတွင် မောရပန်းရမည်ကိုမှ မသိနိုင်ဘဲ ဇောနှင့်တက်လေရာ ရင်ပြင်ပေါ်သို့ အမြန်ရောက်ရှိလေ၏။

ဘုရားကိုပတ်၍ ရင်ပြင်ပေါ်တွင် မသန်းမြင့်အား ရှာဖွေရာ မတွေ့ရှိဘဲ ရှိသဖြင့်၊ ဆင်းများဆင်းသွားရော့လားဟု စောင်းတန်းအထက်မှ ကြည့်သော်လည်း မမြင်၊ ဗောဓိပင်ဘက်တွင်လည်း ရှာမတွေ့သဖြင့် ဘုရားကို သက်စေ့ပတ်ရတော့ မလောက် ဖြစ်သွားပြီးမှ စဉ်းစားမိ၍ မြောက်ဘက်စောင်းတန်းသို့ သွားရောက်ကြည့်ရှုရာ ကြာဇံကြီး ရောင်းသောဆိုင်တွင် ၎င်းတို့တစ်စု ဝက်ဝက်ကွဲ စားသောက်နေကြသည်ကို တွေ့ရလေ၏။

မအေးစိန်က စ၍မြင်သဖြင့် "ဘယ့်နှယ်ဆရာကြီး အရင်လိုလှချည့်ကလား။ နည်းနည်းစောင့်ပါဦး" ဟု ပြောသောကြောင့် မသန်းမြင့်ဘက် လှည့်ကြည့်ကာ "စောင့်ရလို့ မဟုတ်ပါဘူး၊ ဟောဒီမှာ ကားပေါ် သားရေအိတ်ကလေး မေ့ကျန်ခဲ့တာတွေလို့ လိုက်ပို့ရတာပါ"

"ဩော် ကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောရင်း မသန်းမြင့်က လှမ်းယူလိုက်၍ "ကျွန်မ စောင်းတန်းထိပ်ရောက်လို့ ပန်းဝယ်မယ် လုပ်တော့မှ သားရေအိတ် မေ့ကျန်တာ သိရတော့တယ်။ ပြန်ပြီးမဆင်းချင်တာနဲ့ ထားလိုက်တာပဲ။ စားပါဦးလား ကြာဇံကြီး"

"တော်ပါပြီ ခင်ဗျား ပြောတာနဲ့ပဲ ဝနေပါပြီ" ဟု ပြောပြီးလျှင် ကျော်ဝင်းမှာ မိမိစိတ်၏ ခြောက်လှန့်ခြင်းဖြင့် မလုံ့တလုံဖြစ်ကာ ကြာကြာရပ်၍မနေရဲဘဲ "ကားအတွက် စိတ်မချရသေးဘူး။ ဒရိုင်ဘာတွေက အယုတ်သားပဲ။ စိတ်မထင်ရင် သားရေဘီး ဖောက်ထားချင်ထားမှာ။ ခင်ဗျားတို့ ဖိနပ်တွေလည်း ရှိသေးတယ်"

"ဆာဆာရှိတာနဲ့ ဖိနပ်တွေလည်း ငါးခြောက်ဖုတ်မှတ်ပြီး မစားလိုက်ပါနဲ့ဦးရှင်' ဟု မအေးစိန်က ပြောင်ပြီးမှ "ကန်တော့ပါရဲ့၊ စိတ်မဆိုးနဲ့နော်၊ ပြောင်တာပါ"

"အို. . . ကျွန်တော် ဘယ်တော့မှ စိတ်မဆိုးတတ်ပါဘူး။ တစ်ခါတလေ ကျွဲမြီးတိုတာပဲ" ဟု ရယ်၍ပြောလျက် လှည့်ထွက်ခဲ့လေ၏။

ကျော်ဝင်းလည်း ဘုရားခြေရင်းသို့ ပြန်၍ရောက်ကာ၊ ကားပေါ်တွင်ထိုင်၍ စောင့်ရင်း စိတ်ထဲတွင် လှုပ်လှုပ်ရွရွ ဖြစ်နေလေ၏။ မသန်းမြင့်တို့ ပြန်၍လာကြသော အခါ စာကို တွေ့သဖြင့် မိမိအပေါ်တွင် စိတ်ဆိုးနေလေမည်လောဟု အောက်မေ့ကာ မသန်းမြင့်၏မျက်နှာကို ကြည့်လိုက်ရာ မည်သို့မှ အမူအရာမပျက် အပြုံးမပျက်သည်ကို တွေ့ရမှ စိတ်အေးသွားလေ၏။

"ကိုင်း ဘယ်သွားကြဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ဖို့ပဲ ရှိတော့တာပဲ" ဟု မသန်းမြင့်ကပြောရာ မအေးစိန်က "နေပါဦးလေ၊ ကန်တော်ကြီး တစ်ပတ်လောက် ပတ်သေးတာပေါ့။ ဒီကမှ တစ်ခါ အင်းလျားကိုပတ်ပြီး ကျောင်းကိုပြန်ရင် မကောင်းဘူးလား" ဟု မေးမှ. . .

"ကောင်းတယ်၊ ကောင်းတယ်။ အားလုံး သဘောတူထောက်ခံပါတယ်" ဟု မိန်းကလေးများက ပျော်ရွှင်စွာ ပြောကြသဖြင့် ကျော်ဝင်းလည်း ကန်တော်ကြီးဘက်သို့ လှည့်၍မောင်းရလေ၏။ ကန်တော်ကြီးကို ပတ်မိကြပြီးမှ ကုက္ကိုင်းလမ်းတစ်လျှောက် အင်းလျားသို့ မောင်းရပြန်လေ၏။

မိန်းကလေးများကား တပျော်တပါးကြီး ရှိရကား တေးဆို၍ ပါလာကြလေ၏။ ထိုသို့ ပျော်ရွှင်စွာ လိုက်ပါလာကြရာ၊ အင်းလျားတစ်ဝိုက် အပျော်လိုက်ကြကုန်သော ဘတ်စ်ကားများနှင့် လမ်းတွင်တွေ့ဆုံ ဖြတ်မောင်းသွားသောအခါ ဘတ်စ်ကားပေါ်မှ "ဝေးဟေးဟေး" ဟု အော်သွားကြလျှင် မိန်းကလေးများကလည်း မခံဘဲ "ဝူးဟူးဟူးဟူး" ဟု ပြန်၍နောက်ကြလေ၏။ လွတ်လပ်ခြင်းသည်ကား စခန်းလမ်းဆုံးတိုင်အောင် ဖြစ်လေတော့၏။

သို့နှင့် အင်းလျားကန်ကြီးကို တစ်ပတ်,ပတ်ပြီး ကျောင်းသို့ပြန်ရောက်လာကြသောအခါ အတိုင်းထက်အလွန် ဆူညံကာ ပါလာကြလေ၏။ ကျောင်းထဲသို့ရောက်၍ ကားဆိုက်လိုက်သောအခါမှာမူ ကားပေါ်မှ ခုန်ပေါက်မြူးတူးကာ ဆင်းလာကြလေရာ အခြားကျောင်းသူများမှာ ၎င်းတို့၏ ရွှင်မြူးခြင်းကို သွားရည်ကျမိလေတော့၏။

"ကိုင်း ဘယ်လောက်ပေးရမလဲ"

"အို. . . ကိစ္စမရှိပါဘူး"

"လာပြန်ပြီလား၊ ကိစ္စမရှိဘူးဆိုတာ။ ရှင်က ကျွန်မတို့ကို နောက်ပိုးပြီး မယူတာလား ဟာဟ" ဟု မရယ်ချင့် ရယ်ချင်လုပ်ကာ မအေးစိန်က နောက်လိုက်သဖြင့် ကျော်ဝင်းတွင် မျက်နှာပျက်သွားပြီးမှ ဟန်လုပ်ရယ်ကာ "ဟား ဟား သိပ်နောက်ကြတာပဲ၊ ကျွန်တော် နောက် မလာဝံ့အောင် မလုပ်ပါနဲ့ဗျာ။ ဂုဏ်ချင်းမှ မတူဘဲ စိတ်မကူးဝံ့ပါဘူး"

"စိတ်ကူးတာပဲရှင်၊ ပိုက်ဆံပေးရတာလိုက်လို့" ဟု နောက်နေပြန်သောကြောင့် မသန်းမြင့်က စကားဖြတ်၍ "ကိုင်းလေ ကျွန်မတို့လည်း နောက်ကို စီးဖြစ်ချင်မှ စီးဖြစ်မှာ အခု ကားဖိုးရှင်းလိုက်မယ်"

"သဘောပါပဲ၊ ပေးချင်သလောက်ပေးပါ"

"ဟိုတုန်းကတစ်ခါ အခုတစ်ခါ ငွေတစ်ဆယ် တော်ပြီလား"

"မများဘူးလားဗျ ။ နောက်ထပ် တစ်ဆယ်လောက် ပေးပါဦး ဟဲဟဲ" ဟု ကျော်ဝင်းက ရယ်မော၍ပြောရင်း မသန်းမြင့်လည်း သားရေအိတ်ထဲသို့ နှိုက်လိုက်ရာ စာရွက်ခေါက်ကလေးကို တွေ့ရသဖြင့် "ဟင် ဘယ်ကစာပါလိမ့်" ဟုဆိုကာ ဖွင့်ဖတ်မည် လုပ်နေသောကြောင့် ကျော်ဝင်းတွင် မျက်နှာထားမရဲရှိသည့်အတွက် စာကိုမကြည့်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်အောင် "ကိုင်းလေ ငွေမလွယ် ဖြစ်ရင်လည်း နောက်မှ ယူတာပေါ့" ဟု ဆိုလိုက်မှ မသန်းမြင့်က "လွယ်ပါတယ်၊ ယူသွားပါ" ဟုဆိုရင်း စက္ကူလေးကို ပြန်လည်ထည့်သွင်းလိုက်ပြီးလျှင် ငွေစက္ကူတစ်ချပ်ကို ထုတ်၍ပေးလေ၏။

ကျော်ဝင်းသည်လည်း ကြာကြာမနေရဲသဖြင့် "ကဲ. . . ငွေလည်းရမှပဲ၊ စကားကြောရှည် မနေပါရစေနဲ့တော့" ဟုဆိုကာ ကားကိုလှည့်၍ မောင်းနှင်ထွက်သွားလေ၏၊

"ကဲ. . . ကျွန်မတို့ ဘယ်လောက်ပေးရမလဲ မသန်းမြင့်" ဟု မိန်းကလေးများကမေးရာ မအေးစိန်က မသန်းမြင့်အစား "တစ်ယောက် တစ်ကျပ်စီပေးလေ၊ ကျန်တာ မသန်းမြင့်နဲ့ ကျွန်မတို့ မျှခံမယ်။ လာလာ ကျောင်းပေါ်ကျမှပေး" ဟုဆိုကာ မိန်းကလေးများနှင့်တကွ ကျောင်းပေါ်သို့ တက်ကြလေ၏။

ကျော်ဝင်းတွင် မိမိဆန္ဒ ပြည့်ဝသွားသဖြင့် အလွန်အမင်း ကျေနပ်ကာ မသန်းမြင့်လက်ကလေးနှင့် ကိုင်၍ပေးလိုက်သော ငွေစက္ကူတွင် အငွေ့အသက်များ စွဲကပ်နေသည့်အလား အဖန်ဖန် နမ်းရှုပ်လိုက်ရာ ကားသည် လမ်းဘေးသို့ ထိုးသွားမှ ရုတ်တရက် သတိရပြီးလျှင် လက်ကိုင်ကို တည့်မတ်၍ပေးကာ ကျောင်းဆောင်သို့ မောင်းခဲ့လေ၏။

ကျောင်းသို့ပြန်ရောက်သောအခါ ဝမ်းသာအားရ ရှိလှသဖြင့် ကားကို ကမန်းကတန်း ဆိုက်ရပ်ကာ ကျောင်းပေါ်သို့ အူယားဖားလျား ပြေးလွှား၍ တက်ပြီးလျှင် ဘဦးတို့ကို မြင်သည်နှင့် တစ်ပြိုင်နက် "ဖိုးကော်ကွ ဖိုးကော်" ဟု ဟစ်အော်ကာ မိမိအခန်းဆီသို့ ပြေးလေ၏။ ဘဦး၊ သိန်းဖေနှင့်တကွ အခြားကျောင်းသားများလည်း ကျော်ဝင်းထံသို့ အားရွှင်လန်းသော မျက်နှာများဖြင့် ပြေး၍လာကြလေရာ ကျော်ဝင်း၏အခန်းထဲတွင် ကျောင်းသားများ ရှုပ်ယှက်ခတ်၍သွားလေ၏။

"ဘာကော်တာလဲဗျ၊ ခုံဖိနပ်လား" ဟု သိန်းဖေက မေးလိုက်ရာ ကျောင်းသားများ သဘောကျ၍ ဟားတိုက်လိုက်ကြလေ၏။ ကျော်ဝင်းက အမြင်ကတ်သည့်မျက်နှာမျိုးဖြင့် "ခုံဖိနပ် မဟုတ်ဘူး၊ ပိန်းတန်း၊ ပိန်းတန်း" ဟု ပြောလိုက်သဖြင့် ကျောင်းသားများ ထပ်မံ၍ သဘောကျပြန်လေ၏။

ထိုအခါမှ ဘဦးက "ဘယ့်နှယ်လဲ ကိုယ့်လူ၊ ဟိုဒင်း နေရာကျခဲ့ရဲ့လား"

"အို. . . ကျော်ဝင်းကြံရင် ဘာခံနိုင်မလဲကွ" ဟု ကြုံးဝါးသံပြုပြီးလျှင် စာပေးခဲ့ပုံကို ပြောပြပြီးနောက် မသန်းမြင့် ပေးလိုက်သော ငွေစက္ကူတစ်ဆယ်တန်ကို ထောင်ပြကာ "ဖိုးကော်ကွ၊ ဖိုးကော်" ဟု ဆိုပြန်လေ၏။

"ဒါဖြင့် ကျုပ်တို့လည်း အမျှဝေပါဦးဗျာ" ဟု ဆိုကာ ကျောင်းသားများသည် ငွေစက္ကူကို ဆွဲလု၍ "သူကိုင်တာ ဒီနေရာကလေးကွ" ဟု ဆိုကာ တစ်ယောက်တစ်လှည့်စီ နမ်းရှုပ်ကြသဖြင့် ငွေစက္ကူမှာ စိစိညက်ညက် ကြေသွားရာ သိန်းဖေက "အမယ်လေး

www.burmeseclassic.com

www.burmeseclassic.com

ဟိုမှာ တက်နေပြီ၊ တက်နေပြီ" ဟု ဆို၍ ကျော်ဝင်း၏ရင်ဘတ်ကို ပြေး၍နှိပ်သဖြင့် ကျော်ဝင်းကလည်း မေ့သွားဟန် ဟျော့ခွေ၍ လှဲလိုက်ပြီး မျက်နှာကြီး ပြုံးစိစိ လုပ်ထားသဖြင့် ဝါးကနဲ ကျောင်းသားတို့၏ ပွဲကျသွားသောအသံ ပေါ်လာလေ၏။

"ဟောဒီ ငွေစက္ကူကို မသုံးနဲ့၊ မှန်ဘောင်သွင်း၊ ခေါင်းရင်းမှာ ချိတ်ထားပြီး အိပ်ရာဝင်တိုင်း တစ်ည ဦးသုံးကြိမ်ကန်တော့"ဟု သိန်းဖေက နောက်လိုက်ပြန်လေ၏။

"ကိုင်း ဆရာ ကျွန်တော် ပြန်တော့မယ်" ဟု ပြောသံကြားမှ ကျော်ဝင်းသည် တံခါးဝတွင် ရပ်နေသော ဒရိုင်ဘာကို သတိရကာ "ဩော် မေ့နေလို့ဗျာ" ဟု ပြောလိုက်ရာ သိန်းဖေက "မေ့နေရင် နှာနှပ်လဗျာ" ဟု ဆိုလိုက်သဖြင့် ကျောင်းသားများက "လာပြီကွ၊ လာပြီ၊ ညပ်ကြီးဘိုးအေ ကပ်ကြီး ကပ်ကြီး" ဟု သိန်းဖေအား ဝိုင်း၍နောက်ကာ ရယ်ကြလေ၏။

"ခင်ဗျားတို့ ကြီးဒေါ် ကပ်ကြီးလားဗျ" ဟု သိန်းဖေက မျက်စောင်းထိုး၍ပြောရာ ဘဦးက "ခင်ဗျားအမေ ခင်ဗျားကို ကပ်ပေါ်မှာမွေးလို့ ကပ်ကြီးပေါ့ဗျ" ဟု ဝင်၍ရွတ်သဖြင့် ဝါးကနဲ ဆူညံသွားပြန်၏။

ကျော်ဝင်းလည်း မသန်းမြင့်ပေးသော ငွေတစ်ဆယ်ကို အသာဖယ်၍ တရုတ်ဘဏ်တိုက်မှ ထုတ်ထားသော ငွေများကို တွက်ချက်ကာ ဒရိုင်ဘာအား ပေးလိုက်ရာ သိန်းဖေက "ဤသို့ နောက်ပိုး၍ ပေးကမ်းကုန်ကျရသော ကုသိုလ်ကောင်းမှုကြောင့် ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ ဘဝဆက်တိုင်း ဆင်ဖြစ်လည်း တစ်ကိုင်းထဲ နားကြပါစေ၊ ငှက်ပြာရည်ဖြစ်လည်း တစ်ပုလင်းထဲ ဝင်ကြရပါစေလို့ ဆုတောင်းလဗျာ" ဟု ဒရိုင်ဘာအား ပြောလိုက်ရာ ဒရိုင်ဘာနှင့် ကျောင်းသားများ တဟားဟား ဖြစ်နေပြန်လေ၏။

"ကိုင်း. . . ခင်ဗျားနာမည် တဆိတ်ပြောခဲ့ပါဦး " ဟု ကျော်ဝင်းက ငွေပေးရင်း နာမည်ကို မေးလေ၏။

"ကျွန်တော့်နာမည် စံတင်တဲ့။ ကျောင်းကလူတွေ ကျွန်တော့်ကို သိတဲ့လူများပါတယ်။ အမြဲပို့နေရတာပဲ။ ပိုက်ဆံရှိတဲ့အခါလည်းပေး၊ မရှိတဲ့အခါလည်း အကြွေးပေါ့။ ခင်ဗျားတို့ ဘယ်ကိုပဲ သွားချင်၊ သွားချင် ကျွန်တော့်ကို ပြောပါ" ဟု ပြောပြီး ကျော်ဝင်းအား "နောက် တနင်္ဂနွေနေ့ လာခဲ့ရဦးမလား ဆရာ" ဟု မေးရာ. . .

သိန်းဖေက ကြားဝင်၍ "မလာနဲ့ဗျာ၊ မအားဘူး၊ နောက်တနင်္ဂနွေနေ့ သူ အချုပ်ခံစရာ ရှိသေးတယ်" ဟု နောက်လိုက်သဖြင့် ဒရိုင်ဘာမှာ တက္ကသိုလ်ကျောင်းသားတို့၏ ဟာသကို သဘောကျကာ ရယ်မောလျက် "သွားပါဦးမယ်" ဟု နှုတ်ဆက်ရာ "သွားပါဦးတော့ဗျို့။ လူကြီးတွေ မရှိသေးလို့" ဟု သိန်းဖေက ထပ်၍ နောက်လိုက်သဖြင့် ကြာကြာမနေရဲတော့ဘဲ ပြေးရလေတော့၏။

ဖွင့်လျှင်ဖွင့်ခြင်း မိမိမမြင်ဖူးသော လက်ရေးများကို တွေ့ရာက စာ၏အစကို

www.burmeseclassic.com

www.burmeseclassic.com

ဖတ်လိုက်ရာ မေတ္တာကို အကြောင်းပြု၍ ရေးထားသောစာဖြစ်ကြောင်းကို သိရသဖြင့် အံ့သြခြင်းသည် ပိုမိုကြီးမားလာကာ စာကို ဖတ်လိုက်သောအခါ စကြဝဠာတစ်ခုလုံး သိမ့်သိမ့်ခါအောင် ချာလပတ်လည်၍သွားသကဲ့သို့ ဖေအာက်မေ့မိလေ၏။ တစ်ကိုယ်လုံး ထူပူဖိန်းရှိန်းကာ၊ တုန်တုန်ယင်ယင် ဖြစ်လာပြီးလျှင် စာဆုံးအောင် ဖတ်မိသောအခါ ဒေါသမီး တဟုန်းဟုန်း တောက်လောင်ကာ "ငါကဲ့သို့ ကျောင်းသူလေးတစ်ယောက်ကို ဘာမဟုတ်၊ ညာမဟုတ်၊ အနုတ်စုတ်ဂုတ်စုတ် ကားမောင်းသမားက စာပေးတာခံရလေခြင်း" ဟု ဝမ်းလည်းနည်း ဒေါသလည်းဖြစ်ကာ၊ ငိုချင်ပက်ကျိ ဖြစ်မိလျှက် စာရွက်ကလေးကို လက်ထဲတွင် စိစိညက်ညက်ကျေအောင် ချေမွပစ်လိုက်၏။

ရှက်လည်းရှက်၊ ငိုလည်း ငိုချင်၊ ဒေါသလည်းဖြစ်၊ ဝမ်းလည်းနည်းလျက် မိမိအား ဤကဲ့သို့ စာပေးခံရခြင်းအတွက် မည်ကဲ့သို့ အရေးယူမည်ကို အကြံရခက်နေလေ၏။ မအေးစိန်တို့အား ပြောပြကာ အကြံတောင်းမည်ဟု စိတ်ကူးမိပြီးမှ ပြောလိုက်လျှင် အကြောင်းစုံပေါ်၍ လူတကာ သိကုန်မည် ဖြစ်သဖြင့် သာ၍ပင် ရှက်ဖို့ကောင်းလှသောကြောင့် မသန်းမြင့်သည် မိမိစိတ်ထဲတွင် ဗြောင်းဆန်ငပွနောက် ဘယောက်ဘယက် ဖြစ်နေသည်များကို ကြိတ်မှိတ်၍ ခံစားကာ မည်သို့စီမံရမည်ကို အကြံရခက်သည့်အလျောက် မောင်ဘတင့် (ကျော်ဝင်း) အားတွေ့လျှင် ရှက်သွားလောက်အောင် ပြော၍ ခွေးဆိုသလို ဆိုလိုက်မည်ဟူ၍ပင် နှလုံးပြုမိလေ၏။

သို့သော် မောင်ဘတင့် (ကျော်ဝင်း) နှင့်တွေ့အောင် မည်သို့ပြုလုပ်ရမည်ကို စဉ်းစား၍မရရှိနိုင်လေ၏။ နောက် တနင်္ဂနွေတွင် တွေ့ဖို့ရန်မှာ မမှာလိုက်သောကြောင့် မောင်ဘတင့် (ကျော်ဝင်း) လာလိမ့်မည် မဟုတ်သဖြင့် တွေ့နိုင်ဖို့ ခဲယဉ်းနေလေ၏။ မသန်းမြင့်စိတ်ထဲတွင် ဘတင့် (ကျော်ဝင်း)အား ယခုလောလောဆယ်တွေ့၍ ပြောလိုက်ဆိုလိုက်ချင်လှတော့၏။

ထိုသို့ ဖြစ်ရာမှတစ်ဖန် လုံးထွေးချေမွထားသော စာကိုကောက်ယူ၍ ဖြန့်ကြည့်ကာ ဖတ်မိပြန်လေ၏။ ပထမဖတ်စဉ်ကမူ အံ့သြခြင်း၊ ဒေါသထွက်ခြင်းကြောင့် စာကို သေသေချာချာ မဖတ်မိဘဲ ယခု ဖတ်ကြည့်လိုက်သောအခါမှာမူ ဖွဲ့ကာနွဲ့ကာ၊ ချွဲချွဲပျစ်ပျစ် အောက်ကျို့အသနားခံလျက် မတူမတန်သည်ကို သိပါသော်လည်း အချစ်တို့မည်သည် အလွန်ဆန်းကြယ်သည့်အတွက် စိတ်ဒုက္ခဝေဒနာဆိုးကြီး ခံစားနေရသည့်အကြောင်း၊ မမှီသောပန်းကို ဆွတ်လှမ်းရန် ပြုလုပ်ခြင်း ဖြစ်သည့်အတွက် မသန်းမြင့်၏ မေတ္တာတုံ့ပြန်ခြင်းကို ရနိုင်လိမ့်မည်ဟု မျှော်လင့်စရာအချက် တစ်ကွက်မျှ မမြင်သော်လည်း မိမိစိတ်ထဲတွင် မျိုသိပ်ကြိတ်မှိတ်၍ မရနိုင်အောင် ဖြစ်ပေါ်လာသော မေတ္တာအရှိန်တို့မှာ မသန်းမြင့် သိအောင် ဖွင့်ဟဖော်ပြခြင်း မလုပ်ရသမျှ ထိုဒုက္ခမီးသည် တဖြည်းဖြည်း ကြီးမားကာ လူတစ်ကိုယ်လုံး ညှိုးနုံးနွမ်းရိမချိ ပူလောင်ကာ သေလောက် မလောက် ဖြစ်ရတော့သည့်အတွက်တာကြောင့် ထုတ်ဖော်လိုက်ရာမှ သက်သာရလိမ့်

www.burmeseclassic.com

မည် မျှော်လင့်လျှက် ဤစာကို ရေးရကြောင်း၊ မျှော်လင့်ခြင်းတို့မည်သည်မှာ လူတကာတွင် ရှိတတ်မြဲဖြစ်သည့်အတိုင်း မိမိမှာ မရနိုင်သည့်အချက်ကို ဆန့်ကျင်ဘက်ပြု၍ မျှော်လင့်ကာသာလျှင် နဖူးစာဖက် ရေစက်မှန်ပါက မသန်းမြင့်၏မေတ္တာကို ရရှိပေလိမ့်မည်ဟူ၍ စိတ်နှလုံးဖြေဖျော်ရသည့်အကြောင်း၊ ဤစာကို ရေးရခြင်းအားဖြင့် မသန်းမြင့်၏ မေတ္တာတုံ့ပြန်ခြင်းကို ရနိုင်မည်မဟုတ်၍ မိမိအား မေတ္တာရှိပါရန် တိုက်တွန်းလှုံ့ဆော်ခြင်း မပြုဝံ့ငြားသော်လည်း မေတ္တာ၏အောင်မြင်သော အစွမ်းသတ္တိကို ယုံကြည်ကာ တစ်နေ့တွင် မသန်းမြင့်ထံမှ "ချစ်ပါတယ်" ဟူသောစကားကို ကြားရလိမ့်မည်ဟု မျှော်လင့်လျက် ထိုသို့ကြားရခြင်းနှင့်ပင် ကျေနပ်ရပါတော့မည့်အကြောင်း၊ စသည်များကို တစ်ဖက်သားစိတ်ယိုဖိတ်၍ နူးညွတ်၍လာစေမည့် အရေးအသားဖြင့် ဖွဲ့နွဲ့ကာ စီကာပတ်ကုံး ရေးသားထားသည်များကို ဖတ်ရှုရသဖြင့် ခဏမျှသောကာလအတွင်းဝယ် မိမိဖြစ်ခဲ့သော ဒေါသစိတ်သည် ပြေချင်သလိုလို ဖြစ်သွားလေ၏။

ဤကဲ့သို့ မတူမတန်သည်ကို မောင်ဘတင့် (ကျော်ဝင်း) ကိုယ်တိုင် သိလျက်နှင့် အရဲစွန့်၍ မိမိအား ဤစာကို ပေးခြင်းသည် တော်ရုံမျှသော မေတ္တာလောက်နှင့် ရေးမည်မဟုတ်ဟု စိတ်ဝင်စားခြင်းဖြစ်ကာ သနားခြင်း၏ အငွေ့အသက်များ ဖုံးလွှမ်းသကဲ့သို့ ရှိလာလေ၏။ သို့သော် ထိုစိတ်ကို ခဏတာမျှ တည်တန့်ကာ 'လူချင်းတွေ့ရတာမှ ဘာမျှမကြာသေးဘူး၊ ငါ့ကို ဒါလောက်တောင် မေတ္တာရှိတယ်ဆိုတာ ယုံနိုင်စရာမဟုတ်၊ ကလေးသူငယ်၊ လူပျိုပေါက်၊ ရှူးရှူးနှမ်းနှမ်းကလေးမှ မဟုတ်ဘဲ။ မဖြစ်နိုင်ဘူးဆိုတာ တစ်ထစ်ချ သိဖို့ကောင်းရက်ကနဲ့ ဒီလိုစာပေးတာကိုထောက်ရင် ငါ့ကို တမင်နောက်တာပဲ" ဟု ယူဆကာ ဒေါသပြန်၍ ဖြစ်လာလေ၏။

ထိုသို့ ဒေါသဖြစ်ကာ ဘတင့်(ကျော်ဝင်း)အား မိမိကို ဤကဲ့သို့ နောက်ရန် အမျိုးအစားထဲက မှတ်လို့လားဟု ရန်တွေ့ရန်၊ မည်သို့မည်ပုံ ပြောလိုက်မည် ဆိုလိုက်မည်များကို စိတ်ထဲတွင် စိတ်ကူးနေရာမှ "သူ ဒီလိုလည်း လုပ်ဝံ့မယ် မထင်ပါဘူး။ မတူမတန်မှန်း အသိသားပဲ။ တကယ်လို့ ပိုးချင်ပန်းချင်တောင် စိတ်ထဲက ကြိတ်ပြီး ပိုးမှာပဲ။ အခုလို အတိအလင်း ရဲရဲတင်းတင်းတော့ လုပ်မှာမဟုတ်ဘူး။ ဒီဒင်းဟာ မအေးစိန်တို့ နောက်တာဖြစ်မှာပဲ" ဟု စိတ်တစ်မျိုးပြောင်းပြန်ကာ စာကိုပုံ့နေအောင် ဖြန့်၍ သေချာစွာ ပြန်ခေါက်လျက် လုံခြုံသည့်နေရာတွင် သိမ်းဆည်းထားလိုက်ပြီးလျှင် မအေးစိန်တို့ အရိပ်အကဲကို ကြည့်ပြန်လေ၏။

ထိုသို့ အကဲခတ်ပြန်ပါသော်လည်း မအေးစိန်တို့က မည်သို့မျှ ထိုအကြောင်းနှင့်ပတ်သက်၍ စကားရိပ်၊ နိမိတ်လည်းမသန်း၊ ဘတင့် (ကျော်ဝင်း) အကြောင်းကိုလည်း စကားမစ၊ ထိုစာကိုရေးသော လက်ရေးမျိုးမှာ မိမိ၏အသိများ လက်ရေးနှင့် အလျဉ်းမတူ။ ယောက်ျား ရေးသော လက်ရေး အစစ်ဖြစ်သည်ကို ဆင်ခြင်မိပြန်သဖြင့် တစ်ဖန်ဒေါပွမိပြန်လေ၏။

www.burmeseclassic.com

သို့နှင့် မသန်းမြင့်မှာ စိတ်နှလုံးပွေနောက် ဂယောက်ဂယက်ဖြစ်ကာ၊ တစ်နေ့လုံး သုန်သုန်မှုန်မှုန် မှိုင်မှိုင်တွေတွေ ဖြစ်နေသည်ကို မအေးစိန်နှင့်တကွ အခြားကျောင်းသူကလေးများ တွေ့မြင်ရလေရာ. . .

"မသန်းမြင့် ဘာဖြစ်လို့လဲ။ မှိုင်လှချည်ကလား" ဟုမေးကြရာ၊ မိမိ၏စိတ်ထဲတွင် ဖြစ်ပျက်သမျှကို ရိပ်မိသွားလေပြီလောဟု ရုတ်တရက်သော် မျက်နှာပျက်သွားပြီးမှ "မဟုတ်ပါဘူးရှင် မမှိုင်ပါဘူး။ မနက်က ဘုရားသွားတာ နေပူမိသွားပြီး ခေါင်းထဲမှာ မူးနောက်နောက် ဝေတေတေ ဖြစ်နေလို့ပါ" ဟု လည်ဆယ်၍ပြောလိုက်ရလေ၏။

"အို. . . ဒါလောက်ကလေးနဲ့ မသေနိုင်ပါဘူး။ မသန်းမြင့်တို့က အသည်းငယ်လိုက်တာ လွန်နေတာပဲ။ ကိုင်းလေ ချွေးကလေး ဘာကလေး ထွက်သွားအောင် ပင်ပေါင်ရိုက်ရအောင်။ ချွေးထွက်ရင် နေကောင်းသွားမှာပဲ" ဟု ကျောင်းသူကလေးတစ်ယောက်ကပြောရာ မအေးစိန်က "ချွေးထွက်တာကတော့ နားလည်ပါပြီ၊ ဘာကလေး ဆိုတာကတော့ ဘယ်ဟာ ထွက်တာလဲ" ဟု ပြုံး၍မေးရာ. . .

"လာပြီ၊ သူကတော့ အထအန သိပ်ပြီးကောက်ချင်တယ်။ တယ်ပြီးကြားချင်တယ် မှတ်တယ်။ ပြောလိုက်ရ မကောင်းဘူး။ ဘာကလေးဆိုတာက 'ဘူ' ဆိုတဲ့အသံထွက်တာကိုပြောတာ။ ကြာတော့ အမြင်ကပ်လာရော" ဟု ပထမပြောသူက ပြောလိုက်သဖြင့် အများသဘောကျ၍ ရယ်ကြသောကြောင့် မသန်းမြင့်ကလည်း ရယ်မိရာမှ ၎င်းတို့ ဆွဲငင်ရာသို့ပါကာ ပင်ပေါင်ရိုက်ရန် လိုက်ပါသွားလေတော့၏။

ကျော်ဝင်း၊ ဘဦး၊ သိန်းဖေတို့မှာကား ပူးပူးတွဲတွဲ မခွဲမခွာ ရင်းနှီးစွာ ပေါင်းသင်းကြသူများ ဖြစ်သဖြင့် ၎င်းတို့သုံးဦးအား တစ်ယောက်ယောက်အခန်းတွင် အမြဲတမ်း တွေ့နိုင်လေ၏။ ထိုနေ့တွင် ကျော်ဝင်းမှာ စွန့်ခြင်းကြီး ငါးပါးတွင် နောက်ထပ်၍ တစ်ပါးတိုးသော "နောက်ပိုးခြင်းတို့၏ အရဲစွန့်ခြင်း" ဖြင့် မသန်းမြင့်အား စာပေးလိုက်ခြင်းဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ ပြောမဆုံးနိုင်ဘဲ၊ ၎င်း၏အခန်းထဲတွင် သုံးဦးသား ဆွေးနွေးနေကြလေ၏။

ဘဦးကား ကစားခုန်ကစားဘက်တွင် ပညာရေးထက်ပိုမို အာရုံပြုသူတစ်ဦးဖြစ်သဖြင့် စားကောင်း၊ သောက်ကောင်း ဝဝဖြိုးဖြိုး ရှိသဖြင့် တွေကရာနေရာတွင် လှဲကာမှီကာ စည်းစိမ်ယူရမှ နေတတ်၊ ထိုင်တတ်သူ ဖြစ်သည့်အတိုင်း ကျော်ဝင်း၏ ကုတင်ပေါ်တွင် လှဲလျောင်းနေရင်း 'ဇိမ်' ယူ၍နေလေ၏။

သိန်းဖေကား ကိုယ်လုံးကိုယ်ပေါက် ခပ်သွယ်သွယ်၊ ဆံပင်မျက်ခုံးကောင်း၍ မျက်နှာပေါက်ရောက်ပုံမှာ လူကိုယ်တိုင်က ရယ်စရာရွှင်စရာပြောဆို နောက်ပြောင်တတ်သလောက် မြင်ရုံနှင့် ရယ်ချင်စရာမျက်နှာမျိုးတွင် မျက်မှန်အဝိုင်း လိပ်ခွံကိုင်းတပ်ထားသဖြင့် 'ဟယ်ရိုလွိုက်' ဟူ၍ ကျောင်းသားများက နာမည်ပေးထားခြင်း ခံရလေ၏။ ၎င်း၏ပါးစပ်မှ ဗလွတ်ရွတ်တ တောင်စဉ်ရေမရ ပြောတတ်သလောက် နေပုံထိုင်ပုံမှာ

www.burmeseclassic.com

လည်း ဂဏ္ဍာမငြိမ်ရှိကာ ထိုင်ချင်ထိုင်၊ ထချင်ထ၊ ကွချင်ကွ၊ ကုန်းချင်ကုန်း စိတ်ထင်သလို နေတတ်သည့်အလျောက် စားပွဲခုံပေါ်တွင် ဓမ္မကထိက ထိုင်နည်းမျိုးဖြင့် တင်ပလ္လင်ဖွဲ့ခွေကာ ဒူးနှုန့်၍ ထိုင်နေလေ၏။

ကျော်ဝင်းကား ကုလားထိုင်တွင်ထိုင်လျှက် မသန်းမြင့်နှင့် ပတ်သက်၍ စိတ်ထဲတွင် ပေါ်လာသမျှ ပြောပြကာ " အင်း ထိတော့ ထိုးလိုက်ပြီ၊ သုံးဆယ့်ခြောက်ကောင် ဘယ်အကောင်ပေါက်မလဲ မသိဘူး" ဟု ပြောသဖြင့် သိန်းဖေက "ခုံဖိနပ်ပေါက်လိမ့်မယ် ထင်တာပဲ" ဟု ပြော၍ရယ်လေ၏။

ဘဦးလည်း အိပ်ရာပေါ်မှ အပျင်းထုတ်ကာ ဝါးကနဲ သန်းဝေလျှက် "စာပေးတာကတော့ ပြီးပြီ၊ နောက်လုပ်ဖို့ဟာက ထပ်ပြီးတွေ့ရအောင် ကြံဖို့ဟာနဲ့၊ သူ့စကားပြန်ဘယ်လိုလဲဆိုတာ သိရအောင် စောင့်ဖို့ပဲ။ သူ့ဆီက စကားပြန်မရသေးသမျှ ကျောင်းတက်တဲ့အခါ သူမတွေ့အောင် ရှောင်ဖို့လည်းလိုတယ်" ဟု ပြောလိုက်စဉ် တစ်ဘက်သော အခန်းထဲမှ. . .

"အော် မိန်းမ၊ မိန်းမ၊ မရှိလည်းခက်၊ ရှိလည်းခက်ပါတကား" ဟု စာသံပေးသံဖြင့် ညည်းညူသံကို ကြားရ၍ ကျော်ဝင်းတို့လူစုမှာ ပြုံးရယ်မိကြကာ သိန်းဖေက အသံကျယ်စွာနှင့် "ဗျို့ ဟိုဘက်ကလူ၊ ခင်ဗျား တရားကျပြီး တောထွက်သွားမယ်ကြံရင် လက်ဖက်ရည်အကြွေးတွေ ရှင်းသွားပါဦး။ အခု ကိုယ်တော်ကြီး ဘယ်ကြွမလို့လဲ၊ ဂိဇ္ဈကုဋ်တောင်ကိုလား"

"မဟုတ်ဘူး ကဇော်ဆိုင်ကို" ဟု ပြန်နောက်သံ ကြားရသဖြင့် သိန်းဖေလည်း ရယ်မောကာနေလေ၏။

ကျော်ဝင်းလည်း ဘဦးနှင့် စီစဉ်သည့်အတိုင်း ကျောင်းတက်သည့်အခါများ၌ မသန်းမြင့်နှင့် မတွေ့အောင် ရှောင်ရကာ ကြည့်လည်း ကြည့်ချင်လှသေးသဖြင့် လွတ်လပ်ရာ အခန်းထဲဝင်၍ ချောင်းမြောင်းကြည့်ရှုရလေ၏။ မိန်းမများ စုဝေးရာ ကွန်မွန်းရွမ်းအနားမှ ဖြတ်သွားသည့်အခါ မတော်တဆ တွေ့မြင်၍သွားမည်စိုးသဖြင့် ခေါင်းငုံ့၍လည်းကောင်း၊ နေရောင်ကာ မျက်မှန်အနက်ကြီးကို တပ်ဆင်၍လည်းကောင်း သွားရလေ၏။ တစ်ခါတွင် ကြော်ငြာနို့တစ်စာများ ကပ်ထားရာ ကြော်ငြာသင်ပုန်းနားတွင် မသန်းမြင့်နှင့် ရင်ဆိုင်တိုးနေလေရာ ရုတ်တရက် မျက်မှန်တပ်ရန်ခက်ကာ အကြံရကြပ်နေပြီးမှ မျက်စိကို စွေစောင်းသည့် ဟန်မျိုးလုပ်ကာ၊ ခြေတစ်ဖက်ကို ထော့နင်းထော့နင်းလုပ်၍ လျှောက်သွားပြီး၊ အကွယ်တစ်နေရာသို့ရောက်မှ သုတ်ခြေတင်၍ ကျောင်းပေါ်သို့ တက်ပြေးရလေ၏။

သို့တွေ့လိုက်ရသည်တွင် မသန်းမြင့်မှာ တယ်ပြီးတူပါကလားဟု စိတ်ထဲတွင်ထင်မိရာက မျက်စိစောင်း၍ ခြေထော့နဲ့ ဖြစ်သည်ကို ခြားနားခြင်း တွေ့ရသဖြင့် ရင်၏ရှုပ်ရည်နှင့် သွားပုံ၊ လာပုံကိုကြည့်ကာ ရယ်မိလေ၏။

www.burmeseclassic.com

ကျော်ဝင်းလည်း မိမိဖြစ်ပျက်ပုံကို ရယ်ချင်လှသဖြင့်၊ ဘဦးတို့အား ပြောပြရန် 'ဆိုင်းလင့်ရွှမ်း' ခေါ် တိတ်ဆိတ်စွာဖတ်ရန် အခန်းထဲတွင် ရှာလေ၏။ ထို ဆိုင်းလင့်ရွှမ်းမှာ တိတ်ဆိတ်စွာ စာဖတ်ရန် ရည်ရွယ်ပြုလုပ်ထားသော အခန်းဖြစ်သော်လည်း များသောအားဖြင့် ကျောင်းပြေးများ ပုန်းအောင်းရာ နေရာဖြစ်ပြီးလျှင်၊ ကျယ်လောင်စွာ ငြင်းကြခုံကြ ရယ်မောပြောဆိုကြလေ့ရှိသော အခန်းကြီး ဖြစ်သဖြင့် ထိုအခန်းတွင် ဘဦးတို့ ရှိလိမ့်အမှတ်ဖြင့်သွားရာ ဘဦးကို မတွေ့ရ၊ အောင်မြင့်ကို တွေ့ရလေ၏။ (အောင်မြင့်ကား ကျော်ဝင်းအား ကားငှားပေးသူ နေ့ကျောင်းသားပင်တည်း။)

"ဟင်. . . ကိုအောင်မြင့်ပါလား။ ကိုဘဦးတစ်ယောက် မတွေ့ဘူးလား"

"မတွေ့ဘူးဗျ၊ သူ အတန်းတက်နေတယ် ထင်တယ်၊ ကျွန်တော် ဘန့်လုပ်နေတာ၊ ခင်ဗျားကော ငါ့ကဲ့သို့သော ယောက်ျားအာဇာနည်ပဲ မှတ်တယ်"

"အစစ်ပေါ့။ ကျွန်တော်လည်း ဘန့်လုပ်နေတာပဲ။ နောက်အချိန်အားတာနဲ့ တစ်ချိန်တည်း တက်ရမှာမို့ ပျင်းလို့နေ့ဝက် ဟောလီးဒေး လုပ်ပစ်လိုက်တာပဲ။ ပုဂံဟောလ် ပြန်မလို့ဟာ မသန်းမြင့်နဲ့ တွေ့တာနဲ့ အပေါ်ကို ပြေးလာရတယ်"

"ဒါဖြင့် ခင်ဗျားပြန်ရင် ကျွန်တော်လည်း လိုက်ခဲ့မယ်" ဟု ပြောပြီးလျှင် အောင်မြင့်လည်း မိမိ၏အတန်းသားတစ်ယောက်အား နောက်အချိန်ပါ ဆက်လက်၍ နာမည်ထူးပေးရန် မှာခဲ့ပြီးလျှင် ကားများထားသောရုံသို့ သွားကြကာ ကားထုတ်၍ ပုဂံကျောင်းဆောင်သို့ သွားကြလေ၏။

ကျော်ဝင်း၏အခန်းသို့ ရောက်သောအခါ အောင်မြင့်လည်း အေးအေးလူလူ အပေါ်အင်္ကျီချွတ်၊ ကျော်ဝင်း၏လုံချည်ဟောင်းတစ်ထည် လဲဝတ်လျက် စကားစမြည် ပြောရင်း အိပ်ရာပေါ်တွင် လဲလျောင်းနေလေ၏။

"ဘယ့်နှယ်လဲဗျ၊ ခင်ဗျားကိစ္စ တော်တော်နေရာကျပြီလား"

"တော်တော်ကလေးတော့ ခရီးရောက်ပြီ ဆိုပါတော့" ဟု ကျော်ဝင်းက ဖြစ်ပျက်ခဲ့သမျှ အကျိုးအကြောင်းများ ပြောပြနေလေ၏။

ညနေ ၄-နာရီ ထိုးသဖြင့် လက်ဖက်ရည်ခေါင်းလောင်း လှုပ်သည့်အခါ ကျော်ဝင်းက "လာဗျာ၊ လက်ဖက်ရည် သွားသောက်ရအောင်" ဟု အောင်မြင့်အား ခေါ်လျက် ထမင်းစားခန်းသို့ သွားရောက်ကြလေ၏။ လက်ဖက်ရည် သောက်နေကြစဉ် စာအုပ်ပိုက်လျက် ဘဦးနှင့် သိန်းဖေတို့ ဝင်ရောက်လာကြသည်ကို တွေ့ရလေ၏။ ဘဦးတို့လည်း ကျော်ဝင်းတို့စားပွဲတွင် ဝင်သောက်ကြကာ ဘဦးက. . .

"ကိုအောင်မြင့်၊ ညနေ ရေကူးလိုက်မလား"

"ကောင်းသားပဲ၊ ခင်ဗျားမှာ ဆွမ်းမင်းဒရက်စ် အပိုရှိသလား"

"ကိစ္စမရှိပါဘူး၊ ချွတ်ပြီးချိုးပေါ့" ဟု သိန်းဖေက ရွတ်လေ၏၊

"ကျွန်တော့်အကျီ ယူပါလားဗျ၊ ကျွန်တော် ရေကူးမလိုက်ချင်ဘူး" ဟု

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းက ပြောသဖြင့် "ဒါဖြင့်လည်း နေရာကျသားပဲ" ဟု အောင်မြင့်က ဆိုလေ၏။

"ဘာလဲ ခင်ဗျား ကားမောင်းဦးမလား" ဟု ဘဦးက မေးရာ. . .

"အစစ်ပေါ့၊ ခင်ဗျား တယ်ပြီး သိတဲ့လူပဲ"

"သိဆို ကျွန်တော့်ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်"

သိန်းဖေ "ဒါဖြင့် ရွှေတိဂုံစောင်းတန်းသွားပြီး ကျောက်သင်ပုန်းတစ်ချပ်နဲ့ ငိုက်နေချေပါလား" ဟု ပြောဆိုရယ်မောကြကာ လက်ဖက်ရည်စားပွဲမှ ထကြလေ၏။

ထို့နောက် သိန်းဖေ၊ ဘဦးနှင့် အောင်မြင့်တို့ ရေကူးရန် ထွက်သွားကြသော အခါ ကျော်ဝင်းလည်း အောင်မြင့်၏ ကားကိုယူကာ ပြည်လမ်းမကြီးသို့ မောင်းလေ၏။ ထိုသို့ မောင်းနှင်ရာတွင် အာကာသကောင်းကင်ကြီးတွင် တိမ်ညို၊ တိမ်ပုပ် မိုးသားတွေ အုံ့မှိုင်း၍လာသည်ကို တွေ့ရသဖြင့် မိုးရွာမည်ကို စိတ်မချရသောကြောင့် တံတားလေးမှ လှည့်၍ ကုက္ကိုင်းလမ်းမှ ပြန်မောင်းလာလေ၏။ အေးမြသောလေသည် အင်းယားကန်ကြီးမှဖြတ်၍ တိုက်ခတ်လိုက်သည်ကို တွေ့ရသဖြင့် မိုးရွာတော့မည်မှာ မဝေးတော့သည်ကို သိရသည့်အလျှောက် ကားကို မိုင်ပို၍ မောင်းလေ၏။

ယူနီဗာစီတီအဲဗင်းနယူးလမ်းထဲသို့ ချိုးဝင်လိုက်သောအခါ ရှေ့တွင် မသန်းမြင့်တို့ မိန်းကလေးတစ်သိုက် အညောင်းပြေ လမ်းလျှောက်ရာမှ မိုးစက်ကလေးများ ကျလာသဖြင့် ခပ်သုတ်သုတ် သွားနေကြသည်ကို တွေ့မြင်ရသဖြင့် ၎င်းတို့ကို အမှီ လိုက်လေ၏။

မိုးသည် ခပ်ဖွဲဖွဲရွာနေရာမှ သဲစပြုလာလေ၏။ မသန်းမြင့်တို့တစ်စုသည် သစ်ပင်တစ်ပင်အောက်သို့ ပြေးဝင်မိုးခိုကြစဉ်၊ ကျော်ဝင်းသည် ၎င်းတို့အနားသို့ရောက် ကာ ကားကို ထိုးဆိုက်ရပ်လေ၏။

"အလို. . . မအေးစိန်တို့ပါကလား၊ မိုးမိနေကြပြီထင်တယ်။ ကိုင်းတက်ကြ လေ။ ကျောင်းကိုလိုက်ပြီးပို့ပါ့မယ်"

"ဟာ. . . ကိုဘတင့်ပါလား။ အဆင့်သင့်ပဲ၊ ကဲ တက်ကြ၊ တက်ကြ" ဟု ဆိုကာ ကမန်းကတန်း ကားပေါ်သို့ တက်ကြလေရာ၊ မသန်းမြင့်မှာမူ နောက်ချန်၍နေလျက် မတက်ချင်သလိုလို အင်တင်တင် လုပ်နေသောကြောင့် မအေးစိန်က "အို မသန်းမြင့်က ဘာလုပ်နေတာလဲ၊ တက်ပါတော့လား။ မိုးတွေ ရွှဲကုန်တော့မယ်။ တက်လေ" ဟု ဆို လိုက်ရာ မသန်းမြင့်မှာ ကျော်ဝင်း၏ကားနှင့် လိုက်ရမည်ကို စိတ်မပါလှသော်လည်း မိုးရွှဲမှာကိုလည်း စိုးရိမ်ရ၊ မလိုက်ဘဲနေမည် ဆိုပြန်ကလည်း အကျိုးအကြောင်း ရိပ်မိ ကုန်ကြမည်ဖြစ်၍ အခက်နှင့်ကြုံတော့မည်ကို စိုးရိမ်ရပြန်ကာ တက်၍လိုက်လာခဲ့ရလေ ၏။

"ကျွန်မတို့တော့ဖြင့် ခက်ပြီလို့ အောက်မေ့နေတာ၊ နတ်တို့ဖန်၊ ရေကန်အသင့် ကြာအသင့် ဆိုတာလို ကိုဘတင့်နဲ့ အဆင်သင့် လာပြီးတွေ့နေလို့ပေါ့။ သိပ်ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com

တာပဲ" ဟု မအေးစိန်က အားရကျေနပ်ခြင်းဖြင့်ပြော၍ ကျော်ဝင်းဘက်သို့လှည့်ကာ "ကျေးဇူးတင်လိုက်တာ ကိုဘတင့်ရယ်၊ ရှင်နဲ့သာ မတွေ့ရင် ကျွန်မတို့ ဒုက္ခပေါ့၊ ရှင့်တွေ့ရတာ ကျွန်မဖြင့် သကြားနဲ့ တွေ့ရသလို အောက်မေ့လိုက်တာပဲ။ ကျောင်းကျမှ ကော်ဖီနဲ့ ဖျော်ပြီး သောက်ရဦးမယ်" ဟု အဖျားရှူး၍ ရယ်စရာပြောလိုက်သဖြင့် မိန်းကလေးများက ရယ်ကြသော်လည်း မသန်းမြင့်မှာမူ မရယ်ဘဲနေရာ မအေးစိန်က မိမိ၏မျက်နှာကို လှည့်၍ကြည့်လိုက်မှ အမူမပျက်စေခြင်းငှာ ပြုံးရယ်လိုက်ရလေ၏။

အင်းလျားဆောင်သို့ရောက်၍ ကားပေါ်မှ ဆင်းကြသောအခါ မအေးစိန်နှင့်တကွ ကျောင်းသူကလေးများက ကျော်ဝင်းအား ကျေးဇူးတင်စကားပြောပြီးလျှင် ကျောင်းဝင်းထဲသို့ ဝင်သွားကြသော်လည်း မသန်းမြင့်မူကား ဘာမှမပြောဘဲ အတူတူ လိုက်ပါသွားပြီးမှ ရုတ်တရက် သတိရသည့် အမူအရာဖြင့် ကျော်ဝင်းထံသို့ ပြန်လာကာ "မနက်ဖြန် ညနေလောက် လာပါဦး၊ ကိစ္စလေးတစ်ခုရှိလို့" ဟု မှာလိုက်သဖြင့် ကျော်ဝင်းမှာ အားရဝမ်းသာ ဖြစ်သွားကာ "ဟုတ်ကဲ့" ဟု ကျေကျေနပ်နပ်ကြီး ပြန်၍ပြောလိုက်စဉ် မသန်းမြင့်ကလည်း လှည့်၍သွားသောကြောင့် ခေတ္တမျှ ငေးကြည့်နေပြီး ကျောင်းထဲမှ ထွက်ခဲ့လေ၏။

ပုဂံကျောင်းဆောင်သို့ ရောက်သောအခါ ဘဦးတို့ ပြန်၍မရောက်သေးသည်ကို တွေ့ရလေ၏။ အတန်ငယ်ကြာမှ ရေစိုမိုးစိုနှင့် ၎င်းတို့ ရောက်လာကြသည်ကို တွေ့ရလေရာ "ဗျို့. . . ကိုဘဦး ကျွန်တော်တော့ နေရာကျပြီဗျ၊ မနက်ဖြန်ခါတွေ့ဖို့ မှာလိုက်တယ်" ဟု ပြောရာ ဘဦးက "ဟုတ်လား" ဟု ဝမ်းသာအံ့သြသော အမူအရာဖြင့် မေးပြီးမှ "လာပါဦးဗျာ၊ အခန်းထဲ လိုက်ခဲ့ပါဦး။ အကျိုးအကြောင်း နားထောင်ရအောင်" ဟု ဆိုသဖြင့် ကျော်ဝင်းလည်း ၎င်းတို့နှင့်အတူ ဘဦး၏အခန်းထဲသို့ လိုက်သွားလေ၏။

"ဆိုပါဦး၊ ဘာတွေများ ပြောသေးသလဲ" ဟု ဘဦးက ကိုယ်ကို မျက်နှာသုတ်ပုဝါနှင့် ပွတ်တိုက်ရင်း မေးလေ၏၊

"ဘာမှတော့ မပြောဘူးဗျ။ ဒါပဲ ပြောလိုက်တာပဲ။ သူ့အမူအယာတော့ နည်းနည်းပျက်တယ်ဗျ။ ထူးတော့ထူးခြားတာပဲ။ ဘယ်လိုထူးခြားနည်းလည်းတော့ မပြောတတ်ဘူး။ ကျွန်တော်လည်း ကားနဲ့ ပြန်အလာ၊ လမ်းမှာ သူတို့တွေ မိုးမိနေတာနဲ့ တင်လာခဲ့တာပဲ"

"အင်း. . . ဘာမှလည်း စကားမပြောဘူး၊ မျက်နှာလည်း ပျက်နေတယ်ဆိုတော့ ဧကန္တပဲ" ဟု တစ်စုံတစ်ရာ သိသကဲ့သို့ သိန်းဖေက လက်ညှိုးထောင်၍ ပြောရာ. . .

"ဘယ်လို ဧကန္တလဲ"

"ဘယ် ဧကန္တမှန်း မသိတာခက်တယ်" ဟု လျော၍ ချလိုက်မှ နောက်မှန်းသိကြလေ၏။

"ဩော်. . . ခင်ဗျား ပြောတော့မှပဲ ရှင်းသွားတော့တယ်" ဟု ဘဦးက ပြုံးလျက်

www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြောကာ "ဟုတ်တယ်ဗျ၊ ကိုကျော်ဝင်း အဲဒါ တစ်ခုတော့ ထူးခြားတာပဲ။ နို့ပေတဲ့ဗျာ၊ ဒါမျိုးဆိုတာ ရှက်ချင်လည်း ရှက်လို့ ဖြစ်မှာပေါ့ဗျ။ စဉ်းစားကြည့်ပါလား"

"ဒါက အရေးမကြီးဘူး။ မနက်ဖြန် ပြောမယ်ဆိုတာ အတွေးရခက်လွန်းလို့ ဝွကျနေတယ်"

"သူ စကားပြန်ချင်လို့ ခေါ်တာအမှန်ပဲ"

ထိုအခါ သိန်းဖေက "အဲ. . . ဟုတ်ပြီ မနက်ဖြန်ခါ အကြောင်းသိကြရောပေါ့ ဗျာ။ ဟုတ်လား။ ကျွန်တော်တို့ လောင်းထားကြတာ မမေ့နဲ့နော်" ဟုဆိုပြီး ဗိုက်ကို လက်ဝါးနှင့် အသာအယာ ပွတ်သပ်ကာ "အင်း မနက်ဖြန်ခါ စားရချေသေးရဲ့။ အခုည ဝမ်းနှုတ်ထားမှပဲ" ဟု ပြောကာ အဝတ်အစားလဲရန် ၎င်း၏အခန်းထဲသို့ ပြန်သွားလေ၏။

အောင်မြင့်လည်း အဝတ်အစားလဲ၍ ပြန်မည်ပြုရာ ကျော်ဝင်းက "မနက်ဖြန်ခါ ခင်ဗျား မော်တော်ကား လုပ်စမ်းပါဦး၊ သူများ အကျိုးဆောင် အိုအောင်မဆင်းရဲပါဘူး၊ ကိုယ့်အကျိုးလည်း အောင်တတ်ပါတယ်"

"ကောင်းပါပြီဗျာ။ နောက်တော့သာ ကျွန်တော်တို့ အလှည့်နဲ့ကြုံရင် မမေ့ပါနဲ့" ဟု ပြော၍ ထွက်သွားရာ သိန်းဖေ၏အခန်းနားသို့ရောက်လျှင် သိန်းဖေက "ပြန်ပြီလားဗျ"

"ဟုတ်ကဲ့"

"မနက်ဖြန်ကျတော့ စတုဒိသာပွဲကြီး ရှိတယ်ဗျို့။ မမေ့နဲ့နော် ဆက်ဆက်လာခဲ့ပါ။ ဒါယကာ တနလ်ာသား ကိုကျော်ဝင်းက သူကြိုက်တဲ့ ကောင်မလေးက မချစ်ဘူးဆိုတဲ့အတွက် လက်ဖက်ရည်ပွဲကြီး ပေးလိမ့်မယ်။ ဒါတွင်မကသေးဘူး ကျောင်းလည်း တစ်ရက်ပိတ်ဦးမယ်"

"ဘာဖြစ်လို့လဲဗျာ"

"စိတ်ညစ်ပြီး အင်းယားကန်ထဲ ဆင်းသေလို့ ကျောင်းပိတ်လိမ့်မယ်ဗျ" ဟု ပြောလိုက်မှ အောင်မြင့်က "နောက်လည်း နောက်တဲ့လူပဲ" ဟု ချီးမွမ်းကာ နှုတ်ဆက်၍ ပြန်သွားလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ ကျော်ဝင်းမှာ တစ်နေ့လုံး ရင်ထဲ၌ တဒိတ်ဒိတ်ခုန်၍နေလေ၏။ ဘယ်လိုစကားများ ကြားရပါလိမ့်မလဲဟု မျှော်ခေါ်တွေးတောကာ စိတ်ကူးနှင့်ရူး၍ ရှင်မြူးလိုက်၊ စိတ်ပျက်စရာတွေး၍ မှိုင်လိုက်နှင့် ဇာတ်လိုက်မင်းသားပမာ အမူအရာ အမျိုးမျိုးပြောင်း၍ နေတော့၏။ ညနေသို့ ရောက်သောအခါ သာ၍ပင် စိတ်နှလုံး တုန်လှုပ်လာလေ၏။

"ကိုဘဦး အကြံကလေးများ ပေးစမ်းပါဦးဗျာ။ ကျွန်တော်ဖြင့် ရင်ထဲက ဘဒိတ်ဒိတ်နဲ့နေတာပဲ။ အမှန်တစ်ယောက်ချင်း တွေ့ရမယ့်ကိစ္စပဲ။ ဘယ်လိုစကားပြောပြီး ဘယ်လိုလုပ်ရမယ် မစဉ်းစားတတ်တော့ဘူး"

www.burmeseclassic.com



"ကြောက်စရာမဟုတ်တာ ကြောက်မနေစမ်းပါနဲ့ဗျာ။ ရဲရဲတင်းတင်းသာ သွားပါ။ တစ်ယောက်ချင်း တွေ့ကြပြီး ဒီအကြောင်းနဲ့ ပတ်သက်လို့ ပြောကြတဲ့အခါ၊ သနားလောက်အောင် ဖွဲ့ဖွဲ့နွဲ့နွဲ့၊ ချွဲချွဲပစ်ပစ် ပြောတာပေါ့ဗျ။ ဒူးနဲ့တိုက် ဒူးဖက်၊ လက်သီးနဲ့ထိုး လက်သီးဖက် ဆိုတာလို၊ သူစိတ်ဆိုးလို့ ပြောချင်တာပြောတောင် ပြောသမျှခံပြီး သနားလောက်အောင် အောက်ကျို့တာပေါ့" ဟု ပြောသဖြင့် သိန်းဖေက "ခင်ဗျား မချွဲတတ်ရင် သရော်နည်းနည်း ဝါးပြီးသွား" ဟု ဆိုလိုက်သောကြောင့်. . .

"မနောက်စမ်းပါနဲ့ဗျာ၊ ရှိကြီးခိုးပါရဲ့"

"ရှစ်တော့မခိုးပါနဲ့ဗျာ၊ ကျွန်တော့်လက်ထဲ ကုလားသုံးစီး ဖြစ်နေတယ်"

"တော်ပါတော့ ကိုညှပ်ကြီးရာ၊ ရှုပ်မနေစမ်းပါနဲ့" ဟု ဘဦးက သိန်းဖေကို တားလိုက်ရပြီး ကျော်ဝင်းအား "ကျွန်တော် ပြောသလိုသာလုပ်ပါ၊ ဘာမှမပူနဲ့။ ကိုယ်မေတ္တာရှိလို့ ချစ်တယ် ကြိုက်တယ်ပြောတာ ဘယ်ဥပဒေနဲ့မှ တရားမစွဲနိုင်ပါဘူး။ ရော့ ဟောဒီလက်ဖွဲ့ကလေး ယူသွား" ဟု အားပေးလျက် မိမိအမြဲဆောင်ထားသော လက်ဖွဲ့ကလေးကို ပေးလိုက်သဖြင့် ကျော်ဝင်းလည်း တစ်အားတက်ကာ အင်းလျားဆောင်သို့ သွားလေ၏။

မသန်းမြင့်တစ်ယောက်တည်း အသင့်စောင့်နေသည်ကို တွေ့ရသဖြင့် ကျော်ဝင်းမှာ မိမိထင်မြင်သည့်အချက် လေးနက်ထင်ရှားခြင်းဖြစ်ကာ တထိတ်ထိတ် လန့်မိတိုင်း ဘဦး ပေးလိုက်သော လက်ဖွဲ့ကလေးကို စမ်း၍ကြည့်မိလေ၏။ မသန်းမြင့်လည်း ကားပေါ်တက်ကာ "မြို့ထဲကို မောင်းပေတော့" ဟု ပြောလိုက်သဖြင့် ကျော်ဝင်းလည်း ကားကိုလှည့်၍ ကျောင်းမှထွက်ကာ မြို့ထဲဘက်သို့ မောင်းနှင်ရလေ၏။

သို့မောင်း၍လာရာတွင် မသန်းမြင့်သည် လမ်းတစ်လျှောက်လုံး ဘာမှမပြောဘဲ တုံဏှိဘောလုပ်၍ လိုက်လာသဖြင့် ကျော်ဝင်းတွင် ပိုမို၍ စိတ်မရဲဘဲရှိကာ ကားအမိုးတွင် တပ်ထားသော မှန်ထဲတွင် ပေါ်နေသည့် မသန်းမြင့်၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ရာ ကြည်လင်ရွှင်ပြပုံ မရသဖြင့် သာ၍စိတ်လေးနေမိပြန်လေ၏။

မြို့ထဲရောက်၍ "ဘယ်သွားမလဲ" ဟု မေးမှ "ကွန်တီနင်တယ်ကို မောင်းပါ" ဟု မသန်းမြင့်က စကားပြောဖော်ရလေသည်။

ဟော်တယ်ရှေ့သို့ရောက်၍ ကားကိုဆိုက်ကာ တံခါးဖွင့်ပေးလိုက်ရာ မသန်းမြင့်က ကားပေါ်မှဆင်းရင်း "ရှင်လည်း လိုက်ခဲ့ပါဦး၊ စကားပြောစရာရှိလို့" ဟု ပြောလိုက်သည့်အတွက် ကျော်ဝင်းမှာ ထိုကိစ္စမျိုးကို မတွေ့ဘူး မကြုံဘူးသဖြင့် ကြောက်ဒူးတုန်လျက်ရှိပြီးမှ ဘာလဲ ငါယောကျ်ားပဲ။ မိန်းကလေးကတောင် ရဲရဲဝံ့ဝံ့ ခေါ်သေးတာ ငါ ဘာလို့မရဲရမှာလဲဟု မိမိကိုယ်ကို အားပေးကာ မသန်းမြင့်၏နောက်က ထပ်ချပ်မကွာ တက်၍လိုက်သွားလေ၏။

သီးသန့်အခန်းထဲသို့ ရောက်ကြ၍ ထိုင်ကြမိလျှင် မသန်းမြင့်က [illegible]ားစရာ

www.burmeseclassic.com

www.burmeseclassic.com


အချို့ကို မှာလိုက်၍ စားစရာများ ရောက်လာသောအခါတွင် မည်သူမျှ မစားကြသေးဘဲ "ဒါ ရှင့်စာလား" ဟု မေးကာ စာကလေးတစ်စောင်ကို ထုတ်၍ပေးလေ၏။

ကျော်ဝင်းမှာ မျက်နှာပျက်၍သွားကာ တစ်ကိုယ်လုံး ထူထူပူပူ ဖြစ်မိလေ၏။ နောက်မှ တုန်ရီသော လက်များဖြင့် အချိုးကလေးများ ကြေနေသော စာရွက်ကလေးကို လှမ်း၍ယူကာ သေချာစွာဖတ်ပြီး ဘာမှမပြောဘဲ ငြိမ်နေလေ၏။

"အခုမှ ရှင် မသိသလိုလို လုပ်မနေပါနဲ့။ ကျွန်မ သိပါတယ်။ ဒါ ရှင် ရေးတဲ့စာပါ"

ကျော်ဝင်းမှာ ခေါင်းငိုက်စိုက် ကျသွားကာ ငုံ့၍နားထောင်နေသောကြောင့် မသန်းမြင့်သည် ကျော်ဝင်းနှင့် လိုက်လာစဉ်က တောက်တောက်ခါးခါး ပြောလိုက်မည် ကြံရွယ်ခဲ့သော်လည်း ကျော်ဝင်းသည် ဘာမျှမပြောဘဲ မှိုင်၍ကျသွားသည်ကို တွေ့ရသောအခါ ပြောရမှာ အားနာ၍သွားလေ၏။

"ကိုဘတင့်" ဟု မသန်းမြင့်က ခေါ်လိုက်မှ၊ ကျော်ဝင်းလည်း "ဗျာ" ဟု အောက်မေးလေးသည့်အသံမျိုးဖြင့်ထူးကာ မော်၍ကြည့်ရဲလေ၏။

"ရှင် ကျွန်မကို ဒီလိုစာမျိုးပေးပြီး ဒီအကြံမျိုး ကြံလိမ့်မယ် မထင်ခဲ့မိဘူး။ ရှင်က ကျွန်မတို့ ကျောင်းသူကလေးတွေဟာ အင်္ဂလိပ်စာတတ်တာနဲ့ ပျံလွှားမကလေးတွေ၊ ကလက်တဲ့အစားထဲက ဟာတွေမှတ်လို့ ငါကြံရင်ဖြင့် လွယ်လွယ်ကူကူနဲ့ ရချေရဲ့လို့ အောက်မေ့နေရော့သလားရှင်။ မထင်နဲ့၊ မထင်နဲ့။ ရှင်တို့ စာပေးနေကျ အမျိုးထဲက မဟုတ်ဘူးရှင့်"

ကျော်ဝင်းသည် လည်တိုင်တွင် တစ်ဆို့၍ တက်လာသော ဝမ်းနည်းသည့် အလုံးအခဲကြီးကို မနည်းကြိတ်မှိတ်ကာ "မသန်းမြင့် ဒီလိုဆိုရင် မှားပါ့မယ်နော်။ အထင်မလွဲပါနဲ့၊ ကျောင်းသူကလေးမို့ မရှုပ်တေး အောက်မေ့ပြီး စာပေးတာ မဟုတ်ပါဘူး။ ဘယ်တုန်းအခါကမှလည်း ဒီလို မကြံမိခဲ့ပါဘူး။ မသန်းမြင့် တွေ့တော့မှ မြင်မြင်ချင်း မေတ္တာရှိပါတယ်၊ တကယ် ဖြူဖြူစင်စင် ကြင်ကြင်နာနာနဲ့ မေတ္တာရှိတာပါပဲ။ ဒီလို မေတ္တာရှိသော်လည်း ငါနဲ့ မတူပါကလား၊ မတန်ပါကလားလို့ အတန်တန် စိတ်ကို ချုပ်တည်းခဲ့ပါရဲ့၊ နို့ပေတဲ့ ဒီလိုကြိတ်မှိတ်မျိုသိပ်ပြီး တိတ်တိတ်ပုန်းအုံ့ပုန်း ပူရတာမျိုးဟာ သာပြီးဆိုးတဲ့အတွက်၊ မသန်းမြင့်စိတ်နဲ့ ရှုးရတော့မလောက် ဖြစ်လွန်းလို့ ဒီစာကို ရေးလိုက်ရရင်ဖြင့် မသန်းမြင့်ရဲ့ မေတ္တာကို မရတဲ့တိုင်အောင် ကိုယ့်မှာ ပူနေရတဲ့ အပူကို ထုတ်ပစ်လိုက်ရမှာမို့ သက်သာချေရဲ့လို့ အောက်မေ့ပြီး အရဲစွန့်လို့ ကြံရပါတယ်။ စိတ်ဆိုးရင်လည်း ခံရတော့မှာပါပဲ"

မသန်းမြင့်သည် ကျော်ဝင်း၏စကားကိုဆုံးအောင် နားထောင်ပြီး အတန်ကြာ တွေနေပြီးမှ "ကိုဘတင့် ကျွန်မဟာ ဘာလဲ"

"ကောလိပ်ကျောင်းသူကလေးပါ"

www.burmeseclassic.com

"ရှင်ကော" ဟု မေးလိုက်ရာ ကျော်ဝင်း အဖြေရ ခက်နေပြီးမှ "ဟယ် ဘာပဲ ဖြစ်ဖြစ် ဒီဇာတ်ကြီး ထောင်မိမှဖြင့် မထူးဘူး။ မီးစဉ်ကြည့်ပြီး က,ရတော့မှာပဲ။ ဖြစ်သမျှ အကြောင်း အကောင်းချည့်ပဲ" ဟု နှလုံးပြုကာ. . .

"ကျွန်တော်ကတော့ သိတဲ့အတိုင်းပါပဲ၊ ဘာမှမဟုတ် အနုတ်စုတ်ဂုတ်စုတ် ဒရိုင်ဘာပါ" ဟု ပြန်ဖြေရင်း ခေါင်းကြီးငုံ့၍သွားပြန်လေ၏။

မသန်းမြင့်သည် သရော်သော ရယ်သံမျိုးဖြင့် မရယ်ချင့် ရယ်ချင်လေသံဖြင့် ရယ်ကာ "ရှင်က ဒရိုင်ဘာ၊ ကျွန်မက ကောလိပ်ကျောင်းသူ မတူမတန်ပါဘဲနဲ့ ရှင်မို့ ကြံရက်ပလေတယ်ရှင်။ ရှင့်မှာ ခုံဖိနပ်ကလည်းဖြစ်ပြန်၊ ရှော်ကြိုးလည်းတပ်ပြန်၊ ခွေးစားဖို့မှ ကျန်သေးရဲ့လားလို့ မစဉ်းစားမိဘူးလား။ အမဲသားတုံးမှတ်ပြီး ပေါက်ပွင့်ကိုမျှော်တဲ့ ခွေးလို ဟဲဟဲ၊ ရယ်စရာကောင်းလိုက်တာရှင်၊ သိပ်ပြီး ရယ်စရာကောင်းတာပဲ" ဟု ပြောလေ၏။

ကျော်ဝင်းမှာ ဒေါသလည်းထွက်၊ ရှက်လည်းရှက်၊ မျက်နှာကြီးလည်း မည်းသွားကာ 'ငါ ဒရိုင်ဘာလိုအဖြစ်မျိုးနဲ့ ကြံမိတာ မှားလေခြင်း ' ဟု အောက်မေ့ပြီး မသန်းမြင့် ပြောလိုက်သည့်စကားတို့သည် ဒေါသစိတ်ကို ထကြွစေသော်လည်း မနည်းကြီး စိတ်ကိုနှိပ်ကွပ်လိုက်ကာ "ပြောတော့ မသန်းမြင့်ရယ်၊ ပြောချင်သလို ပြောပါတော့၊ ကျုပ်ကို ခွေးပဲဆိုဆို၊ ဖိနပ်နဲ့ပဲနှိုင်းနှိုင်း ပြောသမျှ ခံရတော့မယ့်ဘဝကြီး ရောက်နေပါပြီခင်ရယ်"

"အံ့မာ. . . ရှင်က ကျွန်မကို မိရယ်၊ မရယ်၊ ခင်ရယ် လုပ်မနေပါနဲ့။ ဒီလိုအခွဲမျိုးနဲ့ ရမယ့်အစားမျိုး မှတ်လို့လားရှင့်။ ကျွန်မကို သေသေချာချာ ကြည့်ပါဦး။ ရှင်လို လူစားမျိုးကို ချစ်ရမယ့်ဟာမျိုးလားလို့"

"မတူပါဘူး၊ မတန်ပါဘူးဆိုတာ စာထဲမှာ ရေးခဲ့ပြီပကော မသန်းမြင့်။ မသန်းမြင့်စိတ်နဲ့ ရူးရတော့မလောက် ဖြစ်နေတဲ့အထဲမှာ အခုလို မသန်းမြင့်က ဆိုလိုက်ပြောလိုက်ရင် ရေနစ်တဲ့လူ ဝါးကူလို့ထိုးသလို. . ."

"ဟား. . . ဟား. . . ဟား သိပ်ရယ်ချင်တာပဲ။ စကားတွေ ရိုးနေပါပြီရှင်။ ရှင်တို့ယောက်ျားတွေဟာ လျှာအရိုးမရှိတဲ့အတိုင်း၊ ရင်ထဲက ပူတာနဲ့၊ ကမ္ဘာမီးဆယ်ဆူလောင်တာနဲ့၊ မအိပ်မစားရ ရူးရတော့မယ်လေး၊ ဘာလေး ဆိုတာတွေဟာ ရိုးကုန်ပြီရှင့် ရိုးကုန်ပြီ။ ဒါလောက်နဲ့များ ပါရရင် ကျွန်မတို့မိန်းကလေးတွေ ခက်မကုန်သေးဘူးလား" ဟု ပြောလိုက်ပြီးမှ ပြောရင်းဆိုရင်း ဒေါသထွက်လာသည့်ပမာ "ရော့ ရှင့်စာကို ရှင်ပြန်ယူ။ ရှင့်လိုလူစားမျိုး ဘယ်နည်းနဲ့မှ ကျွန်မ မချစ်နိုင်ဘူး။ အမဲရိုးနှယ်၊ ဟင်းအိုးမှအားမနာလိုက်တာ။ နောက်ကို ရှင် ကျောင်းလည်း ဘယ်တော့မှ မလာပါနဲ့။ ရှင့်မျက်နှာလည်း မကြည့်ချင်ဘူး။ ကျွန်မပြောတာတွေ မခံနိုင်လို့ လဲပြီးသေသေ၊ မပူပေါင်။ ကမ္ဘာမြေကြီးတောင် ပေါ့သွားဦးမယ်" ဟု ဆိုကာ အခန်းထဲမှ အပြင်သို့ ထွက်သွား

www.burmeseclassic.com



သဖြင့် ကျော်ဝင်းမှာ ငေးတေးတေးကြီးဖြစ်ကာ ကျန်ရစ်လေ၏။

နောက် လက်ဖျားနှင့် မတို့ရ၊ မစားရသေးသော မုန့်ပန်းကန်များအကြားတွင် ပစ်ချသွားသော စာရွက်ကလေးကို ကောက်ယူပြီး ထွက်၍လိုက်လာကာ၊ မသန်းမြင့်လည်း ဘီလ်ရှင်း၍ ဆင်းသွားသည်ကို တွေ့ရသောကြောင့် အမြန်ဆင်း၍ လိုက်ရလေ၏။ အောက်သို့ရောက်သောအခါ မသန်းမြင့်သည် ကားပေါ်သို့ မတက်ဘဲ လျှောက်၍ သွားသည်ကို တွေ့ရသဖြင့် ကားနှင့် ၎င်း၏နောက်မှလိုက်၍ "မသန်းမြင့် တက်လေ၊ ကားပေါ်ကို" ဟု ခေါ်လေ၏။

မသန်းမြင့်လည်း ဘာမျှမပြောဘဲ လျှောက်မြဲ လျှောက်သွားသဖြင့် ကျော်ဝင်းလည်း ဘေးချင်းယှဉ်၍လိုက်ကာ "မသန်းမြင့် ဘယ့်နှယ်လုပ်တာလဲ၊ ကားနဲ့ လိုက်ခဲ့လေ၊ လာပါ၊ တက်ခဲ့ပါ။ မသန်းမြင့် ကျုပ်ကို ဘယ်လိုပဲ ပြောပြောဆိုဆို မနာပါဘူး။ မေတ္တာမပျက်ပါဘူး။ ကားနဲ့ လိုက်ပို့ပါရစေဦး" ဟု ပြော၍လိုက်လာရာ လမ်းဘေးတွင် လျှောက်၍သွားနေကြသော သူများသည် ၎င်းတို့ကို လှည့်၍ကြည့်ကြသဖြင့် မသန်းမြင့်မှာ ရှက်၍လာကာ ကားပေါ်သို့တက်၍ လိုက်ပါခဲ့ရလေ၏။

ကျော်ဝင်းသည် ရှက်ဒေါသဖြင့် မော်တော်ကားကို ကုက္ကိုင်းလမ်းတစ်လျှောက် အပြင်းမောင်းနှင်လေ၏။ မသန်းမြင့်မှာ ကျော်ဝင်း ရမ်းပြီကို သိရသဖြင့် မတော်တဆ ထိခိုက်ကားမှောက်မည်ကို လန့်ဖြတ်ကာ မျက်လုံးပြူးလျက် "ဖြေးဖြေးရှင့်၊ ဖြေးဖြေး မောင်းပါ၊ ရှင့်ဟာရှင် ရှက်ပြီး ရမ်းချင်တိုင်းရမ်းလို့ လူတိုက်မိလို့ ကိစ္စမရှိဘူး။ ရှင် ထောင်ကျရုံပဲ။ သစ်ပင်ဝင်တိုက်ပြီး ကားမှောက်လို့ ကျွန်မ အသေမခံနိုင်ဘူး။ အသက်ချင်း တူပေမယ့် အဖိုးတန်တာချင်း ကွဲပါသေးတယ်" ဟု ပြောလိုက်သော်လည်း မော်တော်ကားသံဖြင့် ဆူညံနေလျက် မသန်းမြင့်၏ စကားများမှာ လေထဲတွင်ပါ၍သွားသောကြောင့် ကျော်ဝင်း မကြားဘဲ၊ မောင်းမြဲ မောင်းလေ၏။

အင်းလျားဆောင်သို့ရောက်၍ ကားရပ်လိုက်သောအခါ မသန်းမြင့်သည် ကားပေါ်မှ လျင်မြန်စွာဆင်း၍ မော်တော်ကားခသဘောဖြင့် ငွေကို ပစ်ပေးခဲ့ကာ ကျောင်းဝင်းထဲသို့ ဝင်သွားလေရာ ကျော်ဝင်းမှာ မခံချိမခံသာဖြစ်လျက်၊ ငေးမောတွေဝေနေပြီးမှ ဝမ်းနည်းလုံးကို ဟင်းကနဲ လေဖြင့်ထုတ်၍ သက်မ,ကြီးချပြီးလျှင် ပုဂံကျောင်းဆောင်သို့ ပြန်ခဲ့လေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ပုဂံကျောင်းဆောင်ကြီးတွင်ကား ကျောင်းသားများ စုံစုံညီညီ ရှိစဉ်အခါ ဖြစ်သဖြင့် ဆူညံစည်ကားလျက် ရှိပေ၏။ တယောထိုး၊ သီချင်းဆို၊ ဘင်ဂျိုတီးလျက် ပျော်ရွှင်နေကြရာ သိန်းဖေ၏အခန်းတွင်းမှာမူကား တယောမပါ၊ ဘင်ဂျို မပါဘဲလျက် ထိုသူများနှင့် အားကျမခံ ပါးစပ်ဆိုင်းဖြင့် ပျော်ရွှင်ကာ ဇာတ်ခင်းလျက် တဟားဟား တဝါးဝါး ရှိကြလေ၏။

"ခမ္ဘတာဘုံမှာလေ" ဟု သိန်းဇေက သီချင်းစလိုက်ရာ အခြားကျောင်းသား များက "အေးဟေ့" ဟု နောက်လိုက်၍ ညာသံပေးကြလေ၏။

"ကာမဂုဏ် စိတ်တူမျှရုံနဲ့ ဘိကျူနိမကြီးရယ်၊ မင်း ဘယ်သူနဲ့ လိုက်စားပြန် သတုန်း။ မင့်ဗိုက်တရား မှန်မှန်ဟော ဟော ဟော့ အော်"

"ကိုယ်တော် ကိုယ်တော်၊ ငါးပိစားမှာပေါ့ ကိုယ်တော်ရဲ့။ အဲလေ ယောင်လို့၊ သတိထားမှပေါ့။ ပြိတ္တာတို့ မျက်ရည် မြေဝယ်မကျကောင်းဘူးတဲ့"

"တောက်တောက်၊ အမယ်လေး မယ်ကုမာရဲ့၊ မင်းလုပ်ပုံ ရက်စက်လှချည် ကလားကွယ့် ဟဲ့ဟဲ့" ဟုဆိုကာ သိန်းဖေသည် ဖိုးစိန်ကြီးသဏ္ဍာန် လက်ဝါးနှစ်ဘက်ကို ရိုက်ကာ ရိုက်ကာ ကိုယ်ကိုယိမ်းလျက် "ကပ်ကမ္ဘာ အခြေမှာလေ လေ့ ၊ သတ္တဝါတွေ မှတ်စရာအရေးပေပ၊ ဂတ္တသေယျ သန္ဒေမှိဆောင်လို့ သန္ဒေမှိဆောင်လို့ ဟို့၊ အမလေး ကျုပ် ရင်ကွဲရချည်ရဲ့ မယ်ကုမာရဲ့၊ အော် ကမ္ဘာနေမင်း ဆူဆယ်စင်းပူပြင်း ငဲ့လောင်ကာ ကြမ္မာဘေးဖန်လာရေးငယ်ကြောင့် ဆွေးရတဲ့ သည်မောင့်ကို မကြည်အောင် တမင်လုပ်

www.burmeseclassic.com

www.burmeseclassic.com



တာလားကွယ့်၊ မချိဘူးနော်၊ မချိဘူး၊ ကျုပ် လဲပြီးသေလိုက်ချင်တာပဲ"

"လဲပြီးတော့ မသေပါနဲ့ဗျာ၊ ကြည့်မကောင်းပါဘူး"

"အပင့် ဂဗ္ဗသေယျ သန္ဓေမှိဆောင်လို့ ကေသီတောင် အလယ်ကတင်းပါပေ့၊ အမယ်လေး ကြည့်ကောင်းကြသေးရဲ့လားကွယ့်။ အစက ငါးပြေမဝမ်းဗိုက်လိုလှလိုက်တာ မပြောပါနဲ့တော့။ အခုတော့ ဦးကျော်ရင်စီးတဲ့ မီးပုံးပျံကြီး ဖြစ်နေပါပေ့လားကွယ့်၊ ယောဂီဝတ်နဲ့ အကြည့်ရ ဆိုးလှချည်ရဲ့"

"ကိုဥဒါ ပြောတော့ ပြောတော့၊ အခုအခါမှာတော့ ရှင်ပြောသမျှ ဆိုသမျှ ခံမှာပဲ ကိုဥဒါရဲ့"

"ပြောင်နောင် ဘုနိမ်၊ ပြောင်နောင် ဘုနိမ်၊ ဖိုးသူမတော်ပေးတဲ့ ပိုက်ဆံ မယ်သူတော် သုံးလို့ကုန်ကာ မောင့်စိတ်ကြောင့် မနေနိုင် ငွေမြိုင်ဒုတ်နဲ့ ထိုး ဟိုးဟိုအို" ဟူ၍ ဝိုင်းဝန်းကာ ပါးစပ်ဒိုချင်းဆိုင်းတီးလိုက်ကြရာ သိန်းဖေက ပုဆိုးစကလေးမ,၍ ငိုသည့်ဟန် မျက်နှာကိုအုပ်လျက် မျောက်ပွဲ ပြသလို လက်တစ်ဖက်က နံဘေးကိုကုတ်ပြီး ပဲလှော် ဝါးဘိလို လုပ်ပြလိုက်သောကြောင့် ဆူညံသော ရယ်မောသံမှာ နဘံသို့ တက်သွားလေ၏။

ထိုသို့ ရယ်မောပျော်ရွှင်နေကြသည့်အထဲတွင် ကျော်ဝင်း ရောက်လာရာ "ဟီးရိုးကွ ဟီးရိုး" ဟု ဝိုင်း၍အော်လိုက်ကြသဖြင့် သိန်းဖေက ကျော်ဝင်း၏မျက်နှာကို ကြည့်ကာ "ရွှေမျက်နှာတော်ညှိ ဘာအလိုတော်များမကျသလဲ။ ရွှေပါးတော် ခစားလို့ သံတော်ဦးတင်စေဗျား သားတော်မောင်" ဟု ဆိုလိုက်သဖြင့် ကြားရသူအပေါင်းတို့ တအုံးအုံး ပွဲကျသော်လည်း ကျော်ဝင်းမှာ မရယ်ဘဲ စိတ်ဆိုးသည့်ဟန်ဖြင့် သိန်းဖေအား လိုက်၍ထုကာ "လာဗျို့ ကိုဘဦး၊ ခင်ဗျား အခန်းသွားရအောင်" ဟု ဘဦးကိုခေါ်၍ သွားလေ၏။

သိန်းဖေလည်း အကဲခတ်မိသည်နှင့် ကျော်ဝင်း၏စကားကို နားထောင်လိုလှသဖြင့် "ကဲ ဇာတ်သိမ်းလိုက်ကြဦးစို့ရဲ့။ နတ်ဖင်ကွဲလို့ တစ်ခန်းရပ်" ဟု ဆိုလိုက်သဖြင့် ကျောင်းသားများလည်း စက္ကူလိပ်နဲ့လုပ်၍ စားပွဲနှင့် ကြမ်းပြင်ကို ခြေဆောင့်ကာ စည်းလိုက်သည့်ပမာ တူနယ်တဲ့နယ်၊ ကော်ကီကော်၊ ဗလုံးဒိုင်းခွပ် စသည် လေပြေထိုးသံများ ဆူညံ၍သွားလေတော့၏။

ဘဦးသည် အခန်းထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် "ဘယ့်နှယ်လဲ ကိုကျော်ဝင်း နေရာကျခဲ့ရဲ့လား" ဟုမေးရာ ကျော်ဝင်းသည် မသက်သာသောမျက်နှာဖြင့် ခေါင်းကို လေးလံစွာခါရင်း "သွားပြီ မရဘူး။ တစ်ခါတည်း ကျွမ်းသဒါလန်ပြီး ကျသွားတာပဲ" ဟု ပြောလိုက်ရာ သိန်းဖေ ရောက်လာ၍ ထိုစကားကို ကြားသည်နှင့် တစ်ပြိုင်နက် "ဇိတံမေ၊ ဇိတံမေ" ဟု ပုဏ္ဏားက ကြုံးဝါးသလို ကြွေးကြော်ကာ လက်တစ်ဘက်ကိုဆန့်ကာ လက်သီးဆုပ်ကိုမြှောက်လျက် အားရဝမ်းသာစွာ ထ၍ရယ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် နိုင်ပြီဗျ၊ နိုင်ပြီ။ လာခဲ့ပေတော့ လောင်းထားတဲ့ ကတိအတိုင်း စားသောက်ဖွယ် ချိုချဉ်နဲ့ ကညာခင် နုဖတ်ဖတ်ကို ကလပ်ပေါ်တင်ပြီး ဆက်စေဗျား။ အင်း စားရချည်သေးရဲ့ စားရချည်သေးရဲ့"

"နေစမ်းပါဦး၊ ခင်ဗျား လောင်းထားတာ အသာထားစမ်းပါဦး၊ ဒီမှာ စိတ်ညစ်နေရတဲ့အထဲမှာ"

"ကျုပ် အစကပြောသားပဲဗျ။ စကြဝဠာ ခြေကန်ပြီးပိုးတောင် မရနိုင်ဘူးဆိုတာ။ ခင်ဗျားတို့မို့ ကြံချင်တယ်။ စိတ်ညစ်တာတောင် နည်းသေးတယ်။ စိတ်ညစ်တော့ ခံမနေပါနဲ့ဗျာ။ သေသာ သေလိုက်ပါ။ ကျောင်းတစ်ရက်ပိတ်တာ နည်းလား။ ခင်ဗျား မသေတတ်ရင် ပုရစ်တွင်း ခေါင်းစိုက်ပြီး သေးပေါက်ထည့်လိုက်မယ်။ ကိုယ့်ဟာကိုယ် တွင်းထဲယက်ပြီး ဆင်းသွားပေတော့။ ခေါင်းဖုံးလည်း အကုန်သက်သာတယ်။ တွင်းတူးခလည်း မပေးရဘူး"

"ကပ်သီးကပ်သပ်ဗျာ၊ ပုရစ်တွင်းထဲဆင်းပြီး သေရမယ်လို့ သူမို့ ကြံကြံဖန်ဖန်ပြောတတ်တယ်။ ခင်ဗျားသေတော့ အဲဒီလိုသေ"

"ကျုပ်တော့ သေရမှာ မကြောက်ဘူးဗျာ။ နို့ပေတဲ့ သေပြီး ပုပ်ပွနေတဲ့အခါ ဖင်ထဲ လင်းတတွေနှိုက်မှာ၊ အမယ်လေး ပြောရင်းဆိုရင်း ယားကျိကျိနဲ့" ဟုဆိုကာ ကိုယ်ကို တွန့်လိမ် မျက်နှာရှုံ့ပြလျက် "ကြက်သီးတွေထလိုက်တာ၊ သေးပေါက်ချင်လို့" ဟု ပြောသောကြောင့် ကျော်ဝင်းမှာ ပြုံးမိလေ၏။ ဘဦးက "အဲဒီလို ပြုံးပြုံးရွှင်ရွှင်နေစမ်းပါဗျာ။ ဘာမှစိတ်ညစ်မနေစမ်းပါနဲ့၊ ခင်ဗျား ကြည့်ရတာ ခေါက်ဆွဲဆိုင်မှာ မရောင်းရလို့ ဆွဲထားတဲ့ ကြက်ခေါင်းကြီးနဲ့ တူလိုက်တာ။ မကြိုက်ဘူးဆိုတော့ ဘာဖြစ်ရဦးမှာတုံးဗျာ။ ခင်ဗျာ့ကို မကြိုက်တာ မဟုတ်ဘူး။ ဒရိုင်ဘာကို မကြိုက်တာ" ဟုပြောပြီးမှ "ခင်ဗျားက ဘာမှပြန်မပြောဘူးလား"

"ဟာ. . . ပြောဖို့ဟာတွေ အခုမှ သတိရတယ်ဗျာ။ ဟိုတုန်းက ထူပူပြီး ဘာလုပ်ရမှန်းမသိ၊ ဘာပြောရမှန်းမသိနဲ့ သူ့စကားကိုပဲ နားထောင်နေရတယ်။ ဒါမျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်။ မကြုံဖူးတော့ ဒူးတုန်ခါတာပေါ့"

"ခင်ဗျားကိုကလည်း အ,ပါတယ်ဗျာ။ တစ်ခါတုန်းကလည်း တိရစ္ဆာန်ရုံသွားကြတာ အောင်မာ မြင်းကြီးတွေ ထောင်ကျနေတယ်ဆိုပြီး မြင်းကြားကြီးတွေ လက်ညှိုးထိုးပြတယ်" ဟု သိန်းဖေက ရွတ်လိုက်ရာ. . .

"တော်ပါဗျာ။ ခင်ဗျားတစ်ယောက်ဟာလည်း သိပ်ပြီးဗလွတ်ရွတ်တပြောတဲ့လူ။ ဒီလိုနဲ့ ခင်ဗျားက သေမှာပဲ"

"ကျုပ် သေတာ မသေတာ ထားလိုက်စမ်းပါဦး။ ဘယ့်နှယ်တုံးလို့ ခင်ဗျားတို့ရှုံးပြီ မဟုတ်လား။ ဘာကျွေးမလဲ"

"ကျွန်တော်တို့ ရှုံးတဲ့အတွက် ခင်ဗျားကို လက်ဖက်ရည်ဆိုင်ခေါ်ပြီး ရေနွေး

www.burmeseclassic.com

www.burmeseclassic.com


ပူပူနဲ့ ပက်မယ်" ဟု ဘဦးက ပြောလေ၏။

သိန်းဖေက ပြုံးပြီးမှ "အလကား ပြောတာပါဗျာ။ ခင်ဗျားတို့ရှုံးလို့ ကျွေးတာလည်း မစားချင်ပါဘူး။ ကိုကျော်ဝင်းကိုကြည့်ပြီး ကျွန်တော် သိပ်သနားတာပဲ။ ဒီလိုစိတ်ညစ်နေရတဲ့ လူတစ်ယောက်ကို ညှင်းမယ်ဆိုရင် ဘယ်ကောင်းမလဲဗျ။ တကယ်ပါပဲ၊ ကျွန်တော်လည်း ကိုယ်ချင်းစာပါတယ်။ ဒါကြောင့် အစက ပြောသားပဲ။ ဒီလိုကြံလို့ မဖြစ်နိုင်သေးဘူးဆိုတာ၊ အခုတော့ မမှန်ဘူးလား"

"မှန်ပါတယ်ဗျာ။ အရှုံးဆယ်ခွန်းပြော၊ တစ်ခွန်းတော့ မှန်တာပေါ့" ဟု ဘဦးက ပြောလိုက်သဖြင့် ကျော်ဝင်းတွင် အားရပါးရ ရယ်မိကာ. . .

"ဟားဟား၊ ဒီတစ်ချက် ကိုသိန်းဖေတို့ သေသေချာချာ မိသွားတာပဲ" ဟု ဆိုသဖြင့် သိန်းဖေမှာ ပါးစပ်ကြီး အပြဲသားနှင့် အားရပါးရ ရယ်မိကာ. . .

ထို့နောက်မှ ကျော်ဝင်းက "ကိုဘဦး ကျွန်တော်တော့ ခက်ပြီဗျ၊ သိပ်ခက်နေတော့တာပဲ။ မသန်းမြင့်ကို တကယ်စွဲနေပြီ။ ဘယ့်နှယ်လုပ်ရမလဲ မသိဘူး။ သူ ဘယ်လိုပဲ ကျွန်တော့်ကို နာကြည်းအောင် ပြောလိုက်ပေမယ့် ကျွန်တော် မနာဘူး။ ဘစ်ခုခက်တာက ကိုသိန်းဖေ ပြောသလိုလည်း ဒရိုင်ဘာလိုလုပ်ပြီး ပိုးရအောင်ကတော့ မိုးနဲ့မြေကြီး ထိချင်ထိမယ်၊ သူနဲ့ ကျွန်တော်တော့ နီးဖို့အခက်သားပဲဗျ"

"အော်. . . ဒါကတော့ အစတုန်းက သူ့ကို တမင်ရှုပ်ရနောက်ရအောင် ဒရိုင်ဘာလုပ်ပြီး အကြံခိုင်းတာကလားဗျ။ ခင်ဗျား ဒီလိုဖြစ်တာတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ခင်ဗျားစိတ်က မနိုင်ဘဲကိုးဗျ"

"နို့ပေတဲ့ ကျွန်တော်စိတ်ထဲမှာ ရယ်စရာလို့ သဘောမထားဘဲ တကယ့်ကို စွဲတဲ့စိတ်နဲ့ ကြံမိလျက်သား ဖြစ်နေတော့ ခက်ကုန်တော့တာပေါ့။ ခင်ဗျားတို့နှစ်ယောက် အလောင်းအစား လုပ်ကြတာ ကြားထဲက ကျွန်တော် ဒုက္ခရောက်ဖို့ ဖြစ်နေတော့တာပဲ။ ဘယ်လိုလုပ်ကြမလဲဆိုတာ အကြံပေးကြပါ"

"အကျန်တော့ မရှိတော့ဘူးဗျာ။ ဘွိုင်ကုလားတွေ သိမ်းသွားပြီ"

"မနောက်စမ်းပါနဲ့ ကိုသိန်းဖေရာ၊ ရှိကြီးခိုးပါရဲ့။ စိတ်ညစ်လွန်းလို့"

"အော်. . . ခင်ဗျား စိတ်ပျော်အောင် တမင်လုပ်ရတာပါဗျာ။ စိတ်ညစ်နေလို့လည်း မရချင်တဲ့ဥစ္စာ ရမှာမဟုတ်ပါဘူး။ ပျော်ပျော်ရွှင်ရွှင် နေတာကမှ အကြံကလေး ဘာကလေး ပေါ်လာဦးမယ်။ ကျွန်တော်တို့များ ဘယ်တုန်းကမှ စိတ်မညစ်ဘူး။ အဖွားသေတုန်းကများ သာပြီးပျော်သေးတယ်။ မသာရှင်ကလေးဆိုပြီး ဟိုလူကခေါ် လက်ဖက်ကျွေး၊ ဒီလူကခေါ် လက်ဖက်ကျွေးနဲ့ တယ်မျက်နှာပွင့်တာကလား"

ထိုအခါ ဘဦးက "ဟုတ်သားပဲဗျာ၊ ကိုကျော်ဝင်းကလည်း ဘာမှစိတ်မညစ်ပါနဲ့၊ ပျော်ပျော်ရွှင်ရွှင်ကြီး နေစမ်းပါ။ နောက်တော့ တစ်မျိုးကြံသေးတာပေါ့ဗျာ" ဟုပြောပြီး ကိုသိန်းဖေဘက်သို့လှည့်ကာ "ကိုင်းဗျာ ကိုသိန်းဖေ၊ ခင်ဗျား တပည့်ဆက်သား

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ဆယ်ကျော်နဲ့ ပျော်ပျော်ကြီး အသုံးတော်ခံစမ်းပါဦး" ဟု ဆိုလိုက်သဖြင့် သိန်းဖေလည်း မြူနီးကနဲ ကြမ်းပြင်ပေါ်သို့ ပစ်လှဲကာ. . .

"အောင်မလေးဗျ၊ အောင်မလေးဗျ။ လာကြပါဦး၊ လာကြပါဦး" ဟု ကုန်းအော်လိုက်ရာ "ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ" ဟု ပျာပျာသလဲ ကျောင်းသားများ ပြေးလာကြရာ ကိုသိန်းဖေလည်း လဲရာကထ၍. . .

"ဟား. . . ဟား၊ တစ်ယောက်စီ လိုက်ခေါ်ပြီးနေရင် လာမှာမဟုတ်ဘူး။ အခုလို လုပ်လိုက်မှ တစ်ခါတည်း လူစုံသွားတာပဲ။ ကဲ ဝင်ကြ ဝင်ကြ" ဆိုမှ သိန်းဖေ၏ ရည်ရွယ်ချက်ကိုသိကာ ရယ်နိုင်၊ မောနိုင်ရှိကြပြီးလျှင် သိန်းဖေတစ်ယောက်တည်း ရှုပ်၍နောက်၍ ပြသ,သည်များကို တဟားဟား ရယ်နေကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မသန်းမြင့်သည် ကျော်ဝင်းအား မာနစိတ်ဖြင့် ဒေါသအလျောက် ပြောခဲ့မိသော်လည်း ကျောင်းသို့ရောက်၍ အခန်းထဲတွင် လဲလျောင်းမိသည့်အခါ မိမိပြောသမျှ ဆိုသမျှတို့ကို ခေါင်းငုံ့၍ခံနေသော ကျော်ဝင်း၏မျက်နှာကို တရေးရေး မြင်မိသဖြင့် ပြန်၍သနားလျက် 'ငါ ပြောမိတာ မှားလေခြင်း' ဟု အောက်မေ့မိလေ၏။

ယောက်ျားပျိုကလေးက မိန်းမပျိုကလေးအား ချစ်ကြိုက်သည့်အလျောက် မေတ္တာကို အကြောင်းပြု၍ စာပေးခြင်းမှာ လမ်းဟောင်းဓမ္မတာကြီးဖြစ်၍ ထိုသို့စာပေးရာ၌ မိမိနှင့် တူသည်တန်သည် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ဒေါသဖြစ်ဖို့ရန် မရှိဘဲ မိမိမနှစ်သက်လျှင် နောင်ကို အဆက်အဆံမလုပ်ဘဲ နေဖို့မှတစ်ပါး အခြားဘာမျှ ပြုလုပ်ရန် မလိုဘဲလျက် ယခုကဲ့သို့ ကျော်ဝင်းအား တမင်ခေါ်၍ ချိုးချိုးဖဲ့ဖဲ့ ပြောလိုက်ခြင်းမှာ မှားလေစွ။ မိမိကိုယ်ကလည်း ကဲလွန်းလှသည်၊ မာနကြီးလှသည်ဟု မသန်းမြင့်သည် မိမိလုပ်ခဲ့သမျှတို့ကို နောင်တ ဖြစ်မိလေ၏။

'ငါ မှားတယ်၊ ငါ သိပ်မှားတာပဲ။ လောကမှာ ယောက်ျားနဲ့ မိန်းမ ချစ်ကြတယ်ဆိုတာ ဓမ္မတာပဲ။ ဂုဏ်တူ၊ တန်းတူမှ ချစ်ရမယ် ကြိုက်ရမယ် မဟုတ်ဘူး။ သူ ငါ့ကို စာပေးတာ ဘာနာဖို့ရှိသလဲ။ သူ့စိတ်ထဲမှာတော့ တကယ်ချစ်တာမို့ စာပေးတဲ့ အလုပ်ပဲ။ ငါမကြိုက်ရင် ပယ်လိုက်ဖို့ပါလား။ ငါဟာ ငါ့ကိုယ်ငါ ကောလိပ်ကျောင်းသူကလေးဆိုတဲ့ မာနနဲ့ မတူရင် မမှန်းနဲ့လို့ လုပ်မိတာဟာ ငါ လွန်တာပဲ၊ ငါ ပြောမိဆိုမိတာတွေ ငရဲကြီးတော့မယ်။ ငါ ဘယ့်နှယ်လုပ်ပြီး တောင်းပန်ရပါ့မလဲ။ ကောလိပ်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသူတစ်ယောက်က ဒရိုင်ဘာကို တောင်းပန်ရမယ်ဆိုရင် ကောင်းနိုင်ပါ့မလား။ အခုတော့ လွန်ခဲ့ပြီ။ ငါ ဘာမှမတတ်နိုင်တော့ဘူး' ဟု တွေးတောကာ ဝမ်းနည်းသော စိတ်များ ပေါ်ပေါက်လာလျက် မိမိပြုသမျှတို့ကို ယူကြုံးမရ ရှိနေတော့၏။

ယင်းသို့ ကြိတ်မနိုင် ခဲမရ၊ မိမိကိုယ်ကို ပြန်၍ဒေါသဖြစ်ကာ အိပ်ရာပေါ်တွင် လူးလွန့်ရင်း ပြေကျပြန့်ကျဲလျက်ရှိသော မိမိ၏ဆံပင်များကို လက်နှင့်ဆွဲဆုပ်ကာ အပူမိမှန်းမသိ အပူမိ၍လာလေ၏။ တစ်ဖန် ခေါင်းအုံးကြီးကို ဖြစ်ညှစ်လိမ်ဖွဲ့ကာ ဒေါသဖြစ်နေရာမှ ခေါင်းအုံးကြီးကိုပင် ကျော်ဝင်းပမာ မှတ်ထင်လျှက် "အော် ကိုဘတင့်. . . ရှင့်နှယ် နည်းနည်းကလေးမှ မစဉ်းစားမိဘူးလား။ ဂုဏ်ခြင်း၊ ဒြပ်ခြင်း အင်မတန် ကွာခြားနေပါလျက်သားနဲ့ ဒီလိုဟာမျိုးကို ကြံလို့ဖြစ်နိုင်ပါ့မလားလို့။ တကယ်လို့ ကျွန်မက ရှင့်ကို ချစ်တယ်ပဲ ဆိုပါဦးတော့၊ ဘယ်နည်းနဲ့ ရှင့်ကို ယူနိုင်ပါ့မလဲလို့၊ ရှင် မစဉ်းစားမိဘူးလား။ အခု ရှင်လုပ်ပုံဟာ ကျွန်မစိတ်ဒုက္ခရောက်ဖို့ ဖြစ်တော့တာပဲ။ ဟင် ကိုဘတင့် ပြောစမ်းပါဦး' ဟု အသံမထွက်တထွက်ဖြင့် ခေါင်းအုံးကြီးကိုပင် လူပမာစကားပြောနေပြီးမှ မိမိဖြစ်ပျက်ပုံကို သတိပြုမိကာ၊ ကိုယ့်လိပ်ပြာကိုယ်ရှက်လျက် ခေါင်းအုံးကြီးကို လွှင့်ပစ်လိုက်မိလေ၏။

"သန်းမြင့်၊ နင် မရှက်ဘူးလား။ နင်ကောလိပ်ကျောင်းသူကလေး မဟုတ်ပါလား။ ဒီလို အညတရ မထင်မရှား ဂျပိုးလား ဘာလားမသိရတဲ့ ဒရိုင်ဘာတစ်ယောက်ကို နင့်စိတ်ထဲမှာ ဘာဖြစ်လို့ ဒါလောက်တောင် သတိရနေရတာတုန်းဟင်။ ပြောစမ်းပါဦး သန်းမြင့်ရဲ့။ နင့်ကိုယ်မှ နင်မရှက်ဘူးလား' ဟု တစ်ဖန် မိမိကိုယ်မိမိ ဆုံးမမိပြန်သော်လည်း ကျော်ဝင်း၏မျက်နှာမှာ တဝဲဝဲသာ ထင်မြင်၍လာသောကြောင့် "သူ့ရုပ်ကလေးကဖြင့် သနားကမားပေပဲ။ အထည်ကြီးပျက် ဆိုတာမျိုးလို မျိုးကောင်း၊ ဆွေကောင်းထဲကတော့ ဖြစ်မှာပါပဲ။ ကုသိုလ်ကံ မကောင်းရှာလို့ သူ့ခမျာ ဒီအလုပ်နဲ့ အသက်မွေးရတာနဲ့ တူရှာတယ်။ စင်စစ်မတော့ အလုပ်မှာ ဂုဏ်မရှိလို့ အထင်သေးခံရရှာတာပဲ။ လူဆိုး၊ သူခိုးမှ မဟုတ်ဘဲ။ ယုတ်ညံ့တဲ့ အင်္ဂါအပြစ် ဆိုစရာ မရှိပေဘူး။ အော် ကိုဘတင့် ကိုဘတင့်။ ရှင့်ကုသိုလ်ကံ အင်မတန် ဆိုးပါကလား။ တကယ်လို့ ရှင်ဟာ မျိုးကောင်း၊ ဆွေကောင်း အထက်တန်းစားထဲကဖြစ်ရင် ကျွန်မ ရှင့်ကို မချစ်နဲ့ဦး၊ ဒီလိုစကားမျိုးတော့ ပြောမိမှာ မဟုတ်သေးဘူး" ဟု စိတ်ထဲတွင် ပြောမိရာက ပြောင်းလွဲလွယ်သော စိတ်သည် မသန်းမြင့်၏ကိုယ်တွင်း ဝင်၍လာပြန်ကာ "သူမို့ မဆင်မခြင် မစဉ်းစား၊ တန်သလား ရာသလား မမျှော်ဘဲ ငါ့ကို တမင်သက်သက် ချိုးချင်နောက်ချင်လို့ ဒီလိုကြံတာ၊ ဒါမျိုးပြောလိုက်တာ ငါ ဘာမှားသလဲ။ ကောလိပ်ကျောင်းသူဆိုတာ ဘယ်လိုဆိုတာ အကြောင်းသိသွားတာပေါ့။ ငါ ပြောလိုက်တာတောင် နည်းသေးတယ်" ဟုသာ ကြိတ်မိလေ၏။

ထိုအခိုက်တွင် မအေးစိန် ရောက်လာကာ မသန်းမြင့် ဖြစ်ပျက်နေပုံ ထူးခြား

www.burmeseclassic.com

www.burmeseclassic.com


လှသဖြင့် "အလို မသန်းမြင့် ဘယ့်နှယ်ဖြစ်နေတာလဲ။ ဆံပင်ကြီးတွေလည်း ပွလို့ပါလား" ဟု ပြောလိုက်ရာ မသန်းမြင့်မှာ မျက်နှာပျက်၍သွားလေ၏။

ထို့နောက် မနည်းကြွေဆည်ကာ ဟန်လုပ်လျှက် အိပ်ယာကထ၍ထိုင်ကာ "မပြောပါနဲ့တော့ မအေးစိန်ရယ်၊ ခြင်ထောင်ထဲ ဂျပိုးတွေ များလွန်းလို့ ဂျပိုး ရှာရတာနဲ့ ဆံပင်တွေ ဘာတွေတောင် ပျက်ကုန်ပြီ။ မောမောရှိတာနဲ့ အိပ်တာပဲ" ဟု လီဆည်၍ ပြောလိုက်ရလေ၏။

သို့ပြောလိုက်စေကာမူ မအေးစိန်မှာ အခန်းထောင့်တွင် ပုံ၍လဲနေသော ခေါင်းအုံးကို မြင်ပြန်သဖြင့် စိတ်မသက်ာဘဲ "အဟုတ်ပြောတာလား မသန်းမြင့်ရယ်။ ကိုယ့်မြို့မှာ ကျန်ခဲ့တဲ့ ရည်းစားဆီက စိတ်ဆိုးစရာအကြောင်း ကြားရလို့ ဒေါသဖြစ်ပြီး ခေါင်းအုံးကြီး လွှင့်ပစ်ထားတာလား"

"ကြံကြီးစီရာ မအေးစိန်ရယ် ဘယ်ကမှ ရည်းစား မရှိပါဘူး။ ခေါင်းအုံးထဲမှာ ဂျပိုးတွေ ရှိတာနဲ့ စိတ်ပေါက်ပေါက်နဲ့ လွှတ်ပစ်ထားတာပါ"

မအေးစိန်က "ဒါက ကိစ္စမရှိပါဘူး။ တော်တော်ကြာ အခန်းစစ်ရအောင် အင်စပက်ရှင်း လာကြည့်မှဖြင့် ရှုပ်ပွနေတာတွေတွေ့ပြီး အဆူခံရဦးမယ်" ဟုဆိုကာ ခေါင်းအုံးကို ကောက်ယူကာ သေချာစွာ ကြည့်ပြီးမှ "ဟုတ်မှ ဟုတ်ကဲ့လား မသန်းမြင့်ရယ်၊ မသန်းမြင့်မှာ တကယ့်ကို ချစ်တဲ့လူ မရှိဘူးလား"

"တကယ့်ကိုပါရှင်၊ ရည်းစားဆိုတာ ဖြူသလား၊ မည်းသလားတောင် မသိဘူး"

"မညာနဲ့နော်။ လိမ်ပြောရင် အာပုပ်စော်နံတယ်။ မသန်းမြင့်မှာ ရည်းစား မရှိဘူးဆိုတာ ရှင့်ဘုရားစူး"

"စူးစေရဲ့"

"မိုးကြိုးပစ်"

"ပစ်ရစေရဲ့"

"အမယ်၊ ဒါဖြင့် ရှင့်အနား ကျွန်မ မကပ်တော့ဘူး။ မတော်တဆ မိုးကြိုးပစ်ချမှဖြင့် စက်ကွင်းမလွတ်ဘဲ နေပါဦးမယ်။ ဟော ပြောရင်းဆိုရင်းတောင် မိုးတွေ မဲလာပြီ" ဟုဆိုလျှက် ကြောက်လန့်သည့်ဟန်ကိုလုပ်ပြကာ အခန်းထဲမှ ခပ်သွက်သွက် ထွက်သွားသဖြင့် မသန်းမြင့်မှာ မအေးစိန်၏အမူအယာကို သဘောကျ၍ ပြုံးပြုံးကြီး လုပ်နေမိလေ၏။

www.burmeseclassic.com

## အခန်း (၈)

ဘဦးနှင့် သိန်းဖေတို့သည် မိမိတို့၏စနက်ကြောင့် ကျော်ဝင်းမှာ ရည်းစားပူမိကာ စိတ်ဒုက္ခရောက်ရသည်ဟု အောက်မေ့လျက် ကျော်ဝင်းအပေါ် များစွာသနားကြင်နာခြင်းဖြစ်ကာ အားလပ်သည့်အခါတိုင်း ကျော်ဝင်း၏အနားမှ မခွာဘဲ၊ ၎င်းအားဖျောင်းဖျချော့မော့လျက် စိတ်ပျော်အောင် လုပ်ကြရလေ၏။

"ကိုဘဦး၊ ခင်ဗျားလက်ဖွဲ့ကလည်း ဘာမှမစွမ်းပါကလားဗျ" ဟု ကျော်ဝင်းက ပြောသည်တွင် ဘဦးက ရယ်မောကာ "လက်ဖွဲ့ပါလို့ပေ့ါဗျ၊ လက်ဖွဲ့မပါရင်ပါးရိုက်ခံရပြီးသားပဲ။ ဟဲဟဲ ကျွန်တော့်လက်ဖွဲ့က ဒီအထိစွမ်းတာ"

သိန်းဖေက ဝင်၍ "လက်ဖွဲ့က စွမ်းတာ မစွမ်းတာကြောင့် မဟုတ်ပါဘူးဗျာ။ အခုလို အပြောခံရတာ ခင်ဗျားဇာတာ နည်းနည်းနိမ့်နေလို့။ ဇာတာမြင့်အောင်မီးအိမ်ပျံဆွဲလွှတ်လိုက်" ဟု ပြောသဖြင့် သဘောကျသွားကြလေ၏။

"ကိုသိန်းဖေ ဗေဒင်ဆရာသား မှတ်တယ်။ တယ်ဓာတ်ရိုက်ပါလား"

"ဓာတ်ရိုက်ကောင်းဆို အရင်က လေးလက်မသုံးပုံ နှစ်ကျပ်ခွဲယူပါတာပဲ" ဟု ရွှတ်လိုက်ပြီးလျှင် သိန်းဖေသည် ဆက်လက်၍ "ကျွန်တော် ဗေဒင်ကောင်းကောင်းတတ်တယ်။ ဗေဆိုတဲ့ ဒင်တစ်လုံးနဲ့ သင်ပုန်းတောင် မကိုင်ဘဲ ဟောတတ်တယ်။ ရှစ်နှစ်သားလောက်ကတည်းက လက်ရိုးကြေနေတာ နွားကန်ခံရလို့။ ဟဲ. . ဟဲ မိုးပေါ်ကြည့်ရင် တာရာမြင်တာနဲ့ မော်တော်ကားဘီးမှန်းသိတယ်။ အရင်တုန်းက ဗေဒင်လေးပုံရှိတယ်။ သာမ၊ ယဇု၊ ဣသျှ၊ အာတပ္ပန ဗေဒင်မီးရှို့လိုက်တာနဲ့ သုံးပုံ

www.burmeseclassic.com



ကျန်တယ်။ အခုတော့ သုံးပုံတောင် မရှိတော့ဘူး။ ကိုးမီးပဲ ရှိတော့တယ် ဟဲဟဲ " ဟု တစ်ယောက်တည်း တောက်လျှောက်ပြက်လုံး ထုတ်နေသဖြင့် ကျော်ဝင်းတို့မှာ တပြုံးပြုံးရှိရာက ဘဦးက စကားဝင်၍ "ကိုသိန်းဖေ၊ ခင်ဗျား ဗေဒင် တကယ် တတ်သလား"

"တတ်တာပေါ့ဗျ။ ဘယ်ကစမ်းစမ်း၊ ညာကစမ်းစမ်း၊ ချိုင်းမွှေးချည်းပဲ။ ဗေဒင်ဆရာဗျ။ ဗေဒင်ဆရာ။ မေးကြဦးမလား။ မေးကြဦးမလား။ လက္ခဏာဟောတယ်။ ဗေဒင် ဟောတယ်။ ဘိန်းရှူတယ်၊ ဖိနပ်ခိုးတယ်" ဟု အဖျားရှူး၍ချလိုက်သဖြင့် ဘဦးတို့ ရယ်ကြမှ

"ကိုဘဦး ဘာနေ့သားလဲ"

"မွေးနေ့အမှန်ကတော့ စနေသားပဲဗျ"

"အင်း. . . စနေသားဆိုရင် ဒီဒူးသားနဲ့ ခေါင်းသွင်းရမယ်" ဟု နောက်လိုက်သဖြင့် အတည်မှတ်၍နားထောင်နေသော ဘဦးမှာ မဲ့၍သွားလေ၏။

"နောက်တာပါဗျာ၊ စိတ်မဆိုးပါနဲ့။ ကျွန်တော် ရယ်စရာပြောနေလို့ တကယ် မတတ်ဘူး မထင်နဲ့။ ကျွန်တော့်အဘိုးဟာ ဗေဒင်အရာမှာ တစ်ဖက်ကမ်းခတ်တဲ့အတွက် မင်းတုန်းဘုရင်ကြီးက အပါးတော်ခေါ်ပြီး မြှောက်စားထားတာခံရတယ်။ စလွယ်သုံးဆင့် ရတယ်။ ကျွန်တော့်အဖေကျတော့ စလွယ်မရတော့ဘူး၊ နောက်ဒူးပဲ ခတ်တတ်တယ်"

"ရှုပ်လည်း ရှုပ်ပါ့ဗျာ။ ကြံကြံဖန်ဖန်ကိုပဲ ပြောတတ်တယ်"

"ကိုင်း. . . တကယ်ပြောတော့မယ်။ တွက်တာကို သတိထားကြည့်ကြ။ ဟဲ. . . ဟဲ အင်း ကိုဘဦးက စနေသားဆိုတော့ ဒီနှစ်စာမေးပွဲ အောင်ရအောင် ကျွန်တော် ဓာတ်ရိုက် ပေးမယ်။ ခင်ဗျား ဝါဆိုဖယောင်းတိုင် အဆုံးခံနိုင်ပါ့မလား"

"တော်ဗျာ၊ ညစ်ပတ်လိုက်တာ"

"ဘယ်ညစ်ပတ်ရမှာလဲလို့။ ဘုရားမှာ မီးထွန်းဖို့ ဝါဆိုဖယောင်းတိုင်ဖိုး အကုန်ခံ စရာ ရှိသလားလို့ မေးတာပါ" ဟု လျှောချလိုက်မှ သဘောကျ၍သွားလျှင် ကျော်ဝင်းမှာ သိန်းဖေ၏ ရှုပ်နောက်ပြောင်လှောင်မှုတို့ကြောင့် ရယ်မောရခြင်းဖြင့် မသန်းမြင့်၏ စိတ်များပင် ပျောက်နေလေ၏။

သို့သော် ရယ်မောနေစဉ်ခဏ၌သာ သတိမေ့ပျောက်မိသော်လည်း ရယ်စရာ မပြောဘဲ နေကြပြန်သည့်အခါ၌မူ သတိရလာပြန်ကာ တညည်းညည်း တညူညူ လုပ်နေပြန်သဖြင့်. . .

"ကိုကျော်ဝင်းမလဲဗျာ၊ ဒီစိတ်တွေ ဖျောက်ပါလို့ ပြောလို့မရဘဲကိုး။ လောကမှာ မိန်းမ မရှားပါဘူးဗျ။ သူမှ မိန်းကလေး မဟုတ်ပါဘူး"

"ဘယ်လိုပဲ ခင်ဗျားတို့ ပြောကြပေမယ့် ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးအောက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ထင်နေတာဗျ။ သူ့ကို မရရင် ကျွန်တော် သေလိမ့်မယ်ထင်တာပဲ"

"အားမငယ်ပါနဲ့ဗျာ။ ခင်ဗျားတို့ နဖူးစာရှိရင် ရမှာပဲ" ဟု သိန်းဖေက ပြောသဖြင့် "ဩော်. . . ခင်ဗျားပြောမှ သိရတယ်။ နဖူးစာရှိရင် ရမယ်လို့ မှန်မှန်ဟောပါ အရှင်ကြီး" ဟု ကျော်ဝင်းက ငေါ့လိုက်လေ၏။

"ဒါပေါ့ဗျ။ လောကမှာ လင်ရယ်၊ မယားရယ်လို့ ရှိကြတာ နဖူးစာဆုံလို့ ပေါင်းရတာ။ နဖူးစာမရှိတဲ့လူချင်း ဘယ်တော့မှ မပေါင်းရဘူး။ နဖူးစာ ကုန်သွားပြန်တော့လည်း ကွဲကြရော။ ဒါကြောင့် ခင်ဗျား ဘယ်လိုပဲ ပူနေနေ၊ နဖူးစာမရှိရင် မပေါင်းရဘူး။ နဖူးစာရှိရင် နေရင်းထိုင်ရင်း မသန်းမြင့် အိမ်ပေါ်တက်လာရလိမ့်မယ်။ အခု ခင်ဗျားနဖူးစာ နောက်စေ့မှာ ကပ်နေတယ်။ နဖူးရောက်အောင် ခုနှစ်ရက်လောက် မှောက်လျက်အိပ်ပေး"

ဘဦးက ကျော်ဝင်းအား "စိတ်မပူစမ်းပါနဲ့ဗျာ၊ အချိန်တန်တော့ ကြံဖန်ပြီး ဖြစ်လာပါလိမ့်မယ်" ဟု ပြောရာ. . .

"ဘယ်တော့အချိန်တန်မယ်ဆိုတာ မသိရတော့ အခက်သားပဲဗျ။ ကျွန်တော် သူ့ကို မရချင်နေပါစေဗျာ၊ ချစ်တယ်ဆိုတာ ကြားရင် တော်ပါပြီ။ ကျွန်တော့် သဘောတော့ဖြင့် ကျောင်းသားမှန်းသိအောင် ပြလိုက်ချင်တာပဲ"

"ဟာ. . . မလုပ်နဲ့၊ ဒီလိုမလုပ်နဲ့ဦး။ ကျောင်းသားမှန်းသိအောင် ကိုယ်က လုပ်ပြ လိုက်တော့မှ သူ့ကို တမင်နောက်ရအောင် လုပ်တယ်ထင်ပြီး သာပြီးဆိုးဦးမယ်။ ခင်ဗျားက ယောက်ျား မပီသသလိုပဲ။ စိတ်က လျှော့လွယ်လှချည်ကလား။ ဘယ်ကိစ္စမဆို စွဲစွဲမြဲမြဲလုပ်ရင် အောင်တာချည်းပဲဗျ။ အခုကိစ္စမှာ မသန်းမြင့်ဟာ မိန်းမပေါ့၊ မိန်းမပျက်ကလေးမှ မဟုတ်ဘဲ။ အေးသာရေ၊ ဟော၊ ကောက်ရိုးစင်အောက်ဟော့၊ အေး ဆိုသလို လွယ်လွယ်ကူကူ ဘယ်ဖြစ်နိုင်ပါ့မလဲဗျ။ သုံးမိုး သုံးရာသီ စောင့်သင့် စောင့်ရပေမပေါ့။ ခင်ဗျားတို့၊ ကျုပ်တို့လို လူသား မပြောနဲ့၊ အရှင့်အမာ ဘုရားလောင်း ကုသမင်းတို့တောင် အမျိုးမျိုးကြံရတာပဲ မဟုတ်လားဗျ။ နည်းနည်းတော့ စောင့်ရမှာပေါ့။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ ဆိုတာလို ဖြည်းဖြည်းနဲ့ ကိုယ့်အကြံအောင်ရမပေါ့။ နောက်ဆုံးပိတ် မတတ်သာဘူးဆိုမှ ဖြစ်သလိုကြည့်ပြီး ကြံကြတာပေါ့ဗျာ။ ယုတ်စွအဆုံး ကားနဲ့တင်ပြီး ခိုးသင့် ခိုးရမပေါ့။ ကျွန်တော်တို့တတွေ ရှိပါသေးတယ်ဗျာ။ ဘာမှမပူပါနဲ့" ဟု ပြော သောကြောင့်. . .

"ဟီးယား ဟီးယား" ဟု သိန်းဖေက ဩဘာပေးကာ လက်ခုပ်လက်ဝါးတီးလျက် "ကျွန်တော်လည်း အရင်ကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ကို လိုက်နောက်နေပေမယ့် အခု မနောက်တော့ပါဘူး။ ကူညီဆောင်ရွက်ပါ့မယ်။ ခင်ဗျားမျက်နှာကြီးကို အိမ်သာခတ်တဲ့ သော့ခလောက်ကြီးလို လုပ်မထားစမ်းပါနဲ့" ဟု ပြောလိုက်သဖြင့် သဘောကျသွားကြကာ ရယ်မောနိုင်ကြလေတော့၏။

www.burmeseclassic.com


"စာကျက်ကြပေါ့၊ စာကျက်ကြ" ဟု ကြောက်လန့်ဖွယ်ရာ စူးရှနက်နဲစွာ အော်လိုက်သော အသံကြီးများသည် ညဥ့်အချိန်များတွင် ကျောင်းဆောင်အသီးသီးမှ ထွက်ပေါ်လာကြသည်ကို ကြားကြရပေ၏။ ထိုအသံများသည်ကား အောက်တိုဘာ စာမေးပွဲ နိဗ္ဗန်ဆော်လောကဗျူဟာကြွေးကြော်သံများ ဖြစ်ရပေတော့၏။

အစမ်းစာမေးပွဲမှာ နီးကပ်၍လာသဖြင့် ကျောင်းသားများသည် လေးလပတ်လုံး ပျော်ပါးရွှင်မြူး၍နေခဲ့ကြရာမှ မှိုတက်ဖုန်တင်နေသော စာအုပ်များကို ကောက်ငင်ကာ စာကို ကြိုးစားအားထုတ်ကြလျက် ပျော်ပါးမှုများကို လျှော့ကြလေ၏။ မည်သည့်အခါမျှ စာမကြည့်ခဲ့သော ကျောင်းသားပင်လျှင် စာအုပ်နှင့် မျက်နှာမပြတ် စာဖတ်၊ အတွက်တွက်ခြင်းစသော ကျောင်းသားတို့၏ လုပ်ငန်းကို ကြိုးပမ်းထမ်းဆောင်စ ပြုကြလေ၏။ စာမေးပွဲဆိုလျှင် ကျောင်းသားတိုင်း ကြောက်ရွံ့ထိတ်လန့်ကာ အားလုံးအောင်ချင်ကြသည်မှာ ဓမ္မတာတည်း။

လွန်ခဲ့သော လများက တက္ကသိုလ်ကျောင်းဆောင်များ၏ အခန်းအသီးသီးတို့တွင် ညဥ့် ၉-နာရီကျော် ၁၀-နာရီမထိုးမီလောက်ကပင် မီးငြိမ်း၍ အိပ်သည့်အခန်းက အိပ်လျက် ပျော်ပျော်ပါးပါး စကားပြော ပျော်ပါးကြလျက် ရှိသော်လည်း ယခုမူ အခန်းတိုင်းတွင် မီးလင်းလျက် ရှိကြကာ ကျောင်းဆောင်ကြီးများမှာ ထိန်ထိန်လင်းလျက် ကျောင်းအတွင်း၌မူ ဆိတ်ငြိမ်လျက် စာကြည့်၍နေကြလေ၏။

၁၁-နာရီ မီးငြိမ်းသည့်တိုင်အောင် များစွာသော ကျောင်းသားတို့သည် မအိပ်ကြသေးဘဲ ရှိကြလေ၏။ စာကို ဆက်လက်၍ကြည့်ရှုရန်မှာ အတွင်း၌လည်း ဖယောင်းတိုင် မီးမထွန်းရဟူသော ဥပဒေကြောင့် အခန်းပြင်သို့ထွက်ကာ ကော်ရစ်ဒါလမ်းမီးအောက်တွင် စာကြည့်ကြသူများကကြည့်လျက် စာရေးတွက်ချက်ရန် ရှိသူများကား စာဖတ်ခန်း၊ ထမင်းစားခန်းများထဲသို့သွားကာ ထိုအခန်းများက မီးများကိုဖွင့်လျက် ဆိုင်ရာ ဆိုင်ရာ အလုပ်များ ပြုလုပ်ကြလေ၏။

ပျော်ပျော်ပါးပါး ပေါးလားဝါးလားနှင့် နေကြစဉ်က မိမိတို့၏သားများ၊ ဘုများအတွက် တစ်လလျှင် ၁၀၀၊ ၁၅၀ ကျပ် အကုန်ကျခံကာ သင်ရသည်များမှာ နှမြောစရာ ကောင်းလှသော်လည်း ယခုကဲ့သို့ စာကြိုးစားကြကာ အအိပ်ပျက်၊ အစားပျက်ခံကြသည်များကို မိဘများ တွေ့ရှိကြလျှင်၊ ငွေကုန်ရကျိုးနပ်ပေပြီဟု တအားတက်ကာ သားများအတွက် ကရုဏာသက်မိကြမည်ဟု မလွဲပင် ဖြစ်ချေ၏။

မိုးလွန်မှ ထွန်ချသော ကျောင်းသားများကား စာမေးပွဲ ဖင်နားကပ်နေမှ သူများထက် ပိုမို၍ကြောက်လန့်ကြကာ ဟိုလူဒီလူထံ ပြေးရ လွှားရ မေးရမြန်းရ မှတ်စုစာအုပ်များ တောင်းပန်တိုးလျှိုးကာ ငှားရပြုရခြင်းဖြင့် အမောမော ရှိကြလေ၏။

အချို့မှာကား လွန်ခဲ့သော လေးလပတ်လုံးအချိန်ကို အလဟဿ ဖြုန်းပစ်ကာ ချေးယိုကာနီးမှ ချေးခံတွင်းပေါက် မရှာလိုကြတော့သဖြင့် စာများကို အမိမလိုက်

www.burmeseclassic.com

www.burmeseclassic.com

နိုင်သည့်အလျှောက် 'ကိုယ်တို့တော့ စပေါ့လုပ်ပြီး ကျက်မှာပဲ' ဟု နှလုံးပြုကာ မေးခွန်းထုတ်လိမ့်မည်ထင်သော အပိုဒ်များကိုသာ အမိအရ ကြိုးစားအားထုတ်လျက် ရှိကြလေ၏။

ဘဦးနှင့် သိန်းဖေတို့မှာမူကား တကုပ်ကုပ်နှင့် ဖားနေကြလေတော့၏။ ကျော်ဝင်းမှာမူကား ရည်းစားပူမိ၍နေကာ စာမကြည့်နိုင်၊ မဖတ်နိုင်၊ တမှိုင်မှိုင် တတွေတွေ ဖြစ်နေလေ၏။ ၎င်းသည်ကား စာထဲတွင် စိတ်မဝင်စားဘဲ စာအုပ်များကို ကိုင်လိုက်သည့်အခါတိုင်း ယောင်တောင်တောင် ငေးစိုက်၍နေမိလျက် မသန်းမြင့်၏ မျက်နှာကလေးကို ကွက်ကနဲ၊ ကွက်ကနဲ ထင်မြင်လာသဖြင့် မည်ကဲ့သို့မျှ စိတ်ကို စောင့်ထိန်း၍ မရနိုင်သောကြောင့် ကျောင်းဆောင်မှူး လှည့်ပတ်စစ်ဆေးသွားသည်နှင့်တစ်ပြိုင်နက် အိပ်ရာထဲသို့ဝင်၍ ပစ်လှဲကာ ထွေရာစိတ်ကူးလျက် နေလေ့ရှိပေတော့၏။

"ကိုကျော်ဝင်း စာကြည့်ဦးဗျ။ ဖတ်စယီးယား အင်တာမီဒီယိတ်မှာ စာမေးပွဲကျတယ်ဆိုတာ သိပ်ပြီးရှက်စရာကောင်းတယ်။ ဟိုဟာချည့် စိတ်ကူးမနေနဲ့ဦး"

"မရဘူး၊ ဘယ်လိုမှ စာကြည့်လို့ မရဘူး။ ရှုံးမယ့်အတူတူတော့ အပင်ပန်းခံ၊ အအိပ်ပျက်ခံပြီး မနေတော့ပါဘူး။ အစမ်းစာမေးပွဲလောက်တော့ အရေးမကြီးပါဘူး။ ကျချင်ကျပါစေ"

"ကျတာ ကိစ္စမရှိဘူး။ ဆရာကြီးက အိမ်ကို ဝမ်နင် (သတိပေးစာ) ပို့နေလို့ အိမ်ကျရင် အဆူခံနေဦးမယ်"

"ဘာမှပူစရာ မရှိဘူး။ ကျွန်တော် ကျောင်းလာနေတာ ဒီကျောင်းပညာနဲ့ အသက်မွေးဖို့လာတာ မဟုတ်ဘူး။ ဘီအေဂုဏ်ထူးနဲ့ ဆယ်ပြန်အောင်လည်း ကျွန်တော့် အဖေအလုပ်ထဲမှာ ဝင်လုပ်ရမှာပဲ။ ကောလိပ်ကျောင်း ရောက်ဖူးတယ်ရှိအောင်၊ မိကောင်းဖခင်သားသမီးတွေနဲ့ ပေါင်းရအောင်၊ လူရာဝင်အောင် လာပြီးနေတာ။ ကျွန်တော် နေချင်လို့ နေတာ မဟုတ်ဘူး။ အိမ်ကထားလို့ လာရတာ"

"ဒါဖြင့် ခင်ဗျားမှာ ဘာရည်ရွယ်ချက်မှ မရှိဘူးပေါ့"

"ရည်ရွယ်ချက်နှစ်ခုပဲရှိတယ်။ တစ်ခုက ကျောင်းက နှင်ထုတ်ရင်ထွက်ဖို့၊ တစ်ခုက ဘီအေအောင်ရင်ထွက်ဖို့၊ ဒီနှစ်ခုပဲ ရည်ရွယ်တာပဲ"

"အင်း. . . ခင်ဗျားကတော့ သူဌေးသားကိုဗျ။ ကျုပ်တို့ကတော့ ဆင်းရဲသားသားသမီး ဆိုတော့ စာကိုပဲ ကြိုးစားရတာပဲ" ဟု ကောင်းစေလို၍ သတိပေးလာသူပင် ကျော်ဝင်းအား လက်လျှော့ပြန်ရလေတော့၏။

သိန်းဖေနှင့် ဘဦးတို့ကလည်း ကျော်ဝင်းအား စာကြည့်ရန် အတန်တန်ပြောဆို တိုက်တွန်းကြသော်လည်း ကျော်ဝင်းသည် စကားနာခံရမည့်သူများဖြစ်၍သာ ၎င်းတို့ ရှိစဉ်တွင် စာကြည့်ဟန်ဆောင်၍ နေလိုက်သော်လည်း ၎င်းတို့ ကွယ်ရာတွင် မာတယာနတ်ဖမ်းစားကာ ငေးမှိုင်၍သာနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲကြီး စစ်မည့်နေ့ကို ရောက်လာလေ၏။ များစွာသော ကျောင်းသားတို့သည် နံနက်စောစောက ထလျက် စာကျက်ကြလေကုန်၏။ ကျော်ဝင်းမှာကား သူများ စာကျက်၍ ကောင်းသလောက် မိမိမှာ အိပ်၍ကောင်းလေ၏။ ထမင်းစားရန် ခေါင်းလောင်းထိုးသံကြားမှ စည်းစိမ်တော် ယစ်မူးရာက လူးလွန့်၍ထကာ စည်းစိမ်ခံ၍ ရေမိုးသွန်းချိုးပြီးလျှင် ထမင်းစားသောက်လေ၏။

အချို့သော ကျောင်းသားတို့မှာ ထမင်း ကမန်းကတန်းစားကာ ကျောင်းသို့ မသွားမီကလေးအတွင်း စာကျက်လိုက်လိုသေးသဖြင့် အဝတ်အစားကောင်းကိုမှ လဲလှယ်၍ မဝတ်နိုင်ရှာကြဘဲ အချိန်နီးသည်နှင့်တစ်ပြိုင်နက် ကျောင်းသို့ ပြေးကြရရှာလေ၏။

ကျော်ဝင်းမှာမူ မင်းသားရှုံးလောက်အောင် လှပစွာ ဝတ်ဆင်ကာ အချိန်နီးကပ်နေပြီးမှ ကျောင်းသို့ သွားလေတော့၏။

စာမေးပွဲစစ်ရာ အဆောင်အခန်းအသီးသီးတို့တွင် ကျောင်းသားများ ခြေချင်းလိမ်၍နေအောင် ရှုပ်ထွေးလျက်ရှိကာ စာစစ်ခန်းတံခါး မဖွင့်သေးခင်တွင် တစ်ယောက်နှင့်တစ်ယောက် မေးမြန်းနိုးနှော တိုင်ပင်ကြသော စကားသံများဖြင့် ညံနေပေ၏။ ကျော်ဝင်းမှာ မိမိအား တစ်စုံတစ်ယောက်က မသိသောအချက်ကို လာ၍မေးလျှင် မဖြေတတ်ဘဲ ရှက်စရာကောင်းနေမည်ကို သိသောကြောင့် လူရှင်းသောနေရာတွင် ချောင်ကုပ်၍နေလေ၏။

ပထမခေါင်းလောင်းထိုး၍ စာစစ်ခန်းတံခါးများကို ဖွင့်လိုက်လျှင်၊ ရေသွန်လောင်း၍ ထည့်လိုက်သကဲ့သို့ ကျောင်းသားများလည်း ဒလဟော ဝင်ရောက်ကာ မိမိတို့၏ ခုံနံပါတ်ကိုရှာ၍ ထိုင်ကြလေ၏။ ကျော်ဝင်းကား ၎င်းတို့အားလုံးဝင်ရောက်ပြီးမှ နောက်ဆုံးက ဝင်လေ၏။

မေးခွန်းစာရွက်ကို ရရှိ၍ ဖတ်မိသောအခါ မိမိ မသိသောပုစ္ဆာများက များနေသည်ကို တွေ့ရသော်လည်း အနည်းငယ်မျှ ပူပန်ခြင်း မရှိပေ။ ၎င်းစိတ်ထဲတွင် အဖြေစာအုပ်ကို ဗလာသက်သက်ပင် ပေးလိုက်ချင်လှ၏။ သို့သော် ဘာမျှမဖြေလျှင် မကောင်းသဖြင့် မိမိဖြေနိုင်သော ပုစ္ဆာများကိုဖြေ၍ မသိသော မေးခွန်းများကိုမူ မှတ်မိမှတ်ရာ ထင်မိထင်ရာ စွတ်၍ဖြေလေ၏။

သို့ဖြေပြီးနောက် ကျော်ဝင်းသည် အဖြေစာအုပ်ကိုပေး၍ ထွက်ခဲ့လိုသော်လည်း တစ်နာရီ မပြည့်သေး၍ ထွက်ခွင့်မရသေးသောကြောင့် ခေါင်းလောင်းသံကို နားထောင်ရင်း အိပ်ငိုက်၍ နေလေတော့၏။ ပထမတစ်ချိန်စေ့သည်နှင့်တစ်ပြိုင်နက် စာအုပ်ကို အပ်ပြီးလျှင် အခန်းထဲမှ ထွက်သွားရာ စာဖြေနေကြသော အတန်းချင်းတူသည့် ကျောင်းသားများသည် ၎င်းကို လှည့်ကြည့်ကာ အံ့ဩလျက် မဖြေနိုင်ဘဲ ထွက်သွားသလား၊ မေးခွန်းသိနှင့်ပြီး(ကွက်ရှင်အောက်)၍ လွယ်လွယ်နှင့်ဖြေ၍သွားနိုင

www.burmeseclassic.com

www.burmeseclassic.com

သလားဟု တွေးတောကာ ကျန်ရစ်ကြလေ၏။

နံနက်စာစစ်ချိန်ပြီး၍ ဗဟိုထမင်းစားရုံတွင် လက်ဖက်ရည်သောက်ရင်း သိန်းဖေတို့နှင့် တွေ့သဖြင့် "ဖြေနိုင်ရဲ့လား" ဟု မေးရာ "ဟာ သိပ်လွယ်တာပဲ၊ အနည်းဆုံး ဆစ်စတီး ပါဆင့် (ခြောက်ဆယ်ရာခိုင်နှုန်း)လောက်တော့ တန်းနေတာပဲ" ဟု ဖြီးလိုက်ရလေ၏။

သို့နှင့် ကျော်ဝင်းသည် မိမိသင်ကြားသော ဘာသာများကို စစ်ဆေးသည့် အချိန်တိုင်း စာမေးပွဲခန်းထဲသို့ဝင်ကာ တစ်ချိန်လျှင် တစ်နာရီခန့်မျှ လေးငါးရက်ခန့် ဆက်လက်၍ ဒုက္ခခံရရှာလေ၏။ နောက်ဆုံးသတ် မေးခွန်းများကို ဖြေပြီးသောအခါ ကျော်ဝင်းတွင် တာဝန်ကြီးတစ်ခု ပေါ့သွားသည့်အလား များစွာစိတ်သက်သာရာရပြီး လျှင် ပျော်ချင်ရွှင်ချင်လှပြီ ဖြစ်သဖြင့် တာမင်နယ် ဖဲယားဝဲပါတီခေါ် နှစ်ဝက်ကျောင်း ပိတ် နှုတ်ဆက်ပွဲကြီး မြန်မြန်ပြုလုပ်၍ ကျောင်းမြန်မြန် ပိတ်ပါစေဟု ဆုတောင်းမိပေ တော့၏။

ထို့အတူ အခြားကျောင်းသားများသည်လည်း စာမေးပွဲဖြေပြီးသည့်အလျောက် တာဝန်ကြီးတစ်ခု ပေါ့လျော့ကာ ပုခုံးထက်မှ ကျသွားသည့်ပြင် ကျောင်းတက်ရန် အလုပ်လည်း မရှိတော့သောကြောင့် အခန်းတိုင်း၊ အခန်းတိုင်းတွင် (မင်းသားဖိုးစိန် ဖိုးစိန်မင်းသား) တွေဖြစ်လျက် ရှိကြလေတော့၏။

တယော၊ မယ်ဒလင်၊ ဘင်ဂျို၊ ဂီတသံများသာမက သူများထက် ပို၍ကဲသူတို့ က ဓာတ်စက်တစ်လုံး ရှာဖွေလာကာ တစ်ချပ်ပြီးတစ်ချပ် မရပ်မနား ဖွင့်လိုက်သည့် သီချင်းသံများကား တညံညံ ရှိနေလေတော့၏။ တူရိယာ မတီးတတ် မမှုတ်တတ်သူတို့ ကား ပါးစပ်ဆိုင်းနှင့် ကျေနပ်ကြရလေ၏။

ထိုအချိန် ထိုအခါတွင် သိန်းဖေမှာ လူအများ ပွဲတောင်းခြင်းကိုခံရကာ တယော၊ မယ်ဒလင်အစုံနှင့် မင်းသား လာငှားကြလေ၏။

"ဟာ. . . ကျွန်တော်က အတီးနဲ့ အမှုတ်နဲ့ဆိုရင် တစ်ယောက်တည်း မကတတ် ဘူး။ နှစ်ပါးသွားမှ ကတတ်တယ်" ဟု ဆိုသဖြင့် "အချော်" ကလေးတစ်ယောက်ကို ရှာရပြန်လေ၏။

'အချော်' ဆိုသည်ကား အသက်ငယ်ငယ်၊ ရုပ်ရည်ချောမောသဖြင့် အတန်း ကြီး ကျောင်းသားများ၏ နမ်းရှုပ်ပွေဖက်ကာ ကျီစယ်ခြင်းခံရသည့် ကျောင်းသား ကလေးများကို ခေါ်ဝေါ်သော တက္ကသိုလ်ကျောင်းသုံးအမည်ပေတည်း။ ထိုသို့ နမ်းရှုပ် နောက်ပြောင်ကာ ကျီစယ်ပြက်ရယ်ပြုခြင်းကို 'ဖဲ' သည်ဟူ၍ ခေါ်ဝေါ်ကြလေသည်။ ထိုသို့သော 'အချော်' ကလေးများသည်ကား ကျောင်းဆောင်တိုင်း၌ တစ်ယောက်စီ ရှိတတ်သဖြင့် ကျောင်းသားကြီးများမှာ ၎င်းတို့နှင့် ပျော်ရွှင်ကြရလေတော့၏။

သိန်းဖေကား စက္ကူခေါင်းပေါင်းလုပ်၍ ယပ်တောင်တစ်ချောင်းကို ခါင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစတပ်ကာ မျက်နှာတစ်ခြမ်းသာ ပေါင်ဒါဖွေးနေအောင် ချပြီးလျှင် အကျီချွတ်၊ ဗိုက်လိပ်ရုပ်ရေး၊ ပန်းပွင့်ကြီးများ ရိုက်နှိပ်ထားသည့် ခန်းဆီးလိုက်ကာရှည်ကို ပုဆိုးလုပ်၊ ဖဲသုံးချပ်ကို ရွှေတံဆိပ် ပြုလုပ်ပြီး လည်ပင်းတွင်ဆွဲလျက် မင်းသားသဏ္ဍာန် ဖန်ဆင်းလေ၏။ ထိုသို့ဝတ်ဆင်လျှင် သိန်းဖေသည် ဖိုးစိန်ဟန် အာလုပ်သံကြီးဖြင့် "အဟမ်းအားလုံး အမိအဖများ အာသီသထားသည့်အတိုင်း ကျွန်တော် မျောက်ဖိုးစိန်ကြီးသည် အတ္တဟိတ၊ ပရဟိတ နှစ်ဦး နှစ်ဝအကျိုးကို သည်ပိုးလိုပါသဖြင့်. . . ဒါပါပဲခင်ဗျာ၊ ရှေ့လည်း ဆက်မပြောတတ်ပါဘူး" ဟု ဆိုလိုက်သဖြင့် တဖြောင်းဖြောင်းဆော်လိုက်သည့် လက်ခုပ်သံများ ဆူညံသွားလေ၏။

"ကဲ ကဲ မင်းသမီးခေါ်မှပဲ၊ အဟမ်း နံပါတ်ဝမ်းတစ်၊ ဂဏန်းတစ်၊ မန်းတစ်တဲ့တစ်" ဟု ဆိုလိုက်ရာ ဘတိုးက "မင်းဟာကလည်း တစ်ချည်းပါပဲလား"

"တစ်ချည်းပဲဆို အင်္ဂလိပ်လိုက ဝမ်းကိုကွ၊ ဗမာလို တစ်၊ တစ်ဆိုတော့ ဝမ်းပဲ၊ ဝမ်းဘဲဆိုတော့ တစ်ကောင် ငါးမတ်ပေါ့ကွ"

"ဟား ဟား တယ်ပြီးဈေးသိတယ်။ သူ့အဖေ ခေါက်ဆွဲတရုတ်မှတ်တယ်"

"ဝါး ဟားဟားဟား"

"ကဲကဲ. . . ပြင်ပြီးခေါ်ဦး" ဟု ဘတိုးက ဆိုသဖြင့် သိန်းဖေလည်း ပုဆိုးစ,မ၊ ခေါင်းပေါင်းစပြင်၊ ဟန်လုပ်နေသဖြင့် ဘတိုးက "အောင်မာ မင်းသမီး ခေါ်မယ့်အရေးအိုင်တင်တွေများလိုက်တာ" ပြောလိုက်သဖြင့် တသောသော ဖြစ်သွားကြပြန်လေ၏။

"စိန်ကြိုး နဝရတ် ရှိန်ဖြိုးလျှပ် တိမ်မိုးနတ်အသွင် အလှယဉ်ပဂေး ဂွဂွင်ဂွေးပါတဲ့ အေ ငါကြိုက်မကလေး မကြည်ကြည်" ဟုဆိုကာ ရှိုးရှစ်ဟု လက်ခေါက်မှုတ်လိုက်သဖြင့် တယော၊ မယ်ဒလင်သမားများက ကကြိုးကလေး တီးလိုက်ရာ မောင်မောင်ကြည်ထ၍ ကလေ၏။

ထိုသို့ မောင်မောင်ကြည် ကနေစဉ် သိန်းဖေနှင့် ဘတိုးတို့သည် တကယ့်လူပျက်များပမာ ချာလီချက်ပလင် အမူအယာများဖြင့် ညှဟန်လုပ်လိုက်၊ နမ်းတော့မည်ပြုလုပ်လိုက်၊ ဖင်တို့လိုက်နှင့် အပျော်ဆက်ကြလေ၏။ သိန်းဖေက မောင်မောင်ကြည်၏ ခါးနားသို့ကပ်၍ နားထောင်ကာ "ဟော့. . . တို့မင်းသမီးက ခလောက်သံ ကြားရပါကလား" ဟု ပြောလိုက်ရာ ဝါးကနဲ ဆူပွက်၍သွားလေ၏။ သီချင်းဆုံး၍ မောင်မောင်ကြည် ခြေဆင်း ထိုင်လိုက်သောအခါ သိန်းဖေသည် ပျာပျာသလဲ ဟိုပြေး ဒီပြေး လုပ်ပြီးမှ "အမယ်လေး နှမကလေး မောသွားပြီမှတ်တယ်" ဟုဆိုကာ ခေါင်းပေါင်းစကိုချွတ်၍ ယပ်ခပ်ပေး သောကြောင့် ကျောင်းသားများ သဘောကျနေစဉ် ပါးကို တို့လိုက်သဖြင့် "အို လက်ကြီး ကလည်း" ဟု ဆိုကာ မောင်မောင်ကြည်က ပြန်၍ရိုက်လိုက်သည့် အမူအယာမှာ မိန်းမရှာဆန်၍သွားသောကြောင့် "ဝမ်းစမိုး၊ ခါးပန်းကြိုး" ဟူသော ကျောင်းသားတို့၏ ဝါယောမြောက်သံသည် ပွင့်၍ထွက်လာလေ၏။

www.burmeseclassic.com



ဘတိုးက "တစ်ချီတည်းနဲ့ မောလား နှမရဲ့" ဟု ပျက်လိုက်ပြန်လေ၏။

"ကိုင်း. . . ဟေ့. . . ဘတိုး ကောင်မလေးကို အနားပေးပြီးတော့ မင်း အလယ်သား စားပါလား" ဟု ပြောလိုက်ရာ ဘတိုးက "ထွီ၊ ရွံစရာ" ဆို၍ ပါးစပ်ကို ပွတ်လိုက်သဖြင့် ဝါးကနဲ ဖြစ်သွားပြန်လေ၏။

ပြီးမှ ဘတိုးက ကျောင်းသားပရိသတ်ဘက်သို့လှည့်ကာ သိန်းဖေအား လက်ညှိုးထိုးလျှင် "ဒီအကောင်ဟာ အကျင့်သုံးပါးနဲ့ သေသေချာချာ ညီတယ်ဗျ" ဟုပြောလိုက်သဖြင့် သိန်းဖေက "ဘယ်လိုလဲ" ဟု မေးမှ. . .

"အိပ်ရာထရင် မျက်နှာမသစ်ဘူး။ ထမင်းစားရင် လက်မဆေးဘူး။ ချီးယိုပြီးရင် ဖင်မကုန်းဘူး" ဟု ဆိုလိုက်သဖြင့် ပွဲကျသွားလေ၏။

အရယ်တိတ်ကြသော် ကျောင်းသားများက "ဝိဝမ့် ကိုသိန်းဖေ၊ ဝိဝမ့် ကိုသိန်းဖေ" ဟု သံပြိုင်တညီတည်း သိန်းဖေကို ပွဲတောင်းကြရာ၊ မင်းသားမျောက်ဖိုးစိန် ထွက်၍ လာလေ၏။

သိန်းဖေ ယိုးဒယားဟန်နှင့် ထွက်လာသည်ကို မျောက်ဆိုင်း တီးပေးလိုက်သဖြင့် အကရခက်နေသောကြောင့် ဖြုန်းကနဲ ကြမ်းပေါ်ဖင်ဆောင့်ထိုင်ကာ နှုတ်ခမ်းကလေးစူ ခြေနှစ်ဖက်ဆောင့်ပြီး မြခြေကျင်း ငွေမြိုင်လို မူလိုက်သဖြင့် ဟားတိုက်ကြရပြန်လေ၏။

"ကိုင်းဗျာ၊ ကောင်းကောင်းတီးပ့ါမယ်။ ကျကျနန ကစမ်းပါ" ဟုဆို၍ တီးလုံး စ,လိုက်မှ. . .

"အဟမ်း၊ ကာမဂုဏ်၌ အာရုံပဋ္ဌာ၊ ပမာပုံတင်ကာ၊ ကညာစုံလင်စွာ၊ ပေါင်းခွင့်တူစွာ ခွင့်တူစွာ၊ အားပေးကူညာ မတူပါ"

"ကျယ်ကျယ် ဆိုပါဗျို့" ဟု အာဘောင်နီသံဖြင့် တစ်ယောက်က အော်လေ၏။

"ချမ်းသာပေးပါဗျာ၊ သိပ်အော်ရင် ခရေပွင့်ကို ရှုံ့သွားတာပဲ" ဟု ရွတ်လိုက်သဖြင့် ဝါးကနဲ ဖြစ်သွားရာမှ "အဟမ်း၊ နောက်ကလည်း ကောလိပ်စိန် မမြလွင်တို့၊ လေဘာတီ ခင်ညွန့်တို့၊ ဟဲ ဟဲ မသိန်းမေကြီးတို့လည်း ပါသကိုးဗျ၊ နို့ပေတဲ့ ကုလားမ ခြင်းတောင်း လက်ပောင်းနို့ဆီဗူး မကြည်ကြည်ကလွဲရင် အကုန်လုံး ဖွဲနဲ့ စပါးခွံချည်းပဲလို့ ထင်တာပဲ။ အဲဒါကြောင့် မောင်မောင် တရားမလစ်ပါ။ မယားအသစ်တွေ ရှာဖို့များဖြင့် ကညာပျို့အပြင် စိတ်မကူးပါ၊ ဒီလိုကိန်းဟာ ယုတ်တာ၊ ထိန်းကာအုပ်ကာ အလုပ်မှာ ရှုပ်တာ၊ အမယ်လေး. . . သီချင်းကလည်း အလှည့်တွေများ လျှာယားလိုက်တာ" ဟု လျှာထုတ်၍ လက်နှင့်ကုတ်သဖြင့် ကျောင်းသားများလည်း ရယ်မိကြလေ၏။

ယင်းသို့လျှင် ကျောင်းသားတစ်စုတို့မှာ ရွတ်လိုက်၊ နောက်လိုက်၊ ရှုပ်လိုက်၊ ပြောင်လိုက်နှင့် ကြံဖန်၍ ပျော်ရွှင်မှု ရှာကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းမှာ ၎င်းတို့ကဲ့သို့ ပျော်ရွှင်၍ မနေအားပေ။ မိမိစာမေးပွဲ ရှုံးလိမ့်မည်မှာ ဧဒင်မမေးဘဲ သိနှင့်နေပြီးဖြစ်ရကား၊ စာမေးပွဲရှုံးသူတို့၏ မိဘများထံ ကျောင်းအုပ်ကြီးက တိုင်ကြားစာ (ဝမ်နင်) ပို့မြဲဖြစ်သဖြင့် မိမိ၏တိုင်ကြားစာကို အိမ်သို့မရောက်အောင် ကြံဖန်ရန်လိုသောကြောင့် 'ဒက်စပက်ချာ' ခေါ် ချောစာကိုင်စာရေးကြီးထံသွား၍ ချွဲနေရလေ၏။

ကျော်ဝင်းနှင့် ဒက်စပက်ချာမှာ ရင်းနှီးကြသည့်အလျောက်၊ ဒက်စပက်ချာက

"ဟော့ ကျော်ဝင်း၊ မင်းဖြေနိုင်ရဲ့လား"

"ဟုတ်ပလက်စ်" ဟု မျှော်လင့်ဖွယ် မရှိကြောင်း ပြောပြလိုက်ရာ. . .

"မင်းတို့ကောင်ကလေးတွေ အလကားဖြုန်းနေတာပဲ။ အစမ်းမို့လို့ တော်သေးတယ်။ ဖိုင်နယ်မှာ ကြိုးစားကွ၊ ငါ မင်းကို ချစ်လို့ပြောတာ မင်းတို့ ရှုံးရှုံး ကျကျ၊ စင်စစ်တော့ ငါ့အပူ မဟုတ်ဘူးပေ့ါ။ နို့ပေတဲ့ မင်းတစ်ယောက်တော့ နေရာကျတာ ငါ မြင်ချင်တယ်။ အခု ဝမ်နင် ထိလိမ့်မယ်။ သိလား"

ကျော်ဝင်းလည်း စီးကရက်တစ်ဗူးပေးပြီး မျက်နှာချိုသွေးကာ "တဆိတ်လောက် အဲဒီစာ ရောက်လာရင် အိမ်မပို့ဘဲ ဖြုပစ်လိုက်ပါနော်။ အိမ်ကသိရင် ပွက်တော့ပွက်မှာ မဟုတ်ဘူး။ နို့ပေမယ့် မကောင်းလို့ တဆိတ်ကလေး ကျေးဇူးပြုပါဗျာ။ ကျွန်တော် ဖိုင်နယ်ကို သေသေချာချာ ကြိုးစားပါ့မယ်" ဟု တောင်းပန်အသနားခံနေသဖြင့်. . .

"ဟား. . . ဟား ဒါကြောင့် စီးကရက်ဗူး ပေးတာလား ဟ"

"မဟုတ်ပါဘူးဗျာ၊ စာအုပ်လှန်တာ နိုင်လာလို့ မသောက်တာမို့ ပေးတာပါ။ နော်ဗျာ၊ ဟိုစာကလေး တဆိတ်လောက်"

"အေး အေး၊ ငါ ကြည့်လုပ်လိုက်ပါ့မယ်" ဟု အလိုက်သင့် ပြောလိုက်သဖြင့်၊ ကျော်ဝင်းလည်း ကျေနပ်ပြီး ပြန်လှည့်ထွက်ကာ မြို့သို့ပြန်ရန် တစ်လမ်းတည်းအတူ မီးရထားစီးရမည့် ကျောင်းသားအသိများကို ရှာဖွေလျှက် ကွန်ဆက်ရှင်းလက်မှတ်ရရန် စီမံရပြန်လေ၏။ ၎င်း၏စိတ်၌ ကျောင်းတွင် နှစ်ရက်၊ သုံးရက် နေဦးမည်ကို ဝန်လေးလျှက် အမြန်ပြန်ချင်လှပေ၏။

"အို၊ ကောလိပ်ကျောင်းက ပြန်မယ့် အစ်ကိုမောင်၊ လက်ထပ်တော့မယ်တကယ်လားဆို" ဟု တစ်ခန်းက အကောင်းဆိုသည်ကို. . .

"ဝေ၊ ကောလိပ်ကျောင်းသားက နှပ်ချီးထူ၊ မောင့်လက်ထိပ်ဝတ်မလား၊ တကယ်ဆို" စသည်ဖြင့် အခြားတစ်ခန်းက ပြောင်လှောင်၍ဆိုကာ စာအုပ်များကို သေတ္တာထဲထည့်၊ အဝတ်အစားများကို ကျကျနန သိမ်းဆည်း၊ အပေါင်ဆိုင်မှ ရွေးတာဖွေ၍ ထည့်သိုထုပ်ပိုးလျှက် ရှိကြလေ၏။

ထိုနေ့ည၌ကား ကျောင်းပိတ်ညစာ ထမင်းစားပွဲကြီးနှင့် အငြိမ့်ပွဲကြီး ရှိလေ

www.burmeseclassic.com

www.burmeseclassic.com

၏။ အမှုဆောင်ကော်မတီအဖွဲ့ဝင်များမှာကား၊ အလုပ်များ၍ နေကြလေတော့၏။ ထမင်းစားခန်းထဲတွင် ဇာတ်ခုံဆင်ယင်လျှက် ရှိကြလေ၏။

လှလှပပ ဝတ်စားဆင်ယင်ကာ ပျော်ပျော်ရွှင်ရွှင်ကြီး စားသောက်ကြ၊ ပွဲကြည့်ကြမည်ဟု အားခဲထားကြကာ၊ ကျောင်းသားအားလုံးတို့သည် ရေချိုးခန်းများကို အလုအယက် ဖြစ်နေကြလေ၏။ ရေချိုးခန်းမင်းသားတို့၏ တေးသံကား ဆူညံ၍နေလေတော့၏။ ရေမိုးချိုးပြီးသောသူများသည်ကား တစ်ယောက်အခန်း တစ်ယောက်ကူးကာ ခေါင်းလိမ်းဆီ၊ နှင်းပွင့်၊ ပေါင်ဒါများ တောင်းရမ်းလိမ်းသ,ကာ အလှအပ လုပ်နေကြလေ၏။

အခန်းတွင်းရှိ မီးများကို အပြင်သို့ ထုတ်၍ထားကြရသဖြင့် မီးဖွင့်လိုက်သည့်အခါတွင် ဝရံတာပတ်လည်တစ်လျှောက်မှာ ထိန်ထိန်တောက်၍နေတော့၏။ လေးထောင့် ဆောက်လုပ်ထားသော ပုဂံကျောင်းဆောင်၏အလယ်တွင်ရှိသော မြေကွက်ကလေးတွင် ပေါက်ရောက်သည့် စိမ်းလဲ့နုပျိုသော မြက်ပင်ကလေးများသည် မီးရောင်ကြောင့် ကြည်နူးဖွယ် ရှိလေတော့၏။ ရှဲကနဲ၊ ရှဲဘနဲ မြည်သော ပိုးလုံချည်အသံများ၊ ဂေါက်ဂက်နှင့်နင်းသော ဖိနပ်သံများသည် အခန်းအပြင်၌ လှုပ်ရှားသွားလာနေကြသည်ကို ပြလေ၏။ နီကနဲ၊ ပြာကနဲ၊ ဝါကနဲ၊ ဝင်းကနဲဖြင့် ကျောင်းသားတို့ အဝတ်အစားများသည် အရောင်စုံလွှတ်၍နေတော့၏။

ရှစ်နာရီခေါင်းလောင်းထိုးလိုက်သောအခါ၊ ထမင်းစားခန်းထဲတွင် ဇွန်းသံခက်ရင်းသံများ ညံ၍သွားလေ၏။ ကျောင်းတွင် တစ်နှစ်မှ နှစ်ခါ၊ သုံးခါသာ စားရသောနတ်သုဒ္ဓါတို့ကို အားရပါးရ ခဲမျိုကြလေ၏။ ဇာတ်ခုံမှ မင်းသမီးက ရိုးသေစွာထိုင်ကာ သီချင်းကြီး၊ သီချင်းခံများ သီဆိုလျက် ငြိမ့်ရှုံမျှတီးသော တူရိယာသံများသည် စားသောက်နေသော ကျောင်းသားများအား ဖျော်ဖြေလေ၏။

စားသောက်၍ပြီးသောအခါ ဘုရင်မင်းမြတ် ကျန်းမာပါစေ။ ကြွလာပင့်ဖိတ်သော ဧည့်သည်များ ကျန်းမာပါစေ။ ကျောင်းသားများ ကျန်းမာပါစေ စသဖြင့် အပြန်အလှန် 'တို့စ်' ပြုလုပ်ကြ၍၊ အဆောင်မှူးတစ်လှည့်၊ အမှုဆောင်တစ်လှည့် စကားပြောကြပြီးနောက် တစ်စုံတစ်ယောက်သောသူအား သီချင်းဆိုပါဆိုလျှင် မငြင်းရဘဲထ၍ဆိုရ၏။ စကားပြောပါဆိုလျှင် ထ၍လက်ချာရိုက်ရပြန်လေ၏။ ဤသို့အားဖြင့် ထမင်းစားပွဲကြီး ပြီး၍သွားပြန်သောအခါ. အငြိမ့်ပွဲကို မျှော်ရပြန်လေ၏။

ယောက်ျားလေးကျောင်းများတွင် ပွဲလုပ်သည့်အခါ၊ မိန်းကလေးကျောင်းသူများအား ဖိတ်ကြားမြဲ ထုံးစံဖြစ်သည်ကို ကျော်ဝင်း သိရှိသည့်အတိုင်း၊ မတော်တဆ မသန်းမြင့် ပါ၍လာခဲ့သော် တွေ့နေရမည်စိုးသောကြောင့် ကျော်ဝင်းသည် ထမင်းစားပြီးနောက် မြို့ထဲသို့ ထွက်လည်ကာ မိန်းကလေးများ ပြန်ချိန်တန်မှ ကျောင်းသို့ ပြန်လာမည်ဟု နှလုံးပြုလေ၏။

www.burmeseclassic.com

ကိုးနာရီလောက်တွင် ပုံတွေ ဆိုင်းတွေ ဆော်လေပြီ။ သိန်းဖေ၊ ဘဉီးနှင့်တကွ ကျောင်းသားအချို့တို့သည် အာခံတွင်းခြောက်ကြသဖြင့် ရေကြည်တော်များ ဆွတ်လောင်းထားကြလေရာ ရိတီတီ ဖြစ်နေသော သိန်းဖေမှာ ကချင်ခုန်ချင်ဖြစ်၍လာသည့်အလျောက် ကျောင်းသားတစ်စုတို့၏ အော်ဟစ်လှောင်ပြောင်သံများ ဆူညံသွားကာ "ဖိုးအီဟေ့၊ ဖိုးအီ" ဟူသော အသံများသည် ပေါ်လာလေ၏။ ထို 'ဖိုးအီ' ၏အဓိပ္ပါယ်ကို ယခုတိုင် တက္ကသိုလ် မြန်မာသုတေသနအသင်းကြီးက အဓိပ္ပာယ်ရှာ၍ မရသေးချေ။

မိန်းကလေးများထဲတွင် မသန်းမြင့် ပါလာလေ၏။ မအေးစိန်နှင့် မသန်းမြင့်တို့သည် အဝတ်အစား ဆင်တူဝတ်ထားကြ၏။ ထိုသို့ အကောင်းအညွန့်များဖြင့် မွမ်းမံချယ်လှယ်ထားသော မသန်းမြင့်မှာ ကျောင်းသားအပေါင်းတို့၏မျက်စိတွင် ကြည့်မဝနိုင်လောက်အောင် ရှိလေတော့၏။ သိန်းဖေနှင့် ဘဉီးတို့သည် မသန်းမြင့်ကိုမြင်လျှင် ကျော်ဝင်းကို လိုက်၍ရှာကြသည်မှာ ဒေါင်းတောက်နေတော့၏။ ကျော်ဝင်းကား မြို့ထဲသွားနေသဖြင့် မတွေ့ကြရချေ။

ကမ္ဘာဉီးလူတို့ နေ၊ လကို တောင့်တကြသကဲ့သို့ မင်းသမီးကို တောင့်တနေကြသော ကျောင်းတော်သားတို့သည် ရုပ်ရှင်အမူအရာ ကြာဗျာပါပေးလျက် ထွက်လာသော မင်းသမီးကို တွေ့လိုက်လျှင်၊ မနောခွေ့၍သွားကြကာ လက်ခုပ်တီးလေချွန်ကာ "ဝေးဝါးဟေးဟား" စသည်ဖြင့် ပါးစပ်ကြီးအဖြဲသားနှင့် အော်ကြသည့်အသံများသည် ဆူညံ၍နေလေတော့၏။

ကျောင်းသားများကား မိန်းကလေးများ ရှိနေသဖြင့် ဣန္ဒြေကို အနည်းငယ်ငဲ့၍ ပြောင်ချင်တိုင်းပြောင်၊ လှောင်ချင်တိုင်း မလှောင်နိုင်သောကြောင့် ၎င်းတို့ပြန်ပါစေဟုသာ ဆုတောင်းသူ များကြလေ၏။ တက္ကသိုလ်ကျောင်းသားများ အားပေးမြှောက်စားလျှင် နာမည်ရ၍ ထမင်းဝကြသည်ကို သိကြသော လူပြက်များကလည်း ကျောင်းသားများအကြိုက်လိုက်၍ အနုတစ်မျိုး၊ အကြမ်းတစ်ဖုံ ပြက်ရယ် ပြုလုပ်သော်လည်း၊ မိန်းကလေးများကြောင့် ထင်သလို မကြရဘဲ ယဉ်ကျေးသော ပြက်လုံးများ အသုံးတော်ခံကာ၊ ၎င်းတို့ ပြန်ပါစေဟု ဆုတောင်းကြလေတော့၏။

မိန်းကလေးများ ပြန်သွားကြသောအခါ၊ ကျောင်းသားတို့သည် ဣန္ဒြေဖြင့် မနေကြတော့ဘဲ ရှေ့သို့ လုယက်၍ တိုးကြလေ၏။

မင်းသမီးက ရည်းစားမျှော် သီချင်းကို ဆိုလိုက်ရာ လူပြက်တစ်ယောက်က "ဟေ့. . . ကျောက်ခဲ. . . ခင်ထွေးကြည်ကလေးက သူ့မှာ ရည်းစားနဲ့ ဆိုပါကလား"

"ဟေ. . . ဟုတ်လား မျောက်မဲရ။ တန်တော့ ငါနဲ့ပဲတူတယ်"

"ငါ မေးကြည့်ဦးမယ်၊ ခင်ထွေးကြည် မင်းရည်းစားက တက္ကသိုလ်ကျောင်းသားလား၊ စာရေးလား၊ ကပ္ပိယလား" ဟု ဆိုလိုက်သဖြင့် ကျောက်ခဲမှာ ပက်လက်လန်သွားသောကြောင့် ကျောင်းသားများ ပွဲကျသွားကာ ပတ်တုတ်ပေးရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ခင်ထွေးကြည်က အသံကလေး ခပ်စာစာဖြင့် "ဪ. . . ကိုမျောက်မဲ မှတ်တယ်၊ ကျွန်မ မေးသလားရှင့်"

"ကျွန်မ မမေးပါဘူး၊ ကျွန်ထီးမေးတာ"

"အို. . . ဘယ့်နှယ်တုံး" ဟု ဆိုကာ ဂွပ်ကနဲ ယပ်တောင်နှင့် ခေါက်လိုက်ပြီး ကျွန်မရည်းစားက ကျောင်းသားရှင့်၊ အင်္ဂလိပ်စာတတ်တယ်"

"ဪ. . . ဒါကြောင့် တစ်နေ့က ငါတွေ့တာ။ မင်းရည်းစားကို ငါ သိပါတယ်။ မင်းရည်းစားက အိမ်ရှေ့လျှောက်လာ၊ မင်းက ထွက်ကြည့်။ ဒီတော့ သူက အင်္ဂလိပ်လို နှုတ်ဆက်တယ်၊ 'ဆွမ်းတော်ဖို့'တဲ့ ကျောင်းသားကို ဒီတော့ မင်းက ပြန်ပြီး အင်္ဂလိပ်လို ပြောလိုက်တယ်၊ 'ကန်တော့ဆွမ်း'တဲ့" ဟု ပြောလိုက်သဖြင့် အဆော်ခံရပြန်လေ၏။

"ဒီကျောင်းသား ပြောတာမဟုတ်ဘူးရှင့်။ ကောလိပ်ကျောင်းသား၊ ကောလိပ်ကျောင်းသား" ဟု ပြောလိုက်သဖြင့် "ဝေး၊ ဟေး ဟေး" ဟူသော မစင်နှင့် နှလုံးသားတွေသည့်ပမာ ကျေနပ်စွာ အော်လိုက်သော အသံကြီးသည် ပွက်၍သွားသဖြင့် ပတ်တုတ်ပေးရပြန်လေ၏။

"ဪ. . . ကောလိပ်ကျောင်းသားလား"

"ဟုတ်တယ်"

"ဒါဖြင့် ကောလိပ်ကျောင်းသားဆိုတော့ နေ့တက်တဲ့ ကျောင်းသားလား၊ ညတက်တဲ့ ကျောင်းသားလား"

"သူလေ နေ့လည်း တက်ရတာပဲ။ ညလည်း တက်ရတာပဲရှင့်"

"အမယ်. . . တယ်လည်းကြိုးစားလိုက်ပါလား" ဟု ကျောက်ခဲက ဖောက်လိုက်ရာ အနက်ကိုတွေး၍ ကျောင်းသားများ အူနှိပ်၍နေလေတော့၏။

"ဪ မင်းရည်းစား မလာလို့ လွမ်းတယ်ပေါ့"

"လွမ်းတာပေါ့ရှင့်။ ငယ်ကချစ် အနှစ်တစ်ရာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း ဆိုတာလိုပေါ့ရှင်။ တစ်နေ့မမြင်ရ မနေနိုင်ဘူး။ အခုမလာတာ နှစ်လရှိပြီ ဦးလေးရဲ့။ ကျွန်မ ဘယ့်နှယ်လုပ်ရမလဲ။ ငိုသာ ငိုလိုက်ချင်တာပဲ" ဟု ငိုသံပါကလေးနှင့် ပြောလိုက်ရာ. . .

"မပူပါနဲ့ကွယ် နှစ်လရှိသေးတာပဲ။ ငါးလကျော်မှ ဆုံးတာပါ" ဟု ပြောလိုက်ရာ အပေါင်ဆိုင်နှင့်မကင်းသော ကျောင်းသားတို့မှာ ပွဲကျသွားလေ၏။

"နှစ်လနဲ့ မပူပါနဲ့ကွယ်၊ တို့မိန်းမတော့ ရှစ်လလောက်ရှိမှ. . ."

"အို. . . ဘယ့်နှယ်လဲလို့" ဟု ဆိုကာ ဂွပ်ကနဲ လှမ်း၍ချလိုက်ပြန်၏။

"ဪ. . . မင်းရည်းစား မလာဘူးလား"

"ဟုတ်ကဲ့"

"ဒါဖြင့် စာရေးခေါ်မှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး တဆိတ်ရေးပေးပါဦး"

"ကဲ. . . စက္ကူနဲ့ ခဲတံရော ရေး"

"ဟုတ်ကဲ့ ရေးပါပြီ"

"ကျောင်းသား ကိုဗိုလ်ကေရေ့ ရှင်လည်းမလာ၊ ကျွန်မလည်း မျှော်နေပါသည်"

"ကြည့်စမ်းပါဦး၊ ဘယ့်နှာတွေ ပြောနေတာလဲ"

"ဟဲ့. . . ခင်ထွေးကြည် ဒီကောင်ကြီးဟာ မကောင်းဘူး၊ ငါ့ဆီလာ၊ ငါရေးပေးမယ်"

"ဟုတ်တယ်ရှင့်၊ ကိုင်း ဦးလေး ရေးပေးစမ်းပါဦး"

"မင်းရည်းစားက အင်္ဂလိပ်ကျောင်းသားဆိုတော့ အင်္ဂလိပ်လို ရေးပေးမယ်။ ကဲ ဆက်ပြီးရေး။"

"ဝွပ်"

"ယူ့ကို မျှော်လင့်နေပါသည်း ယူနိုး တစ်ညလုံး မအိပ်နိုင်လို့"

"ဝွပ်"

"မောင်နဲ့ ကျွန်မ ကြိုက်နေတာကို အမေ ရိပ်မိလို့ ပြောင်ပြောင်ပဲနေတယ်" ဟု ပြက်လိုက်သဖြင့် ရယ်သံများမှာ ပွက်လောကြမ်းသွားလေ၏။

မျောက်မဲက စာအုပ်တစ်အုပ်ကိုကိုင်လျက် ကျောင်းသားစတိုင်လုပ်ကာ "ဒစ်စလောင်၊ လောင်ဝေ၊ ဒူဒီ ဘလက်ဒီး ဒစ်စလောင်ဝေ" ဟု သီချင်းဆို၍ ထွက်လာလေ၏။

"ဟေ့ မင်းက ဘာတုံးကွ"

"ငါက ကျောင်းသားလေ"

"ဒါဖြင့် ဆွမ်းမကျက်သေးဘူး။ စောင့်နေဦး"

မျောက်မဲက စာအုပ်ကို လှန်၍ဖတ်ကာ "ဝမ်းတရှတ်ရှတ် ပုဇွန်တောင်၊ ဘို့ပြေးဒီပြေး သိမ်ကြီးဈေး၊ စီအေတီ ကက် ကြောင်၊ ဘီအေတီ ဘက် ဝွက်၊ ယံမင်္ဂလာ ဥါဒဿဟိ စိန္တယိ သု"

"အလို. . . ဒီကျောင်းသားက ဘီအေမှာ ပရိတ်ကြီးဂုဏ်ထူး သင်တယ် ထင်ဘယ်။ ဟေ့ လာစမ်း။ မင်း အင်္ဂလိပ်လို တကယ်တတ်သလား"

"တတ်တယ်"

"ငါ မေးတာ ဖြေနိုင်ပါ့မလား"

"ဖြေနိုင်တယ်"

"ကိုင်း၊ အိုင်ဘဲဒီး ဆောရီးဆိုတာ ဘာလဲ"

"အိုင်ထဲမှာ ဘဲထီးကြီး ဆော့နေတာ" ဟုဆိုကာ လက်နှစ်ဖက်အမှောင်လုပ်

www.burmeseclassic.com

www.burmeseclassic.com

၅ တောင်ပံရိုက်ရကာ ဖင်ကော့၍ ပြလိုက်သဖြင့် ဝါးကနဲ ဖြစ်သွားကြလေ၏။

"အလကားအကောင်၊ အေဘီစီတောင် မရဘူး"

"မင်းကော ရသလား"

"ရတယ်"

"ဆိုစမ်း"

"အေဘီစီဒီအီးအက်ဖ်၊ အက်ဖ် ဆိုတာ သိသလား"

"မသိဘူး"

"မှတ်ထား၊ စာမေးပွဲရှုံးတဲ့ ကျောင်းသားကို ခေါ်တာ" ဟု ပြောလိုက်ရာ ကျောင်းသားများမှာ မိမိတို့လောကတွင် ထင်ရှားနာမည်ကြီးသော အက်ဖ်ကို သုံးလိုက်သည်ကို ကြားရသဖြင့် သဘောကျ၍ လက်ခုပ်တဖြောင်းဖြောင်းခေါ်လေ၏။

"ခင်ထွေးကြည်၊ မင့်ရည်းစား ဟောဒီအထဲမှာ ရှိသလား" ဟု ကျောင်းသား ပရိသတ်ထဲ လက်ညှိုးထိုး၍ မေးလိုက်ရာ မင်သမီးက "ရှိတယ်" ဟု ဖြေလိုက်လျှင်ပင် ကျောင်းသားများက သောသောရုတ်ရုတ်ဖြစ်ကာ "ဒီမှာဗျို့၊ ဒီမှာဗျို့" ဟုဆိုလျှက် နီးကပ်ရာ ကျောင်းသားများကို မြှောက်၍ပြသောကြောင့် လူပြက်က မင်းသမီးဘက်သို့လှည့်၍ "များလှချည်လား၊ မင်း တတ်နိုင်ပါ့မလား" ဟု ပြောလိုက်ရာတွင် ကျောင်းသားများ ရယ်သံမှာ ပွက်ပွက်ရိုက်သွားလေ၏။

"ဟောဟိုမှာ မင်းရည်းစား လာနေပြီ" ဟု ကျောက်ခဲက ပွဲကနေသော အခန်းထဲသို့ အသစ်ရောက်လာသော ကျောင်းသားတစ်ယောက်ကို လက်ညှိုးထိုး၍ ပြလိုက်ရာ ဝင်လာသူမှာ ကျော်ဝင်း ဖြစ်သည်ကို တွေ့ကြရသဖြင့် "ဝေးလားလား၊ ဟီးရိုးကွ၊ ဟီးရိုး" ဟူသော အသံများ ဆူညံ၍သွားလေ၏။ ကျော်ဝင်းမှာ ရှိမ်းသလိုလို ဖြစ်သွားကာ၊ အနီးဆုံးကုလားထိုင်တွင်ဝင်၍ ထိုင်ရလေ၏။

ကျော်ဝင်းကိုမြင်လျှင် သိန်းဖေနှင့် ဘဦးတို့သည် ကျော်ဝင်းအနားသို့ ကပ်ရောက်လာကြလေ၏။ သိန်းဖေသည် လောကဓာတ်ပညာ မသင်ကြားရပါဘဲလျက် ကျော်ဝင်း၏ပါးစပ်မှ သင်းပျံ့သော ရနံ့ကို ဓာတ်ခွဲစူးစမ်းနိုင်ကာ ကျော်ဝင်း ဝိဇာထို၍ လာသည်ကို သိရှိရလေ၏။

"ကိုကျော်ဝင်း ခင်ဗျား ဘယ်သွားနေသလဲ"

"မြို့ထဲကို" ဟု အောက်မေးလေးကြီးနှင့် ဖြေလိုက်သောကြောင့် . . .

"ကိုယ့်လူ လွန်သွားပြီထင်တယ်၊ နည်းနည်းလုပ်မှပေါ့"

"ဟာ. . . စိတ်ညစ်လွန်းလို့ မမှန်းနိုင်ဘဲ ဖြစ်သွားတယ်"

"ခင်ဗျား သိပ်ကံဆိုးတဲ့လူပဲ"

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်လို့ရမလဲဗျ။ ခုနက မသန်းမြင့် လာတယ်။ ဒို သိပ်လှတာပဲဗျ။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကလေးကို မီးရောင်နဲ့ဝင်းပြီး ဖိုးရွှေလမင်းကြီးကျနေတာပဲ။ ဆံထုံး ထုံးထားလိုက်တာကလေးကလည်း မခို့တရို့ကလေး။ အဝတ်ဆိုတာတော့ မပြောနဲ့တော့ ဂရင်းပဲ။ ကျွန်တော်ဗျာ ခင်ဗျား မရှိလို့ ဝမ်းနည်းလိုက်တာ"

"အို. . . သူ့ကို မတွေ့ချင်လို့ ထွက်သွားတာပေါ့" ဟုဆိုရင်း မသန်းမြင့်၏ သဏ္ဌာန်ကို ပြောပြသည်မှာ မျက်စိထဲတွင် တရေးရေး မြင်လာပြန်သဖြင့် စိတ်ထဲတွင် နုံးခွေပြီး လျှင် ကုလားထိုင်ကို နောက်မှီ၍လှဲလိုက်ရာ ဦးခေါင်းမှာ မထူနိုင်တော့ဘဲ ပျော့ခွေ၍ ကျသွားလေ၏။

"ဟာ. . . မဖြစ်ဘူး ကိုဘဦး၊ သူ့ကို အခန်းထဲ ပြန်ပို့မှ၊ နို့မဟုတ်ရင် သူများတွေ သိပြီး အရှက်ကွဲကုန်ဦးမယ်။ လူပြက်ပြက်မှ သာပြီးဆိုးလိမ့်မယ်" ဟု သိန်းဖေက ပြောသဖြင့် ဘဦးကလည်း သဘောတူကာ ကျော်ဝင်းအား ၎င်း၏အခန်းသို့ပို့ရန် နှိုးရလေ၏။

"ဝီဝမ့် ကိုသိန်းဖေ၊ ဖော်အေဒန့်စ်၊ ဝီဝမ့် ကိုသိန်းဖေ" ဟု ကျောင်းသားများက သံပြိုင်ဟစ်အော်ကာ သံမံတလင်းကို ခြေနှင့်ဆောင့်ကာ ဗလုံးဒိုင်းဂွပ် ဟူသော အသံများဖြင့် သံချပ်ထိုးသကဲ့သို့ ပြုလုပ်၍ သိန်းဖေ ဇာတ်ခုံပေါ်သို့တက်၍ က,ရန်ပွဲတောင်းကြသဖြင့် သိန်းဖေမှာ အခန်းအပြင်ဘက်သို့ ထွက်မသွားရအောင် ဖြစ်နေသောကြောင့် ဘဦးတစ်ယောက်တည်း ကျော်ဝင်းကို တွဲခေါ်သွားရလေ၏။

သိန်းဖေမှာကား အများသော ကျောင်းသားတို့၏ အလိုကျအတိုင်း ဇာတ်ခုံပေါ်သို့တက်ကာ ပျော်တော်ဆက်လျက် ကျန်ရစ်ခဲ့လေရာ သိန်းဖေ၏အမူအရာကို ကြည့်ပြီးလျှင် လူပြက်များပင် ကြွေမဆည်နိုင်ဘဲ တသောသော ဖြစ်နေကြလေသတည်း။

ooo

www.burmeseclassic.com

## အခန်း (၉)

"အားလုံးကြားကြသမျှ ပြန်ပြီဗျို့၊ ပြန်ပြီ။ ဂွတ်ဘိုင်"

"ဂွတ်လဘိုင်၊ ဂွတ်လဘိုင်။ ချီးဒေယိုသေးဒေပေါက်၊ ရောက်တဲ့ပေါက်တဲ့အခါ ဝင်ခဲ့ကြပါ"

"အမယ်လေး. . . သွားတော့မလား မယ်ရှုရဲ့။ မောင်ကြီး၊ မောင်ငယ်နှစ်သွယ် ဘယ်ဝယ်ပိုက်လို့ နို့တိုက်ရပါမလဲကွယ့်။ ဟဲ့ဟဲ့" စသဖြင့် အပြန်အလှန်ဆူညံပြောဆိုကြ သော အသံများလည်း ပုဂံကျောင်းဆောင်ကြီး၌ နောက်တစ်နေ့နံနက်မိုးလင်းချိန်မှ စ၍ ကြားကြရပေ၏။

သင်္ဘောတစ်တန်၊ မီးရထားတစ်တန်ဖြင့် မိမိတို့ ရပ်ဌာနပြန်ကြသောကျောင်းသားများသည်ကား နံနက်မှစ၍ တစ်ယောက်စီ၊ တစ်ယောက်စီ ထွက်လျှက်ရှိကြလေ၏။ ထိုအချိန်အခါသည်ကား ကျောင်းမှ အခိုင်းအစေများ၊ မော်တော်ကားသမားများ ပွသည့်အချိန်အခါ ဖြစ်ပေ၏။

လက်ဖက်ရည်ဆိုင်ကုလားများမှာမူ ထိုအချိန်အခါတွင် အလုပ်များလျက်ရှိကြပေ၏။ အိမ်ပြန်သည့်အချိန်အခါများ၌ များစွာသော ကျောင်းသားတို့မှာ ခရီးစရိတ်နှင့် အပိုသုံးစွဲရန် လုံလောက်ရုံမျှ ရှိကြသဖြင့် အကြွေးများ မရှင်းလင်းဘဲ လစ်၍ပြေးတတ်ကြသောကြောင့် ကုလားများသည် စာရင်းစာအုပ်ကိုင်ကာ ကျောင်းပေါက်မှ လာစောင့်၍ ဖမ်းကြရလေတော့၏။ အချို့သော ကျောင်းသားတို့မှာ အကြွေးမဆပ်နိုင်သဖြင့် မိမိတို့၏ပစ္စည်းများကို အကြွေးကင်းသော ကျောင်းသားများအား ၎င်းတို့၏ပစ္စည်းနှင့်အတူ ယူ၍လာရန် အပ်နှံထားလျက် မိမိတို့မူ မြို့ထဲသို့ ခေတ္တထွက်သွားသည့်

www.burmeseclassic.com

www.burmeseclassic.com


ဟန်မျိုးလုပ်ကာ သင်္ဘောဆိပ်၊ ဘူတာရုံ စသည်တို့မှာ စောင့်၍ မိမိတို့၏ပစ္စည်းများကို ယူရလေ၏။ ဤသို့သောနည်းအားဖြင့် အကြွေးကိုရှောင်၍ ကျောင်းဖွင့်သောအခါမှ ဆပ်ကြရလေ၏။ တစ်ခါတစ်ရံ ထိုသို့ ပစ္စည်းပြောင်းလဲ၍ အပ်နှံနေစဉ် အကြွေးရှင်မိ၍ သွားသောအခါ 'အင်ဆော်လဝင်စီ' ခံကာ ပြန်လာမှ အကုန်ဆပ်ပါမည်ဟု ကတိပေးလျက်၊ အချို့တစ်ဝက် ဖွဲ့၍ဆပ်ကာ၊ ကျေနပ်အောင် မနည်းပြော၍ ပြန်ကြရလေ၏။

ဘဦးမှာကား နံနက်စောစော ပြန်၍သွားနှင့်ပြီဖြစ်၍၊ သိန်းဖေနှင့် ကျော်ဝင်းမှာ ပြည်မြို့အထိ တစ်ခရီးတည်း စီးရမည် ဖြစ်သဖြင့် ရန်ကုန်မှ ညဥ့်နက်အချိန်ထွက်သော နံပါတ် ၇-အဆန်မီးရထားကို စီးကြရမည် ဖြစ်သောကြောင့်၊ အေးအေးဆေးဆေးပင် ပစ္စည်းများကို သိမ်းဆည်းလျက် ရှိကြလေ၏။

အိမ်မှရောက်သောငွေ ကုန်သွားပြီ ဖြစ်သဖြင့် နောက်ထပ် မှာယူရသောငွေ မရောက်သေးသောကြောင့် မပြန်နိုင်သေးသော ကျောင်းသားတို့ကား ကျောင်းမှ ထမင်းကျွေးသေးသမျှ၊ နှင်၍မထုတ်သေးသမျှ၊ နေရပေတော့မည်ကို နှလုံးပြုကာ သူများ ပြန်သည်ကိုကြည့်၍ အားကျနေရလေတော့၏။

ညဥ့်အချိန်သို့ ရောက်သောအခါ၊ ရန်ကုန်ဘူတာကြီးအထဲတွင် တက္ကသိုလ်ကျောင်းတော်သား၊ ကျောင်းတော်သူကလေးများဖြင့် ပြည့်၍နေလေ၏။ မီးရထားတွဲအပိုများပင် ထပ်၍တွဲပေးရလေ၏။

ကျော်ဝင်း၊ သိန်းဖေနှင့် အခြားကျောင်းသားနှစ်ဦးတို့သည် မော်လမြိုင်မီးရထား မထွက်မီ ဘူတာကြီးသို့ ရောက်လာကြလေ၏။ ထိုကျောင်းသားလေးဦးတို့မှာ တစ်တွဲတည်း စီးကြမည့်သူများ ဖြစ်ကြသည့်အလျောက် ကျော်ဝင်းသည် မီးရထားခစု၍ လက်မှတ်ခံရန်သွားလေ၏။ ကွန်ဆက်ရှင် အမိန့်စာကိုပြကာ ဒုတိယတန်း လက်မှတ်ခံပြီး လှည့်ထွက်မည်အပြုတွင် ကျောင်းသူကလေးအချို့နှင့် မျက်နှာချင်းဆိုင် တိုးနေသဖြင့် သေချာစွာ ကြည့်လိုက်ရာ မသန်းမြင့် ပါလာသည်ကို တွေ့ရသောကြောင့် အံ့အားသင့်ကာ ကြသေ,သေ၍သွားလေ၏။

မသန်းမြင့်လည်း မျက်စိချင်း ဆုံမိကြသောကြောင့် ငေးစိုက်၍ကြည့်ကာ ကိုဘတင့်နဲ့ တူလိုက်တာဟု အောက်မေ့နေစဉ် ကျော်ဝင်းသည် ရုတ်တရက် သတိရ၍ မျက်လုံးနှစ်ဘက်ကို နှာခေါင်းဘက်သို့ စွေစောင်းကာ ခြေထော့နဲ့ ထော့နဲ့လုပ်၍ ထွက်သွားသဖြင့် မသန်းမြင့်မှာ မောင်ဘတင့်ဟု ထင်မှတ်ခြင်းကို ဖျောက်ဖျက်ကာ မိမိ၏ အဖော်များနှင့်အတူ ဘူတာရုံထဲသို့ ဝင်သွားလေ၏။

"ဟေ့လူ. . . ဘာဖြစ်လာတာလဲ" ဟု သိန်းဖေက ထော့နဲ့ထော့နဲ့ လုပ်၍လာသော ကျော်ဝင်းကိုမေးမှ ကျော်ဝင်းလည်း ကောင်းကောင်းမွန်မွန် ရပ်လိုက်ကာ "မပြောပါနဲ့တော့ဗျာ၊ လက်မှတ်ရုံနားမှာ မသန်းမြင့်နဲ့ တွေ့နေလို့ ဖြုန်းကနဲ ရုပ်ပြောင်းပြီး ခွာလီချက်ပလင် လုပ်လာရတယ်" ဟု ပြောသည့်အတွက် သိန်းဖေတွင် "တကယ်လည်း

www.burmeseclassic.com



တတ်နိုင်တဲ့ လူပဲဗျ" ဟု ချီးကျူးမိကာ အားရစွာ ရယ်မိလေ၏။

ထို့နောက် ပစ္စည်းများကို ချိန်တွယ်ပြီးလျှင် ဘူတာရုံထဲသို့ ဝင်ရောက်ကြပြီး နောက် ပစ္စည်းများကို ချထားသောအခါ သိန်းဖေက "မသန်းမြင့် ဒီည မော်လမြိုင် ပြန်တာပဲဗျ။ လာဗျာ၊ သူ့တွဲကိုရှာပြီး အနားကနေပြီး ရစ်ကြရအောင်"

"ဟာဗျာ၊ မလိုက်ချင်ဘူးဗျာ။ ကျွန်တော်မှန်း သိသွားရင် မကောင်းဘူးဗျာ။ ခင်ဗျားသာ သွားပါ။ ကျွန်တော် ပစ္စည်းတွေ စောင့်နေပါ့မယ်" ဟု ဆိုသဖြင့် သိန်းဖေ ထွက်သွားမည်ပြုမှ "နေပါဦး ကိုသိန်းဖေ၊ ခင်ဗျား တတ်နိုင်တဲ့နည်းနဲ့ မသန်းမြင့်တို့ ဘယ်နေ့လောက် ပြန်လာကြမယ်ဆိုတာ စုံစမ်းပေးစမ်းပါ"

"ကောင်းပါပြီဗျာ။ သိန်းဖေတို့ ကြွဒ္ဒိပါဒ်နဲ့ အတတ်သိစေရမပေါ့" ဟုဆို၍ ထွက်သွားပြီးလျှင် သိန်းဖေလည်း မသန်းမြင့်တို့တွဲနားတွင် ရစ်၍နေလေ၏။ ကျော်ဝင်းမှ ၎င်း၏အရိပ်အကဲကို မျှော်၍သာ ကြည့်နေရလေ၏။

အတန်ကြာသောအခါ သိန်းဖေ ပြန်၍လာကာ "သူတို့ ၂၇-ရက်နေ့လောက် ပြန်ပြီးလာကြလိမ့်မယ်" ဟု ပြောပြီးလျှင် "လာပါဗျာ။ မီးရထား မထွက်ခင်ကလေး ဝဝကြည့်လိုက်စမ်းပါဦး။ တစ်လလောက် ကွဲနေဦးမှာ၊ တစ်လစာ ဖူလုံအောင် ကြည့် လိုက်ပါဦး" ဟု ဆွဲခေါ်သဖြင့် ကန့်လန့် ကန့်လန့် ပါသွားလေ၏။

မသန်းမြင့်တို့ တစ်စုကား မိမိတို့ အသိုက်အဝန်းနှင့်တကွ လာရောက်နှုတ် ဆက်ကြသူ ရန်ကုန်သူ ကျောင်းသူကလေးများနှင့် စကားပြောဆိုနေကြသဖြင့်၊ ရထား တွဲထဲမှ အပြင်သို့ လှမ်း၍မကြည့်ဘဲရှိ၍ ကျော်ဝင်းအား မမြင်သည့်အတွက် ကျော်ဝင်း နှင့် သိန်းဖေတို့သည် ခုံတန်းလျားတစ်ခုပေါ်တွင် ရဲရဲတင်းတင်းထိုင်ကာ အားရပါးရ ကြည့်နေကြလေ၏။

မီးရထား ထွက်ချိန်နီးသဖြင့် လိုက်ပို့ကြသူများသည် ရထားတွဲထဲမှ ဆင်းကြ လေ၏။ မသန်းမြင့်တို့သည် ရထားတံခါးပေါက်မှ ကိုယ်တစ်ပိုင်းထုတ်ကာ ပလက် ဖောင်းပေါ်မှရပ်၍ စကားပြောနေကြသော လိုက်ပို့သူများအား နှုတ်ဆက်နေစဉ်ပင်၊ ကျော်ဝင်းအား မသန်းမြင့်သည် လှမ်း၍မြင်လိုက်လေ၏။ မသန်းမြင့် ကြည့်နေသည်ကို တွေ့ရသဖြင့် ကျော်ဝင်းသည် မျက်နှာလွှဲကာ ၎င်း၏အရိပ်အကဲကို သိန်းဖေအား ကြည့် နိုင်းလေ၏။ မသန်းမြင့်လည်း မဝေခွဲနိုင်သော မျက်လုံးဖြင့် စိုက်၍ကြည့်နေစဉ်၊ မီးရထား ထွက်စပြုလေရာ လက်နှင့် ပါးစပ်က လိုက်ပို့သူများအား နှုတ်ဆက်သော် လည်း မျက်လုံးများက ကျော်ဝင်းဘက်သို့သာ တန်းမိလေ၏။ ထိုအခါမှ ကျော်ဝင်း လည်း လှည့်၍ကြည့်မိစဉ် မီးရထားသည် တဖြည်းဖြည်း ဝေး၍သွားသဖြင့် သိန်းဖေက ဖြတ်ကနဲ ကျော်ဝင်း၏ ရင်နှင့်ကျောကို လက်နှစ်ဖက်ဖြင့်ဖိကာ "အမယ်လေး သတိ ထားပါ၊ သတိထားပါ၊ မေ့ပြီးသွားဦးမယ်" ဟု ဆိုမှ ကျော်ဝင်းလည်း အကြည့်ကိုရပ်သ၍ သိန်းဖေဘက်သို့လှည့်၍ ပြုံးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ရထားတွဲကြီး ထိုးလိုက်သောအခါ တွဲပေါ်သို့ ရောက်ကြလေ၏၊ ကျောင်းသားများ၏ တွဲများသည်ကား တွဲတိုင်း ဆူညံနေလေတော့၏။ ရယ်စရာမောစရာပြောလိုက်၊ ဟားတိုက်လိုက်၊ ရွှတ်ပြောင်လိုက်၊ အော်ဟစ်လိုက်နှင့် ဆူညံနေသည်တွင် မယ်ဒလင်သံ၊ ယူကဲလီသံများကဝင်၍ ဆားစွက်ကြလေ၏။ ကျောင်းသားတို့၏ အကျင့်သည်ကား ခရီးသွားသည့်အခါများတွင် မိမိတို့ စာတတ်ကလေးများဖြစ်ကြောင်း ဂုဏ်တင် ထင်ရှားလို၍ အင်္ဂလိပ်သီချင်းများကို ငှက်ဖျားသံမျိုးဖြင့် ဟစ်အော်ကြွေးကြော်မြဲ ဖြစ်သည့်အတိုင်း မီးရထားတွဲကြီးမှာ ကြော်ငြာလှည့်သော ရထားတွဲကြီးပမာ ညံညံစီစီ ရှိလှတော့၏။

ကျော်ဝင်းနှင့်အတူ လိုက်လာသော ကျောင်းသားနှစ်ဦးသည်ကား တူရိယာ အတီးအမှုတ် တတ်သူများ ဖြစ်သဖြင့် ၎င်းတို့တွဲမှာလည်း မခေလှပေ။ သိန်းဖေမှာကား လူသိပေါ်သူ ဖြစ်သည့်အလျောက် ၎င်း၏တွဲတွင် ကျောင်းသားများသာမက မြို့ထဲက မိတ်ဆွေများပါ ပြည့်နှက်၍နေလေ၏။ သိန်းဖေသည် လူရှုပ် လူနောက်တစ်ယောက် ဖြစ်သည်ကို အများသိကြသဖြင့် ၎င်းအား လာရောက်နှုတ်ဆက်ကြသူများကငြေည်းရှုပ်၊ သိန်းဖေကလည်း ပြန်ရှုပ်ကာ တဝါးဝါး ဖြစ်၍နေကြ၏။

မီးရထားကြီး ထွက်ခွာလာသောအခါ၊ တွဲထဲက ကျောင်းသားများက အော်၊ အပြင်ဘက်က ကျောင်းသားများက အော်၊ ပါးစပ်အမြောက် ဖောက်သူက ဖောက်နှင့် တွေမြင်သူများမှာ အားရပျော်ရွှင်စရာကြီးပင် ဖြစ်နေပေတော့၏။

မီးရထားပေါ် ပျော်ရွှင်စွာ တီးမှုတ်လိုက်ပါလာကြပြီးလျှင် အိပ်ချိန်ရောက်ပြန်သောအခါ ခြေထောက်ကို ဆွဲ၍ချ၊ စောင်ခွာ၍ယူ စသဖြင့် ရှုပ်နောက်နေကြ၏။ တစ်ညလုံး မောင်းနှင်လာသော မီးရထားကြီးသည် နံနက်ချိန်တွင် ပြည်မြို့ဘူတာရုံသို့ ဆိုက်ရောက်သောအခါ သိန်းဖေသည် ပြည်မြို့တွင် နေရစ်ခဲ့၏။ ကျော်ဝင်းတို့မူကား သင်္ဘောဆက်၍စီးကာ ခရီးဆက်ကြရလေ၏။

တက္ကသိုလ်ပညာကို တတ်မြောက်သည့်တိုင်အောင် အသက်မွေးမှုမှာ ခဲယဉ်းလှသော်လည်း ကောလိပ်ကျောင်းသားဟူသော ဂုဏ်သည်ကား အတော်ပင် ကြီးမြင့်လှပေ၏။ ကျောင်းသားဘဝနှင့်ရှိစဉ် ကျောင်းသား၏ရှေ့အလားအလာများသည် မြို့အုပ်၊ ဝန်ထောက်၊ ဝတ်လုံ၊ အရေးပိုင်၊ အိုင်စီအက်စ် စသဖြင့် တစ်စုံတစ်ရာ ဖြစ်ပေလိမ့်မည်ဟု မျှော်မှန်းဖွယ်ရာ အညွန့်ကလေး တလူလူ ရှိသဖြင့် ကောလိပ်ကျောင်းသားမှန်လျှင် လူတိုင်း၏စိတ်၌ အထင်အမြင်ကြီးခြင်းကို ခံကြရပေ၏။ ကောလိပ်ကျောင်းမှ အတန်းမပေါက်ဘဲ ထွက်ခဲ့လျှင်လည်းကောင်း၊ အတန်းပေါက်သော်လည်း အလုပ်အကိုင် မရနိုင်လျှင်လည်းကောင်း ထိုကျောင်းသား၏ရှေ့ရေးမှာ ပိုင်းဖြတ်ပြီးသားဖြစ်သဖြင့် ယခင်က အထင်အမြင်ကြီးသော မျှော်မှန်းချက် အညွန့်တလူလူမှာ လူပြက်များ ပြောသလို မသာညွန့် ဖြစ်၍သွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းမှာ ကောလိပ်ဂျိယန် (ဝါ) ကောလိပ်ကျောင်းသား တည်းဟူသော ဂုဏ်တစ်လုံးနှင့် ၎င်း၏မြို့၊ ရွာတွင် လူတကာ၏ အရေးပေးခြင်းကို ခံရပေ၏။ ဟိုက်စကူးကျောင်းသားဘဝတွင်ကား တော်စွာ၊ လျော်စွာ နေထိုင်ဝတ်စားသွားလာခဲ့သော်လည်း၊ တက္ကသိုလ်ကျောင်းကြီးမှ ပြန်လာသောအခါ ကောလိပ်သွေးဝင်၍လာကာ တစ်သွေးတစ်မွေး လူရည်လှ၍နေသည်ကို တွေ့ကြရသဖြင့် တစ်ပါးသောသူတို့၏ အားကျမက်မောခြင်းကိုလည်းကောင်း၊ အမြင်ကပ်ခြင်းကိုလည်းကောင်း၊ ခံယူရလေတော့၏။ ဤသည်ကား များစွာသော ကောလိပ်ကျောင်းသားတိုင်း တွေ့ကြုံရမြဲတည်း။

ကျော်ဝင်းမှာ တက္ကသိုလ်ကျောင်းတော်သားကြီး ဖြစ်၍လာခဲ့သောကြောင့် ၎င်း၏မိတ်ဆွေ သူငယ်ချင်း ကျောင်းနေဖက်များက များစွာအရေးယူကြကာ၊ လက်ဖက်ရည်တိုက်မည့်သူမရှား၊ ခေါ်ပြောမည့်သူမရှား ရှိပေတော့၏။ သမီးရှင်တို့၏ရှေ့တွင်ကား များစွာမျက်နှာပွင့်လင်းလျှက်၊ ကောလိပ်ကျောင်းသားဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်ဟု သိချင်ကြသည့်အလား ချောင်းမြောင်းကြည့်ရှုရသူ အပျိုဖြူ အပျိုမဲတို့ မနည်းအောင် များလှပေ၏။

တက္ကသိုလ်ကျောင်းကြီး၏ ပျော်စရာ ရွှင်စရာကောင်းပုံ၊ ခမ်းနားကြီးကျယ်ပုံ၊ မည်ကဲ့သို့ စားသောက်နေထိုင်ရပုံ၊ ရယ်စရာမောစရာ၊ စိတ်ညစ်စရာ အစုစုတို့ကို ကျော်ဝင်းမှာ ပြော၍မဆုံး၊ ကြွား၍မဆုံးသလောက်၊ ကြားရသူများမှာလည်း အထူးစိတ်ဝင်စားကာ အားကျလျှက် နားထောင်၍ မဝနိုင်အောင် ရှိကြလေ၏။ ကျောင်းနေဖက်ဖြစ်ခဲ့သော သူငယ်ချင်းများမှာ နေလိုစိတ်ပေါ် ပေါက်ကာ၊ ဒီနှစ်စာမေးပွဲအောင်,အောင်ကြိုးစားမည်ဟု အားခဲမိကြလေ၏။

"ဘယ့်နှယ့်လဲ လူကလေး။ အစမ်းစာမေးပွဲ နေရာကျခဲ့ရဲ့လား" ဟု ကျော်ဝင်း၏ဖခင်က မေးလိုက်သည်တွင် ကျော်ဝင်းမှာ မလိမ်မဖြစ်သဖြင့် "ဟုတ်ကဲ့ ဖေဖေ၊ နေရာကျပါတယ်၊ အောင်ပါလိမ့်မယ်" ဟု ဖြေလိုက်ရသော်လည်း မိမိ၏လိမ်လည်ပြောဆိုလိုက်ရခြင်းကို ရယ်ချင်လှသဖြင့် မျက်နှာလွှဲ၍နေလေ၏။

"အေးအေး. . . နေရာကျမှပေါ့ကွယ်၊ ဒါမှလည်း ငွေကုန်တဲ့အကျိုးနပ်မပေါ့" ဟု ပြောသဖြင့် ကျော်ဝင်းတွင် အများကြီး စိတ်အေးသွားလေ၏။

ကျော်ဝင်းသည် ဒက်စပက်ချာအား မိမိစာမေးပွဲရှုံးသည့်တိုင်စာ အိမ်သို့မပို့ရန် မှာခဲ့သော်လည်း ဒက်စပက်ချာသည် မေ့ပဲမေ့နေရော့သလား၊ သို့တည်းမဟုတ် ဝတ္တရားအတိုင်း ဆောင်ရွက်လိုက်သည်လား မသိ။ ကျော်ဝင်း ထွက်၍ လည်ပတ်နေစဉ် ဖခင်လက်ထဲသို့ တိုင်စာ (ဝမ်နင်) ရောက်လာလေ၏။

ဖခင်လည်း စာကိုဖွင့်လိုက်ရာ အင်္ဂလိပ်လို ဖြစ်နေသဖြင့် အင်္ဂလိပ်စာတတ်သူတစ်ယောက်အား ဘာသာပြန်ခိုင်းရပြီး၊ မိမိ၏သား စာမေးပွဲရှုံးသည်ကို သိရသောကြောင့် ကျော်ဝင်း ပြန်၍လာသောအခါ "ဟေ့ကောင် မင်းစာမေးပွဲရှုံးတယ်ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com


ကလား။ ဟောဒီမှာ တိုင်စာရောက်လာတယ်" ဟုဆိုကာ စာရွက်ကလေးကို ကျော်ဝင်းအား လှမ်း၍ပေးလိုက်ရာ၊ ကျော်ဝင်းမှာ စာကို လှမ်းယူဖတ်ကြည့်ရင်း နားထင်နားရင်း ပူထူသွားလေ၏။

"ငါ ဘယ်လိုညာရပ့်မလဲ" ဟူသောအကြံသည် ရှေးဦးစွာ ပေါ်ပေါက်၍လာသည့်အတိုင်း "ဟာ မပြောနဲ့တော့ ဖေဖေ။ ကောလိပ်မှာ စာမေးပွဲစစ်တယ်ဆိုတာ ဟိုက်စကူးကျောင်းတွေလို မဟုတ်ဘူး၊ တော်တဲ့လူ၊ မတော်တဲ့လူ၊ ဖြေနိုင်တဲ့လူ၊ မဖြေနိုင်တဲ့လူ မကြည့်ဘဲ ကျောင်းသားတွေကလည်း သိပ်များနေတော့၊ အဖြေစာအုပ်တွေ တစ်ခါထဲပုံပြီး ဝါးလုံးနဲ့အလယ်က ရိုက်လိုက်တာပဲ။ ဘယ်ဘက်ကိုကျတဲ့လူ အရှုံး၊ ညာဘက်ကျတဲ့သူ အအောင်ပေးတာပဲ" ဟု မရယ်မိအောင် မနည်းဟန်လုပ်၍ ညာလိုက်ရာ ဖခင်ဖြစ်သူမှာ ရှေးလူရိုး ဖြစ်သဖြင့်. . .

"အေးကွာ၊ မင်းပြောရင်လည်း ယုံရတော့မှာပဲ၊ ဝါးလုံးရိုက် စာမေးပွဲဆိုတာ ကောလိပ်ကျောင်းကျမှ ဖြစ်ပေါ်လာတာ၊ ဒီတစ်ခါပဲ ကြားဖူးပါရဲ့"

"နို့ပေတဲ့ ဒါက အစမ်းစာမေးပွဲတွေသာ လုပ်တာပါ။ အတန်းတက်စာမေးပွဲကျတော့ သေသေချာချာ အဖြေကို စစ်ပါတယ်"

"ဒီလိုဆိုရင် တော်ပါသေးရဲ့။ အေးလကွာ။ စာမေးပွဲကြီးကိုသာ အောင်၊ အောင်ကြိုးစား။ စာမေးပွဲကြီးက အရေးကြီးတယ်။ ကြားလား"

"ဟုတ်ကဲ့" ဟု ပြောရင်း ကျော်ဝင်းမှာ မိမိပြောသော စကားများကိုတွေး၍ ရယ်ချင်လှသဖြင့် ပါးစပ်ပိတ်၍ အပြင်သို့ ထွက်ပြေးရလေ၏။

သို့နှင့် ကျော်ဝင်းသည် ထမင်းစားကောင်းအောင် ဖခင်အား ညာဝါး၍လည်းကောင်း၊ ကျောင်းပိတ်ရက်အတွင်း သူငယ်ချင်းများနှင့် သွားလာပျော်ပါးခြင်းဖြင့်လည်းကောင်း၊ သီတင်းကျွတ် ကျောင်းပိတ်ရက်များသည် တဖြည်းဖြည်း ကုန်လွန်၍လာကာ၊ ကျောင်းသို့ ပြန်ရန်ရက်သည် တစ်နေ့ထက်တစ်နေ့ နီးကပ်၍လာသဖြင့် မသန်းမြင့်ကို သတိရ၍လာပြန်လေ၏။

ထိုသို့ တွေးမိသည့်အတိုင်း ကျောင်းသို့ ပြန်၍ရောက်လျှင် မသန်းမြင့်နှင့် ပြန်၍ ဆက်သွယ်မိရန် မည်သို့ပြုလုပ်ရမည်နည်းဟု စဉ်းစားခန်း ထုတ်ပြန်လေ၏။ ရင်းနှီးချစ်ခင်သော သူငယ်ချင်းများအား မိမိ၏အဖြစ်အပျက်များကို သိတန်သမျှ လောက်ပြောပြကာ အကြံဉာဏ်တောင်းရာ၊ ထိုသူများမှာ တက္ကသိုလ်ကျောင်းအတွင်း ၌ နေရေး၊ ထိုင်ရေး၊ ဆက်ဆံရေးများကို မသိကြသည့်အလျောက် ထိုကဲ့သို့သော အကြောင်းများကို အထောက်အထားပြု၍ အကြံဉာဏ်မပေးနိုင်ကြရှာဘဲ၊ သာမညလောက်သာ ပြောဆိုနိုင်ကြပေ၏။ ဘဦး၊ သိန်းဖေတို့ထံ စာရေးပြန်ရာ ဘဦးလှမှုကျောင်းသို့ ပြန်၍ရောက်ကြမှ အကြံယူကြစို့ဟု စာထဲ၌ ပါလာ၍ သိန်းဖေထံကမူ. . .

www.burmeseclassic.com



မိုင်ဒီးယား ပလင်း

စာရသဖြင့် ဆရာ အရိုက်မခံရပါ။ ဟုတ်ပေါင်။ ပေးစာကို စာတိုက်ကခိုး၍ မထားသောကြောင့် စာရပါသည်။ မသန်းမြင့်အတွက် စိတ်လေး၍ မနေပါနှင့်။ လက်ထပ်ဖြစ်လျှင် ညားရမှာပဲလို့ နှလုံးပြုပြီး အေးအေးနေပါ။ မသန်းမြင့်နှင့်ပတ်သက်၍ အကြံပေးရန် စဉ်းစားရာ အတုံးလိုက်စားရတာထက် အဝါးရ သက်သာပါသည်။ ဟင်. . . မှားလို့ စဉ်းစားကြည့်ရာ မိတ်ဆွေသတ္တိမနည်းဟု ဆိုပါလျှင် ကြောက်လျှင်လွဲ ရဲလက်ထိပ်၊ အဲလေယောင်လို့ ဘွာဘွာ။ ရဲလျှင် မင်းဖြစ်ဆိုတာလို မသန်းမြင့်တို့ ရန်ကုန်ရောက်မည့်နေ့တွင် ဒရိုင်ဘာလို ထပ်မံဟန်ဆောင်ပြီး ဘူတာရုံမှာ စောင့်ခေါ်ပါ။မိတ်ဆွေအပေါ်တွင် စိတ်လည်၍ မိတ်ဆွေ ခေါ်သည်ကို လိုက်ပါလိမ့်မည်။ အဲဒါ အချစ်စမ်းနည်းဟူ၍။ တွံသင်သည် ဂဏှာဟိ မှတ်လေလော့။ ဇွတ်အတင်း မျက်နှာပြောင်တိုက်၍ခေါ်ပါ။ မျက်နှာပြောင်တိုက်ရန် ဆန်းလိုက်ဆပ်ပြာ အသုံးပြုပါ။ ကျောင်းသို့ တစ်ရက်စော၍ ရောက်နှင့်အောင် စီမံပါ။ လာမည့်နေ့ စာပြန်ပါ။ တွေ့ကြမှ ပြောပါဦးမည်။

ကျန်းမာစေရန် ပန်းသပြေနှင့် ထန်းရေလောင်း၍ ဆုတောင်းလိုက်ပါသည်။ သမ္ဗူရိသ နောက်ပိုး လူပျိုသိုးတို့ ဒူဝေလေလေ။

သေဖိန်း

ဟူ၍ လှောင်ပြောင်ရေးလိုက်သော စာတွင်ပါသည့် အကြံပေးချက်ကို ကျော်ဝင်းသဘောကျမိကာ ထိုအတိုင်းပြုလုပ်ရန် စိတ်ကူးချမှတ်လိုက်မိသည်နှင့်အညီ၊ ပြည်မြို့သို့ မည်သည့်နေ့ရက်တွင် ရောက်ရှိမည့်အကြောင်း သိန်းဖေထံ စာပြန်လိုက်ရလေ၏။

ထိုသို့ ရက်ကန့်သတ်လိုက်သောနေ့တွင် ကျော်ဝင်းသည် ကျောင်းသို့ပြန်ရန် သင်္ဘောဆိပ်သို့ ဆင်းသောအခါ ဆာ၊ ဂျေ၊ အေမောင်ကြီး ဘုရင်ခံဖြစ်စဉ် တိုင်းခန်းလှည့်လည်ဘိသည့်အလား လိုက်၍ပို့သော မိတ်ဆွေများသည် ပြည့်နှက်၍နေလေ၏။

ယခင် အတူတူလာသော အခြားမိတ်ဆွေနှစ်ယောက်လည်း လမ်းခုလတ်မှ တက်ရောက်လိုက်လာကြလေ၏။ ပြည်မြို့သို့ ညနေအချိန် သင်္ဘောဆိုက်သောအခါ၊ သိန်းဖေ လာရောက်ကြိုဆိုနေသည်ကို တွေ့ကြပြီးလျှင် သိန်းဖေ၏အိမ်လိုက်၍ ညစာ ထမင်းစားကြလေ၏။

ည၉ကိုးနာရီမထိုးမီအချိန်လောက်တွင် ပြည်ဘူတာရုံထဲ၌ သိန်းဖေ၏ မိတ်ဆွေများလည်း ဆူညံနေကြလေ၏။

"ကိုသိန်းဖေ ကျောင်းပိတ်လို့ ပြန်လာရင်၊ သိမ်ကြီးဈေးထောင့်က ပါတာနီ

www.burmeseclassic.com



ရောင်းတဲ့ ကုလားကြီး မုတ်ဆိတ်မွှေး ၂-ပိဿာလောက် ဝယ်ခဲ့နော်။ ကိုသိန်းဖေ ရန်ကုန်ကျရင် နေပူထဲ သိပ်မလည်နဲ့။ မီးယပ်ချမ်းထနေဦးမယ်။ နေမကောင်းရင် ငန်းဝါဆေးနံပါတ် ၁ နို့ဆီဗူး တစ်ခွက်စာလောက် စားပေး။ ကြားရဲ့လား" စသဖြင့် သူငယ်ချင်းများကလည်း နောက်၊ သိန်းဖေကလည်း ပြန်၍ရွှတ်ကာ တသောသော ဖြစ်နေကြလေ၏။ မီးရထား ထွက်သောအခါ ၎င်းတို့သည် စည်တော်ယွင်း၍ ကျန်ရစ်ခဲ့ကြပြီးလျှင်၊ အရာရှိ အကြီးအကဲများ ပြန်သည့်အခါ ပေထုပ်ဖောက်သလို သိန်းဖေ၏ သူငယ်ချင်းများ မီးရထားလမ်းပေါ်တွင် ချထားသော ပေထုပ်များသည် ရထားနင်းသောအခါ တဒိန်းဒိန်း ဆူညံသွားလေတော့၏။ သို့နှင့် နောက်နေ့တွင် ကျောင်းသို့ ပြန်ရောက်ရှိကြသောအခါ ကျော်ဝင်းသည် မိမိပစ္စည်းများကို အခန်းထဲတွင် ထားသိုစီစဉ်ပြီးသည်နှင့်တစ်ပြိုင်နက် အောင်မြင့်ထံ ကားငှားရန် သွားရပြန်လေ၏။

နောက်နေ့၌ကား မသန်းမြင့်တို့ ရောက်လာကြတော့မည် ဖြစ်ပေ၏။ ကျော်ဝင်းမှာ ထိုနေ့နံနက် အရုဏ်မတက်မီကပင် နိုး၍နေနှင့်လေ၏။ ဆောင်းဝင်စ ဖြစ်သဖြင့် အနည်းငယ် ချမ်းအေးလာပြီ ဖြစ်သောကြောင့် သိန်းဒေးမူကား အိပ်၍ကောင်းတုန်းပင် ရှိလေ၏။

နံနက်စာ လက်ဖက်ရည် သောက်၍ပြီးသည်နှင့် တစ်ပြိုင်နက် ကျော်ဝင်းသည် ပိုးဘောင်းဘီအပွ၊ ဖလေဇာကွက်အကျီအစိမ်းကိုဝတ်ကာ မြို့ထဲသို့ ပြေးလေ၏။ မော်လမြိုင် မီးရထား မဆိုက်မီ တစ်နာရီလောက် ကြိုတင်၍ ကျော်ဝင်းသည် ဘူတာရုံကြီးသို့ ကားနှင့် ရောက်နှင့်နေလေ၏။

မရပ်မနား တရစပ် ခုတ်မောင်း၍လာသော မော်လမြိုင်ရထားသည် ကွမ်းခြံဘူတာသို့ ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် အလွန်မောပန်းစွာ ပြေး၍လာသော သတ္တဝါကောင်ကြီးကဲ့သို့ ဝေါကနဲ အလျားထိုးရပ်လိုက်သည်နှင့် ကျော်ဝင်းသည် ဒုတိယတန်းတွဲများကို လိုက်၍ကြည့်ရာ မသန်းမြင့်ကို မြင်သည်နှင့်တစ်ပြိုင်နက် အားရရွှင်လန်းခြင်း ဖြစ်သွားလေ၏။ သို့သော် အနားသို့သွား၍ကား ကြိုရန်အလုပ်ကို ပြုလုပ်ရန် မရဲဘဲ ရှိနေပြီးမှ ဘာပဲဖြစ်ဖြစ်ဟု စိတ်ကို တင်းလိုက်ပြီးလျှင် "ကားယူကြမလို့လား ခင်ဗျာ။ ယူနီဗာစီတီကောလိပ်ကို မဟုတ်လား။ ကျွန်တော့်ကား ကောင်းပါတယ်။ ကြည့်ပေးပါ" ဟု ငွတ်နှစ်၍ ပြောလိုက်လေ၏။

မသန်းမြင့်သည် ကားလိုက်ရန်ပြောသည့် စကားကိုကြား၍ လှည့်ကြည့်လိုက်ရာ မောင်ဘတင့် (ကျော်ဝင်း) ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်လျက် မျက်နှာဖျက်၍သွားပြီး ပြန်၍လှည့်လေ၏။

ကျော်ဝင်းသည် ထိုသို့ မသန်းမြင့် မျက်နှာလွှဲသွားသည်ကို တွေ့ရာ၊ ၎င်းတို့အား အခြားကားသမား ဆွဲခေါ်၍မသွားအောင် မသန်းမြင့် အဖော်များ၏အနားသို့ ကပ်ကာ ကားငှားရန် ပြောပြန်လေ၏။ ၎င်းတို့မှာလည်း ကူလီငှား၍နေသည်ကိုစွက

www.burmeseclassic.com


ရှုပ်ထွေးနေသောကြောင့် ကျော်ဝင်းအား ဂရုမစိုက်နိုင်ကြချေ။ ထိုအခိုက်တွင် အငှားကားစပယ်ယာကလေးများ ဝိုင်းလာကြကာ "ကျွန်တော်တို့ကား ရှိပါတယ်။ မမလေးတို့ ကျောင်းရောက်အောင် ပို့ပါမယ်" ဟုဆိုကာ ပစ္စည်းများကို သယ်ပိုးရန် ဆွဲကြရာ ကျော်ဝင်းက အတင်းဆွဲ၍ "ဟေ့ နေပစေ ဒီမှာ ပြောပြီးသား" ဟု ပြောလိုက်သောကြောင့်၊ စပယ်ယာကလေးများမှာ ကျော်ဝင်း တက္ကစီဒရိုင်ဘာ မဟုတ်သည်ကို သိကြသဖြင့် အံ့ဩလျက် ငေးနေပြီးမှ ၎င်းကို ပြောနေလျှင် အခြားသူများကို လွတ်သွားမည်ကိုစိုး၍ ပြေးကြလေ၏။

မသန်းမြင့်တို့ ပစ္စည်းများ အပြင်သို့ ရောက်သည့်တိုင်အောင် ကျော်ဝင်းသည် ဘေးက ကပ်ရပ်လိုက်၍ အတင်းခေါ်လေ၏။ မသန်းမြင့်သည် ၎င်း၏ကားကို မစီးလို၍ အဖော်များအား အခြားကားကိုခေါ် ရန် တိုက်တွန်းလေ၏။ ကံအားလျော်စွာ မသန်းမြင့်တို့၏ပစ္စည်းများမှာ များပြားလှသဖြင့် အချိန်ကြာမြင့်စွာ သယ်ယူရသောကြောင့် ပစ္စည်းအားလုံး အပြင်သို့ရောက်သောအခါ၊ အငှားကားများ ရှင်း၍နေသည်ကို တွေ့ရလေ၏။

"တခြားကားတွေလည်း မရှိပါဘူး။ ကျွန်တော့်ကားပေါ် တင်ပါ။ ပိုမယူပါဘူး။ ပေးချင်သလောက် ပေးနိုင်ပါတယ်"

မသန်းမြင့်သည် ကျော်ဝင်းကို စိုက်ကြည့်မိလေ၏။ ဘောင်းဘီအပွ၊ ဘလေဇာအကျႌနှင့် စတိုင်ထုတ်၍လာသည်ကိုကြည့်ရင်း မသန်းမြင့်၏မျက်နှာတွင် အသွေးအရောင်တစ်မျိုးပြောင်းကာ မျက်လုံးကလေးများထဲမှ ထူးခြားစွာ စူးရှတောက်ပြောင်သော အချင်းအရာကို ပြကြလေ၏။

"ကြည့်စမ်း" ဟု အနီးအဖော်တစ်ယောက်အား လက်တို့၍ပြကာ သဘောကျသည့် အချက်တစ်ခုကို တွေ့ရပြီး ပြုံးတုံးတုံး ဖြစ်သွားကြလေ၏။

"ဘယ့်နှယ်လဲ၊ ဒီကားနဲ့ လိုက်မလား" ဟု အဖော်တစ်ယောက်က မသန်းမြင့်အားမေးရာ၊ မသန်းမြင့်က ငြင်းလည်းမငြင်း အင်းလည်း မဆိုဘဲ၊ ဆင်ဝှေ့ရန်ရှောင်လုပ်ကာ 'သဘောအတိုင်း' ဟု ပြောလိုက်သဖြင့် အခြားကားများလည်း မရှိသည့်အလျောက်၊ ကျော်ဝင်း၏ ကားပေါ် သို့ ရောက်ကြလေ၏။ ထိုသို့တွေ့ရလျှင် ကျော်ဝင်းမှာ အလွန်အမင်း ဝမ်းသာ၍သွားကာ 'သိန်းဖေပေးသော စာအတိုင်းမှန်လျှင် ငါ့အပေါ်မှာ မေတ္တာစိတ်လည်၍လာလို့ပဲ' ဟု အောက်မေ့ကျေနပ်လျက်၊ ပျော်ရွှင်စွာ ကားမောင်း၍သွားလေ၏။

အလံပြဘုရားလမ်းမှ ဆင်မဆင်လမ်းသို့ချိုး၍ ဘွိုင်လမ်းတစ်လျှောက် တိုက်ဂါးအယ်လီကို ဖောက်ပြီးလျှင်၊ ပြည်လမ်းကို ရောက်ကြလေ၏။ မိန်းကလေးများကား ကျော်ဝင်းကိုကြည့်ကာ အတင်းပြောဆိုသည့်အလား၊ တိုးတိုးတိတ်တိတ် ကြိတ်၍ ပြောရင်း အသံမထွက်သော ပြုံးရယ်ခြင်းဖြင့် သဘောကျကာ လိုက်ပါလာကြလေ၏။

www.burmeseclassic.com



ယူနီဗာစီတီ အဲဗင်းနယူးထဲသို့ ဝင်လိုက်လျှင်ပင် ကျယ်ဝန်းလှသော တက္ကသိုလ် နယ်နမိတ်ထဲသို့ ရောက်လာကြလေ၏။ အင်းလျားဆောင်လမ်းထဲသို့ ဝင်သောအခါ မိန်းကလေးများသည် မျက်နှာပိုးသတ်လိုက်ကြကာ မသန်းမြင့်၏မျက်နှာမှာ ပျော်ရွှင် ခြင်းကို ပြသည်ကို တွေ့ရလေ၏။

မိန်းကလေးများ ကားပေါ်မှ ဆင်းကြ၍ ကျောင်းသူတစ်ယောက်က ငွေထုတ် ၍ပေးကာ "ကဲ ဒါပဲ တော်ပြီလား" ဟုမေးရာ ကျော်ဝင်းမှာ တစ်ပြားမှ မယူလိုသော် လည်း မလွှဲသာသည့်အလျောက် "ထုံးစံပဲ ပြောဖို့မလိုပါဘူး" ဟုဆို၍ယူကာ ကားပေါ် သို့ ပြန်တက်၍ မောင်းထွက်ခဲ့လေ၏။

ထိုနေ့ကား ကျော်ဝင်းအဖို့ ပျော်ရွှင်ဖွယ်ကြီး ဖြစ်နေလေ၏။ တက္ကသိုလ် ကျောင်းဝင်းတွင်း၌ ပေါက်ရောက်လျက်ရှိသော သစ်ပင်ကြီးငယ်တို့မှာ ခါတိုင်းထက် ပို၍ စိုစိုပြည်ပြည် ဝေဝေဆာဆာ သာယာကြည်နူးဖွယ် ကောင်းသည်ဟု ထင်မှတ်ကာ ကျောင်းဆောင် အဆောက်အအုံများမှာ တာဝတိံသာ နတ်ပြည်ရှိ နတ်ဘုံ၊ နတ်နန်းကြီးများ ပေလောဟု အောက်မေ့မိလေတော့၏။

သို့ဖြစ်သည့်အလျောက် ကျော်ဝင်းသည် သိန်းဖေအား နံနက်က တွေ့ကြုံရ ပုံများကို လုံးစေ့ပတ်စေ့ တစ်ခုမကျန်ပြော၍ အားမရနိုင်ဘဲ ရှိနေလေ၏။ သိန်းဖေမှာ ၎င်း၏စကားများကို နားထောင်လိုက်၊ ရှေ့အဖို့ အကြံပေးလိုက်၊ ဘောက်ဝင်၍ ရှုပ်လိုက်လုပ်ရင်း အခန်းအပြင်သို့ ကြည့်လိုက်ပြီးလျှင် "ဝေးဟေး ကိုဘဦး လာပြီ၊ လာပြီ" ဟု ဝမ်းသာအားရ ထ၍ခုန်လေ၏။ ကျော်ဝင်းလည်း ဘဦးကိုမြင်၍ ဝမ်း မြောက်ဝမ်းသာစွာ "ဟော့. . . နေရာကျပြီဗျ။ နေရာကျပြီ" ဟု ပြောလိုက်ရာ. . .

"ကိုယ့်လူ တယ်ပြီးရွှင်လှချည်လား။ ဘာများနေရာကျလာတုံး"

"နေဦး။ ခင်ဗျား အခန်းထဲကျမှ ပြောပြမယ်" ဟုဆိုကာ ကျော်ဝင်းနှင့် သိန်း ဖေတို့သည် ဘဦးနောက်ကလိုက်၍ ၎င်း၏အခန်းသို့ သွားကြလေ၏။ ကုလားများ ပစ္စည်းတွေကို အခန်းထဲ ပို့သွားပြီးနောက် ဘဦးမှာ မခင်းကျင်းနိုင်သေးဘဲ၊ အထုပ်အပိုး များပေါ်တွင်ထိုင်ကာ "ပြောစမ်းပါဦးဗျ၊ ဘာများနေရာကျတာလဲ၊ ကျွန်တော်လည်း ဝမ်းသာချင်လှပြီ" ဟုဆိုမှ ကျော်ဝင်းက အကျိုးအကြောင်း ပြောပြလေ၏။

"ဒါဖြင့် တစ်ထစ်တက်လာပြီပေါ့။ နောက်ကို နေရာကျဖို့ပဲရှိတယ်။ ကိုင်းဗျာ၊ ပြန်ရတဲ့အတွက် ပျော်ပွဲစားလည်း လုပ်ရအောင်။ ကျွန်တော်လည်း ဘာမှမစားရသေး ဘူး၊ လက်ဖက်ရည်ဆိုင် သွားကြစို့" ဟုဆို၍ ခေါ်ငင်ထွက်သွားကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

စကောမားကဘ် ဈေးသစ်ကြီးကား တက္ကသိုလ်ကျောင်းသားများ ကြမ်းပိုးထိုးရာအတွက် သက်သက်စပါယ်ရှယ် ဆောက်လုပ်၍ထားသည် ဖြစ်ရေသလားဟု ထင်မှတ်ကြရပေတော့၏။ တက္ကသိုလ်ကျောင်း အဆောက်အအုံကြီးသည် ကော်မရှင်နာလမ်း ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်တွင် ရှိစဉ်ကမူ ကျောင်းတော်သားများသည် အောဖ်ပီးရီးယော့ဒ်ခေါ် စာသင်ချိန် လွတ်လပ်သော အချိန်များတွင် တစ်ချိန်ကလေးပင် အားစေကာမူ ထိုဈေးသစ်ကြီးထဲတွင် ခြေချင်းလိမ်အောင် လှည့်ပတ်သွားလာကာ ကြမ်းပိုးထိုးလေ့ ရှိကြသည်။ အချို့မှာလည်း အတန်းမအားဘဲလျက် ဘန့်လုပ်၍ပြေးကာ ဈေးသစ်ထဲတွင်ပင် ရစ်ကြလေ၏။ ထို့နောက် တက္ကသိုလ်အဆောက်အဦများသည် အင်းလျားတစ်ဝိုက်တွင် ပေါ်ပေါက်၍လာပြန်သောအခါ၌လည်း ထိုသို့ကြမ်းပိုးထိုးသည့်ကိစ္စများမှာ သိသိသာသာ ယုတ်လျော့၍ မသွားဘဲ ငါးမိုင်ကျော်ဝေးသည့်ခရီးကို အနီးကလေး မှတ်ထင်ကာ ဘန့်လုပ်၍လည်းကောင်း၊ ကျောင်းနေ့ဝက်အားလျှင်လည်းကောင်း မြို့ထဲသို့ပြေးရင်း ဈေးသစ်ထဲတွင် ကြမ်းပိုးထိုးကြတော့၏။

ရာဇဝင် အဆက်ဆက်မပျက် စည်းကမ်းပြုလုပ်သည့် ထုံးတမ်းကို လိုက်နာလို၍လားမသိ။ ကျော်ဝင်းသည်လည်း ဈေးသစ်ကြီးအတွင်း၌ ကြမ်းပိုးထိုးလျက် ရှိသည်ကို တွေ့ရလေ၏။ ကြမ်းပိုးထိုးရင်း ကံအားလျော်စွာ မသန်းမြင့်နှင့် ကျောင်းသူကလေး တစ်ယောက်ကို တွေ့လိုက်ရလေ၏။

မသန်းမြင့်နှင့် ပါလာသူကလေးသည်ကား မြို့ထဲမှ ကျောင်းတက်သော နေ့ကျောင်းသူကလေးဖြစ်၍ ခေတ်ဆန်သော မိဘများ၏ သားသမီး ဖြစ်သည့်အပြင် တက္ကသိုလ်ကျောင်းသို့ မရောက်မီအခါက ဂါဝန်ဝတ်လျက် အင်္ဂလိပ်သီလရှင်ကျောင်းတွင် သင်ကြားခဲ့သည့်အတိုင်း ရဲတင်းဖျတ်လတ်သူကလေးတစ်ယောက် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းသည် ၎င်းတို့အား မြင်ရလျှင် ကြည့်ကလည်းကြည့်ချင်၊ အတွေလည်းမခံချင်၊ တွေ့ဖို့ရန်အကြောင်းလည်း ရှာ၍မရသဖြင့် ၎င်းတို့ သွားရာနောက်မှ မလှမ်းမကမ်း လိုက်လေ၏။

တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် မသန်းမြင့်တို့သည်လည်း အသုံးလိုသော ပစ္စည်းများကို ဝယ်ကြလေရာ ကျော်ဝင်းသည်လည်း ၎င်းတို့ ဝင်ထွက်သွားလာကြသော ဆိုင်တိုင်းလိုက်၍ ရောင်းချသော စာရေးများအား ၎င်းတို့ ဘယ်သွားသည်၊ ဘယ်လာသည် ဆိုလိုသည်ကိုမေးရင်း ထိုသို့မေးမြန်းပြောဆို၍ကောင်းအောင် အဖိုးမတန်သော ပစ္စည်းများကို ဝယ်ရလေရာ လေးငါးဆိုင်မျှလောက် ဝင်မိလျှင် မဆီမဆိုင် အသုံးမကျသော ပစ္စည်းများမှာ အကျီအိတ်ထဲတွင် ထည့်စရာ၊ သိုစရာ နေရာမကျန်အောင် ဖြစ်သွားလေ၏။ ထိုသို့ လိုက်၍နေရင်း ထောင့်ချိုးတစ်ဖက်တွင် မသန်းမြင့်တို့ ရောက်သွားပြီး မျက်ချေပြတ်၍သွားလေရာ ကျော်ဝင်းမှာ ဒေါင်းတောက်အောင် လိုက်၍ရှာရလေတော့၏။ သို့ရှာရင်းပင် ဂစ်အင်တိတ်ဆိုင်မှအထွက် မသန်းမြင့်တို့လည်း ပစ္စည်းများ ပွေ့ပိုက်ကာ အရှေ့ဘက်ဆီမှ လျှောက်၍လာကြသည်ကို ခပ်လှမ်းလှမ်းတွင် တွေ့မြင်ရလေ၏။ ထိုအခိုက်တွင် ကျော်ဝင်း၏မျက်စိများနှင့် မသန်းမြင့်၏မျက်စိများ အကြည့်ချင်းဆုံ၍သွားသောကြောင့် ကျော်ဝင်းသည် မိမိအား မတွေ့စေလိုသည်နှင့် ရှေ့သို့ဆင်းသွားကာ လင်ဒေါ်ဘော်ဒီနှင့် မော်တော်ကားတစ်ခု၏ဘေးတွင်ဝင်၍ ကွယ်နေလိုက်ရလေ ၏။ မသန်းမြင့်သည် ကျော်ဝင်းကိုမြင်လိုက်ရသဖြင့် ၎င်း၏မျက်လုံးများမှာ ကြည်လင်ရွှင်ပြသွား၏။ ၎င်းနှင့်ပါလာသူ ကျောင်းသူကလေးဘက်လှည့်၍ တစ်စုံတစ်ခုကို ပြောလိုက်ရာ ထိုမိန်းကလေးသည် ကျေနပ်သဘောကျစွာဖြင့် "ကောင်းသားပဲ" ဟု ပြန်၍ပြောလိုက်လေ၏။

ကျော်ဝင်းသည်လည်း လွတ်ပြီဟုထင်ကာ ငုံ့၍ ပုန်းကွယ်ရာမှ ကိုယ်ကိုဆန့်လိုက်သောအခါ မိမိ၏နောက်တွင် မသန်းမြင့်တို့ ရောက်နေသည်ကို တွေ့ရသဖြင့် အမ်း၍သွားလေ၏။ ထိုမျှမကသေးဘဲ မသန်းမြင့်က "အမယ်. . . ကိုဘတင့်၊ ကျွန်မတို့ကို မတွေ့ချင်လို့ ပုန်းနေတာလား" ဟု ပြုံးပြုံးကလေးလုပ်၍ မေးလိုက်ရာ ကျော်ဝင်းမှာ အံ့ဩလျက် အဖြေရခက်နေလေ၏။

"ရှင့်ကို မြင်လိုက်လို့ ကျွန်မ အမိဖမ်းတာ။ ဟား. . . ဟား ရှင်ပြေးလို့ လွတ်မယ်မှတ်သလား။ ကိုင်းပါ လာပါ။ ကျွန်မတို့ကို ရှင့်ကားနဲ့ လိုက်ပို့စမ်းပါ။ ရှင်က အရင်လို ပိုက်ဆံလျှော့ပေးမှာစိုးလို့ ပုန်းနေတာပေါ့လေ" ဟု ဆိုပြီးလျှင် ကားကြီးကို ကြည့်လျက် "အမယ်. . . တယ်ကောင်းတဲ့ ကားပါလား။ ရှင်တို့ကုမ္ပဏီက ကားအမျိုးမျိုးရှိတာပဲ။ ဒီကား အတော့်ကိုသစ်နေသေးတာပဲ။ ထုတ်တာမကြာသေးဘူးထင်တယ်" ဟု ဆိုသဖြင့် ကျော်ဝင်းမှာ ချောက်ကျ၍နေလေတော့၏။

မိမိမှာလည်း ကားပါလာသည် မဟုတ်။ ဤကားကြီးသည် မည်သူ့ကားမှန်း

www.burmeseclassic.com

မသိ။ ကားဘေးတွင် ကပ်၍နေမိသဖြင့် မိမိကားဟု ထင်မှတ်ကာ ဇွတ်အတင်းပြောနေသည်ကို တွေ့ရသဖြင့် ကျော်ဝင်းမှာ အပြောခက်၍ နေလေတော့၏။ ထို့နောက်မှ ဘာပဲဖြစ်ဖြစ် ဟုတ်တဲ့အတိုင်း မိမိကား မဟုတ်ကြောင်း ပြောမည်အပြုတွင်. . .

"အလကားရှင်၊ အချိန်ကုန်အောင် လုပ်မနေစမ်းပါနဲ့။ ရှင်က လိုက်မပို့ချင်လို့လား။ ရှင်တော့လား လိုက်မပို့ရင် စိတ်ဆိုးမှာပဲ။ ဒါပဲ။ အတင်းပို့ရမယ်" ဟု ပြောပြီးလျှင် "လာ မိမိ" ဟု ၎င်း၏အဖော်အားခေါ်လျက် ကားတံခါးကိုဖွင့်ပြီး အထဲသို့ဝင်၍ ထိုင်လိုက်သည်တွင် မိမိကျော်ဒွန်းလည်းဝင်၍ ထိုင်လိုက်သဖြင့် ကျော်ဝင်းမှာ မျက်လုံးပြူး၍သွားလေ၏။

ကျော်ဝင်းသည် ကြက်သေ,သေ၍နေရာမှ "တက်လေ၊ မောင်းပါ။ ဘာငေးနေတာလဲ" ဟူ၍ မသန်းမြင့်က ပြောတော့မှ ၎င်း၏ပျံ့လွင့်ထွက်ခွာသွားသော စိတ်များသည် ၎င်း၏ကိုယ်တွင်းသို့ ပြန်၍ရောက်ကာ အကြံရခက်နေပြန်လေ၏။

"ဒါ ဘယ်သူ့ကားလည်း မသိဘူး။ ငါ တင်ပြီးသွားရင်တော့ မိရင် ကားသူခိုးဆိုပြီး ဖမ်းတော့မှာပဲ။ မတင်ပြန်ရင်လည်း မသန်းမြင့်နဲ့ နောက်ကို ဆက်မိတော့မှာမဟုတ်ဘူး။ တင်သွားရင်ဖြင့် နောက်ကို ဟန်ဖို့ချည်းပဲ" ဟူသော တွေးတောခြင်းသည် အချစ်နှင့် အပြစ်ဒဏ် နှိုင်းစက်လိုက်ရာ အချစ်ဘက်သို့ ချိန်ခွင်လျှာထွက်နေသဖြင့် 'ကိုင်း ဘာပဲဖြစ်ဖြစ် မသန်းမြင့်အတွက်နဲ့ဆိုရင် ဖြစ်သမျှဒဏ် ငါ ခံမယ်' ဟု နှလုံးပြုကာ ကားပေါ်သို့ တက်၍မောင်းလေ၏။

"ဘယ်ကို သွားမလဲ၊ ကျောင်းကိုလား"

"ပတ်ကလိန်းကို အရင်မောင်းပါ" ဟု မသန်းမြင့်က မိမိကျော်ဒွန်းနေသော ကန်တော်ကြီးလမ်းသို့ မောင်းခိုင်းလေ၏။

ကျော်ဝင်းမှာ ကားမောင်းရင်း တဒိတ်ဒိတ် ရင်ခုန်၍ နေလေ၏။ မော်တော်ကားသူခိုးဟူ၍ ဟစ်အော်ကာ မော်တော်ဆိုင်ကယ်စီးသော ဂေါ်ရာစာဇင်များ နောက်က လိုက်လာလေရော့သလားဟု တွေး၍လန့်ကာ မကြာခဏ လှည့်၍ကြည့်မိလေ၏။ ဆူညံသောလူသံ၊ ကားရပ်သံများသည် "ကားသူခိုးဗျို့၊ ကားသူခိုးဗျို့" ဟု ဝိုင်းဝန်းအော်ဟစ်ကာ လိုက်လာကြသကဲ့သို့ ကြားယောင်ကာ ကျီးကန်းတောင်းမှောက်သော မျက်လုံးမျိုးဖြင့် မိမိ၏ခေါင်းကို ချာလပတ်လည်အောင် ဝဲယာလှမ်း၍ ကြည့်မိ၏။ လမ်းစောင့်သော ပုလိပ်များမှာ ထိုနေ့မှ ကိုးပေ ဘီလူးကြီးတွေလောက် ရှိသည်ဟု ထင်မြင်ကာ ၎င်းတို့၏ လမ်းပြဟန်များသည် မိမိအား လာခဲ့၊ လာခဲ့ ခေါ်နေသကဲ့သို့ ထင်မှတ်ရလျက် တွေး၍ကြောက်မိလေ၏။

"အို ဖြည်းဖြည်းမောင်းပါရှင့်။ နောက်က လူလိုက်လာတာလိုပဲ" ဟု မသန်းမြင့်က ပြောလိုက်သဖြင့် ကျော်ဝင်းမှာ ဖြည်းဖြည်းမောင်းရတော့သည်တွင် 'ငါ့ကို လိုက်ရင်မိတော့မှာပဲ' ဟု တွေးတော၍ လန့်နေလေ၏။ သို့ဖြစ်၍ ပုလိပ်အစောင့်မရှိသော

www.burmeseclassic.com


လမ်းကိုရှာ၍ မောင်းရလေတော့၏။

ပက်ကလိန်းလမ်း ရောက်သောအခါ ကျော်ဝင်းသည် အနည်းငယ် စိတ်သက်သာရသော်လည်း ကားကို မည်ကဲ့သို့ ပြန်၍ထားရမည်ကို မစဉ်းစားတတ်အောင် ရှိနေသဖြင့် ကားကို စက်နှိုးပြီး ကန်တော်ကြီးထဲ မောင်းချထွက်ပြေးဖို့ရန်သာ စိတ်ကူးမိသောကြောင့် လူရှင်းမည့် နေရာကို တွေးတောကြည့်မိလေ၏။

"ကဲ. . . ရှေ့က ခြံထဲဝင်" ဟု မိမိက ပြောလိုက်သဖြင့် ကျော်ဝင်းသည် ကားကို ခြံထဲသို့ မောင်းနှင်ကွေ့ဝင်သွားရလေ၏။

ကျော်ဝင်း၏ဂုတ်ပေါ်တွင် ကြောက်ရွံ့ခြင်းတည်းဟူသော စိတ်ဘီလူးကြီး တက်ခွ၍နေသဖြင့် မသန်းမြင့်တို့ ကားပေါ်က ဆင်းသည်နှင့်တစ်ပြိုင်နက် ကားကို မောင်း၍ ထွက်ပြေးမည်အပြုတွင်. . .

"ဘယ်လဲ။ နေပါဦးလေ။ ကျောင်းကို ပြန်ပို့ဦးမှပေါ့။ အခု မသွားသေးဘူး။ ခဏနေပါဦး"

"ဒါဖြင့် ပြီးတော့မှ လှည့်လာခဲ့မယ်"

"အို. . . နေစမ်းပါဦးတော့လို့ ဆိုနေမှပဲ။ စောင့်ရတာ ကြာတာလိုက်လို့။ ကျွန်မတို့ ငှားလာတဲ့ဟာ၊ ဘယ်သွားပြီး လူခေါ်နေဦးမှာလဲ။ ဟောဟို ပန်းခြံထဲကို သွားပြီး ထိုင်နေပါလား" ဟု ဆိုလိုက်သဖြင့် ကျော်ဝင်းမှာ မပြောသာဘဲ ရှိနေလေတော့၏။ သို့ပြောပြီးလျှင် မသန်းမြင့်လည်း မိမိ၏နောက်သို့လိုက်ကာ အိမ်ထဲသို့ ဝင်သွားသဖြင့် ကျော်ဝင်းမှာ ကြောင်စီစီဖြစ်၍ ကျန်ရစ်၏။

ထိုခဏတွင် ကန်တော်ကြီးကို စောင့်ရှောက်သော ပုလိပ်တစ်ယောက် ပေါ်ပေါက်လာပြီးလျှင် လမ်းပေါ်မှနေ၍ ခြံထဲသို့ လှမ်းကြည့်လိုက်သည်ကို ကျော်ဝင်း တွေ့မြင်လိုက်ရသဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းသည် ပိုမိုပြင်းထန်၍လာသောကြောင့် ပုလိပ်၏အမြင်ကို မခံရဲဘဲ ပန်းခြံထဲသို့ ဆင်းပြေးလေသည်။ ခြံထဲရှိ ပန်းချုံအကွယ်ကလေးတစ်ခုတွင် ဆေးဖြူသုတ်ထားသော တန်းလျားရှည်ကလေးတစ်ခုရှိရာ ထိုနေရာကိုမူ ပုလိပ် မမြင်နိုင်သည်ကို တွေ့ရှိရသဖြင့် ထိုတန်းလျားရှည်ပေါ်တွင် ဝင်၍ထိုင်ကာ ကြောက်စိတ်ကို ဖြေရလေ၏။

ထိုအခိုက်တွင် နောက်မှလာသော ခြေသံကိုကြားရာ တစ်ကိုယ်လုံး တုန်လှုပ်ကြောက်ရွံ့သွားပြီးလျှင် "ဘာလန့်သွားတာလဲ" ဟု မေးသံကြားမှ မသန်းမြင့် ဖြစ်သည်ကို သိရှိရပြီး ထိတ်လန့်ခြင်းပြေကာ လှည့်ကြည့်မိလေ၏။ မသန်းမြင့်လည်း အနားသို့ ကပ်လာကာ ရဲတင်းစွာ ကျော်ဝင်း ထိုင်သောတန်းလျားတွင် ဝင်၍ထိုင်သဖြင့် ကျော်ဝင်းမှာ အံ့အားသင့်သွားလေ၏။

"ကိုဘတင့်၊ ရှင် မကြောက်ဘူးလား" ဟု မေးရာ ကျော်ဝင်းမှာ မသန်းမြင့်၏ စကားကို ဝေခွဲ၍ မရနိုင်သဖြင့် "ဘယ်ဒင်းကို ကြောက်ရမှာလဲ" ဟု မေး. . .

www.burmeseclassic.com



"သူများကား နိုးလာတယ်လေ" ဟု ပြောသောကြောင့် ကျော်ဝင်းမှာ မျက်လုံးပြူး၍သွားပြီးလျှင် . . .

"ပုလိပ် . . . ပုလိပ်" ဟု ထစ်တငေါ့ငေါ့ဆိုကာ ရှေ့သို့ စကားမဆက်နိုင်ဘဲ ရှိသဖြင့် . . .

"ပုလိပ် ဘာဖြစ်တာလဲရှင့်" ဟု မေးမှ . . .

"ပုလိပ် လိုက်လာသလားလို့"

"ဟဲ ဟဲ . . . ပုလိပ် လိုက်မလာပါဘူး။ နို့ပေတဲ့ ရှင့်ကား မဟုတ်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ဒါကြောင့် ရှင် လန့်နေတာ မဟုတ်လား" ဟု မေးသဖြင့် ကျော်ဝင်းမှာ ဟုတ်မှန်နေသည့်အတိုင်း ဝန်ခံရန်သာ ရှိတော့လျက် ခေါင်းညိတ်လိုက်ရင်း ဘယ်နည်းနှင့် သိပါလိမ့်ဟု အံ့ဩမိလေ၏။

"နို့ . . . ရှင့်ကား မဟုတ်ဘဲ ဘာဖြစ်လို့ လိုက်ပို့သလဲ"

"ကားပေါ် အတင်းတက်ပြီး လိုက်ပို့ရမယ်ဆိုလို့ လိုက်ပို့ရတာပေါ့"

"လိုက်ပို့ပါဆိုလို့ ကိုယ့်ကားမှ မဟုတ်ဘဲ။ ထောင်ကျမှာ မကြောက်ဘူးလား"

"ထောင်ကျမှာထက် မသန်းမြင့် စိတ်ဆိုးမှာ ပိုပြီးစိုးရိမ်တဲ့အတွက် လိုက်ပို့ရတာပါ။ ဒါဖြင့် မသန်းမြင့်ဟာ တမင်သက်သက် ကျုပ်ကို ထောင်ကျအောင် လုပ်တာပေါ့လေ။ မသန်းမြင့် ကျုပ်အပေါ်မှာ ဒါလောက်တောင်ပဲ မုန်းသလား။ နည်းနည်းမှ မသနားဘူးလား ဟင်"

ထိုသို့ ကျော်ဝင်းက ပြောလိုက်သောအခါ မသန်းမြင့်သည် အားရပါးရ ရယ်လျက် "မကြောက်ပါနဲ့ရှင်။ ရှင် ဘာမှ မဖြစ်စေရပါဘူး။ ဒီကားကို နိုးလာမိပေမယ့် ရှင် ထောင်မကျနိုင်ပါဘူး။ ဒါ မီမီရဲ့ကားရှင့်" ဟု ပြောလိုက်မှ ကျော်ဝင်းသည် ကြောက်လန့်ခြင်းပြေ၍သွားကာ . . .

"ဒါနဲ့ မသန်းမြင့်ရယ်၊ သူများ စိတ်ညစ်ညူးအောင် ဘာဖြစ်လို့ လုပ်ရတာလဲလို့။ ကျုပ်ဖြင့် ဒုက္ခဖြစ်ပါပြီလို့ လန့်သွားတာပဲ"

"ဟား . . . ဟား . . . ရှင့်ကို တမင်လုပ်တာ။ မီမီနဲ့ တိုင်ပင်ပြီး နောက်ကို ရှင့်ကားနဲ့ ကျွန်မတို့ကို မခေါ်ပံ့အောင်လုပ်တာ သိရဲ့လား။ ရှင်က ကျွန်မတို့ကို လိမ်တာကိုး"

ကျော်ဝင်းမှာ ဘာများ မီမီလိမ်မိပါလိမ့်မလဲဟု စဉ်းစားနေစဉ် မသန်းမြင့်က စကားဆက်လက်၍ "ရှင့်အကြောင်း ကျွန်မ မသိသေးဘူး မှတ်လို့လား။ ဟား ဟား ကောလိပ်ကျောင်းသားတစ်ယောက်လုံးက ဒရိုင်ဘာ ယောင်ဆောင်တာများ အံ့ပါရဲ့" ဟု ပြောလိုက်ရာ မီမီအကြောင်းရင်းကို မသန်းမြင့် သိသွားသည့်အတွက် အံ့ဩဝမ်းသာရတော့မလို၊ ရှက်၍ထွက်ပြေးရတော့မလိုဖြစ်ပြီး ပြုံးလျက် "ဘယ်သူပြောသလဲ မီမီ ပြောသလား"

www.burmeseclassic.com

www.burmeseclassic.com

"သူ မပြောပါဘူး၊ ကျွန်မ သိတာပေါ့။ ရှင့်ကို ကျောင်းမှာ တွေ့ဖူးသလိုလိုရှိတဲ့ အပြင် ကျောင်းကအပြန် ဘူတာရုံထဲ မြင်လိုက်ရတော့ သာပြီးမသင်္ကာရတဲ့အထဲ ကျောင်းကို ပြန်ပြီးလာတဲ့နေ့မှာ ဒရိုင်ဘာလုပ်ပြီး လာခေါ်တော့မှ တစ်ခါတည်း အတတ်သိရတာပေါ့။ ရှင်က ရှင့်ကိုယ်ကို လုံလှပြီ အောက်မေ့ပေမယ့် ဟိုနေ့က ရှင် ဝတ်လာတဲ့ ဖလေဇာအစိမ်းမှာ ရွှေကြိုးကွပ်ပြီး ရင်ပတ်မှာ လှေအသင်းက တံဆိပ်တပ် ထားတာတွေတော့ ကျောင်းက လှေအသင်းသား မဟုတ်ဘဲ၊ ဂိုးမရဘဲ၊ ဒီဖလေဇာမျိုး မဝတ်နိုင်တဲ့အတွက် ရှင် ကောလိပ်ကျိုယ်ဖြစ်တာ သိရတာပေါ့။ ဘာများညာချင်သေး သလဲ"

ကျော်ဝင်းမှာ ဘာမျှပြန်မပြောနိုင်ဘဲ ပြုံးပြုံးကြီးလုပ်၍နေလေ၏။

"တတ်လည်း တတ်နိုင်ပါပေရဲ့ရှင်။ ဘာဖြစ်လို့ ဒီလိုလုပ်ရတာတုံးလို့ ပြောပါ ဦး။ ရှင်တို့ ယောကျ်ားကလေးတွေဟာ ဒီလို ရှုပ်ဖို့လောက်ပဲ တတ်တယ်"

"မသန်းမြင့် ပြောပြလို့ ပြောရတော့မယ်။ ပထမဦးဆုံး စပြီးတွေ့ကြတုန်းက ကားလာငှားတော့ ဒရိုင်ဘာလို့ ထင်နေကြတာကိုး။ ဒီတော့ ဒရိုင်ဘာ မဟုတ်ဘူးလို့ ပြောလိုက်ရင် ရှက်သွားမှာစိုးတဲ့အတွက် ဒရိုင်ဘာ ယောင်ဆောင်ရတာပေါ့။ ဘယ် တတ်နိုင်ပါ့မလဲ။ ဒီလိုလုပ်တာကို မသိရအောင် နာမည်ကိုလည်း ညာပြီး ဘတင့်လို့ ပြောထားတာ။ ဘတင့် မဟုတ်ဘူး။ ကျော်ဝင်းတဲ့"

မသန်းမြင့်သည် သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီးမှ "နို့ ဒီဝါစ်ခါတည်း မဟုတ်ဘဲ ဘာဖြစ်လို့ဆက်ပြီး ဟန်ဆောင်နေရတာလဲ"

"ဩော် မသန်းမြင့်တို့က ကောလိပ်ကျောင်းသားရင့်မကြီးတစ်ယောက်ကို ဒရိုင်ဘာ လာပြီးလုပ်တဲ့အတွက် ဒရိုင်ဘာယောင်ဆောင်ပြီး. . . " ဟုဆိုကာ စကား ဆက်ရခက်သဖြင့် ရပ်တန့်ထားလိုက်သောကြောင့်. . .

"တမင်ချိုးမဟဲ့လုပ်ပြီး ဒရိုင်ဘာက ကောလိပ်ကျောင်းသူကို စပေးတဲ့အဖြစ် မျိုးရောက်အောင် လုပ်တာပေါ့လေ။ ရှင် မေတ္တာမရှိဘဲ တမင်သက်သက် လုပ်တာ လား"

ကျော်ဝင်းသည် ဒီနေရာတွင် ငါ ဘယ်လိုပြေလည်အောင် လုပ်ရမလဲဟု စဉ်းစားပြီးနောက် "ဒီလိုလည်း မဟုတ်ပါဘူး မသန်းမြင့်ရယ်၊ ကိုကျော်ဝင်း မသန်းမြင့်ကို မြင်မြင်ချင်းပဲ မေတ္တာရှိပါတယ်။ ဒီလိုမေတ္တာရှိတဲ့စိတ်ဟာ ဒီရေလို ချက်ချင်းလက်ငင်း ကြီးမားလာလေတော့ ဩော် ငါ ဒီစိတ်ကို တားပေမယ့် မဖြစ်နိုင်ပါဘူး။ သူက ငါ့ အပေါ်မှာ ဒရိုင်ဘာလောက် ထင်နေတာ။ ငါ့ကို ဘယ်နည်းနဲ့မှ မေတ္တာရှိနိုင်မှာ မဟုတ် ပါဘူးလို့ တွေးမိပေမယ့် ကိုယ့်စိတ်ကိုလည်း မနှိမ်နှင်းနိုင်။ ဒရိုင်ဘာ မဟုတ်ကြောင်း သိအောင် လုပ်ပြန်ရင်လည်း အရင်လုပ်ခဲ့တာတွေကို ရှက်ဖို့က ကောင်းနေသနဲ့၊ ဘာပဲဖြစ်ဖြစ် ဇွတ်နှစ်ပြီး ချစ်မိတာတွေကို သိအောင်လုပ်ပါတော့မယ်။ အချစ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

အယုတ် အလတ် အမြတ် မရွေးတဲ့ဟာမျိုးမို့ ငါ့ဖူးစာ မှန်ရင်တော့ ငါမေတ္တာရှိသလို သူလည်း မေတ္တာရှိမှာပဲလို့ ယုံကြည်တဲ့စိတ်တွေက တိုက်တွန်းကြပြန်တဲ့အတွက် အရှက်ကို မငဲ့ကွက်ဘဲ မေတ္တာရှိတဲ့အကြောင်း စာရေးပြီး ပေးရတာပါပဲ။ ဒီလိုစာရေးတာလည်း မြန်ဆန်လွန်းလို့ ငါ တကယ်မေတ္တာရှိနေတာကို ယုံချင်မှ ယုံမှာပဲလို့ တွေးတောစရာရှိပေမယ့် အခါကောင်းဆိုတာ ကြုံကြိုက်ခဲလွန်းလို့ မလွဲအောင် လုပ်တဲ့ကိစ္စပါ။ ကိုကျော်ဝင်းဟာ မသန်းမြင့်အပေါ်မှာ ဘယ်လောက်တောင် မေတ္တာရှိသလဲဆိုကာ မသန်းမြင့် ဘယ်လိုပဲ နှိမ်ချပြီးပြောပေမယ့် မနာခဲ့ပါဘူး။ တစ်နေ့ကျရင် ငါ မေတ္တာထားသလို မေတ္တာရှိလာပါစေ ဆိုတာပဲ အမြဲမေတ္တာပို့ပါတယ် မသန်းမြင့်ရယ်။ ကိုကျော်ဝင်း စိတ်ထဲမှာ မသန်းမြင့်ကို စွဲလမ်းနေတဲ့အတွက် စာကိုလည်း မကြည့်နိုင်၊ စားလည်း မစားနိုင်၊ အိပ်လည်းမအိပ်နိုင်နဲ့၊ အများကြီး စိတ်ဒုက္ခရောက်ပြီး စာမေးပွဲတောင် ရှုံးခဲ့ရပါတယ်။ မသန်းမြင့် ကိုကျော်ဝင်းကို နည်းနည်းမှ မသနားဘူးလား"

မသန်းမြင့်လည်း ကျော်ဝင်း ပြောသမျှတို့ကို တွေဝေနားထောင်လျက် ရှက်ကြောက်ခြင်းဖြင့် ခေါင်းငုံ့ကာ ခြေဖြင့်နင်းထားသော မြက်ပင်ကလေးများကို စူးစိုက်ကြည့်ရှုနေပြီးမှ မရဲတရဲဖြစ်သောအသံဖြင့် . . .

"ကိုကျော်ဝင်း. . . ကျွန်မ ပြောခဲ့ဆိုခဲ့မိတာတွေ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်။ ကိုကျော်ဝင်း ဒရိုင်ဘာ မဟုတ်တာကို မသိတဲ့အတွက် ပြောမိတာပါ။ စိတ်မဆိုးပါနဲ့။ လွန်သမျှ တောင်းပန်ပါရစေ"

"ကိုကျော်ဝင်း ပြောပြီကော၊ စိတ်မဆိုးပါဘူးလို့။ တကယ်လို့ ဒရိုင်ဘာအစစ်မဟုတ်မှန်းသိရင် ဒီလိုမပြောဘူးပေါ့နော်။ ချစ်တယ်လို့ ဖြေမှာပဲလား"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ကိုကျော်ဝင်း။ ကျွန်မ မစဉ်းစားဘဲ ဒါလောက်မြန်မြန်ဆန်ဆန်ကြီး ဖြေပါ့မလား။ စဉ်းစားကြည့်တော့လေ"

"နို့. . . အခုတော့ ချစ်ပြီ မဟုတ်လားလို့"

မသန်းမြင့်သည် ဖြေဆိုရန် စကားလုံးရှာနေသည့်အလား တွေ၍နေရာ၊ ကျော်ဝင်းက "ပြောပါ မသန်းမြင့်ရယ်. . . ကိုကျော်ဝင်း မသန်းမြင့်အတွက် စိတ်ဒုက္ခဖြစ်လှရပါပြီ။ ရှေ့ကိုဖြင့် ဆက်လက်ပြီး ဒုက္ခမရောက်စေချင်ပါနဲ့တော့" ဟု ပြောသောကြောင့် "ကိုကျော်ဝင်း" ဟု မရဲတရဲ ခေါ်လိုက်ရာ . . .

"ခင်"

"တကယ်ချစ်တယ်နော်"

"တကယ်ပါ မသန်းမြင့်ရယ်၊ ယုံပါတော့"

"ခက်တယ် ကိုကျော်ဝင်းရယ်။ ကိုကျော်ဝင်းဟာ ကောလိပ်ကျောင်းသားဖြစ်တာကို သိတာနဲ့ ချစ်ရမယ် ဆိုတာဟာ မခက်ပေဘူးလား၊ ဘယ်အခြေအနေရောက်တယ်ဆိုတာလည်း အခု စဉ်းစားပါ။ မြန်းကနဲ ချစ်ရကြိုက်ရမယ် ဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com



မခက်ပေဘူးလား။ ဒီစကားနှင့်ပက်သက်ပြီး ပြောရမှာလည်း ကျွန်မ အများကြီး ရှက်ပါတယ်။ နို့ပေမယ့် စကားအလာက ရှိနေတော့ မပြောလျှင်မပြီး၊ မဖြေလျှင် မရှင်းတဲ့ကိစ္စမို့ ပြောရတော့မှာပဲ။ ချစ်တယ် ကြိုက်တယ် ဆိုတာဟာ ထမင်းဆာတာလို၊ ရေငတ်တာလို၊ အလွယ်တကူ ဖြစ်နိုင်တဲ့ဟာမျိုး မဟုတ်ဘူး။ ပုဂ္ဂလအမိဋ္ဌာန် ပြောရမှာဖြင့် ကျွန်မအဖို့မှာတော့ ဒီစိတ်မျိုး မပေါ်သေးဘူး။ ချစ်တယ်၊ ကြိုက်တယ်၊ ရည်းစားထားတယ်ဆိုတာမျိုးကို တစ်ခါမှ မကြုံခဲ့ပါဘူး။ ဒီလိုမကြုံဖူးတဲ့စကားမျိုး ရဲရဲတင်းတင်းပြောတော့ အံ့ဩပေလိမ့်မယ်။ စင်စစ်တော့ အံ့ဩစရာ မဟုတ်ပါဘူး။ ကျွန်မတို့ ရှင်တို့ဟာ ပညာတွေ အတော်ဝအောင် သင်လာခဲ့ကြပြီ။ ဒီကိစ္စမျိုးမှာ မစဉ်းစားတတ်၊ မဝေဖန်တတ်လောက်အောင်ဖြစ်ဖို့ မဟုတ်ပါဘူး။ ဒါကြောင့် ဟုတ်မှန်ရာ ပြောကြဖို့ကို ရှက်စရာလို့သဘောမထားနိုင်ဘဲ အတည့်အလင်း ပြောရတော့မှာပဲ။ လိုရင်းကို ပြောရမယ့်ဆိုရင်တော့၊ ဒီဟာမှာ ကျွန်မနဲ့တင် ပြီးမယ့်ကိစ္စလားဆိုတာ စဉ်းစားပါ။ ရှင်ကလည်း ချစ်၊ ကျွန်မကလည်း ချစ်တယ်ဆိုဦးတော့ မိဘများ မပြီးလျှင် ဖြစ်ပါ့မလား။ နို့ပြီး အခုအခါမှာ ကျွန်မတို့ဟာ ပညာရှာတုန်းအရွယ် ဖြစ်ပါတယ်။ ဒီစိတ်တွေ ဝင်လာရင် ပညာသင်ပျက်ဖို့ပဲ ရှိပါတယ်။ ကိုကျော်ဝင်းလည်း ကိုယ်တွေ့ တွေ့နေပြီ မဟုတ်လား။ ဒီလိုတွေ့နေလျက်သားနဲ့ သူတစ်ပါး စာသင်ပျက်အောင် မလုပ်စေချင်ပါဘူး ကိုကျော်ဝင်းရယ်"

ကျော်ဝင်းလည်း ပြောသမျှစကားကို အပြန်အလှန် စဉ်းစားပြီးမှ "မသန်းမြင့်ပြောတာတွေဟာလည်း မှန်ပါတယ်။ မှန်လွန်းလို့ ခက်တော့တာပဲ မသန်းမြင့်ရယ်။ ကိုကျော်ဝင်းမှာ မသန်းမြင့်အတွက် စာသင်ပျက်ခဲ့တာကို သိပြီ မဟုတ်လား။ အခုမသန်းမြင့်က ဖြူတယ်၊ မဲတယ် အဖြေမပေးဘဲ တွေးစရာ နှစ်ခွထားမှုဖြင့် သာလို့သာဒုက္ခရောက်ဖို့ပဲ ရှိပါတယ်။ ဒီတော့ ကိုကျော်ဝင်း စိတ်အေးရအောင် တစ်ထစ်ချ ပြောစေချင်တယ်။ မချစ်ရင်လည်း မချစ်ဘူးလို့ ပြောလိုက်ရင် ကိုကျော်ဝင်း တစ်ခါတည်းစိတ်ဖြတ်လိုက်ဖို့ပါပဲ။ ချစ်တယ်လို့ ပြောလိုက်ရင်လည်း ဝမ်းမသာရပေဘူးလား။ သောင်မတင် ရေမကျဘဲ အသည်းဆွေးရအောင်တော့ဖြင့် လုပ်မထားပါနဲ့ ခင်ရယ်။ ပြောစမ်းပါ"

"ဒီဟာ အဖြေရခက်ဆုံးပဲ ကိုကျော်ဝင်း။ မချစ်ဘူးလို့ ပြောရအောင်လည်း ကျွန်မ မချစ်ဘူးလည်း မဟုတ်ဘူး။ မုန်းတဲ့စိတ်လည်း မရှိဘူး။ ချစ်တယ်လို့ ပြောရအောင်ဟာလည်း အခုထိမှာတော့ ယောကျ်ား၊ မိန်းမ ချစ်တဲ့စိတ်မျိုးနဲ့ဖြင့် မချစ်မိသေးတာ အမှန်ပဲ။ နို့ပြီး မချစ်ဘူးဆိုရင်လည်း ကိုကျော်ဝင်း စိတ်ညစ်ဖို့ပဲ။ ချစ်တယ်ဆိုရင်လည်း ချစ်ရုံနဲ့အေးမှာ မဟုတ်သေးဘူး။ ဒါကြောင့် ခက်တယ်ပြောတာ"

"မဟုတ်ဘူး မသန်းမြင့်၊ မဟုတ်ဘူး။ မချစ်ဘူးဆိုရင် မုန်းလို့ပဲ။ မမုန်းဘူးဆိုရင် ချစ်လို့ပဲ။ ဒီစကားနှစ်လုံးပဲရှိတယ်။ မချစ်လည်း မချစ်၊ မမုန်းလည်း မမုန်းဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် တစ်ခုတည်းသာ စွတ်ပြီးပြောစေချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဒါဖြင့် ကျွန်မ စဉ်းစားပါရစေဦး ကိုကျော်ဝင်း၊ တစ်နေ့ကျ အဖြေကြားရရင် ကျေနပ်ပြီလား" ဟု ပြောနေစဉ် "မသန်းမြင့် ကားသူခိုး မိပြီလား" ဟု ရယ်မောပြောဆိုလိုက်သံကို ကြားရသဖြင့် စကားကို ရပ်လိုက်ကြကာ ခပ်ကွာကွာ ဣန္ဒြေရရ ထိုင်ကြပြီးလျှင် မသန်းမြင့်က မျက်နှာပြုံးလိုက်၍ "ဟုတ်ကဲ့၊ မိလို့စစ်နေရတယ်" ဟု ပြောသည့်အတွက် ကျော်ဝင်းလည်း ရောနှော၍ ရယ်မောမိလေ၏။

ပြီးမှ မီမီက "ကဲလေ၊ အိမ်ထဲ လာကြပါဦး၊ လက်ဖက်ရည် သောက်ရအောင် ဖျော်ပြီးပြီ" ဟု ဆိုသဖြင့် ကျော်ဝင်းက ပြုံးရယ်လျက်. . .

"အို အားနာစရာကြီး၊ မုန့်ပါမှ သောက်တတ်တယ်"

"ဟဲဟဲ. . . မုန့်တော့ မပါဘူးရှင်၊ ကိုဘတင့်နဲ့ ဝွင်းထိုးဖိနပ်ပဲရှိတယ်။ အဲလေ ယောင်လို့ အိုဗာတင်းနဲ့ ဂိုးလ်ဒင်းပဖ်ပဲရှိတယ်" ဟု ပြောသောကြောင့် ရယ်မောရင်း မီမီ ခေါ်ရာသို့ လိုက်ပါသွားကြလေ၏။ လက်ဖက်ရည် သောက်ကြရင်း သောင်းပြောင်းထွေလာစကားများနှင့် ရယ်စရာများ ပြောဆိုကြပြီးနောက် မသန်းမြင့်သည် လက်ပတ်နာရီကလေးကိုမြှောက်၍ကြည့်ကာ "ပြန်ဖို့ ချိန်တန်ပြီ ထင်တယ်"

"ပြန်ချင်ပြန်လေ။ ကားနဲ့ လိုက်ပို့ရတာပေါ့။ ကိုကျော်ဝင်းကား အရှိသားပဲ" ဟု မီမီက ပြောသဖြင့် ကျော်ဝင်းမှာ ရှက်ပြုံးပြုံးနေရလေ၏။

ထို့နောက် မီမီ ကားမောင်းလျက် ကျော်ဝင်းနှင့် မသန်းမြင့်တို့သည် နောက်ကယှဉ်တွဲလျက် လိုက်ပါလာကြလေရာ ကျော်ဝင်းမှာ သိန်းထီပေါက်သကဲ့သို့ အလွန်အမင်း ဝမ်းမြောက်ကျေနပ်လျက် တပြုံးပြုံးနှင့် ပါလာလေ၏။ လမ်းတစ်လျှောက်တွင် ဖြတ်သွားသော ကားများနှင့် လမ်းပေါ်မှ လူများသည် လှမ်း၍ကြည့်ကြသောအခါ ကျော်ဝင်းက အသားယူလျက် မသန်းမြင့်ဘက်သို့ ကိုယ်ကိုစောင်းငဲ့၍ ခေါင်းလှည့်ကာ ပြုံးပြုံးကြီး စကားပြောလိုက် ရယ်လိုက်နှင့် ပုံများကြိတ်လျက် လိုက်ပါလာလေ၏။

အင်းလျားဆောင်သို့ရောက်၍ မသန်းမြင့် ဆင်းကျန်ရစ်ခဲ့ပြီးနောက် မီမီသည် ကျော်ဝင်းအား ပုဂံကျောင်းဆောင်သို့ရောက်အောင် ကားနှင့်လိုက်၍ပို့လေ၏။

ကားထွက်သွားသည်နှင့်တစ်ပြိုင်နက် ကျော်ဝင်းသည် "ဖိုးကော်ကွ၊ ဖိုးကော်" ဟု အရမ်းရွှင်ပျော်ဟစ်အော်ကာ ကျောင်းပေါ်သို့ ပြေးတက်၍လာရာ အခန်းအချို့များထဲမှ ကျောင်းသားများ ထွက်ကြည့်ကာ "ဘာလဲဗျို့၊ ဘာကော်တာလဲ" ဟု မေးသူကမေး၍ ကျော်ဝင်းသည် ရွှင်မြူးစွာ မီမိ၏အခန်းသို့ ခုန်ပေါက်ပြေးသွားသည်ကို လက်ခုပ်လက်ဝါးတီးကာ ရှူးတိုက်၍ပေးလျက် "ခွေးရူး ထွက်သွားပြီဗျို့၊ ခွေးရူး" ဟု အကြောင်းမဲ့နောက်သူများကလည်း နောက်ကြလေ၏။

ဘဦး၊ သိန်းဖေ၊ ဘတိုးနှင့်တကွ ကျောင်းသားသုံးလေးယောက်တို့သည် ကျော်ဝင်း၏နောက်သို့ ပြေး၍လိုက်လာကြလေ၏။

"ကော်တာပဲဗျို့၊ ကော်တာပဲ" ဟု ကျော်ဝင်းသည် ဝင်၍လာသော ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သားများအား ခုန်မြူးလျက် ပြောလိုက်ရာ၊ သိန်းဖေမှာ ဘာကော်မှန်း မသိရခင်က ကျော်ဝင်းကဲ့သို့ ဝမ်းသာအားရဖြစ်လျက် "ကော်တာပဲ၊ ကော်တာပဲ၊ တိုင်းလုံးကျော်တဲ့ ကော်တာပဲ" ဟု ဆိုကာ ဒိုးပတ်အက, ကလိုက်သဖြင့် ကျောင်းသားများက လက်ခုပ်ပိုင်း၍တီးပေးပြီး အိုးစည်၊ ဒိုးပတ်၊ လင်ကွင်းသံများ ပါးစပ်များမှ ထွက်လာကြလေ၏။

သိန်းဖေကလည်း အားရအောင်က,ပြီး "ကိုင်း ဝမ်းသာလို့တော့ပြီးပြီ၊ ဘာအတွက် ဝမ်းသာရပါလိမ့်" ဟု ကျော်ဝင်းအား မေးလိုက်သဖြင့် ဟားတိုက်မိကြလေ၏။

ကျော်ဝင်းလည်း ဖြစ်ပျက်သမျှတို့ကို တစ်လုံးမကျန် မြိန်မြိန်ရှက်ရှက်ကြီး ပြန်၍ပြောသဖြင့် နားထောင်ရင်း ရယ်မောလိုက်၊ ဘောက်ဝင်၍သောလိုက် လုပ်နေကြပြီးမှ၊ အပြန်တွင် ကားနှင့်အတူတွဲ၍ နှစ်ပါးသွားခဲ့ရသည်ကို ပြောပြလိုက်ရာ သိန်းဖေသည် ဖင်ကလေးကိုကော့တဲ့ပြီး. . .

"ကားပေါ်အတူရှင်၊ လူမြင်မှာ ရှက်သရှင်၊ သန်းကောင်အချိန်တွင် ရှေ့ပါးအပ်ချင် ယားတယ်လို့ ဆိုနေတာ ခုတော့မှ ချော့မလာပါနဲ့ရှင်" ဟု အငြိမ့်သီချင်းဆိုကာ ကြောက်သလိုလို၊ တွန့်သလိုလို၊ ရွံ့သလိုလို ရုပ်ရှင်ဟန်မျိုးလုပ်၍ က,သောကြောင့် ကျောင်းသားများမှာ တသောသောဖြစ်လျက် တီးလုံးလိုက်၍ပေးကြရလေ၏။ ဘတိုးက "အမယ် အဆင်သင့်ပဲ ဇာတ်မင်းသား လိုနေတာနဲ့၊ ကိုသိန်းဖေ အကကောင်းတာနဲ့တော့ နေရာကျတာပဲ" ဟု ပြောရာ. . .

"ဘယ်မှာ က,ဖို့လဲ"

"မျက်မမြင်ကျောင်းက ခင်ဗျား က,တာ မြင်ချင်လို့တဲ့" ဟု ပြောလိုက်သဖြင့် ဝဲကနဲ ဖြစ်သွားကာ၊ ဘတိုးက ဆက်လက်၍ "အဲဒါ စရံငွေ ငါးဆယ်ယူပြီး နောက်လည်း မလာပါနဲ့တော့တဲ့" ဟု ပြန်ပြောသည့်အတွက် သဘောကျသွားပြန်လေ၏။

"တဲ. . . ကိုကျော်ဝင်းက ဒီနေ့ ရတနာပုံလပ်နဲ့ဆိုက်လို့ လက်ဖက်ရည် တိုက်ပါလိမ့်မယ် ခင်ဗျား" ဟု သိန်းဖေက ပြောလိုက်သောကြောင့် "ဝေးဟေး" ဟု အော်၍ ထကြပြီးလျှင် ဒူးကန်းသို့ သွားကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကျော်ဝင်းသည် မိမိဒရိုင်ဘာ မဟုတ်ဘဲ ကောလိပ်ကျောင်းသား ဖြစ်ကြောင်းကို မသန်းမြင့် သိရှိရပြီကို သိရသည့်အပြင်၊ တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးသော အခြေအနေကို ရောက်ပြီဖြစ်သည့်အလျောက် ဝမ်းမြောက်ခြင်း ဖြစ်သော်လည်း မသန်းမြင့်မှာ အတ်ခေါ် ဝိဇ္ဇာလမ်း ပညာရပ်ကို သင်ကြားလျက် မိမိကား ဆိုင်းယင့်စ်ခေါ် သိပ္ပံပညာလမ်း လောကဓာတ်ပညာရပ်များကို သင်ကြားခြင်းကြောင့် သင်ကြားရသော ဘာသာချင်း မတူသည့်အလျောက် စာသင်ခန်းချင်း ကွဲလွဲသဖြင့် ကျောင်းထဲတွင် တွေ့ချင်တိုင်း မတွေ့ရဘဲ ရှိလေ၏။

အခန်းပြောင်း၊ အခန်းလွဲ တစ်ဘာသာနှင့် တစ်ဘာသာ ကူးပြောင်းသင်ကြားရန် ကော်ရစ်ဒါတွင် ကူးလူးသွားလာရင်း ရံဖန်ရံခါ မျက်နှာချင်းဆိုင် တွေ့ရသည့်အခါ လောက်သာ ပြုံးရယ်နှုတ်ဆက် ခေတ္တရပ်လျက် စကားပြောရခြင်းလောက်ကို အားမရနိုင်၊ မတင်းတိမ်နိုင်သောကြောင့် အမြဲတွေ့ရန် မိမိသင်ကြားသော ကွန်ဘိုင်နေးရှင်းကို ပြောင်း၍ မသန်းမြင့် သင်ကြားသော ဘာသာများကိုယူရန် နှလုံးပြုလေ၏။

သို့ဘာသာပြောင်း၍ သင်ကြားလိုသည့်အတိုင်း၊ ပြောင်းလွဲပေးရန် ကျောင်းအုပ်ကြီးထံသို့ လျှောက်လွှာ တင်သွင်းလိုက်လေ၏။ သို့တင်သွင်းသော်လည်း နှစ်ဝက်ကျော်လွန်နေပြီ ဖြစ်သဖြင့် အခွင့်ပြုနိုင်ရန်မှာကား များစွာခဲယဉ်းသောကြောင့် ဘယ်လိုများ အမိန့်ချမည်လဲဟု စိုးရိမ်မကင်းဘဲလျက် စောင့်စားနေလေရာ၊ တစ်နေ့တွင် ကျောင်းအုပ်ကြီးက တွေ့လိုကြောင်း ကြော်ငြာထုတ်သည်ကို တွေ့ရသဖြင့် ရမှရပ့်မလားဟု ရင်တွင်းက တဒိတ်ဒိတ်နှင့် ကျောင်းအုပ်ကြီးအား သွားရောက်တွေ့ဆုံလေ၏။

"မင်း ကွန်ဘိုင်နေးရှင်းပြောင်းဖို့ လျှောက်လွှာဟာ အချိန်လွန်နေပြီ။ အခွင့်မပြုနိုင်ဘူး။ အခုမှဆိုရင် စာတွေကိုမီအောင် ဘယ်လိုလုပ်ပြီး လိုက်မလဲ" ဟုဆိုရ

www.burmeseclassic.com

ကျော်ဝင်းမှာ မိမိတောင်းဆိုသည်ကို ရလိမ့်မည်မဟုတ်ဟု စိတ်ပျက်သွားလေ၏၊

"ဘာဖြစ်လို့ ပြောင်းချင်တာလဲ" ဟု ထပ်မံမေးလိုက်သောအခါ ကျော်ဝင်းမှာ အဖြေရ ခက်သွားလေ၏။ နောက်မှ လီဆည်ရန် အကြောင်းပေါ်၍လာသဖြင့် "ကျွန်တော် ဆိုင်းယင့်စ်ကို ကောင်းကောင်းမလိုက်နိုင်ဘူး။ ကြိုးစားပေမယ့် ကျွန်တော် အစမ်းမှာ ရှုံးနေတယ်။ ဘာသာမပြောင်းဘဲ ဒီအတိုင်း သင်သွားရင် စာမေးပွဲကြီး ရှုံးဖို့ပဲ ဖြစ်ပါတယ်"

ကျောင်းအုပ်ကြီးသည် အတန်ကြာ စဉ်းစားနေလေ၏။ စာမေးပွဲ မှတ်ပုံတင် စာရင်းကို လှန်ကြည့်လိုက်သောအခါ အင်္ဂလိပ်စာနှင့် မြန်မာစာကိုသာအောင်၍ ကျန်ဘာသာများမှာ အမှတ် ၁၀ မှတ် ပြည့်အောင်ရသည် မရှိသည်ကို တွေ့ရသောကြောင့် ကျော်ဝင်း၏စကားမှာ ဟုတ်မှန်သလိုလို ရှိသည်ဟု ထင်မြင်သွားရလေ၏။

"ဒီလို မလိုက်နိုင်မှန်းသိရက်သားနဲ့ စောစောက ဘာကြောင့် မပြောသလဲ"

"သင်စ,တုန်းက လိုက်နိုင်လိမ့်မယ်လို့ ထင်လို့ပါ။ အခု မလိုက်နိုင်တာကို သိရလို့ ပြောရပါတယ်။ ကျွန်တော် ဘာသာပြောင်းပြီး သင်ရရင် ကောင်းကောင်း လိုက်နိုင်ပါလိမ့်မယ်။ ဆိုင်းယင်းစ်ကိုတော့ဖြင့် နည်းနည်းမှ ဝါသနာမပါဘူး"

ကျော်ဝင်း စာမေးပွဲ ရှုံးခြင်းမှာ ဘာသာပြောင်း၍ မပေးဘဲ မဖြစ်အောင် အထောက်အထား ရရှိနေလေရကား၊ ထိုသို့ အခွင့်ပြုလိုက်သောကြောင့် နောက်နေ့တွင် ကျော်ဝင်းသည် မသန်းမြင့် သင်ကြားသောအခန်း၌ ဒုတိယခုံတန်းအား လုယက်နေသည်ကို တွေ့မြင်ရလေ၏။

မိန်းကလေးများ နေထိုင်သော ခုံတန်းနောက်ရှိ စင်္ကြန်းဘင့်ချ်ခေါ် ဒုတိယခုံ တန်းရှည်သည်ကား တက္ကသိုလ်ရာဇဝင်တွင် ထင်ရှားနာမည်ကြီးသော အရာတစ်ခုပေ တည်း။ များစွာသော ကျောင်းသားတို့သည် ဟိုက်စကူးကျောင်းတွင် ရှိစဉ်က မိန်းကလေးများနှင့်အတူတူ မနေကြဘူးသည့်အလျောက်၊ တက္ကသိုလ်ကျောင်းသို့ ရောက်သောအခါ တွဲဘက်ပညာသင်ကြားရေးစနစ်အရ မိန်းကလေးများကို တွေ့ရှိရ သဖြင့် ၎င်းတို့နှင့် နီးကပ်စွာ နေထိုင်ရခြင်းကို လိုလားတောင့်တ,သူတွေချည်း ဖြစ်ကြ သည့်အားလျော်စွာ ဒုတိယတန်းသည် ခုနှစ်ပြည်ထောင်၊ ခုနှစ်ထောင်သော ကျောင်း သားတို့ စစ်ခင်းလုယက် သူ့ထက်ငါ ဦးအောင်တိုက်ခိုက်ရာ စစ်မြေပြင်သဖွယ် ရှိပေ တော့၏။ "ကမ္ဘာကို ခြေကန် ပိုးပါ့မည်" ဟု သစ္စာပန္နက် ကျမ်းကိုန်ရွတ်လျက် အရှက် နည်းစွာဖြင့် မျက်နှာပြောင်တိုက်၍ ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်နိုင်မှ ဖင်ထိုင်စရာ ဖင် တစ်ကွက်စာကို အနိုင့်အနိုင် ရရှိကြပေတော့၏။

ထိုသို့ လုယက်နေထိုင်ကြသူများကား များသောအားဖြင့် ပညာကို လိုလား၍ သင်ကြားဖို့ချသော လက်ချာကို ကောင်းစွာကြားရအောင် ဆရာနှင့် နီးကပ်စွာ နေကြ ခြင်း မဟုတ်ပေ။ မေးတတ်၊ မြန်းတတ်သော ဆရာနှင့်တွေ့လျှင် ထိုစင်္ကြန်းဘင့်ချ် လုသူ

www.burmeseclassic.com

www.burmeseclassic.com



များသည်ကား နောက်ဆုံးခုံသို့ ရောက်ရှိကြလေ့ ရှိသည်ကို တွေ့ကြရပေ၏။ ထိုဒုတိယခုံတန်း လုသူများက ရှေ့တန်းရှိ နှမတော် မိမိများ မကြားတကြား ရွှတ်ပြောင်ရွှတ်နောက် ဘောက်စကား ပြောသူပြော၊ ပန်းချီဆရာသေ၍ ဝင်စားသူတို့ကလည်း ၎င်းတို့၏ နိကာယ်အစုံကို အာရုံစူးစိုက်ကာ စတာဒီ ပြုလုပ်လျက် ပုံတူရုပ်ပြောင်ရေး၍ ဟိုလူပြ ဒီလူပြ၊ လက်ကမြင်းကြောထသူကလည်း ခုံပေါ်တွင် မိန်းကလေးတို့၏ နာမည်နှင့်တကွ အချစ်နှင့် ပတ်သက်၍ တွေ့ကရာ ရေးကြပြီးလျှင် ဓာတုဗေဒ လိုက်စားသူကလည်း သင်းပျံ့သော ရနံ့အထုံတို့ကို နှာခေါင်းတည်းဟူသော လက်ဘောရေထရီ ဓာတ်ခွဲခန်းတွင် အနုစိတ်ကြလေ၏။ သို့နှင့် ဓာတုဗေဒ သင်သူတစ်ဦးသည် စူးရှသော ရနံ့တစ်ခုကို ရှူရှိုက်မိသဖြင့် ထိုအရာသည်ကား ဥဇ္ဇုဇင်ဓာတ်တွင် ကာဘွန်နံ့များ ပါသဖြင့် အင်းလျားဆောင်တွင် ဘဲဥပုပ်၊ ပုဇွန်ထုပ်များ ချက်ပြုတ်၍ ကျွေးလေသည်ဟု ဓာတ်ခွဲ၍ ပြလိုက်သောကြောင့် ထိုသူအား ပရော်ဖက်ဆာ အူရှီးဟု ဘွဲ့အမည်ပေးခြင်းခံရသည့်အတိုင်း ဒုတိယခုံတန်းကို အူရှီးဘင့်ချ်ဟူ၍ အသိအမှတ်ပြုကြလေကုန်၏။

ကျော်ဝင်းမှာ ထိုအတန်းသို့ အသစ်ရောက်လာသူ ဖြစ်ပေ၏။ သို့အသစ်ရောက်လာသူတစ်ယောက်သည် ဒုတိယတန်းတွင် ဝင်၍ထိုင်နေသည်ကို တွေ့သောအခါ ထိုင်နေကျ ကျောင်းသားများသည် ကျော်ဝင်းအား မျက်စောင်းတထိုးထိုးနှင့် ရှိကြလေ၏။ ထိုခုံတန်းသည်ကား များသောအားဖြင့် အက်ဖ်ဘွဲ့ရ အတန်းကျကျောင်းသားတို့ စိုးမိုးအုပ်ချုပ် မင်းလုပ်မြဲ ဖြစ်ရကား ၎င်းတို့နှင့် မသင့်လျှင် ၎င်းတို့၏အညှဉ်းကို ခံရစမြဲ ဖြစ်ပေ၏။

"ဒို့လူကလေးများ ဆိုသလေး"

"ဝေး ဟေးဟေး"

"စက္ကင်းဘင့်ချ် ဘယ့်နှယ်ဝိုင်းမယ်"

"ဒို့နှယ်ဝိုင်းမယ်"

"ညီစေနော်"

"အေး"

"မောင်ရို့ မောင်ရို့" "လေး. . . လေး၊ လေး. . . လေး" ဟု အော်လိုက်ကြရင်း ဒုတိယခုံတန်းသားများသည် တစ်ဘက်မှတစ်ဘက်သို့ ဖိ၍ချလိုက်ကြရာ၊ အစွန်းတွင် ထိုင်နေသူများ လွင့်၍ပြေးကြသဖြင့် "ဝေး ဟေးဟေး" ဟု အားရဝမ်းသာအော်ကြရင်း ဖြူနီးဒိုင်းမြည်အောင် ခုံကို လက်ဝါးနှင့် ပုတ်သူပုတ်၊ တဒုန်းဒုန်း ကြမ်းကို ခြေနှင့်ဆောင့်သူကဆောင့်၊ ပါးစပ်နှဲမှုတ်သူကမှုတ်၊ ပါးစပ်လကွင်းတီးသူကတီးကာ "ဗလုံဒိုင်း ဒုန်းဒုန်းဂွပ်၊ ကော်ကီကော်၊ ဂျမ်းဂျမ်းဂျမ်း၊ ကော်ကီကော် ဂျမ်းဂျမ်းဂျမ်း" ဟူသော အသံများ ဆူညံ၍သွားလေ၏။

"ပုနိမ်ပြောင် ပုနိမ်ပြောင် ပုနောင် ဘောင်နောင် ပြောင်ပြောင်ပြောင်" ဟု

www.burmeseclassic.com

www.burmeseclassic.com

နောက်တန်းမှနေ၍ နောင်ဂျိန်ဆိုင်း တီးပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဒုတိယတန်းခုံတွင် ဖိတွန်းလိုက် ထိုးလိုက်၊ ကြိတ်လိုက်ကြသည်မှာ အရမ်းကြဲ၍နေလေတော့၏။

နောက်တစ်ချီ "ဝေး ဟေး. . . ဟေး" ဟူသော အသံကပေါ်လာသည်တွင် ကျော်ဝင်းမှာ လွှင့်စင်၍ ပြေးလေ၏။ နောက်ကြ၊ ပြောင်ကြသော အသံများနှင့် ရယ်သံများမှာ ဆူညံ၍သွားသဖြင့် ကျော်ဝင်းမှာ ရှိန်း၍သွားလေ၏။ တစ်ယောက်နှင့်အများအားချင်းမညီသဖြင့် ပေကပ်၍နေရန် အခြေမလှသဖြင့်၊ မိမိ၏စာအုပ်များကိုယူကာ အားလုံးသောကျောင်းသားများ နောက်ဆုံးပိတ် ခုံရှည်အလွတ်တစ်ခုတွင် စိတ်ပျက်စွာဝင်၍ ထိုင်နေလေတော့၏။

ထိုသို့ ဆူဆူညံညံ အသံများသည် ပထမခေါင်းလောင်း ထိုးလိုက်သောအခါ အနည်းငယ် ငြိမ်စပြုလာ၍ မိန်းကလေးများ တံခါးပေါက်ဆီသို့ ရောက်ရှိ စုပြုံနေကြသောအခါ၌ကား ကျောင်းသားအားလုံးသည် ဣန္ဒြေဆည်၍နေကြကာ မိန်းကလေးများဘက်သို့ စူးစိုက်မျှော်ကြည့်လျက် ကြိတ်နှိပ်၍နောက်ပြောင်၊ ရွတ်နောက်နေကြလေ၏။

ကျော်ဝင်းသည် မိန်းကလေးများကို လှမ်း၍ကြည့်လိုက်ရာ၊ ၎င်းတို့ထဲတွင် မသန်းမြင့်ကို မြင်ရလျှင် နှစ်သိမ့်ဝမ်းသာဖြစ်၍သွားလေ၏။ သို့ရာတွင် မသန်းမြင့်သည် ၎င်းအား မမြင်ရှာပေ။ မိန်းကလေးများသည်ကား အခန်းထဲသို့ မည်သည့်အခါမျှ လှမ်း၍ကြည့်လေ့မရှိဘဲ အခန်းဝဆီကသာ ကိုယ်ဟန်တပြပြနှင့် ရှိကြပေ၏။ ဒုတိယခေါင်းလောင်းထိုး၍ ဆရာနှင့် ကျောင်းသူကလေးများ အခန်းထဲ ဝင်ကြသောအခါ ကျော်ဝင်းသည် မိမိအား မသန်းမြင့် မြင်ရစေခြင်းငှာ အမျိုးမျိုးထင်ရှားအောင် ပြုလုပ်သော်လည်း ၎င်းမှာ နောက်ဆုံးပိတ်ခုံသို့ ရောက်နေသဖြင့် မမြင်နိုင်သည့်အလျောက်၊ ၎င်းဘက်ကို မျက်နှာမလှည့်ဘဲ ခုံထဲသို့ ဝင်ထိုင်လေ၏။

ကျော်ဝင်းမှာ ပို၍စိတ်ပျက်သည်က တစ်ကြောင်း၊ သင်ခန်းစာမှာလည်း အလယ်မှစ၍ သင်နေရသည် ဖြစ်သဖြင့် ဘာမျှနားမလည်သည့်ပြင် ထိုဘာသာမှာ တက္ကသိုလ်ကျောင်းတွင် အရှူးများသင်သော ဘာသာဟု ပြက်ရယ်ပြုခြင်းခံရသော လောဂျစ်ခေါ် တက်ကျမ်းဖြစ်သောကြောင့် ကျော်ဝင်းတွင် စိတ်ဝင်စားခြင်း အလျဉ်းမရှိဘဲ လက်ချာကို နားထောင်ရင်း အိပ်ငိုက်၍နေလေ၏။

ထိုသို့ ငိုက်မြည်း၍နေသည်ကို လက်ချာဆရာ တွေ့မြင်ရသည်နှင့် "ဟိုနောက်ဆုံးမှာ အိပ်နေတဲ့ မိတ်ဆွေလူငယ်၊ ဒီဒပ်ရှင်းနဲ့ အင်ဒပ်ရှင်းဆိုတာ ဘာနားလည်သလဲ" ဟု မေးလိုက်ရာ ကျော်ဝင်းသည် မတ်တတ်ကြီးရပ်လျက် မဖြေနိုင်ဘဲ ငေးနေလေ၏။ ဆရာသည် မိမိ သင်ကြားသော ဘာသာရပ်ကို ဂရုမစိုက်ကောင်းလားဟု အောက်မေ့ကာ ကျောင်းအုပ်ကြီးထံ တိုင်ကြားသလိုဖြင့် "မင်းနံပါတ် ဘယ်လောက်လဲ"

"၁၇၄" ဟု ပြောလိုက်သဖြင့် ဆရာလည်း နာမည်မှတ်ပုံတင်စာရင်းကို

www.burmeseclassic.com

www.burmeseclassic.com



လှန်၍ကြည့်လိုက်ရာ ကျော်ဝင်းသည် ဤဘာသာကို ယခုမှ ပြောင်းလွှဲယူရသည်ကို သိရသောကြောင့်. . .

"မင်း လူသစ်လား"

"ဟုတ်ပါတယ်"

"မင်း ဘာမှ နားမလည်ဘဲနဲ့ ဘာဖြစ်လို့ နောက်ဆုံးမှာ ထိုင်ရလဲ။ ရှေ့ကိုလာရင် ကောင်းကောင်းကြားရမယ် မဟုတ်လား။ ဒီခုံကိုလာ" ဟု ဆိုကာ ဒုတိယခုံတန်းကို လက်ညှိုးထိုး၍ပြရာ ကျော်ဝင်း ကျေနပ်၍သွားလေ၏။ ကျောင်းသူ ကျောင်းသားအားလုံးသည် လှည့်၍ကြည့်ကြလေ၏။ မသန်းမြင့်သည် ကျော်ဝင်းအား မြင်လျှင် အံ့အားသင့်ပြီး ကြည့်နေလေ၏။ ကျော်ဝင်းလည်း ဒုတိယခုံတန်းသို့ဝင်ရင်း မသန်းမြင့်အား ကြည့်မိရာ အကြည့်ခြင်း ဆုံနေသဖြင့် နှုတ်ဆက်သည့်အလား မပြုံးတပြုံး လုပ်လိုက်သည်ကို ကျောင်းသားများ မြင်ကြ၍ ဆရာ မမြင်အောင် ခုံတန်းအောက်သို့ ခေါင်းငုံ့၍ "ဖိုးအိ၊ ဖိုးအိ" ဟု မကျယ်တကျယ် ကျောင်းသားတစ်ယောက် အော်လိုက်သဖြင့် တစ်ခန်းလုံး ဟီးတိုက်၍သွားလေရာ ထိုရယ်သံ၊ ဆူသံများအား ကြမ်းကို ဖိနပ်နှင့်ရုပ်၊ ပါးစပ်ကလည်း ရှူးရှူးလုပ်ကာ ငြိမ်ရန်အချက်ပေးခြင်းဖြင့် ဖိနှိပ်ရလေ၏။ စောစောက ကျော်ဝင်းအား မိမိကိုယ်လုံးဖြင့် ဖိတွန်းထုတ်လိုက်သူများကား သူ့ဘုန်းနှင့် သူ့ကံ ရောက်ရှိလာရသော ကျော်ဝင်းအား မနာလို ရှိကြကာ မည်သို့ရှုပ်နောက်ရမည်ကိုသာ ကြံစည်လျက် ရှိကြလေ၏။

ကျော်ဝင်းသည် လက်ချာကို နားထောင်လိုက်၊ မှတ်လိုက်၊ မသန်းမြင့်အား ကြည့်၍ ပီတိဖြစ်လိုက်နှင့် ပျော်၍နေလေ၏။ လက်ချာ ပြီး၍သွားလျှင် မသန်းမြင့်အား စကားပြောရန် မည်သို့ကြံဖန်ရပါမည်နည်းဟု စဉ်းစားခန်းထုတ်လိုက်သည့်အခါ၊ မှတ်စုစာအုပ်ငှားရန် အကြံပေါ်လာလေ၏။

သို့ဖြစ်သည့်အလျောက် စာသင်ချိန် ကုန်ဆုံးသွားသဖြင့် အတန်းဆင်းလေသော် မသန်းမြင့်နှင့်တွေ့ရန် ကမန်းကတန်းထ၍လိုက်သောအခါ မိမိအပေါ်အင်္ကျီစနှင့် နောက်ခုံကို ကြိုးဖြင့်ချည်ထားသောကြောင့် ထလိုက်သည်နှင့်တစ်ပြိုင်နက် ပြန်၍လဲသွားရာ ဝါးကနဲ ရယ်သံများ ပေါ်လာလေ၏။ ကျော်ဝင်းလည်း ရှက်ရှက်နှင့် ကြိုးကို ဖြုတ်၍ 'ငါတော့ မသန်းမြင့်ကို လွတ်သွားပါပြီ' ဟု အောက်မေ့ကာ ကမန်းကတန်း လိုက်၍ ကော်ရစ်ဒါထောင့်တွင်ရပ်လျက် မိမိအား တမင်စောင့်နေသော မသန်းမြင့်ကို တွေ့မှ အမျှားကြီး ခူရှိကျ၍သွားလေတော့၏။

"မသန်းမြင့် ဘယ်သူ့ကို စောင့်နေသလဲ"

"ကိုကျော်ဝင်း အတ်ယူလိုက်သလားလို့ မေးချင်လို့"

"ဟုတ်တယ်၊ ကွန်ဘိုင်နေရှင်း ပြောင်းလိုက်ပြီ"

"ဘာ ဆပ်ဂျက်တွေ ယူသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသန်းမြင့်နဲ့ အတူတူပဲ" ဟု ပြောသဖြင့် မသန်းမြင့်မှာ အံ့ဩတွေဝေစဉ်းစားခြင်း ဖြစ်မိလေ၏။

"နှစ်ဝက်တောင် လွန်သွားပြီ၊ လိုက်နိုင်ပါ့မလား"

"ဒါကတော့ ကြိုးစားရင် လိုက်နိုင်မှာပဲ။ အရင်က နုတ်စ်(မှတ်စု)တွေ ရဖို့လိုတာပဲ။ ဒါကြောင့် မသန်းမြင့် စာအုပ်ငှားပါလို့ ပြောမလို့ ငှားမယ် မဟုတ်လား"

"ကိုကျော်ဝင်း လိုချင်ယူလေ။ သိပ်တော့ မစုံဘူး"

"ဒီမှာ ဘာမှမရှိတာထက်တော့ စုံသေးတာပေါ့" ဟုပြောကာ ကျော်ဝင်းလည်း မသန်းမြင့်ပေးသော မှတ်စုစာအုပ်ကို ယူလိုက်လေ၏။

ထိုသို့စကားပြောနေစဉ် ခပ်လှမ်းလှမ်းမှ တစေ့တစောင်းစောင့်၍ ကြည့်နေသော ကျောင်းသားများသည် ပါးစပ်အငြိမ်မနေဘဲ "ဖိုးအိ၊ ဖိုးအိ" နှင့် ပြောင်လိုက်ကြသည်ကို ကျော်ဝင်း ကြားသဖြင့် မိမိကို နောက်မှန်းသိကာ၊ မသန်းမြင့် ရိပ်မိလျှင် ရှက်သွားမည်စိုးသောကြောင့် နှုတ်ဆက်၍ လျှင်မြန်စွာ ခွဲခွာလိုက်ရလေ၏။

ထိုအချိန်သည် အော့ဖ်ပီးရီးယော့ဒ်ရသော အားလပ်ချိန် ဖြစ်သဖြင့် မသန်းမြင့်လည်း ကွန်မွန်းရုမ်းသို့ ထွက်သွား၍ ကျော်ဝင်းလည်း လက်ဖက်ရည်ဆိုင်သို့ သွားလေသတည်း။

ညနေကျောင်းဆင်းသောအခါ ကျော်ဝင်းသည် မိမိအခန်းသို့ရောက်လျှင် မသန်းမြင့်၏ မှတ်စုစာအုပ်ကို နမ်းရှုပ်ကာ အရူးထနေလေ၏။ အဖုံးကို နမ်းလိုက်၊ ကျောဘက်ကို နမ်းလိုက်၊ စာအုပ်ဖွင့်ပြီး လက်ရေးကို နမ်းလိုက်နှင့် အရမ်းကြနေတော့၏။

"ဟေ့လူ၊ ဘာလုပ်နေတာလဲ" ဟူသောအသံနှင့် ခြေသံများကိုကြား၍ လှည့်ကြည့်လိုက်ရာ သိန်းဖေနှင့် ဘဦးတို့ လေ့လော့်အဝတ်အစားများကိုဝတ်လျှက် ဝင်လာကြသည်ကို တွေ့ရသဖြင့် ဖျတ်ခနဲ စာအုပ်ကို ဝှက်လိုက်လေ၏။

"အံမာ၊ ဒါလောက်များ မပါးရင် ကောလိပ်တောင် လာမနေဘူး။ ထုတ်ထုတ် ဘာမှဝှက်မနေနဲ့" ဟု သိန်းဖေက ပြောသဖြင့် ကျော်ဝင်းမှာ ကွယ်ဝှက်ခြင်း မပြုနိုင်တော့ဘဲ "ဘာမှ မဟုတ်ပါဘူး" ဆိုကာ စာအုပ်ကို ခပ်လှမ်းလှမ်းမှ ထောင်၍ပြလိုက်ရလေ၏။

"ဟေ့. . . မိန်းမလက်ရေးနဲ့" ဟု ဘဦးက ပြောလိုက်သဖြင့် သိန်းဖေက ပြေး၍ လုလိုက်သောကြောင့် ကျော်ဝင်းမှာ စာအုပ်ကို ပေးလိုက်ရလေ၏။

"ဟ. . . မသန်းမြင့်တဲ့" ဟု သိန်းဖေက နာမည်ကိုဖတ်ရင်း ပြောလိုက်ရာ၊ ဘဦးက စာအုပ်ကိုလု၍နမ်း၊ သိန်းဖေကလည်း ပြန်၍လုကာ တစ်ယောက်တစ်ချက်စီ နမ်းကြရာ ကျော်ဝင်းသည် မေ့မြောတက်ချက်သွားဟန် ကုတင်ပေါ်သို့ လှဲချလိုက်သဖြင့် သိန်းဖေက စာအုပ်ကို ကျော်ဝင်း၏ နှာခေါင်းဝသို့ တေ့လိုက်မှ ကျော်ဝင်းလည်း

www.burmeseclassic.com



သတိရလာသည့်အလား ပြုံး၍ထလာ၏။

"နေပါဦး၊ ခင်ဗျားနဲ့ ဘာဆိုင်လို့ ဒီစာအုပ်ကို ငှားလာတာလဲ"

"ကျွန်တော် ကွန်ဘိုင်နေးရှင်း ပြောင်းပြီး အတ် ယူလိုက်ပြီ။ မသန်းမြင့် သင်တဲ့ဘာသာတွေ အကုန်ယူတာပဲ"

"ကျလည်းကျတဲ့လူ၊ အခုမှ ပြောပြတယ်။ တော်ပါ့ဗျာ" ဟု ဘဦးက ဆိုလေ၏။

"ခင်ဗျားက မသန်းမြင့် နောက်နေပြီးကနေပြီး အရှုံးမလို့ ဘာသာပြောင်းပြီး ယူတာလား။ ခင်ဗျား အကြံလောက်တော့ဗျာ၊ ပါးစပ်ဟကတည်းက သချိုးတွေ မြင်ပါတယ်။ အဲလေ အူမအတိုင်းသား မြင်ပြီးသားပါ။ ပြီးတော့ စာအုပ်ထဲမှာ ရည်းစားစာ ထည့်ပေးဦးမယ်။ အင်း တတ်လည်း တတ်နိုင်ပါရဲ့ဗျာ"

"ကိုယ့်လူကလည်း သိသားနဲ့" ဟု ကျော်ဝင်းက ပြုံး၍ပြောကာ မျက်စိ တစ်ဖက်မှိတ်ပြီး လေကိုတစ်တောင်နှင့်တွက်ဟန် ပြသဖြင့် ပြုံးရယ်ကြရာက ဘဦးက "ကဲ. . . ရာဂုမ္ဘတ္တာက လုပ်မနေစမ်းနဲ့၊ ဘုတ်ကလပ် သွားမယ်။ အင်္ကျီလဲ" ဟု ပြောလိုက် သည့်အတွက် ကျော်ဝင်းလည်း ဘောင်းဘီတို အဖြူအစိမ်းစင်း၊ စွပ်ကျယ်အင်္ကျီ ကြယ်သီးတပ်၊ ဖိနပ်ဖြူ ဖလေဇာစိမ်း လဲလှယ်၍ဝတ်ကာ ၎င်းတို့နှင့်အတူ ထွက်သွားလေ၏။

အင်းလျားဆောင်ရှေ့သို့ ရောက်ကြသောအခါ မသန်းမြင့်သည် ဝင်းတံခါး နားတွင် ရပ်လျက်နေသည်ကို တွေ့ကြရလေ၏။ မသန်းမြင့်လည်း ကျော်ဝင်းကို မြင် သဖြင့် "ကိုကျော်ဝင်း ပလိစ်" ဟု ခေါ်လိုက်ရာ ကျော်ဝင်းသည် အဖော်များနှင့်ခွဲ၍ မသန်းမြင့်ထံသို့ သွားလေ၏။

"ကိုကျော်ဝင်း လာမယ့်တနင်္ဂနွေ အားလို့ရှိရင် ရုပ်ရှင် ပို့စမ်းပါ"

"အားပါတယ်၊ ပို့တာပေါ့၊ ကိုကျော်ဝင်း တစ်ယောက်တည်းလား"

"ဘယ်သူတွေ ခေါ်ချင်သေးလို့လဲ"

"မသန်းမြင့်တို့ လူမများရင်လည်း ဒီကမိတ်ဆွေတွေ လိုက်ချင်လိုက်ကြမလား လို့ အသိလည်း ဖြစ်ရအောင်ပေါ့" ဟုဆိုကာ ခပ်လှမ်းလှမ်းတွင် ရပ်နေကြသော သိန်း ဖေနှင့် ဘဦးတို့ဘက်သို့ မျက်နှာလှည့်ပြလေ၏။

"သူတို့က ဘယ်အတန်းကလဲ"

"စိနိယာသမားတွေပဲ။ ဒီကနဲ့ သိပ်ချစ်တဲ့ မိတ်ဆွေတွေ"

"မသန်းမြင့်နဲ့ မအေးစိန်တော့ လိုက်ကြမှာပဲ။ တခြား ဘယ်သူတွေ လိုက်ကြ ဦးမလဲ မသိဘူး"

"တနင်္ဂနွေနေ့ရောက်ဖို့ ရက်တွေအပုံကြီး လိုပါသေးတယ်။ နောက်တော့ သေချာအောင် ပြောသေးတာပေါ့" ဟု ဆိုပြီးမှ "ဒရိုင်ဘာယောင်ဆောင်တဲ့အကြောင်း မအေးစိန် သိသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မ ပြောလိုက်တယ်၊ သိပ်ရယ်တာပဲ"

"တွေ့ရင်တော့ နောက်ဦးတော့မှာပဲ" ဟုပြောစဉ် သိန်းဖေတို့က မြေးညည်းစွာ လေချွန်သံကို ပြုသဖြင့် "ခေါ် နေပြီ၊ သွားဦးမယ်နော်၊ ကျောင်းမှာတွေ့တဲ့အခါ ပြောကြ သေးတာပေါ့" ဟု ဆက်ရန်ရှိသေးသည် ပြုလုပ်ခဲ့ရလေ၏။

"ကိုယ့်လူကလည်း ဒါမျိုးပြောရမယ်ဆိုရင် ထမင်းခုနှစ်ရက် မစားဘဲ ပြောချင် တဲ့ အစားမျိုးကျနေပြီ။ ခွေးအိုကြီး ဖိနပ်တို ဝါးတာလို တပြုံးပြုံးနဲ့ ဘာများခံတွင်းတွေ့ လိုက်နေပါလိမ့်" ဟု ဘဦးက ပြောရာ ကျော်ဝင်းက "ပြုံးတယ်ဆို နေရာကျနေမှကိုးဗျ"

"ဘာများလဲဗျာ" ဟု သိန်းဖေက မေးမှ. . .

"လာမယ့် တနင်္ဂနွေနေ့ ရုပ်ရှင် လိုက်ပို့ပါဦးတဲ့"

"အမယ်၊ တယ်ပြီး ရတနာပုံနဲ့ စန်းနဲ့ ဆိုက်နေပါကလား။ ကျုပ်တို့ကော ဒီ အထဲ ရှယ်ယာ မပါရဘူးလားဗျာ"

"ခင်ဗျားတို့ကို ဘယ်ချန်ရစ်ပါ့မလဲဗျ။ ခင်ဗျားတို့ကိုလည်း ခေါ် ခဲ့မယ်လို့ ပြောလိုက်တယ်"

သိန်းဖေနှင့် ဘဦးတို့မှာ ကျေနပ်သောမျက်နှာနှင့်ပြုံး၍ "ဒီလိုလည်း ရှိစေရ မပေါ့" ဟု ပြိုင်တူပြောလိုက်ကြသောကြောင့် ကျော်ဝင်းလည်း သဘောကျ၍ ပြုံးမိလေ ၏၊

"ကိုကျော်ဝင်းတို့က ဒါတွေကြောင့် ချစ်စရာကောင်းတာ" ဟု သိန်းဖေက လှိုင်းလိုက်သည့်အတွက်. . .

"မလုပ်ပါနဲ့ဗျာ၊ ကျော်မကောင်း ကြားမကောင်း၊ ယောက်ျားချင်း ချစ်တယ်ဆို တာထောင်ခုနှစ်ႇနှစ်က တစ်ပြားမှ လျှော့မှာမဟုတ်ဘူး" ဟု ကျော်ဝင်းက ပြောသော ကြောင့် သိန်းဖေနှင့် ဘဦးတို့လည်း ရယ်မောကြရင်းပင် ဘုတ်ကလပ် လှေအသင်းရုံသို့ ရောက်ရှိကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကျော်ဝင်း၊ ဘဦး၊ သိန်းဖေတို့၏ ဦးနှောက်ဉာဏ် သုံးခုပေါင်း၍ ရည်းစားစာ တစ်စောင် ကောင်းကောင်းကြီး ဖြစ်မြောက်သွားလေ၏။ ကျော်ဝင်းသည် ထိုစာကို အပြန်အလှန် ဖတ်၍ အားရလောက်အောင် ရှိလေ၏။

"ဘယ့်နှယ်လဲ သဘောကျရဲ့လား" ဟု သိန်းဖေက မေးလေ၏။

"ဟာ. . . ဒီတစ်ခါက်တော့ဖြင့် ရေးလိုက်တဲ့စာဟာ ပထမတန်း ကျသွားတာပဲ။ ဒီစာမျိုးမှ မထိ မငြိ မမိဘူး ဆိုရင်ဖြင့် မသန်းမြင့် နှလုံးသားတွေဟာ ကျောက်ခဲတွေ ရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ်ရင်လည်း သူဟာ မယ်သီလရှင် ဇာတာပါလို့ပဲ။ ကျွန်တော်ဖြင့် ဒီစာကို သဘောအကျဆုံးပဲ"

"ကိုင်း. . . စာကဖြင့် နေရာကျပြီ။ ဘယ်လိုလုပ် ပေးမယ်ဆိုတာ ကြံကြဦး" ဟု ဘဦးကပြောရာ သိန်းဖေက. . .

"ဒါအတွက်တော့ သူ့ဆီက ငှားလာတဲ့ လောဂျစ် နုတ်ဘုတ်ထဲ ထည့်ပြီးပေးတာ အကောင်းဆုံးပဲလို့ ထင်တာပဲ"

"ဒါဖြင့် သူ့စာအုပ်ထဲက မှတ်စုတွေ မြန်မြန်ပြီးအောင် ကူးယူဗျာ"

"ဒါက ကိစ္စမရှိပါဘူးဗျာ။ ဘယ်သူ့ဆီကဖြစ်ဖြစ် တောင်းယူရင် ရနိုင်ပါတယ်။ ဒီစာကိုသာ သူ့လက်ထဲကို မြန်မြန်ဆန်ဆန်ရောက်အောင် လုပ်ဖို့ပဲ" ဟု သိန်းဖေက အကြံပေးသည့်အတိုင်း အားလုံးသဘောတူညီကာ နောက်တစ်နေ့တွင်ပေးရန် ဆုံးဖြတ်လိုက်ကြလေ၏။

နောက်တစ်နေ့တွင် ကျော်ဝင်းသည် ထမင်းစားပြီးနောက် ကျောင်းသို့သွားမည်အပြုတွင် မြို့ထဲမှ မိတ်ဆွေတစ်ယောက် ရောက်လာလေ၏။

"ဟာ. . . ကိုထွန်းမြတ်၊ ဘယ်ကများ စိတ်လည်ပြီး လာတာလဲ"

"ခင်ဗျားဆီ တမင်သက်သက် လာတာပဲ"

www.burmeseclassic.com

"ဘာကိစ္စများတုံး၊ လင်းစမ်းပါဦး"

"အထူးမေးနေရသေးသလား၊ အကော်တစ်ကောင် တွေ့နေလို့" ဟု ပြော လိုက်လျှင် ကျော်ဝင်း၏မျက်နှာမှာ အလင်းရောင်တက်၍လာလေ၏။ ထွန်းမြတ်သည် တား မြင်းသမား ဖြစ်သည့်အလျောက် မြင်းပွဲတွင် တွေ့ဖူးရာမှ အသိမိတ်ဆွေဖြစ်ခဲ့သူ တစ်ယောက် ဖြစ်ပေသည်။

"ဟုတ်မှလည်း လုပ်စမ်းပါဗျာ။ နေရာမကျဘဲရှိမှဖြင့် ကျောင်းလခတောင် မပေးနိုင်ဘဲ ဆပ်စပင်းရှင်း အထိခံနေရဦးမယ်"

"သေချာလို့ ပြောတာပေါ့ဗျ။ ခင်ဗျားရှုံးလို့ ကျွန်တော် ဘာမှအကျိုးရှိမှာလဲ၊ ကျွန်တော် လုပ်မလားဗျ"

"ဘယ်တော့လဲ၊ အခုတစ်ပတ် ပြေးမှာလား"

"ခုအပတ် မဟုတ်သေးဘူး။ နောက်အပတ် ပြေးမှာ၊ အင်ထရီ သွင်းပြီးပြီ၊ အနိုင်စီးမှာပဲတဲ့"

"ဘာအကောင်လဲဗျ"

"သိန်းသိန်းဝင်းဗျ၊ မောင်ကောက် စီးရင်တော့ အနိုင်သေချာပေါက်ပဲ။ ဖေး ဘရိတ် မဖြစ်ရင်တော့ ရှစ်လေး ဆယ့်နှစ်လေးလောက်ရမှာပဲ။ တစ်ဇောင်းထဲက နှစ်ကောင်၊ သုံးကောင် သွင်းထားတယ်။ ထရိန်နာလုပ်တဲ့လူနဲ့ တွေ့ပြီးပြီ။ ဒီမြင်း နိုင်လိမ့် မယ်လို့ ပြောတာပဲ။ အဲဒါ နောက်အပတ်ကိုအမိ ငွေများများရအောင် ရှာပေတော့"

"အချိန်လည်း လိုပါသေးတယ်ဗျာ။ ဟင်းဒီကက် ထွက်တော့ကြည့်ပါဦး"

"ကျွန်တော် ပြောရင် ယုံစမ်းပါဗျာ။ ခင်ဗျား စိတ်မကျေနပ်ရင် ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ သွားပြီးစုံစမ်းရအောင်။ ဘယ်ကျော်ကီ စီးမယ်ဆိုတာလည်း သိချင်သိရမှာပဲ၊ အခု ခင်ဗျား သေချာရင် ငွေရှာဖို့လိုတာပဲ။ ဟိုနေ့ကျရင် ငွေမရှိမှာစိုးလို့ စောစောက လာပြီး ပြောထားနှင့်တာ။ လာပါ၊ လိုက်ခဲ့ပါ" ဟု ခေါ်သောကြောင့် ကျော်ဝင်းမှာ မြို့ထဲသို့သွားဖို့ရန် ဖြစ်ပေါ်လာလေ၏။

ထိုအခိုက် သိန်းဖေ ရောက်လာကာ "ဟေ့လူလာ ကျောင်းတက်မယ်" ဟု ခေါ်သည်ကို တွေ့ရသဖြင့်. . .

"ဟာ. . . အဆင်သင့်ပဲ ကိုသိန်းဖေ၊ ကျွန်တော် မြို့ထဲကိုသွားစရာရှိလို့မသန်းမြင့် စာအုပ်ကို ခင်ဗျား တစ်ဆိတ်လောက် ယူသွားပြီး ပေးလိုက်စမ်းပါ။ ဒီအထဲမှာ ဟိုဟာ ပါတယ်၊ ထွက်ပြီးတော့ မကျပါစေနဲ့၊ ဘယ်သူ့ကိုမှလည်း တစ်ဆင့်မလွှဲပါနဲ့။ စိတ်မချ ရဘဲ ဖြစ်နေပါ့မယ်"

"နို့. . . ခင်ဗျားနံပါတ် ထူးဖို့ကော ဘယ့်နှယ်လုပ်မလဲ"

"ဒါကိုတော့ ဖက်တီးစိန်မောင်ကို အထူးခိုင်းပါ၊ စာအုပ်ကိုတော့ သူများ မပေးပါနဲ့ဗျာ၊ ခင်ဗျားကိုယ်တိုင် မသန်းမြင့်ကို တွေ့မှပေးပါ" ဟု သေချာစွာမှာ၍

www.burmeseclassic.com

စာအုပ်ကို ပေးလိုက်လေ၏။ မိမိလည်း အဝတ်အစားလဲကာ ထွန်းမြတ်နဲ့အတူ မြို့ထဲသို့ ထွက်သွားလေ၏။

သိန်းဖေသည် ကျောင်းသို့သွားရင်း လက်ဖက်ရည်ဆိုင်တွင် ဖက်တီးစိန်မောင်နှင့်တွေ့၍ ၎င်းအား ကျော်ဝင်းအစား နံပါတ်ထုးပေးရန် မှာခဲ့ပြီး ကျောင်းသို့ ထွက်သွားလေ၏။ အဆင်သင့်ပင် မိန်းကလေးများ စုဝေးရာ ခန်းမနားတွင် မသန်းမြင့်ကို တွေ့ရလေ၏။

"မသန်းမြင့် ဆိုတာလား"

"ဟုတ်ပါတယ်"

သိန်းဖေသည် စာအုပ်ကိုထုတ်၍ "ကိုကျော်ဝင်းက ပေးလိုက်တယ်။ သူ့ဆွေမျိုးတွေ ရောက်လာလို့ မြို့ထဲကို လိုက်သွားရတာနဲ့ ဒီစာအုပ်ကို ကျွန်တော့်ကို ပေးခိုင်းလိုက်တယ်" ဟုပြောကာ စာအုပ်ကို ပေးလိုက်ရာ မသန်းမြင့်က "ကျေးဇူးတင်ပါတယ်" ဟုဆိုရင်း စာအုပ်ကို လှမ်းယူလိုက်ပြီး "ရှင့်နာမည် မသိရဘူးလား"

"သိန်းဖေတဲ့။ ကိုကျော်ဝင်းနဲ့ ညီအစ်ကိုလို သိပ်ပြီးချစ်ကြတာပဲ။ ပုဂံဆောင်မှာ အတူတူနေကြတာပဲ"

"ဖရက်ရှာ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး၊ စီနီယာမင်းပါပဲ"

"ဒီလိုအသိဖြစ်ရတာ ဝမ်းသာပါတယ်ရှင်" ဟု ပြောသဖြင့် သိန်းဖေကလည်း "ကျွန်တော်လည်း အများကြီးပဲ ဝမ်းသာပါတယ်၊ သွားပါဦးမယ်" ဟုဆို၍ ထွက်သွားလေ၏။

စာအုပ်ထဲတွင် စာပါ၍လာသည်ကို ညဥ့်စာဖတ်ချိန်သို့ရောက်မှ မသန်းမြင့်သည် တွေ့ရှိရလေ၏။ မသန်းမြင့်သည် စာကြည့်ရန် လောဂျစ်မှတ်စုစာအုပ်ကို ဖွင့်လိုက်ရာ စာအုပ်ထဲမှ စာတစ်စောင် စားပွဲအောက်သို့ ကျသွားသည်ကို တွေ့ရလေ၏။ ထိုသို့တွေ့လိုက်ရသော်လည်း ကျော်ဝင်း စာညှပ်၍ပေးသည်ဟု မထင်ဘဲ မိမိ သိမ်းဆည်းထားသော စာပင်ဖြစ်မည်ဟု သာမည မှတ်ယူခြင်းဖြင့် ကောက်ယူလိုက်ရာ စာရွက်များ ထူထပ်လှသည်ကို တွေ့ရှိသဖြင့် ထူးခြား သိလိုသောစိတ်များ ပေါ်ပေါက်လာကာ ဖြေ၍ကြည့်လိုက်ရာ စာရွက်ထိပ်တွင် ပုဂံကျောင်းဆောင် အမှတ်အသားပုံနှိပ်ထားသည်ကို တွေ့ရှိသဖြင့် အံ့အားသင့်၍သွားလေ၏။

ရေးထားသော စာအစကို ဖတ်လိုက်သောအခါ မသန်းမြင့်၏မျက်နှာတွင် သွေးရောင်လျှမ်း၍ နီမြန်းလျက်ရှိသွားလေ၏။ စာရွက်ကို ကိုင်ထားသော လက်နှစ်ဖက်သည် တုန်တုန်ရင်ရင် ဖြစ်၍နေလေ၏။ ရင်တွင်းမှာမူကား တဒိတ်ဒိတ်ခုန်၍နေသတော့၏။ ၎င်း၏မျက်နှာ အမူအယာကား ဝမ်းသာသလို၊ ရှက်သလိုလို ပြုံးလျက် တစ်ခါတစ်ရံ လွမ်းဆွေး၍သွားသကဲ့သို့ ထင်မြင်လာ၏။ စာဖတ်ရင်း မိမိအား မည်သူ

www.burmeseclassic.com

www.burmeseclassic.com


များကြည့်၍နေသနည်းဟု သူ့ခိုး၏မျက်လုံးမျိုးဖြင့် အနီးအပါး ပတ်ဝန်းကျင်ကို ကြည့်ပြီးမှ စာကို ဆက်လက်ဖတ်ပြန်ပြီးလျှင် ဖတ်၍ပြီးသောအခါ သက်မ,ချလိုက်လေ၏။

စာမှာကား အထူးရေးသားရန်မလို၊ ကျော်ဝင်းက မိမိအား မေတ္တာရှိဖို့ရန် အကြောင်းကို စာနှစ်ရွက်ပြည့်အောင် ချွဲချွဲပြစ်ပြစ် ဖွဲ့နွဲ့ရေးသားထားသည့်စာပင် ဖြစ်ပေ၏၊ သို့သော် ထိုစာသည်ကား မသန်းမြင့်၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်လေ၏၊ မသန်းမြင့်သည် စာကို ဖတ်ပြီးလျှင် တစ်စုံတစ်ရာကိုစိုက်၍ ငေးမောနေမိလေ၏၊ ရှေ့တွင်ဖွင့်ထားသော စာအုပ်ကို မဖတ်နိုင်၊ ဖတ်ချင်စိတ် အနည်းငယ်မျှ မဝင်စားသောကြောင့် စာအုပ်ကို ပိတ်လိုက်ပြီးလျှင် လက်တွင်းရှိစာကို ထပ်မံ၍ဖတ်ပြန်လေ၏။

သို့ဖတ်မိပြီးသောအခါ မသန်းမြင့်၏စိတ်သည် တွေဝေလေလွင့်ပြီးလျှင် တွေးတော စိတ်ကူးခြင်း တည်းဟူသော ရေစီးတွင် မြောပါနစ်မွန်းလျှက် ရှိလေတော့၏၊ အချစ်တည်းဟူသော စိတ်များသည် လှုံ့ဆော်ခြင်းတစ်စုံတစ်ရာရှိလျှင် ထကြွမြဲဖြစ်သည့်အတိုင်း မသန်းမြင့်၏ကိုယ်တွင်း၌ ကိန်းအောင်းလျှက်ရှိသော အချစ်စိတ်များသည် ပြုံ၍ထလေ၏။

ယခင် ကျော်ဝင်းထံမှ ပထမစာကို ရစဉ်က မသန်းမြင့်သည် ဒေါသဖြစ်မိ၏၊ ထိုဒေါသနှင့်ယှဉ်၍ ကြင်နာဂရုဏာ သက်မိလေ၏။ သို့သော် ထိုလှုပ်ရှားသောစိတ်များသည် ကာလကြာညောင်း၍လာခြင်းဖြင့် မေ့ပျောက်ကာ မီးနှင့်ဝေးသော ဖယောင်းကဲ့သို့ ပြန်၍မာတင်းခဲ့လေ၏။ ယင်းသို့ ဖြစ်နေရာမှ တစ်ဖန် ယခုထပ်မံ၍ စာရပြန်သောအခါ လှုပ်ရှားသောစိတ်များသည် ယခင်ကထက်ပို၍ ထူးခြားခြင်း ဖြစ်လေ၏၊ ယခင်တ နှံ့ထားသော ဒဏ်ရာဟောင်းကြောင့် ယခု ပို၍နဲ့လာလေ၏။ သို့ဖြစ်၍ မသန်းမြင့်၏စိတ်များသည် ကျော်ဝင်းအပေါ်တွင် ယိမ်းယိုင်တိမ်းညွတ်ခြင်း ဖြစ်ပေါ်လာလေ၏။

ကျော်ဝင်း၏ စာတွင်ပါသည့် ညှုလုံး၊ ထေ့လုံး၊ ခရာလုံး တည်းဟူသော ဗုံး၊ အမြောက်လက်နက်များသည် မသန်းမြင့်၏ နူးညံ့သော နှလုံးသားကို ထိမှန်တိုက်ခိုက်ကြလေ၏။ မသန်းမြင့်သည် ထိုလက်နက်များကို ခုခံရန်အားပြုသော်လည်း မနိုင်နိုင်အောင်ရှိကာ စိတ်ကိုတင်းထားစဉ်ခဏ၌သာ တည်တန့်၍ ချက်ချင်းပင် ညွတ်ပါသွားသည်ကို တွေ့ရလေ၏၊

သို့ဖြစ်သဖြင့် မအေးစိန်အား ထိုကိစ္စနှင့် ပတ်သက်၍ တိုင်ပင်ရန် စိတ်ကူးမိလေ၏၊ သို့စိတ်ကူးမိသည့်အတိုင်း မအေးစိန် ရှိရာသို့သွား၍ "မအေးစိန်" ဟု ခေါ်လိုက်ပြီးမှ ရှက်ကြောက်သောစိတ်များသည် အဆိပ်တက်သလို တစ်ကိုယ်လုံး မွန်ထူ၍သွားသောကြောင့်. . .

"ဘာလဲ မသန်းမြင့်" ဟု မအေးစိန်က ပြန်မေးမှ "ဝမ်းနုတ်ဆေးများ ရှိဘူးလား" ဟု လွှဲ၍ပြောလိုက်ရလေ၏။ "ဘာဖြစ်လို့လည်း နေမကောင်းဘူးလား၊ မျက်နှာတွေမသာဘူး"

www.burmeseclassic.com

 www.burmeseclassic.com 

"ဟုတ်ကဲ့၊ ခေါင်းကိုက်ချင်လို့" ဟု ပြန်၍ပြောလိုက်သဖြင့် မအေးစိန်က ကြက်ဆူဆီကို ထုတ်၍ပေးလေ၏။

ခါးသက်သက် အနံ့ဆိုးသောအရာကို အကြောင်းမဲ့ သောက်ရမည် ဖြစ်နေသဖြင့် မသန်းမြင့်မှာ ကြက်သီးထသွားလေ၏။ နောက်မှ ဆေးကို ယူထားလိုက်ပြီးလျှင် မအေးစိန် အလစ်တွင် သွန်ပစ်မည် စိတ်ကူးသော်လည်း မအေးစိန်က "ရော့. . . ရော့ အခု တစ်ခါတည်း သောက်လိုက်" ဟုဆိုကာ ဇွန်းနှင့် ထည့်၍ပေးသောကြောင့် မသန်းမြင့်မှာ မလွှဲသာဘဲ မိမိ အလုပ်မရှိ အလုပ်ရှာမိသည်ကို ရယ်လည်း ရယ်ချင်၊ ငိုလည်း ငိုချင်ဖြစ်ကာ မျက်စိမှိတ်၍ သောက်လိုက်ရလေ၏။

မသန်းမြင့်မှာ မကြံနိုင်မစည်နိုင် ဖြစ်၍နေလေတော့၏။ အချစ်စိတ်များသည်ကား စာပြန်ရန် တိုက်တွန်းကြလေ၏။ သို့ဖြစ်၍ စာတစ်စောင်ကို စ,၍ရေးကြည့်လေ၏။ ထိုသို့ရေးရင်းပင် လိပ်ပြာရှက်လှသဖြင့် တစ်ပိုင်းတစ်စနှင့် စာကို ဆုတ်ပစ်လိုက်မိလေ၏။

တစ်ဖန် ကျော်ဝင်း၏စာကို ဖတ်လိုက်ပြန်ရာ တနင်္ဂနွေနေ့ တွေ့သည့်အခါ မသန်းမြင့်၏စကားကို မျှော်ကိုးလင့်ခြင်းကြီးစွာဖြင့် မျှော်နေရတော့ပါသည်ဟု ဖတ်ရှုရပြန်ခြင်းဖြင့် တိုတိုကလေးပဲဖြစ်ဖြစ်၊ မိမိစိတ်တွင် ရှိသည်ကို ရေးမည်လုပ်ပြီးမှ ထိုစာကို အမှိုက်ခြင်းထဲသို့ ချပြန်လေ၏။

မသန်းမြင့်မှာ မချိနိုင် မချနိုင်ဖြစ်ကာ၊ တမှိုင်မှိုင် တဝေဝေနှင့် ငေးမိရာငေး စိုက်မိ စိုက်ရာနေလျက် အချစ်မှိုင်းသင့်၍နေလေတော့၏။ အိမ်ပြန်သောအခါ၌လည်း ကျော်ဝင်းအား တွေးမိလျှက် ၎င်း၏မျက်နှာကို ထင်ယောင်မြင်ယောင်ရှိကာ မအိပ်နိုင်ဖြစ်သဖြင့် မျက်စိကျယ်၍နေလေ၏။ ကျော်ဝင်း၏စာအတိုင်း ၎င်း၏မျက်နှာသည် ညှိုးငယ်စွာနှင့် ဟိုထောင့်က ကြည့်နေသလိုလို၊ သည်ထောင့်က ကြည့်နေသလိုလို မြင်၍နေလေ၏။ သို့ဖြစ်၍ မျက်စိ မှိတ်ထားလိုက်သောအခါ၊ အခြားမည်သည့်အရာဝတ္ထုမျှ မမြင်ရတော့သည့်အလျောက် ကျော်ဝင်း၏မျက်နှာမှာ ပို၍ထင်ရှားစွာ ထင်မြင်လာသဖြင့် မျက်စိမှိတ်ကာမှ သာ၍ဆိုးနေလေတော့၏။

နောက်တစ်နေ့သို့ ရောက်သောအခါ ကျောင်းသို့ မတက်ချင်သလိုလိုဖြစ်၍၊ ကျော်ဝင်းနှင့် တွေ့ရမည်ကိုပင် အရှက်လွန်၍နေလေတော့၏။ အချစ်နှင့် ပတ်သက်၍ ရှက်ခြင်းသည် ငယ်ရွယ်သူတို့အဖို့၌ အလွန်ကြီးသော အရှက်ကြီးသဖွယ် ရှိလေ၏။ မရှက်ဘူး ဆိုပြန်လျှင်လည်း ထိုမျှလောက် အရှက်ကင်းမဲ့ခြင်းသည်ကား မရှိတော့ပြီဖြစ်ချေ၏။ မသန်းမြင့်ကား အချစ်ကြီးသလောက် အရှက်ကြီး၍နေသဖြင့် ကျော်ဝင်းနှင့် မတွေ့အောင် ကျောင်းပြေးဖို့ရန်မှာ အင်းလျားဆောင်တွင် ကျောင်းပြေးသူတွေ အစောင့်ဖမ်းနေသဖြင့် ပြေး၍မဖြစ်နိုင်သည်ကို တွေ့ရလေ၏။

ထိုကြောင့် ကျောင်းသို့ရောက်သောအခါ ကျော်ဝင်းနှင့် ရင်ဆိုင်မတွေ့၊

www.burmeseclassic.com

www.burmeseclassic.com


မျက်နှာချင်း မဆုံမိအောင် ကြံဖန်ရလေ၏။ သွားသည့်လာသည့်အခါ တစ်ယောက်တည်းမသွား၊ အခြားမိန်းမဖော်ကလေးများကို အနားမှ မခွာစေသည့်အပြင် အတန်းဆင်းသည့်အခါ မိန်းကလေးများအကြားတွင်ဝင်၍ တစ်နေရာမှ တစ်နေရာသို့ မကပ်နိုင်ဘဲ ရှိနေလေတော့၏။

ယင်းသို့သော ထူးခြားသောအချက်များကို ကျော်ဝင်း သိရှိသောအခါ၊ ငါ့ကို မချစ်လို့ ရှောင်တာလား၊ ရှက်နေ၍ ရှောင်တာလားဟု အစဉ်းစားရခက်သည့်အလျောက် မိတ်ဆွေများအား တိုင်ပင်ရာ သိန်းဖေက. . .

"ရှက်လို့နဲ့တူပါတယ်ဗျာ၊ ဣန္ဒြေရှင်မိန်းကလေးပဲ၊ ဒါမျိုးနဲ့ ပတ်သက်တော့ နည်းနည်းမဟုတ်ဘူး များများကြီး ရှက်တတ်တာပဲ။ ကျွန်တော် ဆယ်တန်းတုန်းက ဒါမျိုးနဲ့ တစ်ခါတွေ့ဖူးတယ်။ ကောင်မလေးက ခြောက်တန်း၊ တစ်ကျောင်းလုံးမှာ အချောဆုံးပဲ။ တစ်ကျောင်းလုံးတွင်မကဘူး တစ်မြို့လုံးပဲ ဆိုပါတော့။ တစ်ယောက်နဲ့ တစ်ယောက်ဟာ သိပ်ပြီးခင်မင်နေကြတာ။ အပြင်ဘန်းကတော့ဖြင့် ရိုးရိုးပေါ့လေ၊ အတွင်းစိတ်မှာတော့ ကြိတ်ပြီး ဖြစ်နေကြတာကလားဗျ။ သူကလည်း မပြောရဲ၊ ကျွန်တော်ကလည်း မစ,ရဲ၊ နောက်တော့ ကျွန်တော့်စိတ်ထဲမှာ သိပ်ပြီးချစ်လာတော့ စာတစ်စောင် ပေးလိုက်တယ်။ ကောင်မလေးက ရိုးရိုးလို အခြေအနေထားပြီး အကျွမ်းတဝင် ခင်မင်နေကြရာက ဆန်းဆန်းချစ်ပါတယ်လို့ စာပြန်ရမှာ ရှက်လို့ မပြန်ဘူး။ ကျွန်တော်ကလည်း ဒီကိစ္စမျိုးမှာ ဒီတစ်ခါ ကြုံဖူးပြီး အရိုင်းသက်သက် ဖြစ်နေလေတော့ သူချက်ချင်း စာမပြန်တာဟာ ငါ့ကို မကြိုက်လို့ အောက်မေ့ပြီး စိတ်ပျက်မိတဲ့အတွက် အခုတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရမှာ သိပ်ရှက်နေတာပေါ့ဗျာ။ ကျွန်တော် စိတ်လျှော့လိုက်တာ သိပ်မှားတာပဲ။ မိန်းကလေးဆိုတာ တကယ်ချစ်လို့ပဲ ချက်ချင်းစာပြန်လိုက်ဦး၊ သိပ်ပြီးအညှာလွယ်တယ်လို့ အထင်ခံရမှာစိုးသေးတာပေါ့၊ သူလည်း နောက်ထပ်စာအပေးကို စောင့်နေတာနဲ့ တူပါတယ်။ အဲဒါကို ဟိုတုန်းက အကြောင်းမသိဘဲ စိတ်ပျက်လွယ်တာနဲ့ အခုတော့ ဆွေးဗျာထုကြွယ်နေရတော့တာပေါ့"

"အမယ်. . . ကျွန်တော်က ခင်ဗျား ရယ်စရာလုပ်မလို့လား အောက်မေ့တယ်။ ကိုယ့်လူက အတည်ပဲကိုး" ဟု ဘဦးက ပြောလေ၏။

"ကိုယ် တကယ်ဆွေးရတဲ့ဟာပဲ၊ ဘယ်ရယ်စရာ လုပ်နိုင်ပါ့မလဲ။ ဒါကြောင့် ကိုကျော်ဝင်းလည်း ခင်ဗျား ဘာမှ စိတ်မပျက်နဲ့။ တစ်ခါစာပေးတယ်၊ မပြန်ဘူးနော်၊ နောက်တစ်ခါထပ်ပေး၊ ဒါကို မပြန်ဘူးနော်၊ ထပ်ကြိတ်လိုက်ဦး၊ တစ်နေ့ကျရင် မချစ်ရင်လည်း မချစ်ဘူး၊ ချစ်တယ်ဆိုရင်လည်း ကိုယ်လိုတာ ရတာပဲ မဟုတ်လား။ မချစ်ဘူးဆိုရင်လည်း အကြောင်းသိရော မဟုတ်လား။ ကိုယ့်မှမချစ်တာ လွမ်းနေဖို့ မဟုတ်တော့ဘူး"

www.burmeseclassic.com



"ဒါကြောင့် တနင်္ဂနွေနေ့အထိ စောင့်ဦး။ ဘာမှအကြောင်းမထူးရင် ထပ်ရေးသေးတာပေါ့"

သို့နှင့် အလွန်စောင့်စားရသော တနင်္ဂနွေနေ့သည် ရောက်ရှိ၍လာလေ၏။ ကျော်ဝင်းသည် အင်းလျားဆောင်သို့ သွားရောက်ရမည့်အချိန်ကိုသာ စောင့်ရလေတော့၏။ အချိန်ကို စောင့်စားရခြင်းသည်ကား အလွန်ကြီးမားလှသော တာဝန်ပေတည်း။

"ကိုဘဦး အဝတ်မလဲသေးဘူးလား၊ လုပ်ပါဗျ။ ခင်ဗျားတို့လည်း လိုက်ခဲ့ပါ"

"တယ်ပြီး လောလှချည်လားဗျ။ စောပါသေးတယ်"

"ခင်ဗျားက စောတယ်ထင်ပေမယ့် ကျွန်တော့်စိတ်ထဲမှာ မစောတော့ဘူးဗျ၊ တွေချင်လှပြီ" ဟု ပြောလိုက်စဉ် သိန်းဖေက ဝင်၍လာလေ၏။

သိန်းဖေကား အဝတ်အစား မလဲစဖူး ထူးကဲသစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်၍လာသဖြင့် ဘဦးတွင် အထူးသဘောကျကာ အဝတ်အစား အရောင်တောက်ပြောင်လာသဖြင့် မျက်စိကျိန်းသည့်ဟန်လုပ်ပြီးလျှင် "အလို ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနဲ့ ဘယ်ပြာတာ ဘယ်သူခိုးရယ်လို့ အမျိုးကို မိန့်စမ်းပါဦး"

သိန်းဖေသည် မင်းသားဟန် ခါးပုံစကိုဆွဲ၍ ကိုယ်ကို ရစ်ပတ်လိုက်ပြီး ဆတ်ကနဲ ခေါင်းကလေးထိုးကာ "မောင်မောင့်မှာကားဆိုတာ အုတ်ဇေနီတောင်ကြီး စည်ထီးခရိုင် နိုင်ငံပတ်ချုပ် ခမည်းတော် နံပါတ်တုတ်နဲ့ မယ်တော်လက်ထိပ်တို့က မွေးထားတဲ့ တောက်တဲ့ မင်းသားရယ်လို့ အကြောင်းကို သိစေဗျား" ဟု ပြောသောကြောင့်. . .

"ခင်ဗျား ရှိမှပဲ ပျော်ရတယ်" ဟုပြော၍ ရယ်မိကြလေတော့၏။

"ကိုင်း. . . ကျွန်တော် သွားနှင့်မယ်၊ ခင်ဗျားတို့ အဝတ်အစား လဲထားနှင့်ပြီး အသင့်စောင့်နေကြ"

"နေပါဦးဗျာ၊ စကားလေးဘာကလေး ပြောရအောင်"

"ပြောနေကြာတယ်ဗျာ၊ တွေချင်လှပြီ"

"ကဲကဲ. . . ပြောနေကြာရှေ့မယ်၊ ပြောမနေရင် မကြာတော့တာမို့ စာတော့ကာ မဖျင်း မကြွားလိုက်ပါဘူး၊ ကိုင်း ရွာစား အင်းလျားကို ဒုန်းစိုင်းလို့ ပို့စမ်း" ဟု သိန်းဖေက စာချိုးပြီး ပါးစပ်ဆိုင်း တီးပေးသဖြင့် ကျော်ဝင်းလည်း ကျေကျေနပ်နပ်ကြီး ပြုံးရယ်ကာ ထွက်ခဲ့လေ၏။

အင်းလျားဆောင်သို့ ရောက်သောအခါ ဧည့်ခန်းနှင့် ကပ်လျက်နေသော အပ်ချုပ်၊ မီးပူတိုက်သော အခန်းကလေးတွင် ဂါဝန်တိုကလေးနှင့် မီးပူတိုက်နေသော ကျောင်းသူကလေးတစ်ယောက်ကိုတွေ့၍ ၎င်းအား မသန်းမြင့်ကို ခေါ်ပေးရန် ပြောပြီးလျှင် ဧည့်ခန်းထဲသို့သွား၍ ထိုင်စောင့်နေလေ၏။

ဧည့်ခန်းထဲတွင် မိမိကဲ့သို့သောလူများ ရှိနေသည်ကို တွေ့ရလေ၏။ [illegible]ကာစင်၊

www.burmeseclassic.com



အစ်ကို၊ ဦးလေး စသည်ဖြင့် အမျိုးစပ်၍ အပိုးဇာတ်ခင်းနေကြသူတွေ မရှားဘဲ၊ ကာစင် မဟုတ်ဘဲ အီစွတ် ဖြစ်သူများ၊ အစ်ကို မဟုတ်ဘဲ အစ်ကိုဖြစ်သူများ၊ တူမတပဲ့ ယူမှတဲ့ သည့် ဦးလေးများသည် တပြုံးပြုံး တရွှင်ရွှင်နှင့် တစ်တွဲစီ တစ်တွဲစီ စကားပြောလျှက် ရှိကြသည်ကိုကြည့်ကာ ကျော်ဝင်းမှာ ပီတိဖြစ်နေလေတော့၏။

"မသန်းမြင့်ကို ကိုကျော်ဝင်းဆိုတဲ့ လူတစ်ယောက်က တွေ့ချင်လို့တဲ့" ဟူသော စကားကို ကြားရသောအခါ မသန်းမြင့်မှာ ဝမ်းမသာမိဘဲ၊ ဘယ်လိုလုပ်ပြီး အတွေ့မခံဘဲ နေရပ့ါမလဲဟု အခက်ကြုံ၍နေလေ၏။ မိမိမှာ ဤနေ့၊ ဤရက်တွင် ကျော်ဝင်းအား မှာထားပြီးဖြစ်၏။ သို့သော် ကျော်ဝင်းနှင့်တွေ့ရမှာ မျက်နှာလည်း အထားရခက်၊ရှက် လည်းရှက် ဖြစ်နေလေ၏။ သို့ရှက်သဖြင့် အတွေ့မခံဘဲ နေလိုက်ရမှာကလည်း မိမိ စကားပျက်၍နေမည် ဖြစ်သောကြောင့် ခက်၍နေလေ၏။ သို့သော် မသန်းမြင့်မှာ စဉ်းစားရန် အချိန်များစွာ မရှိတော့သဖြင့် 'ဟယ် ဖြစ်ချင်ရာ ဖြစ်စေတော့' ဟု နှလုံး မြူကာ "ကျွန်မ နေမကောင်းဘူးလို့ ပြောလိုက်ပါ၊ ဒီနေ့ ရုပ်ရှင်မလိုက်နိုင်တော့ဘူးလို့" ဟု မှာလိုက်ပြီးမှ ကျော်ဝင်းအား တွေ့ချင်သေးသောစိတ်များ ရုတ်တရက် ပေါ်လာသည် အတွက် မိမိစကားကို ပြန်၍သိမ်းရန် လာ၍ပြောသော ကျောင်းသူကလေးအား ခေါ် လိုက်မည်ပြုရာ၊ ၎င်းမှာ ဆင်း၍သွားပြီ ဖြစ်သောကြောင့် လှေကားထိပ်သို့ လိုက်သော် လည်း မမှီလိုက်ဘဲ ရှိသဖြင့် လှေကားတိုင်ကိုကိုင်ရင်း တွေဝေငေးမောကာ ရင်ထဲတွင် ပူဆွေး၍သွားလေ၏။

မသန်းမြင့်၏စိတ်များမှာ ဂယောက်ဂယက်ဖြစ်ကာ အရူးပမာ ဖြစ်ပြီးလျှင် ကျောင်းရှေ့မျက်နှာ ဝရံတာသို့ ထွက်၍ကြည့်လိုက်ရာ ခေါင်းငိုက်စိုက်ချလျှက် လေးလံ ဖင့်နွဲ့သော ခြေလှမ်းများဖြင့် မသွားချင် သွားချင် ထွက်ခွာသွားသော ကျော်ဝင်းကို မြင်ရလျှင် ရင်ထဲတွင် မချိတော့ဘဲရှိကာ စိတ်နှလုံးတစ်ခါတည်း နောက်ကျို၍သွားပြီး လျှင် "ငါ ရူးပြီ၊ ငါ ရူးပြီ၊ ငါ ဘာတွေ လုပ်မိပါလိမ့်မလဲ၊ ကိုကျော်ဝင်းစိတ်တွေမွှန်ပြီး ရူးပြီ၊ ရူးပြီ၊ ငါ လုပ်မိတာ စိတ်ဆိုးပြီး မုန်းတော့မှာလား။ ငါ အခုလို လုပ်မိတာ ကိုကျော်ဝင်းမျက်နှာ ငါ မကြည့်ရဲတော့ဘူး" ဟု အသံကို ကြားနိုင်ရုံမျှ ပါးစပ်မှ တတွတ် တွတ်ပြောရင်း ငါးဖယ်ပျံနေရှာ၏။

သိန်းဖေနှင့် ဘဦးတို့မှာ မှိုင်တွေ၍ ကျောင်းပေါ်သို့ တက်လာသော ကျော် ဝင်းကို တွေ့ရလျှင် စိုးရိမ်မကင်း ပူပန်ခြင်းဖြင့် ကျော်ဝင်းအားပြေး၍ ကျောကိုဖက်ကာ "ကိုကျော်ဝင်း၊ ဘာဖြစ်တာတုံး မှိုင်လှချည်လား။ ခင်ဗျား ကြည့်ရတာ စိတ်မကောင်း လိုက်တာ၊ ဘာလဲလို့ ပြောစမ်းပါဦး" ဟု ဝိုင်း၍မေးကြလေ၏။

ကျော်ဝင်းသည် ဘာမှမပြောဘဲ ခေါင်းကို ရမ်းခါရင်း အခန်းထဲသို့ဝင်ကာ ပတ်လက်ကုလားထိုင်ပေါ်သို့ ကိုယ်ကိုပစ်လှဲ၍ချလိုက်လေ၏။

"ဘာများလဲ မသိဘူးဗျာ၊ ခက်လိုက်ပါဘိတော့ ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"အတွေ့မခံဘူးဗျာ၊ စိတ်ညစ်တယ်" ဟုဆိုလျက် လက်မောင်းကို ခေါင်းအုံးကာ ကြမ်းကို စိုက်ကြည့် ငေးမှိုင်နေလေ၏။

"ဘယ်လို အတွေ့မခံတာတုံး၊ ရှင်းအောင်ပြောစမ်းပါဦး"

"နေမကောင်းဘူးလို့ ပြောလိုက်တယ်ဗျာ" ခဏကလေးမှဆင်းပြီး မတွေ့ဘူး။ နေမကောင်းဘူးဆိုတာ လိမ်တာဗျ။ တမင်မတွေ့ချင်လို့"

သိန်းဖေနှင့် ဘဦးတို့သည် ဘာမှမမေးဘဲ တွေ၍စဉ်းစားခန်း ထုတ်ကြလေ၏။ ကျော်ဝင်းမှာကား ဆို့၍လာကာ၊ မျက်ရည်များ တွေ၍လာလေ၏။ နောက်မှ သိန်းဖေက သက်ပြင်းရှူရှိုက်ကာ "လိမ်တာတော့ ဟုတ်မယ် မထင်ပါဘူးဗျ၊ လူပဲဗျာ သွေးနဲ့ကိုယ် သားနဲ့ကိုယ် မဖျားဘူး မနာဘူး ဘယ်ရှိမလဲဗျ။ ခင်ဗျားကို အသေအချာ မှာထားပြီးမှတော့ သက်သက်မဲ့ အတွေ့မခံစရာအကြောင်း မရှိပါဘူး"

ကျော်ဝင်းက "နေမကောင်းဘူးဆိုရင် ဆစ်ရှမ်း (သူနာခန်း) ထဲ ရှိရမှာပေါ့ဗျာ။ အခုတော့ သူ့အခန်းထဲသူ နေတာပဲ" ဟု ဆိုသဖြင့်. . .

ဘဦးက "အော်. . . နည်းနည်းလောက် နေမကောင်းလို့နဲ့ တူပါတယ်ဗျာ"

"နည်းနည်းလောက်ဆိုရင် လာပြီးခဏကလေး မတွေ့နိုင်ဘူးတဲ့လားလို့။ အခုတော့"

"ကိုယ့်မချစ်တာ လွမ်းနေဖို့ မဟုတ်တော့ဘူး။ ဒါကြောင့် အမြင်မှမခံဘဲနဲ့ဟာ" ဟု ပြောလိုက်သောကြောင့် သိန်းဖေတို့မှာ ဆင်ခြေကန်လုံး ရှာမရဘဲ ငြိမ်၍သွားကြလေ၏။

အတန်ကြာမှ သိန်းဖေက "စိတ်ညစ်ဖို့ တွေးနေရင် စိတ်ညစ်စရာတွေချည်း တွေ့ရမှာပဲ၊ အလကား ဘာမှစိတ်ရှုပ်မနေနဲ့၊ သူက ခင်ဗျားကို မကြိုက်လို့ မတွေ့ဘူးဖြစ်တယ်ပဲ ထားပါတော့၊ သူမှ မကြိုက်တာ ကိုယ်ကကော ဘာလို့ ဒီစိတ်ထားနေတော့မလဲဗျ။ ဂျင်းစိမ်းနဲ့မိဿလင် သူကြင်ရင် ငါကြင်မပေါ့ဗျ"

"ချစ်တာနေဘ်၊ ချစ်တာ၊ ခင်ဗျား မသိဘူးနေဘ် ကိုသိန်းဖေ၊ ကျွန်တော့်လို ခံစားရဖူးမှ ခင်ဗျားသိမယ်။ ကျွန်တော့်မှာ မချိတော့ဘူးဗျ၊ မချိဘူး"

ယင်းသို့ ကျော်ဝင်း ပြောလိုက်သည့်စကားများကို ကြားရလျှင် မိတ်ဆွေနှစ်ဦး၏မျက်နှာမှာ မသက်သာသော အရိပ်အရောင်ပေါ်တွင် သနားကြင်နာခြင်း ထင်ရှားစွာ ပေါ်ပေါက်လာလေ၏။

"ဩော်. . . ကိုကျော်ဝင်းတစ်ယောက်လည်း သိပ်ခက်နေတော့တာပဲဗျာ။ ပူစရာ မဟုတ်တာ ကြံဖန်ပြီး ပူနေပြန်ပါပြီ။ ခင်ဗျားကို မကြိုက်နိုင်ပါဘူးလို့ ပြောတာမှ မဟုတ်ဘဲနဲ့ဗျာ။ ဘာစိတ်ညစ်ရတာတုံး။ လာပါဗျာ၊ မြို့ထဲသွားမယ်၊ ပျော်ပျော်ရွှင်ရွှင်ရှိအောင် ရုပ်ရှင်ကလေး ဘာကလေး ကြည့်တာပေါ့ဗျာ"

"တော်ပြီဗျာ၊ ကြည့်ချင်တဲ့စိတ်လည်း မရှိတော့ပါဘူး၊ ခင်ဗျားတို့ချည်း သွား

www.burmeseclassic.com

www.burmeseclassic.com

ကြတော့"

"ကိုယ့်လူကလည်း တယ်ပြီးခက်နေမှကိုး‌ဗျ။ ဝတ်ရစားရတာတွေ အလကား ဖြစ်ရောပေါ့ဗျ။ မဖြစ်ဘူး၊ မဖြစ်ဘူး လိုက်ခဲ့ရမယ်။ ခင်ဗျား မလိုက်ရင် မသွားဘူး" ဟု သိန်းဖေကပြော၍ ဘဦးကို အတင်းခေါ်ရန် မျက်စပစ်လိုက်ရာ ဘဦးကလည်း အတင်းခေါ်မှ ကျော်ဝင်းလည်း ငှင်းဆွဲငင်ရာသို့ ပါလာလေ၏။

မြို့ထဲရောက်ကြ၍ ရုပ်ရှင်ရုံသို့ မသွားသေးမီ ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း 'ဘား' ခေါ် အရက်ဆိုင်တစ်ဆိုင်နားသို့ ရောက်ကြသောအခါ ကျော်ဝင်းက "စိတ်ထဲမှာ မပျော်ဘူးဗျာ၊ ဒီထဲဝင်ပြီး ဝမ်းပက်လောက် ချလိုက်ကြဦးစို့" ဟု ပြောသဖြင့် "ဟာ ဒါတွေ မလုပ်စမ်းပါနဲ့ဗျာ ရုပ်ရှင်ကြည့်ဦးမှာနဲ့ ဒါနဲ့ မဖြစ်ဘူး၊ မလုပ်ပါနဲ့"

"တစ်ယောက် ဝမ်းပက်စီလောက် ချတာပဲဗျာ၊ များတာလိုက်လို့"

သိန်းဖေကမူ ထိုအာဟာရကို မကြိုက်၍လားမသိ၊ ဘာမျှဝင်၍မပြောဘဲ ကျော်ဝင်းနှင့် ဘဦးတို့ မည်သူနိုင်မည်ကို စောင့်စားကာ ဆိုင်ထဲသို့ မကြာခဏ လှမ်းကြည့်မိလေ၏။

"နေဗျာ၊ ခင်ဗျားတို့ မလုပ်ချင် နေကြ။ ကျွန်တော့်ဘာသာ ကျွန်တော် လုပ်မယ်။ ဒါကိုတော့ တားလို့မရတော့ဘူး။ ဒါမရှိရင် စိတ်ညစ်ပြီး သေမှာ" ဟုဆိုကာ ဆိုင်ထဲသို့ ဝင်လေရာ သိန်းဖေလည်း နောက်မှမဆိုင်းဘဲ ဝင်၍လိုက်သွားသောကြောင့် ဘဦးလည်း လိုက်ပါရလေတော့၏။

'ဝမ်းပက်' ဟု ဆိုသော်လည်း ဆိုင်ထဲသို့ရောက်၍ သောက်ကြသောအခါ ဂျာမဏီ ဝမ်းပက်မျိုးဖြင့် အရမ်းနှက်၍ ဇရက်မင်းစည်းစိမ်ကို တရှိန်ရှိန် ခံစားနေကြပြီးမှ ဘဦးက နာရီကိုကြည့်ကာ "ဟော့လူတွေ လွန်ကုန်လိမ့်မယ် တော်ကြဦး။ သုံးနာရီတောင် ခွဲကာနီးနေပြီ။ ထကြဗျာ" ဟုဆိုကာ ၎င်းကိုယ်တိုင် စ,၍ထမှ ကျော်ဝင်းနှင့် သိန်းဖေတို့သည် မထချင် ထချင်နှင့် ထကြလေ၏။ ဘဦးမှာမူကား များစွာမသောက်သဖြင့် အဖော်ရရုံမျှသာ သောက်ခြင်းကြောင့် ကြွေကြောင်းစွာဆည်နိုင်လျက် ၎င်းတို့အား ကြည့်၍ ခေါ်ရလေတော့၏။

သုံးဦးသား ရထားစီး၍ ရုပ်ရှင်ရုံရှေ့သို့ရောက်ကာ ရထားပေါ်မှ ဆင်းမည် အပြုတွင် ရုပ်ရှင်ရုံရှေ့တွင် ထူးခြားသော အခြင်းအရာကို တွေ့မြင်ကြရသဖြင့် ရထားပေါ်မှ မဆင်းနိုင်ကြသေးဘဲ ကြက်သေ,သေ၍ ငေးကြည့်မိကြလေ၏။

လက်မှတ်ရုံနားတွင် မသန်းမြင့်၊ မအေးစိန်နှင့် အခြားမိန်းကလေးနှစ်ယောက် အပြင် နည်းပြဆရာကျူတာပေါက်စကလေးတစ်ယောက်ကို တွေ့မြင်ကြရလေ၏။ ကျော်ဝင်းသည် ထိုကျူတာပေါက်စကို အင်းလျားဆောင် ဧည့်ခန်းထဲတွင် တွေ့မြင်ခဲ့ရသည်ကို သေချာစွာ မှတ်မိလေ၏။ ထိုသို့ မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကျော်ဝင်းမှာ မူးဝေတိမ်းစောင်းသွားလုမတတ် ရင်ထဲတွင် ဆို့၍သွားလေ၏။ ဘဦးနှင့် သိန်းဖေတို့

www.burmeseclassic.com

မှာမူကား စဉ်းစားရ ခက်နေကြ၏။

ကျော်ဝင်းမှာ မူးဝေနေသဖြင့် မူးသောသူတို့မှာ ပျော်ချင်လျှင် အရမ်းပဲပျော်၍၊ လွမ်းစရာရှိလျှင် သူများထက်ပို၍ လွမ်းတတ်သောကြောင့် မသန်းမြင့်အား စိုက်၍ ကြည့်ပြီး မျက်ရည်တွေကျရာက တစ်စုံတစ်ရာ ဟစ်အော်မည် ပြုလိုက်သည်ကို ဘဦး တွေ့သဖြင့် အတင်းပါးစပ်ကိုပိတ်၍ ထားလိုက်ရလေ၏။ ကျော်ဝင်းမှာ ပါးစပ်ပိတ်ထား ခြင်းကြောင့် အော်ပါသော်လည်း ဝူးဝူးဝါးဝါး ဖြစ်နေလျက် အတင်းရုန်းလေရာ ဘဦးက "ကိုကျော်ဝင်း သတိထားစမ်းဗျာ။ သတိထားပါ။ လူတွေအများကြီးနဲ့ အားလုံးအရှက်ကွဲ ကုန်လိမ့်မယ်။ ဖြစ်စရာရှိတောင် မူးလို့ဖြစ်တယ် ပြောကြရင် သာပြီးဆိုးလိမ့်မယ်ဗျ" ဟုပြောကာ ကျော်ဝင်းအား အတင်းဆွဲထားပြီးလျှင် "မဆင်းရဘူး၊ မဆင်းရဘူး။ ခင်ဗျား ကျုပ်တို့ပါ ဒုက္ခရောက်တာ ကြည့်နိုင်သလား"

သိန်းဖေသည် ဝင်၍ကူညီဆွဲဖက်ကာ ရထားကုလားအား "ဟော့ ဂါရီဝါလား မဒ်ထရိုး ဂွမ်းမေကျောင်း၊ ဂျလ်တီး" ဟု အမိန့်ပေးလိုက်သဖြင့် ကုလားလည်း လှည့်၍ မောင်းသွားရာမှ ကျော်ဝင်းလည်း ဘဦးရင်ခွင်တွင် မိမိကိုယ်ကို ပစ်လှဲချလိုက်ကာ "ခင်ဗျားတို့ ကြည့်ရက်ကြသေးရဲ့လားဗျ၊ ရက်စက်လှချည့်ရဲ့ မသန်းမြင့်ရယ်" ဟုဆိုကာ မျက်ရည်ကို သုတ်လေရာ "တိုးတိုးလုပ်စမ်းပါဗျာ၊ တိုးတိုး. . . လူများတွေ ကြားကုန်ရင် သိပ်ရှက်စရာကြီး" ဟုပြောပြီး ပါးစပ်ကို ပိတ်ကြရပြန်လေ၏။ ကျော်ဝင်းသည် မိမိ ပါးစပ်ကိုပိတ်ထားသော လက်များအား ဆွဲ၍ဖယ်ပြီးလျှင် ကိုယ်ကိုပြန်၍ ထူထောင်ကာ ထိုင်လျက် "ကျွန်တော် သေဖို့ပဲ ကောင်းတော့တယ် ကိုဘဦးရဲ့။ အမယ်လေး ကိုသိန်း ဖေ ခင်ဗျား ကျွန်တော့်ကို ကြည့်နေတော့မလား၊ ဘယ့်နှယ်လုပ်ရမလဲဗျ။ ခက်လှချည် ရဲ့။ ကျွန်တော့်အသည်းတွေ ကွဲကုန်ပြီ။ ကွဲကုန်ပြီဗျ၊ ရက်စက်ပါပေရဲ့။ ကျုပ်တာကိုမှန်းတဲ့ မသန်းမြင့်ရယ်၊ သူက ကျုတာကို မှန်းတာကိုးဗျ။ ကျွန်တော့်လို အကောင်မျိုးကို မမှန်း ဘူး။ တကယ်ဆိုရင် မကြိုက်ရင်လည်း မကြိုက်ဘူး ပြောပါတော့လား။ အခုတော့ တနင်္ဂနွေနေ့ လာခဲ့ပါလို့ အတည်ခေါ်ပြီး တမင်သက်သက် အရှက်ခွဲတာဗျ။ အရှက်ခွဲ တာ။ ဒါလားဗျာ နေမကောင်းဘူးလို့ဆိုတာ။ နေမကောင်းတဲ့လူ ရုပ်ရှင်လာပြီးကြည့် ရသလား"

သိန်းဖေမှာ ပျော်ရွှင်တတ်သူ ဖြစ်သည့်အလျောက် ပျော်ရွှင်စရာလောက်သာ ပြောတတ်သူ ဖြစ်လေရာ မိမိမျက်စိရှေ့မှောက်တွင် စိတ်ညစ်ညူးဖွယ်ရာကြီးကို တွေ့ရ လျှင် အနေခက်လျက် ငြိမ်၍သာ ကြည့်နေရလေတော့၏။

ဘဦးသာလျှင် ကျော်ဝင်းအား ဖျောင်းဖျပြောဆိုနိုင်မည့်သူရှိကာ "ကိုကျော် ဝင်း ကျွန်တော်ပြောမယ့် စကားလည်း နားထောင်စမ်းပါဦး။ စိတ်ညစ်ညစ်နဲ့ သိပ်ပြီး တော့ အရမ်းလွှတ်ဝမ်းမနည်းမနေစမ်းပါနဲ့။ ခင်ဗျား ယောက်ျား မဟုတ်ဘူးလား။ ဒါလောက်ကလေးဟာကိုမှ စိတ်မထိန်းနိုင်ဘူးလား။ အခုတွေ့ရတာဟာ ဝမ်းနည်းမယ်

www.burmeseclassic.com

ဆိုလည်း တကယ်ပဲ ဝမ်းနည်းဖို့ကောင်းတဲ့ဟာပါပဲ။ နို့ပေတဲ့ သူ့မှ မေတ္တာမရှိဘဲ။ ကိုယ်ဘာလို့ လွမ်းနေစရာ ရှိသလဲ။ ဘာမှ ရှက်စရာအလုပ်လည်း မဟုတ်ဘူး၊ ငါ့နဖူးစာ မရှိပါကလားလို့ ကိုယ့်စိတ်ကိုယ် ဖြေဖို့ပဲရှိတယ်။ နို့ပြီး မိန်းမရှားတာ မဟုတ်ပါဘူး၊ သူတစ်ယောက်မှပဲ မိန်းမ ဖြစ်ရောလား" ဟု ပြော၍ စကားမဆုံးမီ. . .

"ခင်ဗျားတို့ မသိဘူးနော်။ မသိဘူး။ သူ့အပေါ်မှာ ကျွန်တော် ဘယ်လောက် ချစ်နေသလဲဆိုတာ သိနိုင်ရင် ရင်ခွဲလိုက်ချင်ပါရဲ့။ ခင်ဗျား ပြောသလို မိန်းမ မရှားဘူး ဆိုတာ ကျွန်တော် သိပါတယ်။ နို့ပေတဲ့ သူ့ကိုမှ တန်းတန်းစွဲ ကျွန်တော် ချစ်နေတဲ့ဟာ၊ ဘယ်နည်းနဲ့မှ မချစ်ပါနဲ့ဆိုလို့ ဖြစ်နိုင်ပါ့မလားဗျ"

"အေးလေ၊ ခင်ဗျား မချစ်ဘဲနေနိုင်လို့ရော အခုလို ဖြစ်နေတာကို တွေ့ရပြီ မဟုတ်လား၊ ခင်ဗျား ချစ်နေပေမယ့် မထူးပါဘူး။ စိတ်ကိုသာ ဖြတ်လိုက်ပါတော့။ စိတ်ထောင်းတော့ ကိုယ်ကျေတယ် ဆိုတာလို သက်သက်ဒုက္ခအဖြစ်မခံပါနဲ့"

"အို. . . သူ့စိတ်နဲ့ သေရင်သေပါစေဗျာ။ အခုလို ခံစားနေရတာထက်တော့ အေးတာပေါ့"

ထိုသို့ ပြောပြောဆိုဆို လာကြခြင်းဖြင့် ရထားမောင်းနှင်ရာသို့ လိုက်ပါလာကြ ကာ၊ ဘယ်ရောက်၍ ဘယ်ပေါက်နေသည်ကို မသိရ။ လမ်းကိုလည်း ဂရုစိုက်၍ မကြည့် မိ။ မိမိတို့ကိစ္စတွင် စိတ်ဝင်စားခြင်းဖြင့် လိုက်ပါလာကြခြင်းကြောင့် ရထားမောင်းသော ကုလားက ရထားအရှိန်ရပ်ကာ "ဘယ်သွားမတုံး" ဟုမေးမှ ရန်ကုန်အနောက်ပိုင်း အစွန်အဖျားသို့ ရောက်ရှိနေသည်ကို တွေ့ကြရလေ၏။

သိန်းဖေ "ကဲ. . . ဘယ်သွားမလဲ" ဟု မေးလေ၏။

"ကျောင်းကို ပြန်ဖို့ပဲကောင်းတာပဲ။ သိမ်ကြီးဈေး ပြန်မောင်းခိုင်းမှပဲ"ဟု ဘဦးက ပြောရာ ကျော်ဝင်းက. . .

"မပြန်ဘူးဗျ။ ဘာလုပ်ဖို့ ပြန်ရမလဲ။ ဒီနေ့တော့ ကျွန်တော် တစ်နေ့လုံး တစ်ညလုံး ရှိရှိသမျှ ပိုက်ဆံ မကုန်မချင်း သောက်မယ်။ ခင်ဗျားတို့ ကျွန်တော်နဲ့ လိုက်ချင်လိုက်၊ မလိုက်ချင် နေကြ။ သောက်ပြီး မူးနေရင် ဒီစိတ်တွေ ပြေမှာပဲ။ အခု စောစောက သောက်ထားတာတွေ ဘယ်ပျောက်ကုန်တယ် မသိဘူး"

"တော်ပါတော့ဗျာ။ ဒါကို မလုပ်ပါနဲ့တော့။ အားလုံးမူးကုန်ကြရင် ဒုက္ခများ ကုန်လိမ့်မယ်။ တစ်စုံတစ်ရာဖြစ်ရင် ကျောင်းလည်း နာမည်ပျက်၊ ကျွန်တော်တို့လည်း ခွေးဖြစ်။ ကျောင်းကလည်း နှင်ထုတ်ပစ်ခံနေကြရပါ့မယ်"

"တော်ရုံသောက်ပြီး အေးအေးဆေးဆေး မရမ်းဘဲနေရင် ဘာဖြစ်ရဦးမှာ လဲဗျာ'

"ဘာဖြစ်တာ၊မဖြစ်တာ ထားလိုက်ပါဦး။ ကျောင်းတံခါးပိတ်လို့ ပြန်မရောက် ရင် လက်မှတ်ထိုးပြီး ဝင်ကြရမှာ။ ဂိတ်တက် လုပ်ထားရင် နောက်ကို ဘယ်မှ ထွက်ရမှာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ ဘာမဟုတ်တာနဲ့ နာမည်ပျက်ခံနေရမယ်"

"အောင်မယ်ဗျာ၊ ဂိတ်တက်လောက်ကလေးများ စာဖွဲ့ပြီး ပြောမနေစမ်းပါနဲ့။ ဂိတ်တက် အလုပ်ခံရလို့ ကျောင်းထဲက မထွက်ရကော ဘာဖြစ်ရဦးမတုံး။ ဖြစ်ချင်တာ ဖြစ်ပစေဗျာ။ မပြန်ဘူး။ ခင်ဗျားတို့ ဒါကိုကြောက်နေရင် မလိုက်ကြနဲ့ " ဟု ကျော်ဝင်းက ပြောပြီးလျှင် ရထားသမားအား "ဟေး လမ်းမတော်ကို ကျောင်း" ဟု အမိန့်ပေးလိုက်သဖြင့် ရထားလည်း လမ်းမတော်ဘက်သို့ လှည့်၍မောင်းလေ၏။

တရုတ်ဟော်တယ်တစ်ခုသို့ ရောက်ကြသောအခါ ရထားပေါ်မှ ဆင်းကြ၍ ကုလားအား ရထားခ ပေးလိုက်ပြီးလျှင် ဟိုတယ်တစ်ခုပေါ်သို့တက်၍ သောက်လေ၏။ ကျော်ဝင်းကား စိတ်ညစ်ညစ်နှင့် အရက်ကိုသာဖိ၍ သောက်လေ၏၊ အခြားနှစ်ယောက်အနက် သိန်းဖေမူ အစားလည်းဖက် အသောက်လည်း လက်မလျှော့ဘဲ ဘဦးသာ အစားကို များများစားလေ၏။

ညဉ့် ၇-နာရီအချိန်သို့ ရောက်သောအခါ ဘဦးမှာ မူး၍လာကာ မသောက်နိုင်တော့သဖြင့် "တော်ပြီဗျာ၊ ပြန်ကြပါစို့ရဲ့၊ ကျွန်တော်တော့ ူးနေပြီ"

"ဒါဖြင့် ခင်ဗျားကို ကားနဲ့လိုက်ပို့မယ်။ ပြီးမှ ကျွန်တော်နဲ့ ကိုသိန်းဖေ ပြန်ပြီး သောက်ကြမယ်။ လူမှန်း သူမှန်းကို မသိမှ တော်မယ်"

"ခင်ဗျား လွန်ပြီဗျ။ တော်တော့။ နောက်တစ်နေ့ကျရင် ခေါင်းကိုက်ပြီး မထနိုင်ဘဲ နေဦးမယ်"

"ကျွန်တော် ပြောပကောဗျ။ သေချင် သေပစေလို့ ဆိုနေမှပဲ။ ခေါင်းကိုက်တာလောက်တော့ အရေးမဟုတ်ပါဘူး။ မတတ်သာ မနက်ထ,တစ်ခွက်ချလိုက်ရင် အရှိန်ကလေးနဲ့ ပြေသွားမှာပဲ။ ကိုင်း လာ၊ ခင်ဗျား လိုက်ပို့မယ်" ဟုဆိုကာ အခန်းထဲမှ ထွက်ခဲ့ကြပြီးလျှင် တိုက်အောက်တွင် အသင့်ရှိသော ကားတစ်စီးကိုငှား၍ ကျောင်းသို့ ခေတ္တပြန်ကြလေ၏။

ဘဦးအား ၎င်း၏အခန်းသို့ ပို့ပြီးလျှင် ကုတင်ပေါ်တွင်သိပ်၍ အခန်းမိုတ်၊ တံခါးကို ပြတင်းပေါက်ဖက်မှ လက်လျှိုပိတ်ထားပြီးလျှင် မိမိတို့ အခန်းများ၌မူ ကုတင်ပေါ်တွင် စောင်ကို လူသဏ္ဌာန်လုပ်၍ ခြင်ထောင်ချ၊ အခန်းမီးကိုမှိတ်၊ အခန်းအပြင်သို့ထွက်ပြီး ပြတင်းပေါက်မှ လက်လျှို၍ တံခါးမကြီးကိုပိတ်ကာ ပြတင်းပေါက်အဖွိုမှ မင်းတုန်းကလေးကို ချိတ်ပေါ်တွင် မမိတမိ တင်ပြီးလျှင် တံခါးကိုတွန်း၍ ပိတ်လိုက်သည်တွင် အဆင်သင့် မင်းတုန်းကျ၍ ပိတ်သွားသဖြင့် အပြင်ကကြည့်လျှင် လူရှိသည် ထင်ရလေ၏။

ထို့နောက် ကားပေါ်သို့ပြန်ရောက်ကြပြီး ကားဆောင့်ခြင်းသည် မူးယစ်ရီထွေခြင်းကို ဖြစ်စေသည့်အလျောက် ဝိဇ္ဇာထိုကုန်ကြပြီ ဖြစ်သဖြင့် သီချင်းတကျော်ကျော်နှင့် မြို့ထဲသို့ ပါသွားကြလေသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တက္ကသိုလ်ကျောင်းတော်သားများတွင် ကျောင်း၌ သင်ကြားရသော သင်ခန်းစာများမှအပ မပျက်မကွက်အပ်သော ဝတ္တရားသည်ကား ကျောင်းသို့ရောက်လျှင် နို့တစ်ဘုတ်တွင် ကပ်ထားသော ကြော်ငြာကို ကြည့်ရှုကြရခြင်းပင် ဖြစ်ပေ၏။ ကျော်ဝင်းသည် ကျောင်းသို့ ရောက်သောအခါ အတန်းသားတစ်ဦးက "အိုင်ဆေး ကိုကျော်ဝင်း ခင်ဗျား ဆပ်စပင်းရှင်း ထိနေပါကလား" ဟု ကျောင်းမှ ခေတ္တချထားကြောင်း ပြောပြရာ ကျော်ဝင်းမှာ အဘယ်အကြောင်းကြောင့် ဆပ်စပင်းရှင်း အလုပ်ခံရသည်ကို ရုတ်တရက် တွေးတော၍ မရသဖြင့် လန့်ဖျပ်သွားကာ "တကယ်လားဗျ" ဟု ပြန်မေးလေ၏။

"တကယ်ပါ၊ နို့တစ်ဘုတ်မှာ ကပ်ထားတယ်"

ကျော်ဝင်းမှာ အဘယ်အကြောင်းကြောင့် ဖြစ်သည်ကို မမေးမြန်းနိုင်ဘဲ ကိုယ်တိုင်ပြေး၍ နို့တစ်ဘုတ် (ကြော်ငြာသင်ပုန်း)တွင် ရှာလေ၏။

"အောက်ပါကျောင်းသားများသည် မိမိတို့၏ ကျောင်းလခနှင့် ထမင်းလခများကို မပေးသေးမီ ၎င်းတို့အား စာသင်ကြားခြင်းမှ ခေတ္တရပ်ဆိုင်းထားလိုက်သည်" ဟူသော အမိန့်စာအောက်တွင် ဘီအယ်လ် ဥပဒေတန်းသားများ၊ မဟာဝိဇ္ဇာများမှအပ ဥပစာတန်းအထိ နာမည်တွေ တသီတတန်းကြီး ပါရှိသည့်စာရင်းတွင် မိမိ၏နာမည်ကို တွေ့ရှိရသောအခါ ကျောင်းလခ မပေးရသေးခြင်းကြောင့် ဆပ်စပင်းရှင်းထိသည်ကို သိရသဖြင့် အခြားအကြောင်းကြောင့်ဟု ထင်မှတ်၍ ထိတ်လန့်သွားခြင်းသည် အနည်းငယ် သက်သာရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းမှာ ကျောင်းဆောင်မှ တစ်ညလုံး ထွက်၍လည်ကာ သောက်စားပျော်ပါး ဖြုန်းတီးလိုက်ခြင်းဖြင့် ရှိသမျှငွေ ကုန်သွားသောကြောင့် ကျောင်းလခများ မပေးနိုင်ဘဲရှိ၍ ကျောင်းအခန်းထဲ ဝင်ခွင့်မပြုဘဲ ထားရှိခြင်းခံရပေသည်။ ထိုစာရင်းတွင် မိမိနာမည်ပေါ်တွင် မင်ဖြင့်ခြစ်လျက် ဖျက်ထားသူအချို့ကို တွေ့ရလေ၏။

ကျော်ဝင်းလည်း မိမိနာမည်ကို သူတစ်ပါး တွေ့သွားမည်စိုးသောကြောင့် လူမမြင်အောင် ဖျက်ထားလိုက်လေ၏။

အိမ်မှပို့လိုက်သောငွေများ ရရှိထားသည်မှာလည်း မကြာလှသေး။ ယခုလယူသည်မှာ အလွန်များနေသည် ဖြစ်သောကြောင့် နောက်ထပ် မှာရန်လည်း အကြောင်းပြစရာ မရှိသည့်အတွက် ဤကျောင်းလခများကို မည်ကဲ့သို့ ပေးသွင်းရမည်နည်းဟု အစဉ်းစားခက်မိလေ၏။

ချစ်သူအတွက်နှင့် စိတ်ညစ်ရသည်တွင် ကျောင်းလခများ မပေးသဖြင့် ဆပ်စပင်းရှင်း ထိပြန်သည့်အတွက် တစ်ပူပေါ် တစ်ပူဆင့်ကာ လောကကြီးကို တစ်ခါကည်း ငြီးငွေ့ပြီး အင်းလျားကန်ထဲသို့ ကျွမ်းထိုး၍သာ ခုန်ချသတ်သေချင်အောင် ဖြစ်မိလေ၏။

ကျော်ဝင်းမှာ ယင်းသို့ အတန်းတက်ခွင့် မရသည့်အလျောက် မသန်းမြင့်ကို မတွေ့နိုင်သောအကြောင်း ဖြစ်လေရာ၊ တွေ့ရမှာ မျက်နှာပူလျက် ကျောင်းအတက်ရခက်ခြင်းအတွက် စိတ်အေးဖွယ်ရာဖြစ်၍ ဆပ်စပင်းရှင်းအထိခံရသည်ကိုပင် ဝမ်းသာသလိုလို ရှိသော်လည်း ထိုသို့ဝမ်းသာခြင်းထက် မသန်းမြင့်၏ အရေးကိုတွေး၍ ဆွေးဖွယ်ရာနှင့် မည်သို့ရှာဖွေ၍ ကျောင်းလခများ ပေးသွင်းရမည့်အရေး စိတ်လေးစရာတို့သည် ပိုမို၍ စိတ်ညစ်ညူးခြင်းကို ဖြစ်စေသောကြောင့် မှိုင်တွေကာ ခေါင်းငိုက်စိုက်ချလျက် ပုဂံဟောလ်သို့ ပြန်လာလေ၏။ ထိုစိတ်များ၏ နှိပ်စက်ဖိစီးသောကြောင့် လမ်းတွင် မည်သူ့ကိုမျှ မမြင်နိုင်၊ မတွေ့နိုင်၊ မကြည့်နိုင် ရှိတော့၏။

တစ်ကိုယ်လုံးမှာ စိတ်ပျက်ကောင်ကြီး ဖြစ်နေလေ၏။ ထိုသို့စိတ်ပျက်စွာ ခေါင်းငိုက်စိုက်ချသွားသည်ကို မိန်းကလေးများ စုဝေးခန်းမှနေ၍ မသန်းမြင့် တွေ့ရှိလိုက်ရာတွင် မချိဘဲ ဖြစ်ရှာလေ၏။ 'ငါ့စိတ်ကြောင့် သူ့ခမျာ စိတ်ညစ်ရှာရပေပြီ' ဟု တွေးလိုက်မိသဖြင့် သနားခြင်းသည် မသန်းမြင့်၏စိတ်နှလုံးများကို ဝါးမျိုကြကုန်သဖြင့် နှလုံးကြေကွဲလုမျှ ဖြစ်မိလျက် ကျော်ဝင်း ပျောက်ကွယ်သွားသည့်တိုင်အောင် ငေးမှိုင်ကာ တံခါးကိုမှီ၍ ကြည့်နေပြီး ကျော်ဝင်းကို မမြင်တော့မှ သက်မ,ကြီးချ၍ အခန်းထဲသို့ ဝင်သွားလေ၏။

ကျော်ဝင်းမှာမူ မည်သူ့မျှ ဂရုမစိုက်နိုင်ဘဲ ပုဂံဟောလ်ဆီသို့ လျှောက်လာရာ "ဟေ့လူ ပိုက်ဆံကောက်ရမယ်ထင်လို့ ခေါင်းငုံ့ပြီး လျှောက်လာတာလား" ဟု လှမ်း၍ခေါ်လိုက်သောအသံ ကြားရမှ ၎င်း၏ပျံ့လွင့်သောစိတ်များသည် ကမ္ဘာမြေကြီးပေါ်သို့

www.burmeseclassic.com



ရောက်လာကာ အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာတွင် လက်ဖက်ရည်ဆိုင်ထဲမှ မြုံးလျက်ခေါ်နေကြသော သိန်းဖေနှင့် ဘဦးတို့ကို တွေ့မြင်ရလေ၏။

သို့ရာတွင် ကျော်ဝင်းသည် ၎င်းတို့အား တွေ့ချင်စိတ် မရှိတော့ဘဲ ကျောင်းဆောင်သို့ ပြန်မည်ဟူသည့် သဘောမျိုးဖြင့် ကျောင်းဆောင်ဘက်သို့ လက်ပြပြီးလျှင် ရှေ့သို့ဆက်၍ ခြေကိုလှမ်းလိုက်ရာ "ဟေ့လူ လာပါဦးဗျ။ ဘယ်ကို လစ်မလို့လဲ" ဟု ထပ်မံ၍ ခေါ်ပြန်သည့်အတွက် လက်ဖက်ရည်ဆိုင်သို့ ပြန်၍လှည့်ခဲ့ရလေ၏။

"ကိုယ့်လူ ဘန့်လုပ်လာပြန်ပြီ ထင်တယ်" ဟု ပြောရာ. . .

"ဘန့်မလုပ်ပါဘူး၊ ကျောင်းလခတွေ မပေးရလို့ ဘာမှမစားချင်ဘူး။ စိတ်ညစ်ရတဲ့အထဲ တစ်ခုပြီးတစ်ခုသာ ထပ်ပြီးပေါ်ပေါက်လာတော့တာပဲ။ ကျောင်းလည်း မနေချင်တော့ဘူး"

"လာပြန်ပြီဗျာ။ ဒီစကားတွေ ပြောမနေစမ်းပါနဲ့။ ခင်ဗျားအသံ ကြားလိုက်ရမှဖြင့် ကျွန်တော်တို့ပါ စိတ်ပျက်သွားတာပဲ။ ခင်ဗျား ကျောင်းနေတာ ရည်းစားရှာရအောင်၊ ပျော်ရအောင် လာတာလားလို့၊ ပညာရှာဖို့လာတာ။ ဒါတွေ စိတ်မကူးစမ်းပါနဲ့ဗျာ"

"ခင်ဗျားတို့ ပြောမယ်ဆိုလည်း ပြောကြမပေ့ါလေ။ နို့ပေတဲ့ ဘုရား၊ ရဟန္တာမှ မဟုတ်ဘဲ။ ချစ်တာဟာ ချစ်တာပဲ။ မုန်းအောင် ဘယ်လိုလုပ်လို့မှ မဖြစ်ဘူး"

"ငယ်တဲ့ကလေးမှ မဟုတ်ဘဲနဲ့ဗျာ။ ဒါလောက်ပဲ သဲသဲမဲမဲ ဖြစ်ရသလားဗျ"

"ကလေးမဟုတ်လို့ စွဲတာပေ့ါဗျ။ ကလေးဆိုရင် ဘာမှန်းသိပ့ါမလား"

"ကျွန်တော် ပြောတာက ဒီဟာကို ဆိုလိုတာ မဟုတ်ပါဘူး။ ကလေးမဟုတ်ဘဲ ကိုယ့်စိတ်ကို ကိုယ်မနိုင်‚နိုင်တော့ဘူးလားလို့ ပြောတာပါ။ ကိုင်းဗျာ ဒါတွေ ဖယ်ထားစမ်းပါ။ ကျောင်းလခပေးဖို့ စိတ်ကူးစမ်းပါဦး"

"ပေးစရာလည်း ဘာမျှ မရှိဘူးဗျ။ ခင်ဗျားတို့ ရှိကြရင် ရှာပေးကြပါ။ ဒါပဲ ပြောတတ်တယ်။ အခုတော့ ကျောင်းလခ မပေးလို့ ထုတ်ပစ်လည်း မထူးတော့ပါဘူး" ဟု ပြောလိုက်စဉ် ပထမခေါင်းလောင်းသံကို ကြားရသဖြင့် "ကိုင်း ကျောင်းတက်တော့မယ်၊ ခင်ဗျားတို့ သွားကြတော့။ ကျွန်တော်လည်း ပြန်မယ်" ဟု ဆိုပြီးလျှင် ပြောပြောဆိုဆို ထွက်သွားသောကြောင့် ငေး၍ကြည့်နေလိုက်ကြရလေ၏။

"ကိုသိန်းဖေ၊ ခင်ဗျားမှာကော ငွေရှိသေးသလား"

"မရှိတော့ဘူးဗျ။ လခပေးပြီးလို့ ကျန်တဲ့ငွေတွေ ဟိုညက ကုန်ပါရောလား"

"အဲဒါခက်တာပဲ။ ကျွန်တော့်မှာလည်း နည်းနည်းပဲ ရှိတော့တယ်။ ဒီလူ ကျောင်းလခ မပေးရသေးသမျှ ကျောင်းတက်ရမှာ မဟုတ်ဘူး။ သူကလည်း ကျောင်းမတက်ချင်တာနဲ့တော့ ဟန်ကျတာမို့ ကျောင်းလခ ပေးဖို့ကို စိတ်ကူးမှာ မဟုတ်ဘူး။ ကျွန်တော်တို့ ရှာပြီးပေးကြမှပဲ။ နောက်ဆုံးပိတ် ဘယ်သူ့ဆီမှ ချေးမရရင် ပေါင်ဖို့ပဲ

www.burmeseclassic.com

www.burmeseclassic.com


ရှိတော့တာပဲ။ ရှိတာပေါင်ပြီး ပေးမှပဲ" ဟုပြောကာ ဘဦးက စ,၍ထပြီးလျှင် သိန်းဖေ လည်းထ၍ ကျောင်းတက်ရန် သွားကြလေ၏။

မသန်းမြင့်မှာ အတန်းထဲသို့ရောက်လျှင် ကျော်ဝင်းအား မတွေ့ရသဖြင့် စိတ်ပူသွားမိလေ၏။ 'ဘာများဖြစ်ပါလိမ့်မလဲ။ နေမကောင်းလို့ဘဲ ပြန်သွားတာလား။ စိတ်ညစ်လို့ပဲ မတက်တာလား။ ငါနဲ့ မတွေ့ချင်လို့ဘဲ မလာတာလား' ဟု တွေးတောခြင်းများသည် စိတ်ကိုအလုပ်ပေးလျက် ရှိသဖြင့် ယှဉ်၍ထိုင်ကြသော ကျောင်းသူကလေးများမှာ မသန်းမြင့်ကိုကြည့်ကာ ဝေခွဲမရနိုင်ကြသဖြင့် "မသန်းမြင့် ဘာဖြစ်လို့ နုတ်စ်တွေ မရေးသလဲ။ မှိုင်လှချည်ကလား။ နေမကောင်းလို့လား။ အိမ်က ဘာစာပေးလိုက်လို့လဲ" ဟု စိုးရိမ်ခြင်းဖြင့် မေးကြရာ. . .

"စိတ်ညစ်လို့ မဟုတ်ပါဘူး။ ခေါင်းထဲ မူးနောက်နောက် ရှိလို့ပါ။ နုတ်စ်တွေ စုံအောင်သာ မှတ်ကြပါ။ အဆောင်ကျမှ ကျွန်မ ကူးယူတော့မယ်" ဟု လိုးလွဲပြောဆိုကာ ဣန္ဒြေဆောင်၍ နေရလေတော့၏။

"ကိစ္စရှိလို့ ပထမအချိန် မလာတာနဲ့ တူပါတယ်။ နောက်အချိန်ကျရင် လာချင်လာမှာပဲ" ဟူ၍ စိတ်ကိုဖြေဖျောက်၍ မူမပျက်အောင် ဟန်ဆောင်၍ စာကို နားစိုက်လျက် တစ်ချိန်ကုန်သွားပြီး နောက်အချိန် အတန်းပြောင်း၍ သင်ပြန်သောအခါ ကျော်ဝင်းကို မမြင်ဘဲ ရှိလေ၏။

မသန်းမြင့်မှာ အမူပျက်သည်ထက် ပျက်လာကာ "ရှိတော့ ရှိမှာပဲ၊ ကွယ်နေလို့ မမြင်ရတာဘဲ ထင်ပါရဲ့" ဟု အောက်မေ့ကာ နောက်သို့ မကြာခဏ လှည့်ကြည့်လေရာ၊ ကျောင်းသားများက မိမိတို့အချင်းချင်း "ဟိုမှာ ဟိုမှာ ခင်ဗျားကို ကြည့်နေတယ်"

"တန်တော့၊ ကျုပ်ကို ကြိုက်လို့ပဲ။ အဟမ်း"

"ဟောသူပဲ၊ သူပဲ ဖိနပ်ချီသွားတာ" စသည်ဖြင့် မကြားတကြား လုပ်ကြသောကြောင့် မကြည့်ရဲဘဲရှိကာ မိမိရှေ့တွင် ဖွင့်ထားသော မှတ်စုစာအုပ်ကြီးကိုသာလျှင် စိုက်ကြည့် တွေဝေနေရှာလေတော့၏။

ထိုသို့ တစ်နေ့လုံး ကျောင်းတွင် မတွေ့ရဘဲ ရှိသောကြောင့် အင်းလျားဆောင်သို့ ပြန်ရောက်သောအခါ သာ၍ပင် မှိုင်နေလေတော့၏။

"မသန်းမြင့် လာလေ။ ဘက်တမင်တန် ကစားရအောင်" ဟု မိန်းကလေးများက ကစားရန် လာရောက်ခေါ်သည်ကိုပင် မလိုက်နိုင်ဘဲ. . .

"ကျွန်မ နေမကောင်းဘူး။ လေတိုက်ခံလို့ မဖြစ်ဘူး" ဟု ပြန်ပြောသဖြင့် ကျောင်းသူကလေးတစ်ယောက်က မသန်းမြင့်၏နဖူးကို စမ်းကြည့်ကာ" ကိုယ်လည်း မပူပါကလား။ အလကားပါ။ နေမကောင်းဘူးဆိုတာ ညာတာပါ။ လွမ်းရမယ့်သူ ရှိနေပြီ ထင်တယ်။ မညာနဲ့ ဆရာ။ ရှိရင်လည်းပြော၊ ဝမ်းသာစရာရှိရင် ကျွန်မတို့လည်း ဝမ်းသာပါရစေ။ ဝမ်းနည်းစရာ ရှိရင်လည်း ကူပြီးဝမ်းနည်းပေးပါ့မယ်။ ယဲ့ဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဩော်. . . ပြောလည်း မယုံကြဘူး။ တကယ့်ကို နေမကောင်းလို့ပါ"

"ဟော့ကောင်မတွေ လာကြဟေ့" ခပ်စွာစွာကလေးတစ်ယောက်က ကျောင်းအောက်မှ ခေါ်နေသဖြင့် "ဩော် သနားစရာကလေးနော်၊ သူ့စိတ် သူ့စိတ်၊ မအိပ်နိုင် တပိန်ပိန်၊ မစားနိုင် တစ်ပိန်ပိန်၊ ကိုကလိမ် ဦးတော်ချလို့နှိမ်" ဟု ပြောင်လှောင်ကာ ဆင်းသွားမှ မသန်းမြင့်မှာ မရယ်ချင်ဘဲလျက် ပြုံး၍ ကျန်ရစ်ခဲ့လေ၏။

"ဟိုတစ်နေ့က ငါ သူ့ကို အတွေ့မခံတာနဲ့ ရှက်ပြီး မလာတော့ဘူးထင်တယ်။ ဒါမှမဟုတ်ရင်လည်း ငါ့ကို တစ်ခါတည်း မုန်းသွားပြီလား။ တကယ်ပဲ မုန်းတယ်ပဲ ထားပါဦးတော့။ ဘာဖြစ်လို့ ကျောင်းမတက်ပါလိမ့်မလဲ။ မုန်းတာတစ်ခြား၊ ကျောင်းမတက်တာ တစ်ခြားစီပါကလား။ ငါ့မျက်နှာကို မကြည့်ချင်လောက်အောင် မုန်းပြီလား။ ဒီလိုပဲ မတက်တော့ဘဲ နေတော့မှာလား။ ငါ အစဉ်းစားရခက်တယ်။ သိပ်ခက်တာပဲ နော်"

"ငါ ဘာဖြစ်လို့ ဒီလောက်တောင် သူ့ကို တွေးမိနေတာလဲ။ သူကျောင်းမတက်တာနဲ့ ငါနဲ့ ဘာဆိုင်သလဲ။ ငါ ပူစရာလား' ဟု ဆင်ခြင်ပေး၍ စဉ်းစားသော်လည်း ထိုဆင်ခြေမှာ မမြဲ။ ကျော်ဝင်း ကျောင်းမတက်ခြင်းမှာ မိမိအတွက်ဖြစ်သည်။ မိမိပူပင်စရာ အမှန်ဖြစ်သည် ဟူ၍သာ အဖြေရနေသဖြင့် 'ငါ သူ့ကို ဒီလောက်တောင် ပူမိတာ ငါ ဘာဖြစ်နေသလဲ။ ငါ သူ့ကို ချစ်နေပြီလား။ ငါ သူ့ကို မတွေးဘဲ မနေနိုင်ဘူးလား' ဟု ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ပြန်ရာတွင် မတွေးဘဲ မနေနိုင်သည်မှာ အထင်အရှား ဖြစ်နေသည်ကို တွေ့ရလေ၏။

"ငါ ချစ်နေပြီ၊ ဟုတ်ပါပြီ၊ ချစ်လို့ ငါ ဒါလောက် ဒါတွေ တွေးမိတာ၊ စွဲမိတာ၊ လွမ်းမိတာပဲ။ သူ့ကို ငါ ချစ်တဲ့စိတ်တွေ ဖြတ်လိုက်ပြီ။ ငါ့အချစ်ဟာ အလကား ဖြစ်နေပါပေါ့လား" ဟု တွေးတောလျက် ကျော်ဝင်းအပေါ်တွင် မေတ္တာတုံ့ပြန်၍လာကာ အချစ်စိတ်များ ကြီးမားပွားများလာသဖြင့် ကျော်ဝင်း ဒုတိယပေးသော စာကလေးကို သိမ်းဆည်းထားသည့်နေရာမှ ရှာပြီးလျှင် အဖန်တလဲလဲ ဖတ်မိပြန်လေ၏။ ဤတွင် ဣန္ဒြေမဆည်နိုင်တော့ဘဲ ရင်ထဲတွင် ဆို့လာသဖြင့် ကုတင်ပေါ်သို့ ပြေးတက်ကာ ခေါင်းအုံးကြီးကိုဖက်လျက် မျက်နှာကို မြှုပ်နှံပြီးလျှင် မဆည်နိုင်သော မျက်ရည်များကို သွန်းချလိုက်လေ၏။

မသန်းမြင့်အဖြစ်ကို မအေးစိန် တွေ့ရှိနေရသောကြောင့် "မသန်းမြင့်၊ ဘာလုပ်နေတာတုံး" ဟုဆိုကာ မှောက်ငိုနေသော မျက်နှာကို အသာအယာမ,၍ ကြည့်လိုက်ပြီးလျှင် "ဟင်. . . မျက်ရည်တွေနဲ့ပါကလား။ ဘာဖြစ်လို့ ငိုနေရတာလဲ" ဟု မေး သည်တွင် မသန်းမြင့်မှာ ဖုံးကွယ်၍ မရနိုင်သည့်အဖြစ်ကိုရောက်နေသည့်အတွက် "ကျွန်မ မရှက်နိုင်တော့ဘူး မအေးစိန်ရဲ့။ ကျွန်မအသည်း အချစ်မီးလောင်ပြီ၊ အချစ်ကြီးနေပြီ မအေးစိန်ရဲ့"

www.burmeseclassic.com

“ဘယ်သူနဲ့လဲ၊ ပြောစမ်းပါဦး၊ ဖုံးတန်ရင်လည်း ဖုံးရအောင်ပေါ့၊ ပြောစမ်းပါဦး မသန်းမြင့်ရဲ့”

“ကျွန်မ. . . ကျွန်မ ကိုကျော်ဝင်းကို ချစ်နေပြီရှင့်”

“အို. . . ချစ်မိတာနဲ့ ငိုတာနဲ့ ဘာဆိုင်လို့လဲလို့။ ရှင်းအောင် ပြောစမ်းပါဦး။ စိတ်မကောင်းလိုက်တာ” ဟုဆိုမှ မသန်းမြင့်က အကျိုးအကြောင်းများကို စုံလင်စွာ ပြောပြပြီးလျှင် “ကျွန်မတော့ ခက်တော့တာပဲ မအေးစိန်ရဲ့” ဟုဆိုကာ မအေးစိန်ကို ဖက်၍ ဆို့ရှိုက်ကာ မျက်ရည်တွေ တွေတွေကျဆင်းလေ၏။

“ဒီကိစ္စမျိုးဆိုတာ သိပ်ခက်တယ် မသန်းမြင့်။ တိုင်တိုင်ပင်ပင် လုပ်ရတဲ့ ကိစ္စမျိုးပဲ။ စောစောက ပြောပါလား။ မီးမလောင်ခင် တားနိုင်တယ်။ လောင်နေမှဖြင့် တားလို့မရဘူး။ ပျက်စီးသွားပြီ။ မငြိမ်းဘဲ အကျွမ်းခံလိုက်ရင်လည်း စုန်းစုန်းမြုပ်တာပဲ။ အချစ်လည်း အတူတူပဲ။ အစက ပြောရောပေါ့”

“ကျွန်မ သိပ်ရှက်တာပဲ။ ဒါကြောင့် မပြောတာ မအေးစိန်ရဲ့”

“အခုမှတော့ဖြင့် မထူးဘူး။ ချစ်မိမှ‌ေ ချစ်ကြောင်းကို တစ်နည်းနည်းနဲ့ သူသိအောင်လုပ်ပြီး ချစ်ကြရုံပဲ ရှိတော့တယ်” ဟုဆိုကာ မသန်းမြင့်၏ကျောကလေးကို အသာအယာ ပွတ်သပ်လျက် မျက်ရည်များ သုတ်ပေးရရှာလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

တစ်နေ့လည်း ကျော်ဝင်းကို ကျောင်းမှာမတွေ့။ နောက်တစ်နေ့လည်း မတွေ့။ သို့မတွေ့ရဘဲ ရှိလေရာ မသန်းမြင့်၏ ပူပန်ခြင်းသည် တစ်စထက်တစ်စ ပြင်းထန်ကြီးမား ရတက်ပွားလျက် ဘယ်အတွက် ကျောင်းမလာသည်ကို သိလိုသော စိတ်များသည် မနားမနေ တိုက်တွန်းသဖြင့် အဘယ်ပုံဖန်၍ သိအောင်ကြံရပါမည်လဲဟု စုံစမ်းသိရှိနိုင်မည့်သူကို ကြည့်ရှုရှာဖွေရလေ၏။

သို့ရှာဖွေရာတွင် ကျော်ဝင်း၏မိတ်ဆွေ၊ မိမိ၏အသိထဲကဆိုလျှင် သိန်းဖေတစ်ယောက်သာလျှင် စကားပြောဖူး၊ ဆိုဖူးသောကြောင့် သိန်းဖေကို မေးမှပဲဟု နှလုံးပြုလျက် သိန်းဖေအား ကျောင်းထဲတွင် သွားရင်းလာရင်း ရှာဖွေရာ စာကြည့်ခန်းထဲတွင် အဆင်သင့် တွေ့ရှိလေ၏။

သိန်းဖေသည် ပြုံးရယ်နှုတ်ဆက်ကာ မိမိထံ ကပ်လာသော မသန်းမြင့်ကို တွေ့လေရာ အံ့အားသင့်၍သွားပြီး 'ဘာများပြောချင်လို့ပါလိမ့်မလဲ' ဟု စဉ်းစားရင်း ပြန်ပြီးပြုံးရယ်ကာ နှုတ်ဆက်လိုက်လေ၏။

မသန်းမြင့်သည် သိန်းဖေ၏အနားသို့ရောက်လျှင် ပြောရမှာ ရှက်သကဲ့သို့ မျက်နှာတွင် သွေးရောင်လျှမ်းလျက် ရှက်သွေး တဖြန်းဖြန်းရှိကာ ဟိုဟိုဒီဒီ ကြည့်လိုက်ပြီးမှ "ကိုသိန်းဖေ. . . ကိုကျော်ဝင်းတစ်ယောက် မမြင်ပါကလား။ ဘာဖြစ်လို့ ကျောင်း မတက်တာလဲ" ဟု မေးလိုက်ရာ သိန်းဖေသည် ရုတ်တရက် မဖြေသေးဘဲ စဉ်းစားဟန် လုပ်နေပြီးမှ. . .

"ကျောင်းထွက်သွားပြီ၊ မနေတော့ဘူးတဲ့" ဟု ပြန်၍ဖြေလိုက်သည်တွင်

www.burmeseclassic.com

www.burmeseclassic.com



မသန်းမြင့် မျက်နှာပျက်သွားလျှက် "ဟိုက်" ဟူသော အသံကို မထွက်အောင် မနည်းကြိတ်မှိတ်နေလိုက်ရလေ၏။

"အို. . . ဘာဖြစ်တာပါလိမ့်။ ဘာသံမကြား၊ ညာသံမကြားနဲ့ ထွက်သွားတာ။ အခု ကျောင်းမှာ မရှိတော့ဘူးပေါ့လေ"

"ကျောင်းမှာတော့ ရှိပါသေးတယ်။ မပြန်သေးဘူး။ အိမ်က ငွေလာတာ စောင့်နေတယ်" ဟု သိန်းဖေက နှုတ်ခမ်းတရွရွ တုန်ယင်ကာ ပြောပြီးလျှင် "ကျောင်းထွက်တာတော့ ဘာဖြစ်လို့ ထွက်တာလည်း မပြောတတ်ပါဘူး။ သူ့မေးတော့ ဒါကို မဖြေဘဲ စိတ်ညစ်တယ်၊ စိတ်ညစ်တယ်ချည်းပဲ ပြောနေတာပဲ။ ဘာစိတ်ညစ်တာလဲ မေးလို့လည်း မရဘူး။ သူ့ကြည့်လိုက်တိုင်း မှိုင်မှိုင်နေတာကို တွေ့ရတယ်။ ဒါတွင်မကသေးဘူး။ တစ်နေ့က အခန်းထဲက ပျောက်သွားလို့ လိုက်ရှာတော့ အင်းလျားကန်ထဲ ခုန်ချမလို့ လုပ်နေတာ လူတွေပေလို့ပေါ့။ တစ်မိနစ်လောက်ဆိုရင် အခုနေ ဒီလောကကြီးမှာ သူ ရှိတော့မှာ မဟုတ်ဘူး။ ဒီနေ့လောက်ဆိုရင် မြေမြုပ်ပြီးပြီ။ အဲဒါ ဘာအတွက် ရေထဲ ခုန်ချမှာလဲလို့ မေးလို့လည်း မရဘူး။ ကျောင်းမနေချင်တော့ဘူးတဲ့။ ကျောင်းမှာ နေရင် တစ်နေ့နေ့ ရေထဲ ဆင်းသေမှာကို စိုးရိမ်ရတဲ့အတွက် ဒီလိုဆိုရင်လည်း ကျောင်းကထွက်တာ ကောင်းပါတယ်။ သေမယ်တော့ မကြံပါနဲ့လို့ သူငယ်ချင်းတွေက ဝိုင်းပြီး ပြောကြတာနဲ့ အခုတော့ ထွက်စာတင်လိုက်ပြီတဲ့။ ဘယ်နေ့လောက် ပြန်ဖြစ်မလဲ မသိဘူး။ ငွေကို သံကြိုးနဲ့ မှာလိုက်တယ်။ ငွေရောက်ရင် ပြန်မှာပဲ" ဟု သိန်းဖေက စုံစုံလင်လင် ပြောပြလိုက်ရာ မသန်းမြင့်မှာ တစ်ခွန်းပြီးတစ်ခွန်း ကြားရတိုင်း မျက်နှာတွင် သွေးသား ဆုတ်ယုတ်လာပြီးလျှင် ရင်ထဲ၌ လှိုက်လှဲဝမ်းနည်းကာ မချိမဆံ့ ဖြစ်ရရှာလေ၏။

"ထွက်လိုက်တာတော့ တကယ်ပဲနော်" ဟု တုန်ယင်စွာ ငိုသံပါဖြင့် မေးလေ၏။

"တကယ်ပါပဲ။ ကျွန်တော်တို့လည်း သူထွက်မယ်ဆိုလို့ သိပ်ဝမ်းနည်းတာပဲ။ ပုဂံဟောလ်တစ်ခုလုံး သူ့ကို ချစ်ကြတယ်။ ကစားဖက်မှာ ဆိုရင်လည်း ဘောလုံး၊ လှေ၊ တင်းနစ် အကုန်လုံး တော်တာပဲ။ ဒီနှစ်မှာ ဖရက်ရှာ ဖြစ်နေလို့ တယ်ပြီးအမြောက်အစား မခံရသေးဘူး။ နောင်နှစ်ကိုဆိုရင် ယူနီတာစီတီအလဲဗင်း ဘောလုံးအသင်းထဲမှာ ထည့်ဖို့ စီမံပြီးပြီ။ အခုလိုနေတုန်း ထွက်တော့မယ်ဆိုတော့ အားလုံးကပဲ နှမြော၊ ဝမ်းလည်းနည်း၊ နို့ပေတဲ့ တားလို့မရဘူး။ သွားတော့မယ်"

မသန်းမြင့်မှာ ဆက်လက်၍ ကြားချင်လှသော်လည်း ရင်တွင်း၌ မချိ လှိုက်လှဲဝမ်းနည်းပူပင် ငိုချင်လာသောကြောင့် ကြာကြာနားထောင်နေရလျှင် မဆည်နိုင်ဘဲ ငိုယိုမိမှ အရှက်ကွဲတော့မည်ကို တွေးမိသည့်အလျောက် "ပြောပြတာ ကျေးဇူးတင်ပါရဲ့။ ကြားရတာ သိပ်ပြီး စိတ်မကောင်းပါဘူး။ အသိထဲက ဒီလိုဖြစ်တယ်ဆိုတာ သိပ်ပြီး

www.burmeseclassic.com


ဝမ်းနည်းပါတယ်။ ဒါသိချင်လို့ မေးတာပါပဲ။ ကျွန်မ သွားလိုက်ပါဦးမယ်" ဟုဆိုကာ စိတ်မပါဘဲလျက် တမင်ဖြစ်ညှစ်၍ ပြုံးသောအပြုံးဖြင့် ပြုံးရယ်နှုတ်ဆက်လျက် ထွက်သွားရာ သိန်းဖေလည်း ပြန်၍ပြုံးရင်း သနားသည့်ဟန်မျိုးဖြင့် ကြည့်နေမိလေ၏။

ကျော်ဝင်းမှာ မိမိအခန်းထဲတွင် ငေးတိငေးမှိုင် ယောင်တိယောင်တောင်ဖြစ်ကာ ဟာတာပေ့ါပျက် စိတ်ထဲတွင် အနေရခက်လျက် ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ လှဲလိုက်ဖြင့် ကြောင်တက်တက် ဖြစ်နေလေ၏။

ညနေစောင်းလောက်တွင် ဘဦး ရောက်၍လာကာ "လာဗျို့ တင်းနစ်ရိုက်ရအောင် လိုက်ခဲ့ပါ။ ခင်ဗျား မှိုင်နေတော့ ဘာအကျိုးထူးလို့လဲ။ လာဗျာ"

"မကစားချင်ဘူးဗျာ။ ထိုင်ပြီး မှိုင်နေတာလောက် စည်းစိမ်မရှိပါဘူးဗျာ။ လာပါဦးဗျ။ ထိုင်ပါဦး။ စောပါသေးတယ်။ နေအပူကြီး ရှိသေးတယ်။ ထိုင်ဦးဗျ။ ကူပြီး စိတ်ညစ်ပေးပါဦး"

ဘဦးလည်း ပြုံးလျက် အခန်းတွင်းသို့ဝင်၍ ချိုင်းကြားမှ တင်းနစ်ရက်ကက်ကို စားပွဲခုံပေါ်ဘင်ကာ ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်မှ ကျော်ဝင်းက "ကိုသိန်းဖေ မလာသေးဘူးလား" ဟု မေးလေ၏။

"မလာသေးဘူးဗျ။ သူတို့ တစ်နေ့ခင်းလုံး တစ်ချိန်မှ မအားဘူး၊ ကျောင်းဆင်းမှ လာမှာပဲ။ အခုလည်း ဆင်းခါနီးပါပြီ"

ထိုသို့ စကားပြော၍မှ မဆုံးသေးမီ ဖြုံးဖြုံးဖိုင်းဖိုင်းနှင့် ဆူညံစွာပြေး၍လာသောခြေသံများနှင့် အားရဝမ်းသာစွာ အော်လာသည်ကို ကြားရသဖြင့် ဘယ်သူလဲဟု ကြည့်နေစဉ် သိန်းဖေ ပြေး၍ဝင်လာလေ၏။

"ခင်ဗျားတော့ သေခဲဦးမယ်။ အခုပဲ ခင်ဗျားအကြောင်း ပြောနေတယ်" ဟု ဘဦး ပြောသောစကားကိုမှ သိန်းဖေတွင် ဂရုမစိုက်ဘဲ စာအုပ်များကို စားပွဲပေါ်သို့ ပစ်တင်ကာ "ကမ်းမွန်၊ ကွန်ဂရက်ကျူလေးရှင်း" ဟုဆိုရင်း ကျော်ဝင်းအား လက်တစ်ဖက်ကို လှမ်း၍ပေးသဖြင့် ကျော်ဝင်းမှာ ဘာကိုဝမ်းသာရမည် မသိဘဲ လက်ဆွဲ၍သာ လှုပ်လိုက်ရလေ၏။

"အိုင်ဆေး မသန်းမြင့်နဲ့ တွေ့တယ်ဗျ။ အကြာကြီး စကားပြောခဲ့ရတယ်" ဟု ဆိုလိုက်ရာ ဘဦးက ဝမ်းသာလျက် ထ၍ခုန်သော်လည်း ကျော်ဝင်းကမူ ဝမ်းသာခြင်း ထင်ရှားစွာ မပြသေးဘဲ အာရုံစွင့်၍သာ ကြည်လင်သောမျက်နှာဖြင့် နားထောင်နေလေ၏။

"ဘာပြောသလဲ" ဟု ဘဦးက ကြားဝင်၍ မေးနေလေ၏။

"ဘာပြောတာ မပြောတာ ထားစမ်းပါ။ ကျွန်တော် ပြောတာသာ နားထောင်ပါ"

"ဩော်. . . နားမထောင်နေလို့ ဘာလုပ်နေလို့လဲ။ မေးတာမှ မမေးရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါနဲ့ဗျာ၊ ဝမ်းသာလွန်းလို့ ပြောတာပါ။ မသန်းမြင့်နဲ့ ရိုးဒင်းရွှမ်းထဲမှာ တွေ့တယ်ဗျ။ ကိုကျော်ဝင်း ကျောင်းမတက်တာ ဘာဖြစ်လို့လဲတဲ့"

"ခင်ဗျားက ဆပ်စပင်းရှင်း ထိတယ်လို့ ပြောလိုက်သလား"

"ပြောပ့ါမလားဗျ။ ခင်ဗျား မေးလိုက်မှဖြင့် ဖုဒစ်ဂလန့် ဂွချည်းပဲ။ နားထောင်ပါဦး"

"ကိုယ်တော့်ပါးစပ်ကလည်း ခြေလှမ်း ကျဲလိုက်တာ။ ဖြည်းဖြည်းပြောစမ်းပါ"

"ကျွန်တော်က ခပ်တည်တည် ဖိန်းလိုက်တာပဲ။ ကိုကျော်ဝင်း ကျောင်းထွက်တော့မယ်လို့ လျှောက်လွှာ တင်လိုက်ပြီလို့ ဘာဖြစ်လို့ရယ်တော့ မသိဘူး။ သူ့မေးတော့ စိတ်ညစ်တယ် ပြောပြောနေတာပဲလို့၊ ဘာစိတ်ညစ်နေမှန်းလည်း မသိဘူး။ ရေထဲခုန်ချမယ်လို့တောင် လုပ်တယ်လို့၊ ကျွန်တော်ကလည်း မျက်နှာထားသေသေနဲ့ အတည်ပေါက်ဖြီးတာပဲ။ ကောင်မလေးကို တစ်ခါတည်း မျက်နှာပျက်သွားတာပဲ။ နားထောင်ရင်း နားထောင်ရင်း မျက်နှာကြီး မည်းမည်းသွားတာပဲ။ ပြောရတဲ့လူတောင် သနားသွားတယ်။ ဒီလိုပြောလိုက်ရင်ပဲ ကောင်မလေးကို တစ်ခါတည်း ဆွေးသွားတာပဲ။ နေရာကျပြီဗျ။ ခင်ဗျားဘက် ပါလာပြီ။ လက်မလွှတ်ဘဲ ဆွဲဖို့လိုတော့တယ်"

ကျော်ဝင်းက "ဒါ ဘာဝမ်းသာစရာ ရှိသလဲလို့" ဟု ပြောလိုက်ရာ. . .

"ကြပ် ကျော့မှူး၊ မင်း မသိဘူးဆိုတာကျနေပြီ။ ကိုယ့်လူက အ,ချင်တော့လည်း မီးဖုတ်လို့တောင် အသံမထွက်တဲ့ ဒင်္ဂါးကျနေတာပဲ။ ဒီဟာ ကော်ဖို့အချက်ပေ့ါဗျ။ ခင်ဗျား အခု ချက်ချင်း စာရေးပြီး စာတိုက်က ထည့်လိုက်ပေတော့။ စာထဲမှာ ကျွန်တော် ပြောထားတဲ့အတိုင်း မသန်းမြင့်အတွက်နဲ့ ကျောင်းကထွက်တော့မယ့်အကြောင်း၊ မသန်းမြင့်အပေါ်မှာ တကယ်ချစ်၊ တကယ်ကြိုက်၊ အူလှိုက်၊ သည်းလှိုက်မေတ္တာရှိသော်လည်း မိမိလို လူစားမျိုးကို မမှန်းဘဲ ကျူတာလောက်သာ မှန်းတဲ့အတွက် ဝမ်းနည်းပက်လက် ဖြစ်ရတဲ့အကြောင်း၊ အင်းလျားဆောင်ကို လာပြီးခေါ်တဲ့အခါ မိမိကို အတွေ့မခံဘဲ နေမကောင်းဘူးပြောပြီး ကျူတာနဲ့ကျတော့ ရုပ်ရှင်ကိုပင် လိုက်တာတွေ့ရတဲ့အကြောင်း၊ အခုတော့ တမင်အရှက်ခွဲတာလိုကျနေတဲ့အတွက် မသန်းမြင့်ရဲ့အချစ်ကိုမှ လက်မခံရရင်ဖြင့် ဒီကျောင်းကြီးမှာ နေလို့လည်း မထူးပါဘူးဆိုပြီး မိမိကုသိုလ်ကံလည်း အကျိုးပေးမလှ၊ နဖူးစာ နံ့ချာရတဲ့အတွက် ကောလိပ်ဆိုတဲ့ နာမည်ကြီးကိုဖြင့် တစ်သက်လုံး မကြားချင်တော့ဘဲ ကျောင်းထွက်တော့မယ့်အကြောင်း၊ အိုဖတ်ရင်း ဖတ်ရင်း မျက်ရည်တွေ တောက်ကနဲ တောက်ကနဲ ကျလာအောင် ခွဲလိုက်ရင်တရော်ကင်ပွန်းသီး မကူရဘဲ သိပ်နေရာကျသွားမှာ"

"အင်း နားထောင်ရတဲ့လူတောင် ငိုချင်တာပဲ" ဟု ဘဦးက လွမ်းဟန်လုပ်ကာ လက်ခုပ်ဖြင့် မျက်ရည်ခံ၍ပြသောကြောင့် ရယ်မိကြလေ၏။

ကျော်ဝင်းကလည်း သိန်းဖေ၏စကားများကိုကြားလျှင် ဝမ်းသာသလိုလို

www.burmeseclassic.com


ဖြစ်လျက် "ဟုတ်တော့ ဟုတ်ပါတယ်။ နို့ပေတဲ့ ကျွန်တော်က စာရေးလိုက်ပါပြီတဲ့ သူက မကြိုက်လို့ စာကို ဝေးလို့၊ ဆက်ရက်မှ မပြန်တော့မှ ကျောင်းထွက်မယ်ဆိုတဲ့ စကားဟာ အလကားဖြစ်ပြီး အရှက်ကွဲနေပါဦးမယ်"

"ဩော်. . . တယ်ခက်သေးတဲ့လူပဲ။ ခင်ဗျားကို မကြိုက်ဘဲနဲ့ ဒီစကားမျိုး မေးပါ့မလားလို့ ကုန်ကုန်ပြောလိုက်မယ်ဗျာ၊ ခင်ဗျားကို သူက နည်းနည်းကလေးမှ မကြိုက်နိုင်ဘူးဆိုရင် ခင်ဗျားပဲ စိတ်ညစ်နေရမယ့်အတူတူ ကိုယ့်စကားနဲ့ကိုက်အောင် ဂျပ်ဆင်ကောလိပ် ပြောင်းလိုက်တာပေါ့ဗျ။ ဘာအရေးကြီးတာလိုက်လို့။ ကိုင်း ပြောနေကြာတယ်ဗျာ။ အခုရေးမယ်" ဟုဆိုကာ သိန်းဖေသည် စက္ကူနှင့် ဖောင်တိန်ထုတ်၍ သုံးဦးသား တိုင်ပင်ကာ အကြမ်းရေးကြလေ၏။

ရေးသားပြီးကြ၍ စာသား စကားသား ချောမွတ်အောင် ပြုပြင်ကာ အပြန်အလှန် ဖတ်ရှုကျေနပ်ကြမှ သိန်းဖေက "ကိုင်း ဥပဒေကြမ်းတော့ ရေးပြီးပြီ။ ကောင်စီကို တင်ပြီး မဲခွဲဖို့ပဲ ရှိတာပဲ။ ကဲ အချောကူးရေးပေတော့" ဟု ကျော်ဝင်းအား စာရွက်ကို လှမ်း၍ပေးလိုက်လေ၏။

ဘဦးလည်း ထ၍ "ကိုင်း ရေးကြဦး၊ ကျွန်တော်လည်း တင်းနစ်သွားပြီးရိုက်ဦးမှ" ဟု ဆိုကာ စားပွဲပေါ်မှ တင်းနစ်ရက်ကက်ကိုယူ၍ ထွက်သွားလေ၏။

"ကျွန်တော်လည်း အခန်းကိုပြန်ပြီး ရေချိုးလိုက်ဦးမယ်။ ခင်ဗျား ရေးပြီးရင် လာပြဦး။ ကျွန်တော့်ဆီမှာ တံဆိပ်ခေါင်းရှိတယ်။ ခင်ဗျားမှာ မရှိရင် လာယူလှည့်၊ ဒီစာကို ပို့ဖြစ်အောင် ပို့မှဖြစ်မယ်" ဟုဆိုကာ သိန်းဖေလည်း စားပွဲပေါ်သို့ ပစ်တင်လိုက်သော စာအုပ်များကို တစ်ခုစီ သိမ်းယူ၍ ထွက်ခဲ့လေ၏။ ကျော်ဝင်းမှာ စာရေးရင်း ကျန်ရစ်ခဲ့တော့၏။

ယူနီဗာစီတီ စာတိုက်တံဆိပ်ရိုက်လျက် လိုကယ်စာကို ပြုလုပ်၍ ထည့်လိုက်သောစာကို မသန်းမြင့် တွေ့ရှိရသောအခါ မည်သူပို့လိုက်သောစာများ ဖြစ်ပါလိမ့်မည်နည်းဟု သိလိုဇောနှင့် လျှင်မြန်စွာ ဖောက်ဖွင့်ကြည့်လိုက်ရာ လက်ရေးကို မြင်ရလျှင် ကျော်ဝင်း၏စာ ဖြစ်နေသည်ကို သိရလေ၏။ ထိုသို့တွေ့ရလျှင် မသန်းမြင့်သည် သိလိုဇော ထက်သန်လှသည် ဖြစ်သောကြောင့် စာကို လျှင်မြန်စွာ ဖောက်ဖတ်မိ၏။ ယင်းသို့ စာဖတ်ရင်း နှလုံးသွေးများ လျှမ်းတက်လျှံကြွ ခဏခဏ အမူအရာ ပြောင်းလဲလျက်ရှိကာ စာဖတ်ပြီးသောအခါ စာရွက်ကို ငေးစိုက်ကြည့်လျက် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ရောပြွမ်းနေသော မျက်နှာကို ထင်ရှားစွာ တွေ့နိုင်ပေတော့၏။

"ငါ့ကို သူ မမုန်းဘူး။ မမုန်းသေးဘူး။ ငါ သူ့အပေါ်မှာ မေတ္တာမရှိဘူးထင်လို့ သူ ကျောင်းက ထွက်ဖို့လုပ်တာပဲ။ ငါ ချစ်ပါတယ်ဆိုရင် သူထွက်ချင်မှ ထွက်မှာ၊ အခုတော့ သူ ထွက်သွားပြီ။ ငါ ဘယ့်နှယ်လုပ်ရပါ့မလဲ။ ငါ ချစ်မိတာ နောက်ကျနေပြီ။ ငါ ချစ်ကြောင်းပြောလို့ မီမှမီပါတော့မလား" ဟု ဝမ်းသာခြင်းတွင် ပူပန်သောင်းသော

www.burmeseclassic.com

www.burmeseclassic.com


စိတ်များ ရောထွေးလျက် ရှိမိရာက စာကို တစ်ဖန်ပြန်၍ ဖတ်မိသောအခါ "သူ ငါ့ကို ဆရာနဲ့ အထင်လွဲတော့တာပဲ။ ဒီလိုအထင်လွဲလို့ ဝမ်းနည်းရှက်ကြောက်ပြီး သူ့မျက်နှာကိုမှ အမြင်မခံချင်တဲ့အတွက် ကျောင်းကထွက်စာ တင်လိုက်တာပဲ။ ကိုကျော်ဝင်း ရှင် မှားတယ်။ သိပ်မှားတာပဲ။ ရှင် အထင်လွဲတာတွေကို ကျွန်မ ရှင်းပြီးပြလိုက်ချင်ပါရဲ့။ အခုတော့ ကျွန်မ ဘယ့်နှယ်လုပ်ပြီး ရှင်းရပါ့မလဲ။ ကိုကျော်ဝင်း ရှင့်ကို ကျွန်မ ချစ်တာ၊ ဆရာနဲ့ ဘာမှမဖြစ်တာကို ရှင် သိရင် ကျောင်းက မထွက်ဘူး မဟုတ်လား" ဟု ပါးစပ်မှ လှုပ်လှုပ်ရွရွ ပြောမိကာ မနေတတ် မထိုင်တတ် အကြံရကြပ်လျက် ရှိလေ၏။

သို့ဖြစ်ပြီးမှ "ငါ စာရေးမယ်၊ စာရေးမယ်၊ သူ့ကို စာပြန်လိုက်မယ်။ သူပြန်သွားဦးမှာ မဟုတ်သေးရင်တော့ မီမှာပဲ။ သူနဲ့ မတွေ့လိုက်ရဦးတော့ သူ့ဆီရောက်အောင် တစ်ယောက်ယောက်က လိပ်စာလွှဲပြီး ပို့လိုက်မှာပဲ။ သူ့စာထဲမှာလည်း သည်စာကို ရေးပြီး သူပြန်သွားပြီ မှတ်ပါလို့ဆိုတဲ့ စာမျိုးလည်း မပါဘူး။ သူ ငါ့စာကို စောင့်ဦးမှာပဲ။ အချိန်စေ့လို့ ငါ့စာကို မျှော်လင့်ချက် မရှိတော့မှ သူပြန်မှာပဲ။ ရေးမယ်၊ ရေးမယ်" ဟု နှလုံးပြုပြီးလျှင် စာကောက်၍ ရေးလေ၏။

'မောင်'ဟု ခေါ် ရကောင်းမည်လား၊ 'ကိုကို'ဟု ခေါ် ရကောင်းမည်လား။ ချစ်တဲ့ အချစ်ဦး ကျော်ကျော် . . . ဝင်းဝင်း . . . ကျော်ဝင်း။ 'အို မှားလိုက်တာ၊ ဘယ်ဟာ ငါ ရေးရပါ့ မလဲ' ဟု တစ်လုံးရေး၍ သဘောမကျရင်း စာရွက်ကို ဖြဲလိုက်ရင်း၊ အသစ်ရေးလိုက်ရင်း၊ ဖြဲလိုက်ရင်းနှင့် နာမည်တပ်ရန်ပင် တစ်နာရီနီးပါးမျှ စဉ်းစားရင်း အချိန်ကုန်၊ စာရွက် ကုန်ပြီးလျှင် 'မောင်' ဟူသော အသုံးနှုန်းကိုသာ သဘောကျမိပြီး သို့ခေါင်းစဉ်တပ်ပြီးမှ စာကို မည်ကဲ့သို့ ရေးသားပြန်ကြားမည်ကို မစဉ်းစားတတ် ဖြစ်မိသည့်အလျောက် မအေးစိန်အား တိုင်ပင်ရပြန်လေ၏။

မအေးစိန်သည် ကျော်ဝင်း၏စာကို ဖတ်ပြီးလျှင် တစ်စုံတစ်ရာမေးတော့မည် ပြုလိုက်ရာ မအေးစိန် မေးမည့်စကားကို ကြိုတင်၍သိသည်နှင့် "ဒီလို မအေးစိန်ရဲ့ အရင်တနင်္ဂနွေနေ့က သူလာတာကို ကျွန်မ သူ့ကို အတွေ့မခံရဲတာနဲ့ နေမကောင်းဘူးလို့ ပြောလိုက်တယ်။ အစကတော့ တနင်္ဂနွေနေ့ကို ရုပ်ရှင်လိုက်ပို့ဖို့ သူ့ကို မှာတော့ မှာတာပဲ။ ကျွန်မ ရှက်လို့ သူ့ကို အတွေ့မခံဘဲ နေလိုက်ပေမယ့်၊ ရုပ်ရှင်သွားဖို့ကလည်း အားလုံးစီစဉ်ထား၊ လိုက်ပို့မယ့်လူမရှိ၊ ဆရာကလည်း သူလိုက်ပို့မယ်လို့ အဖော်တွေကို ပြောတဲ့အပြင် မအေးစိန်တို့ကလည်း အတင်းခေါ် နေတာကြောင့် ကျွန်မလည်း စိတ်ညစ်ညစ်နဲ့ လိုက်ခဲ့ရတာပဲ။ အဲဒါကို ရုပ်ရှင်ရုံမှာ သူမြင်သွားတယ်ထင်တယ်။ ဒါနဲ့ သူ ကျွန်မအပေါ်မှာ အထင်လွဲပြီး စိတ်လည်းနာ၊ ရှက်လည်းရှက်၊ မျက်နှာလည်း မပြဝံ့တာနဲ့ ဒီစိတ်နဲ့ သူကျောင်းထွက်လိုက်တာပဲ" ဟု ပြောပြလေ၏။

"ကျောင်းက ထွက်ပြီတဲ့လား"

"ကိုသိန်းဖေပြောတဲ့စကားနဲ့ သူ့စာကိုထောက်ရင် ကျောင်းက ထွက်လိုက်ပြီ

www.burmeseclassic.com



ပဲ၊ နို့ပေမယ့် မပြန်သေးဘူး။ သူထွက်သွားရင်ဖြင့် ကျွန်မတော့ ဒုက္ခရောက်ရတော့မှာပဲ။ သူမထွက်အောင် ဘယ့်နှယ်လုပ်ရပ့ါမလဲ မသိဘူး၊ စာပြန်ပြီးပေးလိုက်ရင် မီမှမီပ့ါမလား။ တစ်ယောက်ယောက် အပေးလွှတ်ရရင်ကောင်းမလား"

"ဘယ်သူ့သွားပြီး အပေးခိုင်းမလဲ၊ စာရေးပြီး အပေးခိုင်းတာပေါ့"

"ဒါဖြင့် ဘယ်လိုရေးရမလဲ မအေးစိန်ရဲ့၊ ကျွန်မဖြင့် မကြံတတ်တော့ဘူး၊ အကုန်လုံး လျှောက်ပြီးရေးရမှာလည်း သိပ်ပြီးရှက်တာပဲ၊ ကြံစမ်းပါဦး"

မအေးစိန်သည် ကျော်ဝင်း၏စာကို ပြန်လှန်ဖတ်ရှု စဉ်းစားနေပြီးမှ "အို ဒါတော့ ရှည်ရှည်ရေးနေဖို့ မလိုပါဘူး။ သူ့အပေါ် မှာ မုန်းတဲ့စိတ်မထားကြောင်း၊ အစတုန်းကတော့ ဘယ်လိုမှ သဘောမထားသော်လည်း. . . အို ပေးစမ်းပါရှင် စက္ကူနဲ့ခဲတံ၊ ကျွန်မ ပါးစပ်ကပြောပြီး မပြတတ်ဘူး။ စာနဲ့ ရေးပေးမယ်။ ပြီးတော့မှ မသန်းမြင့် လက်ရေးနဲ့ အသစ်ကူးရေး" ဟု ဆိုပြီးလျှင် စာရွက်နှင့် ခဲတံယူ၍ အကြမ်းရေးလေရာ မသန်းမြင့်က တစ်လုံးစီ ဂရုစိုက်ကြည့်နေလျက် သဘောမကျသော စာသားများကို ပြင်ဆင်ဖြည့်စွက်နေလေ၏။

"မအေးစိန်ရဲ့. . . မမုန်းပါဘူးရေးလို့ ချစ်တယ်ဆိုတာ အဓိပ္ပါယ်ပေါက်မလား"

"မမုန်းရင် ချစ်တာ မဟုတ်လားလို့"

"မဟုတ်ဘူးရှင့်၊ သူက ပွင့်ပွင့်လင်းလင်းမှ ကြိုက်တယ်"

"တစ်ခါ ကျွန်မ ဒီလိုပြောတယ်။ သူက ဒါမျိုးကို မလိုချင်ဘူး။ ကြိုက်တယ် မကြိုက်ဘူး ရှင်းရှင်းမှတဲ့"

"ဟားဟား. . . ခုကတည်းက ဖြစ်နေလိုက်တာ။ တယ်ပြီး အကြိုက်သိတတ်တယ်။ ဟိုဟာများဖြစ်ရင် ဘယ့်နှယ်နေမလဲ မသိဘူး" ဟု ရွှန်းကာပြင်၍ရေးပေးရလေတော့၏။

သိန်းဖေနှင့် ဘဦးတို့လည်း ကျော်ဝင်း ကျောင်းမတက်ဘဲနေရမည်ကို ပူပင်ကာ ကျောင်းလခအတွက် တတ်နိုင်သမျှ ရှာဖွေစုဆောင်းပေးကြလေ၏။

"ရော့. . . ကိုကျော်ဝင်း၊ ကျုရှင်ဖိုးဟိုစတယ်ဖိုးနဲ့ ဖိုင်းချတာရော့။ အားလုံး ၃၅-ကျပ်။ မနည်းရှာခဲ့ရတယ်။ ပေးဖြစ်အောင် ပေးပါ။ မသုံးပစ်ပါနဲ့"

"မလိုချင်ပါဘူးဗျာ။ နေပစေ။ ကျောင်းလည်း မတက်ချင်ဘူး"

"သိပ်ခက်တဲ့လူပဲဗျာ။ ရှာရတဲ့ လူတွေဖြင့် သေလုပြီ။ ခင်ဗျားက မပေးချင်လုပ်နေတော့ ကျုပ်တို့ သေသာသေလိုက်ချင်တာပဲ။ ခင်ဗျား ဒီလိုကျောင်းမတက်ဘဲနေလို့ ပြီးမလားဗျ၊ မဟုတ်ပါဘူးဗျာ။ ကိုးလိုးကန့်လန့် မလုပ်စမ်းပါနဲ့"

"ကျွန်တော် သူ့ဆီက စာမရရင် ကျောင်းမတက်တော့ဘူး။ တစ်ခါတည်း ထွက်လိုက်မယ်။ အခု ကျောင်းလခ သွင်းထားလို့ ဘာလုပ်တော့မလဲဗျ"

"နားမလည်ဘူးဗျာ။ ခင်ဗျား မပေးရင် ကျွန်တော်ကိုယ်တိုင်သွားပြီး သွင်းပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်။ အဲဒါပဲ။ ခင်ဗျားကိုယ်တိုင် သွင်းမလား၊ ကျွန်တော်တို့ သွင်းပေးရမလား၊ ဒီနှစ်ခုပဲ ရွေးပေတော့" ဟု ဇွတ်အတင်း လုပ်ကြတော့မှ. . .

"ပေးခဲ့ဗျာ၊ ကျွန်တော် သွင်းမယ်"

"တကယ်ပြောတာလား"

"သွင်းပါ့မယ်ဆိုရင် ပြီးရောမဟုတ်လားဗျာ"

"ဒါဖြင့် မြန်မြန်သွား။ စနေနေ့ စာစောပိတ်လိမ့်မယ်။ ကက်ရှာပြန်သွားမှဆိုရင် လက်ခံမှာ မဟုတ်ဘူး" ဟု ဆိုသည့်အတွက် ကျော်ဝင်းလည်း မယူချင့် ယူချင်ဖြင့် ငွေကိုယူကာ အဝတ်အစား လဲပြီးလျှင် ကျောင်းသို့ မသွားချင့်သွားချင် ထွက်ခွာသွားလေ၏။

ထိုသို့ ထွက်ခွာသွားလိုက်သည်မှာ နေ့တစ်ဝက်အပြီး ကျောင်းလွှတ်ချိန်တိုင်အောင် ကျော်ဝင်း ပြန်၍မလာသည်ကို တွေ့ကြရသဖြင့် အမျိုးမျိုးတွေးတောပူပင်ကာ ကျောင်းမှပြန်လာသူအချို့အား ကျော်ဝင်းအား မြင်,မမြင် မေးမြန်းကြရာတွင် မည်သူကမျှ တွေ့သည်မပြောသဖြင့် စဉ်းစားရခက်နေကြစဉ်ပင် ကျောင်းသားတစ်ယောက်က "ကျောင်းတော့လာတာ မြင်တယ်။ နို့ပေတဲ့ လာပြီးမှ ဘယ်ရောက်သွားမှန်း မသိဘူး။ ကန်ဘက်သွားတယ်လို့ ထင်တာပဲ" ဟု ပြောသောကြောင့် ဘဦးနှင့် သိန်းဖေတို့မှာ မျက်လုံး မျက်ဆံပြာ၍ သွားကြလေ၏။

"မဖြစ်ဘူး ကိုသိန်းဖေ၊ ကန်ကို သွားကြည့်ကြဦးမှပဲ။ ဒီလူ စိတ်ချရတဲ့လူ မဟုတ်ဘူး။ ရေထဲဆင်း သေချင်သေမှာ"

"အစစ်ပဲဗျို့၊ လိုက်ကြဦးမှဖြစ်မယ်။ ကျွန်တော် မသန်းမြင့်ကို ပြောပြလိုက်တဲ့စကားဟာ နိမိတ်ဖတ်တာ ဖြစ်ချင်ဖြစ်နေဦးမယ်"

"ဟုတ်ပါရဲ့ဗျာ၊ ခင်ဗျားကလည်း ကြံကြံဖန်ဖန် ပြောတတ်တယ်။ အရှူးဆယ်ခွန်းပြော တစ်ခွန်း မှန်တတ်တယ်"

"တော်စမ်းပါဗျာ၊ အရေးထဲ ရန်စကား ပြောမနေစမ်းပါနဲ့။ လာ သွားကြမယ်"

သိန်းဖေနှင့် ဘဦးတို့သည် အင်းလျားကန်စောင်းတစ်လျှောက် ဒေါင်ချာစိုင်းအောင် ရှာကြပြန်လေ၏၊ သို့ရာတွင် လူရိပ်လူယောင် ဘယ်မှာမှ မတွေ့သဖြင့် ဘဦးမှာ သိန်းဖေထက် ပို၍ပူတတ်သဖြင့် "သေပါပြီဗျာ။ သွားရှာပြီ၊ ရေထဲနစ်နေမှာပဲ။ တစ်ရက်နဲ့တော့ မပေါ်သေးဘူး"

"မဟုတ်သေးပါဘူးဗျာ၊ ရေထဲ ဆင်းသေတယ်ဆိုတာ မလွယ်ပါဘူး။ တစ်ယောက်ယောက်တော့ မြင်တဲ့လူ ရှိမှာပါပဲ"

"မမြင်အောင် ခုန်ချတော့ ဘယ့်နှယ်လုပ်မလဲ"

"ကိုင်းဗျာ၊ ခုထက်ထိ ခင်ဗျားစိတ်ထဲမှာ ထင်နေသေးရင် ကမ်းစပ်မှာ လိုက်ကြည့်ဗျာ။ ဖိနပ်ဖြစ်ဖြစ်၊ အဝတ်အစားဖြစ်ဖြစ် တစ်ခုခုတော့ ထားခဲ့မှာပဲ" ဟု သိန်းဖေ

www.burmeseclassic.com

www.burmeseclassic.com



တ ပြောသောကြောင့် ဘဦးလည်း ရှာရန်သဘောတူကာ ရှာကြလေ၏။

သို့သော် မည်သို့မျှ သဲလွန်စ မတွေ့သဖြင့် သိန်းဖေမှာ စိတ်ပျက်သွားပြီးလျှင် "ဒီလိုလည်း ဟုတ်မယ် မထင်ပါဘူးဗျာ။ မရှိတဲ့ဥစ္စာ ရှာမနေပါနဲ့တော့" ဟု ပြောဆိုကာ ဘဦးအား အတင်းဆွဲခေါ်လာသဖြင့် ဘဦးမှာ ရှာချင်သေးသောစိတ် မကုန်သေးဘဲ လျက် ပြန်၍လိုက်ခဲ့ရလေ၏။

ဘဦးနှင့် သိန်းဖေတို့မှာ ကျောင်းဆောင်သို့ ပြန်၍ရောက်သော်လည်း စိတ်မှာ ဝင် မအေးကြသေးပေ။ ရေထဲ ခုန်ချတာပဲ ကြားရမလား၊ မီးရထား အကြိတ်ခံရတာပဲ ကြားရမလား၊ အဆိပ်သောက်ပြီး လမ်းမပေါ်မှာ လဲနေတာပဲ ကြားရမလားနှင့် တထိတ် ထိတ်ဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက် မှိုင်လိုက်နှင့် စကားမပြော ဘဲ အတွေးထုတ်၍နေကြလေ၏။

ညနေသို့ ရောက်သော်လည်း ကျော်ဝင်းအကြောင်း ဘာမျှမကြားရ၊ ပြန်၍ လာသည်ကိုလည်း မတွေ့ရသဖြင့် သာ၍ပင် စိတ်ပူမိကြလေ၏။ မြို့ထဲမှ ပြန်လာ သူတွေ လာကြသဖြင့် ၎င်းတို့အား "ကျော်ဝင်းအား မတွေ့လိုက်ကြဘူးလား" ဟု မေး သော်လည်း မမြင်မသိသူတွေ များ၍နေသောကြောင့် နောက်ထပ်မေးလျှင် သေပြီဟူ၍ သာ ကြားရတော့မည်ကို စိုးရိမ်သဖြင့် မေးပင်မမေးရဲတော့အောင်ရှိကာ မှိုင်တွေချ၍ နေကြလေ၏။

"စာတစ်စောင်တစ်ပဲ၊ စာတစ်စောင်တစ်ပဲ၊ ယေးက်ထိုး ချစ်တီးယေးက်ကာ နား ယေးက်ထိုး၊ ချစ်တီးယေးက်ကာနား။ ကြိုက်တာယူရင် တစ်ပဲစီ။ တစ်ခုယူလည်း တစ်ပဲစီ၊ နှစ်ခုယူလည်း တစ်ပဲစီ၊ ဗမာယူလည်း တစ်ပဲစီ၊ ကုလားမ,ယူရင် ခြောက်ပြား" တူ၍ အော်ကာဟစ်ကာ သူငယ်ချင်းများ၏စာကို ပြန်ပေးလုပ်နေကြသော ကျောင်း သားများ၏ အသံကို ကြားရသဖြင့် စာများ ရောက်ရှိလာသော အချိန်ဖြစ်ပြီကိုသိကာ ဘဦးသည် အခန်းထဲမှ ထွက်သွားပြီးလျှင် စာယူရန် ထမင်းစားခန်းထဲသို့ သွားလေ၏။

'ကောင်တာ' ပေါ်တွင်ထားသော စာများကိုကြည့်ရာ မိမိစာလည်း မတွေ့ရ သိန်းဖေစာလည်း မတွေ့ရဘဲ မှောက်နေသော စာတစ်စောင်ကို လှန်လိုက်ရာ ကျော်ဝင်း ၏လိပ်စာတပ်ထားသည့် စာကို တွေ့ရလေ၏။ 'ဘယ်ကစာပါလိမ့်မလဲ' ဟု တံဆိပ်ရိုက် ထားသည်ကို တွေ့လိုက်ရာမှ ယူနီဗာစီတီစာတိုက်တံဆိပ် ဖြစ်နေသည်ကို တွေ့ရသဖြင့် စာကိုယူ၍ သိန်းဖေ ရှိရာသို့ ပြေးလာလေ၏။

"ကိုသိန်းဖေ စာလာပြီဗျာ။ စာလာပြီ၊ ဟောဒီမှာ ကျောင်းထဲက ပြန်ပြီးပေးတဲ့ စာပဲ"

"ပေးစမ်း၊ ပေးစမ်း" ဟုဆိုကာ စာကို လှမ်း၍ယူလျက် လိပ်စာတပ်ထားသော လက်ရေးကိုကြည့်ရာ လက်ရေးလက်သားကောင်းသည်ကို တွေ့ရသဖြင့် မိန်းမလည်း မဆိုသာ၊ ယောကျ်ား ဟုတ်သည်လည်း မဆိုနိုင်ဘဲ စဉ်းစားရ ခက်နေပြီးမှ "ခိုင်ဆေး

www.burmeseclassic.com

www.burmeseclassic.com

ကိုဘဦး၊ မသန်းမြင့် စာအုပ်ကို ကိုကျော်ဝင်း ငှားတုန်းက လက်ရေးကို သေသေချာချာ မှတ်မိလိုက်ရဲ့လား"

"မှတ်တော့ မမှတ်မိဘူးဗျ။ နို့ပေတဲ့ မသန်းမြင့်စာပဲဗျ။ မလွဲပါဘူး။ ကျောင်းထဲက ပြန်ပြီးပေးဖို့ဆိုရင် သူပဲ ရှိတာပဲ။ အကြောင်းသိရအောင် ဖောက်ကြည့်ဗျာ"

"မလုပ်ပါနဲ့ဗျာ။ သူ့စာ ဖောက်ရမလားဆိုပြီး စိတ်ဆိုးနေဦးမယ်။ မသန်းမြင့် စာဆို တော်ပါရဲ့။ သူများစာဆိုရင် ခက်နေမှာ။ တစ်ခါတုန်းကလည်း မိန်းမလက်ရေးနဲ့ စာတစ်စောင်တွေလို့ ရည်းစားစာမှတ်ပြီး စာတစ်စောင် လက်ဖက်ရည်တစ်ခွက်နဲ့ ပြန်ပေးလုပ်မိတယ်၊ ရည်းစားစာ မဟုတ်ဘဲ နှမက လိပ်ထိုးပြီးပေးလိုက်တဲ့စာ ဖြစ်နေလို့ သိပ်အားနာသွားတာပဲ။ ကိုယ်ကတောင် လက်ဖက်ရည် ပြန်တိုက်ပြီး ချော့လိုက်ရသေးတယ်"

"ကိစ္စမရှိပါဘူးဗျာ။ ဖောက်သာ ဖောက်ပါ။ မသန်းမြင့်စာ ဖြစ်မှာပါပဲ။ အရေးကြီးတယ် ဆိုရင်လည်း ကိုကျော်ဝင်း လိုက်ရှာသင့် ရှာရအောင်ပေါ့ဗျာ။ ပေးပါဗျာ။ ကျွန်တော် ဖောက်မယ်။ ကိစ္စရှိရင် ကျွန်တော့်တာဝန်ထားလိုက်" ဟုဆိုကာ သိန်းဖေ၏ လက်ထဲကစာကိုယူ၍ ဖောက်ဖွင့်လိုက်ပြီးလျှင် နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ အားတက်သရော ဖတ်ကြသည်တွင် စာထဲ၌. . .

ကိုကိုဝင်း

ဤစာကို ရေးရသည်မှာ မြင့်၏စိတ်ထဲတွင် များစွာရှက်မိသဖြင့်၊ မရေးတော့ပါဟု စာကို အတန်တန် ဆုတ်ပစ်မိသော်လည်း ကိုကိုဝင်းထံမှ အကြိမ်ကြိမ်ပေးသော စာများသည် မြင့်၏စိတ်နှလုံးကို အမြဲတိုက်လိုက်ကာ သိမ်းကျုံးဆွဲငင်နေကြသည့်အလျောက် အတန်တန်ခုခံ ငြင်းပယ်၍ မရနိုင်တော့ဘဲ၊ မြင့်မှာ ကိုကိုဝင်း၏ ဆွဲဆောင်ရာသို့ ပါရတော့ပါသောကြောင့် ယခုအခါမှာ ကိုကိုဝင်း၏စိတ်နှင့်သာလျှင် အစဉ်မပြတ် တမ်းတပူဆွေးနေရသည့်အတွက် အရှက်ကို မငဲ့ကွက်နိုင်တော့ဘဲ ရေးရပါတော့သည်။

ကိုကိုဝင်း၏စာတွင် မြင့်နှင့်ဆရာ အထင်မှားပြီးလျှင် ရေးသားလိုက်သည်ကို ဖတ်ရှုရသောအခါ မြင့်မှာ များစွာပင် စိတ်မကောင်းဘဲ ဝမ်းနည်းမိပါသည်။ ကိုကိုဝင်းသည် မြင့်အပေါ်၌ အထင်လွဲ၍ ကျောင်းမှ ထွက်တော့မည်ဟုဆိုလျှင် မြင့်မှာ များစွာစိတ်မကောင်းဘဲ ဝမ်းနည်းမိပါသည်။ ကိုကိုဝင်း၏စိတ်နှင့် မြင့်မှာ အမြဲပင် ပူဆွေးလျက် အသည်းကျွမ်းရပါတော့မည်။ မြင့်ကို သနားလျှင် ဆရာနှင့် မြင့်အကြောင်း အပျက်ကို မြင့်ကိုယ်တိုင် ရှင်းလင်းပြောပြခြင်းကို နားထောင်စေချင်ပါ

www.burmeseclassic.com

သည်။ သို့နှင့်မှ ကိုကိုဝင်း မြင့်အပေါ်တွင် သနားညှာတာခြင်း မရှိဘဲ ကျောင်းမှ ထွက်၍သွားမည်ဆိုလျှင် မြင့် ကုသိုလ်ဆိုးလေခြင်းဟု ဝမ်းနည်းပက်လက်ဖြစ်လျက် ကျန်ရစ်ပါတော့မည်။

တနင်္ဂနွေနေ့တွင် ကိုကိုဝင်းကို မြင့် စောင့်မျှော်၍နေပါမည်။ မြင့်ကို တကယ်ချစ်လျှင် ဆက်ဆက်လာခဲ့စေလိုပါသည်။

မြင့်

ဟူသော စာကို ဖတ်ရှုရလိုက်သည်နှင့်တစ်ပြိုင်နက် သိန်းဖေသည် အလွန်အမင်း ဝမ်းမြောက်ဝမ်းသာခြင်းဖြင့် ထ၍ခုန်ကာ "ဖေကြဲတာဗျ၊ ဖေကြဲတာဗျ" ဟု အားရပါးရ ဟစ်အော်လိုက်သည်တွင် ဘဦးလည်း ရောနှောကာ "ပွတာပဲ၊ ပွတာပဲ၊ ပွတာပဲ၊ ပွတာပဲ" ဟု သံချပ်ထိုး၍ပေးသဖြင့် သိန်းဖေလည်း ကွေးအောင်ကလေရာ၊ ဆူဆူညံညံအသံများကို ကြားရသဖြင့် အခြားကျောင်းသားများ ပြေးလာကြလေ၏။

"ဘာပွတာလဲဗျ၊ ဘာပွတာလဲဗျ" ဟု မေးသည့်မြန်းသည့်အသံများမှာ တစ်ခန်းလုံးပြည့်၍သွားလေ၏။ သိန်းဖေနှင့် ဘဦးတို့မှာ ၎င်းတို့ အမေးကို မဖြေနိုင်ဘဲ စာရွက်ကလေးကိုသာ ကိုင်မြှောက်ကာ ဝမ်းသာအားရ ကခုန်လျက် ရှိကြသဖြင့် အချို့ကျောင်းသားများကလည်း ဘုမသိဘမသိ ရောနှောခုန်ပေါက်ကာ ဝိုင်းဝန်း၍ လုကြရာ သိန်းဖေသည် စာကိုမပါစေဘဲ အင်္ကျီကိုသာ အပြခံကာ လွတ်အောင်ရုန်းကန်လျက် ကျောင်းကို ပတ်ပတ်လှည့်ပြီး ပြေးလေ၏။

ထိုအခိုက်တွင် ကျောင်းရှေ့သို့ မော်တော်ကားတစ်စီး ဆိုက်လာပြီးလျှင် မော်တော်ကားပေါ်တွင် ပါလာသူသည် ဝမ်းသာအားရ ကျောင်းပေါ်သို့ ပြေးတက်လာကာ " ငါမှ တကယ်ပွတာကွ" ဟု ကျယ်ကျယ်ကြီး အော်လိုက်သဖြင့် သိန်းဖေအားလိုက်နေသော ကျောင်းသားများသည် ထိုသူဘက်သို့ လှည့်ကာ "ဝေးဟေးဟေး ကိုကျော်ဝင်းကွ" ဟုဆိုကာ ကျော်ဝင်းထံသို့ လှည့်ပြေးကြပြန်လေ၏။ သိန်းဖေနှင့် ဘဦးတို့လည်း ကျော်ဝင်း၏အသံကို ကြားရသဖြင့် အမြန်ပြေးလာကြပြီးလျှင် "ဟေ့ ကိုကျော်ဝင်း၊ ခင်ဗျား ဘယ်ပြေးနေသလဲ" ဟု မေးမှ. . .

"ကျုပ် ပွတယ်ဗျာ။ ငွေလေးရာ မြင်းပွဲက ပွလာတယ်ဗျာ"

"ဟာ. . . တော်လည်းတော်တဲ့လူပဲ။ ကျွန်တော်တို့ဖြင့် ခင်ဗျား ပျောက်လို့ ရှာ လိုက်ရတာ၊ လက်စသတ်တော့ ကိုယ်တော်မြတ်က မြင်းပွဲ သွားနေတာကိုးဗျ။ ခင်ဗျား လောင်းဖို့ ပိုက်ဆံ ဘယ်ကရသလဲ"

"ခင်ဗျားတို့ ပေးလိုက်တဲ့ ကျောင်းလခတွေ ကျောင်းကို သွားပြီးပေးမယ်လို့

www.burmeseclassic.com



ကြံ့ရင်း ကိုထွန်းမြတ် ပြောသွားတာ သတိရပြီး စိတ်ညစ်ညစ်နဲ့ မြင်းပွဲ သွားလောင်းတာ ကံကောင်းတော့ ငွေလေးရာ ပွလာတာပေါ့ဗျ"

"ဘယ်မြင်းလဲဗျ၊ ဘယ်မြင်းလဲ"

"သိန်းသိန်းဝင်းဗျ" ဟု ပြောလိုက်သည်တွင် ကျောင်းသားများသည် အားရဝမ်းသာ ခုန်ပေါက်အော်ဟစ် ဆူညံလျက် ရှိကြလေ၏။

ပြီးမှ သိန်းဖေက "စာတစ်စောင် ရွှေဒင်္ဂါးတစ်ပြား၊ စာတစ်စောင် ရွှေဒင်္ဂါ တစ်ပြား။ ယေးက်ထိုးချစ်တီး၊ ယေးက်ဂီနီး" ဟုအော်ကာ စာရွက်ကိုထောင်ပြီး ပြေးလေရာ ကျော်ဝင်း၏ မျက်နှာတွင် ရွှင်လန်းခြင်း ပိုမိုထူးကဲစွာဖြစ်လျက် "တကယ်လား" ဟု မေးရာ ဘဦးက "တကယ်ပေါ့ဗျာ၊ ပွတာဗျ၊ ပွတာ" ဟု အော်ရင်းပြေးသောကြောင့် ကျော်ဝင်းလည်း အတင်းပြေး၍ လိုက်လေ၏။ သိန်းဖေမှာ အခြားကျောင်းသားများ မရှုပ်နိုင်သော နည်းလမ်းကို လုပ်ခြင်းဖြစ်ရကား အခန်းထဲသို့ မိမိတို့သုံးဦး ရောက်သည်နှင့်တစ်ပြိုင်နက် တံခါးကို ပိတ်ထားလိုက်သဖြင့် ပြေး၍လိုက်လာကြသော ကျန်ကျောင်းသားများမှာ အပြင်ဘက်ကသာ တံခါးကို တဗုန်းဗုန်းပုတ်၍နေကြလေတော့၏။

"ကိုကျော်ဝင်း ဒီနေ့ကတော့ ခင်ဗျား ရာကျော်ကက်ကွမ်းတာပဲဗျ၊ ရော့ ဟောဒီမှာ မသန်းမြင့်စာ"

ကျော်ဝင်းလည်း စာကို အားရပါးရ ဖတ်ရှုလေ၏။ ဖတ်ရှုပြီးသည်နှင့်တစ်ပြိုင်နက် "ဖိုးကော်ကွ၊ ဖိုးကော်" ဟူ၍ အားရပါးရ အော်ဟစ်ခုန်ပေါက်လိုက်ရာ သိန်းဖေလည်း "ဖေကြံ့တာဗျ၊ ဖေကြံ့တာ" ဟုဆိုရင်း ခေါ်တောက ကပြလိုက်သဖြင့် တအုံးအုံး ရှိကြလေရာ အပြင်ဘက်၌ နေသူများသည် ဝင်ချင်လှပြီ ဖြစ်သောကြောင့် တဗုန်းဗုန်း၊ တဒိုင်းဒိုင်း အခန်းကို ရိုက်ပုတ်ကြလေ၏။

အခန်းတွင်းကနေ၍ သိန်းဖေက "ဗျို့ ကာလသားတွေ ဖြည်းဖြည်းဗျ။ ဖြည်းဖြည်း။ ခဲဖိုး လိုချင်ရင် ပေးပါ့မယ်။ ဆိုင်ရာလူကြီးနဲ့ ပြောကြပါဗျ" ဟု လှောင်ပြောင်လိုက်သဖြင့် "ဝေး ဟေးဟေး" ဟု အပြင်ဘက်မှ အော်လိုက်ကြလေ၏။

ထိုခဏတွင် အခန်းတံခါး ဖြုန်းကနဲ ပွင့်လာကာ သိန်းဖေသည် တံခါးဝတွင် ရပ်လျက်. . .

"တိုင်းသူပြည်သား လူအများတို့လေ" ဟု ဆိုရာ. . .

"ဝေးဟေးဟေး" ဟု ဆူညံ၍သွားကြလေ၏။

"စိန်ရေတွင်း၊ ဝီစကီတွင်းပုလင်းဒုဋ္ဌာ၊ ဇဝက်သာ လက်ချားတို့၏ အရှင်မင်းဖြူ မင်းနက်တို့၏သခင် ကိုကျော်ဝင်း၏အမိန့်ဘော်" ဟု အစချီလိုက်ရာ ကျောင်းသားများလည်း ဟာသဉာဏ် ထက်သန်လှသည့်အလျောက် တညီတညာတည်း ကြမ်းပေါ်တွင် ဒူးထောက်လျက် အမိန့်နာခံသည့်ဟန် လုပ်လိုက်ကြလေ၏။

"ဤနေ့ ဤရက် အခါကောင်း မင်္ဂလာအချိန်တွင် မြင်းပွဲမှ ငွေလေးရာပွသည့်

www.burmeseclassic.com

www.burmeseclassic.com



အပြင် အကြြင်သို့သော ချစ်သူရည်းစားလဆွိုးတားအလှထံမှ ကောင်းမြတ်သောလွှာသဝဏ်ကို ရသဖြင့် ဝမ်းမြောက်ဝမ်းသာသော အထိမ်းအမှတ် ဖြစ်စေရန် လက်ဖက်ရည်ဆိုင်တွင် စတုဒီသာပွဲကြီး ကျင်းပလိမ့်မယ်။ လှဲနေလှေအောင်း မြင်းဇောင်းမကျန် ထွက်ကြစေဗျား" ဟု ဆိုပြီးလျှင် "လက်ဖက်ရည်ဆိုင် ဘယ့်နှယ်ဝိုင်းမယ်"

"ဒစ်နှယ်ဝိုင်းမယ်"

"လက်ဖက်ရည် ဘယ့်နှယ်သောက်မယ်"

"ဒစ်နဲ့၊ ဟာ မကောင်းပါဘူးဗျ၊ ဒီစကားသိပ်ဆိုးတာပဲ" ဟု ရယ်ရယ်မောမော ပြောဆိုကြစဉ် "ဒို့လူကလေးများ ဆိုသလေး၊ ဝေးဟေးဟေး၊ လာကြဟ သွားကြမယ်" ဟု အော်ကာ ဟစ်ကာ ဆူညံစွာ လက်ဖက်ရည်ဆိုင်သို့ တသီတတန်းကြီး ပျော်ရွှင်စွာ သွားရောက်ကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မြူနှင်းရည်လျှမ်းဆို့၍ လွှမ်းဖို့ရန်ကောင်းလှသော ဆောင်းလရာသီ ဤသော အခါသမယ ဖြစ်သဖြင့် အရှေ့တစ်ခွင်မှ နီလွင်သော ရောင်ခြည်များသည် ငွေရည် အဆင်းရှိသော မြူနှင်းတို့၏အကြားမှ လွှမ်းဆွတ်ကြည်နူးဖွယ်ရာ ထွက်ပေါ်၍လာကာ ယနေ့ကား တနင်္ဂနွေနေ့တည်းဟု ကမ္ဘာလောကဓာတ်ကြီးအား ကြွေးကြော်ဖော်ပြဘိ အလား ရှိပေ၏။

ကျော်ဝင်းသည် အိပ်ရာမှ သမ်းဝေ၍ထကာ တံခါးကိုဖွင့်လိုက်ရာ သာယာ သောရှုခင်းတို့ကို တွေ့မြင်ရသောကြောင့် ကြည်လင်ရွှင်လန်းသောမျက်နှာဖြင့် လောက ဓာတ်ကြီးကို ကြည့်၍ပြုံးမိလေ၏။ အစွမ်းကုန်ပျော်ရွှင်ခြင်းသည် ကျော်ဝင်း၏ ဟာဒယ နှလုံးတွင် တည်လျှက်ရှိလေတော့၏။ ယနေ့ကား မသန်းမြင့်နှင့် တွေ့ဆုံကာ အချစ် တည်းဟူသော လမ်းကြောင်းကြီးတွင် ပျော်ပျော်ရွှင်ရွှင်ကြီး စတင်လမ်းလျှောက်ရတော့ မည်ဖြစ်သည်ကို နှလုံးပြုလျက် ဤတနင်္ဂနွေနေ့ကြီးသည်ကား မိမိ၏တစ်သက်တာတွင် မမေ့ပျောက်နိုင်၊ မမေ့အပ်သော နေ့ကြီးပေတကားဟူသော အမှတ်အသားဖြင့် ပြက္ခဒိန် ပေါ်တွင် မင်နီဖြင့် ရေးသားထားလိုက်လေ၏။

သိန်းဖေနှင့် ဘဦးတို့လည်း ကျော်ဝင်း၏အရေးသည် မိမိတို့နှင့် သက်ဆိုင်ဘိ သည့်အလား တအားကုန်ပျော်လျက် ရှိကြလေတော့၏။ ဤသုံးဦးသော မိတ်ဆွေတို့ သည်ကား ထိုနေ့ ထိုရက်အဖို့၌ ကမ္ဘာပေါ်တွင် အပျော်ဆုံးသောသူများ ဖြစ်ကြသည်ဟု ဆိုဖွယ်ရာပင် ရှိချေ၏။ တစ်မနက်လုံး သိန်းဖေနှင့် ဘဦးတို့သည် ကျော်ဝင်းအား မသန်းမြင့်နှင့် ပတ်သက်ပြီးလျှင် ကျီစယ်၍အားမရနိုင်အောင် ရှိကြလေ၏။ ဘဦးသည်

www.burmeseclassic.com

www.burmeseclassic.com

ကား မသန်းမြင့်လုပ်၍ သိန်းဖေကား ကျော်ဝင်းသင္ကြာန်လုပ်ကာ ရုပ်ရှင်ဇာတ်ခင်းလိုက်ကြသည်မှာလည်း တသောသောပင် ရှိပေတော့၏။ ကျော်ဝင်းကား ပြုံးပြုံး ပြုံးပြုံးနှင့် နှလုံးတွင်အကြည်ဆိုက်လျက် အထူးပင်ရွှင်ပျော်၍နေတော့၏။

ယင်းသို့ ရှိကြရာမှ သိန်းဖေက ခေါင်းကိုကုတ်ကာ "ရှေးခေတ်သာပြန်ပြီးရောက်ချင်တာပဲဗျာ" ဟု ညည်းညူသည့်သင္ကြာန် လုပ်လိုက်ရာ. . .

"ဘာအကြောင်းကြောင့် ရှေးခေတ်ဟောင်း အောက်မေ့နေပါလိမ့်"

"ကိုကျော်ဝင်းနဲ့ မသန်းမြင့် ပေါင်းကြမယ်ဆိုရင် လှူဘောင်ကို ငြိုးငွေ့ပြီးအရည်းကြီး ရဟန်းလုပ်ချင်လို့" ဟု ပြောလိုက်မှ ဝါးကနဲ ပွက်သွားကာ ကျော်ဝင်းကထ၍ သိန်းဖေကျောကို မနာမကျင် ထုသဖြင့် " အလယ်လယ်. . . နာပါတယ်တော့" ဟု အောင်ဗလဟန် လုပ်လိုက်ပြန်သောကြောင့် တသောသော ဖြစ်မိကြလေ၏။

ထိုသို့ ပျော်ရွှင်ခွေ့ပြုံး နှလုံးတွေ့လျက် ရှိကြရာမှ အင်းလျားဆောင်သို့သွားရောက် တွေ့ဆုံနိုင်ရန် အချိန်ကျရောက်သောအခါ၊ ကျော်ဝင်းသည် မသန်းမြင့်နှင့်တွေ့ရှိပြီးက မြို့ထဲသို့ခေါ်ကာ ပျော်ပျော်ကြီး လည်ပတ်မည်ဟု နှလုံးပြုလျက် အဆောင်မှူး၏အိမ်သို့သွားကာ တယ်လီဖုန်းစကားပြောရန် အခွင့်တောင်းပြီးလျှင် ကားတစ်စီးမှာလိုက်လေ၏။

ကားရောက်လာ၍ ကားပေါ်သို့ ကျော်ဝင်း တက်လိုက်သည်နှင့် တစ်ပြိုင်နက်လေ့ကားခုံမြင့်ပေါ်မှ သိန်းဖေ၊ ဘဦးနှင့် တစ်ကွသော ကျောင်းသားတစ်စုတို့သည် "အောင်ကြောင်းစေရာ ဟ အာ၊ တုနယ်တဲ့ တူးနဲနယ်တဲ့ဂိုမ်း၊ အောင်စေရာ အောင်စေကြောင်းကို အောင်စေဟေဟော့ရာ၊ အောင်စေကြောင်းကို တောင်းဆုပန်ကြား၊ လဲတဲ့တူနယ် လယ်တီး တုနဲ့လပြောင်" ဟူ၍ စည်တော်များ၊ အဆိုအက အတီးအမှုတ်များဖြင့် အသုံးတော်ခံလိုက်ကြရာ ကျော်ဝင်းသည် ကျေကျေနပ်နပ်ကြီးပြုံးလျက် ကားပေါ်တွင်ထိုင်၍ပါသွားလေ၏။

သို့ပါသွားရာ "ဗျို့. . . ကိုကျော်ဝင်း၊ ခင်ဗျားတို့ ရှင်လောင်းလှည့်လာရင် ဒီလမ်းက လှည့်ခဲ့ပါဗျို့" ဟု အော်ဟစ်ကာ ရွှင်လန်းဝမ်းမြောက်စွာကြည့်လျက် ကျွန်ရစ်ကြလေ၏။

ယင်းသို့ မှာကြားလိုက်သည့်အတိုင်း နာရီဝက်ခန့်ကြာသည့်အချိန်မှစ၍ ကျောင်းသားတစ်စုတို့သည် မကြာခဏ ဝင်းတံခါးဝသို့ထွက်ကာ ကျော်ဝင်း၏ကား လာ,မလာကို ကြည့်ကြလေ၏။

"လာပြီဟေ့ လာပြီ" ဟု ကျောင်းပေါက်ဝမှ အော်လိုက်သော တစ်ခဲနက်သော အသံကြီးကို ကြားရသဖြင့် ကျောင်းတော်သားတစ်စုတို့သည် ကျောင်းပေါက်ဝသို့ အယားဖားယား ဆင်းပြေးလာကြကာ "ဖောလင်း" ဟု တစ်ယောက်က အမိန့်ပေးလိုက်သည်တွင် အားလုံး တညီတညွတ်တည်း တည့်မတ်စွာ ရင်ကော့လျက် စီတန်းနေကြ

www.burmeseclassic.com

လေ၏။

အရှေ့ဘက်မှမောင်း၍ ဆင်းလာသော ကားပေါ်တွင် ကျော်ဝင်းနှင့် မသန်းမြင့်တို့ ပါလာကြကာ ကျောင်းတော်သားတို့ ရှေ့တည့်တည့်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် "ဆလျူ" ဟူသော အမိန့်သံ ပေါ်လာပြန်ကာ ယူတီစီ စစ်ရေးပြသလို ပြိုင်တူ ညီညာစွာ အရိုအသေပြုလိုက်ကြရာ ကျော်ဝင်းမှာ ကြည့်၍ပြုံးမိလျက် မသန်းမြင့်မှာ ရှက်သောပြုံးခြင်းဖြင့် တစ်ဘက်လှည့်၍ ပြုံးမိလေ၏။

ကားလွန်သွားသည်နှင့်တစ်ပြိုင်နက် "ဒစ္စမစ်" ဟု အော်လိုက်သည်တွင် အစီအတန်းကို ဖျက်လိုက်ကြကာ 'ကားပေါ်အတူယှဉ် လူမြင်မှာ ရှက်သရှင်၊ သန်းကောင်အချိန်တွင် ရွှေပါးအပ်ချင်' ဟူသော တီးလုံးဖြင့် သီဆိုလက်ခုပ်တီးပေးကြ၍ သိန်းဖေက အမဲခြောက်ဖုတ် အကမျိုးက,ကာ ကျောင်းပေါ်သို့ တက်ကြလျက် ကျောင်းဝရံတာခုံ တစ်လျှောက် လှည့်ပတ်၍ ကကြလေ၏။

သို့ဖြင့် ညနေစောင်းပြန်ရာတွင် မြို့ထဲမှ ပြန်လာသော ကျောင်းသားတစ်ယောက်နှင့်တကွ ကျော်ဝင်းက ပေးလိုက်သော စာရွက်ကလေးနှင့် သော့တွဲကို သိန်းဖေနှင့် ဘဦးတို့ ရကြ၍ စာကိုဖတ်ကြည့်ရာ စထရင်းဟိုတယ် စာရေးစက္ကူကလေးဖြင့် ရေးပေးလိုက်သော စာမှာ. . .

**မိတ်ဆွေများ**

ကျွန်တော့်မှာ အလွန်ပျော်လျက် ရှိပါသည်။ ည၉ ကျောင်းတံခါးပိတ်မှ ပြန်လာနိုင်လိမ့်မည်ဖြစ်၍ ကျွန်တော့်အခန်းမီးကို ပိတ်ထားရန် အခန်းသော့ပေးလိုက်ပါသည်။

ကျော်ဝင်း

ဟူ၍ ဖတ်ရှုလိုက်ကြရသည်နှင့်တစ်ပြိုင်နက် သိန်းဖေက ဘဦးကို ပြေးဖက်ကာ "အိမ်မပြန်ဘဲနဲ့ အတည်၊ အဖော်တွေစုံညီ ဒင်းနားပါတီ ဟိုတယ်ပေါ်မှာ တူပျော်တော့မည်" ဟုဆိုကာ မွေ့ကာရမ်းကာ ဘောလ်ဒန့်က,လိုက်ပြီး ဘဦး၏ပါးကို အားရပါးရ နမ်းလိုက်သောကြောင့် မြင်ရသော ကျောင်းသားများမှာ ရယ်မောရ၍မဆုံးနိုင် ရှိကြလေတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ရန်ကုန်မြစ်ကိုဖြတ်၍ တဖြူးဖြူး တိုက်ခတ်လျက်ရှိသော လေညှင်းသည် ချစ်သူနှစ်ဦးတို့၏ ကိုယ်တွင်း၌ ကိန်းအောင်းလျက်ရှိသော မေတ္တာဓာတ်ကို လှုံ့ဆော်၍ ပေးသကဲ့သို့ ရှိသည်တွင် ကြည်လင်သော လရောင်နှင့်အတူ တဖွေးဖွေး တလှုပ်လှုပ် ကျရောက်လျှက်ရှိသော မြူနှင်းရည်ကလေးများကလည်း ပို၍ချစ်အားပေးသကဲ့သို့ ရှိနေသည့်အလျောက်၊ အချစ်အရသာဖြင့် တစိမ့်စိမ့် ကြည်နူးကာ ရွှင်မြူးလျက် ရှိကြသူ မောင်ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ ကမ္ဘာလောကဓာတ်ကြီး တစ်ဝှမ်းလုံးကို သိမ်းကြုံး မေ့လျော့ကာ သာယာပျံ့ကျယ် အသွယ်သွယ်သော မီးရောင်မှန်ရောင်တို့ဖြင့် လျှံပြောင် ပဝင်း ထိန်လင်းလျှက်ရှိသည့် ကမ်းနားလမ်း ဟိုတယ်ကြီး တစ်ခုလုံးကိုပင် သိကြားမင်း စံရာ ဝေဇယန္တာနန်းကဲ့သို့ အောက်မေ့ကျေနပ်မိကြလေတော့၏။

ကျော်ဝင်းသည် မသန်းမြင့်၏မျက်နှာကလေးကို စိမ့်စိမ့်စားစားကြည့်ရှု၍ အားမရနိုင်သကဲ့သို့ အောက်နှုတ်ခမ်းကလေးကို ကိုက်ခဲ၍ မချင့်မရဲ ကြည့်နေသော ကြောင့် မသန်းမြင့်မှာအနေရခက်သလိုလို ရှက်သလိုလိုဖြစ်ကာ. . .

"အို. . . ကိုကျော်ဝင်းကလည်း ဘာဖြစ်လို့ ဒါလောက်တောင် စိုက်ကြည့်နေရ တာလဲ။ ရှက်စရာကြီးနော်၊ သိပ်ရှက်တာပဲ"

"ကြည့်တာကလေးမှ မကြည့်ရဘူးလား မသန်းမြင့်ရယ်၊ ကိုကျော်ဝင်းစိတ်ထဲ မှာ လှတယ်ထင်လို့ ကြည့်တာပါ၊ ပဲ့ပါတာလိုက်လို့" ဟု ပြောလိုက်သည်တွင် မသန်းမြင့် မှာ မိန်းမတို့မေ့တာ မိမိတို့ကို ချောသည် လှသည်ဟု ချီးမွမ်းခံရလျှင် ကျေနပ်စမြဲဖြစ် သည့်အတိုင်း ပြုံးလိုက်မိလေ၏။

ထို့နောက် မသန်းမြင့်က ထိုသို့ချီးမွမ်းသည်ကို ဝမ်းမသာသောဟန်ဖြင့် ဣန္ဒြေ လုပ်ကာ " အမယ်. . . သူ့ပါးစပ်ကလေးက တယ်ပြီးပလီလိုက်တာ၊ ကျွန်မထက် လှ တာတွေ ပြည့်လို့"

www.burmeseclassic.com

www.burmeseclassic.com

"ပလီပြောတာ မဟုတ်ပါဘူး။ ဖြစ်လေရာ ဘဝဆက်တိုင်း ဆက်တိုင်း၊ မသန်းမြင့်နဲ့ အိမ်ထောင်ကျရစေရဲ့"

"တော်ပါရှင်. . . ရှက်စရာကြီး"

"မသန်းမြင့် ဘာပြောတယ်၊ ချစ်စရာကြီး ဟုတ်လား"

"ကြည့်စမ်းပါဦးနော်၊ ကြားလျက်သားနဲ့ မကြားချင်ယောင်ဆောင်နေပြန်ပါပြီ။ ခက်လိုက်တာ"

ကျော်ဝင်းသည် မသန်းမြင့်၏အမူအရာကလေးကိုကြည့်၍ ကျေနပ်ကာ ပြုံးပြုံးကြီး လုပ်နေလေ၏။

"မသန်းမြင့်. . . ကိုကျော်ဝင်းကို တကယ်ချစ်တယ်နော်"

"အို. . . ကိုကျော်ဝင်းကလည်း မေးပြန်ပါပြီ။ ဒီစကားပြောနေဖို့ လိုသေးသလားလို့"

"လိုသေးတာပေါ့။ မသန်းမြင့် ပါးစပ်ဖျားက ချစ်ပါတယ်လို့ ပြောတာ ကြားချင်နေတာပါ။ အခုထက်ထိ မသန်းမြင့်က ချစ်ပါတယ် ဆိုတာကို စာနဲ့လည်း မရေးသေးဘူး။ ပါးစပ်နဲ့လည်း မပြောသေးဘူး။ ဘယ့်နှယ်လုပ်ပြီး ချစ်တယ်ဆိုတာ သိနိုင်ပါ့မလဲ"

"အို. . . ရှက်စရာကြီးမို့ မပြောချင်ဘူး ကိုကျော်ဝင်းရယ်"

"ကဲ. . . ဒါဖြင့် စာနဲ့ရေးပြ" ဟု ကျော်ဝင်းက ပြောပြန်သဖြင့် မသန်းမြင့်သည် ရှက်သည့်ဟန်အမူအရာဖြင့် စက္ကူကလေးတစ်ရွက်ပေါ်တွင် တုန်တုန်ယင်ယင် ရေး၍ပြသည်ကို ကျော်ဝင်း ယူ၍ကြည့်လိုက်ရာ 'ချစ်ပါတယ်' ဟု တွေ့ရသည်နှင့်တစ်ပြိုင်နက် ကျော်ဝင်းတွင် အတိုင်းအဆမရှိသော ဝမ်းမြောက်ခြင်းကို ဖြစ်မိကာ မသန်းမြင့်အား တအားကုန် သိမ်းကြုံးပွေ့ဖက်လိုက်ချင်လှသော်လည်း ဟိုတယ်အတွင်းမို့သာ မသင့်လျော်သည့်အားလျော်စွာ မသန်းမြင့်ကို ပြုံးပြုံးကြီးကြည့်ကာ "ချစ်တာနော် ချစ်တာ" ဟု ပြောလိုက်သောကြောင့် မသန်းမြင့်လည်း ခေါင်းကလေးကို ငုံ့၍သွားရင်း ရှက်ပြုံးပြုံးမိလေ၏။

"မသန်းမြင့်" ဟု ကျော်ဝင်းက ခေါ်လိုက်မှ မသန်းမြင့်လည်း 'ရှင်' ဟု သာယာချိုအေးသော အသံကလေးဖြင့်ထူးကာ ခေါင်းကလေးကို အသာအယာမော့၍ ကြည့်လေ၏။

"ကိုကျော်ဝင်းတော့ ကျောင်းကိုပြန်ရောက်ရင် အိပ်လို့ရတော့မှာ မဟုတ်တော့ဘူး။ မသန်းမြင့် မျက်နှာကလေးကိုပဲ အမြဲတမ်းကြည့်နေချင်တော့တာပဲ"

"အဲဒါခက်တယ်၊ ကျွန်မ ဘယ်နည်းနဲ့ တတ်နိုင်ပါ့မလဲ"

ကျော်ဝင်းသည် မသန်းမြင့်အား စူးစိုက်၍ အားမလိုအားမရ ကြည့်ပြီးမှ တစ်စုံတစ်ရာ တွေ့မြင်ရခြင်းအားဖြင့် ရွှင်လန်းဝမ်းမြောက်သော အမူအရာကိုပြကာ

www.burmeseclassic.com

www.burmeseclassic.com


"မသန်းမြင့် ရင်ထိုးဓာတ်ပုံကလေးကြည့်ပြီး အလွမ်းကလေးဖြေရအောင်လို့ပါ" ဟု ပြောကာ မသန်းမြင့်၏ရင်တွင် ထိုးထားသော ရင်ထိုးဓာတ်ပုံကလေးကို တောင်းလေတော့၏။

"တော်တော်ကြာ သူများတွေ လျှောက်ပြီးပြနေမှာလား ကိုကျော်ဝင်းရယ်၊ ဒီလိုဆိုရင် ရှက်စရာကြီး မပေးချင်ပါဘူး"

"ဒါတော့ စိတ်ချပါ မသန်းမြင့်ရယ်၊ ကိုယ်ချစ်တဲ့သူကို သူများ စေ့စေ့ကြည့်တာတောင် မခံချင်ဘူး။ ဓာတ်ပုံပြဖို့တော့ ဝေးရောပဲ"

"သူပြောလိုက်မှဖြင့် ခဲနေတာပဲ။ နောင်ကိုသာ ဒီစကားကို တည်ပါစေနော်" ဟုဆိုကာ ဓာတ်ပုံကလေးကို ဖြုတ်၍ပေးလိုက်သည်တွင် ကျော်ဝင်းက "ယုံပါတော့ မသန်းမြင့်ရယ်၊ မသန်းမြင့်ကလွဲပြီးတော့ ဘယ်သူ့မှ ချစ်စရာရယ်လို့ မထင်ပါဘူး" ဟုဆိုကာ ဓာတ်ပုံကလေးကို လှမ်းယူပြီးလျှင် အားရပါးရ နမ်းရှုံ့ပြလိုက်သဖြင့် မသန်းမြင့်မှာ ရှက်သွေးဖြာ၍သွားလေ၏။

ထို့နောက် မသန်းမြင့်သည် ဘယ်ဘက်လက်ကလေး တစ်ဘက်ကိုမြှင့်၍ အင်္ကျီလက်ဖျားကလေးကိုပင့်ကာ နာရီကိုကြည့်ပြီးလျှင် "ပြန်ကြစို့ ကိုကျော်ဝင်းရယ်၊ အချိန်လည်း မရှိဘူး" ဟုပြောမှ ကျော်ဝင်းသည် ပြန်ဖို့ရန် သတိရလေ၏။

"အချိန်များ ကုန်လွယ်လိုက်တာနော်။ ချစ်လို့ ခင်လို့ ပြောလို့ဆိုလို့မှ အားမရသေးဘူး" ဟုဆိုကာ မပြန်ချင့် ပြန်ချင်ဖြင့် ထ၍လာခဲ့ပြီးလျှင် ဘီလ်ကို ရှင်းလင်း၍ ဟိုတယ်ပေါ်မှ ဆင်းခဲ့ကြလေ၏။

ထိုအချိန် ထိုအခါသည်ကား ချမ်းအေးလှသော ဆောင်းရာသီဖြစ်ရကား မော်တော်ကားနောက်ပိုင်းတွင် အတူယှဉ်၍စီးလာရင်း မြစ်တွင်းမှ ရိုက်ခတ်လိုက်သော လေညှင်းကြောင့် ပို၍အေးချမ်းကာ ကျော်ဝင်းမှာ မသန်းမြင့်၏ကိုယ်ငွေ့ဖြင့် အအေးကို ဖျောက်လိုသော်လည်း ထိန်ထိန်လင်းလျက်ရှိသော လမ်းမကြီးငယ် အသွယ်သွယ်တွင် လူမြင်၍ မတင့်တယ်လှသောကြောင့် ထိုသို့နေနိုင်သည့်ဘဝကိုသာ မြန်မြန်ရောက်ပါစေတော့ဟု ကြိတ်၍ဆုတောင်းမိပေတော့၏။

ထိုသို့ စီးနင်းလိုက်ပါခဲ့ကြရာတွင် လမ်း၌အသိအကျွမ်းထဲက တွေ့မြင်၍သွားလျှင် မသင့်လျော်လှသည့်အလျောက် လူရှင်းသောလမ်းများကို ချိုးဝင်ကွေ့ပတ်ကာ မောင်းလာခဲ့ကြသည့်အခါတွင် ကျော်ဝင်းမှာ နီးနီးကပ်ကပ် အားရပါးရ ထိုင်နိုင်ရသည်ကို ကျေနပ်မိသည်နှင့်အတူ ဒရိုင်ဘာကလည်း လှည့်ကြည့် လှည့်ကြည့်နှင့် ကျေနပ်နေရှာလေ၏။

သို့ရာတွင် ကျော်ဝင်းမှာ ထိုသို့အသားယူခြင်းကို ကြာကြာကလေး မခံစားလိုက်နိုင်ရှာပေ။ အချိန်မှာ အတော်ပင် နှောင်းနေရကား ကျောင်းတံခါးမပိတ်မီ ရောက်နိုင်အောင် ကားကို အမြန်မောင်းခိုင်းရသောကြောင့် မကြာမီပင် ကျောင်းသို့ ရောက်နမိတ်

www.burmeseclassic.com

www.burmeseclassic.com

အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ကြလေ၏။

နာရီလက်တံများသည် ကျောင်းတံခါးပိတ်ချိန်သို့ ညွှန်ပြလျှက်ရှိကြရာ၊ တံခါးပိတ်နေလျှင် ခက်တော့မည်ကို ပူပန်လျက် အင်းလျားဆောင်သို့ ဦးစွာမောင်းခိုင်းရလေ၏။ မသန်းမြင့်၏ရင်တွင်း၌ တထိတ်ထိတ်နှင့် လိုက်လာရင်း ခပ်လှမ်းလှမ်းမှနေ၍ အင်းလျားကို မျှော်ကြည့်လိုက်ရာတွင် ကျောင်းထဲ၌ လူရိပ်လူခြေမှ မမြင်တော့ဘဲ အခန်းမီးများ အစီအရီထွန်းလျက် ငြိမ်သက်စွာ စာကြည့်နေကြသည်ကို သိရှိရသဖြင့် ပို၍ထိတ်လန့်ခြင်း ဖြစ်မိရှာလေ၏။

ကျောင်းတံခါးပိတ်၍နေခဲ့လျှင် အဝင်ရခက်တော့မည်ဖြစ်ပြီးလျှင် မည်သည့်အကြောင်းကြောင့် အချိန်မီမရောက်သည်ကို ထုချေရန် သာ၍ခက်သည်ကို တွေးမိခြင်းဖြင့် မျက်နှာပျက်၍သွားလေ၏။ သို့နှင့် ကျောင်းဝင်းတံခါးသို့ ရောက်သောအခါ၊ ကံအားလျော်စွာ ပိတ်တော့မည့်ဆဲဆဲ တွေ့ရသဖြင့် အတော်ပင် စိတ်အေးသွားပြီး၊ ကျော်ဝင်းကိုပင် စကားကြာကြာပြော၍ နှုတ်မဆက်အားဘဲ "သွားတော့မယ်နော်၊ နောက်မှစကားပြောကြစို့ရဲ့" ဟု ပြောပြောဆိုဆိုပင် ဆင်း၍သွားလေ၏။

မသန်းမြင့် ကျောင်းထဲသို့ရောက်၍ တံခါးပိတ်လိုက်သည်ကို တွေ့ရမှ ကျော်ဝင်းတွင် စိတ်အေး၍သွားပြီး လက်လှုပ်ပြသ, နှုတ်ဆက်ကာ ကားကို မောင်းနှင်စေပြီး ထွက်ခဲ့လေရာ မသန်းမြင့်လည်း ကျောင်းဝင်းထဲမှ ပြန်၍လက်လှုပ်ပြကာ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေ၏။

ပုဂံကျောင်းဆောင်သို့ ရောက်သောအခါ ကျောင်းတံခါးပိတ်နှင့်လျက်သားရှိလေ၏။ ကျော်ဝင်းသည် ကားပေါ်မှဆင်း၍ ဒရိုင်ဘာအား မော်တော်ကားခ ပေးပြီးနောက် တံခါးနားမှကပ်၍ ဒရဝမ်အား ခေါ်ယူရလေ၏။ ဒရဝမ်သည် ဂိတ်ဘုတ်ခေါ် တံခါးအဝင်အထွက် လက်မှတ်ထိုးရသော စာအုပ်ကြီးကို ယူ၍လာကာ တံခါးဖွင့်ပေးလေ၏။

ကျော်ဝင်းသည် ဒရဝမ်အား လာဘ်ထိုး၍ဝင်မည်ဟု ရည်ရွယ်ကာ အတွင်းသို့ ရောက်မှ အိတ်ထဲသို့ လက်နှိုက်၍ ပိုက်ဆံကို မစမ်းမိသေးမီ ဒရဝမ်သည် ဂိတ်ဘုတ်စာအုပ်ကို ကျော်ဝင်း၏မျက်နှာတည့်တည့်သို့ ထိုး၍ပေးလေ၏။ ထိုဒရဝမ်မှာ ယခင်အဘိုးကြီး ဘင်္ဂလားသို့ ပြန်သွားပြီးနောက် အသစ်ခန့်ထားခြင်းခံရသော ဒရဝမ်အသစ်ဖြစ်၍ အဆောင်မှူးအား အထူးကြောက်ရွံ့သည့်အပြင် လာဘ်ယူခြင်းကိုလည်း နားမလည်သေးသောကြောင့် ကျော်ဝင်းက ပိုက်ဆံလှုပ်ပြသည်ကို အတင်းငြင်းပယ် ခေါင်းခါပြီးလျှင် စာအုပ်ကိုသာ အတင်းထိုးပေးနေလေ၏။

ကျော်ဝင်းမှာ ကုလားအား မျက်နှာချိုသွေး၍ မရနိုင်တော့သည် ဖြစ်ပြီးလျှင် မိမိမှာလည်း များစွာနောက်ကျလှသည် မဟုတ်သေးသောကြောင့် ယောကျ်ားကလေးကျောင်းဆောင်များတွင်မူ ဆင်ခြေအမျိုးမျိုးပေး၍ ဖြစ်နိုင်သည့်အတိုင်း ဂိတ်ဘုတ်တွင်

www.burmeseclassic.com

www.burmeseclassic.com


အခန်းနံပါတ်နှင့်တကွ ပြန်၍ရောက်လာသောအချိန်ကို ရေးထည့်ကာ လက်မှတ်ထိုးလိုက်ရလေတော့၏။

သိန်းဖေနှင့် ဘဦး အစရှိသော ရင်းနှီးသူမိတ်ဆွေတစ်စုမှာ တမျှော်မျှော်တစောင့်စောင့် ဖက်တောင့်အောင် ရှိကြရာက ကျော်ဝင်း ရောက်လာသည်ကို တွေ့လိုက်ရသည်တွင် ရွှင်လန်းဝမ်းမြောက်၍သွားကြလေတော့၏။

"အောင်မလေးဟ. . . ပေါ်တော်မူကြီး၊ လာခဲ့လွန်းလို့ မျှော်လိုက်ရတာ" ဟု သိန်းဖေက စ,လေသည်။

"မျှော်မနေနဲ့၊ ပိုက်ဆံရှိရင် အစကဝယ်စားလို့ ပြောသားပဲ" ဟု ကျော်ဝင်းက ပြန်၍ပြောသည်တွင် ဘဦးကမူ အပိုမကြားချင်ဘဲ လိုရင်းကိုသာ သိလိုလှဇောဖြင့် " ဘယ့်နှယ်လဲ ကိုကျော်ဝင်း နေရာကျတယ် မဟုတ်လား" ဟု မေးလေ၏။

ကျော်ဝင်းက ကျေနပ်မဆုံးသော ပြုံးခြင်းဖြင့်ပြုံးကာ အပျင်းဆန့်သလို လက်နှစ်ဘက် ယှက်တွဲ၍ ဆန့်မြှောက်ကာ "အင်း အိုရချေသေးရဲ့။ အနီစွ၊ အနီစွ" ဟု ဆိုသဖြင့် အားလုံးကျေနပ်၍သွားကာ ကျော်ဝင်းအခန်းသို့ လိုက်သွားကြလေ၏။ ကျော်ဝင်းလည်း တံခါးကို ဖွင့်မည်ဟု အိတ်တွင်းသို့ လက်နှိုက်၍ သော့ကိုစမ်းပြီးမှ "ဩော် ဟိုတယ်ကနေပြီး စာနဲ့အတူတူ ပေးလိုက်တဲ့သော့ ဘယ်သူ့ဆီမှာလဲ" ဟု မေးလေ၏။

"ရှိပါတယ်ဗျာ၊ ဟောဒီမှာ" ဟုဆိုကာ ဘဦးက ထုတ်၍ပေးလေ၏။

အခန်းထဲသို့ ရောက်သောအခါ ကျော်ဝင်းက "ဟေ့လူတွေ၊ သိပ်မဆူကြနဲ့နော်၊ သူများတွေ စာကြည့်နေတယ်။ ဆရာ လှည့်လာလို့ မိသွားရင် အကုန်လုံး ဖင်စလောင်းလန်ကုန်ဦးမယ်" ဟု ပြောသဖြင့် သိန်းဖေက "မဆူပါဘူးဗျာ၊ ဆူရင် လက်ဖက်ခြောက် ခတ်လိုက်တာပေါ့" ဟု ဘောက်ဝင်ဖောက်လိုက်ပြီးလျှင် "ကိုယ့်လူ တော်တော်ကလေး ဒူးချောင်ပြီးသွားရဲ့လား" ဟုဆိုကာ ကျော်ဝင်း၏ဒူးခေါင်းကို စမ်းကြည့်လိုက်သဖြင့် ဝိုင်း၍ရယ်မောကြလေ၏။

"ဒီလိုအစားထဲက မဟုတ်ပါဘူးဗျာ၊ စည်းစောင့်ပါတယ်"

"တော်ပါဗျာ၊ ကိုယ်စွမ်းမရှိလို့ မစွဲရင် မစွဲဘူး ပြောစမ်းပါ။ ခင်ဗျားတို့လို လူမျိုးလား စည်းစောင့်မှာ။ စည်းစောင့်တာ ဝါးလက်ခုတ်တီးတဲ့ လူပဲရှိတယ်"

"ပြောတော့မယ် နဲ့သမားက။ သူ့အဖေဆိုင်းထဲ လိုက်ဖူးတယ်ထင်တယ်" ဟု ကျော်ဝင်းက ပြောသဖြင့် ဘဦးက ကြားဝင်ကာ "ဆိုင်းပေမယ့် မင်္ဂလာဆိုင်း မဟုတ်ဘူး။ သူ့အဖေက မသာဆိုင်း လိုက်တီးတာ" ဟု နောက်သည့်တွင် သိန်းဖေက "သူ့သိမှာပေါ့။ သူတို့အမျိုးထဲမှာ စန္ဒာလတွေ ရှိသကိုး" ဟု ချေလိုက်ပြန်သောကြောင့် ဘေးက ကျောင်းသားက "တော်ကြပါတော့ဗျာ၊ တော်တော်ကြာ ကျွန်တော်တို့အမျိုးတွေလည်း ပါကုန်တော့မယ်။ ခင်ဗျားတို့ပြောတာ အိမ်နားနီးလာပြီ" ဟုဆိုမှ ရယ်မောခြင်း ထိုစကားစ ပြတ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဘဦးက "ပြောစမ်းပါဦး ကိုယ့်လူရ၊ ဟိုတယ်မှာ ဘယ်ပုံဘယ်နည်း ဖြစ်ကြပြီး ဘယ်လိုစခန်းသွားတယ်ဆိုတာ နားသောတ ဆင်စမ်းပါရစေ" ဟု ဆိုသဖြင့်

ကျော်ဝင်းက "နေရာကျသမှဗျာ၊ မပြောပါနဲ့တော့"

"မပြောပါဘူးဗျာ" ဟု သိန်းဖေက စကားကျကောက်၍ နောက်လိုက်သည့်အတွက် ကျော်ဝင်းမှာ ရှေ့သို့စကားဆက်ရန် အိုးတိုးအန်းတန်း ဖြစ်သွားသောကြောင့် ဘဦးက သိန်းဖေအား "ဟေ့လူ ဆွမ်းဆန်ထဲ ကြွက်ချေးဝင်ပြီး မရောစမ်းပါနဲ့၊ နားထောင်မှာ ကောင်းကောင်း နားထောင်စမ်းပါ" ဟု ပိတ်ပင်လိုက်ရပြီးမှ ကျော်ဝင်းအား ဆက်လက်၍ပြောရန် တိုက်တွန်းလိုက်ရပြန်လေ၏။

"အိုင်ဆေး ကျွန်တော် ပြောပြလိုက်ရင် လိုသာလိုမယ်၊ ပိုမှာတော့ မဟုတ်ဘူးဗျ။ တကယ်ဗျ။ လောကမှာ အချစ်ဆိုတဲ့အရသာ အခုလောက်ကြီးမှန်း အရင်က မသိဘူး။ ကျွန်တော်တော့ဗျာ မသန်းမြင့်က ချစ်ပါတယ်လို့ ပြောလိုက်တာကလေးကြားရရင်ပဲ ရင်ထဲဖိုးကြိုင်းဒုတ် ဖိုးကြိုင်းဒုတ်နဲ့"

"စိန်လက်စွပ် ဝတ်ချင်သလိုလို၊ အကြိုက်ကလေး စားချင်သလိုလို ဖြစ်သွားတော့တာပေါ့လေ" ဟု သိန်းဖေက ဖောက်လိုက်ပြန်သဖြင့် ဘဦးက နှိမ်၍ပေးလိုက်ရပြန်လေတော့၏။

ကျော်ဝင်းက ပြန်၍စကားဆက်လက်ကာ "ကျွန်တော်တော့ဗျာ၊ သူ့မျက်နှာကလေး ကြည့်ရင်းကြည့်ရင်း လှလာတယ် ထင်တာပဲ၊ ကြည့်လို့ကို မဝနိုင်ဘူး။ မီးရောင်ကလေးနဲ့ဆို သိပ်ပြီးပန်ရတာပဲ။ အသားကလေးက ဖြူပြီးဝင်းနေတာပဲ"

"မီးစားတယ် ဆိုတာမျိုးပေါ့" ဟု ဘဦးက ဝင်၍ထောက်ခံလေ၏။

"အစစ်ပေါ့ဗျ" ဟု ကျော်ဝင်းကပြောကာ မသန်းမြင့်ထံမှ ရလာသော ဓာတ်ပုံကလေးကို အိတ်ထဲတွင် စမ်း၍ကြည့်ပြီး ၎င်းတို့အား ထုတ်၍ပြလိုလှသော်လည်း အလုအယက် ဖြစ်ကုန်မည်ကို စိုးသောကြောင့် ထုတ်ပြကာ ကြွားဝါလိုလှသောစိတ်များကို မနည်းဖိနှိပ်၍ထားလိုက်ရလေ၏။

ထို့နောက် ကျော်ဝင်းက စကားကိုပြန်၍ ဆက်ပြန်လေ၏။

"ဒါနဲ့ ကျွန်တော်တို့ ပြန်လာကြတော့ ကားနောက်မှာ အတူတူတွဲပြီးစီးလို့ပေါ့ဗျာ။ လမ်းပေါ်က မြင်ရတဲ့လူတွေကတော့ လင်မယားပဲ ထင်မလား၊ မောင်နှမပဲ ထင်မလား မသိဘူး"

"မောင်နှမလို့ ထင်ရင်လည်း ဒီမောင်နှမဟာ ကြက်မျိုးလို့ အောက်မေ့ကြမှာပဲ" ဟု သိန်းဖေက ရှုပ်ပြန်လေသည်။

သို့ဖြင့် ထိုသုံးဦးတို့ ရယ်ကာမောကာဖြင့် ဇာတ်ကြောင်းပြန်ပြောဆိုပြီးသည့်နောက် အတန်ကြာသောအခါ လူစုခွဲလိုက်ကြလေသည်။

အခန်းအသီးသီးမှာ တိတ်ဆိတ်လျက် ကျောင်းသားတိုင်းပင် စာဥ်စိုက်ပြီးစား

www.burmeseclassic.com

www.burmeseclassic.com

နေကြသော်လည်း ကျော်ဝင်းမှာမူ အချစ်ရူးစိတ်က လှုံ့ဆော်ပေးနေပြန်သဖြင့် အသက်ဝိညာဉ် မရှိဘဲ ရုပ်ပုံကလေးထင်နေသော ဓာတ်ပုံကျွဲကော်ပြားကလေးကို အထပ်ထပ် နမ်းရှုံ့မိပြန်လေ၏။ သို့အားဖြင့် ကျော်ဝင်းမှာ စာကြည့်ရန်ကိုပင် မေ့လျော့နေလေ၏။

အဆောင်မှူးသည် အခန်းများထဲတွင် ကျောင်းသားများ ရှိမရှိ စစ်ဆေးရန် လျှောက်လာကာ တံခါးအဝင်အထွက် လက်မှတ်ထိုးရသော ဂိတ်ဘုတ်စာအုပ်တင်ထားသော ခုံမြင့်ရှိရာသို့ ရောက်လာပြီးလျှင် ထိုစာအုပ်ကို လှန်၍ကြည့်လိုက်ရာ ကျော်ဝင်း အပြန်နောက်ကျနေသည်ကို တွေ့ရှိရသောကြောင့် ကျော်ဝင်းအား မေးမြန်းစစ်ဆေးရန် ကျော်ဝင်း၏အခန်းဘက်တန်းသို့ လှည့်ပတ်၍လာလေ၏။

ကျော်ဝင်းလည်း ဓာတ်ပုံလေးတွင် အာရုံစူးစိုက်ကာ အခြားအရာများကို မေ့လျော့နေရာ၊ ကော်ရစ်ဒါကြမ်းပြင်တွင် တဂေါက်ဂေါက် မှန်မှန်နင်းလာသော ဖိနပ်သံ ကိုကြားရမှ အဆောင်မှူး လှည့်လာပြီကို သိရသဖြင့် စားပွဲသို့ပြေး၍ ဝင်ရောက်ကာ ကုလားထိုင်တွင် ထိုင်လေ၏။ ထိုသို့ ထိုင်လိုက်သည့်အချိန်နှင့် တစ်ပြိုင်နက်တည်း အဆောင်မှူးသည် တံခါးပေါက်ဆီသို့ ရောက်လာသည်ကို တွေ့ရလေရာ ကျော်ဝင်းသည် စာအုပ်တစ်အုပ်ကို ဆွဲယူ၍ ဖတ်ဟန်ပြုလိုက်လေ၏။ သို့ရာတွင် ကျော်ဝင်းမှာ စာအုပ်ကို စိတ်ဝင်စားကာ စူးစိုက်၍ မကြည့်နိုင်၊ စာအုပ်ကို မမြင်နိုင်ဘဲ တုန်ယင်ထိတ်လန့်၍နေမိလေ၏။

အဆောင်မှူးလည်း ကျော်ဝင်း၏အခန်းတွင်းသို့ ဝင်လာကာ ၎င်း၏လက်တွင်ကိုင်၍ ဖတ်ဟန်ပြုနေသော စာအုပ်ကို ဆွဲယူပြီးလျှင် လှည့်၍ထောင်ပေးပြီး "မင်း စာအုပ်ကိုလည်း ဇောက်ထိုးအဖတ်တတ်သားပဲ" ဟု ပြောလိုက်သောကြောင့် ကျော်ဝင်းမှာ မိမိသည် စာအုပ်ဇောက်ထိုး ကိုင်မိသည်ကို အဆောင်မှူး တွေ့သွားကြောင်း သိရသောကြောင့် ရှိန်းဖိန်းပူထူကာ မည်သို့ပြန်၍ပြောရန်ကိုမျှ မစဉ်းစားနိုင်ဘဲ ပြုံးရယ်၍ နေလိုက်ရတော့မလိုလို ကြွေနှင့်ပင် ကုလားထိုင်မှထ၍ ဆရာအား အရိုအသေ ပေးလေ၏။

"မောင်ကျော်ဝင်း ကျောင်းတံခါးပိတ်ပြီးမှ ရောက်လာတာ ငြင်းစရာရှိသေးသလား"

ကျော်ဝင်းမှာ မကွယ်ဝှက်နိုင်။ "မငြင်းလိုပါဘူး၊ ကျွန်တော် ဂိတ်ဘုတ်မှာ လက်မှတ်ထိုးထားပါတယ်" ဟု ပြောလေ၏။

"အခု နောက်ကျတဲ့အကြောင်း ဘာပြောချင်သေးသလဲ"

ကျော်ဝင်းမှာ မည်ကဲ့သို့ ဖြေရမည်ကို ရုတ်တရက် စဉ်းစား၍ မရနိုင်ဘဲ ဆရာ မသိစေရန်သာ နောက်စေ့ကိုကုတ်၍တွေးရင်း ကျောင်းသားတို့ တတ်အပ်သော ဆရာလိမ်နည်းတစ်ခုကို တွေးမိကာ "ကျွန်တော်တို့အမျိုးတွေ ရောက်လာတာနဲ့ ဘူတာရုံကို လိုက်ပို့နေလို့ အပြန်နောက်ကျသွားပါတယ်" ဟု ဖြေလေ၏။

www.burmeseclassic.com

အဆောင်မှူးလည်း ထိုသို့ဖြေဆိုသည်ကို အပြစ်ယူစရာ မတွေ့သောကြောင့် မိမိပြောရန်ရှိသမျှစကားကို စဉ်းစား၍နေပြီးမှ "မင်းတို့အမျိုးပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်၊ အခွင့်မတောင်းဘဲ ကျောင်းတံခါးပိတ်ပြီးတဲ့နောက် အပြင်ကို မထွက်ရဘူး။ ကျောင်းတံခါးပိတ်ပြီးရင် အခန်းထဲမှာ ရှိရမယ်။ ဒါဟာ မင်းတို့ လိုက်နာရမယ့် စည်းကမ်းဖြစ်တယ်။ တို့များမှာလည်း ကျောင်းတက်နေတုန်းအခါနဲ့ ကျောင်းဆောင်ဝင်း တံခါးပိတ်ထားတဲ့အချိန်မှာ ကျောင်းသားများဟာ တို့လက်ထဲမှာ ရှိတာမို့ မင်းတို့ကျောင်းအပြင်မှာ တစ်စုံတစ်ရာ ဖြစ်လာရင် တို့များ တာဝန်မကင်းဘူး။ တို့အပေါ်မှာ အပြစ်ကျမယ်။ ဒါကြောင့် ကျောင်းတံခါးပိတ်ပြီးတဲ့တိုင်အောင် မရောက်တဲ့လူကို ဒဏ်ငွေတပ်ချင် တပ်နိုင်တယ်။ နောင်ကို ဘယ်အခါမှ ကျောင်းက မထွက်ရအောင် ဂိတ်တက်လုပ်ချင် လုပ်နိုင်တယ်။ အပြစ်ကြီးရင် ကျောင်းက ထုတ်နိုင်တယ်" ဟု ပြောလိုက်ရာ ကျော်ဝင်းမှာ ရုတ်တရက်သော် ထိတ်လန့်မိလေ၏။

"ကျွန်တော် အပြစ်မရှိဘူး ထင်လို့ပါ။ နို့ပြီး ဒီတစ်ခါတည်း ကျွန်တော် မှားပါသေးတယ်။ ခွင့်လွှတ်ပါ ဆရာ"

"ကောင်းပြီ၊ ဒါ ပထမဦးဆုံး သတိပေးခြင်းပဲ။ နောင်ကို တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ကကျော်ရင် အရေးယူရလိမ့်မယ်"

ကျော်ဝင်းမှာ ထိုအခါမှ အနည်းငယ် စိတ်အေးသွားပြီး "ဒါ. . . ကျွန်တော် ပထမအကြိမ်ပါပဲ။ ဒုတိယအကြိမ် အပြစ်လွှတ်နိုင်သေးတယ် မဟုတ်လား" ဟု ပြောမိရာ၊ အဆောင်မှူးလည်း ထိုစကားကြား၍ မျက်လုံးပြူးသွားပြီးမှ ခေါင်းကို ရမ်းခါလျက် "နိုးနိုး ဒီလိုမဖြစ်ဘူး၊ သုံးကြိမ်တိတိရှိမှ အပြစ်ယူရမယ် မဟုတ်ဘူး။ ပထမတစ်ကြိမ်တည်းနဲ့လည်း အပြစ်ကြီးရင် အရေးယူရမယ်။ အခု မင်းအပြစ်က သိပ်မကြီးလေးလှတဲ့အပြင်၊ မသိလို့ ပထမအကြိမ် မှားမိတဲ့အတွက် အရေးမယူတာ။ သိလျက်သားနဲ့ ဒုတိယအကြိမ် ကျူးလွန်ရင်တော့ ချမ်းသာမပေးနိုင်ဘူး။ မင်းကို အရေးယူရအောင် သုံးကြိမ်တိတိပြည့်အောင် မစောင့်နိုင်ဘူး" ဟု ဆိုမှ. . .

ကျော်ဝင်းက "အမ်ဆောရီး" ဟု မှားမိသည်ကို ဝမ်းနည်းကြောင်း ပြောလိုက်သဖြင့် အဆောင်မှူးလည်း ကျေနပ်၍သွားလေ၏။

"ကောင်းပြီ၊ မင်း စာကျက်တော့။ နို့ပေတဲ့ စာအုပ်ကိုလည်း ဇောက်ထိုးဖတ်မနေနဲ့ဦး။ မျက်စိမှုန်ပြီး မျက်မှန်တပ်နေရဦးမယ်" ဟု သရော်၍သွားသောကြောင့် ကျော်ဝင်းမှာ မခိုသွားဖြသဏ္ဌာန်ဖြင့် ရှက်ပြုံးပြုံး၍ ကျန်ရစ်ခဲ့လေ၏။

အဆောင်မှူး ထွက်သွားမှ ကျော်ဝင်းတွင် စိတ်အေး၍သွားကာ သက်မ ကြီးချလိုက်မိလေ၏။ သို့သော် ကျော်ဝင်းမှာ စာကို မကြည့်နိုင်ရှာပေ။ မသန်းမြင့်၏ ဓာတ်ပုံကလေးကိုသာလျှင် အပြန်အလှန် ကြည့်မိကာ သို့ကြည့်ရင်း နှုတ်ဆက်သလိုလိုပြုံး၍ ပြလိုက်၊ ရန်တွေ့သလိုလို နှုတ်ခမ်းစူ၍ပြလိုက်နှင့် အရူးထ၍နေလေတော့၏။

www.burmeseclassic.com

"စိတ်ဆိုးလို့ စကားမပြောဘဲ ငြွေကြီးနဲ့ နေတာလား မသန်းမြင့်။ ဟုတ်လား သန်းရဲ့၊ မြင့်ရဲ့ ပြောစမ်းပါဦး။ အခုတော့ ကိုကျော်ဝင်းကို မုန်းပြီပေါ့လေ။ မချစ်တော့ဘူးလား။ မချစ်လို့ စကားမပြောတာလား" ဟု ဓာတ်ပုံကလေးကိုကြည့်ကာ တွတ်တီးပါလီ ပြောဆိုနေပြီးမှ "ဩော် မချစ်လို့ မဟုတ်ဘူးလား၊ ချစ်ပါတယ်တဲ့လား။ ကိုကျော်ဝင်းကို ချစ်တယ်လား။ ဒါဖြင့် ချစ်လို့ရှိရင် ခေါင်းညိတ်စမ်းပါဦး" ဟုဆိုကာ ကိုင်ထားသော ဓာတ်ပုံကလေးကို ခေါင်းညိတ်သလို မိမိဘက်သို့ လက်ဖြင့် လှည့်လိုက်ကာ ပြုံးပြုံးလုပ်လျက် "ဒါတွေကြောင့် မသန်းမြင့်က ချစ်စရာကောင်းတာ၊ ကိုကျော်ဝင်း အချစ်တုံးကြီးရဲ့" ဟု ပြောပြောဆိုဆို ဓာတ်ပုံကလေးကို ဖက်၍နမ်းလိုက်စဉ် "ဟော့ ဘာအရူးထနေတာလဲ" ဟု ဆိုလိုက်သော အသံများကို ကြားရသဖြင့် ခေါင်းနဘမ်းထူကာ ဖြတ်ကနဲ ဓာတ်ပုံလေးကို ဝှက်လိုက်မိ၏။

ထို့နောက် အခန်းတံခါးဝသို့ လှည့်လိုက်သောအခါ ပြုံးပြုံးကြီး ရပ်ကြည့်နေသော ဘဦးကို တွေ့ရသဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ အကြောင်သား ငေးကြည့်နေမိလေ၏။ ဘဦးလည်း ရယ်မောလျက် ဝင်လာကာ "ဟော့လူ. . . ဖွက်မထားနဲ့ ဆရာ၊ ကျွန်တော် မမြင်ဘူး မှတ်လို့လား။ ဘယ်ကဓာတ်ပုံကြည့်ပြီး ဂါထာတွေ တိုးတိုးရွတ်နေရတာလဲ" ဟု ပြောင်သလို ပြောဆိုလိုက်သောအခါ ကျော်ဝင်းမှာမူ မျက်နှာပျက်သွားလေ၏။

"မရှိပါဘူးဗျာ၊ ဘယ်ကဓာတ်ပုံ ရှိရမလဲ"

"မညာပါနဲ့ ဆရာ၊ ကျွန်တော့်မျက်စိနဲ့ သေသေချာချာ မြင်ရတာတောင် ခရမ်းသီးကို လက်ဆုပ်လက်ကိုင်မိနေလျက်ကနဲ့ မုန်လာဥ မလုပ်ချင်စမ်းပါနဲ့။ အေးအေးတောင်းတုန်းကို ပြရင်ပြ၊ ဒီလိုမဟုတ်ရင် ခင်ဗျားဓာတ်ပုံ ပြန်ပြီးမရဘဲနေမယ်"

ကျော်ဝင်းသည် ဓာတ်ပုံကလေးကို ထုတ်ပြ၍ ကြွားလိုက်ချင်လှသော်လည်း ဟန်လုပ်လိုသေးသောကြောင့် "လူကို သတ်ချင် သတ်သွားဗျာ၊ ဒါတော့ မထိနဲ့" ဟုဆိုကာ ဓာတ်ပုံ ကိုင်ထားသောလက်ကို ကျောဘက်သို့ ပစ်လွှဲကာ နောက်ဆုတ်၊ နောက်ဆုတ် သွားရာတွင် ဘဦးက "ခင်ဗျား. . . ကျွန်တော့်ကို မသန်းမြင့် မှတ်နေလို့ ဒီလိုချွဲနေတာလား၊ မရဘူး ဆရာ၊ ဘာမှတ်လို့လည်း" ဟု ဘဦးက ကျော်ဝင်းအား ရှေ့မှနေ၍ ပြေးဖက်ကာ ကျော်ဝင်းကျောဘက်တွင် လက်နောက်ပစ်၍ ဆုပ်ကိုင်ထားသော ဓာတ်ပုံကို လက်ဖြင့် လုလေ၏။ ကျော်ဝင်းကလည်း နဂိုကပင် ထုတ်ပြ၍ ကြွားလိုလျက်နှင့် ဟန်လုပ်၍မူနေခြင်း ဖြစ်သောကြောင့် ဘဦးမှာ တပင်တပန်း မလုရဘဲ ၎င်း၏လက်ထဲသို့ မသန်းမြင့်၏ဓာတ်ပုံကလေး ရောက်သွားလေ၏။

ဘဦးသည် ဓာတ်ပုံကလေးကိုကြည့်ကာ "ဟာ. . . မသန်းမြင့်ပုံပါတကား" ဟု ဆိုလိုက်သည်တွင် "ကျော်ဝင်းတို့က ဒီလိုဗျ၊ ဓာတ်ပုံတွေ ဘာတွေတောင် ရနေပြီ သိရဲ့လား။ နောက်ကျရင် လူကို အပိုင်ရဖို့ပဲ ရှိတော့တယ်" ဟု ပြောလိုက်သောစကား

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ကြွားလုံးတွေ တစ်ခါတည်း ပါလာလေ၏။

ဘဦးလည်း ဓာတ်ပုံကလေးကို တစိမ့်စိမ့် စိုက်ကြည့်ရင်း "လှတယ်၊ မင်းသိပ်လှတယ်" ဟု အားမလို အားမရသော မျက်နှာမျိုးဖြင့် ပြုံးပြုံးကြီးလုပ်၍ ပြောပြပြီးလျှင် "ကျွန်တော်တောင် ကြိုက်ချင်လာတာပဲ" ဟု ဆိုလိုက်သဖြင့် ကျော်ဝင်းသည် မိမိရင်ဝကို လက်နှင့်ဖိကာ မျက်ဖြူလန်၍ပြလျက် ခေါက်ကနဲ ကုတင်ပေါ်သို့ ကိုယ်ကိုပစ်လှဲ၍ ချလိုက်သောကြောင့် ဘဦးလည်း သဘောကျပြုံးခြင်းဖြင့်ပြုံးကာ "ကြည့်ရုံကလေးနဲ့ ပွဲမပါသွားဘူးဆိုပြီး တက်မသွားနဲ့ဦး" ဟုဆို၍ ကုတင်ပေါ်တွင် ဝင်၍ထိုင်လေ၏။

ကျော်ဝင်းလည်း မေ့မြောသည့်ဟန်နှင့် လှဲ၍နေရာမှ ပြုံးရယ်ကာ ထ,လာပြီးလျှင် ဘဦးနှင့် ဘေးချင်းယှဉ်၍ထိုင်လျက် "အိုင်ဆေး ကိုဘဦး၊ ကျွန်တော့်ဆီမှာ ဒီဓာတ်ပုံရှိတာကို ကိုသိန်းဖေ မသိပါစေနဲ့ဗျာ။ ဒီလူသိရင် ဒီအကြောင်းတွေ ပွကုန်လိမ့်မယ်။ သူ့ပါးစပ်က ကြေးနန်းသတင်းထက်တောင် မြန်မြန်နှံ့နိုင်သေးတယ်။ မောင်းထုတာထက်ဆိုးတဲ့ ပါးစပ်။ သူများတွေ သိသွားတာထက် ဒီဓာတ်ပုံကို လုချင်လု၊ ခိုးချင်ခိုးပြီး မဟုတ်က ဟုတ်ကတွေ လုပ်မှာကို သာပြီးဒိုးရိမ်ရတယ်"

"ဒါအရေးမကြီးပါဘူးဗျာ။ ခင်ဗျားက ကျွန်တော့်တောင် အသိမပေးဘဲ ရောက်ရောက်လာချင်းတောင် မပြဘူး။ တော်လည်း တော်တဲ့လူ"

"လူတကာ သိကုန်မှာစိုးလို့ဗျ၊ ရွှေစိတ်တော်မဆိုးပါနဲ့။ နို့ပြီး ကိုသိန်းဖေကိုလည်း အသိမပေးချင်လို့" ဟု ပြောနေစဉ်. . .

"ဘာ. . . ကိုသိန်းဖေလဲ" ဟု ဆိုသံကြားရ၍ တံခါးဝတွင် မျက်မှန်ကြီးတဝင်းဝင်း နှင့် ပါးစပ်အဖြဲသား ပြုံးရယ်ပြီး ရပ်နေသော သိန်းဖေကို တွေ့ရသဖြင့် ရုတ်တရက် အကြောင်သား ငေးကြည့်နေမိကြလေ၏။

သိန်းဖေလည်း အကင်းပါးသူတစ်ယောက် ဖြစ်သည့်အတိုင်း အကြောင်းကို သိနှင့်ပြီး၍ ဘာမျှမမေးမစမ်းဘဲ၊ ဘဦးလက်ထဲရှိ ယင်းဓာတ်ပုံကို ဇာတ်ကနဲဝင်၍ လုလေ၏။

ဘဦးလည်း သိန်းဖေ၏အကြံကို ရိပ်မိသဖြင့် လက်ကိုရုတ်၍ ဓာတ်ပုံကို ဆုပ်ထားလေ၏။

သိန်းဖေသည်ကား သူတစ်ပါး မပေးချင်သည်ကို အတင်းလုယူ၊ မပြချင်သည်တို့ မကြည့်ရမနေလို၊ မခံချင်သည်ကို တမင်စလိုသူ၊ လူတစ်ယောက်ဖြစ်သည့်အတိုင်း "သိန်းဖေတဲ့၊ သူများ မမှတ်နဲ့ ဆရာ။ မပြချင်မနေရဘူး" ဟုဆိုကာ လက်ဝါးတစ်ဘက်ကိုဖြန့်၍ လက်ချောင်းကလေးများကို ဆန့်လိုက်ကွေးလိုက်လုပ်၍ တောင်းဟန်ပြပြီးလျှင် "ငါ့ရွှေကိုယ်တော် ရှုစားတော်မူရန် ရွှေလက်တော်အရောက် ဆက်စေမောင်မင်း" ဟု ပြောသော်လည်း ကျော်ဝင်းက ဘဦးအား မျက်စိမှိတ်၍ပြသဖြင့် ဘဦးက မပေးဘဲ နေသောကြောင့် ဗွတ်ဝင်လုကာ ဓာတ်ပုံကိုရရန် ဆုပ်ထားသော ဘဦး၏လက်ကို

www.burmeseclassic.com

www.burmeseclassic.com

အတင်းဖြဲလေ၏။

"ဟေ့လူ. . . ကိုသိန်းဖေ၊ အရမ်းမလုပ်နဲ့ဗျ။ ကျွန်တော့်လက်ကို ဓာတ်ပုံက အပ် စူးသွားလိမ့်မယ်"

"အို. . . ခင်ဗျားအသားကို စူးတာ၊ ကျွန်တော် နာတာမှမဟုတ်ဘဲ"

"ခင်ဗျား ကာယကံရှင်ဆီ တောင်းပါလား။ သူက ပြဆိုရင် ပြမယ်"

"ကိုကျော်ဝင်း ခင်ဗျား ပြခိုင်းသလား။ မပြခိုင်းဘူးလား"

"အို. . . ခင်ဗျားနဲ့ ဘာဆိုင်လို့ပြရမှာလဲ" ဟု ကျော်ဝင်းက ပြောသောကြောင့် "ကိုင်း အကြောင်းသိကြရောပေါ့" ဟု သိန်းဖေကပြောကာ ဘဦးကို ဖမ်းချုပ်၍လုလေ၏။ ကျော်ဝင်းက သိန်းဖေလု၍မဖြစ်နိုင်အောင် သိန်းဖေအား ဂလိထိုး၍ပေးလေရာ သိန်းဖေမှာ ဓာတ်ပုံကိုလုရင်း ယားကျိကျိ ကလိထိုးခံရသည်ကို မခံနိုင်ဘဲ အမဲခြောက်ဖုတ်သလို တွန့်လိမ်၍နေလေ၏။

ထိုအခါမှ ဘဦးက ရုန်းကန်ပြီး အခန်းပြင်သို့ ထွက်ပြေးမည်အပြု သိန်းဖေက အကြံဦးကာ ဘဦး၏လုံချည်စကိုဆွဲ၍ ချွတ်ဖြုတ်လိုက်ရာ ဘဦးမှာ မပြေးနိုင်ဘဲ လုံချည်စကို တစ်ဘက်ကကိုင်၊ ဓာတ်ပုံကို အခြားတစ်ဘက်က ဆုပ်ထားကာ ကိုးယို့ကားယားဖြစ်နေလေတော့၏။ သို့ဖြစ်နေသည့်အခါမှ သိန်းဖေက အတင်းဝင်လုရာ ဘဦးမှာ မကွယ်နိုင်သောကြောင့် သိန်းဖေ၏လက်ထဲသို့ ဓာတ်ပုံ ရောက်သွားလေ၏။ ထိုအခိုက် ကျော်ဝင်းက ပြန်၍အလု၊ သိန်းဖေသည် ရှောင်တိမ်းရုန်းကန်ကာ အခန်းထဲမှ ထွက်ပြေးလေ၏။

ကျော်ဝင်းမှာ မိမိ၏ဓာတ်ပုံ ဆုံးတော့မည်ကို ဗိုးရိမ်ကာ "ဟေ့လူ. . . ကိုသိန်းဖေ၊ မနှောက်နဲ့ဗျာ။ ခင်ဗျား မကောင်းဘူးဗျာ။ ပြန်ပေးပါဗျ" ဟု ဆို၍ပြောကာ လိုက်လေ၏။ ဘဦးလည်း လုံချည်ကို ခိုင်မြဲစွာ ပြန်၍ဝတ်ပြီး နောက်ထပ်၍လိုက်လေ၏။ သိန်းဖေလည်း မိမိ၏အခန်းသို့ အရောက်ပြေးလေရာ ၎င်းနှင့်တကွ ကျော်ဝင်းနှင့် ဘဦးတို့ ပြေးလိုက်သော ခြေသံများသည် ကျောင်းသားများ စာကြည့်လျက် တိတ်ဆိတ်နေခြင်းကို ဖြိုဖျက်ပစ်လိုက်ကြလေ၏။

လှုပ်လှုပ်ရွရွ အသံကြားရလျှင် မနေတတ်ကြသော ကျောင်းသားတို့သည် အခန်းတံခါးဖွင့်၍ ကြည့်သူကြည့်ကြလျှင် ရင်းနှီးသော ကျောင်းသားများကမူ ယောင်ယောင်ပေါင်ပေါင်ဝင်၍ ပြေးလိုက်ကြရာ သိန်းဖေ၏အခန်းထဲတွင် ဗရုန်းဗရင်းနှင့် တပျော်တပါးကြီးဖြစ် နေကြလေ၏။ အခန်းချင်း ကပ်နေကြသူများမှာ စာကြည့်၍ မရနိုင်ကြသဖြင့် စိတ်အညစ်ကြီးညစ်ကာ အခန်းနံရံကို လက်သီးနှင့်ထုလျက် "ဟေ့လူတွေ ဘာသောက်ရူးထနေကြတာလဲ၊ ဆရာလာရင် ဂွကျကုန်လိမ့်မယ်" ဟုပြောသော်လည်း ဂရုမစိုက်ကြဘဲ ဓာတ်ပုံလုရသည်ကိုပင် ပျော်ရွှင်ဖွယ် ကစားနည်းတစ်မျိုးကဲ့သို့ အော်ကျယ်၊ အော်ကျယ် ဆူညံစွာ ပြောဆိုလျက် ရှိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်းတံခါးကို ပိတ်သူကပိတ်၊ သိန်းဖေကို ကုတင်ပေါ်တွင် တွန်းလှဲသူက လှဲ၊ အတင်းလုသူကလု၊ သိန်းဖေကိုယ်ပေါ်တွင် တက်၍ဖိသူဖိနှင့် သိန်းဖေမှာ ပြား၍ နေလေတော့၏။

"ဟေ့လူတွေ၊ ကိုယ်ပေါ်ကတက်ပြီး မဖိကြပါနဲ့ဗျာ။ ဘယ်ခံနိုင်ပါ့မလဲ။ သေရောပေါ့ဗျာ" ဟု ဆိုကာမှ ဖိထားရုံတွင်မကဘဲ ဖင်ထိုင်၍ ဆောင့်သဖြင့် တအွတ်အွတ် အသံထွက်လာပြီး "အမယ်လေး သေပါပြီဗျာ" ဟုဆိုမှ သာ၍သဘောကျကြပြန်လေ၏။

"ခင်ဗျားသေလို့ ကျောင်းတစ်ရက် ပိတ်တယ်ဆို နည်းလား"

"ခင်ဗျားသေလို့ ကျုပ်တို့ မပူဘူး၊ လက်ဖက်ရည်ဆိုင်က ကုလားကြီးသာ အကြွေးမရလိုက်လို့ ငိုမှာ"

ထိုသို့ ဖြစ်ပျက်နေကြစဉ် ဘေးချင်းကပ်၍နေသောအခန်းမှ "ဟေ့ ဟေ့ ဆရာ လာပြီ၊ ဆရာ လာပြီ" ဟု အခန်းနံရံကိုပုတ်ပြီး သတိပေးလိုက်ရာ ကျောင်းသား တစ်ယောက်က မှန်ပြတင်းတွင် ကပ်ထားသော လိုက်ကာကို လှမ်းကြည့်လိုက်ရာ အဆောင်မှူးသည် မိမိတို့၏အခန်းကို မျှော်မှန်း၍ကြည့်ကာ လာ၍နေသည်ကို မြင်ရလေ၏။

"ဟေ့. . . ဟေ့. . . ဟုတ်တယ်ဟ။ ဆရာ လာနေပြီ" ဟု ထိုသူ ပြောလိုက်လျှင် မီးကို ရေနှင့်ငြိမ်းလိုက်သလို အားလုံးငြိမ်၍သွားကာ မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်၍နေလေ၏။

"ဘယ့်နှယ်လုပ်မလဲ၊ ဆရာ လာနေပြီ၊ ကျွန်တော် ပြေးတော့မယ်"

"ဟေ့လူ တံခါးမဖွင့်နဲ့၊ ဘယ်ပြေးဦးမှာတုံး။ အခုမှတော့ မထူးဘူး။ ပြေးလို့မိရင်သာဆိုးလိမ့်မယ်"

"ဟေ့. . . လာကြ လာကြ ၊ ကုတင်အောက်ဝင်ပြီး ပုန်းကြမယ်"

ထိုအခါမှ သိန်းဖေက "ဘာဖြစ်လို့ အခုမှ ကြောက်နေကြသလဲ။ ပြောင်အတွေခံလိုက်ရုံပေါ့" ဟု ပြောလေ၏။

"ဟုတ်တယ်၊ ခင်ဗျား ဘိုးအေ မိသွားလို့ အေးအေးနေမှာ မဟုတ်ဘူး။ ခင်ဗျားအခန်းထဲမှာ ခင်ဗျားက အရေးမကြီးဘူး။ ကျွန်တော်တို့တစ်တွေ ချောက်ကျမှာ"

"ဘာမှမပူနဲ့၊ ကျွန်တော် ပြမယ်၊ အသာနေ" ဟု ဆိုပြီးလျှင် ကုတင်ပေါ်သို့ ပြေးတက်၍ လှဲအိပ်လိုက်ပြီးနောက် "ကျွန်တော် လူမှန်းသူမှန်း မသိအောင် ဖျားနေတာမျိုးလုပ်မယ်။ နှိပ်တဲ့လူကနှိပ်၊ သွေးစမ်းတဲ့လူကစမ်း၊ နို့ပြီး ဆေးပုလင်းတွေ ဟောဟိုကုလားထိုင်ပေါ်တင်ပြီး ဒီနားမှာထား။ ကြွေပြွေလည်း မပျက်ကြစေနဲ့" ဟု ပြောဆိုလိုက်သည့်အတိုင်း သိန်းဖေ ပြောသည်ကို သဘောကျကာ စောစောက ဓာတ်ပုံရိုက်ကြသူတစ်စုတို့မှာ ယခုလက်ငင်း လူမမာမေး လာကြသူများအဖြစ်သို့ ရောက်သွားကြလေ၏။

www.burmeseclassic.com

ဒေါက်ဒေါက် ဒေါက်ဒေါက်နှင့် မှန်တံခါး ခေါက်သံကြားရလျှင် အခန်းရှေ့သို့ အဆောင်မှူး ရောက်သည်ကိုသိကာ အားလုံးကြောက်၍နေကြပြီးမှ ဘဦးက တံခါးကို ဖွင့်ပေးလိုက်လေ၏။ အဆောင်မှူးလည်း စောစောက ဆူဆူညံညံ ကြားနေရသော အခန်းတွင် ရုတ်တရက် တိတ်ဆိတ်ကာ လူမမာခန်း ဖြစ်နေသည်ကို တွေ့ရသောကြောင့် အံ့ဩသည့်အမူအရာသည် အတန်ကြာ စိုက်ကြည့်နေလေ၏။.

"စောစောက ဆူနေတာ ဒီအခန်း မဟုတ်လား" ဟုမေးရာ အခန်းတွင်းရှိ ကျောင်းသားများသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ တွေ၍နေကြပြီးမှ တစ်ပြိုင်တည်း အဆောင်မှူးဘက်သို့လှည့်ကာ တညီတညာတည်း ဖြည်းညင်းစွာ ခေါင်းခါ၍ပြကြလေ၏။

အဆောင်မှူးမှာ အစဉ်းစားရ ကြပ်သွားပြီးနောက် ကုတင်ပေါ်တွင် ပက်လက်ကလေးလှန်ကာ ပါးသွယ်နားသွယ်ကျသည့် မျက်နှာနှင့် ပါးစပ်အဟောင်းသား မှိန်းနေသော သိန်းဖေကိုမြင်ရာ သာ၍ပင် အံ့ဩခြင်းဖြစ်လျက် အခန်းထဲသို့ တိုးဝင်သွားလေ၏။

"ဒါ သိန်းဖေ မဟုတ်လား"

"ဟုတ်ပါတယ်" ဟု အားလုံး သံပြိုင်ဖြေကြလေ၏။

"သူ ညနေက ကစားတာ မြင်တယ်၊ အခု ဘာဖြစ်တာလဲ"

"ဝက်ရူးပြန်တဲ့ရောဂါ" ဟု တစ်ယောက်ကဖြေပြီး မိမိပါးစပ် လက်ဝါးနှင့်ပိတ်ကာ တစ်ဘက်သို့လှည့်၍ ပြုံးလေ၏။

"ဟုတ်ဘူး ဆရာ၊ ယောကျ်ားရောဂါ"

"ဘာလဲ. . . ကလေးရောဂါလား"

"မဟုတ်ပါဘူး၊ လူကြီးရောဂါဆရာ။ ယောကျ်ား ဒူလာ၊ မိန်းမ မီးယပ်တဲ့ဆရာ။ အခု ယောကျ်ားဖြစ်တာ ဒူလာခေါ်တယ် ဆရာ။ ချက်ချင်းဖြစ်တာ ဆရာ။ ငန်းသန္ဓိပါတ်ဆိုတာ ဒါမျိုးလား မသိဘူး"

"ကဲ. . . လျှောက်ပြောကြစမ်း၊ ကိုးဆယ့်ခြောက်ပါးရောဂါထဲက မှတ်မိတာ ကုန်ပြီလား"

ထိုအခါမှ ဘဦးက "သူတို့ မပြောတတ်လို့ပါ ဆရာ၊ ရောဂါဟာ သိပ်ပြီးဆန်းတယ်။ ပြောပြရင် ရှက်စရာကောင်းတယ်"

"ဘာရောဂါမို့ ရှက်စရာကောင်းတာလဲ။ ပြောလေ"

"တိုနာ" ဟု ဖြေလိုက်သဖြင့် ဆရာ မျက်လုံးပြူးသွားလေ၏။ သိန်းဖေက မရယ်မိအောင် မနည်းဟန်ဆောင်နေရလေ၏။ ကျောင်းသားများကလည်း "ဟုတ်တယ် ဆရာ" ဟု ထောက်ခံကြလေ၏။

အဆောင်မှူးလည်း စကားပြော၍မထွက်နိုင်သကဲ့သို့ လက်ဟန်ခြေဟန်

www.burmeseclassic.com

အမူအရာဖြင့် ပြသကာ ဒီအတိုင်းဖြစ်တာမျိုးလား ဟူသကဲ့သို့ ခေါင်းညိတ်ခြင်းဖြင့် မေးရာ "ဟုတ်တယ် ဆရာ" ဟု ဖြေကြပြန်လေ၏။

ထိုအခါ ဆရာလည်း သိန်းဖေအနားသို့ကပ်၍ရပ်ကာ သိန်းဖေ၏လုံချည်ကို ကိုင်မည်အပြုတွင် ဘဦးက "မကြည့်နဲ့ ဆရာ၊ သိန်းဖေဟာ သိပ်ရှက်တတ်တယ်" ဟု ဆိုသဖြင့် ဆရာလည်း လက်ရွံ့သွားပြီး ဘာလုပ်ရမည် မသိသကဲ့သို့ ရပ်၍တွေဝေနေပြီးမှ "မင်းတို့ ဘာလုပ်ပေးကြသလဲ" ဟု မေးလေ၏။

"ဟိုမှာ ဆေးတွေရှိတယ်" ဟု ဆို၍ ကုလားထိုင်တွင် ဆေးပုလင်းများကို လက်ညှိုးထိုးပြလေ၏။

"ဒီဆေးတွေလား"

"ဟုတ်တယ်" ဟု ဖြေကြလေ၏။

"ဒီဆေးတွေ ဘာလုပ်သလဲ"

"တိုက်တယ်"

"တိုက်သလား"

"ဟုတ်တယ်" ဟု တစ်ပြိုင်တည်း ဖြေကြလေ၏။

"ဘာဆေးတွေလဲ" မေးပြန်သဖြင့် ကျောင်းသားတစ်ယောက်က ဆရာ့အား ဆေးပုလင်းများ ယူ၍ပြလေရာ ထိုဆေးပုလင်းများမှာ အနာလိမ်းသော တင်ချာ အိုင်အိုဒင်းခေါ် သောက်လျှင် အဆိပ်ဖြစ်စေတတ်သောဆေးက တစ်ပုလင်း၊ လင်နီမင်ခေါ် အကိုက်အခဲ လိမ်းဆေးက တစ်ပုလင်း၊ ကျောင်းဓာတ်ခွဲခန်းမှ ခိုးယူလာသော ဘင်ဇိုင်း ဓာတ်ဆီကပ္ပြန်နှင့်တစ်ပွန်၊ ခေါင်းလိမ်းသည့် ဟဲရားကရိမ်းက တစ်ပုလင်း စသည်များ ဖြစ်နေသဖြင့် ဆရာမှား မျက်လုံးပြူးသွားပြီး "ဒါတွေကို တိုက်သလား" ဟု မေးရာ. . .

"ဟုတ်တယ်" ဟု ယောင်၍ထွက်ကြပြီးမှ "မဟုတ်ဘူး" ဟု ငြင်းကြလေ၏။

"ဘာလုပ်သလဲ"

"လိမ်းပေးတာပဲ"

"နောက်ကို ဆံပင်လိမ်းတဲ့ဆေးကို အလွဲသုံးစား မလုပ်နဲ့" ဟု ဆိုပြီးမှ "မင်းတို့ ဖြစ်ဖြစ်ချင်း ငါ့ကို ပြောရမယ်၊ မင်းတို့ လုပ်ချင်တာလုပ်လို့ ကျောင်းသားတစ်ယောက် သေသွားရင် မခက်ဘူးလား" ဟု ဆိုပြီးနောက် စာရွက်တစ်ရွက်ကို တောင်းယူပြီးလျှင် တစ်စုံတစ်ရာရေး၍ နီးစပ်ရာ ကျောင်းသားတစ်ယောက်၏လက်ထဲသို့ ပေးအပ်ကာ "မင်း ဒီစာကိုယူပြီး ဒေါက်တာ ရောဘတ်ဆီကို မြန်မြန်သွားချေ" ဟု ခိုင်းလိုက်လေ၏။

ထိုကျောင်းသား ထွက်ပြီးနောက် ကျန်ရစ်သော ကျောင်းသားများအား အဆောင်မှူးက "ဒီအထဲမှာ ဘိုင်အိုလိုဂျီသင်တဲ့ ကျောင်းသား မရှိဘူးလား" ဟု မေးလေ၏။

"မရှိဘူး ဆရာ" ဟု ပြိုင်တူဖြေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီရောဂါမျိုးဖြစ်ရင် ရုတ်တရက် သက်သာအောင် လုပ်တတ်တဲ့လူ မရှိဘူးလား" မေးမြန်းပြန်ရာ မည်သူမျှ အဖြေမပေးဘဲ မိမိတို့အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြပြီးနောက် အဆောင်မှူးဘက်သို့ အားလုံးလှည့်ကြည့်ကြကာ ဖြည်းညင်းစွာ ခေါင်းခါ၍ပြကြလေ၏။

ထို့နောက် ဘဦးက "ကုလို့ရတဲ့ ဆေးနည်းတော့ ကြားဖူးတယ် ဆရာ၊ နို့ပေတဲ့ အခုချက်ချင်းရဖို့ သိပ်ခဲယဉ်းတယ်" ဟု ပြောလိုက်ရာ အဘယ်ဆေးနည်းကို တွေးမိကြသည် မသိ၊ ကျောင်းသားများမှာ တခွိခွိ ရယ်မောနေသဖြင့် အဆောင်မှူးက ၎င်းတို့၏ မျက်နှာကို မော်ကြည့်လိုက်မှ မျက်နှာပိုးသတ်သွားကြလေ၏။

"ဒီရောဂါ ဘာခေါ်တယ်" ဟု မေးပြန်သဖြင့် "တိုနာ ဆရာ" ဟုပြောရင်း မြုံးစိစိ လုပ်နေကြလေ၏။

"မင်းတို့အထဲမှာ ဖြစ်ဖူးတဲ့လူ မရှိဘူးလား"

"မရှိဘူး ဆရာ၊ ဒီရောဂါဖြစ်ရင် သေတာပဲ။ ဆေးအရင်ဦးမှ၊ ဆေးမဦးရင် သေတာပဲ" ဟု ဘဦးက ပြောလိုက်သဖြင့် အဆောင်မှူး မျက်လုံးပြူးသွားလေ၏။

ထိုအခိုက် ဆရာဝန် ရောက်လာလေ၏။ အဆောင်မှူးလည်း ဆရာဝန်အား စကားပြောဆို အကျိုးအကြောင်းပြော၍ပြရာ၊ ဆရာဝန်လည်း အံ့ဩ၍သွားလေ၏။ ထို့နောက် သိန်းဖေ လဲလျောင်းသော ကုတင်နဘေးတွင် ကုလားထိုင်တစ်လုံး ဆွဲယူထိုင်ပြီး ဆရာဝန်လည်း သိန်းဖေအား ကိုယ်လက်စမ်းသပ်ကြည့်ကာ ကျောင်းသားများအား စုံစမ်းမေးမြန်းပြီးနောက် အားလုံးခေတ္တအပြင်သို့ ထွက်ခိုင်းလေ၏။

ကျောင်းသားများကလည်း အခန်းပြင်မှ ချောင်းကြည့်ကာ သိန်းဖေအား ဆရာဝန်က မည်သို့မည်ပုံ လုပ်ကိုင်စမ်းသပ်သည်ကို မမြင်ရသူများအား ပြောသဖြင့် ပါးစပ်ပိတ်ပြီး ကြိတ်မှိတ်ရယ်မောနေကြလေတော့၏။

အတန်ကြာမှ ကျောင်းသားများအား ဆရာဝန်က အခန်းတွင်းသို့ ဝင်ခွင့်ပြုလျှင် စာရွက်တစ်ရွက်ပေါ်တွင် ဆေးအညွှန်းကိုရေး၍ ကျောင်းဆေးရုံသို့ သွားရောက်ဖော်စပ်ခိုင်းစေပြီး ယူစေခဲ့လေ၏။

ထိုကျောင်းသားမှာ သိန်းဖေ၌ မည်သည့်ရောဂါမျှ မရှိသည်ကို သိသည့်အလျောက် အဘယ်ဆေးနည်းဟု သိလို၍ ဆေးစပ်ပေးသူအား မေးမြန်းရာ ဝမ်းနုတ်ဆေး ဖြစ်သည်ကို သိရှိရသောကြောင့် မနက်ဖြန် သိန်းဖေတော့ မြော့နေတော့မှာပဲဟု တွေး၍ပြုံးမိလေ၏။

ဆေးယူလာပြီးနောက် ဆရာဝန်လည်း သိန်းဖေအား ချက်ချင်းတိုက်လေ၏။ သိန်းဖေမှာ မေ့မြောနေသည်ဟု ဟန်လုပ်နေရာက ဆိုးရွားသောအနံ့ကိုရသဖြင့် မသောက်မီကပင် မျက်နှာရှုံ့ကာ တစ်ကိုယ်လုံး တွန့်လိမ်ပြလေ၏။

ဆရာဝန်က "နောက်ကို မင်းတို့ကျောင်းသားထဲက တစ်ခုခုဖြစ်ရင် မမာဆေး

www.burmeseclassic.com

နဲ့ မကုနဲ့၊ အင်္ဂလိပ်ဆေး အင်မတန်စွမ်းတယ်။ အခုဆေးအနံ့ရရုံနဲ့ လှုပ်ရှားလာပြီ။ သောက်ပြီးရင် တစ်ခါတည်း ပျောက်လိမ့်မယ်" ဟု ဆိုပြီးနောက် သိန်းဖေ၏ပါးစပ်ကိုဖြဲ၍ ဝမ်းနုတ်ဆေးကို ဇွန်းကြီးကြီးနှင့် တစ်ဇွန်း လောင်း၍ထည့်လိုက်သဖြင့် သိန်းဖေ၏ ဗိုက်ထဲတွင် နှံ့နှံ့စပ်စပ် ဝင်သွားလေ၏။

ထို့နောက် ဆရာဝန်နှင့် အဆောင်မှူး ထွက်သွားကြသောအခါ အချင်းချင်း ကြိတ်နှိပ်ရယ်မောနေကြသော်လည်း သိန်းဖေမှာမူ မရယ်နိုင်ဘဲ၊ မျက်နှာကြီး ရှုံ့မဲ့မဲ့ဖြင့် "ဝေ့ါဝေ့ါ" နှင့် အန်ချင်သလိုလို ဖြစ်နေပြီးမှ "တော်လည်း တော်တဲ့လူတွေပဲဗျာ၊ ခင်ဗျား တို့က တိုနာလို့ ပြောတာနဲ့ ဆရာဝန်က ခင်ဗျားတို့ကို ထွက်ခိုင်းပြီး ဟုတ်,မဟုတ် စမ်းကြည့်တာပေါ့ဗျ။ ရှက်လိုက်တာ မပြောပါနဲ့တော့"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား"

"တော်ပါ၊ ခင်ဗျားတို့သာ ဟားနေကြ၊ ဆရာဝန်က ဘာရောဂါမှမရှိတာ သိတော့ ဝမ်းနုတ်ဆေးတွေ တိုက်သွားတာပေါ့။ ဝေ့ါ ထွီ၊ အန်ချင်လိုက်တာ သိပ်နံ့တာ ပဲ"

"ဝါး. . ဟား. . ဟား. . ဟား" ဟု ဝိုင်း၍ရယ်ကြလေရာ၊ သိန်းဖေလည်း နုံးခွေခွေကြီး ဖြစ်နေရာမှ ဣန္ဒြေမဆည်နိုင်တော့ဘဲ ရယ်ချင်၍လာသည့်အလျောက် ရောနှောရယ်မောမိလေတော့၏။

□□□

www.burmeseclassic.com

## အခန်း (၁၇)

ဆောင်းရာသီ နံနက်ခင်း ဖြစ်သည့်အလျောက် ကျရောက်လျက် ရှိကုန်သော မြူနှင်း ရီတို့သည်ကား တက္ကသိုလ်နယ်နမိတ်အတွင်း တငွေ့ငွေ့ဖွေးလွှပ်ကာ အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှုန်ကာပိတ်ဆီးလျက် ရှိသောကြောင့် ကျောင်းဆောင် တစ်ဆောင်နှင့်တစ်ဆောင်မှာ မမြင်နိုင်အောင် ရှိပေတော့၏။ သစ်ပင်ကြီး၊ သစ်ပင်ငယ်များအပေါ်တွင် တင်လျက်ရှိသော မြူနှင်းများသည် နေရောင်ခြည် ပေါ်ထွက်၍လာသည့်အခါတွင် စွတ်စိုထိုင်းမှိုင်းစွာ လိမ်းကျံနေသောဘဝမှ အရည်ပျော်ကျ၍လာလေရာ၊ ညီညာစွာ စိုက်ပျိုးမွေးမြူထားသော မြက်ပင်ကလေးများသည် မြူရည်၊ မြူနှင်းများဖြင့် စွတ်စိုကာ သာယာစိမ်းလန်း ရှုမခန်း ရှိပေ၏။

မည်မျှ ချမ်းဆီးအေးမြသော်လည်း စာကျိုးများနှင့် နံနက်လက်ဖက်ရည်ကြနှင့်ဗန်းခေါ် ပေါင်မုန့်ကလေးကို အလွတ်မခံနိုင်သည့် ဘကြိုင်ခေါ် ဘိုင်ကျနေသည့်ကျောင်းသားတို့မှာမူ ဝေလီဝေလင်းနှင့် မြူမစဲမီကပင် အိပ်ရာမှ ထကြလေတော့၏။ ကာလနဂါး၏ဖွားဘက်တော်တစ်စုတို့မှာမူ ပေါင်ကြားတွင် လက်နှစ်ဘက်သွင်း၍ ပုဂွန်တုပ်ကွေး ကွေးလျက် အပျင်းထူနေဆဲ ရှိကြ၏။

သိန်းဖေမှာမူ ဝမ်းနှုတ်ဆေး၏လက်ချက်ကြောင့် ခွေနုံးပျော့အိ မချိတရိ ဖြစ်နေရကား၊ အိပ်ရာထဲမှ မထချင်ဘဲ ကွေး၍ အားမရနိုင် ရှိလေ၏။ ထိုသို့နေစဉ် အခန်းအပြင်ဘက်မှ မှန်တံခါးခေါက်သံ ကြားရသဖြင့် "ဘယ်သူလဲ" ဟု အိပ်ရေးမဝသောအသံဖြင့် မေးလိုက်ရာ "ကျွန်တော်ပါဗျ၊ တံခါးဖွင့်စမ်းပါ" ဟု ဆိုသံကြားရမှ ဘဦး ဖြစ်နေသည်ကို တွေ့ရသောကြောင့် ထိုအသံကို မကြားရမီကမူ မိမိနေထိုင်၍ ကောင်း,မကောင်း အဆောင်မှူးမေးရန် ရောက်လာသလောဟု ထင်မြင်ကာ တံခါးဖွင့်ပေးမည်ဟု ကြံစည်ခဲ့သော်လည်း၊ ယခု ဘဦးမှန်း သိသဖြင့် စောင်ခွာ၍ထရမည်ကို ပျင်းရိသည့်အလျောက် အင်းအဲနှင့် အပျင်းထုတ်ပြီး ကွေးမြဲကွေးနေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ကိုယ်တော်ကြီး၊ မထသေးဘူးလား"

သို့ရာတွင် သိန်းဖေက တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်၍နေသဖြင့် ဘဦးက ဂျိမ်းဂျိမ်းမြည်အောင် တံခါးကို ဆွဲ၍လှုပ်လေ၏။

"ဟော့လူ. . . ထလေဗျာ။ ထမင်းစားချိန် နီးနေပြီ"

"မထပါရစေနဲ့ဗျာ၊ ညက တစ်ညလုံး ဝမ်းတော်လားနေလို့ မြော့နေတယ်။ နည်းနည်းမှိန်းလိုက်ပါရစေဦး" ဟု ပြောရာတွင် ဘဦး၏ရယ်သံကို ကြားလိုက်ရပြီး နောက်၊ တဂျိမ်းဂျိမ်း တံခါးဆွဲ၍လှုပ်သံများ မရပ်မနား ပြုလုပ်နေသဖြင့် စောင်ကို တစ်ကိုယ်လုံး ရစ်ပတ်ခြုံပြီး ခုတင်ပေါ်မှထကာ ဖွင့်ပေးပြီးလျှင် ပြန်၍အိပ်ပြန်လေ၏။

"ပြန်ပြီးအိပ်မနေနဲ့တော့၊ အချိန်မရှိဘူး" ဟု ဘဦးကပြောကာ သိန်းဖေ၏ ကိုယ်မှစောင်ကို အတင်းဆွဲခွာလေရာ "ဟော့လူ ဟော့လူ၊ ကျွန်တော့်လုံချည်ကျွတ်နေ တယ်။ စောင်ကို မဆွဲပါနဲ့ဦး" ဟု သိန်းဖေကပြောကာ ပြန်ဆွဲသောကြောင့် ဘဦးက ရယ်မောရင်း စောင်ကိုလွှတ်ပေးလိုက်သည်တွင် သိန်းဖေသည် ပြုံးပြုံးကြီးလုပ်၍ ပြန်လည်ကာ ထွေးလုံးရစ်ပတ် အိပ်နေသည်ကို တွေ့ရမှ အိပ်ရာက မထချင်၍ ညာ ဖျန်းလိုက်သည်ကို သိရှိရကာ ဘဦးလည်း သိန်းဖေရော စောင်ကိုပါ ကုတင်ပေါ်မှ ဆွဲချလေ၏။

သိန်းဖေလည်း မတတ်သာတော့ဘဲ ထလိုက်ပြီးလျှင် "ဘာဖြစ်လို့ သူများ စည်းစိမ် ဖျက်ချင်ရတာတုန်းဗျာ" ဟု ညည်းတွားလိုက်ကာ ရှည်လျားသော သမ်းဝေ ခြင်းကို ပြုလေ၏။

"ဟား. . . ဟား ဒီနေရာမျိုးမှ ခင်ဗျားကို နိုင်ရတာ၊ ခါတိုင်း ခင်ဗျားချည်း ကျွန်တော်တို့ကို ရှုပ်နေတာ"

"တော်ပါဗျာ၊ ခင်ဗျားတို့က တစ်သက်လုံး ပေါင်းကောင်းမယ့် လူတွေ မဟုတ် ပါဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားတို့ မဟုတ်က ဟုတ်ကတွေပြောလို့ ဝမ်းနုတ်ဆေးတွေ စားနေရတာ ညက သုံးခါလောက် ထရတယ်။ မနက်ကျတော့ နုံးချိပြီး အိပ်ရာထဲက မထချင်တာနဲ့ လက်ဖက်ရည်တောင် လွတ်သွားပြီ။ အခု ဆာလိုက်တာလွန်နေတာပဲ"

"စိတ်မဆိုးပါနဲ့ နောင်ကြီးရယ်၊ ခင်ဗျား ကယ်ပေလို့ ကျွန်တော်တို့တစ်တွေ ညက အဆူမခံရတယ်။ ကိုင်းဗျာ၊ ခင်ဗျား ဆာတယ်ဆိုရင် လက်ဖက်ရည်နဲ့ မုန့်နဲ့ ဆိုင်မှာ ဝယ်ပြီးတိုက်ပါ့မယ် ကျေးဇူးရှင်ရာ။ ကိုင်း မျက်နှာသစ်ချေစမ်းပါ"

"ထမင်းစားခါနီးနေပြီဆို၊ အခုတော့ လက်ဖက်ရည် မသောက်တော့ပါဘူး"

"အလကားပါ၊ အစောကြီး ရှိပါသေးတယ်။ ခင်ဗျား အိပ်ရာကတ[illegible]ောင် တမင်ညာပြီး ပြောတာပါ။ ကိုင်းပါ မျက်နှာသစ်မှာသာ သစ်ချေစမ်းပါ။ [illegible]န်ထဲများ

www.burmeseclassic.com

www.burmeseclassic.com


ကြည့်စမ်းပါဦး၊ ခင်ဗျား မျက်စိမှာ စပယ်ပွင့်တွေ ပန်ထားလိုက်တာ။ ဟုတ်ပေါင်၊ မျက်ချေးတွေပဲ" ဟု ဆိုသဖြင့် သိန်းဖေလည်းပြုံးလျက် မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာခဲ၊ သွား တိုက်ဆေးများယူ၍ ထွက်သွားလေ၏။

သိန်းဖေသည် မျက်နှာသစ်၍ ပြန်လာပြီးနောက် "ကိုကျော်ဝင်းကော၊ မထ သေးဘူးလား" ဟု ဘဦးအား မေးလိုက်လေ၏။

"ကျွန်တော် သူ့အခန်း မရောက်သေးဘူး။ ခင်ဗျားဆီ အရင်လာတာပဲ။ ခင်ဗျား အကျီလဲပါဦး။ ပြီးတော့မှ သွားခေါ်တာပေါ့"

ထို့နောက် သိန်းဖေသည် စကားပြောရင်း ပတ္တူရှူးဖိနပ်ဖြူ ပိုးဘောင်းဘီအပွ ဆွယ်တာအကျီ၊ ဖလေဇာကွက်များ လဲလှယ်ဝတ်ဆင်ပြီး အခန်းထဲမှ မထွက်သေးမီ မှန်ကြည့်၍ တို့ပတ်ချပြန်လေ၏။

"ခင်ဗျားများ ကြိုက်မယ့်လူရှိသေးလို့ တို့ပတ်ချနေရသေးသလားဗျ" ဟု ဘဦးက နောက်လိုက်သဖြင့်. . .

"တို့ပတ်ရိုက်တိုင်း လူကြိုက်အောင် လုပ်တယ်ဆိုရင် မှားရော့မပေါ့ ကိုယ့်လူ။ သန့်သန့်ရှင်းရှင်းလည်းရှိအောင်၊ ကိုယ့်လူတို့လို အသားမဖြူတော့ တို့ပတ်ဆောင်ရတာ ပေါ့"

"ခင်ဗျား အသားမဲမှာပေါ့ဗျ၊ ကော်ဖီတွေ သိပ်ပြီးသောက်တာကိုး" ဟု ဘဦး က ရွတ်လိုက်ပြန်သောကြောင့် သိန်းဖေက "ခင်ဗျားလည်း ပျက်လာပြီ။ ကြာရင် အနူရုံ ပို့ရတော့မယ်" ဟုဆိုကာ အပြင်သို့ ထွက်ကြပြီးလျှင် အခန်းသော့ခလောက်ပိတ်၍ ကျော်ဝင်းထံသို့ သွားကြလေ၏။

ကျော်ဝင်းအခန်းထဲ၌လည်း ခြင်ထောင်ချလျက်ထားသည်ကို တွေ့ရသဖြင့် "ဟော့လူ. . . သေတုန်းပဲလား" ဟု ဘဦးက ပြောကာ သိန်းဖေက အခန်းတံခါးကို ပုတ်လေ၏။

ကျော်ဝင်းသည် ခြင်ထောင်ကို အသာမ,၍ ခေါင်းပြူကြည့်ရာတွင် သိန်းဖေ နှင့် ဘဦးတို့ကို တွေ့ရမှ ခုတင်ပေါ်မှ ထ၍လာပြီး တံခါးဖွင့်ပေးလေ၏။

"ခင်ဗျား အခုမှ အိပ်ရာက ထလာသလား" ဟု ဘဦးကမေးရာ ကျော်ဝင်းက အဖြေမပေးသေးမီ သိန်းဖေက ကြားဝင်၍ "ဒီလူ မသက်ာဘူး" ဟု ဆိုကာ ကျော်ဝင်း၏ အဝတ်အစားများကို ဆွဲပြပြီးလျှင် "ဒါ အိပ်ရာထဲဝတ်တဲ့အကျီ မဟုတ်ဘူး။ သူနိုးနေပြီး သားဗျ၊ အိပ်ယာထဲ ကွေးနေပြီး မသန်းမြင့်ကို တွေးနေတာထင်တယ်" ဟု ပြောလိုက် သဖြင့် ကျော်ဝင်းမှာ အဟုတ်ပင် ဖြစ်နေရော့သလား မသိရ၊ မျက်နှာထားပျက်ပျက်နှင့် စပ်ဖြဲဖြဲရယ်ကာ "မဟုတ်ရပါဘူးဗျာ၊ စာဖတ်နေတာပါ၊ ချမ်းတာနဲ့ စောင်ခြုံပြီး ဖတ်နေ တာ" ဟု ဆိုလေ၏။

ထိုအခါ သိန်းဖေက "ဘယ်မလဲ စာအုပ်" ဟုဆိုပြီး ခြင်ထောင်ထဲလှမ်းရာ

www.burmeseclassic.com

ကျော်ဝင်းတွင် တစ်စုံတစ်ရာကို စိုးရိမ်သကဲ့သို့ဖြစ်လျက် "ဟေ့လူ၊ ဟေ့လူ ခြင်ထောင်ထဲ မဝင်နဲ့" ဟု ဆိုသောကြောင့် သိန်းဖေလည်း အကြောင်းကို ရိပ်မိကာ ဘဦးအား ကျော်ဝင်းကို ဆွဲထားစေပြီးလျှင် ခြင်ထောင်ထဲသို့ ဝင်ရှာလေ၏။

ထိုသို့ရှာဖွေရာ ခြင်ထောင်အမိုးပေါ်တွင် မသန်းမြင့်၏ ရင်ထိုးဓာတ်ပုံ ကလေးထိုးထားသည်ကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် "ဟောဒီမှာဗျို့. . . ဟောဒီမှာ၊ တွေ့ပြီ၊ တွေ့ပြီ။ မသန်းမြင့် ပုံကလေးဗျ" ဟု ဆိုလိုက်သဖြင့် ကျော်ဝင်းလည်း ဘဦး လက်ထဲမှ အတင်းရုန်းကန်ကာ ခြင်ထောင်ထဲသို့ ဝင်လုလေ၏။ ခြင်ထောင်ကြိုးများ ပြတ်၍သွားသောကြောင့် ပိုက်ကွန်ဖြင့် အုပ်ဖမ်းခြင်းခံရသော ငှက်များကဲ့သို့ ဗရုန်းဗရင်း ဖြစ်နေကြပြီးလျှင် လူတွေကို မမြင်ရဘဲ ကုတင်ပေါ်တွင် ခြင်ထောင်ကြီးလိမ့်၍နေလေ၏။ အခန်းချင်းကပ်လျက်ရှိသော ကျောင်းသားများကလည်း ဆူညံစွာ ပျော်ရွှင်သံ ကြားရသဖြင့် အခန်းအပြင်ဘက်မှ လာ၍ကြည့်ကြရာ ခေါင်းတစ်လုံးနှင့် ခြေလေးချောင်း ထွက်၍ လာလိုလာ၊ ခြင်ထောင်အလယ်ခေါင်ကဖောက်ပြီး ဖင်ဘူးတောင်းထောင်လို ထောင် ဖြစ်နေသည်ကို တွေ့ရ၍ တဟားဟား ရယ်နေကြလေတော့၏။

ထို့နောက် သုံးဦးသား ထွေးလုံးရစ်ပတ်နှင့် ခုတင်ပေါ်မှ လိမ့်ကျကြပြီးလျှင် "ရပြီ၊ ရပြီ" ဟု သိန်းဖေ၏အသံကို ကြားရပြီးနောက် ခြင်ထောင်အပြင်သို့ ဖင်အရင် ထွက်လာပြီးမှ သိန်းဖေ၏မျက်နှာသည် ပေါ်၍လာလေ၏။ ကျော်ဝင်းနှင့် ဘဦးမှာ မောမောနှင့် ထိုင်ပြီးလျှင် ခြင်ထောင်ကို ခေါင်းပေါ်သို့ ဆွဲတင်၍ချွတ်ကာ ထွက်လာကြလေ၏။

သိန်းဖေသည် ၎င်းတို့အားကြည့်ပြီး အားရပါးရ ရယ်မော၍ "ရေအဆုံး ကုန်းတစ်ဝက်တဲ့၊ ဒီဓာတ်ပုံ ကျွန်တော် တစ်ဝက်၊ ကိုဘဦး တစ်ဝက် ဆိုင်တယ်" ဟု ပြောသဖြင့် ကျော်ဝင်းက "ချမ်းသာပေးပါဗျာ၊ ကျွန်တော့်မှာ ဒါကလေးတစ်ပုံတည်း ရှိပါတယ်။ ဒါတောင် မရမက တောင်းယူရတာပါ" ဟု အသနားခံသည့်မျက်နှာဖြင့် ပြောသောကြောင့် သဘောကျ၍ ရယ်မိကြလေ၏။

"ဒါလောက်ကလေးနဲ့ မငိုပါနဲ့ဗျာ"

"ငိုပါဘူးဗျာ။ အဟင့်. . အဟင့်" ဟု ကျော်ဝင်းက ကလေးငိုဟန် လုပ်ပြသဖြင့် "ဒီလို ငိုနည်းမျိုး မရဘူး ဆရာ။ ပြန်ပြီးရမယ်လို့များ ထင်နေသေးသလား" ဟု သိန်းဖေက ပြောလိုက်၍ ဘဦးလည်း ကျေနပ်၍ ပြုံးနေလေ၏။

"သနားပါ နောင်ကြီးရာ။ ကုလားလို ဆလံ၊ ဗမာလို ရှိခိုးပြီး၊ တရုတ်လို ဖိုးပန်ထောင်းပါတယ် နောင်ကြီးရယ်"

"ညီလေးလေ့"

"ဂျာဂျ"

"တိုတို့ကို ချစ်တယ်လား".

www.burmeseclassic.com

www.burmeseclassic.com


"ချစ်တယ်ဂျ"

"ချစ်ရင် တိုတို့နဲ့ မသန်းမြင့် ပေးစားပါကွယ်လေ့"

"ဟာဂျာ. . . ဒီအတိုကြီးကလည်း လိပ်ကြီးပဲ" ဟု ကျော်ဝင်းကပြောပြီး "နောက်ထပ်ပြီး သူ့ဓာတ်ပုံရတော့ ပေးပါ့မယ်ဗျာ။ အခုတော့ ဒါကလေးကို ချမ်းသာပေးပါဦး"

"တကယ်ပဲနော်"

"တကယ့်ကိုပါပဲ။ မလိမ်ပါဘူး"

"ဒါဖြင့် ခင်ဗျားကို ဗိုလ်တစ်ထောင်ဘုရား စူး"

"ဟာဗျာ၊ ဗိုလ်တစ်ထောင်တော့များတယ်၊ လျှော့ပါဦး၊ ငါးရာလောက်ဆိုတော်ရောပေါ့"

"ဒါဖြင့် သဲပုံစေတီ စူး"

"ကပ်သီးကပ်သပ်ဗျာ။ ကျိန်ခိုင်းစရာရှားလို့"

"ဒီဓာတ်ပုံ ပြန်ပေးတော့ပေးမယ်။ နို့ပေတဲ့ ကျွန်တော် လိုချင်တာ သုံးခုပေးရမယ်။ ကတိထားမလား"

"ထားပါတယ်"

"ပထမ တစ်ချက်ကတော့ ကျွန်တော်တို့ကို လက်ဖက်ရည် တိုက်ရမယ်"

"တိုက်ပါ့မယ်"

"ဒုတိယအချက်ကတော့ မသန်းမြင့်ဓာတ်ပုံ နောက်ကို ရမယ်ဆိုရင် ကျွန်တော်တို့ သူငယ်ချင်းရဲ့ ချစ်တဲ့သူပုံဆိုတော့ အမြဲတမ်း သတိရအောင် ကျွန်တော့်ကို တစ်ပုံပေးရမယ်"

"ပေးပါ့မယ်ဗျာ"

"နို့ပြီး တတိယမိ သုံးကြိမ်မြောက်သော အချက်ကတော့ သိန်းဖေတည်းဟူသော ဤကိုယ်၏အလွန်တရာ သိမ်မွေ့နူးညံ့သော နှာခေါင်းကလေးနှင့် မသန်းမြင့်တည်း ဟူသော ထိုသူငယ်မ၏ ဓာတ်ပုံကလေးကို တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင် နမ်းရှုံ့သုံးသပ်ခွင့် ပေးရမယ်"

"ဟာဗျာ. . . ဒါတော့" ဟု ကျော်ဝင်းက ထစ်ငေါ့ငေါ့လုပ်ကာ ပြုံးစိစိ လုပ်နေပြန်သဖြင့် ဘဦးက "နမ်းတာကလေးနဲ့ ပဲ့ပါတာလိုက်လို့ဗျာ။ ပေးလိုက်ပါ" ဟုဝင်၍ ပွဲစား လုပ်လေ၏။

"ကိုင်းပါဗျာ၊ ကပ္ပိယံ ကလောဟိ သဘောရှိပါပဲ"

"ဟဲ. . . ဟဲ ဒါတွေကြောင့် ကိုကျော်ဝင်းက ချစ်ဖို့ကောင်းတာ။ မသန်းမြင့်တလေးက သာပြီးချစ်ဖို့ကောင်းသေးတယ်" ဟုဆိုပြီး ဓာတ်ပုံကလေးကို သိန်းဖေ နမ်းလိုက်သည်တွင် ဘဦးက "တစ်ကြိမ်" ဟု ရေတွက်လေ၏။ ကျော်ဝင်းလည်း မိမိ၏ပုံဝတ်ကို ဖိနှိပ်ထားရဟန်ပြုလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"နှစ်ကြိမ်"

ကျော်ဝင်းသည် မျက်ဖြူစိုက်၍ ပြလိုက်လေ၏။

"သုံးကြိမ်" ဟု ဘဦး ရေတွက်သည်နှင့် တစ်ပြိုင်နက် ကျော်ဝင်းက အတင်းပြန်၍လုလေရာ သိန်းဖေက "နေဦး၊ ဟောဒါ အဆစ်" ဟု တစ်ကြိမ်ထပ်၍နမ်းပြီး "သူလည်း ရှယ်ယာပါသေးတယ်" ဟုဆို၍ ဘဦးအား လှမ်းပေးလိုက်သဖြင့် ဘဦးမှာ ကျော်ဝင်း ပြန်မလုမီ ကမန်းကတန်း နမ်းမိရာ ဖင်နှင့်ခေါင်း ပြောင်းပြန်လွဲ၍နေသဖြင့် ရုပ်ပုံကို မနမ်းလိုက်ရဘဲ ကျောဘက် ကိုသာ နမ်းလိုက်ရစဉ်ပင် ကျော်ဝင်းက ပြန်၍ လုယူလေတော့၏။

ဘဦးအဖြစ်ကိုမြင်၍ သိန်းဖေက ရယ်မောကာ "ကောင်းတယ်၊ အားရတယ်၊ ခိုးချင်လိုက်တာလည်း ပျာလို့ လက်နှေးလိုက်တာလည်း ချာလို့" ဟု အပြစ်တင်နေစဉ် ထမင်းစား ခေါင်းလောင်း ထိုးလိုက်သဖြင့် "ဟောဗျာ၊ ထမင်းတောင်စားတော့မယ်။ လက်ဖက်ရည်လည်း မသောက်ရသေးဘူး" ဟု သိန်းဖေက ညည်းလေ၏။

"အို. . . ထမင်းစားပြီး ကျောင်းကိုသွားတော့ သောက်တာပေါ့။ ခင်ဗျား ကတိအတိုင်း တိုက်မယ်မဟုတ်လား ကိုကျော်ဝင်း" ဟု ဘဦးက စကားတောက်လိုက်သောကြောင့်. . .

"စိတ်ချပါဗျာ၊ တိုက်ပါ့မယ်" ဟု ကတိပေးမှ သိန်းဖေက "ကိုကျော်ဝင်းက ဝေဿန္တရာမျိုးဗျ၊ ရည်းစားရုပ်ပုံလည်း အနမ်းခံတယ်၊ မုန့်လည်း ကျွေးဦးမယ်" ဟုဆိုကာ ထမင်းစားဖို့ ထွက်ခဲ့လေ၏။

အဆောင်မှူးသည် ထမင်းဟင်းများကို ကိုယ်တိုင်စစ်ဆေးကြည့်ရှုပြီးနောက် ထမင်းစားခန်းမှ ထွက်၍အလာတွင် သိန်းဖေတို့လူသိုက်နှင့် တွေ့လေရာ ပြုံးရယ်လေ့မရှိသော အဆောင်မှူးသည် ထူးထူးခြားခြားပြုံးကာ သိန်းဖေအား ကြည့်ပြီးလျှင် "ဘယ့်နှယ်နေသေးသလဲ" ဟု မေးသဖြင့်. . .

"ဝမ်းနှုတ်ဆေးနဲ့ပဲ ပျောက်တာပဲဆရာ" ဟု မချိသွားဖြဲဟန်မျိုးဖြင့် ရယ်၍ ဖြေလေ၏။

"မင်းတို့ရောဂါမျိုးနဲ့တော့ ဝမ်းနှုတ်ဆေးနဲ့ပဲ တော်တယ်။ ဝမ်းနှုတ်ဆေးဟာ ရေလည်း မလိုဘူး။ အချိန်မရွေးစားနိုင်တယ်" ဟု ပြောဆို၍ ထွက်သွားသောကြောင့် သုံးဦးသား တမင်လုပ်သော ပြုံးရယ်ခြင်းဖြင့် ပြုံးလျက်ပြကာ ကျန်ရစ်ခဲ့ကြပြီးမှ သိန်းဖေက "ဆရာ သိရက်သားနဲ့ တမင်နောက်သွားတာ၊ ညက ကျွန်တော် ဘာရောဂါမှ မရှိဘဲ လိမ်တာကိုသိလို့ ဆရာဝန်က ဝမ်းနှုတ်ဆေးတိုက်ပစ်ခဲ့တာ" ဟု ပြောရာ. . .

"သူများကို အမြဲတမ်းလိုက်ပြီး ချောက်တွန်းနေတဲ့လူပဲ။ တစ်ခါတလေတော့လည်း ပြန်ပြီးအထိခံရပေဦးမှပေါ့ဗျ။ အဲဒါ ဝိပါတ်လိုက်တာ" ဟု ဘဦးက ပြောဆိုရယ်မောပြီး ထမင်းစားခန်းထဲသို့ ဝင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com


ထမင်းစားပွဲတွင် ထိုင်မိကြသောအခါ ညက ကြုံရာပါတစ်စုတို့ ဝိုင်း၍လာကာ အကျိုးအကြောင်း မေးမြန်းကြ၍ သိန်းဖေ၏အဖြေကို ကြားရမှ အားရစွာ ရယ်မောကြပြီးနောက် "ညက ကုန်သွားတာလောက်တော့ဗျာ နှစ်ပန်းကန်လောက်ပိုပြီး ထမင်းစားလိုက်ရင် အသစ်ပြန်ပြီး ရမှာပါပဲ။ မနေ့မြောပါနဲ့။ အလွန်ဆုံး ကုန်လှရင် နှစ်ပန်းကန်စာလောက်ပါပဲ။ ကျွန်တော်တို့ အလျော်ပေးပါ့မယ်" ဟုဆိုကာ မိမိတို့စားပွဲမှ ငါးပိကြော်များ၊ သက်သက်လွတ်ဟင်းများ စသည်ဖြင့် အသီးသီးယူ၍လာသောကြောင့် သိန်းဖေတို့လူသိုက်မှာ တရုတ်နှစ်သစ်ကူးပွဲနှင့် တိုးကြလေတော့၏။

စားသောက်၍ပြီးကြသည့်နောက် ကျော်ဝင်း၏ကတိကိုမပျက်စေလိုသော စေတနာမျိုးဖြင့် လက်ဖက်ရည်ဆိုင်သို့ သွားကြပြီးလျှင် စူဇကာရှုံးလောက်အောင် စားသောက်ကြလေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

တက္ကသိုလ်စာသင်ကျောင်းတော်ကြီးရှိ မိန်းကလေးတို့၏ အားလပ်ချိန်စုဝေးရာ အခန်းအနီးတွင် နံနက်တိုင်းလိုပင် ကျောင်းမတက်မီအချိန်၌ ကျော်ဝင်းနှင့် မသန်းမြင့်တို့ သည် အမြဲတွေ့ဆုံစကားပြောလေ့ရှိသည်နှင့်အညီ ထိုနေရာသည်ကား နှစ်ပါးသွားဇာတ်ခုံ တစ်ခုပင် ဖြစ်ပေတော့၏။ ကျောင်းသားမှန်လျှင် ရှုပ်ချင်၊ နောက်ချင်ကြစမြဲဖြစ်သည့်အတိုင်း ကျောင်းတက်လာကြရာက ထိုနေရာသို့ ရောက်ကြသောအခါတွင် မကြားတကြား ရွှတ်နောက်သောစကားများဖြင့် အချင်းချင်းပြော၍ သွားကြသူများလည်းမရှား၊ အသိများထဲမှ ကျော်ဝင်းအား မျက်စိမှိတ်လျှာထုတ်ပြကြသူများမရှား၊ မကျယ်တကျယ်အသံဖြင့် 'ဖိုးအိ' ဟု ခပ်လှမ်းလှမ်းမှ အော်သူလည်းမရှားဘဲ၊ အမျိုးမျိုးအနှောင့်အယှက် ပြုလုပ်ကြသည့်တိုင်အောင် ကျော်ဝင်းမှာ အစတွင်သာ ကြောင်တောင်တောင် ဖြစ်မိသော်လည်း နောင်၌မူ ထိုသို့အပြောင်ခံရခြင်းမှာ ရိုးနေပြီဖြစ်၍ မျက်နှာပြောင်တိုက်လျှက်ပင် တွေ့ဆုံစကားပြောလေ့ရှိပေတော့၏။

"ကိုကျော်ဝင်း. . . မသန်းမြင့်ပေးတဲ့ ဓာတ်ပုံကလေး ရှိသေးသလား"

"ရှိသားပဲ၊ ပျောက်မှာစိုးလို့လား။ မပျောက်ရပါဘူး။ ကျောင်းသားတွေ အတင်းလုလွန်းလို့ ဒီဓာတ်ပုံကလေးကို သံကွန်ချာခုနှစ်ထပ်အုပ်ပြီး ဘီလူးစောင့်သလို သေသေချာချာ သိမ်းထားပါတယ်" ဟု ကျော်ဝင်းက ပြောလိုက်သောကြောင့် မသန်းမြင့်တွင် အထူးသဖြင့် ကျေနပ်၍သွားပြီးမှ "ဒီကတော့ ပေးရတယ်။ သူ့ဓာတ်ပုံကလေးတော့ဖြင့် မပေးချင်ဘူး" ဟု ခနဲ့လိုက်သည့်အတွက် ကျော်ဝင်းသည် မိမိ၏ အလိုက်မသိမှုကို အားနာရှက်ကန်းဖြစ်သွားမိလေ၏။

"မပေးချင်လို့ မဟုတ်ပါဘူး မသန်းမြင့်ရယ်။ အဆင်သင့်မရှိလို့ပါ။ ငယ်ငယ်တုန်းက ကိုယ်ချွတ်ရိုက်ထားတဲ့ ပုံကလေးပဲရှိတယ်" ဟုပြောမှ မသန်းမြင့် မျက်စောင်း

www.burmeseclassic.com

www.burmeseclassic.com


တလေးထိုးပြီးလျှင် ရှက်သလိုလို ပြုံးလိုက်သောကြောင့် ထိုအမူအရာကလေးကို မြင်ရလျှင် ကျော်ဝင်းတွင် မချိတရိ ဖြစ်သွားလေ၏။

"မပေးတာ စိတ်မဆိုးပါနဲ့ မသန်းမြင့်ရယ်။ အခုလို မသန်းမြင့်က လိုချင်တယ်ဆိုရင် ဓာတ်ပုံကို မပြောနဲ့၊ ဒီထက်မကတဲ့ဟာကိုတောင် ချက်ချင်းရအောင် လုပ်ပေးပါ့မယ်"

"အခုတော့ဖြင့် အပြောပါပါပေရဲ့။ နောက်တော့သာ မညာပါနဲ့"

ထိုအခိုက်တွင် သိန်းဖေသည် မိုးပေါ်ကကျ၍လာလေရော့သလားဟု ထင်ရလောက်အောင် ဖြုန်းကနဲ ပေါ်ပေါက်လာသဖြင့် စကားရပ်၍ထားလိုက်ကြရလေ၏။

"အိတ်ကျူ့စ်မီ" ဟု သိန်းဖေက အခွင့်တောင်းပြီး မသန်းမြင့်အား ပြုံးရယ်နှုတ်ဆက်ပြီးနောက် ကျော်ဝင်းဘက်သို့လှည့်ကာ. . .

"ကိုကျော်ဝင်း. . . ခင်ဗျားနာမည်နဲ့ နို့တစ်ကပ်ထားတယ်" ဟု ပြောလိုက်သောကြောင့် ကျော်ဝင်းရင်ထဲ၌ ခုန်၍သွားလေ၏။

"ဘာအကြောင်းလဲ"

"အခု မပြောပါရစေနဲ့၊ လိုက်ပြီးတော့သာ ကြည့်လှည့်ပါ။ ဒီမှာပြောလို့ မကောင်းလို့ပါ"

ကျော်ဝင်းစိတ်တွင်ပူသွားပြီး မသန်းမြင့်မှာမူ စဉ်းစား၍မရသည့်ဟန် မျက်စိပေကလပ် ပေကလပ်နှင့် မှိတ်လိုက် ဖွင့်လိုက် လုပ်နေလေ၏။

"သွားဦးမယ် မသန်းမြင့်" ဟု ကျော်ဝင်းက ပြောလေ၏။

"ဟုတ်ကဲ့"

"ကျွန်တော့်လည်း ခွင့်ပြုပါဦး" ဟု သိန်းဖေက ကိုယ်ကလေးကို အရိုအသေပေးသလို ရှေ့သို့ကိုင်းကာ နှုတ်ဆက်သဖြင့် မသန်းမြင့်က "ကောင်းပါပြီရှင်" ဟု ပြုံးပြုံးတလေး ပြန်၍နှုတ်ဆက်လိုက်လေ၏။

ကျော်ဝင်းလည်း သိန်းဖေနောက်သို့ ကမန်းကတန်း လိုက်လာခဲ့ပြီးနောက် ကျောင်းအုပ်ကြီး၏ အမိန့်စာထုတ်ပြန်သော ကြော်ငြာသင်ပုန်းနားသို့ရောက်၍ မိမိနာမည်ပါရှိမည့် ကြော်ငြာကို ပြူးတူးပြဲတဲ ကြည့်ရှုရှာဖွေသည့်အခါမှ သိန်းဖေက အားရဝဲ့ရ ရယ်မောနေသောကြောင့် မိမိနှင့် မသန်းမြင့် စကားပြောပျက်အောင် တမင်လာ၍ နှောင့်ယှက်သည်ကို ထိုအခါမှ သိရှိပြီးလျှင် "ဟာဗျာ၊ ခင်ဗျား သိပ်ရှုပ်တဲ့လူပဲ။ ကျွန်တော်က အတည်မှတ်လို့ လိုက်လာတယ်။ သိပ်ကျတဲ့လူပဲ" ဟုပြောမှ သိန်းဖေက "ခဏခဏ ပြောနေရတာပဲဗျာ၊ ခုထက်ထိ မရိုးနိုင်သေးဘူးလား။ ပြောစရာစကားရှာပြီး ရနိုင်သေးတာများ အံ့ အံ့ပါရဲ့ဗျာ" ဟု မျက်နှာချိုသွေးလေ၏။

"နောက်စရာရှားလို့ဗျာ၊ ကြံကြံဖန်ဖန် ရှုပ်ရတာ၊ ခင်ဗျားတော့လား သိပ်ဟုတ်ဆိုးတာပဲ"

www.burmeseclassic.com



"အမိုက်အမဲကလေးပါဗျာ။ ဗွေမယူပါနဲ့။ လွန်သမျှ ဝန်ချလို့ ကန်တော့ပါတယ် ကျေးဇူးရှင်ရယ်"

"သွားပါဗျာ၊ ရှုပ်မနေပါနဲ့"

"ကောင်းပါပြီ ခင်ဗျာ။ ကျွန်တော် မှားမိပါတယ်" ဟု ရယ်မောလျက်ပြောကာ သိန်းဖေ ထွက်သွားဟန်ပြုမှ ကျော်ဝင်းက တစ်စုံတစ်ရာကို သတိရကာ "နေပါဦးဗျ၊ လာပါဦး" ဟု ခေါ်လိုက်သဖြင့် သိန်းဖေသည် ယူတီစီစစ်ရေးဒရိန်းပြသလို အဘောက်တန်း၍လှည့်လာလေ၏။

"မှန်ပါ၊ ရွှေဖဝါးတော်အောက် ခိုလှုံရောက်ရှိကြောင်းပါ။ မိန့်တော်ချက်ရာဇသံကို နာခံလျှက်ပါပဲ"

ကျော်ဝင်းသည် သိန်းဖေအား ခေါ်လိုက်ခြင်းမှာ သိန်းဖေသည် ဓာတ်ပုံကောင်းစွာရိုက်ကူးတတ်သူ တစ်ယောက်ဖြစ်ပြီးလျှင် ၎င်း၏လက်စွဲတော် ဓာတ်ပုံကင်မရာရှိသောကြောင့် မသန်းမြင့် ဓာတ်ပုံတောင်းသည်ကို ပေးနိုင်ရန် သိန်းဖေအား မိမိဓာတ်ပုံကို ရိုက်ကူးပေးစေလို၍ ခေါ်လိုက်ခြင်း ဖြစ်ပေသည်။

"ကိုသိန်းဖေ. . . ခင်ဗျား ကင်မရာ အပေါင်ဆိုင် မရောက်သေးဘူး မဟုတ်လား"

"ရှိပါတယ်ဗျာ။ ကျွန်တော် ကင်မရာတော့ ရှိသေးပါတယ်။ ဘယ်တော့မှ အပေါင်ဆိုင် မပို့ဘူး။ ဘာလုပ်ချင်လို့လဲ"

"ကျွန်တော့်ပုံ ရိုက်ပေးစေချင်. . ." ဟု စကားမဆုံးမီ သိန်းဖေက အကြောင်းသိ၍ "သွားပါဦးမယ်ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်" ဟု ရွတ်ပြောင်၍ လှည့်ထွက်သွားသောကြောင့် ကျော်ဝင်းက "စောစောက ပြောမိတာ စိတ်မဆိုးပါနဲ့ နောင်ကြီးရာ၊ လာပါဦးဗျ" ဟုဆို၍ အင်္ကျီကိုအတင်းဆွဲထားလိုက်မှ သိန်းဖေလည်း လှည့်၍လာလေ၏။

"တယ်တော်တဲ့လူ။ ခိုင်းစရာလေးရှိမှ ကိုကြီးလေး၊ နောင်ကြီးလေးနဲ့ အင်မတန် ကြည်ညိုဘွယ်ကောင်းတဲ့လူ"

"ခင်ဗျားမှာ ဓာတ်ပုံရိုက်ဖို့ မှန်ရှိသေးတယ် မဟုတ်လား"

"ရှိတယ်၊ ဘာလုပ်ဖို့လဲ"

"ဘယ်နှစ်ထုပ်လောက် ရှိသလဲ။ ရိုက်ချင်လို့"

"နှစ်ထုပ်ရှိတယ်။ ရိုက်ချင်ရင် တစ်ထုပ်ပဲရမယ်။ ဟိုတစ်ထုပ်ကတော့ ကုလားနက် တစ်ချပ်နဲ့ ကိုးပွင့်အနီတစ်ချပ်လျှော့နေလို့ ရိုက်လို့ဖြစ်မှာ မဟုတ်ဘူး"

"ဩော် ကျပ်တဲ့လူပဲ။ ဖဲထုပ် မဟုတ်ဘူးဗျ။ မှန်ကိုပြောတာ။ ဓာတ်ပုံရိုက်တဲ့မှန်"

"ဟုတ်ပါတယ်၊ ဓာတ်ပုံရိုက်တဲ့မှန်မှန်းသိလို့ ပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ ကိုသိန်းဖေရာ ရှုပ်မနေစမ်းပါနဲ့။ ခင်ဗျားပြောတာ ရယ်လည်းမရယ်ရပါဘူး။ ရယ်ရမယ်ထင်လို့ နောက်မနေစမ်းပါနဲ့"

"နောက်မနေပါဘူး။ ရှေ့မှာနေတာ အမြင်သားပဲ"

"ဪ ကိုသိန်းဖေနှယ်၊ ဒီလိုနောက်တတ် ရှုပ်တတ်ရင်လည်း လူ့ဖျက်ကလေးဘာကလေး လုပ်ရအောင် ဇာတ်ထဲလိုက်ရောပေါ့။ အလကားပဲ ကောလိပ်ပညာတွေသင်နေတယ်။ ခင်ဗျားရုပ်ရည်နဲ့ အပြောအဆိုနဲ့ဆိုရင် ဇာတ်ထဲမှာအနည်းဆုံး ကားဆွဲဓာတ်မီးထွန်း အလုပ်တော့ ရကောင်းပါရဲ့" ဟု ဆိုပြီးမှ ကျော်ဝင်းက မျက်နှာထား အတည်ထား၍ "ပြောစမ်းပါ၊ ခင်ဗျားမှာ ဓာတ်ပုံရှိတယ် မဟုတ်လား။ မှန်မရှိရင် ကျွန်တော် ဝယ်ပေးပါ့မယ်" ဟု ပြောသဖြင့်. . .

"နေပါဦး၊ ဘာဖြစ်လို့ ဒီလောက်တောင် ဓာတ်ပုံရိုက်ချင်နေတာတုံး။ ကျောင်းထွက်ရင် အလုပ်ရအောင် မော်တော်ကားစပယ်ယာလိုင်စင် ယူမယ်ကြံလို့လား" ဟု မေးလိုက်လေ၏။

"မသန်းမြင့်က ကျွန်တော့်ဓာတ်ပုံတောင်းထားလို့၊ အမြန်ဆုံး လိုချင်တယ်ဆိုလို့၊ ခင်ဗျား ကူညီပါလို့ တောင်းပန်ပါတယ်"

"ဪ. . . ဒီလိုလား"

"ဟုတ်တယ်၊ ဒီလိုဗျ"

"ဘယ်လို"

"ကျုပ်ပဲ့ဗျ။ အူကြောင်ကြောင် လုပ်နေပြန်ပါပြီ။ ကဲပါ စကားကြောရှည်မနေပါနဲ့။ ရိုက်ပေးချင်လည်းပေးပါ ။ မပေးချင်လည်းပေးပါ။ ဒီနှစ်ခု ကြိုက်တာရွေးပေတော့"

"ဟာ. . . ဟာ နောက်နေတာပါဗျာ၊ ကိုကျော်ဝင်းက ခိုင်းတယ်ဆိုရင် အသက်စွန့်ကြိုးပမ်းအမှုတော်ထမ်းပါ့မယ်။ ညနေကျောင်းဆင်းတော့ အင်းလျားကန်မှာ ဘက်ဂရောင်းကောင်းကောင်း နေရာရွေးပြီး ရိုက်တာပေါ့" ဟု ပြောစဉ်မှာပင် ကျောင်းဓာက်ခေါင်းလောင်းထိုးပြီ ဖြစ်သဖြင့် "နောင်ကြီးကျေးဇူး တစ်သက်လုံး မမေ့ပါဘူးဗျာ" ဟု ကျော်ဝင်းလည်း ကမန်းကတန်းပြော၍ ပြေးရလေ၏။

သို့ဖြစ်သည့်အတိုင်း ညနေအချိန်သို့ ရောက်သောအခါတွင် ကျော်ဝင်းကို ဓာတ်ပုံရိုက်သည်မှာ တောရွာကလေးများတွင် ရုပ်ရှင်ကားအောက်ဒိုးရိုက်စဉ် လူတွေဝိုင်း၍ကြည့်ကြဘိသကဲ့သို့ ကျောင်းသားတစ်စုတို့သည် ကျော်ဝင်းအား ဝိုင်း၍ကြည့်ကြတာ တစ်ယောက်တစ်ပေါက်စီ နောက်ရွှတ်နေကြလေတော့၏။

"ဟောဒီစတိုင်ကလေးက မောင်ဘတင့်က ခင်ခင်နုကို မျှော်နေတုန်း ခင်ခင်နု မလာလို့ ကန်ထဲခုန်ချပြီး သေမယ့်ဟန်ဗျ" ဟု တစ်ယောက်ကပြောလိုက်ရာ၊ ကြည့်နေသူများ ပွက်ပွက်လော ရယ်မောလိုက်ကြပြန်သဖြင့် ကျော်ဝင်းလည်း ရယ်ချင်သော

www.burmeseclassic.com

ကြောင့် ဟန်ပျက်၍သွားလေ၏။ မောင်ဘတင့်ဟု နောက်လိုက်ခြင်းတွင် အခြားကျောင်းသားများထက် ဘဦး၊ သိန်းဖေ၊ ကျော်ဝင်းတို့တွင် ပိုမို၍ နှလုံးတွေသွားကြလေ၏။

ဘဦးက "ဒီမောင်ဘတင့်က ရုပ်ရှင်မင်းသား မဟုတ်ဘူး။ ဒရိုင်ဘာ မောင်ဘတင့်ဗျ" ဟု ပြောလိုက်သည်တွင် အကြောင်းသိများက ရယ်ကြသည်ကို အကြောင်းမသိသူများကလည်း ရယ်လက်စနှင့် ရောနှော၍ ရယ်ကြပြန်သဖြင့် ကျော်ဝင်းမှာ ဓာတ်ပုံကို မျက်နှာပေးကောင်းစွာထား၍ မရနိုင်အောင် ရှိလေ၏။

"ဆလံအများကြီးပေးပါရစေဗျာ။ ဓာတ်ပုံရိုက်ပြီးမှ နောက်ချင်တိုင်း နောက်ကြစမ်းပါ။ ဓာတ်ပုံရိုက်ရုံကလေး သည်းခံပါ" ဟု ကျော်ဝင်းက တောင်းပန်သဖြင့် အနည်းငယ် ငြိမ်သွားပြီးမှ မျက်နှာပေးကောင်းကောင်း လုပ်လိုက်ပြန်ရာ. . .

"ဟော. . . ဒါကလေးက ကြာယုတ်ဗျ။ ကြာလေ ယုတ်လေ၊ ကြာယုတ်" ဟု တစ်ယောက်က ဖောက်လိုက်သောကြောင့် ပွက်လောကြမ်း၍သွားပြန်သဖြင့် ကျော်ဝင်းမှာ အနေရခက်မိပြန်လေ၏။

သိန်းဖေက "ကဲဗျာ ကိုကျော်ဝင်း နောက်နေတာ ခဏကလေးမှ က္ကန္ဒြေမဆည်နိုင်တော့ဘူးလားလို့။ အချိန်မရှိဘူးဗျ။ ကြာရင် မှောင်သွားလိမ့်မယ်" ဟုဆိုပြီး အခြားကျောင်းသားများအား "မနောက်ကြပါနဲ့ဦးဗျာ၊ တောင်းပန်ပါရစေ" ဟု ပြောရပြန်လေ၏။

ကျောင်းသားများလည်း စကားဖြင့် မနောက်သော်လည်း ကျော်ဝင်းအား ကြည့်၍ လျှာထုတ်ပြ၊ ကပြ၊ မျက်စိမှိတ်ပြဖြင့် က္ကန္ဒြေမဆည်နိုင်အောင် လုပ်ကြသည့်အတွက် သိန်းဖေလည်း စိတ်မရှည်နိုင်တော့ဘဲ ကြေးနန်းခလုတ်ကို ဖိနှိပ်ချလိုက်ရာတွင် ကျော်ဝင်းလည်း ဓာတ်ပုံထဲတွင် ပြုံးပြုံးကြီး ပါသွားလေ၏။

သို့နှင့် ကျော်ဝင်းမှာ မိမိပုံ ကောင်းမှကောင်းပါ့မလားဟု စိတ်ပူကာ သိန်းဖေအား ညဥ့်တွင်းချင်းအပြီး မှန်သားဆေးရန် တိုက်တွန်းသောကြောင့် သိန်းဖေလည်း မိမိအခန်းကိုမှောင်ချ၍ မှန်ဆေးကြည့်ရာ ကျော်ဝင်း ပြုံးနေပုံမှာ နဂိုမူလသဘာဝဟန်အမူအရာပါလှသဖြင့် အတော်ပင် နှစ်သက်ဖွယ်ရာ ရှိနေသည်ကို တွေ့ရလေ၏။

"ကိုသိန်းဖေ သေသေချာချာ တော်တယ်ဗျာ။ ခင်ဗျား ဒီလောက်အရိုက်ကောင်းမှန်း မသိဘူး"

"အရိုက်ကောင်းဆို အရင်တုန်းက ကျွန်တော် လူမိုက်ခေါင်းဆောင် လုပ်နေတာပဲဗျ"

"မြောက်ပြီးတော့ ပြောနေတာ မဟုတ်ဘူး။ တကယ်တော်လို့ ချီးမွမ်းတာ မဟုတ်ဘူးလား ကိုဘဦး"

"ဟုတ်ပါတယ်၊ ဓာတ်ပုံရိုက်တဲ့အထဲမှာ ကျွန်တော် တွေ့သမျှ ကိုသိန်းဖေလို

www.burmeseclassic.com

www.burmeseclassic.com


တော်တဲ့လူ မရှိသေးဘူး။ လက်ဖျားရွှေချထားဖို့ကောင်းတယ်။ မျောက်ကိုက်လို့" ဟု ပြောနေစဉ် ခြေလှမ်းမှန်မှန်နင်း၍လာသော အဆောင်မှူး၏ဖိနပ်သံကို ကြားကြရသဖြင့် ဘဦးက အရင်လစ်၍ပြေးပြီး ကျော်ဝင်းက "မနက်၊ မနက်ကို ဆက်ဆက်ပုံကူးပေးစမ်းပါဗျာ။ နော် ကိုသိန်းဖေ" ဟုမှာပြီး ထွက်သွားလေ၏။ ကျော်ဝင်းသည် ကျောင်းတက်အချိန်မီ ဓာတ်ပုံကူးပြီးသား ရရှိလေ၏။ ထိုကူးထားသော ကော်ပီကလေးကို ပန်းရောင်စာအိတ်မွှေးထဲတွင် သေချာစွာထည့်ပြီး မသန်းမြင့်အား ကျောင်းတွင် စောစောတွေ့၍ ပေးလိုက်လေ၏။

ထိုသို့ပေးလိုက်သည်ကို အခန်းတွင်းမှနေ၍ မအေးစိန် တွေ့မြင်လေရာ မသန်းမြင့် ပြန်၍ဝင်လာသောအခါတွင် ပုလိပ်စစ်သလို စစ်လေ၏။

"ဘာမှမဟုတ်ပါဘူး မအေးစိန်ရယ်၊ ပုဂံဟောလ်ပွဲတစ်ခုအတွက် ဖိတ်တဲ့ဖိတ်စာကလေးပါ" ဟု လွှဲဖယ်၍ပြောသော်လည်းမရဘဲ "မသန်းမြင့်ရယ်၊ ဒီလိုညာတဲ့၊ ဝါးတဲ့စကားမျိုးတွေ ကျွန်မက ဖြစ်လာတာတွေပါ။ ခုနက ကိုကျော်ဝင်းက ပေးလိုက်တာ ကျွန်မ မမြင်ရင်ခက်မယ်။ ဘယ်အထိ ပလီမလဲ မသိဘူး" ဟု ပြောလေ၏။

"ကျွန်မပြောတာ မအေးစိန် နည်းနည်းမှ မယုံဘူးပေါ့လေ"

"အနို့ မဟုတ်မှ မဟုတ်ဘဲ။ ယုံပ့ါမလား" ဟုပြောရာ မသန်းမြင့်သည် အသံများပင်ထွက်အောင် ရယ်သဖြင့် မအေးစိန်က ဆက်၍ "သူက ရယ်မှာပေါ့၊ သူ့အချစ်ဆီက ဝမ်းသာစရာလေးတစ်ခု ရလာမှကိုး။ ပြတောင်မပြချင်ဘူး" ဟု ခနဲ့လိုက်မှ ဟောလ်ကို ပြန်ရောက်မှပြမယ်။ ဒီမှာ လူတကာတွေမှာစိုးလို့ပါ။ ဘာလဲဆိုတာ ဟိုကျတော့ သိမှာပေါ့" ဟု ပြောလေ၏။

ညနေအင်းလျားဆောင်သို့ ပြန်ရောက်ကြသောအခါ မသန်းမြင့်မှာ မိမိကိုယ်တိုင်ကလည်း အားရစွာ မကြည့်ရသေး၍ ကြည့်ချင်လှသည့်ပြင် မအေးစိန်ကလည်း သိချင်လှသောကြောင့် အခြားကျောင်းသူကလေးများ တွေ့မြင်ရှုပ်နောက်မည်စိုးသဖြင့် ၎င်းတို့ဆင်းကစားကြသည့်တိုင်အောင် စောင့်စားရသည်မှာ အတော်ပင် ကမ္ဘာရှည်လှသည်ဟု အောက်မေ့မိကြလေ၏။

ထို့နောက် ကျောင်းသူကလေးများ ကစားဆင်း၍ အတော်အတန် ရှင်းသွားကာမှ မသန်းမြင့်က စာအိတ်ထဲမှ ဓာတ်ပုံကို ထုတ်၍ပြလေရာ မအေးစိန်လည်း ပြုံးစိစိလုပ်၍ကြည့်ကာ "မသန်းမြင့်လူက ဒီထဲမှာ ပိုပြီးတော့တောင် ချစ်စရာ ကောင်းနေသေးတယ်။ ဒါတွေကြောင့် မသန်းမြင့် စွဲနေတာ ထင်ပါရဲ့" ဟု ပြောသဖြင့် မသန်းမြင့်မှာ ရှက်ပြုံးပြုံးမိကာ မအေးစိန် ဆက်လက်ပြီး မနောက်နိုင်စေရန် "ကျွန်မစိတ်ထဲမှာဖြင့် ကိုကျော်ဝင်းလောက်လှတာ နတ်ပြည်မှာတောင် မရှိဘူး ထင်တာပဲ" ဟုပြောလိုက်သောကြောင့် မအေးစိန်က ကျေနပ်သော ပြုံးရယ်ခြင်းဖြင့် မသန်းမြင့်၏ ကိုယ်ကလေးကို ပွေ့ဖက်ပြီးလှုပ်ကာ ရယ်မောလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ရုပ်ရှင်မင်းသားကလေးကျနေတာပဲ။ ဒါကြောင့် သူ့ကိုယ်သူ မောင်ဘတင့်လို့ ပြောတာထင်ပါရဲ့" ဟု မအေးစိန်က ပြောလိုက်သဖြင့် မသန်းမြင့်မှာ ယခင်အကြောင်းကို ပြန်ပြောင်းစဉ်းစားမိသောကြောင့် ပြုံးရယ်မိလေ၏။

ထို့နောက် မအေးစိန်ကပင် "ခါတ်ပုံရိုက်ထားတာကလေးကိုက တော်တော်ကောင်းတယ်။ လူက ဒါလောက်ချောလို့ မဟုတ်ပါဘူး" ပြောသဖြင့် မသန်းမြင့်က "ဓာတ်ပုံက အပျော်ရိုက်တာကလေးနဲ့ ရိုက်ထားတော့ နဂိုအတိုင်း ဖြစ်နေတာပေါ့။ ဒါကြောင့်လည်း ပိုပြီးကောင်းတာ" ဟု ပြောလေ၏။

"ကြည့်လို့ကောင်းတာတင်ပဲလား။ ချစ်ဖို့ကော"

"ဒါတော့ ပြောစရာမလိုပါဘူး အအေးစိန်ရယ်"

"ဒီဓာတ်ပုံရိုက်တဲ့ ကင်မရာ ကိုကျော်ဝင်းဆီမှာ ရှိသလား"

"သူ့သူငယ်ချင်း ကိုသိန်းဖေ ရိုက်ပေးတာတဲ့"

"ဩော်. . . သူနဲ့တွဲလေ့ရှိတဲ့ မျက်မှန်နဲ့လူဟာလား။ ကျွန်မတော့ သူ့မျက်နှာကြည့်မိတိုင်း ရယ်ချင်တာပဲ"

"ဒါလောက်လည်း အရုပ်မဆိုးပါဘူး မအေးစိန်ရယ်"

"အရုပ်ဆိုးလို့ မဟုတ်ဘူး။ တစ်မျိုးပဲ။ ရယ်စရာကောင်းတာတော့ အမှန်ပဲ"

"ရယ်စရာကောင်းတာတော့ ထားပါတော့။ ကင်မရာမေးတာ ဘာလုပ်ဖို့လဲ"

"ကျွန်မတို့လည်း ရိုက်ချင်လို့ပေါ့။ ဆိုင်မှာရိုက်ရတာ နက်ချရဲလ်မကျဘူး။ တောင့်တောင့်တင်းတင်းကြီး"

"ဟုတ်ပါရဲ့။ မအေးစိန်ပြောမှ စဉ်းစားမိတော့တယ်။ ကျောင်းမှာနေတုန်း အမှတ်အသားဖြစ်အောင် ရိုက်ထားဦးမှပဲ"

"ဒါဖြင့် မြန်မြန်လုပ်စမ်းပါ။ အဲဒီလူနဲ့ သိလား"

"သိပါတယ်၊ သူ့ပြောလည်း ပြီးတာပါပဲ။ ကိုကျော်ဝင်းပြောလည်း ပြီးတာပါပဲ"

" ဟဲ. . . ဟဲ သူက ကိုကျော်ဝင်း အားကိုးကလေးနဲ့ ပြောလိုက်တာ" ဟု ပြောဆဲမှာပင် ဂါဝန်တိုမိန်းကလေးတစ်ယောက် ဝင်လာသဖြင့် ဓာတ်ပုံကို ဝှက်ထားလိုက်ရပြီးနောက် မအေးစိန်အား တင်းနစ်ရိုက်ရန် ဆွဲခေါ်သွားသဖြင့် လိုက်ပါသွားရလေ၏။

သို့နှင့် နောက်တစ်နေ့တွင် မသန်းမြင့်သည် ကျော်ဝင်းနှင့် တွေ့သောအခါ "ကိုကျော်ဝင်း ပေးလိုက်တဲ့ပုံကလေးကို မြင်ရလို့ မအေးစိန်က အဲဒီလိုဓာတ်ပုံမျိုး ရိုက်ချင်တယ်တဲ့။ ကျွန်မလည်း ရိုက်ချင်တယ်။ ကိုသိန်းဖေကို ပြောဖို့ဟာ အားနာစရာများကောင်းနေဦးမလား" ဟု မေးရာ. . .

"အို. . . ဘာမှ အားနာစရာ မရှိပါဘူး။ ကိုသိန်းဖေနဲ့ ဒီကနဲ့ဟာ ညီအစ်ကိုလို သိပ်ပြီး ချစ်နေကြတာပဲ။ ကိုကျော်ဝင်း ပြောလိုက်မယ်လေ ဘယ်နေ့ကို

www.burmeseclassic.com

ရိုက်ချင်သလဲ"

"အားတဲ့နေ့ ရိုက်ချင်တာပဲ"

"အားတဲ့နေ့ဆိုရင်တော့ အားလုံးအားတာ တနင်္ဂနွေနေ့ပေါ့။ ကောင်းသားပဲ။ အဲဒီနေ့ ရိုက်တာပေါ့။ ဘယ်မှာရိုက်ချင်သလဲ"

"ကိုကျော်ဝင်းရိုက်တာ ဘယ်နေရာမှာလဲ"

"အင်းလျားကန်ထဲမှာ ရိုက်တာ။ နို့ပေတဲ့ ဒီနေရာက ကျောင်းသားတွေ ရှုပ်တယ်။ တိရစ္ဆာန်ရုံမှာဖြစ်ဖြစ်၊ ကန်တော်ကြီးမှာဖြစ်ဖြစ် တစ်နေရာရာမှာ ရိုက်ကြရင်လည်း အကောင်းသားပဲ"

"ဒါဖြင့် တိရိစ္ဆာန်ရုံမှာ ရိုက်ကြတာပေါ့။ တနင်္ဂနွေနေ့ ဆက်ဆက်နော်" ဟု မှာသည့်အတိုင်း ကျော်ဝင်းကလည်း စိတ်ချရန်ပြောပြီးလျှင် ထွက်ခွာခဲ့၍ သိန်းဖေအား အားရဝမ်းသာ လိုက်၍ရှာလေ၏။

"အိုင်ဆေး ကိုသိန်းဖေ၊ ကော်တာပဲ"

"ဘာများကော်တာလဲ၊ အဖေသေလို့ အမွေရတော့မှာလား" ဟု ဆိုလိုက်သဖြင့် ကျော်ဝင်းက "နိမိတ်မရှိတာ အပေါက်ဆိုး မမှုတ်စမ်းပါနဲ့" ဟု တားမြစ်လိုက်လေ၏။

ထို့နောက် ကျော်ဝင်းက "လာပါဦးဗျာ" ဟုဆိုကာ သိန်းဖေအား အနီးရှိ စာသင်ခန်း အလွတ်တစ်ခုထဲသို့ ဆွဲခေါ်သွားပြီးနောက် အေးအေးဆေးဆေး ထိုင်ကြပြီးမှ ကျော်ဝင်းကပင် စတင်၍ "ကျွန်တော်ပြောမယ် ကိုသိန်းဖေ၊ မသန်းမြင့်နဲ့ မအေးစိန်တို့က ဓာတ်ပုံရိုက်ချင်ကြလို့တဲ့။ တိရစ္ဆာန်ရုံသွားပြီးရိုက်ချင်တယ်တဲ့" ဟုပြောလေ၏။

"ဒါ ဘာဖြစ်သလဲ"

"အဲဒါ ကော်ပေါက်ပေါ့"

"ဘယ်ကလာကော်ရမှာလဲ။ ဓာတ်ပုံတစ်ပုံကို ဘယ်လောက်ကုန်တယ်မှတ်သလဲ။ မှန်လုပ်တဲ့ကုမ္ပဏီသူဌေးက ကျွန်တော့်ယောက္ခမ မဟုတ်ဘူးဗျ။ အလကားမရဘူး"

"ကုန်သမျှစရိတ် ကျွန်တော် ပေးပါ့မယ်ဗျာ။ နို့ပြီး မသန်းမြင့်ဓာတ်ပုံ ခင်ဗျားလိုချင်တယ် ဆိုတာလည်း ရရောပေါ့ မဟုတ်လား" ဟု ကျော်ဝင်းက ပြောလိုက်မှ သိန်းဖေတွင် ကျေနပ်၍သွားကာ. . .

"ဘယ်တော့ ရိုက်ချင်လို့လဲ" ဟု မေးလေ၏။

"တနင်္ဂနွေနေ့ကျတော့မှပါ။ ခင်ဗျားလည်း ကော်တာပဲ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားကို မအေးစိန်ကြီးနဲ့ လွှတ်ပေးရမှာ။ ဟိုကလည်း ခင်ဗျားလိုပဲ ခွတ်တွတ် နောက်တောက်တောက်ပဲ။ ခင်ဗျားနဲ့ သိပ်နေရာကျသပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟိဟိ" ဟု သိန်းဖေက မရယ်ချင့်ရယ်ချင် အသံပြု၍ ပါးစပ်ကလေးကို လက်ဝါးနှင့်အုပ်ပြီး ကျော်ဝင်းအား ကြာပေး၍ ကြည့်လိုက်သောကြောင့် ကျော်ဝင်း လည်း ပြုံးမိလေ၏။

"ဒါဖြင့် ကျွန်တော် စွံဦးတော့မှာပေါ့လေ။ သိန်းဖေလေး သိန်းဖေ သိန်းဖေ အိုရချေ သေးရဲ့။ ဘုရား. . ဘုရား" ဟု ဆိုပြီးမှ "ဒါကြောင့် မနေ့ညက အိပ်မက်တာဟု" ပြောသဖြင့်

"ဒါနဲ့ ဘာဆိုင်သလဲ"

"ဆိုင်တယ်လို့ မပြောပါဘူးဗျာ အိပ်မက်တာ ပြောတာပါ" ဟု သိန်းဖေက ပြော၍ အတွင်းကြိတ် ကျေနပ်စွာပြုံးလေ၏။

"စိတ်ချလိုက်ပြီနော်"

"အို. . . စိတ်သာချလိုက်၊ အခုလိုဆိုရင် ခင်ဗျားအိတ်ထဲကတောင် တစ်ပြားမှ မကုန်ရပါဘူး။ ကျွန်တော့်မှန်နဲ့ ပစ္စည်းနဲ့ရိုက်ပေးပါ့မယ်။ တနင်္ဂနွေဟုတ်လား၊ ကောင်းပြီ စိန်လိုက်" ဟု ပြောလိုက်မှ ကျော်ဝင်းလည်း စိတ်ချကာ အခန်းထဲမှ ထွက်သွားလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

တက္ကသိုလ်ကျောင်းတော်ကြီးတွင် ပညာသင်ကြားရကုန်သော ကျောင်းတော်သားတို့မှာ ခုနှစ်ရက်တစ်ပတ်လျှင် တနင်္ဂနွေတစ်နေ့တည်းသာ လုံးလုံးလျားလျား အားလပ်ကြသည့်အလျောက် ထိုနေ့များတွင် ကျောင်းဆောင်အသီးသီးတို့၌ အရပ်ရပ်မှ လာရောက်ပညာသင်ကြကုန်သော ကျောင်းတော်သားတို့သည် အားရလွတ်လပ်စွာ ပျော်ရွှင်လှေ့ ရှိကြသည်ကို တွေ့ကြရပေ၏။

မိဘပိုက်ဆံကို ဖြုန်းချင်တိုင်းဖြုန်း၊ သုံးချင်တိုင်းသုံး၍ အားမရကြသူတို့ကား အဖော်အပေါင်းနှင့် မြို့ထဲသို့ထွက်၍ လည်ပတ်ကြပြီးလျှင် စာဂျပိုးတို့မှာမူ မိမိတို့ အခန်းများတွင်းဝယ် တံခါးပိတ်၍ကြိတ်ပြီး တကုတ်ကုတ် စာကျက်လျက် ရှိကြပေ၏။ ထိုသူများမှအပ ဖြစ်သူတို့သည်ကား မိမိတို့ ခင်မင်ရာ အပေါင်းအသင်းချင်း အစုလိုက်၊ အဖွဲ့လိုက် ဝိုင်းအုံဖွဲ့ကာ စကားပြောသူပြော၊ ဖဲကစားသူကစား၊ အတီးအမှုတ် အသီအဆိုတို့ဖြင့် ပျော်ရွှင်သူပျော်ကာ တကျော်ကျော် တအော်အော် ရှိကြလေတော့၏။

သိန်းဖေသည်ကား မိမိကိုယ်တိုင် ပျော်ရွှင်စွာ နေတတ်သလောက် အခြားသူများအားလည်း ပျော်ရွှင်အောင် ဖန်တီးတတ်သည်ကို ကျောင်းသားများ သိရှိကြသည့်အတိုင်း ထိုသို့သော အားလပ်သည့်နေ့များတွင် သိန်းဖေ၏အခန်းထဲတွင် အတော်ပင် လူစုလူဝေး ကောင်းနေသည်ကို တွေ့ကြရပေသည်။

သိန်းဖေထံသို့ ပထမဦးဆုံး ရောက်လာသူသည်ကား တယောကလေး တစ်လက်ကို တဂွိဂွိထိုး၍ ဝင်လာသူပင် ဖြစ်ပေ၏။ ထိုသူအခန်းထဲသို့ ဝင်လာသည်ကို တွေ့ရလျှင် သိန်းဖေက "သွားပါဦးတော့ဗျို့၊ လူကြီးတွေ မရှိသေးဘူး" ဟု နောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ရာ ထိုသူက "လူကြီးတွေ မရှိသေးဘူးဆိုရင် ခင်ဗျားက အိမ်စောင့်ရတဲ့ ဒရဝမ်လား" ဟု မေးမှ. . .

"ဩော်. . . ကိုစံလွင်ပါကလား။ ကျွန်တော်က တယောထိုးပြီး ပိုက်ဆံတောင်းတဲ့ သူတောင်းစားလားလို့" ဟု ရယ်မောပြောဆိုလိုက်စဉ်၊ ထိုသူလည်း အခန်းထဲသို့ ဝင်၍ ထိုင်လေ၏။

"ကဲ. . . ကိုသိန်းဖေ သီချင်းတစ်ပုဒ်လောက်ဆိုဗျာ"

"မဆိုပါရစေနဲ့ဗျာ၊ ကျွန်တော့်အသံနဲ့ တယောနဲ့ မကိုက်ဘူး။ ကျွန်တော့်အသံက နန္ဒွင်းရောင်ထနေတာ"

"ခင်ဗျားစကားက ဆန်းလှချည်လား။ အသံတောင် နန္ဒွင်းရောင် ရှိသေးသလား"

"နန္ဒွင်းရောင်ထနေတယ်ဆိုတာ အသံဝါကြီးကိုဗျ"

"ဟား. . . ဟား ခင်ဗျား ပြောလိုက်မှဖြင့် ထူးထွေသည့်အံ့ရာသော်ချည်းပဲ"

"တော်ပါ ဖက်ခွက်စားလောင်းရဲ့။ ရိုးရိုးတန်းတန်း ပြောစမ်းပါ။ သီချင်းသံတွေ ဘာတွေနဲ့။ ထူးထွေသည့် အံ့ရာသော်တွေ လုပ်မနေစမ်းပါနဲ့"

"နို့. . . ခင်ဗျားစကားက ဆန်းတာကိုးဗျ" ဟုပြောပြီး ဆက်လက်၍ "ကဲဗျာ သီချင်းလေး တစ်ပိုဒ်လောက် ဆိုစမ်းပါဦး။ ခင်ဗျားက ပွဲတောင်းနေမှန်းသိတာနဲ့ ဈေးကိုင်မနေစမ်းပါနဲ့" ဟုဆိုမှ သိန်းဖေလည်း သီချင်းတစ်ပုဒ် စ,လိုက်လေ၏။

ထိုသို့ သိန်းဖေ၏ ကွဲအက်သောသီချင်းသံနှင့် စံလွင်၏တဂွိဂွိမြည်သော တယောသံကို ကြားရလျှင် အခြားကျောင်းသားများ တစ်ယောက်ပြီးတစ်ယောက် ရယ်မောကာ ဝင်ရောက်လာကြလေ၏။ ဘတိုးဆိုသူ လူရှုပ်တစ်ယောက် ရောက်၍လာပြီးလျှင် "ခင်ဗျားတို့နှစ်ယောက်တော့ ထမင်းငတ်တော့မှာ မဟုတ်ဘူး။ ဘီအေအောင်ပြီး ထွက်သွားကြတဲ့လူတွေ အလုပ်ရှာလို့ မရနိုင်တာနဲ့ အိမ်မှာထိုင်ပြီး ငတ်နေကြရပေမယ့် ခင်ဗျားတို့တော့ တစ်ယောက်က သီချင်းဆို၊ တစ်ယောက်က တယောထိုးပြီး ပိုက်ဆံတောင်းစားကြရင် ဂုဏ်သရေရှိ ဘီအေသူတောင်းစားတွေလို့ သိပ်ပြီးနာမည်ကြီးဦးမှာပဲ" ဟု နောက်လိုက်သဖြင့် သဘောကျ၍ ရယ်မိကြလေ၏။

သိန်းဖေမှာ သီချင်းပြတ်၍သွားမည်စိုးသဖြင့် ပြန်၍မချေပနိုင်ဘဲ ပြုံးပြုံးကြီးလုပ်ကာသာလျှင် သီချင်းဆက်လက်၍ ဆိုနေသည်ကို တွေ့ရပေတော့၏။ ထိုသို့ဆိုရာမှ တယောကို အလှည့်ပေးလေရာ စံလွင်လည်း တယောတတ်ခါစ ဖြစ်သူတို့၏ ဓမ္မတာအတိုင်း ကြိုးကြိုးစားစား ချွဲပစ်ဖွဲ့နွဲ့၍ တယောစမ်းကာ လက်စွမ်းပြလေ၏။

"အို. . . ဘာလဲလို့ ကြိုးစားလိုက်စမ်း ကိုစံလွင်။ တယောဆရာကလေးငယ်ငယ်ကလေး ရှိသေးတယ်နော်။ အိပ်ရာထဲ သေးပါတုန်းပဲ"

"ကြိုးစားလိုက်ပါ မောင်ရေ လှလှကလေး လှလှကလေး၊ တက္ကသိုလ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com


သားပါ ခင်ဗျာ၊ တစ်ယာက်တော့ သေသွားပြီ။ သူလည်း မကြာတော့ဘူး"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် နောက်၍ကာ နားထောင်နေကြလေ၏။

"တယ်ပြီး နားသောတအရသာ ရှိပါပေတယ်။ တယောထိုးတာပေမယ့် သူများလို ရှိုးရှိုးမဟုတ်ဘူး။ အပြောင်းအလွဲကလေးတွေ တယ်ပြီးများတာပဲ"

"အပြောင်းအလွဲ များတာပေါ့၊ အိမ်လခ မပေးနိုင်လို့" ဟု ဘတိုးက နောက်လိုက်ပြန်သဖြင့် ပွဲကျသူများ ကျ၍သွားလေ၏။

ကျောင်းသားတစ်ယောက်က "အခုနေ ကိုစံလွင် သေသွားရင် သိပ်နှမြောဖို့ကောင်းတာပဲ" ဟု ဆိုလိုက်ရာ "ဘာဖြစ်လို့လဲ သူ့ပညာတွေ မကျန်ရစ်မှာစိုးလို့လား" ဟု မေးမှ. . .

"သူသေသွားရင် အကြွေးတွေ ဆုံးကုန်မှာစိုးလို့" ဟု ပြောလိုက်ရာတွင် တဟားဟား ဖြစ်မိကြလေ၏။

ထိုအခါ သိန်းဖေက "သူသေရင် သူများထက် မသာစရိတ် သက်သာမယ်။ ဘုန်းကြီး ပွဲ ၅-ကျပ် ကုန်ရင်ပြီးရော။ သူ့ဆိုင်းနဲ့သူချမှာပဲ" ဟု ပြောလိုက်ရာ ကျေနပ်စွာ ရယ်မောကြသည်တွင် တယောသံဆုံး၍သွားသဖြင့် ဩဘာလက်ခုပ်သံများ ဆူညံ၍သွားကာ တော်စမ်းဟူ၍ ဝိုင်းဝန်းအားပေးကြပြန်လေ၏။

သိန်းဖေက ကမန်းကတန်း အရေးတကြီးဟန်မျိုးဖြင့် ဗီရိုနားတွင် ရပ်နေသူအား"ဟေ့လူ. . . ဟေ့လူ ဗီရိုထဲက ယူလိုက်စမ်းပါ"

"ဘာလုပ်ဖို့လဲ"

"ဆုချမလို့၊ ဗီရိုထဲက တစ်ရာတန်စက္ကူ နှစ်ချပ်အောက်က ရဲယိုသီးနှစ်လုံး" ဟု ပြောလိုက်သောကြောင့် ဝုန်းကနဲ ကွဲအက်သံကြီးများဖြင့် ရယ်ကြလေ၏။

ထိုအခိုက်တွင် အခန်းရှေ့မှ ကျောင်းသားတစ်ယောက် ဖြတ်၍လျှောက်သွားသည်ကို မြင်လိုက်သဖြင့် သိန်းဖေက "ဟေ့. . . မောင်မောင်ကြည်၊ ကြည်ကြည်၊ ကိုကို့အချစ်ကလေးရဲ့ လာပါဦး" ဟုဆိုကာ ထွက်၍ခါးဖက်ပြီးလျှင် ဆွဲခေါ်လေရာ "ဟေ့ ကိုသိန်းဖေ ဘာဖဲနေတာလဲ" ဟုဝိုင်း၍နောက်ကြလေ၏။ မောင်မောင်ကြည်မှာ ပုဂံကျောင်းဆောင်ရှိ ကျောင်းသားကြီးများ၏အဖဲခံရသော အချော်ကလေး ဖြစ်ပေ၏။

"နှစ်ပါးသွား တို့တာဆိတ်တာ ကြည့်ချင်တယ်ဗျို့" ဟုဝိုင်း၍ ပွဲတောင်းကြသဖြင့် သိန်းဖေလည်း မင်းသားဟန်ဖြင့် မိမိလုံချည်ဖျားကို ခြေဖြင့်ခတ်မြှောက်၍ ဆတ်ကနဲ ခါးပုံစကို ဖမ်းဆွဲကာ မင်းသားစခန်းထလေ၏။

"ပွဲကြည့်သူ အစ်ကိုကာလသားတို့က နှစ်ပါးသွားအားထားကြပြန်တယ်ဆိုတော့ ကြိုးစားလိုက်ကြဦးစို့ ကြည်ရေ့" ဟု ဆိုလိုက်ရာ မောင်မောင်ကြည်က ဘာမှမပြောဘဲ ပြုံးပြုံးကလေးလုပ်၍ သာနေသဖြင့် ကျောင်းသားများက "ထူးလေ. . .ကိုက

www.burmeseclassic.com 

ခေါ်နေတာ ထူးဦးမှပေါ့" ဟု ဝိုင်းဝန်းတိုက်တွန်းကြလေ၏။

"ကြည်ရေ့၊ ကြည်၊ ကြည်၊ ကိုကို့မယားကလေးရဲ့"

"ဗျာဗျ" ဟု ထူးလိုက်မိသဖြင့် ဝိုင်း၍ရယ်ကြမှ "ရှင်ရှင့်၊ ကိုကြီးစိန်" ဟု ပြင်၍ဆိုလိုက်သဖြင့် နှစ်မြိုက်ကျေနပ်စွာ "ဒီလိုလည်း ရှိစေရမပေါ့" ဟုဆို၍ ရယ်ကြလေ၏။

"အော် တတ်တဲ့ပညာ မနေသာဆိုသလို ပရိသတ်များ အကြိုက်ကို အသုံးတော်ခံရပေမပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ဟုတ်ပါ့" ဟု ဘတိုးက လှုပြက်လုပ်လေ၏။

"အင်း. . . စကားတွေများတော့ ပရိသတ်များ မုန်းကြလိမ့်မယ်။ အရိပ်သုံးပါးနားမလည်၊ ချေသူငယ် သေနတ်ပစ်ခံရတယ်လို့ ဆိုတယ်မဟုတ်လား။ အဲဒါကြောင့် သည်မလေ မိတ်ဆွေတို့ မင်းသားပူပူနွေးနွေးဗျ" ဟု ဆိုလိုက်သည်တွင် စံလွင်က တီးလုံးစ,၍ တယောထိုးလိုက်လေ၏။

"ချောသည်၊ ယောဟနိ ပြောမည်၊ ဇမ္ဗူဒီ တုမမှီ ပြိုင်စံရှား ဟားဟပါလို့၊ ခါးသေးရင်ချီဟန် အိုဘာတုန်းကြိတ်လိုက်စမ်း၊ အလှ. . အလှတကာအဆီ၊ အစ စစည ပပဝတီက ဈေးလယ်ခေါင်ကြီးမှာတောင် မမ. . . မမ ခေါ်လိုက်သည်" ဟုဆိုလျက် ရှပ်သေးကြိုးအကဟန်ဖြင့် လည်ဆွဲပုတီးကုံးများကို လက်ဖြင့်ထိုးချလိုက်သည့်ဟန်မျိုး လုပ်ကာ အမဲချောက်ဖုတ် အကမျိုး ကလိုက်လေရာ ဟားကြရပြန်လေ၏။

ထိုအခိုက်တွင် ကျော်ဝင်းနှင့် ဘဦးတို့ ရောက်လာကြပြီးလျှင် ကျော်ဝင်းက သိန်းဖေအား "ဟေ့လူ ဘာအရှုံးထနေတာလဲ၊ ဓာတ်ပုံရိုက်ရအောင် သွားမယ်လို့ ချိန်းထားမှန်းသိလျက်သားနဲ့ ဘာလုပ်နေတာတုန်း" ဟု ပြောလိုက်မှ သိန်းဖေက က,နေရင်း တန်းလန်းရပ်၍သွားကာ "ဟုတ်တယ်ဗျို့ မေ့နေလို့" ဟု ရွတ်လေ၏။

ဘဦးက "မေ့နေတာ မှတ်ဉာဏ်မကောင်းလို့ မှတ်ထား။ မှတ်ဉာဏ်ကောင်းချင်သလား" ဟု မေးလေရာ. . .

"ဘာလို လုပ်ရမလဲ"

"ပဒိုင်းသီးစွပ်ပြုတ် မနက်တိုင်းသောက်" ဟု ပြောလိုက်မှ နောက်မှန်းသိ၍ ရယ်ကြလေ၏။

ကျော်ဝင်းက"ကဲ. . . ခင်ဗျားတို့ပွဲကို သိမ်းလိုက်စမ်းပါဦး၊ ဟိုမှာအရေးကြီးမှန်းသိရက်သားနဲ့" ဟု ပြောလိုက်သောကြောင့် သိန်းဖေသည် နဖူးကို လက်ဝါးနဲ့ ဖတ်ကနဲ ရိုက်ကာ ကြမ်းပေါ်သို့ ဖင်ထိုင်ပစ်လှဲချလိုက်ပြီး "မင်းသား ခွေးနဲ့ အပေါက်ခံရသဗျို့၊ ပွဲပျက်ပြီ၊ ပွဲပျက်ပြီ" ဟု ဆိုလိုက်သဖြင့် ရယ်ကြကာ ထသူထ ထွက်သူထွက်နှင့် တစ်ယောက် နှစ်ယောက်သာ ကျန်ရစ်ကြလေ၏။

"ကဲဗျာ. . . ကိုသိန်းဖေ အဝတ်လဲဗျာ၊ အချိန်မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်လုံချည်တွေ ငှားထားလို့ ဝတ်စရာ မရှိဘူးဗျ"

"ဘယ်သူငှားထားလို့လဲ"

"ငါးပေါင်းကြော်ဆိုင်းဘုတ်နဲ့တိုက်က မိတ်ဆွေ တရုတ်ကလေးကို" ဟုပြောမှ ပေါင်၍ထားသည်ကို သိကြ၍ ရယ်ကြလေ၏။

ဘဦးက "ဒါဖြင့်ဗျာ၊ လုံချည်မရှိရင် လံကွတ်တီ ဝတ်သွားတာပေါ့" ဟု ပြောလိုက်သဖြင့် သိန်းဖေက . . .

"မလုပ်ပါနဲ့ဗျာ၊ ရှမ်းဘိန်းတွေ ခိုးထုတ်လာတယ်ဆိုပြီး လမ်းမှာရှာလားဖွေလား အလုပ်ခံနေရမှဖြင့် မျက်နှာထားရ ခက်နေပါဦးမယ်" ဟု ပြောလိုက်သောကြောင့်

"ကြံကြံဖန်ဖန် ကပ်သီးကပ်သတ်တွေးပြီး ပြောတတ်ပလေတယ်" ဟုဆိုကာ ရယ်ပွဲတွေကြပြန်လေ၏။

ထိုအခါမှ ကျော်ဝင်းက "အချိန်မရှိပါဘူးဗျာ။ လျှာရှည်မနေစမ်းပါနဲ့တော့။ ရေချိုးချေပါ။ ပြီးတော့ ကျွန်တော့်လုံချည်တစ်ခုခု ယူပြီးဝတ်ဗျာ" ဟု ပြောလိုက်သောကြောင့်၊ သိန်းဖေလည်း အရွှတ်အနောက် ရပ်လိုက်ပြီးလျှင် ရေချိုးရန် ပြင်ဆင်လေ၏။

ကျော်ဝင်းလည်း အခန်းအပြင်ဘက်သို့ထွက်ကာ "ကဲ ကိုသိန်းဖေ၊ ရေချိုးပြီး ကျွန်တော့်အခန်းကို လာခဲ့ပေတော့" ဟု ပြောပြီးထွက်သွား၍ သိန်းဖေလည်း ရေချိုးခန်းဆီသို့ သွားသောကြောင့် ဘဦးလည်း မိမိအခန်းသို့ ပြန်လေ၏။

မကြာမီ ၎င်းတို့တစ်သိုက် ကျော်ဝင်း၏အခန်းထဲတွင် စုရုံးစုရုံး ဖြစ်နေကြပြန်လေ၏။ ကျော်ဝင်းနှင့် သိန်းဖေတို့မှာ ထိုနေ့တွင် ကျောင်းတော်သူကလေးတို့နှင့် တွေ့ဆုံပျော်ရွှင်ကြရမည့် အရေးကြောင့် စတိုင်အမျိုးမျိုးထုတ်လျက် ရှိကြသည်ကို မိတ်ဆွေများက ဝိုင်း၍ကြည့်ကာ ရှုပ်နောက်နေကြလေ၏။

"ကိုသိန်းဖေ. . . ခင်ဗျား ခေါင်းပေါင်းက ရှည်နေတယ်" ဟု ကျောင်းသားတစ်ယောက်က ပြောလိုက်ရာ ဘဦးက "ရှည်မှာပေါ့ ဆေးရုံကပေးလိုက်တဲ့ ခေါင်းပေါင်းပဲ" ဟု နောက်လိုက်သဖြင့် ပွဲကျသွားလေ၏။

သိန်းဖေမှာမူ မိမိအား နောက်ပြောင်နေကြသည်ကို အရေးမစိုက်ဘဲ၊ ကျကျနန မှန်ကြည့်ကာ တို့ပတ်ရိုက်နေသောကြောင့် "ဆရာကြီးနဲ့ တို့ပတ်ရယ်၊ ခြေအေးလို့ ဝမ်းရောင်မယ်၊ ဒါမျိုးတော့ ရိုးပေါ့ကွယ်၊ နောက်ဆုံးပိတ် အိတ်နဲ့လွယ်" ဟု တစ်ယောက်က သီချင်းဆိုကာ လက်ခုပ်တီး၍ စည်းလိုက်ကြသဖြင့် သိန်းဖေမှာ ရိုးတိုးရွတ ဖြစ်လာကာ ပြောင်သလိုလို ကလိုက်သည်တွင် ကျော်ဝင်းက "ဟောဒီလူဟာ ဖက်ခွက်စားမျိုး ဟုတ်မှ ဟုတ်ပါ့မလား မသိဘူး" ဟု ဆိုလိုက်သည့်အတွက် ပြုံးရယ်မိကြလေ၏။

သိန်းဖေက "ကျွန်တော်တို့အမျိုးထဲ ဖက်ခွက်စား မရှိပါဘူးဗျာ။ ကျွန်တော်သာ ဗုံသံကြား ကချင်၊ ပတ်သံကြား ကြက်သီးထချင်တာပါပဲ" ဟုပြောကာ ဗိုက်ကို တတွန့်တွန့် လှုပ်ပြသဖြင့် သဘောတွေသွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းက "မပြီးသေးဘူးလားဗျ" ဆိုပြီး ပြုံးရယ်သော မျက်နှာဖြင့် "ကိုယ့်အဝတ်အစားလဲ မဟုတ်ဘဲနဲ့ဗျာ၊ စတိုင်သိပ်ပြီး ထုတ်မနေပါနဲ့ လူသိပါမယ်"

"အံမာ. . . ခင်ဗျားက အလှူ့ရှင်မှန်းသိအောင် မကျွပ်တိုင် မတက်စမ်းပါနဲ့" ဟု ဆိုပြီးမှ သိန်းဖေက ကျော်ဝင်း၏ကိုယ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ "စိတ်မဆိုးပါနဲ့ နောင်ကြီးရာ၊ နောက်တာပါ" ဟုဆို၍ အခြားကျောင်းသားများဘက်သို့လှည့်ကာ "ပစ္စည်းရှင်ဆိုတော့ တယ်ပြီး မျက်နှာရှိပေသကိုးဗျ။ ချော့ရပေမပေါ့။ နို့မဟုတ်ရင် ကလေးကျင့် ကလေးကြံ လမ်းကျမှပဲ သူ့လုံချည် အတင်းပြန်တောင်းလို့ လုံချည်မပါဘဲ ပြန်လာရမှဖြင့် တစ်လမ်းလုံး ခွေးတွေ တစီစီနဲ့ ဖြစ်နေမှာ" ဟု ပြောသောကြောင့် သိန်းဖေ ပြောသမျှကို အလကားနေရင်းပင် ရယ်ချင်သူ ကျောင်းသားတစ်စုတို့မှာ တဟားဟား ဖြစ်နေကြလေ၏။

ထိုအခိုက်တွင် ကားသမား ရောက်လာပြီး ကျော်ဝင်းတို့လည်း ဝတ်စားပြီးစီးပြီ ဖြစ်ကြ၍ ဓာတ်ပုံရိုက်ကင်မရာနှင့် လိုရာပစ္စည်းတို့ကို သိန်းဖေက သယ်ရင်း "ဒီကနေ့ ကိုဘတင့်နဲ့ ခင်ခင်နုတို့ ရုပ်ရှင်ရိုက်မယ်" ဟု ဆိုလိုက်သည်တွင် ကျော်ဝင်း၏အကြောင်း သိသူများမှာ ရယ်မောကြလေ၏။

"ဘာဇာတ်ကားလဲဗျ"

"ကြံတောဖလင်က ဒါရိုက်တာစက္ကူလ ရိုက်ကူးတဲ့ 'ရှင်သေမင်း' ဇာတ်ကား။ မင်းသား နို့ဆီဗူး ရေထဲနစ်တဲ့အခန်းကို ရိုက်မလို့" ဟု ပြောဆိုရင်း အခန်းတွင်းမှ ထွက်ခဲ့ပြီးလျှင် ကျောင်းအောက်သို့ဆင်း၍ ကားပေါ်သို့ တက်ကြလေ၏။

"ကိုဘဦး ခင်ဗျားတစ်ယောက်တည်း နေရစ်ပေတော့။ ခင်ဗျားတော့ ဘယ်တော့မှ စွံမယ့်လူ မဟုတ်ဘူး"

"ခင်ဗျားကတော့ စွံတော့မယ့်အတိုင်းပဲ။ မကြွားပါနဲ့ ကိုသိန်းဖေရာ"

"ဖိုးစွံဗျ၊ ဖိုးစွံ။ အခု ကောင်မလေးတွေ အချောင်ထုတ်မလို့"

"အချောင်ထုတ်ရင် အချုပ်ထောင်နဲ့တန်းနေပြီပေါ့"

"တော်စမ်းပါဗျာ။ နိမိတ်မရှိ နမာမရှိ" ဟု သိန်းဖေက ပြန်ပြောစဉ်၊ ကားထွက်လေရာ ဘဦးက "ကဲ. . . သွားကြပေတော့။ တော်တော်ကြာ ဂါတ်တဲကို အာမခံပေးရအောင် လိုက်ခဲ့မယ်" ဟု ပြောဆိုကာ ရယ်မောလျက် ကျန်ရစ်ကြလေ၏။

ကျော်ဝင်းနှင့် သိန်းဖေတို့ အင်းလျားဆောင်သို့ ရောက်ကြသောအခါ၊ မသန်းမြင့် မအေးစိန်တို့နှင့် တွေ့ဆုံပြီးလျှင် ခေတ္တစကားပြောနေကြစဉ် မသန်းမြင့်က မအေးစိန်နှင့် သိန်းဖေတို့ကို အသိဖွဲ့ပေးလိုက်သောကြောင့် သိန်းဖေတွင် အကြည်ဆိုက်၍ သွားလေ၏။

"ဟောဒါ ကိုသိန်းဖေတဲ့၊ ပြည်မြို့က။ ဟောဒါ မအေးစိန်တဲ့၊ ကျွန်မတို့ဆီက" ဟု မသန်းမြင့်က ပြောလိုက်သည်တွင် နှစ်ဦးသား အင်္ဂလိပ်စကားဖြင့် "ဟောင်ဒူးယူဒူး"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဗိုလ်ဆန်ဆန် ပြိုင်တူနှုတ်ဆက်ကြလေ၏။

မအေးစိန်က သိန်းဖေ၏မျက်နှာကိုကြည့်ကာ ထိုမျက်နှာကိုကြည့်၍ ရယ်ချင်စရာကဲ့သို့ အောက်မေ့မိလေ၏။ သိန်းဖေမှာမူ မိမိအား အကြည်ဆိုက်နေပြီဟု ထင်မှတ်ကာ ပီတိဖြစ်နေလေ၏။

"လူချင်း မသိကြပေမယ့် ကျောင်းမှာတော့ မကြာခဏ တွေ့နေရသားပဲ။ ဒါကြောင့် ကျွန်မစိတ်ထဲမှာ ကိုသိန်းဖေမျက်နှာ ကြားဖူးပါတယ်လေလို့" ဟု နောက်လိုက်သလိုလို မအေးစိန် ပြောပြီးမှ "အဲလေ ယောင်လို့ ကိုသိန်းဖေမျက်နှာ မြင်ဖူးပါတယ်လေလို့ တွေတွေချင်း အောက်မေ့မိတယ်" ဟုပြောရာ သိန်းဖေ၏စိတ်ထဲတွင် "အလဲ့. . . ငါ့လိုပါပဲလား။ သူလည်း မညံ့ဘူး" ဟု တွေးမိကာ "ကိုကျော်ဝင်းက မကြာခဏ ပြောဖူးလို့ မအေးစိန်နာမည်ကိုလည်း အမြင်ဖူးသားပဲ" ဟု မအေးစိန် လေပေါက်မျိုးဖြင့် ပြန်၍ပြောလိုက်သောကြောင့် ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ ၎င်းတို့အားကြည့်ပြီး ပြုံးရယ်နေကြလေ၏။

ထို့နောက်မှ ပြောစရာ ဆိုစရာ ရှိသမျှ စကားများကို ပြောဆိုကြပြီးလျှင် ကားနှင့်ထွက်ခဲ့ကြလေ၏။ ကျောင်းသားအချို့တို့သည် အင်းလျားကျောင်းသူအချို့တို့နှင့်အတူ ကားစီး၍ လိုက်ပါလာကြသည့်အခါ အခြားကျောင်းသားများကို လမ်းတွင် တွေ့ရလျှင် "ဟေ့. . . ငါကွ။ ငါ့လို မင်းတို့ အတူတူစီးနိုင်ကြရဲ့လား" ဟု ကြွားလိုသည့် ဟန်ဖြင့် မိမိတို့ကို မမြင်မြင်ရအောင် တမင်လုပ်လေ့ ရှိကြသည်နှင့်မခြား သိန်းဖေသည် မိမိမြင်ဖူးသမျှ ကျောင်းသားများကို လမ်းတွင်တွေ့မြင်နေရသည့်နေရာတိုင်း ၎င်းတို့အား ပြုံးရယ်နှုတ်ဆက်ကာ မျက်စိတစ်ဖက်မှိတ်၍ ပြလေ၏။

သို့နှင့် တိရစ္ဆာန်ရုံသို့ ရောက်ကြပြီးလျှင် အတွင်းသို့ ဝင်ကြ၍ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်ရှုကြလေ၏။ သို့ကြည့်ရှုကြရင်း ကျားထားသော လှောင်ချိုင့်သို့ ရောက်လာကြရာ မအေးစိန်မှာ ကျားကို ကြောက်တတ်ကြောင်း သိန်းဖေ တွေ့ရှိလေ၏။

သို့ဖြစ်၍ သိန်းဖေက "အို. . . ကျားလောက်တော့ ကြောက်စရာ မရှိပါဘူး" ဟုဆိုကာ ဓာတ်ပုံကင်မရာတင်သော သုံးချောင်းထောက်ကလေးကို အရှည်ဆွဲဆန့်ကာ သံချိုင့်ကြားထဲမှ ကျားကိုထိုးကာ ရဲစွမ်းသတ္တိကို အခြောက်တိုက် ကြွားလိုက်ရာ ကျားသည် ဒေါသဖြစ်၍ ဝုန်းကနဲ ဟိန်းဟောက်လိုက်သဖြင့် မအေးစိန်မှာ လန့်ဖျပ်ပြီး အနီးရှိ ကိုသိန်းဖေကို ဖက်ကိုင်လိုက်မိသောကြောင့် သိန်းဖေမှာ ကျေနပ်မိလေ၏။

ယင်းသို့ မအေးစိန်၏အကြောင်းကိုသိ၍ သိန်းဖေသည် မကြာခဏ ၎င်း၏အဖက်ခံလို၍ ကျားကို ဆက်ကာဆက်ကာ တုတ်နှင့်ထိုးလေရာ လှောင်ချိုင့်ထဲမှ ကျားမှာ တဝုန်းဝုန်း ဖြစ်နေသောကြောင့် ရုံစောင့်သူ ရောက်လာပြီး "တခြားကို သွားကြပါတော့" ဟု တောင်းပန်ယူရလေ၏။

"မျောက်ထားတဲ့ရုံကို သွားကြမလား" ဟု သိန်းဖေက ခေါ်သဖြင့် မျောက်များ

www.burmeseclassic.com

အကြောင်းကို သိပြီးသော ကျော်ဝင်းက မိန်းကလေးများ ကြည့်၍မတော်သည်ကိုသိ၍-

"မျောက်ရုံက ရှုပ်ပါတယ်ဗျာ။ အကျီဆွဲ ဘာဆွဲနဲ့ သွားဖို့မကောင်းပါဘူး" ဟု စကားပိတ်လိုက်သော်လည်း သိန်းဖေက. . .

"ဟာ. . . ခပ်ဝေးဝေးက ကြည့်တာပေါ့" ဟု ပြန်ပြောသောကြောင့် ကျော်ဝင်းက မျက်စိမှိတ်ပြတော့မှ ရိပ်မိကာ. . .

"ဒါဖြင့်လည်း တခြားအကောင်တွေ ကြည့်ကြသေးတာပေါ့။ ဟုတ်တယ် မျောက်ရုံက နံလည်းနံတယ်၊ နို့ပြီးတော့ မျောက်တွေကလည်း. . . " ဟုဆိုကာ စကားမဆက်ဘဲ ရှိနေသည့်အတွက် မအေးစိန်က. . .

"နို့ပြီးတော့ ဘာပြုသေးသလဲ"

"နို့ပြီးတော့ နံလည်းနံတယ်" ဟု စကားကို လျှောချလိုက်၍ ရယ်မောကြကာ အခြားတိရစ္ဆာန်များကို လှည့်ပတ်ကြည့်ရှုကြလေ၏။

ထို့နောက် ငှက်ကလေးများထားသည့် ကုန်းမြင့်ကလေးပေါ်သို့ တက်ရောက်လာကြသောအခါ ပွင့်လန်းလျက် ရှိကြကုန်သော ပန်းကလေးများကို တွေ့ရှိရသဖြင့် မသန်းမြင့်က ကျော်ဝင်းအား "ဒီနေရာမှာ ဓာတ်ပုံရိုက်ရရင် မကောင်းဘူးလား" ဟု မေးရာ ကျော်ဝင်းက တစ်ဖန် သိန်းဖေအား. . .

"ဘယ့်နှယ်လဲ ကိုသိန်းဖေ၊ ဒီနေရာ ဖြူကောင်းပါ့မလား၊ ကြည့်စမ်းပါဦး" ဟု ပြောလိုက်လေ၏။

သိန်းဖေသည် ဝဲယာ ရှေ့နောက် မှန်းဆ၍ကြည့်လိုက်ပြီးလျှင် "အကောင်းသားပဲ ရိုက်ကြလေ၊ ဘယ်သူ အရင်ရိုက်မလဲ" ဟု မေးလိုက်သဖြင့် မသန်းမြင့်နှင့် မအေးစိန်တို့သည် အချင်းချင်း စိတ်တွင်းက မေးမြန်းနေကြသကဲ့သို့ တစ်ယောက်ကို တစ်ယောက် မေးခွန်းထုတ်သော မျက်လုံးဖြင့် ကြည့်ကြလေ၏။ သို့ကြည့်နေသည်ကို တွေ့ကြသဖြင့် ကျော်ဝင်းက "နှစ်ယောက်သား အတူတွဲပြီး ရိုက်ကြတာပေါ့" ဟု ပြောလိုက်သောကြောင့် မသန်းမြင့်နှင့် မအေးစိန်တို့ အတူတွဲ၍ ရိုက်ကြလေ၏။

သိန်းဖေလည်း သုံးချောင်းထောက် ဓာတ်ပုံသံခြေထောက် အရှင်ကလေးကို ဆွဲ၍ဆန့်ကာ ကင်မရာကို တပ်လျက်ချိန်ပြီး အတိမ်းအစောင်း ညီညာသည်ကိုတွေ့မှ အပြတ်အသား ချိန်ဆပြန်လေ၏။ သို့ချိန်ဆ,ရာတွင် မသန်းမြင့်နှင့် မအေးစိန်တို့၏ ရုပ်ပုံမှာ မှန်ထဲတွင် ပြတ်ပြတ်သားသား ပေါ်နေသဖြင့် အားနာရှက်ကြောက်စရာ မရှိအောင် အားရပါးရ ကြည့်နေနိုင်သည် ဖြစ်သောကြောင့် သိန်းဖေသည် ပုံချိန်ဆ၍ မပြီးနိုင်သကဲ့သို့ မဆီမဆိုင်သော ကိရိယာအစိတ်အပိုင်းတို့ကို လှည့်ပတ်၍မပြီးနိုင်ဘဲ အားရပါးရကြီး အာရုံခံနေလေ၏။

မသန်းမြင့်နှင့် မအေးစိန်တို့မှာ သိန်းဖေ၏ညည်းဆဲခြင်းကိုခံရကာ နေပူအောက်တွင် မျက်နှာရှုံ့၍နေကြလေ၏။ သို့ဖြစ်၍ မအေးစိန်က "မြန်မြန်လည်း လုပ်

www.burmeseclassic.com

www.burmeseclassic.com


စမ်းပါဦး ဓာတ်ပုံဆရာကြီးရယ်၊ ပူလွန်းလို့ သေရတော့မယ်။ ဒီလိုသာ ဓာတ်ပုံရိုက်ပြီး အသက်မွေးရမယ် ဆိုရင်ဖြင့် ဒီဓာတ်ပုံဆရာတော့ ဆန်အိုးထဲ ဆန်တစ်စေ့မှရှိမှာ မဟုတ်ဘူး" ဟုပြောမှ သိန်းဖေသည် ပုံချိန်ရန် အုပ်ထားသော သက္ကလပ်အဝတ်နက်ခွာပြီးလျှင် ကုန်းနေရာမှ ကိုယ်ကိုဆန့်၍ရပ်ကာ၊ ၎င်းတို့အား ပြုံးရယ်သော မျက်နှာဖြင့် ကြည့်လျက် "ပြီးပါပြီ ခင်ဗျား။ ပြတ်ပြတ်သားသား လှလှပပကလေး ပါစေချင်လို့ သေသေချာချာ ချိန်ရတာပါ။ ရွှေမျက်နှာတော်ညိုပြီး ဒေါသတွေ မပိုလိုက်ပါနဲ့" ဟု ဆိုလေ၏။

"ဒါပဲ၊ ကျွန်မတို့ အသားမဲသွားရင် လျော်ကြေးပေးရမယ်"

"ပေးပါ့မယ်ဗျာ၊ ထုံးနှစ်ပိဿာ ပေးပါ့မယ်"

မသန်းမြင့်မှာလည်း နေပူမခံနိုင်လှသဖြင့် "ကဲ. . . လုပ်ပါတော့ မြန်မြန်၊ နေပူထဲမှာ လူတွေလည်း အမဲခြောက် ဖြစ်ကုန်တော့မယ်" ဟု ပြောသောကြောင့် ကျော်ဝင်းနှင့် သိန်းဖေတို့မှာ သဘောကျပြီး ရယ်ကြလေ၏။ ပြီးမှ သိန်းဖေက မှန်ဘီလူးခလုတ်ကို ပိတ်၍ အလင်းအမှောင် ဖြန့်ဖြူးသော အပါချာ အကျဉ်းအကျယ်ကို တွက်ဆ၍ထားပြီးလျှင် မှန်သွင်းလိုက်လေ၏။ ထို့နောက် မှန်ဘီလူး ဖွင့်ပိတ်သော ခလုတ်ကို မောင်းတင်ကာ "ကဲ. . ရိုက်တော့မယ်၊ ခပ်ပြုံးပြုံးကလေး မျက်နှာထားကြပါ" ဟုပြောရာ ပြုံးပြုံးနေလိုက်ကြသော်လည်း နေပူရောင်ကြောင့် မျက်စိများ မှေး၍နေသဖြင့် သိန်းဖေမှာ ဓာတ်ပုံမရိုက်နိုင်ဘဲ ၎င်းတို့၏မျက်နှာထားကို ကြည့်ကာသာ ရယ်၍ နေလေတော့၏။

"အို. . . ရိုက်တော့မယ်ဆိုပြီး ရယ်နေပြန်ပါပြီ"

"နို့. . . မအေးစိန်က မျက်ခမ်းစပ်ကြီး လုပ်ပြနေတာကို"

"ပူတယ်ရှင်၊ မနေနိုင်တော့ဘူး"

"အဲ. . . အဲ၊ အခုလို ပြုံးပြုံးပြုံးပြုံးကလေးမှပေါ့" ဟုဆိုရင်း ချောက်ကနဲ ခလုတ်ဖြုတ်လိုက်လေ၏။

"ပြီးပြီလား" ဟု မအေးစိန်က မေးလေ၏။

'ဩော်. . . ပြီးတာတောင် မသိဘူးလား"

"အို. . . ဘယ့်နှယ်ပြောတာလဲလို့"

"ချောက်ကနဲ အသံမကြားဘူးလား၊ အဲဒါ ရိုက်ပြီးလို့ပေါ့"

ကျော်ဝင်းက "ပြီးတော့လည်း မြန်လိုက်တာ" ဟု ဆိုသဖြင့် မသန်းမြင့်က ကျော်ဝင်းအား စိုက်ကြည့်လိုက်သည်ကို သိန်းဖေ တွေ့ရသောကြောင့် စကားဖာကာ "ချိန်တာသာ ကြာတာကိုးဗျ၊ ရိုက်တာတော့ အမြန်သားပေါ့" ဟု ပြောလိုက်လေ၏။

ထို့နောက် မသန်းမြင့် တစ်လှည့်၊ မအေးစိန် တစ်လှည့်၊ တစ်ပုံစီ တစ်ယောက်ချင်း ရိုက်ကြပြီးလျှင် မအေးစိန်က မသန်းမြင့်အား တိုးတိုးကပ်၍ "မသန်းမြင့်နှင့် ကိုကျော်ဝင်း တွဲပြီးရိုက်ပါလား" ဟု ဆိုလိုက်ရာ မသန်းမြင့်က "အို. . ရှက်စရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်ကို ကျော်ဝင်းနှင့် သိန်းဖေတို့ ခပ်သဲ့သဲ့ ကြားလိုက်ရသဖြင့် အချင်းချင်း မျက်စပစ်၍ပြကာ ပြုံးမိကြလေ၏။

ဓာတ်ပုံရိုက်ကူးပြီးနောက် ငှက်ကလေးများကို ကြည့်ရှုရန် သွားကြရာ သိန်းဖေက ကျော်ဝင်း၏အင်္ကျီကိုဆွဲလိုက်ကာ နောက်ကျန်၍ နေရစ်စေပြီး "ဟေ့လူ၊ ခင်ဗျား မသန်းမြင့်ကို လှည့်ပြီးခေါ်လာခဲ့။ ကျွန်တော် ပန်းပင်တွေကြားထဲက ချောင်းပြီး နှစ်ယောက်တွဲ စနက် ရိုက်ယူထားလိုက်မယ်" ဟု မှာကာ ပန်းချုံနားသို့ ထွက်သွားသဖြင့် ကျော်ဝင်းလည်း မသန်းမြင့်တို့နောက်သို့ လိုက်၍သွားလေ၏။

စီမံသည့်အတိုင်း နှစ်ယောက်တွဲပုံကို မကြာမီပင် ရိုက်ယူရရှိပြီးနောက် သိန်းဖေက ကျော်ဝင်းအား မိမိကင်မရာကို ပေးပြီးလျှင် ရိုက်ကူးရန် အဆင်သင့်ပြင်ဆင်ပေးထားသော မိမိနှင့် မအေးစိန်တို့ပုံကိုလည်း ရိုက်ကူးပေးခိုင်းလေ၏။ ထိုသို့ပြုပြီးနောက် သိန်းဖေမှာ မအေးစိန်နှင့် အတူတူယှဉ်တွဲလျက်နေမိအောင် အတော်ပင် ညာဝါးလှည့်ပတ်၍ သွားရလေ ၏။ ကျော်ဝင်းမှာလည်း ဓာတ်ပုံရိုက်လက်စမရှိသဖြင့် မမိ,မိအောင် အတော်ကြိုးစား၍ ရိုက်ယူလိုက်ရလေ၏။

ထို့နောက် အတော်အတန် လှည့်ပတ်ကြည့်ရှုပြီးနောက် မြို့ထဲသို့ သွားလိုကြသေးသည့်အားလျော်စွာ တိရစ္ဆာန်ရုံထဲမှ ထွက်ခဲ့ကြလေ၏။

□□□

www.burmeseclassic.com

## အခန်း (၂၀)

ညဉ့်သို့ရောက်သောအခါ သိန်းဖေမှာ စာကိုကြည့်ရန် သတိမရ၊ ဓာတ်ပုံဆေးရန်မျှသာလျှင် စိတ်စော၍နေလေ၏။ ကျော်ဝင်းကလည်း ဓာတ်ပုံမှန်ဆေးဖို့ရန် တိုက်တွန်းသောကြောင့် သိန်းဖေမှာ ပုံဖော်မှန်ဆေးလိုလှပြီ ဖြစ်သော်လည်း အခန်းစစ်ဆေးရန် ဆရာ မသွားသေးသောကြောင့် အမှောင်ခန်းချရန်ခက်သည့်ပြင် ပုံဖော်ရာ၌ အသုံးပြုသည့် မီးနီမှန်အိမ်တွင် ဖယောင်းတိုင်ထွန်းရန်လိုသဖြင့် အခန်းထဲ၌ ဖယောင်းတိုင် ထွန်းသည်ကို မိ၍သွားမည်လည်း စိုးရိမ်ရသည်လည်း ခက်သောကြောင့် အဆောင်မှူး လှည့်ပတ်စစ်ဆေး မပြီးမချင်း စောင့်စားနေရလေတော့၏။

ထိုသို့ စောင့်စားရသည်မှာ လေးသချီနှင့် ကမ္ဘာတစ်သိန်းမျှ ကြာမြင့်သကဲ့သို့ ထင်မြင်ရပြီးမှ အဆောင်မှူး လှည့်ပတ်ကြည့်ရှုသွားပြီးနောက် ချက်ချင်းပင် သိန်းဖေသည် ပုံဖော်ရန် ဆေးရည်များ စပ်ဟပ်ပြီး မှောင်ချ၍ မှန်ဆေးလေ၏။

ပထမဦးဆုံး ဆေးလိုက်သောမှန်တစ်ချပ်မှာ ဆေးသားဝါဝါကလေး ရှိနေသည့်ဘဝမှ မဲမှောင်နက်ကြုတ်သောဘဝသို့ ပြောင်းသွားလေရာ သိန်းဖေမှာ ထိုမှန်ကို တိုက်ပို ပုံချပ်စားဆေးမကျွေးရသေးမီ အဘယ်ပုံများပါလိမ့်ဟု စဉ်းစား၍မရနိုင်ဘဲ ရှိကာ မအေးစိန်၏ပုံဖြစ်နေလျှင် အခက်ပဲဟု ပုံပျက်သွားမည်ကို ပူပန်မိလေ၏။ ထို့နောက် ဆေးသားညီ၍ ဟိုက်ပိုရည်ထဲသို့ထည့်ပြီး အနည်းငယ်အကြာတွင် မီးရောင်တွင် ထောင်၍ကြည့်ရာ သိန်းဖေမှာ ရင်ထုမနာဖြစ်၍သွားမိလေ၏။

ထိုပုံမှာကား သိန်းဖေနှင့် မအေးစိန်တို့ ယှဉ်တွဲလျက် ရှိကြစဉ် ကျော်ဝင်း ရိုက်ကူးထားသောပုံ ဖြစ်လေရာ ကျော်ဝင်းမှာ ဓာတ်ပုံရိုက်သားကျသူ မဟုတ်သည့်

www.burmeseclassic.com

www.burmeseclassic.com


အလျောက် ရင်းရိုက်ထားသည့်ပုံမှာ လျှင်မိ၍သွားလေသလောဟု ထင်ရလောက်အောင် စွေစောင်းအောက်စိုက်၍နေသည့်ပြင်၊ မအေးစိန်၏မျက်နှာမှာ ထောင့်နားတစ်ပိုင်းကြီးဖြစ်လျက် မိမိ၏ပုံမှာမူ မြေပေါ်တွင် ဒိုင်ဗင်ထိုးတော့မည့်ဟန် ရှေ့သို့စိုက်နေကာ ခြေထောက်မပါဘဲ ပြတ်၍နေသည်ကို တွေ့သောကြောင့် သိန်းဖေမှာ နက်ဂတစ် ပုံကြမ်းကိုကြည့်၍ တက်တခေါက်ခေါက်နှင့် ရှိနေလေတော့၏။

ထိုသို့ပုံဖော်ရင်း မကျေမချမ်း ဒေါပွလျက် နောက်တစ်ပုံကို ဆေးလိုက်ရာ ပြုံးပြုံးကြီး ရယ်နေသော မအေးစိန် တစ်ယောက်တည်း၏ပုံ ဖြစ်သည်ကို တွေ့ရမှ ဒေါသပြေပျောက်ကာ တစ်ယောက်တည်း ပီတိဖြစ်နေမိပေ၏။ ထို့နောက် မသန်းမြင့်တစ်ယောက်တည်းပုံနှင့် မအေးစိန်နှင့်တွဲ၍ ရိုက်ထားသောပုံများကို ဆေးပြီးစဉ်ပင် ကျော်ဝင်း ရောက်လာလေ၏။

"ဟေ့လူ. . . မပြီးသေးဘူးလားဗျ"

"ပြီးပြီဗျ၊ ခဏနေပါဦး" ဟု ဆိုသံကြားရပြီးနောက် ဖူးကနဲ ဖယောင်းတိုင်မှုတ်သံနှင့် ကုတင်အောက်မှ ထွက်လာသည့် ဒူးခေါင်းထောက်သံ၊ လှုပ်ရှားသံများ ပေါ်ပေါက်ကာ လမ်းလျှောက်သံ ကြားရပြန်၍ ဂျောက်ကနဲ မြည်သံနှင့်တကွ အခန်းတံခါးမီးလင်း၍လာလေ ၏။

ထို့နောက် တံခါးဖွင့်ပေး၍ ကျော်ဝင်းသည် သိန်းဖေကို မြင်လျှင်မြင်ချင်း "ဘယ့်နှယ်တုံး၊ ဓာတ်ပုံတွေ ကောင်းရဲ့လား၊ ပြစမ်းပါဦး" ဟု ပြောလေ၏။

"ကောင်းတော့ ကောင်းပါရဲ့၊ တစ်ပုံ ပျက်သွားတယ်"

"အမယ်လေး. . . မသန်းမြင့်ပုံများလားဗျာ။ ဘုရား. . . ဘုရား ရွှေသည်းထိတ်စရာ ရေထဲက လိပ်ပမာလို၊ အမေပဲ ပရိတ်နာလှည့်ပါဦး"

"ခင်ဗျားတို့ပုံတွေတော့ အကုန်ကောင်းပါတယ်ဗျာ။ ကျွန်တော်နဲ့ မအေးစိန်တွဲနေတဲ့ပုံ ခင်ဗျားရိုက်တာ မကောင်းလို့ ပျက်သွားတယ်"

"အို. . . ခင်ဗျားတို့ပုံ ပျက်တာလောက်တော့ အရေးမကြီးပါဘူးဗျာ။ ကျွန်တော်တို့ပုံ မပျက်ရင် တော်ပါသေးရဲ့"

"တော်စမ်းပါဗျာ၊ ခင်ဗျား ဒီလိုပြောရင် ကျွန်တော် ပုံကူးပြီး မပေးတော့ဘူး" ဟု ဆိုလိုက်သောကြောင့်"ကိုကြီးရာ၊ နောင်ကြီးရာ ဒီလိုတော့ မကျီစားပါနဲ့။ လူချင်းချစ်ရင် ဖင်ကုန်းနမ်းစမ်းပါ" ဟု ရွတ်လိုက်သဖြင့် သိန်းဖေလည်း ပြုံးရယ်ကာ "မနမ်းပါရစေနဲ့ဗျာ၊ နှာစေးနေလို့ပါ" ဟု ပြန်၍ဖြေလိုက်လေ၏။

"မှန်တွေ ပြစမ်းပါဦးဗျာ၊ ကြည့်ချင်လွန်းလို့"

"ဟိုက်ပိုထဲမှာ စိမ်ထားတယ်၊ ဆီးလ်ဗားတွေ မကျွတ်သေးဘူး၊ နက်ဖြန်ခါ ပုံကူးပြီးတော့မှ အားရအောင် ကြည့်တော့"

"မမြင်ရရင် သေရပါလိမ့်မယ် နောင်ကြီးရာ၊ ပြစမ်းပါ" ဟု ဆိုသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်ကြာလျှင် သိန်းဖေသည် ဆေးရည်ထဲမှ မှန်များကို ဆယ်ယူ၍ တစ်ခုစီ မီးရောင်တွင် ထောင်ပြီးပြလေ၏။

"ပေးစမ်းပါဗျာ၊ ကျွန်တော့်ဘာသာ ကျွန်တော် ကြည့်စမ်းပါရစေ။ ခင်ဗျား ပြတာ ကြည့်လို့ အားမရလိုက်တာ"

"မကိုင်နဲ့ဗျ၊ လက်နဲ့ဆေးသွားထိပြီး ပျက်သွားလိမ့်မယ်။ နောက်တော့မှ အားရအောင်ကြည့်ဗျာ" ဟုဆိုပြီး ရေဆေးရန်အတွက် မှန်များကို ရေချိုးခန်းသို့ ယူသွားလေ၏။

မှန်များကို ရေစင်ကြယ်အောင် ဆေးကြောပြီးနောက် အခန်းထဲသို့ ပြန်ယူလာကာ ရေခြောက်အောင် ထောင်၍ထားလေရာ ကျော်ဝင်းက ကိုင်၍ကြည့်မည် တကဲကဲ လုပ်နေသည်ကို မနည်းတားထားရလေ၏။

ထို့နောက် သိန်းဖေက "ဘယ့်နှယ်လဲ ကိုကျော်ဝင်းရဲ့၊ မအေးစိန် ကြည့်ရတာ ကျွန်တော်နဲ့ ဟန်ပုံပေါ်ရဲ့လား" ဟု မေးလေ၏။

"အခု ခင်ဗျားတို့နှစ်ယောက် တွေ့ကြသိကြခါစ ရှိသေးတာ၊ ဘယ်ပြောနိုင်ဦးမလဲ"

"တယ်အားရှိစရာကောင်းပါ့ဗျာ၊ ခင်ဗျားပြောလိုက်တာ" ဟု သိန်းဖေက သရော်၍ ပြောလေ၏။

"ဩော်. . . ကျွန်တော် ဖူးစာရေးနတ်မှ မဟုတ်ဘဲ၊ သိနိုင်ပါ့မလား"

"ဒါထက် နေပါဦးဗျာ၊ ကျွန်တော်"

"နေပါတယ်ဗျာ၊ ဘယ်မှ ထမသွားသေးပါဘူး"

"ခင်ဗျားက တစ်ပြန်စီး နောက်နေပြန်ပါပြီ။ ဒါထက် ကျွန်တော် မအေးစိန်ကို စ,ရင် နေရာကျပုံပေါ်ရဲ့လား"

"နေရာကျလိမ့်မယ်လို့တော့ ထင်တာပေါ့လေ"

"ခင်ဗျား ပြောတာကလည်း အားရှိစရာကောင်းလိုက်တာဗျာ။ ဝမ်းနုတ်ဆေး စားမိသလိုပဲ"

"ဩော်၊ အခုနေတော့ ထင်ကြေးလောက် ပြောနိုင်သေးတာပေါ့ဗျာ။ ခင်ဗျားလည်း ပညာရှိပဲ၊ ရှေ့ဉာဏ်ရှင် ဆင်ခြင်ပြီး ကြည့်ဦးမှပေါ့။ အခုလို မေးနေတာ ခင်ဗျား မအေးစိန်ကို တကယ်ပဲ စွဲနေပြီလား"

"ဒါတော့ ခင်ဗျား စဉ်းစားကြည့်လေဗျာ၊ ခင်ဗျားတို့ ကျွန်တော်တို့ ယောကျာ်းတွေဟာ မိန်းကလေးတစ်ယောက်ယောက်က မျက်နှာသာပေးတယ်ဆိုရင် ပိုးချင်ပန်းချင်ကြမှာချည်းပဲ။ ကြိုက်တာ မကြိုက်တာကတော့ နောက်မှဖြစ်လာတဲ့အလုပ်ပါ။ ဒီလို ပိုးကြပန်းကြရင်း တစ်ယောက်နဲ့တစ်ယောက် စွဲချင်စွဲသွားကြတာပဲ"

"ဒါဖြင့် ခင်ဗျားက အကော်ကြံချင်တယ်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလည်း ဘယ်ဟုတ်ပ့ါမလဲ၊ ငါးကြော်တွေလို့မှ မနှိုက်ရင် ကြောင်မိုက်လို့ အခေါ်ခံနေရပေမပေါ့ဗျ။ ကိုယ့်မှာ အခွင့်အရေးသာလို့ရှိရင် ကြံတာပေါ့ဗျ။ ဒီလိုကြံရင်းက ဟန်ကျရင်လည်း ငြင်းဖို့မလိုပါဘူးဗျာ။ မအေးစိန် ကိုယ်လုံးကိုယ်ပေါက်ကြီးနဲ့ ပြုံးပြုံးကြီးလုပ်နေတဲ့ မျက်နှာကြီးကိုက ချစ်စရာကြီး။ ပြောရင်းဆိုရင်း သွားရည်ကျလိုက်တာ"

"သွားရည်ကျရင် ထမင်းကောင်း၊ ဟင်းကောင်း စားရချင်လို့၊ ကျွန်တော် နိမိတ်ဟောလိုက်မယ်၊ ခင်ဗျား ခုံဖိနပ်တို စားရကိန်း မြင်နေပြီ"

"ထွီ၊ ပါးစပ်ပုပ်ကြီးက ပြောတော့မယ်" ဟု သိန်းဖေက ဆိုပြီးနောက် "ကျွန်တော်တော့ ကိုယ့်ငါးပိ ကိုယ်ငန်တယ်လို့ပဲ ထင်ချင်ထင်တော့၊ မအေးစိန်ဟာ ခင်ဗျား မသန်းမြင့်ထက် ရုပ်ရော၊ ကိုယ်လုံးကိုယ်ပေါက်ရော သာတယ် ထင်တာပဲ"

"တော်စမ်းပါဗျာ၊ ခင်ဗျား ရန်စကား မပြောစမ်းပါနဲ့။ ကျွန်တော့် မသန်းမြင့်လိုဟာ လှူပြည်မှာ နောက်ထပ်မမွေးသေးဘူးဗျ။ ကတော်ဆယ်ပါး၊ တစ်ပါး အပါအဝင်ဆိုထိုက်တဲ့ ရုပ်ဗျ"

"ဘာကတော်လဲ၊ ပျာတာ ကတော်လား၊ ကပ္ပိယ ကတော်လား"

"ကိုကျော်ဝင်း ကတော်ဗျ၊ မစွက်ကျော်ဝင်း ဟဲ. . ဟဲ. . ဟဲ" ဟု ပြောနေစဉ်ပင် "ဟေ့လူတွေ၊ နှစ်ယောက်သား တိုးတိုးတိတ်တိတ်နဲ့ ဘာဂါထာတွေ ရွတ်ဖတ်သရဇ္ဈာယ်နေတာလဲဗျ" ဟုဆိုကာ ဘဦး ဝင်ရောက်လာသောကြောင့် စကားစ ဖြတ်လိုက်ကြလေသည်။

နောက်တစ်နေ့ ကျောင်းတက်ရာတွင် ကျော်ဝင်းနှင့် သိန်းဖေတို့ အတူတူယှဉ်တွဲ၍သွားကြရာ မိန်းကလေးများ၏ အခန်းနားတွင်ရပ်လျက် စကားပြောနေကြသော မသန်းမြင့်၊ မအေးစိန်နှင့် မိမိကျော်ဒွန်းတို့ကို တွေ့လေ၏။

မိမိက "အလို. . . ကိုဘတင့်၊ ကျောင်းတက်လာပြီလား" ဟု ကျော်ဝင်းကို နောက်လိုက်သဖြင့် ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ ရှက်ပြုံးပြုံး၍ သိန်းဖေနှင့် မအေးစိန်တို့မှာမူ အသံထွက်၍ မရယ်မိအောင် မနည်းကြွန့်ဆယ်ကြရလေ၏။ မအေးစိန်က "ကိုသိန်း ဖေ၊ ကျွန်မတို့ပုံတွေ ပါလာသလား" ဟု ကြည့်လိုဇော ထင်ရှားသော အမူအရာဖြင့် မေးလေ၏။

"မကူးရသေးဘူး"

"မကူးတာ ရေနစ်မှာစိုးလို့ ထင်ပါရဲ့" ဟု မအေးစိန်က နောက်လိုက်ပြီးမှ "မှန်တော့ ဆေးပြီးပြီထင်တယ်" ဟု မေးလေ၏။

"မှန်တော့ ဆေးပြီးပါပြီ"

"ဘယ့်နှယ်လဲ၊ ကျွန်မတို့ ဓာတ်ပုံထဲမှာ တော်တော်လှရဲ့လား"

"လှပါတယ်ဗျာ၊ မအေးစိန်ပုံ သိပ်လှတာပဲ" ဟု သိန်းဖေက ချိတ်တိတ်ပတ်တ် ပြောလိုက်သည်တွင် ကျော်ဝင်းက ကြားဝင်၍ "ဒါတော့ ခင်ဗျားစိတ်ထဲ ထင်မှာကိုးဗျ"

www.burmeseclassic.com



ဟု ရှိသဲ့သဲ့ လုပ်လိုက်သဖြင့် မအေးစိန်မှာ ရှက်သလိုလို မျက်နှာထား ပျက်သွားသည်ကို မြင်ရသောကြောင့် ကျော်ဝင်းက မိမိစကားကို ဖုံးလိုသောအနေဖြင့် "မအေးစိန်လည်း လှတာပါပဲ၊ မသန်းမြင့်လည်း လှတာပါပဲ"

"ဒါကတော့ ကိုကျော်ဝင်း ထင်လို့ပါ" ဟု မအေးစိန်က ရယ်မောကာ ပြန်၍ ချေပလိုက်ရာ သိန်းဖေလည်း မအေးစိန်၏မျက်နှာကို ကြည့်လိုက်ရာ မအေးစိန်နှင့် အကြည့်ချင်း ဆုံမိကြ၍ မအေးစိန်က ဆတ်ကနဲ မျက်နှာထားပြောင်းကာ ဣန္ဒြေလုပ်လိုက်သဖြင့် သိန်းဖေမှာ အနေရခက်ပြီး ပြုံးဖြုံးကြီးနှင့် တံတွေးနင်ကာ ဒင်ကြီးငါးမျှိုမိသည့် မျက်နှာထားမျိုး ဖြစ်နေသည်ကို မြင်ရသော ကျော်ဝင်းမှာ စိတ်ထဲတွင် ကြိတ်ရယ်၍နေရလေတော့၏။

ထို့နောက် မသန်းမြင့်က "ကိုသိန်းဖေကလည်း မှန်ဆေးပြီးမှပဲ ကူးခဲ့ပါတော့လား၊ ဒီကဖြင့် ကြည့်ချင်လှပြီ" ဟု ပြောသဖြင့် "ဟုတ်ကဲ့ ညကျတော့ ကူးထားပါ့မယ်" ဟု ကတိပြုလေ၏။

ထိုသို့ ပြောနေသည့်အကြားတွင် မိမိက "ကိုကျော်ဝင်း ညနေကို အားသလား" ဟု မေးလိုက်လေ၏။

"အားသားပဲ၊ ဘာကိစ္စထူးလို့လဲ"

"အားရင် မိမိတို့အိမ်ကို လာပါလား။ တင်းနစ်ရိုက်ရအောင်၊ မသန်းမြင့်တို့လည်း လာမှာပဲ။ မစ်ဇ်ဒါဗယ်လ် ရိုက်ကြရအောင်"

"ဒီက တစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား။ တစ်ခြား ပါတနာတွေ ရှိသေးလား"

"ဒါတော့ ကိုကျော်ဝင်း မိတ်ဆွေထဲက ရိုက်တတ်တဲ့လူ ခေါ်ခဲ့ပေါ့။ ဒီက မိတ်ဆွေကော မရိုက်တတ်ဘူးလား"

"ကိုသိန်းဖေလား၊ သူရိုက်တတ်တာ ဖဲတစ်ခုပဲရှိတယ်" ဟု ကျော်ဝင်းက နောက်၍ပြောလေ၏။

သိန်းဖေက ပြုံးရယ်လျက် "ကိုဘဦး ခေါ်ပါလား" ဟုပြောမှ ကျော်ဝင်းတွင် သတိရ၍ "ဪ ဟုတ်သားပဲ၊ ကိုဘဦး ရှိသားပဲ။ သူ့ကို ခေါ်ခဲ့မယ်" ဟု ပြောလေ၏။

"ဘယ် ကိုဘဦးလဲ" ဟု မိမိက မေးလေ၏။

"ဘောလုံး ကိုဘဦးလေ"

"ဪ. . . မြင်ဖူးသားပဲ၊ သူ့ကို ခေါ်ခဲ့တာပေါ့။ ညနေကြ ဆက်ဆက်လာခဲ့နော်၊ ကိုကျော်ဝင်းကြိုက်တဲ့ ကိုဘတင့်နဲ့ ဂွင်းထိုးဖိနပ် တိုက်ပါ့မယ်" ဟု ပြောလိုက်ရာ သိန်းဖေတွင် သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်မိ၍ မသန်းမြင့်နှင့် ကျော်ဝင်းတို့လည်း ရယ်ကြသော်လည်း မအေးစိန်က မရယ်ဘဲ "ဘာများရယ်ကြတာတုံး၊ ဘယ့်နှယ် မှန်ပါလိမ့်၊ နာမည်ကလည်း ဆန်းလိုက်တာ" ဟု ဆိုလေရာ မိမိ၏အစား သိန်းဖေက-

www.burmeseclassic.com



"ဒိုဟာတင်းနဲ့ ဂိုလ်ဒင်းပဒ်ကိုဆိုတာ" ဟုပြောမှ မအေးစိန်တွင် ရှင်း၍သွားကာ သူများနောက်မှ ရယ်လိုက်ရသော်လည်း ဟက်ဟက်ပက်ပက် ရှိလှသဖြင့် အခြားသူများမှ မအေးစိန်၏ရယ်သံ ကူးစက်ကာ ထပ်မံရယ်လျက်ရှိစဉ် ခေါင်းလောင်းသံကို ကြားရသဖြင့် သိန်းဖေက "ကိုင်း ညောင်ညိုပင်စခန်းက လမ်းခွဲကြစို့ရဲ့" ဟု ပြုံးလျက် ပြောဆိုကာ ခွဲခဲ့ကြလေ၏။

သိန်းဖေမှာ ကျော်ဝင်းနှင့် ဘဦးတို့ ညနေတွင် မိမိတို့အိမ်၌ တင်းနစ်ရိုက်ကြမည်ကို ကြားကတည်းက ဝမ်းသာ၍နေကာ ညနေကျောင်းဆင်း၍ ဟောလ်သို့ပြန်အရောက်တွင် လက်ဖက်ရည်သောက်ရန် ထမင်းစားခန်းသို့ အမြန်ပြေး၍ ဘဦးကို ရှာလေ၏။

"ဟေ့လူ၊ ခင်ဗျား အချောင်ပွတာပဲဗျ" ဟု ခပ်လှမ်းလှမ်းမှ အော်ကျယ်အော်ကျယ်နှင့် ဝင်လာသော သိန်းဖေကို ဘဦး မြင်ရလျှင် ၎င်းပြောမည့်စကားများကို မယုံချင့်ယုံချင် ဖြစ်နေမိသေးတော့၏။

"ကိုယ့်လူ ဘာများ ဖိန့်ဦးမလို့တုံး"

"ဖိန်းမလို့ မဟုတ်ပါဘူး၊ ခင်ဗျား တကယ်ဝမ်းသာစရာ ပေါ်နေလို့ ပြောမလို့ပါ။ ခင်ဗျား မယုံရင် မပြောတော့ပါဘူးဗျာ"

"ဟဲဟဲ. . . ပေါက်ဖော်ကလည်း ဒေါသကြီးတာကိုးဗျ။ ကျွန်တော် လွန်မိတာ စိတ်မဆိုးပါနဲ့ နောင်ကြီးရာ၊ လက်စုံထိပ်မှာမိုးပြီး အမျိုးမျိုး ကန်တော့ပါတယ်၊ ပြောစမ်းပါဦး။ ဘယ်လို ဝမ်းသာစရာပါလိမ့်"

"ခင်ဗျားနဲ့ ကိုကျော်ဝင်းကို မိမိက ညနေ တင်းနစ်ရိုက်ရအောင် သူတို့အိမ်လာပါလို့ ဖိတ်ထားတယ်"

"ဘယ်က မိမိလဲ"

"ရွှေကျီးညိုလို့ခေါ်တဲ့ ငနဲမမှ မသိဘူးလား။ ကန်တော်ကြီးနားမှာ နေတဲ့ဟာလဗျာ"

"မိမိကတော့ ဟုတ်ပါပြီတဲ့၊ ခင်ဗျားပြောတဲ့ စကားကကော ဟုတ်မှဟုတ်ပါ့မလား"

"ဩော်. . . အကောင်းပြောတဲ့လူကိုတောင် ကျေးဇူးမတင် ဖင်လှန်ပြနေပြန်ပါပြီ။ မယုံရင် ကိုကျော်ဝင်းလာတော့ မေးလဗျာ။ ဟောဟိုမှာ ကိုကျော်ဝင်း"

ကျော်ဝင်း ရောက်လာပြီး ၎င်းတို့ လက်ဖက်ရည်စားပွဲတွင် ထိုင်သည်နှင့် တစ်ပြိုင်နက် သိန်းဖေက "မိမိက ခင်ဗျားတို့ကို ခေါ်တယ်ဆိုတာ သူက မယုံဘူးတဲ့ဗျာ" ဟူ၍ ပြောလေ၏။

"ဟုတ်ပါတယ်၊ တကယ်ပါပဲ"

"ဒါဖြင့် ကိုသိန်းဖေ ဆယ်ခွန်းပြောတာ ဒီတစ်ခွန်းတော့ မှန်တယ်ပေါ့" ဟု

www.burmeseclassic.com

www.burmeseclassic.com



နောက်လိုက်သောကြောင့်. . .

"တော်ပါဗျာ၊ ခင်ဗျားတို့က လူကို အရူးမှတ်လို့လား"

"နို့ . . ဟုတ်လည်း ဟုတ်သားနဲ့" ဟု ထပ်၍ နောက်လိုက်သဖြင့် သိန်းဖေလည်း ကပျာကယာ စာအုပ်များကိုပိုက်ပြီး " တယ်အပေါက်ဆိုးမှုတ်တဲ့ လူတွေပဲ" ဟုဆိုကာ ထွက်ပြေးရလေ၏။

ထို့နောက် ကျော်ဝင်းက " ကဲ. . . ခင်ဗျားလည်း အခန်းပြန်ပြီး အဝတ်လဲပေတော့။ အချိန်မရှိဘူး။ ပြီးတော့ ကျွန်တော့်အခန်းထဲ လာခဲ့" ဟု ဘဦးကိုပြောကာ လက်ဖက်ရည်စားပွဲမှထ၍ သွားကြလေ၏။

အတန်ကြာ၍ သိန်းဖေလည်း ကျော်ဝင်း၏အခန်းသို့ ရောက်ရှိလာရာတွင် ခပ်ပွပွ ပိုးဘောင်းဘီဖြူ ပတ္တူရှာမိနပ်ဖြူ ကောလိပ်ဘလေဇာ၊ တင်းနစ်ကော်လာနှင့် ရှပ်အင်္ကျီတို့ကို ဝတ်ဆင်ကာ တင်းနစ်ရက်ကက် ကိုယ်စီချိုင်းညှပ်လျက် ထွက်တော့မည့် ဟန်ပြင်နေကြသော ကျော်ဝင်းနှင့် ဘဦးတို့ကို တွေ့လေ၏။

"အလို. . . ဘယ်ပြီးလှနေကြပါကလား" ဟု သိန်းဖေက ပြောပြီးမှ "လှတယ်ဆို နဂိုက ချောပြီးသားတွေမို့ ထင်ပါရဲ့။ နို့ပေတဲ့ ကိုဘဦးက အမြီးနည်းနည်းရှည်နေတာ ခက်တယ်" ဟု ဆိုလိုက်သဖြင့် ဘဦးက "ခင်ဗျားက ကျုပ်ကို ပါးစပ်နဲ့ ချိုးတာပေါ့လေ" ဟု ပြန်၍တွယ်လေ၏။

"ဟာ. . . ကိုကျော်ဝင်း၊ ခင်ဗျားနောက်မှာ" ဟု ဆိုလိုက်ရာ ကျော်ဝင်းသည် မြာပြာသလဲ နောက်သို့လှည့်ကြည့်လိုက်ပြီး ကွတ်အင်္ကျီတွင် တစ်စုံတစ်ရာပြောင်၍ တပ်ထားရော့သလားဟု ကြည့်တော့မှ သိန်းဖေက "လက်စသတ်တော့ ခင်ဗျားနောက်မှာ ကျောကြီးပါကလားဗျ" ဟု ရွတ်လိုက်လေ၏။

ဘဦးက "လာဗျာ ကိုကျော်ဝင်း၊ ဒီချင်ခပိုက်နဲ့ စကားပြောမနေစမ်းပါနဲ့၊ အချိန်မရှိဘူး" ဟု ဆိုလိုက်လေ၏။

"နေပါဦး၊ ကိုသိန်းဖေကို ချင်ခပိုက်လို့ခေါ်တာ ဘာအဓိပ္ပါယ်လဲဗျ"

"ချင်ခပိုက်ဆိုတာ လေဆေးပေါ့ဗျ၊ ဒီလေမျိုးရှစ်ဆယ် ကိုလေအိုးနဲ့ စကားပြောနေလို့ ပြီးမှာမဟုတ်ဘူး" ဟု ပြောပြမှ ကျော်ဝင်းလည်း သဘောကျ၍ ရယ်မောရင်း အခန်းတွင်းမှ ထွက်ကြလေ၏။

ထို့နောက် ကျောင်းပေါ်မှဆင်း၍ အသင့်ရောက်လာသော အင်းယားကန်ဖတ် ဘတ်စ်ကားပေါ်သို့ တက်ကြသည်တွင် သိန်းဖေက "ဗျို့ ကိုကျော်ဝင်း" ဟု အော်၍ခေါ်ရာ. . .

"ဘာလဲဗျ၊ ဘာနောက်ဦးမလို့လဲ" ဟု မေးသည်တွင် "သွားတော့ တစ်ကျေ" ဟု ဆိုလိုက်သဖြင့်. . .

"သွားပြီ တစ်ကော့" ဟု ပြန်၍ဆိုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဗျို့ ကိုဘဦး" ဟု ခေါ်လိုက်ရာတွင် ဘဦးက ကြိုတင်၍ "သွားပြီ နှစ်ကေ့" ဟု ဖြေလိုက်သောကြောင့်. . .

"သွားပါဦးတော့ဗျို့" ဟု နောက်လိုက်သဖြင့် ဘတ်စ်ကားထဲတွင် ပါလာသူများမှာ ရယ်မောမိကြစဉ်ပင် ကားထွက်၍သွားသည်တွင်. . .

"ကျွန်တော့်ဖို့လည်း နှစ်ပြားဖိုးလောက် ပိုပြီး ပိုးခဲ့ပါဗျို့" ဟု မှာလိုက်ရာ ကားပေါ်မှ ရယ်သံများ ထွက်ပေါ်လာလေ၏။

မိမိတို့ အိမ်ဝင်းအတွင်းရှိ လှပစွာ ပြုပြင်ထားအပ်သော 'တင်းနစ်ကုတ်' ခေါ်သည့် ဘောလုံးရိုက်သောကွင်းတွင် မြန်မာမိန်းကလေးများနှင့် ယောကျ်ားလေးများ တွဲဖက်၍ တင်းနစ်ရိုက်နေကြသည်ကို လမ်းပေါ်မှ သွားရင်းတွေ့ရှိကြသူများပင် တအောင့်တနား ရပ်တန့် ကြည့်ရှုမိကြလေ၏။

ရှေးအခါကာလများ၌ ထိုကဲ့သို့ ကစားခြင်းများကို တွေ့မြင်သည်ရှိသော် သရော်ရှုံ့ချ ကဲ့ရဲ့ကြမည် ဖြစ်သော်လည်း ယဉ်ကျေးခြင်းဟူ၍ အသိအမှတ်ပြုကြကုန်သော ဤခေတ် ဤအခါ၌ မြန်မာမိန်းကလေးများသည်လည်း အစစအရာရာတွင် ယောကျ်ားလေးများနှင့် တန်းတူယှဉ်ပြိုင်နိုင်ကြပေပြီဟု ကြည့်ရှုအံ့ဩခြင်းကိုသာ ဖြစ်ကြလျက်၊ ကိုယ်လက်အင်္ဂါ လှုပ်ရှားကျန်းမာမှု၌ အလေးပြုလာကြကုန်သည်ကို ခေတ်သစ်တွင် တစ်ထစ်တက်၍လာခြင်းပေတည်းဟု နှလုံးပြုကြရလေကုန်တော့၏။

ကျော်ဝင်းနှင့် မသန်းမြင့်တို့က တစ်တွဲ၊ မိမိနှင့် ဘဦးတို့က တစ်တွဲ ပြုလုပ်ကာ နှစ်ဘက်တစ်တွဲ ရိုက်နေကြသည်ကို သံမံတလင်းဖက် ရိုက်ကွင်းဘေးတွင် ကပ်လျက်ရှိသော တန်းလျားဖြူကလေးပေါ်တွင် မအေးစိန်နှင့်တကွ ကပြားမ ဂါဝန်ဝတ်ကလေးများထိုင်လျက် ကြည့်နေကြကာ၊ တစ်ယောက်ယောက်၏ အပေးအယူ အကာအကွယ် အရိုက်အပို့ကောင်းသည့်အချက်များကို တွေ့ရသည့်အခါ လက်ခုပ်တဖြောင်းဖြောင်းတီး၍ အားပေးကြလေ၏။

ဘဦးမှာ တင်းနစ်ရိုက်ရာတွင် အတော်ပင် ကျင်လည်သူတစ်ယောက်ဖြစ်ပြီးလျှင် တင်းနစ်ချန်ပီယံ လုခဲ့ဖူးသူ ဖြစ်သည့်အလျောက်၊ အရိုက်အဆွဲ၊ အခုတ်အဖြတ်များမှာ ဘေးက ကြည့်သူများနှင့် မိမိကိုယ်တိုင်ပေး၍ပင် ကြည့်နေရလောက်အောင် ကောင်းတော့၏။ ကျော်ဝင်းမှာ ယခုသာလျှင် ကောလိပ်ကျောင်းသို့ ရောက်ရှိလာသူဖြစ်သဖြင့် ကစားခုန်စားဖက်တွင် အစွမ်းမပြရသေးသောကြောင့် ထင်ရှားခြင်း မရှိလှသော်လည်း ယခုကစားရာတွင် တွေ့မြင်ရသူများမှာ ဘဦးထက်ပင် သာလေသလောဟု ကြည့်ရှုရင်း တွေးတောမိကြလေ၏။

မသန်းမြင့်မှာ တက္ကသိုလ်သို့ရောက်မှ တင်းနစ်ကစားခြင်းကို ပိုမို၍ အရေးစိုက်ပြီး လေ့ကျင့်နေရသောကြောင့် မိမိလောက် မကျွမ်းကျင်လှသည် ဖြစ်ပေရာ မိမိနှင့် ဘဦးတို့ နှစ်ယောက်စလုံး၏ တဖုံးဖုံး ရိုက်ပို့လိုက်သော ဘောလုံးများကို ကျော်ဝင်း

www.burmeseclassic.com

တစ်ကိုယ်တည်း ကာကွယ်ရပေတော့၏။ သို့ဖြစ်၍ နှစ်ယောက်နှင့်တစ်ယောက် ခုခံ၍ ကစားသကဲ့သို့ ရှိသဖြင့် ကျော်ဝင်း၏ ကစားခြင်းကို ချီးမွမ်း၍ မဆုံးနိုင်အောင် ရှိကြပေတော့၏။

မိမိမှာ ဘဦးနှင့် ကျော်ဝင်းနှစ်ယောက်စလုံး၏ကစားပုံကို တစ်ယောက်တစ်မျိုးစီပင် နှစ်သက်မိပေတော့၏။ သို့နှင့် ကစားကြရင်း ပွဲပြီးသွားသောအခါ မိမိတို့က ကျော်ဝင်းတို့ကို နိုင်လိုက်သောကြောင့် ဝမ်းမြောက်အားရစွာ မိမိ၏ပါတနာဖြစ်သော ဘဦး၏လက်ကို ဆွဲဆုပ်၍ ကိုင်လှုပ်ကာ၊ ဝမ်းမြောက်စကား ပြောလေရာ ဘဦးမှာ ထိုသို့ လက်ချင်းတွေ့ထိလိုက်ရသည့် အရသာသည် အဆိပ်မွှန်သူကဲ့သို့ တစ်ကိုယ်လုံး အကြောလျှော့၍ တဖျဉ်းဖျဉ်း ဖြစ်မိပေတော့၏။ မိမိသည်လည်း ဗိုလ်ဆန်၍သာ လက်ဆွဲလှုပ်လိုက်သော်လည်း ဗီဇအားဖြင့် မြန်မာသွေးဖြစ်သည့်အလျောက်၊ လက်ဆွဲလှုပ်ပြီးသည့်ခဏတွင် ထူးခြားသော အာရုံကို ခံစားရသဖြင့် ထုံးစံအတိုင်း နိုင်သူနှင့် ရှုံးသူပွဲအပြီး လက်ဆွဲနှုတ်ဆက်ရန် ကျော်ဝင်းနှင့် လက်ဆွဲလှုပ်မည်အခါတွင် ရှိန့်သလို ဖြစ်မိပေတော့၏။

ဘဦးမှာ မိမိနှင့် လက်ဆွဲလှုပ်လိုက်သည့် မိမိ၏လက်တွင် ချွေးစို၍အငွေ့အသက် ကုန်မည်ကို စိုးရိမ်ချင်သလိုလို ဖြစ်မိလေ၏။

ထို့နောက် ဂါဝန်တိုမကလေးများနှင့် မအေးစိန်တို့ ကွင်းထဲသို့ ဆင်းလာကြ၍ ကျော်ဝင်း၊ ဘဦး၊ မသန်းမြင့်နှင့် မိမိတို့သည် တန်းလျားကလေးသို့ သွားရောက်၍ ထိုင်နေကြလေ၏။

"ကိုကျော်ဝင်းတို့ ရှုံးပေမယ့် မိမိတို့က သာလို့မဟုတ်ပါဘူး။ မသန်းမြင့်က သိပ်ပြီး မရဲသေးလို့ ကိုကျော်ဝင်း တစ်ယောက်တည်း သိပ်ပြီး ပင်ပန်းလို့ ရှုံးတာပါ။ ကိုကျော်ဝင်း ခုတ်လိုက်တဲ့ စမက်ရှ်တွေ မိမိဖြင့် မနည်းဖမ်းယူရတာပဲ။ ဒါရိုက်တွေလည်း သိပ်ပြင်းတာပဲ" ဟု မိမိက အားရစွာ ပြောလေ၏။

"မိမိတို့ ကစားတာတွေလည်း ကိုကျော်ဝင်း အများကြီး သဘောကျပါတယ်။ မိမှုံဆားဗစ်တွေ ကိုကျော်ဝင်းဖြင့် ကြည့်လို့သိပ်လှတယ် ထင်တာပဲ" ဟု ကျော်ဝင်းက ပြောလိုက်သည်တွင် မသန်းမြင့်၏စိတ်တွင် အခြားမိန်းကလေးတစ်ဦးအား ကျော်ဝင်း၏ နှစ်သက်ချီးမွမ်းခြင်းကို စိတ်ထဲတွင်ကြိတ်၍ မကျေမနပ် ဖြစ်မိလေ၏။ "နို့ပြီး ကိုဘဦးလည်း ဖလား ယူလာခဲ့တဲ့လူပဲ၊ အထူးပြောဖို့ မလိုပါဘူး။ ဒီနှစ် တန်းနီးမင့်မှာ ကိုဘဦးနဲ့ မိမိနဲ့ တွဲပြီး မစ်ဇ်ဒါဗယ်လ် ဝင်ပြိုင်ကြရင် ရမှာဆိုတာ အသေအချာ ပြောနိုင်တယ်"

"ဒါလောက်လည်း ကျွန်တော့်ကို မမြှောက်ပါနဲ့ဗျာ၊ ကိုကျော်ဝင်းတို့လို လူတော်တွေ မပေါ်ခင်ကသာ ကြက်ဆူပင် မင်းမူခဲ့တာပါ။ ဒီနှစ်တော့ ကိုကျော်ဝင်းတို့ရဖို့ ရှုဝါးပါပဲ။ ဒါဗယ်လ်မှာ ပါတနာကောင်းလို့ နိုင်မယ်ဆိုရင်ဖြင့် မပြောတတ်ဘူး၊ တစ်ယောက်ချင်း ဆင်ဂဲလ်ကတော့ ရှုံးပြီးသားပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ ကစားတဲ့အခါ သိကြမှာပေါ့လေ။ နို့ပေတဲ့ နှစ်ယောက်တွဲမှာတော့ ကိုဘဦးနဲ့ မိမိတို့ သိပ်ပြီး ပါတနာဖက်မိမှာပဲဆိုတာ မလွဲဘူး။ ကဲ. . . မသန်းမြင့် သဘော ဘယ့်နှယ်ရသလဲ"

"ဟုတ်တယ်၊ ကိုကျော်ဝင်း ပြောတဲ့အတိုင်း အမှန်ဖြစ်မှာပဲ။ ကိုဘဦးနဲ့ မိမိတို့ ဒီနှစ် တန်းနီးမင့်မှာ မစ်ဇ်ဒါဗယ်အတွက် ဝင်ကြပါလား။ ကျွန်မတော့ သဘောတူတာပဲ"

သို့ပြောလိုက်သည့်အလျှောက် မိမိတွင် ကျေနပ်သဘောကျကာ ဘဦးဖက်သို့ လှည့်၍ "ကဲ. . . ကိုဘဦး၊ သူတို့ကတော့ ပြောနေကြပြီ၊ ကျွန်မတို့နှစ်ယောက် ဝင်ကြမလား" ဟု မေးရာ. . .

"မိမိ သဘောကျရင် ဝင်တာပေါ့" ဟု ဖြေလိုက်သဖြင့် မိမိက "ကမ်းမွန်ရှိတ်ကင်း" ဟုဆို၍ လက်ဆွဲနှုတ်ဆက်လိုက်ပြန်သောကြောင့် ဘဦးတွင် ဒုတိယမို့ နှစ်ကြိမ်မြောက်သော ကျေနပ်ခြင်း ဖြစ်မိပြန်၏။

ထိုအခိုက်တွင် စားပွဲကလေးတစ်လုံးနှင့် လင်မနစ်များ၊ ဘီစကစ်များ တင်ဆောင်လျက် စေခိုင်းသူများက ယူ၍လာကာ ရှေ့တွင် တည်ခင်းကြသောကြောင့် အမောပြေ စားသောက်ကြပြန်လေ၏။

စားသောက်ပြီးကြသောအခါတွင် ကစားပွဲသိမ်းလိုက်ကြပြီးနောက် မိမိက မိမိတို့ မော်တော်ကားကိုထုတ်ကာ ကျော်ဝင်း၊ မသန်းမြင့်၊ ကိုဘဦး၊ မအေးစိန်တို့ လေးဦးအား ကျောင်းသို့ ပြန်ပို့ရန် ဒရိုင်ဘာထည့်၍ လွှတ်လိုက်လေ၏။

□□□

www.burmeseclassic.com

## အခန်း (၂၁)

ကျော်ဝင်းနှင့် ဘဦးတို့သည် ကျောင်းသို့ပြန်၍ ရောက်လာကြသောအခါ ပျော်ရွှင်သော မျက်နှာများဖြင့် ကျောင်းပေါ်သို့ တက်ကြလေ၏။

"ကိုယ့်လူတော့ ကြက်ကန်း ဆန်အိုးတိုးတာပဲ။ မိမိကတော့ ခင်ဗျားကို ကျပြီဗျ၊ ကော်တာပဲ" ဟု ကျော်ဝင်းက ပြောလိုက်သဖြင့် ဘဦးက. . .

"ဖိုးကော်ကွ၊ ဖိုးကော်ကွ" ဟု နဖူးကို လက်ဝါးဖြင့် ပုတ်ပြီးမှ "အမယ်လေး မိမိကိုင်သွားတဲ့ အငွေ့အသက်ကလေးတွေ နဖူးကပ်ကုန်ပါပြီ" ဟုဆိုပြီး နဖူးကို လက်နှင့်ပွတ်၍ အငွေ့ကို အားပါးတရ အထပ်ထပ် နမ်းရှုပ်လိုက်သောကြောင့် ကျော်ဝင်းမှာ သဘောကျကာ ရယ်မောမိလေ၏။

"ဘယ့်နှယ်လဲ မွှေးရဲ့လား"

"ချွေးစော်နံတာပေါ့ဗျ" ဟုဆိုကာ နှာခေါင်းကို ရှုံ့လိုက်သောကြောင့် ကျော်ဝင်းသည် ထပ်၍ရယ်မိပြန်လေ၏။

ထိုအခိုက်တွင် "ဝေး" ဟု နောက်မှနေ၍ ချောက်လှန့်အော်ဟစ်ကာ ၎င်းတို့၏ပခုံးကို ပုတ်လိုက်သဖြင့် နှစ်ဦးသား လန့်သွားကြပြီးမှ လှည့်ကြည့်လိုက်ရာ သိန်းဖေကို တွေ့ရသဖြင့် ဘဦးက "အလန့်ထညက် မလုပ်ပါနဲ့ဗျာ" ဟု ပြောသည်ကို. . .

"အလန့်တကြားလို့ ပြောပါဗျာ" ဟု သိန်းဖေက ပြောရာ. . .

"သကြားတွေ ပရွက်ဆိတ် စားကုန်လို့ ထညက်ပဲရှိတယ်" ဟုပြန်ပြောသောကြောင့် ဘဦး၏ ရွှတ်နောက်ခြင်းကို ရယ်စရာမကောင်းသကဲ့သို့ သိန်းဖေက မျက်နှာအား အတည်ဖြင့် ဟဲ. . . ဟဲ. . . လုပ်၍ပြလိုက်လေ၏။

"ဒါက ဘာဖြစ်တာလဲ၊ သေခါနီး ချွဲကြပ်တာလား"

www.burmeseclassic.com

www.burmeseclassic.com

“မဟုတ်ပါဘူး၊ ခင်ဗျားက ရယ်စရာလုပ်တော့ ရယ်စရာမကောင်းလည်း ပြက်လုံးထုတ်တဲ့လူ ရှက်မသွားအောင် ရယ်ပြီးပြရတာပေါ့ဗျာ”

“ဒါဖြင့် မရယ်ရသေးရင် ဂလိထိုးပေးမယ်” ဟုဆိုကာ ဘဦးက သိန်းဖေအား အတင်းဂလိထိုးပေးသောကြောင့် သိန်းဖေမှာ ယားတတ်သူတစ်ယောက်ဖြစ်သည့်အတိုင်း ထွန့်ထွန့်လူးလျက်နေသော်လည်း ပါးစပ်ကမူ အငြိမ်မနေဘဲ. . .

“အို. . . အို. . . အို. . . အိုယားတယ်ဆိုတာ သိရက်သားနဲ့၊ လက်ကြီးကိုက ဘာလုပ်ချင်” ဟု သီဆိုကာ နောက်လိုက်သောကြောင့် ဘဦးလည်း ရယ်ချင်၍ လက်လွှတ်လိုက်လေ၏။

သို့နှင့် ဘဦး၏ အခန်းသို့ ရောက်ကြကာ. . .

တင်းနစ်ရိုက်သော ရက်ကက်များကို စားပွဲပေါ်တွင် တင်လိုက်ကြပြီးလျှင် ဘဦးက အိပ်ရာပေါ်တွင် ပစ်လှဲလျက် သိန်းဖေက စားပွဲပေါ်တွင်တက်ပြီး၊ ကျော်ဝင်းက ကုလားထိုင်ပေါ်တွင် ခြေကားရားပစ်၍ ထိုင်လေ၏။

စားပွဲပေါ်တွင် တင်ပြင်ခွေလုပ်၍ထိုင်နေသော သိန်းဖေကို ဘဦးက လှမ်းကြည့်ကာ “ဟေ့လူ၊ ခင်ဗျားက ဘုရားနဲ့ ဂုဏ်တုဂုဏ်ပြိုင် ဘုရားထိုင် ထိုင်နေတာလား” ဟု ပြောလိုက်သောကြောင့် သိန်းဖေမှာ စားပွဲပေါ်မှ မြန်မြန်ခုန်ဆင်းပြီး စာအုပ်ထည့်ထားသော ထင်းရှူးသေတ္တာတစ်လုံးကိုဆွဲ၍ ထိုင်လိုက်ကာ “ကဲ. . . ကိုကျော်ဝင်းပြောစမ်းပါဦးဗျ၊ ညနေက အတော်နိပ်ခဲ့ကြရဲ့လား” ဟု အတည်ပေါက်မေးလေ၏။

“နိပ်သလား၊ မနိပ်သလားတော့ ကျွန်တော် မပြောချင်တော့ဘူး။ ကိုဘဦးကိုသာ မေးကြည့်ပေတော့”

“သူ့မေးကြည့်ဖို့ မလိုပါဘူး။ လက်နှစ်သစ်လောက်ပဲ ရှိမှာပေါ့” ဟု ပြောလိုက်သဖြင့် ဘဦးက သိန်းဖေအား ကလှဲစားချေကာ ဂ္ဂန္ထေကြီးနှင့် လုပ်၍နေသောကြောင့် သိန်းဖေက “ကျွန်တော် ပြက်တာ ဒီလူ မရယ်ဘူး၊ သူ့ရည်းစား လင်နောက် လိုက်ပြေးလို့၊ ကျွန်တော်နဲ့” ဟု ဆိုမှ “ဩော် ကိုသိန်းဖေ၊ ခင်ဗျား ရယ်စရာပြောနေတာလား ဒီလိုဆိုရင် တင်ကြိုပြီး ပြောရောပေါ့” ဆို၍ တမင်ဖြစ်ညှစ်ပြီး ရယ်မောလိုက်သောကြောင့် ကျော်ဝင်းက သိန်းဖေအား “ဟေ့လူ၊ ခင်ဗျား ဒီကနေ့တော့ ကိုဘဦးကို မစမ်းနဲ့တော့၊ သူက သိပ်ပြီး တစ်ညနေလုံး အူမြူးနေတာ” ဟု ပြောလေ၏။

“နေပါဦးဗျ၊ သူ အူမြူးရအောင်ဟာ တော်သလင်းလလည်း လွန်လာတာကြာလှပါပကောဗျ”

“မဟုတ်ဘူး ကျွန်တော်တို့က ကြောင်မျိုးဗျ”

“ဟား. . . ဟား. . ဟား. . ကိုသိန်းဖေ၊ ခင်ဗျားက သူ့အကြောင်း မသိဘူး။ သူက မိမိနဲ့ နှစ်ယောက်သား ကျေနပ်ပြီးလာကြလို့ ထမင်းတောင် မစားချင်အောင် ဖြစ်နေတာပဲ။ သူတို့နှစ်ယောက် တင်းနစ်တန်းနီမင့်မှာ မစ်ဇ်ဒါဗယ်လ် ဝင်ကြမလို့”

www.burmeseclassic.com

"ဒါကြောင့် သူက စိန်လက်စွပ် ဝတ်ချင်သလိုလို၊ ပဒိုင်းသီး စားချင်သလိုလို ဖြစ်နေတာပေါ့လေ"

"တော်ပါ ပေ့လူရ၊ ခင်ဗျားမှ ကျွန်တော့်လို ဟန်ပါရဲ့လား။ ဒီလက်ကို မိမိကိုယ်တိုင် နှစ်ခါရှိအောင် အကိုင်ခံရတာ နည်းမှတ်လို့လား" ဟုဆိုပြီး ပြန်ကာ လှန်ကာ နမ်း၍ပြလိုက်သောကြောင့်. . .

သိန်းဖေက "ရှုလည်း ရှုပ့်ါဗျ၊ တံတားလေးတော့ ရောက်ခါနီးနေပြီ။ ဆွေမျိုးတွေ မှာလိုက်ရတော့မလား" ဟု မခံချင်အောင် ပြောလိုက်လေ၏။

ထိုအခိုက်တွင် ထမင်းစားခန်းထဲမှ ပြင်ဆင်နေသော ဇွန်းသံ၊ ပန်းကန်သံကို ကြားရသဖြင့် ကျော်ဝင်းက. . .

"ကဲ. . . ထမင်းစားဖို့ နီးနေပြီ၊ ရေချိုးဦးမယ်။ ကိုဘဦး ခင်ဗျား ရေမချိုးသေးဘူးလား" ဟုဆို၏။

"ရေတော့ ချိုးချင်ပါရဲ့၊ မိမိကိုင်သွားတဲ့လက် ရေဆေးမိပြီး အငွေ့အသက်တွေ မြောပါသွားမှာစိုးလို့"

"ဒါဖြင့်ရင်လည်း အဲဒီလက်တစ်ဘက်ကို ရေမစိုစေဘဲ ကျန်တစ်ကိုယ်လုံး ချိုးပါလား" ဟု သိန်းဖေက ပြောသောကြောင့်. . .

"ဟုတ်တယ်ဗျို့၊ ဒီအကြံလည်း ကောင်းသားပဲ" ဟု ဘဦးကပြောကာ ရေချိုးရန် ပြင်ဆင်သဖြင့် သိန်းဖေတို့လည်း ထွက်ခဲ့ကြလေ၏။

ထမင်းစားပြီးကြသည့်အချိန်သို့ ရောက်ရှိကြသောအခါ သိန်းဖေသည် ကျော်ဝင်းကို လက်တို့၍ မိမိအခန်းသို့ ခေါ်သွားလေ၏။ ဘဦးကား ၎င်းတို့ထ၍သွားသည်ကို တွေ့ရသော်လည်း ထိုနေ့အဖို့ ထမင်းစား၍ကောင်းနေသောကြောင့် ထ၍ မလိုက်နိုင် ရှိလေ၏။

သိန်းဖေ၏ အခန်းသို့ရောက်လျှင် သိန်းဖေက "အိုင်ဆေး ကိုကျော်ဝင်း၊ ဓာတ်ပုံတွေ ကူးပြီးပြီဗျ" ဟု ပြောလိုက်ရာ ကျော်ဝင်း၏မျက်နှာတွင် ရွှင်ပြုံး၍သွားရာ-

"တံခါးဖွင့်ပေးစမ်းပါ၊ မြန်မြန် ကြည့်ချင်လှပြီဗျ" ဟု ဆိုလေ၏။

သိန်းဖေသည် တံခါးကို ဖွင့်ပေးပြီး အခန်းထဲသို့ ဝင်ကြလေ၏။ ကျော်ဝင်းသည် အခန်းမီးကို လျှင်မြန်စွာ ပြေး၍ဖွင့်လေ၏။ သိန်းဖေသည် စာအုပ်ကြားထဲတွင် ညှပ်ကာ ပြန့်နေအောင် ဖိထားသော ဓာတ်ပုံကလေးကို ထုတ်ယူ၍ ပြလေ၏။

"နိပ်တယ်ဟ၊ နိပ်တယ်ဟ" ဟုဆိုကာ ကျော်ဝင်းသည် မသန်းမြင့် ဓာတ်ပုံကလေးကို နှာခေါင်းတွင်ကပ်၍ နမ်းလိုက်ရာ သိန်းဖေက "ကိုယ်တော် သတိထားပါဦး၊ အဲဒါ လူမဟုတ်ဘူးဗျ၊ ဓာတ်ပုံ၊ ဓာတ်ပုံ" ဟု ပြောလေ၏။

"ဓာတ်ပုံမို့ နမ်းရဲတာပေါ့ဗျာ။ လူဆိုရင် ပါးချခံရတာကြာပြီ။ တစ်ခါတည်း သချိုင်းဒယား ကသွားမယ်" ဟု ပြန်၍ပြောပြီး "ကျွန်တော့်ဖို့ ပုံကြီးတစ်ပုံလောက်

www.burmeseclassic.com



ချဲ့ပေးပါဗျာ"

ထိုသို့ပြောသည့်စကားမှာ သိန်းဖေ၏ နားထဲသို့ မဝင်ဘဲ ၎င်း၏လက်ထဲရှိ မအေးစိန်ပုံကိုသာ စူးစိုက်၍ကြည့်ကာ မျက်နှာနားကပ်လိုက်၊ ခပ်လှမ်းလှမ်းခွာပြီး ပန်းချီဆရာလို မျက်စိကလေးများ မှေးပြီးကြည့်လိုက်၊ မြှောက်ကြည့်၊ ထောင်ကြည့်၊ စောင်းကြည့်နှင့်နေရင်းက "သျှတြကျမ်းပြုဆရာကာလီ လက်မှိုင်ငေးလို့ ဆေးစုံခြယ် တော့မမှီ" ဟု သီဆို၍ ပုဆိုးစဆွဲပြီး အကဟန် လုပ်လိုက်သောကြောင့် ကျော်ဝင်းက "ကိုယ့်လူကလည်း တစ်ခါတစ်ခါ ရောဂါဖောက်လာတာ တယ်ပြီးဆိုးတာကိုး" ဟုဆိုမှ သိန်းဖေမှာ ကြွနွေ့ဆယ်လိုက်ရလေ၏။

"ကျွန်တော်နဲ့ မသန်းမြင့် နှစ်ယောက်တွဲ ခိုးရိုက်ထားတဲ့ပုံကလေးက သာပြီး ဟန်သေးတယ်"

"ခင်ဗျားတို့ပုံက နိပ်ပါရဲ့၊ ကျွန်တော်တို့ပုံကတော့ အသုံးမကျလိုက်တာဗျာ။ ဖြစ်ချင်သလို ဖြစ်နေတာပဲ။ ငါ သေလိုက်ပါတော့ဟယ် သိန်းဖေရယ်" ဟုဆိုကာ ခုတင်ပေါ်သို့ ကျွမ်းပစ်၍ထိုးလိုက်ရာ ခါးအောင့်၍သွားပြီး မထနိုင်သည်ကို တွေ့ရသောကြောင့် ကျော်ဝင်းမှာ အောင့်သက်သက်ကြီး ပြုံးနေသော သိန်းဖေ၏ မျက်နှာကိုကြည့်ကာ အူနှိပ်၍ ရယ်မိလေ၏။

"ဟား. . . ဟား. . ဟား၊ ကိုယ့်ကိုယ်ကို ကလေးမှတ်နေ ထင်ပါရဲ့"

"နို့. . . ကျွန်တော့်အသက် ဘာရှိသေးသလဲလို့။ အခုမှ ဆယ့်လေးနှစ်ထဲ ဝင်မယ် ကြံကာရှိသေးတယ်"

ကျော်ဝင်းသည် သိန်းဖေကို သဘောကျမိခြင်းဖြင့် "ဩော်. . . ကိုသိန်းဖေ လေး၊ ကိုသိန်းဖေ" ဟုဆိုရာ သိန်းဖေက "ပြန်၍ မသေသေးပါဘူးဗျာ၊ တ,မနေပါနဲ့" ဟုဆိုကာ ထမည်ပြုရာတွင် ခါးဆစ်အောင့်၍နေသောကြောင့် ရှုံ့မဲ့၍သွားသည်ကို တွေ့ရသဖြင့် ကျော်ဝင်းက ခါးကို နှိပ်ပေးရလေ၏။

ထိုအခိုက်တွင် အခန်းဆီသို့ လျှောက်လာသည့် ခြေသံများကို ကြားရသဖြင့် ဓာတ်ပုံများကို ခေါင်းအုံးအောက်သို့ ထိုး၍ဝှက်လိုက်စဉ်ပင် ဘဦး ဝင်ရောက်၍လာကာ မဲ့သလိုလို ပြုံးသလိုလို မျက်နှာထား ဖြစ်နေသော သိန်းဖေကို ကျော်ဝင်း နှိပ်နေသည်ကို တွေ့ရသောကြောင့် "ဟေ့ ဘာဖြစ်နေတာတုံး" ဟု သိန်းဖေအား မေးလေ၏။

"ဟာဗျာ၊ မင်းသားအောင်မောင်းကို သဘောကျလို့ ကျွမ်းပစ်လိုက်တာ၊ တံကောင်းလို့ နတ်ရွာ မစံတယ်"

"ဒါဖြင့် နောက်တစ်ချီလောက် လုပ်စမ်းပါဦး။ ကျွန်တော် မမြင်လိုက်သေးလို့"

"ခင်ဗျား၊ ကျွန်တော့်ကို မုန်းနေတာ ဘယ်လောက်ကြာပြီလဲ။ နောက်ထပ် မလုပ်ပါရစေနဲ့၊ နက်ဖြန်ခါ ကျောင်းပိတ်နေရပါဦးမယ်"

"အို. . . ကိစ္စမရှိပါဘူးဗျာ။ ဆေးရုံမော်တော်ကား ခေါ်ထားလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟုပြောစဉ် အခြားကျောင်းသားများ ဝင်လာကြကာ အခန်းထဲတွင် ရှုပ်ယှက်ခတ်၍ သွားလေ၏။

နောက်တစ်နေ့တွင် သိန်းဖေသည် နံနက်စာစားပြီးသည်နှင့်တစ်ပြိုင်နက် ကျောင်းတက်ရန် ပြင်ဆင်ဝတ်စားကာ ကျော်ဝင်း၏အခန်းသို့ရောက်လာလေ၏။

"ဗျို့. . . ကိုကျော်ဝင်း၊ လာသွားမယ် ကျောင်းကို"

"အလို ကိုသိန်းဖေ၊ တယ်ပြီး ဝီရိယကောင်းလှချည်ကလား၊ ကျောင်းဘယ်မှ ထွက်မပြေးပါဘူး။ ဖြေးဖြေးဆေးဆေးပေါ့"

"ဝီရိယကောင်းမှာပေါ့ဗျာ။ ဓာတ်ပုံပေးရအောင် တွေ့ရဦးမယ်"

"ဓာတ်ပုံတွေ ယူလာသလား"

"ပေးဖို့ရှိတာ၊ ယူလာရမှာပေါ့ဗျ"

"ဒါဖြင့် ခဏနေပါဦးဗျာ။ မပေးခင် အားရပါးရ ကြည့်စမ်းပါရစေ"

"လာဗျာ၊ ဒီမှာ ကြည့်မနေပါနဲ့တော့။ သူများတွေ တွေ့နေပါဦးမယ်။ လိုက်ခဲ့ ဪ"

"ကျွန်တော် လိုက်လို့ ပထမအချိန်မှာ ဘာမှသင်စရာ မရှိဘူး။ ပျင်းစရာကြီး" ဆို၍ သိန်းဖေထံမှ ဓာတ်ပုံများကို တောင်းယူ၍ ကြည့်ပြန်လေ၏။

"ခင်ဗျားတော့ ဒီဓာတ်ပုံနဲ့ ရူးတော့မှာပဲဗျာ"ဟု ပြောသည်ကို ကျော်ဝင်းက ဂရုမစိုက်နိုင်။ "ဟိုအရင် မှတ်ရုံနဲ့ မအေးနိုင်ပါကလား၊ အပျိုစဉ် ဇာတ်ခုံနံဘေးမှာလ၊ ဒိုရှင် ဓာတ်ပုံကလေး အဖေးနဲ့ သူစလာ၊ တူနယ်တဲ့နယ်" ဟု လုပ်နေသောကြောင့် သိန်းဖေမှာ ထိုင်၍စောင့်နေရလေတော့၏။

ထိုအခိုက်တွင် ကုလားသိုက် ဝက်ဝင်သလို ဖြူးဖြူးဖြင်းဖြင်း အသံများနှင့် တကွ "ဓာတ်ပုံတွေကွ၊ ဓာတ်ပုံတွေ။ ဘယ်သူ့ပုံတွေပါလိမ့်" ဟု အော်ဟစ်လျက် ဘဦးတို့ ပြေးဝင်၍လာကာ ကျော်ဝင်း လက်ထဲမှ ဓာတ်ပုံများကို လုကြလေ၏။

ကျော်ဝင်းသည် ခေါင်းလျှိုးရှောင်ရှားကာ ထွက်၍ပြေးသဖြင့် "လိုက်ဟေ့ လိုက်ဟ၊ ပြေးနိုင်မှ လွတ်စေမနော်" ဟု အော်ဟစ်ကာ ဘဦးတို့လူသိုက်နောက်မှ အမှီလိုက်ကြလေ၏။ သိန်းဖေသည် ကျော်ဝင်း လှည့်ပြေးလာမည့်ဘက်သို့ ပြေးသွား၍ စောင့်နေလေ၏။

"လိုက်ဟေ့၊ လိုက်ဟ၊ ဗိုလ်ကျော်ပြေးလို့ ဗိုလ်ဝလိုက်တယ်။ ပူနိမ့်ဗောင်နောင်၊ ၿမွ နောင်ဗိန်နောင် ဟေဟေ" ဟု နောင်ဂျိန်ဆိုင်း ညာသံပေး၍ အပြေးလိုက်ကြစဉ်၊ ကျော်ဝင်းသည် သိန်းဖေအနားသို့ ရောက်သည်နှင့် တစ်ပြိုင်နက် "ရော့ရော့၊ အဲဒါတွေ ယူ၊ ဟိုနှစ်ပုံ ထားခဲ့၊ မသန်းမြင့်တို့မြင်ရင် ချောက်ကျကုန်ဦးမယ်၊ သူတို့ပုံတွေသာ ယူသွား" ဟု ပြောပြောဆိုဆိုပေးပြီး ပြေးလေ၏။ သိန်းဖေလည်း ဓာတ်ပုံများကို အလျင် ယူကာ အင်္ကျီထဲသို့ထည့်ပြီး ကျောင်းပေါ်မှ ဆင်းပြေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာသော ကျောင်းသားအချို့ကား ကျော်ဝင်းနောက်သို့လိုက်၍ အချို့ကား ကျောင်းပေါ်မှဆင်းကာ သိန်းဖေနောက်သို့ လိုက်ကြလေ၏။ သို့ရာတွင် သိန်းဖေသည် သထုံဟောလ်ဘက်သို့ ကူးပြေးပြီ ဖြစ်သောကြောင့် သိန်းဖေနောက်သို့ လိုက်ကြသူများသည် ပုဂံဆောင်ထောင့်နားရှိ ဝင်းတံခါးကလေးအပေါက်ဝတွင်ရပ်၍ ကျန်ရစ်ခဲ့ကြလေတော့၏။

သိန်းဖေမှာ နောက်ကလူများ လိုက်၍မလာတော့သည်ကို တွေ့ရသည့်တိုင်အောင် စိတ်မချနိုင်ဘဲ ဘုရင့်ဘဏ္ဍာတော်ကို ထိန်းသိမ်းယူဆောင်လာရသည့်အလား တထိတ်ထိတ်နှင့်ပင် ခြေလျင်သုတ်၍ ကျောင်းသို့တန်းဆောင့်၍သွားလေ၏။

ကျောင်းသို့ရောက်ရာ၌ မိန်းကလေးများအခန်းနားတွင် မအေးစိန်တို့ကို မတွေ့ရသဖြင့် ကျောင်းပေါ်သို့ တက်သွား၍ ရှာဖွေရာ အတန်ကြာမှ စာဖတ်ခန်းမှ မသန်းမြင့်နှင့် မအေးစိန်တို့ လျှောက်လာကြသည်ကို တွေ့ရလေ၏။

"ဟော. . . အဆင်သင့်ပဲ၊ ကိုသိန်းဖေကို တွေ့နေပြီ၊ ဓာတ်ပုံတွေ ပါလား" ဟု မအေးစိန်က မေးလေ၏။

"ပါ,ပါတယ်ဗျာ။ လမ်းမှာ ဓာတ်ပုံဝိုင်းလုကြမယ်လုပ်ကြလို့ ပြေးလာခဲ့ရတယ်" ဟု ပြောရင်း ဓာတ်ပုံများကို ထုတ်ပေးလေ၏။

သို့ပေးစဉ် မသန်းမြင့်က "မအေးစိန် လူများတွေ မြင်ကုန်မယ်၊ ဟောဒီအခန်းထဲဝင်ပြီး ကြည့်ရအောင်" ဟု ပြောသဖြင့် မအေးစိန်လည်း သဘောတူပြီး အခန်းလွတ်တစ်ခုထဲသို့ ဝင်သွားကြလေ၏။ သိန်းဖေသည် ၎င်းတို့နောက်မှလိုက်၍ ဝင်မည်အပြုတွင် ကျောင်းပေါ်သို့ ကမန်းကတန်း တက်၍လာသော ကျော်ဝင်းကို ခပ်လှမ်းလှမ်းတွင် မြင်ရသောကြောင့် အခန်းထဲသို့ မဝင်မိဘဲ ရပ်၍နေမိလေ၏။

ကျော်ဝင်းသည် အ,အစကားပြောသလိုအသွင် လက်ရပ်၍ခေါ်ရင်း ရောက်၍လာသည်ကို တွေ့သဖြင့် သိန်းဖေမှာ ကျော်ဝင်းကို ပြေး၍တွေ့ရလေ၏။

"ဟေ့လူ၊ အူယားဖားယား ဘာဖြစ်လာတာတုံး"

"ဓာတ်ပုံတွေ မှားပေးလိုက်လို့၊ ပြေးပြီးလိုက်လာရတယ်" ဟု ပြောလိုက်ရာ သိန်းဖေမှာ "ဟိုက်" ကနဲ အသံထွက်ပြီး မျက်လုံးပြူး၍သွားလေ၏။ ထိုသို့ သိန်းဖေ မျက်လုံးပြူး၍သွားသည်ကို မျက်မှန်အကွင်းကြီးထဲတွင် ရယ်စရာကောင်းအောင် တွေ့မြင်နေရသဖြင့် ကျော်ဝင်းက "အမယ်. . . ကိုယ့်လူက သူ့ရဲလည်း ခြောက်ပြတတ်သားပဲ၊ ကြောက်စရာကြီး" ဟု နောက်လိုက်သော်လည်း သိန်းဖေ၏အမူအရာမှာ မပျက်ဘဲနေသောကြောင့် "ဘာဖြစ်လို့တုံး" ဟု မေးလေ၏။

"ဘာလို့ရမှာလဲ၊ သူတို့ကို အခုပဲ ဓာတ်ပုံတွေ ပေးလိုက်ပြီ"

"ဟင်. . . အဲဒါမှ ချောက်ကျတာပဲဗျို့"

"ခက်တာပဲဗျာ၊ ဘယ်ပုံတွေများ ပေးလိုက်ပါလိမ့်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



“သူတို့တစ်ယောက်စီ ရိုက်ထားတဲ့ ပုံနှစ်ပုံနဲ့ ခင်ဗျားနဲ့ မအေးစိန်ကို ကျွန်တော် ခိုးရိုက်ထားတဲ့ပုံ”

“ဒါဖြင့် ခင်ဗျားပုံတော့ မပါဘူးပေါ့”

“မပါဘူး”

“ဟိုက် . . . ဒုက္ခပဲ၊ ကျွန်တော်တစ်ယောက်တည်း ချောက်ကျတာပဲ”

ကျော်ဝင်းမှာ ရယ်လိုက်ရတော့မည်လော၊ အတူတူပင် ဝမ်းနည်းလိုက်ရမည်လော တွေးတောဆုံးဖြတ်၍မရသကဲ့သို့ ကြောင်စီစီကြီးဖြစ်ပြီး ငေးကြည့်နေမိလေ၏။

“ဘယ်တုန်းက ပေးလိုက်သလဲ”

“အခုပဲ၊ ဟောဟို အခန်းထဲမှာ ဝင်ကြည့်နေကြတယ်”

“ဒါဖြင့်လာ၊ သူတို့ ဘယ်လိုကြည့်နေတယ်ဆိုတာ ချောင်းကြည့်ရအောင်” ဟုဆိုကာ ကျော်ဝင်းက သိန်းဖေအား ဆွဲခေါ်လေ၏။

ပထမတစ်ပုံ ကြည့်ကြရာတွင် မအေးစိန်က မသန်းမြင့်၏ မေးကလေးကို လက်နှင့်ကိုင်၍ မော့်လိုက်ပြီးလျှင် ဓာတ်ပုံနှင့်ယှဉ်၍ကြည့်ကာ ပြုံး၍နေသည်ကို တွေ့ရသောကြောင့် ထိုပုံမှာ မသန်းမြင့်၏ပုံ ဖြစ်သည်ကို သိရှိရလေ၏။ နောက်တစ်ပုံမှာ မအေးစိန် ဖြစ်လေ၏။ မအေးစိန်သည် ပုံကိုကြည့်ကာ နှုတ်ခမ်းကလေးစေ့ပြီး ကြာမှူ ပါပါနှင့် ခေါင်းကို ငုံ့၍ပြလိုက်သောကြောင့် မသန်းမြင့်က ဓာတ်ပုံနှင့် မအေးစိန်၏ မျက်နှာကို လှည့်ကြည့်ပြီး ပြုံးလေ၏။

နောက်တစ်ပုံကို ကြည့်ကြရာတွင် ဘာများပါလိမ့်ဟု စဉ်းစားမရသကဲ့သို့ မျက်မှောင်ကြုတ်ကာ ကြည့်နေပြီးမှ မသန်းမြင့်က ဓာတ်ပုံတွင်ပါသည့် အရုပ်တစ်ရုပ်ကို လက်ညှိုးထောက်ပြ၍ လက်နှစ်ဖက်ကွင်းပြီး မျက်မှန်သဖွယ် မိမိ၏ မျက်စိများကို တပ်ပြပြီးနောက် အခြားရုပ်ပုံကိုထောက်၍ မအေးစိန်၏ကိုယ်ကို လက်ညှိုးထိုးကာ ရယ်လေ၏။ မအေးစိန်မှာမူ မရယ်ဘဲ မျက်မှောင်ကြုတ်ပြီး ကြည့်နေရာက နှုတ်ခမ်းကို ကိုက်ခဲပြီး ဒေါသဖြစ်သော အမူအရာကို ပြလေ၏။

သိန်းဖေမှာ ထိုသို့မြင်ရလျှင် မျက်နှာသေကလေးနှင့် ကျော်ဝင်းကိုကြည့်ကာ ကြောင်စီစီ ဖြစ်နေလေရာ ကျော်ဝင်းသည် သိန်းဖေ၏မျက်နှာထားပုံကိုကြည့်ပြီး ရယ်ချင်လှသောကြောင့် ပါးစပ်ကြီး ဟလိုက်သည်တွင် ဇတ်ကနဲ သိန်းဖေက ကျော်ဝင်း၏ ပါးစပ်ကိုပိတ်ကာ လက်တစ်ဖက်က အခန်းထဲသို့ လက်ညှိုးထိုးလျက် အ,အစကားပြောလေ၏။ ထိုသို့ လုပ်ပြရာမှ ကျော်ဝင်းမှာ သာ၍ရယ်ချင်လာသောကြောင့် ပိတ်ထားသော လက်ချောင်းများအကြားမှ ထွက်လာသောရယ်သံသည် တဗူးဗူး ဖြစ်နေတော့သဖြင့် သိန်းဖေက ကျော်ဝင်း၏ တင်ပါးကို ဒူးနှင့် အသာအယာ တိုက်လိုက်မှ ကျော်ဝင်းတွင် ဣန္ဒြေဆည်နိုင်ပြီး နှစ်ယောက်သား အခန်းထဲသို့ ကြည့်ပြန်လေ၏။ ဤအကြိမ် ကြည့်လိုက်ရာတွင်မူ မအေးစိန်သည် စိတ်ဆိုးသည့်မျက်နှာထားဖြင့် လက်

www.burmeseclassic.com

www.burmeseclassic.com



ထဲရှိ ဓာတ်ပုံကလေးတစ်ခုကို ဖြုဆုတ်နေသည်ကို တွေ့ရသဖြင့် ကျော်ဝင်းက သိန်းဖေအား "ခင်ဗျားကိုတော့ မအေးစိန် တော်တော်ကြိုက်ပုံရတာပဲ" ဟု ပြောလိုက်ရာ သိန်းဖေမှာ မျက်နှာကြီးမဲ့၍သွားလေ၏။

ထိုစဉ်မှာ မအေးစိန်သည် ဒေါသ၊ မောဟဖြင့် အခန်းပြင်သို့ထွက်မည်ပြုနေကာ မသန်းမြင့် ဆွဲထားလျက် ရှိနေသည့် အခင်းကို မြင်ကြရသဖြင့် ကျော်ဝင်းက "ကိုယ့်လူ ကျွန်တော်တို့တော့ တယ်ပြီး ဟန်ပုံမပေါ်ဘူး။ ပြေးကြမှ တော်လိမ့်မယ်ထင်တယ်" ဟု ပြောလေ၏။

"အစစ်ပဲ၊ ကျွန်တော်တို့ကို ရန်တွေ့ရအောင်လား၊ ဆရာကြီးကို တိုင်ရအောင်လား မသိဘူး။ လာဗျို့ လစ်ကြစို့" ဟုဆိုကာ နှစ်ဦးသား နောက်သို့လှည့်ကြည့် လှည့်ကြည့်နှင့် ခပ်သုတ်သုတ် ထွက်သွားကြရင်း အခန်းတွင်းမှ ထွက်လာသော ခြေထောက်ကို စ၍မြင်ကြသည်နှင့်တစ်ပြိုင်နက် သုတ်ခြေတင်ကြကာ ကော်ရစ်ဒါလမ်းချိုးအကွယ်သို့ အမြန်ပြေးဝင်ပြီးလျှင် နီးရာအခန်းထဲသို့ဝင်၍ ပုန်းနေကြလေ၏။

ထိုအခန်းထဲသို့ ရောက်ကြသောအခါတွင် မိမိတို့ ဖြစ်ပျက်ပုံကိုတွေး၍ ငိုအားထက် ရယ်အားသန် ဆိုသလို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အားရပါးရ ရယ်မောပြီးမှ သိန်းဖေက "ကိုကျော်ဝင်း ကျွန်တော့်နှိပ်စက်မယ့်လူတော့ ခင်ဗျား တစ်ယောက်တည်း ရှိနေတော့တာပဲ" ဟု ငိုချင်ပက်ကျိ မချိလျက်နှင့်ပင် ပြုံးရွှင်သော မျက်နှာထားကာ ပြောလေ၏။

ကျော်ဝင်းကား ငိုအားထက် ရယ်အားသန်နေလေ၏။ "အဲဒီလိုလည်း မအောက်မေ့နဲ့ဗျာ။ တမင်ချောက်တွန်းတဲ့အလုပ်မှ မဟုတ်ဘဲနဲ့ဟာပဲ။ ဒါကတော့ ခင်ဗျားလည်း အသိသားနဲ့ဗျာ၊ ဟိုငနဲတွေက ဝိုင်းလုကြလို့ ကျွန်တော်လည်း ပေးမိပေးရာ ပေးလိုက်မိတာပဲဗျ။ ခင်ဗျားက သူတို့ကို ပေးခါနီး ကြည့်မှမကြည့်လိုက်ဘဲကိုးဗျ"

"ကျွန်တော်လည်း အရင်စလိုနဲ့ ပေးလိုက်ရတာကိုးဗျ။ လမ်းမှာကြည့်ဖို့ရာလည်း မြင်တဲ့လူတွေ ဆွဲလုမှာစိုးရသေးတယ်"

"ဒါကတော့ဗျာ၊ ခင်ဗျားက လောကြီးလို့ ဖြစ်ရတာပဲ" ဟု ကျော်ဝင်းက ပြောလိုက်စဉ် သိန်းဖေသည် အခန်းပြင်သို့ လှမ်းကြည့်နေရာ "ဟိုမှာ ဆင်းသွားကြပြီ၊ လာ ဟိုအခန်းထဲ သွားကြည့်ရအောင်" ဟု ဆိုသဖြင့် နှစ်ယောက်သား လျှင်မြန်စွာထကာ မအေးစိန်တို့ ထွက်သွားသော အခန်းဆီသို့ သွားကြ၏။ ထိုအခန်းထဲသို့ ရောက်သောအခါ စားပွဲခြေရင်းတွင် အစိတ်စိတ် အပိုင်းပိုင်း ပြန့်ကြဲလျက် ရှိနေသော ဓာတ်ပုံကား အပိုင်းအစများ တွေ့မြင်ရလေ၏။

"အစစ်ပဲဗျာ၊ ခင်ဗျားတို့နှစ်ယောက် ကျွန်တော် ခိုးပြီးရိုက်ထားတဲ့ပုံပါပဲ" ဟု ကျော်ဝင်းက ပြောသည်ကို သိန်းဖေမှာ နားထဲသို့ မသွင်းမိဘဲ ဓာတ်ပုံအပိုင်းအစများကို တစ်ခုစီကောက်ကာ စားပွဲပေါ်တွင်တင်၍ ဆက်စပ်ကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်လူ လွမ်းမနေစမ်းပါနဲ့။ နောက်ထပ်ပြီး ပုံအသစ်ကူးရင် ရနိုင်ပါတယ်"

"ပုံအသစ်ကူးလို့ရတာ ခင်ဗျားပြောမှ သိရမှာ မဟုတ်ဘူး။ ကျွန်တော်လည်း သိပါတယ်။ နို့ပေမယ့် ဒီနေ့၊ ဒီရက်မှာ မအေးစိန်ဟာ ကျွန်တော့်အပေါ်မှာ ဒီလိုပဲ နှိပါကလားလို့ဆိုတာ အထိမ်းအမှတ် ပြုရအောင်လို့ သိမ်းထားမလို့။ နောက် ကျွန်တော်တို့ ညားကြတဲ့ တစ်နေ့ကျမှ"

"ဟား. . . ဟား. . . ဟား. . . ဟား၊ ဓာတ်ပုံကြီး ဖြုပစ်တာတောင် တစ်နေ့ ညားကြတဲ့အခါလို့ ပြောမှပြောချင်ပလေဗျာ၊ မျှော်လင့်ချက် ရှိသေးတယ်များ ထင်လို့ လား"

"ဒါလောက်လည်း အားမပေးပါနဲ့ဗျာ" ဟု သိန်းဖေက ပြုံးရယ်၍ ပြန်ပြောပြီး လျှင် "ကိုကျော်ဝင်း ခင်ဗျား စဉ်းစားကြည့်လေ၊ ခင်ဗျားကိုယ်တိုင် မသန်းမြင့်နဲ့ ကြိုက် အောင် ဘယ်လောက်ပိုးရသလဲလို့။ လောလောဆယ် ပိုးတိုင်း ကြိုက်ရမှာဖြင့် မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့ မရဆိုတာ ဘယ်သွားထားတော့မလဲလို့" ဟု ဆင်ခြေကန်လေ၏။

"နို့ပေတဲ့ ကျွန်တော်တို့ဟာကတော့ နှစ်ယောက်စလုံးက မေတ္တာရှိနေကြတာ ဗျ၊ ခင်ဗျားတို့ဟာကတော့ ခင်ဗျားတစ်ယောက်တည်းကသာ နင်းကန်ပြီး ကြိုက်နေတာ၊ ရနိုင်ပါ့မလား"

"မဟုတ်ပါဘူး၊ ခင်ဗျားစကားမှာ နင်းကန်ပြီး ကြိုက်နေတယ်ဆိုတော့ ကျွန်တော်က သူ့ကို မရရင် သေရတော့မယ်အတိုင်းပဲ။ ကြိုက်တယ်ဆိုတာက ခင်ဗျား ပါးစပ်က ဖြစ်လာတာပါ။ ခင်ဗျားက မြှောက်ထိုးပင့်ကော်လုပ်နေတာ မဟုတ်လားလို့။ ကျွန်တော်ကလည်း သူ့ကို ချစ်တာနဲ့ ပတ်သက်ပြီး ဘယ်လိုမှ မစ,ရသေးပါဘူး"

"ခင်ဗျား တကယ့်ကို မကြိုက်ဘူးလား"

"ဟဲ. . . ဟဲ နည်းနည်းတော့ ကြိုက်တာပေါ့ကွာ" ဟု ပါးစပ်တွင် လက်ညှိုးထိုး ၍ကိုက်ကာ ခေါင်းကို ဟိုဘက်ငဲ့လိုက် ဒီဘက်ငဲ့လိုက်နှင့် ကြာပေးသလို လုပ်လိုက်သော ကြောင့် ကျော်ဝင်းမှာ ပြုံးမိလေ၏။

"အခုနေတော့ ခင်ဗျား ပိုးလို့လည်း မရတော့ဘူးဗျ"

"ဒီလို မပြောစမ်းပါနဲ့ဗျာ၊ ကုသနဲ့ ပပဝတီတို့၊ ကုသကို ပပဝတီက ဘယ် လောက်များ မုန်းလိုက်သလဲလို့၊ နောက်တော့ ပပထူမှထမယ်. . . ထမယ်ဆိုတာလို ဖြစ်လာတာပဲ မဟုတ်လားလို့" ဟု ပြောဆိုရာတွင် သိန်းဖေ၏စိတ်တွင် တစ်မျိုးတစ်မည် ဖြစ်၍လာပြန်ကာ ထိုစကားကို ဖြတ်လိုက်သဖြင့် စားပွဲပေါ်ရှိ ဓာတ်ပုံကလေးများကို စုယူ၍ စာအုပ်ကြားတွင် ညှပ်ပြီးလျှင်" ကိုကျော်ဝင်း၊ ခင်ဗျား သိပ်ဆိုးတဲ့လူပဲဗျ။ ပိုး မယ်လို့မှ မကြံရသေးဘူး၊ ခင်ဗျား လုပ်တာနဲ့ နတ်ကတော် မထွက်ခင်က ဇာတ်စင်ပြိုကျ တာ အောင့်သက်သက် ခံရတာပဲဗျာ" ဟု ဆိုသည်ကိုပင် ကျော်ဝင်းမှာ ရယ်ချင်စိတ် မကုန်နိုင်အောင် ရှိနေသေးပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ဟူး. . . ဟူး. . . ဗျ၊ ဟဟ၊ ဟီးဟီး ကျွန်. . ကျွန်တော် မှားနေမှန်းသိလို့ ပြန်ပြီးလဲရအောင် လိုက်လာတာပဲ၊ ဒီကျမှ ခင်ဗျားက ပေးပြီးပြီဆိုတော့ ငွ. . . ငွ. . . ငွ ကျကုန်တာပေါ့ဗျ" ဟုဆိုကာ ဗိုက်နှိပ်ပြီး ရယ်ရာက အသံပင် မထွက်နိုင်အောင် ရှိနေသောကြောင့် သိန်းဖေမှာလည်း ရယ်ချင်စိတ် ကူးစက်ကာ" ခင်ဗျား လုပ်လိုက်တာ တစ်ခါတည်း ခွက်ခွက်လန်တာပဲ၊ ဟဲ. . . ဟဲ. . . ဟဲ. . . ဟား. . . ဟား. . . အား. . . ဟား. . . ဟား" နှင့် အမျှင်မပြတ် ရယ်မိလေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ညနေကျောင်းဆင်း၍ ပုဂံကျောင်းဆောင်သို့ သိန်းဖေ ပြန်ရောက်ပြီး မကြာမီ ကျော်ဝင်းသည် သိန်းဖေထံသို့ ရောက်၍လာလေ၏။ "ကိုသိန်းဖေ ဘယ့်နှယ်လဲဗျ၊ ခင်ဗျား မြာကြီးနဲ့ ပြန်တွေ့ကြသေးသလား"

"ဘယ် မျက်နှာချင်းဆိုင်ရဲပါတော့မလဲဗျ၊ မတွေ့ရအောင် တမင်ရှောင်နေတာပေါ့"

"တယ် သတ္တိကောင်းပါလား။ တော်တော်လည်း အားကိုးလောက်တဲ့လူပဲ"

"သတ္တိနည်းလို့ မဟုတ်ဘူးဗျ၊ ဒီမျက်နှာမွဲကြီး ဘယ့်နှယ်လုပ်ပြီး ပြလို့ ကောင်းပါ့မလဲ။ နို့ပြီး လူတွေတောထဲ တစ်ခုခု ပြောလိုက်မှဖြင့် အရှက်ကြီးကွဲနေပါဦးမယ်၊ မအေးစိန်ဗျ၊ မပြောရဲဘူး မှတ်လို့လား"

"ခင်ဗျားတော့ ဒါနဲ့ပဲ တစ်သက်လုံးကန်းရော"

"ခင်ဗျားက ဝမ်းသာတယ်ပေါ့လေ" ဟု သိန်းဖေက ခနဲ့လိုက်ရာ၊ ကျော်ဝင်းမှာ ရယ်ချင်သည်ကိုမှ မရယ်ရဲတော့ဘဲ၊ ဂရုဏာသက်သလို မျက်နှာထား ပြောင်းလဲပြကာ "ဝမ်းမသာပါဘူးဗျာ၊ ခင်ဗျားအတွက် ကျွန်တော့်စိတ်ထဲမှာ မခံချိမခံသာ ဖြစ်မိပါသေးတယ်" ဟု ပြောသဖြင့် သိန်းဖေက "ဝမ်းနည်းဖို့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်လည်း ဒါလောက် ဝမ်းမနည်းလှပါဘူး။ တွေ့ခါစတုန်းကတော့ တော်တော် ရှိန်းသွားမိတာပေါ့လေ။ အခုတော့ တွေးပြီး ရယ်ချင်နေတယ်။ ကျွန်တော့်တစ်သက်မှာ ဒီတစ်ခါ ပထမဆုံး အရှက်ကွဲဖူးတာပဲလို့ ဒိုင်ယာရီထဲ ထည့်ပြီးမှတ်လိုက်ရဦးမယ်" ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘဦး သိလို့ရှိရင်၊ ဘယ်လောက်များ ရယ်ချင်လိုက်မလဲလို့။ ခင်ဗျားမို့ဗျာ၊ ကြုံမှ ကြုံတတ်ပလေတယ်"

"ကျွန်တော်က မှားပြီးပေးမိလို့ ဖြစ်ရတာ၊ ဒါလောက်တွေးပြီး မရယ်ချင်ပါဘူး။ ငတိမကြီး ထွက်လာမယ်လုပ်တုန်း နှစ်ယောက်သား သူရဲဘောနည်းနည်းနဲ့ ထွက်ပြေးလာကြတာ ရယ်ချင်တယ်" ဟုဆိုပြီး သိန်းဖေက ရယ်သောကြောင့် ကျော်ဝင်းလည်း တွေးမိပြီး ရယ်ပြန်လေ၏။

ထို့နောက် နှစ်ယောက်စလုံး အခန်းထဲမှ ထွက်ကြပြီးလျှင် ဘဦး၏အခန်းသို့သွားကြရာ အခန်းတံခါး ပိတ်နေသည်ကို တွေ့ကြရလေ၏။

"ငနဲကြီး မြို့ထဲ လစ်ပြေးပြီ ထင်တယ်၊ အသိတောင် မပေးဘူး"

"ဘာအသိပေးမလဲဗျာ၊ မိမိတို့အိမ် သွားမှာပေါ့။ မနေ့က ကျွန်တော်တို့ တင်းနစ်သွားပြီး ရိုက်ကြကတည်းက စွဲနေတာ။ ဟိုကလည်း ခေတ်ဆန်ဆန်ဆိုတော့၊ သာပြီး ကျနေတာပေါ့"

"အင်း. . . ကျွန်တော်တော့ ချောက်ကျပြီးပြီ၊ သူတော့ ဘယ်နေ့ ချောက်ကျမလဲ မသိဘူး"

"ခင်ဗျား ချောက်ကျတာနဲ့ သူလည်း ချောက်ကျရတော့မလားဗျ။ ဒီလိုမဟုတ်သေးပါဘူး။ ကျွန်တော့်အထင်မှာတော့ သူတို့နှစ်ယောက် ခပ်မြန်မြန် ငြိကြလိမ့်မယ် ထင်တာပဲ။ ပြီးတော့ သူတို့နှစ်ယောက်တွဲပြီး ဒီနှစ် တန်းနမင့်ဝင်လိမ့်မယ်ဆိုတော့ သာပြီးငြိဖို့ပဲ"

"ကဲ. . . ဒါကို ထားဦး၊ ခင်ဗျား ဘုတ်ကလပ်ဘက် သွားဦးမလား"

"ကနေ့သွားလည်း အလကားပဲ၊ ဘယ်သူမှ မရှိဘူး"

"ဒါဖြင့် လမ်းလျှောက်ကြရအောင်၊ ပြန်မှ ရေချိုးကြစို့" ဟု သိန်းဖေက အကြံပေးလိုက်သဖြင့် ကျော်ဝင်းလည်း သဘောတူကာ မကြာမီပင် လမ်းလျှောက်ရန် ထွက်လာခဲ့ကြလေ၏။

"ဘယ်သွားမလဲ"

"ကုက္ကိုင်းဘက် သွားမယ်ဗျာ၊ ကန်ဘက်ကိုသွားရင် နောက်ပိုးဂိုဏ်းထဲ အသွင်းခံနေရဦးမယ်။ ဒါတင်မကသေးဘူး၊ ကိုယ့်မြာကြီးနဲ့တွေ့ရင် ချောက်ပဲ"

သို့နှင့် ယူနီဗာစီတီအဲဗင်းနယူး လမ်းကြီးတစ်လျှောက် အရှေ့သို့ တည့်တည့်ကြီး လျှောက်၍လာကြရာ မမျှော်လင့်သောအရာကို တွေ့နေကြရလေ၏။ အကြောင်းမူကား ဘူးသီးကြော်ဆိုင်တစ်ဆိုင်မှ ထွက်လာကြသော မသန်းမြင့်နှင့် မအေးစိန်တို့ကို တွေ့နေကြရခြင်း ဖြစ်ပေ၏။ မအေးစိန်ကိုမြင်လျှင် သိန်းဖေမှာ ထူပူ၍သွားကာ ထွက်ပြေးချင်လှပေတော့၏။ သို့ရာတွင် နောက်သို့ပြန်၍ လှည့်ရန်သော်လည်းကောင်း၊ လမ်းကြားကလေးထဲသို့ ဝင်၍သွားရန်သော်လည်းကောင်း၊ ထိုသို့သွားရန်မှာ မိမိအား

www.burmeseclassic.com

www.burmeseclassic.com



မသန်းမြင့်တို့ မြင်သွားကြပြီ ဖြစ်သဖြင့် မည်သို့မျှ မလှည့်သာ မရှောင်သာ ဖြစ်နေလေတော့၏။

"ကိုယ့်လူတော့ ချောက်ပဲ" ဟု ကျော်ဝင်းကပြောကာ သိန်းဖေဘက်သို့ လှည့်လိုက်ရာ ဖျာလောင်ခတ်နေသော သိန်းဖေ၏မျက်နှာပြင်ကိုမြင်လျှင် ကျော်ဝင်းတွင် အသံမထွက်အောင် ရယ်မိလေ၏။

"ခုမှတော့ မထူးဘူး၊ မျက်နှာပြောင်တိုက်ရတော့မှာပဲ။ နို့ပေတဲ့ စကားတော့ ကြာကြာပြောမနေနဲ့ဗျာ။ ကျွန်တော် မျက်နှာပူလှတယ်။ နို့ပြီး ဓာတ်ပုံအကြောင်းနဲ့ စကားစ,လို့ ဘိတ်ဘိတ်သား မပြောပါနဲ့ တောင်းပန်ပါရစေ"

ထိုသို့ပြောဆိုရင်း ဘူးသီးကြော်များကို စက္ကူအိတ်နှင့်ထည့်၍ ဆွဲယူလာကြသော မသန်းမြင့်တို့ကို မျက်နှာချင်းဆိုင်မိကြလေ၏။ ကျော်ဝင်းသည် ၎င်းတို့အား ပြုံး၍နှုတ်ဆက်လေ၏။ ထို့နောက် သိန်းဖေကလည်း မသန်းမြင့်ကို ဦးစွာပြုံးပြနှုတ်ဆက်ပြီး မအေးစိန်အားလည်း နှုတ်ဆက်ရန် မအေးစိန်ဘက်သို့ လှည့်ရာတွင် မအေးစိန်က သိန်းဖေ မျက်နှာလှည့်လာသည်ကို သိသည်နှင့်တစ်ပြိုင်နက် မျက်နှာလွှဲသွားပြီးနောက် ကျော်ဝင်းကို ပြုံး၍နှုတ်ဆက်ကာ သိန်းဖေကို မကြည့်ဘဲနေလေရာ၊ သိန်းဖေမှာ မိမိပြုံးထားသောမျက်နှာကို အဘယ်ကဲ့သို့ ပြုလုပ်ပစ်ရမည်ဟု မကြံတတ်အောင် ဖြစ်သွားလေ၏။

ထို့နောက် "ဘူးသီးကြော် စားကြပါဦးလား" ဟု မသန်းမြင့် ပြောသံကို ကြားရမှ သိန်းဖေသည် မိမိမျက်နှာကို လှည့်စရာနေရာရကာ မသန်းမြင့်ကိုကြည့်ပြီး "တော်ပါပြီ၊ ကျေးဇူးကြီးလှပါတယ်၊ ပြောတာနဲ့ပဲ ဝနေပါပြီ" ဟု ပြောလိုက်လေ၏။ ကျော်ဝင်းမှာမူ ဗိုလ်သံဖြင့် "နိုး သင့်စ်" ဟု ပြောလေ၏။

"ဘယ်သွားကြမလို့လဲ" ဟု မအေးစိန်က မေးပြန်ရာ၊ သိန်းဖေ အဖြေပေးလျှင် ဟန်မကျရှိသည်ကိုသိ၍ ကျော်ဝင်းက ကြိုတင်၍ ရှေ့ကဖြတ်ပြီး "လမ်းလျှောက်မလို့ပါပဲ" ဟု ပြောလိုက်သဖြင့် သိန်းဖေက မအေးစိန်ကို မဖြေတော့ဘဲ၊ မသန်းမြင့်ဘက်သို့ လှည့်ကာ "ဆရာဝန်က စာသိပ်ပြီးမကြည့်ရဘူးတဲ့၊ မျက်စိမှုန်သွားရင် အိုင်စီအက်ဝင်ခွင့်မရမှာစိုးလို့ ညနေတိုင်း အနည်းဆုံး လေးမိုင် လျှောက်ရမယ်ဆိုလို့ လမ်းလျှောက်ကြမလို့" ဟု ပြောလိုက်ရာ ထိုအသံကို ကြားရလျှင် မအေးစိန်က မသိမသာ နှာခေါင်းရှုံ့လေ၏။

"ကဲ. . ဒါဖြင့် လျှောက်ကြဦးလေ၊ ကျွန်မတို့နဲ့ စကားပြောနေတာနဲ့ လမ်းလျှောက်ချိန် နောက်ကျလို့ အိုင်စီအက် မဝင်ရဘဲနေပါဦးမယ်" ဟု မသန်းမြင့်က ပြုံးရယ်ပြောလိုက်မှ ကျော်ဝင်းက "ဆိုးလောင်း" ဟု နှုတ်ဆက်၍ ထွက်ခဲ့ကြလေ၏။

ခွဲခွာ၍သွားကြပြီးမှ မအေးစိန်က နောက်သို့လှည့်ကြည့်လိုက်ရာ သိန်းဖေလည်း လှည့်ကြည့်သည်နှင့် ဆုံမိသောကြောင့် ဖြတ်ခနဲ မျက်နှာကိုပြန်၍ လှည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်ကို သိန်းဖေတွေ့၍ ကျေနပ်သွားကာ ကျော်ဝင်းအား တံတောင်နှင့်တွက်၍ သိန်းဖေတို့က "ဒီလိုပါဗျ" ဟု ကြွားလေ၏။

သို့ရာတွင် မအေးစိန်က မသန်းမြင့်အား "သူ့မျက်နှာကို ကြည့်ရတာကိုက မေတ္တာမရှိစရာကောင်းလိုက်တာ" ဟု ပြောသောစကားကို သိန်းဖေ ကြားရပါမူ အင်းလျားကန်ထဲသို့ အမြန်ပြေးပြီး ငါးကြိမ်လောက် ခုန်ဆင်း၍ သေလိုက်ချင်မည် ဖြစ်ပေ၏။

သိန်းဖေသည် နောက်သို့ လည်ပြန် လှည့်ကြည့် လှည့်ကြည့်နှင့် လိုက်လာရာ ကျော်ဝင်းက "ကိုယ့်လူ ရှေ့ကိုလည်း ကြည့်ပါဦး၊ ခလုတ်တိုက်ပြီး လဲမှာထက် အကြော ကိုင်ပြီး ဇက်ပြန်လည်လိမ်ကြီး ဖြစ်နေပါဦးမယ်" ဟုဆိုမှ ဖြောင့်ဖြောင့်တန်းတန်း ရှေ့သို့ကြည့်၍ လိုက်ခဲ့လေတော့၏။

"ခင်ဗျားက ကျွန်တော့်ကိုတော့ စကားများများမပြောနဲ့လို့ပြောပြီး ခင်ဗျားက တော့ စကားကြောရှည်လိုက်သေးတယ်။ ခင်ဗျားတော့ မအေးစိန်က တော်တော် မေတ္တာရှိပုံရတယ်။ ကြည့်တောင် မကြည့်ဘူး"

"အဲဒါ ဖူးစာဗျ၊ ဖူးစာ"

"ဆေးစွမ်းကောင်းကလေးများ ရှိသလား မပြောတတ်ဘူး"

"ရှိပြီလားဗျ၊ ဆေးနည်းကော ယူဦးမလား"

"တော်ပါပြီဗျာ၊ ခင်ဗျားဆေးနည်း သိပါပြီ။ ရေနံချေးနဲ့ ဒုတ္ထာ မဟုတ်လား"

"မဟုတ်ဘူး။ ဖယောင်းချက်နဲ့ ပတ်ပိုး"

"ဖြူးဆေးကလေးကော မပါဘူးလား" ဟု ကျော်ဝင်းက ပြန်ပြောကာ နှစ်ဦး သား သဘောကျ၍ ရယ်ကြလေ၏။

ထိုသို့ ဆက်လက်၍ လျှောက်ခဲ့ကြပြီးနောက်၊ ကုက္ကိုင်းလမ်းနှင့် ဘောင်ဒရီ လမ်းထောင့်သို့ ရောက်ကြပြီးမှ ပြန်လှည့်ကြရာတွင် ဘတ်စ်ကားတစ်စီးကျော်တက်၍ သွားသည်ကို လှမ်း၍ကြည့်လိုက်ရာ ကားထဲမှ ဘဦး ခေါင်းပြူ၍ထွက်ကာ မိမိတို့အား လက်ပြသွားသည်ကို တွေ့ရလေ၏။

"ကဲ. . . ကြည့်ပါလား၊ တင်းနစ်ရက်ကက်နဲ့ ဘာနဲ့၊ ကျွန်တော်ပြောတဲ့ အတိုင်းပါဘဲ။ မိမိတို့အိမ် သွားတာပါ"

"ဟုတ်မှာပါပဲ၊ အခုမှ နတ်ပြည် ခွေးလမ်း သိနေတယ်" ဟု သိန်းဖေက ပြောလိုက်သောကြောင့် ကျော်ဝင်းမှာ ထိုစကားကို သဘောကျပြီး အားရပါးရ ရယ်မော ကာ " ခင်ဗျားကတော့ဖြင့် သူများကို ချိုးချိုးဖဲ့ဖဲ့ ပြောရမယ်ဆိုရင် နှစ်ယောက်မရှိဘူး။ ခင်ဗျား သူ့လိုမှ မစွံတဲ့လူ။ အလကား ဘာအသုံးကျသလဲ" ဟု ပြောလေ၏။

"တော်ပါဗျာ၊ ဒီစကားပြောတိုင်း သတိရပြီး ခင်ဗျားကိုသာ စိတ်ဆိုးချင်တာပဲ"

"အမိုက်အမဲလေးပါဗျာ၊ ဗွေမယူပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com


သို့နှင့်ပင် ပြန်၍လာခဲ့ကြရာ မီးထွန်းချိန်လောက်တွင် မိမိတို့ကျောင်းဆောင်သို့ ပြန်၍ရောက်လာကြလေ၏။

ဘဦးသည် ရေချိုးပြီး၍ အဝတ်အစားလဲထားကာ ကျော်ဝင်းတို့ကိုပင် စောင့်၍နေသည်ကို တွေ့ရလေ၏။

"ဘယ့်နှယ်လဲ ကိုဘဦး နိပ်ကဲ့လား"

"အခုတော့ ဘယ်ပြောနိုင်ပါဦးမလဲဗျာ၊ ရှိပေတဲ့ ကျွန်တော်တို့တော့ အတော်ပဲ အလွမ်းသင့်နေတာပဲ"

ကျော်ဝင်းက ဆက်၍ "ဟား. . . ဟား. . ခင်ဗျားကို ပြောပြရဦးမယ်၊ ကိုသိန်းဖေအကြောင်း မကြားရသေးဘူး မဟုတ်လား" ဟု မေးလေ၏။

"ဆိုစမ်းပါဦး၊ မကြားရသေးဘူး"

"အလကားပါဗျာ၊ တကယ်မဟုတ်ပါဘူး။ ကိုကျော်ဝင်းက နောက်မလို့ပါ" ဟု သိန်းဖေက ဟန့်တားသော်လည်း ကျော်ဝင်းက "ဘာလဲဗျ၊ ခင်ဗျားအကြောင်းတွေ ပေါ်ကုန်မှာစိုးလို့ ပိတ်တာလား" ဟု ဆိုလိုက်သဖြင့် သိန်းဖေမှာ ငြိမ်နေလိုက်ရလေ၏။

"ကိုသိန်းဖေက မအေးစိန်ကို အတော်သဘောကျနေတာဗျ၊ ပြောပြရဦးမယ်" ဟု အစချီကာ ဖြစ်ပျက်ပုံကို ပြောပြသည့်အဆုံးတွင် ဘဦးမှာ ရယ်၍မဆုံးနိုင်ဘဲ၊ အိပ်ရာပေါ်တွင် အူနှိပ်၍ လူးလှိမ့်နေတော့၏။

သိန်းဖေက ဘဦးကိုကြည့်၍ "ဟယ်. . . ဟာ. . ဟော ဘယ့်နှယ်၊ လုပ်ကြပါဦး၊ ကိုဘဦး ဝက်ရူးပြန်နေတယ်" ဟု ဆိုလိုက်သဖြင့် ဘဦးက "ဘာလဲဗျ၊ ခင်ဗျားက အနာပေါ် တုတ်ကျလို့ သူများကို ဒီလိုပြောတာလား။ အလကား ဆန်ပြုတ်ကြီး မရှက်ဘူးလား" ဟု ပြန်၍ပြောပြီး ကျယ်လောင်စွာ "ဆန်ပြုတ်ကြီးဟေ့၊ ကိုသိန်းဖေ ဆန်ပြုတ်ကြီး" ဟု အော် သောကြောင့် သိန်းဖေမှာ ထိုအခန်းထဲတွင် မနေနိုင်တော့ဘဲ "တယ် အပေါက်ဆိုးမှုတ်တဲ့ လူတွေပဲဗျ၊ မကောင်းပါဘူး" ဟုဆို၍ အခန်းထဲမှ ထွက်သွားမည် အပြုတွင်-

ကျော်ဝင်းက "ဟေ့လူ ရှိန်းပြီးပြေးတော့မလား" ဟုမေးသည်ကို "မဟုတ်ပါဘူးဗျာ၊ ရေချိုးမလို့ပါ" ဟု စကားလျော့ချ၍ ထွက်သွားသဖြင့် ဘဦးနှင့် ကျော်ဝင်းတို့မှာ ရယ်မောရင်း ကျန်ရစ်ကြလေ၏။

သိန်းဖေသည်ကား ကျော်ဝင်း၏ လှုံ့ဆွပေးခြင်းကြောင့် မအေးစိန်အပေါ်တွင် မေတ္တာရှိချင်သလိုလို ဖြစ်ခဲ့ရာမှ အမှားမှားအယွင်းယွင်း ဖြစ်မိခြင်းကိုစွအတွက် စိတ်ထဲတွင် မခံချိမခံသာ ဖြစ်ရသော်လည်း ဝမ်းနည်းခြင်းဆိုသည်မှာ မည်ကဲ့သို့နေသည်ကို မွေးကတည်းကပင် ကောင်းစွာနားမလည်ခဲ့သူ ဖြစ်သည့်အပြင် မအေးစိန်အပေါ်တွင် စွဲစွဲလန်းလန်းကြီး မဖြစ်မိသေးသည့်အလျောက် ထိုသို့ဖြစ်ရသည်ကိုပင် ရယ်ချင်သလိုလိုဖြစ်မိကာ ထိုအကြောင်းကို တွေးမိတိုင်း ကြိတ်၍ပြုံးမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် မအေးစိန်ကမူ သိန်းဖေအပေါ်တွင် ထိုသို့မဖြစ်စလောက်သော ကိစ္စလေးနှင့်ပင် ခံပြင်းခြင်းဖြစ်မိကာ အလိုလိုနေရင်း သိန်းဖေအပေါ်၌ မေတ္တာမဲ့နေလေ၏။

မသန်းမြင့်မှာမူ မအေးစိန်ပြောသောစကားများကို ကြားရတိုင်း ရယ်ချင်မိသည့်အားလျော်စွာ "မဟုတ်ပါဘူး မအေးစိန်ရဲ့၊ သူ့ခမျာ သနားပါတယ်။ ဘာဖြစ်လို့ သူ့အပေါ် ဒါလောက်တောင် မြင်ပြင်းကပ်ရတာလဲလို့" ဟု မေးလေ၏။

"ဟာ. . . ကျွန်မဖြင့် သူနဲ့ကို မျက်နှာကြောမတည့်ဘူး။ ဘဝကအဆက်ပဲ ထင်ပါ ရဲ့။ သူ့မျက်နှာကြည့်ရတာကိုက ကျောက်ကျောရေပတ်တိုက်သလို ပြောင်ချော်ချော်နဲ့ နေရာတကာ မျက်မှန်ကြီးတကားကား၊ မျက်နှာက စပ်ဖြီးဖြီးနဲ့ ကြည့်လို့ကို မရဘူး"

"သူ့ခမျာ မျက်စိအားမကောင်းလို့ မျက်မှန်တပ်ရတာပဲ။ ရှေးကဝဋ်မကင်းလို့ ဖြစ်ရတာ။ မအေးစိန်ထပ်ပြီး အမြင်ကပ်မှဖြင့် သနားစရာကောင်းပါတယ်။ နို့ပေတဲ့ လည်း ရုပ်ရည်ကလေးကတော့ အတော်သားပဲ"

"ချောပါတယ်၊ ဂေါ်ရင်ချီချော ချောတာပဲ။ ဒီချောတာနဲ့ ကျွန်မ ဘာလုပ်ရမှာတဲ့တုံး"

"ဘာလုပ်ရမယ်လို့လည်း မဆိုလိုပါဘူး။ မုန်းစရာကောင်းလောက်အောင် မဟုတ်လို့ ပြောတာပါ။ မအေးစိန်ဓာတ်ပုံကလေး ရိုက်ယူတာနဲ့ ဒါလောက်တောင် စိတ်ကောက်ဖို့လည်း မရှိပါဘူး"

"ဓာတ်ပုံရိုက်လို့ချည်းသက်သက် မဟုတ်ပါဘူး။ လူများဟာ သူ့အကြောင်းနဲ့ သူပဲ။ တစ်ခါမှ မတွေ့ဘူး၊ မမြင်ဘူး၊ မသိခဲ့ပေမယ့်၊ စ,ပြီးမြင်လိုက်ရင်ပဲ အလိုလိုနေရင်း မေတ္တာမရှိချင် မရှိတတ်တာတွေပြည့်လို့ ဆိုတာတွေ မသန်းမြင့်လည်း အသိသားပဲ။ နောက်ပြီးတော့ ဓာတ်ပုံကို ခိုးရိုက်တာလည်း ကောင်းတဲ့သဘောမဟုတ်ဘူး။ ဒီဓာတ်ပုံနဲ့ပဲ ကျွန်မနဲ့ သူဘာလိုလိုလုပ်ပြီး ကျောင်းသားတွေကို ပြဦးမယ်၊ ဒီကမှတစ်ဆင့် တစ်ဆင့် စကားတွေပြန့်ပြီး အထင်လွဲခံရရင် ကောင်းပါတော့မလားလို့။ ကျောင်းသား ဆိုရင် ဒါမျိုးချည့်ပဲ"

"ဒီလိုတော့ မပြောပါနဲ့ မအေးစိန်ရယ်၊ ကိုသိန်းဖေတစ်ယောက်ကိုမုန်းလို့ ပြောချင် ပြောတော့၊ ကျောင်းသားတွေဆိုတော့ ကျွန်မ ကိုကျော်ဝင်းပါတာ မခံနိုင်ဘူး" ဟု ပြောင်သလိုလိုပြောမှ မအေးစိန်တွင် သိန်းဖေအကြောင်းကို စကားဖြတ်ကာ မသန်းမြင့် ပြန်၍ချော့နေရလေ၏။

သိန်းဖေမူကား မိမိအပေါ်၌ မအေးစိန်က မုန်းချင်မုန်းစေကာမူ ပူပင်ချင်စိတ် မရှိလှသော်လည်း ၎င်းအား နောက်ပြောင်လိုသောသဘောဖြင့် ပြက်ရယ်ပြုသည်ဟု အထင်မခံလိုသောစိတ်ကြောင့် ကျေအေးအောင် ကြံစည်ရန်ကို စဉ်းစား[illegible] အကြံ

www.burmeseclassic.com

www.burmeseclassic.com

ထုတ်၍ ကျော်ဝင်းကို တိုင်ပင်မိလေ၏။

သို့တိုင်ပင်ကြသည့်အတိုင်း ကျော်ဝင်းက မသန်းမြင့်နှင့်လှည့်၍ကြံမည်ဟု နှလုံးပြုမိ၍ တစ်နေ့တွင် မသန်းမြင့်နှင့် စကားပြောဆိုရာမှ မသန်းမြင့်က "ကိုသိန်းဖေ တစ်ယောက်ကိုတော့ဖြင့် မအေးစိန်က အတော်ပဲ စိတ်ဆိုးနေတယ်" ဟု စကားစ,လိုက်သည်ကို တွေ့ရသောကြောင့် ပြောဖို့အချက် ပေါ်လာလေ၏။

"အဲဒါနဲ့ပတ်သက်ပြီး မအေးစိန်ကို ပြောလိုက်ပါဦး၊ ကိုသိန်းဖေကို စိတ်ဆိုးဖို့ မရှိပါဘူးလို့ ကိုကျော်ဝင်း ကင်မရာကို ကိုင်ပြုကြည့်နေတုန်း သူတို့ရှေ့ကိုရောက်လာတာနဲ့ ခလုတ်ကိုမှားပြီး နှိပ်လိုက်တာနဲ့ အဆင်သင့်သွားလို့" ဟု မအေးစိန်အားပြောရန် စကားများကို ကျော်ဝင်းက မသန်းမြင့်အား မှာပြီးလျှင် " ဒီပုံဟာ မတော်တဆ ရိုက်မိတာပါ၊ သေသေချာချာ ရိုက်ရင် ဒီလိုလည်းနေမှာ မဟုတ်ပါဘူး။ နို့ပြီး ကိုသိန်းဖေက ရိုက်တာမဟုတ်လို့ ဓာတ်ပုံထဲ သူပါနေတာပေါ့" ဟု ရှင်းလင်းပြောပြလေ၏။

"ဒါနဲ့တောင် ဒီပုံကို ကူးယူရသေးသလား"

"ဩော်၊ ကူးကြည့်တာကတော့ တခြားကြောင့်မဟုတ်ပါဘူး၊ နက်ဂတစ်မှာ တုန်းက ဘယ်ပုံရိုက်ထားမှန်းမသိလို့ ကူးကြည့်တာပါ၊ ကူးပြီးတော့မှ ဒီလိုမှန်းသိတာနဲ့ ဖျက်ဆီးပစ်မလို့ပါပဲ။ သူငယ်ချင်းတွေ နောက်ကြတာနဲ့ ကမန်းကတန်း အိတ်ထဲထည့်ယူသွားပြီး ပေးလိုက်မိတာပါ။ တကယ်လို့ ခိုးကြောင်ခိုးဝှက် ရိုက်ကူးပြီးထားတာဖြစ်ရင် တမင်ပြပါ့မလားလို့ ဆိုတာလည်း စဉ်းစားကြည့်ဦးမှပေါ့။ ကိုသိန်းဖေကလည်း ဒီအကြောင်းသိပြီး သူ့အပေါ်မှာ မအေးစိန်က စိတ်ဆိုးနေတာသိလို့ စိတ်မကောင်းရှာပါဘူး။ ကိုသိန်းဖေဟာ လူကောင်းပါ၊ အင်မတန် ပျော်တတ်တာ"

"မအေးစိန်လည်း ပျော်တတ်နောက်တတ်တာပဲ။ ဒီလို စိတ်တူသဘောတူတွေ ဖြစ်ကြရဲ့သားနဲ့ အလိုလိုနေရင်း မျက်နှာကြောမတည့်တာ အံ့ဩစရာကောင်းတာပဲ" ဟု မသန်းမြင့်က ပြောပြကာ "ကောင်းပါပြီ၊ ကျွန်မ မအေးစိန်ကို ပြောပြလိုက်ပါ့မယ်။ ကိုသိန်းဖေကိုလည်း စိတ်မကောင်းမဖြစ်ပါနဲ့လို့ ပြန်ပြီးပြောလိုက်ပါ" ဟု မသန်းမြင့်က ဝန်ခံလိုက်သောကြောင့် ကျော်ဝင်းတွင် စိတ်ကျေနပ်ကာ သိန်းဖေထံ ပြန်လာလေ၏။

သို့ပြန်လာရာတွင် မှိုင်နေသော သိန်းဖေကို တွေ့ရမည်လားဟု အောက်မေ့မိခဲ့သော်လည်း သိန်းဖေ၏ အခန်းသို့ရောက်သောအခါ တရုံးရုံး တအုံးအုံး ဖြစ်နေကြသည်ကို တွေ့ရ၍ ဘာမျှမပြောသေးဘဲ သိန်းဖေ လုပ်ပုံတွေကို ကြည့်နေလေ၏။

သိန်းဖေသည် အဘယ်က ရှာဖွေယူခဲ့သည် မသိရသော ၄ ကောင် ဂျင်စယောင်းပုဆိုးကားကြီးကို အခန်းအလယ်တွင် ဖြန့်ခင်းကာ ဂျင်လှဲ့၍ ဒိုင်လုပ်နေသည်ကို တွေ့ရလေ၏။ ကျောင်းသားများလည်း ဝိုင်း၍ထိုးကြလေ၏။

"ထိုးကြ၊ ထိုးကြ၊ ရပ်ကီလို့ အီမြတ် မရှိဘူး။ ထိုးကီရင် အကိုးစီလယ်၊

www.burmeseclassic.com

ထောင်ကဲ ပြည်ကီးကလာတာ မိကြာသေးဘူး။ ပိုက်ဆံကောင်းကောင်း စိလယ်၊ ထိုးကြ"

"ကဲ. . . ကဲ၊ အတိတ်ပေးဦးမှပေ့ါဗျ"

"နားထောင်၊ တွံတေးစင်းဘော တာဝဆိုက်၊ မြာကလိုက်တော့ ဟိလူဟိလူ"

"ဟော့. . . တွန်တယ်ကွ ကြက်ထိုး၊ မဟုတ်ဘူးကွ သဘော်ာဆိုက်ဆိုတာ ရေထဲမှာ နေတာ၊ ဖားကိုထိုး။ ဖားမဟုတ်ဘူးကွ၊ ငါးရှဥ့်" စသည်ဖြင့် ဆူညံစွာ အတိတ်ကောက်ကြလေ၏။

"လက်ရှောင်၊ ပေါက်ကောင် ဖွင့်ပြီ၊ စူဝက်ကွ" ဟု ဆို၍ သိန်းဖေ ပိုက်ဆံတွေ သိမ်းလေသည်။

ရှုံးသူတစ်စုက "တွံတေးသဘော်ာနဲ့ဝက်နဲ့ ဘာဆိုင်သလဲဗျ။ အတိတ်မှန်မှန် ပေးမှပေ့ါ။ မဆိုင်တာ မလုပ်နဲ့" ဟု ဆိုသဖြင့် သိန်းဖေကထ၍ "ဒါတော့ မဆီလေးရယ် တဲ့ အိုမဆိုင် အိုမဆိုင်၊ ပန်းမွှေယာ ရွှေကော်ဇော ရောန္ဒောလို့ထိုင်" ဟုဆိုကာ ဖင်ထိုင်၍ချလိုက်သောကြောင့် တအုံးအုံး ဖြစ်သွားကြသေ၏။

ထိုအခိုက်တွင် "ရှို. . ရှို. . . ရှို" ဟု ဝှစ်စီလ်မှုတ်ကာ ပြေးလာကြသော ပုလိပ်ဖိနပ်သံများကို ကြားရ၍ ဝရုန်းဝရင်းဖြစ်ကာ ကစားစရာများနှင့် ပိုက်ဆံများကို ကမန်းကတန်း သိမ်းကြစဉ် ယူတီစီ တက္ကသိုလ် စစ်တပ်ဝတ်စုံနှင့် ဝင်လာကြသော ဘဦး၊ ဘတိုးနှင့် စံလွင်တို့ ရောက်လာကြမှ လန့်ဖျပ်၍ပြေးလာသူတစ်စုတို့က ၎င်းတို့ ခေါင်းပေါ်မှ ဦးထုပ်များကို အလုအယက် ဆွဲချွတ်ကြလေ၏။ ကစားဝိုင်းမှာလည်း တစ်ခါတည်း ပျက်သွားပြီဖြစ်၍ ရှုံးနေသူများက "သိပ်ရှုပ်တဲ့လူတွေဗျာ၊ နောက်စရာ ရှားလွန်း လို့" ဟု ပြောဆိုညည်းညူရင်း တစ်ယောက်စီ ထွက်ကြလေ၏။

ထို့နောက် အခန်းထဲတွင် သိန်းဖေ၊ ဘဦးနှင့် ကျော်ဝင်းတို့ ကျန်ရစ်ခဲ့ကြရာ တွင် ကျော်ဝင်းက သိန်းဖေကိုကြည့်၍ ပြုံးရယ်ကာ"ခင်ဗျား တစ်ယောက်တော့ ကျွန်တော်ဖြင့် သိပ်ပြီးအံ့ဩတာပဲ၊ မအေးစိန်နဲ့ ဘုကျနေကြလို့ လွမ်းဆွေးပြီး မှိုင်နေ မလား အောက်မေ့မိပါတယ်၊ လက်စသတ်တော့ ဘသားချောက ကလပ်ဖွင့်နေတာကိုး ဗျ" ဟု ပြောလေ၏။

သိန်းဖေက ပြုံးပြီးလျှင် "လွမ်းတာတစ်ခြား ကစားတာတစ်ခြားပဲဗျ။ မိန်းမက စိတ်ဆိုးတာနဲ့ ငနဲက လွမ်းနေရမယ်ဆိုလို့ တော်ရှော့လားဗျာ။ လွမ်းနေကော ဟိုက စိတ်ဆိုးပြေမတဲ့လားလို့၊ မဆိုင်လိုက်တာ။ အခုမလွမ်းဘဲနဲ့ လေးကောင်ဂျင်ဒိုင်ဖွင့်လိုက် တော့ အမြတ်တောင်ရသေးတယ်" ဟု ပြန်၍ပြောကာ အိတ်ထဲက ပိုက်ဆံများကို လှုပ်၍ပြလေ၏။

"ခင်ဗျားကတော့ဖြင့် ဘာမှမသိဘူး၊ ကျွန်တော်ဖြင့် ခင်ဗျားအတွက် ကြံပိုက် ရတာ။ မသန်းမြင့်နဲ့ ခုပဲတွေ့ပြီး ရှင်းလိုက်ရသေးတယ်။ သူကလည်း မအေးစိန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျေးရာ ကျေကြောင်း ပြောပြပ့်ါမယ်တဲ့"

"အော်. . . ဒီလိုလား။ အမလေး ဒီလိုဆိုရင် ကျေးဇူးတင်လိုက်တာ နောင်ကြီးရာ။ ခင်ဗျားကို ကျေးဇူးဆပ်ရအောင် လက်ဖက်ရည်ဆိုင်ခေါ်ပြီး ရေနွေးပူနဲ့ ပက်လွှတ်ပါရစေ"

"တော်ပါ အဇာတသတ်မျိုးရဲ့" ဟု ကျော်ဝင်းက ပြောလိုက်သဖြင့် ဘဦးက ဟက်ဟက်ပက်ပက် ရယ်မောကာ "အလို လက်စသတ်တော့ ကိုသိန်းဖေမှာ ခမည်းတော်တွေ များလှချည်လား" ဟု ဆိုလေ၏။

"ခင်ဗျားတို့နှစ်ယောက် သာသနာဖျက်တဲ့ လူတွေပဲဗျာ၊ မကောင်းပါဘူး၊ အမေတော့ မထိခိုက်ပါနဲ့။ လူချင်းချစ်ရင် နှမပေးတာ ခံချင်သေးတယ်"

"ကျွန်တော့်မှာ နှမမရှိလို့ မခံချင်ဘူး ဆရာ။ ကိုဘဦးကတော့ နာလိမ့်မယ်"

"လာဗျာ. . . ကိုကျော်ဝင်း၊ ခွေးရူးနဲ့ဖက်ကိုက်ရင် ခွေးကောင်း နားရွက်ပြတ်ခံရလိမ့်မယ်။ ဟင် ငါ့ဟာတွေလည်း လွဲကုန်ပါပကောလား။ အကုန်လုံး ခွေးဖြစ်ကုန်ပြီ"

"နို့ပေတဲ့ ကိုသိန်းဖေက ခွေးရူး၊ ကျွန်တော်တို့က ခွေးကောင်းမို့ တော်ပါသေးရဲ့" ဟုပြောပြီး ဘဦးက ကျော်ဝင်းကိုဆွဲ၍ အခန်းထဲမှ ခပ်သုတ်သုတ် ထွက်ပြေးလေ၏။

ဘဦးအခန်းသို့ ရောက်ကြသောအခါ ဘဦးက " ကိုကျော်ဝင်း၊ ကျွန်တော် ခင်ဗျားကို တိုင်ပင်စရာတစ်ခု ရှိနေတယ်ဗျ။ ကိုသိန်းဖေလည်း မသိစေချင်ဘူး။ ဒါကြောင့် ဆွဲခေါ်လာတာ" ဟု ပြောပြီးလျှင် "တံခါးကို ဆွဲပြီးပိတ်လိုက်စမ်းပါဦး၊ တော်တော်ကြာ ကိုသိန်းဖေ ဝင်လာပြီး ရှုပ်နေဦးမယ်" ဟု ဆိုသောကြောင့် ကျော်ဝင်း အနီးရှိ တံခါးကို ဆွဲပိတ်လိုက်လေ၏။

ဘဦးသည် ကုတင်ပေါ်၌ ထိုင်ပြီးနောက် ကျော်ဝင်းအား ကုလားထိုင်ကို ညွှန်ပြကာ "ကုလားထိုင်ဆွဲပြီး ဒီအနားယူထိုင်စမ်းပါဦး" ဟု ပြောလေ၏။

ကျော်ဝင်းသည် ကုလားထိုင်လက်ကိုင်ကို နောက်ပြန်ကိုင်ကာဆွဲယူ၍ ဘဦး အနားတွင်ကပ်၍ထိုင်ပြီးလျှင် "ဆိုစမ်းပါဦး၊ ဘာများ အထူးအထွေ တိုင်ပင်စရာ ရှိပြန်လို့တုန်း" ဟု မေးလေ၏။

"ခင်ဗျား သိတဲ့အတိုင်းပေါ့ဗျာ၊ ဘာအထူးပြောနေစရာလိုသလဲ၊ မိမိ အကြောင်းပေါ့ဗျ"

"အင်း. . . ဒါတော့ သိပါပြီ။ တိုင်ပင်ချင်တာက ဘယ်လိုတုန်းဗျ"

"ဘယ်လိုမှ မတုန်းပါဘူး။ ပြောချင်တဲ့အကြောင်းကတော့ မိမိ့ကို ကြည့်ရတာ ဟန်ပုံပဲ။ ကျွန်တော် ကြံရင်တော့ နေရာကျလိမ့်မယ်ထင်တာပဲ။ ပြောပုံဆိုပုံ၊ ကျွန်တော့် အပေါ်မှာ ဂရုစိုက်ပုံ၊ မျက်နှာအမူအရာထားပုံတွေက မဆွတ်ခင်က ညွတ်နေပြီဆိုတာနဲ့ မခြားပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"နို့ပေမယ့် ခင်ဗျား စဉ်းစားဖို့တစ်ခုရှိတယ်။ မိမိဟာ တစ်ခြားမိန်းကလေးလို မဟုတ်ဘူး။ ဗိုလ်စိတ်ဝင်နေတဲ့ဟာကလေးဆိုတော့ ယောကျ်ားကလေးတွေပေမယ့် ရဲရဲတင်းတင်း၊ ဖော်ဖော်ရွေရွေ။ လွတ်လွတ်လပ်လပ် နေတတ်တာကို အထင်လွဲမိပြီး ကိုယ့်ကြိုက်တယ်ထင်လို့ အပိုးမှားမိမှာလည်း စိုးရသေးတယ်။ ဒီလိုဆိုရင် သူက ရိုးရိုးတန်းတန်း ခင်မင်နေတာကို ကိုယ်က ဖောက်လွဲဖောက်ပြန် လုပ်မိလို့ တစ်သက်လုံး ကန်းမှာစိုးရသေးတယ်"

"ဒါကို တိုင်ပင်ချင်တယ်လို့ ပြောတာပေါ့ဗျ"

"ဒါဖြင့်ရင်လည်း ခင်ဗျားတို့ ဘယ်လိုအခြေအနေ ရောက်နေကြတယ်ဆိုတာ ပြောဦးမှပေါ့။ ခင်ဗျားက တစ်ယောက်တည်းချည်း ကြိတ်ပြီးသွားနေတာကိုးဗျ"

"ပြောပြရင်တော့ ကုန်မှာမဟုတ်ဘူး၊ တိုတိုပြောရရင် သူကတော့ ကျွန်တော့်ကို စ,နေတာ အမှန်ပဲ။ ကျွန်တော်က မတုန်မလှုပ် လုပ်လိုက်ရင် မဟာလပ်ကြီးလွဲတော့မှာပဲ"

"ခင်ဗျားစိတ်ထဲမှာ သူ့အပေါ် စွဲငြိနေပြီလား"

ဘဦးက ရှက်ပြုံးပြုံးကာ "ဆိုပါတော့လေ။ သူ့အပေါ်မှာ မကျဘဲနဲ့တော့ လျှာအညောင်းခံပြီး ဒီစကားပြောနေပါ့မလား။ အမှန်ပြောရရင်တော့ သူကြိုက်ကြိုက်၊ မကြိုက်ကြိုက်ဗျာ၊ ကျွန်တော်ကတော့ ကြိုက်နေပြီပဲဗျာ" ဟု ပြောပြလေရာ-

"ဩော် ဒီလိုကိုးဗျ"

"ဟဲ. . ဟဲ၊ ဗျာဒိတ်တော်မြတ်အတိုင်းပါပဲ"

"ဒီလိုဆိုရင်လည်း ကြံလဗျာ။ ကြိုက်,မကြိုက် သိရတာပေါ့။ မကြိုက်ရင်လည်း အသာလျှိုပြီး နေလိုက်ရုံပေါ့။ ကြိုက်ရင်လည်း အေးတာပဲ"

"အဲဒါကြောင့် ခင်ဗျားကို သမီးရည်းစားလျှောက်လွှာကလေး တစ်စောင်လောက် ရေးပေးပါလို့ အသနားခံမလို့ပါ"

"ကိုယ့်စာကိုယ်ရေးရင် သာပြီးမကောင်းဘူးလား၊ ကိုယ့်စိတ်ထဲရှိတာ ဖွင့်ချလိုက်ရတာ ပိုပြီး အရသာရှိတာပေါ့"

"ခင်ဗျားကတော့ ရေးနေကျမို့ ခိုင်းတာပါ"

"ကိုသိန်းဖေ အရေးခိုင်းပါလားဗျ။ သူလည်း စာအရေးအသားတော်တော်လေး ဝါသနာပါတဲ့လူပဲ"

"သူ့တော့ မလုပ်ပါနဲ့ဗျာ။ ခင်ဗျားကို ရေးပေးတဲ့ နမောတဿမေတ္တာစာထက် ကဲနေပါဦးမယ်။ အင်မတန်ရှုပ်တဲ့လူ။ နို့ပြီးတော့ ဒါတွေသူသိရင် ဝိုင်ယာလက်ထက် ဆိုးလိမ့်မယ်။ သူဝင်ပြီးရှုပ်မှုဖြင့် ငါးပါးမှောက်မှာ သေချာတယ်" ဟု ဘဦးက ပြော၍ မဆုံးသေးမီ အခန်းတံခါးကို တခေါက်ခေါက်ခေါက်သံနှင့် "ဗျို့ ကိုကျော်ဝင်း ဖွင့်ပါဦး" ဟူသော သိန်းဖေ၏အသံကို ကြားရသဖြင့် ဘဦးက "သေခဲဦးမယ့်လူပဲ၊ သူ့

www.burmeseclassic.com



အကြောင်းပြောလို့မှ မဆုံးသေးဘူး။ တိတ်တိတ်နေဗျ၊ ပြန်မထူးနဲ့" ဟု တိုးတိုးပြောလေ၏။

"ကိုကျော်ဝင်း ဒီမှာဗျ။ ခင်ဗျားကို ဧည့်သည်တစ်ယောက် တွေ့ချင်လို့တဲ့" ဟု ပြောသံကြားရသောကြောင့် ကျော်ဝင်းမှာ မြုံမနေသာဘဲ အခန်းဆီးလိုက်ကာကို မ,၍ ကြည့်လေ၏။

"ဘယ်မှာလဲ ဧည့်သည်"

သိန်းဖေက မိမိအခန်းဘက်သို့ လက်ညှိုးထိုးပြကာ "စောင့်နေတယ်ဗျ" ဟု ဆိုသဖြင့် ကျော်ဝင်းမှာထွက်ရန် တံခါးကိုဖွင့်လိုက်ရာ ကျော်ဝင်းမထွက်မီ သိန်းဖေက အခန်းထဲသို့ လျင်မြန်စွာဝင်ပြီး ကျော်ဝင်းကိုလည်း အခန်းထဲသို့ ပြန်၍တွန်းကာ "ဒီမှာလေ ဧည့်သည်" မိမိကိုယ်ကို လက်ညှိုးထိုးပြလေ၏။

ဘဦးက "ဘာရှုပ်ရအောင် လာပြန်တာလဲဗျ" ဟု ဆိုလေ၏။

"ကိုကျော်ဝင်းကို မေးစရာလေးတစ်ခု ရှိလို့ပါ။ သူတော့ သိလိမ့်မယ်ထင်တာပဲ" ဟုဆိုပြီး ကျော်ဝင်းဘက်သို့လှည့်ကာ. . .

"အိုင်ဆေး ကိုကျော်ဝင်း၊ စကားမစပ် မေးပါရစေဗျာ။ မြတ်စွာဘုရားဟာ ရေနံချောင်းသား ဆိုပါကလား" ဟု ဆိုလေ၏။

"နေပါဦး၊ ခင်ဗျား အရူးထလာပြန်ပလား။ အရင်ဆေးကို ကျပ်ကျပ်ဖိစားပါလို့ ပြောနေသားနဲ့"

"ဟား. . . ဟား ခင်ဗျား ဘယ်ကကြားလာလို့တုံး"

"ခင်ဗျားတို့ ရေနံချောင်းသားအချင်းချင်းပဲ မသိဘူးလား၊ စာထဲမှာ တွေ့ရတယ်။ ဘဂဝါ မြတ်စွာဘုရားသည် ယေနယေနံချောင်းလို့ ဆိုတယ် မဟုတ်လား"

"ဟား. . ဟား. . ဟား. . ဟား. . . ကြံကြံဖန်ဖန်ဗျာ၊ ခင်ဗျားကို မိုးကြိုးပစ်ခုနေဦးမယ်"

"အဲဒါကို လူတစ်ယောက်က ယောဘဂဝါ၊ မြတ်စွာဘုရားဟာ ယောလူမျိုးလို့ ငြင်းနေတယ်" ဟု ထပ်၍ပြောနေသောကြောင့် ဘဦးက "သွားစမ်းဗျာ၊ မြန်မာစာဖျက်ဆီးမယ့်လူ တွေ့နေပြန်ပါပြီ" ဟု ပြောပြောဆိုဆို အခန်းထဲမှ တွန်း၍ထုတ်သောကြောင့် သိန်းဖေလည်း မိမိ၏ပြက်လုံးကို တစ်ကိုယ်တည်း သဘောကျရယ်မောကာ အပြင်သို့ ရောက်သွားလေတော့၏။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

မသန်းမြင့်လည်း မအေးစိန်အား ကျော်ဝင်းပြောသည့်အတိုင်း အကျိုးအကြောင်း ရှင်းလင်းပြောပြရာ မအေးစိန်သည် ဦးစွာမယုံဘဲရှိနေပြီး မသန်းမြင့်က ထပ်မံ၍ အတည်ပြောမှ ဟုတ်သလိုလို ရှိသွားလေသည်။

"တကယ်မှ ဟုတ်ရဲ့လား မသန်းမြင့်ရဲ့။ မသန်းမြင့်က ကျွန်မနဲ့ ကိုသိန်းဖေကို သဘောတူနေပြန်ပြီထင်တယ်"

မသန်းမြင့်က ပြုံးရယ်လိုက်ပြီးမှ "တကယ်ပါ။ ကိုကျော်ဝင်းက ဒီလိုကိုပြောပါတယ်။ မအေးစိန်ကို ကိုသိန်းဖေနဲ့ သဘောတူလို့ ပြောတယ်ထင်ရင် ထင်တာပေါ့လေ။ တကယ်ဖြစ်လို့ရှိရင်ကော မတူစရာဘာရှိသလဲ။ အသွင်မတူ အိမ်သူမဖြစ်ဆိုတဲ့စကားအရှိသားပဲ မဟုတ်လား။ ဟိုကလဲ ရှတ်တတ်၊ နောက်တတ်ပါဘိသနဲ့ မအေးစိန်လိုပဲ"

"ဒီဇိုးကွက်မျက်ပြူ အကန်းကြီးကိုလား။ ကျွန်မက မေတ္တာရှိလိမ့်မှာ။ ပြောတာတောင်လွန်လှပြီ"

"အလို. . . သူများသားသမီး ချိုးချိုးဖဲ့ဖဲ့ ပြောလိုက်တာ မအေးစိန်ရယ်။ ကိုယ်မေတ္တာမရှိလည်း နေနိုင်ပါတယ်။ သူ့ခမျာ မျက်မှန်တပ်ထားလို့ အရုပ်ဆိုးတယ် ထင်ရတာပါ။ အပြင် မချောပေမယ့် အတွင်းသဘောက ဒူးရင်းသီးလိုပါပဲ"

"ခွဲကြည့်တော့ အပုပ်ကြီး ဖြစ်နေတဲ့ ဒူးရင်းသီးမျိုးပဲ" ဟု မအေးစိန်က စူ၍ပြောလိုက်သဖြင့် မသန်းမြင့်မှာ " အဟက် ဟက်. . ဟက်" ဟူသောအသံဖြင့် ရယ်မိလေတော့၏။

"မအေးစိန် သူ့အပေါ်မှာ ဒါလောက် မေတ္တာပျက်လောက်အောင် မုန်းသလား"

www.burmeseclassic.com

www.burmeseclassic.com

"မုန်းလို့ မဟုတ်ပါဘူး၊ သူ့အပေါ်မှာ မေတ္တာမရှိနိုင်တာ ပြောတာပါ"

"မေတ္တာမရှိတာက ထားပါတော့၊ ဒါက ကျွန်မ တမင်ရယ်စရာပြောတာပါ။ ကိုသိန်းဖေအပေါ်မှာ ကျေပါတော့"

"ကျေပါတယ်ရှင်၊ ကျေပါတယ်" ဟု ပြောလိုက်သည့်အတိုင်း မသန်းမြင့်သည် ထိုစကားကို ကျော်ဝင်းနှင့် တွေ့သောအခါ ပြောပြသည်တွင် ကျော်ဝင်းမှာ သိန်းဖေအတွက် ဝမ်းမြောက်မိလေ၏။

သို့နှင့် သိန်းဖေအခန်းသို့ပြန်၍ သိန်းဖေနှင့်တွေ့ပြီး အကျိုးအကြောင်းပြောကြရာ ထိုစကားကို ကြားရလျှင် သိန်းဖေသည် တစ်ခါတည်း အူမြူးပြီးလျှင် "သိန်းဖေကွ" ဟု အော်ဟစ်ကာ ထ၍ခုန်မိရာက ကုတင်ပေါ်တွင် ကျွမ်းပစ်၍ထိုးမည်ပြုပြီးမှ ဟိုတစ်နေ့က ခါးအောင့်သွားသည်ကို သတိရကာ မွေ့ရာတွင် ခေါင်းစိုက်၍ ဖင်ဗူးတောင်းထောင်လျက် ချာလပတ်လှည့်၍နေသည်ကိုကြည့်ပြီး ကျော်ဝင်းမှာ ရယ်၍နေလေတော့၏။

သိန်းဖေလည်း ချာလပတ်လှည့်၍ အတော်မောမှ ဖင်ချ၍ထိုင်ကာ ပါးစပ်အပြသားနှင့် ရယ်ပြီးနေသည်ကို ကျော်ဝင်းက "ရူးလည်းရူးတဲ့လူ" ဟု ဩဘာပေးလေ၏။

"မေတ္တာဗျို၊ မေတ္တာ။ လောကမှာ မေတ္တာရဲ့တန်ဖိုးဟာ အင်မတန်ကြီးတာ။ မအေးစိန် ဘယ်လိုပဲ စိတ်ဆိုးနေသော်လည်း ကျွန်တော်က မေတ္တာထားတော့ ပြေရတာပဲ မဟုတ်လား။ နောင်ကို ကြိုက်တောင်ကြိုက်ဦးမယ်။ မေတ္တာသတ္တော အနန္တောတဲ့။ အခုလို ချမ်းတဲ့ ဆောင်းရာသီမှာ စောင်ဖြူစောင်ကြားခြုံလို့ မလုံဘူး"

"မေတ္တာခြုံမှ လုံတာလား"

"မဟုတ်ဘူး၊ ဝီစကီအရက်ကလေးခြုံမှ လုံတယ်"

ထိုအခိုက် ဘဦး ဝင်၍လာကာ "ဗျို့. . . ကိုကျော်ဝင်း လာပါဦးဗျာ၊ အရေးကြီးတဲ့ ကိစ္စကလေးတစ်ခုရှိလို့" ဟု ခေါ်သည်ကို သိန်းဖေက "ဘာများ ဒါလောက်အရေးကြီးတာတုန်း။ အပေါင်လက်မှတ် ဆုံးခါနီးလို့လား" ဟု နောက်လိုက်သောကြောင့် ဘဦးက "ဒီအရူးဟာ တစ်နေ့တခြား ဆိုးလာပြီ၊ တံတားလေးကို ပို့ရခါနီးပြီ" ဟု ပြန်ပြောရင်း ကျော်ဝင်းကို ဆွဲခေါ်သွားလေ၏။

ထိုသို့ခေါ်ပြီး လျှောက်လာကြရင်း ဘဦးက ကျော်ဝင်းအား "ဘယ့်နှယ်လဲ၊ တွန်တော် ပြောတဲ့စာ ပြီးပလား" ဟု မေးလေ၏။

"ပြီးတာ ကြာလှပြီ။ ခင်ဗျားကို ရှာလို့မတွေ့တာနဲ့ မပေးရဘူး။ လာ ကျွန်တော့်အခန်းလိုက်ခဲ့" ဟုဆို၍ ကျော်ဝင်းက မိမိအခန်းသို့ ခေါ်သွားပြီးလျှင် အခန်းထဲသို့ ရောက်ကြပြီးနောက် သိန်းဖေ၏ရန်ကိုကြောက်ရ၍ တံခါးကိုပိတ်ပြီးမှ မိမိရေးထားသောစာကို ဘဦးအားပြလေ၏။

www.burmeseclassic.com

ဘဦးသည် ကြည်လင်သောမျက်လုံးများဖြင့် စာကို စူးစိုက်ဖတ်ရှုပြီးနောက် "အိုင် ရှားလဗက်၊ ဒါမှိုးမှပေါ့၊ နေရာကျသဗျ၊ သိပ်နေရာကျတာပဲ။ ကျေးဇူးတင်လိုက်တာ။ ခင်ဗျား စာနဲ့တင် ပြည့်စုံနေပြီ။ အချောကူးဖို့တောင် မလိုဘူး၊ စာကလေးကလည်းကောင်း၊ လက်ရေးကလည်း လှ၊ ဘုရားဖြစ်မယ့် အုတ်ခဲကြီး။ မောင်မင်းကြီးသားသူတစ်ပါးအကျိုးဆောင်တဲ့အတွက် ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ ဘုန်းကြီးပါစေ၊ သက်ရှည်နဲ့ ညားပါစေဗျာ" ဟု ဆုပေးလေ၏။

"ကဲ၊ ကိုယ့်လူ ကျေနပ်ပလား"

"ဘိုးတချား၊ ဘဲဒီးဂွတ်။ အများကီး စာဘောကျတယ်။ ခင်ဗျားစာနဲ့ တစ်ခါတည်းစွဲရင် ညားကြတဲ့တစ်နေ့ကျတော့ အိမ်ဦးခန်းတင်ပြီး နေ့တိုင်းဆွမ်းတော်တင်မယ်"

"မလုပ်ပါနဲ့ဗျာ၊ မပြောကောင်းပြောကောင်း နူနေပါဦးမယ်"

"ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်ထားမယ်လို့ ပြောတာပါ။ ကဲ. . . ကဲ ဒီစာကို ဘယ်လိုပေးရမလဲ"

"ကိုယ်တိုင် ပေးတာပေါ့ဗျာ"

"ဟာ. . . ဒီလိုလုပ်လို့ ကောင်းမယ် မထင်ဘူး။ တယ်ပြီး မျက်နှာပူတဲ့ အလုပ်ဗျ"

"ဒါဖြင့် ရှေ့မျက်နှာ နောက်ထားပြီး ကျောခိုင်းပေးပါလား။ ဆဲလွှတ်လို့ ပြေးရရင်လည်း လှဲ့နေဖို့ အချိန်မကုန်ဘူး"

"ဒါထက် စာတိုက်က ထည့်ပြီးပေးရရင် မကောင်းဘူးလား"

"ကောင်းတော့ ကောင်းပါရဲ့။ ပန်းရောင်စာအိတ်ကိုဏ်းက ဖောက်ကြည့်နေပါဦးမယ်"

"အိမ်ကို ပို့တာပေါ့၊ ဘယ့်နှယ်တုန်း။ သဘောတူရဲ့လား"

"ကောင်းသားပဲ၊ ကဲ၊ ဒါဖြင့် စာတိုက်အချိန်မီကလေး ပြေးလိုက်ဦးမယ်" ဟု ဆိုပြီးလျှင် စာကလေးကိုယူ၍ မိမိ၏အခန်းသို့ ပြေးလေ၏။

ဘဦး ထွက်သွား၍ မကြာမီ ကျော်ဝင်း၏အခန်းသို့ သိန်းဖေရောက်၍လာလေ၏။

"ကိုဘဦးကောဗျ"

"သူ့အခန်း ပြန်သွားပြီ"

"ဘယ့်နှယ်တုန်းဗျ၊ သူနဲ့ မိမိ ဟန်ကျပြီလား"

"ဘယ်သိမလဲဗျ၊ သူ့မေးပါလား"

"ကွယ်မနေစမ်းပါနဲ့ဗျာ၊ ကျွန်တော့်ကိုတောင် ဖုံးနေဦးမလား။ ခင်ဗျား ကြိုးဆွဲကြိုးကိုင်လုပ်နေတာ ကျွန်တော် သိပါတယ်။ ခင်ဗျာ့ပါးစပ်ဟလိုက်ရုံနဲ့ အူမမှာ ဌန်းကြီးတန်းလန်းနဲ့ ချဉ်ပေါင်ဟင်းခွက်ထဲ စိုက်နေတာ မြင်ရပါတယ်ဗျာ။ မညာပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် အသိသားနဲ့လဲ မေးနေရသေးသလား"

"သေချာအောင်လို့ပေါ့"

"ဘာမှတော့ သေချာအောင် လုပ်စရာမရှိဘူး။ အခုမှ စာပေးမယ်ကြံကာရှိသေးတယ်"

"ဒါဖြင့် ဒီလူ တယ်ပြီးမိုက်တဲ့လူပဲ။ စာရေးတဲ့အခါ ကျွန်တော်တို့လို ပညာရှိထံ ကိုးကွယ်ဆည်းကပ်ကောင်းတယ်ဆိုတာ မသိဘူးလား။ သူ့အခန်း သွားလိုက်ဦးမယ်"

"ဟေ့လူ. . . သွားပြီးမနှောက်ပါနဲ့ဗျာ။ သူ့ခမျာ နဂိုကမှ ခင်ဗျားကိုကြောက်လို့ ပြတောင် မပြရဲရှာပါဘူး" ဟု တားလိုက်မှ သိန်းဖေက ရယ်မောကာ "ဟား. . . ဟား သိန်းဖေတို့များ တယ်ပြီး တန်ခိုးကြီးနေပါလား။ ကြောက်လွန်းလို့ မော်ပြီး မကြည့်ရဲကြဘူး" ဟု ဆိုလေ၏။

"ခင်ဗျားကို မော်ပြီးကြည့်နိုင်ပါ့မလား။ ခင်ဗျားအရပ်က ပုနေတာကိုးဗျ"

သိန်းဖေက သဘောကျ၍ ရယ်မိလေ၏။

ထိုအခိုက်တွင် လက်ဖက်ရည်သောက်ရန် ခေါင်းလောင်းထိုးသဖြင့် သိန်းဖေက "ဟ. . . နေရာကျလိုက်တာ။ ဆာဆာနဲ့ အဆင်သင့်ပဲ" ဟု ပြောပြောဆိုဆို ထ,၍ပြေးကာ လက်ဖက်ရည်ခန်းသို့ အရင်ဦးဆုံး ရောက်လေ၏။

သိန်းဖေသည် လက်ဖက်ရည် ကမန်းကတန်း သောက်ပြီးလျှင် ကျော်ဝင်း ရောက်၍မလာမီ လက်ဖက်ရည်ခန်းထဲမှထွက်၍ ဘဦး၏အခန်းဆီသို့ သွားလေ၏။ ထိုသို့သွားရင်း ဘဦးနှင့် ကျော်ဝင်းတို့နှစ်ယောက် အတူတူလျှောက်လာကြသည်ကို တွေ့ရသဖြင့် ၎င်းတို့နှင့် မတွေ့ရအောင် အခန်းတစ်ခန်းထဲသို့ဝင်ပြီး ထိုအခန်းထဲရှိ ကျောင်းသားနှင့် စကားရောဖောရော ဟန်လုပ်၍နေလေ၏။

ထို့နောက် ကျော်ဝင်းတို့အခန်းရှေ့က ဖြတ်သွားကြပြီး လက်ဖက်ရည်အခန်းထဲသို့ ရောက်ကြသောအခါမှ သိန်းဖေသည် ဝင်၍ခိုနေသောအခန်းထဲမှ ထွက်လာပြီးလျှင် ဘဦး၏အခန်းဆီသို့ သွားလေ၏။ ဘဦးသည် ကျော်ဝင်းနှင့် ကမန်းကတန်းထွက်၍လာကာ တံခါးမပိတ်မိခဲ့သောကြောင့် သိန်းဖေ ဝင်ဖို့ရန် ဖွင့်ထားပစ်ခဲ့သလို ရှိနေပေတော့၏။

သိန်းဖေလည်း အခန်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဘဦး၏စားပွဲကို ကြွက်လိုမွှေ၏။ ထိုသို့ ရှာဖွေရင်း အပြာရောင်စာအိတ်ကလေးတစ်ခုထဲတွင် မပိတ်ဘဲ ထည့်ထားသော စာတစ်စောင်ကိုတွေ့၍ ဆွဲယူပြီး ဖတ်ကြည့်ရာ ရည်းစားစာပေးရန် ရေးသားထားသည်ကို တွေ့ရသဖြင့် ပြုံးရွှင်စွာနှင့် ဖတ်နေလေ၏။

ရည်းစားစာတို့မည်သည် ကာယကံရှင်တွင် လွမ်းရဆွေးရသလောက် မဆိုင်သူ ဝင်၍ဖတ်သည့်အခါမှာမူ အလွန်ရယ်ချင်စရာကောင်းသည့်အတိုင်း သိန်းဖေမှာ တတ်ရင်း တခစ်ခစ် ကြိတ်၍ရယ်မိလေ၏။ ထိုအခိုက်တွင် ပြန်လာကြသော ခြေသံများ

www.burmeseclassic.com

ကို ကြားရသဖြင့် သိန်းဖေသည် မွှေနှောက်ထားသောစာများကို အံဆွဲထဲသို့ ပြန်ထည့်ထားပြီးလျှင် ရည်းစားစာကိုလည်း စာအိတ်ထဲတွင် ထည့်ပိတ်ထားပြီး စားပွဲပေါ်တွင် တင်ထားလိုက်ကာ ခုတင်ပေါ်သို့ တက်အိပ်လျှက် ဣန္ဒြေမပျက်နေလေ၏။ ဘဦးတို့ ဝင်လာကြပြီးလျှင် သိန်းဖေကို မြင်ရသည်နှင့် တစ်ပြိုင်နက် ဘဦးက "ဟောဒီမှာ သူခိုး ရောက်နေပြီ၊ ဒီလူကိုရှာမှ ရှာမှ" ဟုဆို၍ သိန်းဖေဆီသို့ ပြေးသွားကာ မထနိုင်အောင် ဖိထားပြီး "ဒီဟာမဟုတ်လားဗျ" ဟု စားပွဲပေါ်မှစာကို ကောက်ယူ၍ပြရင်း ပြောလေ၏။

ဘဦးလည်း သိန်းဖေအား လွှတ်လိုက်ပြီး လှည့်ကြည့်ကာ "ဟုတ်တယ်၊ ဟုတ်တယ်" ဒီလူ မတွေ့သေးလို့ ကံကောင်းတယ်" ဟုဆိုကာ စာကိုလှမ်းယူလိုက်လေ၏။

"အံမယ်၊ ခင်ဗျားရည်းစားစာ ရေးထားတာ တွေ့ရင်လည်း မဖတ်ပါဘူးဗျာ။ ကျွန်တော့်နာမည် မဖျက်ပါနဲ့"

"ဖျက်ဖို့မလိုပါဘူး၊ နဂိုက ဖျက်ပြီးသားပဲ"

"ကိုဘဦး၊ ခင်ဗျား စာရေးပြီးရင်လည်း ထည့်လိုက်ဗျာ။ မေ့ပြီး ဟိုရောက်ဒီရောက် ဖြစ်သွားဦးမယ်"

ဘဦးသည် စာအိပ်ကိုလိပ်တပ်လိုက်ပြီးလျှင် "ကိုကျော်ဝင်း၊ ခင်ဗျားဆီမှာ တံဆိပ်ခေါင်း ရှိသလား" ဟု မေးလေ၏။

"အခန်းထဲမှာရှိတယ်၊ လာ၊ လိုက်ယူလှည့်" ဟုဆိုသဖြင့် ဘဦးက "ကိုသိန်းဖေ၊ ခင်ဗျား အခန်းထဲမှာ ကောင်းကောင်းနေနော်။ တွေကရာတွေ မွှေနှောက်မနေနဲ့ဦး" ဟုဆိုပြီး လိုက်သွားလေ၏။

"အံမာ၊ ခင်ဗျားအခန်းထဲ မွှေစရာလည်း ဘာမှမရှိပါဘူး။ မွှေရင် အပေါင်လက်မှတ်ပဲ တွေ့ရမှာပေါ့" ဟု ပြန်၍ပြောပြီးနောက်၊ ကျော်ဝင်းတို့ ခပ်လှမ်းလှမ်းရောက်သောအခါ မမွှေရလျှင် အသည်းထဲမှာ ယားကျိကျိ ဖြစ်နေလေ့ရှိသော သိန်းဖေသည် ခုတင်ပေါ်မှထ၍ မွှေလျှက်ကျန်ရစ်လေ၏။

ထိုသို့ ရှာဖွေမွှေနှောက်ရာတွင် အပြာရောင် စာအိတ်ကလေးတစ်ခုကို တွေ့ရပြန်သဖြင့် ဖောက်ဖွင့်၍ ဖတ်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် သိန်းဖေ၏ပါးစပ်မှ "ဟိုက်" ဟူ သော အသံထွက်သွားမိလေ၏။ ထိုသို့ သိန်းဖေသည် တစ်စုံတစ်ရာကို စိုးရိမ်သကဲ့သို့ အမူအရာ ဖြစ်မိရာမှ တဖြည်းဖြည်း မျက်နှာထား ပြောင်းလဲကာ ပြုံးရွှင်သောအမူအရာ ပေါ်ပေါက်လာပြီးလျှင် တစ်ကိုယ်တည်း ကြိတ်နှိပ်၍ ရယ်ပြန်လေ၏။ သို့ရယ်ပြီးနောက် အခန်းပြင်သို့ ကိုယ်တစ်ပိုင်းထုတ်၍ ဟိုဟိုဒီဒီ လှမ်းမျှော်ကြည့်လိုက်ပြီးလျှင် မိမိတွေ့ရှိရသောစာကို မိမိအကျႌအိတ်ထဲသို့ထည့်ကာ အခန်းထဲမှ သုတ်ခြေတင်၍ ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

သိန်းဖေ ထွက်သွား၍ မကြာမီပင် ဘဦးနှင့် ကျော်ဝင်းတို့ ပြန်ရောက်ရှိလာကာ ဘဦးသည် ကုတင်ပေါ်သို့ ပစ်လှဲလျက် ကျော်ဝင်းဘက်သို့ မျက်နှာလှည့်ရင်း "တာဝန်ကြီးတစ်ခုတော့ ပေါ့သွားပြီ၊ နက်ဖြန်ခါဆိုရင် ဒီစာကလေးတော့ သူ့လက်ထဲ ရောက်တော့မှာပဲ" ဟု ဆိုပြီးနောက် လက်နှစ်ဖက်ကို လက်အုပ်ချီကာ အခန်းမျက်နှာကြက်ကို မျက်နှာမူပြီး "သမ္မာဒေဝ နတ်မြတ်နတ်ကောင်းအပေါင်းတို့၊ စောင်မတော်မူပါ"ဟု ဆိုလိုက်သဖြင့် ကျော်ဝင်းက "ဪ အချစ်၊ အချစ်၊ လူတစ်ဖက်သားကိုတယ်ပြီး အရူးဖြစ်အောင် လုပ်နိုင်ပါကလား" ဟုဆို၍ ပြုံးမိလေ၏။

နောက်တစ်နေ့တွင် မိမိ၏လက်ထဲသို့ စာအိတ်ပြာကလေးတစ်ခု ရောက်ရှိလာလေ၏။ မိမိသည် ထူးခြားဆန်းပြားလှသော စာအိတ်ကလေးကို ရုတ်တရက် ဖောက်ဖွင့်၍ မကြည့်သေးဘဲ လှန်ကာပြန်ကာ ကြည့်လေရာ ယူနီဗာစီတီကောလိပ်စာတိုက်တံဆိပ် ရိုက်နှိပ်ထားသည်ကို တွေ့ရသဖြင့် အံ့ဩခြင်း ဖြစ်မိသည့်ပြင် မည်သူ့ထံမှ စာဖြစ်သည်ကို သိလိုချင်လှသောဇောစိတ် ရုတ်တရက် အပြင်းအထန် တိုက်တွန်းသည့်အလျောက် ဖောက်ဖွင့်ကြည့်လိုက်လေ၏။

ထိုစာထဲတွင်ပါသော စာများကို ဖတ်ရင်းပင် မိမိ၏မျက်နှာတွင် တွေဝေစဉ်းစားနေသော အမူအရာမျိုးဖြင့် မျက်တောင်မခတ်ဘဲ မျက်ခုံးကြုံ့၍ စူးစိုက်နေပြီးမှ စာဆုံးသွားသည့်အခါတွင် ဟင်းကနဲ သက်ပြင်းချလိုက်ပြီး မပြုံးတပြုံးကလေးလုပ်ကာ တခြားကို မျက်နှာလှည့်ပြီး အခန်းပြင်သို့ကြည့်ကာ မေးထောက်၍ စဉ်းစားနေမိလေ၏။

ထိုမှတစ်ဖန် စာကိုအစအဆုံး ပြန်၍ကြည့်လေ၏။ စာအဆုံးတွင် အင်္ဂလိပ်လိုအားဖြင့် သင့်အား အမြဲချစ်သူဟူ၍ ရေးသားထားသည်ကို တွေ့ရလေ၏။

သို့ဖြစ်၍ မိမိသည် ထိုစာကလေးကို စာအုပ်ကြားထဲတွင်ထည့်၍ ညှပ်ထားလိုက်ပြီး နောက်တစ်နေ့တွင် ကျောင်း၌ မိန်းကလေးများအခန်းထဲတွင် မအေးစိန်၊ မသန်းမြင့်တို့နှင့် စာကူးရေးနေရာက မသန်းမြင့်က "မိမိ၊ ဟာစ်စထရီစာအုပ်ကလေး တဆိတ်လောက်လှမ်းပါ" ဟု ဆိုသဖြင့် မိမိက မိမိ၏ရာဇဝင်စာအုပ်ကို မသန်းမြင့်အား လှမ်း၍ပေးလိုက်လေ၏။

မသန်းမြင့်သည် ထိုစာအုပ်ကို ဖွင့်လိုက်ရာ၊ ထိုစာအုပ်ကြားမှ စာကလေးတစ်စောင် စားပွဲအောက်သို့ ကျသွားသည်ကို တွေ့ရသဖြင့် "အလို စာကလေးတစ်စောင်ပါလား" ဟုဆိုကာ စာကို ကုန်း၍ကောက်ယူလိုက်သည်တွင် မိမိက "အံမယ် မလုပ်ပါနဲ့၊ ကျွန်မ စာကလေးပါ" ဟု ပြောပြောဆိုဆို ထိုစာကိုယူရန် လျင်မြန်စွာ ထ၍လာလေ၏။

"ရော့၊ ရော့ မအေးစိန်၊ မပေးနဲ့၊ ယူထား။ သူ့ရည်းစားဆီက စာကလေးထင်တယ်။ ကြည့်စမ်း အခုမှပေါ်တယ်။ အစက ဒီလိုမှန်းတောင် မသိရဘူး" ဟုဆိုကာ မအေးစိန်အား ထိုး၍ပေးလိုက်သဖြင့် မအေးစိန်က လျင်မြန်စွာ ယူထားလိုက်ရာ၊

www.burmeseclassic.com

www.burmeseclassic.com

မိမိမှာ မသန်းမြင့်ဘက်မှ တစ်ဖန် မအေးစိန်ဘက်သို့ လှည့်၍ပြောပြန်လေ၏။

"အနားမကပ်နဲ့နော်၊ အနားကပ်ရင် စာကိုဖြဲပစ်လိုက်မယ်။ ဟောဒီမှာကြည့်" ဟုဆို၍ မအေးစိန်က စာကိုလက်နှစ်ဖက်ဖြင့်ကိုင်ကာ ဖြဲစုတ်တော့မည့်ဟန် လုပ်လိုက်သောကြောင့် မိမိက "ကျွန်မအသည်း ဓားနဲ့ထိုးတာလား မအေးစိန်၊ ဖြဲတော့မဖြဲပါနဲ့။ ဖတ်ချင်ရင် ဖတ်နိုင်ပါတယ်" ဟု ပြောရလေတော့၏။

ထိုအခါ မအေးစိန်သည် စာကို ဖြန့်ဖတ်ရင်း "အလို သနားစရာကောင်းလိုက်ပါဘိတော့ရှင်။ ရင်ထဲမှာ မီးဟုန်းဟုန်းတောက်နေတယ် ဆိုပါကလား။ ဟောဒါက တစ်မျိုးရှင့်၊ ထမင်းတောင် မစားနိုင်ဘူးတဲ့။ ဟင်းမကောင်းလို့ပဲလား၊ သွားကိုက်လို့လား မသိဘူး။ အိပ်လို့လည်း မပျော်ဘူးတဲ့။ တော်တော်ကြမ်းပိုးပေါတဲ့ အိပ်ရာနဲ့တူတယ်။ နို့ပြီးတော့ ခင့်အတွက်  ပင့်သက်ကို အနိုင်ရှုရပါတော့တယ်တဲ့။ ဂနိုင်ငွေဘွေနန်းမှာ ခွေနွမ်းတဲ့ ပန်းသဇင်လို လန်းမရှင် အမူလုပ်ပါလို့၊ အပူရုပ်ဟန်ဆောင်ပြီး၊ ဟား. . . ဟား. . . ဟား. . . ဟား။ ဘယ်စာအုပ်ထဲက ခိုးချတာများပါလိမ့်" ဟု ရယ်မောပြောင်လှောင်ကာ ဖတ်ရှုခဲ့ရာမှ အဆုံးသို့ ရောက်သောအခါ "အပြံချစ်သူလို့ ဆိုပါကလား" ဟု ဆိုလေ၏။

"ဘယ်သူက ပေးတာလဲ မအေးစိန်ရဲ့"

"နာမည်လည်း မပါဘူး"

"ပြစမ်း၊ ကြည့်ရအောင်" ဟု ပြောပြောဆိုဆိုနှင့်ပင် မသန်းမြင့်က စာကိုယူ၍ ဖတ်ပြန်လေ၏။

မသန်းမြင့်သည် ထိုစာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မျက်နှာထားပျက်သွားလေရာ မအေးစိန်သည် ၎င်း၏အမူအရာ ပြောင်းလဲပုံကိုကြည့်ပြီး တွေဝေ၍နေစဉ် "ကိုင်း ဒါလောက်ကြည့်ရရင်လည်း တော်ပါတော့" ဟု မိမိကပြောကာ ဆတ်ကနဲ စာရွက်ကလေးကို ဆွဲယူလိုက်လေ၏။

ထိုသို့ ဆွဲယူလိုက်သည်ကို မသန်းမြင့်သည် ကြောင်ပြီးကြည့်ကာ ငေးနေရင်း ဣန္ဒြေဆည်မရလောက်အောင် မျက်နှာထားပျက်လျက် မိမိအား စိုက်ကြည့်ရင်း ဝမ်းနည်းလုံးဆို့သည့်အမူအရာသည် မျက်နှာတွင် ပေါ်ပေါက်ထင်မြင်၍လာသောကြောင့် မအေးစိန်သည် မသန်းမြင့်ကိုကြည့်ကာ အံ့အားသင့်၍သွားလေ၏။

"သူများရဲ့စာတော့ ကြည့်ချင်လိုက်ကြတာ၊ သူတို့စာဆိုရင် ပြချင်ကြမှာ မဟုတ်ဘူး" ဟုဆို၍ မိမိသည် စာရွက်ကလေးကိုခေါက်ပြီး အခြားစာအုပ်တစ်အုပ်ထဲတွင် ထည့်ညှပ်လိုက်ပြီးနောက် ပြုံးရယ်ကာ အမူအရာမပျက်ဘဲ မသန်းမြင့်အား ကြည့်လိုက်ရာ မသန်းမြင့်သည် မချိသွားဖြဲ ပြုံးရသော မျက်နှာထားဖြင့် မိမိအားကြည့်လျက် "မိမိတို့များ တယ်ပြီးမျက်နှာပွင့်တာပဲနော်" ဟု ပြောလိုက်ပြီး ထိုအကြောင်းကို မဆက်တော့ဘဲ ဆက်လက်၍ ရာဇဝင်စာကူးရေးနေပြန်သည်ကို တွေ့ရသောကြောင့် မိမိ

www.burmeseclassic.com

www.burmeseclassic.com

လည်း မအေးစိန်ကဲ့သို့ပင် အံ့ဩသွားကာ မအေးစိန်ဘက်သို့ လှည့်လိုက်ရာ မအေးစိန်ကလည်း မိမိဘက်သို့လှည့်ပြီး စုံစမ်းမေးမြန်းလိုသော မျက်နှာဖြင့် ကြည့်နေသည်ကို တွေ့ရပြီးနောက်၊ နှစ်ယောက်သား မျက်နှာချင်း ဖယ်လွှဲသွားကြလေ၏။

မသန်းမြင့်မှာမူ စာကို ရေးနေရာက တုန်တုန်ရင်ရင် ဖြစ်လာကာ ဆက်၍ မရေးနိုင်တော့ဘဲ ရှိုးပြီးလျှင် စာအုပ်ကို ပိတ်လိုက်ပြီး နေရာရွှေ့ဖယ်ကာ လက်နှစ်ဘက်ကို စားပွဲပေါ်တွင် ကွေးယှက်၍ မျက်နှာအပ်လျက် ငုံ့နေလေ၏။

သို့ဖြစ်ခြင်းကို မအေးစိန် တွေ့မြင်ရလျှင် "အလို. . မသန်းမြင့် ဘာဖြစ်လို့တုံး" ဟု ပျာပျာသလဲ မေးလေ၏။

မိမိကလည်း "မသန်းမြင့်၊ ဗုတ်စ်မတ်တား" ဟု မေးမြန်းလေ၏။

BURMESE CLASSIC

ထိုအခါ မသန်းမြင့်က မျက်နှာမပွင့်တပွင့်မော်ကြည့်ကာ "စာကြည့်ရလွန်းလို့ ခေါင်းနောက်သွားတယ်" ဟုပြောပြီး ပြန်၍ခေါင်းငုံ့ကာ လက်ပိုက်ထဲတွင် မျက်နှာကို ဝှက်ထားပြန်သောကြောင့် မအေးစိန်နှင့် မိမိ နှစ်ယောက်စလုံး မသန်းမြင့်ဘက်သို့ ကပ်ကာ ကျောကို ပွတ်သင်သုယရင်း နှိပ်နှယ်ပေးနေကြစဉ်၊ ခေါင်းလောင်းထိုးသံ ကြားရသဖြင့် မိမိမှာ စာသင်ခန်းသို့ဝင်ရန် အချိန်ရောက်လာသည့်အတွက် သွားဖို့ရန် ပြင်ကာ "မသန်းမြင့် မလိုက်နိုင်တော့ဘူးလား" ဟု မေးလေ၏။

"ဒီတစ်ချိန်တော့ မလိုက်တော့ဘူး" ဟု ဝမ်းနည်းသံဖြင့် ဖြေလိုက်သော မသန်းမြင့်၏ စကားကို ကြားရသည့်အခါ မိမိမှာ တွေ၍ရပ်နေမိလေတော့၏။

ထို့နောက်မှ ရပ်နေရန် အချိန်မရှိတော့သောကြောင့် "ဒါဖြင့် မိမိသွားတော့မယ်နော်" ဟုပြောပြီး မအေးစိန်အား "မသန်းမြင့်ကို ဂရုစိုက်ပြီး ကြည့်ပါဦးနော်၊ ဒီတစ်ချိန်သင်ပြီး မိမိ ပြန်လာခဲ့မယ်" ဟုမှာ၍ ထွက်သွားလေ၏။

အခြားကျောင်းသူကလေးများသည် မိမိတို့ စာသင်ခန်းရှိသည့် အခန်းများကို ထွက်သွားကြပြီးနောက် မသန်းမြင့်နှင့် မအေးစိန် နှစ်ယောက်တည်းလိုလိုပင် ရှိတော့မှ မသန်းမြင့်၏ကျောကုန်းကလေးသည် နိမ့်ချီမြင့်ချီဖြစ်ကာ ရှိုက်သံကို ကြားရသဖြင့် မအေးစိန်တွင် ပိုမို၍ ပူပန်ခြင်းဖြစ်ကာ မသန်းမြင့်၏မျက်နှာကို မိမိ၏လက်ဖြင့် ခေါင်းထူပေးပြီး ကြည့်လိုက်ရာ မျက်ရည်များစို့နေသည်ကို တွေ့ရလေ၏။

"ဟင်၊ မသန်းမြင့် ဘာပြုလို့ ငိုတာလဲ"

မသန်းမြင့်သည် အဖြေမပေးဘဲ ခေါင်းကို ပြန်ငုံ့မည်ပြုလေရာ မအေးစိန်က ငိုရိပ်သော မျက်နှာထားဖြင့် "အို. . . မသန်းမြင့်၊ သူများတွေ မြင်ကုန်ပါဦးမယ်။ ဘယ့်နှာများဖြစ်ပါလိမ့်မလဲ မသိပါဘူး" ဟုပြောဆို ညည်းညူမိကာ မသန်းမြင့်၏ကိုယ်ကို အတင်းထူထောင်စေလေ၏။

ထိုအခါမှ မသန်းမြင့်သည် ရွဲလျက်ရှိသော မျက်ရည်ဥကလေးများကို လက်ကိုင်ပဝါကလေးဖြင့်သုတ်ကာ " မအေးစိန်၊ ဟိုစာထဲကလက်ရေးကို သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိရဲ့လား” ဟု မေးလေသည်။

“ကြည့်တော့ကြည့်လိုက်တာပဲ။ မမှတ်မိဘူး။ နာမည်လည်း မပါဘူး။ အဲဒါ ဘာဖြစ်လို့လဲ”

“ဒီစာဟာ ကိုကျော်ဝင်းစာပဲ။ အဲဒါ သူ့လက်ရေး” ဟု ပြောလိုက်သည်တွင် မအေးစိန်မှာ ပါးစပ်အဟောင်းသားနှင့်ငေးလျက် ကြက်သေ,သေ၍နေမိလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အို. . . ပူပုံပန်း လွှမ်းဘွယ်စေ၊ ဟာအော့၊ ဖြေမပြေနိုင်ပါတယ်၊ အမယ်လေး ငယ်ကကျွမ်းမို့ လွမ်းလို့ခွေကာယိုင်၊ အိုင်ဟိုင် အိုင်ဟိုင် အိုင်ဟိုင်း။ တူးနဲ့လဲတဲ့ နယ်တဲ့လခြောင်" ဟူသော တေးသံမှာ သိန်းဖေ၏အခန်းထဲမှ ထွက်ပေါ်လာလေ၏။

သိန်းဖေသည် မအေးစိန်၏ ဓာတ်ပုံကြီးကို ပုံကြီးချဲ့၍ အခန်းနံရံတွင် ချိတ်ထားသည့်ရှေ့တွင် ဓာတ်ပုံကို ကြည့်ကြည့်ပြီး ယိုးဒယားဟန်ဖြင့် ရင်ထုမနာလုပ်လျက် ကကာ စံလွင်က တယောဖြင့်ချဲ့၍ ကျောင်းသားသုံးလေးယောက်က စည်းလိုက်လျက် ရှိကြသည်ကို တွေ့ရကြရပေ၏။

"ထုံဂန္ဓာ၊ ဂန္ဓာမြိုင်ခြေလမ်း"

"ဘယ်နှယ်လဲဗျာ၊ ပူပုံပန်းက ထုံဂန္ဓာ ရောက်သွားပြန်ပလား"

"ဒါမှ များများ လွမ်းတော့မပေါ့။ ထုံဂန္ဓာမြိုင်ခြေလမ်း၊ အိုဘယ်ဝယ်ဆီသွယ် ရည်မှန်း၊ စံနန်းနဲ့ကွာပြီ။ မအေးစိန်ကြီးနဲ့ကွာပြီ။ ကိုကိုသိန်းနဲ့ကွာပြီ။ ပူတယ်လေ၊ ဆယ်နေဟေ့ အေကဲ၊ အယ်ဟဲ့ အဲဖြေ မပြေဘဲ သဲဝယ်ဖို့"

ကျောင်းသားတစ်ယောက်က လေကို ဆိုင်းဝိုင်းလုပ်၍ လက်ဟန်ခြေဟန်ဖြင့် တီးကာ ပါးစပ်မှ အသံထွက်ပေးလိုက်လေ၏။

"ရွှေဘုံထီးနဲ့ အပုံကြီးကွာသည်၊ လာလိမ့်မယ်ဗျ။ ဟောဒါက သီချင်းတစ်ပုဒ်။ ရွှေဘုံထီးနဲ့ အပုံကြီး အများကြီး သိပ်ပြီးကွာသည်။ ဆရာစံစီးကာ၊ အဲလေ ဂငျုန်စီးကာ ဟောဒီက ကိုကိုသိန်း ပြန်ခဲ့မယ်ပေါ့လေးအေ။ ဟေ့အေ ဟေးအေး ဟေအော့လေး" ဟုဆိုပြီးသည့်အဆုံးတွင် လက်ဆန့်ပြီး ရင်ထုလိုက်ရာ ရင်ဝသို့ မရောက်ဘဲ ပေါင်ကြား သို့ ထုမိဟန်ဖြင့် ခေါက်ကနဲ နောက်ပြန်လှဲချလိုက်သောကြောင့် လွှမ်းခန်းမှာ တဝါးဝါး ဖြစ်နေလေ၏။

www.burmeseclassic.com

သိန်းဖေသည် ဆတ်ကနဲ ကုန်း၍ထပြီး ရုတ်တရက်ပင် ဆက်လက်၍ "အန်ချင်စရာ၊ ငါ့ပုံနှယ် ဆိုးလှချည့်ရော့သလား" ဟု ဆိုလိုက်ပြီး "ကြည့်ကြစမ်းပါဦးဗျာရို့ရဲ့၊ ကျွန်တော် ဒါလောက်ပဲ အရုပ်ဆိုးရော့သလား" ဟု မေးလေ၏။

"ချောပါတယ်ဗျာ၊ ချောပါတယ်။ ကပ္ပလီလေးလိုပဲ"

"တောက်၊ တောက်၊ မာန်ဝင်ကာ လှဂုဏ်တိုး၊ ဟိုးအို့ဟိုသူဟူရဲ့ဟဲ့"ဆိုရာက တံခါးပေါက်ဝသို့ကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူးကာ ကုန်းကွကွကြီးလုပ်လေရာ အခြားကျောင်းသားများသည် အခန်းဝသို့ ရောက်လာလျက် ရပ်ကြည့်နေသော အဆောင်မှူးကို တွေ့ရသဖြင့် ဝါးကနဲ ကွဲအက်သော ရယ်သံကြီးများဖြင့် ရယ်မိကြပြီးမှ တညီတညာတည်း အသံတိတ်ကာ မျက်နှာသပ်လိုက်ကြလေ၏။

၎င်းတို့၏အမူအရာကို မြင်ရသော အဆောင်မှူးမှာ ဣန္ဒြေမဆည်နိုင်တော့ဘဲ ရယ်မိသောကြောင့် အဆောင်မှူး ရယ်သည်ကိုတွေ့၍ ကျောင်းသားများသည် အုတ်အုတ်ကျက်ကျက် ပွတ်လောရိုက်ကာ ရယ်နိုင်ကြပြန်လေ၏။

"ကျောင်းကပွဲရှိလို့ ဇာတ်တိုက်နေကြသလား" ဟု မေးမြန်းရာတွင် မည်သူမျှမဖြေဘဲ ပါးစပ်အပြဲသားနှင့် ရယ်နေကြလေ၏။

"ပြောလေ၊ ဘာလုပ်နေတာတုံး"

သိန်းဖေသည် ရိုသေစွာရပ်ကာ "မဟုတ်ပါဘူး၊ တနင်္ဂနွေမို့ အားလို့ ပျော်ကြတာပါ" ဟု ဖြေလေ၏။

"အားရင် စာကြည့်နေပါလား။ စားမေးပွဲကြီး နီးလာပြီ။ မင်းတို့ အော်ဟစ်နေကြတာ တခြားစာကြည့်တဲ့လူတွေမှာ အနှောင့်အယှက်ဖြစ်တယ်။ တော်ကြတော့ စာကြည့်ကြ"

"ဟုတ်ကဲ့ ဆရာ"

"မင်းတို့တစ်တွေလည်း ကိုယ့်အခန်းကိုယ်ပြန်"

"ဟုတ်ကဲ့ ဆရာ" ဟု သံပြိုင်ဝိုင်း၍ညာကြသဖြင့် "ဒီကောင်တွေ ပြောလို့ဖြစ်မယ် မထင်ဘူး" ဟူသောသဘောဖြင့် ဆရာလည်း ထွက်သွားလေ၏။

မကြာမီ ကျော်ဝင်း ရောက်လာကာ "ဟော့လူတွ ဆရာ ဘာတွေဆူသွားသလဲ" ဟု မေးလေ၏။

"ဘာမှ မဆူပါဘူး။ မင်း က,တာ ကောင်းတော့ ကောင်းပါရဲ့၊ လူကြိုက်နည်းတယ်လို့ ဩဘာပေးသွားတယ်" ဟု ပြန်ပြောပြီး သိန်းဖေက ကျော်ဝင်း၏ တစ်ကိုယ်လုံးကိုကြည့်ကာ "ဒါထက်၊ ခင်ဗျားက ဝတ်ကောင်းစားလှတွေနဲ့ ဘယ်သွားဦးမှာလဲ" ဟု မေးလေ၏။

"ကနေ့ တနင်္ဂနွေနေ့လေ။ ဝတ္တရားတော်အတိုင်း အင်းလျားဟောကို ရှေ့စကြာ ဖြန့်တော်မူမလို့"

www.burmeseclassic.com

"ဒါကိုကြွားချင်လို့ ခင်ဗျားက ဒီကိုလာတာပေါ့လေ၊ တော်စမ်းပါ၊ အလှူ့ရှင် မှန်းသိအောင် ဝက်သားတုံးကြီး ကိုက်မပြစမ်းပါနဲ့"

"ခင်ဗျားလို ဟိုက မကြိုက်ဘဲနဲ့ ကိုယ့်အခန်းထဲမှာ ဓာတ်ပုံကြီးတော့ ဆွဲမထားဘူး။ ကျွန်တော်တို့ဟာက လူတိုင်းသိ၊ ကြွားနေဖို့ မလိုတော့ဘူး"

"အံမယ်၊ ကျွန်တော်က မစ,သေးလို့ပါ။ ဒီလိုဟာမျိုးလောက်ကို မဆိုထားနဲ့ လက်ဖြောက်တစ်ချက်တီးလိုက်ရင် သည်မယ်လေ ဆယ့်ခြောက်နှစ်သမီးကလေးတွေက အစ်ကို့ အစ်ကို့နဲ့နေရမှာ"

. "ခင်ဗျား ဒါအစွမ်းကုန် ကြွားလိုက်တာပေါ့လေ"

"ကြွားတယ်၊ မကြွားတယ် တစ်နေ့တော့ သိမပေါ့ဗျာ"

"ကြည့်ရသေးတာပေါ့ဗျာ၊ နေရာကျတယ် ဆိုရင်လည်း ဝမ်းသာစရာပါပဲ။ နေရာမကျရင်လည်း အစွမ်းမရှိတာ သိရတာပေါ့"

"လောင်းလိုက်ချင်စမ်းလှဗျာ။ ရေပုံးမရှိလို့သာ"

"ကဲ. . . စကားပြောနေရင် အချိန်ကုန်တယ်၊ သွားဦးမှပဲ"

"ဩော်၊ သွားတော့၊ သွားတော့။ တအားဖြင့် လျော့ပေါ့ သားတော်မောင် ရွှေသွေး လူကလေးရဲ့" ဟု သိန်းဖေက ဆိုလိုက်သဖြင့် ကျော်ဝင်းမှာ ကြာကြာမနေရဲဘဲ ပြေးရလေ၏။

အင်းလျားဆောင်ရှိ မသန်းမြင့်တို့၏အခန်းထဲ၌ကား မသန်းမြင့်နှင့် မအေးစိန်တို့ကို ကြည့်ရသည်မှာ စိတ်ညစ်စရာကြီးပင် ဖြစ်ပေတော့၏။ မသန်းမြင့် ကိုကျော်ဝင်းအပေါ်တွင် စိတ်အနာကြီးနာလျက် ကျော်ဝင်း၏စာများကို ဖြစုတ်ဖြတ်ပစ်ကာ ကြိတ်မနိုင်ခဲမရ ဒေါသတကြီး ဖြစ်နေလေရာ မအေးစိန်မှာ အနေရကြပ်လျက် "အို မသန်းမြင့်ကလည်း ဒါလောက် ဒေါသမဖြစ်ပါနဲ့ဦးလေ။ ဟုတ်မယ် မဟုတ်မယ် စဉ်းစားဦးမှပေါ့။ ရည်းစားထားမိတာများ တယ်ပြီး ခက်တာပဲနော်။ စိတ်ဆိုးချင်လည်း ချက်ချင်း၊ အကြည်ဆိုက်ချင်လည်း ချက်ချင်းပဲ" ဟု ပြောဆိုရင်း ညည်းတွားမိလေ၏။

"ဘာမှ စဉ်းစားဖို့ မလိုပါဘူး မအေးစိန်ရယ်၊ လက်ဆုပ်လက်ကိုင် တွေ့နေတာမှ မယုံရင် ဘယ်ဟာကို ယုံရတော့မှာလဲလို့။ ယောကျ်ားများဟာ တစ်ယောက်မှ မကောင်းဘူး။ အိုင်တွေ့ရင် ခြေဆေးတာချည်းပဲ။ ကွယ်ရာတစ်မျိုး၊ ရှေ့ကျတော့ တစ်မျိုး။ ဘယ်သူမှ မကောင်းဘူး" ဟု ဆိုရင်းက ဓာတ်ပုံကလေးတစ်ခုကိုကောက်၍ တိုင်လိုက်ရာ မအေးစိန်က "ဘယ့်နှယ်တွေ လုပ်ပြန်ပါလိမ့်။ မဖြဲပါနဲ့၊ မဖြဲပါနဲ့" ဟု တားလို့မပြီးသေးမီ ကျော်ဝင်း၏ ဓာတ်ပုံမှာ ရှိုးကနဲ ထက်ပိုင်းပြဲ၍သွားသဖြင့် မအေးစိန်က "ဩော် ခက်လိုက်ပါဘိနော်၊ ပြောလို့လည်း မရဘူး" ဟု ဆိုကာမှ မသန်းမြင့်တွင် ဓာတ်ပုံကားကလေး ဖြဲရသည်မှာ အရသာရှိသကဲ့သို့ နှစ်ပိုင်းသုံးပိုင်း ဖြဲချလိုက်လေ၏။

မအေးစိန်သည် အပိုင်းအပြတ်ကလေးများဖြစ်လျက် ခြေရင်းသို့ကျနေသော

www.burmeseclassic.com

ဓာတ်ပုံကားပြတ်များကို စုတ်တသပ်သပ်နှင့် ကောက်ယူရင်း စားပွဲပေါ်သို့တင်ကာ ပြန်၍စီစဉ် ဆက်စပ်နေလေ၏။ ထိုအခါ မသန်းမြင့်သည် ဓာတ်ပုံကလေးကို ပြန်၍ ကြည့်လိုက်ရာ အကောင်းတုန်းက ပြုံးရွှင်နေသော ကျော်ဝင်း၏မျက်နှာသည် ဓာတ်ပုံ ပြဲစုတ်သွားသောအခါ တွင် ရှုံ့မဲ့ဝမ်းနည်း၍နေသကဲ့သို့ ရှိသောကြောင့် ရင်ထဲဆို့၍ လှိုက်လာကာ "မအေးစိန် ကျွန်မဖြင့် ခက်တော့တာပဲ" ဟုဆိုရင်း ကျဆင်းလာသော မျက်ရည်ဥတို့ကို ပုဝါဖြူဖြင့်တို့ကာ ရှိုက်နေလေ၏။

ထိုအခိုက်တွင် အသိကျောင်းသူကလေးတစ်ယောက် ဝင်လာသဖြင့် မသန်းမြင့်သည် ရုတ်တရက် ကြွေဆည်ပြီး ကြည့်လိုက်လေ၏။

"မသန်းမြင့် အောက်မှာ ကိုဘတင့် ရောက်နေတယ်"

"ဘယ်. . . ကိုဘတင့်လဲ" ဟု မသန်းမြင့်က မေးသည်တွင် မအေးစိန်က "ကိုကျော်ဝင်းကို ပြောနေတာ" ဟု မသန်းမြင့်ဘက်သို့ လှည့်၍ပြောလိုက်ရာ မသန်းမြင့်၏မျက်နှာတွင် ပျာလောင်ခတ်သော အမူအရာသည် ထင်ရှားပေါ်ပေါက်၍လာလေ၏။

"အခု အောက်မှာရှိနေသလား"

"ရှိတယ်၊ အခန်းထဲမှာ စောင့်နေတယ်"

"ကျွန်မ ရှိတယ်လို့ ပြောလိုက်သလား"

"ဟုတ်ကဲ့" ဟုဆိုပြီး ထွက်သွားပြီးနောက်မှ မသန်းမြင့်က မအေးစိန်ကို ကြည့်ကာ "ဘယ့်နှဲ့လုပ်ရပါ့မလဲ မအေးစိန်ရဲ့" ဟုမေးလေ၏။

"တွေ့ချင်လို့ လာတာပဲ၊ သွားပြီးတွေ့ရုံပေါ့"

"အို သူ့မျက်နှာကို မကြည့်ချင်ဘူး၊ ကျွန်မ သူ့ကို မုန်းလိုက်ပြီ"

"မုန်းတော့လည်း ချက်ချင်းပါပဲလား"

"ကျွန်မ မုန်းပြီဆိုရင် မုန်းပြီ၊ မျက်နှာလည်း မကြည့်ချင်တော့ဘူး။ သူ့နာမည်တောင် မကြားချင်တော့ဘူး"

"တကယ်လို့ ဟုတ်တောင် မသန်းမြင့်ကပဲ သဘောထားကြီးကြီးထားပါလေ။ သွားပြီးတွေ့လိုက်ပါ။ ကိုယ်မသက်သာတာလည်း မေးတာပေါ့"

"သူ့ခိုး ခိုးတယ် ပြောပါ့မလားလို့၊ မေးတော့ ဘာထူးမှာတဲ့တုံး၊ မတွေ့ချင်ဘူး မအေးစိန်ရယ်၊ မတွေ့ချင်ဘူး။ ကျွန်မ မြို့ထဲထွက်သွားတယ်လို့သာ တဆိတ်သွားပြီး ပြောလိုက်ပါတော့"

"မသန်းမြင့် ဒါလောက်တောင်ပဲ ဖြစ်နေသလားလို့"

"ဒါလောက်ထက် ဆယ်ပြန်ကဲသေးတယ်။ မအေးစိန်သွားပြီး ပြောချင်လည်း ပြော၊ မပြောချင်လည်းနေ။ သူ့ဘာသာသူထိုင်ပြီး စောင့်နေလိမ့်မယ်။ မလာလို့ ပြန်သွားရင်လည်း အေးတာပေါ့" ဟု ဇွတ်လုပ်နေသောကြောင့် မအေးစိန်မှာ ကျော်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



အားသွား၍ မပြောက မကောင်းဟု နှလုံးပြုကာ ဆင်း၍သွားရရှာလေ၏။

မသန်းမြင့်ကို စောင့်နေသော ကျော်ဝင်းမှာ မအေးစိန် ရောက်၍လာသည်ကို မြင်ရလျှင် စိတ်ထဲတွင် ထင့်ကနဲ ဖြစ်၍သွားတော့၏။ နောက် မအေးစိန် အနားသို့ ရောက်လာမှ "မသန်းမြင့်ကော" ဟု မေးလိုက်ရာ "မြို့ထဲကို ထွက်သွားတယ်" ဟူသော အဖြေကို ကြားရလျှင် ယခုပင် ရှိသည်ဆိုပြီးမှ မြို့ထဲထွက်သွားသည်ဟု ထပ်မံကြားရခြင်းဖြင့် အစဉ်းစားရခက်ကာ "ဘယ်သူနဲ့ သွားတာလဲ" ဟု မေးလေ၏။

မအေးစိန်မှာ မည်သို့ဖြေရမည်နည်းဟု အစဉ်းစားရခက်၍နေပြီးမှ "ဆရာကိုတင်အောင်နဲ့" ဟု ပါးစပ်ထဲ တွေသလို ဖြေလေ၏။

ကိုတင်အောင် ဟူသော နာမည်ကိုကြားရလျှင် ကျော်ဝင်းသည် ယခင်က မိမိ အထင်လွဲခဲ့သော ကျူတာဆရာ၏မျက်နှာကို ထင်းကနဲ၊ လင်းကနဲ ထင်မြင်လာ၏။ မသန်းမြင့်အား ထိုဆရာနှင့်ပင် ယခင်ကလည်း မသင်္ကာရှိခဲ့ရာ ယခုလို ပြောသံကြားရသောအခါ ထောင်းကနဲ ဒေါသထွက်ပြီး မျက်နှာများ နီမြန်းသွားလေ၏။

"ဆရာတင်အောင်နဲ့လား"

မအေးစိန်က ပါးစပ်နှင့် မဖြေဘဲ ခေါင်းညိတ်လေ၏။

"ဒါဖြင့် ပြီးရောပေါ့လေ။ သူ့တွေ့ရအောင်လာတာ မတွေ့ရင်လည်း ပြန်ရုံပေါ့"

"ဟုတ်ကဲ့" ဟု မအေးစိန်၏စကားအဆုံး ဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျော်ဝင်းသည် ထိုင်ရာမှထ၍ အခန်းပြင်သို့ ထွက်သွားလေ၏။

မအေးစိန်သည် ကျော်ဝင်းနောက်မှ လိုက်လာကာ ကျော်ဝင်းရှေ့သို့ဆင်းသည်တွင် ကျောင်းပေါ်သို့ ပြန်တက်၍ လှေကားဆီသို့သွားရာ လှေကားပေါ်မှ အမြန်ဆင်းလာသော မသန်းမြင့်ကို တွေ့ရသဖြင့် အံ့အားသင့်ပြီးရပ်လျက် "ဘာလုပ်မလို့လဲ" ဟု မေးလေ၏။

"ကျွန်မ သူ့ကို မတွေ့လို့ မဖြစ်ဘူး၊ ဆူလိုက်ပွက်လိုက်ချင်သေးတယ်။ သူ ဘယ်မှာလဲ။ ပြန်သွားပြီလား"

"အို . . . အခုမှ မတွေ့ပါနဲ့တော့လေ။ ဆူလည်း မဆူချင်ပါနဲ့တော့။ မသန်းမြင့်လည်း မရှိဘူးလို့ ပြောလိုက်တယ်။ စကားပျက်ရင် မကောင်းဘူး"

သို့ရာတွင် မသန်းမြင့်သည် အတင်းဆင်းပြီးကြည့်ရာ အပြင်သို့ထွက်တော့မည်ဖြစ်သော ကျော်ဝင်းကို မြင်သည်နှင့်တစ်ပြိုင်နက် လှမ်း၍ခေါ်လိုက်မည်အပြုတွင် မအေးစိန်က တားမြစ်ကာ ပါးစပ်ပိတ်ထားလိုက်သောကြောင့် မခေါ်နိုင်ဘဲရှိမှ မအေးစိန်က မသန်းမြင့်၏ကိုယ်ကို ပွေ့ဖက်ကာ ချော့မော့၍ ကျောင်းပေါ်သို့ ခေါ်သွားရလေ၏။

ကျော်ဝင်းမှာ များစွာမကျေမချမ်းဖြစ်လျက် အောင့်သီးအောင့်သက်ခံကာ ခြေပင်မသယ်နိုင်အောင် နုံးခွေလျက် ပုဂံဟောလ်သို့ ပြန်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မိမိအခန်းသို့ ပြန်ရောက်သောအခါ အဝတ်အစား မချွတ်နိုင်အောင်ဖြစ်၍ အိပ်ရာပေါ်သို့ ပက်လက်လှန်ကာ ပစ်လှဲပြီး ခြေပစ်လက်ပစ်ကြီး ဖြစ်နေလေတော့၏။

မသန်းမြင့်သည် မအေးစိန်နှင့်အတူတူ မြို့ထဲသို့ မသွားလျှင် မိမိမပါဘဲ ဘယ်အခါမျှ သွားလေ့မရှိခဲ့ရာ၊ ဆရာတင်အောင်နှင့် မြို့ထဲသို့ ထွက်သွားသည်ဟု ယခုကြားခဲ့ရသည်တွင် မခံချိမခံသာ ဖြစ်ရရှာလေတော့၏။

မိမိမှာ မည်သို့မျှ အပြစ်မရှိဘဲလျက်နှင့် မိမိအပေါ်တွင် မုန်းထား၍သွားလေပြီလော။ ဆရာနှင့်ပင် ယခင်က အချိတ်အဆက်မကင်း၍ ယခုကဲ့သို့ သွားခြင်းပေလောစသည်ဖြင့် တွေးတောခြင်း အမျိုးမျိုးသည် တစ်ခုပြီးတစ်ခု ဦးနှောက်တွင်းသို့ ဖောက်ထွင်း၍ ဝင်လာသည်မှာ မှောက်နေ၍လည်း မပျောက်နိုင်၊ ထိုင်နေ၍လည်း ထပ်၍ပေါ်လာသောကြောင့် ကျော်ဝင်းမှာ တစ်ကိုယ်တည်း ကြိတ်မှိတ်ကာသာလျှင် ဒေါသဖြစ်နေမိလေ၏။

"အလို. . . ကိုကျော်ဝင်း၊ အဝတ်အစားတွေလည်း မလဲဘဲနဲ့ အိပ်ရာပေါ် ဘာလုပ်နေတာတုံး။ မြို့ထဲသွားမလို့လား၊ ပြန်လာတာလား" ဟု မေးငေါ်ကြားရ၍ အခန်းထဲသို့ဝင်လာသူကို လှမ်း၍ကြည့်လိုက်ရာ ဘဦးကို တွေ့ရမှ ၎င်း၏မေးခွန်းများကို မဖြေဘဲ ခေါင်းကိုသာ အတွင်ရမ်း၍ပြလေ၏။

"ဘာဖြစ်ပြန်တာတုံးဗျ"

"ခင်ဗျား မသိပါဘူးဗျာ"

"ဩော်. . . ခက်ပါဘိတော့။ မသိလို့ မေးတာပေါ့"

ကျော်ဝင်းမှာ ပြော၍ပြရမည်ကိုပင် ရှက်သလိုလို ဖြစ်နေပြီးမှ ဘဦးက အထပ်ထပ်မေးလေသောကြောင့် ဖြစ်ပျက်ပုံကို ပြန်၍ပြောလေ၏။ ဘဦးသည် ကျော်ဝင်းပြောသမျှတို့ကို နားထောင်နေရင်း ၎င်း၏စကားများ ဆုံး၍သွားသော်လည်း ရုတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ ငေးစိုက်ပြီး ကြည့်မိလေ၏။

ထို့နောက် ဘဦးက "ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ဗျ။ မအေးစိန် တမင်နောက်တာလားမှ မသိဘဲနဲ့။ ခင်ဗျားကို အချစ်စမ်းတာနဲ့တူပါတယ်။ တကယ်လို့ မဟုတ်ရင်လည်း ဆရာတင်အောင်နဲ့သွားတာ ပြောပ့ါမလားဗျ။ ဒါတစ်ခုလည်း စဉ်းစားပါဦးမှပေါ့" ဟု ပြောလေ၏။

"ခင်ဗျား ဘယ်လိုပြောပြော၊ ဆင်ခြေပေးပေး၊ ကျွန်တော်တော့ ထင်တဲ့အတိုင်း မလွဲဘူးလို့ ယူပြီးသားပဲ"

"အဲဒါ အပြောရခက်တာပဲ။ နားထောင်လို့ ရှိရင်လည်း ပြောလို့အကောင်းသား။ ခုတော့ ခင်ဗျားဟာက ၎တ်တရွတ် တစ်ဖက်သတ်ကြီးကိုဗျ" ဟု ပြောဆိုရာ "ဟော လက်ဖက်ရည်တိုက်နေပြီ၊ လာ သွားသောက်ကြစို့" ဟု ခေါ်လေ၏။

"မသောက်ချင်ဘူးဗျာ၊ လွမ်းရတာလောက် အရသာ မရှိပါဘူး"

www.burmeseclassic.com

"ရည်းစားနဲ့ မတွေ့တာနဲ့ လက်ဖက်ရည် အငတ်ခံရမယ်လို့ဗျာ။ တယ်လည်း ကျပ်တဲ့လူပဲ။ ထလဗျာ" ဟု ကျော်ဝင်း၏လက်ကို ဆွဲခေါ်တော့မှ ပါလာလေ၏။ လက်ဖက်ရည်ခန်းသို့ ရောက်သောအခါ သိန်းဖေ မရှိသည်ကို တွေ့ရလေ၏။

"ဒီလူ မြို့ထဲကိုများ သွားရော့သလား၊ သွားစရာလည်း ပိုက်ဆံမရှိပါဘူး။ ခါတိုင်း လက်ဖက်ရည်သောက်ချိန် သူအစောကြီးရောက်ပြီး မုန့်သုံးလေးခုလောက် တော့ တွယ်နေပြီ" ဟု ပြောလေ၏။

"အင်း. . . ဟုတ်သားပဲ၊ ဒီလူမမြင်ဘူး။ စောစောကပဲ အင်းလျားဆောင် မသွားခင် သူ့ကို အခန်းထဲမှာ တွေ့ခဲ့သေးတယ်"

"မေးဦးမှပါပဲ" ဟုဆိုကာ ဘဦးသည် နောက်နားစားပွဲခုံတွင်ထိုင်သူ ကျောင်းသားတစ်ယောက်အား လှည့်ကြည့်ပြီး "ဒီမှာ ကိုသိန်းဖေတစ်ယောက် မြင်ခဲ့သလား" ဟု မေးလေ၏။

"မြင်ခဲ့သားပဲ။ သူ့အခန်းထဲမှာရှိတယ်"

"ဒီတစ်ခါ လက်ဖက်ရည်သောက်ရအောင်လာတာ နောက်ကျလိုက်တာ"

"ဘာလာမလဲဗျ၊ လက်ဖက်ရည်ထက် ကောင်းနေတယ်"

"ဝိုင်းဖွင့်နေပြန်ပလား"

"ဘယ်ဟုတ်မလဲ။ အဆန်းဗျအဆန်း။ သူရယ်၊ ကိုစံလွင်ရယ်၊ သူက ရည်းစားစာရေးလို့ ကိုစံလွင်က စာရေးလို့ကောင်းအောင် ပိုပြီးလွမ်းအောင်တဲ့ဆိုပြီး အနားက တယောနဲ့ နေရတယ်။ စောစောကလည်း ဆရာ ဆူသွားပြီးပြီ"

ဘဦးမှာ အတော်ပင် သဘောကျသွားကာ "လာဗျာ. . . ကိုကျော်ဝင်း၊ သူ့အခန်းထဲသွားပြီး နောက်ရအောင်။ ကျွန်တော်တို့ကျရင် သိပ်နောက်တဲ့လူ" ဟုပြောကာ ကျော်ဝင်းကို ခေါ်လေ၏။

"ကိုယ်တိုင် စိတ်ရှုပ်နေရတဲ့အထဲ၊ သူများကို မရှုပ်နိုင်ပါဘူးဗျာ"

"ဒါမှ စိတ်ညစ်ပြေပြီး ပျော်တော့မပေါ့"

"အနို့. . . ခင်ဗျား မိမိဆီ မသွားတော့ဘူးလားလို့။ ကိုသိန်းဖေအခန်း သွားနေရင် အချိန်ကုန်ဦးမယ်"

"ဟာ. . . ကျွန်တော် မသွားချင်သေးဘူးဗျာ။ စာပေးထားတာကလည်း ရှိနေတော့ တယ်ပြီး မျက်နှာပူတယ်။ စာပေးကတည်းက တစ်ခါမှ ကျွန်တော် သူ့ကို အတွေ့ မခံသေးဘူး"

"အင်း၊ ခင်ဗျားဟာကလည်း တစ်ဒုက္ခပဲ။ ကျွန်တော်တို့တစ်တွေလည်း မကောင်းတော့ပါဘူးဗျာ"

"အစတုန်းကတော့ ကောင်းလို့လား" ဟု ဘဦးက ပြောင်သလိုလိုပြောပြီး "လာဗျာ၊ ဘာလုပ်စရာမှမရှိဘဲနဲ့ဟာ၊ ကိုသိန်းဖေအခန်းသွားပြီး နောက်နေကြအောင်"

www.burmeseclassic.com



ဟု အတင်းခေါ်နေသဖြင့် လိုက်ပါသွားရလေ၏။

သိန်းဖေမှာ တကုန်းကုန်းနှင့်ရေးလျက် စံလွင်မူကား ကိုယ့်တယောနှင့်ကိုယ် လွမ်းနေသည်ကို တွေ့ကြရလေ၏။

"ဟော့လူတွေ၊ မပြေးကြနဲ့" ဟု ဘဦးက ဖြုံးကနဲဝင်ရင်း ပြောလိုက်ရာ သိန်းဖေမှာ စာထဲတွင် အာရုံစိုက်နေရာက တုန်၍လန့်သွားသည်ကို တွေ့ရသဖြင့် ဘဦးတွင် သဘောကျသွားလေ၏။

"ဟား. . . ဟား၊ ဆရာမှတ်လို့ လန့်သွားသလား"

"မလန့်ပါဘူးဗျာ၊ ကြက်သီးထတာပါ"

"ဟော့. . . ပြပြ၊ ဘာစာရေးနေတာတုံး"

"ကြည့်နိုင်ပါတယ် ဆရာ၊ ဘယ်တော့မှ မဖွက်ဘူး။ ခင်ဗျားတို့လို မှတ်နေသလား၊ ကျွန်တော်တို့က နောက်ပိုးတာလည်း မဖုံးဘူး။ စာရေးတာလည်း မဖွက်ဘူး၊ ပြောင်ပြောင်ပဲ ဆရာ။ ဘာမှရှက်စရာ မဟုတ်ဘူး"

"စာရေးတာ လူမြင်ပြီး မကြိုက်ဘူး ဆိုတာသိရင် ရှက်စရာကြီး"

"ကိုင်း၊ ကိုင်း၊ ပြစမ်းပါဦး" ဟုဆိုကာ ဘဦးက စာကိုယူပြီး ကုတင်ပေါ် သို့သွားရောက်၍ထိုင်ကာ ဖတ်လေ၏။ ကျော်ဝင်းလည်း ဘဦးနှင့်အတူယှဉ်၍ သိန်းဖေရေးထားသောစာကို ကြည့်နေလေ၏။

"ဟဲ၊ ဟဲ ခင်ဗျားကျတော့ ဘာဖြစ်လို့ နမောတသနဲ့ မစသတုန်း။ သူ့ဟာကလေးကျတော့ ရေးလိုက်တာ ညွှန့်လို့ပဲ။ တယ်ပြီး ကြည်ညိုဖွယ်ကောင်းတဲ့လူ။ နို့ပေတဲ့ ခင်ဗျားစာက သိပ်ပြီးမလွမ်းလောက်သေးပါဘူးဗျာ။ ဖတ်လိုက်ရင် မျက်ရည်တောက်ကနဲ တောက်ကနဲကျမှ ကောင်းတာ"

"ဒါလောက်ရေးတာမှ မျက်ရည်မကျဘူးဆိုရင် ဒီစာနဲ့အတူ ကြက်သွန်ဥကြီးတစ်လုံး ထည့်ပေးလိုက်မယ်။ ကြက်သွန်လှီးရင်း စာဖတ်လို့ ထည့်ပြီးရေးလိုက်ရုံပေါ့။ ဒါမှ တောက်ကနဲ တောက်ကနဲ မျက်ရည်ကျမယ်"

"ဒါကမှ ပင်ပန်းပါသေးတယ်။ စာထဲမှာ ငရုပ်ကောင်းမှုန့်ထည့်ပြီး ခေါက်ပေးလိုက်တာပေါ့။ စာကိုဖတ်ဖို့လည်း ဖွင့်လိုက်ရော မျက်စိထဲမှာ ငရုပ်ကောင်းမှုန့်တွေဝင်ရော။ စာမဖတ်ရခင်ဘဲ တစ်ခါတည်း မျက်ရည်တွေကျလာမှာပဲ"

ကျော်ဝင်းက စာကိုကြည့်ပြီးနောက် "ဒီစာလောက်နဲ့များ မအေးစိန် ကျလိမ့်မယ်လို့ ခင်ဗျားက ထင်နေသလား" ဟု မေးလေ၏။

"ဒီလိုပေါ့ဗျာ၊ ရည်းစားဆိုတာ ထုံးစံရေးရိုးရေးစဉ် ဖော်နည်းကားအတိုင်းရေးတာပေါ့။ စင်စစ်တော့ နဂိုမေတ္တာခံ ရှိဖို့ဟာက ပဓာနပါပဲ။ နောက်ဆုံးပိတ်တော့ လျှောက်လွှာနဲ့ အတူတူပဲဗျာ။ အချင်းချင်း ကြိုက်နေကြတာတော့ ကြာပြီ။ ငြိပတဲ့ မိန်းကလေးကစ,ဖို့ အလုပ်မဟုတ်တော့ ယောကျ်ားကလေးက လျှောက်လွှာသွင်းရ

www.burmeseclassic.com

www.burmeseclassic.com


တာပဲ၊ ဒီတော့ မိန်းကလေးက စာပြန်နိုင်မှာကိုးဗျ။ ဒါကြောင့် ကောင်းတာရေးရေး၊ ဆိုးတာရေးရေး၊ လျှောက်လွှာစာ ရေးတဲ့သဘောအတိုင်း ဖော်နည်းကားနဲ့ပြီးရတာပေါ့"

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် မအေးစိန်က ခင်ဗျားကို ကြိုက်နေပြီးသားဟာမို့လို့လား"

"ခင်ဗျား ဘာသိသလဲ၊ စက္ခုရှုပေန သံဝါသာ၊ ရာဂပုတ္တံဝိဇာယတိ၊ မဟာနတ္ထံက ရောသောဟိဇာယတေ"

"ဒါနဲ့ ဘာဆိုင်လို့တုံး"

"နေဦးလေ၊ အနက်ကို ကြည့်ဦးမှပေါ့"

"ကဲ. . ကဲ၊ ခင်ဗျားရွတ်ချင်တာရွတ်ပြီး အမိပ္ပါယ်ကော သိလို့လား၊ အနက်ဘယ်လိုတုံး" ဟု ဘဦးက ဝင်၍မေးလေ၏။

"အနက်က မဲမဲကြီးပေါ့ဗျ"

"ခင်ဗျား ကျွန်တော်မေးတာ မဖြေနိုင်ဘူး။ တွေကရာတွေလွှဲပြီး ပြောမနေပါနဲ့"

"အေးဗျာ၊ တစ်နေ့ကျတော့ မအေးစိန်နဲ့ ကျွန်တော် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေရှေ့မှာ ကျုံ့ကျုံ့ကလေး ထိုင်နေကြပြီး တစ်ယောက်ကိုတစ်ယောက် ရှက်သလိုလို ခေါင်းငုံ့လို့နေတာ တွေ့ရမပေါ့ဗျာ။ ဟိုစာကလေးများ မမှတ်မိတော့ဘူးလား။ 'ယောက်ျားသားပါကလား၊ ဖောက်ပြားကာ တစ်ခါမမြူရပါဘု၊ ကညာဖြူဖြူနွဲ့နွဲ့နှောင်းတို့ကို လာဆိုရင် လာစကောင်းပါငဲ့ မောင်ပစ်ရမယ်' ဆိုတာတို့ပေါ့"

"ကြွားပါပေ့ဗျာ။ အပြောကဖြင့် သိပ်ကြီးတာပဲ။ ပုဏ္ဏားဖြူ ပုဏ္ဏားညိုရှေ့မှာတော့ တွေ့မှာမဟုတ်ဘူး။ ဌာနအုပ်ရှေ့မှာတော့ လက်ဆွဲမှုနဲ့ ဂတ်ထဲရောက်နေတာသာ တွေ့မယ်"

"ထွီ၊ နိမိတ်မရှိ နမာမရှိ" ဟု ပြောလိုက်သည်တွင် စံလွင်က "မလုပ်နဲ့ဆရာ၊ ဇမ္ဗူဒိပ် နိမိတ်ထွန်းသတဲ့။ သူပြောတဲ့အတိုင်း ဂတ်ရောက်ချင် ရောက်နေမှာ" ဟု ပြောလိုက်သောကြောင့် သိန်းဖေက "တော်ဗျာ၊ ခင်ဗျားတို့အားလုံး သွားကြတော့ဗျာ၊ အလကားလာပြီး ရှုပ်ကြတယ်" ဟု ပြောပြောဆိုဆို တစ်ယောက်စီ အတင်းတွန်း၍ ထုတ်သောကြောင့် ကျော်ဝင်းနှင့် ဘဦးတို့သာမက စံလွင်ပါ ကပ်သင့်ပြီး ရယ်မောကာ ထွက်သွားကြလေ၏။

□□□

www.burmeseclassic.com

# အခန်း (၂၅)

နံနက် ကျောင်းတက်ချိန်မတိုင်မီလေးက်တွင် တက္ကသိုလ် စာသင်ကျောင်းတော်ကြီး၏ ကော်ရစ်ဒါများတွင် သွားလာလျက်ရှိကြသူ ကျောင်းသားကျောင်းသူတို့သည် ရှုပ်ရှက်ခတ်၍ နေလေတော့၏။ အုတ်နံရံ ဝရံတာကိုမှီလျက် လေးငါးယောက်တစ်သိုက်စီ စကားပြောနေကြသူများလည်း ဟိုတစ်စု၊ သည်တစ်စု တွေ့ကြရ၏။ ထိုသူတို့သည်ကား များသောအားဖြင့် ရှေ့တွင်ဖြတ်လျှောက်၍ သွားကြကုန်သော ကျောင်းသူကလေးများကို မျက်စိအာရုံ ခံစားကြရန် အကြံမရိုးသူတွေချည်းများ ဖြစ်ကြလေ၏။

ထို့ပြင် ကွန်မွန်ရွမ်းတွင်လည်းကောင်း၊ စာသင်ခန်းများထဲတွင်လည်းကောင်း၊ ကြော်ငြာသင်ပုန်းများရှေ့တွင်လည်းကောင်း၊ လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း၊ ကျောင်းသားများ စည်ကားလှပေ၏။

ကျော်ဝင်းနှင့် ဘဉီးတို့သည် သိန်းဖေနှင့် ခွဲထွက်၍ အတူတူကျောင်းတက်လာကြရာတွင် မိန်းကလေးများအခန်းသို့ ရောက်သောအခါ အပြင်သို့ထွက်၍စောင့်နေသော မိမိကို တွေ့ရသဖြင့် ဘဉီးမှာ ၎င်းအား မည်ကဲ့သို့ ရှောင်ရပါမည်နည်းဟု အကြံရခက်သွားလေ၏။

သို့ရာတွင် မိမိက ၎င်းတို့ကို မြင်သဖြင့် ပြုံးရယ်နှုတ်ဆက်ကာ စောင့်၍နေလေရာ ကျော်ဝင်းက "ဟော့လူ၊ ရှောင်မသွားနဲ့ဗျ၊ ဟိုကတောင် ပြုံးပြီးစောင့်နေသေးတာပဲ၊ ဘာလန့်စရာရှိသလဲလို့။ ခင်ဗျားအပေါ်မှာ တစ်ခုခုစိတ်ထားရင် ဘယ်အတွေ့ခံပါ့မလဲ" ဟု ဘဉီးအား ပြောလိုက်သဖြင့် ဘဉီးလည်း မိမိပြုံး၍နေသည်ကို ကြည့်မိကာ အားတက်ပြီးလျှင် ပြန်၍ နှုတ်ဆက်ပြုံးရယ်ရင်း မိမိ၏အနားသို့ ကပ်သွားကြလေ၏။

"ကိုဘဉီး. . . ဘာဖြစ်လို့ တင်းနစ်ရိုက်ရအောင် မလာလဲ။ မိမိက ညနေတိုင်း မျှော်လိုက်ရတာ" ဟု ပြောလိုက်သည်ကို ကြားရသော် ဘဉီးမှာ နှလုံးခွေ၍သွားပြီး

www.burmeseclassic.com

www.burmeseclassic.com

နောက် ပြန်၍ဖြေရန်ကို စကားစ ရှာကြံပြီးလျှင် "နှစ်ရက် သုံးရက်လောက်ရှိပြီ၊ ညနေတိုင်း ခေါင်းကိုက်ကိုက်နေလို့ပါ" ဟု လိမ်ဆယ်လိုက်ရလေ၏။

"အခု ကောင်းပြီ မဟုတ်လား။ ခေါင်းကိုက်တာကလေးလောက်တော့ မသေနိုင်ပါဘူး"

"ကောင်းသွားပါပြီ"

"ဒါဖြင့် ညနေကို မစ်အိုဟားရားနဲ့ ကိုစံညွှန့်တို့အတွဲနဲ့ ရိုက်ဖို့ရှိတယ်။ မေ့နေပြီလား"

"မမေ့ပါဘူး၊ သိပါတယ်"

"ဒါဖြင့် ညနေကျတော့ ခေါင်းကိုက်မနေပါနဲ့ဦး။ ဆက်ဆက်ကြီး လာခဲ့ပါ။ တင်းနစ်ကုတ်မှာ တွေ့ကြတာပေါ့။ သူတို့အတွဲကို နိုင်လိုက်ရင် ဆီမီးဖိုင်နယ်တက်ဖို့ပဲ ရှိတော့တာပဲ။ သူတို့ကလည်း အင်မတန်တောင့်တာ။ အဲဒါကို မိမိက စိုးရိမ်လွန်းလို့ ဒီကနေ့ တွေ့မှတွေ့ရပါ့မလား၊ ညနေ ကစားမှ ကစားပါ့မလားလို့ ပူနေတယ်"

"မမေ့ပါဘူး၊ အစကတည်းက သတိရပါတယ်။ စိတ်ချပါ"

ထိုအခိုက်တွင် ကျော်ဝင်းက စကားဖြတ်ပြီး "မသန်းမြင့် ရောက်လာပြီလား" ဟု မေးလေ၏။

"မရောက်သေးဘူး ထင်တယ်၊ မမြင်သေးဘူး"

ဘဦးသည် မိမိ၏ ချိုသာသောစကားကို ကြားရလျှင် မိမိအဖို့ မျှော်လင့်ချက်များစွာရှိသည်ကိုတွေ့၍ ဝမ်းသာမိလေ၏။ သို့ဝမ်းသာသော်လည်း ယခုထက်ထိ မိမိထံမှ စာမရသေးသဖြင့် ထိုအချက်ကလေးအတွက် စိတ်မသက်မသာဖြစ်ကာ ဤနေရာတွင်ပင် ချက်ချင်းမေးလိုက်လိုလှသော်လည်း ကျော်ဝင်း ရှိနေသောကြောင့် မေးလျှင် မိမိ ရှက်သွားမည်ကို တွေးမိကာ မည်သို့မျှ မပြောမဆိုတတ် ဖြစ်နေစဉ် မိန်းကလေးအခန်းထဲမှ ကျောင်းသူကလေးတစ်ယောက် ခေါင်းပြူ၍ထွက်လာက "မိမိ ပလိစ်" ဟု ခေါ်လိုက်သောကြောင့် "မေ့မနေနဲ့နော်၊ ဒါပဲ။ မေ့နေရင်တော့လား" ဟုဆိုကာ အဓိပ္ပါယ်ပါသော မျက်နှာပေး၊ မျက်နှာမူဖြင့် ပြော၍ အခန်းထဲသို့ ဝင်သွားသောကြောင့် ကျော်ဝင်းက ဘဦးအား တံတောင်နှင့် တို့လိုက်ရာ ဘဦးတွင် အတော်ပင် ကျေနပ်သွားလေ၏။

ထို့နောက် နှစ်ယောက်သား ခွဲထွက်၍ သွားကြပြီးနောက် ကျော်ဝင်း တစ်ယောက်တည်း လျှောက်လာရာတွင် ကော်ရစ်ဒါလမ်းချိုးထောင့်တွင် မယောင်မလည် လုပ်နေသော သိန်းဖေကို တွေ့ရလေ၏။

"ဟေ့လူ၊ ဘာချောင်းနေတာလဲ"

"ဘာကိုချောင်းသလဲလို့ စဆိုတောင်းတော့ ငါအစ်ကို ပေါင်းရအောင် မြာ အပျို ချောင်းနေတာပေါ့လဗျ"

www.burmeseclassic.com

www.burmeseclassic.com

"မောင်မင်းကြီးသား လုပ်ရင်လည်း နေရာကျမှလုပ်ပါ။ မပဟန်လို့ ချောက်ကျပြီး ဒုက္ခတွေ များနေပါဦးမယ်"

"ပူစရာမရှိပါဘူး မောင်ရာ၊ လေညာက အနေသာကြီးပါ" ဟု ပြောလိုက်သဖြင့် ကျော်ဝင်းက-

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ" ဟု သရော်ကာ ခေါင်းညိတ်ခြင်းဖြင့်ညိတ်ကာ သိန်းဖေထံမှ ခွာ၍သွားလေ၏။

ကျော်ဝင်းသည် ပထမအကြိမ် စာသင်ရန် အခန်းနားသို့ ရောက်သောအခါ ခါတိုင်းကဲ့သို့ အခန်းပြင်တွင်ရပ်ကာ မသန်းမြင့်တို့ကို စောင့်နေလေ၏။ ထိုသို့ စောင့်နေရင်း ပထမခေါင်းလောင်းထိုးသောအခါတွင် ကျောင်းသူကလေးများ ရောက်လာကြရာ မသန်းမြင့် မပါသည်ကို တွေ့ရလေ၏။ ကျောင်းသူကလေးများသည်လည်း တံခါးပေါက်တွင်လာ၍ရပ်ကြသဖြင့် ကျော်ဝင်းသည် ခပ်လှမ်းလှမ်းသို့ ခွာ၍သွားပြီး စောင့်ကြည့်နေပြန်သည်။

"ကိုကျော်ဝင်း. . . ခင်ဗျား တစ်ယောက်နဲ့ အားမရသေးလို့ နောက်တစ်ယောက် ကြည့်နေပြန်တာလား။ ခင်ဗျားရည်းစားနဲ့ဆိုတာ သိပြီးသား၊ ပိုးလို့မရတော့ပါဘူး။ အလကား မောတာအဖတ်တင်ပါတယ်ဗျာ"

"ကိုဟာဝါ၊ မျှော်မနေနဲ့။ ပိုက်ဆံရှိရင် ဝယ်စားလိုက်" ဟု တစ်ယောက်စီ နောက်ပြောင်ကာ အခန်းတွင်းသို့ ဝင်သွားကြသော ကျောင်းသားတို့၏စကားမှာ ကျော်ဝင်း၏နားထဲသို့ မဝင်နိုင်ဘဲ ခပ်လှမ်းလှမ်းမှ ဆရာတင်အောင်နှင့်အတူ လျှောက်လာသော မသန်းမြင့်ကို ကြည့်ကာ ကြက်သေ,သေ၍နေမိလေ၏။

မသန်းမြင့်သည် စောင့်နေသော ကျော်ဝင်းကို မြင်ရသဖြင့် အနားသို့မကပ်ဘဲ ခပ်လှမ်းလှမ်းတွင်ရပ်ကာ ဒုတိယခေါင်းလောင်း မထိုးမချင်း ဆရာတင်အောင်နှင့် စကားမပြတ်ဘဲ အချိန်ဖြုန်းနေလေရာ ကျော်ဝင်းမှာ ခါတိုင်း မိမိအား မသန်းမြင့်တွေ့ရလျှင် အရေးတယူ လျှောက်လာတွေ့ဆုံလျက် ယခုမူ မိမိထက် အရေးကြီးသူကို တွေ့နေရသောကြောင့် မလာအားတာဘဲဟုတွေးလျက် တစ်ကိုယ်လုံး မွှန်ထူဖိန်းရှိန်းကာ အခန်းထဲသို့ ဝင်သွားပြီးလျှင် ခါတိုင်း ဒုတိယခုံတွင် ထိုင်နေကျ မထိုင်ဘဲ၊ နောက်ဆုံးခုံတွင် ဝင်၍ထိုင်လိုက်လေ၏။

နောက်ဆုံးခုံများတွင် တွယ်ကပ်တတ်သည့် ကျောင်းဆွေးဆွေး၊ ငါဆွေးဆွေး သဘောထားသော 'အက်ဖ်' တစ်စုတို့သည် ကျော်ဝင်း၏ ထူးခြားခြင်းကို မြင်ရ၍ "ဘယ့်နှယ် ကိုကျော်ဝင်း၊ ဘာစိတ်ကူးနဲ့ ဒီကနေ့ နောက်ဆုံးခုံလာပြီး ထိုင်နေတာတုန်း။ စာမရတာနဲ့ မေးလားမြန်းလား လုပ်မှာစိုးလို့ အန္တရာယ်ကင်း ဘေးရှင်းတဲ့နေရာ လာတာလား" ဟု မေးကြ၏။

"မဟုတ်ပါဘူးဗျာ၊ ဟိုခုံတွေ နေရတာ နာမည်ပျက်လွန်းလို့"

www.burmeseclassic.com


"ပျက်ပြီးသားပဲ၊ မထူးတော့ပါဘူး" ဟု ထပ်၍ပြောသော်လည်း ကျော်ဝင်းမှာ ပြန်၍ စကားမစ,လိုတော့သဖြင့် ငြိမ်၍နေလေ၏။

ထို့နောက် ကျောင်းသူကလေးများ ဝင်လာကြပြီး နောက်ဆုံးမှ အနည်းငယ် ခွာ၍ မသန်းမြင့် ပါလာသည်ကို တွေ့ရလေ၏။

ထိုအခိုက်တွင် အခန်းထောင့်တစ်ထောင့်ဆီက 'ကို' ဟု အသံတိုင်လိုက်ရာ တစ်ဘက်မှ 'ကျော်' ဟု အသံထွက်ပေါ်လာပြီး အလယ်လောက်ဆီက 'ဝင်း'ဟု အော်သံနှင့်တကွ "ဝါး ဟားဟားဟား" ဟု တစ်ခန်းလုံး ဟားတိုက်သံကြီး ဖြစ်သွားလေရာ၊ မသန်းမြင့်မှာ ဣန္ဒြေပျက်၍ ကျော်ဝင်းမှာ မျက်နှာထားပူမိသည့်ပြင် စိတ်ညစ်နေသည့် အထဲတွင် မရှင်နိုင်ဘဲ ဒေါသဖြစ်လေ၏။

ဒုတိယခေါင်းလောင်းထိုး၍ ဆရာဝင်လာသည့်အချိန်မှစပြီး အတန်းဖြုတ်သော ခေါင်းလောင်းထိုးသည့်အချိန်အတွင်း ၄၅ မိနစ် ကာလပတ်လုံး ကျော်ဝင်းမှာ ဆရာ သင်ပြသောစာများကို မကြားနိုင်၊ မမြင်နိုင်၊ မရေးနိုင်၊ မကူးနိုင်ဘဲ မှတ်စုစာအုပ် ထဲတွင် ပသန်းမြင့်ဟူသော အမည်ကိုသာလျှင် စာတစ်မျက်နှာလုံးပြည့်အောင်ရေး လျက် တစ်လုံးရေးပြီးရင်း ဖောင်တိန်သွားနှင့် ထိုးဖောက်ခြစ်ဖျက်ရင်း ဒေါတပွပွ ဖြစ်နေ မိကာ အတန်းဖြုတ်သွားသော အချိန်ကျမှ ဟင်းကနဲ သက်ပြင်းကြီးချလိုက်ပြီးလျှင် မှိုင်တွေချကာ အခန်းထဲမှ ထွက်လာခဲ့၏။

ထိုသို့ထွက်ခဲ့ပြီးနောက် ဆက်လက်၍ စာသင်ခန်း ကူးပြောင်းသင်ကြားရန် စိတ်မရှိတော့ဘဲ ဆိတ်ငြိမ်ရာ စာဖတ်ခန်းဆီသို့ သွားရောက်ရာတွင် နားထင်ကို လက် ထောက်ပြီး ငိုင်၍တွေဝေစဉ်းစားနေသော သိန်းဖေကို တွေ့ရသဖြင့် သိန်းဖေအနားသို့ ကပ်သွားကာ ဘာစကားမှ မပြောဘဲ စားပွဲပေါ်တွင် စာအုပ်ပစ်ချ၍ သိန်းဖေ၏ဘေး တွင် ယှဉ်ကပ်လျက် ထိုင်လိုက်လေ၏။

သိန်းဖေလည်း တွေဝေစဉ်းစားရာမှ အနားသို့ ကပ်ရောက်လာသော လူရိပ် ကို တွေ့သဖြင့် အတွေးကိုဖျက်၍ လှည့်ကြည့်လိုက်ရာ ကျော်ဝင်းကိုတွေ့၍ "ဟင် ကိုကျော်ဝင်း၊ ကလပ်စ် မရှိဘူးလား" ဟု မေးလိုက်လေ၏။

"ရှိတော့ရှိတယ်၊ မတက်ချင်လို့"

"ဘာဖြစ်လို့တုံး၊ တယ်မှိုင်ပါလား"

"မပြောချင်ပါဘူးဗျာ"

"မပြောချင်လည်း မပြောတာဘဲ ကောင်းတယ်။ ကျွန်တော်လည်း အခုနေ ညည်းတဲ့ညူတဲ့စကားတော့ တယ်ပြီး မကြားချင်ဘူး"

"ဘာများဖြစ်ပြန်တုံး"

"မအေးစိန်လေ"

"မအေးစိန် ဘာဖြစ်သတုံး"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် စာလိုက်ပေးတာ ယူကိုမယူဘူး၊ ပစ်ချခဲ့တယ်" ဟု ပြောသည်တွင် ခါတိုင်းကဲ့သို့ဆိုလျှင် ကျော်ဝင်းသည် အူလန်၊ အသည်းလန် ရယ်လိုက်မည်ပင်ဖြစ်သော်လည်း ယခုမူ ကိုယ့်အပူနှင့်ကိုယ် မအေးနိုင်သောကြောင့်-

"မသနားလိုက်တာဗျာ၊ ကျွန်တော် အပြောသားနဲ့" ဟု အပြစ်တင်လေ၏။

"သနားပါလို့လည်း ကျွန်တော် မပြောပါဘူးဗျာ"

"ဒီလို စာပစ်ချခဲ့တော့ ခင်ဗျား မရှက်ဘူးလား"

"မရှက်ပေါင်ဗျာ။ သူကပစ်ချလိုက်၊ ကျွန်တော်က ပြန်ကောက်ပြီး အတင်းလိုက်ပေးလိုက်၊ သူက တစ်ခါပုတ်ချလိုက်၊ ကျွန်တော်ကကောက်ပြီး လိုက်ပေးလိုက်၊ သူက ရှေ့ကသွား၊ ကျွန်တော်က နောက်ကလိုက်နဲ့ ရည်းစားစာပေး လိုက်တန်းပြေးတမ်း ကစားနေလိုက်ကြတယ်။ တတိယအကြိမ် ပေးမယ်ကြံတော့ လမ်းချိုးထဲက ဆရာတစ်ယောက် ထွက်လာတာနဲ့ ကျွန်တော် စာမပေးနိုင်အောင် ဆရာနဲ့ စကားရပ်ပြီးပြောနေလို့ အသာရှောင်ပြီး ထွက်ခဲ့ရတယ်။ ဖြစ်ပုံများ ထူးရောပဲ"

"အဲဒါ ခင်ဗျားကို မချစ်ဘူးဆိုတာ အကြောင်းပြတာပဲ။ နောက်ထပ်ပြီး မလုပ်နဲ့တော့။ ရပ်တန်းတွင် မရပ်ရင် ဖိနပ်တန်းလွန်ပြီး ဂတ်တန်း ရောက်နေမယ်"

"မိန်းကလေးက အရှက်မရှိလို့ ရဲတိုင်ရင် တိုင်ပေစေ။ ကျွန်တော်တော့ မဟန်မချင်း ကြံမှာပဲ။ နည်းနည်းမှ စိတ်မပျက်ဘူး။ နို့ ခင်ဗျားကကော ဘာဖြစ်ပြန်လာတာတုံး" ဟု မေးလေ၏။

"ပြောရရင် ရာဇဝင်အရှည်ကြီးဗျ၊ မပြောပါရစေနဲ့တော့၊ တိုတိုပြောရရင် မသန်းမြင့်နဲ့ ဘောက်ကျနေကြပြန်ပြီဗျ"

"ဘယ်လိုအကြောင်းနဲ့လဲ"

"ဘယ်လိုမှန်းကို မသိရလို့ ခက်နေတယ်။ အခြောက်တိုက် ကျွန်တော့်အပေါ် စိတ်ဆိုးနေတာ အခံရကြပ်လွန်းလို့။ ဒါတင်မကသေးဘူး၊ ကျွန်တော်ရှေ့တင် ပြောင်ပြောင်ကြီးလုပ်ပြီး ဆရာတင်အောင်နဲ့ ပြုံးပြုံးရွှင်ရွှင် ပြောဆိုနေလိုက်ကြသေးတယ်"

"နေပါဦး၊ ခင်ဗျား သိရသလောက် ပြောစမ်းပါဦး" ဟု သိန်းဖေက ထပ်မံတိုက်တွန်းပြန်သောကြောင့် ကျော်ဝင်းသည် အင်းလျားဆောင် အဖြစ်အပျက်နှင့်တကွ ယခုတွေ့ကြုံရပုံတို့ကို ပြန်လှန်၍ပြောလေ၏။

"ဟင်. . . ခင်ဗျားတို့ဟာကလည်း အကျပ်သားပဲဗျ။ အင်းလျားဟောလ်သွားတော့လည်း ရှိတယ်ဆိုပြီး မတွေ့ရ။ ဆရာနဲ့ လိုက်သွားတယ်လို့ တစ်ယောက်ကပြော၊ မနက်ကလည်း အတွေ့မခံ၊ ဒီဆရာနဲ့ပဲတွဲပြီး စကားပြောနေတာ တွေ့ခဲ့ရ၊ ခင်ဗျားမှာလည်း ဘာအပြစ်မှမရှိ၊ သူကလည်း ဘယ်လိုအပြစ်ရှိတယ်မှမပြော၊ ဘေးကလည်း ဘယ်သူကမှမပြော။ ဘယ့်နှယ်တုန်းဗျာ။ အသက်ရှုကြပ်ပါပြီတော့ မန္တလေးက ငါချဉ်သယ်ဆိုတာ ကျနေပြီ။ ဘယ်လို စဉ်းစားလို့မှ မရနိုင်ဘူး"

www.burmeseclassic.com



"ဒါကြောင့် ခက်နေတာပေါ့ဗျ။ ဘယ်လိုလုပ်ရမှန်းလဲ မသိပါဘူးဗျာ။ ကိုဘဦး တစ်ယောက်ကော တွေ့သလား"

"မတွေ့ဘူးဗျ၊ သူလည်း တစ်နေ့လုံး အောင့်မရဘူးထင်တယ်။ ဘာတိုင်ပင်ချင် သေးလို့လဲ"

"အကျိုးအကြောင်း ပြောပြဖို့ပေါ့"

"ဒါကတော့ ဘယ်အခါပြောပြော ဖြစ်ပါတယ်ဗျာ။ ကျွန်တော် အကြံတစ်ခု ပေးပါ့မယ်။ ခင်ဗျား အခုလို နေလို့တော့ အလကားပဲ၊ မသန်းမြင့်ဆီ စာရေး၊ ဖြစ်တာ၊ တွေ့တာ၊ ကြားတာ၊ မြင်တာ အကုန်ထည့်ရေး။ ပြီးတော့ ခင်ဗျားက အပြစ်တင်မှာစိုးတဲ့ အတွက် သူက ဦးအောင် စိတ်ဆိုးသလို လုပ်နေတာလား၊ ဘာလားနဲ့ ခပ်မာမာကြီး ရေးချလိုက်ဗျာ။ ဒီနေရာမှာ ခင်ဗျားက မာရမယ့်အပေါက်။ ခင်ဗျားမှာမှ အပြစ်မရှိဘဲနဲ့ သူ့ကို ကြောက်နေရမှာတဲ့လားလို့၊ ကိုယ်က ဘာပျော့နေစရာ ရှိသလဲ၊ လာဗျာထ။ ကျောင်းသွားရေးမယ်။ ညနေကျောင်းမဆင်းခင် ပေးလိုက်။ သူ့မပေးချင်ရင် မအေးစိန် ပေးလိုက်" ဟု အားပေးတိုက်တွန်းကာ စိတ်ကြွလာအောင်လုပ်ပြီး အတင်းဆွဲခေါ်၍ ပုဂံဟောလ်သို့ သွားကြလေ၏။

ပုဂံဟောလ်သို့ပြန်၍ ရောက်ကြပြီးနောက် သိန်းဖေက စီစဉ်ပေး၍ ကျော်ဝင်း ကရေးပြီးလျှင် စာတစ်စောင်ဆုံး၍သွားသောအခါ အပြန်အလှန် အထပ်ထပ်ဖတ်ရှု ကျေနပ်ကြပြီးမှ ကမန်းကတန်း ကျောင်းသို့ ပြန်လာကြလေ၏။

ကျောင်းသို့ ပြန်လည်ရောက်ရှိကြရာတွင် ဦးစွာ ဘဦးနှင့် တွေ့သဖြင့် "ခင်ဗျား တို့နှစ်ယောက် ဘယ်ပျောက်နေကြတာတုံး" ဟု မေးသောကြောင့် ကျော်ဝင်းက အကျိုး အကြောင်း ပြောပြလေ၏။

"ခင်ဗျား ကိုသိန်းဖေ စကားတွေကိုလည်း အရမ်းနားမထောင်နဲ့ဦး"

"ခင်ဗျား ဘာသိသလဲဗျ၊ ကျွန်တော်က ကောင်းဖို့စီမံတာ၊ ဒီလိုမလုပ်ဘဲနဲ့ ခံနေရမှာလားဗျ။ ကိုယ်အပြစ်ရှိရင် ဒီလိုသူနေမလား။ ဆူလိုက်ပူလိုက်မယ့်ဖြစ်ခြင်း၊ ရစရာရှိမှာ မဟုတ်ဘူး။ အခု သူ့အပြစ်ရှိလို့ သူက၊ ရှောင်နေတာ၊ ကိုယ်ကထန်ပြီး ပေးရမယ်ဗျ"

"ဒါတော့ ကိုကျော်ဝင်း သဘောပဲလေ၊ နာစရာရှိတော့ ခင်ဗျားနဲ့ ကျွန်တော် တို့ နာမှာမဟုတ်ဘူး။ ကိုကျော်ဝင်း နာဖို့ပဲ"

"ဒါရေးလို့ နောက်ကိုနာရမှာ မဟုတ်ဘူး။ ဒီလိုမရေးလို့ အခု အချောင်နာနေ ရတာ။ မဟုတ်ဘူးလား ကိုကျော်ဝင်း၊ ကျွန်တော်ပြောတာ ခင်ဗျားပဲ စဉ်းစားကြည့်လေ"

ကျော်ဝင်းသည် တွေ၍နေပြီးမှ အဖြစ်ကို တွေးမိကာ ဒေါသအရိပ်ရောင် လွှမ်းလာပြီး "ကဲဗျာ၊ ဖြစ်ချင်ရာ ဖြစ်ပေ့စေ၊ ပေးလိုက်မယ်။ ဒါနဲ့မှ မုန်းချင်လည်း မုန်းရောပဲ" ဟု ဆိုလိုက်သဖြင့် ထိုစာကိုပေးရန် ဆုံးဖြတ်ပြီး ဖြစ်သွားလေ၏။

www.burmeseclassic.com



"ကဲ. . . ခင်ဗျားတို့ ကွန်မွန်းရွမ်းမှာ စောင့်နေ၊ ကျွန်တော် လိုက်ရှာပြီး ပေးလိုက်မယ်" ဟု ပြောပြောဆိုဆိုပင် ကျော်ဝင်းလည်း ထွက်သွားသဖြင့် သိန်းဖေက "အင်း. . . ဒီကိစ္စအတွက်နဲ့ ကျွန်တော်လည်း တစ်နေ့လုံး မတက်ဖြစ်တော့ပါဘူး" ဟု ဆိုကာ ဘဦးနှင့်အတူ ကွန်မွန်းရွမ်းသို့ သွားကြလေ၏။

ထိုသို့စောင့်စားနေကြ၍ အတန်ကြာလျှင် ကျော်ဝင်းသည် အခန်းထဲသို့ ဝင်ရောက်လာသည်တွင် နှစ်ယောက်စလုံးကပင် "ဘယ့်နှယ်လဲ၊ ပေးပြီးပလား" ဟု အရင်စလို သံပြိုင်မေးကြသဖြင့် ကျော်ဝင်းက "အိုကေ" ဟု ဖြေလေ၏။

"ဘယ်သူ့ ပေးလိုက်သလဲ"

"မသန်းမြင့် ပြန်သွားပြီတဲ့။ မအေးစိန်နဲ့တွေ့လို့ သူ့လက်ထဲ အပ်လိုက်တယ်။ အရေးထဲ မအေးစိန်က ဒီစာကို ကိုသိန်းဖေက သူ့ပေးတဲ့စာမှတ်လို့ ရုတ်တရက် မယူဘူး လုပ်နေလို့ မနည်းရှင်းခဲ့ရသေးတယ်။ စောစောကဟာ လန့်တယ် ထင်ပါရဲ့"

"စောစောက ကိုသိန်းဖေနဲ့ မအေးစိန် ဘာဖြစ်ကြလို့တုံး"

"ပြောလို့ မကောင်းပါဘူးဗျာ၊ သူက စာအတင်းလိုက်ပေး၊ ဟိုက အတင်းငြင်းပြီး ပစ်ချ၊ ထပ်ပေး ထပ်ပစ်နဲ့ ဖြစ်ချင်သလို ဖြစ်နေကြတာပေါ့" ဟု ပြောပြမှ ဘဦးတစ်ယောက်တည်း ဟက်ဟက်ပက်ပက်ရယ်ကာ "ကမ္ဘာ့မီးလောင်ရတဲ့အထဲ ဆီမီးခွက်က ဝင်ပြီးတောက်နေသေးတယ်။ ခင်ဗျားတော့ မစွံတော့ပါဘူးဗျာ" ဟု ပြောလေ၏။

"အမယ်လေး၊ ကြည့်နေပါဗျ။ ဒီနည်းမျိုးနဲ့ နောက်ထပ်ပြီး ပေးလိုက်ရဦးမယ်။ အခု သူက အချစ်စမ်းတာ၊ အချစ်စမ်းတာ။ ဟဲ. . ဟဲ၊ သိန်းဖေတို့မှား ဒီအထိ လူတိုင်းက မေတ္တာရှိကြတာဗျ"

"ကဲ ဘာလုပ်ကြဦးမလဲ"

"အားလုံး ပြီးပြီ မဟုတ်လား၊ လာ ဟောလ်ကို ပြန်ကြမယ်။ ညနေ တင်းနစ်ရိုက်ဖို့ ရှိသေးတယ်။ ကျွန်တော်လည်း ကျန်တဲ့အတန်းတွေ အကုန်ဘန့်လုပ်ပြီ" ဟုဆိုလိုက်သောကြောင့် အားလုံးထကာ ပုဂံဟောလ်သို့ ပြန်ခဲ့ကြလေ၏။

မအေးစိန်သည် ကျောင်းသို့ပြန်၍ရောက်ရှိသည်တွင် ကျော်ဝင်းပေးလိုက်သောစာကို မသန်းမြင့်အား ပေးလိုက်လေ၏။ သို့ရာတွင် မသန်းမြင့်သည် ကျော်ဝင်းက ပေးလိုက်သည် ဆိုခြင်းကြောင့် မဖတ်လိုဘဲ ဖြဲဆုတ်ပစ်မည် လုပ်သည့်အတွက် "အို မသန်းမြင့်ကလည်း တဆိတ်ကလေးရှိ ဒေါသကလေးနဲ့ချည်းပဲ။ ဘာ ဘယ်လိုရေးတယ်၊ ဘာအကြောင်းရယ်ဆိုတာကလေးလောက်တော့ သိရအောင် ဖတ်ကြည့်ဦးမှပေါ့။ ပြီးတော့မှ ဖြဲပစ်ချင်ပစ်လိုက်တာပေါ့" ဟု ဖျောင်းဖျပြောပြီးမှ မသန်းမြင့်သည် အနည်းငယ် စိတ်ပြေကာ ကျော်ဝင်း၏စာကို ဖတ်ကြည့်လေ၏။

ထိုသို့ဖတ်ကြည့်ရင်း ဒေါသတဖြင်းဖြင်းထ၍လာကာ အသက်ရှူပြင်းပြန် လာသောကြောင့် "ဘာတွေများပါလို့ပါလိမ့်၊ နေရင်းထိုင်ရင်း ဒေါသကြီးလှချည့်လား"

www.burmeseclassic.com

ဟု မအေးစိန်က မေးလိုက်ရာ-

"ဒေါသကြီးရပါပြီလား၊ သူ့စာထဲမှာ ကျွန်မကို မတရားစွပ်စွဲလိုက်သေးတယ်။ သူ့အပေါ်မှာ အဆိုးမချရအောင် သူကပဲ ကျွန်မ ဆိုးသလိုလို ရေးထားလိုက်သေးတယ်။ ကောင်း ကြရော့လား" ဟုဆိုရင်းက ဒေါသပိုမိုထွက်လာကာ မိန်းမတို့၏ဒေါသမှာ မျက်ရည်တွင် တည်ရှိရကား ယောကျ်ားတို့ကဲ့သို့ ရှူးရှူးဒိုင်းဒိုင်း မဟုတ်ဘဲ ဒေါသကြီးသလောက် မျက်ရည်ဖြင့် အစွမ်းပြလေ၏။

မအေးစိန်မှာ ချော့မော့ရသည်က တစ်ဘက်၊ ကျော်ဝင်း၏စာကို ဖတ်ရသည်ကတစ်ဘက်နှင့် အတော်ပင် အလုပ်များ၍နေပြီးမှ စာကိုဖတ်ရှုပြီးသည့်အဆုံးတွင် "အို အဲဒါ ကျွန်မကြောင့် ဖြစ်ရတာပဲ၊ သူက မသန်းမြင့်နဲ့ ဆရာကိုတင်အောင်ကို အထင်လွဲပြန်ပြီ" ဟု ပြောလိုက်သဖြင့် မသန်းမြင့်သည် တရှုံ့ရှုံ့ဖြစ်ရာမှ မအေးစိန်ကို စိုက်ကြည့်ကာ-

"ဘာ၊ ဘာဖြစ်လို့ မအေးစိန်ကြောင့်လဲ" ဟု မေးလေ၏။

"ဟိုတစ်နေ့က သူဒီလာတုန်းက မသန်းမြင့် မြို့ထဲထွက်သွားပြီလို့ ပြောလိုက်တော့ သူက ဘယ်သူပါသေးသလဲ မေးတာနဲ့ ကျွန်မပါးစပ်ထဲ တွေ့မိတွေ့ရာ ဆရာကိုတင်အောင်နဲ့လို့ ပြောလိုက်မိတယ်"

"ဒါကို သူက အခုထက်ထိ အထင်လွဲနေသေးရင်လည်း မတတ်နိုင်ဘူး၊ ဟိုတစ်ခါတုန်းကပဲ ကျွန်မ ပြောဖူးပြီးပြီ။ ဆရာကိုတင်အောင်နဲ့ ကျွန်မ ဆွေရိပ်မကင်း မျိုးရိပ်မကင်းထဲကလို့ ပြောထားသားပဲ။ ဒါကို သူက မသင်္ကာဘဲ ရှိနေသေးရင် သူ့အဆိုးပေါ့။ ကျွန်မ ဘယ်နှစ်ခါထပ်ပြီး ပြောရဦးမလဲ"

"ကိုယ်ချစ်တဲ့လူဆိုတော့ ဘယ်သူမှ စေ့စေ့ကြည့်မခံနိုင်ဘူးပေါ့"

"ကျွန်မကိုလားရှင်၊ သူက ချစ်တာ။ ကျွန်မကို တကယ်တမ်းချစ်ရင် သူ မိမိကို စာပေးပါ့မလား။ သူ့စာကိုလည်း မအေးစိန် အတွေ့သားနဲ့။ ဘာအထူးပြောနေဖို့ လိုသေးသလဲ။ သူ ကျွန်မကို ချစ်လို့မဟုတ်ဘူး။ တမင်နှစ်ရအောင် ကြံတာရှင်" ဟု ဆိုရာတွင် မသန်းမြင့်သည် ဒေါသဖြစ်လာကာ ကျော်ဝင်း၏စာကို ဆွဲ၍ဖြဲလေ၏။

"နို့ပြီး. . . သူ့ရှေ့မှာ ဆရာတင်အောင်နဲ့ ပြုံးပြုံးရယ်ရယ်၊ ပြီတီတီ လုပ်နေတယ် ဆိုပါကလား"

"ဒါက မနက်တုန်းကပါ။ သူနဲ့ မျက်နှာချင်းဆိုင်ရမှာစိုးလို့ ဆရာနဲ့ စကားပြောမပြတ်သလို လုပ်နေတာပါ။ သူက ကျွန်မကို ချက်ချင်းလက်ငင်း အပြစ်ရှာရင်၊ သူ့ကိုလည်း မနေဘူး။ ကျွန်မ အခုချက်ချင်း စာရေးပြီး တစ်ခါတည်း ဖြတ်ပစ်လိုက်တော့မယ်။ သူ့ကို မချစ်ရ၊ မကြိုက်ရလို့ ဘာမှမဖြစ်ပါဘူး"

"မသန်းမြင့် စဉ်းစားနော်၊ သူများ ပူရမှာ မဟုတ်ဘူး။ မသန်းမြင့် ပူရမှာ"

"ကျွန်မ လုပ်မယ်ဆိုရင် လုပ်မယ်။ တားလို့မရဘူး" ဟု ဆိုသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

မအေးစိန်မှာ ကြည့်၍သာ နေရလေတော့၏။

အစဉ် မအေးစိန်သည် မိမိအား သိန်းဖေက စာပေးသည့်အကြောင်းကို မသန်းမြင့်အား ပြောပြမည် ကြံမိသော်လည်း မသန်းမြင့်သည် စိတ်လှုပ်ရှား ချောင်းဆန်နေသည်ကို တွေ့ရသဖြင့် မိမိပြောလိုသောစကားတို့ကိုပင် မျိုသိပ်၍ထားလိုက်ပြီးလျှင် အလိုက်သင့် နေလိုက်လေ၏။

မသန်းမြင့်သည် ပုရွက်ဆိတ်ကလေး၏ဒေါသကဲ့သို့ ဆစ်ခနဲအထိမခံ၊ ပြန်၍သာ ရန်မူပြီး မိမိ၏ဒေါသကြောင့် မိမိမှာ စိတ်ဒုက္ခခံစားရမည်ကို မတွေးမတောဘဲ စာရွက်များကို ရေးလိုက်၊ ပြင်လိုက် စိတ်တိုင်းမကျ၍ ဖြဲလိုက်နှင့် အပူတိုက်လွမ်းခန်းကို အသုံးတော်ခံ၍ နေလေတော့၏။

မအေးစိန်သည် မသန်းမြင့် လုပ်ပုံကိုင်ပုံတို့ကို ကြည့်ရာက၊ သိန်းဖေအကြောင်းကို တွေးမိပြီးလျှင် ကျော်ဝင်း၏ဖြစ်အင်နှင့် ယှဉ်တွဲစပ်ဟပ်ကြည့်ရှုကာ 'ယောကျ်ားတို့မည်သည်မှာ စိတ်ထဲမှ စွဲစွဲမြဲမြဲ နှစ်သက်သည်၊ မနှစ်သက်သည် မဟုတ်ဘဲ မြင်လျှင်ကြိုက်၊ တွေ့လျှင်လိုက်ကာ မိန်းမမြင်လျှင် ပိုးချင်ပန်းချင်စရာ သက်သက်ပင်ဖြစ်သကဲ့သို့ သဘောထားကြပေသည်' ဟူသော ယူဆချက်ဖြင့် သိန်းဖေက မိမိအား စာပေးသည်ကိုတွေးပြီး တစ်ကိုယ်တည်း ဒေါသဖြစ်မိလျက် သိန်းဖေအပေါ်တွင် အတော်ပင် မုန်းတီးလိုသောစိတ်များ ပေါ်လာလေတော့၏။

မသန်းမြင့်မှာလည်း မိမိဒေါသနှင့် မိမိဖြစ်ကာ ၎င်းတို့နှစ်ယောက်စလုံးမှာ အတွင်းကြိတ် ဒေါသမီးသည် ကိုယ်ထဲ၌ လောင်ကျွမ်းလျက် ရှိကြလေ၏။

ထိုသို့ စာရေးသားနေစဉ်တွင် အခန်းပြင်မှ ကျောင်းသူကလေးတစ်ယောက် ဝင်လာကာ "တင်းနစ်မက်ချ် မသွားကြဘူးလား။ ကနေ့ ကိုဘဦးနဲ့ မိမိကတစ်တွဲ၊ ကိုစံညွန့်နဲ့ မစွအိုဟားရားတို့က တစ်တွဲ ကြည့်လို့သိပ်ကောင်းမယ်။ ဂရေစီထွန်းဖေတို့ တောင် သွားနှင့်ကုန်ပြီ" ဟု ပြောလေရာ တင်းနစ်ရိုက်ပွဲထက် အရေးကြီးသည့်ကိစ္စကြံနေကြသူတို့မှာ တင်းနစ်လောက်ကို ဂရုမစိုက်နိုင်ဘဲ မအေးစိန်က "ဖိုင်နယ်ကျမှ ကြည့်တော့မယ်လေ၊ မလိုက်တော့ဘူး" ဟု ပြောလိုက်သည့်အတွက် ထိုကျောင်းသူကလေးသည် ထွက်လာခဲ့ပြီးလျှင် စောင့်နေကြသူများနှင့် အတူတူလိုက်ပါသွားလေ၏။

တင်းနစ်ရိုက်သော ကွင်းကြီးအတွင်းရှိ သံမံတလင်း ကွင်းငယ်ကလေးများ အပေါ်တွင် ကျောင်းတော်သားများသည် နှစ်ယောက်တစ်တွဲဖြင့်လည်းကောင်း၊ တစ်ယောက်ချင်း ဖြင့်လည်းကောင်း၊ အစီအရီရိုက်ကာ ခုန်ပေါက်ပြေးလွှားနေကြသည်မှာ အဝေးမှနေ၍ ကြည့်ရလျှင် အလွန်ပင် စိတ်ကြည်နူးဖွယ်ရာတမျှ ရှိပေတော့၏။ ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ ဖိနပ်ဖြူ စင်ကြယ်ဖြူဖွေးသော အဝတ်အစား ဝတ်စားဆင်ယင်သူများသည် တက္ကသိုလ်နယ်မြေကို ကျက်သရေဆောင်နေကြလေ၏။

ကျောင်းသားကျောင်းသူ နှစ်ယောက်တွဲ ရိုက်ပွဲဖြစ်သော မစ်ဝ်ဒါယိလ်

www.burmeseclassic.com



ရိုက်ကြသည့်ပွဲတွင် အိုဟားရားနှင့် စံညွန့်တို့အတွဲမှာ ယခင်နှစ်ကပင် နာမည်ရခဲ့သော အတွဲ ဖြစ်သည့်အလျောက် ယခုနှစ် အသစ်တွဲသော ဘဉီးနှင့် မီမီတို့သည် နိုင်မှနိုင်ပါ့ မလားဟူသော သဘောနှင့် လာရောက်ကြည့်ရှုကြသူများ အတော်ပင်များပြားလေ၏။

ကျော်ဝင်းမှာ စိတ်မကောင်းလျက်နှင့်ပင် သိန်းဖေ အတင်းဆွဲခေါ်ခြင်း ကြောင့် အားပေးရန် လိုက်ပါလာခဲ့လေ၏။ ၎င်းတို့ ရောက်ရှိကြ၍ မကြာမီပင် ကျောင်း သူကလေးများ ရောက်ရှိလာကြလေရာ ကျော်ဝင်းနှင့် သိန်းဖေတို့၏ မျက်လုံးများသည် ၎င်းတို့အထဲတွင် မသန်းမြင့်နှင့် မအေးစိန်တို့ကို ရှာဖွေကြသော်လည်း မတွေ့ကြသဖြင့် ဟင်းချမိလေတော့၏။

ထိုအခိုက်တွင် တဖြောက်ဖြောက် လက်ခုပ်တီးသံများ ပေါ်လာကာ ယှဉ်ပြိုင် ကစားကြမည့်သူများသည် ကွင်းထဲသို့ ဝင်ရောက်၍လာကြသည်ကို တွေ့ရှိကြရလေ၏။ အမ်ပိုင်ယာ ဒိုင်လုပ်သူများသည် ပိုက်တန်းထားသည့် တိုင်နှစ်ဖက်အနီး ခုံမြင့်ပေါ်သို့ တက်ကြ၍ မကြာမီပင် စတင်ကစားကြလေ၏။

နှစ်ဖက်သော သူတို့မှာ အတော်ပင် လက်ညီကြလေရာ စ,၍ကစားလိုက် သည်မှာ တစ်ပွဲပြီးသွားသည့်တိုင်အောင် လျင်မြန်သွက်လက်စွာ ကစားနေကြသည်မှာ လက်ခုပ်သံမစဲအောင် ရှိပေတော့၏။ သို့ရာတွင် မီမီမှာ အိုဟားရားတို့၏ လက်ကိုမတွေ့ သေးသည့်အလျောက် ပထမပွဲတွင် အမှတ်အနည်းငယ်နှင့် ကပ်ရှုံးလေ၏။ သိန်းဖေနှင့် ကျော်ဝင်းတို့မှာမူ အတော်ပင် အားလျော့၍သွားကြရာမှ ဒုတိယပွဲတွင် ဘဉီးတို့ နိုင် လိုက်ရာ သိန်းဖေ၏ လက်ခုပ်သံသည် သူများထက် ထူးကဲထင်ရှားစွာ ထွက်ပေါ်လာ လေတော့၏။

သို့နှင့် တစ်ဉီးစီ အလှည့်ကျ နိုင်နေရာမှ နောက်ဆုံးနှစ်ပွဲဆက်၍ နိုင်လိုက်ရာ ဩဘာလက်ခုပ်ပေးသံများသည် ဆူညံ၍သွားတော့၏။ မီမီကား အလွန်အမင်း အားရ သဖြင့် သူ၏ပါတနာဖြစ်သူ ဘဉီးအား လက်ဆွဲလှုပ်၍ ချီးကျူးရာတွင် သိန်းဖေကစ၍ တီးလိုက်သော လက်ခုပ်သံများ ဆူညံသွားပြန်လေ၏။ ထို့နောက် တစ်ဘက်မှ ကစားသူ များနှင့် တစ်ဘက်မှ ကစားသူတို့ ပိုက်တန်းကို လက်ကျော်၍ လက်ဆွဲနှုတ်ဆက်ကာ ပွဲပြီး၍သွားကြရာတွင် သိန်းဖေသည် ဘဉီးအား ဝမ်းမြောက် ချီးမွမ်းစကားပြောရန် အနားသို့ ကပ်သွားရာ သိန်းဖေ မရောက်မီပင် မီမီသည် ဘဉီးကို ကားနှင့်ခေါ်သွား သောကြောင့် ဝမ်းသာအားရကြီး ငေး၍ကြည့်လျက် ကျန်ရစ်လေ၏။

ထိုအခါမှ ကျော်ဝင်းက နောက်နားမှကပ်၍ရောက်လာရာ သိန်းဖေက "ကိုယ်တို့လူတော့ အမဲသားတုံး ဟပ်မိပြီ၊ နေရာကျတာပဲ" ဟု ပြောလိုက်သည်တွင် အနားမှဖြတ်၍သွားသဖြင့် ကြားကြရသော ကျောင်းသားတို့မှာ ၎င်းတို့နှစ်ယောက်ကို ကြည့်ပြီး ပြုံးမိကြလေ၏။ ကျော်ဝင်းသည်လည်း မီမီတို့အား မြင်လိုက်ရသည်ကို ကျေနပ်သွားကာ-

www.burmeseclassic.com


"ကိုဘဦးစွဲရင် ဝမ်းသာပါတယ်ဗျာ။ သူ့ခမျာလည်း မိမိုကို အတော်စွဲနေတာ။ စာပေးတာလည်း မပြန်သေးလို့ စိတ်မကောင်းရှာဘူး။ ကဲ. . ကျွန်တော်တို့လည်း ပြန်ကြစို့" ဟုဆိုပြီး နှစ်ယောက်အတူတူ ပြန်ခဲ့ကြလေ၏။

ကျောင်းသို့ ပြန်ရောက်သောအခါတွင် ကိုဘဦး ဘယ်အချိန်လောက် ပြန်လာ ပါ့မလဲ မသိဘူးဟု သိန်းဖေက ပြောရ၍မဆုံးသေးမီ ရေချိုးခန်းသို့ လျှောက်လာသော ဘဦးကို တွေ့သဖြင့် အံ့အားသင့်၍သွားကြ၏။

"ခင်ဗျား မိမိုကားနဲ့ လိုက်သွားတယ် မဟုတ်လား။ အခု ဘယ့်နှယ်ကြောင့် ဒီပြန်ရောက်နေတာတုံး"

"ဒီတင် လိုက်ပို့တာပဲဗျ။ သူ့လင်မှမဟုတ်ဘဲ၊ အိမ်ခေါ်ပါ့မလား" ဟု ပြော လိုက်သောကြောင့် အထင်နှင့်အမြင် လွဲနေသည်ကို သိန်းဖေ တွေ့ရသဖြင့် အူနှိပ်၍ ရယ်မိလေတော့၏။

ထို့နောက် ကျော်ဝင်းက "လာပါဦးဗျာ၊ ခင်ဗျား အခန်းထဲပြန်ပြီး သွားကြိုးစို့ ပြီးမှ ရေချိုးတာပေါ့" ဟု ပြန်၍ခေါ်သွားသဖြင့် ဘဦးသည် ပြန်၍လိုက်ခဲ့ပြန်လေ၏။

ဘဦး၏အခန်းသို့ ပြန်ရောက်ကြ၍ ထိုင်ကြပြီးသောအခါ ကျော်ဝင်းက "ဘယ့်နှယ်လဲဗျ၊ ကိုဘဦးရ မိမိုကြည့်ရတာလည်း အတော်ဆန်းသားပဲ။ ကနေ့ သူလုပ်ပုံ ကိုင်ပုံတွေကတော့လည်း ခင်ဗျားအပေါ်မှာ အတော်အရေးယူတဲ့ပုံပဲ" ဟု ပြောလေ၏။

"ဟုတ်ပါတယ်ဗျာ၊ ဒါသိပ်ဆန်းနေလို့ ကျွန်တော်လည်း စဉ်းစားလို့ကို မရနိုင် အောင် ရှိနေတော့တာပဲ။ ကျွန်တော့်အပေါ်မှာ မေတ္တာမရှိရင်လည်း ဒါလောက် ဂရု စိုက်မှာ မဟုတ်ဘူး။ နို့ပေတဲ့ အခုထက်ထိ စာမပြန်သေးတာက ခက်နေတယ်"

၎င်းတို့၏စကားများကို ကြားလိုက်ရသည်တွင် သိန်းဖေသည် စကားဝင်၍ ပြောရမည်ခက်သကဲ့သို့သောသဘောဖြင့် ဘာမျှမပြောဘဲ ငြိမ်ငြိမ်ကလေးကုပ်ပြီး နား ထောင်နေလေ၏။ သို့ကုပ်၍နေသည်ကို ကျော်ဝင်းကကြည့်ကာ "ဘယ့်နှယ်လဲ ကိုသိန်း ဖေ၊ ငြိမ်ချက်သားကောင်းလှချည်လား။ ခင်ဗျားအထင် ပြောစမ်းပါဦး"

"ဘယ်ဟာကို ထင်ရမှာတုန်း"

"ကစားနေတုန်းက မိမိက ကိုဘဦး ကစားပုံရော၊ မျက်နှာရော၊ လူရော ကြည့်ကြည့်နေတာ မြင်တယ်မဟုတ်လား"

"မြင်တယ်"

"ပြီးတော့ ဘာကျေနပ်တယ် မသိဘူး၊ ပြုံးပြုံးနေတာ တွေ့ရတယ် မဟုတ် လား"

"တွေ့သားပဲဗျ၊ မျက်စိလေးလုံးနဲ့ ကြည့်နေတာပဲ"

"အဲဒါ ဘာသဘောနဲ့ ပြုံးတယ်ထင်သလဲ"

"ကျွန်တော့်အထင်တော့ ပြုံးတာဟာ ရယ်ချင်လို့နဲ့တူတယ်" ဟု ဖြေ

www.burmeseclassic.com

www.burmeseclassic.com


လိုက်သောကြောင့် 'အကောင်းပြောနေလည်း ရှုပ်တော့မယ်ဗျ' ဟု ကျော်ဝင်းက မကျေမနပ်သော အမူအရာနှင့် ပြောလေ၏။

ထိုအခါတွင်မှ ဘဦးက "ဒါတွေတော့ မြင်ကြတဲ့အတိုင်းပဲဆိုပါတော့။ ဒီတော့ ကိုသိန်းဖေကို ကျွန်တော် မေးချင်တာက မီမီရဲ့ အမူအရာကို ကြည့်ရတာထောက်ပြီး သူဟာ ကျွန်တော့်အပေါ်မှာ မေတ္တာရှိပုံ ပေါ်,မပေါ် သိချင်တာပဲ" ဟု ပြောလေ၏။

"ကျွန်တော့်ကို ပညာရှိကစိရယ်လို့ သဘောထားပြီး မေးလို့ ဖြေရမှာဖြင့် မေတ္တာရှိပုံပါပဲလို့ ထင်တာပဲ"

"ခင်ဗျားပြောတိုင်း ဟုတ်ရမယ်လည်း မဆိုလိုပါဘူး။ နို့သော်လည်း အချင်းချင်း တိုင်ပင်ကြတော့ တစ်ခေါင်းထက် နှစ်ခေါင်းပိုပြီး ဉာဏ်သွားတာပေါ့"

"ကျွန်တော် တွေ့ရတာတော့ တကောင်းထက် ပရှမ်းဟောလ်က ပိုကောင်းတယ်"

"မနောက်ပါနဲ့ဦးလေ၊ ပြောတာလည်း နားထောင်ပြီး အကြံပေးစမ်းပါဦး။ ပြောဖို့ရှိတာကတော့ မီမီက ကျွန်တော့်အပေါ်မှာ မေတ္တာရှိပုံပေါ်တာပဲ။ နို့ပေတဲ့ ကျွန်တော် ပေးလိုက်တဲ့စာကို အခုထက်ထိ မပြန်တာက ခက်နေတယ်ဆိုတာ ပြောချင်တာပဲ"

"နောက်ထပ် စာပေးသေးသလား"

"မပေးဘူး"

သိန်းဖေသည် အတန်ငယ် စဉ်းစားပြီးနောက် "စာထပ်ပေးမနေပါနဲ့တော့ဗျာ။ ဒီလိုယောက်ျားနဲ့ တန်းတူသွားတဲ့ မိန်းကလေးကို စာပေးတာ စော်ကားတာနဲ့ အတူတူပဲ။ ဒါမျိုးကျတော့ စကားနဲ့ပြောရတယ်။ ရည်းစားစကားပြောတာ တစ်နည်းအားဖြင့် ဗိုလ်ဆန်တာပဲ။ စိတ်ကူးမလွဲနဲ့၊ လစ်ရင် ပြောသာပြော" ဟု တိုက်တွန်းနေစဉ်ပင် ထမင်းစားခေါင်းလောင်းထိုးသဖြင့် လူခွဲကြကာ ဘဦးလည်း ရေချိုးခန်းသို့ သွားလေ၏။

ooo

www.burmeseclassic.com

## အခန်း (၂၆)

သိန်းဖေမှာ မိမိ၏စာကို မအေးစိန် လက်မခံသည့်အတွက် တစ်ကိုယ်တည်း ကြိတ်၍ အခဲမကြေဖြစ်ကာ ထိုညအဖို့တွင် ထိုအကြောင်းကိုသာ စဉ်းစားမိလျက် စာမကျက်နိုင်ဘဲ ရှိနေလေ၏။ ထိုကိစ္စမှာ မိမိအကြံနှင့်မိမိ ဖြစ်နေသည့်အလျောက် ကျော်ဝင်းကိုသော်လည်းကောင်း၊ ဘဦးကိုသော်လည်းကောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ မတိုင်ပင်လိုဘဲ မိမိစိတ်ကူးရသည့်အတိုင်း မလျှော့သောဇွဲနှင့် ကမ္ဘာကို ခြေကန်ပြီး ပိုးဖို့ရန်သာလျှင် ဆုံးဖြတ်မိလေ၏။

သို့ရာတွင် မအေးစိန်သည် မိမိစာကို မည်သည့်အတွက် လက်မခံနိုင်သည့် အကြောင်းကို စဉ်းစား၍မရ။ မိမိမှာ သူတစ်ပါး မုန်းတီးလောက်အောင်လည်း အရုပ်ဆိုးလှသည်မဟုတ်။ ရုပ်မလှခြင်းသက်သက်နှင့်တော့ မေတ္တာမမျှနိုင်စရာ အကြောင်းမရှိ၊ ရုပ်မလှ၍ မချစ်ရဘူးဟုဆိုလျှင် လောကတွင် အရုပ်ဆိုးသော ယောကျ်ားသည် မိန်းမ မရနိုင်ဘဲ အရုပ်ဆိုးသော မိန်းမသည် ယောကျ်ား ရနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရကား အရုပ်မလှခြင်း၊ ပညာမဲ့ခြင်း၊ ဥစ္စာပစ္စည်း မပြည့်စုံခြင်းများကြောင့် မဟုတ်နိုင်ဘဲ၊ မိမိအပေါ်တွင် သက်သက်မယ့် မေတ္တာမရှိနိုင်ခြင်းကြောင့်သာလျှင် မိမိ၏စာကို လက်မခံလို ဖြစ်ပေလိမ့်မည်ဟူ၍ နှလုံးပြုမိလေရာ မည်သည့်နည်းနှင့် မအေးစိန်က မိမိအပေါ်တွင် ချစ်ကြိုက်အောင် လုပ်ရမည်ကို မည်သို့မျှ စဉ်းစား၍ မရနိုင်သည့်အဆုံးတွင် မိုမိ၏စာကို မအေးစိန် မယူမချင်း ဇွတ်အတင်းပေးရန်သာ အကြံပြုမိလေတော့၏။

သို့ဖြစ်၍ နောက်တစ်နေ့တွင် ကျောင်းသို့ရောက်သည့်အခါ ရင်တဖိုဖိုနှင့် ဖြစ်လေ၏။ ဤစာကို ပေးလိုက်၍ ကောင်းမွန်စွာ မအေးစိန် လက်ခံက စိတ်ပူစရာမရှိ၊ အကယ်၍ လက်မခံဘဲ ကျောင်းသားများရှေ့တွင် ပစ်ချသွားပါက အတော်ပင်ရှက်

www.burmeseclassic.com

www.burmeseclassic.com

ဖွယ်ကောင်းမည့်အပြင် တစ်စုံတစ်ရာ တောက်တောက်ခါးခါး ပြန်လည်ပြောဆိုပါက ကျောင်းသားများရှေ့တွင် အလွန်အမင်း အရှက်ကွဲတော့မည်ကို တွေး၍ လန့်နေမိလေ၏။

သို့ဖြစ်၍ မည်သို့မည်ပုံ ဖန်တီးရပါမည်နည်းဟု အကြံရခက်ကာ၊ ကွမ်းမွမ်းရုမ်းထဲတွင်ထိုင်၍ စဉ်းစားခန်းထုတ်နေစဉ် ဘဦးနှင့် ကျော်ဝင်းတို့ ရောက်လာပြီး "ကိုသိန်းဖေ ဟိုစာ သူ့လက်ထဲ ရောက်သွားပြီလား" ကျော်ဝင်းက မေးရာ. . .

"မပေးရသေးဘူး" ဟု သိန်းဖေက ဖြေသည်တွင်-

"တယ်ရှော်တဲ့လူပဲ။ သတ္တိလည်း မရှိဘူး" ဟု ဘဦးက ပြောသောကြောင့်

"မနေ့ကလို ဖြစ်မှာစိုးလို့ တွေးပြီးလန့်နေတယ်။ သတ္တိနည်းလို့ မပေးရဲတာကို ပေးရဲအောင် ကျွန်တော့်ကို မြှောက်ပေးကြပါဦး" ဟု သိန်းဖေက ကြောက်သလို ပြောလိုက်လေ၏။

"ကဲ မြှောက်ပေးမယ်။ လုပ်သာလုပ်၊ ဘာကြောက်ရမှာတုံး။ အလွန်ဆုံးဖြစ်ရလှ ပါးချခံရရုံပေါ့။ မတော်လို့ သွားကျိုးရင် ရွှေသွားတောင် စိုက်ရဦးမယ်"

"ဘာကြောက်စရာ ရှိသလဲဗျ။ ကိုယ်ကြိုက်လို့ စာပေးတာ ဘယ်ဥပဒေ ဘယ်ပုဒ်မမှ တားမြစ်ထားတာ မရှိဘူး။ လုပ်သာလုပ်၊ ခင်ဗျား ကြောက်သလား"

"ကြောက်တော့ မကြောက်ပါဘူး၊ နည်းနည်းနှလုံးတုန်တယ်"

"ဒါဖြင့် လမ်းမလျှောက်နဲ့။ ငြိမ်ငြိမ်ထိုင်နေ" ဟု ဘဦးက စကားကျကောက်၍ နောက်လိုက်လေ၏။

သိန်းဖေမှာ ပေးရကောင်းမလား၊ မပေးဘဲနေရကောင်းမလားဟု ချီတုံချတုံဖြစ်နေသည်တွင် ဘဦး၏ အတင်းတိုက်တွန်းချက်ကြောင့် "ကောင်းပြီဗျာ ယောက်ျားတပဲ၊ မဟုတ်လား၊ ဘာကြောက်စရာ ရှိသလဲ" ဟု အားတက်သွားလေ၏။

သိန်းဖေသည် အခန်းထဲမှ ထွက်လာခဲ့ပြီးလျှင် မအေးစိန်ကို နေရာတကာတွင် လိုက်လံချောင်းမြောင်းနေရာ၊ တွေ့ရပါသော်လည်း အခြားမိန်းကလေးများနှင့် အတူတူ ဖြစ်နေသည်ကို တွေ့ရသောကြောင့် မအေးစိန်တစ်ယောက်တည်း အလစ်ကို စောင့်နေရလေ၏။ အတန်ကြာလိုက်၍နေရပြီးမှ ကော်ရစ်ဒါတစ်ခုတွင် မအေးစိန် တစ်ယောက်တည်း လျှောက်သွားသည်ကို တွေ့ရသဖြင့် နောက်မှအတင်းလိုက်ကာ "မအေးစိန်. . . ဒီမှာ" ဟု ခေါ်လိုက်လေ ၏။

ခေါ်သံကြားသဖြင့် မအေးစိန်သည် လှည့်၍ကြည့်လိုက်ရာ၊ သိန်းဖေဖြစ်နေသည်ကို တွေ့ရ၍ ပြန်ပြီးလှည့်သွားမည်အလုပ်တွင်၊ သိန်းဖေသည် လူချင်းကပ်မိကာ "မအေးစိန်၊ ခဏကလေးပါ ပြောစရာရှိလို့" ဟု ဆိုလိုက်မှ မအေးစိန်လည်း ရပ်တန့်ကာ သိန်းဖေအား ဣန္ဒြေကြီးနှင့် ကြည့်ရင်း "ဘာကိစ္စရှိလို့လဲ" ဟု တည်တည်မေးလေ၏။

သိန်းဖေသည် ဘာမျှစကားမပြောသေးဘဲ၊ စာကိုအရင်ထိုး၍ ပေးလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com

မအေးစိန်သည် ရုတ်တရက် အကြောင်းရင်းကို မစဉ်းစားမိဘဲ၊ စာကိုယူ၍ကိုင်လိုက်ပြီး "ဘာစာလဲ" ဟု မေးလေ၏။

"မအေးစိန်အပေါ် အင်မတန်မေတ္တာရှိလွန်းလို့ ပေးတဲ့စာပါပဲ" ဟု ပြောလိုက်မှ မအေးစိန်သည် မျက်နှာထားပျက်၍သွားပြီးလျှင် "အို ဒီလိုဆိုရင် ကျွန်မ မယူနိုင်ဘူး၊ ရော့ ပြန်ယူပါ" ဟု ပြောကာ သိန်းဖေ၏စာကို ပြန်ပေး၏။ သိန်းဖေက မယူဘဲ၊ လက်နှစ်ဖက်ကို နောက်ပစ်ယှက်ကာ "ဒီစာကလေးဖြင့် တဆိတ်လက်ခံပြီး ဖတ်ကြည့်စေချင်ပါတယ်။ မအေးစိန်အပေါ်မှာ ဒီက ဘယ်လောက် မေတ္တာရှိတယ်ဆိုတာ သိစေချင်လွန်းလို့ပါ" ဟု ပြန်၍ပြောလေ၏။

"နို့ပေတဲ့ ကျွန်မမှ မေတ္တာမရှိဘဲနဲ့ လက်မခံနိုင်ဘူးရှင့်" ဟု ဆိုကာ အတင်းထိုးပေးသော်လည်း သိန်းဖေက မယူဘဲနေသောကြောင့် "ကောင်းကောင်းပေးတာ မယူချင်ရင် ကောက်ပြီး ယူပေတော့" ဟု ဆိုပြီး သမံတလင်းပေါ်သို့ ပစ်ချကာ လှည့်၍ထွက်သွားသည်တွင် သိန်းဖေသည် စာကလေးကို ကမန်းကတန်း ကောက်ယူပြီး တစ်လှမ်းနှစ်လှမ်း ထွက်သွားပြီဖြစ်သော မအေးစိန်နောက်သို့ အတင်းလိုက်ပြန်လေ၏။ မအေးစိန်သည် ရပ်၍ အတွေ့ခံလိုက်ပြန်လေ၏။

"ကျွန်မ လက်မခံနိုင်ဘူးလို့ ပြောနေမှ၊ ဘာပြုလို့ ထပ်ပြီးပေးချင်တာတုံး"

"မအေးစိန်အပေါ်မှာ မနေနိုင် မထိုင်နိုင်အောင် မေတ္တာရှိလွန်းလို့၊ ဒီစာကလေးမှ မအေးစိန်လက်ထဲ မရောက်ရင် ဒုက္ခဖြစ်ရတော့မှာမို့ ပေးရတာကို၊ တစ်ဖက်သား သနားလို့ရှိရင် လက်ခံစေချင်လွန်းလို့ပါ"

"အို. . . သနားလည်း မသနားနိုင်ဘူး။ လက်လည်း မခံချင်ဘူး။ ကျွန်မ ဒီစကားကို နောက်ဆုံးပြောလိုက်တာပဲ။ နောက်ထပ်ပေးရင် စိတ်ဆိုးရလိမ့်မယ်" ဟု ဆို၍ ထွက်သွားပြန်ရာ သိန်းဖေသည် ငေးတိငေးမောဖြစ်ကာ ကျန်ရစ်ခဲ့ပြီး ဟိုဟိုဒီဒီ ကြည့်ရာတွင် ခပ်ဝေးဝေးရှိ ကော်ရစ်ဒါအစွန်ဆုံးမှနေ၍ ကျော်ဝင်းနှင့် ဘဦးတို့ ချောင်းမြောင်းကြည့်ရှုကာ ပြုံးရယ်နေကြသည်ကို မြင်ရသောကြောင့် မိမိစာကို လက်မခံဘဲရှိကြောင်း ၎င်းတို့ မြင်ကြခြင်းကို ရှက်သလိုလို ဖိန်းရှိန်း၍သွားကာ၊ မအေးစိန်နောက်သို့ လိုက်၍ပေးပြန်လေ၏။

"ပြောလို့မရဘူးလားရှင့်"

"မအေးစိန် မယူသမျှ အတင်းပေးရတော့မှာပဲ"

"ဒါဖြင့် ပေး" ဟု ဆိုကာ မအေးစိန်သည် သိန်းဖေ၏လက်ထဲကစာကို ဇတ်ခနဲ လှမ်းဆွဲ၍ ယူလိုက်ပြီးလျှင် လက်ထဲတွင်ကိုင်လျက် ဆက်လက်ထွက်သွားသောကြောင့် သိန်းဖေက "ပွဲပြီဟ" ဟု စိတ်ထဲ၌ ကြိတ်၍ဝမ်းသာအားရဖြစ်လျက် ကျော်ဝင်းဘက်သို့ လှည့်ကြည့်လိုက်ရာ ဘဦးက အားရပါးရ ခုန်ပေါက်ကာ လက်ကိုင်ပုဝါကိုအုပ်၍ ဝှေ့ရမ်းပြီး ပြသည်ကို တွေ့ရသဖြင့် သိန်းဖေသည် ရွှင်ပြုံးဝမ်းမြောက်စွာ ရင်တို့ထဲ

www.burmeseclassic.com


သို့ ပြေး၍သွားလေ၏။

"ဒီနေရာမှာ သိန်းဖေတို့အစွမ်း သိရပြီ မဟုတ်လား"

"ဒါဖြင့် ခင်ဗျား ဖိုးကော်ဖြစ်သွားတာပေါ့"

"ဖိုးကော်ကွ လုပ်မနေနဲ့ဦး။ ဘယ်အခန်းထဲ ယူသွားပြီး ကြည့်နေတယ်ဆိုတာ လိုက်ကြည့်ဦး" ဟု ကျော်ဝင်းက သတိပေးသောကြောင့် သိန်းဖေသည် "အေး ဟုတ်တယ်ဗျို့" ဟု ဆိုလျှက် သုတ်ခြေတင်၍ လိုက်လေရာ ကျော်ဝင်းနှင့် ဘဦးတို့လည်း ၎င်း၏နောက်သို့ ခပ်သုတ်သုတ် လိုက်ကြလေ၏။ ယင်းသို့လိုက်ကြရာတွင် သိန်းဖေသည် ငွေကိုင်စာရင်းခန်းသို့ ဝင်သွားသည်ကို တွေ့ရသဖြင့် ထိုအခန်းထဲသို့ လိုက်ကြလေရာ တစ်ဖက်မှ ထွက်သွားပြီး ကျောင်းအုပ်ကြီး အခန်းဆီသို့ မျှော်ကြည့်ကာ ရပ်လျက်နေသည်ကို တွေ့ကြမှ အနားသို့ ကပ်မိကြလေ၏။

"ဟေ့လူ. . . ဘယ့်နှယ်တုံး" ဟု ဆိုကာ ဘဦးက နောက်မှနေ၍ သိန်းဖေ၏ ကျောကို ပုတ်လိုက်သဖြင့် သိန်းဖေမှာ တစ်ကိုယ်လုံးတုန်ကာ လန့်သွားလေ၏။

"ဘာဖြစ်လို့ ထိတ်နေရသလဲ"

"ဆရာကြီး အခန်းထဲ တစ်ခါတည်း ဝင်သွားတယ်ဗျ။ သွားတိုင်ပြီ ထင်တယ်"

ထိုအခါမှ ကျော်ဝင်းတွင် အံ့အားသင့်သွားကာ "ဟင်" ကနဲ ပါးစပ်ကထွက်ပြီး မျက်လုံးပြူးမိသော်လည်း ဘဦးမှုကား အားရပါးရရယ်လျက် "ကြံ့သေးတယ် ပုံဆွေးဗျာထုကြွယ်" ဟု ဆိုကာ အကဟန်ဖြင့် ကိုယ်ကိုချာလပတ် လှည့်လိုက်သောကြောင့်၊ သိန်းဖေမှာ မချိသွားဖြဲ ပါးစပ်ကြီး အပြဲသား လုပ်လိုက်ရသော်လည်း မျက်နှာမှာမူ သွေးမရှိတော့သည်ကို တွေ့ရလေ၏။

ထို့နောက်မှ ဘဦးက "ကဲ ကိုသိန်းဖေ၊ ဒီမှာ ရပ်မနေနဲ့တော့၊ မအေးစိန် ထွက်လာတာနဲ့ တွေ့ဦးမယ်" ဟု ဆို၍ လှည့်ခေါ်လာသောကြောင့် သိန်းဖေလည်း စိတ်ထဲက တထင့်ထင့်နှင့် လိုက်ခဲ့လေ၏။

ထိုအခိုက်တွင် ခေါင်းလောင်းသံ ကြားရလေရာ "ကိုသိန်းဖေ ဒီအချိန် ဘာရှိသလဲ" ဟု ကျော်ဝင်းက မေးလေ၏။ ထိုအခါ သိန်းဖေက. . .

"အီကော်နော်မစ် ရှိတယ်။ နို့ပေကဲ့ မတက်ချင်ဘူး" ဟု လုပ်နေသောကြောင့် စိတ်မှ ပြေပျောက်ပါစေတော့ဟုကြံကာ အတန်းတက်ရန် အတင်းတိုက်တွန်းကြလေ၏။

စာသင်ခန်းထဲ၌ထိုင်ကာ သင်ကြားနေရသော်လည်း ဆရာပြောသမျှ စကားများသည် သိန်းဖေ၏ နားထဲသို့မဝင်။ ဘေးတွင် စာအုပ်လှန်၍ လောင်းကစားနေကြသည့်အထဲတွင်လည်း စိတ်မဝင်စား။ "ဆရာကြီးကိုပဲ တိုင်လိုက်ပြီလား၊ တစ်ခြားကိစ္စကြောင့် သွားတာလား၊ ဘာများဖြစ်ပါလိမ့်ဦးမလဲ" ဟု တွေး၍သာလျှင် ပူပင်နေလေ၏။

စာသင်ချိန် ထက်ဝက်မျှ မရောက်သေးမီ အခန်းထဲသို့ စာအုပ်တစ်အုပ်နှင့် ချာပရာစီ ကုလားတစ်ယောက် ဝင်လာလေ၏။ ကျောင်းသားများသည် ထိုသို့မြင်ရလျှင်

www.burmeseclassic.com

"ဟော့. . . ဟောလီးဒေးကွ၊ ဟောလီးဒေး ပွတာပဲ" ဟု အချင်းချင်းကြိတ်၍ ပြောဆိုလို့မှ မဆုံးမီ စာပို့ချသော ဆရာသည် စာအုပ်ကို ဖြန့်ကြည့်ကာ ဖတ်ပြီး "နံပါတ် (၁၇၄) မောင်သိန်းဖေ" ဟု ခေါ်လိုက်ရာ သိန်းဖေသည် တုန်တုန်ယင်ယင်နှင့် မတ်တတ်ရပ်၍ ပြလေ၏။

"ကျောင်းအုပ်ကြီးက အမြန်ဆုံး တွေ့လိုတယ်" ဟု ဆရာက ပြောလိုက်ရာ သိန်းဖေမှာ မတ်တတ်ရပ်နေရာမှ ခွေပျော့၍ ဒူးထောက်ကာ လဲသွားတော့မည်ကဲ့သို့ ဖြစ်သောကြောင့် ခုံကိုကိုင်ကာ အားပြုထားလိုက်ရလေ၏။ ထို့နောက် ဆရာက "မင်း သွားပြီး တွေ့နိုင်တယ်" ဟု အခန်းထဲမှ ထွက်သွားခွင့်ပေးသောကြောင့် သိန်းဖေသည် စာအုပ်များကို ပွေ့ပိုက်ကာ "ဘာဖြစ်လို့လဲ" ဟု အနီးရှိ ကျောင်းသားများက မေးသည်ကိုပင် မဖြေနိုင်ဘဲ ငိုင်၍ထွက်လာလေ၏။

ကျောင်းအုပ်ကြီးအခန်းသို့ သွားရာတွင် လမ်း၌ ကျော်ဝင်းနှင့် ဘဦးတို့ကို တွေ့ရှိကြကာ "ကိုသိန်းဖေ. . . ခင်ဗျား အခန်းထဲက လစ်လာခဲ့တာပေါ့လေ" ဟု ကျော်ဝင်းက မေးလေ၏။

"လစ်လာတာ မဟုတ်ဘူး၊ ချောက်ကျနေပြီဗျ"

"အို. . . ဟုတ်လား၊ ဘယ်လိုဖြစ်တာတုံး"

"ဘယ်လိုလဲ ဆိုတာတော့ မပြောတတ်သေးဘူး။ ဆရာကြီး ခေါ်နေတယ်"

"မအေးစိန် တိုင်တာနဲ့ တူတယ်" ဟု ဘဦးက ထင်မြင်ချက်ပေးလေ၏။

"ဒါပဲ ရှိတာပဲ။ တစ်ခြားဘာအကြောင်းမှ မမြင်ဘူး" ဟု ပြောလိုက်ရာတွင် ကျော်ဝင်းနှင့် ဘဦးပါ ဘာမျှမပြောနိုင်တော့ဘဲ တွေ၍ငြိမ်နေကြလေ၏။ သိန်းဖေလည်း ဘာမျှမပြောတော့ဘဲ ဆက်လက်၍ ခြေလှမ်းလိုက်ရာ ကျော်ဝင်းတို့လည်း ၎င်းနှင့်အတူ လိုက်ခဲ့ကြလေ၏။

ထို့နောက် ကျောင်းအုပ်ကြီး အခန်းနားသို့ ရောက်သောအခါတွင် ကျော်ဝင်းတို့ ချန်၍ ရပ်နေခဲ့ပြီးလျှင် သိန်းဖေသည် ရင်တဖိုဖိုနှင့် ကျောင်းအုပ်ကြီး အခန်းထဲသို့ ဝင်လိုက်ရာ ကျောင်းအုပ်ကြီး၏ စားပွဲရှေ့တွင် ထိုင်နေသော မအေးစိန်ကို တွေ့သည်နှင့် တစ်ပြိုင်နက် မျက်စိမျက်နှာ ပျက်သွားပြီးနောက် ဘုရားတရား အောက်မေ့ပြီး တုန်တုန်ယင်ယင်နှင့် ကျောင်းအုပ်ဆရာကြီး စားပွဲနားသို့ ကပ်သွားလေ၏။

ကျောင်းအုပ်ကြီးလည်း သိန်းဖေကိုကြည့်ကာ တစ်ချက်ပြုံးလိုက်ပြီးလျှင် စာတစ်စောင်ကို လက်ကကိုင်လျက် "ဒီစာ မအေးစိန်ကို မင်း ပေးတာလား" ဟု မေးလေ၏။ ဤနေရာတွင် သိန်းဖေမှာ ဟုတ်မှန်သည့်အတိုင်း စင်းစင်းကြီး ဝန်ခံရန်သာ ရှိတော့သောကြောင့် ခေါင်းကိုအသာညိတ်ရင်း "ဟုတ်ကဲ့" ဟု ဖြေလိုက်ရလေတော့၏။

"မင်း ဒီစာပေးတာကို သူက လာပြီး တိုင်နေတယ်။ မင်း ဘယ်လိုပြောမလဲ"

www.burmeseclassic.com

သိန်းဖေသည် တွေ၍နေပြီးနောက် ခေါင်းငုံ့၍နေသော မအေးစိန်ကို တစ်ချက်ကြည့်ကာ ကျောင်းအုပ်ဆရာကြီးဘက်သို့ ပြန်လှည့်ပြီးလျှင် "ကျွန်တော် သူ့ကို သိပ်ပြီးချစ်လွန်းလို့ ပေးတာပါ" ဟု ပြောလိုက်လေရာ ကျောင်းအုပ်ကြီးက ပြုံးလိုက်သဖြင့် သိန်းဖေမှာ ရှိန်း၍သွားလေ၏။ မအေးစိန်မှာလည်း မျက်နှာကိုမှ မမော်ရဲအောင် ဖြစ်နေလေတော့၏။

"မင်း သူ့ကို ဘယ်လောက်များ ချစ်သလဲ" ဟု ကျောင်းအုပ်ကြီးက လှောင်လိုက်ရာ၊ သိန်းဖေမှာ အဖြေရခက်သဖြင့် ရယ်ရမှာလည်း အကြပ်၊ မဲ့နေရမှာလည်း အခက် ဖြစ်နေသောကြောင့် သိန်းဖေ၏ မျက်နှာမှာ ရယ်သလိုလို၊ မဲ့သလိုလို ဖြစ်နေလေ၏။

"ဂါ့မေးခွန်းကို ဖြေစမ်းပါဦး" ဟု ထပ်၍ပြောသောကြောင့် သိန်းဖေမှာ ဘာပဲဖြစ်ဖြစ် မအေးစိန် ရှေ့နားတော်ကြား ပြောတော့မည်ဟု နှလုံးပြုကာ. . .

"ကျွန်တော့် အချစ်ကို ပါးစပ်နဲ့ပြောလို့ ကုန်နိုင်ဆုံးနိုင်မှာ မဟုတ်ပါဘူး။ သူ့ကို ကျွန်တော် ချစ်နေတာ ကြာပါပြီ။ အခုတော့ဖြင့် သူမချစ်ရင် ကျွန်တော့်ကိုယ်ကျွန်တော် သတ်ပြီး သေရတော့မလောက် အခြေအနေကို ရောက်နေလို့ စာရေးပြီး ပေးရတာပါပဲ။ ကျွန်တော့်အချစ်ကို နှိုင်းလို့မရပါဘူး" ဟု ပြောလိုက်သည်တွင် ကျောင်းအုပ်ကြီးမှာ အံ့အားသင့်သွားပြီး မအေးစိန်မှာလည်း ထိုစကားများက အသည်းနှလုံးကို တိုက်ခိုက်ထိုးဆွလိုက်သကဲ့သို့ ရှိသောကြောင့် သွေးများ လျှင်မြန်စွာလှုပ်ရှားကာ ရင်ဝတွင် တဒိတ်ဒိတ် ခုန်နေလေ၏။

"ကောင်းပြီ၊ မင်းက ချစ်တယ်ပြောတယ်။ နို့ပေတဲ့ သူက မင်းမေတ္တာကို မပြန်နိုင်လို့ စာပေးတာကို လာပြီးတိုင်ပင်တယ်။ ဒီလိုတိုင်တဲ့အတွက် မင်းအပေါ်ကို တော့ ကျောင်းဥပဒေနဲ့ ဘယ်လိုမှ အရေးမယူနိုင်ဘူး။ ကလေးများ မဟုတ်ကြတဲ့ အတွက်လည်း ဆုံးမ,ဖို့ မလိုဘူး။ မင်း ချစ်တာကိုလည်း ငါ မတားနိုင်ဘူး။ သူ့ကိုလည်း ချစ်ပါလို့လည်း အောင်သွယ်လုပ်မပေးနိုင်ဘူး။ ငါပြောဖို့ရှိတာကတော့ဖြင့် မင်း သူ့ကို စာပေးတာဟာ သူ့ကို အနှောင့်အယှက်လုပ်ရာ ရောက်နေတယ်။ ဒါ့ကြောင့် သူမကြိုက်တာကို နောက်ထပ်ပြီး မနှောင့်ယှက်ပါနဲ့။ နို့ပြီးတော့ သူက မကြိုက်ဘူးဆိုတာသိလို့ ကိုယ့်ကိုယ်ကိုလည်း သတ်ပြီး မသေပါနဲ့ဦး။ တို့များ တာဝန်ရှိနေတယ်။ ဒါ့ကြောင့် မင်းအပေါ်မှာ စိတ်ဆိုးလို့ လာပြီးတိုင်တာကို ကျေနပ်အောင် လူကြီးလူကောင်းပီပီ တောင်းပန်စေချင်တယ်။ တောင်းပန်ရတာ မင့်မှာ ဘာမှ တာဝန်မလေးသင့်ပါဘူး"

သိန်းဖေမှာ ကျောင်းအုပ်ကြီး၏စကားအတိုင်း လိုက်နာရန် ရှိတော့သည်ဖြစ်သည့်အလျောက် မအေးစိန်အား "မင်းကို နှောင့်ယှက်မိတာကို အများကြီး ဝမ်းနည်းပါတယ်။ ဒီအတွက် မင်းကို တောင်းပန်ပါတယ်" ဟု အင်္ဂလိပ်စကားဖြင့် တောင်းပန်စကားပြောလိုက်ရာ မအေးစိန်လည်း သိန်းဖေ၏စကားကိုဖြေရန် သိန်းဖေ၏မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်ရာ ညှိုးငယ်ဝမ်းနည်းသော အမူအရာကို တွေ့ရသဖြင့် စိတ်ထဲတွင်ထိကာ သနားသလိုလို ဖြစ်သွားပြီးလျှင် "ရှင် တောင်းပန်တာကို ကျွန်မ လက်ခံပြီး ခွင့်လွှတ်ပါတယ်" ဟု ပြန်၍ဖြေလိုက်ရလေ၏။

ထို့နောက် ကျောင်းအုပ်ကြီးက မအေးစိန်အား "ကျေနပ်ပြီလား" ဟု မေးရာ မအေးစိန်သည် ခေါင်းငုံ့လျက် ဝန်ခံလေ၏။ ထိုမှတစ်ဖန် သိန်းဖေဘက်သို့လှည့်ကာ "နောက်ထပ်ပြီး မှာလိုက်ပါဦးမယ်။ ကိုယ့်ကိုယ်ကိုလည်း သတ်ပြီးမသေပါနဲ့ဦး။ ကိုယ့်အချစ်ကို မတုံ့ပြန်လို့ သေတယ်ဆိုတာ ယောကျ်ားစိတ် မဟုတ်ဘူး။ မင်းတို့ ချစ်ရင် မိဘများကို ပြောပါ၊ ငါတော့ဖြင့် မတတ်နိုင်ဘူး။ မိဘများ ကျေနပ်ရင် ဘာလိုသေးသလဲ။ နို့ပြီးတော့ ဒီကိစ္စအတွက်နဲ့ မင်း စာသင်ရေးကို မထိခိုက်ပါစေနဲ့။ ကောင်းပြီ၊ မင်း သွားနိုင်ပြီ" ဟု ပြောလိုက်သောကြောင့် သိန်းဖေလည်း အလေးပြု၍ ထွက်ခဲ့လေ၏။

စောင့်နေကြသော ကျော်ဝင်းနှင့် ဘဦးတို့မှာ စိတ်တထင့်ထင့်နှင့် နေကြရာမှ သိန်းဖေ ထွက်လာသည်ကို တွေ့ရသဖြင့် စိုးရိမ်မကင်းသော အမူအရာဖြင့် ပြေး၍တွေ့ကြပြီး "ဘယ့်နှယ့်တုံး၊ ဘယ့်နှယ့်တုံး။ ဆရာကြီး ဘာပြောသလဲ၊ ကြာလှချည်လား" ဟု မေးကြလေ၏။

"ကံကောင်းလို့ဗျို့။ ဘယ်လိုမှတော့ မဆူမပူပါဘူး။ သူမကြိုက်တာကို လုပ်မိတဲ့အတွက် တောင်းပန်ခိုင်းတာပဲ"

"ဒီလိုဆိုရင် တော်ပါသေးရဲ့။ တောင်းပန်လိုက်တယ် မဟုတ်လား" ဟု ကျော်ဝင်းက မေးလေ၏။

"ဘယ်တတ်နိုင်မလဲ၊ ဆရာကြီးက တောင်းပန်ခိုင်းနေမှပဲ၊ တောင်းပန်ရတာပေါ့"

ထိုစကားကိုကြားလျှင် ဘဦးက "အဲဒါပြီးပါရောဗျာ။ တောင်းပန်လိုက်ရတယ်ဆိုတာ တစ်ခါတည်း လမ်းဆုံးတာပဲ။ ကိုယ့်လူတော့သွားပြီ။ မရတော့ဘူး" ဟု ပြောလိုက်သဖြင့် သိန်းဖေတွင်တွေး၍ အသည်းနာမိသော်လည်း "တစ်ခုခု အရေးမယူတာစာရင် တောင်းပန်လိုက်ရတာ တော်သေးတာပေါ့" ဟု ပြောလေ၏။

ထိုအခိုက်တွင် "ပလိစ်" ဟု အသံကြားသဖြင့် လှည့်ကြည့်ကြရာ မိမိတို့လမ်းပိတ်ဆို့နေသည်ကို ဖယ်ပေးရန် ပြောနေသော မအေးစိန်ကို တွေ့မြင်ကြရသဖြင့် လမ်းဖွင့်ပေးရာ မအေးစိန်လည်း မကြည့်ဘဲ ခေါင်းငုံ့ပြီး လျှောက်သွားလေ၏။

အကွေ့တွင် ချိုးဝင်၍မသွားမီ မအေးစိန်သည် နောက်သို့ လှည့်ကြည့်လိုက်သည်ကို တွေ့ရသဖြင့် ဘဦးက သိန်းဖေရင်ကိုဖိကာ "ကိုသိန်းဖေ မေ့သွားမယ်၊ မေ့သွားမယ် သတိထား၊ သတိထား" ဟု ပြောလိုက်မှ သိန်းဖေတွင် ပြုံးရယ်နိုင်ပြီးလျှင် "နိုပ်မှ ကိုယ့်ကို နည်းနည်းတော့ ညိုတာပဲ" ဟု စိတ်ဖြေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . လှည့်ကြည့်တာကလေးနဲ့တင် လက်ဖက်ရည်တစ်ခွက်တန်ပြီ" ဟု ဘဦးက ပြောလိုက်သဖြင့် "လာ. . . သွားမယ် လောကကြီး ဘာဖြစ်ရဦးမှာတုံး။ ကိုယ်ကြိုက်တာ မကြိုက်လို့ လက်ဖက်ရည်တွေ နင်းကန်သောက်ပြီး အခြောက်တိုက် မူးလိုက်ဦးမယ်" ဟု ဆိုကာ ပြောဆိုရယ်မောကြလျက် ထွက်သွားကြလေ၏။

ညနေကျောင်းဆင်း၍ ပုဂံဟောလ်သို့ ပြန်ရောက်သောအခါ သိန်းဖေသည် စံလွင်ကို လိုက်ရှာပြီးလျှင် "ဟေ့. . . ကိုစံလွင် ကျွန်တော့်အခန်း တယောကလေးနဲ့ လိုက်ခဲ့စမ်းပါဦးဗျ" ဟု ခေါ်လေ၏။

"ဘာလုပ်မလို့တုံး"

"ဒီကနေ့ ကျွန်တော် လွမ်းချင်လွန်းလို့ဗျာ။ ဘယ်လိုလုပ်ပြီး လွမ်းရမှန်း မသိလို့၊ လွမ်းလို့ကောင်းအောင် တယောကလေးနဲ့ ချွဲလှဲ့စမ်းပါ"

"ဆန်းလည်း ဆန်းတဲ့လူဗျာ။ ခင်ဗျားလို လူတစ်ယောက်ကများ လွမ်းတယ်ဆိုတာ ရှိသေးသလား" ဟု ပြောပြောဆိုဆိုပင် စံလွင်လည်း ဖိုးတီးချင်တစ်ယောက်ဖြစ်သည့်အတိုင်း ကြာကြာမဆိုင်းဘဲ တယောကလေးနှင့် လိုက်လာလေ၏။

သိန်းဖေ၏အခန်းသို့ ရောက်ကြပြီးသည့်နောက် စံလွင်က "ကဲ. . . ဘယ်လိုအလွမ်း ကြိုက်သလဲ" ဟု မေးလေ၏။

"ထူးမခြားနားဖြစ်ဖြစ်၊ ကောင်းကြီးသခ်ီဖြစ်ဖြစ် တီးဗျာ"

"ဘယ်ကလာ ဒါတွေ လွမ်းရမှာလဲ၊ ဘုန်းတော်ဘွဲ့တွေဗျ"

"ဒါဖြင့် တီးချင်တာ တီးဗျာ။ ကျွန်တော်လည်း ကြံဖန်ပြီး လွမ်းမယ်" ဟု ပြောသောကြောင့် စံလွင်က လက်ပေါက်တည့်ရာ သီချင်းတစ်ပုဒ် ကောက်ထိုးလေ၏။

သိန်းဖေလည်း ကုတင်ပေါ်တွင် ပစ်လှဲလိုက်ပြီးလျှင် လူးကာလှိမ့်ကာ ရှပ်ရှင်အမူအရာတွေ လုပ်သောကြောင့် စံလွင်မှာ တယောကို ချထားပြီး သိန်းဖေ လုပ်ပုံကိုင်ပုံများကိုကြည့်ကာ ရယ်မိလေ၏။

ထိုအခိုက် ကျောင်းသားတစ်ယောက် အခန်းဝရောက်လာကာ ရယ်မော၍ ကြည့်နေပြီးမှ "ကိုသိန်းဖေ ပြီးတော့မှ လွမ်းနေဦး၊ ခင်ဗျားစာတစ်စောင် ရောက်နေတယ်" ဟု ပြောသွားသောကြောင့် "ဟာ အိမ်ကလာတဲ့စာပဲကွ၊ ငွေမှာတာ ပို့လိုက်ပြီဆိုတဲ့စာနဲ့ တူတယ်။ နေကြဦးဗျို့၊ မင်းသား ပြေးလိုက်ဦးမယ်" ဟု ဆိုကာ စာများတင်ထားသော ထမင်းစားခန်းရှိ ကောင်တာသို့ ပြေးလေ၏။

ကောင်တာပေါ်တွင် ချထားသော စာများထဲမှ မိမိစာကိုရှာရင်း ကျော်ဝင်း၏စာတစ်စောင်ကို တွေ့၍ ယူထားလိုက်ပြီး၊ မိမိ၏စာကို ဖောက်ကြည့်ရာ "ဒီလထဲမင်းထံ ပို့သည်မှာ ငွေ (၈၀) ကျော်နေပြီ။ နောက်ထပ်မပို့နိုင်။ ရှေ့လမှာ ခါတိုင်းလို ပို့လိုက်မည်" ဟူသောစာနှင့် အခြားအိမ်တွင်းရေးကိစ္စများကို တွေ့ရသဖြင့် ငိုင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကျော်ဝင်း၏ စာအိတ်ကိုကြည့်ကာ မိန်းမလက်ရေးနှင့် ယူနီဗာစီတီ စာတိုက်တံဆိပ်ကို တွေ့ရသောကြောင့် မိမိအခန်းသို့ မပြန်ဘဲ၊ ကျော်ဝင်းအခန်းသို့ သွားလေ၏။

"စာတစ်စောင် ဆယ်ပြား၊ ဒပ်စ်ပိုက်ဆံ၊ တင်းပိုက်စ် ဆယ်ပြား၊ တစ်ခါသုံးပဲ သုံးပဲ တင်းနားနား၊ ရှစ်ပြားနဲ့တစ်ပဲ" ဟု လေလံပစ်ကာ ကျော်ဝင်းအခန်းသို့ ဝင်သွားလေ၏။ သိန်းဖေ၏အသံကို ကြားရသဖြင့် ဘဦးလည်း အခန်းထဲမှ လှမ်းကြည့်လိုက်ရာ သိန်းဖေ လက်ထဲတွင် စာတစ်စောင် ပါသွားသည်ကို တွေ့ရသောကြောင့်၊ မသန်းမြင့်ထံမှ စာပင်ဖြစ်သည်ဟု ယူဆကာ ကျော်ဝင်း၏အခန်းသို့ ပြေး၍လာလေ၏။

ကျော်ဝင်း၏အခန်းတွင် သုံးယောက်သား ဆုံမိကြပြီးနောက် စာကိုဖောက်မဖတ်မီ ကျော်ဝင်းက "နေဦး" ဟုဆို၍ စာကိုယူပြီး ခေါင်းပေါ်သို့မြှောက်ကာ "အရှင်ကြီး အရှင်ကောင်းများ မကောင်းတာ ဖယ်တော်မူပါ၊ ရှားတော်မူပါ" ဟု လုပ်နေသောကြောင့် "အရေးထဲ အချိန်ကုန်အောင်ဗျာ" ဟုဆိုပြီး ဘဦးက ဆွဲယူလေ၏။'

ထို့နောက် ကျော်ဝင်းက စာကိုဖောက်ပြီး၍ဖတ်ရာ သိန်းဖေနှင့် ဘဦးတို့သည် ၎င်း၏ဘေးတစ်ဖက်တစ်ချက်စီမှ မြှောင်ကပ်၍ ဖတ်ကြ၏။ ကျော်ဝင်းသည် ဖတ်ရင်း ဒေါသထွက်သလိုလို ဖြစ်လာ၏။ ဘဦးမူ စာကို စိုက်ကြည့်၍ စဉ်းစားနေလေ၏။ သိန်းဖေမှာကား မျက်နှာထားပျက်ကာ ကိုယ့်ကိုယ်ကို မလုံမလဲ ရှိနေသော အမူအရာကို ပြလေ၏။

"ဘာလဲဗျ၊ သူကပဲ ကျုပ်ကို တစ်ပြန်ကြီး" ဟု ပြောကာ ကျော်ဝင်းသည် ဒေါသဖြင့် စာကို ကြမ်းပေါ်သို့ ကိုင်၍ပေါက်လေ၏။ သိန်းဖေနှင့် ဘဦးတို့သည် စာကို ပြေး၍ ကောက်ကြရာ ဘဦးလက်ထဲ စာပါသွားပြီးလျှင် ဘဦးက အသေအချာ ဖတ်နေစဉ် ကျော်ဝင်းက စာကို လက်ထောက်ပြ၍ "ကြည့်စမ်းပါဦးဗျာ။ ကျွန်တော်က သူ့ကို သတိမရတော့ဘဲ ပစ်ပြီး၊ တစ်ခြားကောင်မတစ်ယောက်ကို ကြိုက်နေပြန်သတဲ့၊ ကြိုက်တာမှ အသေအချာ၊ ကျွန်တော်က ပေးတဲ့စာတောင် တွေ့ရသတဲ့" ဟု ပြောလိုက်ရာ ဘဦးသည် စာကိုမကြည့်နိုင်ဘဲ၊ ကျော်ဝင်း၏ မျက်နှာကို စိုက်ကြည့်ကာ တွေ၍နေလေ၏။

သိန်းဖေမှာမူကား မျောက်မျက်တောင်ခတ်သလို မျက်စိကလေးစင်းပြီး ပေကလပ် ပေကလပ်လုပ်ရင်း၊ ကျော်ဝင်းတစ်လှည့် ဘဦးတစ်လှည့် ကြည့်၍နေပြီးနောက်၊ ကျော်ဝင်းနှင့် ဘဦးတို့က ၎င်းအား ကြည့်သည်တွင် သိန်းဖေမှာ ၎င်းတို့ကို စေ့စေ့မကြည့်ရဲဘဲ "ကဲ ပြစမ်းပါဦး စာကို" ဟု တောင်း၍ ဖတ်လေ၏။

ဘဦးမှာ မည်သို့မျှ စဉ်းစား၍ မရနိုင်ဘဲ "နေစမ်းပါဦးဗျ၊ ခင်ဗျား ဘယ်သူ့ကိုများ စာပေးဖူးသလဲ" ဟု မေးလေ၏။

"ဘယ်ကလာ စာပေးရမှာလဲဗျ။ သူကလွဲပြီး ကျွန်တော် ဘယ်သူ့မှ စာမပေး

www.burmeseclassic.com


ပါဘူး၊ ကြိုက်တဲ့ဟာလည်း မရှိပါဘူး၊ သက်သက်မဲ့ကြောင်တာ"

"ကြောင်တာတော့ ဟုတ်မယ်မထင်ဘူး၊ တစ်ယောက်ယောက်က ယုံလောက်အောင်တိုက်လို့ ဖြစ်ချင်လည်း ဖြစ်မယ်။ ဒါမှမဟုတ် အထင်လွဲလို့လည်း ဖြစ်မယ်"

"အထင်လွဲစရာ ဘာရှိသလဲဗျာ။ ကျွန်တော်နေတာ ရှင်းရှင်းကြီးပဲ။ ဘယ်သူနဲ့ သိပ်ပြီးအရောဝင်တာ ရှိလို့လဲ"

"နို့. . . သူက စွပ်စွဲတာ ဘယ်သူနဲ့လဲ" ဟု ဆိုပြီး သိန်းဖေ လက်ထဲကစာကို "ဟော့လူ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူးဗျာ" ဟု ဆိုရင်း ဆွဲယူပြီး ဖတ်လေတော့၏။ သိန်းဖေမှာ ငေး၍နေလေတော့၏။

ဘဦးသည် စာကို အပြေးအလွှား ဖတ်ပြီးလျှင် "ဘယ့်နှယ်လဲဗျ ဆန်းလှချည်လား။ သူ့စာထဲမှာ မြင့်တို့ကတော့ မြန်မာပီပီ သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေး နေလို့၊ ကလက်ချင်တိုင်း မကလက်ရတဲ့အတိုင်း၊ ဗိုလ်မကျ ဗမာမကျ ဝွစာမျိုးကိုမှ ကိုကျော်ဝင်းကသာပြီး မေတ္တာပိုပေးမှာပေါ့လေလို့ ဆိုထားပါကလား" ဟု ပြောလိုက်ရာ သိန်းဖေတွင် ရာဇဝတ်မှု ကျူးလွန်မိသည့်သူကဲ့သို့ ကျီးကြည့်ကြောင်ကြည့် ဖြစ်နေပြီးလျှင် ဂဏှာမငြိမ်ဘဲ ရှိနေလေ၏။

ကျော်ဝင်းမှာမူ နှုတ်ခမ်းတစ္ဆေနှင့် ဒေါပွလျက်ရှိကာ "ဒီဒင်းဟာ ကျွန်တော်အခြောက်တိုက် စွပ်စွဲခံရတာပဲ၊ ခင်ဗျား စဉ်းစားကြည့်စမ်းပါဦး၊ ဗိုလ်မကျ ဗမာမကျတဲ့ အထဲက ကျွန်တော်နဲ့ သွားသွားလာလာများရှိတာ တွေ့ရဲ့လား၊ ကျွန်တော်ဖြင့် ဘယ်သူမှ စဉ်းစားလို့ မမြင်ဘူး။ ခင်ဗျားတော့ဖြင့် တွေးမိမလား မသိဘူး" ဟု ပြောပြန်လေ၏။

ဘဦးလည်း တွေ၍စဉ်းစားနေပြီး "ကျွန်တော် စဉ်းစားမိတာကတော့ဖြင့်" ဟု စကားစ,လိုက်ရာ. . .

"ဘယ်သူများ စဉ်းစားမိသလဲ" ဟု မေးမှ ဘဦးလည်း မိမိ၏ထင်မြင်ချက်ကို ပယ်ဖျက်ပစ်လိုက်သလို ခေါင်းခါကာ. . .

"သူလည်း ဟုတ်မယ် မထင်ပါဘူး" ဟု ဆိုလိုက်သည်တွင် သိန်းဖေမှာ ကြာကြာမနေရဲတော့ဘဲ. . .

"ကြွပ်ပါတယ်ဗျာ၊ သိပ်ကြွပ်တာပဲ" ဟု ကြားထဲကဝင်၍ ညည်းညူပြီး အသာလျှို၍ အခန်းထဲမှ ထွက်ခဲ့လေ၏။

သိန်းဖေသည် မိမိအခန်းထဲသို့ရောက်လျှင် ကုလားထိုင်ပေါ်တွင် ကိုယ်ပစ်လက်ပစ်ထိုင်ပြီး ခြေနှစ်ချောင်းကို စားပွဲပေါ်တင်ကာ တွေဝေလျက် နက်နက်နဲနဲ စဉ်းစားခြင်းပြုလေ၏။ ထိုသို့ စဉ်းစားရာတွင် ကျော်ဝင်း၏ကိစ္စတွင် မိမိပယောဂ ပါရှိသည်ကို မိမိမှတစ်ပါး အခြားမည်သူမျှ မသိ။ မိမိအတွက် ကျော်ဝင်းသည်သာမက မသန်းမြင့်နှင့် ဘဦးတို့ကိုပါ မီးခိုးလျှောက်၍ ပါနေသည်ကို မည်သည့်နည်းအားဖြင့် ကြံဖန်၍ ရှင်းလင်းနိုင်ပါမည်နည်းဟု ကြံရာမရဘဲ ရှိလေ၏။ ထိုသို့ ရှင်းလင်း၍ မပြ

www.burmeseclassic.com

www.burmeseclassic.com

နိုင်သေးသမျှ ကျော်ဝင်းတွင် စိတ်ဒုက္ခရောက်၍ မသန်းမြင့်တွင်လည်း အပူမအေးနိုင်ဘဲ ရှိဦးမည်ဖြစ်ပြီးလျှင်၊ ဘဦးမှာလည်း ကြားထဲက အချောင်နစ်နာရမည်ကိုတွေး၍ အားလုံးအတွက် သနားကာ အကြံအိုက်နေလေ၏။

ထိုအကြောင်းကို ယခုအခါ ရှင်းလင်းလိုက်လျှင် ကျော်ဝင်းနှင့် ဘဦးတို့က မိမိအပေါ်တွင် အမျက်ရှကြမည် ဖြစ်ပြီးလျှင် မိမိကြောင့် ထိုသို့ ကျော်ဝင်းနှင့် မသန်းမြင့် ခွာပြကြရသည့်အတွက်၊ တစ်သက်လုံး အမုန်းခံရတော့မည်ကိုတွေး၍ လန့်မိပြန်လေ၏။ တစ်ဖန် မိမိအပေါ်တွင် စိတ်ဆိုးချင်လျှင် ဆိုးကြစေတော့ဟု သဘောထားကာ ပြောလိုက်မည် ဆိုပြန်ကလည်း ကျော်ဝင်းနှင့် မသန်းမြင့်တို့ သင့်တင့်၍သွားပါက တော်ပေဦးမည်။ ယခုတိုင် အခဲမကျေရှိပြီး အမြဲကွဲကြတော့မည်ဆိုလျှင် မိမိဖြေရှင်းပြသည့်အတွက် မိတ်ဆွေချင်း မုန်းခြင်းသာ အဖတ်တင်နေမည် စိုးရပြန်သောကြောင့် ပြောရလျှင် ကောင်းမည်၊ မပြောရလျှင် ကောင်းမည်ကို ချိန်ဆ၍မရအောင် ရှိနေလေ၏။

ထိုအချိန်တွင်ကား နေဝင်ပြီ ဖြစ်သဖြင့် မှောင်စပြုလာပြီ ဖြစ်သော်လည်း အခန်းမီးများ မပေးသေးသောကြောင့် သိန်းဖေ၏အခန်းမှာ မှောင်နှင့်မဲမဲ ရှိနေလေရာ သို့ရှိခြင်းအားဖြင့် သိန်းဖေ၏ အတွေးနက်ခြင်းကို ပိုအောင်ဖန်တီးပြီး ပေးသကဲ့သို့ ရှိလေတော့၏။

ထိုခဏတွင်မှ "ဘတ်တီးခိုးလိုး" ဟု အာဘောင်အာရင်းသန်သန်ဖြင့် ဟစ်အော်သံများကို ကြားရပြီးလျှင် မကြာမီပင် မီးများလင်း၍လာလေရာ ထမင်းစားကြရန် အချိန်နီးလာပြီ ဖြစ်သောကြောင့် ရေချိုးရန် ပြင်ဆင်ရပြန်လေ၏။

ရေချိုးခန်းသို့ ရောက်ပြန်ပါသော်လည်း အခန်းချင်းကပ်၍ နေကြသည့်အထဲမှ မြန်မာလို အင်္ဂလိပ်လို ကြောင်စီကွဲအက်သော အသံများဖြင့် အော်ဟစ်တေးဆိုသော အသံများကို ကြားကြရသော်လည်း သိန်းဖေမှာ ခါတိုင်းကဲ့သို့ ရောထွေးဟစ်အော်ပြောင်ချော် ရွှတ်နောက်ရန် သတိမရဘဲ၊ ရေချိုးရင်းပင် ဆက်လက်တွေးတောနေမိလေ၏။ သို့နှင့်ပင် ရေချိုးပြီး၍ အခန်းတွင်းမှထွက်ရန် တံခါးကို ရုတ်တရက် ဖွင့်လိုက်ရာ ချက်ချင်းပင် မျက်လုံးပြူးကာ ဗြုန်းကနဲ တံခါးပြန်၍ ပိတ်လိုက်ပြီးမှ လုံချည်မဝတ်ရသေးသည်ကို ဝတ်လိုက်ရလေ၏။

မိမိအခန်းသို့ ပြန်ရောက်သောအခါ ကျော်ဝင်း ရောက်ရှိနေသည်ကို တွေ့ရလေ၏။ ကျော်ဝင်းသည် သိန်းဖေ၏ အိပ်ရာပေါ်တွင် ပစ်လှဲ၍နေကာ၊ သိန်းဖေ ဝင်လာသည်ကို ငေး၍စိုက်ကြည့်နေပြီး ဘာမျှမပြောဘဲ တွေဝေ၍နေလေ၏။ သိန်းဖေမှာ မိမိထက် ကျော်ဝင်း၏အပူကို သတိပြုမိကာ "ဒါလောက်လည်း မမှိုင်ပါနဲ့ ကိုကျော်ဝင်းရာ၊ ခင်ဗျားမျက်နှာကြည့်ရတာ ဆွေမျိုးမလာတဲ့ တရားခံလိုပဲ၊ မသက်သာစရာကြီးပဲ" ဟု ပျော်အောင် ရွှန်းလိုက်ရလေ၏။

www.burmeseclassic.com

"ကိုသိန်းဖေ ခင်ဗျား တတ်နိုင်လို့ လူများတကာ အူတက်ပြီးသေအောင် ရယ်စရာလုပ်ပေမယ့် ကျွန်တော်တော့ မရယ်နိုင်ဘူးဗျာ"

"အင်း. . . ဒါထက်၊ ခင်ဗျား ဘယ်လိုလုပ်ဖို့ ကြံသလဲ"

"ဘယ်လိုမှ မလုပ်နိုင်ဘူးပေါ့။ သူ့စာထဲမှာ ပါတာကို စဉ်းစားကြည့်ပြန်တော့ တမင်သက်သက် စွပ်စွဲတာလို့လည်း မဆိုနိုင်ဘူး။ နို့ပြီးတော့ တစ်ယောက်ယောက်က တိုက်လို့ပဲလား၊ ဒါမှမဟုတ် တစ်ခုခုနဲ့ ပတ်သက်ပြီး အထင်လွဲစရာ တွေ့ရလို့လားပဲ မသိနိုင်ဘူး။ အဲဒီလိုဟာတွေဖြစ်စရာ အကြောင်းတွေကို ကျွန်တော် စဉ်းစားကြ္ည့်လို့လည်း ဘယ်အကြောင်းမှ မမြင်တော့ဘူး။ ရှင်းပြစရာလည်း အခက်သားပဲဗျ၊ ဒီတော့ မဟုတ်ဘူးဆိုတာ ကျွန်တော် သိရသလောက်ပဲ ငြင်းရတော့မှာပဲ"

"အင်း. . . ဒီနည်းကလွဲလို့လည်း ဘာမှလုပ်စရာ မရှိတော့ဘူး၊ ဒါပဲရှိတော့တာပဲ၊ ဒီလိုဆိုရင် ဘယ်သူနဲ့လဲ ဘယ်ဝါနဲ့လဲဆိုတာ သိရအောင် ရှင်းရှင်းပြောပါလို့ ရေးလိုက်တာပေါ့၊ လူကို အသေအချာသိရင် ဟုတ်တယ် မဟုတ်ဘူးဆိုတာ မှန်တဲ့အတိုင်း ရှင်းပါ့မယ်လို့ ရေးရုံရှိတော့တာပဲ"

"ဒါဖြင့် ကိုဘဦးနဲ့ သုံးယောက်သား တိုင်ပင်ပြီး ရေးကြစို့ရဲ့" ဟု ကျော်ဝင်းက ပြောလိုက်စဉ်ပင်၊ ထမင်းစားခေါင်းလောင်းထိုးသောကြောင့် သိန်းဖေက "ကောင်းပြီလေ ထမင်းစားပြီးတော့ ရေးကြတာပေါ့" ဟု ပြောဆိုကာ အဝတ်အစားလဲ၍ ထမင်းစားရန် ထွက်ကြလေ၏။

□□□

www.burmeseclassic.com

## အခန်း (၂၇)

မိန်းကလေးများ နေထိုင်ရာ အင်းလျားကျောင်းဆောင်တွင် ညစာထမင်းစားပြီးကြသည့်အချိန်တွင်၊ ကျောင်းဆောင်တွင်းရှိ ကျောင်းသူကလေးများတိုင်းလိုလိုပင် ပျော်ပျော်ရွှင်ရွှင် နေကြသော်လည်း၊ မသန်းမြင့်နှင့် မအေးစိန်တို့မှာ ၎င်းတို့၏ ပျော်ရွှင်ခြင်းကို ဝေမျှ၍ မယူနိုင်ကြရှာချေ။ ကျောင်းသူကလေးအချို့တို့၏ တေးဆိုကာ ပီယာနိုတီးသံများသည် ၎င်းတို့နှစ်ယောက်၏ အလွမ်းကို အားပေးသကဲ့သို့ ရှိပေတော့၏။

မသန်းမြင့်မှာ ကျော်ဝင်းအတွက် ကြိတ်၍ဒေါသဖြစ်နေပြီးလျှင် မအေးစိန်မှာမူ သိန်းဖေအတွက် စိတ်ဂယောက်ဂယက် ဖြစ်နေပေ၏။ မအေးစိန်မှာမူ သိန်းဖေအား အလွန်မုန်းခဲ့သည် မှန်ပေ၏။ ထိုသို့ မုန်းရာ၌ ရန်သူကဲ့သို့ မုန်းခြင်းမျိုး မဟုတ်ဘဲ၊ အလိုလို မျက်နှာကြောမတည့်ခြင်းပင် ဖြစ်ခဲ့လေရာ ထိုသို့ဖြစ်နေသည့်အထဲတွင် မိမိအား ပထမဦးစွာ စာလိုက်၍ ပေးစဉ်ကမှ "ငါကမှ သူ့ကို မကြိုက် မချစ် မေတ္တာမရှိနိုင်ပါဘဲလျက် သူက လိုက်၍ ငါ့ကို စာပေးမှ ပေးရက်ပလေ" ဟု သိန်းဖေအပေါ်တွင် စိတ်နှလုံး မကြည်ဖြူခြင်း ဖြစ်ခဲ့ရ၏။

ထိုအတွင်းမှာပင် ထပ်မံ၍ ၎တ်အတင်း စာပေးပြန်လေရာ၊ ဤအခါတွင်မှ ဒေါသကလေး ပို၍လာသည့်ပြင်၊ ရှက်ကလည်း ရှက်မိသောကြောင့် ဒေါသနှင့် အရှက်ကို မဖုံးဖိနိုင်ဘဲ ဒေါသအလျောက် ကျောင်းအုပ်ကြီးထံသို့ သွားရောက်တိုင်ကြားမိသည်။ သို့ရာတွင် ကျောင်းအုပ်ကြီးရှေ့သို့ သိန်းဖေ လာရောက်သောအခါ မိမိ၏တိုင်တန်းမိခြင်းဖြင့် ကျောင်းအုပ်ကြီး အရေးယူလေက မိမိကြောင့် တစ်ဖက်သား ဒုက္ခရောက်ရတော့မည်ကို ပူပန်လိုက်သေး၏။ ထိုပူပန်ခြင်းဖြင့် သိန်းဖေအား ကျောင်းအုပ်ကြီး ပြောစကားများကို တထိတ်ထိတ်နှင့် နားထောင်နေခဲ့ရာ နောက်ဆုံးတွင် တရား

www.burmeseclassic.com

သဖြင့် ပြောဆိုဆုံးမလိုက်သည်ကို ကြားရမှ စိတ်ပူပန်မိခြင်း ပပျောက်ရသော်လည်း၊ သိန်းဖေ၏ ပြောစကားများမှာ နားထဲက မထွက်နိုင်အောင် စွဲ၍ ကျန်ရစ်နေခဲ့ပေတော့၏။

"ကျွန်တော့်အချစ်ကို ပါးစပ်နဲ့ပြောလို့ ကုန်ဆုံးနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော့် အချစ်ကို နှိုင်းလို့မရပါဘူး" ဟူ၍ ပြောလိုက်သည့်စကားများမှာ ယနေ့ထက်တိုင် မိမိ၏နားတွင် ကပ်၍ မိမိအား ပြောနေသကဲ့သို့ပင် မှတ်ထင်နေပြီးလျှင်၊ ကျောင်းအုပ်ကြီးရှေ့တွင် တွေ့မြင်ရသည့် သိန်းဖေ၏ ညှိုးငယ်သော မျက်နှာအမူအထားမှာ ထိုစကားကို ကြားယောင်ယောင်ရှိတိုင်း မျက်စိထဲတွင် ပေါ်၍လာကာ၊ ယခင် သိန်းဖေအကြောင်းကို တွေးမိလျှင် ထင်မြင်လာသော သိန်းဖေ၏ ပြောင်စိစိ ဖြူစပ်စပ် မျက်နှာထားကို မဆင်နိုင် မမြင်နိုင်အောင် တစ်ခါတည်း ဖျောက်ဖျက်ဖုံးကွယ်၍ ထားလိုက်သကဲ့သို့ ရှိရကား၊ ထိုမျက်နှာကလေး မြင်ယောင်နေမိခြင်းဖြင့် ယခင်က မထားရှိခဲ့ဘူးသော သနားသောစိတ်ဓာတ်များ တဖျတ်ဖျတ် ပေါက်ပွား၍ လာလေတော့၏။

ခါတိုင်း၌မူကား မသန်းမြင့်သည် တစ်စုံတစ်ရာ ညှိုးငယ်ဝမ်းနည်းစရာ ပေါ်ပေါက်ခဲ့သည်ရှိသော်၊ ပျော်ရွှင်စရာ ဖြေဖျော်သူ မအေးစိန် ရှိနေသော်လည်း ယခုမူ မအေးစိန်တွင် ကိုယ်တိုင် စိတ်ညစ်ညူးစရာများ တိတ်တိတ်ပုန်း ပေါ်ပေါက်နေသောကြောင့် မသန်းမြင့်အား ဖြေဖျော်ခြင်းကို မပြုနိုင်တော့ပြီဖြစ်ရာ မသန်းမြင့်မှာလည်း လွမ်းချင်တိုင်းလွမ်း၊ ဆွေးချင်တိုင်း ဆွေး၍ နေရတော့သဖြင့်၊ တစ်ယောက်အကြောင်း တစ်ယောက် မပြောဘဲ အားရပါးရကြီး အလွမ်းပြိုင်နေကြသော ဘဝသို့ ရောက်ရှိနေကြလေတော့၏။

မသန်းမြင့်မှာ အချစ်နှင့်ပတ်သက်၍ လွမ်းမှုဆွေးမှုကို တွေ့ခဲ့ရဘူးပြီဖြစ်သောကြောင့် ယခုမှ ဆွေးရခြင်း၌ ရှေးကကဲ့သို့ အပူတပြင်း မဟုတ်လှဘဲ၊ အခံရခက်၍ အောင့်သက်သက်သာလျှင် ဖြစ်မိလျက်၊ မအေးစိန်တွင်မူကား ထိုထူးခြားသော ရောဂါဆိုးကို ပထမဦးစွာ ဝေဒနာခံစားရခြင်း ဖြစ်သောကြောင့် အတော်ကလေး မချိမဆန့်ဖြစ်၍ နေရှာလေ၏။ သို့ဖြစ်သည့်အလျောက် မိမိပြုမိ ပြောဆိုမိသည်တို့မှာ မှားလေပြီ။ မိမိအပေါ်၌ တစ်ဖက်သတ် မေတ္တာရှိကာ စိတ်ဒုက္ခခံနေရသူကို ပိုမိုပြီး ဒုက္ခကြီးမားအောင် ပြုမိရာ ရောက်ပြီဟု သနားဝမ်းနည်း နောင်တရမိလေ၏။

ထိုသို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ဆွေးပင်လယ်ရေယာဉ်ကြောတွင် နစ်မြော၍နေရာမှ မသန်းမြင့်သည် မိမိထက် မအေးစိန်မှာ ပိုမို၍ ငေးမှိုင်နေသည်ကို တွေ့ရသောကြောင့်၊ မအေးစိန်၏ကျောကို အသာအယာ ပွေ့ဖက်ထားရင်းက "မအေးစိန် မှိုင်လှချည့်ကလား၊ နေမကောင်းလို့လား၊ တစ်ခုခု ဖြစ်လို့လား" ဟု မေးလေ၏၊

မအေးစိန်မှာ မိမိ၏အဖြစ်ကို ပြောပြချင်လှပေ၏။ သို့ရာတွင် ဤသို့ပြော

www.burmeseclassic.com

လိုက်ခြင်းအားဖြင့် အဆွေးနှင့် မကင်းသူ မသန်းမြင့်အပေါ်တွင် ပိုမို၍ စိတ်လေးစေလိမ့်မည်ကို ကြိုတင်၍ စဉ်းစားမိကာ လည်ဆယ်ရန် စကားကြံ၍ "ဘာမှမဖြစ်ပါဘူး။ နေလို့လည်းကောင်းပါတယ်။ မသန်းမြင့်အတွက် စိတ်မအေးလွန်းလို့ တွေးမိတွေးရာ တွေးနေတာပါ" ဟု ပြောလိုက်လေ၏။

မသန်းမြင့်မှာ မိမိအတွက်နှင့် မအေးစိန် စိတ်မကောင်း ဖြစ်ရပေသည်ဟု နှလုံးပြုမိကာ မအေးစိန် စိတ်မကောင်း မဖြစ်စေရန် ပြုံးပြုံးရွှင်ရွှင် မျက်နှာထားပြီးလျှင် "ကျွန်မ ဒါလောက်လည်း စိတ်မညစ်ပါဘူး မအေးစိန်ရယ်၊ တကယ်ဆိုတော့ ဂျင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကြင်တန်းပေ့ါ။ ဘာဝမ်းနည်းစရာ ရှိသလဲ၊ ကျွန်မတောင်မှ စိတ်မညစ်ဘဲ ကျွန်မအတွက်နဲ့ ငဝက်က ဝမ်းကျမနေချင်စမ်းနဲ့တော့" ဟု ပြောသောကြောင့် မအေးစိန်လည်း ဖြစ်ညှစ်၍ ပြုံးရယ်ကာ. . .

"ဟုတ်မှလည်း ပြောစမ်းပါ မသန်းမြင့်ရယ်၊ တော်တော်ကြာတော့ အမလေး မအေးစိန်ရဲ့၊ ကျွန်မ ခက်တယ်၊ ကျွန်မ ခက်တယ်လို့ မညည်းပါနဲ့အေ" ဟု ပြောလိုက်ရလေ၏။

မသန်းမြင့်မှာ "ဘာမှ ဝမ်းမနည်းပါဘူး" ဟု ပြောလိုက်ရသော်လည်း စိတ်တွင်းက ပါလှသည် မဟုတ်သဖြင့် တိတ်တိတ်ကြိတ်၍ စိတ်တွင်း၌ ဒေါသဖြစ်ပွားလျက် ရှိနေလေရာ၊ နောက်တစ်နေ့တွင် ကျော်ဝင်းထံမှ စာတစ်စောင် ရောက်ရှိလာရာတွင် ဒေါသ၏အရိပ်အငွေ့ မကင်းသည့်အလျောက် ဖောက်၍မဖတ်ဘဲ ဆုတ်ပစ်မည်လုပ်နေသောကြောင့် မအေးစိန်က တားဆီး၍ထားရကာ "မသန်းမြင့်နော် ဒေါသကို ရှေ့ကထားလိုက်ချင်တာ လွန်ကရောပဲကိုး။ အကျိုးအကြောင်းကလေး သိရအောင် ဖတ်ကြည့်ပါဦးတော့လား" ဟု အတင်းတိုက်တွန်းရရှာလေ၏။

ယင်းသို့ပြောသည့်တိုင်အောင် မသန်းမြင့်သည် ရုတ်တရက် စာကိုမဖောက်ဖတ်ဘဲနေသေးသဖြင့် မအေးစိန်က "ဒါဖြင့် ကျွန်မ ဖွင့်ပြီးဖတ်ကြည့်မယ်" ဟုဆိုကာ ဖွင့်မည့်ဟန်ပြုလိုက်လေရာ၊ ထိုသို့ သူတစ်ပါးဖွင့်၍ ဖတ်ကြည့်မည် ဆိုပြန်တော့လည်း စိတ်ထဲတွင် မနာလို မခံချင် ရှိပြန်သေးသောကြောင့်၊ မအေးစိန်၏လက်ထဲသို့ ရောက်သွားသောစာကို ဆွဲယူသွားကာ စာအိတ်ကို ဒေါနှင့်မောနှင့်ဖွင့်ပြီး အထဲကစာကို ထုတ်၍ ဖြန့်ဖတ်ကြည့်လေ၏။

ထိုသို့ကြည့်နေရာက စားပွဲပေါ်သို့ စာရွက်ဖြန့်ချပြီးလျှင် လက်ခေါက်ဖြင့် ရိုက်ကာ "ကဲ ကြည့်လေ၊ ကျွန်မ ့ရေးလိုက်တာ သူ ဘာငြင်းနိုင်သေးတော့လဲ။ အခု စာထဲမှာ ကြည့်ပါလား။ ငြင်းစရာမရှိတော့ ဘယ်သူနဲ့ ဖြစ်တာလဲလေး၊ ဘာလေး၊ ညာ လေးနဲ့ လုပ်နေပြန်တယ်။ ဘယ်လောက်များ တတ်နိုင်သလဲ" ဟု ဆိုသောကြောင့် မအေးစိန်က "ပြစမ်းပါဦး ကြည့်ပါရစေဦး" ဟု ဆိုရင်း စာကိုဆွဲယူကာ ဖတ်ကြည့်လေ၏။

www.burmeseclassic.com



ထိုသို့ ဖတ်ကြည့်နေသည့်အခိုက်တွင် "ဟဲလို ဟဲလို" ဟု ဆိုကာ ဝင်၍လာသူကို ကြည့်လိုက်ကြရာ၊ မိမိဖြစ်နေသည်ကို တွေ့ရသဖြင့် မအေးစိန်သည် ဖတ်နေသောစာကို လျင်မြန်စွာ ခေါက်သိမ်းလိုက်လေ၏။

မိမိက "ပြစမ်း ပြစမ်း၊ ဘာတုံး။ အမယ် သူတို့စာကြတော့ ဖွက်ချင်လိုက်တာ" ဟု ဆိုကာ စာကိုယူမည်လုပ်သောကြောင့် "ဘာစာမှ မဟုတ်ပါဘူး။ ဘာဆာ ကျောင်းမှာ ရှိတယ်" ဟု ပြောလိုက်ပြီး မသန်းမြင့်လက်ထဲသို့ စာကိုထိုး၍ ပေးလိုက်လေ၏။

"ဘယ့်နှယ်တုံး၊ အခန်းထဲမှာ ကုပ်နေကြသလား၊ ဆင်းပြီး မကစားကြတော့ဘူးလား"

"ကစားနေဖို့ အချိန်မရှိတော့ဘူး၊ စာမေးပွဲကြီး နီးလာပြီ၊ စာကြည့်ရမယ်"

"အံမယ် မအေးစိန်က တော်ပြီးသားပါ။ ဒါလောက် ကြည့်ဖို့ မလိုပါဘူး"

"တော်ရက်သားနဲ့ စာမကြည့်လို့ ကျနေတာတွေ ပြည့်လို့ပဲ၊ စာကြည့်မှ"

"ကဲလေ ဒီစကားက အရေးမကြီးလှပါဘူး၊ မိမိ ဘာလို့လာသလဲ သိလား"

"ဘယ်သိမလဲ ကိုယ့်ဟာကိုယ် လာတာ"

"မိမိလာတာ မအေးစိန်ရယ်၊ မသန်းမြင့်ရယ်၊ ခရစ်စမတ်ဒေးမှာ မိမိတို့အိမ်မှာ ပါတီလုပ်မလို့ ဆက်ဆက်လာကြဖို့ ခေါ်ရအောင်လာတာ"

"ဘာပါတီလဲ" ဟု မသန်းမြင့်က မေးလေ၏။

"ကိုယ့်အချင်းချင်း ခရစ်စမတ်ပါတီ လုပ်ရမှာပေါ့၊ တစ်နှစ်တစ်ခါ ပျော်ရတာပဲ"

"ကားနဲ့လာပြီး ခေါ်ရင်တော့ လိုက်မှာပဲ၊ နို့မဟုတ်ရင်တော့ မလိုက်နိုင်ဘူး"

"အမယ် မအေးစိန်က ဈေးကိုင်လိုက်တာ၊ ကောင်းပါပြီ၊ မိမိကိုယ်တိုင်ကားနဲ့လာပြီး ဆက်ဆက်ကြီးခေါ်မယ်၊ တကယ်လိုက်မယ်နော်"

"လိုက်ပါ့မယ် စိတ်ချပါ" ဟု မအေးစိန်က ပြောလိုက်မှ မိမိလည်း ကျေနပ်ပြီးလျှင် "မိမိ သွားမယ်၊ ဟိုနေ့ကျ ဆက်ဆက်မမေ့နဲ့" ဟု မှာခဲ့ပြီး အခန်းမှထွက်၍ ကျောင်းပေါ်မှ ဆင်းခဲ့လေ၏။

ထို့နောက် ကျောင်းအောက်တွင် ထားခဲ့သော ကားပေါ်သို့တက်၍ ကိုယ်တိုင်မောင်းနှင်လာခဲ့ပြီးလျှင် ပုဂံဟောလ်ရှေ့သို့ ရောက်သောအခါ စာတိုက်တိုင်ကလေးအနားတွင် ကားရပ်၍၊ ကားပေါ်မှနေပြီးလျှင် ဒရဝမ်ကိုခေါ်၍ စာတစ်စောင်ပေးကာမည်သူ့လက်ထဲသို့ ပေးရမည်ကို မှာကြားပြီးလျှင် ထွက်သွားလေ၏။

ကျော်ဝင်း၊ ဘဦး၊ သိန်းဖေတို့ကား သုံးဦးသား စုဝေးလျက် ရှိကြပြီးလျှင် ကျော်ဝင်းက မှိုင်၊ ဘဦးက ငိုင်နေသည်ကို ပျော်မှပျော်ကြပါစေဟု သဘောထားကာ၊ သိန်းဖေကကိုယ်တိုင် မချိလျက်နှင့်ပင် ဖြေဖျော်၍နေရာမှ "ဟေး ကျားဟဲ" ဟု အပေါက်ဝသို့ လှမ်း၍မေးလိုက်သည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒရဝမ်သည် တံခါးနားတွင်ရပ်ကာ ဆလံပေးပြီး "ချစ်တီးဆပ်" ဟု ဆိုလေရာ သိန်းဖေက "ငါ ချစ်တီးဆပ် မဟုတ်ဘူး၊ ဗမာဆပ်" ဟု ပြောလိုက်သဖြင့် ဒရဝမ်က "နိမ်းနိမ်း ယေး ချစ်တီးကိုဘိုတား" ဟုဆို၍ လက်ထဲကစာကို ထုတ်ပေးသောကြောင့် စာပေးရန် လာသည်ကို သိရှိကာ စာကို လှမ်းယူပြီးလျှင် စာအိတ်ပေါ်တွင် နာမည်ရေးထိုးသည်ကို ဖတ်ကြည့်လေ၏။

"ကိုဘဦးတဲ့၊ ရော့ ခင်ဗျားစာ" ဟု ဆို၍ သိန်းဖေက စာကို ဘဦးသို့တစ်ဆင့် လှမ်းလိုက်ရာ ဘဦးသည် စာအိတ်ပေါ်ရှိ လက်ရေးကို ကြည့်ပြီးလျှင် "ပွတာပဲ" ဟု ဆိုကာ ထ၍ခုန်လေ၏။

ကျော်ဝင်းနှင့် သိန်းဖေတို့သည် ဘဦး၏အနားသို့ ကမန်းကတန်း ပြေးကပ်ကြပြီး စာအိတ်ကိုကြည့်ကာ "ဘယ်လိုပွတာတုံးဗျ" ဟု မေးလိုက်လေ၏။

"မိမိဆီက စာဗျ"

"ဟေ. . . နေရာကြတာပဲဟေ့၊ ခင်ဗျား ပေးတဲ့စာကို ပြန်တာပဲထင်တယ်" ဟု ကျော်ဝင်းက ပြောလိုက်ရာ သိန်းဖေမှာကား "ဟုတ်မှ ဟုတ်ပါ့မလား" ဟု တွေဝေစဉ်းစားနေလေ၏။

"ဟင့်အင်း၊ ထင်သာထင် မဝင်ဘူး ကျောင်းအမ ဆိုတာလို ဖြစ်နေပြီ"

"ဘာများဖြစ်လို့တုံးဗျ"

"မိမိက ခရစ်စမတ်ပါတီ လုပ်မလို့တဲ့၊ ကိုကျော်ဝင်းရော၊ ခင်ဗျားရော၊ ကျွန်တော်ရော ဆက်ဆက်လာဖြစ်အောင် လာကြပါတဲ့။ ဘယ့်နှယ်တုံး သွားကြမလား"

"တမင်လာပြီးဖိတ်တာ၊ မသွားလို့ ကောင်းပါ့မလား"

"မသန်းမြင့်တို့ရော၊ မအေးစိန်တို့ရော ဖိတ်ထားတယ်တဲ့"

"ဟင်. . . ဒီလိုဆိုရင် ဤကိုယ်မိုင် မလိုက်တော့ဘူး။ မအေးစိန်နဲ့ တွေ့နေရမှာ ကြောက်လွန်းလို့၊ မ,သံကြား ဟားဟားဟ ဖျားချင်ပါသတဲ့ဗျာ" ဟု သိန်းဖေက သီချင်းနှင့် စကားဆုံးလိုက်သောကြောင့် ဘဦးက ရယ်မောလျက် "ကိုယ့်လူတော့ တစ်ခါတည်းနဲ့ မှတ်သွားပြီထင်တယ်" ဟု ဆိုလေ၏။

"ဟိုတုန်းက ဆရာကြီးကိုသာတိုင်တာ၊ ဒီတစ်ခါတော့ ဂတ်တိုင်လိမ့်မယ်။ ဂတ်ဆိုတာ ချမ်းသာပေးမှာ မဟုတ်ဘူး။ အနည်းဆုံး (၂၄) နာရီလောက်တော့ ဖမ်းပြီး ချုပ်ထားဦးမှာ။ နို့ပေတဲ့ ဌာနအုပ်က ကျွန်တော့်ဦးလေးမို့ သနားပြီး နားရင်းပါးရင်း တီးချင်တီးဦးမှာမို့ တော်ပါသေးရဲ့"

"ဟား ဟား. . . မကြောက်ပါနဲ့ဗျာ၊ ကျွန်တော်တို့ အရှိသားပဲ"

"တောင်းပန်ပါရစေဗျာ၊ မအေးစိန်ဆိုတဲ့ နာမည်ကြားရတာနဲ့ ကြက်သီးတွေထလွန်းလို့၊ လူမြင်ရင် ခုနစ်ရက်လောက် ဖျားနေပါဦးမယ်"

"တော်တာပဲ ကောင်းတယ်" ဟု ဘဦးက ပြောသောကြောင့် သိန်းဖေသည်

www.burmeseclassic.com

www.burmeseclassic.com


ပြန်လှန်ရယ်မောရင်း "ရေချိုးဦးမယ်ဗျာ၊ ထမင်းစားခါနီးနေပြီ" ဟု ဆို၍ ထွက်သွားလေ၏။

သို့နှင့် ခရစ်စမတ်ပွဲ ပြုလုပ်မည့်နေ့သို့ ရောက်ရှိ၍လာလေရာ ကျော်ဝင်းနှင့် ဘဦးတို့သည် မီမီထံသို့ သွားရာတွင် စတိုင်ထုတ်၍ သွားလိုကြသောကြောင့်၊ မော်တော်ကားလို၍နေသည်ဖြစ်ရာ ထုံးစံအတိုင်း ကားပိုင်သူ အောင်မြင့်အား ကပ်ကြရပြန်လေ၏။

"ခင်ဗျားတို့ တယ်ပြီးတော်တဲ့ လူတွေပဲဗျာ၊ ကိစ္စကလေး တစ်ခုရှိရင် ကျွန်တော့်ဆီ ပြေးလာကြပြီ။ နေရာကျမယ့်ဟာကလေးများ ဆိုရင်တော့ သတိတောင် မရဘူး။ ဒီလိုလူမျိုးတွေ လက်သပ်မွေးထားဖို့ ကောင်းတယ်"

"မဟုတ်ပါဘူးဗျာ၊ ဘယ်ဟာမှ နေရာမကျသေးပါဘူး။ နေရာမကျရတဲ့အထဲမှာ ချောက်ကျနေလိုက်ရသေးတယ်။ အကြောင်းတော့ မပြောပါစေနဲ့ဗျာ၊ ခင်ဗျားကားကိုသာ တစ်ဆိတ်လောက် ငှားတော်မူပါဦး ဘုရားရဲ့" ဟု ဘဦးက လှောင်ပြောင်သလို လိုလုပ်ကာ ချော့ရလေ၏။

ထို့နောက် မော်တော်ကား ရရှိကြ၍၊ မီမီတို့ထံသို့ သွားခါနီးတွင် သိန်းဖေအား ခေါ်ကြပြန်ရာ "ခေါ်တာတော့ဖြင့် ကျေးဇူးတင်ပါရဲ့၊ နို့ပေတဲ့ ဟိုနေ့က ဒူနာတေး ကြောက်လှချည့်ရဲ့လေး" ဟု ငြင်းဆိုသောကြောင့် ကျော်ဝင်းနှင့် ဘဦးတို့မှာ သိန်းဖေအတွက် သနားမိကြလေ၏။

ကားနှင့်ထွက်၍ လာခဲ့ကြသောအခါ၊ သိန်းဖေသည် ကျောင်းဝင်းပေါက်သံတိုင်ကို လက်မြှောက်၍ထောက်ကာ ဝမ်းနည်းခြင်းကို ဖုံးဝှက်၍ ပြုံးရွှင်သော မျက်နှာထားကာ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့သည်ကို ကျော်ဝင်းနှင့် ဘဦးတို့ တွေ့ရသောကြောင့် "ဒီလိုမြင်ရတော့ သနားစရာကောင်းသားပဲ" ဟု ဘဦးက ပြောလိုက်ရာ ကျော်ဝင်းမှာ ပိုမို၍ သနားမိလေတော့၏။

ထို့နောက် မော်တော်ကားသည် မီမီတို့ ခြံထဲသို့ ဝင်လာရာ စိမ်းလဲ့နီပြာ ရောင်စုံပြီးပြက်သော မီးပုံးကလေးများ အစီအရီ သွယ်တန်းထွန်းညှိထားကာ၊ ပန်းခြံကြီးကို ကြည်နူးအောင် ဖန်တီး၍ထားသည်ကို တွေ့ကြရလေ၏။ အိမ်တွင်းမှ သာယာသော တေးသံနှင့် ပီယာနိုသံများကို ကြားရလေ၏။

ခြံတွင်းရှိ ပျံ့ပြူးသော မြက်ခင်းတွင် စားပွဲကုလားထိုင်များ ခင်းကျင်းကာ မီးပုံးကလေးများဖြင့် ဝန်းရံခြယ်လှယ်ထားသည့် နေရာဝယ် ပျော်ရွှင်လျက် ရှိကြကုန်သူ တစ်စုကို တွေ့မြင်ရလျှင်၊ ကျော်ဝင်းမှာ ပူပန်ဖွယ်ရာများ မေ့ပျောက်ကြကုန်ပြီး ရွှင်လန်းစွာ ကားပေါ်မှ ဆင်းခဲ့ကြလေ၏။

"ဟလို ကိုကျော်ဝင်း၊ ဟလို ကိုဘဦး သိပ်နောက်ကျနေပါကလား"

"ကိုသိန်းဖေ လိုက်မလားလို့ စောင့်နေတာနဲ့ နောက်ကျသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com

"နို့. . . သူလည်း မပါပါလား"

"လာတော့မယ် လုပ်နေမှ ခေါင်းကိုက်တယ်ဆိုပြီး ကျန်ရစ်ခဲ့တယ်"

"အို. . . ပီးတီး" ဟု ဆိုပြီးနောက် "ကဲ လာကြလေ၊ ထိုင်ကြပါ၊ မသန်းမြင့်တို့ မအေးစိန်တို့လည်း စားပွဲမှာ ရှိတယ်" ဟုခေါ်ရာ ကျော်ဝင်းမှာ ရုတ်တရက်သော် တွေ့ဆုံရန် စိတ်နှောင့်နှေးခြင်း ဖြစ်နေပြီးမှ မိမိက ထပ်၍ခေါ်သောကြောင့် လိုက်ပါ သွားကြလေ၏။

စားပွဲတွင် ထိုင်မိကြသောအခါ ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ မျက်နှာချင်း ဆိုင်ရန် ခက်နေကြလေ၏။ သို့ဖြစ်သည့်အလျောက် တစ်ယောက်ကိုတစ်ယောက် မကြည့်ကြဘဲ မသန်းမြင့်လည်း မအေးစိန်နှင့် စကားပြော၍ ကောင်းနေသကဲ့သို့ လုပ်ကာ၊ ကျော်ဝင်းမှာလည်း ဘဦးနှင့် စကားကောင်း၍ နေလိုက်ရလေ၏။

အကြောင်းကို မသိရသော မိမိမှာ မသန်းမြင့်က မမြင်၍ နှုတ်မဆက်ဟု အောက်မေ့ပြီး "မသန်းမြင့်. . . ဒီမှာလေ ကိုကျော်ဝင်းရယ်၊ ဒီကနေ့ လှလှပပ ဝတ်လာ လို့ မမှတ်မိဘူးထင်တယ်" ဟု ပြောလိုက်ရာ နှစ်ယောက်သား အခက်ကြုံ၍နေကြပြီး နောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ၊ ဖော်ရွေခြင်းကင်းမဲ့သော ပြုံး ရယ်ခြင်းဖြင့် နှုတ်ဆက်လိုက်ကြလေတော့၏။

"သူတော့ မြင်ဖူးကြားဖူးမှာပေါ့၊ လူချင်းတော့ သိချင်မှ သိမယ်။ ကျွန်မနဲ့ တင်းနစ်ပါတနာ ကိုဘဦးဆိုတာ သူပဲ။ ဟောဒါ မသန်းမြင့်နဲ့ မအေးစိန်" ဟု မိမိက မိတ်ဆက်ပေးသောကြောင့် မသန်းမြင့်နှင့် မအေးစိန်တို့သည် ဘဦးအား ပြုံးရယ်နှုတ် ဆက်ကြလေ၏။

ထိုသို့ ပြောဆိုနေကြခိုက်ပင် စားစရာသောက်စရာများ ရောက်၍လာသော ကြောင့် စားသောက်နေစဉ် မိမိက "မသန်းမြင့် စကားနည်းလှချည့်ကလား" ဟု မေး လိုက်ရာ၊ မသန်းမြင့်မှာ အပြောရခက်လျက်နေပြီးမှ. . .

"ပြောစရာမှ မရှိဘဲနဲ့" ဟု ဖြေလေ၏။

"အလို. . . ပြောစရာတွေ ပြည့်လို့ပါပဲကလား၊ ဟော ကျွန်မနဲ့ ပြောမလား၊ ကိုကျော်ဝင်းနဲ့ ပြောမလား၊ ကိုဘဦးနဲ့ ပြောမလား၊ ပြောစရာလူတွေ မရှားပါဘူး၊ ပျော်ရအောင် လာတဲ့အခါ ပြောစရာများ ရှားသေးသလား" ဟု မိမိက ပြောလိုက်ပြန် သောကြောင့် မသန်းမြင့်မှာ အဖြေမပေးနိုင်အောင် ရှိလေ၏။ ထိုအခါ "မပျော်ဘူးလား" ဟု မေးသည့်အတွက်. . .

"ပျော်ပါတယ်၊ သိပ်ပျော်တာပဲ"

"ကဲလေ စားကြဦး၊ ပြီးတော့မှ ပိုပြီး ပျော်ကြရဦးမယ်" ဟု ဆိုပြီးနောက် ထိုစားပွဲမှ ထကာ အခြားစားပွဲများသို့ သွားလေရာ၊ ၎င်းတို့လေးဦးသားတို့မှာ ပါးစပ် မပါကြဘဲသည့်အလား စကားမပြောဘဲ ငြိမ်လျက်ကျန်ရစ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ငြိမ်၍နေကြပြီးမှ လက်ဖက်ရည်နှင့် မုန့်များကို စားသောက်ကြရာ၊ ကျော်ဝင်းနှင့် မသန်းမြင့်သည် သကြားဇွန်းကို ပြိုင်တူကိုင်၍ နှိုက်မိကြသဖြင့် လက်ချင်းထိသွားကြလေရာ ဖိန်းခနဲ ရှိန်းခနဲဖြစ်ပြီး မျက်နှာထားခက်သွားကြလေ၏။ မသန်းမြင့်မှာ နောက်ထပ်မနှိုက်ရဲသေးဘဲရှိပြီး ကျော်ဝင်း နှိုက်ယူပြီးသည့်တိုင်အောင် စောင့်စားကာ လက်ကို ရုတ်၍ထားလိုက်ရလေ၏။

ထိုအခိုက်တွင် ဘဦးက ကျော်ဝင်း၏ဒူးကို မိမိ၏ဒူးနှင့်ရိုက်ကာ မျက်စပစ်၍ပြလိုက်ရာ ကျော်ဝင်းမှာ ပြုံးချင်သော်လည်း ဣန္ဒြေဆယ်ထားရပြီးလျှင် လက်တစ်ဖက်ကို စားပွဲအောက်သို့ချ၍ အသာလက်ကုတ်လိုက်ရလေ၏။

ထို့နောက် ကျော်ဝင်းသည် မသန်းမြင့်အား စကားပြောမည်ဟု လုပ်လိုက်တိုင်း ပါးစပ်ထဲမှ အသံမထွက်နိုင်အောင် တစ်စုံတစ်ရာ ကာဆီးထားသကဲ့သို့ ရှိနေလေ၏။

စားသောက်ကြ၍ ပြီးသောအခါ၊ မိမိနှင့် ဂါဝန်တိုဝတ်မကလေးများ ရောက်၍လာကြကာ မသန်းမြင့်တို့အား ပျော်စရာ ကစားရအောင် ခေါ်ကြလေ၏။ သို့ရာတွင် မသန်းမြင့်က အတန်တန် ငြင်းပယ်နေသောကြောင့် ခေါ်မရနိုင်သည့်အဆုံး၌ "ကိုင်း ဒါဖြင့် မသန်းမြင့် သီချင်းဆိုရမယ်၊ မိမိ ပီယာနိုးတီးမယ်" ဟု ဆိုကာ မသန်းမြင့်၏လက်ကို အတင်းဆွဲ၍ခေါ်သောကြောင့်၊ မအေးစိန်ပါ လိုက်ပါ၍ သွားကြရလေ၏။

ကျော်ဝင်းနှင့် ဘဦးတို့မှာ ကျန်ရစ်၍နေခဲ့ကြရာမှ ဘဦးက "အိုင်ဆေးကိုကျော်ဝင်း ခင်ဗျား မြာကြီးက ခင်ဗျား လာလိမ့်မယ်သိလို့ သိပ်ပြီးလှအောင် ဝတ်လာတာပဲ။ ခင်ဗျားတော့ မပြောနဲ့တော့၊ ကျွန်တော်တောင် ကြိုက်ချင်လာပြီ" ဟု ပြောလိုက်ရာ ကျော်ဝင်းက မျက်လုံးပြူး၍ပြပြီးလျှင် "အလို ထီးနန်းလုမယ့်လူ ပေါ်နေပါကောလား" ဟု ရယ်မော၍ ပြောလိုက်လေ၏။

"ဒါထက် မအေးစိန် အခုလို စတိုင်မျိုးနဲ့ ကိုသိန်းဖေ မြင်သွားရရင် သူ့မျက်စိထဲ တစ်ခါတည်း ထွက်တော့မှာ မဟုတ်ဘူး"

"သူများကိစ္စထက် ကိုယ့်ကိစ္စကို ဘယ်လိုလုပ်ရပါ့မလဲဆိုတာ စဉ်းစားပါဦးဗျာ။ ခင်ဗျား ခုလို အေးတိအေးစက်နဲ့နေလို့ မဖြစ်သေးဘူး။ ကြာရင်ကောပြီး ကျန်ရစ်ဦးမယ်။ ဒီကနေ့ ခင်ဗျားတို့အဖို့ အကောင်းဆုံးနေ့ပဲ၊ ဒီတစ်ချက် လွတ်သွားရင် ထီးတင်ပွဲနဲ့လွဲတာပဲ"

"ဟုတ်တယ်ဗျာ၊ ဘယ်လိုကြံရပါ့မလဲ မသိဘူး။ ကျွန်တော်ဖြင့် မိမိ့ကို ကြည့်ကြည့်ပြီး သွားရေယိုချင်သွားတာပဲ။ အပေါ်အင်္ကျီကလေးလည်း ပါးပါးလေးရယ်၊ နို့ပြီး အတွင်းခံကလေးကလည်း ရွှေရင်ဖြိုးကြွနေအောင်လုပ်ပြီး ဝတ်ထားလိုက်တာ အလှမျိုးစုံသွားတာပဲ။ ကျွန်တော့်စိတ်မှာ မနေနိုင်အောင် ဖြစ်သွားတာပဲ"

"အကြံခက်မနေနဲ့ဗျာ။ ဒီကနေ့ည အလစ်မှာတွေ့ရင် ဖွင့်ပြောဗျာ။ အခုလို

www.burmeseclassic.com

www.burmeseclassic.com

အခါကြီးလောက် လွတ်လပ်တာတော့ မရှိဘူး" ဟု ပြောဆိုစဉ်ပင် စန္ဒရားသံ ကြားကြရသဖြင့် စကားစပြတ်ပြီး နားထောင်နေမိကြလေ၏။

"စိန်ခြူးကြာညောင်. . . ကြာညောင် လရောင်တွေလင်းပါလို့၊ မှန်ရွှေဖြူပြတင်းရယ်က မယ်ခုမျှော်"

"ကိုကျော်ဝင်း၊ ဒါ ဘယ်သူ့အသံလဲဗျ"

"မသန်းမြင့်အသံနဲ့ တူတယ်။ အစစ်ပဲ၊ သူ့အသံပဲဗျ"

နှစ်ယောက်သား ငြိမ်ပြီးနားစိုက်၍ နေကြပြန်လေ၏။ မသန်းမြင့် ဆိုလိုက်သော တေးသံမှာ ကျော်ဝင်း၏ရင်ဝတွင် လေပင့်၍မ,သလို တလှိုက်လှိုက် ဖြစ်စေလေ၏။ သို့ဖြစ်ရခြင်းသို့ မသန်းမြင့်၏ တေးသံမှာ ငြိမ့်ငြိမ့်ညောင်းညောင်း ကောင်းလှ၍ မဟုတ်ဘဲ၊ ဆွေးသံ ငိုသံပါကလေးနှင့် ဆိုလိုက်ခြင်းဖြစ်၍၊ ထိုအသံမှာ တမင်လုပ်ရသော အသံမဟုတ်ဘဲ ရင်ထဲ အသည်းထဲက နဂိုခံစားရသည့်အတိုင်း ထွက်ပေါ်လာခြင်းပင် ဖြစ်သောကြောင့် ကျော်ဝင်း၏ နှလုံးကို သာ၍ထိခိုက်စေတော့၏။

"တစ်ကိုယ်တော်ရှူး၊ ထွေရာစိတ်ကူးပါလို့ ဖူးရွှေလက်တင်း ဖြစ်ရေးကုန်စင်၊ ကုန်စင်။ ဘဝင်တုန် ဆွေးတယ်လေး"

ဘဦးသည် နားထောင်နေရာက ငြိမ်သက်နေခြင်းကိုဖျက်ကာ "ကိုကျော်ဝင်း ခင်ဗျားကို တမင်စောင်းပြီး ဆိုတာများ ဖြစ်ရော့သလား" ဟု မေးလိုက်သော်လည်း၊ ကျော်ဝင်းမှာ အဖြေမပေးနိုင်ဘဲ ကုလားထိုင်နောက်မှီတွင် ဦးခေါင်းအထက်သို့ လှန်ကာ မှီရင်း မိုးကောင်းကင်ကို တွေ၍ကြည့်နေသည်ကို တွေ့ရလေ၏။

"နတ်ဒေဝီ ဖြားသော်လည်း တစ်ပါးမသွေ၊ ခုများမှာမူ တစ်ညဏ်နဲ့၊ သူ့အကြံများ၊ ပြုတော်မူ အားပါပေ့၊ သနားမညှာ"

ထိုအခါမှ ကျော်ဝင်းက "အစစ်ပဲဗျို့၊ ကျွန်တော့်ကို ရည်ရွယ်ပြီး ဆိုတာပဲ" ဟု ပြောကာ ဝမ်းနည်းခံခက်သော အမူအရာဖြင့် မျက်လုံးများ စိုရွှန်း၍လာလေ၏။

"အစကတည်းက ကျွန်တော် အထင်သားပဲ၊ ကြည့်လေ သူပြောချင်တာတွေ ပေါ်အောင် သီချင်းနဲ့ ပြောတာပဲဗျ။ အစတုန်းကတော့ လူမိန်းမ မပြောနဲ့ နတ်မိန်းမ လာပြီး ဖြားယောင်းတောင် မပျက်ပါဘူးလို့ သစ္စာပြုပြီးတော့မှ၊ ခုတော့ တစ်မျိုးဆန်း ပြားလာတာလားလို့ ဆိုတာပဲဗျ"

"ထင်ပါစေလေ၊ ထင်ပါစေ၊ အခုတော့ဖြင့် ကျွန်တော် သူ့ကို စိတ်မဆိုးပါဘူး။ အထင်လွဲလို့ ဖြစ်ကြတာပဲ။ ဘယ်လို အထင်လွဲစရာ ဖြစ်လို့ရယ်တော့ဖြင့် မပြောတတ်ဘူး။ ဒီအကြောင်း မသိရသေးသမျှတော့ဖြင့် ဒီလိုပဲ နေကြရတော့မှာပဲ။ ဒါနဲ့မှ မုန်းတဲ့ စိတ်တွေဟာ ခိုင်မြဲပြီး တစ်သက်လုံး ကွဲကြရရင်လည်း အသည်းနာနာနဲ့ ကံကိုသာ အဆိုးချရတော့မှာပဲ"

ဘဦးသည် ဘာမျှမပြောဘဲ တွေဝေ၍နေရာမှ "ဟိုက်. . . ဘယ်နှယ်တုံး

www.burmeseclassic.com


သီချင်းတစ်ပိုင်းတစ်စကြီးနဲ့ ပြတ်သွားပါကလား။ ဘာဖြစ်လို့ ဆက်ပြီးမဆိုပါလိမ့်" ဟု ပြောလိုက်ရာ ကျော်ဝင်းကလည်း "ဟုတ်တယ်ဗျို့" ဟု ဆိုလိုက်လေ၏။

"ဆိုရင်းက ရင်ထဲဆို့ပြီး ဆက်မဆိုနိုင်တော့ဘူးထင်တယ်" ဟု ဘဦးက ထင်မြင်ချက် ပေးလိုက်၏။

သီချင်းသံလည်း မကြားရ၊ စန္ဒရားသံလည်း တိတ်၍သွားပြီးနောက် အတန် ငယ်မျှ ကြာသောအခါကလေးအတွင်း မီမီ ပေါ်ပေါက်၍လာကာ "ကိုကျော်ဝင်း ခဏ လာပါဦး" ဟု ခေါ်သဖြင့် ကျော်ဝင်းသည် ထ၍လိုက်ပြီးလျှင် သုံးလှမ်းမျှ အတူတူလှမ်း မိကြသောအခါ "ဘာပြောစရာရှိလို့လဲ" ဟု မေးလေ၏။

"မသန်းမြင့် သီချင်းဆိုရင်းက ဝမ်းနည်းပြီး မျက်ရည်တွေ ကျလာတယ်။ မေးလို့လည်းမရ၊ ချော့လို့လည်း မရဘူး၊ လိုက်ပြီးမေးစမ်းပါဦး" ဟု ပြောလိုက်သဖြင့် ကျော်ဝင်းတွင် ဆွေးသွားပြီးမှ "မီမီ ကိုကျော်ဝင်းတော့ဖြင့် မလိုက်ပါရစေနဲ့" ဟု ပြော လေ၏။

"ဘာဖြစ်လို့လဲ၊ မသန်းမြင့်နဲ့ ကိုကျော်ဝင်း ဘာဖြစ်ကြလို့လဲ"

"မပြောပါရစေနဲ့တော့၊ အိမ်ထဲကိုလည်း မလိုက်ပါရစေနဲ့"

"ပြောစမ်းပါဦး ဘယ်လိုဖြစ်ကြတာလဲဆိုတာ မီမီ စိတ်မကောင်းပါဘူး"

"အို. . . ပြောမဖြစ်နိုင်လွန်းလို့ပါ"

"ပြောရမယ်၊ အိမ်ထဲမလိုက်ချင်ရင် အိမ်ပြင်မှာပြော" ဟု ဆိုကာ ပန်းချုံတစ်ခု အနီးရှိ မီမီခေါ်ရာသို့ လိုက်သွားရလေ၏။

"ကိုကျော်ဝင်းနှင့် မသန်းမြင့်နဲ့ ရန်ဖြစ်သလား၊ စိတ်ဆိုးသလား၊ တစ်ခုခုဖြစ် သလား၊ ဘာဖြစ်သလဲ"

ကျော်ဝင်းသည် များစွာမပြောချင်လှဘဲ ထိုအကြောင်းကိုပြော၍မပြဖို့ရန်ကို သာ တောင်းပန်လေ၏။ သို့ရာတွင် မီမီက ဇွတ်အဓမ္မ မေးသောကြောင့် "မသန်းမြင့်နှင့် ကိုကျော်ဝင်းတို့ ချစ်နေကြတာ မီမီ သိတဲ့အတိုင်းပဲ။ ဒီလိုချစ်နေကြတာ အရင်တုန်းက တော့ ဘာမှမဖြစ်ခဲ့ကြဘူး။ မကြာခင်ကလေးပဲ မသန်းမြင့်က ဘာကြောင့်မှန်း မသိရဘဲ ကိုကျော်ဝင်းအပေါ်မှာ စိတ်ခုနေတယ်။ ကိုကျော်ဝင်း အင်းလျားဟောလ်ကို လာတာ တောင် အတွေ့မခံဘူး။ အဲဒီကိုသွားတုန်းက မအေးစိန်က သူမရှိဘူး၊ ကျူတာကိုတင် အောင်နဲ့ သွားကြတယ်ပြောလို့ သူ့အပေါ်မှာ အထင်လွဲခဲ့တယ်။ မအေးစိန် ဒီလိုပြော တာဟာ မသန်းမြင့် အတွေ့မခံချင်တာ မသိရအောင် ပြောတာပဲဆိုတာ နောက်တော့ သိရတယ်။ ဒီလိုအထင်မှားတာနဲ့တော့ အခုလောက် စိတ်ဆိုးဖို့ မဟုတ်ဘူး၊ သူ့စာထဲမှာ ကိုကျော်ဝင်းဟာ မိန်းကလေးတစ်ယောက်ကို မသန်းမြင့်ထက်ပိုပြီး ချစ်တယ်. . . ဟု ပြော၍ စကားတစ်ပိုင်းတစ်စကြီးနှင့် ရှိစဉ်ပင် နောက်မှ ခြေသံကြား၍ ကြည့်လိုက် ရာ မသန်းမြင့်ကို တွေ့နေရသဖြင့် အံ့အားသင့်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မသန်းမြင့်၏မျက်နှာတွင် ဝမ်းနည်းလျက် ဒေါသထွက်နေသည့် အရိပ်ယောင်ကို ပြနေလေ၏။ ထိုသို့ တွေ့မြင်လိုက်ရသဖြင့် ကျော်ဝင်းနှင့် မိမိတို့မှာ စကားမပြောနိုင်ဘဲ ကြက်သေ,သေ၍ ကြည့်နေကြရာ၊ မသန်းမြင့်သည် မိမိအား တစ်ချက်ကြည့်ပြီး ကျော်ဝင်းအား လှည့်ကြည့်ကာ ထိုသို့ကြည့်ရင်း ကြည့်ရင်း ဒေါသထွက်လာသည့် အမူအရာဖြင့် "တော်ပါပေရဲ့ ကိုကျော်ဝင်းရယ်၊ သိပ်ပြီးတော်ပါပေတယ်။ မဟုတ်ပါဘူးလေ၊ အထင်လွဲလို့ပါလေ ဆိုပြီး ဖုံးသမျှဟာတွေ လုံးလုံးပေါ်တာပဲနော်။ ဆင်သေကို ဆိတ်ရေနဲ့ဖုံးလို့ လုံနိုင်ပါတဲ့မလားလို့" ဟု ဆိုလိုက်ရာ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေ၏။

"ကိုကျော်ဝင်း လူတစ်ဖက်သား စိတ်ဒုက္ခရောက်အောင် ကြံတာပေါ့လေ။ ဒီလိုတော့ဖြင့် နှိပ်စက်မနေပါနဲ့တော့။ ချစ်မိတာ ဖြတ်လိုက်ပါတော့။ ကျွန်မလည်း ရှင့်အပေါ်မှာ မေတ္တာဖြတ်ပါပြီ" ဟု ဆို၍ ချာခနဲလှည့်သွားသောကြောင့် နှစ်ယောက်သားထိုင်ရာမှ ဖြုံးခနဲထကာ "မသန်းမြင့်. . . မသန်းမြင့်" ဟု ကျော်ဝင်းက ခေါ်သော်လည်း ရပ်၍မနေသောကြောင့် မိမိက "လိုက်ပါဦး လိုက်ပါဦး" ဟု ပြောမှ ကျော်ဝင်းလည်း သတိရ၍ ခပ်သုတ်သုတ် လိုက်လေ၏။

"မသန်းမြင့်" ဟု နောက်ထပ်ခေါ်လိုက်မှ မသန်းမြင့်လည်း ရပ်တန့်နေလိုက်ရာ ကျော်ဝင်းသည် အနားသို့ ကပ်သွားပြီးလျှင် "ဘာတွေပြောလိုက်တာတုံး မသန်းမြင့်ရဲ့။ မိမိနဲ့ ဘာမှမဖြစ်ရပါကလား" ဟု ပြောလေ၏။

"နားနဲ့မျှား မကြားရင် ခက်ကောင်းခက်ရသေးရဲ့။ ကျွန်မ အနားကပ်လာတုန်းကပဲ မသန်းမြင့်ထက် ပိုပြီးချစ်တယ်လို့ပြောတာ ဘာလဲ" ဟု ပြောလိုက်ရာ ကျော်ဝင်းမှာ အံ့အားသင့်ကာ မွန်ထူသွားပြီး ဘာမျှမပြောနိုင်ဘဲရှိစဉ် မသန်းမြင့်သည် ချာခနဲလှည့်၍သွားသဖြင့် ငေး၍နေမိလေ၏။

ထိုအခိုက်တွင် မိမိသည် ကျော်ဝင်းအနား ရောက်လာကာ တုန်ယင်သောအသံဖြင့် "ကိုကျော်ဝင်း. . . မသန်းမြင့်က ကိုကျော်ဝင်းနဲ့ မိမိကို အထင်လွဲသွားတာလား" ဟု စိုးရိမ်မကင်းဘဲ မေးလေ၏။ ကျော်ဝင်းမှာ ဟုတ်တိုင်းမှန်ရာကို အဖြေရခက်လှသောကြောင့် "မိမိနဲ့ အထင်လွဲတာ မဟုတ်ဘူး၊ သူများနဲ့ပါ အိမ်ထဲမှာ ဒေါသဖြစ်ရင်း အခဲမကျေနိုင်လို့ လိုက်ရှာပြီး ပြောတာပါ" ဟု ပြောနေစဉ် မအေးစိန်သည် မသန်းမြင့်၏နောက်သို့ လိုက်သွားသည်ကို တွေ့ကြရလေ၏။

မအေးစိန်သည် မသန်းမြင့်အား တားမြစ်ပါသော်လည်း မရဘဲ ခြံဝင်းအပြင်သို့ ထွက်သွားသည်ကို မိမိမြင်လျှင် ကျော်ဝင်းအား ၎င်းတို့နောက်သို့ ကားနှင့်လိုက်ပို့ရန် ပြောသောကြောင့် ကျော်ဝင်းသည် ဘဦးကိုမှ သတိမရနိုင်တော့ဘဲ၊ ကားပေါ်သို့တက်၍ အမြန်မောင်းထွက်လေ၏။

မသန်းမြင့်အား မှီသည့်အခါ "မသန်းမြင့်. . . မသန်းမြင့် ဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးရာ မသန်းမြင့်လည်း ဘာမျှပြန်မပြော၊ လှည့်၍မကြည့်ဘဲ၊ ဆက်၍လျှောက်သွားသောကြောင့် ကျော်ဝင်းသည် ကားကိုရပ်လိုက်၊ စကားပြောလိုက် ဖြည်းဖြည်းဆက်၍မောင်းလိုက် ရပ်လိုက်နှင့် အတင်းခေါ်လေ၏။

"ကျွန်မတို့နောက် မလိုက်နဲ့၊ ကျောင်းပြန်မယ်"

"အို. . . မသန်းမြင့်ကလည်း ကျွန်မပြောတာ နားမထောင်တော့ဘူးလား"

"ဘယ့်နှယ်လုပ်သွားတာလဲ မသန်းမြင့်၊ မိမိ့ကို ဘယ်လောက်အားနာစရာကောင်းသလဲလို့၊ အားလုံး အရှက်ခွဲတာလား မသန်းမြင့်၊ မိမိ ကျေနပ်အောင် ပြန်ပြီးပြောပါဦး လိုက်ခဲ့ပါ"

"မလိုက်ပါဘူးလို့ ပြောနေမှပဲ၊ ခေါ်မနေပါနဲ့တော့"

"ကျောင်းကို ပြန်မယ်"

"ဒီလိုပြန်လို့ ဖြစ်ပါ့မလားလို့ မဟုတ်တာဘဲ၊ မလိုက်ချင်လို့ ပြန်မယ်ဆိုရင်လည်း လိုက်ပို့မယ်၊ ကားနဲ့ပြန်မယ်"

"ဟုတ်သားပဲ၊ မသန်းမြင့်ကလည်း ဇွတ်မလုပ်စမ်းပါနဲ့။ လာပါ ဟိုမလိုက်ချင်ရင် ကျောင်းကို ကားနဲ့ပြန်တာပေါ့။ တက်ပါလေ ကားပေါ်ကို" ဟု မအေးစိန်ကပါတိုက်တွန်း၍ ကားတံခါး ဆွဲဖွင့်ပြီး အတင်းတက်ခိုင်းမှ မသန်းမြင့်လည်း ကားပေါ်သို့ တက်လိုက်ပါသွားကြလေ၏။

ဘဦးသည် ကျော်ဝင်းကားနှင့် ထွက်သွားသည်ကို တွေ့ရသဖြင့် မိမိအား မေးမြန်းရန် ၎င်းထံသို့ အမြန်လာလေ၏။ မိမိ၏ ဘေးပတ်လည်တွင်လည်း ဂါဝန်ဝတ်မလေးတွေ ဝိုင်း၍မေးမြန်းနေသည်ကို တွေ့ရလေ၏။

"မိမိ. . . ကိုကျော်ဝင်း ဘယ်ထွက်သွားတာလဲ"

"မသန်းမြင့်က စိတ်ဆိုးသွားလို့ သူတို့နောက် လိုက်သွားတယ်"

"ဘယ်သူနဲ့ စိတ်ဆိုးသွားတာလဲ"

"ကျော်ဝင်းနဲ့ပေါ့"

"ဘာပြုလို့လဲ"

"မသိဘူး၊ ကိုကျော်ဝင်း ပြန်လာမှ သေသေချာချာ သိရမှာပဲ" ဟု ပြောသောကြောင့် ဘဦးမှာ မည်သို့မျှ စဉ်းစား၍မရနိုင်။ ဆက်လက်မေးရန်လည်း စကားကုန်နေပြီဖြစ်သဖြင့် မတုန်မလှုပ်ကြီး ဖြစ်နေလေ၏။ ထိုသို့ရှိစဉ်အခိုက်တွင် ဂါဝန်ဝတ်မကလေးများသည် တစ်ယောက်စီ ပျောက်ကွယ်၍သွားကြသဖြင့် နှစ်ယောက်တည်း ကျန်နေရစ်ကြပြီးမှ ဘဦးက "လာ. . . မိမိ ဟိုနေရာမှာ သွားပြီးထိုင်ကြရင်း စကားစမြည် ပြောကြဦးစို့ရဲ့" ဟု ခေါ်သဖြင့် ယခင်ထိုင်ကြသော စားပွဲသို့ ပြန်၍ရောက်ကြလေ၏။

ယင်းသို့ နှစ်ယောက်တည်းထိုင်ကာ တွေဝေ၍နေကြရာ ဘဦးသည် မိမိကို တစိမ့်စိမ့် စိုက်၍ကြည့်ရင်း စိတ်တွင်း၌ ကိန်းအောင်းနေသော အချစ်စိတ် ထကြွလာ

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ဤနေရာတွင် ဖွင့်ဟ၍ ပြောလိုက်ချင်လှသော်လည်း စိတ်ရှုပ်နေဆဲတွင် ပြောလိုက်ခြင်းအားဖြင့် မီမီ၏အချစ်ကို မည်သည့်နည်းနှင့်မျှ လှုံ့ဆော်ထကြွစေခြင်းငှာ တတ်နိုင်မည် မဟုတ်ဟု ယူဆကာ ငြိမ်၍နေလိုက်ရလေ၏။

မီမီသည် ဘဦး၏ ထူးခြားသော ကြည့်ပုံများကြောင့် စိတ်မလုံ့တလုံဖြစ်လျက် ဘာမျှစကားမပြောဘဲ ကြိတ်မှိန်၍နေသောကြောင့် နှစ်ဦးသားတို့မှာ၊ တိတ်ဆိတ်သော လောကဓာတ်ကြီးထဲတွင် ကောင်းကင်သူ ကောင်းကင်သားတို့ ကျရောက်လာကြဘိ သည့်အလား ထူးခြားအံ့ဩဖွယ်သော သဏ္ဌာန်ကို ဆောင်လေ၏။

အတန်ကြာမှ မီမီက "ကိုကျော်ဝင်း ဘာများဖြစ်နေပြန်ပါလိမ့်မလဲ ကြာလှ ချည်လား" ဟု စတင်ရာ. . .

"ဟုတ်ပါရဲ့၊ လိုက်ဦးမှပဲ ထင်တယ်"

"လိုက်မယ်ဆိုရင်လည်း မီမီ့ကားနဲ့ လိုက်ပို့မယ်လေ"

"အို. . . မီမီတစ်ယောက်တည်း၊ အပြန်ကျတော့ စိတ်မချပါဘူး"

"ဒရိုင်ဘာရမ့်ဒူးကို ခေါ်လာခဲ့မယ်လေ။ ကိစ္စမရှိပါဘူး" ဟု ပြောပြောဆိုဆို နှင့်ပင် ဘဦး နောက်ထပ်စကားပြောဖို့ အချိန်မရစဉ်ပင် နေရာကထသွားသဖြင့် ဘဦး လည်း မီမီ၏အပြုအမူများကို အံ့ဩခြင်း ဖြစ်မိလျက် ငေးကြည့်ကာ ကျန်ရစ်နေလေ၏။ မကြာမီပင် ကားထွက်၍လာပြီးလျှင် ကားပေါ်တွင် ဒရိုင်ဘာနှင့် မီမီပါ၍ လာပြီး နောက် မီမီက "လာလေ၊ ကိုဘဦး ကားပေါ်တက်" ဟု ခေါ်သည့်အတွက် ဘဦးလည်း ကားပေါ်တက်၍ လိုက်ပါသွားလေ၏။

ထိုသို့ အတူယှဉ်တွဲစီးနင်းကာ လိုက်ပါလာခဲ့ရခြင်းအားဖြင့် ဘဦး၏စိတ်သည် လှုပ်ရှားထကြွ၍လာသည့်အပြင် ဘဦးသည် မီမီမျက်နှာကိုကြည့်ကာ မစူးမရဲဖြစ်၍ နေလေ၏။ ထိုသို့ ဘဦး၏ ထူးခြားသော အမူအရာသည် မီမီ၏ ငြိမ်သက်လျက်ရှိသော စိတ်နှလုံးကို မရိုးမရွ ဆွပေးသကဲ့သို့ ရှိသောကြောင့်၊ မီမီမှာ မြဲ၍မနေနိုင်တော့ဘဲ "ကိုဘဦး. . . မီမီ့ကို ဘာပြုလို့ ဒါလောက်တောင် စိုက်ပြီးကြည့်နေတာလဲ" ဟု လွတ်ခနဲ မေးလိုက်လေ၏။

ဤကဲ့သို့ မေးလိုက်သည့်အတွက် ဘဦးသည် မီမီ၏အကြံကို မီမီ ရိပ်မိသွား လေပြီဟု ပို၍ရွံ့သွားပြီးမှ ဤနေရာတွင်ပြောရန် အချက်ပိုင်ပြီဟု ဆုံးဖြတ်မိလေ၏။

"လှလွန်းလို့ ကြည့်နေတာပါ မီမီရယ်။ မကြည့်ရဘူးလား"

"ကြည့်တော့ ကြည့်ရပါတယ်၊ ကိုဘဦး ကြည့်တာက ရိုးရိုးမဟုတ်ဘူး။ ဒီလို စိုက်ကြည့်နေတာ အနေရ သိပ်ခက်တယ်"

"ကြည့်တာ မရိုးဘူးဆိုရင်လဲ ဆိုတော့ မီမီရယ်၊ မီမီ့အပေါ်မှာ အင်မတန် ချစ်လွန်းလို့ မီမီ့မျက်နှာကို ကြည့်ရတာ အားမရနိုင်တဲ့အတွက် အခုလို ကြည့်မိတာပါပဲ။ မီမီ့မျက်နှာကိုဖြင့် ဘယ်တော့မှ စိတ်ထဲက ဖျောက်လို့ရတော့မှာ မဟုတ်ဘူး မီမိနဲ့စပြီး

www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြကတည်းက နေ့တိုင်းလိုပဲ မိမို့မျက်နှာလေးကို ထင်ယောင်မြင်ယောင် ဖြစ်နေပြီး တစ်နေ့တစ်ခြား မေတ္တာတွေ ပိုလာတော့တာပဲ။ အခုအခါမှာတော့ဖြင့် မိမိရဲ့အချစ်ကို လက်မခံရရင် အသည်းတွေ ကျွမ်းကုန်လို့ အလွမ်းပူပြီးတော့ ဒုက္ခရောက်တော့ မလောက် အခြေအနေမျိုးကို ရောက်နေပြီလို့ဆိုတာ ဖွင့်ပြီးပြောပါရစေတော့ မိမိရယ်" ဟု ပြောချင်သည့်စကားကို ဒလဟောသွန်၍ ချလိုက်လေ၏။ ဘဦး၏စကားများသည် မိမိနှလုံးသားများကို ထိခိုက်စေလေတော့၏။

ထိုစကားများကြောင့် မိမိမှာ လွမ်းရဆွေးရတော့မလိုလို၊ ပြုံးချိုနေလိုက်ရတော့မလိုလို ဖြစ်မိကာ ထိုစကားကို မည်သို့ပြန်လည် ဖြေဆိုရပါမည်နည်းဟု စဉ်းစားတွေးတော၍ မရနိုင်ရှိသည့်အလျောက်၊ မော်တော်ကားစတီရာတိုင် လက်ကိုင်ကိုသာ စိုက်ကြည့်တွေဝေ၍ နေမိလေတော့၏။

"မိမိ. . . ကိုဘဦးပြောတဲ့ စကားတွေကိုကြားပြီ မဟုတ်လား။ ကိုဘဦးဟာ မိမို့အပေါ်မှာ လွန်လွန်မင်းမင်း ချစ်ကြိုက်လွန်းလို့၊ စွဲလန်းလွန်းလို့၊ အရှက်ကို မငဲ့နိုင်တော့ဘဲ ပြောရတော့တာပဲ။ ကိုဘဦးက ဒါလောက်ချစ်မိရင်ဖြင့် မိမိကလည်း ချစ်ပေလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ချစ်ကဲ့မဟုတ်လား မိမိ။ ကိုဘဦးကို ချစ်ကဲ့မဟုတ်လား"

မိမိသည် စကားပြော၍ မထွက်နိုင်သကဲ့သို့ရှိကာ၊ ယူနီဗာစီတီအဲဗင်းနယူးထဲသို့ မော်တော်ကားဝင်၍လာသည့်တိုင်အောင် ငြိမ်သက်စွာ လိုက်ပါလာခဲ့လေ၏။

ဘဦးသည် မိမိပြောသမျှဖြင့် မိမိ၏စိတ်တွင် ထိခိုက်လောက်ပြီဟု ကျေနပ်ကာ "ပြောပါ မိမိရယ်၊ ပြောစမ်းပါ မိမို့ပါးစပ်က ချစ်တယ်ဆိုတဲ့ စကားပြောတာ မကြားရရင် ကိုဘဦး အသည်းတွေကြွေပြီး သေရဖို့ ရှိပါတော့တယ်" ဟု စိတ်ပါလက်ပါ ချွဲလိုက်လေရာ မိမိမှာ မဖြေ၍မနေနိုင်တော့ဘဲ၊ ပါးစပ်ထဲက စကားထွက်ရန် မနည်းအားထုတ်လိုက်ရလေ၏။

"ကိုဘဦး မိမို့ကို ချစ်တယ်လို့ပြောတော့ မိမိစိတ်ထဲမှာ၊ ဘယ်လိုကြီးဖြစ်သွားမှန်း မသိဘူး။ ဝမ်းနည်းသလိုလို၊ ရှက်သလိုလို၊ ဝမ်းသာသလိုလိုပဲ။ တကယ်ဆိုတော့ ဒီလိုချစ်တယ်ဆိုတာ မိမိဝမ်းသာစရာပါပဲ။ သို့ပေမယ့် မိမို့အချစ်ကိုတော့ ကိုဘဦးကို ပေးနိုင်ဖို့ ခဲယဉ်းတာပဲ လို့ ထင်တယ်" ဟု ဖျစ်ညှစ်၍ ပြောလိုက်သည်တွင် ဘဦးမှာ ဝမ်းနည်းပက်လက် ဖြစ်ရတော့မည်ကဲ့သို့ နားထင်နားရင်း ထူပူကာ မျက်နှာတွင် ရှက်သွေးဖြာ၍သွားလေ၏။

"ဘာပြုလို့လဲ မိမိ။ ကိုဘဦးဟာ မိမိ မချစ်ထိုက်တဲ့ လူမို့လား" ဟု ဝမ်းနည်းသံကြီးနှင့် ဘဦးက မေးလေ၏။

"မဟုတ်ပါဘူး၊ ကိုဘဦးဟာ မိမိ မချစ်ထိုက်လို့ မဟုတ်ပါဘူး။ ချစ်ထိုက်တဲ့ လူတစ်ယောက်ပဲဆိုတာ သိပါတယ်။ တကယ်လို့သာ မိမို့မှာ ချစ်ပြီးသား မရှိခဲ့ရင်၊ ကိုဘဦးကို ချစ်မိမှာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဘဦးမှာ မိမိပြောလိုက်သည့် စကားကိုကြားလျှင် မော်တော်ကားကြီး မှောက်သွားသကဲ့သို့ ထင်လိုက်မိပေ၏။ မျက်လုံးများမှာ တစ်ခါတည်း ပြာဝေ၍သွားပြီးလျှင်၊ မျက်နှာတွင် ဝမ်းနည်းခံခက် ရှက်သွေးမွှန်သွားလေ၏။ မိမိအရင် အချစ်ဦးရှိနေပြီကို သိရသောအခါ၊ ဖြစ်ရလေခြင်းဟူသော ဝမ်းနည်းပက်လက် ဖြစ်ခြင်းသည် ရင်တွင်းကို ဆောင့်၍ အောင့်သက်သက်ကြီး ခံလိုက်ရလေတော့၏။ မည်သူမည်ဝါ ဖြစ်ပါလိမ့်မည်နည်းဟု တွေး၍မရနိုင်သဖြင့် သိအောင်မေးလိုက်ရလျှင် တော်လေမည်လား၊ မိမိ စိတ်ဆိုးမည်လား၊ မိမိမှာ မေးနိုင်ခွင့် ရှိပါမည်လားဟု စိတ်ထဲ၌ မေးခွန်းများ ထုတ်မိကာ မျိုသိပ်၍ မရနိုင်သောကြောင့် "ဒီလို ကြားရတာ ကိုဘဦး သိပ်ပြီးဝမ်းနည်းမိတာပဲ။ ကိုဘဦးထက် အရင်ဦးတဲ့လူရှိလို့ ကိုဘဦးရဲ့ အချစ်ကို လက်မခံနိုင်ဘူး ဆိုရင်လည်း ကိုဘဦးမှာ ဝမ်းနည်းပြီး ဆွေးရတော့မှာပဲ။ နို့သော်လည်း ကိုဘဦးထက် အရင်ဦးတဲ့လူဟာ ဘယ်သူဆိုတာ သိရရင်ဖြင့် မိမိ့အတွက် ဝမ်းသာရပေမှာပဲ။ ဘယ်သူလည်း မိမိ မပြောနိုင်ဘူးလား" ဟု ဝမ်းနည်းသံကြီးဖြင့် မေးလေ၏။

"မသိချင်ပါနဲ့ ကိုဘဦးရယ်"

"ဒါဖြင့် ကိုဘဦးကို တမင်လှည့်စားတာလား မိမိရယ်။ မိမိ့မှာ အချစ်ဦး ရှိတယ်ဆိုတာ တကယ်မဟုတ်ဘဲ ပြောတာပေါ့"

"ရှိတာအမှန်ပဲ၊ သူကလည်း ချစ်တယ်၊ မိမိကလည်း ချစ်တာပဲ။ နို့ပေတဲ့ သူ့နာမည်ကိုလည်း မိမိ မသိဘူး။ ဒါကြောင့် ဘယ်သူဆိုတာ မပြောနိုင်လို့ပေါ့" ဟု ပြောစဉ် မော်တော်ကားသည် ပုဂံဟောလ်ရှေ့သို့ ရောက်လာလေ၏။

ကားရပ်သည့်တိုင်အောင် ဘဦးမှာ ကားပေါ်မှ မဆင်းနိုင်သေးဘဲ "မိမိပြောတာ ဆန်းကြယ်လှချည်ကလား။ နာမည်မသိဘဲ ကြိုက်တယ်ဆိုတာ ဘယ်လိုဟာလဲ၊ စဉ်းစားလို့ မရဘူး" ဟု ပြောလေ၏။

"သူပေးတဲ့စာကလေးနဲ့ ကြိုက်နေကြတာပဲ။ စာထဲမှာ နာမည်ရင်းကို မပြောထားဘူး။ တစ်နေ့ကျတော့ သူ့နာမည် ပေါ်မှာပဲ။ ပေါ်တော့မှ ဘယ်သူဆိုတာ ကိုဘဦး သိချင်ပါတော့။ အခုတော့ဖြင့် မိမိလည်း မသိရသေးဘူး။ ကိုဘဦးကိုလည်း ဘယ်နည်းနဲ့မှ မပြောနိုင်ဘူး"

စာပေးခြင်းဖြင့် မေတ္တာရှိနေကြသည် ဆိုခြင်းကို ကြားရသောအခါ ဘဦး၏ မျက်နှာတွင် ရုတ်တရက် ပွင့်လင်းလာပြီးမှ မိမိပေးသောစာမှာ နာမည်အတိုကောက် ရေး၍ ထည့်လိုက်သည်ကို သတိရသောကြောင့် ပြန်ပြီးမှိုင်သွားလျက် အင်အားချိနဲ့သောဟန်ဖြင့် ကားပေါ်မှ ဆင်းလေ၏။

"ဒါဖြင့် ကိုဘဦး မျှော်လင့်ဖို့ မရှိတော့ဘူးပေါ့နော်"

"ဒီလိုလည်း မဟုတ်သေးဘူးပေါ့။ အခုတော့ စာချင်းသာ မေတ္တာရှိနေတာကို လူချင်း ဘယ်လိုနေဦးမယ် မသိသေးဘူး။ တစ်နေ့ကျ သူနဲ့မေတ္တာ မရှိစရာကိုတွေ့ရင်

www.burmeseclassic.com


ကိုဘဦး မျှော်လင့်ဖို့ အချက်ဖြစ်မှာပဲ" ဟု ပြောပြီးနောက်၊ စကားမပြောနိုင်ဘဲ တွေ၍နေသော ဘဦးကို ကြည့်နေပြီးလျှင်. . .

"ကဲ. . . မိမိ ပြန်တော့မယ်နော်။ ဂွတ်နိုက်" ဟု ဆိုလိုက်ရာ. . .

"ဂွတ်နိုက်" ဟု ဘဦးက ပြန်၍ဖြေကာ ငေးပြီးကြည့်နေစဉ်ပင်၊ မိမိသည် ဒရိုင်ဘာအား မောင်းနှင်ရန် အမိန့်ပေးပြီး ဘဦးကို လက်ပြကာ ထွက်သွားသောကြောင့် ဘဦးမှာ ပြန်၍လက်ပြလျက်ပင် ဟင်းခနဲ သက်မကြီးချကာ ခေါင်းငိုက်စိုက်နှင့် ကျောင်းဝင်းတံခါးသို့ လျှောက်သွားလေ၏။

ဒရဝမ်လည်း ဘဦးကိုမြင်၍ တံခါးဖွင့်ပေးလေရာ၊ ဘဦးသည် ခေါင်းငိုက်စိုက်နှင့်ပင် အထဲသို့ လျှောက်ဝင်သွားသောကြောင့်၊ ဒရဝမ်က လက်ဆွဲပြီး စာအုပ်ကြီးတစ်အုပ်ကို ထိုးပေးမှ ကျောင်းသို့ ပြန်ရောက်သောအချိန်နှင့် မိမိနာမည်ကို "ဂိတ်ဘုတ်" တွင် လက်မှတ်ထိုးရန် သတိရ၍ လက်မှတ်ထိုးလိုက်ရလေ၏။

ကျောင်းလှေကားအတက်သို့ ရောက်သောအခါ၊ ကျောင်းရှေ့တွင် ဆိုက်ထားသော ဓမ်တော်ကားတစ်စင်းကို တွေ့ရသဖြင့် အောင်မြင့်၏ မော်တော်ကား ဖြစ်နေသည်ကို တွေ့ရသည့်အလျောက်၊ ကျော်ဝင်း ရောက်ရှိနေပြီကို သိရလေ၏။

ကျောင်းတစ်ကျောင်းလုံးမှာ ငြိမ်သက်၍နေလေ၏။ ခရစ္စမတ်ပွဲတော်ကျောင်းပိတ်ချိန်ဖြစ်၍ မိမိတို့ ရပ်ရွာဒေသများသို့ ပြန်သူတွေ ပြန်ကြသဖြင့် အနည်းငယ်ကျန်ရစ်သော ကျောင်းသားတစ်စုတို့မှာ စာကြည့်ရန် မရှိကြသောကြောင့် အိပ်သူအိပ်၍ တိတ်ဆိတ်စွာ စကားပြောသူတို့ ပြောလျက်ရှိကြလေ၏။

ဘဦးသည် ကျော်ဝင်း ရောက်ရှိနေပြီးဖြစ်ကိုသိကာ၊ မိမိ၏အခန်းသို့ မပြန်ဘဲ ကျော်ဝင်း၏အခန်းသို့ သွားလေ၏။ သို့ရာတွင် ဘဦးသည် မိမိ၏အဖြစ်အပျက်ကို ကျော်ဝင်း မသိစေလိုလှသဖြင့် အခန်းတွင်းသို့ ဝင်ခါနီးတွင် ကွန္ဒြေဆယ်ကာ လေးလံထိုင်းမှိုင်းသော အမူအရာကိုဖျောက်ပြီး ဝင်သွားရာ၊ ကျော်ဝင်းသည် ကုလားထိုင်တွင် ခြေပစ်လက်ပစ်မှီလျက် အခြားလက်တစ်ဖက်ကို ကုလားထိုင်လက်ကိုင်ဘေးသို့ လွှဲချထားသည်ကို တွေ့ရပြီးနောက်၊ အိပ်ရာပေါ်မှမှောက်လျက် မေးထောက်ကာ ကျော်ဝင်းကို ဘနားဟန်ဖြင့် ကြည့်နေသော သိန်းဖေကိုပါ တွေ့ရလေ၏။

ကျော်ဝင်းသည် ဘဦး ဝင်လာသော ခြေသံကိုမျှ မကြားနိုင်ဘဲ ရှိနေပြီး "ကိုကျော်ဝင်း ခင်ဗျား တယ်တော်တဲ့လူပဲဗျာ။ ကျွန်တော့်တောင် သတိမရဘဲ ပစ်ထားခဲ့တယ်" ဟု ဘဦး ပြောတော့မှ ကျော်ဝင်းတွင် သတိရပြီး၊ ဘဦးကို မော့ကြည့်ကာ ထိုင်ပုံကို တစ်မျိုးပြင်ရာက. . .

"ခင်ဗျား စိတ်ဆိုးချင်လည်း ဆိုးတော့ဗျာ၊ သတိရပါတယ်။ ကျွန်တော့်ဒုက္ခ ကျွန်တော်ဖြစ်လို့ ခင်ဗျားကို ဂရုမစိုက်နိုင်ဘဲ ပြေးခဲ့ရတာ။ ဒီကျတော့ သေချင်အောင် စိတ်ညစ်ယွန်းလို့ ခင်ဗျားကို ပြန်ပြီးမခေါ်တော့ဘဲ နေလိုက်တာ" ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘဦးလည်း သိန်းဖေ မှောက်လှဲနေသော ကုတင်ပေါ်တွင် ဝင်ရောက်၍ထိုင်ကာ ကုတင်ခြေရင်းတိုင်ကိုမှီလျက် "ဒါကြောင့် မလာတော့ဘူးထင်လို့ ကျွန်တော်လည်း ပြန်လာခဲ့တာပဲ" ဟု ပြောလေ၏။

"ဘာနဲ့လာသလဲ"

"မီမီ့ကားနဲ့ ပြန်ခဲ့တာပေ့ါ၊ သူလည်း လိုက်လာသေးတယ်"

"အချိန်မတော်ကြီး လိုက်လာသေးသကိုး၊ ဘာပြောသေးသလဲ"

"ဘာမှတော့ မပြောပါဘူး၊ နို့ပေတဲ့" ဟု ဆိုပြီးမှ ဆက်၍မပြောချင်သလိုလို ရှိသောကြောင့် ရပ်ထားလိုက်ရာ၊ ကျော်ဝင်းသည်လည်း ကိုယ့်အလွမ်းနှင့်ကိုယ် ဆွေး၍ နေရသည်ထက် သူများ၏စကားကို မကြားလိုလှသဖြင့်၊ ငြိမ်၍ပင်နေလိုက်တော့မည် လုပ်သော်လည်း သိန်းဖေက အငြိမ်မနေနိုင်သောကြောင့်. . .

"နို့ပေတဲ့ဆိုတော့ ဘာများထူးသေးသလဲ၊ ပြောစမ်းပါဦး" ဆိုသည့်အတွက် "ကျွန်တော့်မလဲ ကျွန်တော့်ဒုက္ခနဲ့ပဲဗျာ" ဟု ပြောလေ၏။

ထိုအခါမှ ကျော်ဝင်းက "ဘာဒုက္ခဖြစ်လို့တုံး" ဟု မေးသောကြောင့် ဘဦးလည်း ဖုံးကွယ်၍ မနေတော့ဘဲ၊ မီမီနှင့် မိမိ ကားပေါ်တွင် ပြောဆိုသိရှိခဲ့ကြသည့် အခင်းကို ဇာတ်ရင်းကလှန်လေ၏။

"စာနဲ့ ကြိုက်နေတယ်ဆိုတာ ဒီစာဟာ ခင်ဗျားစာ မဟုတ်ဘူးလား"

"နာမည်ရင်းကို မဖော်ဘူးဆိုတော့ ကျွန်တော့်စာ ဘယ်ဟုတ်ပါတော့မလဲဗျ။ ကျွန်တော့်စာထဲမှာ နာမည်အတိုကောက် ထည့်ထားတော့တာပဲ။ ကျောင်းသားထဲက နာမည်ဝှက်နဲ့ ပေးတဲ့စာမျိုးလားမှ မသိဘဲကလားဗျာ"

ဘဦး ပြောပြသမျှ စကားများကို ကြားရလျှင် သိန်းဖေသည် ဤကိစ္စ၌ အပြစ်မကင်းဘဲ၊ မီမီကြောင့် ဘဦးမှာ နီးလျက်နှင့် ဝေးရသည်ကို သိရလေတော့၏။ ထိုသို့ ဖြစ်ပျက်ပုံကို မိမိတစ်ယောက်တည်းသာ သိသည်ဖြစ်သောကြောင့် မိမိက ရှင်း၍မပြောသေးသမျှ ထိုအရှုပ်အထွေးကြီး မပေါ်နိုင်ဘဲ ဘဦးသာ မီမီ၏ကိစ္စနှင့် အခက်ကြုံရသည် မဟုတ်။ ကျော်ဝင်းနှင့် မသန်းမြင့်တို့လည်း ကတောက်ကဆတ်ဖြစ်၍ မပြီးနိုင်မည်ကို သိရှိလေရာ မည်သည့်နည်းဖြင့် အေးအေးချမ်းချမ်း ရှင်းလင်း၍ ဖြစ်နိုင်မည်ကို စဉ်းစားပါသော်လည်း မရနိုင်သကဲ့သို့ ရှိနေလေ၏။ သိန်းဖေသည် မိမိ၏ လျှို့ဝှက်ထားသည့် ကိစ္စကို ဤလေးဦးအား တစ်ဦးဦးကို ပြောလိုက်လျှင် ရှင်းလင်းနိုင်မည် ဖြစ်သော်လည်း ထိုသို့ပြောရမည်ကိုပင် ရင်လေး၍နေသောကြောင့် အခြားနည်းဖြင့် ကြံ၍မရသေးသမျှ ရှင်းလင်း၍ မရနိုင်သည်ကို တွေးမိပြီး၊ ဟင်းခနဲ သက်မကြီးချလိုက်လေရာ. . .

"ခင်ဗျားကကော ဘာပြုလို့ သက်မကြီးချနေရပြန်တာလဲ" ဟု ဘဦးက မေးသောကြောင့် "ကျွန်တော်လည်း ကိုယ့်အပူနဲ့ ကိုယ်ပေ့ါ" ဟု ပြောလိုက်သဖြင့် ကျော်ဝင်းက "ကောင်းပါ့ဗျာ၊ သုံးယောက်ပေါင်း အလောင်းမကျော်ဘဲ၊ သုံးယောက်

www.burmeseclassic.com



ပေါင်း စောင်းချော်ကုန်တာပဲ။ ကျွန်တော်နဲ့ မသန်းမြင့်လည်းလွဲ၊ ကိုဘဦးနဲ့ မိမိလည်းလွဲ၊ ခင်ဗျားလည်း မအေးစိန်နဲ့လွဲ။ သုံးယောက်သား လည်ပင်းကို ကြိုးတွဲပြီး အင်းလျားကန်ထဲ ဆင်းသေလိုက်ဖို့ ကောင်းတာပဲ" ဟု ပြောလိုက်စဉ်ပင် အခန်းမီးများ ငြိမ်းလိုက်သဖြင့် မှောင်ထဲသို့ ရောက်သွားကြလေသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ခရစ္စမတ်ကျောင်းပိတ်ပွဲအတွင်း၌ ပုဂံဟောလ်တွင် ကျောင်းသားအနည်းအကျဉ်းမျှသာ ရှိကြ၍ အလွန်ပင် သွေ့ခြောက်တိတ်ဆိတ်ကာ ပျင်းရိစရာကောင်းနေလေတော့၏။ များစွာသော ကျောင်းသားတို့သည် မိဘရပ်ထံသို့ ပြန်ကြလေရာ ကျန်ရစ်သူအချို့တို့မှာ စရိတ်မရှိ၍ မပြန်နိုင်သူ၊ ရန်ကုန်တွင် ဂျပိုးထိုးလိုသူများနှင့် ငြိမ်ငြိမ်သက်သက် စာကြည့်နေလိုသူတို့သာလျှင် ဖြစ်ကြပေ၏။ ထိုလူစုတို့အထဲတွင် ကျော်ဝင်းတို့ လူသိုက်သာလျှင် တစ်မူထူးခြားနေကြပေတော့၏။

အစီအရီ ရှိကြသော အခန်းကလေးများမှာ တံခါးပိတ်လျက်ရှိပြီး ထိုအထဲမှ ပြောက်တိပြောက်ကျား အခန်းတံခါးကလေးများ ဖွင့်ဟ၍နေကြကုန်ပြီးလျှင် တစ်ကျောင်းလုံးမှာ ရှင်းရှင်းလင်းလင်းကြီး ဖြစ်နေလေတော့သည်။

တနင်္ဂနွေနေ့ကဲ့သို့ ကျောင်းပိတ်ရက်များမှာမူ ဆူဆူညံညံရှိကာ အော်ဟစ်တီးမှုတ် တေးဆိုကခုန်၍ ပျော်စရာကြီး ကောင်းလှသော်လည်း ယခုကား တိတ်ဆိတ်လျက်ရှာထဲတွင် တောလှည်းကြီး မောင်းသွားသလို တကျိကျိနှင့် ပျင်းပျင်းရိရိထိုးသော တယောသံကိုသာ ကြားရပေတော့၏။ ဆိတ်ငြိမ်သောအခါတွင် ဝရံတာ၌ ဖြည်းညှင်းစွာ လျှောက်သည့် ဖိနပ်သံပင်လျှင် တဂေါက်ဂေါက်နှင့် နားထဲတွင် ငြီးငွေ့ဖွယ် ကြားနေရပေ၏။

ထိုအတွင်း စာဂျပိုးတစ်ယောက်၏ အခန်းထဲမှ ကျည်းကန်ကိုရင်ကြီး မေတ္တာစာကို ဘုန်းကြီးကျောင်းသား စာအံသလို ကျယ်လောင်ကျယ်လောင်နှင့် ရွတ်ဆိုနေသောကြောင့် ကျော်ဝင်းတို့ လူသိုက်၏ စိတ်ထဲတွင် တောရကျောင်းသို့ ရောက်ရှိနေသကဲ့သို့ ဖြစ်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သိန်းဖေမှုကား ပျော်ရွှင်တတ်သူတစ်ဦးဖြစ်၍သာလျှင် ၎င်း၏မျက်နှာတွင် ပြုံးရွှင်ကြည်လင်နေနိုင်သည်ကို တွေ့ရသော်လည်း စိတ်အတွင်း၌ ဖုံးကွယ်ထားသော အချစ်ဝေဒနာမှာ ကျော်ဝင်းတို့ ခံစားရသလောက်ပင် ခံစားနေရရှာပေ၏။ သို့ရာတွင် သိန်းဖေကား စိတ်ရှုပ်ခြင်းကို အထင်အရှား ဖော်ပြတတ်သော သဘောမရှိသည့်အပြင် စိတ်အရှုပ်အထွေး ဖြစ်ပေါ်လာက ပျော်ရွှင်မှုဖြင့်သာ ဖြေဖျောက်လျက် စိတ်ညစ်မခံသူ ဖြစ်သည့်အလျောက်၊ ၎င်းတို့ သုံးယောက်တွင် သိန်းဖေတစ်ယောက်သာလျှင် ရွှင်ပြသော မျက်နှာကိုဆောင်၍ ကျော်ဝင်းနှင့် ဘဦးတို့ကို ဖြေဖျော်မည့်သူ ရှိပေတော့၏။

"ရှေးရှေးတုန်းက လူမိုက်ကြီးသုံးယောက် ရှိသတဲ့။ တစ်ယောက်နာမည်က ဖင်ချွန်း တဲ့။ တစ်ယောက်က နှပ်ချီးပိန်းကောတဲ့။ တစ်ယောက်က နားရွက်ကြီးတဲ့"

"ဘာတွေ လျှောက်ပြောနေတာလဲဗျာ၊ နားညည်းလိုက်တာ"

သိန်းဖေသည် ဂရုမစိုက်ဘဲ ဆက်လက်၍ ပြောလေ၏။ "အဲဒီလူမိုက်ကြီး သုံးယောက်ဟာ တစ်နေ့တော့ မြစ်ဆိပ်ကမ်းနားကို ရောက်သွားကြတဲ့အခါ လှေကလေး တစ်စင်း တွေ့ကြသတဲ့။ အဲဒီတော့ လှေစီးကြရအောင်ဆိုပြီး ဖင်ချွန်းက လှေထဲထိုင် လိုက်တော့ကာ လှေပေါက်သွားသတဲ့။ တော်တော်လည်း စူးရှတဲ့ဖင်ပဲ။ အဲဒီလို လှေ ပေါက်ပြီးသွားတော့ လှေထဲကို ရေဝင်လာတာပေါ့။ ဒါနဲ့ နှပ်ချီးပိန်းကောက နှာခေါင်းထဲ က နှပ်ချီးတွေ ညှစ်ညှစ်ပြီး လှေကို ဖာရတယ်ဆိုကိုး။ ဒီတော့မှ လှေထဲကို ထိုင်လိုက်ကြ ပြီး နားရွက်ကြီးက သူ့နားရွက်နဲ့ ရွက်တိုက်ပြီး လှေစီးကြသတဲ့"

"တော်စမ်းပါဗျာ၊ အရေးထဲမှာ လူမမာ အမဲခြောက်ဖုတ် တောင်းတာလို အနားက တကျီကျီ လုပ်မနေစမ်းပါနဲ့"

"ဪ. . . သဘောကျတယ်လား။ အင်းအင်း ပုံကလေးတစ်ပုံ ပြောဦးမယ်။ ရှေးရှေးတုန်းက"

"ဟေ့လူ ထွက်ဗျာ၊ သွားတော့ဗျာ။ ခင်ဗျားပြောတာ နားညည်းတယ်။ ကလေးမဟုတ် ဘာမဟုတ်နဲ့"

"ရှေးရှေးတုန်းက" ဟု နောက်ထပ်အပြောတွင် သိန်းဖေအား အခန်းတွင်းမှ တွန်းတွန်းပို့ပို့ အပြင်သို့ထုတ်ကာ တံခါးကိုဆွဲ၍ ပိတ်လိုက်သဖြင့် သိန်းဖေမှာ အပြင်သို့ ရောက်သွားပြီး မဝင်နိုင်ဘဲ ရှိနေလေ၏။

ထို့နောက် ကျောင်းကို တစ်ပတ်လှည့်ပြီး ကျော်ဝင်း၏ အခန်းသို့ ပြန်လာရာ၊ မဖွင့်ဘဲ ပိတ်၍ထားသဖြင့် မှန်အတွင်းရှိ ခန်းဆီးကလေးဟနေသည့်ကြားမှနေ၍ အတွင်းသို့ ချောင်းမြောင်းကြည့်ရှုလိုက်ရာ ကျော်ဝင်းနှင့် ဘဦးတို့သည် တစ်ယောက်ကို တစ်ယောက် စကားမပြောဘဲ၊ ငြိမ်၍ ကြိတ်ဆွေး ဆွေးမြေ့၍နေကြသည်ကို တွေ့ရ တော့မှ ၎င်းတို့အား ပျော်အောင်လုပ်စေကာမူ နှောင့်ယှက်ရာသို့ ရောက်စေတော့မည် ဟု နှလုံးပြုကာ မိမိအခန်းသို့ ပြန်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ ပြန်ရောက်သောအခါတွင် ခြောက်သွေ့ပျင်းရိဖွယ် တစ်ကိုယ်တည်း ဖြစ်နေလေရာမှ မအေးစိန်အကြောင်းတို့ကို တွေးမိလေရာ၊ မည်သို့ဖြေဖျောက်ရပါမည်နည်းဟု ကြံစည်၍ မရနိုင်သည့်အဆုံး၌ အော်ကျယ်ဟစ်ကျယ် သီချင်းကောက်၍ဆိုလေ၏။

"ဆွေးဖို့ဖန်လာ၊ ဆွေးဖို့ဖန်လာ၊ ဆွေးဖို့ဖန်လာ. . . မဒီကညာကလေးမှာဖြင့်" ဟု ဆို၍ အဆက်မေ့နေသောကြောင့် "တီးနယ် တီးနယ် လဲတဲတူနဲ့လဗျောင်" ဟု အဆုံးသတ်လိုက်လေ၏။

"ဟေ့. . ဟိုဘက်က လဗျောင်ဆရာကြီး၊ တိုးတိုးဗျာ၊ တိုးတိုး. . . သိပ်မအော်ပါနဲ့။ ဒီမှာ စာကြည့်နေတဲ့လူလည်း အားနာပါဦး"

"နေ့စဉ် လွမ်းလို့မှိုင်တာ၊ ည ညစဉ် လွမ်းလို့မှိုင်တာ၊ မနေနိုင် ငွေမြိုင်လွမ်းလို့ စာပေး စာပေး၊ တွေးတွေးဆဆ ခဏခဏလျှောင်ပြန်၊ သန်းကောင်ယံ လာမယ်ပြောတဲ့ သူရဲ့ ဖေက ဖေက မပေါ်လာ၊ မေက မေက မျှော်ရှာ၊ တူနဲ့တူနဲ့ဂျိဂျိ" ဟုဆိုစဉ် ကျောဘက်ခန်းမှ ဝုန်းကနဲ ရေနှင့် ပက်ချလိုက်လေ၏။

"ဟေ့လူ၊ ဘယ့်နှယ်လုပ်တာလဲဗျ၊ ရေတွေနဲ့"

"ဘယ့်နှယ်မှ မလုပ်ပါဘူး။ ရေနဲ့ ပက်တာပေါ့"

"ဟာဗျာ. . . တယ်လည်းခက်တဲ့ လူတွေပဲ။ အေးအေးသီချင်းဆိုနေတာ မဆိုရဘူး"

"ဟာဗျာ. . တယ်လည်းခက်တဲ့ လူတွေပဲ။ အေးအေးစာဖတ်နေတာ မဖတ်ရဘူး" ဟု တစ်ယောက်က ပြန်ပြောလိုက်သဖြင့် သိန်းဖေမှာ အနေရခက်လျက်ရှိပြီး ဇွတ်ရွဲ့လျက် စက္ကူစုတ်ထည့်သော သံခြင်းကလေး၏ဖင်ကို ဗင်တီးကာ "ကမ္ဘာမကြေ ဗမာတွေ၊ ဒါတို့ပြည် ဒါတို့မြေ ဒါ ငါတို့ပြည်" ဟု စ၍ ငရဲအိုးဆူပွက်သောအသံဖြင့် အော်လေရာ၊ တစ်ဖက်ခန်းမှ ဆက်ကာဆက်ကာ တဝုန်းဝုန်း ရေနှင့် ပက်လေ၏။

ဒိန်း ဒိန်း ဒိန်း။

"တို့မြန်မာ တို့မြန်မာပြည်ကို တိုင်းရင်းသား အကုန်အစင်"

ဝုန်း ဝုန်း ဝုန်း ဗွမ်း။

"ဟေ့ အိပ်ရာတွေ ရွဲကုန်ပြီဗျ"

"ဟားဟားဟားဟား" ဟု တစ်ဖက်ခန်းမှ ရယ်လိုက်ရင်း "သကြိန်ကျလို့ ရေပက်တယ် စိတ်မဆိုးပါနဲ့ ကိုသိန်းဖေရယ်" ဟုဆိုကာ သိန်းဖေ၏မျက်နှာကို ရေနှင့် လှမ်း၍ ပက်လိုက်တော့မှပဲ "ဟေ့လူတွေ တော်ပါတော့ဗျ၊ အရှုံးပေးပါပြီ" ဟုဆို၍ လက်ထဲက သံပုံးကို ပစ်ချလိုက်လေ၏။

သိန်းဖေသည် ရေစိုသော အဝတ်အစား၊ အိပ်ရာခင်းများကို ခါပြီးလျှင် မိတ်ပျက်သည့်မျက်နှာဖြင့် ခုတင်ပေါ်တွင် ထိုင်နေလေ၏။ ကျော်ဝင်းတို့ အခန်းမှာလည်း

www.burmeseclassic.com


လက်မခံ၊ မိမိအခန်း နေပြန်ကလည်း ဘေးရန်က မကင်းသောကြောင့်၊ အင်းလျားကန် ဆီသို့သွားရန် အကြံထုတ်ပြီးလျှင် အခန်းတွင်းမှ ထွက်သွားလေ၏။

ခါတိုင်း အင်းလျားကန်နံဘေးမှာ ကျောင်းသားများ ခြေချင်းလိမ်လျက် ရှုပ်ထွေး၍နေလေ့ရှိရာ ထိုသို့ ယခု မတွေ့ရတော့သဖြင့် "ဘယ့်နှယ်ကြောင့်ပါလိမ့်" ဟု တွေးပြီးမှ ကျောင်းပိတ်ရက်များ ဖြစ်နေသောကြောင့် နောက်ပိုးတွေ ပြန်ကုန်ပြီဟု စဉ်းစားမိကာ ဆက်လက်၍ လျှောက်ခဲ့လေ၏။

အင်းလျားကျောင်းဆောင်ရှေ့သို့ ရောက်သောအခါ ကျောင်းသူကလေး တစ်ယောက် နှစ်ယောက်သည် အံ့အားသင့်သော အမူအရာနှင့် သိန်းဖေကို စိုက်ကြည့် ကြလေရာ သိန်းဖေမှာ "ငါ ကနေ့ ဘာများထူးခြားလာပါလိမ့်မလဲ" ဟု ကိုယ့်ကိုယ်ကို ပြန်၍ကြည့်မိလေ၏။ သို့ရာတွင် မိမိကိုယ်၌ ဘာမျှထူးခြားသည်ကို မတွေ့ရသဖြင့် သာ၍စဉ်းစားရ ကြပ်ပြန်လေ၏။

သို့နှင့် သိန်းဖေသည် ဆက်လက်၍ လျှောက်လာခဲ့ရာ လေ့အသင်းရုံမှ ထွက် လာသော အသိကျောင်းသားတစ်ယောက် သိန်းဖေကိုမြင်၍ အံ့အားသင့်သော အမူ အရာဖြင့် "ဟော့. . . ကိုသိန်းဖေ ဘယ်လဲ" ဟု မေးလေ၏။

"လမ်းလျှောက်မလို့"

"အမယ်. . . ဒါဖြင့် မောင်မောင်မင်းကြီးသား မြန်မြန်ပြန်" ဟု ပြောသော ကြောင့် သိန်းဖေလည်း ထိုသူကဲ့သို့ အံ့ဩခြင်းဖြစ်ကာ "ဘာပြုလို့တုံးဗျ" ဟု မေးလေ၏။

"ဒီကနေ့ အင်္ဂါနေ့ဗျ"

"အင်္ဂါနေ့နဲ့ ဘာဆိုင်လို့တုံး"

"ခင်ဗျား မသိသေးဘူးလား"

"ဘာမသိတာတုံး၊ အင်္ဂါနေ့တော့ ပြက္ခဒိန်ထဲမှာ အရှိသားပေါ့၊ အူကြောင် ကြောင် လုပ်မနေစမ်းပါနဲ့"

"ကြောင်တာ မဟုတ်ဘူး၊ ခင်ဗျား ဂျောက်ကျမှာစိုးလို့"

"ဘယ့်နှာတွေတုံးဗျ၊ လမ်းလျှောက်တာရယ်၊ အင်္ဂါနေ့ရယ်၊ မသိတာရယ်၊ ဂျောက်ကျတာရယ်၊ ဘာတွေပြောနေတာလဲလို့"

"ဒီကနေ့ ကျောင်းသူကလေးတွေ ကန်ထဲမှာ ရေချိုးတဲ့နေ့ဗျ၊ ဒီကနေ့ ကန်ဘေးစောင်းကို လမ်းမလျှောက်ရဘူးလို့ နို့တစ် ထုတ်ထားတယ်။ ခင်ဗျား ဆရာကြီး သိသွားရင် ဂျောက်ကျနေလိမ့်မယ်"

"ဟုတ်လား၊ မသိပါဘူးဗျာ။ ဒီလိုနို့တစ် ထုတ်ထားတာ ခင်ဗျား ပြောမှပဲ သိတယ်။ နို့ပေမယ့် ကိစ္စမရှိပါဘူးဗျာ။ ဆရာကြီးလည်း လိုက်ပြီး ချောင်းမနေပါဘူး"

"ကိစ္စမရှိလည်း သွားပါမောင်ရာ။ ကိစ္စရှိတော့ အသိသာကြီးပဲ" ဟု ဆိုကာ ထိုကျောင်းသား ထွက်၍သွားသဖြင့် သိန်းဖေက ကျန်ရစ်လေ၏။ သိန်းဖေသည် မယုံ

www.burmeseclassic.com

www.burmeseclassic.com



တယ့် ဖြစ်၍နေပြီးမှ "ဟုတ်ချင်ဟုတ်၊ မဟုတ်ချင်နေ" ဟု အောက်မေ့ကာ ဆက်၍ လျှောက်လေ၏။

ထိုသို့လျှောက်လာရင်း မိမိ၏ရင်ဆိုင်ဆီမှ ကျောင်းအုပ်ကြီး လျှောက်လာသည်ကို တွေ့ရလေရာ သိန်းဖေသည် မျက်လုံးပြူး၍သွားကာ၊ ခပ်မြန်မြန်လှည့်၍ ပြန်လာလေ၏။ သို့လှည့်လိုက်ရာတွင် မိမိနောက်ဘက်မှ ခပ်လှမ်းလှမ်းက လျှောက်လာသော ပရော်ဖက်ဆာတစ်ယောက်ကို တွေ့နေပြန်သဖြင့် ရှေ့မတိုး နောက်မဆုတ်သာ ဖြစ်နေပြီး ၎င်းတို့ မတွေ့ရအောင် ကန်ဘက်ရှိ သစ်ပင်တွေကြားထဲသို့ ပုန်းရန် ဝင်သွားလေ၏။

ထိုသို့ ဝင်သွားရာတွင် ပျော်ရွှင်စွာ သီဆိုကြသော မြန်မာတေးသံ အင်္ဂလိပ်တေးသံကလေးများ တစာစာ ကြားရသဖြင့် နန္ဒဝန်ဥယျာဉ်တွင်းသို့ ရောက်နေသကဲ့သို့ ထင်မြင်ကာ နတ်သမီးခုနစ်ဖော် ရေဆင်း၍ ချိုးလေရော့သလားဟု အောက်မေ့မိလေ၏။

သို့ဖြစ်၍ ချောင်းမြောင်းကြည့်ရှုလိုသောစိတ်က ကျောင်းသူကလေးများ ရေချိုးရာနေရာသို့ သိန်းဖေကို တိုက်တွန်းပို့ဆောင်နေလေရကား သိန်းဖေသည် သားကောင်ကို ကျားချောင်းသလို သစ်ပင်များအကြားသို့ ချွတ်နင်း၍ ဝင်လေ၏။

မိန်းကလေးများ ပျော်ရွှင်စွာ သီဆိုကြသည့် တေးသံများ၊ ရေထဲသို့ ဝုန်းခနဲ ခုန်ဆင်းသည့်အသံများသည် သိန်းဖေအား အတင်းဆွဲဆောင်၍သွားလေရာ တဖြည်းဖြည်း ၎င်းတို့ ရေချိုးသည့်နေရာများသို့ ရောက်လာသည်တွင် "အို" ဟု အံ့အားသင့်၍ အော်လိုက်သော မိန်းကလေးသံကို ကြားလိုက်သဖြင့် လန့်ဖျပ်၍သွားပြီး လှည့်ကြည့်လိုက်ရာ ဆွင်းမင်းဒရက်ခေါ် ရေချိုးရာ၌ ဝတ်ဆင်သော ခြေပြတ်လက်ပြတ် အသားကပ်အကျႌ ဝတ်ထားပြီး ရေရွှဲရွှဲ စိုနေသော မအေးစိန်နှင့် ရင်ဆိုင်တိုး၍နေလေ၏။ မအေးစိန်မျက်နှာတွင် ရှက်သွေးတွေ ဖြာသွားပြီးလျှင် ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ကြက်ခြေခတ်ယှက်လျက်ဖုံးကာ မျက်လုံးပြူးပြီး စိုက်ကြည့်နေသည်ကို တွေ့ရ၍၊ သိန်းဖေလည်း မအေးစိန်အား မျက်လုံးပြူး၍ကြည့်ကာ ကြက်သေ,သေ၍နေလေ၏။

"ရှင် ဘယ့်နှယ် ဒီကိုလာတာတုန်း။ မိန်းကလေးတွေ ရေချိုးနေတယ်" ဟု မအေးစိန်က ပြောလိုက်သော်လည်း၊ သိန်းဖေနားထဲတွင် ထိုစကားများ မဝင်နိုင်ဘဲ မျက်မှန်အတွင်းမှ ပြူး၍ကြည့်နေသော မျက်လုံးများသည် မအေးစိန်၏ မျက်နှာတည့်တည့်ချိန်ပြီးကြည့်ရာမှ တစ်ကိုယ်လုံးလျှောက်၍ အခြေဆုံးသည့်တိုင်အောင် စိုက်၍ ကြည့်လိုက်ရာ မအေးစိန်သည် ရှက်ပြီး ကျောပေး၍ လှည့်လိုက်လေ၏။

ထို့နောက် မအေးစိန်သည် ကိုယ်ကိုမလှည့်ဘဲ ခေါင်းကိုသာလှည့်ကာ သိန်းဖေအား ကြည့်လိုက်ရာ သိန်းဖေ၏ မျက်လုံးများသည် မိမိ၏ပြည့်ဖြိုးသော တင်သားများအား စိုက်၍ကြည့်နေသည်ကို တွေ့ရပြန်သောကြောင့် အောင့်သက်ခမ်း

www.burmeseclassic.com


ကလေးကိုကိုက်ကာ ဒေါသ၏အရိပ်အရောင်ပြလျက် ရှက်သွေးမွှန်နေသော မျက်နှာဖြင့် "ရှင် ဒီကိုမလာနဲ့။ ဟိုမှာ ရေချိုးနေတာကို အော်ပြီးခေါ်လိုက်ရမလား" ဟု ပြောလေ၏။

"ရေ. . . ရေချိုးနေတာကို ကြည့်ရအောင်လာတာ မဟုတ်ဘူး။ မအေးစိန်ကို စကား ပြောစရာရှိလို့ပါ" ဟု ပြောလိုက်သဖြင့် မအေးစိန်က "ဒီဟာ စကားပြောဖို့နေရာ မဟုတ်ဘူး" ဟု ပြော၍ ထွက်သွားမည်အပြု၊ လက်ကိုဆွဲ၍ထားလိုက်လေ၏။

"ကိုသိန်းဖေ ကျွန်မ သိပ်ရှက်တာပဲ၊ လွှတ်ပါရှင့်"

"လွှတ်ပါ့မယ်၊ နို့ပေမယ့် ဒီကပြောတဲ့ စကားကို နားထောင်ပြီးမှ လွှတ်ပါရစေ။ မအေးစိန်ကို ဒီစကားပြောချင်တာ ကြာပါပြီ။ နို့ပေတဲ့ ပြောရဖို့ အချက်ကောင်း အခါကောင်း မတွေ့ရသေးလို့ မပြောရတာပါ။ ဒီနေရာဟာလည်း ပြောဖို့နေရာ မဟုတ် ပေမယ့် ဒီတစ်ခါပဲ နှစ်ယောက်တည်း တွေ့ရလို့ ပြောဖြစ်အောင် ပြောချင်လွန်းလို့ပါ။ ပြောပြီးရင် လွှတ်ပါ့မယ်"

"ကျွန်မ ဒီအဝတ်အစားကြီးနဲ့ စကားပြောရမှာ ရှက်တယ်ရှင့်၊ ရှက်တယ်။ နောက်မှပြောပါ၊ သွားပါရစေ။ သူများတွေလာရင် မြင်သွားပါဦးမယ်"

"ဒါဖြင့်ရင် ထိုင်ပြီးပြောပါ။ ခဏလေးနေပါဦး" ဟု သိန်းဖေက ငှတ်အတင်း အဓမ္မ ထိုင်ခိုင်းရာမှ မအေးစိန်မှာ ရပ်၍နေသည်ထက် အရှက်သက်သာမည်ဖြစ်၍ သဲမြေနုပေါ်တွင် ထိုင်ရလေ၏။ သိန်းဖေလည်း ဘေးကကပ်လျက် ရုပ်ရှင်မင်းသား မင်းသမီးကို စကားပြောသည့်ဟန်မျိုးဖြင့် ကြုံ့ကြုံ့ထိုင်ကာ "မအေးစိန် ဒီကပေါ်မှာ ဒါလောက်ပဲ မုန်းသလား မအေးစိန်ရယ်၊ လူကို မုန်းပေမယ့် ဒီကစိတ်ထဲမှာရှိတဲ့ အချစ် မျိုးဖြင့် မုန်းဖို့မကောင်းပါဘူး။ မျက်နှာအရုပ်ဆိုးပေတယ်လို့ ဒီကအသည်းနှလုံးထဲမှာ ရှိတဲ့ အချစ်ဟာဖြင့် အရုပ်မဆိုးပါဘူး။ လူတိုင်းမှာရှိတဲ့ မေတ္တာစစ်အချစ်မျိုးလို ဖြူစင် တဲ့အချစ်နဲ့ မအေးစိန်အပေါ်မှာ မေတ္တာရှိတာကို သိသင့်ပါတယ် မအေးစိန်ရယ်" ဟု ပြောလိုက်ရာ မအေးစိန်မှာ မိမိအား အကြပ်အတည်းထဲတွင်ဖမ်း၍ လူပျိုစကား ပြောနေသည်ကို သိရသော်လည်း သိန်းဖေအပေါ်တွင် တစ်နေ့တစ်ခြား မုန်းစိတ်များ ကုန်စင်လွင့်ပျောက်၍လာခဲ့သည့်အလျောက် သန်းခေါင်ကျော်လျှင် တဖြည်းဖြည်း အလင်းဘက်သို့ ရောက်လာသည်နှင့် အလားတူစွာ မုန်းတီးစိတ် ကုန်ခဲ့၍ ကြင်နာစိတ် ဖက်သို့ လှည့်လာနေခြင်းကြောင့် သိန်းဖေအား ငှတ်ငြင်းရှောင်လွှဲ၍ ပြေးခြင်းငှာ မတတ်နိုင်တော့ဘဲ ဝမ်းနည်းသလို၊ ငိုချင်သလိုလို မျက်နှာမျိုးဖြင့် တစ်ဘက်သို့လှည့်ပြီး ခေါင်းငုံ့၍နေမိလေ၏။

သိန်းဖေလည်း ရုတ်တရက် စကားဆက်လက်၍ပြောရန် ပါးစပ်ထဲက မထွက်နိုင်ဘဲ စောင့်စား၍နေစဉ်၊ မအေးစိန်သည် မဆူမပွက် မလှုပ်မယှက် နေသည်ကို သိန်းဖေ တွေ့ရသဖြင့် "ငါ့ဘက်တော့ ပါလာပြီ" ဟူသော တွေးတောမိသည့်ဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရဲတင်း၍လာကာ မအေးစိန်၏မေးကလေးကို လက်တစ်ဖက်ဖြင့် အသာဆွဲ၍လှည့်ကာ မိမိအား ကြည့်စေလေ၏။

"မအေးစိန်က ဒီကအပေါ်မှာ ဘယ်လောက်ပဲမုန်းမုန်း၊ ဘယ်လိုပဲပြောပြော၊ မအေးစိန်အပေါ်မှာ တည်နေတဲ့ အချစ်ကြီးဟာ ပျက်စီးပြီးမသွားတဲ့အပြင်၊ ဒီလိုအပြောအဆို အမုန်းခံရလေလေ၊ သာပြီးအချစ်ကြီးလေလေ၊ ဖြစ်ရတော့တာပဲ။ တစ်သက်လုံးတော့ဖြင့် မအေးစိန် မုန်းနိုင်လိမ့်မယ် မထင်ဘဲ ဒီကမေတ္တာကြီးသလောက် တစ်နေ့ကျရင် ပြန်ပြီးမေတ္တာရှိလိမ့်မယ်လို့ မျှော်လင့်လာခဲ့တာပါ။ ဒီကအသည်းထဲမှာရှိတဲ့ အချစ်ဟာ ဘယ်လောက်ကြီးမားထက်သန်တယ်ဆိုတာ မအေးစိန် စဉ်းစားမိရင် မုန်းလိမ့်မယ် မထင်ပါဘူး"

မအေးစိန်မှာ သိန်းဖေ၏ စကားကို ကြားရလျှင် ရှက်ကြောက်ကာ အနေရအထိုင်ရခက်လျက် ဘယ်လိုပြောရမည် ဖြေရမည်ကို မသိရှိနိုင်ဘဲဖြစ်ကာ "အို ကိုသိန်းဖေကလည်း ဘာတွေပြောနေတာလဲ၊ ကျွန်မ ရှက်တယ်ရှင့်။ မပြောပါနဲ့တော့" ဟု ပြောလျက် မျက်နှာကလေးရှုံ့လျက် ရှက်သည့်အမူအရာဖြင့် ကိုယ်ကိုတွန့်ဆုတ်နေလေ၏။

"ဒီဟာ ရှက်ဖို့ မဟုတ်ဘူး မအေးစိန်ရယ်။ လောကမှာ ပြောကြဆိုကြတာမျိုးတွေပဲ" ဟု ဆိုပြီးနောက် "မအေးစိန် ဒီကအပေါ်မှာ အခုထက်ထိ မုန်းတုန်းပဲလား" ဟု မေးလေ၏။

မအေးစိန်မှာ မဖြေတတ်နိုင်အောင်ရှိကာ "အို. . . ကိုသိန်းဖေကလည်း ဒါတွေ မပြောပါနဲ့တော့။ ကျွန်မ သွားပါရစေတော့" ဟု ပြောလေ၏။

"မေးတာကို ဖြေပါဦး မအေးစိန်ရယ်။ ပြီးတော့ သွားနိုင်ပါတယ်"

"ခက်လိုက်တာလည်း လွန်လို့ပဲနော်။ မပြောဘဲနေလို့ မရဘူးလား"

"ပြောစေချင်လို့ မေးတာပဲ ပြောပါဦးလို့။ အမုန်းမပြေသေးဘူးလား မအေးစိန်"

"ကျွန်မ မမုန်းပါဘူး"

"မမုန်းရင် ချစ်တယ်မဟုတ်လား"

"ကျွန်မ မပြောချင်ဘူး ကိုသိန်းဖေရဲ့" ဟု ပြန်၍ပြောလိုက်စဉ် "မအေးစိန်၊ ဝူး မအေးစိန်" ဟု ခေါ်သံကို ကြားရလေရာ "ဟော ခေါ်နေကြပြီ။ ကျွန်မကို လွှတ်ပါတော့။ သွားပါရစေတော့။ လိုက်ရှာလို့ တွေ့နေရင် မကောင်းဘူး" ဟု ပြောလေ၏။

"ဒီကမေးတာ ဖြေပါဦး။ ဒီအဖြေကြားရမှ လွှတ်မယ်"

"မအေးစိန်၊ ဝူး မအေးစိန်" ဟု ခေါ်သံများသည် နီး၍လာလေ၏။

"နောက်မှ ပြောပါရစေတော့၊ ခေါ်နေပြီ"

"အခု ပြောလိုက်ရင် ပြီးတာပဲ။ ချစ်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် လွှတ်တော့၊ လွှတ်ရင် ပြောမယ်" ဟု ဆိုသည်တွင် သိန်းဖေမှာ မလွှတ်ဘဲ မနေနိုင်တော့သောကြောင့် မအေးစိန်၏လက်ကို လွှတ်လိုက်ရာ၊ မအေးစိန်သည် ရှက်သော ပြုံးခြင်းဖြင့် ပြုံးပြုံးကြီးလုပ်ကာ ပါးစပ်နှင့် ဖြေရမည့်အစား မိမိ၏ လက်ချောင်းကလေးများကို နှုတ်ခမ်းနှင့် စုတ်ပြ၍ သိန်းဖေအား 'ဖလိုင်းကစ်' ပေးကာ ရေကန်ဘက်သို့ ထွက်ပြေးလေရာ သိန်းဖေမှာ အလွန်အမင်း ဝမ်းမြောက်ကာ၊ အားမလို အားမရကြီးဖြစ်လျက် ရပ်၍ကြည့်နေမိတော့လေ၏။

ထို့နောက်မှ မိန်းကလေးများ တွေ့သွားမည်ကို စိုးရိမ်မိသည့်ပြင် မိမိလိုလားသော ဆန္ဒနှင့်လည်း ပြည့်ဝပြီ ဖြစ်သောကြောင့် ပုဂံဟောလ်သို့ ပြန်၍ ကျော်ဝင်းတို့အား ကြွားချင်လွန်းလှသဖြင့် သစ်ပင်တွေအကြားထဲမှ ထွက်လာပြီးလျှင် လမ်းကိုကျော်ဖြတ်ကာ ဆရာများ မတွေ့ရအောင် သစ်ပင်အကြိုအကြားမှ ဖောက်ထွင်း၍ ပုဂံဟောလ်သို့ ပြန်ပြေးလာလေ၏။

"ဖိုးကော်ကွ၊ ဖိုးကော်"

သိန်းဖေ၏အသံ ဖြစ်သည်ကိုသိ၍ ဘဦးလည်း တံခါးဖွင့်လှစ်၍ ကြည့်လိုက်ရာ ပြေးချလာသော သိန်းဖေကို မြင်သည်တွင် ကျော်ဝင်းကို လှမ်း၍ပြောသဖြင့် ကျော်ဝင်းလည်း ထွက်ကြည့်လေ၏။

သိန်းဖေအနားသို့ ရောက်လာသဖြင့် ဘဦးက "ဟေ့လူ ဘာရောဂါ ဖြစ်လာပြန်တာတုံး" ဟု မေးသည်ကို သိန်းဖေမှာ ပြန်၍မဖြေအားဘဲ အခန်းထဲသို့ ပြေးဝင်ပြီး "ငါကွ" ဟု ကြုံးဝါးကာ ကုတင်ပေါ်သို့ ကျွမ်းပစ်၍ ထိုးလိုက်လေ၏။

ထိုသို့ ကျွမ်းထိုးလိုက်ရာ အဆင်သင့်ကျ၍သွားသဖြင့် "မနာဘူးကွ" ဟု ဆိုကာ တစ်ချီထ၍ ထိုးလိုက်ပြီး ခေါင်းအုံးကြီး ဆွဲပြီးလျှင် လက်သီးနှင့်မြှောက်၍ ထိုးလိုက်ရာ လဲမှိုများ ထွက်လာသောကြောင့် ဘဦးက "ကိုသိန်းဖေ ဘာအရူးထတာတုံး၊ လဲတွေလည်း ထွက်ကုန်ပြီ" ဟုဆို၍ ခေါင်းအုံးကြီးကို ဆွဲယူလိုက်လေ၏။

ကိုသိန်းဖေမှာ ဘိုကေစုတ်ဖွားနှင့် ဆံပင်တွင် လဲမှိုများ ကပ်ရပ်နေပြီးလျှင် မျက်မှန်ကျွတ်ပြီး နားရွက်တစ်ဖက်ထဲတွင် တွဲလောင်းချိတ်ကာ မောမောနှင့် ပါးစပ်ဖြဲ၍ ရယ်မောလျက် ဖင်ချ၍ထိုင်နေသည်ကို တွေ့ကြလေရာ ကျော်ဝင်းပင်လျှင် ရုတ်တရက် စိတ်ညစ်ခြင်းပျောက်၍ ပြုံးပြုံးကြီး ကြည့်နေမိ၏။

ဘဦးက "ဟေ့လူရ ခင်ဗျားရောဂါ ခင်ဗျားပဲ ပြောပြစမ်းပါဦး။ ဝက်ရူးပြန်တာလား၊ ခွေးရူးပြန်တာလား၊ တိုနာလား" ဟု မေးလေ၏။

"ဒီမှာ ကျွန်တော့်မျက်နှာ ကြည့်ပါဦး။ သိန်းဖေလေး အိုရတော့မှာ" ဟုဆို၍ မျက်မှန်ကို ချွတ်ပြီးနောက် ကျွမ်းလိုမ့်လိုက်ပြန်သဖြင့် ဘဦးက "ကိုင်း ကိုင်း. . . အားရပါးရ ရူးလိုက်ပါဦး။ ပြီးတော့ ပြောစရာရှိတာပြော။ တစ်ချီ တစ်ချီ ရောဂါဖောက်လာတာဟာ သိပ်ပြီးဆိုးတယ်။ အရင်ဆေးနဲ့တုန်းက အတော်သား။ အဲဒီဆေး ဖိုးပါလို့ဆို

www.burmeseclassic.com

www.burmeseclassic.com

တာ မောင်မင်းကြီးသားက ပဒိုင်းသီးမှ သွေးတောင်းတော်မူသတဲ့" ဟု ဆိုလေ၏။

သိန်းဖေသည် အားရပါးရ ထလိုက်ပြီးသည့်နောက်မှ "ကျွန်တော့်ကိုလေ၊ ကိုသိန်းဖေကိုလေ၊ ဟောဒီ မောင်မောင့်ကိုလေ၊ အေးအေးကလေ၊ စိန်စိန်ကလေးက၊ အပ်ဟိ ချစ်တယ်တဲ့ဂျ" ဟု ဆိုကာ ကျွမ်းလှိမ့်လိုက်မည်အလုပ်တွင် ဘဦးက "ကိုင်း တစ်ကျွမ်းထိုးလိုက်ပါဦး" ဟု ဆိုလိုက်မှ သိန်းဖေလည်း အဟန့်မိသွားပြီး မထိုးဘဲ ထိုင်နေလိုက်လေ၏။

ထိုအခါမှ ကျော်ဝင်းက ဝမ်းသာအားရဖြင့် "ဟုတ်လား ကိုသိန်းဖေ၊ ခင်ဗျား တို့ နေရာကျပြီလား" ဟု မေးလေ၏။

"အော့ဟော် ကျားကိုက်ပါတယ်ဆို တော်တော်နာရဲ့လား မေးနေပြန်ပါပြီ"

"အလကားပါဗျာ၊ ဒီလူ ဖြီးနေတာပါ"

"ဖြီးတယ်ဆိုရင်လည်း မပြောတော့ဘူးဗျာ။ ပါးစပ်အညောင်း သက်သာတာ ပေါ့"

"ကဲ ကဲ. . . ပြောစမ်းပါဦးဗျ မူမနေပါနဲ့" ဟု ကျော်ဝင်းက တောင်းပန်တော့ မှ သိန်းဖေက "ကျွန်တော်ကလည်း ပြောချင်ချင်ပါပဲ။ မမူပါဘူး၊ ပြောပါ့မယ်" ဟုဆို၍ ဇာတ်လှန်ကာ အပိုကြားညှပ်ကလေးတွေပါသုံးပြီး တပြုံးပြုံး ပြောပြလေ၏။

မအေးစိန်တွင် သိန်းဖေအား မိမိ၏မေတ္တာကို ဖော်ပြလိုက်ရခြင်းဖြင့် ယခင် မုန်းတီးသလောက် ကြိတ်နှိပ်ဆွေးခဲ့ရသော အဆွေးလုံး အပူလုံးကြီးသည် ကျေနပ်ပျက် ပြားသွားကာ ဝမ်းသာခြင်းဖြင့် လွှမ်းခြုံလျက် စိတ်ထဲတွင် အီလည်လည်နှင့် မရိုးမရွ ဖြစ်နေလေတော့၏။

ထိုအကြောင်းကို မအေးစိန်သည် မသန်းမြင့်အား ပြော၍ပြလိုက်ချင်လှတော့ ၏။ သို့ရာတွင် ယခင်က မုန်းတီးလာခဲ့ပြီးမှ ယခု မေတ္တာလည်၍လာသည်ကို ပြောရ မည် ရှက်လှသဖြင့် အဆွေးလုံးကြွယ်နေသူတစ်ဦးအား ထိုစကားကို ပြောလိုက်ရခြင်း ဖြင့် ဝမ်းသာလိမ့်မည်ထက် သူတို့မှာတော့ဖြင့် ပျော်ရလေခြင်းဟု ဝမ်းနည်းလုံးကို ဆွပေးရာရောက်မည် စိုးသောကြောင့် မျိုသိပ်၍ထားရလေတော့၏။

ထိုသို့ မအေးစိန်သည် သိန်းဖေအား ချစ်ကြိုက်သည့် အရိပ်နိမိတ်ကို ပြလိုက် ရသော်လည်း တစ်ယောက်နှင့်တစ်ယောက် ချစ်ကြပြီးသည့်နောက်၌ အားရစွာ ချစ် တင်းနှော၍ စကားမပြောရသေးသည်ကို အားမလိုအားမရ ရှိနေသောကြောင့် ကျောင်းဖွင့်၍ တွေ့ကြဖို့ရန်ကိုသာ စောင့်စားမျှော်လင့်၍ နေရရှာလေ၏။

ကျော်ဝင်းနှင့် ဘဦးတို့သည် သိန်းဖေ ပြောသမျှ စကားတိုင်းမှာ ဟုတ်တာ ထက် လုပ်တာက များသဖြင့် မအေးစိန်နှင့် ၎င်းတို့ အချစ်တည်မိကြပြီ ဆိုခြင်းကို ကောင်းစွာ မယုံချင်လှဘဲ၊ ယုံရအခက် မယုံရအခက် ဖြစ်၍နေသည့်အလျောက် "ကိုသိန်းဖေ ခင်ဗျားပြောတဲ့ စကားများတော့ ကျွန်တော်တို့ဖြင့် တော်တော်ပဲ ယုံချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခင်ဗျား အတည်ဖိန်းနေတာလား" ဟု မေးကြလေ၏။

"ဒီဟာမျိုးကို ဖိန်းလို့ဖြစ်ပါ့မလားဗျ။ မဟုတ်တာ ပြောတာဖြစ်ရင် တစ်နေ့ကျ အလိမ်ပေါ်တော့ မခက်ဘူးလား"

ဘဦးက "ကဲ ခင်ဗျား လိမ်တယ် မလိမ်ဘူးဆိုတာ သိရအောင် နားရွက် စမ်းကြည့်မယ်" ဟု ဆိုပြီး သိန်းဖေ၏ နားရွက်ကို ကိုင်ကာ "ဟော ခင်ဗျား နားရွက်တွေ အေးနေတယ်။ လိမ်ပြောတာ အမှန်ပဲ။ မလိမ်ရင် နားရွက်တွေ ပူရမယ်" ဟု ပြောလေ၏။

"ဟား ဟား၊ ခင်ဗျားကို ဘယ်ဘုရားက ဟောသလဲ၊ နားရွက်အေးရင် လိမ်တာလို့၊ ကြံကြံဖန်ဖန်ဗျာ၊ ကျွန်တော် လိမ်တာဆိုရင် ကျောင်းတက်တော့ သိမှာပေါ့"

"ကောင်းပြီ၊ ခင်ဗျား လိမ်လို့ရှိရင် လျှာဖြတ်မယ်"

"လျှာတော့ မဖြတ်ပါနဲ့ဗျာ၊ သေသွားတဲ့အခါ ငရဲမင်းကြီးက နင် လူ့ပြည်မှာ ဘာလုပ်သလဲလို့မေးရင် ပီအောင်မပြောနိုင်ဘဲ ဗလွတ် ဗလွတ် ဗလွတ်နဲ့ ဖြစ်နေမှဖြင့် ဒီကောင် ဘိန်းရှူတယ်ဆိုပြီး ဆီကိုးကဲ ထည့်အကြော်ခံနေရပါဦးမယ်" ဟု ပြောပြီး ဆက်လက်၍ "အခု ကျွန်တော်နဲ့ မအေးစိန် ကြိုက်ကြတာဟာ ခင်ဗျားတို့တစ်တွေ နေရာကျဖို့ပဲ" ဟု ပြောလေ၏။

"ဘာများတတ်နိုင်လို့လဲ"

"ဘာတတ်နိုင်တယ်ဆိုတာ နိမသောင် နောင်မှသိလိမ့်မယ်။ အခုပြောတော့ မဖြစ်သေးဘူး။ ကျောင်းတက်တော့ ကျွန်တော့်အစွမ်းပြမယ်" ဟု ပြောဆိုလိုက်သည့် အတိုင်း ကျော်ဝင်းတို့လည်း သိန်းဖေ၏စကားကို ဟုတ်,မဟုတ် သိနိုင်ကြရန် ကျောင်းဖွင့်မည့်နေ့ကိုသာ စောင့်မျှော်မိကြလေ၏။

ロロロ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

တနင်္ဂနွေတစ်ပတ်ကျော်ကျော်မျှ ငြိမ်သက် တိတ်ဆိတ်လျက်ရှိသော တက္ကသိုလ်ကျောင်းကြီးသည် နှစ်သစ်ကူးပွဲကြီး ပြီးသည့်နောက်တွင် အသက်ဝင်၍လာလေ၏။ ကျောင်းသားတို့၏ စွန့်ပစ်သွားကြသော ကော်ရစ်ဒါများ၊ အခန်းများမှာ လူလာ၊ လူဝင်၊ လူထွက် ရှုပ်ယှက်ခတ်၍ စည်ကားလာပြန်လေတော့၏။

သိန်းဖေသည်ကား ထိုနေ့အဖို့ ပိုးလုံချည် အသစ်စက်စက်လဲကာ ဆံပင်ပြောင်အောင်ဖီး စတိုင်ထုတ် အချောပြင်၍ ရနိုင်သလောက် အစွမ်းကုန် မွှမ်းမံချယ်လှယ်လျက် ကျော်ဝင်းနှင့် ဘဦးတို့ ခြံရံကာ ကျောင်းတက်၍ လာလေ၏။

ကျောင်းထဲသို့ ရောက်သည့်အခါတွင် သိန်းဖေ၏ မျက်လုံးများသည် မအေးစိန်ကိုသာ ရှာလေ၏။ ထိုသို့ရှာရင်းပင် ခပ်လှမ်းလှမ်းတွင် မအေးစိန်တစ်ယောက်တည်း တွေ့မြင်လိုက်ရာ သိန်းဖေမှာ ရွှေထုပ်ကောက်၍ရသကဲ့သို့ ဝမ်းမြောက်သွားလေ၏။

ကျော်ဝင်းနှင့် ဘဦးတို့က သိန်းဖေမျက်နှာကိုကြည့်ပြီး "ကဲ. . . ကိုယ့်လူ၊ ဒီနေရာမှာ ခင်ဗျား ပြောတာတွေ ဟုတ်,မဟုတ် သိရတော့မှာပဲ။ ခင်ဗျား ရှောင်ပြီးပြေးမယ်တော့ မကြံနဲ့။ သူနဲ့တွေ့လို့ ခင်ဗျားတို့ နှုတ်ဆက်ကြရင် ဟုတ်တာပဲ။ သူက ဣန္ဒြေကြီးနဲ့ ရှောင်သွားရင်တော့ ခင်ဗျား လိမ်တာ သေချာပြီးသားပဲ၊ လိမ်တာဖြစ်ရင်တော့ လား တစ်ခါတည်း အပေါက်ဆိုးမှုတ်မှာပဲ" ဟု ပြောသောကြောင့် "ကြည့်နေဗျာ သေချာတော့ ရေရာမပေါ့" ဟု ပြန်၍ပြောစဉ် မအေးစိန်သည် သိန်းဖေကို မြင်လိုက်သည်နှင့် မျက်နှာရိပ် မျက်နှာကဲ တစ်မျိုးပြောင်းသွားပြီး အနီးရှိ စာဖတ်ခန်းထဲသို့ ဝင်၍နေလိုက်လေ၏။

ထိုသို့သော အမူအရာကို ကျော်ဝင်းနှင့် ဘဦးတို့ မြင်ရလျှင် "ဟားဟား အကြွားကြီး အကုန်ပေါ်တာပဲ" ဟု ဘဦးက ပြော၍ တစ်ဖက်သို့ တွန်းလိုက်ရာ ကျော်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းက တစ်ဖက်မှနေ၍ သိန်းဖေကို ပြန်တွန်းလိုက်ပြီး "အလကား စဖြိုးကြီး" ဟု ပြောလိုက်ရာ သိန်းဖေမှာ မျက်စိမျက်နှာပျက်၍သွားလေ၏။

မိမိကို မြင်ရမှ မအေးစိန်သည် အခန်းထဲသို့ ဝင်သွားသောကြောင့်၊ သိန်းဖေမှာ အခံရခက်သည်တွင် ကျော်ဝင်းနှင့် ဘဦးတို့ကလည်း လှောင်ပြောင်၍နေကြပြန်သည့်အတွက် ကြံရာမရ ရှိနေပြီးမှ "မဟုတ်ပါဘူးဗျ ကျွန်တော် တကယ်ပြောနေတာပါ။ သေသေချာချာ ကျွန်တော့်ကို ချစ်ပြီဆိုတာ ကျွန်တော် သိတယ်ဗျာ။ ခင်ဗျားတို့ ပါတာနဲ့ ရှက်လို့များလား မသိဘူး" ဟု ဆိုလေ၏။

"လျှော့ပဲ မလျှော့သေးဘူး။ ဒါဖြင့်ဗျာ ခင်ဗျားကို အဲဒီအခန်းထဲကများ စောင့်နေရော့သလား၊ ပါးချရအောင်လို့"

"ချစ်လို့ ပါးရိုက်တန်း ကစားချင်လို့နဲ့ တူပါတယ်"

သိန်းဖေသည် တွေ၍နေပြီးမှ "ခင်ဗျားတို့ ကြည့်နေ၊ ကျွန်တော် အဲဒီအခန်းထဲ လိုက်သွားမယ်၊ ချောင်းကြည့်လို့ ကျွန်တော်တို့ အကြောင်းသိရရင် ယုံမယ် မဟုတ်လား" ဟု ပြောဆိုလေ၏။

"နေပါဦး၊ ခင်ဗျားမှာ ဖိနပ်ပီးဆေးကောင်းကောင်း ရှိရဲ့လား" ဟု ဘဦးက နောက်လိုက်သည်ကိုပင် သိန်းဖေသည် နားထောင်၍ မနေနိုင်ဘဲ ၎င်းတို့၏ ရှေ့သို့ တက်သွား၍ မအေးစိန် ဝင်သွားသော အခန်းထဲသို့ ဝင်၍လိုက်လေ၏။ ကျော်ဝင်းနှင့် ဘဦးတို့မှာ သိန်းဖေအတွက် အနည်းငယ် ပူပန်မိကာ. . .

"ကိုယ်တို့လူ ဇွတ်တရွတ်များ လုပ်နေရော့သလား" ဟု ကျော်ဝင်းပြောလျက် သိန်းဖေအစား ထိတ်ထိတ်လန့်လန့်နှင့်ပင် လိုက်၍ချောင်းကြည့်ကြလေ၏။ ထိုသို့ စိုးရိမ်ခြင်းဖြင့် ကျော်ဝင်းတို့လည်း ခြေများထောက်ကာ ချောင်းမြောင်း၍ လိုက်လာကြပြီး သိန်းဖေနှင့် မအေးစိန်တို့အား မြင်နိုင်မည့်နေရာက ကြည့်လိုက်ကြရာ၊ ရွှင်ရွှင်ပြုံးပြုံးနှင့် စကားပြောလျက်ရှိကြသော သိန်းဖေနှင့် မအေးစိန်တို့ကို မြင်သည်တွင် ဘဦးမှာ ကိုယ့်မျက်စိပင် ကိုယ်မယုံသကဲ့ သို့ရှိပြီး "ကိုကျော်ဝင်းရေ ဟုတ်မှ ဟုတ်ရဲ့လားလို့ ကြည့်စမ်းပါဦး။ အိပ်မက်များ မက်နေရော့သလား" ဟု ပြောလေ၏။

ကျော်ဝင်းမှုကား ပြန်၍မဖြေနိုင်သေးဘဲ အံ့သြသော မျက်နှာဖြင့် ကြည့်နေပြီးမှ "ဟုတ်ပါရဲ့ဗျာ၊ ယုံစရာမရှိအောင်ကို ဖြစ်နေတာပဲ။ ကြည့်စမ်းပါဦး နှစ်ယောက်သား ကျေနပ်ပြီး နေလိုက်ကြတာ သွားရေကျစရာကြီး" ဟု ပြောလေ၏။

"အစစ်ပဲဗျာ။ တမင်လိုက်လာအောင် ဒီအခန်းထဲကိုဝင်ပြီး စောင့်နေတာကိုးဗျ။ ငနဲကြီး သိပ်စွံနေပါကလား"

"လာလာ၊ သူတို့ဖာသာ သူတို့ ပြောနေကြပါစေဦးဗျာ။ ကျွန်တော်တို့ကို မြင်သွားပါဦးမယ်။ ဒါထက် ကျွန်တော်တို့ ချောင်းလို့ တခြားငနဲတွေမြင်ပြီး ဝိုင်းအုံလာကြမှဖြင့် အနှောင့်အယှက်ပေးရာ ရောက်နေပါ့မယ်။ ပြီးတော့မှ လှည့်ပြီးလာကြပါစို့ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျော်ဝင်းက လှည့်ခေါ်၍သွားမှ ဘဦးလည်း လိုက်ပါ၍ သွားလေ၏။

အခန်းတွင်း၌ ရှိကြသူတို့ကား အစွမ်းကုန် ကြည်နူးလျက် ရှိကြပေတော့၏။

"မအေးစိန် အခန်းထဲ ဝင်လိုက်ကတည်းက အသိသားပဲ။ တမင် စောင့်နေလိမ့်မယ်လို့၊ ဒါကြောင့် ကိုကျော်ဝင်းတို့ကို မနည်းခွာထုတ်ခဲ့ရတယ်"

"ကျွန်မတို့အချင်းချင်း ဖြစ်ကြတာကို သူတို့ သိကုန်ကြပလား"

"ပြောပြရင်တော့ သိမှာပေါ့" ဟု သိန်းဖေက မုသားလွတ်အောင် ပြောလေ၏။

"သူတို့ မမေးရင်လည်း မသိပါစေနဲ့နော်၊ ရှက်စရာကြီး" ဟု မအေးစိန်က ပြောပြပြီးနောက် "ကိုကျော်ဝင်းကော မသန်းမြင့်အကြောင်း ဘာတွေပြောသေးသလဲ" ဟု မေးလေ၏။

"သူ့ခမျာလည်း အတော့်ကို မချိတော့ဘူး။ နေ့တိုင်းလိုလို ဆွေးနေရတာပဲ။ မသန်းမြင့်ကိုတော့ တကယ်ချစ်ရှာတာပဲ"

"ချစ်တယ်လို့ ပြောရင်သာ ပြောရမယ်။ သူ့လက်ရေးနဲ့ ရည်းစားစာကို မိမို့လက်ထဲက အသေအချာကြီး တွေ့နေရတာ၊ ငြင်းစရာ မရှိဘူး"

ထိုအခါမှ သိန်းဖေသည် မိမိလျှို့ဝှက်ထားသောအကြောင်း ဖော်ပြရန်အချက် ပေါ်လာသည့်အလျောက် "အဲဒီစာဟာ ကိုကျော်ဝင်းပေးတာ မဟုတ်ဘူး" ဟု ပြောလေ၏။

"နို့ . . ကိုကျော်ဝင်းပေးတာ မဟုတ်ဘဲနဲ့ ဘာပြုလို့ မိမို့လက်ထဲ ရောက်သလဲ"

"ဒီစာဟာ ကိုကျော်ဝင်းက ကိုဘဦးအတွက် ရေးပေးတာ၊ ကိုဘဦးက မိမို့ကို ချစ်နေတော့ စာပေးချင်တာနဲ့ ကိုကျော်ဝင်းကို အရေးခိုင်းတယ်။ ကိုကျော်ဝင်းက ရေးပေးပြီး ကိုဘဦးက အသစ်ကူးရေးတဲ့စာကို မိမို့လက်ထဲ မပေးမိဘဲ ကိုကျော်ဝင်းရေးတဲ့စာကို ထည့်လိုက်မိတယ်။ အဲဒီလို ထည့်မိတာကို အခုထက်ထိ သူတို့ မသိဘူး။ ဘာသိမလဲ ကိုဘဦး မရှိတုန်း သူ့အခန်းထဲကို ဒီကရောက်သွားရော၊ ရောက်သွားရင်း စားပွဲပေါ်မှာ စာတစ်စောင် တွေ့ရတာနဲ့ ဖွင့်ပြီးဖတ်ကြည့်တော့ ကိုကျော်ဝင်း ရေးပေးတဲ့ ရည်းစားစာဖြစ်နေတာ တွေ့ရတာပေါ့။ ဒါနဲ့ ကြည့်နေရင်း သူတို့ ရောက်လာကြတာနဲ့ ကမန်းကတန်း စာအိတ်ကို ပိတ်ထားလိုက်ရတာပေါ့။ ဒါနဲ့ သူတို့က ဒီစာကို ကိုဘဦး ကူးရေးပြီးသား စာမှတ်လို့ မြန်မြန်ဆန်ဆန် ကောက်ပြီး စာအိတ်ထဲထည့်၊ မိမို့အိမ်ကို လိပ်တပ်ပို့လိုက်လို့ ဒီစာ သူ့လက်ထဲ ရောက်သွားတာ၊ သူတို့ မရှိတုန်း ထပ်ပြီး ရှာတော့မှ အံဆွဲထဲမှာ ကိုဘဦး ရေးထားတဲ့စာကို တွေ့တယ်၊ အဲဒီစာကို သူတို့ ပြန်ပြီးတွေ့ကြရင် ဒီကအပေါ် စိတ်ဆိုးကြမှာစိုးတာနဲ့ ယူထားလိုက်လို့ အခုလို ဖြစ်ကုန်ကြတာပေါ့။ မသန်းမြင့် ဒီစာကို တွေ့သွားတာနဲ့ မသန်းမြင့်နဲ့ ကိုကျော်ဝင်းတို့ အခုလို ဖြစ်ရတာပေါ့။ နို့ပြီး စာထဲမှာ ဘယ်သူ့နာမည်မှ မပါတော့ မိမိကလည်း စာမပြန်

www.burmeseclassic.com



ဘဲ နေရတဲ့အတွက် ကိုဘဦးလည်း ဂျောက်ကျနေတယ်"

"အို. . . လက်စသတ်တော့ ကိုသိန်းဖေကြောင့် အခုလို ဖြစ်ကုန်ကြရတာ ကိုး။ အစက ပြောရောပေါ့"

"သူတို့ကို ပြောလို့မဖြစ်ဘူး၊ အခုမှ မအေးစိန်နဲ့ ဒီကနဲ့ ဟဲဟဲ ကူလီကူမာ ဖြစ်ကြတော့မှ ပြောစရာအချက်ရတာပေါ့" ဟု ဆိုလိုက်သောကြောင့် မအေးစိန်တွင် စကားမပြောမိ ရယ်မိလေ၏။

"အခုလည်း ကိုသိန်းဖေကြောင့် ပြန်ပြီးချစ်ရဦးမှာပေါ့။ ဒီအကြောင်းကို မသန်းမြင့် သိလို့ရှိရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲလို့၊ ကိုသိန်းဖေပြောတဲ့ အတိုင်း တကယ်ပဲနော်"

"တကယ်ပါပဲ၊ ယုံကြည်ပါ" ဟု ပြောနေစဉ်ပင် ခေါင်းလောင်းထိုးသံ ကြားကြ ရသဖြင့် စကားအဆုံးသတ်လိုက်ကြရတော့ကာ အခန်းထဲမှ ခွဲထွက်ကြလေ၏။

သိန်းဖေသည် ဝမ်းသာအားရနှင့် ထွက်၍လာရာတွင် "ဟေ့" ဟု နောက်နား ကကပ်၍ အော်သံကြားလိုက်ရသဖြင့် တစ်ကိုယ်လုံး တုန်၍သွားကာ လှည့်ကြည့်လိုက် ရာတွင် ဘဦးနှင့် ကျော်ဝင်းတို့ ဖြစ်နေကြသည်ကို တွေ့ရမှ ဂျိုင်းနှစ်ဖက်ကို လက်မများ ထောင်ကာ ရင်ကော့၍ပြသည့်ဟန်ဖြင့် ကြွားလိုက်သောကြောင့် ကျော်ဝင်းက "ခင်ဗျား ကတော့ဖြင့် ကြွားနိုင်တာပေါ့" ဟု ပြော၍ ဘဦးက "တော်ပါ ကိုသိန်းဖေရာ၊ အလှူ့ရှင် မှန်းသိအောင် ဝက်သားတုံးကြီး ကိုက်ပြမနေစမ်းပါနဲ့" ဟု ဆိုလေ၏။

"ကိုယ့်လူကတော့ သိပ်ပြီးကျေနပ်နေတာပေါ့လေ၊ ခေါင်းလောင်းသာ မထိုး သေးရင် ပြောလို့ပြီးမှာ မဟုတ်သေးဘူး။ ကျွန်တော်တို့ဖြင့် စောင့်လိုက်ရတာ"

"စောင့်တာ ကျေးဇူးတင်ပါတယ်။ ခင်ဗျားတို့လည်း နေရာကျကာနီးပါပြီ၊ ကျွန်တော် မအေးစိန်နဲ့ တစ်ဖက်လှည့်ပြီး လှော်ပေးပါ့မယ်။ အခုမှ ကုလားဖန်ထိုးရ တုန်းပဲ။ ကဲ ကဲ ခင်ဗျားတို့ စောင့်ရတဲ့အတွက် လက်ဖက်ရည် တိုက်ပါရစေ" ဟု ခေါ်၍သွားလေ၏။

သိန်းဖေ၏အဖို့မှာမူ သူ့ကိစ္စနှင့်သူ အေးချမ်း၍သွားပြီ ဖြစ်သော်လည်း ကျော် ဝင်းနှင့် ဘဦးတို့၏ အရေးမှာ မအေးနိုင်ဘဲ ရှိကြလေသေး၏။ ကျော်ဝင်းမူကား မိမိ၏ ကိစ္စမှာ အမှန်တကယ်ဖြစ်သဖြင့် တစ်နေ့တွင် ဟုတ်မှန်ရာကို မသန်းမြင့် သိလိမ့်မည်ဟု မျှော်လင့်နေရသော်လည်း ဘဦးမှာမူ မိမိအပေါ်တွင် မီမီက ချစ်ကြိုက်လိုပါလျက် မိမိ၏ လက်နှေးခြင်းကြောင့် သူတစ်ပါး ဦး၍သွားပြီဟု အခံရခက်နေလေတော့၏။

ထိုသို့ ဘဦးတွင် အခံရခက်၍နေရုံနှင့် မပြီးသေးဘဲ မိမိ၏မေတ္တာရှိခြင်းကို ဖွင့်ဟပြောလိုက်ရာတွင် မီမီ၏ပါးစပ်မှ မိမိ၏အချစ်ကို လက်ခံကြောင်း စကားပြန် လည်၍ မကြားရသောကြောင့် ထိုအတွက် ရှက်မိပြန်ကာ မီမီနှင့် မျက်နှာချင်းဆိုင်ရန်ကို ပင် မျက်နှာပူ၍ နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ပြန်၍ကျောင်းဖွင့်သည့်အခါတွင် မီမီ၏အတွေ့ကိုမခံဘဲ ရှောင်လွဲ၍နေခဲ့ရာ ညနေကျောင်းဆင်း၍ ပုဂံကျောင်းဆောင်သို့ ပြန်လာရာတွင် တစ်စုံတစ်ရာကို တွေးမိပြီး ရင်လေး၍သွားလေ၏။ ထိုသို့ တွေးမိခြင်းသည်ကား ညနေတွင် နှစ်ယောက်တွဲ တင်းနစ် ချန်ပီယံလုပွဲ ရှိနေသည် ဖြစ်ခြင်းကြောင့် မီမီနှင့် တွေ့ရမည့်အရေးပင် ဖြစ်ပေတော့၏။

ထိုသို့ စိတ်ထဲ၌ရွှင်ပျော်ခြင်းမရှိ၊ တင်းနစ်လည်း မကစားလိုဖြစ်ရာ ထိုပွဲမှာ အေးအေးဆေးဆေးနှင့်ပင် အောင်မြင်နိုင်၍ ငွေဖလားရဖို့ သေချာသလောက် ဖြစ်နေပါလျက်၊ ဘဦး၏ ပါးစပ်မှ "မကစားချင်တော့ဘူး" ဟု ပြောလိုက်သည်ကို ကြားရသောအခါ သိန်းဖေနှင့် ကျော်ဝင်းတို့မှာ အံ့အားသင့်၍သွားကြလေ၏။

"ကိုဘဦး ခင်ဗျားက ဘယ့်နှယ်လုပ်တာလည်းဗျာ၊ အချက်ထဲကျမှ မျက်နှာမွဲကြီး အိုးမဲသုတ်မယ်ကြံမနေစမ်းပါနဲ့၊ တစ်ရာသီလုံး ကြိုးစားလာခဲ့ပြီး ဖလားရဖို့ သေချာနေပါမှ ဆင်ပြောင်ကြီး အမြီးတစ်နေပြန်ပါပြီ။ အခုလို ခင်ဗျားလုပ်တော့ ရှုံးမှာသိလို့ ရှောင်နေသလို သတ္တိနည်းတယ်၊ အစွမ်းမရှိဘူးလို့ လူတကာ ထင်နေကြပါဦးမယ်"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ထင်ချင်ရာ ထင်ကြပါစေ။ ကျွန်တော် ဒီနှစ်အဖို့မှာ ငွေခွက်ကို မျှော်လင့်လို့ ကစားတာ မဟုတ်ဘူး။ အချစ်၊ အချစ်ကို မျှော်လင့်လို့ ကစားတာပဲ။ အခု သူ့အချစ်ကို မျှော်လင့်စရာ မရှိတော့ဘူးဆိုတာ သိနေမှပဲ၊ ဘာလုပ်ရအောင် ကစားတော့မလဲ"

"ဩော်. . . ခက်ပါဘိတော့ဗျာ။ ခင်ဗျား စပို့မင်းတစ်ယောက်လုံး လုပ်နေပြီး စပို့မင်းစပီးရစ်ဆိုတဲ့ အားကစားစိတ်မျိုး ဝင်စားမှပေါ့ဗျ။ ကစားတဲ့အထဲ အချစ်ဝင်ပြီး ဖျက်ဖို့ မဟုတ်တာဘဲ။ ကစားတာ တစ်ခြား၊ အချစ်က တစ်ခြားပဲဗျာ။ ရော့ ဒါတွေဝတ်စမ်းပါ" ဟု ဆိုကာ သိန်းဖေသည် ကစားရန် အဝတ်အစားကို ဆွဲယူ၍ပေးလေ၏။ သို့ရာတွင် ဘဦးက အခန်းထောင့်သို့ လွှင့်ပစ်လိုက်ကာ စကားမပြောဘဲ ခေါင်းကိုခါရမ်း၍ ပြလေတော့၏။

ထိုအခိုက်တွင် ကျောင်းသားတစ်ယောက် ရောက်၍လာကာ "ကိုဘဦး ဘာလုပ်နေတာလဲဗျ၊ ဟိုမှာ အားလုံးစောင့်နေကြတယ်" ဟု ဆိုလေ၏။

"ဘယ့်နှယ်မှ မလုပ်ဘူး၊ ကျွန်တော် မကစားတော့ဘူး၊ ဟိုလူတွေ အနိုင်ပေးလိုက်ပေတော့"

"နေပါဦးဗျာ၊ လာပါလိမ့်မယ်၊ သူပြောတဲ့စကား နားမထောင်ပါနဲ့"

"မလာဘူးဗျာ၊ မလာဘူး၊ ခင်ဗျား ပြန်ပြီးပြောလိုက်တော့"

"နေနေ. . . ခင်ဗျား မပြောနဲ့၊ ကျွန်တော် လိုက်ပြီးပြောမယ်" ဟု သိန်းဖေက ပြောပြီးနောက် "ကိုကျော်ဝင်း ခင်ဗျား ကြည့်နေလိုက်ပါဦး၊ ကျွန်တော် လိုက်သွားမယ်" ဟု ပြောပြီး လာ၍ခေါ်သူနှင့်အတူလိုက်၍ သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် စိတ်ပူလျက် စောင့်၍နေရာ သိန်းဖေ ရောက်လာသည်ကို မြင်ရလျှင် အကျိုးအကြောင်း မေးမြန်းရန် ပြေး၍လာလေ၏။

"ကိုသိန်းဖေ၊ ကိုဘဦးကော မလာဘူးလား"

"မလာဘူးတဲ့၊ မလာချင်တဲ့အကြောင်းကို မိမိနဲ့ နှစ်ယောက်တည်း ပြောမှဖြစ်မယ်" ဟု ဆိုသောကြောင့် ဘေးလူများ ရှောင်၍သွားကြကာ နှစ်ယောက်တည်း ကျန်နေကြလေ၏။

"ရှက်လည်း မရှက်ပါနဲ့တော့ မိမိ။ ကိုဘဦး မလာတာ မိမိအပေါ်မှာ သူချစ်ပြီး မိမိက မချစ်လို့ မလာဘူးပြောတယ်။ မိမိ့မှာ သူ့အရင် ချစ်ထားတာ ရှိသတဲ့။ ဒီအကြောင်းကို မိမိရော သူရော မသိကြဘူး။ မိမိ ချစ်နေတယ်ဆိုတဲ့ စာကလေးပေးတဲ့လူဟာ ကိုဘဦးပဲ။ ဒီထဲမှာ နာမည်မပါတာက ဒီစာက ကိုကျော်ဝင်းက ရေးပေးတာမှာ ကိုဘဦး ကူးရေးတဲ့စာကို မထည့်မိဘဲ ကိုကျော်ဝင်း ရေးပေးတာကိုပဲ ထည့်လိုက်မိလို့ နာမည်မပါတာဘဲ။ ဒီလို မှားထည့်မိတာ ကျွန်တော် စာချင်းလဲပစ်လိုက်လို့ ဖြစ်တာပါ။ နောက်တော့မှ အပြောရခက်တာနဲ့ မပြောမိခဲ့ဘူး။ နို့ပြီးတော့ ဒီစာအတွက်နဲ့ပဲ ဒီ-ာက်ရေးဟာ ကိုကျော်ဝင်း လက်ရေးဆိုတာ မသန်းမြင့် တွေ့သွားလို့ သူတို့နှစ်ယောက်လည်း အခုထက်ထိ စကားမပြောတော့ဘူး။ နောက်ဆုံး ကျွန်တော့်အပြစ်ပါပဲ။ စင်စစ်မှာ မိမိ ချစ်တယ်ဆိုတာ ကိုဘဦးပါပဲ။ အဲဒါကို ကိုဘဦးလည်း မသိ၊ မိမိလည်း မသိရှာဘဲ ဖြစ်ပြီး မိမိက သူ့ကို မေတ္တာမရှိနိုင်ဘူးဆိုတာနဲ့ ရှက်ပြီး မကစားတော့ဘူးတဲ့"

ထိုသို့ပြောလိုက်လျှင် မိမိ၏မျက်လုံးများသည် ကြည်လင်တောက်ပလာကာ ရွှင်လန်းသောမျက်နှာသို့ ပြောင်းလာပြီးလျှင် "တကယ်ပဲလား ကိုသိန်းဖေ" ဟု မေးလေ၏။

"တကယ်ပါပဲ၊ မအေးစိန်ကို မေးကြည့်တော့၊ သူ့ကိုလည်း ပြောပြီးပြီ"

"အို. . . ဒါဖြင့်လည်း ယုံပါပြီ" ဟုပြောပြီး "ကိုသိန်းဖေ စာရွက်ပါသလား" ဟု မေးသောကြောင့် သိန်းဖေက အိတ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်ကာ "ဒီစာရွက် ကျောဘက်မှာတော့ အလွတ်ပဲ။ ဒီအပေါ်မှာပဲ ရေးချင်တာ ရေးတာပေါ့" ဟုဆို၍ ဖောင်တိန်ကို ထုတ်၍ပေးလိုက်သဖြင့် "သူ့လက်ထဲကို ဆက်ဆက်ပေးပြီး ခေါ်ခဲ့ပါတော့။ မိမိ့ကားနဲ့ မြန်မြန်သွားစမ်းပါ" ဟု ဆိုလိုက်သည့်အတိုင်း သိန်းဖေလည်း ကားနှင့် ပုဂံကျောင်းဆောင်သို့ အမြန်လိုက်လေ၏။

ပုဂံကျောင်းဆောင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကားရပ်၍ ဆိုက်အောင်မှ မစောင့်ဘဲ အရှိန်မသေမီပင် ကားပေါ်မှ ခုန်ဆင်းပြီး ကျောင်းပေါ်သို့ ပြေးတက်သွားကာ ဘဦးထံသို့ အူယားဖားယား ပြေးသွားလေတော့၏။

ဘဦးသည် မှိုင်တွေချလျက်၊ ကျော်ဝင်းကား ဘဦးအတွက် စိတ်ပျက်သည့် အမူအရာနှင့် ဘဦး၏ အရိပ်အခြည်ကို ကြည့်နေစဉ်တွင် ဖြုန်းခနဲ အခန်းလဲသို့ ခုန်

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ဝင်လာသော သိန်းဖေကို တွေ့ရပြီးလျှင် "နေရာကျပြီဗျ" ဟု အားရဝမ်းသာ အော်လိုက်သံကို ကြားရလျှင် နှစ်ဦးသား မျက်နှာတွင် အားတက်သွားသော အရိပ်အရောင်သည် ပေါ်ထွက်လာလေ၏။

"ဟောဒီမှာ ကိုဘဦး မိမိပေးလိုက်တဲ့စာ။ ရော့ စာကိုဖတ်ပြီး မြန်မြန်သာ လိုက်ခဲ့ပေတော့"

ဘဦးသည် ကမန်းကတန်းထ၍ စာကိုယူလိုက်ပြီး ဖြန့်၍ဖတ်စဉ် ကျော်ဝင်းလည်း လျှင်မြန်စွာထကာ ကပ်၍ကြည့်လေ၏။

"မိမိချစ်တဲ့သူ ကမ္ဘာပေါ်မှာ တစ်ယောက်တည်း ရှိပါတယ်။ သူ့နာမည် ကိုဘဦးဆိုတာ မိမိ သိရပြီ။ ကိုဘဦး မိမိ့ကိုချစ်ရင် တင်းနစ်ရိုက်ပွဲကို အမြန်လိုက်ခဲ့ပါ။ အချစ်များစွာနှင့် မိမိ" ဟု ဖတ်လိုက်ရလျှင် သုံးယောက်သား ဝမ်းမြောက်ဝမ်းသာ ထ၍ခုန်ကြလေ၏။

ဘဦးက "လုပ်ကြပါဦးဗျ။ အဝတ်အစားတွေ၊ ရက်ကက်တွေ" ဟု ပျာပျာသလဲ ပြောလိုက်သဖြင့် သိန်းဖေက "အောင်မယ်လေး၊ ဟလေး၊ အခုမှ လောလိုက်တာ" ဟုဆိုရင်း ဘောင်းဘီရှည် အင်္ကျီရှည် စသည်များကို ဆွဲထုတ်ရှာဖွေပြီး ကျော်ဝင်းက တင်းနစ်ရက်ကက်၊ မျက်နှာသုတ်ပုဝါ၊ ဆွယ်တာအင်္ကျီများ ဆွဲလွဲ၍ ပေးလေ၏။

ဘဦးကိုယ်တိုင်လည်း ကမန်းကတန်းဝတ်၍ သိန်းဖေ၊ ကျော်ဝင်းတို့ကလည်း ဝိုင်းဝန်းဝတ်ဆင်ပေးကြသဖြင့် ချက်ချင်းပင် ဝတ်ပြီးစားပြီးဖြစ်ကာ သုံးဦးသား ပြေးကြလေ၏။

ကျောင်းအောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အသင့်စက်နှိုးထားသော မော်တော်ကားပေါ်သို့ အတင်းပြေးတက်ကြ၍ မော်တော်ကားလည်း အမြန်မောင်းထွက်ခဲ့ကြရာ တင်းနစ်ကစားကွင်းသို့ ချက်ချင်းပင် ရောက်ရှိသွားကြပြီး ကားပေါ်မှ ဆင်းကြသည်နှင့် တစ်ပြိုင်နက် စောင့်စားနေကြသူများသည် ဘဦးကို မြင်လိုက်ကြရလျှင်ပင် ဝမ်းသာအားရ လက်ခုပ်တီးသူတီး၊ လေချွန်သူချွန်နှင့် ဆူညံ၍သွားလေ၏။

မိမိလည်း ဘဦး ရောက်လာသည်ကို တွေ့ရလျှင် ပျော်ရွှင်ဝမ်းမြောက်ခြင်းဖြင့် အနားသို့ လျှင်မြန်စွာ ကပ်လာကာ ဘဦးကို လက်ဆွဲနှုတ်ဆက်လိုက်ရာ မြင်ရသူတို့မှာ ဩဘာလက်ခုပ်မတီးဘဲ မနေနိုင်ရှိကြလေ၏။

ထိုနေ့ကြီးမှာကား ကြည့်ရှုသူ ကျောင်းသားတစ်စုတို့အဖို့၌ အလွန်အားရဖွယ်ရာကြီး ဖြစ်နေပေတော့၏။ ဘဦးနှင့် မိမိတို့အတွဲမှာ ပွဲတိုင်းနိုင်၍လာခဲ့ရာ ယခုပွဲလည်း နိုင်လိမ့်မည်ဟု အားထားရသည်တွင် ဘဦးမှာ အားတက်ကြွလျက်ရှိခြင်းကြောင့် သာလွန်၍ ကောင်းမွန်စွာ ကစား၍ မိမိကလည်း ကြိုးစားလေရာ ပွဲစသည်မှ အဆုံးသို့ရောက်၍ ဘဦးနှင့် မိမိတို့ ယှဉ်တွဲပြီး ငွေခွက်များ ယူကြသည့်တိုင်အောင် ဩဘာသံများ မစဲဘဲ ရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့ ပြန်ရောက်ကြသည့်အခါ ပုဂံဟောလ်ကြီးမှာ ဆူဆူညံညံဖြစ်နေလျက် ဘဦး၏အခန်းထဲ၌မူ ရယ်မောဟားတိုက် ပြောဆိုသံများလည်း အုံးခနဲ ပွက်ခနဲ ထွက်ပေါ်လာလျက် ရှိပေ၏။ သိန်းဖေနှင့် ဘဦးတို့ကား အားရဝမ်းမြောက်၍ မဆုံးနိုင်အောင်ရှိကြပြီး ကျော်ဝင်းမှာမူ ဘဦး၏အောင်မြင်ခြင်းအတွက် ဝမ်းမြောက်ခြင်း ဖြစ်သော်လည်း စိတ်တွင်း၌ မသန်းမြင့်၏ အပူဓာတ်ခံ ကြွင်းကျန်တည်ရှိနေသေးသောကြောင့် ပွင့်ပွင့်လင်းလင်း ပျော်ရွှင်နိုင်ခြင်း မရှိရှာချေ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

သိန်းဖေနှင့် ဘဦးတို့၏ ဝမ်းမြောက်ခြင်းကား အတောမသတ်နိုင်အောင်ရှိကြကာ နောက်တစ်နေ့ ကျောင်းတက်မည့်အချိန်တွင် အူရွှင်နေကြလေတော့၏။ ကျော်ဝင်းမှာမူ မချိသွားဖြဲ ပြုံးရရှာလေ၏။

"ကိုကျော်ဝင်း ခင်ဗျား ဘာမှမပူနဲ့တော့။ ခင်ဗျားအဖို့လည်း နေရာကျဖို့ပဲရှိတော့တယ်။ အခု ကျွန်တော်တို့နှစ်ယောက် နေရာကျမှပဲ။ ခင်ဗျားပဲ ကျန်တော့တယ်။ ကျွန်တော်တို့သုံးယောက် ကံဇာတာဟာ အတူတူပဲဗျ၊ တစ်ယောက်ကောင်းရင် အားလုံးကောင်းဖို့ပဲ"

"ကျွန်တော်တော့ဗျာ၊ မမျှော်လင့်တော့ပါဘူး"

"ဘယ့်နှယ် မမျှော်လင့်ရမှာတုံးဗျ၊ ခင်ဗျားတို့ကိစ္စကို နေရာကျအောင် ကျွန်တော် တတ်နိုင်ပါတယ်။ အခု ကျွန်တော် စီမံလို့ ကိုဘဦး နေရာကျပြီး မဟုတ်လား။ ခင်ဗျားအတွက်လည်း နေရာကျအောင် ကျွန်တော် စီမံထားပါတယ်"

"ကဲဗျာ ကိုကျော်ဝင်း၊ အင်္ကျီဝတ်လေ၊ ကျောင်းတက်ရအောင်"

"သွားနှင့်ကြတော့ဗျာ၊ တော်တော်ကြာမှ ကျွန်တော် လိုက်ခဲ့မယ်"

"တကယ်ပဲနော်"

"စိတ်ချပါ၊ လိုက်ခဲ့မယ်" ဟု ကျော်ဝင်းက ကတိပေးမှ သိန်းဖေနှင့် ဘဦးတို့သည် ကျောင်းတက်ရန် ထွက်လာကြလေ၏။

မကြာမီ ကျောင်းတွင် သိန်းဖေနှင့် မအေးစိန်တို့သည် ကြည်လင်ရွှင်ပြသော အမူအရာဖြင့် ယှဉ်တွဲရပ်တန့်ကာ စကားပြောဆို၍ ဘဦးနှင့် မိမိတို့ကမူ ကော်ရစ်ဒါတွင် ယှဉ်တွဲ၍လျှောက်ကာ မည်သူမျှ ဂရုမစိုက်ကြဘဲ၊ မိမိတို့ ပြောလိုရာကို ပြောသွားကြရာ အခြားကျောင်းသားများ တွေ့မြင်ကာ အားကျမိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုသိန်းဖေ၊ ကျွန်မတို့အကြောင်းကို မနွေ့ညက မသန်းမြင့်ကို ပြောပြလိုက်တယ်။ သူကလည်း သိပ်ဝမ်းသာတာပဲ"

"ဝမ်းသာမှာပေါ့။ အားလုံးက မအေးစိန်နဲ့ ဒီကနဲ့ နေရာကျစေချင်ကြတာပဲ။ အဲဒါ အများရဲ့ မေတ္တာတွေပဲ။ ဒါနဲ့တောင် မအေးစိန်က မူနေရသေး"

"တော်ပါရှင်၊ ခနဲ့မနေပါနဲ့"

"နို့ . . . ကိုကျော်ဝင်းအကြောင်းရော ပြောလိုက်သေးလား"

"အားလုံး ပြောပြလိုက်တယ်"

"ဒီတော့ ဘာပြောသေးသလဲ။ သူ ကျေနပ်သွားပြီလား"

"ကျေနပ်တယ်လည်း မပြော၊ မကျေနပ်ဘူးလည်း မပြောဘူး။ နားထောင်နေတာပဲ၊ တော်တော့ကို ဟန်လုပ်နိုင်တယ်။ နို့ပေတဲ့ ကျေနပ်ပုံတော့ရပါတယ်။ သူတို့ကိစ္စလည်း အေးကြမှာပါပဲ" ဟု ပြောနေစဉ် မသန်းမြင့်သည် အနားသို့ ရောက်လာပြီး ပြုံးပြုံးကြီးလုပ်ကာ ကြည့်နေလေ၏။

မအေးစိန်နှင့် သိန်းဖေတို့သည် ပြန်ပြီးပြုံးလိုက်ကြရာမှ မသန်းမြင့်က "ကိုသိန်းဖေ နှောင့်ယှက်တယ်လည်း မအောက်မေ့ပါနဲ့" ဟု စကားပလင်ခံလိုက်ရာ သိန်းဖေက ကျေနပ်စွာဖြင့် "အို . . . ဘာမှအနှောင့်အယှက် မရှိပါဘူး။ ထူးထူးထွေထွေ ပြောနေကြတာမှ မဟုတ်ဘဲ။ မသန်းမြင့် ဘာပြောစရာတွေ ရှိလို့လည်း ပြောပါ" ဟု အခွင့်ပြုလေ၏။

"ကိုကျော်ဝင်း မရောက်သေးဘူးလား"

"မရောက်သေးဘူး၊ လာခါနီးပါပြီ"

"လာရင် ပြောလိုက်ပါနော်၊ ကျွန်မ သူ့ကို တွေ့ချင်တယ်လို့။ ဆယ်နာရီလောက်မှာ လိုင်ဘရေရီထဲမှာ သူဦးရင်လည်း စောင့်ပါလို့။ ကျွန်မဦးရင်လည်း စောင့်နေပါ့မယ်လို့ ပြောပါနော်"

"ကောင်းပါပြီ၊ ဆက်ဆက်ပြောပါမယ်"

"ဒါထက် ကိုသိန်းဖေ၊ မအေးစိန်ကို ပြောပြလိုက်တယ်ဆိုတာ တကယ်ပဲနော်"

"တကယ်ပါပဲ ယုံပါတော့"

"ဒါနဲ့များရှင်၊ လူတစ်ဘက်သား အထင်လွဲပြီး ဝမ်းနည်းဒုက္ခ ရောက်နေကြရအောင် မပြောဘဲ မြှုပြီးထားရသေးသကိုးရှင့်"

"တမင်မပြောချင်လို့ မဟုတ်ပါဘူး။ ဟိုတုန်းက အပြောရခက်လွန်းလို့ပါ။ စိတ်ဆိုးကြမှာလည်း စိုးရသေးတယ်"

ထိုအခါ မအေးစိန်က "အခုလည်း အေးကြရင် ပြီးတာပဲ မဟုတ်လားလို့" ဟု ပြောလိုက်သဖြင့် မသန်းမြင့်က "အခု အေးနေကြတာ ရှင်တို့နှစ်ယောက်ပါ" ဟု ပြော၍ အခန်းထဲသို့ ပြန်၍ဝင်သွားသောကြောင့် သိန်းဖေနှင့် မအေးစိန်တို့သည်း

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်လျက် ရှိကြလေ၏။

ထို့နောက် သိန်းဖေသည် ဘဦးကို မတွေ့၊ ဘဦးကလည်း သိန်းဖေကို မတွေ့၊ နှစ်ယောက်စလုံးသည်လည်း ကျော်ဝင်းကို မတွေ့၊ ကျော်ဝင်းကလည်း သိန်းဖေကို မတွေ့ဘဲ တကွဲတပြား လိုက်လံရှာဖွေနေကြပြီး (၁၁) နာရီထိုးလောက် အချိန်သို့ ကပ်ရောက်ကြမှ သိန်းဖေသည် ကျော်ဝင်းကို တွေ့လေ၏။

"ကိုကျော်ဝင်း ခင်ဗျားတော့ ပွပြန်ပြီ၊ မသန်းမြင့်က စကားပြောစရာရှိလို့ လိုင်ဘရီထဲမှာ စောင့်နေမယ်တဲ့၊ လိုက်ခဲ့ပါတဲ့ မှာသွားတယ်"

ကျော်ဝင်းသည် သိန်းဖေ၏စကားကို ရုတ်တရက်သော် မယုံကြည်သေးဘဲ "ကိုယ့်လူ ဒီဟာအပြင် အခြားလိမ်နည်း မရှိတော့ဘူးလား" ဟု မေးလေ၏။

"တကယ်ပါပဲဗျာ၊ ကိုယ်ချစ်တဲ့ ရည်းစားနဲ့ မညားဘဲ ရှိပါစေရဲ့၊ ခင်ဗျားကို လိမ်ပြီး မပြောပါဘူး"

"ကောင်းပြီ ခင်ဗျား လိမ်လို့ရှိရင် သိကြရောပေါ့။ ဒီစာဖတ်ခန်းထဲမှာ ခင်ဗျား စောင့်နေ ဘယ်မှမသွားနဲ့ လိမ်လို့ရှိရင်ဘော့လား လာပြီးထောင်းမယ်" ဟု ဆို၍ ကျော်ဝင်းသည် ပိဋကတ်တိုက်ဖက်သို့ ဖြတ်ကူးသွားသောကြောင့် သိန်းဖေလည်း စာဖတ်ခန်းထဲသို့ သွား၍ စောင့်နေရလေ၏။

ယင်းသို့ တစောင့်စောင့် တမျှော်မျှော်နှင့် အတော်ပင် ကြာမြင့်၍ ပျင်းရိစရာ ကောင်းလာတော့မှ သိန်းဖေလည်း ထ၍သွားမည်အပြုတွင် စာဖတ်ခန်းတောင်ဘက် အပေါက်ဆီမှ တစ်ယောက်စီ ဝင်လာကြသော ကျော်ဝင်းနှင့် ဘဦးတို့ကို တွေ့ရသဖြင့် "အောင်မယ်မင်း၊ ပေါ်တော်မူကြီးတွေ၊ စောင့်လိုက်ရတာ ကြာလှပြီ။ အခုမှပဲ ပေါ်တော်မူလာကြသကိုး" ဟု ပြောလိုက်စဉ်ပင် ဘဦးနှင့် ကျော်ဝင်းတို့နှစ်ယောက်စလုံး၏ မျက်နှာတွင် ပြုံးရွှင်ကြည်လင်စွာဖြင့် ကပ်ရောက်လာကြပြီး "ခင်ဗျားကြီးတော့လား၊ ကျွန်တော်တို့စာတွေ မဟုတ်က ဟုတ်က လုပ်တာ မကျေဘူးဗျ" ဟု ကျော်ဝင်းကဆို၍ သိန်းဖေ၏ကျောကုန်းကို ဘုံးခနဲ ထုလိုက်ရာ ဘဦးက "အစစ်ပေါ့ဗျ ဒီလိုရှုပ်တာတွေ အခုမှ မိမိက ပြောပြလို့ သိရတယ်" ဟု ဆိုပြီး ဘုံးခနဲ ထုပြန်လေ၏။

"ကျွန်တော်လည်း အခုမှ မသန်းမြင့် ပြောပြလို့ သိရတယ်" ဟု ဆိုပြီး ကျော်ဝင်းက ဘုံးခနဲ ထပ်၍ထုလိုက်ပြီးလျှင် ဘဦးက "တော်လည်း တော်တဲ့လူပဲဗျာ" ဆို၍ တစ်ဖန်ထုလိုက်ပြန်လေ၏။

"တော်ကြပါတော့ဗျာ။ ဒါလောက်နှိပ်စက်ရရင် ကျေနပ်လောက်ပါပြီ" ဟု ဆိုသော်လည်း ထု၍ကောင်းကောင်းနှင့် ထုကြပြန်သောကြောင့် သိန်းဖေက "ချမ်းသာ ပေးတော်မူကြပါ ဝန်မင်းတို့၊ ဘဘကြီးတို့ရဲ့။ အောင်မယ်လေး အကြွဲခက်လေသနော်၊ သန်လျက်တော်ယူသည့် သူခိုးရယ်က" ဟု ကုန်း၍အော်လိုက်သောကြောင့် အရိုက် အပုတ် ရပ်ကြပြီး အသံမထွက်အောင် သိန်းဖေ၏ ပါးစပ်ကို အတင်းပိတ်၍ ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com


ကြရကာ ရယ်မောမိကြလေတော့၏။

"လာ လာ၊ မဖြစ်ဘူး။ ဒီလူ အရှူးထလိုက်တာ ဆရာတွေ ကြားသွားလို့ လာပြီး မေးနေကြဦးမယ်။ မိနေမှဖြင့် ချောက်ကျကုန်တော့မှာပဲ" ဟု ဘဉီးက ပြောလိုက်သဖြင့် ကျော်ဝင်းကလည်း "အစစ်ပဲ ခုတင်က သီချင်းဆိုတာ ဘယ်သူလဲလို့ လာပြီး စစ်နေရင် ခက်ကုန်လိမ့်မယ်" ဟု လိုက်၍ပြောတော့မှ သိန်းဖေလည်း ဟက်ဟက်ပက်ပက် ရယ်မောကာ "လာ. . . သွားကြစို့၊ အားလုံးလည်း နေရာကျကုန်ပြီ။ ရှေ့ကို ပျော်ကြဖို့ပဲ ရှိတော့တယ်။ အဲဒီလို ဖြစ်အောင်ဟာ ဘယ်သူလုပ်ထားလည်း သိသလား" ဟု မေးရာ ဘဉီးက "အဲဒီလူဟာ အရူးလို့ ပြောတယ်" ဟု ဆိုလိုက်သဖြင့် သိန်းဖေလည်း ရှုံ့မဲ့၍သွားပြီးမှ မိမိရင်ပတ်ကိုတီးကာ "အဲဒါတွေ ဖေကြံတာဗျ၊ ဖေကြံတာ" ဟု ပြောလိုက်သောကြောင့် သုံးဉီးသား သဘောခွေ့ပြီး ရယ်ရယ်မောမောနှင့် ထွက်ခဲ့ကြလေ၏။

ကျော်ဝင်း၊ ဘဉီး၊ သိန်းဖေတို့ သုံးဉီးသားမှာ တစ်နှစ်အတွင်း ချစ်ရမည့်သူများ အပြိုင်အဆိုင် ရရှိ၍နေကြပြီးလျှင် သူတို့အရှုပ်အထွေးများသည်လည်း အားလုံးကုန်ရှင်းလင်း၍သွားကြပြီ ဖြစ်သောကြောင့် နောင်ကာလအဖို့၌ ပျော်ရွှင်ခြင်းအတိ ပြည့်နှက်လျက် ရှိသည်ကို တွေ့မြင်ရကာ တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းလုံးတွင် သူတို့ သုံးဉီးသားကဲ့သို့ ရွှင်မြူးနိုင်သူများ မရှိတော့ဟု ထင်ရလောက်ပေ၏။

ထိုမျှမကသေးဘဲ ၎င်းတို့သုံးဉီးသားမှာ အခြားသော ကျောင်းသားများ၏ အားကျမက်မောလောက်စရာ ဖြစ်ကြပြန်လေတော့၏။ ကျောင်းတွင်း၌ ဆိုင်ရာဆိုင်ရာ အသီးသီး ယှဉ်တွဲ၍ စကားပြောဆိုကြသည်များကို မြင်ကြရသူ ကျောင်းသားအပေါင်းတို့မှာ သွားရည်ကျ၍ မဆုံးနိုင်ဘဲ ညနေချိန်များတွင် အင်းလျားကန်ဘေး၌ ကျော်ဝင်းတစ်တွဲ၊ သိန်းဖေတစ်တွဲ၊ ယှဉ်တွဲလမ်းလျှောက် ခေါက်တုံ့ခေါက်ပြန် သွားကြသည်များကို မြင်ကြရပြန်၍ သာလွန် အားကျမိကြလေတော့၏။

သိန်းဖေမှာကား ကဲစရာရှိလျှင် သူများထက်ပို၍ ကဲတတ်သူတစ်ဉီးဖြစ်သောကြောင့် မိမိအခန်းထဲတွင် အကြီးချဲ့၍ ဆွဲချိတ်ထားသော မအေးစိန်၏ ဓာတ်ပုံကို ကျောင်းတက် ကျောင်းဆင်းချိန်တွင် အခြားကျောင်းသားများ၏ရှေ့၌ အရိုအသေပြုကာ ဆလံပေး၍ ဝင်လေ့ ထွက်လေ့ ရှိပြီးလျှင် ကျောင်းသားများ ဆုံမိကြသော တစ်နေ့တွင် သိန်းဖေသည် ရုပ်သေးဝန်ရုပ်၏ အကဟန်မျိုးဖြင့် ပခုံးနှစ်ဖက်ကို ကြိုးဆွဲထားသကဲ့သို့ ကြုံ့ကာ ဆတ်တောက် ဆတ်တောက်ဖြင့် လက်များကို ဆန့်တန်းဟန်လွှဲပြီး ဓာတ်ပုံ၏ရှေ့တော်သို့ ဉီးခိုက်၍လာသည့်ဟန်ကို လုပ်ပြပြီးလျှင် "ကျောင်းသွား ကျောင်းပြန်၊ ဈေးအပေါင်းမကျန်အောင် ပြန်လှန်ထုတ်ချောက်၊ ဆိုင်တန်းစေ့လျှောက်ပြီး နောက်ပိုးတို့ အကွက်ဖော်၊ သက်တော်ရှည်ဝန်မင်းတို့" ဟု သိန်းဖေက ဝန်စကား ပြောရာ. . .

www.burmeseclassic.com

www.burmeseclassic.com


"ဗျော်. . . ဗျော" ဟု ဝိုင်းဝန်းထူးကြလေ၏။

"ဝန်မင်းတို့ ကျုပ်တို့မှာ ပြဟ္မစိုရ်တရားလေးပါး၊ နာယကဂုဏ်ခြောက်ပါး၊ သူတော်ကောင်းတရား ခုနစ်ပါး၊ ကျောင်းပြေးနည်း ဆယ်ပါးနဲ့ညီအောင် ကျောင်းသူလေးတွေအပေါ်မှာ စောင့်ရှောက်နောက်ပိုးပြီးလာခဲ့ကြတဲ့အတိုင်း သောင်းလုံးကြေညာပြီး ပြည်ရွာက အဆဲခံခဲ့ကြရပေပြီဗျ"

"မှန်လှပါ ဝန်မင်း"

"အဲ. . . သို့ကမို့ကြောင့် ယနေ့နံနက် သီဟာပျံမှာ ညီလာခံတဂုဏ်မှီးရအောင် (ရွာစား) ကုလားဖုံတီးပြီး ပို့စမ်း" ဟု ဆိုလိုက်သဖြင့် ဒိန်းတတ်တတ်ဒိန်းဟူသော ပါးစပ်ဆိုင်းနှင့် သိန်းဖေသည် ဝန်ပြေးလုပ်၍ ကသုတ်ကရက် ဟျာယီးဟျာယာ လက်ကားယား ခြေကားယား ရုပ်သေးဝန်ရုပ်ဟန် လုပ်ပြလေရာ အားလုံးရယ်မော သဘောကျနေကြစဉ်၊ မတ်တတ်မှ ဒူးထောက်၍ လဲသလို ကြမ်းပြင်ပေါ်သို့ ဗုန်းခနဲ လဲချပြီး ပုံ၍ကျနေသည့်ဟန် လုပ်နေသဖြင့် "ဟေ့လူ ဒါက ဘာဖြစ်တာတုံး" ဟု ဘတိုးက မေးသောကြောင့်. . .

"ဝန်ရုပ် ကြိုးပြတ်ပြီးကျတာ" ဟု ပြောလိုက်မှ တသောသော သဘောကျ၍ သွားကြလေ၏။

ထိုအခိုက်တွင် ကျယ်လောင်နက်နဲသော အသံသြကြီးတစ်ခုသည် ကျောင်းဆောင့်တစ်ဘက်စွန်းမှ ပေါ်၍လာလေရာ အားလုံးကုန်ငြိမ်ပြီး နားထောင်နေကြလေ၏။ ထိုအခိုက်တွင် ထပ်မံပြီး ပေါ်လာကာ "စာကျက်ကြဟေ့. . . စာကျက်ကြ" ဟူသော စာမေးပွဲလောကဗြူဟာနတ်မင်း၏ အသံကြီးကို ကြားရသဖြင့် နှစ်လယ်စာမေးပွဲကြီး နီး၍လာပြီကို သတိရကြသော ကျောင်းသားတို့သည် "ဟုတ်တယ်ဗျို့ စာမေးပွဲကြီး နီးလာပြီ" ဟု ဆိုကာ တစ်ယောက်စီ ထွက်ကြရင်း "ကဲ. . . ကိုသိန်းဖေတို့ ကိုကျော်ဝင်းတို့ ခင်ဗျားတို့လည်း ရည်းစားစိတ်နဲ့ အချိန်ကုန်ပြီး မနေကြနဲ့ဦး၊ စာကျက်ဖို့လည်း သတိရကြပါဦး" ဟု သတိပေး၍သွားသောကြောင့် သိန်းဖေသည် ကမန်းကတန်းထကာ စားပွဲရှိ စာအုပ်ကို ပြေးယူ၍ တင်နေသော ဖုန်များကို လျင်မြန်စွာ သုတ်လိုက်ပြီး စာအုပ်ကိုဖွင့်လျက် "ယံမင်္ဂလံ ဒွာဒသဟိ" အစချီ၍ ဒေါက်ဒေါက်ပြေး ရွတ်ဆိုလိုက်သဖြင့် ထွက်သွားကြသော ကျောင်းသားတို့မှာ ရယ်ရွှင်မိကြလေတော့၏။

ooo

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ကျောင်းတော်မှာ စာသင်ရ၊ ပျော်လှလို့ မဟုတ်ပါ"

"ပတ်ဗေတိုပုံ"

"ကျောင်းတော်မှာ စာသင်ရ၊ ပျော်လှလို့ မဟုတ်ပါ"

"ပတ်ဗေတိုပုံ"

"ကျောင်းတော်မှာ"

"ဟော့လူ ဒါချည့်ပဲလား၊ ဆက်ပါဦး"

"အဆက်မှ မရဘဲ၊ မဆိုတတ်ဘူး" ဟု သိန်းဖေက ပြောလိုက်သောကြောင့် ပါးစပ်ဆိုင်းဝိုင်းတော်တီး မောင်ဘတိုး၊ တယောဆရာ မောင်စံလွင်၊ ဗုံရှည်ဆရာ မောင်ဘဦး၊ နှဲဆရာ မောင်ကျော်ဝင်းနှင့် ဂျပ်တီးဆရာ၊ လင်းကွင်းဆရာ တစ်စုတို့က ဗုံတောက်သံပြန်၍ ကောက်လိုက်ကြသဖြင့် သိန်းဖေသည် ကွေးနေအောင် က,လေ၏။

ထိုသို့ တီး၍မဆုံးသေးမီပင် သိန်းဖေက "သွားခါနီး၊ မောင်ကြီးရယ်တဲ့ မှာခဲ့မယ်" ဟု ဆိုလိုက်ရာ တီးလုံး ရုတ်တရက် ပြောင်းလိုက်ကြရသဖြင့် ဆိုင်းဝိုင်းတီးသည့် အသံက "ဟေ ဟေ" ဟု ထွက်၍ ဗုံထဲမှ "တိန်းတိန်း" ဟု အမှားမှားအယွင်းယွင်း ဖြစ်ပေါ်လာကုန်သောကြောင့် တသောသော ဖြစ်ကြရလေတော့၏။

စာမေးပွဲကြီးသည် ပြီးဆုံးသည့်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ရာ၊ ကျောင်းသားများသည် မိမိတို့ရပ်ဌာနသို့ ပြန်ကြရတော့မည် ဖြစ်သည့်အလျောက်၊ သုံးလခန့်မျှသော်လည်းကောင်း၊ အမြဲသော်လည်းကောင်း ခွဲခွာကြခြင်း မပြုရသေးမီ ချစ်ခင်သူအပေါင်းအသင်း မိတ်ဆွေချင်း နောက်ဆုံးအားရစွာ ပျော်ရွှင်လျက် ရှိကြ၏။

ကျောင်းသူကလေးတို့သည် အင်းလျားဆောင်၌လည်း ထုပ်ကြပိုးကြနှင့် ပျော်ပျော်ရွှင်ရွှင်ကြီးဖြစ်၍ နေပေတော့၏။ မသန်းမြင့်နှင့် မအေးစိန်တို့သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ပါးပါးနှင့် တစ်ယောက်ကိုတစ်ယောက် ကျီစယ်ပြောင်လှောင်၍ နေကြသည်ကို တွေ့ရပေ၏။

"မငိုပါနဲ့ မသန်းမြင့်ရယ်၊ သုံးလလောက် ခွဲရတာပဲ၊ သိပ်မကြာပါဘူး" ဟု မအေးစိန်က နောက်လိုက်သည်ကို "မငိုပါဘူး ကိုသိန်းဖေရဲ့" ဟု မသန်းမြင့်က ပြန်၍ ပြောလိုက်သဖြင့် မအေးစိန်က မသန်းမြင့်၏ကိုယ်ကလေးကို သိမ်းကြုံးပွေ့ဖက်ကာ လှုပ်ရင်း "သူနော်. . . သူ ဟင်း" ဟု မိမိအား ပြောင်လိုက်ခြင်းခံရသည်ကို ရှက်သလိုလို လုပ်၍ ပြောလေ၏။

"မအေးစိန် သတိထားပါ၊ ကျွန်မ မသန်းမြင့်ပါ၊ ကိုသိန်းဖေ မဟုတ်ဘူး" ဟု ဆိုလိုက်သည်ကို မအေးစိန်က တမင်ရွှတ်ကာ "အမယ်လေး. . . ကိုသိန်းဖေရဲ့ မခွဲခင် တစ်ချီလောက် နမ်းလိုက်ပါရစေ" ဟု ဆိုကာ မသန်းမြင့်၏ပါးလေးကို ဖက်၍ နမ်းလိုက်သဖြင့် မသန်းမြင့်မှာ တဟားဟားဟားနှင့် အလွန်အမင်း သဘောကျသွားတော့၏။

သို့နှင့် မသန်းမြင့် မအေးစိန်တို့သည် အခြားအဖော် ကျောင်းသူကလေးများနှင့် မိမိတို့၏မြို့သို့ ပြန်ကြတော့မည် ဖြစ်ကြလေရာ ရန်ကုန်ဘူတာကြီးတွင် အလွန်ပင် စည်ကားလျက် ရှိပေတော့၏။

မော်လမြိုင် ရထားတွဲကြီး၏ ဒုတိယတန်း အခန်းတစ်ခုအတွင်းရှိ မသန်းမြင့်နှင့် မအေးစိန်တို့သည်ကား ထိုညဥ့်အဖို့မှာ ပျော်လည်းပျော်၊ ဝမ်းလည်းနည်းဖြစ်လျက် ရှိကြလေ၏။ သုံးလမျှ ကာလပတ်လုံး ခွဲခွာကြရတော့မည် ဖြစ်ပေရာ ထိုသုံးလအတွင်း ၌လည်း မမြင်နိုင်၊ ကြည့်လို၍လည်း မကြည့်ရ ရှိကြတော့မည် ဖြစ်ရကား ချစ်သူတို့နှင့် ခေတ္တခဏ ကွဲကွာ၍ နေကြရမည့်အရေးကို ဆွေးသလိုလို ရှိကြလေ၏။

"ဘယ့်နှယ်လဲ မအေးစိန်၊ ကိုသိန်းဖေတို့ ကိုကျော်ဝင်းတို့ ဘူတာရုံ လိုက်ပို့ကြမယ် ဆိုတာလည်း မမြင်ရသေးပါကလား" ဟု အားလျော့သော အသံကလေးသည် မသန်းမြင့်၏ နှုတ်ဖျားကလေးမှ ထွက်ပေါ်၍လာလေ၏။

"လာပါလိမ့်မယ် မသန်းမြင့်ရယ်၊ မသန်းမြင့်လည်း ခဏခဏ မေးနေတာပဲ ကိုး၊ သူတို့လည်း သတိမရဘဲ မနေပါဘူး"

ထိုသို့ပြောနေကြစဉ်ပင် မသန်းမြင့်၏ ဟိုကြည့် ဒီကြည့်ကာ ရှာဖွေနေသော မျက်လုံးများသည် ဘူတာရုံတွင်းသို့ ဝင်၍လာကြသော ကျော်ဝင်းနှင့် သိန်းဖေတို့ကို မြင်ရသည်တွင် "ဟော. . . ဟော. . . ဟိုမှာ လာကုန်ကြပြီ" ဟု လွတ်ခနဲ ပါးစပ်မှ ဝမ်းသာအားရ ဆိုလိုက်မိလေ၏။

ကျော်ဝင်းနှင့် သိန်းဖေတို့သည် မသန်းမြင့်တို့၏တွဲကိုသာ စူးစိုက်ကြည့်ရှုကာ မျက်နှာတမော့မော့နှင့် ရှုပ်ယှက်ခတ်နေသော လူစုအကြားမှ တိုးဝှေ့ကာ အလျင်လို အရေးတကြီး ခပ်သုတ်သုတ်လျှောက်၍ လာနေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဩော်. . . သတိရကြပေသေးသကိုး၊ လာမယ်တောင် မထင်တော့ဘူး"

"မသန်းမြင့်က ခန့်နေပြန်ပါပြီ။ ဒီမှာ အရေးထဲ မော်တော်ကား လမ်းမှာပျက်နေလို့ မီမှမီနိုင်ပါတော့မလားလို့ ပူမိသေးတယ်" ဟု ကျော်ဝင်းနှင့် မသန်းမြင့်တို့ ပြောဆိုနေကြသည်ကို မအေးစိန်အား သိန်းဖေက မျက်စပစ်ပြသဖြင့် နှစ်ယောက်သား ရယ်မောမိကြလေ၏။

"ဘာတွေများ ရယ်နေကြပါလိမ့်မလဲလို့"

"ဒီလိုပေါ့ မသန်းမြင့်ရယ်၊ ကျွန်တော်တို့လည်း ခွဲကြရခါနီးလို့ လွမ်းလွမ်းနဲ့ ရယ်နေကြတာပေါ့" ဟု ပြော၍ သိန်းဖေနှင့် မအေးစိန်တို့ ရယ်ကြပြန်လေ၏။ ကျော်ဝင်းမှာ တွဲအောက်ကနေ၍မော့လျက်၊ မသန်းမြင့်ကမူ တွဲပြတင်းပေါက်တွင် လက်တင်ထားသည့်အပေါ်၌ မေးထောက်ပြီး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြောနေကြ၍ သိန်းဖေမူ တွဲတံခါးဖွင့်ကာ တံခါးဝတွင် ပိတ်ဆို့ပြီး ရပ်နေလျက် မအေးစိန်မှာမူ ရထားတွဲအိပ်ရာ၏ နောက်ပိုင်းကိုမှီကာ ပြောချင်စရာရှိတာပြော၊ မှာချင်စရာရှိတာ မှာနေကြသည်ကို အချို့ကျောင်းသားများသည် ရထားတွဲဘေးမှ ဖြတ်လျှောက်သွားကြရင်း လှည့်၍ကြည့်မိကြလေ၏။

အခြားကျောင်းသားတို့၏ တွဲများတွင်ကား ဟစ်ကြအော်ကြ၊ မယ်ဒလင်တီးကြ၊ ငပိသံဖြင့် အင်္ဂလိပ်သီချင်းဆိုကြနှင့် ရွှင်ရွှင်ပျော်ပျော်ကြီး ရှိနေကြ၍ မသန်းမြင့်တို့၏ အတွဲမှာကား လွမ်းခန်းဆွေးခန်းသို့ရောက်၍ ကောင်းတုန်းပင် ရှိနေလေ၏။

"ကိုကျော်ဝင်း ရထားထွက်တော့မယ်၊ ခွဲကြရဖို့ အချိန်နီးလာပြီ။ မသန်းမြင့်ကို မမေ့နဲ့၊ မမေ့ဘူး မဟုတ်လား" ဟု တိုးတိုးကလေးကြိတ်၍မှာလေရာ ကျော်ဝင်းကလည်း "မမေ့ပါဘူး မသန်းမြင့်ရယ်၊ စိတ်ချပြီး သွားပါ။ ကြာကြာခွဲကြရမှာလည်း မဟုတ်ဘူး။ သုံးလထဲပဲ" ဟု ပြန်၍ တိတ်တိတ်ကလေး ပြန်ပြောသည်ကို သိန်းဖေ ကြည့်မိလေ၏။

ထိုအခိုက်တွင်ပင် ပထမခေါင်းလောင်းထိုးလိုက်လေရာ မသန်းမြင့်၏စိတ်ထဲတွင် မခွဲချင် မခွာရက်ဖြစ်၍လာတော့၏။ ကျော်ဝင်းနှင့် သိန်းဖေတို့မှာလည်း ထိုသို့ခွဲရကာနီးကာလသို့ ရောက်ရှိကာမှ ပူချင်ဆွေးချင်သလိုလို ဖြစ်လာကြလေ၏။ မအေးစိန်၏မျက်နှာတွင်လည်း စောစောက ပြုံးနေသည့် အမူအရာမှာ ပျောက်ကွယ်စပြုလာလေ၏။

"ဂွတ်ဘိုင် ကိုကျော်ဝင်း" ဟု နှုတ်ဆက်လိုက်သော မသန်းမြင့်၏ အသံထဲမှာ ဝမ်းနည်းခြင်း အရိပ်အယောင်ပါ၍လာသလို၊ ကျော်ဝင်း၏ ပြန်၍ဆိုသော "ဂွတ်ဘိုင်" အသံမှာလည်း အသံကပ်၍နေလေတော့၏။

"ဂွတ်ဘိုင် ကိုသိန်းဖေ"

"ဂွတ်ဘိုင် မသန်းမြင့်၊ ဂွတ်ဘိုင် မအေးစိန်"

www.burmeseclassic.com

www.burmeseclassic.com


"ဂွတ်ဘိုင် ကိုကျော်ဝင်း ဂွတ်ဘိုင်"

'ဘိုင် ဘိုင်' ဟု မိုးမွှန်နေအောင် နှုတ်ဆက်သံများအဆုံးတွင် မီးရထားကြီးသည် ရွေ့လျော၍ ထွက်ခွာလာစပြုပြီ ဖြစ်သောကြောင့် လက်လှုပ်၍ပြကြရာမှ ဝေးဝေးသို့ ရောက်သွားသောအခါ လက်ကိုင်ပုဝါဖြူ ထုတ်၍ပြကြရင်း ကျော်ဝင်းနှင့် သိန်းဖေတို့မှာ ဝမ်းနည်းစွာ ကျန်ရစ်လျက် ကြည့်နေကြစဉ်ပင် "တူ တူ" ဟု စူးရှစွာ မှုတ်ထုတ်လိုက်သော ဥသြသံသည် ကျော်ဝင်းနှင့် သိန်းဖေတို့၏ နှလုံးသားများတွင် ပဲ့တင်ရိုက်ခတ်၍သွားလေတော့သည်။

မီးရထားတွဲကြီးသည် တရွေ့ရွေ့ တဖြည်းဖြည်း ဝေးကွာ၍သွားရာမှ မြန်သည်ထက် မြန်၍လာကာ မှိုင်းဝေမှုန် သုန်သုန်ကျဆင်းလျက်ရှိသော မြူနှင်းကလေးများ၏အကြားတွင် မှုန်မွှားရောထွေးသေးငယ် ကွယ်ပျောက်၍ ရထားနောက်မီး အနီကလေးကို မမြင်ကြရတော့မှ "ဟင်း" ကနဲ သက်မကြီးချလိုက်မိကြပြီးလျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာမှမပြောဘဲနေပြီးနောက် တစ်ယောက်ပုခုံး တစ်ယောက်ဖက်၍ ဘူတာရုံအတွင်းမှ ခေါင်းကန်ထိုင်းမှိုင်းသော ခြေလှမ်းဖြင့် လှမ်းထွက်၍ သွားကြလေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

မှုန်မှုန်ရီရီ နီနီထွေးထွေး နတ်ပန်းချီဆေးရေးသကဲ့သို့ လွမ်းဆွေးဖွယ်ကောင်းလောက်အောင် အရောင်ပေါင်းစုံလှသည့် အရုဏ်တက်ချိန်တွင် စင်ကြယ်အေးမြရှုရှိုက်၍ အားမရနိုင်ဖွယ်ရှိသော မနက်လေပြေလေညင်းသည် အင်းလျားကန်ကြီးကို ဖြတ်သန်းတိုက်ခိုက်ကာ ဆိတ်ငြိမ်သာယာစွာသော တက္ကသိုလ်နယ်မြေအတွင်းရှိ ပန်းသစ်ပင်အပေါင်းတို့အား လက်နှင့်ကိုင်၍ လှုပ်ရှားကာ အိပ်ရာမှ နှိုးသကဲ့သို့ရှိရာ သစ်ရွက်ကလေးများသည် တဖျပ်ဖျပ် လူးလွန့်ကာ ကြည်နူးဖွယ်ကောင်းသော အသံကို ဖြစ်စေတော့၏။

မြင့်မြင့်မားမား ငွားငွားစွင့်စွင့် တင့်တယ်ခန့်ငြားသော ကျက်သရေကိုဆောင်ကုန်သည့် ကျောင်းဆောင်ကြီး အသီးသီးတို့မှာ ကျောင်းသားတို့၏ ကင်းမဲ့ခြင်းဖြင့် လှုပ်ရှားခြင်း မရှိဘဲ၊ ပကတိ ဆိတ်ငြိမ်စွာသာလျှင် အသက်မဝင်သေးသကဲ့သို့ ရှိပေတော့၏။

ကျောင်းနယ်နိမိတ်အတွင်းရှိ လမ်းကြီးလမ်းငယ် အသွယ်သွယ်တွင် ထွန်းလင်းအပ်သော ဓာတ်မီးရောင်များမှာ ငြိမ်းအေးစ ပြုကုန်ကြပြီ ဖြစ်သဖြင့် အရုဏ်၏ ရောင်နီတွင် မြူခြည်ပါပက်ဖျန်းလျက်ရှိရကား၊ မှုန်မွှားဖျော့တော့သော အလင်းရောင်သည်သာလျှင် ကျောင်းဆောင်ကြီး အသီးသီးနှင့် သစ်ပင်ကြီးငယ် အသွယ်သွယ်တို့အပေါ်တွင် ကျရောက်လျက် ရှိပေတော့၏။

ထိုအခိုက်တွင် တက္ကစီတစ်စီးမှ အလင်းရောင်အားနည်းသော ရှေ့မီးနှစ်လုံးသည် ပြည်လမ်းဘက်ဆီမှ ယူနီဗာစီတီ အဲဗင်းနယူးလမ်းထဲသို့ ချိုးဝင်၍လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရလေ၏။ ထိုကားသည် တဝီဝီမြည်သော အသံဖြင့် ဆိတ်ငြိမ်ခြင်းကို ဖြိုဖျက်ကာ ပုဂံဆောင်ဆီသို့ ရွေ့ရှု၍လာနေပေ၏။ ထိုကားပေါ်တွင် ပါလာကုန်သော သေတ္တာကြီး သေတ္တာငယ် အသွယ်သွယ် အမျိုးမျိုး အထုပ်အပိုးတို့မှာ ကျောင်းသားနှင့် စပ်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်းကို ကောင်းကောင်းကြီးသိနိုင်သည့် အားလျော်စွာ၊ နွေရာသီကျောင်းပိတ်ရက်များ လွန်မြောက်၍ ကျောင်းဖွင့်ရက်သို့ ရောက်ခဲ့ပြီဖြစ်ခြင်းကြောင့် ကျောင်းသို့ ပြန်လည်လာရောက်ကြသော ကျောင်းသားများ ပါလာသည်ကို သိနိုင်ပေတော့၏။

ကားသည် ပုဂံဆောင်သို့ ရောက်ရှိ၍ ကျောင်းဝင်းထဲသို့ ထိုးဝင်ကာ လှေကားရင်းတွင် ဆိုက်လိုက်သည်နှင့် တစ်ပြိုင်နက် ဆိတ်ငြိမ်လျက်ရှိသော ကျောင်းထဲမှ ခြေသံလူသံ ဆူညံ၍လာကာ အခိုင်းအစေ ကုလားတစ်သိုက်တို့သည် ပစ္စည်းများ သယ်ယူရန် ကျောင်းပေါ်မှ ပြေးဆင်းလာကြလေ၏။ ထို့နောက် ကားအနီးသို့ ရောက်ကြကာ ပစ္စည်းများကို ဆွဲချရင်း ကားအတွင်းသို့ ကြည့်လိုက်သည်တွင် ကျော်ဝင်းနှင့် သိန်းဖေတို့၏မျက်နှာကို မြင်ကြရသည်နှင့် လက်ငါးချောင်း နဖူးမှာအပ်၍ အထပ်တပ် ဆလံပေးကာ ဝမ်းသာသော မျက်နှာကို ပြကြလေ၏။

ကျော်ဝင်းနှင့် သိန်းဖေတို့သည် ကားပေါ်မှ ဆင်းကြပြီးနောက် ပစ္စည်းများကို ကျောင်းပေါ်သို့သယ်ရန် ကုလားများကို အမိန့်ပေးကာ၊ ကားငှားခ ထုတ်ပေးပြီး ကျောင်းပေါ်သို့ တက်ကြ၍ အခန်းတောင်းရန် ကျောင်းဆောင်မှူးထံသို့ သွားကြလေ၏။ အဆောင်မှူး၏အခန်းသို့ ရောက်ကြသောအခါ အဆောင်မှူး လက်ဖက်ရည်သောက်နေသဖြင့် ခေတ္တမျှ စောင့်နေကြသေး၏။ အတန်ကြာ၍ တံခါးဖွင့်လာသောအခါ အဆောင်မှူးကို တွေ့သည်နှင့် တစ်ပြိုင်နက် "ဂွတ်မောနင်း" ဟု သံပြိုင်နှုတ်ဆက်ရင်း အခန်းတွင်းသို့ ဝင်ကြလေ၏။

အဆောင်မှူးလည်း ၎င်းတို့ကဲ့သို့ပင် ပြန်၍နှုတ်ဆက်ကာ ချစ်ခင်ရွှင်ပျသော မျက်နှာဖြင့်ကြည့်ရင်း ကျော်ဝင်းအား စာမေးပွဲအောင်၊မအောင်ကိုမေးရာ ကျော်ဝင်းက အောင်မြင်ကြောင်း ပြန်လည်ဖြေကြားလိုက်သဖြင့် အဆောင်မှူးသည် ဝမ်းသာအားရသော မျက်နှာဖြင့် "ကွန်ဂရက်ကျူလေးရှင်း" ဟူသော ဝမ်းမြောက်စကား ပြောကြားကာ လက်ဆွဲ၍ လှုပ်လေ၏။

"အန်ယူ" ဟု သိန်းဖေအား မေးမြန်းပြန်ရာ သိန်းဖေသည် ဝမ်းမြောက်ခြင်းဖြင့် ကြွားဝါလိုသော မျက်နှာကိုပြကာ မိမိ၏လက်ကို လှမ်း၍ပေးလိုက်ပြီး၊ အဆောင်မှူးက လက်ဆွဲ၍ လှုပ်လိုက်ပြီးသည့်နောက်မှ "ကျွန်တော် ရှုံးတယ်" ဟု ပြောလိုက်သောကြောင့် "အို မင်းနောက်တဲ့အကောင်" ဟု ပြောရင်း ပြုံးရယ်လေ၏။

ထို့နောက် အခန်းပေးရန် ပြောဆိုကြပြီးနောက်၊ အဆောင်မှူးက ကျော်ဝင်းအား "မင်း ဘယ်အခန်းမှာ နေချင်သလဲ" ဟု မေးရာ "အခန်းနံပါတ် ၁၃ နေပါ" ဟု

www.burmeseclassic.com

www.burmeseclassic.com


ပြောသဖြင့် နံပါတ်ကလေးများ အစီအစဉ် ရေးထားသော သင်ပုန်းပေါ်မှ နံပါတ်ခုနစ်နေရာတွင် ချိတ်ထားသော သော့ကလေးကို ဖြုတ်၍ပေးလေ၏။

ထို့နောက် သိန်းဖေအားပေးရန် သိန်းဖေကို လှည့်ကြည့်လိုက်ရာ၊ သိန်းဖေသည် မိမိအား မပေးမီက "နံပါတ်ရှစ် ပေးပါ" ဟု တောင်းလေ၏။

"မင်းတို့နှစ်ယောက်ကို အခန်းချင်းကပ်ပြီး မပေးနိုင်ဘူး။ တစ်ကျောင်းလုံး ပျက်စီးကုန်လိမ့်မယ်၊ မင်း အရင်အခန်းမှာ ပြန်ပြီးနေ"

"ကျွန်တော်တို့ နှစ်ယောက်တော့ ခွဲမထားပါနဲ့ ဆရာ၊ ကြားလေသွေးတောင် အေးလွန်းလို့ပါ" ဟု ပြောလိုက်သဖြင့် ဆရာမှာ ဣန္ဒြေမဆောင်နိုင်ဘဲ ပြုံးရယ်မိပြီးမှ "အပေါ်ထပ်မှာ ဖက်ချလာ (ဘီအေ အတန်းသင်) တွေအဖို့ အထူးသဖြင့် မောင်ကျော်ဝင်းနေမယ့် အခန်းဟာ နောက်ဆုံးနှစ်သမားတွေဖို့ ဖြစ်တယ်၊ မင်းတို့ စာမေးပွဲရှုံးတဲ့ လူတွေ အောက်မှာ နေကြ" ဟု ပြောပြောဆိုဆိုပင် သိန်းဖေနေမြဲ အခန်းသော့ကို ဖြုတ်ယူ၍ ပေးလိုက်သဖြင့် သိန်းဖေမှာ မချိသွားဖြဲဟန်မျိုးဖြင့် ပြုံးလျက်ယူလိုက်ရလေ၏။

ထို့နောက် အခန်းထဲမှ ထွက်လာကြပြီးလျှင် မိမိတို့၏ ပစ္စည်းများ ပုံထားခဲ့သောနေရာသို့ ပြန်သွားကြ၍ ပစ္စည်းများကို ခွဲဝေသယ်ယူကာ မိမိတို့ဆိုင်ရာ အခန်းဆီသို့ သွားလေ၏။

သိန်းဖေသည် မိမိအခန်းထဲသို့ ရောက်ရှိ၍ ပစ္စည်းများကို ကုလားများ သယ်ယူချထားပြီးသည့်အခါ ကုလားများက ဆလံပေးသည်ကို တွေ့ရ၍ ပိုက်ဆံတောင်းသည်ကို သိရသဖြင့် တမင်နောက်လို၍ "ကြွေးမရဘူးလား" ဟု မေးရာ ကုလားများသည် မည်းနက်သောအသားထဲမှ သွားချည်းပဲ မြင်ရအောင် ပါးစပ်အဖြဲသားနှင့် ရယ်မောနေကြတော့၏။ သိန်းဖေ၏ မဟာမိတ်ဖြစ်သော လူရည်လည် ကုလားတစ်ယောက်ကမူ သိန်းဖေ၏မျက်နှာကို အသေအချာကြည့်ပြီး "အစ်ကို ပိုက်ဆံမရှိရင် မျက်မှန်ပေါင်ပါလား" ဟု ပြောလိုက်သောကြောင့် သိန်းဖေမှာ အတော်ခံရခက်သွားပြီး "ခွေးကာလား၊ ဝက်ကာလား စောစောစီးစီး လူပါးဝ၊ ဖိနပ်ပါးချ၊ ကာနီနဲ့စူဝက်" ဟု လူပြက်လို ဆဲခြင်းဖြင့် ပြန်၍ဖြေလိုက်ရလေ၏။

ထို့နောက်မှ ပိုက်ဆံများများ ပေးမည့်အတူတူ ပို၍ခိုင်းမည်ဟု နှလုံးပြုကာ စာအုပ်များ ပစ္စည်းများကို ထုတ်စေပြီး အိပ်ရာ ကုတင် ခြင်ထောင် တပ်ဆင်ခိုင်းလေ၏။ ပြီးမှ ပိုက်ဆံထုတ်ပေးရာ ကုလားများသည် ပို၍လိုချင်ကြသေးသဖြင့် ဆလံထပ်၍ ပေးနေကြသောကြောင့် "သွား. . . ပိုက်ဆံ မရှိဘူး၊ နင်တို့ ဆလံ ပြန်ယူကြ" ဟု ဆိုကာ ကုလားတစ်ယောက်စီ "ယေးဆလံ" "ဒိုးဆလံ" "တင်းဆလံ" ဟု ဆို၍ ခါး ကလေးကို ကုန်းကုန်းပြီး ဆလံပေးလိုက်မှ ကုလားများလည်း နောက်ယပ်၍ မတောင်း တော့ဘဲ ရယ်မောကာ ထွက်သွားကြလေ၏။

www.burmeseclassic.com



တစ်ယောက်တည်း ရှိသောအခါမှ သိန်းဖေသည် သံသေတ္တာထဲမှ အဝတ်အစားများကိုထုတ်ကာ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" ဟုဆိုရင်း ဘီဒိုထဲသို့ တစ်ထည်စီ သွင်း၍နေစဉ် "ဟော့လူ အခုထက်ထိ ထည့်လို့ သိုလို့ မပြီးသေးဘူးလား" ဟု ဆိုသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ကျော်ဝင်း ဝင်၍လာသည်ကို တွေ့ရလေ၏။

"မပြီးသေးဆို ကုလားတွေနဲ့ အလာပ၊ သလာပ ပြောနေရသေးလို့ဗျ"

"အံမာ. . . ကြီးကျယ်တော်မူလိုက်တာ" ဟု ဆိုပြီးမှ "နို့ ခုတင်က အနိစ္စ၊ ဒုက္ခ ရွတ်နေတာ ဘာများ သံဝေဂရနေလို့လဲ" ဟု မေးလေ၏။

ထိုအခါ သိန်းဖေသည် ကျော်ဝင်းအား တိုက်ရိုက်မဖြေဘဲ အဝတ်တစ်ထည်စီ ဘီဒိုထဲသွင်းရင်း "အနိစ္စ အမြဲမရှိပါတကား။ ဝတ်စားပြောင်ပြောင်၊ ဟန်လုပ်ဆောင်က၊ အပေါင်ဆိုင် နောက်ဆုံးပါတကား။ ထိုသို့ ပေါင်ရခြင်းသည်ကား၊ ဒုက္ခဆင်းရဲ ဘိုင်ကျ တစ်ပြားမှ မရှိခြင်းကြောင့်ပါတကား။ ထို့ကြောင့် ဤပစ္စည်းတို့သည် အနတ္တ ငါ့ဟာ မဟုတ်၊ တရုတ်ကြီးအဖို့ပါတကားဟူ၍။ တွံ့ ကောလိပ်ကျောင်းသားသည် ဂဏှာဟိ မှတ်လေသော့" ဟု သပိတ်သံပါပါနှင့် ဆိုလိုက်သောကြောင့် ကျော်ဝင်းလည်း ပြုံးရယ်ရင်း "သာဓု သာဓု စာဥတို့အမေ၊ ဘာပြုလို့သေ။ ပြောပါနဲ့လေ၊ ရောဂါနဲ့သေ။ ဖေရိုးမ မသာ၊ ဆွေမျိုးမှ မလာ" ဟု ပြန်၍ နောက်ကာ နှစ်ယောက်သား ပြုံးရယ်ကြလေ၏။

သို့နှင့် သိန်းဖေသည် မိမိပစ္စည်းများကို နေရာတကျ သိုထားသိမ်းဆည်းကာ အခန်းကိုလည်း ကောင်းစွာပြင်ဆင်ပြီးနောက် "အမယ်လေး မောလိုက်တာ" ဟု ပြောပြောဆိုဆို ခုတင်ပေါ်တွင် ပစ်လှဲလိုက်ပြီး ကုလားထိုင်ပေါ်တွင် ထိုင်နေသော ကျော်ဝင်းအား "အိုင်ဆေး ကိုကျော်ဝင်း ခင်ဗျား တစ်ခြားအခန်းတွေကို လျှောက်ပြီး ကြည့်ခဲ့သေးသလား" ဟု မေးလေ၏။

"ဘယ်အခန်းမှ မရောက်သေးဘူး၊ ကျွန်တော့်အခန်းက ဒီကို တိုက်ရိုက် လာခဲ့တာပဲ။ ဘာများ မေးချင်လို့တုံး"

"ကိုဘဦးတစ်ယောက် မမြင်သေးလို့ဗျ၊ ဒီလူရောက်မှ ရောက်သေးရဲ့လား မသိဘူး"

"ဟုတ်ပါရဲ့ သူ့ကို လုံးလုံးကြီး မေ့နေတာပဲ၊ ကျွန်တော်တော့ဖြင့် မမြင်သေးဘူး။ သူ ရောက်လို့ရှိရင်တော့ ကျွန်တော်တို့တစ်တွေကို သူ လိုက်ပြီးရှာမှာပဲ"

"ဒါဖြင့် မရောက်သေးလို့နဲ့ တူပါတယ်" ဟု ဆိုပြီး သိန်းဖေသည် ဆက်လက်၍ "ကျောင်းပိတ်တုန်းက ကျွန်တော် သူ့ဆီကို စာတစ်စောင်ပေးလိုက်တယ်ဗျ။ ဘာစာမှ မပြန်တာနဲ့ ကျွန်တော်လည်း နောက်ထပ်မပေးဘူး။ တော်တော်နေလည်း နေနိုင်တဲ့လူ" ဟု ပြောလေ၏။

"သူ့ခမျာလည်း စာမေးပွဲကျတာနဲ့ စိတ်ညစ်နေရှာတယ် ထင်ပါ့ဗျား၊ သနားပါ

www.burmeseclassic.com

www.burmeseclassic.com

တယ်"

"စာမေးပွဲကျတာချင်းအတူတူ၊ သူ့တော့ သနားတယ်၊ ကျွန်တော့်တော့ မသနားဘူးလား"

"သူ့ဖာသာ မာသာတွေက သိပ်ပြီးမချမ်းသာဘူးဗျ၊ အတော်ကြိုးစားပြီး သင်နေရတာ။ ဒီနှစ်မအောင်လို့ရှိရင် ဆက်ပြီးလာမှ လာနိုင်ပါ့မလားလို့ ပြောသွားတာ နားထဲမှာ ကြားနေတယ်"

သိန်းဖေသည် အတန်ကြာ စဉ်းစားနေရာက စိတ်ထဲတွင် အနှောင့်အယှက်တစ်ခု ဝင်ရောက်လာသည်ကို သက်ပြင်းရှူရှိုက်ကာ မှုတ်ထုတ်ဖယ်ရှားပြီးနောက် "လာချင်လည်း လာပါလိမ့်မယ်ဗျာ၊ စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့တော့" ဟု ဆိုပြီး "ကဲ ကျွန်တော်တို့လည်း ဘာမှမစားရသေးဘူး၊ လက်ဖက်ရည်ဆိုင် သွားကြဦးစို့" ဟု ပြောလေ၏။

"ခင်ဗျား ကုလားအဘိုးကြီး အကြွေးတွေ ရှင်းပြီးပြီလား။ သွားရဲမှလည်း လုပ်ပါ"

"အံမာ. . . အိမ်ကလာခါစတော့ ဇောတိက ဖြစ်လာတာပေါ့ဗျ" ဟု ပြောကာအိတ်ကို ပုတ်ပြလျက် ရယ်မောသဖြင့် ကျော်ဝင်းလည်း ပြုံးလျက်လိုက်ပါလာကာ အခန်းတံခါးကို ပိတ်ခဲ့ပြီး လက်ဖက်ရည်ဆိုင်သို့ ထွက်သွားကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၃)

ထိုနေ့သည်ကား တက္ကသိုလ်စာသင်ကျောင်းကြီး ပြန်လည်ဖွင့်လှစ်သောနေ့ဖြစ်ရကား ကျောင်းတော်ကြီး၏ အဆောင်ဆောင်အခန်းခန်း လမ်းအသွယ်သွယ်တို့တွင် သစ်လွင်သော အဝတ်အစားများဖြင့် တန်ဆာဆင်ယင်ထားကြကုန်သော ကျောင်းသားကြီး၊ ကျောင်းသားငယ်၊ ကျောင်းသားပေါက်စ တည်းဟူသော အလုပ်လက်မဲ့လောင်းတို့သည် ပူပင်ခြင်းကင်းစင် ကြည်လင်သော မျက်နှာများဖြင့် ခေါ်ကာပြောကာ နှုတ်ဆက်ကာဖြင့် လူလားပြန်ခေါက် သွားလာနေကြသည်ကို တွေ့ရပေ၏။

ဂျပိုးခပ်ကျကျ ကျောင်းသားတစ်စုတို့သည်ကား အသွားအလာများသော ကော်ရစ်ဒါထောင့်တွင် စု၍ရပ်ကြကာ ယခုနှစ် ရောက်လာသော "ဖရက်ရှာ" ကျောင်းသူသစ်ကလေးများအား အလှပြိုင်ပွဲ ဆုံးဖြတ်သူတို့၏ မျက်စိဖြင့် စိမ့်စိမ့်စားစား အားပါးတရ ကြည့်ရှုလျက် ရှိကြကုန်၏။

တက္ကသိုလ်ကျောင်းတော်ကြီးသို့ ရောက်ခါစ ဖြစ်သူတို့၏ ဓမ္မတာအတိုင်း ကျောင်းသားသစ် ကျောင်းသူသစ်တို့မှာ မသွားတတ် မလာတတ်ဖြစ်အောင် ရှိကြသည်ကိုပင် ရယ်ပွဲဆင်ကြလိုသူတစ်စုတို့သည် ၎င်းတို့အား အမှားမှားအယွင်းယွင်း ရှိကြလေအောင် အမျိုးမျိုးချောက်တွန်းခြင်းဖြင့် ဖရက်ရှာကလေးတို့၏ ဒုက္ခကို အရင်းတည်၍ ကြည့်ရှုင်လျက် ရှိကြပေ၏။

အတန်းလပ်ကျောင်းသားတို့မှာကား မိမိတို့ ပထမနေ့ စာသင်ရမည့် အခန်းထဲတွင် ပါးစပ်ဆိုင်းတီးကာ စာရေးခုံကို တဒုံးဒုံးထုလျက် ခြေဖြင့် တဗြုန်းဗြုန်း စည်းလိုက်ကာ ဟားတိုက်ပျော်ရွှင်နေကြကုန်၏။ ထိုနေ့တွင်ကား ရှုံးသူ အောင်သူ မည်သူမကျန် ပျော်ရွှင်လျက် ရှိကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


မိန်းကလေးတို့၏ စုဝေးရာခန်းမအတွင်း၌မူကား လက်ပံပင်ဆက်ရက်ကျ သလို ပွက်ပွက်ရိုက်မျှ အားရဆူညံစွာ စကားပြောဆိုလျက် ရှိကြလေကုန်၏။

"မသန်းမြင့်တို့တော့ ဒီကနေ့ သိပ်ပျော်မှာပဲနော်၊ တွေ့ရဦးတော့မှာကိုး" ဟု မအေးစိန်က ပြောလိုက်လျှင် မသန်းမြင့်မှာ ရှက်သောမျက်နှာသို့ ပြောင်းသွားရင်း ပြုံးလျက် "သူကတော့ မပျော်တဲ့အတိုင်း" ဟု ခနဲ့လိုက်လေ၏။

"ဟော. . . ကြည့် ကြည့်၊ ဒီကပြောတာတစ်ခြား၊ သူက တွေးချင်ရာ တွေးနေ ပြီး သူများကို အပြစ်တင်တော့မယ်။ မအေးစိန်ပြောတာက ဒီနှစ် မသန်းမြင့် ဖိုင်နယ်ကို ရောက်တဲ့အတွက် အတန်းတက်ပြီး သင်ရလို့ ပျော်မှာပဲလို့ ပြောတာပါ။ ကျွန်မတို့တော့ စာမေးပွဲကျတဲ့လူဆိုတော့ ဘယ်ပျော်နိုင်ပါ့မလဲ"

"မပျော်တဲ့ မျက်နှာလား ပြုံးနေတာ"

"ပြုံးနေတာ ပျော်လို့မဟုတ်ဘူး၊ ရယ်ချင်လို့"

"တော်ပါ မညာစမ်းပါနဲ့၊ ကျွန်မ သိပါတယ်။ ရွှေမျက်မှန်ကိုယ်တော်နဲ့ တွေ့ရ မှာမို့ အူရွှင်နေတာ" ဟု ပြောလိုက်သောကြောင့် မအေးစိန်က "မတွေ့ရ အတော်ကြာ သရှင်၊ ရှေ့က ဂေါ်ရာစာဇင်စိန်စိန်ကို မြင်တယ်ထင်" ဟု အသံသိမ်ကလေးဖြင့် ဆိုလိုက်သည်တွင် မသန်းမြင့်မှာ သဘောကျကာ ရယ်မောမိလေ၏။

ထိုအခိုက်တွင် ကျောင်းသူကလေးတစ်ယောက် အခန်းထဲသို့ ဝင်လာကာ မသန်းမြင့်ကိုမြင်လျှင် အနားသို့ကပ်သွားပြီး "ဟိုမှာ လာကုန်ကြပြီ စုံတွဲ" ဟု ပြော လိုက်ရာ မသန်းမြင့်မှာ စဉ်းစား၍မရသော အမူအရာဖြင့် "ဘယ်သူတွေလဲ" ဟု မေးမိ သည်တွင် မအေးစိန်က "အမယ် သိရက်သားနဲ့ မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့" ဟု ပြောင်လှောင်ကာ မသန်းမြင့်ကို အပြင်သို့ ဆွဲခေါ်သွားလေ၏။ အပြင်သို့ ရောက်ကြ သောအခါတွင် ကြည်လင်ရွှင်ပျသော မျက်နှာများဖြင့် ကျောင်းတက်၍လာကြသော ကျော်ဝင်းနှင့် သိန်းဖေတို့ကို မြင်ကြလေရာ နှစ်ဦးစလုံး၏ နှလုံးသားမှာ ပျားရည်ဖြင့် နှယ်ထားသကဲ့သို့ ချိုပြုံး၍သွားကြလေ၏။

ကျော်ဝင်းနှင့် သိန်းဖေတို့သည် မသန်းမြင့်နှင့် မအေးစိန်တို့၏ မျက်နှာကို မြင်လိုက်ကြရသောအခါ ကမ္ဘာဦးသူတို့ နေလကို မြင်ရသကဲ့သို့ ဝမ်းသာရွှင်လန်းဖြစ် ကာ ခြေလှမ်းသွက်၍လာကြလေ၏။

ကျော်ဝင်းမှာ သိန်းဖေထက် ခြေလှမ်းသွက်ပြီး အရင်ဦးစွာ ၎င်းတို့အနီးသို့ ရောက်သွားကာ မသန်းမြင့်အား ဝမ်းသာချီးကျူးစကားဖြင့် လက်ဆွဲနှုတ်ဆက်ရန် "ကွန်ဂရက်ကျူလေးရှင်း" ဟုဆိုကာ လက်ဆန့်၍အပေးတွင် သိန်းဖေသည် မအေးစိန် ကိုတွေ့၍ ဝမ်းသာအားရသော အမူအရာဖြင့် ၎င်းတို့နှစ်ဦးကြားထဲက ဖြတ်ပြေးသွားရာ ကျော်ဝင်းမှာ လက်ရှက်၍သွားလေ၏။

သိန်းဖေ ရှုပ်နောက်၍သွားသည့်အတွက် မသန်းမြင့်နှင့် ကျော်ဝင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း ရယ်မောနေကြစဉ်၊ သိန်းဖေက မအေးစိန်အား. . .

"သူတို့က စာမေးပွဲအောင်တဲ့လူချင်း နှုတ်ဆက်ရင်၊ ကိုယ်တို့လည်း ရှုံးတဲ့လူချင်း နှုတ်ဆက်ရအောင်" ဟု ဆိုကာ လက်တစ်ဖက်ဆန့်တန်းပေးရာ. . .

မအေးစိန်က "အမယ်. . . မလုပ်ပါနဲ့၊ ကျောင်းက စာရေးဆရာပေါက်စတွေက သိပ်ကဲတာ။ မတော်လို့ မြင်သွားမှဖြင့် သတင်းစာထဲမှာ လက်ဆွဲသဘင်ပွဲကြီးလို့ ရေးရင် ခက်ကုန်ကြပါဦးမယ်" ဟု ဆိုသောကြောင့် သိန်းဖေသည် ရယ်မောရာက ဆန့်ထားသောလက်ကို အရှက်ပြေ ကိုယ့်ဟာကိုယ် နှုတ်ဆက်လက်ဆွဲကာ လှုပ်လိုက်သဖြင့် ပြုံးရယ်မိကြလေ၏။

"ကိုသိန်းဖေ နည်းနည်းပိန်သွားတယ်" ဟု မအေးစိန်ကပြောရာ သိန်းဖေက နောက်ပြောင်လိုသောသဘောဖြင့် "ဟုတ်တယ် နားရွက်ကလေးတောင် နည်းနည်းငယ်သွားတယ်" ဟု ပြောသည်ကို မသန်းမြင့်မှာ နောက်မှန်းမသိရှာဘဲ၊ သိန်းဖေ၏နားရွက်ကို သေသေချာချာကြည့်ပြီး "မငယ်ပါဘူး၊ အရင်တုန်းကလိုပါပဲ" ဟု ပြောလိုက်မိသဖြင့် အားလုံးပင် တအုံးအုံး ဖြစ်သွားကြလေ၏။

ထို့နောက်မှ မသန်းမြင့်က "သူ့ခမျာ လွမ်းဖျားလွမ်းနာကျ၊ စာမေးပွဲလည်း ရှုံးလို့ စိတ်မကောင်းဘူး ထင်ပါရဲ့" ဟု ပြောသည်ကို ကျော်ဝင်းက တစ်စုံတစ်ရာပြောမည်အပြုတွင် သိန်းဖေက အရင်ဦး၍ "ဘာလဲဗျ စိတ်မကောင်းဘူးဆိုလို့ စိတ္တဇဆေးရုံသွားခိုင်းမလို့လား" ဟု ဆိုလိုက်သဖြင့် ကျော်ဝင်းမှာ အကြိုက်တွေ့ပြီး ရယ်မောမိလေ၏။

ထိုသို့လျှင် ထွေရာလေးပါး ပြောဆိုနေပြီးမှ သိန်းဖေသည် ကျောင်းမတက်မီ အတန်းထဲတွင် နောက်ပြောင်လိုသေးသောကြောင့် "အချိန်နီးနေပြီ ထင်တယ်၊ တိုင်းတေဘယ်လ် ကူးရဦးမယ်" ဟု ဆို၍ ထသွားလေသဖြင့် ကျော်ဝင်းတို့သာ ကျန်ရစ်ခဲ့လေ၏။

မကြာမီ သိန်းဖေမှာ မက်သစ်မက်တစ်သင်္ချာပညာသင်သော အခန်းထဲ၌ ဒုတိယတန်း လုံ၍နေသည်ကို တွေ့ရလေ၏။ သိန်းဖေမှာ ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး နေမည့်သူတစ်ဦး ဖြစ်သဖြင့် အသိမိတ်ဆွေ အပေါဆုံး ဖြစ်သည့်အလျောက်၊ တစ်တန်းလုံးက ခင်မင်ရင်းနှီးကာ အားလုံးကပင် မိမိတို့ ခုံတန်းလျား၌ ထိုင်ကြစေလိုသော်လည်း ဒုတိယတန်းတွင် သိန်းဖေ ဝင်ရောက်လာသည်ကို တမင်နောက်လိုကြ၍ ၎င်းအား ဝိုင်းဝန်း၍ တွန်းထိုးဆွဲထုတ်ကြလေ၏။

သိန်းဖေသည် တစ်ယောက်နှင့် အများဖြစ်နေ၍ အရှုံးပေးလိုက်ပြီးနောက် တစ်စုံတစ်ခုသော အကြံဖြင့် လက်ချာပေးသော စင်မြင့်ပေါ်သို့ တက်သွားလေရာ အခန်းတွင်းရှိ ကျောင်းသားအားလုံးက တပြုံးပြုံး ဩဘာပေးကြကာ နောက်ဆုံးတန်း

www.burmeseclassic.com

www.burmeseclassic.com



ဆီမှ ကျောင်းသားတစ်ယောက်က "ပရော်ဖက်ဆာ ပါတောကွ" ဟု အော်လိုက်သဖြင့် ဝေါခနဲ တစ်ခန်းလုံး ပွက်သွားလေ၏။

သိန်းဖေသည် မိမိကဲ့သို့ မျက်မှန်ဝိုင်းကြီးနှင့် ရယ်မောစရာပြောတတ်သော လက်ချာဆရာတစ်ဦး၏ အမူအရာကို လုပ်ပြလိုက်ရာ ကျောင်းသားများသည် အကြည်ဆိုက်နေကြစဉ် သိန်းဖေ လက်ချာပေးရန် ဟန်အပြင်တွင် ကျောင်းသားတစ်ယောက်က "ကိုသိန်းဖေ လက်ချာပေးပါလိမ့်မယ်" ဟု ထ၍နောက်လိုက်လေ၏။ သိန်းဖေသည် လည်စည်းဖဲကြိုးကို လျှော့သည့်ဟန်ဖြင့် လည်ပင်းကိုကိုင်ကာ ခေါင်းကို လှုပ်လိုက်ပြီး ကျောင်းသားများဘက်သို့လှည့်၍. . .

ထိုအခိုက်တွင် ကျောင်းသားတစ်ယောက်က "ပလင်ပေါ် ခွေးတက်တယ်ဟေ့" ဟု အော်လိုက်သဖြင့် သိန်းဖေသည် အားကျမခံ အူ၍ပြလိုက်ရာ ရယ်သံများပွက်၍ ထွက်လာလေ၏။

"အဟမ်း. . . ယခု လက်ချာပေးမဲ့အကြောင်းကတော့ ဒုဋ္ဌာကုန်နေလို့ပါပဲ။ ကျွန်တော် ပြောလိုတဲ့ စကားများကို အားလုံးကျောင်းသားများ ဖဝါးနဲ့မနာ နားနဲ့နာကြပါ" ဟု ဆိုပြီး ဗိုလ်သံပါပါနှင့် မဂ်လသုတ်ကို တောက်လျှောက်ရွတ်၍သွားရာ ရယ်သံတွေ ဆူညံနေတော့မှ ရပ်လိုက်ရလေ၏။

"ကျွန်တော် တစ်ခုအစီရင်ခံလိုတာက ဒုတိယခုံလုတဲ့ ကျောင်းသားတစ်စုတို့ဟာ မိမိတို့ရှေ့မှာရှိကြတဲ့ နှမတော် ကွဲကွဲတို့ကို သူတို့ သဒ္ဓါတတ်အားသမျှ ပိုးပန်းနိုင်ကြစေလိုတဲ့ အကြောင်းပါပဲ။ သူတို့တစ်တွေ နောက်ပိုးကြတာကို တစ်ခြားခုံက မိတ်ဆွေများက မနာလိုဖို့ မရှိပါဘူး။ ဘာပြုလို့လဲဆိုတော့ နောက်ပိုးတာဟာ မရလို့ပိုးတာ။ ရရင်ပိုးစရာ မလိုပါဘူး။ ဒုတိယခုံမှာ နောက်ပိုးချည့်ပဲ" ဟု ပြောလိုက်သည်တွင်-

"ဟီယား ဟီယား" ဟူသော တစ်ခဲနက်သော ဩဘာသံကြီးသည် အခြားခုံများမှ ထွက်ပေါ်လာလေ၏။ ဒုတိယခုံတန်းမှာမူ မချိသွားဖြဲ ရှိကြလေ၏။

ငြိမ်၍သွားကြသောအခါ သိန်းဖေသည် "ဤဘဒ္ဒကမ္ဘာကြီးမှာ နောက်ပိုးနှစ်မျိုး ရှိပါတယ်" ဟု ဆိုပြီး မြေဖြူတစ်ချောင်းကိုကိုင်၍ သင်ပုန်းကြီးပေါ်တွင် တစ် နောက်ပိုး၊ နှစ် ကြိတ်ပိုး ဟူ၍ ရေးပြလေ၏။

"တစ်-နောက်ပိုးဆိုတာဟာ ဒုတိယခုံတန်းကနေပြီး နောက်လိုက်ပြောင်လိုက်နဲ့ ပိုးကြတာကို နောက်ပိုးလို့ ခေါ်ပါတယ်။ (ဩဘာသံ)၊ နှစ်-ကြိတ်ပိုးဆိုတာ မန္တလေးလုံချည်ပါပဲ၊ (ဆူညံသောရယ်သံများ) တစ်နည်းအားဖြင့် ကြိတ်ပိုးဆိုတာ သူမသိ ငါပိုး၊ မပြောရဲ မကပ်ရဲ သူရဲဘောနည်းတဲ့လူတွေပါ။ ဒီလူတွေဟာ ဒုတိယခုံနား မကပ်ရဲတဲ့လူတွေ" ဟု ဆိုလိုက်သဖြင့် ငြိမ်နေခဲ့သော ဒုတိယခုံတစ်ခုလုံးမှာ ဖြုံးဖြုံးဒိုင်းဒိုင်း ဆူညံစွာ ဩဘာပေးကြလေ၏။

"နောက်ပိုးဆိုတာကနေပြီး နှစ်မျိုးခွဲထွက်လာပါသေးတယ်။ တစ်ခုသာ မိုးမိုး

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုး တစ်ခုက နိုးပေါက်၊ အဲဒီနိုးပေါက်ရဲ့ အဓိပ္ပာယ်ကတော့ ကောင်မလေးက မကြိုက်လို့ နိုးလို့ ငြင်းနေလျက်သားနဲ့ ဇွတ်နှစ်ပြီး ပိုးလေတော့ ခုံဖိနပ်အချခံပြီး နဖူးပေါက်သွားတဲ့သူကို နိုးပေါက်လို့ခေါ်တယ်"

ရယ်မောကြပြီးသည့်အဆုံး၌ သိန်းဖေသည် မိမိအား တွန်းပစ်သော ဒုတိယ ခုံတန်းရှိကျောင်းသားတစ်ယောက်အား လက်ညှိုးညွှန်လျက် "ဟောဒီလူဟာ တော်တော့ကို ပါရမီရင့်နေပြီ။ သိပ်နောက်ပိုးတာ သူ့နှမတွေတောင် သနပ်ခါး မလိမ်းရဲဘူး" ဟု ဆိုလိုက်သဖြင့် တစ်ခန်းလုံး ပွက်လောကြမ်း၍သွားလေ၏။

သို့နှင့် သိန်းဖေနှင့်တကွသော ကျောင်းသားအားလုံးတို့မှာ ရယ်မောဟားတိုက်ကာ ဆူညံပျော်မြူးနေကြသဖြင့် ခေါင်းလောင်းထိုး၍မှ ထိုးမှန်းမသိဘဲ ရှိကြရာ ကျောင်းသူတစ်စုတို့မှာ အခန်းတွင်းသို့ မဝင်ရဲသေးဘဲ အပြင်တွင်စု၍ နေကြရလေ၏။

သိန်းဖေလည်း ဆက်လက်၍ "နောက်ပိုးကြီး၊ နောက်ပိုးငယ်၊ နောက်ပိုးရွှယ်၊ နောက်ပိုးလတ်၊ နောက်ပိုးပြဿဒ်၊ နောက်ပိုးပိစိညှပ်" ဟု ဆိုရင်း အခန်းတံခါးဝကို ကြည့်မိကာ ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူးလျက် ကြက်သေ,သေ၍ နေလေတော့၏။

အခြားကျောင်းသားများသည် အခန်းဝသို့ လှည့်ကြည့်လိုက်ကြရာ ဆရာဝင်လာသည်ကို တွေ့ရပြီး ခွေးအ,ကြီး လှည်းနင်းထားသည့် မျက်နှာမျိုးဖြစ်နေသော သိန်းဖေကို တစ်ဖန်ကြည့်ကာ ရယ်မောကြလေ၏။

ဆရာလည်း ပြုံးရယ်၍ ဝင်လာကာ သိန်းဖေကိုကြည့်၍ "မစ္စတာထင်စီမှတ်တယ်" ဟု ပြောလိုက်သဖြင့် ကျောင်းသားများ ပွဲကျ၍သွားရာ သိန်းဖေလည်း ရောနှော၍ရယ်ကာ "မဟုတ်ပါဘူး၊ ကျွန်တော် ပရော်ဖက်ဆာ ပါတော" ဟု မြန်မာလို ပြောသည်ကို ဆရာမှာ နားမလည်သဖြင့် "ဟင် ဟင်" နှင့် မေးနေစဉ် သိန်းဖေလည်း ဆက်ပြောလေရာ ကျောင်းသားများမှာ ရယ်မော၍မဆုံးနိုင် ရှိလေ၏။

မိန်းကလေးများသည် ပြုံး၍ဝင်လာကြလေရာ အခန်းထဲတွင် ဆူညံနေသဖြင့် "ရှိုး ရှိုး" ဟူသော လျှာဖျားသံဖြင့်လည်းကောင်း၊ တရှဲရှဲ ဖိနပ်နှင့် ကြမ်းပြင်တိုက်သံများဖြင့်လည်းကောင်း တိတ်ဆိတ်စွာနေရန် အထိမ်းအမှတ်ပေးကြလေ၏။

သိန်းဖေသည် ခုံတန်းနှစ်ဖက်ကြားရှိ လမ်းထဲဝင်လာကာ နေရာရှာလေရာ ဟိုခုံက တွန်းပစ်၊ သည်ခုံက ဖယ်ပစ်နှင့် တစ်ယောက်တည်း အေးအေးချမ်းချမ်းနေရင်း လက်ချာပေးနေသည့် အချိန်တစ်ချိန်လုံး ငိုက်၍နေလေ၏။

သို့နှင့် လေးဆယ့်ငါးမိနစ် ကုန်ဆုံးသွားသောအခါ သိန်းဖေမှာ အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် ကျောင်းသားများ ရယ်မောကြသည်ကို ဆရာလည်း မယုံသင်္ကာ၍ကြည့်ရာ သိန်းဖေကို တွေ့ရသောကြောင့် ပြုံးရယ်လျက် အနားသို့သွားရောက်၍ နှိုးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေကလေး ကျွန်ုပ်ပေးတဲ့ လက်ချာကို ကလေးချော့သဖြန်မှတ်ပြီး အိပ်ပျော်သွားတယ်ထင်တယ်" ဟု ဆိုလိုက်သဖြင့် သိန်းဖေလည်း ပြုံးပြုံးကြီးရယ်ကာ "စောစောက လက်ချာပေးတာ မောသွားတယ်" ဟု ပြောပြောဆိုဆို စာအုပ်များကိုကိုင်၍ ချိုင်းကြားညှပ်ကာ ဆရာနှင့်အတူ ရယ်မော၍ ထွက်လေ၏။ အပြင်သို့ ရောက်တော့မှ ဆရာ့နောက်မှ ချန်၍နေရစ်ခဲ့ပြီး နောက်ဖက်သို့လှည့်ကာ သုတ်ခြေတင်၍ ပြေးရလေတော့၏။

ထိုသို့ သုတ်ခြေနှင်ပြီး ထွက်လာရာ ကော်ရစ်ဒါထောင့်ချိုးတစ်ခုမှ ထွက်လာသော ကျောင်းသူတစ်ဦးနှင့် လူချင်းတိုက်မိတော့မည်ကဲ့သို့ သီသီကလေး လိုတော့ရာ ထိုကျောင်းသူမှာ လန့်ဖျပ်ပြီး စာအုပ်များ လွတ်ကျသွားလေ၏။

သိန်းဖေမှာ ရှက်ကြောက်အားနာဖြစ်ကာ မျက်နှာကို မကြည့်ဘဲ စာအုပ်များကို ကောက်ယူ၍ အပေးတွင် "သင့်ကျူ" ဟု ပြောလိုက်သည်ကို ကြားရသဖြင့် မော်၍ ကြည့်လိုက်ရာ မိမိဖြစ်နေသည်ကို တွေ့ရပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရယ်မောမိကြလေ၏။

"ဟား ဟား. . . တမင်လိုက်ရှာရင် တွေ့မှာမဟုတ်သေးဘူး။ တွေ့ချင်တော့လည်း ဟဲ ဟဲ" ဟု ရယ်မောရင်း မိမိက "ဒါနဲ့ ကိုသိန်းဖေ ဘယ်နေ့က ရောက်သလဲ" ဟု မေးလေ၏။

"မနေ့ကရောက်တယ်။ ကိုကျော်ဝင်းလည်း အတူတူပဲ" ဟု ပြောပြီး မိမိ၏ မျက်နှာကို ကြည့်လိုက်ရာ တစ်စုံတစ်ရာကို မေးလိုသည်ကို ရိပ်မိသဖြင့်. . .

"ကိုဘဦး မေးမလို့ မဟုတ်လား" ဟု ဆိုလေ၏။

"အသိသားနဲ့" ဟု ပြုံး၍ပြောပြီး "ဟုတ်ပါရဲ့ ကိုဘဦးတစ်ယောက်လည်း ခုထက်ထိ မတွေ့ရသေးဘူး"

"ဟုတ်တယ်၊ ကနေ့ထက်ထိ ဘာမှ မသိရသေးဘူး။ ဟောလ်ကိုလည်း မရောက်သေးဘူး။ တစ်ခြားဟောလ်ကို ပြောင်းရလို့ရှိရင်လည်း ကနေ့ကျောင်းတက်တာ တွေ့ရမှာပဲ။ အရှင်းကိုပဲ ကျောင်းကို မရောက်သေးဘူးထင်တယ်။ ရောက်ရင် ကျွန်တော့်ဆီ အရင်လာမှာပဲ" ဟု ပြောပြပြီးလျှင် "စာများကော မရဘူးလား" ဟု မေးလေ၏။

"ကျောင်းပိတ်ခါစတုန်းကတော့ ရတယ်။ စာမေးပွဲအောင်စာရင်းတွေလည်း ထွက်ရော သူ့ဆီက စာတစ်ခါတည်း ပြတ်သွားလိုက်တာ အခုထက်ထိပဲ"

"ရှုံးလို့ ရှက်နေဟန် တူပါရဲ့"

"ရှက်တာထက် ထွက်သွားမှာ စိုးရတယ်"

"ဒါဖြင့်ရင် အက်စ်ကိုသွားပြီး မေးရအောင်" ဟု ဆိုကာ ကျောင်းသူကြီး၏

www.burmeseclassic.com

www.burmeseclassic.com


အလုပ်ရုံဘက်သို့ သွားကြ၍ အထွေထွေမှတ်ပုံတင်စာရင်းကိုင်သော စာရေးထံသွား၍ မေးကြလေ၏။

စာရေးလုပ်သူကလည်း စာရင်းများကို ရှာဖွေကြည့်ရှုပြီးနောက် "ကိုဘဦးတွေ သုံးလေးယောက်ထဲမှာ ခင်ဗျားတို့ ကိုဘဦးနာမည်ကို ရှာမရဘူး။ ကျောင်းပြန်ဝင်တဲ့ အက်ပလီကေးရှင်းတောင် မတင်ဘူး" ဟု ပြောလိုက်သဖြင့် ဘဦး ကျောင်းသို့မလာ တော့ပြီကို သိရကာ နှစ်ဦးစလုံး ဝမ်းနည်းညှိုးငယ်၍သွားလေ၏။

သိန်းဖေမှာ ချစ်ခင်သူ သူငယ်ချင်းတစ်ယောက် လျော့၍သွားသည်ကို သိရ သဖြင့် သုံးယောက်ပေါင်း လောင်းမကျော်နိုင်တော့၍ ဝမ်းနည်းခြင်း ဖြစ်ရလျက် မိမိမှာ မူ ချစ်သူနှင့် ကွေကွင်းရသော ဆင်းရဲပူပင်ခြင်းကို ဖြစ်ရပေတော့၏။

ထိုသို့လျှင် နှစ်ဦးစလုံး၏မျက်နှာ၌ ဝမ်းနည်းသည့် အရိပ်အယောင်သန်းကာ ထိုနေရာမှလျှောက်၍ လာခဲ့ကြပြီးနောက် မိမိသည် တစ်ယောက်တည်းကြိတ်၍ ဆွေး ချင်လေရှာ့သလားမသိ၊ မိန်းကလေးခန်းသို့ ပြန်သွားသဖြင့် သိန်းဖေမှာ မိမိကြားသိ ရသော သတင်းကို ဈေးဦးဖောက်ရန် ကျော်ဝင်းကို လိုက်လံရှာဖွေလေ၏။

သိန်းဖေသည် ကျော်ဝင်းအား တစ်ကျောင်းလုံးနှံ့အောင်လိုက်၍ ရှာသော် လည်း မတွေ့ရ။ မိမိအားလပ်ချိန်တွင် ကျော်ဝင်း ကျောင်းတက်နေရ၍ ကျော်ဝင်း အားလပ်ချိန်တွင် မိမိကျောင်းတက်နေရသည် ဖြစ်သောကြောင့် နေ့လည်လက်ဖက် ရည်သောက်ချိန်ကျမှ ဗဟိုထမင်းစားရုံတွင် တွေ့ရလေ၏။

ထိုသို့တွေ့ရှိပြီး အကျိုးအကြောင်း ပြောပြလိုက်သောအခါ ကျော်ဝင်းမှာ ရုတ်တရက် မယုံကြည်နိုင်အောင်ရှိကာ "ဟုတ်မှလည်း ညာစမ်းပါ။ ခင်ဗျားစကားတော့ တော်ရုံနဲ့များ မယုံချင်ဘူး" ဟု ဆိုရာ. . .

"တကယ့်ကို ပြောတာပါ။ မိုးကြိုးပစ်၊ ဘုရားစူး၊ ကျားကိုက်၊ မြွေဆိုးမြွေ ဟောက် ပေါက်၊ သွားလေရာ အိမ်ထောင်ကျရစေရဲ့"

"မအေးစိန်ကြီးနဲ့ကွဲ"

"ညားရစေရဲ့၊ ဘာလို့ကွဲရမှာလဲ" ဟု ပြုံးပြုံးကြီး ပြောပြီးမှ "တကယ်ပြောတာ ပါ။ ဒီအကြောင်းကို မိမိလည်း ကြားရော သူ့ခမျာ မျက်နှာကလေးငယ်သွားလိုက်တာ ငိုရှက်လောက် ရှိတော့တယ်၊ ကျွန်တော်တောင် အများကြီး သနားသွားတယ်" ဟု ပြောမှ ကျော်ဝင်းလည်း တကယ်ဖြစ်သည်ကို ယုံကြည်သိရှိကာ ချစ်လှစွာသော မိတ်ဆွေတစ်ယောက်အတွက် ဝမ်းနည်းပက်လက် ဖြစ်မိလေ၏။ ကျော်ဝင်းလည်း အတန်ကြာ တွေဝေ၍နေပြီးမှ "ဒါဖြင့် ဒီနှစ်အဖို့ ကောလိပ်ဆယ့်တစ်ယောက်၊ ကပ္ပတိန် အသစ် ရွေးရဦးမှာပေါ့" ဟု ဆိုလေ၏။

"သူ မရှိရင် ခင်ဗျား မဖြစ်နိုင်ဘူးလား"

"ဖြစ်ဖို့ ချန့်စ်တော့ ရှိတာပဲ။ နို့ပေတဲ့ ခင်မောင်လေးတစ်ယောက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ ကြိုက်တဲ့လူ ရွေးမှာပဲ" ဟု ပြောကာ ထွက်လာခဲ့ကြပြီးနောက် ကျောင်းသို့ ပြန်၍ရောက်သည်တွင် ကျော်ဝင်းသည် တစ်စုံတစ်ရာကို သတိရသည့် အမူအရာဖြင့် "ကျွန်တော် ဆရာဘသန်းဆီ သွားဦးမယ်။ ကိုဘဦး ဒီနှစ်မလာတော့ဘူးဆိုတာ သွားပြီး ပြောလိုက်ဦးမယ်" ဟု ဆို၍ လှူချင်းခွဲသွားကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

တစိမ့်စိမ့် တဖွဲဖွဲ ရွာသွန်းလျက်ရှိသော မိုးသည်ကား ကျောင်းသူကျောင်းသားတို့၏ စိတ်အလိုကိုလိုက်၍ လွမ်းဆွတ်ခြင်း၊ ပျော်ရွှင်ခြင်းကို ဖြစ်စေလေတော့၏။

အလွမ်းမင်းသား တယောသမားတို့သည်ကား ကျောင်းဝင်းကြီးအတွင်း၌ စိမ်း လန်းစိုပြေစွာ ပေါက်ရောက်အပ်ကုန်သော သစ်ပင်မြက်ခင်းတို့အပေါ်တွင် တစိမ့်စိမ့်ကျရောက် သွန်းလောင်းနေသော မိုးပေါက်များကို ကြည့်ရှုရင်း သံညှင်းသံနွဲ့ဖြင့် အလွမ်းဖွဲ့နေကြလေ၏။

"မရွာဘဲ မမဲလိုက်ပါနဲ့ ရွှေမိုးညိုရယ်" ဟု အခန်းတစ်ခန်းမှ ဟစ်အော်၍ လွမ်းလိုက်ရာတွင် အခန်းချင်းကပ်နေသည့်အထဲမှ ကျောင်းသားများက "ဟေ" ဟူသော အသံဖြင့် အားပေးကာ တစ်ယောက်စီ ဝင်ရောက်လာကြလေ၏။

"မောင်တို့ဆီ ရွာမလိုလိုနဲ့၊ ကိုကိုတို့ဆီ ရွာမလိုလိုနဲ့၊ ရွှေမိုးညိုတောင်ကို ယိမ်းတယ် ဟယ်အယ်၊ စိမ်းအိမ် ဟိမ့် အိမ် စိမ်းမယ်ပုံလို့"

"လယ့်တယ်ဗျောင့်နောင်"

"လွမ်းတယ်မောင်မင်းရို့"

"မှန်လှပါ၊ လွမ်းလည်း လွမ်းစရာပေပဲ ကိုယ်တော်လေး။ မိုးကလေးကလည်း တစိမ့်စိမ့်၊ လေကလေးကလည်း တသိမ့်သိမ့်၊ ရိုးတွင်းချင်ဆီထဲကလှိမ့်ပြီး၊ ဟီးဟီး ကိုက်တယ်ဗျ၊ ကိုက်တယ်" ဟူ၍ တစ်ယောက်တစ်ခွန်းစီ ကြဲနေကြစဉ်၊ ကျော်ဝင်းဝတ်ဆင်သော ဘောကန် ဘိနပ်ယူနီဖောင်းအစုံအလင် ဝတ်ဆင်ကာ တင်းနစ်ဘောလုံးကလေးကို ၆ဘောလုံးကြီး သဏ္ဍာန်ပိုက်လျက် ဝင်လာသော သိန်းဖေကို တွေ့ရလေ၏။

"ဟော့. . . ဘယ်သူ ပါကြမလဲဟေ့၊ ယူနီဗာစီတီ ပထမတန်းဆယ့်တစ်ယောက်

www.burmeseclassic.com

သင်းဖွဲ့မယ်၊ ဓမ္မာရုံဆောက်ဖို့ အလှူပွဲအတွက် အခုက ကျင့်ရမယ်၊ မျက်မမြင် ဆယ့်တစ်ယောက် အသင်းနဲ့ ကန်ဖို့ ချိန်းပြီးပြီ"

"လာဟေ့. . . ကန်ကြမယ်" ဟု ဆိုကာ တစ်ယောက်က ထလိုက်သဖြင့် အခြားသူများ ထ၍လိုက်ပါလာကြလေရာ အလွမ်းပွဲ တီးဝိုင်းပျက်၍သွားလေ၏။

ထိုသူတစ်စုတို့သည် သိန်းဖေခေါင်းဆောင်လျက် မြောက်ဘက်မြက်ခင်းထဲသို့ ဆင်းသွားကြကာ မိုးရေထဲတွင် ပျော်ရွှင်နေကြလေ၏။ သိန်းဖေတစ်ယောက်တည်းသာ ဘောကန်ဖိနပ်ကို စီးထားသဖြင့် အခြားကျောင်းသားတို့မှာ ခြေအသားလွတ်ပေါ်တွင် အနင်းခံရမည်စိုး၍ အနားသို့ မကပ်ဘဲ ရှိကြသဖြင့် သိန်းဖေသည် အနားသို့ကပ်၍ လုစေရန် "လယ်ဒီ. . . လယ်ဒီ" လုပ်နေရာ-

"ဟေ့ လယ်တီသော မိုးညှင်းသော နားမလည်ဘူး၊ ကန်သာကန်" ဟု တစ်ယောက်က ပြောလိုက်မှ မနောက်တော့ဘဲ ကန်၍ပို့လိုက်လေ၏။

အခြားကျောင်းသားများလည်း ဘောလုံးရသည်နှင့် တစ်ပြိုင်နက် လုကြ ယက်ကြ မိုးရေထဲ လဲကြနှင့် တပျော်တပါးကြီး ရှိကြကာ ဟစ်အော်ပြောဆိုသော အသံများမှာလည်း စီစီညံညံ ရှိနေပေတော့၏။ ထိုသို့သော အသံများ၏ ဆွဲငင်ခြင်းဖြင့် ကျောင်းပေါ်တွင် ဝရံတာမှ ထွက်ကြည့်ကြသူတို့လည်း အတော်များလှပေ၏။ ထိုသို့ ကြည့်ရင်းက တစ်ချို့ တစ်ချို့ ကစားနေသူများအား လှမ်း၍နောက်လိုက်ကြပြန်သေး၏။

သိန်းဖေမှာ ဘောလုံးလူပျက် ဖြစ်နေလေတော့၏။ ၎င်း၏ခြေထောက်က ဘောလုံး ထွက်သွားကတည်းက ကောင်းစွာကန်ရသည်မရှိ ဘောလုံးရ၍ ကန်မည်ကြံလျှင် နောက်က ဆွဲသူကဆွဲ၊ ရှေ့က ဖြတ်ယူသူကယူနှင့် လုပ်နေကြသဖြင့် သိန်းဖေမှာ သူများနောက်က တကောက်ကောက်ပြေး၍ လိုက်နေရသည်ကိုကြည့်ပြီး ကျောင်းပေါ်က ကျောင်းသားများက "ခွေးရှူးဟေ့ ခွေးရှူး ရှူးရှူး" ဟု နောက်ပြောင်ရှူးတိုက်ပေးကြလေ၏။

"ကိုသိန်းဖေကလေး ကလေးပါဗျို့၊ ခေါင်းကို မခေါက်လိုက်ကြပါနဲ့၊ အိပ်ရာထဲ သေးပါတတ်လို့" ဟု ကျောင်းပေါ်က နောက်လိုက်သည်ကို သိန်းဖေ လှည့်အကြည့်တွင် ကျောင်းသားတစ်ယောက် ကန်လိုက်သော ဘောလုံးသည် သိန်းဖေ၏ဗိုက်ကိုထိသဖြင့် သိန်းဖေမှာ မျက်နှာရှုံ့ကာ ဗိုက်ကိုလက်နှစ်ဘက်နှင့် ဖိနှိပ်ရင်း ထိုင်၍ချလိုက်သည်ကို တွေ့ရ၍ ပွဲကျနေကြလေ၏။

ထိုအခိုက်တွင် မိမိအနီးသို့ ဘောလုံးရောက်၍လာသဖြင့် ကမန်းကတန်း ထကာ ခြေနှင့်သယ်ယူပြေးလေရာ ကျောင်းသားတစ်ယောက်က အတင်းဝင်၍လုပြီး ကိုယ်နှင့်ပစ်တိုက်လိုက်သဖြင့် ဖင်ထိုင်ရက်လဲကျသွားသောကြောင့် မျက်မှန်လွင့်စဉ်၍ သွားကာ မနည်းရှာယူရလေ၏။

သိန်းဖေ ထလာသောအခါ ကျောတစ်ခြမ်းလုံး ရွှံ့ပေ၍ မဲနေသည်ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ရယ်မောကြရင်း သိန်းဖေကို နောက်ပြောင်နေကြလေရာ သိန်းဖေသည် ၎င်းတို့အား မျက်စောင်းတခဲခဲနှင့် ကလဲ့စားချေရန် စိတ်ကူးမိလေ၏။ သို့နှင့် သိန်းဖေ၏ ခြေထဲသို့ ဘောလုံး အဆင်သင့်ရောက်၍လာသဖြင့် သိန်းဖေသည် ကျောင်းပေါ်မှ နောက်ပြောင်နေသူတို့ဖက်သို့ လှည့်၍ချိန်ကာ တအားကုန်ပိတ်၍ ကြုံးလိုက်လေ၏။ ဘောလုံးသည် ထိုသူတို့၏ မျက်နှာဆီသို့ တန်း၍လာလေရာ အားလုံး ခေါင်းငုံ့၍ ထိုင်လိုက်ကြသဖြင့် မည်သူမျှ မထိဘဲ ၎င်းတို့ ခေါင်းပေါ်ကကျော်၍ မှန်ပြတင်းတစ်ချပ်ကို ထိမှန်သွားသဖြင့် ဆူညံသော အသံဖြင့် မှန်ကွဲ၍သွားသည်ကို တွေ့ရသောကြောင့် အားရဝမ်းသာ ရယ်မောကြလေ၏။

မှန်ကွဲသွားသဖြင့် ဆရာ ဆူတော့မည်ကို စိုးရိမ်မိကာ ကစားနေသူအားလုံးတို့သည် ရယ်ရယ်မောမောနှင့် တစ်ယောက်တစ်ကွဲစီ ထွက်ပြေးကြလေ၏။ သို့ရာတွင် သိန်းဖေမှာ ကြောင်စီစီဖြစ်လျက် ကျန်ရစ်လေ၏။ ဘောပွဲကြည့်သူ ပရိသတ်ထဲမှ မှန်ကွဲခံရသော အခန်းရှင်ကျောင်းသားသည် ဒေါပွ၍နေကာ "ဟေ့လူ မျက်စိလေးလုံးနဲ့တောင် မမြင်ဘူးလား၊ ခင်ဗျား ကျုပ် မှန်ကွဲသွားပြီ၊ လျော်ပေးပေတော့၊ ခင်ဗျား အသစ်လဲပေး၊ ကျုပ်ကောရှင်းမန်းနီးထဲကတော့ အလျှော့မခံနိုင်ဘူး" ဟု ဆိုလေရာ

"မလျော်နိုင်ဘူး ဆရာ၊ ကိုယ်တစ်ယောက်တည်းမှ မဟုတ်ဘဲ" ဟု ပြောသဖြင့် ကျောင်းသားတစ်ယောက်က "ဒါဖြင့်ရင် အကုန်လုံး စုခံကြပါလား" ဟု ဆိုသည်တွင် ဘောပွဲ ပရိသတ်များ ပွဲကျသွားလေ၏။

"ဘာလဲဗျ၊ ခင်ဗျားကြောင့် ကွဲတာပဲ၊ အားလုံးမြင်တယ်"

"နေပါဦး ကိုယ့်လူရ၊ မှန်ကွဲတာလေးနဲ့ ငိုမဲ့ငိုမဲ့ လုပ်မနေပါနဲ့။ ကျုပ် မှန်ကို ကန်တာ မဟုတ်ဘူး။ ခင်ဗျားတို့အားလုံးကို ကန်တာ၊ ဘာပြုလို့ ခေါင်းငုံ့ပေးရသလဲ၊ ကျုပ် မလျော်ဘူး၊ ခေါင်းငုံ့တဲ့လူတွေ စုခံလိမ့်မယ်"

"အောင်မယ် မလုပ်ပါနဲ့ ကျောင်းဒကာ၊ ကာလပျက်ထဲ ဆွဲမထည့်စမ်းပါနဲ့၊ ခင်ဗျား အပြစ်နဲ့ ခင်ဗျား" ဟု ပြောနေခိုက် အဆောင်မှူးအား မည်သူသွား၍ လက်တို့သည် မသိ။ စကားအခြေအတင် ပြောနေရာသို့ ရောက်လာလေရာ သိန်းဖေမှာ သူများထက် ထူးကဲပြီး ဘောကန်အဝတ်အစား ဝတ်ထားသူ ဖြစ်သဖြင့် အပြစ်မလွတ် ပြေး၍ မလွတ် ဖြစ်နေလေ၏။

"မင်းလား ကျောင်းထဲမှာ ဘောလုံးကန်တာ"

သိန်းဖေသည် ပါးစပ်က မငြင်းသော်လည်း ခေါင်းကခါ၍နေလေရာ အခြားကျောင်းသားများက "ဟုတ်တယ်ဆရာ သူပဲ ဆရာ၊ ဟုတ်တယ်" ဟု ဝိုင်း၍ချောက်တွန်းကြလေ၏။ မှန်ကွဲခံရသူ အခန်းရှင်ကလည်း "ဟုတ်တယ် ဆရာ၊ သူ့ကြောင့် ကျွန်တော့်အခန်းက မှန်တစ်ချပ် ကွဲသွားပြီ" ဟု တိုင်လေ၏။

ဆရာလည်း သိန်းဖေ ဝတ်စားပုံနှင့် ပေရေလိမ်းကျံကာ ဖြစ်ပျက်နေပုံကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ပြုံးရယ်လျက် "မင်း ဒီအဝတ်အဟားကြီးနဲ့ ကစားရအောင် ဘယ်သူက မြှောက်ပေးသလဲ၊ လူရှုပ်" ဟု ဆိုပြီး ကွဲနေသော မှန်ကိုကြည့်ကာ သိန်းဖေကိုခေါ်၍ "သူ့မှန်ကို အသစ်ဝယ်ပြီး တပ်ပေးလိုက်။ မနက်ဖြန်ခါကို မင်း မလုပ်ပေးရင် မင်းရဲ့ကောရှင်း မန်းနီးထဲက မှန်ခလည်း နုတ်မယ်၊ မင်းကို ဒဏ်လည်းတပ်မယ်" ဟု ဆို၍ ထွက်သွားသဖြင့် သိန်းဖေမှာ အခံရကြပ်ကာ ရှိနေလေရာ၊ ဆရာ ကွယ်သွားသည်နှင့်တစ်ပြိုင်နက် ကျောင်းသားများလည်း သိန်းဖေကို ကြည့်ကာ "ဝမ်းစမိုး" ဟု အော်ဟစ်နောက်ပြောင်လိုက်ကြလေ၏။ သိန်းဖေမှာ ကြာကြာစိတ်ဆိုးတတ်သူ မဟုတ်သဖြင့် ပြုံးပြုံးကြီးလုပ်ကာ "အောင်မယ်မင်း၊ ဆိုးရက်လေခြင်း" ဟု ဆို၍ ဝရံတာတွင် ကျွမ်းလိုမ့်၍ထိုးပြလိုက်သောကြောင့် ဩဘာသံ ညံ၍သွားလေ၏။

"ဟေ့လူ. . . ထစမ်းပါဦး" ဟု ပြောလိုက်သံတစ်ခုကို ကြားရမှ သိန်းဖေသည် နောက်ထပ်၍ ကျွမ်းထိုးမည်ပြုရာက ခေါင်းထောင်၍ ကြည့်လိုက်ရာ ကျော်ဝင်းကို တွေ့ရသဖြင့် ပါးစပ်ဖြဲကာ ရယ်ရင်းထ၍လာလေ၏။

"ကိုကျော်ဝင်း ခင်ဗျား သိပ်ကံဆိုးတယ်။ စောစောက ရောက်လာရင် ပထမတန်း ဘောလုံးပွဲကြီး ကြည့်ရမှာ။ ကောင်းလိုက်တဲ့ဖြစ်ခြင်း၊ မှန်တစ်ချပ်ကို ကွဲတာပဲ"

"မှန်ကွဲတာ ထားပါဦး။ ကိုဘဦးဆီက စာလာတယ်"

"ဟာ. . . ဟုတ်လား။ ဆိုစမ်းပါဦး ဘာတွေပါသလဲ"

"လာဗျာ ခင်ဗျားအခန်းထဲကျတော့ဖတ်။ စာပါလာတယ်" သိန်းဖေလည်း အားရဝမ်းသာခြင်းဖြင့် ဘေးကလူများကို မေ့လျော့ကာ ကျော်ဝင်းနှင့်အတူ မိမိအခန်းသို့ ပြေးလေ၏။ အခန်းထဲသို့ ရောက်သောအခါ မိမိကိုယ်က ရေနှင့်ရွှံ့များကြောင့် ထိုင်စရာနေရာ မရဘဲ ကြမ်းပေါ်တွင် ခြေဆင်းလဲထိုင်၍ ကျော်ဝင်းထံမှ စာကိုယူပြီး ဖတ်လေ၏။

ချစ်လှစွာသော မိတ်ဆွေများ

ကျွန်ုပ်တို့သည် မည်သည့်အခါမျှ ကွဲကွာကြလိမ့်မည်ဟူ၍ တစ်ရံတစ်ဆစ်မျှပင် မထင်မိကြချေ။ သို့သော် ကံကြမ္မာသည် ကျွန်ုပ်တို့ အတူတူနေခြင်းကို မနှစ်သက်။

ဆိုးဝါးသော ကုသိုလ်ကံသည် ကျွန်ုပ်အား စာမေးပွဲတွင် ဆုံးရှုံးခြင်း ဖြစ်စေသည်သာမကဘဲ ကျောင်းသို့ ဆက်လက်တက်ရောက်ခြင်းကိုပင် ခွင့်မပြုချေ။ ကျွန်ုပ်၏ အမိအဖများလည်း အိုပြီ။ ကျွန်ုပ်သည် သူတို့အား ဆက်လက်၍ ဒုက္ခမပေးလို။ အထက်တန်းပညာ ရရှိခြင်းအားဖြင့် ယခုခေတ်တွင် ထူးမည်မဟုတ်ဟု ကျွန်ုပ် ယူဆမိပါသည်။ ဤကဲ့သို့ဆိုလျှင် 'စပျစ်သီးများသည် ချဉ်ကြ၏' ဟူသော စကားပုံကို တွေးမိပြီး ပြုံးရယ်ကြမည်လား မသိ။ ကျွန်ုပ်ဆိုလိုသော အဓိပ္ပာယ်ကို မိတ်ဆွေများ သိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အဖို့ကား ယခုအချိန်သည် အလုပ်ရှာဖွေလုပ်ကိုင်ရန်သင့်ပြီဟု ယူဆ၍ အလုပ်လုပ်ရန် စိတ်ပိုင်းဖြတ်ပြီး ဖြစ်သည်။

ကျွန်ုပ်၏ချစ်ခင်လှသော မိတ်ဆွေများနှင့် ခွဲခွာရခြင်းကို လွန်စွာစိတ်မချမ်းသာပါ။ မျက်နှာဟောင်းများကို အမြဲသတိရကာ လွမ်းဆွတ်ပါသည်။ မကြာမီ မိတ်ဆွေများထံ အလည်လာနိုင်ရန် မျှော်လင့်ပါသည်။

ယခုနှစ်အတွက် ကိုကျော်ဝင်းသည် ကောလိပ် (၁၁) ယောက် အသင်းကပ္ပတိန်ဖြစ်လျှင် ကျွန်တော် ဝမ်းသာပါသည်။ ကိုသိန်းဖေ ကျောင်းဆက်လက်၍ တက်သေးသလား။ မအေးစိန်နှင့် ရန်မဖြစ်ကြဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ဆရာနှင့် မိတ်ဆွေများအား ကျွန်ုပ်တို့၏မေတ္တာကို ဆောင်ကြဉ်းပေးပါ။

မိတ်ဆွေများ၏

ဘဦး။

သိန်းဖေသည် စာကိုဖတ်ပြီးလျှင် မျက်နှာထားတစ်မျိုး ပြောင်းသွားကာ ကျော်ဝင်းကိုကြည့်၍ "သူ့စာဖတ်ရတာ ကျွန်တော် ရင်ထဲမှာ လွမ်းဆို့ဆို့ကြီး ဖြစ်သွားတယ်" ဟု ပြောလေ၏။

"ကျွန်တော့်စိတ်ထဲလည်း ဒီလိုပဲ ဖြစ်မိတယ်။ သူ့ခမျာ ပျင်းတဲ့အခါတိုင်း သတိရမှာပဲ။ အမြဲပဲ ပျင်းရှာမယ်"

ထိုသို့ပြောနေခိုက် တက္ကသိုလ်အာဘောင်နီတို့၏ "ဘတ်တီခိုးလိုး" ဟု တစ်ခဲနက် အော်သံများ ပေါ်လာကာ အခန်းဓာတ်မီးများ လင်းလာရာ-

ကျော်ဝင်းက. . . "ကဲ ထမင်းစားဖို့ နီးလာပြီ။ ခင်ဗျားလည်း ရေချိုးတော့၊ အအေးမိနေဦးမယ်" ဟု ဆိုသဖြင့် သိန်းဖေလည်း ရေစိုထိုင်းမှိုင်းသော အဝတ်အစားများကိုချွတ်ကာ ရေချိုးရန် ပြင်ဆင်ပြီး အခန်းထဲမှ ထွက်သွားလေ၏။

ညစာစားသောက်ပြီးကြသောအချိန်တွင် ထမင်းစားခန်းထဲ၌ အချို့သော စားပွဲများမှ ငွန်းနှင့် ပန်းကန်ခေါက်သံများ ထွက်ပေါ်၍လာလေရာ ထိုနေ့တွင် ဘီအေအေ၌လည်း တက္ကသိုလ်နှင့် ဘောလုံးမကန်ရ၊ ကျောင်းဆောင်ချင်းကန်ပွဲလည်း မရှိသဖြင့် များစွာသော ကျောင်းသားတို့မှာ စဉ်းစား၍ မရနိုင်ရှိစဉ် ထမင်းစားခန်းသို့ သိန်းဖေ ဝင်လာသည်ကို တွေ့ကြရာမှ ညနေက ဘောလုံးလု၍ ကစားသည့်အဆက်နှင့် နောက်ပြောင်ကြမှန်းကိုသိ၍ သိန်းဖေကိုကြည့်ကာ ရယ်မောကြလေ၏။

ထမင်းစားသောက်ပြီးကြသောအခါတွင် သိန်းဖေ၏အခန်း၌ လူစုမိကြကာ ထွေရာလေးပါး ပြောဆို၍ နေကြလေ၏။ ကျော်ဝင်းနှင့် သိန်းဖေတို့သည်ကား ဘဦး၏ အကြောင်းကို ပြောဆိုနေကြလေရာ အခြားကျောင်းသားများသည်လည်း ကွဲကွာနေရသော မိတ်ဆွေတစ်ယောက်ကို အတော်ပင် လွမ်းဆွတ်အောက်မေ့ဟန်ဖြင့် ဘဦး

www.burmeseclassic.com

ကျောင်းတွင် ရှိစဉ်က မိမိတို့ တွေ့ကြုံ သိရှိရသော အဖြစ်အပျက်ကလေးများကို တစ်ယောက်တစ်မျိုးစီ ရှေးဟောင်းနှောင်းဖြစ် စမြုံ့ပြန်နေကြလေ၏။

ထိုအချိန်တွင် အင်လျားဆောင်၌ကား မသန်းမြင့်နှင့် မအေးစိန်တို့သည်လည်း တိုးတိုးတိတ်တိတ် ကြိတ်၍တိုင်ပင်ပြောဆိုနေကြသည်ကို တွေ့နိုင်ပေတော့၏။

"မသန်းမြင့်နဲ့ ကိုကျော်ဝင်းတို့ ချစ်လာကြတာ သုံးနှစ်ကကျော်လို့ လေးနှစ်စွန်းခဲ့ပြီနော်" ဟု မအေးစိန်က ပြောလိုက်လျှင်ပင် မသန်းမြင့်မှာ လိပ်ပြာရှက်သကဲ့သို့ မျက်နှာတွင် ရှက်ယောင်သန်းကာ. . .

"လေးနှစ်စွန်းတာတော့ ဟုတ်ပါပြီ။ ဒါနဲ့ပတ်သက်ပြီး မအေးစိန် ဘာများပြောချင်သလဲ" ဟု မေးလေ၏။

"ဩော်. . . အင်မတန် ခိုင်မြဲတဲ့ အချစ်ပဲလို့ တွေးမိလို့ပါ" ဟု ပြောပြီး "မသန်းမြင့် ဒီနှစ်အောင်ရင် ကိုကျော်ဝင်းကို တကယ်ပဲ ယူမလား" ဟု မေးရာ မသန်းမြင့်မှာ ရုတ်တရက် အဖြေရ ခက်သွားလေ၏။

"ဘာများသိပ်ပြီး စဉ်းစားနေတာလဲ၊ ဖြေစမ်းပါဦး"

"မအေးစိန် သိတဲ့အတိုင်းပဲ၊ ချစ်တော့ဖြင့် အသည်းစွဲကို ချစ်တာပဲ မအေးစိန်ရယ်။ နို့ပေတဲ့ ချစ်တာနဲ့ ပြီးရောလား ဆိုတော့လည်း မပြီးသေးဘူးပေါ့။ သူ့ကိုယူဖို့ဆိုတာကတော့ ကျွန်မသဘောတစ်ခုတည်းနဲ့ ပြီးတာမှ မဟုတ်သေးဘဲကိုး။ သူ့မှာလည်းပဲ မိဘနဲ့၊ ကျွန်မမှာလည်း မိဘနဲ့ဆိုတော့ ဒါလောက်တောင် ပညာတွေတတ်အောင် သင်ပြီးမှ မိဘကို မတိုင်ပင်ဘဲ ကိုယ့်သဘောအတိုင်း လုပ်ချင်တိုင်းလုပ်လို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ မိနဲ့ဖနဲ့ ပြောဆိုပြီး အတင့်အတယ် ယူကြတယ် ဆိုတာထက် ဘယ်ဟာပိုပြီး ကောင်းနိုင်ပါဦးမလဲ။ ကျွန်မတော့ဖြင့် ဒီအထိ မစဉ်းစားမိသေးဘူး။ အခုတော့ ချစ်တာ ချစ်တာပဲ"

ထိုအခိုက်တွင် အခန်းတွင်းသို့ ကျောင်းသူကလေးတစ်ယောက် ဝင်လာကာ လက်ထဲက စက္ကူဖဲထုပ်ကိုပုတ်လျက် "မအေးစိန် လာ ဖဲချရအောင်" ဟု ခေါ်လေရာ မအေးစိန်မှာ မှိန်းနေရင်း လန့်သွားသော ဘိန်းစားကဲ့သို့ ဆွေး၍ကောင်းနေဆဲ ဖျက်လိုဖျက်ဆီး နှောင့်ယှက်သည်ကို စိတ်ဆိုးကာ "ကိုယ့်ဟာကိုယ်ချချေ" ဟု ပြောလိုက်သဖြင့် "ဘယ့်နှယ်လဲ ဒီမိန်းမကြီးဟာ၊ ဒီကအကောင်းခေါ်တာ၊ သူက မဟုတ်တာ ပြောတော့မယ်။ ရုပ်ကိုက ရည်းစားပူမိနေသလိုပဲ" ဟု ပြန်ပြောသောကြောင့်. . .

"ဘာလဲ၊ ဒီဟသ်ာတသူဟာ ကော်ပြီးတုတ်လိုက်ရ မကောင်းတော့ဘူး"

"မသိလို့ပါရှင်။ ရှင်တို့ မျက်နှာသေကလေးတွေ တွေ့ရတော့ ပုဂံရွှေကျောင်းဆောင်က ရွှေမျက်မှန်ကိုယ်တော် ပျံတော်မူလို့များလားလို့"

"တယ်လေ၊ ငါပြောလိုက်ရ" ဟု ဆိုကာ မအေးစိန်သည် ထိုင်ရာမှထ၍ လိုက်မည့်ဟန်ပြုလိုက်သည်တွင် ဟသ်ာတသူမှာ ရွှံ့သလို ကြောက်သလိုဟန်ဖြင့်ပြန်၍

www.burmeseclassic.com

နောက်ဆုတ်ပြေးကာ တံခါးဝဆီတွင် ရပ်ရင်း မျက်နှာပြောင်စီစီ လုပ်ပြလေ၏။

ထိုသို့ဖြစ်နေကြရင်း တစ်ဘက်ခန်းမှ ကျောင်းသူတစ်ယောက် ပေါ်ပေါက်လာကာ "ဘယ်မလဲ ဖဲထုပ်၊ လာကစားမယ်၊ ကိုယ်တို့လည်း ပါမယ်" ဟု အားရခုံမင်စွာ ပြောလေ၏။

ထိုအခါမှ မသန်းမြင့်က "ဒီအခန်းထဲတော့လာပြီး မကစားကြနဲ့ အမိတို့ သူများအတွက်နဲ့တော့ ခေါင်းကြိမ်းမခံပါရစေနဲ့၊ တွေ့သွားလို့ရှိရင် မကောင်းဘူး။ တစ်ခြားခန်းသွားပြီး ကစားချေ" ဟု ဆိုလိုက်မှ ပိုကာမနှစ်ယောက်လည်း တစ်ယောက် ပခုံးတစ်ယောက်ဖက်ကာ "လာ သွားမယ်" ဟု ဆိုရင်း မအေးစိန်အား လျှာထုတ်ပြပြီး ရယ်ကောမောကာ ထွက်သွားကြလေ၏။

မအေးစိန်မှာ ဒေါပွလျက် "သာသနာဖျက်မတွေ၊ ဒီမှာ စကားပြောကောင်းနေတဲ့အထဲ သက်သက်မဲ့ ဖျက်လိုဖျက်ဆီး လာလုပ်တာ" ဟု ဆိုလိုက်သဖြင့် မသန်းမြင့်မှာ မအေးစိန်၏ လေပေါက်ကို တွေးပြီး ပြုံးမိလေ၏။

သိန်းဖေ၏ အခန်းဘွင်း၌မူ ဘဦးအကြောင်းကို ပြောဆိုနေကြရာက ကျောင်းသားတစ်ယောက် ဝင်လာကာ သိန်းဖေအား "ဘယ့်နှယ်လဲ . . ." ဟု နောက်လိုက်သဖြင့် ရယ်မောမိကြရာက ညနေက ဘောလုံးကလေး ကန်ကြသည့်အကြောင်းသို့ စကားရောက်သွားလေ၏။

"ကိုသိန်းဖေ တော်တော်ခြေအကောင်းသားဗျ"

"ဟုတ်လား၊ ခြေကောင်းရင် ကျောင်းပိတ်အပြန် ရွာကို ဘောလုံးအသင်းထောင်ခိုင်းရဦးမယ်"

သို့ပြောလိုက်သဖြင့် သိန်းဖေက "အံမာ. . . ကျွန်တော်က မကစားတာကြာလို့ ခြေပျက်နေလို့ပါ"

"ခြေတွင်မကပါဘူးဗျာ၊ နားရွက်လည်း ပျက်နေပါပြီ၊ အနူရုံ ပို့ရတော့မယ်" ဟု တစ်ယောက်က ဖောက်လိုက်သဖြင့် သိန်းဖေကိုကြည့်၍ ရယ်ကြရာ. . .

သိန်းဖေက "သူလည်း ပျက်လာပြီ၊ သူ့ကိုပါ အနူရုံ ခေါ်ရမှာပဲ" ဟု ပြန်၍ တွယ်လိုက်လေ၏။

"ကဲ. . . တော်ကြပါတော့ဗျာ။ ကြာရင် အကုန်လုံး နူကုန်မယ်။ အခုတောင် နှစ်ယောက်နူသွားပြီ" ဟု တစ်ယောက်က ပြောဆိုပိတ်ပင်နေဆဲမှာပင် စာကြည့်ခေါင်းလောင်းထိုးနေပြီ ဖြစ်သောကြောင့် ရယ်ရယ်မောမောနှင့်ပင် လူစုကွဲ၍သွားကြလေ၏။

နောက်နေ့ ကျောင်းတက်ကြသောအခါ သိန်းဖေသည် ဘဦးအကြောင်းကို ပြောလိုလှ၍ မိမိအား လိုက်လံရှာဖွေလေ၏။

သို့နှင့် မိမိအား တွေ့သည့်အခါ သိန်းဖေက "မနေ့က ကိုဘဦးဆီက [illegible] တစ်စောင်လာတယ်။ သူ အလုပ်လုပ်တော့မယ်တဲ့။ သူ့စာကလေးဖတ်ရတာ [illegible]သလို

www.burmeseclassic.com


လိုပဲ။ မိမိ ဖတ်ရရင်တော့" ဟု ဆိုကာ မဆက်ဘဲ ရပ်ထားလေ၏။

"မိမိလည်း စာတစ်စောင်ရတယ်"

"ဘာတွေပါသေးသလဲ" ဟု ဆိုပြီးမှ သိန်းဖေသည် မိမိမျက်နှာကိုကြည့်ကာ မေးမိသည်ကို အားနာသည့်သဘောဖြင့် "မေးတာ စိတ်မဆိုးနဲ့နော်၊ ကျွန်တော်တို့ သိထိုက်တာများ ပါသလားလို့ မေးမိတာပါ" ဟု ပြောလိုက်လေ၏။

"အို သူ့စာထဲမှာ သိပ်ပြီးလွမ်းအောင် ရေးထားတာပဲ။ မိမိဖြင့်လေ ဖတ်ရင်း ဝမ်းနည်းလာတာပဲ"

"ဒါပေါ့လေ၊ ကျွန်တော်တို့တောင် လွမ်းသေးတာပဲ" ဟု ပြောနေစဉ် မိမိ၏ နောက်မှ. . .

"ကိုသိန်းဖေ၊ ကိုကျော်ဝင်းတစ်ယောက်ကော" ဟု မေးသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ မသန်းမြင့်ကို တွေ့ရလေ၏။

"ဩော် မသန်းမြင့်" ဟု နှုတ်ဆက်၍ "ဟောလ်ကလာတုန်းကတော့ အတူတူပဲ၊ ကျောင်းရောက်ကြပြီးမှ နောက်ထပ်မတွေ့သေးဘူး၊ ကျောင်းမတက်သေးဘူးလား" ဟု မေးလေ၏။

"စောစောကတော့ အတူတူအတန်းတက်နေကြတာပဲ။ အခု ပြောစရာ ကလေးတစ်ခုရှိလို့ သူ့ကိုကြည့်တော့ ရှာမတွေ့ဘူး"

"ဒါဖြင့် ကျွန်တော်ရှာပြီး တွေ့ရင်ပြောလိုက်မယ်။ ဘယ်ကို မှာလိုက်ရမလဲ"

"လိုင်ဘရေရီမှာ တွေ့မယ်လို့ ပြောပါ" ဟု ဆိုလိုက်သဖြင့် သိန်းဖေလည်း ကျော်ဝင်းကိုရှာရန် ထွက်သွားလေ၏။

သို့သော် သိန်းဖေသည် ကျော်ဝင်းအား တော်တော်နှင့် ရှာ၍မတွေ့ဘဲရှိနေပြီးမှ ကျော်ဝင်း၏အတန်းသား မိတ်ဆွေတစ်ယောက်ကို မေးရာ. . .

"ကိုကျော်ဝင်းလား၊ သူတို့ ဘောလုံးသင်း မီတင်ရှိတယ်လေ၊ လူရွေးမလို့" ဟု ဆိုမှ သိန်းဖေလည်း သတိရကာ ကျော်ဝင်းတို့ အစည်းအဝေးလုပ်သော အခန်းသို့ သွား၍ စောင့်နေလေ၏။

အတန်ကြာလျှင် အစည်းအဝေးပြီးကြ၍ အားလုံးထွက်လာကြလေရာ ကျော်ဝင်းသည် သိန်းဖေကို မြင်လျှင် ရွှင်လန်းသော အမူအရာကိုပြသဖြင့် မည်ကဲ့သို့သော ဝမ်းသာစကား ကြားရပါမည်နည်းဟု မျှော်လင့်ခြင်းဖြင့် "ပြုံးလှချည်လား ဆရာ၊ ဘာများအကြောင်းထူးသလဲ" ဟု မေးလေ၏။

"လာ. . . ဟိုနေရာကျမှ ပြောမယ်" ဟု ဆွဲခေါ်သွားပြီး လူရှင်းတော့မှ "ကျွန်တော် ကပ္ပတိန်ဖြစ်ပြီ" ဟု ပြောလိုက်ရာ သိန်းဖေမှာ ထ၍ခုန်ချင်လောက်အောင် ဝမ်းသာသွားပြီး ကျော်ဝင်းလက်ကိုဆွဲ၍ လှုပ်လေ၏။

"ဒီလိုဆိုရင် ဒီနှစ်တော့ ခင်ဗျား ကောင်းကောင်းအားမွေးပြီး ပရိုဂျက်

www.burmeseclassic.com



မှန်မှန် ဆင်းရတော့မှာပေါ့။ ဂျပိုးထိုးလို့လည်း မဖြစ်တော့ဘူး၊ မသန်းမြင့်ဆီလည်း အားတိုင်းသွားနေလို့ မပဟန်သေးဘူး" ဟု ဆိုရင်း သိန်းဖေသည် သတိရ၍ "ဩော် ဒါထက် မသန်းမြင့်က ခင်ဗျားကို စကားတစ်ခွန်း ပြောစရာရှိလို့တဲ့၊ မှာသွားတယ်၊ လိုင်ဘရေရီထဲမှာ ရှိလိမ့်မယ်" ဟု ပြောရာ. . .

"ဟုတ်လား ဒီလိုဆိုရင် ချက်ချင်းပြောရောပေါ့ဗျာ၊ သူ့ခမျာ မျှော်တော်ဇောနဲ့ မောရှာရော့မယ်" ဆိုရင်း သုတ်ခြေနှင်၍ ထွက်သွားသောကြောင့် သိန်းဖေမှာ ငေးတိငေးမောဖြစ်ကာ ကျန်ရစ်လေတော့၏။

သို့နှင့် ဘယ်နေရာသွားပြီး ဘာလုပ်ရမလဲဟုတွေးပြီး စဉ်းစားနေခိုက် "ဟေ့လူ ဘာငိုင်နေတာလဲ" ဟု ပြောပြောဆိုဆို ကျောကိုအပုတ်ခံလိုက်ရသဖြင့် လန့်ဖျတ်မိပြီး လှည့်ကြည့်ရာ နေ့ကျောင်းသား အောင်မြင့်ကို တွေ့ရလေ၏။

"အလန့်ထည့်ကဲဗျာ၊ ဘယ်သူများလဲလို့"

"ခင်ဗျား ဘာစိတ်ကူးနေတာလဲ"

"ဘယ်သွားရကောင်းမလဲလို့ စဉ်းစားနေတယ်၊ ခင်ဗျား အခု အော့ဖ်လား"

"ဟပ်ဖ်ဒေး အော့ဖ်၊ ဘာမှလုပ်စရာ မရှိတော့ဘူး၊ ပြန်တော့မလို့"

"ဒါဖြင့် ကျွန်တော်လည်း မြို့ထဲ လိုက်ခဲ့ဦးမယ်"

"ဘာကိစ္စလဲ"

"ဟိုဗျာ. . . မနေ့က ဘောလုံးကလေးကန်ရင်း မှန်တစ်ချပ်ကွဲသွားတာ အစားထည့်ပေးရဦးမယ်"

"နို့ ခင်ဗျား အားလို့လား။ ကလပ်စ်တွေ လွတ်ကုန်ဦးမယ်"

"ဒီစာတွေဗျာ အရင်နှစ်ထဲက သင်ပြီးသားတွေပါ။ မထူးပါဘူး အတန်းကို ဘန့်လုပ်လိုက်ရုံပေါ့" ဟု ပြောဆိုပြီးသည့်အဆုံး၌ သိန်းဖေနှင့် အောင်မြင့်တို့သည် မော်တော်ကားထားရာ နေရာဆီသို့ သွားရောက်ကြကာ မော်တော်ကားကိုထုတ်ပြီး နှစ်ယောက်သားအတူတူ မြို့ထဲသို့ ထွက်သွားကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ကျောင်းတော်သားပေါင်း တစ်ထောင်ကျော်မျှရှိသော တက္ကသိုလ်ကျောင်းတော်ကြီးတွင် ထူးချွန်ထင်ရှားကာ လူသိများဖို့ရန်မှာ အတော်ပင် ခဲယဉ်းသောအကြောင်းတစ်ရပ်ပင် ဖြစ်ပေ၏။ အချို့ကား ပညာအရာ၌ ထူးချွန်ထက်မြက်ခြင်းကြောင့် ထင်ရှား၏။ အချို့ကား ကစားခုန်စားထဲ၌ ကောင်းမွန်တော်လွန်ခြင်းကြောင့် ထင်ရှား၏။ ဤသို့အားဖြင့် တစ်စုံတစ်ရာတွင် ထူးချွန်မှသာ လူသိများ၍ ထင်ရှားနိုင်ရကား သာမညအားဖြင့်မူ များစွာသော လူအပေါင်းတို့အကြားတွင် မထင်မရှား နစ်မြုပ်၍သာနေကြလေ၏။

ကျော်ဝင်းသည်ကား လူသိထင်ရှား၍ အများချစ်ခင်ခြင်းခံရသော ကျောင်းတော်သားတစ်ယောက် ဖြစ်သည်မှာ ပညာအရာတွင် ထူးချွန်လှ၍ မဟုတ်၊ သူလိုငါလိုအစားထဲမှ မှန်မှန်ကြိုးစားသူ ဖြစ်သော်လည်း အပေါင်းအသင်း ဝင်ဆံ့ခြင်းနှင့် ကစားခုန်စားဖက်တွင် ကျွမ်းကျင်ထူးချွန်ခြင်းကြောင့် ဖြစ်ပေတော့၏။

ထိုသို့ ကစားခုန်စားဖက်၌ ကျွမ်းကျင်ခြင်းကြောင့် တက္ကသိုလ်ကျောင်းကြီး၏ အားကစားသင်း မှန်သမျှလိုလိုပင် ကျော်ဝင်း မပါဝင်သည့် အသင်းဟူ၍ မရှိသလောက် ရှားခဲ့ပေ၏။ သို့နှင့် ကျော်ဝင်းမှာ တက္ကသိုလ် (၁၁) ယောက်အသင်း ကပ္ပတိန်ဖြစ်ခဲ့ရပြန်လေ၏။

တက္ကသိုလ်ဘောလုံးအသင်းကြီး၏ ဂုဏ်ရည်မှာ လွန်ခဲ့သည့် (၁၀) နှစ်အထက်ကျော်အခါက မြန်မာပြည်တစ်ပြည်လုံး ပျံ့သင်းထင်ရှားကာ ကျော်ကြား၍လာခဲ့ပြီးမှ တဖြည်းဖြည်း ခေတ်မှိန်ခဲ့ပြီးနောက် ကော်မရှင်နာလမ်းမှ အင်းလျားစောင်းသို့

www.burmeseclassic.com

ရွှေ့ပြောင်းခဲ့သော အပြောင်းအလဲကာလတွင် အတော်ပင် ညံ့ဖျင်းလျက်ရှိနေကာ ဒုတိယတန်းသို့ပင်ဆင်း၍ ကစားခဲ့ရသော အခြေအနေသို့ ဆိုက်ရောက်ခဲ့ရဖူးလေ၏။

ထိုသို့ ရှိခဲ့ရာမှ ဘဦး၊ ကျော်ဝင်း အစရှိသကဲ့သို့သော ကျောင်းတော်သားများ ရောက်ရှိလာခဲ့ခြင်းအားဖြင့် တဖြည်းဖြည်း တောင့်တင်း၍လာကာ အောင်ပွဲများကိုပင် ဆွတ်ယူပန်ဆင်ခဲ့ရပြီ ဖြစ်ပေ၏။

သို့ဖြစ်ရကား ကျော်ဝင်းမှာ ဘောလုံးအသင်းကြီး၏ အသရေကို ဆယ်တင်သူတစ်ဦး ဖြစ်သည့်အားလျော်စွာ အထူးကြိုးစားအပ်သော ဝတ္တရားရှိသည်နှင့်အညီ နေပူမိုးရွာမရှောင် တစ်သင်းလုံးကို ခေါင်းဆောင်၍ အလေ့အကျင့် ဆင်းရလေ၏။ ဘောလုံး လေ့ကျင့် သင်ကြားပေးသော ဆရာသည်လည်း အရည်အချင်း ပြည့်စုံသော ကျောင်းတော်သားများကို လက်ကိုင်ထားရသည့်အလျောက် အထူးဝမ်းမြောက်စွာသာလျှင် ပြုပြင်သွန်သင်ပေးသည့်အတိုင်း အောင်ပွဲများ ပန်ဆင်ရသည့်အတွက် တစ်အားတက်မိလေ၏။

တက္ကသိုလ်နယ်မြေအတွင်းရှိ မြက်ခင်းနူးညံ့သော ဘောလုံးကွင်းကြီးဘွင် ညနေတိုင်းလိုလိုပင် ဘောလုံးလေ့ကျင့်ကစားကြရပြီး ရံဖန်ရံခါ ဘီအေအေ ပထမတန်း အသင်းများနှင့် ချိန်းဆိုကာ အပျော်လေ့ကျင့် ကစားပွဲများ ပြုလုပ်ရလေရာ ကျော်ဝင်းသည် ညနေကျောင်းဆင်းပြီဟုဆိုလျှင် ဘောလုံးကွင်းသို့ဆင်းရန် တစ်ခုတည်းသာလျှင် စိတ်ဝင်စားမိပေတော့၏။

"အိုင်ဆေး ကိုသိန်းဖေ လိုက်ဦးမလား ဒီကနေ့ ကာစတန်နဲ့ ကစားဖို့ ချိန်းထားတယ်" ဟု ကျော်ဝင်းသည် ဘောင်းဘီသရေကြိုးကလေးကိုပင့်ရင်း မေးလိုက်လေ၏။

သိန်းဖေသည် ဘောကန်အဝတ်အစားဖြင့် ကြည့်ရှုခန့်ညားလှသော ကျော်ဝင်း၏ ကိုယ်လုံးကိုယ်ပေါက်ကို ခြေဆုံးခေါင်းဆုံး အားပါးတရကြည့်ကာ "မိုးတွေရွာနေတယ်ဗျာ မလိုက်တော့ဘူး" ဟု ပြောလိုက်သဖြင့် ကျော်ဝင်းလည်း နှုတ်ဆက်၍ ထွက်သွားလေ၏။ သိန်းဖေလည်း တစ်ယောက်တည်း ကျန်ရှိခဲ့၍ ပျင်းပျင်းရိရိဖြစ်ကာ တံစက်မြိတ်မှ တန်းလန်းကျဆင်းနေသော မိုးရေများကို ကြည့်ရင်း လွမ်းဆွတ်သောစိတ်များ ပေါ်ပေါက်လာသဖြင့် ကဗျာကောက်၍စပ်ကာ. . .

"မိုးတွေကရွာ၊ မွှာတွေကရိုး၊ ကိုသိန်းဖေ လူပျိုသိုးမှာ၊ စိန်စိန်ရယ်. . . ပြပေါ့ပုဆိုး" ဟု အော်၍ဆိုလိုက်ရာ ဘေးချင်းကပ်လျက်ရှိသော တစ်ဖက်ခန်းမှ တဟားဟားရယ်ကာ "အောင်မယ်လေး အမေရဲ့ လွမ်းလိုက်တာဗျာ ရွှတ်ဖတ်" ဟု နောက်ပြောင်လိုက်သံကို ကြားလိုက်ရလေ၏။

"ရွှေမိုးရယ်ညို၊ ဘယ်ကိုမှ မောင်မလွမ်း"

"အောင်မယ်လာ,လာချည်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝရံတာကြက်ခြေခတ်ကယ်နဲ့၊ အင်းလျားသူနေတဲ့ရပ်ကိုကွယ် (မင်းကြီးများ)"

"ခင်ဗျား"

"ကန့်သတ်လို့လွမ်း" ဟု ဆိုပြီးနောက် "ဩော်၊ မိုးကြီးငယ်ဆိုင်းရန်၊ တိုင်းငယ်ဆင်လေတော့ ကိန္နရီမောင်နှံ တောင်ယံခြားလို့ လွမ်းအားတော်ပိုပြီး၊ ခုနစ်နှစ်တိုင်တိုင် ငိုသလို၊ ပုဂံနှင့် အင်းလျားတစ်ဆောင်စီခြားတာမို့ ရွှေအားတော်ညှိုးပြီး ငိုချင်သော်လည်း၊ မျက်ရည်ကမထွက်၊ ခက်လှချည့်ဗျာရို့"

"မျက်ရည်မထွက်ရင် တံတွေးဆွတ်ဗျာ" ဟု တစ်ဖက်က ပြောလိုက်သဖြင့် သိန်းဖေက နောက်မည်အပြုတွင် အခန်းတံခါးဝ၌ တစ်စုံတစ်ယောက် လာရောက်ရပ်သည်ကို မြင်ရကာ ဝမ်းသာ၍သွားသော်လည်း ရုတ်တရက် ကြောက်လန့်သော အမူအရာကို တမင်ပြောင်းကာ တစ္ဆေကို မြင်ရဘိသည့်အလား. . .

"ဥက္ကတိပိသော လောကသာထိ၊ ကိုဘဦးရေ အမျှဗျို့ အမျှ။ လုခဲ့တိုက်ခဲ့သမျှ အမျှသာ ယူပေတော့" ဟု ဆိုလေရာ ဘဦးသည် အခန်းတွင်းသို့ မဝင်သေးဘဲ တံခါးဝတွင်ရပ်ကာ ပြုံးပြုံးကြီးလုပ်လျက် "ကိုသိန်းဖေ ကျွန်တော်လေ၊ ဘဦးရယ်၊ မသေသေးပါဘူး" ဟု ဆိုမှ "အမလေး မသေလို့တွေ့ရ မေ့နိုင်ပါ့မလား ကိုဘဦးရဲ့" ဟု ဆိုကာ ဘဦးကို ပြေးဖက်ပြီး ပါးကို အတွင်နမ်းသောကြောင့် ဘဦးမှာ ရယ်မောရင်း ငြိမ်၍ခံနေလေ၏။

"ခင်ဗျား ကျွန်တော်တို့နဲ့ ကွဲရလို့ စိတ်မကောင်းဘူး ထင်တယ်။ ဝလာလိုက်တာ၊ ဟား ဟား၊ လာဗျာ ဝင်ပါ ထိုင်ပါ။ အိပ်ရာပေါ် ထိုင်မလား၊ ကုလားထိုင်ပေါ် ထိုင်မလား၊ ဘီဒိုပေါ်တက်ထိုင်မလား၊ ကြိုက်တဲ့နေရာ ထိုင်ပေတော့။ ခင်ဗျားနှယ်ဗျာ၊ လာမယ်ဆိုရင်လည်း စာကလေးတစ်စောင် ပေကလေးတစ်စောင်လောက် ပေးလိုက်ရောပေါ့။ ခင်ဗျား လာလိမ့်မယ်လို့ နိမိတ်တွေ အပြသား၊ ညာဘက်မျက်ခုံးတွေလှုပ်၊ ခွေးတွေလည်းသာ၊ ကျွန်တော်လည်း ဖင်သီတယ်" ဟု ဆိုလိုက်သဖြင့် ဘဦးလည်း ရယ်မောရင်း. . .

"ဖြည်းဖြည်းများ စကားပြောပါဦး။ လျှာကို တက်ပြီးနင်းမိပါ့မယ်။ ကျွန်တော်ပြောဖို့လည်း ချန်စမ်းပါဦး" ဟု ဆိုကာ ကုလားထိုင်တွင် ထိုင်လေ၏။

"ဝမ်းသာလိုက်တာဗျာ၊ သိပ်ဝမ်းသာတာပဲ"

"ကိုကျော်ဝင်းကော"

"ဘောလုံးသွားကန်နေတယ်၊ လာပါလိမ့်မယ်" ဟု ပြောစဉ်ပင် ဘဦးလာသည်ကြား၍ မိတ်ဆွေဟောင်း ကျောင်းသားများ တစ်ယောက်စီ ရောက်ရှိလာကာ ဝမ်းသာအားရ နှုတ်ဆက်ကြလေ၏။

"ကိုဘဦး၊ ခင်ဗျား သိပ်ပြီး ရက်စက်တဲ့လူပဲဗျာ။ မိမိကို မေ့ပြီပေါ့လေ၊ သူ့ခမျာ

www.burmeseclassic.com



ခင်ဗျား ကျောင်းမနေတော့ဘူး ဆိုတာနဲ့ မျက်ရည်နဲ့ မျက်ခွက်ပဲ ရှိတော့တယ်။ တစ်နေ့က ကျွန်တော်နဲ့ တွေ့လို့တောင် ပြောသေးတယ်၊ ရှင်တို့ယောကျ်ားများဟာ ဘာကောင်းသလဲတဲ့၊ . . . " ဟု သိန်းဖေက ပြောလိုက်သဖြင့် . . .

"ခင်ဗျား တစ်ယောက်လည်း ခုထက်ထိ ဒီအကျင့်တွေ မဖျောက်သေးဘူး။ ဒီလို ရှုပ်ရင်းနောက်ရင်းနဲ့ပဲ ကျောင်းဆွေးပြီး သေမှာပါပဲ" ဟု ပြောပြီး "ဒါထက် ခင်ဗျား မြှာကြီးကော" ဟု မေးလေ၏။

"ရှိဘ့ါဗျာ။ ရှိပါတယ်။ သူလည်းပဲ လင်လိုချင်လှပြီ ထင်ပါရဲ့။ ကိုသိန်းရယ် ကိုသိန်းရယ်တဲ့၊ စိန့်စိန့်ကိုချစ်ရင် ဂေါ်ဖီဖူးတဲ့ တန်ခူးလမှာ လူကြီးစုံရာနဲ့ တောင်းရမ်းပြီး ယူလှည့်ပါတဲ့။ ကျွန်တော်ကလည်း စိန်စိန်ရယ် စိန်စိန်ရယ်လို့ တောင်းရမ်းတော့ မယူပါရစေနဲ့၊ အမှိုက်တွေ ဖိတ်ကုန်မယ်လို့။ ဒီတော့ သူက ဖိတ်ကုန်ရင် ကျွန်မ လှည်းပေးပါ့မယ်တဲ့" ဟု ပြောလိုက်သဖြင့် အနက်တွေးမိ၍ ရယ်ကြလေ၏။

"လူဟောင်းတွေထဲက ဘယ်သူတွေ လာကြသေးသလဲဗျ"

"တစ်ချို့လည်း ရှိပါသေးတယ်။ တစ်ချို့လည်း မလာကြဘူး။ ရှိတဲ့အထဲက တစ်ချို့ သထုံဟောလ်ရောက်၊ တစ်ချို့အားဖားဟောလ်ရောက်နဲ့ လူစုကွဲသွားကြပြီ"

"နို့ . . . ခင်ဗျား ဖဲနေကျ အချော်ကလေးကော"

"မောင်မောင်ကြည်လား၊ ဒီနှစ်ပီးဂူးဟောလ်မှာ" ဟု ပြောဆိုနေခိုက်တွင် "ဟေး ကိုဘဦး" ဟု အဝေးမှ အော်ခေါ်သံနှင့် တဒိုင်းဒိုင်း ပြေးချလာသော ဖိနပ်သံကို ကြားရပြီးလျှင် "ဟေ့လူ" ဟု ဆိုကာ အခန်းဝ၌ လာ၍ရပ်သော ကျော်ဝင်းကို တွေ့ရ၍ ဘဦးလည်း ထပြီး လက်ဆွဲနှုတ်ဆက်လေ၏။

သိန်းဖေသည် ရွှံ့တွေ ရေတွေ ပေကျံနေသော ကျော်ဝင်းကိုကြည့်ကာ "ဟား ဟား . . . ကိုကျော်ဝင်းကို ကြည့်ကြစမ်းပါဦး . . . . " ဟု နောက်လိုက်သဖြင့် . . .

"တယ် . . . ဒီလူဟာ မဟုတ်တာတွေ ပြောရေ့မယ်၊ မိုးရွာနေတုန်း မိုးကြိုးပစ်ချလိမ့်မယ်"

"မိုးကြိုးပစ်ချရင် လက်စွပ်ကွင်းပြီး ဝတ်တာပေါ့" ဟု အရှုံးမပေးဘဲ နောက်ပြန်လေ၏။

ထို့နောက် ကျော်ဝင်းလည်း "နေဦးဗျာ၊ သွားပြီး ရေချိုးလိုက်ဦးမယ်၊ ပြီးတော့မှ လာခဲ့မယ်" ဟု ဆိုပြီး သွက်လက်လျင်မြန်စွာ ထွက်ပြေးသွားလေ၏။

ဘဦးသည် သိန်းဖေတို့ လူသိုက်နှင့်ပင် ထွေရာလေးပါး ပြောဆို၍ ကျန်ရစ်ခဲ့လေ၏။ အတန်ကြာမှ ကျော်ဝင်းသည် အဝတ်သစ် အစားသစ်နှင့် ပြန်လည်ရောက်ရှိလာလေ၏။

သိန်းဖေက "ဒီနှစ် သူကပ္ပတိန် ဖြစ်သွားပြီ" ဟု ပြောလိုက်သဖြင့် အဲဒီမှာ အထူးဝမ်းမြောက်သွားကာ ကျော်ဝင်းအား လက်ဆွဲပြီး ကွန်ဂရက်ကျူလေးရှင်းလုပ်

www.burmeseclassic.com

လျက် ဒီနှစ်လည်း ဖလားရနိုင်ဖို့ မျှော်လင့်ကြောင်း ပြောလေ၏။

"ကိုဘဦး ခင်ဗျား အခုလာတာ အလည်သက်သက်ပဲလား" ဟု ကျော်ဝင်းက မေးလေ၏။

"အလည်လာရင်း အလုပ်ကိစ္စလည်းပြောရင်း"

"ဘယ်ဘက်မှာ ပြောထားသလဲ"

"ပုလိပ်ဘက်မှာ ပြောထားတယ်။ ကျောင်းထွက်လက်မှတ်လည်းယူရင်း၊ မင်းကြီးနဲ့လည်းတွေ့ရင်း၊ လာခဲ့တာပဲ။ သန်ဘက်ခါတွေ့ဖို့ ခေါ်ထားတယ်"

"နေရာကျပါစေဗျာ။ အခု ဘောလုံးကန်ချိန်ဆိုတော့ ခင်ဗျားတို့လိုလူတွေ သိပ်ပြီးလိုချင်မှာပေါ့"

"ဒါပဲ မျှော်လင့်နေရတာပဲ"

သိန်းဖေသည် ဘဦးကိုကြည့်ကာ "ပုလိပ်ဘက်မှာ ဘယ်အလုပ်လဲ။ ပြာတာလား၊ လမ်းစောင့်ပုလိပ်လား၊ မြူနီစီပယ် ပုလိပ်လား" ဟု နောက်၍ မေးလေ၏။

"မဟုတ်ဘူး ရောဂါနဲ့ ပုလိပ်"

"ဩော်. . . ကိုဘဦး ကိုဘဦး၊ ပုလိပ်ဖြစ်ရှာမှကိုး၊ အောက်မေ့ပါသေးရဲ့" ဟု ဆို၍ ရွှံ့မဲ့မဲ့မျက်နှာနှင့် ဒိုဟန်ကိုပြုရာ ဘဦးက. . .

"ဒိုလွန်းတော့ ကိုယ်နွမ်းသတဲ့ ကိုသိန်းဖေ၊ မအေးစိန်လည်း ပြန်ပြီး ရှင်တော့မှာ မဟုတ်ဘူး" ဟု ဆိုမှ သိန်းဖေမှာ ပါးစပ်ပိတ်၍သွားလေ၏။

ထို့နောက် ကျော်ဝင်းက "ကိုဘဦး၊ ခင်ဗျား ဘယ်မှာတည်းသလဲ" ဟု မေးလေ၏။

"မြို့ထဲက ကျွန်တော်တို့ ဦးလေးအိမ်မှာ"

"ဒီမှာလာပြီး တည်းရောပေါ့ဗျာ၊ ဒီည ဒီမှာပဲအိပ်တော့။ မြို့ထဲ မပြန်နဲ့တော့။ ဆရာ လာလို့ရှိရင်လည်း ကြည့်ရှုပြောလိုက်ရင် ပြီးတာပါပဲ။ ယောက်ျားချင်းပဲ၊ အရေး မကြီးပါဘူး" ဟု ပြောစဉ်ပင် ထမင်းစားရန် အချိန်သို့ ရောက်လာသဖြင့် "ကဲ လာဗျာ၊ ခင်ဗျားလည်း ထောင်ထမင်း ထောင်ဟင်း မစားရတာ အတော်ကြာသွားပြီ၊ တစ်ခါ တလေ စားဖူးတယ်ရှိအောင် စားပါဦး။ လာ သွားစို့" ဟုခေါ်၍ သွားလေ၏။

ထမင်းစားခန်းသို့ ရောက်သောအခါ ဘဦးအား ဟိုစားပွဲက လှမ်းပြုံး၊ ဒီစားပွဲ က လှမ်းခေါ်နှင့် အတော်ပင် မျက်နှာပွင့်နေပြီး အဆောင်မှူးလည်း ထမင်းဟင်း စစ်ဆေးရာမှ ပြန်အလာ တွေ့ဆုံနှုတ်ဆက်ကြရလေ၏။ စားပွဲထိုး ဗွိုင်ကုလားများသည် လည်း ဘဦးကို တွေ့ရသဖြင့် ဝမ်းမြောက်ကြကာ ပေးဖူး ကမ်းဖူးသော ကျေးဇူးတော် ကြောင့် ဟင်းခွက်အပိုများ ယူဆောင်၍ ပေးကြလေ၏။

ညစာ စားသောက်ပြီးကြသောအခါ ဘဦးသည် အခြားမိတ်ဆွေဟောင်းများ၊ ကျောင်းနေဖက်ကျူတာပေါက်စများကို တွေ့လိုသေးသဖြင့် ကျော်ဝင်း၊ သိန်းဖေတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com

အတူ သထုံ၊ ပဲခူး စသော တိုက်ကျောင်းဆောင်များသို့ သွားရောက်ကြပြီးလျှင် ကျောင်းဝင်းတံခါး မပိတ်မီ ပုဂံသို့ ပြန်လာပြီးနောက် ထိုညတွင် ဘဉီး၊ ကျော်ဝင်းနှင့်အတူ အိပ်လေ၏။

နောက်တစ်နေ့တွင် ဘဉီးသည် မီမီအား တွေ့ရတော့မည် ဖြစ်သဖြင့် အလွန်ပင် ပျော်ရွှင်လျက်ရှိကာ သိန်းဖေ၊ ကျော်ဝင်းတို့နှင့်အတူ ကျောင်းသို့ လိုက်သွားလေ၏။ ၎င်းတို့သည် ကျောင်းသွားရင်း လက်ဖက်ရည်ဆိုင်အနီးသို့ ရောက်ရှိလာကြသောအခါ ဘဉီးကို တွေ့ရှိရသော မိတ်ဆွေဟောင်းများသည် အတင်းဆွဲခေါ်၍ လက်ဖက်ရည်တိုက်ကြသည်တွင် သိန်းဖေနှင့် ကျော်ဝင်းတို့ပါ ဆင်ဖြူတော်မှီ၍ ကြုံစုပ်ကြရသဖြင့် သိန်းဖေက "ကိုဘဉီးတို့လိုမိတ်ဆွေတွေ မကြာခဏ လာပါစေဗျာ။ ဒါမှ လက်ဖက်ရည်ကပ်သောက်ရမယ်" ဟု ဆို၍ ပြုံးရယ်ကြလေ၏။

သို့နှင့် ကျောင်းသို့ ပြန်ရောက်သောအခါ မသန်းမြင့်၊ မအေးစိန်တို့နှင့် တွေ့ကြရပြီး မီမီမှာမူ မြို့ထဲကရောက်၍ မလာသေးသဖြင့် ဘဉီး၏စိတ်ထဲတွင် မီမီအား ေဘွ့အောင် စောင့်ရမည်ကို သုညကမ္ဘာမျှ ရှည်လျားလှသည်ဟု ထင်မိလေ၏။

မအေးစိန်က "လူများဟာ တစ်ယောက်က တ,လိုက်ရင် သွားရင်းခလုတ်တိုက်တယ် ပြောတယ်။ မီမီတော့ ကားနဲ့လာတာမို့ ကားမှောက်နေရော့သလား" ဟု ဆိုသဖြင့် ဘဉီးသည် ပြုံးရယ်လျက် မီမီ၏ရင်ဘတ်ကို ဖိနှိပ်ကာ "ဒီစကားပြောမယ့်အစား ကျွန်တော့်သတ်ပါ မအေးစိန်ရာ" ဟု ပြော၍ ရယ်လေ၏။

ထိုမှတစ်ဖန် ခွဲခွာခဲ့ကြပြီးမှ ဘဉီးက "ကဲ. . . ကိုသိန်းဖေ၊ ကျွန်တော့်ကျောင်းထွက်လက်မှတ် ခင်ဗျားပဲ တောင်းပေးပါတော့ဗျာ။ ကျွန်တော် မီမီနဲ့ တွေ့ပြီး စကားပြောချင်လွန်းလို့ ပါ" ဟု ဆိုပြီး လျှောက်လွှာစာများကို သိန်းဖေအား ပေးလိုက်သဖြင့် သိန်းဖေမှာ မြန်မာ့ဝန်ထမ်းအလုပ် လုပ်ရပြန်လေ၏။

ထို့နောက် တစ်ယောက်တကွဲစီ ခွဲထွက်ကာ ကျော်ဝင်းကား အတန်းတက်၊ ဘဉီးကား မီမီကိုစောင့်၍ သိန်းဖေကား အတန်းကို "ဘန့်" လုပ်ပြီး ဘဉီးအတွက် ကျောင်းထွက်လက်မှတ်တောင်းရန် စာရေးခန်းတွင် အလုပ်များနေလေတော့၏။

ကျော်ဝင်း အတန်းအားချိန်သို့ ရောက်သည့်တိုင်အောင် သိန်းဖေမှာ ဘဉီးလက်မှတ်ကို မရသေးဘဲ ရှိနေသဖြင့် ကျော်ဝင်းပါ ကူညီလုပ်ကိုင်ပေးရပြန်လေ၏။ ထို့နောက် လက်မှတ်ရကြပြန်သောအခါ ဘဉီးကို ပြန်၍ရှာရသည့် အလုပ်တစ်ခုတိုး၍ လာပြန်လေ၏။

သို့နှင့် တစ်ခန်းဝင် တစ်ခန်းထွက် အပေါ်တက် အောက်ဆင်းနှင့် ရှာကြရင်းပင် စာဖတ်ခန်းထဲသို့ ရောက်သွားကြရာ ချောင်ကြားတွင် ကြိတ်၍အကြည်ဆိုက်ကာ အလွမ်းသယ်နေကြသော ဘဉီးနှင့် မီမီတို့ကို အမှတ်တမဲ့ တွေ့ရသဖြင့် နောက်သို့ ပြန်၍ဆုတ်လာကြကာ ခပ်လှမ်းလှမ်းနေ၍ ရှေးဦးစွာ ချောင်းဟန့်သံပြုပြီးမှ အနားသို့

www.burmeseclassic.com

ကပ်ရောက်သွားကြလေ၏။

ဘဦးနှင့် မိမိတို့လည်း နှစ်ကိုယ်ကြား ပြောနေကြသည့်စကားကို ဖြတ်လိုက်ရပြီး ဘဦးက သိန်းဖေအား "ပြီးပလား" ဟု မေးမှ သိန်းဖေလည်း လက်မှတ်ကို ထုတ်ပေးလိုက်၏။

"ကဲ. . . ဒါဖြင့် ကျွန်တော် ပြန်ဦးမယ်"

"တားပါရစေ မောင်ရဲ့" ဟု သိန်းဖေက မိန်းမလျှာ အမူအရာလုပ်၍ ပြောသဖြင့် မိမိမှာ ပြုံးမိလေ၏။

"ခင်ဗျား မြို့ကို မပြန်သေးရင် လာခဲ့ပါဦးဗျာ"

"မနက်ဖြန် ကျွန်တော့်အကြံ နေရာကျပါစေလို့သာ ဆုတောင်းပါ။ နေရာကျရင် ရန်ကုန်မှာ အမြဲနေရမှာပဲ"

"ဒီးယား၊ မိမိ ပြောတာ မမေ့နဲ့နော်"

"မမေ့ပါဘူး၊ စိတ်ချပါ၊ ဆက်ဆက်လာခဲ့ပါ့မယ်"

ထိုအခါ ကျော်ဝင်းက "လာဗျာ ကိုသိန်းဖေ။ သူတို့ မှာချင်တာ မှာပါစေဦး" ဟု ပြုံးရယ်ပြောကာ ခပ်လှမ်းလှမ်းတွင် သွား၍စောင့်နေကြလေ၏။ ထို့နောက် ဘဦး ရောက်ရှိလာသည့်အခါမှ အတူတူထွက်သွားကြကာ ဘတ်စ်ကား ရပ်တန့်သောနေရာ အထိ လိုက်ပို့ကြလေ၏။

□□□

www.burmeseclassic.com

## အခန်း (၃၆)

တက္ကသိုလ်ကျောင်းကြီး ပြန်လည်ဖွင့်လှစ်ပြီးနောက် ရက်အနည်းငယ်မှာပင် ကျော်ဝင်းအမှူးရှိသော (၁၁) ယောက် အသင်းသားတို့သည် ဘီအေအေဘောလုံးကွင်းကြီး၌ ရန်ကုန်မြို့ရှိ ထိပ်သီးသင်းများနှင့် ကစားကြရလေတော့၏။

ကျောင်းတော်သားများ ဖြစ်ကြသည့်အလျောက် တစ်မြို့လုံးရှိ ဘောလုံးဝါသနာပါသူတို့သည် အသည်းစွဲချစ်ကြကာ အားပေးအားမြှောက်ပြုကြသည့်ပြင် ၎င်းတို့ကိုယ်တိုင်ကလည်း ထူးချွန်ကောင်းမွန်လှသည် ဖြစ်သောကြောင့် ကစားခဲ့သမျှပွဲတိုင်းလိုလိုပင် နိုင်၍လာခဲ့ကြကာ ပထမအပတ်အတွင်း၌ ဗိုလ်စွဲနေသော အသင်းတစ်သင်း ဖြစ်နေလေ၏။

သတင်းစာများကလည်း ကျောင်းသားများအား မြှောက်စားအရေးပေးကာ ဓာတ်ပုံများ၊ စာလုံးကြီးများနှင့် ဖော်ပြကြသဖြင့် တက္ကသိုလ်ဘောလုံးသင်း နာမည်ကြီးသည်နှင့်အညီ ကျော်ဝင်း၏ အမည်မှာလည်း သတင်းစာဖတ်သူအပေါင်းတို့အပေါ်တွင် ထင်ရှားလျက်ရှိကာ မြန်မာပြည်အရပ်ရပ်ရှိ မြို့ရွာအသီးသီးတို့၌ ကျင်းပကြသော ဘောလုံးပွဲများတွင် ကစားကောင်းသူတို့အား "ကျော်ဝင်းကွ" ဟူ၍ အားပေးကြပြီး တစ်ခါတစ်ရံ ခြေချော်သွားသည့် အခါ "ချော်ဝင်းကွ" ဟု နောက်ပြောင်လေ့ပင် ရှိကြပေ၏။

မသန်းမြင့်မှာ ကျော်ဝင်းအတွက် အတော်ပင် ဂုဏ်တက်မိကာ ကျော်ဝင်းတို့ ဘောလုံးကစားပြီးသည့် နောက်နေ့တိုင်း သတင်းစာ အရေးအသားများကို ဂရုစိုက်၍ ကြည့်ကာ ခိုးမွမ်းစာများ ပါလာလျှင် ဖြတ်၍ယူပြီး ကြွားရမည့်သူ မရှိလျှင် မအေးစိန်ကို

www.burmeseclassic.com



သာ သွား၍ကြွားလေ့ ရှိပေတော့၏။

တစ်ခါတစ်ရံ အင်းလျားဆောင်သို့ ကျော်ဝင်း ရောက်ရှိလာသည့်အခါ ဘယ်သတင်းစာက ဘယ်လိုဆိုတယ်၊ ဘယ်ကျောင်းသူက ဘာပြောတယ်၊ စသည်ဖြင့် အားရပါးရ ပြောပြလေ့ ရှိပေ၏။ ကျော်ဝင်းသည်လည်း မိမိ၏ချစ်သူတစ်ဦးက မိမိ၏ ဝါသနာပါရာ၌ နှစ်သက်အားပေးသည်ကို သိရ၍ ဝမ်းသာမဆုံးနိုင် ရှိလေ၏။

ထိုသို့ ဧည့်ခန်းတွင် ကျော်ဝင်းနှင့် မသန်းမြင့်တို့ စကားပြောနေကြစဉ် မအေးစိန်သည် ၎င်းတို့အနားမှနေ၍ မယောင်မလည်ကပ်၍ လျှောက်လာကာ "မသန်းမြင့် ခပ်ခွာခွာ နေနော်။ မတော် ဂိုးသွင်းသွားမည်" ဟု နောက်လိုက်သဖြင့် ကျော်ဝင်းမှာ ဟက်ဟက်ပက်ပက် ရယ်မောမိလေ၏။ မသန်းမြင့်မှာမူ ပြန်၍ချေပ ပြောဆိုလျှင် ပို၍ပင် ကြမ်းလာမည်ကို စိုးရိမ်သောကြောင့် ရှက်ပြုံးပြုံးကာ ငြိမ်၍နေလိုက်ရတော့၏။

"ဟား ဟား. . . မအေးစိန်က နောက်သွားတယ်။ သူ့ခေါ်လိုက်စမ်းပါဦး မသန်းမြင့်"

"မအေးစိန် ပင်္ဂဇစ်"

မအေးစိန်သည် ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားပြီးမှ ပြုံးရယ်သော မျက်နှာနှင့် ပြန်၍လှည့်လာကာ မသန်းမြင့်တို့အနားသို့ ရောက်လာလေ၏။

"ထိုင်စမ်းပါဦး မအေးစိန်ရဲ့။ ဧည့်သည်လာတဲ့အခါများ စကားကလေး စမြိ ကလေးများ ပြောစမ်းပါ"

"အမယ်. . . ဒီဧည့်သည်က ရိုးနေပြီ။ ဘာမှ အထူးပြောစရာ မလိုပါဘူး၊ ရုပ်ရှင်ပြရအောင် လာပြီးခေါ်တာဖြင့် လက်ခံပြီး စကားပြောစရာ ရှိချင်ရှိမှာပဲ"

"ရုပ်ရှင် ကြည့်ချင်ရင် ကြည့်ချင်တယ်ပြောပါ မအေးစိန်ရယ်။ စီးပိုးပြီးတော့ဖြင့် မပြောပါနဲ့"

"အလို. . . သူ့ဟိုဟာအိတ်ထဲက ပိုက်ဆံကုန်မှာစိုးလို့ ထင်ပါရဲ့။ သူက ပိတ်ပင်နေလိုက်တာ"

"ဒါပေါ့ဗျာ။ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း ဆိုတာလိုပေါ့" ဟု ကျော်ဝင်းက ပြောလိုက်သောကြောင့် မအေးစိန်မှာ အလွန်သဘောကျမိကာ "ဒါမျိုးတွေ ကြားချင်နေတာ ကြာလှပြီ" ဟု ပြော၍ ရယ်လေ၏။ မသန်းမြင့်မှာမူကား ရှက်ပြုံးပြုံးကာ နေလေ၏။

"နို့ပေတဲ့ ကျွန်မတစ်ယောက်တည်းတော့ ဖျင်းတယ်" ဟု မအေးစိန်က ပြောသဖြင့် ကျော်ဝင်းက စကားလာကို သိရှိကာ "ခေါ်ခဲ့ပါ့မယ်ဗျာ။ ကိုသိန်းဖေလည်း ပါပါစေ့မယ်" ဟု ပြောလိုက်သည်တွင် မအေးစိန်သည် မိမိ၏ရင်ဘတ်ကိုနှိပ်ကာ မျက်စိကိုမှိတ်လျက် "မသန်းမြင့် နှိပ်ပါဦး နှိပ်ပါဦး" ဟု ဆိုလိုက်သဖြင့်-

"ဘာပြုလို့လဲ" ဟု မသန်းမြင့်က မေးသောကြောင့် "ဝမ်းသာလုံးဆို့သွားလို့"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဖြေလိုက်မှ နောက်ပြောင်မှန်းကိုသိ၍ ရယ်မိကြလေ၏။

မအေးစိန်သည် ရင်ဝကို ဖိ၍ထားလျက်ပင် ဆက်လက်၍ "အမယ်. . . ခုထက်ထိ သူကြီး မငြိမ်သေးဘူး" ဟု ပြောင်သလိုလို ပြောလိုက်ရာ ကျော်ဝင်းက "ဘာ သူကြီး ငြိမ်မလဲ။ လူခွန် တောင်းမရလို့" ဟု နောက်လိုက်သဖြင့် ပျက်လုံးကျ၍ သွားလေ၏။

ထိုသို့ ရယ်မောနေကြစဉ်ပင် မအေးစိန်သည် ထိုင်ရာမှထလိုက်ရာ ကျော်ဝင်းက "နေ့ပါဦးလေ၊ အေးအေးဆေးဆေး စကားပြောပါဦး" ဟု ဆို၍ မသန်းမြင့်က "ဟုတ်သားပဲ၊ ဘယ်သွားစရာရှိလို့ ဒါလောက် အလျင်လိုနေတာလဲ" ဟု မေးမှ. . .

"ရေကူးသွားရဦးမယ်။ လာမယ့်ရေကူးပြိုင်ပွဲမှာ မစ်ဂျုန်းကိုသာအောင် ကြိုးစားမှ ဖြစ်မယ်။ သူကလွဲရင် ဘယ်သူမှ ကြောက်စရာ မရှိဘူး" ဟု ပြောပြောဆိုဆို ထွက်သွားသဖြင့် မသန်းမြင့်က "ဟုတ်တယ် ကိုကျော်ဝင်း၊ မအေးစိန် ဒီနှစ်ရေကူးပြိုင်ပွဲ ဝင်မလို့။ သူ အတော်ကူးနိုင်တယ်။ မော်လမြိုင်မှာနေကြတုန်းက နွေရာသီကျောင်းပိတ်ပြီလားဆိုရင် ကျိုက္ကမိ ပင်လယ်ကမ်းခြေမှာ နှစ်တိုင်းသွားပြီး ကစားတယ်" ဟု ပြောပြလေ၏။

ထိုအချိန်တွင်ကား ပုဂံကျောင်းဆောင်သားတို့သည် အလွန်အကျူး ပျော်မြူးလျက် ရှိကြလေ၏။ အဘယ်အကြောင်းကြောင့်ဟူမူ ထိုနေ့တွင် ပုဂံဆောင်ဘောလုံး အသင်းသားတို့သည် အင်းဝအဆောင်သားတို့နှင့် ယှဉ်ပြိုင်ကစားကာ ဖလားလုကြရမည်ဖြစ်သောကြောင့်ပေတည်း။ သိန်းဖေကား ကလေးမဟုတ် သူငယ်မဟုတ်ဘဲ ထိုသူတို့အထဲတွင် အကဲဆုံး ဖြစ်နေပေ၏။

အင်းဝအဆောင် ဘောလုံးအသင်းသားတို့သည်လည်း မိမိတို့အသင်း၏ တောင့်တင်းခြင်းကို အားကိုးကာ လွန်ခဲ့သည့် (၂) နှစ်တိုင်တိုင် ဗိုလ်စွဲခဲ့သော ပုဂံအသင်း၏ စံချိန်ကို ချိုးကြရတော့မည်ဟု အထူးဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြကာ ဘောလုံးမကစားမီ "ယဲလ်" ခေါ်သော ကြွေးကြော်သံ ပြုလုပ်ရန် စာဖတ်ခန်းတွင် စုဝေးကြလေ၏။ သိန်းဖေကဲ့သို့သော လူရွှင်တစ်ယောက်သည် စားပွဲခုံပေါ်သို့တက်၍ ရပ်ကာ လက်သီးဆုပ်များကို ဦးခေါင်းအထက်တွင် လှုပ်မြောက်ရင်း "အားဗား အားဗား" ဟု အသံတိုင်လိုက်ပြီးနောက် ဘယ်ဘက်သို့ လက်များချ၍လှုပ်ပြီး "ရား ရား ရား" ဟု အော်လိုက်ရာ ကစားသူများနှင့် ကျောင်းသားအချို့တို့သည်လည်း သံပြိုင်ဟစ်အော်ကာ လိုက်၍လုပ်ကြလေ၏။ ထိုမှတစ်ဖန် ညာဘက်သို့ လက်သီးဆုပ်များ ချတန်း၍လုပ်ကြကာ "အားဗား အားဗား။ ရား ရား ရား" သံပြိုင်ကြွေးကြော်ကြပြန်လေ၏။ ကျောင်းတော်သားတို့မှာ အလွန်တရာ အားတက်ပျော်ရွှင်လျက်ရှိကြကာ ဝဲယာယိမ်း၍ ကြွေးကြော်ကြသည့် "အားဗား အားဗား။ ရား ရား ရား" ဟူသော အော်သံများသည် တစ်ကျောင်းလုံး ပဲ့တင်ရိုက် ဟိန်း၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားအခြားသော ကျောင်းဆောင်သားတို့သည် မိမိတို့ အဆောင်များအတွက် မျှော်လင့်ချက်ကုန်ခန်းခဲ့ပြီ ဖြစ်သော်လည်း ထိုနှစ်သင်း၏ အကြိတ်အနယ် လုယက်ကစားကြခြင်းကို ကြည့်ရှုလိုကြသည့်အလျောက် ပြည်ကျောင်းဆောင်နှင့် ပုဂံဆောင်အကြားရှိ ဘောလုံးကစားသော ကွင်းပတ်လည်တွင် ညနေ (၄) နာရီခွဲအချိန်လောက်က စတင်ရောက်ရှိနှင့်ကြကာ စည်စည်ကားကားကြီး ဖြစ်နေလေတော့၏။ ထိုသို့ လာရောက်ကြည့်ရှုကြသော ကျောင်းသားပရိသတ်များထဲတွင် ပုဂံနှင့် အင်းဝအဆောင်သားတို့သည် မိမိတို့ အဆောင်များနှင့် သက်ဆိုင်သည့်အလျောက် ပိုမို၍ များပြားစွာ လာရောက်ကြလေ၏။

သိန်းဖေသည် ပုဂံဟူ၍ အင်္ဂလိပ်စာလုံးများဖြင့် ရေးသားထားသော ကြက်လျှာ အလံလေးကိုထူကာ မိမိအဖော်အပေါင်း အချို့တို့ကို ခေါင်းဆောင်၍ ဘောလုံးကွင်းသို့ လာခဲ့လေ၏။ ထိုအခိုက်တွင် သိန်းဖေ၏မိတ်ဆွေ အင်းဝအဆောင်သားတစ်ယောက်သည် သိန်းဖေအား တမင်နောက်ပြောင်လို၍ ၎င်း၏အလံကို လုယူပြီးပြေးလေရာ သိန်းဖေတို့ လူတစ်စုက “အင်းဝက အလံကိုခိုးတယ်ဟေ့” ဟု ဟစ်အော်ကြမှ ထိုသူသည် အလံချထားပြီး ပြေးသည်ကို ကြည့်ရှုရယ်မောရင်း ဘောလုံးကွင်းသို့ ရောက်ခဲ့ကြလေ၏။

ထိုညနေတွင် ရာသီဥတုမှာ သာယာစွာရှိလျက် နေရောင်ပွင့်လင်းနေသဖြင့် စိမ်းလန်းသော မြက်ခင်းကို ကြည့်ရသည်မှာ ကြည်နူးဖွယ်ရာ ဖြစ်ပြီးလျှင် ပွဲစ၍ မကစားမီ အပျော်ကိုးသွင်း၍နေကြသည်မှာ အားရစရာကြီး ဖြစ်ပေ၏။ ကျောင်းတော်သားတို့သည် ထိုသူတို့အား ကြည့်ရှုကာ နောက်ပြောင်အားပေးခြင်း၊ ဝမ်းသာအားပေးခြင်း စသဖြင့် ကိုးသွင်းတိုင်း တဖုတ်ဖုတ် လက်ခုပ်တီးပေးနေကြလေ၏။

ပွဲစ၍ ကစားလိုက်သည်နှင့်တစ်ပြိုင်နက် နှစ်ဘက်စလုံး သွက်လက်လျင်မြန်စွာ ပြေးလွှားနေကြသည်ကို တွေ့ရလေ၏။ ဘောလုံးမှာ ရပ်နားနေရသည် မရှိဘဲ ထိုမှ သည်မှ လူးလာပျံ့သန်း၍နေပြီးလျှင် များသောအားဖြင့် ပုဂံအသင်း၏ ဂိုးစည်းနားတွင် ရစ်ဝဲ၍နေလေ၏။ အင်းဝကျောင်းဆောင်သားတို့မှာ အားရရွှင်လန်းလျက်ရှိကာ “အားဟား အားဟား၊ ရား ရား ရား” ဟု ဆူ၍လာကြလေ၏။ ပုဂံကျောင်းဆောင်သားတို့မှာကား အသည်းတထိတ်ထိတ်နှင့် တိတ်ဆိတ်၍နေကြလေတော့၏။

ထိုအခိုက်တွင် သိန်းဖေသည် အဘယ်မှ ခွေးတစ်ကောင်ရှာ၍ ရလာသည် မသိ၊ ထိုခွေးကို ကစားနေသော ကွင်းထဲသို့ လွှတ်ပေးလိုက်ရာ၊ တစ်ကွင်းလုံး ဝိုင်း၍ လက်ခုပ်တီးပေးကြသဖြင့် ခွေးမှာ ထွက်ပေါက်ရှာ၍ မရတော့ဘဲ ဟိုမှသည်မှ ပြေးလွှားနေကာ ရောက်လေရာမှ လက်ခုပ်တီး၍ မောင်းထုတ်သောကြောင့် ခွေးမှာ ကစားသူတို့၏အကြားတွင် ယောက်ယက်ခတ်နေသည်ကိုကြည့်၍ ရယ်မောနေကြရလေ၏။

ခွေးကလေးမှာ လူလန့်ပြီး ပြေးနေရသဖြင့် လျှာအလျားသားထွက်နေကာ

www.burmeseclassic.com

www.burmeseclassic.com

ကစားသူတို့မှာလည်း ခွေးယောက်ယက်ခတ်သဖြင့် ကစား၍မရနိုင်ဘဲ ပွဲပျက်မတတ် ရှိစဉ် ခွေးလည်း မောလှသဖြင့် ကွင်းလည်ခေါင်တွင် ငုတ်တုတ်ထိုင်၍ အမောဖြေနေသည်ကိုကြည့်ကာ တဝါးဝါး ရယ်မဆုံးနိုင် ရှိကြလေ၏။ သိန်းဖေမူကား အားရ၍ မဆုံးနိုင်ဘဲ "ဖေကြဲတာဗျ၊ ဖေကြဲတာ" ဟု ဆိုကာ ကတော့မလိုလို၊ ခုန်တော့မလိုလို ရှိနေစဉ် ပုဂံဘက်မှအလစ်တွင် ဘောလုံးကိုသုတ်ပြီး အင်းဝဘက် ဂိုးပေါက်တည့်တည့်တွင် တအားသိမ်းကျုံး၍ သွင်းလိုက်ရာ "ဂိုး" ဟူသော အသံကြီး ပေါ်လာသည်နှင့် တစ်ပြိုင်နက် သိန်းဖေမှာ ကျွမ်းထိုးပြီးသား ဖြစ်နေကာ လူအများအကြားမှနေ၍ ကွင်းထဲသို့ လေးငါးခြောက်ပတ် လိမ့်၍လာသည်ကို ရယ်၍ နေကြရပေတော့၏။

ခွေးကလေးသည်လည်း "ဂိုး" ဟူသော တစ်ခဲနက်အသံကြီးကြောင့် တက္ကသိုလ်နယ်မြေအတွင်း၌ ကျက်စားလေ့ရှိသော ခွေးသတ်ဗိုလ်၏ သေနတ်သံကို ကြားလိုက်ရဘိသကဲ့သို့ လန့်ဖြတ်သွားကာ စွပ်မိစွပ်ရာ ကန်ဆောင့်၍ပြေးရင်း လူတောထဲသို့ ဝင်၍ တိုးမိသည်တွင် ထိုင်၍ကြည့်နေသော ကျောင်းသားတစ်ယောက်မှာ ခွေးတိုးခံရသဖြင့် ဖင်ထောင်ပြီး ပက်လက်လန်၍ လဲသည်ကို ထိုအနားတစ်ဝိုက်တွင် ရယ်ပွဲကြီး ဖြစ်ရပြန်လေ၏။

ပုဂံမှာ အားတက်လာသလောက် သိန်းဖေမှာ ပျော်မြူးဟစ်အော်အားပေး၍ မဆုံးနိုင်အောင် ရှိလေ၏။ အင်းဝမှာ တစ်ဂိုးအရှုံးပေးထားရပြီး ဖြစ်သဖြင့် ပြန်၍ချေနိုင်အောင် အကြိတ်အနယ် ကြိုးစား၍ ကစားကြလေ၏။ သို့ဖြစ်၍ ပုဂံမှာ ခုခံ၍သာ ကစားနေရသည့်အတွက် အတိုက်အခိုက် မရှိသောကြောင့်လည်းကောင်း၊ အင်းဝမှာ ပုဂံ၏နောက်ခံလူများကို ဖြိုဖျက်၍မရနိုင်သောကြောင့်လည်းကောင်း ပထမနာရီဝက် ကုန်ဆုံးသွားသည့်တိုင်အောင် တစ်ဖက်ကိုတစ်ဖက် နောက်ထပ်၍ မသွင်းနိုင်တော့ဘဲ အင်းဝမှာ တစ်ဂိုးရှုံးလျက် ရှိနေလေတော့၏။

နာရီဝက်တွင် ဂိုးပြောင်း၍ ကစားကြသည့်အခါ သိန်းဖေတို့လူစုသည် ပုဂံနှင့်အတူလိုက်၍ နေရာရွှေ့ပြောင်းလျက် ဂိုးနောက်က ကြည့်ကြလေ၏။ ထို့အတူ အင်းဝဆောင်သားတို့သည်လည်း နေရာပြောင်းရွှေ့၍ ကြည့်ကြလေ၏။

ဆက်လက်၍ ကစားကြသောအခါတွင် အင်းဂဆောင်မှာ အတော်ကလေး အမောပြေ အားပြည့်လာကြပြီ ဖြစ်သောကြောင့် ပိုမို၍ သွက်လက်လျင်မြန်စွာ ကြိုးစားကြလေ၏။ အင်းဝမှာ အရှုံးနှင့် ကစားကြရသည် ဖြစ်သောကြောင့် ပုဂံဆောင်မှအပ ဖြစ်သော အဆောင်သားတို့သည် အင်းဝဘောလုံး သယ်ယူလာတိုင်း စိတ်အားထက်သန်စွာ အားပေးကြလေ၏။ တစ်ဖြောက်ဖြောက်တီးသော လက်ခုပ်သံများသည် ကစားသူတို့အား မမောနိုင် မပမ်းနိုင် ဖြစ်စေလေတော့၏။

သိန်းဖေမှာ အသည်းတထိတ်ထိတ်နှင့် ရှိနေလေ၏။ အနိုင်ရထားသော ဂိုးကလေး ပြန်၍ပါသွားမည်ကို အတော်ပင် စိုးရိမ်မိသောကြောင့် "ဂိုးအွန့်"၊ "ဟား

www.burmeseclassic.com

www.burmeseclassic.com


ရိုးအပ်"၊ "ကဲရိုးအွန်"၊ "ရွှတ်အစ်"၊ "အို" ဟူသော အော်ဟစ်တိုက်တွန်းသံများသည်လည်းကောင်း၊ "ချက်ဟင်"၊ "ဝေါရိုးဟင်" ဟူသော သတိပေးသံများသည်လည်းကောင်း သိန်းဖေ၏ ပါးစပ်ထဲမှ အဆက်မပြတ်လိုလိုပင် ထွက်၍လာလေကုန်၏။

ထိုစဉ်ခဏတွင် အင်းဝဘက်မှ တစ်ရှူးထိုးသယ်၍လာလေ၏။ "ကန်းမွန်အားဗား ကန်းမွန်ဘွိုင်းစ်၊ ဝေးပေးရွှတ်၊ ဂိုး ဂိုး ဂိုး" ဟူ၍ ဆူပွက်သွားကာ အင်းဝဘက်မှ ထ၍ခုန်သူခုန်၊ ကသူက၊ ကွမ်းထိုးသူထိုး၊ ဖိနပ် ဦးထုပ် လွှင့်မြှောက်သူမြှောက်နှင့် အားရပျော်ရွှင်မြူးခြင်းကို ပြုကြလေ၏။ သိန်းဖေမှာ မကျေနိုင် မချမ်းနိုင်ဖြစ်၍ နေလေတော့၏။

အင်းဝဆောင်သားတို့၏ "ယဲလ်" ဟစ်သံများပေါ်၍လာလေ၏။ တစ်ဘက်နှင့်တစ်ဘက် သရေဖြစ်နေသဖြင့် ကြည့်ရှု၍ အကောင်းဆုံး ဖြစ်နေလေ၏။ ပုဂံဆောင်သားတို့လည်း မိမိတို့အသင်းသားများအား "ပုဂံကွဲကွ" "သံမဏိကွ" စသည်ဖြင့် နာမည်အမျိုးမျိုးပေးကာ အားတက်အောင် ပြုလုပ်နေကြရလေ၏။ သို့နှင့် ပွဲပြီးလုနီးသို့ ရောက်သောအခါ "ဂိုး" ဟူ၍ ပုဂံဘက်မှ ထ၍ဟစ်အော်ကာ လက်ခုပ်တီးကြရပြန်လေ၏။ သိန်းဖေမှာမူ ထိုအခါမှ ပြန်၍ရယ်မောနိုင်ကာ ဘောလုံးပွဲ၏ ထုံးစံအတိုင်း တစ်မိနစ် တစ်စက္ကန့်အတွင်းမှာပင် အရှုံးအနိုင် အမျိုးမျိုးပြောင်းလဲနိုင်သောကြောင့် အနိုင်နှင့်ပိုင်းရန် "ဘန်ကေးဟော့၊ ဘေးကန်ပါဟ" ဟု ဘေးကန်၍ထုတ်ရန် ဟစ်အော်လေတော့၏။

အင်းဝအဆောင်သားတို့မှာ စိတ်အားမလျှော့ကြဘဲ အထူးကြိုးစား၍ အကြိတ်အနယ် ကစားကြသဖြင့် "ယဲလ်" ဟစ်သံနှင့် အားပေးလက်ခုပ်တီးသံများမှာ ပွဲပြီးတော့မည့်အချိန်သို့ ကပ်၍လာလေလေ ဆူညံ၍လာလေလေ ဖြစ်နေပေတော့၏။ ပုဂံဆောင်သားတို့မှာ မော၍နေပြီဖြစ်သဖြင့် အင်းဝဘက်မှ ချေလိုက်လျှင် ပြန်၍သွင်းနိုင်ဖို့ ခက်ပေတော့၏။ ပွဲမှာ ပြီးခါနီးလေ ကြည့်၍အကောင်းဆုံးဖြစ်လေရှိကာ ကြည့်သူတို့မှာ အသည်းတယားယားနှင့် ရှိကြလေ၏။

အင်းဝမှာ ဖိ၍ကစားလာကြလေ၏။ ပုဂံဆောင်မှာ မနည်းကြိုးစား၍ ခုခံရလေတော့၏။ ထိုအခိုက်တွင် လက်ခုပ်သံများ ဆူညံ၍လာလေ၏။ အင်းဝသည် ဘောလုံး ရသွားပြီ ဖြစ်ပေ၏။ ပုဂံဆောင်သားတို့မှာ ငေး၍နေကြရလေ၏။ "စတဲဒီးရွှတ်" ဟူ၍ ပိုင်းဝန်း ဟစ်အော် အားပေးသံနှင့်တကွ "ဂိုး" ဟူသော အသံပွင့်ထွက်၍သွားလေ၏။ သို့ရာတွင် ဘောလုံးမှာ ဂိုးထဲသို့ မဝင်ဘဲ ဂိုးစောင့်၏လက်ထဲတွင် သားပိုက်သကဲ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားသောကြောင့် "ဟာ" ဟူသော ကြီးကျယ်လှသည့် အာမေဋိတ်သံကြီး ဖြစ်ပေါ်သွားလေ၏။ "ဝဲလ်ဆေးဗ် ဂိုလီ" ဟူသော ဩဘာသံသည် ပုဂံကျောင်းဆောင်သားတို့ ပါးစပ်မှ လျှံထွက်လာလေ၏။ သိန်းဖေမူကား ကျယ်လောင်စွာ ဖျစ်ညစ်၍ တဟားဟားရယ်လျက် "ဂိုး ဂိုး" ဟု နောက်၍နေလေ

www.burmeseclassic.com

တော့၏။

ပြန်၍ကစားမည်ပြုစဉ်ပင် ရှိခနဲ ခရာမှုတ်လိုက်သဖြင့် "ဝေးဟေးဟေးဟေး" ဟူသော ညာသံကြီးသည် ယူနီဗာစီတီတစ်ဝိုက်လုံး ကြားရအောင် ထွက်ပေါ်လာလေ၏။ ပုဂံမှာ အနိုင်နှင့် ပွဲသိမ်းခဲ့ရသဖြင့် "အားဗား အားဗား။ အပျော့ အပျော့" ဟူ၍ ပြောင်လှောင် ဟစ်အော်ကြလေ၏။

"ဂိုး ဂိုး ဂိုးလား မောင်ရေ့၊ နိုင် နိုင် နိုင်တယ် မောင်ရေ့" ဟူ၍ သံချပ်ထိုးကာ သိန်းဖေသည် ကွင်းဘေးပတ်လည်လျှောက်၍ က,လေတော့၏။ အခြားသူတို့မှာ ၎င်းအား လက်ခုပ်တီး၍ပေးကြရလေ၏။ ဘောပွဲမှာ နိုင်သဖြင့် စိတ်ပျော်လက်ပျော်ရှိကြကုန်သော "ဖိုးကချင်" တစ်စုတို့သည်လည်း သိန်းဖေနှင့် တွဲဖက်ကာ ကွေး၍နေအောင် က,ကြလေ၏။

"ရန်နီမာရီ လေးလေး"

"ဘေလေဆပ် ဘေလေဆပ်"

"ဒန့်ဒလွန်သီး ကပ်ကူရန်ခြောက်"

"ဘေလေဆပ် ဘေလေဆပ်"

"ရေပန်နီ ကိုးတောင်ထွာ"

"ဘေလေဆပ် ဘေလေဆပ်"

"ပုဂံကျောင်းက ဖလားယူဗျ"

"ရှုံးတဲ့သူမှာ ငိုမဲ့ ငိုမဲ့"

"သုံးထောင်သချ်ာ ရေဝန္တာဗျ" ဟု တစ်ယောက်က တိုင်လိုက်ရာ "အာဏာစု လက်ဝါးစုဗျ" ဟု ဖောက်လိုက်ပြီးမှ သံချပ် မဟုတ်သည်ကိုသိပြီး တဝါးဝါး ရယ်မောကြကာ "ဟေလာမောင်ရို့ဝါး" နှင့်သိမ်းရင်း ပုဂံဆောင်သို့ ရောက်လာကြလေ၏။

ပုဂံကျောင်းဆောင်ပေါ်သို့ တက်ရောက်ကြသောအခါတွင် သံချပ်သံများ ပ,ပျောက်၍သွားကာ သီချင်းဖျက်၍ဆိုလျက် လှည့်ပတ်က,ကြပြန်လေ၏။ သိန်းဖေမှာ မေးငေါ့ ခြေထိုးအမျိုးမျိုးဖြင့် အငြိမ့်မင်းသမီး ရုပ်ရှင်ဟန်ဖြင့် က,သကဲ့သို့ ကြောက်သလိုလို မူသလိုလို ပြုံးသလိုလို ပြေး၍လိုက်လာချင်သလိုလို ဖင်လှုပ် ရင်လှုပ်၍ က,သည်ကို ပွဲကျ၍နေကြလေတော့၏။

ကျော်ဝင်းမှာ ဘောလုံးပွဲသို့ မရောက်သောကြောင့် ဆူညံ၍လာကြသံကို ကြားရမှ ဘောလုံးနိုင်၍လာသည်ကိုသိကာ ကခုန်၍လာသူများထံသို့ ဝမ်းသာအားရ ပြေး၍လာလေ၏။

သိန်းဖေကလည်း နှစ်ပေါင်းများစွာ ကွဲကွာနေသော သမီးရည်းစားတစ်ယောက်ကို ယခုမှ တွေ့ရသကဲ့သို့ ပြုံးရွှင်၍ပြေးသွားကာ ကျော်ဝင်းအား ဖက်ပြီးလျှင် "ဒန့်စ်" က,သကဲ့သို့ မွှေ့၍ရမ်းရာ ကျော်ဝင်းကို မနိုင်၍ နည်းနည်းမှ မရွေ့ဘဲရှိပြီး၊

www.burmeseclassic.com



ကျော်ဝင်းက ဆွဲမွှေ့၍ ချာလပတ် လည်သွားသောကြောင့် ဟက်ဟက်ပက်ပက် ရယ်မောကြလေ၏။

ထိုအခိုက်တွင် အနီးရှိ အခန်းထဲမှ ကျောင်းသားတစ်ယောက်က ၎င်း၏ အခန်းထဲသို့ ခေါ်သဖြင့် ပြုံး၍ဝင်သွားကြကာ အချို့က "ယူကဲလီ" နှင့် "ဘင်ဂျို" များ ယူလာကြပြီး အင်္ဂလိပ် ကကြိုးတီး၍ပေးကြလေ၏။ သိန်းဖေနှင့် ကျော်ဝင်းတို့သည် ဗိုလ်မကျ၊ ဂေါ်ရင်ဂျီမကျ ခုန်ဆွ ခုန်ဆွနှင့် တွဲ၍ကပြီး အဆုံးတွင် တစ်ယောက်ကို တစ်ယောက် အားရပါးရဖက်၍ နမ်းရှုပ်လိုက်ကြသဖြင့် "အင်းကိုး" ဟု ဩဘာပေးကြလေကုန်၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ဝေးဟေးဟေး၊ ဟဖ်ဟောလီဒေး" ဟု အားရဝမ်းသာစွာ အော်ဟစ်လိုက်ကြသောအသံသည် တက္ကသိုလ်ကျောင်းကြီး၏ ကြော်ငြာသင်ပုန်းများ ထားရှိနေရာမှ ထွက်ပေါ်လာလေ၏။ ထိုကြွေးကြော်သံသည်ကား ဘီအေအေ ဘောလုံးကွင်းတွင် ကောလိပ်နှင့် ပုလိပ်ကြီးတို့ ယှဉ်ပြိုင်ပြီး ဖလားလုကြရမည့်နေ့ ဖြစ်သောကြောင့် နေ့တစ်ဝက် ကျောင်းပိတ်လိုက်သည်ဆိုသော အမိန့်စာကို တွေ့ရှိဖတ်ရှုကြရကုန်သော ကျောင်းသားတစ်စုတို့၏ ကြွေးကြော်သံပင် ဖြစ်ပေတော့၏။

ကောလိပ်မှာ ယှဉ်ပြိုင်မည့်သူ မရှိဘဲ ဖလားကြီးကို ရတော့မည် ဖြစ်နေပြီးမှ နောက်ဆုံးအပတ် စစ်သားတို့နှင့် ကစားကြရာတွင် မိမိတို့ကိုယ်ကို မိမိတို့ အယုံအကြည်လွန်လျက် အပျော့ထား၍ ကစားခဲ့မိကြသဖြင့် ထင်ကြေးနှင့် မကိုက်ဘဲ ရေတိမ်တွင် နစ်ကာ အရှုံးခံခဲ့ကြရသောကြောင့် ပုလိပ်ကြီးနှင့် အမှတ်ချင်းတူညီ၍နေသည့်အတွက် ဖလားလုရန် ဖိုင်နယ်တက်ရခြင်းပင် ဖြစ်ပေ၏။

စစ်သားတို့နှင့် ကစားစဉ်က နှစ်ဖက်စလုံး ခပ်ကြမ်းကြမ်း ကစားကြသည့်အတွက် ကျော်ဝင်းမှာ ခြေနာ၍ပင် သွားလေသေး၏။ ထိုသို့ ကျော်ဝင်း ခြေနာသည့်အတွက်လည်း ကျောင်းသားများမှာ မွန်ထူ၍ ရမ်းကုန်ကြသဖြင့် မရှုံးသင့်ဘဲ ရှုံးခဲ့ရလေရာ ယခု ပုလိပ်ကြီးနှင့် ယှဉ်ပြိုင်ရမည့်အခါတွင် အထူးကြိုးစား ကစားကြရန် နေ့စဉ် လေ့ကျင့်အားမွေးခဲ့ကြလေ၏။

သို့နှင့် ဖလားလုရမည့်နေ့သို့ ရောက်သောအခါ လူအပေါင်းတို့၏ ပါးစပ်ဖျားတွင် ဘောလုံးပွဲအကြောင်းကိုသာလျှင် ပြောဆိုနေကြပေတော့၏။ သတင်းစာများတွင်လည်း ဘောလုံးဝါသနာခဲတို့သည် သတိပေးချက်နှင့် ထင်မြင်ချက်များ ရေးပေးကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းမှာ ခြေနာနေသဖြင့် ကောလိပ်ဘက်မှ ပါဝင်ကစားနိုင်မည်မဟုတ်။ ပုလိပ်ကြီးဘက်မှ ဘဦး ကစားလိမ့်မည်ဟု သတင်းရသည်။ လွန်ခဲ့သော အပတ်များက ပုလိပ်ကြီးနှင့် ကစားခဲ့သော အခြေအနေနှင့် ယခုအခြေအနေ နှိုင်းယှဉ်လျှင် ကောလိပ်တို့ စိုးရိမ်ရသည်။ စစ်သားတို့ကိုပင် ရှုံးခဲ့သဖြင့် မနိုင်နိုင် စသော အရေးအသား အပြောအဆိုများကို ဆွေးနွေးပြောဆိုကြလေကုန်၏။ သို့ဖြစ်ရကား ထိုနေ့ကစားမည့်ပွဲမှာ မြန်မာတစ်ပြည်လုံး အာရုံစိုက်နေသော ပွဲပေတည်း။

ဘောလုံးကွင်းကြီးတွင် ညနေ (၃) နာရီခွဲ အချိန်လောက်ကပင် စတင်၍ လူတိုးနေလေတော့၏။ မီးရထားပေါင်းကူးတံတားကြီး၏ အလယ်လမ်းနှင့် ဆူးလေဘုရားလမ်း ကုန်းတံတားကြီး၏ ဝဲဘက်တွင် ဘောလုံးကွင်းသို့ သွားရောက်ကြသော ပရိသတ်တို့ဖြင့် ပြည့်ကြပ်နေလေတော့၏။ မော်တော်ကား၊ လန်ချားတို့မှာလည်း အဆက်မပြတ် သွား၍နေကြလေကုန်၏။

"ဘောလုံးပွဲကို၊ ဘောလုံးပွဲကို" ဟူသော ဘတ်စ်ကားစပယ်ယာတို့ အော်သံများမှာ ဆင်ခြေဖုံးအရပ်များက စတင်၍ ဆူညံလာကြလေ၏။ လိုကယ်မီးရထားဆိုက်တိုင်း ပါ၍လာကြကုန်သော ဘောလုံးပွဲကို ကြည့်ရန်လာသူတို့သည် မရေမတွက်နိုင်အောင် ရှိကြလေ၏။ သစ်ပင်ပေါ်မှ တက်ရောက်၍ ကြည့်သူတို့သည် စောစောကပင် နေရာကောင်း ယူထားကြ၍ ကွင်းမြောက်ဘက် အုတ်တံတိုင်းပေါ်ရှိ "ဘုန်းကြီးစတင်း" မှာကား ဝါထိန်၍နေလေ၏။

ဘောလုံးကွင်းထဲ၌ စကားပြောသံ၊ ဈေးသည် အော်သံများဖြင့် ဆူညံ၍နေလေ၏။ မတ်တန်းတွင်ကား လူများပြည့်ကြပ်နေကာ ဦးခေါင်းကလေးများကိုသာ မြင်ရပေ၏။ ကြည့်သူတို့မှာ ချွေးတဒီးဒီးနှင့် လူနံ့ နံစော်ခြင်းကို နှာခေါင်းရှုံ့၍ခံကာ တညည်းညည်းတညူညူဖြင့် စောင့်စားကြလေတော့၏။

အတန်းတိုင်းလိုပင် ကျောင်းတော်သားတို့သည် ကိုယ့်လူချင်း လူစုဝေးကာ ဆူညံ၍နေကြလေ၏။ ကျောင်းတော်သူကလေးတို့မှာ ဝင်၍လာတိုင်း ဩဘာပေးခံကြရလေ၏။ သိန်းဖေသည်ကား မအေးစိန်၊ မသန်းမြင့်တို့နှင့်အတူ "ဂရင်းစတင်း" ထဲသို့ စတိုင်တင်းတင်းနှင့် ဝင်၍လာလေရာ ငါးမူးတန်း၊ မတ်တန်းဘက်ဆီမှ ကျောင်းတော်သားတို့၏ လက်ခုပ်တီးသံများ၊ "ဖိုးအိဟေ့ ဖိုးအိ" ဟု အော်သံများ ထွက်ပေါ်လာပြီးလျှင် ငါးမူးတန်းဘက်မှ "ကြွားတယ်ဟေ့" ဟု အော်ပွက်ပြီး ရယ်သံများကို ကြားကြရလေ၏။

သိန်းဖေမှာ မသန်းမြင့်တို့ကို ဘောလုံးပွဲပြရန် ခေါ်၍လာခဲ့ရသဖြင့် ဟန်လုပ်၍နေရသောကြောင့် အခြားကျောင်းသားတို့၏ ပျော်မြူးခြင်းကို အားကျသွားရည်ယိုကာ ထိုသို့ မပျော်ရသည်ကို မခံချိမခံသာ ယားကျိကျိ ဖြစ်၍နေရှာလေ၏။

ထိုအခိုက် ပို၍ဆူညံသော လက်ခုပ်သံများကို ကြားရသဖြင့် အဝင်ပေါက်သို့

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ရာ ဘဦးနှင့် မိမိတို့ တွဲခုတ်လာသည်ကို တွေ့ရသဖြင့် သိန်းဖေနှင့်တကွ မသန်းမြင့်တို့က မိမိတို့နှင့်အတူထိုင်ရန် အားရရွှင်လန်းစွာ ခေါ်ကြလေ၏။

"အိုင်ဆေး ကိုဘဦး။ ခင်ဗျား ပုလိပ်ကြီးဘက်က ကစားမယ်ဆိုပြီး မကစား တော့ဘူးလား"

"ဒီကနေ့တော့ဗျာ၊ ကျောင်းနဲ့ ကစားရမှာမို့ ကျွန်တော် မပါရင် ကောင်းလိမ့် မယ်ထင်လို့ မကစားတာဘဲ"

"ခင်ဗျား မပါတာ သိပ်ခွကျ သွားတာပဲ။ အားလုံးက ခင်ဗျားနဲ့ ကိုကျော်ဝင်း တွေ့ကြရင် ဘယ်လိုကစားကြမယ်ဆိုတာ သိပ်ပြီး မျှော်နေကြတာ" ဟု ပြောဆိုနေစဉ် လက်ခုပ်သံ၊ မီးအိုးဖောက်သံများ တစ်ကွင်းလုံး ဆူညံသွားလေ၏။ အကြောင်းကား ဘောလုံးကစားသူများ ကွင်းထဲသို့ မီးရထားခုတ်သလို စီတန်းကာ ပြေး၍ဆင်းလာကြ သည်ကို တွေ့ရသောကြောင့် ဖြစ်ပေ၏။ ကောလိပ်သင်းတွင် ကျော်ဝင်း ပါလာသည်ကို တွေ့ကြရသောအခါတွင် အားရစွာ ထ၍အော်ကြလေ၏။

မကြာမီ ပွဲကြီးစ,လေ၏။ ဘောလုံးပွဲကို ပုလိပ်တို့ဘက်က စ၍ကန်ကာ ကောလိပ်တို့က တောင်ဘက်မှ ခုခံကစားကြလေ၏။ ပွဲစ၍ ကစားစဉ် တစ်ဘက်ကို တစ်ဘက် ရွံ့နေကြသဖြင့် ကစားသူအားလုံးမှာ ပျာ၍နေကြကာ ဘောလုံးမှာလည်း အသားမကျသေးဘဲ ယောက်ယက်ဆန်လူးလာ ပျံသန်းနေလေ၏။

"တစီတီ၊ တစီတီ၊ ရား ရား ရား" ဟူသော အသံများသည် ကျောင်းတော် သားတို့ကို အားပေးကြလေ၏။ ကောလိပ်တို့သည် အားတက်သရော လျှင်မြန်သွက် လက်စွာ ကြိုးစားလာကြလေ၏။ သို့ရာတွင် ပုလိပ်ကြီးသည် ခြေရည်တူချင်း ဖြစ်သဖြင့် သူရလိုက် ငါရလိုက်နှင့် ရှိ၍နေလေတော့၏။

ထိုသို့ရှိကြရာက "ဟာ ကောလိပ် ကံဆိုးတာပဲ" ဟူ၍ ပြောကြရလောက် အောင် ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းပြီး မိုးစ,၍ ရွာလာလေ၏။ မိုးသည် တဖြည်းဖြည်း သည်းထန်၍လာလေရာ ပုလိပ်ဘက်မှ ဂိုးစည်းရှေ့တွင် ရေဝပ်၍နေသဖြင့် ကောလိပ် တို့မှာ ဘောလုံးရ၍သွားသည့်တိုင်အောင် ဂိုးသွင်း၍ မဖြစ်နိုင် ရှိလေ၏။ ဘောလုံးမှာ ရေဆွဲ၍ထားသဖြင့် ကန်သလောက် မပြေးဘဲရှိသည့်ပြင် တစ်ချီတစ်ချီ အားရပါးရ ပစ်၍ကြုံးလိုက်သည့်အခါ ဂိုးပေါက်တစ်လွဲ ဘောလုံးတစ်ခြားဖြစ်၍သာ နေလေ၏။

ကျောင်းသားတို့မှာ ဘောလုံးကိုသာ အာရုံစိုက်၍နေကြသဖြင့် နယ်လွန် လျက် ရှိကြလေရာ ဘောလုံးကျွံ၍ ထွက်လာသည့်အခါတွင် မှီအောင်ပြန်၍ မလိုက်နိုင် ဘဲရှိကာ ဘောလုံးသည် ပုလိပ်၏ခြေတွင် ပါလာလေ၏။ ဂိုးစောင့်သူမှာ အားကိုးရာမဲ့ ဖြစ်၍နေကာ၊ ထွက်၍ လိုက်သော်လည်း ရေထဲတွင် ဘောလုံးချော်၍သွားသဖြင့် မတတ်နိုင်တော့ဘဲ ရှိသည့်အတွက် ပုလိပ်ဘက်မှ အေးအေးကလေး ကပ်ပြီးသွင်းလိုက် ရာ လက်ခုပ်သံများ ဆူညံ၍သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်တို့မှာ နိုင်သူကို အားပေးကြရသော်လည်း အတော်ပင် စိတ်ပျက်မိကြလေ၏။ လောင်းစားထားသူတို့မှာကား မှိုင်တွေချ၍နေကြရလေ၏။ "ကောလိပ်သွားပြီ" ဟူသော မှတ်ချက်မှာ ဟိုဟိုဒီဒီ ပြောဆိုကြခြင်းပင် ဖြစ်လေ၏။

မသန်းမြင့်မှာ အားငယ်၍သွားလေ၏။ ကျောင်းအတွက် စိုးရိမ်ကာ ဘဦးနှင့် သိန်းဖေတို့၏မျက်နှာကို တစ်လှည့်စီကြည့်ပြီး "ကျောင်းက နိုင်ပါဦးမလား" ဟု မေးလေ၏။

ဘဦးသည် ဆက်လက်ကစားကြသည်ကို မျက်တောင်မခတ်ကြည့်ရင်း "အို တစ်ဂိုးလောက်နဲ့တော့ အရေးမစိုက်လောက်သေးပါဘူး" ဟု ပြန်ပြောရာက "ဟော ဟော ကိုကျော်ဝင်း ရသွားပြီ၊ ရသွားပြီ" ဟု ပြောသဖြင့် ကြည့်လိုက်ကြရာ ကျော်ဝင်းသည် ဘောလုံးကို လျင်မြန်စွာ သုတ်ယူသွားသည်ကို တွေ့ကြရကာ လက်ခုပ်မတီးဘဲ မနေနိုင် ရှိကြလေ၏။

ကောလိပ်တို့မှာ တစ်ဂိုး အဝင်ခံရမှ အစွမ်းကုန် အားထုတ်ကြိုးစားကြစမြဲဖြစ်သည့်အတိုင်း ရင်ဘောင်တန်း ချီတက်ကာ အပြန်အလှန်ပေး၍ ကစားသွားကြပြီး ပုလိပ်တို့ ဂိုးသွင်း၍ (၂) မိနစ်မျှ မကြာသေးမီပင် ကျော်ဝင်းမှတစ်ဆင့် လက်ဝဲဘက်အတွင်းလူ၏ခြေထဲသို့ ဘောလုံးရောက်ကာ ဒေါင့်တန်းထိုးတန်းအောက်မှကပ်၍ သွင်းလိုက်ရာ ပုလိပ်ဂိုးစောင့်မှာ မဖမ်းနိုင်တော့ဘဲ ဝမ်းလျားထိုး လဲသွားသည့်တစ်ခဏ၌ ပိုက်ထဲသို့ ဘောလုံး ဝင်သွားလေ၏။

"ဂိုး ဂိုး ဂိုး" ဟု ထ၍အော်ကြသည်မှာ နားပွင့်လုမတတ်ရှိပြီး မီးအိုးဖောက်သံ၊ လင်ကွင်းသံ၊ နှဲသံတို့မှာ ဟိုက ဒီက ပေါ်ပေါက်လာလေ၏။ ငါးမူးတန်းဘက်ရှိ ကျောင်းတော်သားတို့၏ အားပေးကြွေးကြော်သံများမှာ တစ်ခဲနက် ပေါ်ထွက်လာပြန်လေ၏။

ထိုအခါမှ နှစ်ဖက်စလုံး အကြိတ်အနယ် ကစားလာကြလေရာ၊ ကြည့်ရသည်မှာ ရင်ဖိုအသည်းယားလောက်အောင် ကောင်းလှပေတော့၏။ သို့ရာတွင် ကောင်းနေဆဲ နာရီဝက်ပြီးသွားသဖြင့် ဆန့်တငန့်ငန့်ကြီးဖြစ်၍သွားကြလေကုန်၏။

ခေတ္တနားနေသော အချိန်အတွင်း မိုးစဲစပြုလာ၏။ ကျောင်းသားတို့ အားပေးကြွေးကြော်သံများမှာ အာသာပြတ်၍နေသော ငါးမိနစ်အတွင်း ပရိသက်ကို အပျင်းပြေအောင် ဖန်တီးနေလေတော့၏။

အချိန်စေ့သဖြင့် ဂိုးပြောင်းပြီး ကစားသည်တွင် နှစ်ဖက်စလုံး အနားယူလိုက်ကြသဖြင့် အားပြည့်၍လာကြကာ သွက်လက်စွာ ကစားကြသည်ကို တွေ့ရလေ၏။ ပုလိပ်တို့သည် ဖိ၍ကစားကြသဖြင့် ကောလိပ်ဂိုးရှေ့တွင် ရစ်ဝဲ၍နေကြကာ ပရိသတ်တို့မှာ အသက်မှန်မှန်မရှူနိုင်အောင် ရှိရသည့်အထဲက လူအများ အံ့အားသင့်လောက်အောင် ကောလိပ်တို့က တစ်ဂိုးရသွားရာ တစ်ခဲနက် ပွက်ထွက်လာသော ဩဘာသံကြီးမှာ ဘောလုံးကွင်း၏ တစ်မိုင်ပတ်လည်အတွင်း၌ ကြက်သီးထလုခမန်း ကြားရပေ

www.burmeseclassic.com

တော့၏။ ကသူက၊ ခုန်သူခုန်၊ ထီး၊ ဖိနပ်၊ ဦးထုပ် လွှင့်မြှောက်သူ မရှားဘဲ ရှင်ပျံ၍ နေကြလေကုန်၏။

မသန်းမြင့်တို့ လူတစ်သိုက်မှာကား ပြုံးပြုံးပြုံးပြုံးနှင့် ဝမ်းသာ၍မဆုံးနိုင်ဘဲ ရှိကြလေ၏။ ယခုမှပင် ကွင်းကြီးတစ်ခုလုံး ရယ်နိုင်မောနိုင် ရှိလေ၏။ ကောလိပ်ဘက်မှ ဘောလုံးရတိုင်း ဩဘာသံများ အားရစရာကောင်းလှသည့်ပြင် ပုလိပ်ခြေထဲသို့ ရောက်သွားသည့်အခါ "ဟင်. . . ဟာ" ပြုလုပ်သံများ တစ်ညီတည်း ထွက်လာလေ၏။ တစ်ခါ တစ်ရံ ဂိုးသွင်းတော့မည့်ဆဲဆဲ၊ အားခဲ၍အော်ရန်အထတွင် ဘောလုံးချော်သွားသည် တွင် မချင့်မရဲဖြစ်၍ ညည်းသံ၊ ခြေဆောင့်သံ၊ ရယ်မိကြသောအသံများ ကြားရလေ၏။

သို့နှင့် ပြီးလုနီးသည့်တိုင်အောင် မည်သည့်ဘက်ကမျှ ဂိုးမသွင်းနိုင်ဘဲ ရှိကြလေရာ ပရိသတ်တို့မှာ ကောလိပ်အတွက် စိတ်မချသေးဘဲ၊ နောက်ထပ်တစ်ဂိုး မျှော်လင့်ဆဲမှာပင် ပုလိပ်တို့က ပြန်၍ချေလိုက်ရာ စိတ်မသက်မသာ ဖြစ်သွားကြရလေ၏။

ဘောလုံးပွဲ ပြီးတော့မည်မှာ ငါးမိနစ်မျှသာ ကျန်တော့၏။ ပုလိပ်တို့မှာလည်း အားတက်၍လာကာ ဖိ၍ကစားကြလေရာ ကောလိပ်တို့မှာ မလှုပ်နိုင်အောင်ပင် ရှိကြရလေတော့၏။ ဘောလုံးပွဲ ကြည့်ရခြင်းဖြင့် အရသာဖြစ်သော အသည်းထိတ်ဖွယ် အသွယ်သွယ်တို့သည်ကား မပြတ်မလပ်ပင် ရှိချေတော့၏။ တစ်ချီတစ်ချီ ပုလိပ်တို့ သွင်းလိုက်သော ဘောလုံးသည် ကောလိပ်ဂိုးထဲသို့ တန်း၍သွားရာ ပရိသတ်တို့ မျက်လုံးပြာ၍သွားကြသည့်အခိုက် ဂိုးစောင့်၏ ကျင်လည်ခြင်းဖြင့် မဝင်ဘဲရှိမှ သက်မ, ချကြရကာ "ဝဲလ်ဆေ့ဂိုလီ" ဟူသော အသံနှင့် လက်ခုပ်တီးသံများဖြင့် ဩဘာပေးကြရပြန်လေ၏။

ဤအချိန်မှ ကောလိပ်တို့ မသွင်းနိုင်လျှင် ပုလိပ်တို့ နောက်ထပ်သွင်းဖို့ရန် မခဲယဉ်းသည့်အပြင် သွင်းနိုင်သည့်ဘက်က အနိုင်ရမည် မလွဲပင် ဖြစ်သောကြောင့် "ဗာစီတီ ဗာစီတီ။ ရား ရား ရား" ဟု ကျောင်းသားနှင့်တကွ ပရိသတ်များပါ ဟစ်အော် အားပေးကြလေရာ အားလုံး၏ မျက်စိအောက်တွင် မျက်လှည့်ပြသွားသကဲ့သို့ ကျော်ဝင်း သွင်းလိုက်သော ဘောလုံးသည် ပိုက်ပင်ပေါက်၍ ထွက်သွားလေ၏။

"ဂိုး" ဟု ရှည်လျားစူးရှသော ဩဘာသံဖြင့် ငယ်သံပါအောင် ဟစ်အော်ကြသည်မှာ အသံနာလုမတတ် ရှိပေတော့၏။ ထိုအချိန်မှစ၍ မီးအိုးသံ၊ နှဲသံ၊ လင်ကွင်းသံတို့သည် မရပ်မနား ထွက်ပေါ်လာလေကုန်၏။ ပွဲကြီးပြီးသွားသောအခါ၌မူကား နားကွဲလုမတတ် ဖြစ်ရပေတော့၏။

ကျောင်းသားတို့သည် ဖလားကြီးကို လက်ခံရယူသည့်အချိန်မှစ၍၊ ကျောင်းသို့ ပြန်လည်ရောက်ရှိသည့်အချိန်အထိ လမ်းတကာသို့ ဘတ်စ်ကား အစီးစီးဖြင့် လှည့်ပတ်ကာ ဆူညံဟစ်အော် သံချပ်ထိုးလျက် ပျော်၍မဆုံး၊ မော်ကြွား၍မဆုံးနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

ရှိလေကုန်၏။ သိန်းဖေမှာကား မသန်းမြင့်ကို စောင့်၍ခေါ်ရသဖြင့် ၎င်းတို့နှင့်အတူ မလိုက်ပါနိုင်သည့်အတွက် သွားရည်ကျလျက်နှင့် ကျောင်းသို့ ပြန်ခဲ့ရလေ၏။

ကျောင်းတော်သားတို့ ပါလာသော ဘတ်စ်ကားများသည် ကျောင်းသို့ ပြန်လည်ရောက်ရှိပြန်သောအခါ ကျောင်းဆောင်အသီးသီးတို့ကို လှည့်ပတ်ကြပြန်လေ၏။ အင်းလျားဆောင်ရှေ့တွင် ကားအတန်ကြာစွာရပ်၍ ဟစ်အော်သီဆိုကာ သံချပ်များ ထိုးကြလေ၏။ ကျောင်းတော်သူတို့သည်လည်း အားလုံးလိုလိုပင် ထွက်၍ ကြည့်ကာ ဩဘာပေးခြင်းဖြင့် ဝမ်းသာအားရ ရှိကြစေကုန်၏။

သို့နှင့် ကျောင်းသားတို့သည် မိမိတို့ဆိုင်ရာ ကျောင်းဆောင်များသို့ ပြန်လည်ရောက်ကြပြန်လေရာ၊ ပျော်မြူးခြင်း အတောမသတ်နိုင်သေးဘဲ တီးခေါက်၍မြည်နိုင်သမျှသော ဝတ္ထုပစ္စည်း မှန်သမျှ ရှာဖွေရိုက်တီးကြလေ၏။ အမှိုက်ပုံး၊ စက္ကူစုတ် ထည့်သော သံခြင်းများမှာ ပိန်လိန်ကွေးကောက်၊ အချို့လည်း အစရှာမရအောင် ပျောက်ပျက်သွားလေကုန်၏။ ရေချိုးခန်း မင်းသားတို့သည်လည်း အသံနက် အသံဩကြီးများဖြင့် အားရပါးရကုန်း၍ ဟစ်အော်သီဆိုကြသည်မှာ ကမ္ဘာပျက်သကဲ့သို့ပင် ထင်ရလေ၏။

တစ်ချက်တစ်ချက်တွင် တစ်စုံတစ်ခုသော အခန်းဆီမှ ဒုံးဒုံးဒိုင်းဒိုင်း စ၍ ဆူညံလိုက်သည့်အခါ နီးကပ်ရာ အခန်းများမှလည်း မီးခိုးလျှောက်လိုက်၍ ဆူညံသွားလေရာ ဖုတ်တစ္ဆေတို့ကို တောထုတ်သလို ရှိလေတော့၏။

ဤမျှလောက် ဆူညံပျော်မြူးရရုံနှင့် မမောနိုင်၊ မတင်းတိမ်နိုင်ကြသေးဘဲ၊ ထမင်းစားချိန်သို့ ရောက်ပြန်သောအခါ ပန်းကန်၊ ဇွန်းတီးခေါက်သံများ ပေါ်လာပြန်သေး၏။ ဗဟိုထမင်းစားရုံ၌ကား ပန်းကန်နှစ်ချပ် ကွဲလေရာ၊ ဂွမ်းခနဲ မြည်ကွဲသံနှင့် ရယ်လိုက်ကြသော အသံများမှာ ဆူပွက်၍သွားလေ၏။

ပုဂံဟောလ်အတွင်းကား ထမင်းစားခန်းထဲသို့ ကျော်ဝင်း ဝင်၍လာသည့် အခါတွင် နားမဆံ့အောင် ဩဘာပေးသံ ဆူညံသွားလေ၏။ သိန်းဖေသည်ကား အားရခြင်းဖြင့် ကျော်ဝင်း၏လက်ကိုဆွဲ၍ တွဲပြီးကပြ နောက်ပြောင်လိုက်သည်ကို အလွန်ပွဲကျကာ 'အင်းကိုး' သံ 'ဝမ်းစမိုး' သံများ ထပ်တလဲလဲ ရှိလေတော့၏။ ကျော်ဝင်း၏ ထမင်းစားပွဲသို့ လာရောက်ဝန်းဝိုင်းကာ ဝမ်းမြောက်ချီးကျူးစကား ပြောကြသည်မှာ တစ်ပျော်တစ်ပါးကြီး ရှိလှပေ၏။ ထိုအခိုက်တွင် ကျောင်းအုပ်ကြီးရုံးမှ ချာပရာစီကုလား ဝင်လာသည်ကို မြင်ကြရသဖြင့် အမိန့်စာပါလာသည်ကို တွေ့ရသောကြောင့် ၎င်း၏ နောက်က ဝိုင်းလိုက်ကြပြန်လေ၏။

ချာပရာစီသည် အမိန့်စာကိုထုတ်ကာ ထမင်းစားခန်းထဲရှိ ကြော်ငြာသင်ပုန်း ထဲတွင် ချိတ်ဆွဲကပ်၍ထားလိုက်ရာ တစ်ယောက်နောက် တစ်ယောက်တွန်းကာ ဝိုင်းအုံ၍ ဖတ်ကြပြီးသည့်အဆုံး၌ "ဂျင်နရဲလ်လိဖ်ဟေ့၊ ဂျင်နရဲလ်လိဖ်ကွ" ဟု အားရဝမ်းသာ အော်ဟစ်ကြလေ၏။ ထိုအမိန့်သည်ကား ဘောလုံးပွဲနိုင်သည်ကို ဝမ်းမြောက်ခြင်းဖြင့်

www.burmeseclassic.com

ကျောင်းသားအားလုံးတို့အား ည (၁၂) နာရီအထိ အားလပ်ခွင့်ပေးလိုက်ခြင်းဖြစ်၏။

ထိုသို့ "ဂျင်နရဲလ်လိဗ်" ရသဖြင့် ကျောင်းမှထွက်၍ မြို့ထဲသို့လည်ရန် လစ်သူကလစ်၊ ဝိုင်းဖွဲ့၍၊ စု၍သီဆိုတီးမှုတ်ကာ ပျော်သူတွေပျော်ကြ၊ ကျောင်းဆောင်ချင်းကူးသွား လည်ပတ်ကြကုန်၍ အတိုင်းမသိ ပျော်ကြလေကုန်၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၈)

ထိုနေ့သည်ကား ပုဂံကျောင်းဆောင်တွင် "အင်တာဟိုစတယ်" ဘောလုံးအောင်ပွဲကြီး ကျင်းပမည့် နေ့ကြီးပေတည်း။ သို့ဖြစ်သည့်အလျောက် အားလုံးသော ကျောင်းတော်သားတို့သည် တစ်နေ့လုံး ပျော်မြူးလျက် ရှိကြလေ၏။

ကျောင်းတော်သားများ စုဝေးမိသော အခန်းတစ်ခုအတွင်း၌ တယော၊ မယ်ဒလင်များဖြင့် တီးမှုတ်သီဆိုကာ ဗလာပွဲ ကျင်းပ၍နေကြလေ၏။ ကျောင်းတော်သားတို့သည်လည်း ကလေးစိတ် ပေါ်လာကာ ကကြနောက်ကြလေ၏။ ထိုသို့ရှိကြသည့်အထဲမှ ကျောင်းသားတစ်ယောက်ကထ၍ ပါးစပ်အိုးစည်တီးလိုက်ရာ၊ တယောများကိုချပြီး ပါးစပ်လင်ကွင်းနှင့် လက်ခုပ်တီးပေးကြလေ၏။

"မြင်မြင်ရာ ပိုးမဟ၊ ဂျပိုးက ဆရာတင်"

"ပတ်ပေတိုပုံ"

"အိုးစည်က ကညာမြင်အောင် (အိုဘာလဲလို့) အိုးစည်ကညာမြင့်အောင် မဟာခင်ရှုစမ်း"

"ပတ်ဘောပိန်ပုံ"

"ကိုးတော်တို့ မျက်ခုံးတော်ကို၊ မက်လုံးဖော် ပြုံးကြစေသား" ဟု ဆုံးလိုက်သည်တွင် ထုံးထုံးဂွမ်းဂွမ်း အရမ်းကျ၍သွားလေ၏။

ဆို၍က,သူမှာ မမောနိုင်သေးဘဲ "ဂျူဘလီအိုးစည်က တို့ကျမှဆလံတင်" ဟု စ,ပြန်လေ၏။

"အင်းလျားသူ ကညာခင်ရယ်၊ မခံချင်ပြိုင်သေး၊ မခံချင်ပြိုင်သေး" ဟု ဝိုင်း၍ ညာလိုက်ကြလေ၏။

"ယောက်ျားမှ အိုးစည်တော်သည်၊ ယောက်ျားမှ အိုးစည်တော်သည်၊ မိန်းမ နော် လဂွင်းနဲ့လေး" ဟု ဆိုပြီး က,သည်တွင် ရယ်သံ၊ ဆိုင်းသံ တညံညံ ရှိလေတော့၏။

www.burmeseclassic.com

ထိုအခိုက်တွင် ဗိုလ်တစ်ပိုင်း ဗမာတစ်ပိုင်း ဝတ်ဆင်၍ ဝင်လာသော သိန်းဖေကို တွေ့ကြရသောကြောင့် ရယ်မောရ၍ ကြည့်နေကြရာက ကျောင်းသားတစ်ယောက်က "ဟေ့လူ. . . ခင်ဗျားက ဗိုလ်လား၊ ဂျာဒူးလား" ဟု မေးလိုက်သဖြင့်-

"မဟော့ဘူး၊ အီပေးဆားလော့်" ဟု ပြန်၍ဖြေလိုက်သည်တွင် ထပ်လော၍ ရယ်ကြလေ၏။

"ဩော် ခင်ဗျား တရုတ်လား၊ ဒါဖြင့် ဘာလူမျိုးလဲ"

"ပန်းသေး" ဟု ဖြေလိုက်သည်တွင် သဘောကျ၍ ရယ်ကြမှ

"ကျီနော်လို့ တရုတ်လူမျိုးမှာ ဟတ်ကလဲ့၊ ဟုတ်ကျူလံလဲ့၊ လူမျိုးအများကီး ရှိလယ်၊ ကျီနော်လို့ အမျိုးက အမျိုးကီးလယ်၊ အဖေက ဆဒ္ဒန်ဆင်မင်း၊ အမေက ဘင်္ဂလားပင်လယ်အော်၊ ကျီနော်က ပန်းသေး" ဟု ပြောပြလေ၏။

ထိုအခါ ကျောင်းသားတစ်ယောက်က တွဲဖက်လူပြက်လုပ်ကာ. . .

"ခင်ဗျား တရုတ်သီချင်း ရသလား" ဟု မေးလေ၏။

"ဍလယ်၊ ကန်းကန်းရလယ်"

"ဒါဖြင့်ရင် ဆိုစမ်း"

"ယိုးဒယားလား၊ ပတ်ပျိုးလား" ဟု သိန်းဖေက ပြောလိုက်သဖြင့်-

"ခွေးမသားတရုတ်၊ ဗမာစကား မပြီဘူး ထင်တယ်" ဟု ဆို၍ ရယ်ကြလေ၏။

"နားထောင် ကျီနော် ဆိုမယ်။ ကျန်းဝဲလ်ကျန်းကွေ ဘောဖိုင်းမှာရှား၊ စိုက်ပံလိုင်း၊ အံဘောဖေ့၊ မထန်င်းလို၊ ဟော်ဝါတက်ကူကွေး၊ ကွီလားဖိုင်းမှာရှား၊ စိုက်ပံလိုင်း၊ အာရိုးအံဘောဖေ့" ဟု ကျကျနန ဆိုပြလိုက်သဖြင့် နောက်မည်ထင်ရာမှ အတည်လုပ်ပြသည်ကို တွေ့ရသဖြင့် အံ့ဩသဘောကျကာ ဩဘာပေးကြလေ၏။

ထိုအခိုက်တွင် သိန်းဖေမှာ မျက်နှာငယ်ကလေးနှင့် မျက်ရည်တောက်တောက်ကျသကဲ့သို့ မေးအောက်တွင် လက်ခုပ်ခံ၍ထားသည်ကို တွေ့ရသောကြောင့် တွဲဖက်လူပြက် လုပ်သူက "အလို ဘာများဖြစ်လာရပါလိမ့်" ဟု မေးလေ၏။

"ပေါက်ဖော် သီချင်းဆိုတယ်၊ အားကီး စိတ်မကောင်းဘူး"

"ဩော်. . . သီချင်းက လွမ်းစရာကောင်းလို့ ဆိုရင်းဝမ်းနည်းပြီး ငိုတာလား"

"ဟော့လယ်၊ ဟော့လယ်၊ ဝူးနဲလယ်"

"ဘယ်လိုများ လွမ်းစရာတွေပါလို့ ဝမ်းနည်းပါလိမ့်။ ရည်းစားသယ် တရုတ်ကလေး က ဂျပန်နဲ့ စစ်တိုက်ရအောင် ထွက်သွားလို့ တရုတ်မကလေးဆိုတဲ့ သီချင်းလား"

"တီလောက်နဲ့ဝူး မနည်းဘူး"

"ဒါမှမဟုတ်ရင် တရုတ်မကလေး ဘိန်းမျိုချပြီး သေသွားလို့လား"

"မီဟော့ဘူး၊ ဘိန်းမျိုရင် မီငိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အမိပွာယ်ပြောစမ်းပါဦး"

"တီသီချင်းက ဗီမာလို ပြောရင်လေ၊ ဟိုတောင်ပေါ်မှာ တီဖင်ကြီး ရှိလယ်လဲ့"

"သစ်ပင်. . . သစ်ပင်"

"တီဖင်ပေါ်မှာ ဆင်ကြီးတက်ပြီး ကလေးမွေးလယ်လဲ့" ဟု အမိပွာယ်ပြန်လိုက်သဖြင့် တွဲဖက်လူပြက် လုပ်သူလည်း မျက်စိတံတွေးဆွတ်ကာ "အောင်မယ်လေး လွှမ်းလိုက်တာဟဲ့" ဟု ဆို၍ ငိုရီရီလုပ်၍ပြလိုက်သောကြောင့် ပွဲကျ၍သွားလေ၏။

ထိုသို့ ရယ်မောပျော်ရွှင်ကာ စည်စည်ကားကားကြီး ရှိသဖြင့် အခန်းပေါက်ဝသို့ လာ၍ရပ်ကာ ကြည့်ရှုသွားသူ မရှားဘဲ ရှိလေ၏။ သို့အားဖြင့် အောင်ပွဲအမှုဆောင်ကော်မတီထဲမှ ကျော်ဝင်းနှင့် သီးခြားနှစ်ယောက် ရောက်လာကြကာ "ဟော့ ကိုသိန်းဖေ နေရာကျတယ်ဗျို့၊ ဒီနေ့ည ခင်ဗျား ဇာတ်ခုံပေါ်တက်ပြီး ကရလိမ့်မယ်" ဟု ဆိုလေ၏။

"ဘာလဲဗျ၊ ဓမ္မာရုံဆောက်ဖို့ အုတ်ခဲ လိုလို့လား"

"တကယ်ပြောတာပါ၊ ကျကျနန မင်းသားလို၀တ်ပြီး က,ရမယ်" ဟု ကျော်ဝင်းက ဝင်၍ပြောရာ ကျောင်းသားတစ်ယောက်က "နှစ်ပါးသွားမှ ကြည့်ချင်တယ်" ဟု ဆိုသောကြောင့် "ကောင်းသားပဲ၊ မင်းသမီးကို ပြောထားတာပေါ့၊ ရပါတယ်" ဟု ဆိုလေ၏။

"ဟင်. . ကျွန်တော် ရှက်တယ်" ဟု သိန်းဖေက ညှာဟန်ပြော၍ ရယ်လေ၏။

"အံမာ. . . ခင်ဗျားက မူပြီးမနေစမ်းပါနဲ့" ဟု တစ်ယောက်ကပြောကာ ကျောင်းသားများအား "ခင်ဗျားတို့ သဘောတူကြမယ် မဟုတ်လား" ဟု မေးရာ-

"တူတယ်" ဟု ဝိုင်းအော်ကြလေ၏။

"ကိုင်း. . . အချိန်းဖြုန်းမနေနဲ့တော့။ ကျွန်တော်တို့အခန်းလိုက်ခဲ့၊ စီမံစရာတွေ စီမံရအောင်" ဟု ဆိုကာ ဆွဲ၍ခေါ်သွားသဖြင့် သိန်းဖေမှာ အင်္ကျီကြပ်၊ ဘောင်းဘီကြပ်ကလေးဖြင့် အကြည့်ရကပ်သပ်စွာ ကန့်လန့် ကန့်လန့်နှင့်ပါ၍သွားလေ၏။

ညနေတွင် ထမင်းစားခန်းကြီးကို ပြင်ဆင်ကြကုန်၍ အတွင်းဖက်လေးထောင့်ပတ်လည်ရှိ အခန်းမီးများကို အပြင်သို့ ထုတ်ကြလေကုန်၏။ ကျောင်းသားများတို့သည် သီချင်းတစ်ကြော်ကြော် ဟစ်အော်၍ ရေချိုးကာ၊ ပေါင်ဒါ၊ အလှရည်၊ ခေါင်းလိမ်းဆီများဖြင့် မိမိတို့ကိုယ်ကို လှပအောင် ဖန်တီးကာ အပေါင်ဆိုင်သို့ မရောက်ဘဲ ကျန်ရှိသည့်အထဲက အကောင်းဆုံး အဝတ်အစားများကို ထုတ်၍ဝတ်ဆင်ကြလေ၏။

ကျော်ဝင်းမှာ အောင်ပွဲကော်မတီ အကျိုးဆောင်ဖြစ်သည့်အလျောက်၊ ထမင်းစားပွဲတွင် စကားပြောရမည် ဖြစ်သည့်အတွက် ခေါင်းပေါင်း ပေါင်းရန် ဝိုင်း၍ပြောကြသဖြင့် ကျောင်းသားလေးငါးယောက်၏ အကူအညီဖြင့် ခဲခဲယဉ်းယဉ်းပေါင်း၍ နေရလေ၏။

သိန်းဖေမှာ ခေါင်းလိမ်းဆီကုန်၊ ပေါင်ဒါကုန်၍နေသဖြင့် အခန်းနံပါးချင်း

www.burmeseclassic.com

www.burmeseclassic.com

များထံ တောင်းရာ တမင်မပေးဘဲနေကြသဖြင့် ကျော်ဝင်းထံသို့ ပြေးလာရာ ခေါင်းပေါင်းပေါင်းထားသော ကျော်ဝင်းကိုတွေ့၍ အူတက်အောင် ရယ်မိလေ၏။

"ဗျို့. . . ဇာတ်ဆရာကြီး၊ ခင်ဗျားတို့အငြိမ့် ဒီကပြီးရင် ဘယ်မှာ က,ရမလဲ" ဟု နောက်မှနေ၍ မေးလိုက်ပြီးမှ "ဩော် ကိုကျော်ဝင်းပါလား လူမှားလို့၊ ခေါင်းပေါင်းနဲ့ဆိုတော့ ကျူတာလိုလို၊ ဘုန်းကြီးလူထွက်လိုလို" ဟု ထပ်၍ရွတ်လိုက်သဖြင့် ကျော်ဝင်းလည်း မှန်ကိုကြည့်ပြီး. . .

"သယ်. . . ငါကဲ့သို့သော ဘုရားဆုပန် မင်းယောကျ်ားကို မလေးမစား မှန်ထဲကနေပြီး သူရဲချောက်ရသလား" ဟု ရယ်မောပြောဆိုကာ ခေါင်းပေါင်းကို ချွတ်ပစ်လိုက်သည်ကို ဝိုင်း၍ရယ်ကြလေ၏။

"ဟေ့လူ၊ ကောင်းသားနဲ့၊ ဘာလို့ ချွတ်ပစ်တာလဲ"

"ဟာဗျာ. . . နေရာမကျပါဘူး။ ကျွန်တော်တို့ ကိုယ်လုံးကိုယ်ပေါက်နဲ့ ခေါင်းပေါင်းနဲ့ မဟန်ပါဘူး"

"ဟန်ပါတယ်ဗျ၊ ကျွန်တော် နောက်တာပါ။ လာ ကျွန်တော် ပေါင်းပေးမယ်" ဟု သိန်းဖေကပြောကာ ခေါင်းပေါင်းကိုယူ၍ ကျော်ဝင်းကို ပတ်ပေးလေ၏။

ကျော်ဝင်းမှာ နဖူးရေများ နာကျင်လျက် မျက်ရည်ထွက်လုမတတ် သိန်းဖေပြုသမျှ ခံနေရသည့်ပြင် ဘေးကဝိုင်း၍ နောက်ပြောင်ခြင်းများကို ခံနေရလေ၏။

"မပြီးသေးဘူးလား၊ နာလှပြီ"

"ပြီးပါပြီဗျာ" ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက် အားလုံးက ကျော်ဝင်းကို ကြည့်ကာ အူတက်အောင် ရယ်နေကြပြီး သိန်းဖေ၏ပါးစပ်က "ပြောင်နောင်၊ ချပ်ချိန်း၊ ချပ်ချိန်း" ဟု လုပ်လိုက်သဖြင့် ကျော်ဝင်းလည်း မှန်ထဲတွင်သွား၍ကြည့်ရာ ဇာတ်ထဲက နတ်စိမ်းထွက်သလို ပေါင်းပေးထားသည်ကို တွေ့ရလေ၏။ ထို့နောက် သိန်းဖေကို လှည့်ကြည့်လိုက်သောအခါ ရယ်ပြီးထွက်သွားသည်ကို တွေ့ရလေ၏။

ကျော်ဝင်းသည် ခေါင်းပေါင်းမပေါင်းလိုတော့ဘဲ ငြင်းဆန်နေသဖြင့် မနည်းပြောကြရကာ အတော်ပင် ခဲခဲယဉ်းယဉ်း ပေါင်းပေးကြမှ ကြည့်ပျော်ရှုပျော်ရှိကာ ကျေနပ်၍သွားလေ၏။

ထိုအခါမှ သိန်းဖေ ပြန်ရောက်လာကာ "ကိုဗိုကေ အုပ်ပေါင်းပေါင်းလို့ တုတ်တစ်ချောင်းနဲ့ လမ်းကိုလျှောက်တယ်။ ကိုဘီအေမြို့အုပ်လောင်းတို့ တုတ်တစ်ချောင်းနဲ့ ခွေးတွေ မောင်းတယ်" ဟု ဆို၍ နောက်သဖြင့် သိန်းဖေအား အဝင်မခံဘဲလုပ်နေသောကြောင့် တောင်းတောင်းပန်ပန်နှင့် အခန်းသို့ဝင်ကာ ပေါင်ဒါ သ,ရလေ၏။

ညဉ့်ရှစ်နာရီအချိန်သို့ရောက်၍ ထမင်းပွဲကြီးစ,လေ၏။ ကျောင်းတော်သားတို့မှာ မြန်မာမဆန် အင်္ဂလိပ်မကျသော ထမင်းကို ခံတွင်းမြိန်မြိန်နှင့် အူသိမ်အူမ ပြည့်ကျပ်နေအောင် ခေါင်းမဖော်ဘဲ စားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com


အတန်ကြာလျှင် လက်ခုပ်သံများ ဆူညံ၍လာလေ၏။ ရွှေနားတော်သွင်း ဖြေဖျော်နေသော တေးသံဆိုင်းသံများ ရပ်သွားလေ၏။ ကျော်ဝင်းသည် စကားပြောရန် ထလိုက်ရာ ဆင်နားရွက်ကဲ့သို့ ကား၍နေသော ခေါင်းပေါင်းစကိုကြည့်၍ ရယ်ကြရင်း ဩဘာပေးကြလေ၏။

ကျော်ဝင်းသည် စကားပြောထုံးစံအတိုင်း နှုတ်ခွန်းဆက်သပြီးနောက် အောင်ပွဲကျင်းပရခြင်းကို ဝမ်းမြောက်ကြောင်း။ ဆရာများကိုလည်း ကျေးဇူးတင်ကြောင်း စသည်တို့ကို ချီးကျူးပြောဆိုပြီးနောက် ကစားသော ကျောင်းသားများသည်လည်း ရှေ့နှစ်တွင် ဆက်လက်၍ ပုဂံဟောလ်၏ ဂုဏ်ကျက်သရေကို ဆောင်စေလိုကြောင်းတို့ကို ပြောဆိုလေ၏။

ထို့နောက် ဧည့်သည်များ၊ ဆရာများ၊ ကျောင်းသား၏ အပြန်အလှန် "တို့စ်" မိန့်ခွန်းစကားများ ပြောပြီးလျှင် ကျောင်းသားတို့၏ အမည်ကိုဖော်၍ စကားပြောခိုင်း၊ သီချင်း ဆိုခိုင်း၊ ပြုလုပ်လေရာ သိန်းဖေမှာ အဆိုထဲသို့ ပါသွားလေ၏။

"ကျွန်တော့်ကို သီချင်းဆိုဖို့ တင်မြှောက်ခံရတဲ့အတွက် ဝမ်းလည်းသာ၊ ကျေးဇူးလည်းတင်ပါတယ်။ ပွဲတိုင်းလိုပဲ ကျွန်တော် မပါရင် မပြီးသလောက် ပွဲတောင်းကြတဲ့အတွက် ကိုယ့်ကိုယ်ကို ဂုဏ်ယူမိပါတယ်။ ယခုအောင်ပွဲအတွက် သီချင်းဆိုခိုင်းတော့ အောင်ပွဲနဲ့ သင့်တော်မယ့်သီချင်းကို စဉ်းစားလိုက်တဲ့အခါမှာ ကျွန်တော် ကောလိပ်ကို ရောက်ကာစနှစ်တုန်းက ယခုလို အောင်ပွဲကျင်းပတဲ့အခါမှာ ဟိုအခါက မြန်မာစာဂုဏ်ထူးသင် ကိုညွှန့်တို့ ကိုဘမောင်တို့ ရေးစပ်ပြီး မင်းသမီးကိုယ်တိုင်ဆိုတဲ့ ပုဂံဂုဏ်ရည်သီချင်းကို သတိရပါတယ်" ဟု စကားပလင်ခံ၍ သီချင်းဆိုမည်ပြုရာ ဩဘာပေးကြလေ၏။

"သီချင်းကတော့ ရီရီရေ သစ်ပင်အောက်ကနေ၊ ဆိုတဲ့သီချင်းအလိုက်ပါပဲ" ဟု ပြော၍ "အဟမ်း" ဟုလည်း လည်တိုင်ရှင်းလိုက်သည်ကို ရယ်ကြလေ၏။

"ပုဂံဟောလ်တွင် တိတ်တဘောင်ထူးတဲ့အင်၊ မစ္စတာဖရေဇာ လက်အောက်မှာပင် သာယာဝပြောသရှင်၊ ကျောင်းအများပေါ်တွင်၊ အကောင်းဆုံးထင်" ဟု စ,လိုက်သည်တွင် ဆိုင်းလိုက်၍ တီးပေးကြသောကြောင့် အားတက်သရောဖြစ်ကာ ဆက်လက်ပြီး. . .

"ကစားရာတွင် ဘယ်ခါမဆိုပင်၊ ကျောင်းတစ်ကာတွင် ထိပ်သီးခေါ်လောက်သရှင်။ အိုင်အေ၊ ဘီအေ အတန်းဂုဏ်ထူးကို ဆွတ်ခူးအောင်ပန်းဆင်။ ကျောင်းများအပေါ်တွင်၊ အကောင်းဆုံးထင်" ဟု အဆုံးသတ်တွင် ဩဘာသံမစဲအောင် ရှိပေတော့၏။

သို့နှင့် ထမင်းစားပွဲကြီး ပြီးသည့်နောက် ခေတ္တနားကြကာ ထမင်းစားခန်းကြီးကို ရှင်းလင်းလိုက်ပြီးလျှင် ပွဲကြည့်အခန်းအဖြစ် ပြောင်းလဲလိုက်လေ၏။ အတန်

www.burmeseclassic.com

www.burmeseclassic.com


ကြာလျှင် ပွဲက,တော့မည်ဟု ဆိုင်းတွေ ဗုံတွေဆော်လေ၏။ ကျောင်းဆောင်အသီးသီးမှ ကျောင်းသားများလည်း ပွဲကြည့်ရန် ရောက်လာကြလေ၏။

အင်းလျားသူတို့သည်လည်း ဖိတ်မန္တကပြုထားသည့်အတိုင်း၊ ရောက်ရှိလာကြကာ အမှုဆောင် နောက်ပိုးတို့မှာ အတော်ပင် အလုပ်များ၍သွားကြလေ၏။ မအေးစိန်နှင့် မသန်းမြင့်တို့သည် ခေါင်းပေါင်းစတလူလူနှင့် ဖြစ်နေသော ကျော်ဝင်းကိုတွေ့၍ ပြုံးမိကြလေ၏။ သိန်းဖေမှာမူ ပျောက်ခြင်းမလှ ပျောက်၍နေလေ၏။

ပွဲစသည့်အခါတွင် လေချွန်လက်ခုပ်တီးကာ ဩဘာပေးကြသည်မှာ အားရစရာ ဖြစ်ပေ၏။ ရုပ်ရှင်အမူအရာဖြင့် ကြောက်သလို၊ ရှက်သလို၊ လန့်သလို၊ ဝမ်းသာသလို၊ စိတ်ဆိုးသလို အမျိုးမျိုး ကြာပေး၍ ထွက်လာသော မင်းသမီးကိုကြည့်ကာ နောက်ဆုံးတန်းဆီမှ ဟေးလားဝါလားနှင့် အကြည်ဆိုက်၍နေကြလေ၏။ မင်းသမီးလည်း ခုန်လိုက်၊ ပျံလိုက်၊ ဆိုလိုက်၊ ကလိုက်နှင့် အသုံးတော်ခံပြီးနောက် လူပြက်များ စခန်းထကြလေ၏။

"ဟော့. . . ဟိုဘက်က မောင်မုန်တိုင်းရဲ့"

"ဗျာဗျ. . . ကိုလေပွေ မှတ်တယ်"

"အေး. . . ပျော်ရဲ့မဟုတ်လား"

"ပျော်တာပေါ့ သူငယ်ချင်းရာ၊ အခုလို မင်းပရိသတ်စုံလင်တဲ့ တက္ကသိုလ်အောင်ပွဲသဘင်ကြီးမှာ လာရောက်ပြီး က,ရတယ်ဆိုတာ အင်မတန် ဂုဏ်ကြီးမြင့်ပေတာပဲ"

"အေး. . . ကြိုးစားကြရလိမ့်မကွယ့်နော်၊ ကျေးဇူးရှင်ကြီးများ ချီးမြှင့်လို့ တို့များ စားရ သောက်ရပေတယ်၊ ဟဲ့ ခင်မြရီ၊ ကြားရဲ့လား"

"ဟုတ်ကဲ့၊ ကြားပါတယ်ရှင်၊ ကြားပါတယ်"

"အမလေး. . . ကြောက်စရာကြီး။ ကျားပါရင် ငါ့အနားမကပ်နဲ့" ဟု မုန်တိုင်းက သောလိုက်သဖြင့် မင်းသမီး၏ ယပ်တောင်အချခံရလေ၏။

"ဟဲ့. . . ခင်မြရီ နင်ဆိုတာ ဘာသီချင်းတုံး"

"ဘောလုံးသီချင်းရှင့်။ ကျွန်မရည်းစားက ဘောလုံးကန်တတ်တယ်" ဟု ပြောလိုက်ရာ လူပြက်များမှာ ကျောင်းသို့ရောက်နေကျဖြစ်သည့်အတိုင်း ကျောင်းရည်ဝ၍နေကြသဖြင့် "ကိုကျော်ဝင်းလား" ဟု မေးလိုက်ရာ ပတ်တုတ်၍ မရအောင် ကျောင်းသားများ ဆူညံသွားလေ၏။

ထိုအခိုက်တွင် မုန်တိုင်းသည် ဘောင်းဘီကိုဝတ်ကာ ရော်ဘာလေပူပေါင်းကို ဘောလုံးလုပ်၍ ထွက်လာလေ၏။

"ဟော့. . . မင်းက ဘယ်သူလဲကွ"

"ငါ ခင်မြရီရဲ့ ရည်းစားလေ"

www.burmeseclassic.com

www.burmeseclassic.com


"ဪ. . . ဘောလုံးကန်တတ်သကိုး၊ အေး ဒါဖြင့် ဘောလုံးကန်ရအောင်။ ငါက ဒက်ဖရီ လုပ်မယ်"

"ဘာလဲကွ၊ ဒက်ဖရီဆိုတာ"

"ဒက်ဖရီဆိုတာ ဝီစီကိုင်ကွ၊ ခွေးမသား. . . အင်္ဂလိပ်စကားလည်း နားမလည်ဘူး"

"ဟား ဟား မင်းဥစ္စာ စပယ်လင် မှားနေတယ်ကွ၊ ရက်ဖရီခေါ်တယ်" ဟု မုန်တိုင်းက ပြန်ပြောပြီး "မင်း ရက်ဖရီ မလုပ်နဲ့၊ လိုင်ကီးလုပ်" ဟု ဆိုလေ၏၊

"ထွီ နင်သာလုပ်၊ ဘာလဲလိုင်ကီး"

"လိုင်ကီးဆိုတာ အလံကိုင်ပြီးပြေးတဲ့"

"အေး. . . ငါ ဝီစီကိုင်ရော၊ လိုင်ကီးရော လုပ်မယ်" ဟု လေပွေကပြော၍ "ခင်မြရီ" ဟု ခေါ်လေ၏။

"ဘာလဲရှင့်"

"တို့များ ဘောလုံး ကစားမယ်။ လေပွေက ဖွတ်လဖက်၊ ငါက လိုင်ကီး၊ မင်းက ဂိုးစောင့်လုပ်"

"ဂိုးစောင့်ရင် ဂိုးထဲမှာနေ၊ စည်းမကျော်နဲ့" ဟု ဆိုသည်ကို နောက်ဆုံးကျောင်းသားတို့သည် အားရပါးရ ရယ်ကြလေ၏။

ထို့နောက် လေပွေသည် ခင်မြရီ၏ရှေ့တွင် ဘောလုံးကလေးကိုချထားပြီး နောက်သို့ဆုတ်ကာ ပြေး၍ကန်မည်ပြုပြီးမှ၊ မုန်တိုင်းအား "ဟော့ကောင် အလံမခိုးနဲ့နော်" ဟု ပြက်လိုက်သည်။ လေပွေက ညှိုး၍ထားကာ နောက်တစ်ချီ ကန်မည်ပြေး၍အလာ "ဟိုး ဟိုး" ဟု တားလေ၏။

"ဘာဖြစ်တာလဲကွ"

"မင်း အောက်ဆိုက် ဖြစ်နေတယ်" ဟု ဆိုသဖြင့် ကျောင်းသားများ၏ လက်ခုပ်သံ ဆူညံသွားလေ၏။

မုန်တိုင်းလည်း နောက်ထပ်ပြေးလာပြီး ဘောလုံးအနားသို့ရောက်မှ ရပ်လိုက်ရာ. . .

"ဟေ့ ဘာလုပ်တာလဲကွ" ဟု လေပွေကမေးမှ ခင်မြရီအား လက်ညှိုးထိုးကာ "ပိုက်ကကြိုးတွေ စုတ်နေတယ်" ဟု ဆိုသောကြောင့် ယပ်တောင်အချခံရပြန်လေ၏၊

"ပိုက်စုတ်နေမှာပေါ့။ ကိုကျော်ဝင်း ဂိုးသွင်းထားလို့ ပိုက်ပေါက်သွားတာ" ဟု မုန်တိုင်းက ပြောသည်တွင် အတောမသတ် ရယ်နေကြသလောက် မုန်တိုင်းမှာ မင်းသမီး၏ တဂွပ်ဂွပ် ချခြင်းကို ခံရလေ၏။

"တော်ရှင်၊ ရှင်တို့ဟာ မကစားချင်ဘူး"

"တို့ဟာ ကစားလည်း မရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဘာလဲလို့"

ထို့နောက် မုန်တိုင်းက "အလကား ဒီအကောင် ဘောလုံးလည်း မကန်တတ်ပါဘူး။ ငါမှ တကယ်ကန်တတ်တာ" ဟု ဆိုလေ၏။

"မင်း ဘယ်တုန်းက ကစားဖူးသလဲ"

"အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည် ကစားတုန်းက ငါ ပါတာပေါ့"

"ဘယ်နေရာက ဝင်ပြီးကစားသလဲ"

"ဂိုးနောက်က" ဟု ရွတ်လိုက်လေ၏။

ကျောင်းသားများသည် လူပြက်များကို အားမရလှသဖြင့် မင်းသမီးအား "ကပါဦး၊ ကပါ" ဟု ဆိုကြလေ၏။ မင်းသမီးလည်း အလိုက်သိစွာပင် ကြာဗျာပါတဈာသံအစုံဖြင့် ကျောင်းသားတို့၏အာရုံကို ဆွဲငင်လေရာ၊ ဟားတိုက်သံများ၊ ဝေးဟေးဟေး အော်ပေးသံများနှင့် လက်ခေါက်မှုတ်သံများ ဆူ၍သွားကာ မင်းသမီး သံပြိုင်ဆိုသည်ကို လိုက်၍ဆိုရင်း တဒုံးဒုံး စည်းလိုက်ကြလေ၏။

ထိုအခိုက်တွင် မုန်တိုင်း၏ လက်ထဲသို့ ပိုက်ဆံနှစ်ပြားနှင့် စက္ကူကလေး တစ်ရွက် ရောက်လာလေ၏။

"ဟေ့. . . ခင်မြရီ မင်း ဆိုတာ၊ က,တာကို အစ်ကိုကျောင်းတော်သားများက သဘောကျတဲ့အတွက် ဆုချတယ်"

"ဘယ်လောက်လဲကွ"

"ကျပ်သုံးဒင်္ဂါးပြားရေ၊ ဒိုးပိုက်ဆပ်"

"ဘယ်သူက ဆုချတာလဲဟေ့"

"ဒီမှာ စာပါတယ်"

"မှန်းစမ်း၊ အင်္ဂလိပ်စာဆိုရင် ငါ့ပေး။ မြန်မာစာဆိုရင် မင်းဖတ်"

"အောင်မာ မင်းက ကျောင်းနေဖူးလို့လား"

"ဟေ့. . . ငါ အင်္ဂလိပ်စာ သင်ဖူးတယ်ကွ။ မန္တလေးမှာ"

"ဘယ်ကျောင်းလဲ"

"အဖေခါးတောင်းကျိုက်ကျောင်း"

"ဖားသားလဖုန်းပါကွ" ဟု ဆိုလိုက်သဖြင့် သောသောရုတ်ရုတ် ဖြစ်သွားလေ၏။

မုန်တိုင်းသည် စာရွက်ကလေးကိုဖြန့်၍ မီးရောင်လင်းရာတွင်ကြည့်ပြီး အတော်ကြာအောင် ဖတ်နေရလေ၏။

"အံမယ်. . . သူ့စာက ပါဠိတွေနဲ့။ ဒီကျောင်းသားဟာ ဧကန္တ ဘဂဝါဟိုက် စကူးက ထွက်လာတာပဲ"

"ဒါဖြင့် ဦးဇဝန တပည့်နဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com


"နားထောင်၊ အဟံ ရွှေမျက်မှန် နမောတဲ့၊ မြန်မာလိုအနက်က သဘောချိုမြ၊ အစ်ကိုတမျှကဲ့သို့သော စေတနာနှင့် ဝေဆာလာသော အကျွန်ုပ် ရွှေမျက်မှန်မည်ထွေ၊ မောင်သိန်းဖေသည်" ဟု စ၍ပါလာသည်ကို တဝါးဝါးရယ်၍နေကြလေ၏။ မသန်းမြင့်မှာ ဣန္ဒြေမဆည်နိုင်ဘဲ မအေးစိန်ကို တို့ကနန်း၊ ဆိတ်ကနန်း လုပ်လေ၏။ ကျောင်းသားတို့သည် သိန်းဖေကို လှည့်၍ကြည့်လေ၏။ သို့ရာတွင် သိန်းဖေကို မတွေ့ဘဲရှိလေ၏။

"နောက်ပြီးတော့ မန်ပီနေးဘီတိ၊ နှလုံးစိတ်ဝမ်း ဂွမ်းဆီထိသကဲ့သို့ ပီတိလွှင်ခွေ မနောတွေ့လှသောကြောင့်၊ ဒွေးပဟာကန်၊ ဤပိုက်ဆံနှစ်ပြားကို"

"ဟား ဟား ဟား ဟား"

"တံမီးသမင်;ထိုမင်းသမီးအား(ဝါ)"

"ဟော့ကောင် ဝါကို ရှည်ရှည်ဆွဲရတယ်"

"ဝါ၊ ရုပ်ဆင်းကြန်အင် ဒွေးရောယှက်တင်၊ ကောင်းလှအကြင်မင်းသမီးအား၊ ဒေးမ ပေးလိုက်ပါ၏။ (ဝါ) ဆုချလိုက်ပါ၏။ တက္ကသိုလ်ကျောင်းသား ကျောင်းသူအပေါင်းတို့က သာဓုခေါ်စေသောဝ်တဲ့" ဟု အဆုံးသတ်လိုက်သည်တွင် တသောသောရယ်မောကြကာ နောက်ဆုံးတန်းမှ ကျောင်းသားတစ်စုတို့က "နှာနု နှာနု" ဟု သာဓုသံပြိုင်ခေါ်ကြလေ၏။

တစ်ဖန် နောက်ထပ်စာတစ်စောင် ရောက်လာကြပြန်လေ၏။ 'ဟော' ဆိုကာ လေပွေက ဖတ်ကြည့်လေ၏။

"ဒီစာကတစ်မျိုး၊ နားထောင်။ အားလုံးသော ပုဂံကျောင်းဆောင်သားတို့၏တောင်းပန်ချက်အရ၊ ခေတ္တရာအသရေမချို့တဲ့၊ ပြည်မြို့က ခေါ်ယူသော မင်းသားဆယ့်နှစ်ရာသီ ဘကြိုင်နှင့် မင်းသမီး ခင်မြရီတို့ နှစ်ပါးသွား အသုံးတော်ခံမည့်အကြောင်းကို အမှုဆောင်ကော်မတီက အစီရင်ခံပါကြောင်းတဲ့" ဟု ဖတ်ပြလိုက်ရာ ဩဘာမိုးရွာလျက်။ မင်းသားကို မျှော်၍နေကြလေ၏။

မကြာမီ မင်းသားဆယ့်နှစ်ရာသီ ဘကြိုင်သည် ကျော်ဝင်းနှင့် ယှဉ်တွဲ၍ကပွဲအခန်းထဲသို့ ရောက်လာသဖြင့် ဒီမင်းသား မြင်ဖူးပါတယ် ဟူ၍တွေးပြီး စိုက်ကြည့်နေစဉ်၊ ဇာတ်ခုံပေါ်သို့ မင်းသားတက်၍ မီးရောင်ရှေ့တွင် ရပ်တော့မှ သိန်းဖေ မျက်မှန်ချွတ်ထားသည်ကို သိရပြီး "သိန်းဖေကွ၊ သိန်းဖေ" ဟု အော်သူက အော်လိုက်ကြသည်တွင် ထိုအခါမှ လူကို မှတ်မိပြီး တသောသော ရယ်ကြလေ၏။

မသန်းမြင့်၊ မအေးစိန်တို့မှာ သိန်းဖေကိုကြည့်ကာ ပါးစပ်စိ၍မရနိုင်အောင် တခွိခွိ ဖြစ်နေကြလေတော့၏။ သိန်းဖေမှုကား အနည်းငယ်မျှ မပြုံး၊ ဣန္ဒြေမပျက် လှလှပပ ဝတ်ထားသော ပုဆိုးစကလေးပြင်လိုက်၊ ခေါင်းပေါင်းစကလေး မြှင့်လိုက်လုပ်နေသည်ကို ပရိသတ်ပိုပြီး သဘောကြကာ တဖြောင်းဖြောင်း လက်ခုပ်တီးကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သိန်းဖေသည် ပရိသတ်အာရုံ ဆွဲငင်သည့်သဘောဖြင့် ဇာတ်ဆရာ ဦးဘိုးစိန်၏ဟန်ဖြင့် လက်ဝါးနှစ်ဖက်တီးပြီးမှ လက်ဝဲဖက်ကို တင်ပါးနောက်သို့ လျှင်မြန်စွာ ဝှက်လိုက်သဖြင့် လူပြက်တစ်ယောက်က "တို့မင်းသားက ကိုဘိုးစိန်တို့လို လက်စွပ်မဝတ်နိုင်လို့ ထင်ပါရဲ့၊ လက်စွပ်မရှိတာ လူမမြင်အောင် ဖွက်ထားလိုက်တယ်" ဟု ဆိုလိုက်သည့်အတွက် ပွက်လောကြမ်းမျှ ရယ်မောကြလေ၏။

"ကျွန်တော်ကတော့ မင်းသားခင်ဗျ၊ တက္ကသိုလ်ကျောင်းတော်သားကြီးများက သဘောကျလွန်းလို့ ကျွန်တော့်ကို ဆယ့်နှစ်ရာသီဘကြိုင်လို့ နာမည်ပေးကြတယ်။ ဒီနာမည်ပေးတာ ရှင်ဥအမည်၊ နေမိတ္တက အနွတ္တအမည် ဆိုသလို ကျမ်းဂန်နဲ့ ညှိနှိုင်းပြီးပေးတာ ကျွန်တော် မွေးကတည်းက တစ်နှစ်မှာရှိတဲ့ ဆယ့်နှစ်လစလုံး ဘိုင်ကျပြီးနေလွန်းလို့ ဆယ့်နှစ်လရာသီဘကြိုင်လို့ ခေါ်တာ" ဟု ရှင်းလိုက်သည်တွင် လူများတကာထက် အကြောင်းရင်းသိသူတို့က ပို၍ရယ်ကြလေ၏။

"အားလုံး ကျောင်းတော်သူကျောင်းတော်သားတို့က အာသီသထားတဲ့အတိုင်း ဒီနှစ် ဘောလုံးအောင်ပွဲမှာ လာရောက်ချီးမြှင့်ပါလို့ တောင်းပန်ကြတဲ့အတွက် အသုံးတော်ခံ ရောက်ရပြန်သကိုး။ ဘယ့်နှယ်လဲ၊ မောင်မုန်တိုင်းတို့ မောင်လေပွေတို့ ပါကြရဲ့ မဟုတ်လား"

"ပါကြပါတယ် ခင်ဗျာ။ ပါကြပါတယ်"

"သည့်ပြင် ဘယ်သူ ပါသေးလဲကွယ့်"

"ခင်မြရီတို့ ညီအစ်မနှစ်ယောက်လည်း ပါ,ပါတယ်"

မင်းသားသိန်းဖေသည် ခင်မြရီဘက်သို့လှည့်ကာ "အိုဗျ. . . ကျုပ်နှမ မမြရီ" ဟု ခေါ်လိုက်ပြီး ခေါင်းကလေးကို စောင်းငဲ့၍ကြည့်ရာ၊ မင်းသမီးမှာ ရှက်ကိုးရှက်ကန်းဖြစ်နေသဖြင့် လေပွေက "ထူးလေ၊ ထူးမှပေါ့" ဟု ဆိုမှ. . .

"အို. . . ကိုကို့" ဟု ထူးမိသဖြင့် ဇာတ်အသုံးအနှုန်းအတိုင်း "အို မောင့်" ဟု မထူးမိသောကြောင့် ပွဲကျ၍သွားလေ၏။

"ခင်မြရီ. . . မောင်မောင့်ကို ချစ်ကဲ့လားလို့"

"ဟဲ ဟဲ"

"အို မရီနဲ့လေ။ မေးတာကို ပြောလိုက်မှပေါ့"

"ချစ်ပါတယ်ရှင်။ ချစ်ပါတယ်" ဟု ဖြေလိုက်ရာ ဝေါခနဲ သဘောကျ၍ ရယ်သံများ ထွက်ပေါ်လာလေ၏။

မသန်းမြင့်မှာ မအေးစိန်ကို ကပ်၍ကျိစယ်နေလေ၏။

"ခင်မြရီ မင်းတစ်ယောက်တည်းပဲလား"

"ကျွန်မတို့ အစ်မကြီး ခင်စိန်ရီလည်း ပါ,ပါသေးတယ်"

ထိုအခါတွင် မုန်တိုင်းက "ဟဲ့ ခင်မြရီ. . . မင်းတို့ ညီအစ်မထဲက လင်္ကာမန်း

www.burmeseclassic.com



ကတန်း ယူချင်တာများ ရှိသလား" ဟု ပြက်လိုက်သဖြင့် ဆူပူပွက်၍သွားလေ၏။

"ဘာလဲကွ၊ မင်းက အစ်မ ယူချင်လို့လား" ဟု လေပွေက မေးလိုက်သဖြင့်

"လုပ်စမ်းပါ နောင်ကြီးရာ၊ တတ်နိုင်ရင် ပြောပေးစမ်းပါ"

"အမလိုချင်ရင် ဥကလေးနှစ်လုံးနဲ့ တစ်ကျပ်ပဲပေးတော့" ဟု ဆိုလိုက်မှ ပွဲကျသွားပြန်လေ၏။

ထိုအခါမှ မင်းသားသိန်းဖေက "ခင်မြရီ မင်း အသက်ဘယ်လောက်ရှိပြီလဲ" ဟု မေးလိုက်ရာ. . .

"ကျွန်မလေ ဆယ့်ခြောက်နှစ် ရှိပြီ" ဟု ဖြေသည်တွင် မုန်တိုင်းက "အေး ဂတ်တဲကျ ဒီအတိုင်းပဲ ပြောနော်" ဟု ပြက်လိုက်သဖြင့် ယပ်တောင်စက်ကွင်းမိ၍ သွားလေ၏။

ထိုသို့ ရှုပ်နောက်နေကြသဖြင့် နှစ်ပါးသွား အားထားနေကြသော ကျောင်းသားတို့က "တို့တာဆိတ်တာ ကြည့်ချင်လှပြီဗျို့" ဟု ဟစ်အော်ပွဲတောင်းကြသဖြင့် လူပြက်များ ထိုင်ကြရလေ၏။

သိန်းဖေသည် ခါးပုံစကိုမ၍ ခါးကို နောက်ပြန်ပတ်ကာ ကိုယ်ကိုကိုင်းကိုင်း ကလေးလုပ်၍ "နန်းကြာပဒုံပန်းစကဝါနှစ်ငုံ ဂန္ဓာရုံသင်းတာ ယမင်းကညာ" ဟု ဆိုလိုက်သည်တွင် ဆိုင်းလိုက်၍ပေးရာ ငှက်ကြီးဝံပို ငါးရှာသည့်ခြေလှမ်းမျိုးဖြင့် မင်းသမီးဘက်သို့ လှမ်းသွားကာ တီးလုံးအချတွင် မင်းသမီး၏မေးကို တို့လိုက်ရာ ရယ်ရယ်မောမော သြဘာပေးကြလေ၏။

"ဟဲ ဟဲ. . . မင်းသား ကိုဘိုးစိန်ကြီးကတော့ အသံသြဇာနဲ့ ပြည့်စုံလို့ အာကောင်းတယ် ဆိုကြတယ်။ အောင်ဗလကတော့ နှာကောင်းတယ်။ ကျွန်တော်ကတော့ ရက်ဆားကောင်းတယ်ခင်ဗျ" ဟု ရွတ်လိုက်သဖြင့် တဝေါဝေါ ရယ်ကြလေ၏။

သိန်းဖေသည် သီချင်းကို တစ်ပတ်ကြော့၍ ပြန်ဆိုကာ၊ စည်းဝါးကျကျ ကောင်းမွန်စွာ က,လိုက်ရာ ဤမျှလောက်လာလိမ့်မည် မထင်ကြသူတို့မှာ အထူးအံ့သြမိကြပြီး ရှည်လျားစွာ သြဘာပေးမိကြလေတော့၏။

သိန်းဖေမှာ အလူးအားတက်၍သွားကာ ကြိုးကြိုးစားစား ဆိုလိုက်မဟဲ့၊ ကလိုက်မဟဲ့ဟူသော ဌဲဖြင့် "အင်္ဂါရုပ်လက္ခဏာ ကောင်းခြင်းအဖြာဖြာ အမျိုးမြတ်တဲ့ မိုးနတ်သူပမာ ရှုပကာ ရှုပကာ မျက်နှာထားတစ်ဖက်သား ချစ်ချင်စရာ" စသည်ဖြင့် ဆက်လက်ပြီးဆိုကာ အားကြိုးမာန်တက် ကလိုက်ရာ သီချင်းမှာ အလှည့်မြန်သဖြင့် သိန်းဖေလည်း အားရပါးရ လှည့်၍ ကလိုက်သည်တွင် ခါးပုံစကို တက်၍နင်းမိသောကြောင့် ဖြတ်ခနဲ ပုဆိုးကျွတ်၍သွားလေ၏။ မိန်းကလေးများမှာ "အို" ခနဲ တမ်းတမိကြ၍ ကျောင်းတော်သားတို့မှာ ဝေါခနဲ ပွက်ထွက်သွားကာ သိန်းဖေမှာ အရိပ်အယောင် မမြင်ရတော့အောင် ဇာတ်ခုံပေါ်မှဆင်း၍ ပြေးလေတော့၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

သိန်းဖေသည် အတော်ပင်ရှက်၍နေသောကြောင့်၊ မျက်နှာကို မပြရဲဘဲ တစ်ရက် နှစ်ရက် ကြာသည့်တိုင်အောင် ကျောင်းမတက်ဘဲနေလေ၏။ ကျော်ဝင်းနှင့် အခြားမိတ်ဆွေတို့မှာ နောက်ပြောင်စရာမရှိလျှင် သိန်းဖေထံသာ လာရောက်ရှုပ်နောက်ကြလေတော့၏။

"ကိုသိန်းဖေ၊ ခင်ဗျားတစ်ယောက်တော့ဖြင့် အံ့လောက်ပါရဲ့။ အလိုလိုမှ မင်းသမီးက ခင်ဗျားနဲ့ တွဲရမှာ လန့်နေရတဲ့အထဲ၊ ခင်ဗျားက ချောက်တယ်ဆိုတော့ ဟား ဟား ဟား ဟား"

"ကိုယ်တို့မင်းသားက ပညာစုံသားပဲ။ အကတွင် မဟုတ်ဘူး၊ အလမ္ပာယ်လည်း ပြသေးတယ်"

သိန်းဖေမှာ နောက်နေကြသည့်အတွက်သာ ရယ်မောပေရရှာသော်လည်း မချိသွားဖြဲဖြစ်ကာ အတော်ပင် အခံရခက်၍နေရှာလေ၏။

"မပြောနဲ့တော့ဗျာ။ ကျွန်တော်တော့ ကြံဖန်ပြီး နာမည်ကြီးဖို့ ဖြစ်လာရတာပဲ"

"ဒါဖြင့် လူသာငယ်၊ နာမည်တုတ်ကြီးပေါ့" ဟု တစ်ယောက်က ကျဖမ်းနောက်လိုက်သဖြင့် များစွာကျေနပ်သွားကြပြန်လေ၏။

"နို့ပေတဲ့ တော်ပါသေးတယ်ဗျာ။ အတွင်းခံ ရွှေချိုထိုးဘောင်းဘီ ရှိပေလို့ပေါ့။ ဘောင်းဘီသာ မပါရင်" ဟု ပြောပြီး တွေး၍ရယ်ကြပြန်လေ၏။

"ကျွန်တော်ဖြင့်ဗျာ၊ တစ်ခါတည်း မွှန်ထူသွားတာပဲ။ ဇာတ်ခုံပေါ်ကသာ ဆင်းပြေးလာခဲ့ရတယ်၊ ဘယ်နှစ်ထစ်လှမ်းပြီး ဆင်းခဲ့ရမှန်း မသိဘူး။ အရေးထဲမှာ မျက်မှန်ကလည်း မတပ်ဘဲထားတော့ ကံကောင်းလို့ ကျွမ်းပြန်ပြီးမကျတယ်။ ရယ်လည်း ရယ်ချင်၊ ငိုလည်း ငိုချင် ဖြစ်သွားတာပဲ"

www.burmeseclassic.com



"ဒါဖြင့် တစ်ချီလောက် ငိုချင်းချလိုက်စမ်းပါဦး"

ထိုအခါတွင် သိန်းဖေသည် ရင်ထုမနာထုပြုကာ "တစ်မျိုးဝင့်ကြွမ္မာ ဆန်းကြယ်တဲ့ ငနဲမှာဖြင့် ပုဆိုးကျွတ်ကာ လမ်းလယ်၌ လှဲလိုက်ချင်ပေါ့" ဟု ဆိုလိုက်ရာ ငိုချင်းထိပြီး တခွိခွိ ဖြစ်နေကြလေ၏။

နောက်မှ အသံတစ်မျိုးပြောင်းပြီး "အမယ်မင်း ဟစ်လို့သာ အော်လိုက်ချင်တော့" ဟု ဆိုပြီးမှ "ဇီးပြားချိုချိုအေးအေး" ဟု ဟစ်လိုက်သောကြောင့် ကျေနပ်ကြရပြန်လေ၏။

"ဪ ကိုသိန်းဖေ. . . ကိုသိန်းဖေ"

"ကျွန်တော် မသေသေးပါဘူးဗျာ၊ တ,မနေစမ်းပါနဲ့ဦး"

"ဟား ဟား. . . တစ်ခုတော့ နေရာကျသွားသဗျ"

"ဆိုစမ်းပါဦး၊ ဘယ်လိုများ နေရာကျရတာတုန်း"

"အခုလိုဖြစ်သွားတာ တမင်စီစဉ်ထားရင် ဖြစ်ချင်မှ ဖြစ်ဦးမှာ။ အခုတော့ ဇာတ်ကြောလည်း မရှည်ဘူး။ ရယ်လည်း ရယ်ရတယ်၊ အကွက်ဆိုက်ရုံကျသွားဟာပဲ" ဟု တစ်ယောက်က ပြောလိုက်သဖြင့် "အစစ်ပဲဗျ" ဟု အားလုံးက ထောက်ခံကြလေ၏။

"အကွက်ဆိုက်ချင်ဆိုက်၊ မဆိုက်ချင်နေ၊ နောက်တော့ဖြင့် ပါဏုပေတံ အသက်ထက်ဆုံး ဇာတ်ခုံပေါ် မတက်တော့ပါဘူးလို့ ရှိခိုးလိုက်တော့မယ်"

"ကိုယ့်လူ ဒီလိုတော့လည်း ရှက်တတ်သားပဲ" ဟု တစ်ယောက်က ပြောလိုက်ရာ၊ သိန်းဖေက မကျေမနပ်သော အမူအရာဖြင့် မချင့်မရဲ မျက်စောင်းထိုးကြည့်သည်ကို ရယ်၍နေကြလေတော့၏။

သို့သော် သိန်းဖေအဖို့ များစွာစိတ်ဒုက္ခဖြစ်၍မနေစရာအကြောင်းတစ်ခု ပေါ်ပေါက်လာလေ၏။ ထိုအရာသည်ကား အစမ်းစာမေးပွဲ စစ်ဆေးရန် အချိန်သို့ ဆိုက်ရောက်လာခြင်းကြောင့် အတန်းများကို ဖြုတ်ထားပြီး ကိုယ်ပိုင် စာကြည့်ရန် ကျောင်းပိတ်၍ထားလိုက်ခြင်းပင် ဖြစ်ပေ၏။ သို့အားဖြင့် သိန်းဖေမှာ ကျောင်းတက်ရခြင်းမှ ကင်းလွတ်ကာ၊ ကျောင်းတွင် မအေးစိန်နှင့်တွေ့၍ မျက်နှာထားခက်ရမည့် စိတ်ဆင်းရဲခြင်းမှ သက်သာရရကာ အခန်းထဲမှ အခါများစွာထွက်၍ လည်ပတ်ခြင်း မပြုတော့ဘဲ ဖုန်တက်လျက် ပင့်ကူအိမ်ဖွဲ့နေသော စာအုပ်များကို သုတ်သင်ရှင်းလင်းကာ ကျကျနနကြီး စာကြိုးစား ဖတ်ရှုနေသည်ကို တွေ့ကြရလေ၏။

ကျော်ဝင်းသည် ထိုသို့ စာကြိုးစား ဖတ်ရှုနေသော သိန်းဖေကို တွေ့ရလျှင် အတော်ပင် ရယ်ချင်မိလေ၏။

"ဟား ဟား ဒီနှစ်တော့ ဆန်စပါး ဈေးကောင်းဦးတော့မှာပဲ"

"အလို ကိုကျော်ဝင်းမှတ်တယ်။ လက်စသတ်တော့ ဗေဒင်ဆရာ စိန္တာ[illegible]ပါ လား။ လုပ်စမ်းပါဦး။ မဟာသင်္ကြန်စာက ဘယ်လိုဆိုလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"သကြိန်အဆိုတော့ မသိဘူး၊ ခင်ဗျား စာမကြည့်စဖူး သိပ်ပြီး ကြိုးစားနေလို့ နက္ခတ်တာရာတွေလည်း ဖောက်ပြန်ပြီး ဆန်စျေးကောင်းမှာပဲလို့"

သိန်းဖေသည် ကျော်ဝင်း နောက်သည်ကို မရယ်ဘဲ၊ မျက်နှာထားအတည် လုပ်နေသဖြင့် ကျော်ဝင်းမှာ ရယ်နေရလေတော့၏။

"ကိုယ့်လူ. . . လုပ်လှချည့်လား။ တကယ့်ကို ကြိုးစားနေတာကိုး။ မျက်စိတွေ အခုထက်တိုးပြီး မှုန်နေလို့ မှန်ဘီလူးတပ်နေရပါဦးမယ်"

"ကြိုးစားပြီလား ကိုကျော်ဝင်းရယ်။ တစ်နှစ်လာလည်းကျ၊ တစ်နှစ်လာလည်း ကျဆိုတာ ကိုယ်အသုံးမကျလို့ ဖြစ်ရတာ၊ ဝမ်းနည်းစရာ မကောင်းပေမယ့် ငွေကုန်ခံပြီး သင်ရတဲ့ မိဘတွေကို သနားရသေးတယ်"

"သာဓုဗျာ၊ သာဓု သာဓု" ဟု ကျော်ဝင်းကပြောကာ "ဒါထက်၊ ခင်ဗျား မအေးစိန်နဲ့ မတွေ့တော့ဘူးလား" ဟု မေးလေ၏။

"ပညာရှာတဲ့အခါ ဒီအလုပ်တွေ စိတ်မကူးရသေးဘူးဗျ"

"အဟား ဟား ဟား. . . သိပ်ရယ်လိုက်ရရင်၊ မဟာပထဝီ ထက်ခြမ်းကွဲသွား ရော့မယ်" သိန်းဖေမူကား ဣန္ဒြေအနည်းငယ်မျှ မပျက်စေရဘဲ "မရယ်နဲ့လေ၊ တကယ် ပြောနေတာ။ ခင်ဗျားတို့ ကျွန်တော်တို့ဟာ ကိလေသာတဏှာရာဂ၊ ကာမဝိတတ်ဆိုတဲ့ စိတ်တွေကို ပယ်ရမယ်ဗျ" ဟု ဆိုလေ၏။

"အလို မြတ်စွာဘုရား၊ မြတ်စွာဘုရား။ အင်း ငါတော့ ချမ်းသာဦးတော့မှာပဲ။ လာရင်းက ကိုသိန်းဖေဆီလာတယ်" ဟု ပြောလေ၏။

"သုဒ္ဓဿ၊ သုနိပုနံ၊ ရဋ္ဌကာမ၊ နိပါတိနံ၊ စိတ္တံ၊ ရက္ခေတ၊ မေဓာဝီ၊ စိတ္တံ၊ ဂုတ္တံ၊ သုခုဝဟံလို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တယ် ဒကာဝင်းရဲ့"

"မှန်လှပါဘုရား"

"ဒကာဝင်းရေ"

"ဘုရား"

"ကာမဂုဏ်၌ နစ်မွန်းနေတဲ့ စိတ်တွေကို တိန်းသိမ်းစောင့်ရှောက်ရမယ်ကွယ့်။ ဒါမှလည်း မြင့်တယ်၊ မြတ်တယ်၊ ကောင်းတယ်ကွယ့်"

"အမိန့်ရှိပါဘုရား"

"ကာမဂုဏ်မီးဟာ ဘယ့်ကလောက်များ ကြီးသလဲလို့ဆိုတော့"

ဟု အစချီပြီး အသံနေအသံထားဖြင့် "ပုထုဇဉ်သားတွေ မဆိုထားနဲ့တော့၊ ဘုရားအလောင်း ဒေါင်းမင်းတောင် ဒေါင်းမ၏ညွတ်ကွင်းက မလွတ်နိုင်သဖြင့် အင်ဂျက်ရှင်း ထိုးရလေတော့သတည်း" ဟု အသံချလိုက်သဖြင့် ကျော်ဝင်းမှာ သိန်းဖေနှင့် ကြာကြာမနေရဲတော့ဘဲ "ဟာ ဒီလူ သာသနာဖျက်မယ့်လူပဲ" ဟု ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com

ရယ်မော ရင်း အခန်းထဲမှ ထွက်ပြေးလေတော့၏၊

သို့နှင့် တစ်ရက်မှ တစ်ရက်သို့ လွန်မြောက်၍လာကာ၊ စာမေးပွဲစစ်သည့်အချိန်သို့ ရောက်ရှိလာခဲ့လေ၏။ သိန်းဖေမှာ အရှက်မပြေနိုင်သေးဘဲ မအေးစိန်နှင့်တွေ့ရမည်ကိုပင် စိတ်အိုက်၍နေကာ မတွေ့အောင် ရှောင်ရှား၍နေလေ၏၊ သို့ရာတွင် မတွေ့လိုမှ သာ၍တွေ့တတ်ကြစမြဲ ဖြစ်သည့်အတိုင်း၊ စာမေးပွဲနောက်ဆုံး ဖြေရမည့်နေ့တွင် မလွှဲသာ မရှောင်သာ ကော်ရစ်ဒါတစ်လမ်းထဲတွင် ရင်ဆိုင်တိုး၍နေလေတော့၏။

သိန်းဖေမှာ မျက်နှာမထားတတ်အောင် ရှိနေလေ၏။ မိမိအား မအေးစိန်က မည်ကဲ့သို့သော စကားဖြင့် စတင်၍နောက်လိုက်မည်နည်းဟု ရင်ဖို၍နေကာ စာမေးပွဲဖြေဆိုမည့် မေးခွန်းကို မတွေ့ရမီက ရင်ထဲတွင်ခုန်၍နေသည့် အဖြစ်မျိုးထက် အဆပေါင်းများစွာ ထိတ်လန့်ခြင်း ဖြစ်မိလေတော့၏။

မအေးစိန်သည်လည်း အကင်းပါးသူတစ်ဦး ဖြစ်သည့်အလျောက်၊ သိန်းဖေ၏အမူအရာကို ကြည့်ရခြင်းအားဖြင့် သိန်းဖေတွင် မည်ကဲ့သို့ စိတ်အိုက်နေလိမ့်မည်ကို တွေးမိပေ၏။ သိန်းဖေမှာကား မျက်နှာပြောင်တိုက်၍နေလိုက်တော့မည်ဟု စိတ်ကိုတင်းကာ ဟန်လုပ်၍ပြုံးပြီး နှုတ်ဆက်လေ၏။

"ကိုသိန်းဖေတို့များ နေနိုင်လိုက်တာ။ တစ်ခါတည်းကိုပဲ မတွေ့ရတော့ဘူး"

"အော်. . . တစ်ခါတလေတော့လည်း နောင်တ,တရားရပြီး စာကြိုးစားရသေးတာပေါ့။ လာတော့ လာချင်သားပဲ"

"သိပါတယ်။ ကိုကျော်ဝင်း တစ်ခါရောက်လာလို့ ပြောပါတယ်။ သိပ်စာကြိုးစားနေတာပဲတဲ့" ဟု ပြောပြီးနောက် "ကိုသိန်းဖေ ဖြေဖို့ ဘယ်နှစ်ရက်ကျန်သေးသလဲ" ဟု မေးလေ၏။

"အခု မနက်ပိုင်း ဖြေပြီးရင် ပြီးတာပဲ"

"ဒါဖြင့် မနက်ဖြန် အားတာပေါ့"

"ဟုတ်တယ်"

"ကျွန်မတို့လည်း ညနေပိုင်းပြီးရင် ပြီးရော။ ဒါဖြင့် မနက်ဖြန်ခါ တွေ့ကြရအောင်။ အင်းလျားဟောလ်ကို လာခဲ့ပါဦး" ဟု မှာပြီးထွက်သွားမှ သိန်းဖေမှာ မည်သို့မျှအနောက်မခံရသဖြင့် စိတ်ထဲတွင် အပူလုံးကြီးကျသွားကာ "လာခဲ့ပါမယ်" ဟု ဖြေရင်းခွဲထွက်ခဲ့လေ၏။

စာမေးပွဲဖြေပြီးသော ကျောင်းတော်သားတို့သည်ကား မိမိတို့ ဖြေနိုင်သည်၊ မဖြေနိုင်သည်ကိုအပထား၍ တာဝန်ကြီးတစ်ခုပေါ့၍သွားခြင်းကြောင့် အလွန်အကျွံပျော်မြူးလျက် ရှိကြလေ၏။ တစ်ဘာသာအစ၊ နှစ်ဘာသာအစ ကျန်ရှိသေးကြသူတို့ကား ထိုသူတို့အစား မနာလို မရှုစိမ့်ဖြစ်ကာ ကြွင်းကျန်ဖြေဆိုရန်ရှိသော ဘာသာများ

www.burmeseclassic.com

အတွက် ကုပ်၍ကြည့်ရှုလေ့လာကာ မြန်မြန်ပြီးပါစေတော့ဟု ဆုတောင်းမိကြလေတော့၏။

သိန်းဖေကား အတော်အသင့် ဖြေဆိုနိုင်သည့်အတွက်၊ ခါတိုင်းထက်ပို၍ပျော်ရွှင်မိသည့်ပြင် ကျောင်းမပိတ်သေးမီ နေရဦးမည်ဖြစ်သော ကျန်ရှိသည့် ရက်အနည်းငယ်အတွင်းတွင် မအေးစိန်နှင့် ပျော်ရွှင်သွားလာရမည်ကို အလွန်အမင်း ဝမ်းမြောက်ကျေနပ်လျက် ရှိလေ၏။ ကျော်ဝင်းမှာမူကား တစ်ထစ်ကျန်၍နေသေးသဖြင့် ထိုတစ်ထစ်ကို နောက်ဆုံးဘိတ်ကျမှ တစ်၍မနေအောင် အထူးကြိုးစား ကြည့်ရှုလျက်နေရလေတော့၏။

ထိုနေ့သည်ကား ကျော်ဝင်းအဖို့ နောက်ဆုံးဖြေဆိုရမည့်နေ့ ဖြစ်ပြီးလျှင်၊ သိန်းဖေအဖို့မှာ ဖြေဆိုစရာ မရှိတော့ဘဲ မအေးစိန်နှင့် တွေ့ဆုံရန် ချိန်းဆိုထားသည့်နေ့ပင် ဖြစ်တော့၏။

"အိုင်ဆေး ကိုကျော်ဝင်း။ ကျွန်တော် ဒီကနေ့ မြို့ထဲလည်ပြီး ဂျပိုးထိုးလိုက်ဦးမယ်"

"တစ်ယောက်တည်းလား"

"တစ်ယောက်တည်း ဆိုပါတော့လေ၊ နို့ပေတဲ့ မြို့ထဲမသွားခင် မအေးစိန်နဲ့သွားပြီးတွေ့ရဦးမယ်။ သူဘာပြောမလဲ မသိဘူး။ ရုပ်ရှင်ပြခိုင်းမလား မသိဘူး။ ရုပ်ရှင်ပြခိုင်းရင်လည်း သူ့ကို လိုက်ပြပြီးမှ တစ်ယောက်တည်း ပြန်ပြီးပွေလိုက်ဦးမယ်"

"ခင်ဗျားတို့ကတော့ စာမေးပွဲဖြေပြီးမှကိုး၊ ပျော်နိုင်ကြပေမပေါ့။ ကျွန်တော်တို့တော့ တစ်ရက် ဒုက္ခခံရဦးမယ်"

"အဲဒါထက် ကျွန်တော့်အခန်းသော့ကို ယူသွားစမ်းဗျာ။ အကယ်လို့ ကျွန်တော် ညကို မပြန်ဖြစ်ရင် ကျွန်တော့်အခန်းကိုဖွင့်ပြီး ခေါင်းအုံးတွေ စောင်တွေကို လူအိပ်သလို လုပ်ထား။ ပြီးတော့ ပြတင်းပေါက်က မင်းတုန်းကလေးကို အပြင်ဖက်က တွန်းပြီးပိတ်၊ ခါတိုင်း လုပ်သလိုပေါ့ဗျာ။ ဆရာလာရင် နေမကောင်းလို့ အိပ်နေတယ်လို့ အခန်းဘေးက လူတွေကို မှာထားတာပေါ့။ နို့ပေတဲ့ ရှစ်နာရီထိုးလို့မှ မလာဖြစ်တော့မှ လုပ်ပါ။ အဆင်မသင့်ရင်လည်း ပြန်ချင် ပြန်ခဲ့မှာပဲ"

ကျော်ဝင်းသည် သိန်းဖေ၏အခန်းသော့ကိုယူကာ "ကျွန်တော့်ဖို့လည်း တစ်ပဲဘိုးလောက် အဆစ်ထည့်ပြီး ပွေခဲ့စမ်းပါ" ဟု ဆိုလျက် စာမေးပွဲဖြေဆိုရန် ကျောင်းသို့ထွက်ခဲ့လေ၏။

သိန်းဖေသည် အဝတ်အစား ကျကျနန ဝတ်ဆင်ပြီးလျှင် မိမိ၌ရှိသောငွေကို ရေတွက်ကြည့်ရာ ထိုနေ့အဖို့ သုံးစွဲ၍ လုံလောက်ရုံမျှ ရှိသည်ကို တွေ့ရသည့်အတွက် အသင်းကြေးများ၊ လက်ဖက်ရည် ဒိုဘီပင်းမင်းကြွေးများနှင့် အခြားဆပ်စရာ ရှိသည်ဟု အကြောင်းပြုကာ သံကြိုးနှင့် ငွေအမြန်ပို့ရန် အိမ်သို့ စာတစ်စောင်ရေးပြီးလျှင် အခန်း

www.burmeseclassic.com

www.burmeseclassic.com

သော့ခလောက်ကိုပိတ်၍ ထွက်ခဲ့ပြီးနောက်၊ ကျောင်းဝင်းထိပ်ရှိ စင်တိုင်တွင် စာထည့်ခဲ့ကာ မအေးစိန်နှင့်တွေ့ရန် ပျော်ရွှင်ကြည်လင်စွာ ထွက်ခွာသွားလေ၏။

သိန်းဖေသည် မအေးစိန်နှင့် တွေ့သောအခါ မိမိထင်မြင်သကဲ့သို့ပင် ရုပ်ရှင်ကြည့်လို၍ ခေါ်ကြောင်းကို သိရသည့်အတိုင်း၊ မဆိုင်းမတွ မြို့ထဲသို့ ထွက်ကြလေ၏။ သိန်းဖေနှင့် မအေးစိန်တို့သည် ဤအခါသည်သာလျှင် ပထမဆုံးအကြိမ်အားဖြင့် နှစ်ယောက်တည်း ယှဉ်တွဲကာ မြို့ထဲသို့ထွက်၍ လည်ပတ်ရခြင်း ဖြစ်သောကြောင့် ထိုသို့လာခဲ့ကြရခြင်းတွင် ပျော်ရွှင်၍မဆုံးနိုင်ဘဲ ရှိကြလေ၏။

"မအေးစိန် ရွှေတိဂုံဘုရားကြီးကိုသွားရအောင်၊ ဘုရားလည်းဖူးရင်း ဆုလည်းတောင်းရင်း"

"ဘာဆုများ တောင်းချင်လို့လဲ၊ စာမေးပွဲအတွက်လား"

"စာမေးပွဲအတွက်လောက်တော့ မပူပါဘူး၊ ဒီကပူတာက မအေးစိန်နဲ့ကွဲမှာတစ်ခုတည်းပဲ။ ဒါကြောင့် ကိုယ်နဲ့ မအေးစိန်နဲ့ဟာ ဒီဘဝကစပြီး ဘဝဆက်တိုင်းဆက်တိုင်း ပေါင်းရပါစေဆိုတာ ဆုတောင်းရအောင်"

"ရှက်စရာကြီး ကိုသိန်းဖေရယ် ဒါအတွက်နဲ့တော့ဖြင့် မသွားပါနဲ့။ ကုသိုလ်လည်းရမှာ မဟုတ်ပါဘူး။ စေတနာကောင်းကောင်းနဲ့ ဘုရားကို အာရုံပြုချင်ရင် ဘယ်အခါမဆို သွားပြီး အာရုံပြုနိုင်ပါတယ်"

"ဒါဖြင့်ရင်လည်းလေ နောက်မှပဲ သွားကြတာပေါ့။ ဒီကနေ့တော့ အချိန်မရှိဘူး။ ရုပ်ရှင်ပြချိန် နီးနေပြီ" ဟု သိန်းဖေသည် မအေးစိန်၏အလိုကိုလိုက်၍ မိမိစကားကိုပင် မိမိဖျက်သိမ်းကာ ရုပ်ရှင်သို့ သွားကြလေ၏။

ရုပ်ရှင်ရုံ၌ စာမေးပွဲပြီး၍ မြို့ထဲသို့ထွက်ကာ လည်ပတ်သော ကျောင်းသားအချို့တို့နှင့် တိုး၍နေလေ၏။ သိန်းဖေမှာ မိမိကိုယ်တိုင်ပင် ယခင်အခါက နောက်ခဲ့ပြောင်ခဲ့ဖူးသည့်အလျောက်၊ မိမိတို့မှာလည်း နောက်ပြောင်ခြင်းခံရမည်ကို သိလေ၏။ သို့သော် သိန်းဖေသည် ၎င်းတို့အား ပမာမထားဘဲ "ငါလိုမှ စွံရဲ့လား" ဟူသော ကြွားဝါခြင်းဖြင့် စတိုင်တင်း၍ မျက်နှာထားတည်တည်ထားကာ မအေးစိန်နှင့် ယှဉ်တွဲ၍ ထိုင်လျက် ရယ်ကာမောကာလုပ်၍ နေလေ၏။ ကျောင်းသားများမှာလည်း ပြောင်သမားနှင့် တွေ့နေသဖြင့် နောက်သော်လည်း အကြောင်းမထူးသောကြောင့် အေးအေးပင်နေလိုက်ကြရလေတော့၏။

သိန်းဖေနှင့် မအေးစိန်တို့၏နှလုံးသားတို့သည်ကား လေယူရာသို့ ယိမ်းနွဲ့လွင့်ပါး၍နေသော လဲပွင့်ကလေးများပမာ ပျော်ရွှင်ခြင်း၏စည်းစိမ်သုခတွင် လွင့်စင်မျောပါလျက် ရှိကြလေ၏။ ဤမျှပျော်မွေ့ဖွယ်ကောင်းလှသော လူပြည်လောကကြီးကို ထိုထိုသော သူအပေါင်းတို့သည် အဘယ့်ကြောင့် မုန်းတီးစွန့်ခွာ၍ တောထွက်ကြလေသနည်းဟု သိန်းဖေ၏စိတ်တွင် ကဲ့ရဲ့ချင်သလိုလို ဖြစ်မိကာ၊ ဤသည်သာလျှင် ပျော်မွေ့

www.burmeseclassic.com


ရာအစစ် နိဗ္ဗာန်ကြီး ဖြစ်သည်ဟု ထင်မြင်မိလေ၏။

ထိုသို့ရုပ်ရှင်ကြည့်နေစဉ် ချစ်သူနှစ်ဦးတို့မှာ ပျော်မဆုံးနိုင် ရှိကြရာ၊ ၎င်းတို့နှစ်ဦးကို အနီးအပါးမှ တွေ့မြင်ရသူများမှာ အားကျဖွယ်ရာ ဖြစ်ပေ၏။ သိန်းဖေတို့မှာ ထိုသို့ပျော်မြူးနေရခြင်းကိုပင် အားမရ တင်းမတိမ်နိုင်အောင် ရှိကြရာ ရုပ်ရှင်ပြီးသွားသည်ကိုပင် လျင်မြန်လှသည်ဟု အောက်မေ့မိကြလေ၏။ ရုပ်ရှင်ရုံမှ ထွက်၍လာကြသောအခါ မကျေမနပ် ဖြစ်နေကြသေးသော ကျောင်းသားလူရွှင်တို့သည် အနားမှ ရစ်သီကာ မကြားတကြား နောက်ပြောင်ကြလေသေးတော့၏။ သိန်းဖေမှုကား ပြုံးစိစိကြီးလုပ်နေ၍ မအေးစိန်မှာမူ မကြားချင်ယောင်ဆောင်ကာ ထွက်လာခဲ့ပြီး ရထားတစ်စီးပေါ်သို့ တက်လေ၏။ သိန်းဖေသည် ရထားပေါ်သို့ တက်မည်အပြုတွင်၊ ကျောင်းသားတစ်ယောက်က အင်္ကျီနောက်ပိုင်းမှ တို့၍ဆွဲထားပြီး မယောင်မလည်လုပ်နေရာ သိန်းဖေလှည့်အကြည့်တွင် အသိထဲက ဖြစ်နေသဖြင့် မျက်စိ တစ်ဖက်မှိတ်ပြကာ ပြုံးပြုံးကြီးလုပ်၍ ရထားပေါ်သို့ တက်သွားလေ၏။ အသိကျောင်းသားမှာ ရထားထွက်သွားသည်ကိုကြည့်ရင်း ပြုံးရယ်လျက် ကျန်ရစ်လေ၏။

"ကဲ. . . မအေးစိန် ဘယ်သွားကြဦးမလဲ"

"အချိန်လည်း မရှိဘူး၊ ကျောင်းကို ပြန်ကြရုံပဲ ရှိတာပဲ။ ထမင်းစား နောက်ကျပြီးရောက်ရင် ဝါဒင်က မျက်နှာထား သိပ်ဆိုးတယ်၊ မကြိုက်ဘူး"

"နောက်ကျမှ ဖြစ်ရင်လည်း မြို့ထဲမှာပဲ စားတာပေါ့ မအေးစိန်ရယ်။ တစ်ခါတစ်ရံ ပျော်ပျော်ရွှင်ရွှင် လည်ရတာပဲ။ နို့ပြီးတော့ ကျောင်းမပိတ်ခင် နောက်ဆုံးပျော်ရတာလည်း ဖြစ်တယ်။ ကျောင်းပိတ်ထားတဲ့အခါ တစ်ယောက်မျက်နှာတစ်ယောက် အတော်ကြာမြင်ရဦးမှာ မဟုတ်သေးဘူး။ ဒါတွေကို အခုက အတိုးချပြီး ပျော်ကြရအောင်" ဟု သိန်းဖေက ဆွဲလေရာ မအေးစိန်သည် အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ သိန်းဖေ ပြောသည်မှာလည်း ဟုတ်သလိုလို ရှိသောကြောင့် "ကိုသိန်းဖေ သဘောပဲလေ" ဟု ဆိုလိုက်သည့်အတိုင်း ပျော်ပွဲစားရုံတစ်ခုသို့ သွားရောက်ကြလေ၏။

ပျော်ပွဲစားရုံတွင်း၌ တီးမှုတ်လျက်ရှိသော "ဂျပ်ဇ်" ခေါ်သည့် တူရိယာအတီးအမှုတ်များသည် သိန်းဖေ၏ပျော်မြူးခြင်းကို ပိုမိုတက်ကြွစေတော့၏။ သိန်းဖေ၏ စိတ်ထဲဝယ် ထိုနေ့အဖို့မှာ မိမိသည် နတ်ပြည်ခြောက်ထပ်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်ရောက်လာရသကဲ့သို့ ထင်မှတ်မိတော့၏။

သိန်းဖေသည် ပန်းမာန်တို့ဖြင့် ခင်းကျင်းအပ်သော စားပွဲခုံ၏တစ်ဘက်ရှိ ဝိုင်းစက်ပြည့်ဖြိုးသော မအေးစိန်၏ မျက်နှာကို ကြည့်လိုက်ရာ ပြုံးရယ်လျက်နေလေ့ရှိသော နှုတ်ခမ်းကလေးများတွင် ပျော်ရွှင်ခြင်းကိုပြသော အရိပ်အယောင်များ မတွေ့ရသည်ကို မြင်ရသဖြင့် "မအေးစိန် မပျော်ဘူးလား" ဟု မေးလေ၏။

"ဟုတ်တယ် ကိုသိန်းဖေ၊ စောစောကလောက် မပျော်ဘူး။ ထိုင်ရင်း စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com


မှာ ဘယ်လိုဖြစ်လာမှန်း မသိဘူး။ စိတ်မကောင်းသလိုလို၊ ဘာလိုလိုနဲ့ တစ်မျိုးကြီးပဲ"

"နေမကောင်းလို့လား"

"နေလို့ကောင်းပါတယ်"

သိန်းဖေမှာ မအေးစိန် ထိုသို့ပြောလိုက်သည့်အတွက် စိတ်မကောင်းချင်သလို ဖြစ်မိကာ တွေဝေနေပြီးမှ "အို မအေးစိန် တွေ့ကရာတွေ စဉ်းစားမနေပါနဲ့လေ။ ပျော်ပျော်လာတဲ့အခါမှာ ဘာမှစိတ်လေးမနေပါနဲ့" ဟု ဆိုကာ "ဟော ဒီမှာကြည့်" ဟု ပြော၍ ပေါင်မုန့်လုံးလေးတစ်လုံးကို ဘယ်ဘက်လက်ဝါးပေါ်တင်လျက် ကြွက်လုပ်ပြီးလျှင် ညာဘက်လက်ဖြင့် လက်ဆစ်ကို ခုတ်လိုက်ရာ ပေါင်မုန့်လုံးကလေးလွင့်၍ တက်သွားပြီး ပြန်၍အကျတွင် ပါးစပ်နှင့်ကိုက်၍ ဖမ်းပြလိုက်သောကြောင့် မအေးစိန်မှာ သဘောကျခြင်းဖြင့် အသံထွက်အောင် ရယ်မိလေ၏။

"ဟဲ ဟဲ. . . အခုလို ပြုံးပြုံးကလေး နေမှပေါ့၊ အမြဲတမ်း ကြည်လင်နေတဲ့ မျက်နှာကလေးဟာ မှိုင်သွားတယ်ဆိုရင် လမင်းကို အသူရိန် ဖမ်းတာမျိုးလို မြင်ရသူ ဘိုင်း မရှုင်ပျစရာကြီး ဖြစ်နေမှာပေါ့။ ကိုင်း စားပါဦးလေ၊ စားရင်း စကားလည်း ပြောစမ်းပါဦး" ဟု ဆို၍ မအေးစိန်ကလည်း ထမင်းစားလေ၏။

"မအေးစိန် ထမင်းခွဲ့ပေးရဦးမလား"

"ဟဲ ဟဲ. . . ကျေးဇူးကြီးလှပါပြီ၊ နေပါစေရှင်"

"ကိုကျော်ဝင်းတို့မြင်ရင် ဘယ်လောက်များ အားကျလိုက်မလဲလို့နော်"

"သူတို့တော့ ရှိုးနေပါပြီ၊ ဒီကသာ အဆန်းဖြစ်နေတာ"

"ဒါထက် ကိုဘဦးနဲ့ မိမိကလည်း အခုတော့ ခပ်အေးအေးပဲ ဖြစ်နေကြပြီ ထင်ပါရဲ့"

"သူတို့တော့ အချစ်မပျက်ကြပါဘူး။ တစ်ခါတလေ ကိုသိန်းဖေ အမြင်သားပဲ မဟုတ်လား၊ နှစ်ယောက်သားတွဲပြီး သွားလာကြတာ၊ သူတို့မှာ နည်းနည်းခက်နေတယ် ဆိုရမှာက မိမိကလည်း ကျောင်းမထွက်သေး၊ ကိုဘဦးကလည်း အခုမှ အလုပ်ရကာစ၊ ရတဲ့အလုပ်ကလည်း ကြီးကြီးကျယ်ကျယ် မဟုတ်လေတော့ မိမိကလည်း သူ့အဖေကြီး သဘောတူပ့ါမလားလို့ ပူပင်နေရှာတယ်"

"မိမိတို့အိမ်တော့ ကိုဘဦးလည်း ဝင်လျက်ထွက်လျက်ပဲ မဟုတ်လား"

"ဝင်လျက်ထွက်လျက်ပေါ့။ ဒီလိုသွားတာလာတာကတော့ လွတ်လွတ်လပ် လပ်ကြီးထားတာပဲ။ နှိုပေတဲ့ ချစ်ကြိုက်ကြတဲ့အကြောင်းကို ပြောတဲ့အခါမှာ သဘောတူမယ်၊ မတူဘူးဆိုတာ အရေးကြီးတာပေါ့"

ထိုသို့ပြောရင်းပင် မအေးစိန်သည် တစ်စုံတစ်ရာကို တွေးမိသည့်အလား မျက်နှာ မသာမယာ ဖြစ်လာပြန်ကာ "သူများအရေးထက် ကျွန်မတို့အရေးကိုလည်း စဉ်းစားပါဦး။ ဒီလိုချစ်ကြိုက်နေကြရုံနဲ့ ပြီးမတဲ့လားလို့" ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ နောင်ခါလာ နောင်ခါဈေးပေါ့။ စာသင်ဖို့အချိန်တွေလည်း ရှိပါသေးတယ်။ ပူစရာတွေကို လျှောက်ပြီး မတွေးပါနဲ့ဦး မအေးစိန်ရယ်။ ပျော်တုန်းအခါ ဝဝကြီး ပျော်ကြစမ်းပါစို့ရဲ့"

မအေးစိန်သည် တွေ၍နေကာ ဆက်လက်၍ စားသောက်နေလေ၏။ သိန်းဖေမှာလည်း မအေးစိန်၏မျက်နှာကိုကြည့်၍ စားရသောကြောင့်လားမသိ၊ အတော်ပင် ထမင်းစားသောက်၍ ကောင်းနေလေ၏။

မအေးစိန်သည် စားသောက်နေရာက လက်ပတ်နာရီကလေးကိုကြည့်ကာ "ဟိုက်" ခနဲအသံထွက်သွားပြီး လက်ထဲမှဇွန်းကို လွှတ်ချလိုက်မိလေ၏။ သိန်းဖေမှာ ရုတ်တရက် ဘယ်သို့မေးရမည်ကို မတွေးတတ်အောင် ကြက်သေ,သေလျက် မအေးစိန်၏ မျက်နှာကို စိုက်ကြည့်နေမိလေ၏။

"အချိန်မရှိတော့ဘူး ကိုသိန်းဖေ၊ တံခါးမပိတ်ခင် အမီပြန်ပြီးရောက်မှ ရောက်ပါ့မလား မသိဘူး"

"ဟင်. . . မြန်လှချည်လား၊ ဟုတ်မယ် မထင်ပါဘူး" ဟု ပြောကာ ယောင်ရမ်း၍ မိမိလက်ကို မြှောက်ပြီးမှ မိမိ၌ နာရီမရှိသည်ကို သတိရပြီး လက်ကိုပြန်၍ချလေ၏။

"ဟုတ်ပါတယ် ကြည့်ပါလား" ဟု မအေးစိန်က နာရီလှမ်းပြရာ (၇) နာရီခွဲဖို့ ကပ်၍နေသည်ကို တွေ့ရသည်။

သိန်းဖေမှာ မယုံကြည်နိုင်သေးဘဲ ပျော်ပွဲရုံရှိ နာရီကို ကြည့်ပြန်ရာ မအေးစိန်၏နာရီထက်ပင် ပို၍မြန်သေးသည်ကို တွေ့ရမှ မျက်လုံးပြူး၍လာကာ "အင်း ဟုတ်ကောင်း ဟုတ်လိမ့်မယ်၊ ရုပ်ရှင်ကားလည်း နည်းနည်းရှည်တယ်" ဟု ပြောလေ၏။

"ဒါဖြင့် သွားကြပါစို့ ကိုသိန်းဖေ၊ ကြာကြာနေလို့ မဖြစ်ဘူး။ ကျွန်မလည်း သိပ်ပြီး စိတ်လေးတာပဲ"

ထိုအခါမှ သိန်းဖေသည် ပျာပျာသလဲဖြစ်၍လာကာ ဘီလ်ရှင်းလင်းပေးပြီးနောက် ဟိုတယ် တယ်လီဖုန်းဖြင့် တက္ကစီတစ်စင်း အမြန်လွှတ်လိုက်ရန် ခေါ်ယူလေ၏။

မအေးစိန်မှာ အလွန်အမင်း စိတ်မကောင်းဘဲ ရှိပြီးလျှင် တက္ကစီရောက်လာအောင် စောင့်ရသည်မှာ ရှည်လျားကြာမြင့်လှသည်ဟု အောက်မေ့မိလေ၏။ သိန်းဖေမှာလည်း အနည်းငယ်စိုးရိမ်ကာ စိတ်မသက်သာဘဲ ရှိလေ၏။ မော်တော်ကားရောက်၍လာမှ နှစ်ယောက်စလုံး သက်ပြင်းချကာ ကားပေါ်သို့ လျင်မြန်စွာ တက်ရောက်ကြပြီး ကျောင်းသို့ အမြန်ဆုံး မောင်းနှင်ခိုင်းရလေ၏။ သို့သော် နှစ်ဦးစလုံးမှာ အလျင်လိုသော ဇောစိတ်၏ ရှေ့ဆောင်ခြင်းအားဖြင့် ကားကပင် နှေးသကဲ့သို့လည်းကောင်း၊ လမ်းတွင် အရပ်အနားများသကဲ့သို့လည်းကောင်း ထင်မြင်မိကြလေ၏။

မော်တော်ကားသည် အင်းလျားလမ်းထဲသို့ ဝင်မိသည့်အခါမှ သိန်းဖေနှင့်

www.burmeseclassic.com

www.burmeseclassic.com


မအေးစိန်တို့မှာ အတော်ကလေး စိတ်သက်သာရာ ရကြလေ၏။ သို့ရာတွင် စိတ်မချနိုင်သေးဘဲ လည်တဆန့်ဆန့်နှင့် ကျောင်းဆီသို့ မျှော်မှန်းကြည့်ရှုကာ လိုက်ပါခဲ့ကြလေ၏။ သို့နှင့် ကျောင်းရှေ့သို့ ကားရပ်လိုက်သောအခါတွင် ကျောင်းတံခါးဆီသို့ ကြည့်ရင်း "ဟိုက်" ဟူ၍ ပြိုင်တူအသံထွက်မိကာ ပူပန်ခြင်းသည် ပြေတော့မည်ဖြစ်ရာက ပြန်၍တိုးတက်သွားကာ မွန်ထူ၍သွားကြလေတော့၏။ မအေးစိန်မှာ ဟှာဟှာသလဲ ရှိနေကာ ဟိုဟိုဒီဒီ ကြည့်ပြီးနောက် ကားမောင်းသမားအား "ဒီမှာမရပ်နဲ့၊ ဒီမှာမရပ်နဲ့၊ ရှေ့ကို နည်းနည်းမောင်းဦး" ဟု အမိန့်ပေးလေ၏။ ကားသမားသည်လည်း အမိန့်အတိုင်း ရှေ့သို့ဆက်၍မောင်းလာရာ ဘွဲ့နှင်းသဘင်ရုံနားသို့ရောက်မှ မအေးစိန်က အရပ်ခိုင်းလေ၏။

"ကိုသိန်းဖေ ဘယ့်နှယ်လုပ်မလဲ။ ကျွန်မတော့ အဝင်ရခက်နေပြီ၊ တံခါးလည်း ပိတ်နေပြီ"

"ဂိတ်ဘုတ်ရှိတယ် မဟုတ်လား၊ အဲဒါ လက်မှတ်ထိုးရုံပေါ့၊ ဂိတ်တက်လုပ်ရုံပြင် ဘာတတ်နိုင်ဦးမှာလဲလို့"

"ကျောင်းပိတ်ခါနီးနေမှ "ဂိတ်တက်" တော့လုပ်ရမှာ မဟုတ်ဘူး။ အခုနေအင်စပက်ရှင်း ပြီးနေပြီ၊ ကျွန်မ မရှိတာကို တွေ့တော့တွေ့ပြီးသားပဲ။ ဝင်သွားရင် "အိတ်စပလင်နေးရှင်း" တောင်းတော့မယ်။ ညနေကလည်း ထမင်းမစားဘူး။ အချိန်လည်း သိပ်နောက်ကျနေတယ်။ နို့ပြီး နောက်ကျလိမ့်မယ်လို့ တိုင်မသွားဘဲ ကျွန်မတစ်ယောက်တည်း ထွက်လာတယ် ဆိုတာတွေ အကုန်ရောပြီး အပြစ်ယူမှာပဲ။ "ဂိတ်တက်လုပ်တော့မှာလည်း မဟုတ်ဘူး။ 'ဖိုင်း' ချတော့မှာလည်း မဟုတ်ဘူး။ ထုတ်ပစ်မယ်ဆိုရင် ပစ်နိုင်တယ်" ဟု ဆိုရာက ဝမ်းနည်းလုံးဆို့လာကာ သိန်းဖေ၏ပခုံးတွင် မျက်နှာအပ်၍ ရှိုက်ငိုကာ "ကိုသိန်းဖေ ကျွန်မ သိပ်ခက်တာပဲ။ ရှက်စရာကောင်းပြီ ကိုသိန်းဖေရဲ့၊ အားလုံးက ကဲ့ရဲ့ကြတော့မှာပဲ။ မကြံတတ်တော့ဘူးလား" ဟု ပြောလေရာ ကိုသိန်းဖေမှာ မိမိပခုံးပေါ်တွင် မအေးစိန် မျက်ရည်ကျသောအတွေ့ကို ခံစားရသဖြင့် အသဲနှလုံးသို့တိုင်အောင် ထိခိုက်သွားကာ ဘာမျှ မပြောနိုင်၊ မဆိုနိုင် ငေးမှိုင်တွေဝေ၍ နေမိလေ၏။ ကားသမားမှာလည်း ကျောင်းတော်သား၊ ကျောင်းတော်သူနှစ်ဦးတို့၏ ထူးခြားသော အဖြစ်အပျက်ကို တွေ့နေရသဖြင့် အံ့ဩမိလေတော့၏။

မအေးစိန်လည်း သိန်းဖေ၏ပခုံးကိုလှုပ်ကာ "ကြည့်နေတော့မလား ကိုသိန်းဖေရဲ့" ဟု ပြောပြန်သဖြင့် သိန်းဖေလည်း ကြံမိကြံရာ စဉ်းစားမိကာ ဖြစ်ရာဖြစ်စေတော့ဟု သဘောထားလျက် "ငိုတော့မနေပါနဲ့ မအေးစိန်။ ရှက်ရမယ့်အတူတူ၊ လူပြောခံမယ့်အတူတူ၊ နှစ်ယောက်သား ပြေးကြရင် မကောင်းဘူးလား။ အခုမှတော့ မထူးပါဘူး" ဟု ပြောလိုက်ရာ မအေးစိန်မှာ အံ့အားသင့်လျက် ကြက်သေသေပြီး ငေးမောကာနေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မနည်းစိတ်ငြိမ်အောင်ပြုကာ "ဒီလိုဆိုရင် ခက်ကြရောပေါ့ ကိုသိန်းဖေရယ်။ ပညာတွေ သင်ပြီးမှ ရှူးရှူးမိုက်မိုက် ခိုးရာလိုက်တယ်ဆိုတာ လူတကာ မေးငေါ့လို့ မဆုံးနိုင်ပါဘူး" ဟု ပြောလိုက်လေ၏။

"တစ်ခြားလည်း မကြံတတ်ဘူး။ ပြောချင်လည်း ပြောပါစေတော့။ ချိုးမွှမ်း (၇) ရက်၊ ကဲ့ရဲ့ (၇) ရက်ပါပဲ" ဟု ပြောပြီးမှ "မအေးစိန် ကိုသိန်းဖေကို ချစ်တယ် မဟုတ်လား" ဟု မေးလေ၏။

"ချစ်ပါတယ် သိပ်ချစ်တာပဲ၊ နို့ပေတဲ့. . ."

"ချစ်ပါတယ်ဆိုရင် နို့ပေတဲ့တွေ ဘာတွေ လုပ်မနေပါနဲ့တော့။ မြန်မြန်ချစ်ကြရရင် မြန်မြန်အေးတာပဲ။ နောက်ကို မအေးစိန်နဲ့ ကိုသိန်းဖေတို့ ပေါင်းရမယ်၊ မပေါင်းရဘူး မပြောနိုင်ဘူး။ အခုဟာ မြန်မြန်ပေါင်းရဖို့ ဖန်တီးတာပဲ။ ကဲ လိုက်မယ် မဟုတ်လား။ စိတ်ကို ဆုံးဖြတ်လိုက်ပါတော့"

မအေးစိန်သည် အတန်ကြာအောင် တွေဝေချိန်ဆ စဉ်းစားနေလေ၏။ သို့ရာတွင် အချစ်၏ဆွဲငင်ခြင်းက ပြင်းထန်၍လာသောကြောင့် နောက်ဆုံးတွင် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု သဘောထားကာ မိမိ၏ဘဝအား ကံကိုပုံအပ်လိုက်ပြီးလျှင် "ကိုသိန်းဖေ ကောင်းသလို စီမံပါတော့" ဟု ပြောလိုက်သည့်နောက်တွင် မော်တော်ကားသည် မြို့ထဲသို့ လှည့်ထွက်သွားသည်ကို တွေ့ရလေသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

ကျော်ဝင်းသည် သိန်းဖေ လာနိုး လာနိုးနှင့် စောင့်စားရာက ကျောင်းတံခါး ပိတ်သည့် အချိန်သို့တိုင်အောင် သိန်းဖေ ပေါ်ပေါက်၍ မလာသည်ကို တွေ့ရသဖြင့် ကိုယ့်လူတော့ အလည်ကြူးနေပြီဟု နှလုံးပြုကာ ထိုသို့ သိန်းဖေသည် ကျောင်း၌မရှိဘဲ ထွက်၍လည်နေသည်ကို ဆရာ မသိစေရအောင် သိန်းဖေ မှာထားခဲ့သည့်အတိုင်း ပြုလုပ်ရန် သိန်းဖေ အခန်းသို့ ပြေးရလေ၏။

သိန်းဖေ၏အခန်းသို့ရောက်လျှင် အခန်းသော့ခလောက်ကို သိန်းဖေပေး ခဲ့သော သော့ဖြင့် ကမန်းကတန်းဖွင့်လျက် အခန်းတွင်းသို့ဝင်ကာ သိန်းဖေ၏ အိပ်ရာ ပေါ်တွင် စောင်ခေါင်းအုံးနှင့် လုံချည်အဝတ်အစားများကို လူအိပ်သကဲ့သို့ ဖန်ဆင်းရ လေတော့၏။ ထို့နောက်မှ ခြင်ထောင်ကိုချပြီးလျှင် ခပ်လှမ်းလှမ်းကကြည့်ရာ အတော် အတန် သဏ္ဌာန်တူသည်ကို တွေ့ရမှ စိတ်ချမိလေ၏။ ထိုသို့ပြုလုပ်ပြီးနောက် ကျန်ရှိ သော တာဝန်မှာ တံခါးမကြီးနှင့် ပြတင်းပေါက်တံခါးကို အတွင်းမှ ကန့်လန့်ထိုး ပိတ်ထားရန် ဖြစ်ပေ၏။

သို့ဖြစ်ရကား ကျော်ဝင်းသည် တံခါးမကြီးကို အတွင်းမှပိတ်၍ ကန့်လန့်ထိုး ထားပြီးလျှင် အပြင်သို့ ပြတင်းပေါက်မှ ခုန်ထွက်ခဲ့ရလေ၏။ ထို့နောက် ကျော်ဝင်းမှာ ပြတင်းပေါက်ကို အတွင်းမှ ပိတ်ထားပြီးသားဖြစ်အောင် လုပ်ရန်ရှိသေးသည်။ ထိုအချိန်တွင် အဆောင်မှူး လှည့်၍လာကာ တွေ့သွားမည်ကိုလည်း စိုးရိမ်ရသဖြင့် ဝရံတာ၏နှစ်ဖက်အစွန်းကို လှမ်းမျှော်ကြည့်ကာ ဖိနပ်သံကိုပါ အတန်ကြာ နားစိုက် ထောင်နေမိလေ၏။

ပြတင်းပေါက်မှာ အောက်ဖက်၌သာလျှင် မင်းတုန်းကန့်လန့် တစ်ခုတည်း

www.burmeseclassic.com

www.burmeseclassic.com

ရှိပေ၏။ အပေါ်ပိုင်းတွင် ကန့်လန့် မရှိပေ။ ကျော်ဝင်းသည် ထိုမင်းတုန်းကလေး၏ ခေါင်းကို ထိုသံချောင်းဘုနှင့် ကပ်နေသော အတက်ကလေးတစ်ခုပေါ်တွင် မှေးမိရုံမျှ တင်ထားပြီး ပြတင်းတံခါးကို ဖြည်းညင်းစွာစေ့ကာ တံခါးဘောင်နှင့်ကပ်၍ ခပ်ဆတ်ဆတ် ဆောင့်လိုက်ရလေ၏။ ဤတွင် မှေး၍တင်ထားသော မင်းတုံးခေါင်းဘုကလေးသည် ပြုတ်၍ကျပြီးလျှင် မင်းတုန်းသည် တွင်းထဲသို့ ထိုးကျကာ တံခါးပိတ်ပြီးသား ဖြစ်သွားလေ၏။

ထိုအခါမှ ကျော်ဝင်းတွင် စိတ်အေးသွားပြီး လှည့်၍သွားမည်အပြု "ဟေ့ ဘာလုပ်နေတာလဲ" ဟု ကျောနားကပ်၍ မေးလိုက်သောအသံကြီးကို ကြားရသည်နှင့် တစ်ပြိုင်နက် ခေါင်းနဘန်းကြီးသွားကာ နောက်သို့မျှ လှည့်မကြည့်ရဲအောင် ရှိသွားလေ၏။ ထို့နောက်မှ ရဲရဲတင်းတင်း အပြစ်ခံရန် ဖြည်းဖြည်းလှည့်၍ ကြည့်လိုက်ရာ၊ မိမိအနား၌ ရပ်နေသူ၏ မျက်နှာကို တွေ့ရပြီး "အောင်မယ်လေးဗျာ၊ လန့်သွားတာပဲ၊ ဆရာမှတ်လို့" ဟု ပြောပြီး ရယ်မိလေ၏။

ထိုသူလည်း ရယ်မောကာ "ကျွန်တော်က ဒီဘက်ကိုသိန်းဖေအခန်းထဲမှာ တကျောက်ကျောက်နဲ့ ဘယ်သူပါလိမ့်မလဲ။ ကိုသိန်းဖေလည်း မမြင်ပါဘူးဆိုပြီး ထွက်ကြည့်တော့ ခင်ဗျားကို တွေ့နေတာပေါ့" ဟု ဆို၍ ထပ်ပြီးရယ်ပြန်လေ၏။ ထိုနောက်မှ "ကိုသိန်းဖေ ပြန်မလာလို့ ခင်ဗျား လာပြီး လုပ်ပေးတာလား" ဟု မေးလေ၏။

"ဟုတ်တယ်ဗျာ၊ သူလည်း လာဖြစ်မယ် မထင်ဘူးလို့ ပြောသွားတယ်။ ဒါနဲ့ သူ့အိပ်နေတဲ့ပုံမျိုး လာပြီးလုပ်ပေးနေရတယ်"

သိန်းဖေ၏ အခန်းနီးချင်း ကျောင်းသားသည် ကျော်ဝင်း ထိုသို့ ပြောလိုက်သဖြင့် လိုက်ကာပေါ်မှကျော်ကာ အခန်းထဲသို့ ကြည့်လိုက်ပြီး "ဟဲ ဟဲ တကယ့်ကို တူတယ်ဗျို့" ဟု ချီးမွမ်းလေ၏။

"အေးဗျာ၊ ဆရာလာရင် နေမကောင်းလို့ အိပ်နေတယ်လို့သာ ပြောလိုက်ပါ ဗျာ"

"အောရိုက်" ဟု ပြန်၍ပြောမှ ကျော်ဝင်းလည်း စိတ်ချကာ စိတ်အေးလက်အေး မိမိအခန်းသို့ ပြန်သွားလေ၏။

ထိုသို့ ကျော်ဝင်း ထွက်သွား၍ ၎င်း၏အခန်းထဲ ပြန်လည်ရောက်ရှိချိန်လောက်တွင် အဆောင်မှူးသည် သိန်းဖေ၏ အခန်းရှိရာဘက်အတန်းသို့ စစ်ဆေးရန် ရောက်၍လာလေ၏။

အဆောင်မှူးသည် ထိပ်ဆုံးအခန်းမှစ၍ တစ်ခန်းပြီးတစ်ခန်း အတွင်း၌ ကျောင်းသား ရှိ၊မရှိ ကြည့်ရှုလျှောက်လာခဲ့ရာ သိန်းဖေ၏အခန်းသို့ ရောက်သောအခါ တံခါးပိတ်ထားပြီး အခန်း၌လည်း မှောင်၍နေသည်ကို တွေ့ရလေ၏။

ပိတ်ထားသော အခန်းတံခါးကို ကြည့်လိုက်ရာ သော့ခလောက်မတပ်ဘဲထား

www.burmeseclassic.com



သည်ကို တွေ့ရသဖြင့် တံခါးကို ဆွဲကြည့်ရာ အတွင်းက ကန့်လန့်ထိုးထားသည်ကို တွေ့ရလေ၏။ တစ်ဖန် ပြတင်းတံခါးကို ဆွဲကြည့်ပြန်ရာ ထိုနည်းတူ ပိတ်ထားသည်ကို တွေ့ရပြန်လေ၏။ ထိုသို့ နှစ်ဖက်စလုံး ပိတ်ထားသည်မှာ အတွင်း၌ လူရှိသည်ဟု ယုံကြည်လောက်သော အထောက်အထား ဖြစ်သဖြင့် မှန်ကိုခေါက်၍ ခေါ်လေ၏။

ထိုအခိုက်တွင် တစ်ဘက်သောအခန်းမှ ကျောင်းသားသည် ၎င်း၏အခန်းဝသို့ ထွက်ကြည့်လေ၏။

အဆောင်မှူးလည်း ထိုကျောင်းသားကို မြင်သဖြင့် "သိန်းဖေ မရှိဘူးလား" ဟု မေးလိုက်လေ၏။

ထိုကျောင်းသားသည်လည်း ကျော်ဝင်း မှာထားသည့်အတိုင်း လိမ်လည်ရန် အရဲစွန့်ကာ "နေမကောင်းလို့ အိပ်နေတယ်။ ညထဲက ထမင်းလည်း မစားဘူး" ဟု တစ်ခွန်းစီ အနားယူ၍ ပြောလေ၏။

"ဘာဖြစ်တာလဲ"

"ခေါင်းကိုက်တယ် ပြောတယ်လို့ ပြောတာပဲ"

ဆရာသည် လက်ထဲတွင် အမြဲကိုင်ဆောင်လေ့ရှိသော လက်နှိပ်ဓာတ်မီးဖြင့် အခန်းတွင်းသို့ထိုးကာ အသေအချာ ကြည့်လေ၏။ သိန်းဖေအတွက် လိမ်လည်၍ပြောရသော ကျောင်းသားများမှာ မိသွားတော့မည်ကို စိုးရိမ်ကာ ရင်ထဲ၌ တထိတ်ထိတ်ဖြစ်၍နေလေ၏။ ဆရာသည်လည်း အတန်ကြာ ကြည့်ပြီးမှ မြင်ရသောသဏ္ဌာန်သည် ခေါင်းမြီးခြုံပြီး အိပ်နေသူနှင့် မခြားသောကြောင့် ယုံကြည်စိတ်ချကာ လိမ်ပေးသော ကျောင်းသားအား "ဂွတ်နိုက်" ဟု နှုတ်ဆက်ပြီး ထွက်သွားတော့မှ ထိုကျောင်းသားမှာ အပူလုံးကြီး ကျသွားလျက် ပြန်လည်နှုတ်ဆက်ကာ မိမိ၏အခန်းထဲသို့ ပါးစပ်ပိတ်ပြီး ပြုံးရယ်ရင်း ဝင်ပြေးလေ၏။

သိန်းဖေမှာ မအေးစိန်အတွက် ပူပင်သောက ဖြစ်ရသလောက်၊ ကျော်ဝင်းမှာ သိန်းဖေအတွက် အမျိုးမျိုး ကြံစည်ရလေရာ၊ ၎င်းတို့နှင့် တစ်ချိန်တည်း မသန်းမြင့်မှာလည်း မအေးစိန်အတွက် အကျပ်အတည်း တွေ့နေရလေတော့၏။

အင်းလျားဆောင်တွင် အဆောင်မှူးသည် မအေးစိန် မရှိသည်ကို တွေ့ရသောအခါ စိတ်ဆိုးခြင်း ဖြစ်ပွားမိသည့်ပြင် မိမိတို့ တာဝန်မကင်းသည့်အလျောက် ပူပန်ခြင်းလည်း ဖြစ်မိပေ၏။ အဆောင်မှူးသည် မအေးစိန်အကြောင်းကို မသန်းမြင့်အား မေးမြန်းရာတွင် မသန်းမြင့်မှာ မည်သို့မျှ မဖြေနိုင်ဘဲ အမှန်အားဖြင့် မိမိမှာ မအေးစိန် ထွက်သွားသောအချိန်တွင် စာမေးပွဲခန်း၌ ရှိကြောင်းကိုသာ ပြောပြနိုင်လေ၏။

အခြားကျောင်းသူနှစ်ဦး၊ သုံးဦးအား မေးမြန်းပြန်ရာ မိမိတို့ ဘာမှမသိဟု ဖြေကြ၍ ကျောင်းသူတစ်ဦးတည်းကသာလျှင် မအေးစိန် ထွက်သွားစဉ်က မိမိတွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်ကို ပြောဆိုနိုင်လေ၏။ ၎င်းအား ဆက်လက်မေးမြန်းသောအခါ ကျောင်းသားတစ်ယောက်နှင့် အတူသွားသည်ကို တွေ့ရသည်ဟု ပြောပြ၍ သိန်းဖေ၏ ပုံပန်းသဏ္ဌာန်ကို အနီးဆုံး ခန့်မှန်း၍ ညွှန်ပြလေ၏။

"သူ့ကို သိသလား" ဟု မေးရာ ထိုကျောင်းသူကလည်း ထိုကိစ္စတွင် မိမိ၏ အပြစ် မပါဝင်လိုသဖြင့် "မသန်းမြင့် သိပါတယ်" ဟု ဖြေသည့်အတွက် အဆောင်မှူးသည် မသန်းမြင့်မျက်နှာကို ကြည့်လိုက်သောကြောင့် မသန်းမြင့်သည် သိပါသည်ဟု ဝန်ခံသည့်အလား ခေါင်းညိတ်ပြလေ၏။ ထိုသို့ သိရှိရသည်တွင် အဆောင်မှူးသည် ထိုကိစ္စမှာ တိတ်တဆိတ်ပြုလုပ် လျှို့ဝှက်အပ်သောကိစ္စ ဖြစ်သည်ဟု တွေးမိကာ မသန်းမြင့်အား မိမိ၏အခန်းသို့ ရှစ်နာရီခွဲအချိန်လောက်တွင် လာရောက်ရန် မှာ၍ထွက်သွားလေ၏။

ရှစ်နာရီခွဲအချိန်မှာ များစွာမကွာဝေးတော့ချေ။ အဆောင်မှူးလှည့်၍ အပြီးတွင် ၎င်း၏အလုပ်ခန်းသို့ သွားရောက်ရမည်ပင် ဖြစ်ပေ၏။ သို့ရာတွင် မသန်းမြင့်သည် အဆောင်မှူးထံ မသွားနိုင်သေးမီ ကျောင်းသူကလေးများ၏ ဝိုင်းဝန်းမေးမြန်းကြခြင်းကို ထိုင်၍ဖြေရှင်းနေရလေသေးတော့၏။

သို့ရာတွင် မသန်းမြင့်မှာ ၎င်းတို့ မေးသမျှကိုလည်း မဖြေနိုင်။ မေးတိုင်းလည်း မဖြေလို။ မိမိလျှောက်၍ ပြောပြနေခြင်းအားဖြင့် အတွင်းကိစ္စများ ပေါ်ပေါက်ကုန်မည်စိုးရသည့်ပြင် မအေးစိန်တို့ ယခုဖြစ်ပျက်ပုံမှာ မည်သို့ဖြစ်ပျက်သည်ကို စဉ်းစားကာ သမာန်ကာလျှံကာ အလိုက်သင့် လှည့်ပတ်ပြောခဲ့ရပြီး ခေါ်ထားသော အချိန်သို့ရောက်၍ အဆောင်မှူးထံသို့ သွားရပြန်လေ၏။

အဆောင်မှူးသည် မသန်းမြင့်အား နေရာပေး၍ မျက်နှာချင်းဆိုင်ထိုင်မိသောအခါ "မအေးစိန်အကြောင်းကို ဘာများသိသလဲ" ဟု မေးရာ မသန်းမြင့် တွေဝေစဉ်းစားနေသည်ကို တွေ့ရမှ "မေးချင်တဲ့ စကားကတော့ မအေးစိန်ရဲ့ အချစ်နဲ့ ပတ်သက်တဲ့အကြောင်းပဲ" ဟု မိမိ၏မေးခွန်းကို ရှင်း၍ပြောလေ၏။

"ဒီမေးခွန်းကို ကျွန်မ ဖြေဖို့ ခက်ပါတယ်။ သူများရဲ့ အတွင်းရေးကိစ္စမျိုးမှာ ကျွန်မ စိတ်မဝင်စားတတ်ပါဘူး။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့လည်း မမေးဖူးပါဘူး" ဟု အပြစ်လွတ် ဖြေဆိုလေ၏။

"မအေးစိန်နဲ့ ထွက်သွားတဲ့ ကျောင်းသားကို သိသလား"

"သိပါတယ်"

"ဘယ်သူလဲ၊ ဘယ်ဟောလ်ကလဲ"

"ပုဂံဟောလ်က ကိုသိန်းဖေ"

"သူတို့အချင်းချင်း ချစ်နေကြသလား"

"ကျွန်မ အထက်ကပြောခဲ့တဲ့အတိုင်း သူတို့ ချစ်,မချစ်ကိုတော့ဖြင့် မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီးနောက် မိမိနှင့်တကွ ကျောင်းသူကလေးများ၏ဂုဏ်ကို မပျက်စေလိုသဖြင့် 'ကာဇင်' ဟု ပြော၍ လက်ခံသူတို့၏ကိုယ်စား "သူတို့ချစ်ရင် ဆွေမျိုးလို ချစ်မှာပဲ။ မအေးစိန်မှာ ကိုသိန်းဖေနဲ့ မောင်နှမဝမ်းကွဲတော်တယ်လို့ ပြောဖူးတယ်" ဟု ပြောလေ၏။ အဆောင်မှူးသည် တွေဝေ၍နေပြီးမှ "သူတို့ ချစ်ကြလို့ ခိုးပြေးတယ်ဆိုရင် မဖြစ်နိုင်ဘူးလား" ဟု မေးလေ၏၊

"ဒီမေးခွန်းရဲ့အဖြေကို ကျွန်မထက် ဆရာမကြီး ပိုပြီးချင့်ချိန်နိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ကောင်းပြီ။ မအေးစိန်နဲ့ မောင်သိန်းဖေ ဘယ်အခါလောက်ကစပြီး သိတယ် ထင်သလဲ"

"ဒီစကားကို ဖြေဖို့ခက်ပါတယ်။ သူတို့မောင်နှမတစ်ဝမ်းကွဲတော်တယ်လို့ ပြောတဲ့အတိုင်းဆိုရင် မွေးကတည်းက သိကြမှာပဲ၊ ကျွန်မတော့ဖြင့် ကျောင်းသား အချင်းချင်းအနေနဲ့ ဖရက်ရှာအဖြစ်နဲ့တုန်းကပဲ သိပါတယ်"

မသန်းမြင့် ဖြေသမျှတို့မှာ အပြစ်လွတ် ပြောဆိုသည့် စကားများဖြစ်နေခြင်း ကြောင့် အဆောင်မှူးမှာ အတွေးအယူခက်၍နေလေတော့၏။ အမျိုးမျိုးလှည့်ပတ်၍ ပြောဆိုမေးမြန်းပါသော်လည်း မအေးစိန်၊ သိန်းဖေတို့ ခိုး၍ပြေးကြသည်ဟူသော စကားသို့ရောက်အောင် အဓိပ္ပာယ်မပေါက်သဖြင့် "မအေးစိန်သည် ဟောလ်၌ည အချိန်တွင် မရှိ၊ နောက်ဆုံး မြင်လိုက်ရသည်မှာ ပုဂံဟောလ်မှ မောင်သိန်းဖေဆိုသူနှင့် ဖြစ်သည်။ မောင်သိန်းဖေမှာ မောင်တစ်ဝမ်းကွဲတော်သည်ဟု သိရသည်" ဟူ၍ ကျောင်းအုပ်ကြီးထံ တိုင်ကြားအစီရင်ခံစာ ရေးရန်သာရှိကာ မသန်းမြင့်ကို ပြန်လွှတ်ရ လေတော့၏။ မသန်းမြင့်သည် မိမိအခန်းသို့ ရောက်သောအခါ အဆောင်မှူးနှင့် မည်သို့ပြောဆိုခဲ့ရသည်ကို မေးမြန်းကြသော ကျောင်းသူကလေးတို့အား စကားဖောက် သည်ချ၍ နေရပြီးသည့်နောက် ၎င်းတို့ ရှင်းလင်းပြန်သော်လည်း မအေးစိန်အကြောင်း ကိုသာလျှင် တွေးတောလျက် ရှိနေလေ၏။

သို့သော် မအေးစိန် မည်သို့ဖြစ်ပျက်သည်ကို ကေန်မုချ တစ်ထစ်ချစွဲမှတ်ယူ လောက်စရာကို စဉ်းစား၍မရ။ စောစောက ကြိုတင်၍လည်း မည်သို့မျှ မအေးစိန်က ပြော၍မသွားသဖြင့် ဤကဲ့သို့ ဟုတ်နိုးနိုး၊ ထိုကဲ့သို့ ဟုတ်နိုးနိုးဖြင့် အမျိုးမျိုးသာလျှင် တွေးတောစရာများ ပေါ်ပေါက်လာကာ ဦးနှောက်ရှုပ်ထွေး၍နေတော့သဖြင့် ဆက်လက် ၍ မစဉ်းစားတော့ဘဲ မနက်ဖြန် မည်ကဲ့သို့ ကြားရပါလေမည်နည်း ဟူ၍သာလျှင် မျှော်လင့်ခြင်း ပြုမိလေတော့၏။

သမီးရည်းစားဘဝတွင် ခိုးရာလိုက်ရသည်မှာ ပျော်စရာအကောင်းဆုံးဟု ဆိုလေ့ရှိကြသော်လည်း သိန်းဖေနှင့် မအေးစိန်တို့မှာ ပျော်နိုင်ဖို့ဝေးလေစွ၊ တိုင်ပင်ပြီး ခိုးယူထွက်ပြေးလာကြရသည့် ကိစ္စလည်း မဟုတ်သဖြင့် ရာဇဝတ်ပြစ်မှုကို ကျူးလွန်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com

သည့်ပမာ အသည်းတထိတ်ထိတ်နှင့် ရှိကြရလေ၏။

မအေးစိန်မှာ ပူပင်စိုးရိမ်ပြင်းစွာဖြင့် လိုက်ပါခဲ့ရလေရာ၊ သိန်းဖေ၏ အားပေးခြင်းကြောင့် ပူပင်ခြင်းကို အနည်းနည်းဖြေဖျောက်ကာ သိန်းဖေ စီမံသည့်အတိုင်း လိုက်နာဖို့ကိုသာ ဆုံးဖြတ်လိုက်ပြီးလျှင် အရေးကြုံက မိန်းမသား ဖြစ်သည့်အလျောက် ငိုဖို့တစ်ခုတည်းကိုသာ သတိရလေ၏။ သိန်းဖေမှာကား မအေးစိန်ကိုသာ အားပေးရသော်လည်း မကြောက်ပါနဲ့ ဆိုသူက ဒူးတုန်သကဲ့သို့ ကိုယ်တိုင်မှာမူ အထူးသဖြင့် ပို၍ပူပင်မိလေ၏။

သို့နှင့် မြို့ထဲသို့ရောက်ကြရာ၌ မည်သည့်နေရာတွင် သွားရောက်နေထိုင်ကြရမည်ကို ပူပင်ကြရပြန်လေ၏။

"ဒီညအဖို့ ဟိုတယ်မှာ သွားပြီးနေရရင် မကောင်းဘူးလား" ဟု မအေးစိန်က အကြံပေးလေ၏။

သိန်းဖေသည် ဟိုတယ်တွင် တည်းခိုရန် စဉ်းစားလိုက်သောအခါ ဟိုတယ်ကြီးများတွင် တည်းခိုရန်မှာ အထူးသဖြင့် စရိတ်ကုန်ကျမည့်ပြင် ဟိုကာယ်စုံထောက်များက မသင်္ကာ၍ အနှောင့်အယှက်ပေးမည်ကိုလည်း စိုးရိမ်စရာ ရှိသည်ကို တွေးမိလေ၏။ အချို့သော ဧည့်ခန်းငှားသည့် တိုက်များမှာလည်း မိကောင်းဖခင် သားသမီးများ တည်းခိုရန် မတော်သည်ကို တွေးမိသောကြောင့် "ဟိုတယ်နဲ့တော့ နေရာမကျပါဘူး။ အနှောင့်အယှက် အင်မတန်များတယ်။ အသိထဲက တစ်အိမ်အိမ်ကိုသွားရင် ကောင်းလိမ့်မယ်ထင်တယ်။ မိမိတို့အိမ်ကော" ဟု ပြောလေ၏။

မအေးစိန်သည် တွေ၍နေပြီး "မဖြစ်ဘူးထင်တယ်။ သူတို့ကို အသိမပေးချင်ဘူး၊ နောက်မှသိလို့ အရေးမကြီးဘူး၊ အခု မသိစေချင်ဘူး။ ဒီကိစ္စမျိုးဟာ မိန်းမအချင်းချင်းမှ သာပြီးသတင်းလွှင့်တတ်တယ်" ဟု ပြောသောကြောင့် သိန်းဖေသည် အခြားနေရာကို တွေးလိုက်ရာ အောင်မြင့်ကို သတိရလေ၏။

"အိမ်ကောင်းကောင်းနဲ့ ရင်းနှီးတဲ့ အသိထဲကဆိုရင် ကိုအောင်မြင့်တစ်ယောက်ပဲ ရှိတော့တာပဲ"

"ဘယ် ကိုအောင်မြင့်လဲ"

"ကျောင်းကပဲ၊ မအေးစိန် မသိဘူးလား၊ အရင် ကိုကျော်ဝင်းနဲ့ မသန်းမြင့် တွေ့စတုန်းက ဒရိုင်ဘာလုပ်ပြီး မောင်းတဲ့မော်တော်ကားနဲ့ ကျောင်းတက်တဲ့လူဟာလေ" ဟု ပြောလိုက်ရာ မအေးစိန်၏မျက်နှာတွင် သိသည့်အရိပ်နိမိတ်ကို ပြသဖြင့် သိန်းဖေက ဆက်လက်၍ "သူ့အိမ်မှာတော့ဖြင့် ကျယ်ကျယ်ဝန်းဝန်းလည်း ရှိတယ်။ လွတ်လွတ်လပ်လပ်လည်း နေရမှာပဲ။ နို့ပြီးတော့ သူ့နှမတွေလည်း ရှိတယ်။ အဖော်လည်း ရတာပေါ့" ဟု ပြောပြလေ၏။

"ရှက်စရာကောင်းနေမလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ဘယ့်နှယ်လုပ်မလဲ မအေးစိန်၊ ဝက်ခြစ်မှ မစင်ကြောက်နေလို့ မဖြစ်တော့ဘူး၊ ညတွင်းချင်း ကမန်းကတန်း စီမံရမယ့်ကိစ္စဆိုတော့ အခုညတော့ ဖြစ်သလိုပဲ နေရဦးမှာပဲ။ နောက်မှ အေးအေးဆေးဆေး စီမံနိုင်မယ်"

မအေးစိန်မှာ သိန်းဖေ ပြောဆိုတိုင်ပင်သည်ကို လွှဲပြောင်းစရာ စိတ်ကူးမရတော့သဖြင့် ထိုအတိုင်း သဘောတူကာ အောင်မြင့်အိမ်သို့ လိုက်ပါလာရလေ၏။

အောင်မြင့်တို့အိမ်သို့ ရောက်သောအခါ မအေးစိန်သည် အိမ်ရှေ့တွင် ကားပေါ်၌ နေရစ်ခဲ့၍ သိန်းဖေသည် အိမ်ပေါ်သို့ တက်သွားကာ အောင်မြင့်အား လှေကားအတက်အဆင်း မှောင်ထဲသို့ခေါ်၍ တွေ့ဆုံလေ၏။

"လာပါ ကိုသိန်းဖေ၊ အိမ်ပေါ်တက်ပြီး ထိုင်စမ်းပါဦး"

"နေပါဦး။ ပြီးတော့မှ တက်ပါရစေ၊ ဒီနေရာမှာပဲ တိုင်ပင်စရာတစ်ခုရှိလို့"

"ဘာများ အရေးကြီးနေတာတုန်းဗျာ"

"ရှည်ရှည်တော့ ပြောမနေပါရစေနဲ့တော့။ ကျွန်တော် မိန်းမခိုးလာပြီ"

"ဟင်. . ဗျောသံမကြား၊ စည်သံမကြား၊ မြန်လွန်းလှချည်လား။ ဘယ်သူနဲ့လဲ"

"မအေးစိန်"

"ဩော် ဟုတ်လား" ဟု ဆိုပြီး ဝမ်းသာသောအမူအရာပြကာ "ကြည့်စမ်းပါဦးဗျာ၊ ကျွန်တော်က ကိုကျော်ဝင်းကို ထင်နေတာ ခင်ဗျားက သူတို့ထက် စောနေပါသေးကလား" ဟု ပြောလေ၏။

"ဒါတော့ ဓမ္မတာအတိုင်းပေါ့ဗျာ။ ထင်တိုင်းလည်း မဖြစ်၊ မထင်ဘဲနဲ့လည်း ဖြစ်တတ်တာမျိုးကပဲ"

"ဘယ်လို ဖြစ်လာကြတာတုံး"

"ဒါတွေနောက်မှ မေးပါတော့။ ကျွန်တော်တို့ကို နေရာပေးဖို့ စီမံပေးပါဦး"

"ဒါဖြင့် မအေးစိန် ခေါ်ချေဗျာ။ ကျွန်တော်လည်း အစ်မတွေပြောပြီး စီမံလိုက်ဦးမယ်" ဟု ဆိုကာ အောင်မြင့်လည်း အပေါ်ထပ်သို့ ပြန်တက်သွားပြီး၊ သိန်းဖေလည်း မအေးစိန်ထံသို့သွားကာ အောင်မြင့်လာ၍အခေါ်ကို စောင့်နေကြရင်း သိန်းဖေသည် မအေးစိန်အား စိတ်မပူပင်ရန် အားပေးနေလေ၏။

အောင်မြင့်သည် အိမ်သားများအား အကျိုးအကြောင်း ပြောပြကာ အားလုံးတိုင်ပင်ပြီး အောင်မြင့်၏အခန်းကို သိန်းဖေတို့အတွက် ပြင်ဆင်ထားပြီးလျှင် သိန်းဖေတို့အား သွားရောက်ခေါ်ငင်လေ၏။

ထိုသို့ဖြစ်လိမ့်မည်ကို တွေးလည်းမတွေးမိ၊ စိတ်မျှပင်မကူးခဲ့မိသော ကျော်ဝင်းမှာကား သိန်းဖေ ပြန်၍မရောက်လာခြင်းသည် မြို့ထဲတွင် အလည်လွန်၍နေခြင်းကြောင့် ဖြစ်ပေလိမ့်မည်ဟု သဘောထားကာ သိန်းဖေအကြောင်းကို အထူးအထွေ မတွေးတောမိဘဲ စာမေးပွဲ ပြီးသဖြင့် အပျင်းပြေ ဖဲကစားနေကြသော ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com

တစ်စုတို့နှင့် တိတ်တိတ်ဆိတ်ဆိတ် ပျော်ရွှင်လျက် ရှိပေတော့၏။

ကျောင်းတော်သားတို့မှာ စာမေးပွဲ မစစ်မီက အအိပ်အနေ အစားအသောက် ပျက်အောင် ကြိုးစားခဲ့ရသော ပင်ပန်းခြင်းကို ထိုတာဝန်ကြီး ပေါ့သွားသည့်နောက်၌ ထွေရာသောင်းပြောင်း ဝိုင်းဖွဲ့၍ ပြောဆိုကြခြင်း၊ နောက်တစ်နေ့တွင် နေထန်းတစ်ဖျား တက်မှ ထမည် ဟူသော အဓိဋ္ဌာန်ဖြင့် အိပ်ခြင်း၊ စသည်တို့ဖြင့် အမောဖြေလျက် ရှိကြလေ၏။

လွန်ခဲ့သောအခါကာလများ၌ကား ထိုသို့ပျော်ရွှင်စွာ နေထိုင်ကြသူတို့အထဲတွင် သိန်းဖေ မပါလျှင် မပြီးသလောက် ရှိပေ၏။ ယခုမူကား သိန်းဖေသည် အောင်မြင့်၏အိမ်ရှိ အခန်းတစ်ခုထဲတွင် မအေးစိန်နှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ စားပွဲကို အလယ်ကထားလျက် လက်တင်မေးထောက်ပြီးလျှင် ကြည့်မဝရှိနေလေ၏။

မအေးစိန်သည် ခေါင်းကလေးငုံ့ကာ စားပွဲခင်းတွင် ထိုးထားအပ်သောဇာပွင့်၊ ပန်းပွင့်ကလေးများကို အငြိမ်မနေသော လက်ချောင်းကလေးများဖြင့်ခွာရင်း တွေဝေစဉ်းစားနေရာမှ သိန်းဖေအား မော်၍ကြည့်ကာ "ကိုသိန်းဖေ. . . ကျွန်မတို့ကိစ္စကို လူတကာ မသိစေဘဲ ဘယ်လိုစီမံမယ်ဆိုတာ စဉ်းစားပြီးပြီလား" ဟု မေးလေ၏။

သိန်းဖေသည် ရုတ်တရက် ပြန်၍မပြောသေးဘဲ စဉ်းစားနေလေ၏။ ထိုသို့ စဉ်းစားင်း ကျော်ဝင်းအား မိမိအခန်းသော့ ပေးခဲ့သည်ကို သတိရပြီးလျှင် ညကို ပြန်ဖြစ်မှ ပြန်ဖြစ်မယ်ဟု ပြောခဲ့သော စကားကို တွေးမိလေ၏။ ထိုစကားကို ပြောစဉ်က မည်သို့မျှ ရည်ရွယ်ချက်မရှိ၊ သက်သက်လည်ပတ်ရုံအတွက် ပြန်ဖြစ်မှ ပြန်ဖြစ်လိမ့်မည်ကို ပြောခဲ့ခြင်း ဖြစ်ပေရာ၊ ယခုဖြစ်ပျက်ရသောအခြေကို တွေးရှုခြင်းအားဖြင့် ထိုစကားမှာ နိမိတ်ပေးသော စကားကဲ့သို့ ဖြစ်နေသည်ကို တွေးမိလေ၏။ ထို့နောက် တစ်ဖန် သော့ပေးခဲ့သည်ကို စဉ်းစားလိုက်သောအခါ မိမိအခန်းကို ကျော်ဝင်း ပြုပြင်ထားလိမ့်မည်ကို တွေးမိပြီး၊ မိမိကျောင်း၌ မရှိသည်ကို အဆောင်မှူး မသိနိုင်ဟု တွက်ဆမိ၍ အဘယ်နည်းနှင့်မျှ မိမိနှင့် မအေးစိန် အတူတူ ထွက်ပြေးသည်ဟု စွပ်စွဲစရာ အကြောင်းမရှိဟု နှလုံးပြုမိကာ အကျိုးအကြောင်းများ မအေးစိန်အား ပြောပြလေ၏။

"ဒီလိုဆိုရင် အခုကိစ္စမှာ ကျွန်မသဘောနဲ့ ကျွန်မ ကျောင်းမပြန်ဘဲ ထွက်သွားတဲ့ သဘောမျိုး ဖြစ်နေတာပေါ့"

"အခုပုံတော့ဖြင့် ဒီသဘောမျိုးရောက်အောင် ကြံစည်နိုင်တာပေါ့။ ခိုးရာလိုက်တယ် ဆိုတာထက် ဒီလိုထွက်သွားတဲ့ သဘောက သက်သာသေးတယ်"

"ဒီလို ကျွန်မတစ်ယောက်တည်း ထွက်သွားတယ်ဆိုရင် လူများက ဘယ်လို ထင်ကြမှာတုံး။ ပေါ့ပျက်ပျက် အောက်မေ့ကြမှာပဲ"

"ဒါကိုတော့ အထင်မသေးအောင် ကြံရမှာပေါ့။ ဒီခေတ်ကြီးမှာ တစ်ယောက်

www.burmeseclassic.com

တည်း သွားတာလာတာဟာ အထူးအဆန်း မဟုတ်တော့ပါဘူး။ နို့သော်လည်း မကောင်းဘူးပေါ့လေ။ ဒီတော့ မအေးစိန် တစ်ယောက်တည်းသွားတာမျိုး မလုပ်ချင်ရင် အဖော်များနဲ့ ရုတ်တရက် ကြုံကြိုက်ပြီး တစ်မြို့မြို့ကို လိုက်သွားတဲ့သဘောမျိုး စီမံတာပေ့ါ။ မအေးစိန်တို့ အိမ်ကိုဖြစ်ဖြစ် စာတစ်စောင် ရေးလိုက်ပါလား"

"နို့ပေတဲ့ တစ်ခုခက်တာ ရှိနေတယ်"

"ဘယ်လိုခက်တာတုံး"

"ကိုသိန်းဖေ ကျောင်းမှာမရှိတာက အခုညမှာသာ မရှိတာကိုး။ နောက်နေ့တွေကျတော့ ဘယ်လိုလုပ်မလဲ"

ထိုစကားမှာ ဟုတ်သလိုလို ရှိနေသဖြင့် သိန်းဖေလည်း တွေဝေနေပြီးမှ ထိုပြဿနာ၏အဖြေကို တွေ့ရှိမိကာ "ဒီအတွက်တော့ စဉ်းစားမိပြီ။ မနက်ဖြန်ကို ကျောင်းကိုပြန်ပြီး သွားလိုက်ရော။ နောက် ဆရာနဲ့တွေ့ပြီး စာမေးပွဲလည်း ပြီးပြီ။ အိမ်ကအရေးကြီးတဲ့ကိစ္စနဲ့ အမြန်လာခဲ့ပါလို့ခေါ်တယ်။ ကျောင်းမပိတ်ခင် စောစော ပြန်ပါရစေဆိုပြီး ပြန်လာရင် ပြီးတာပဲ" ဟု ပြောလိုက်မှ မအေးစိန်တွင် တစ်ခုပြီးတစ်ခု ပြန်၍တွေးကာ အချိန်အဆက် အတော်ပင် နေရာကျသည်ကို တွေ့ရသောကြောင့် ထိုအစီအစဉ်ကို သဘောကျသကဲ့သို့ ရှိမိလေ၏။

သို့ရာတွင် သိန်းဖေ ကျောင်းသို့ပြန်သွားရန်ကိုကား မသွားစေချင်သကဲ့သို့ ရှိနေလေ၏။ အဘယ်ကြောင့် မသွားစေချင်သည်ကိုကား မအေးစိန်ကိုယ်တိုင် တွေး၍ မရသော်လည်း မခွဲမခွာနိုင်သည့်စိတ်သည်လည်း အကြောင်းတစ်ရပ် အပါအဝင် ဖြစ်သည်ကို အနည်းငယ် တွေးမိလေ၏။

"ကိုသိန်းဖေ ကျောင်းကိုမပြန်ဘဲ အခြားနည်းနဲ့ မလုပ်နိုင်ဘူးလား"

"ဘာပြုလို့လဲ။ မသွားစေချင်ဘူးလား"

"ကိုသိန်းဖေ သွားမယ်ဆိုတာ ကျွန်မစိတ်ထဲမှာ ထင့်တင့်တင့်ကြီး ဖြစ်သွားတယ်။ နို့ပြီးတော့ ကိုသိန်းဖေ ခွဲသွားရင် တစ်ယောက်တည်းနေရတာ အားငယ်တယ်"

"အားငယ်စရာ မရှိပါဘူး မအေးစိန်။ ဘာမှအားမငယ်ပါနဲ့။ ကိုသိန်းဖေ တစ်ယောက်လုံး ရှိပါသေးတယ်။ မအေးစိန် မသွားစေချင်လို့ တစ်နည်းနည်းနဲ့ အခွင့်တောင်းပြီး ပစ္စည်းတွေယူဖို့ဆိုတာ မခဲယဉ်းပါဘူး။ နို့ပေတဲ့ ကိုသိန်းဖေ အိမ်ကို ငွေမှာထားတာ ရှိတယ်။ ဒီဟာက ကိုသိန်းဖေ မရှိဘဲနဲ့ ဘယ်နည်းနဲ့မှ မရနိုင်ဘူး။ ပြီးတော့လည်း အခုအခါမှာ ငွေမရှိရင် မဖြစ်ဘူး။ ငွေသိပ်အရေးကြီးနေတယ်"

သို့ပြောလိုက်သဖြင့် မအေးစိန်သည် တားမြစ်ခြင်းငှာ မတတ်နိုင်ရှာတော့ဘဲ ဆိတ်ငြိမ်၍နေကာ ထွေထွေရာရာ စိတ်ကူးလျက် ရှိနေလေတော့၏။ ထိုသို့ စိတ်ကူးတွေးတောရာက ဝမ်းနည်းစရာများကို တွေးမိပြီး မျက်ရည်ကလေးများ တဝဲလယ်လယ် ဖြစ်၍လာ၏။ သိန်းဖေသည် ၎င်း၏မျက်နှာကိုကြည့်ရင်း သနားမိပေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဝမ်းနည်းမနေပါနဲ့ မအေးစိန်ရယ်၊ မင်္ဂလာယူပြီးတော့သာ ပျော်ပျော်နေပါ" ဟု အားပေးပြီးမှ "ကဲ. . . မအေးစိန် အအိပ်ပျက်မယ်၊ ညဉ့်နက်လှပြီ အိပ်ပေတော့" ဟု ပြောလိုက်ရာ မအေးစိန်၏စိတ်ထဲ ထူးခြားတုန်လှုပ်ခြင်း ဖြစ်သွားလေ၏။

"ကိုသိန်းဖေကော အိပ်တော့မလို့လား"

"မအိပ်သေးဘူး။ မနက်ဖြန် စီမံဖို့ စဉ်းစားဦးမယ်။ မအေးစိန်သာ အေးအေးဆေးဆေးအိပ်နှင့်ပါ။ ပူစရာတွေ ဘာမှမတွေးဘဲ ပျော်ပျော်ကြီးအိပ်ပါ"

မအေးစိန်မှာ မအိပ်ဘဲ ထိုင်၍နေလိုသော်လည်း အိပ်ငိုက်သန်းဝေလာပြီဖြစ်သဖြင့် အိပ်ရာထဲသို့ဝင်ကာ ထွေရာစိတ်ကူးလျက်၊ လူးလိမ့်ရင်း မျက်ရည်များကျမိရာက စိတ်မော လူမော ဖြစ်ပြီးလျှင် အိပ်ပျော်၍သွားလေ၏။

သိန်းဖေသည်လည်း ပက်လက်ကုလားထိုင်တစ်လုံးပေါ်သို့ ပြောင်း၍ထိုင်ကာ ရှေ့တွင် မည်သို့ပြုလုပ်နေထိုင်ကြရမည့်အရေးကို တွေးတောရင်း အိပ်ငိုက်၍လာသောကြောင့် အိပ်ချင်စိတ် ပြေပျောက်အောင် ဝတ္ထုစာအုပ်တစ်ခုကိုယူကာ တစ်ညလုံးထိုင်၍ ဖတ်လေ၏။ သို့ရာတွင် အိပ်ချင်စိတ်ကို အကြိတ်အနယ် အပြန်အလှန် ဖြိုဖျက်နေရာက အတန်ကြာသောအခါ သိန်းဖေ၏မျက်နှာပေါ်တွင် ဝတ္ထုစာအုပ်ကလေးဖုံးလျက် အသက်ရှူရှိုက်၍နေသည်ကို တွေ့ရလေတော့၏။

□□□

www.burmeseclassic.com

## အခန်း (၄၁)

နောက်နေ့ နံနက်စောစောအချိန်တွင် ပုဂံဆောင် ဝင်းတံခါး ဖွင့်လိုက်ပြီး မကြာမီအတွင်း ကျောင်းဝင်းထဲသို့ စိုးရိမ်ထိတ်လန့်ခြင်း မကင်းသော အမူအရာဖြင့် ဝင်ရောက်လာသူကား သိန်းဖေပင် ဖြစ်ပေ၏။

သိန်းဖေသည် ကျောင်းပေါ်သို့ သုတ်သီးသုတ်ပျာ တက်၍ပြေးပြီးလျှင် မိမိ၏ အခန်းသို့သွား၍ ကြည့်လေ၏။ အခန်းမှာ မိမိမှာခဲ့သည့်အတိုင်း အတွင်းမှ ပိတ်ထားသည်ကို တွေ့ရသဖြင့် ကျော်ဝင်းထံသို့ ဆရာ မတွေ့ရအောင် ပုန်းလျှိုး၍ သွားရလေ၏။

"ဟေ့လူ၊ ကိုကျော်ဝင်း ထပါဦးဗျ" ဟု နှိုး၍ တံခါးကိုခေါက်မှ ကျော်ဝင်းလည်း နိုး၍လာကာ တံခါးကိုဖွင့်ပေးရင်း "ကိုယ့်လူ လည်လှချည့်ကလား" ဟု ပြောလေ၏။

"လည်တဲ့စကား မပြောပါနဲ့"

"မပြောပါဘူးဗျာ"

"နို့ပေတဲ့ ပြောလိုက်ရဦးမယ်ဗျာ" ဟု ဆိုကာ ကျော်ဝင်း၏နားတွင်ကပ်၍ "ကျွန်တော် မအေးစိန်ကြီးကို ခိုးပြေးခဲ့ပြီ" ဟု ပြောလေ၏။

"ဟာ. . . ဟုတ်လား။ အမယ်လေး ကိုယ့်လူရာ၊ ဘာမပြော ညာမပြောနဲ့ လွန်လွန်းလှချည့်လား။ လုပ်စမ်းပါဦး။ ဘယ်လိုများ ဖြစ်တာလဲ"

"ဒါကို ထားစမ်းပါဦး။ သော့ကို အရင်ပေးစမ်းပါ။ ဟိုဒင်းကို နောက်မှ ပြောစမ်းပါရစေ"

"သော့နဲ့ ဘယ့်နှယ်လုပ်ဖွင့်မှာလဲ။ အထဲက ပိတ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com

"သော့ကွင်းနဲ့ ဆွဲဖြုတ်ရမှာပေါ့"

"ဩော်. . . ဟုတ်သားပဲ" ဟုဆိုကာ ကျော်ဝင်းလည်း သိန်းဖေ၏သော့ကို ပေးလိုက်သဖြင့် သိန်းဖေသည် သော့ကိုယူကာ မိမိအခန်းသို့ ပြန်ပြေးလေ၏။

အခန်းသို့ရောက်သောအခါ အခန်းချင်းကပ်နေသော ကျောင်းသားထံမှ ကြိုး တစ်ချောင်းနှင့် ကုလားထိုင်ကို တောင်းယူ၍ ထိုကြိုးနှင့် သော့ကွင်းကို ချည်နှောင် ပြီးလျှင် ကုလားထိုင်ပေါ်သို့တက်ကာ ပြတင်းတံခါးကို အထက်မှနေဖြဲခွာ၍ ထိုသို့ဟနေ သော တံခါးကြားမှ သော့ကွင်းကို ချလေ၏။ ထိုသို့ကြိုးကိုလျှော့၍ သော့ကွင်းကိုချနေ ရင်း တံခါးပြန်၍ ပိတ်မသွားစေရအောင် ဖြဲဟထားသောနေရာတွင် စာအုပ်တစ်အုပ် သွင်း၍ ကလန့်ထားရလေ၏။ သော့ကွင်းကလေးသည် အောက်သို့ကျသွားပြီးလျှင် မင်းခေါင်းဘုကလေးကို မစွပ်မိသေးဘဲ ချာလည်လည်၍နေသောကြောင့် အထက်မှ ကြိုးကိုင်ထားသောလက်ကို အနည်းငယ်မျှလောက် မြှောက်ချီနိမ့်ချီ လှုပ်ပေးခြင်းဖြင့် သော့ကွင်းသည် အရှိန်နှင့် တံခါးဘောင်ဖက်သို့ လွဲရိုက်ကာ မင်းတုံးခေါင်းဘုကို စွပ်မိ လျက်သား ဖြစ်သွားလေ၏။ ထိုအခါတွင်မှ ကလန့်သွင်းထားသော စာအုပ်ကို ဖြုတ် လိုက်၍ တံခါးပြန်စေ့အသွားတွင် ကြိုးကိုဆွဲယူလိုက်ရာ မင်းတုံးပြုတ်၍ပါလာကာ တံခါးပွင့်၍သွားလေ၏။

"သူခိုးကြီး မိုးမှောင်ကွ" ဟု လက်ခုပ်တီး၍ အော်သံကြားသဖြင့် သိန်းဖေ သည် လှည့်ကြည့်ရာ ကျော်ဝင်း လိုက်လာသည်ကို တွေ့ရလေ၏။

သိန်းဖေသည် ပြတင်းပေါက်မှဝင်၍ စားပွဲပေါ်သို့ ရောက်သွားလေ၏။ ထို့နောက်မှ စားပွဲပေါ်ကဆင်းကာ တံခါးမကြီးကို ဖွင့်ရလေတော့၏။ ကျော်ဝင်းသည် အခန်းထဲသို့ ဝင်လာကာ "ပြောစမ်းပါဦး ကိုသိန်းဖေရဲ့ ကြားချင်လှပြီ" ဟု ဆိုရာ သိန်းဖေမှာ မပြောနိုင်သေးဘဲ အခြားကျောင်းသား၏ ကုလားထိုင်နှင့် ကြိုးကို ပြန်၍ ပေးနေရသေး၏။

ထိုသို့ပြန်ပေးရင်း ထိုကျောင်းသားအား "ညက ဆရာ ဘာပြောသေးသလဲ" ဟု မေးလေ၏။

"ဘာမှမပြောဘူး၊ ကျွန်တော်က နေမကောင်းလို့ အစောကြီးအိပ်နေတယ်လို့ ပြောလိုက်တယ်။ သူက လက်နှိပ်ဓာတ်မီးနဲ့တောင် အသေအချာထိုးပြီး ကြည့်နေသေး တယ်။ ဒါတောင် မသိဘူး"

"ဟား ဟား. . . နေရာကျတယ်၊ နေရာကျတယ်။ ခင်ဗျားကို အများကြီး ကျေးဇူးတင်ပါတယ်" ဟု ဆိုပြီး မိမိအခန်းသို့ ပြန်၍ဝင်လေ၏။

"ကဲ. . . ကိုသိန်းဖေ ပြောစမ်းပါဦး။ အသံထွက်ဇာတ်လမ်းကလေး ကြားချင် လှပါပြီ။ ဘယ်ပုံဘယ်နည်းနဲ့ မကြီးကို မောင်က ခိုးခဲ့တာလဲ"

သိန်းဖေသည် အဝတ်အစားလဲရင်း တစ်ခွန်းချင်း ပြောပြနေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းမှာ အားမရနိုင်သောကြောင့် "ကားကလည်း တယ်ပြီးပြတ်တာကိုး၊ ထိုင်ပြီး ပြောစမ်းပါဦး" ဟု ဆိုမှ သိန်းဖေသည် အဝတ်အစားလည်း လဲပြီးသည်ဖြစ်၍ အေးအေးလူလူ ထိုင်ပြီးပြောပြလေ၏။

"လုပ်လိုက်ကွ၊ ကိုသိန်းဖေတို့ လုပ်လိုက်မှဖြင့် ကျော်ရော့ပဲ" ဟု ဆိုကာ ကျော်ဝင်းသည် သိန်းဖေ၏ဒူးကို ကိုင်၍လှုပ်ကာ. . .

"မလုပ်ပါနဲ့ မောင်ရာ၊ ဒီလိုသဘောမျိုး မထားပါဘူး၊ တစ်ညလုံးထိုင်ပြီး ဝတ္ထုဖတ်နေလို့ မျက်ကွင်းညိုနေတာပါ"

"ပြောရင် ဘယ်ခါမယုံစရာပါ၊ အကြောအချင် တုန်စရာအရေး" ဟု ကျော်ဝင်းက ရွှတ်လိုက်ပြန်လေ၏။

ထိုအခိုက်တွင် အဆောင်မှူး ရောက်လာကာ အခန်းဝတွင် ရပ်နေသည်ကို တွေ့ရ၍ နှစ်ယောက်သား ကြောင်စီစီဖြစ်ကာ ငေးကြည့်နေပြီးမှ ကောင်းသော နံနက်ခင်း၏နှုတ်ဆက်ခြင်းဖြင့် အရိုအသေပြုကာ ထ၍လာပြီးလျှင် အဆောင်မှူး၏ ရှေ့တွင် ရပ်ကြလေ၏။

အဆောင်မှူးသည် သိန်းဖေကိုကြည့်ကာ "ညက ဘာဖြစ်သလဲ" ဟု မေးလိုက်ရာ သိန်းဖေမှာ အပြစ်မလုံသူ ဖြစ်သဖြင့် အတော်ပင် လန့်၍သွားလေ၏။

"ဟို. . . ကျွန်တော် ဟိုဝါပြုလို့၊ ကျွန်တော် ခေါင်းကိုက်လို့ အိပ်နေတယ်"

အဆောင်မှူးလည်း သိန်းဖေ၏မျက်နှာကို ကြည့်လိုက်ရာ အအိပ်ပျက်သဖြင့် မျက်နှာကျကာ အသားအရေ နွမ်းနယ်နေသောရုပ်သည် လူမမာရုပ် ဖန်တီးနေသဖြင့် ယုံကြည်သွားလေ၏။

"အခု ဘယ့်နှယ်နေသေးသလဲ"

"နေကောင်းသွားပါပြီ ဆရာ"

"ဆေးသောက်သလား"

"မသောက်ဘူး အိပ်တာပဲ၊ အိပ်ရေးဝလို့ နေကောင်းပြီ"

"မင်းတို့ နေမကောင်းရင် ငါ့ကို တိုင်ရမယ်၊ ကိုယ့်သဘောနဲ့ကိုယ် ထင်ရာ မလုပ်ရဘူး" ဟု ဆိုပြီး ထွက်သွားမှ သိန်းဖေမှာ ရင်အေး၍သွားလေ၏။

"အောင်မာလေး၊ ဟလေး၊ အခုမှ ဗေဒင်မမေးရဘဲ ရွှေရင်အေးသွားတော့ တယ်၊ ကျွန်တော်ဖြင့်လေ ဟိုအကြောင်းကိုများ မေးတော့မှာလား၊ မေးတော့မှာလားနဲ့ ရင်ထဲမှာ တထိတ်ထိတ်နဲ့ ဖြစ်နေတာပဲ၊ အခုပုံတော့ မသိသေးဘူး ထင်တယ်"

"ဘာသိမလဲ၊ ကျွန်တော်တောင် ခင်ဗျားပြောလို့ သိရတာပဲ၊ အင်းလျား ဟောလ်မှာတော့ အခုအချိန်လောက်ဆိုရင် ပွစိပွစိ ဖြစ်နေကြတော့မယ်၊ ဆရာတွေ တော့ ဘာသိဦးမလဲ သိဦးတော့ ဘာဆိုင်လို့ ခင်ဗျားနဲ့ ထင်ရမှာလဲ"

"အင်း. . . အဲဒါလည်း ဟုတ်တာပဲဗျ၊ ကျွန်တော်ကလည်း ဒီအပေါက်မျိုး

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်အောင် ကြံဖို့ပြန်လာတာပဲ။ ကနေ့ အိမ်ပြန်ဖို့ အခွင့်တောင်းပြီး မြို့ထဲကို ပစ္စည်းတွေ သယ်သွားမယ်"

"အကြံကြီးပါပေရဲ့"

"အကြံကြီးကာထက် ကျွန်တော် လက်ဖက်ရည် မသောက်ရသေးဘူး။ အဖိုးကြီးဆိုင်ကို ပြေးကြဦးစို့" ဟု ပြောသဖြင့် နှစ်ယောက်သား လက်ဖက်ရည်သောက်ရန် ထွက်သွားလေ၏။

ထို့နောက် လက်ဖက်ရည်သောက်ပြီး၍ ပြန်လည်ရောက်ရှိကြသောအခါ နံနက်စာစားချိန်သို့ ရောက်လာသဖြင့် သိန်းဖေသည် ရေချိုးကာ အခန်းတွင်း၌ အဝတ်အစား လဲလှယ်နေစဉ် ကျောင်းသားတစ်ယောက် ဝင်၍လာကာ "ကိုသိန်းဖေ ခင်ဗျားကို ဆရာကြီး ခေါ်ထားတယ်" ဟု ပြောလိုက်ရာ သိန်းဖေမှာ မွန်ထူ၍သွားလေ၏။

"ဟုတ်ကဲ့လား အသည်းထိတ်စရာတွေ မနောက်စမ်းပါနဲ့"

"တကယ်ပြောတာပါ၊ ထမင်းစားခန်းထဲမှာ နို့တစ်ကပ်ထားတယ်"

"ဘာကြောင့်တဲ့လဲ"

"ဘာကြောင့်ရယ်လို့တော့ မပါဘူး။ သွားကြည့်ပါလား"

သိန်းဖေလည်း ခေါင်းကိုမျှ မဖီးနိုင်ဘဲ စားပွဲပေါ်တွင် ချထားသော မျက်မှန်ကို ကောက်၍တပ်ပြီးလျှင် လျင်မြန်စွာ ပြေး၍ကြည့်လေ၏။

အမိန့်စာ ကပ်သောနေရာတွင် ကျောင်းသားလေးငါးယောက် ဝိုင်း၍ဖတ်နေသော စာတစ်စောင်ကို ကြည့်မိရာ မိမိအတွက် အမိန့်ထုတ်ထားသောစာ ဖြစ်သည်ကို တွေ့ရသဖြင့် ရင်ခုန်၍သွားလေတော့၏။

ထိုအခိုက်တွင် ထမင်းစားခေါင်းလောင်းထိုးသဖြင့် ကျော်ဝင်းလည်း ရောက်ရှိ၍ လာကာ အတူတူထမင်းစားပွဲသို့ သွားကြလေ၏။

"အိုင်ဆေး ကိုကျော်ဝင်း ဟိုဒင်းနဲ့ တူတာပဲ"

"ဟုတ်မှာပါပဲ၊ ဒါကြောင့်ခေါ်တာ ဖြစ်မှာပဲ"

"ဒီလိုဆိုရင် ဘယ်လိုလုပ်ရင် ကောင်းပါ့မလဲ"

"နို့. . . ခင်ဗျားနဲ့ မဟုတ်ဘူးဆိုတဲ့ သဘောမျိုးနဲ့ လုပ်မယ်ဆို။ ဒီအတိုင်းဆိုရင် ဘူးကွယ်ရုံပေါ့ဗျ"

"အင်း. . . ဒါပဲရှိတာပဲ" ဟု ဆိုကာ သိန်းဖေသည် ထမင်း တစ်လုပ်နှင့် တစ်လုပ်အကြား တွေးတောခန်းထုတ်၍နေလေ၏။

ထိုအခိုက်တွင် အဆောင်မှူးသည် ထမင်းဟင်း စစ်ဆေးကြည့်ရှုရာမှ မိမိ အလုပ်ခန်းသို့ ပြန်လာရင်း သိန်းဖေတို့ စားသောက်နေသော စားပွဲတွင်ရပ်ကာ သိန်းဖေ အား ထမင်းစားပြီးလျှင် မိမိထံသို့ လာရောက်တွေ့ရန် ပြောသွားပြန်ရာ သိန်းဖေမှာ

www.burmeseclassic.com

www.burmeseclassic.com

ထမင်းမျိုချ၍မကျနိုင်အောင် ရှိလေတော့၏။

သို့နှင့်ပင် အကြောင်းကို သိလိုလှသည် ဖြစ်သောကြောင့် ထမင်းကို အရသာခံ၍ မစားနိုင်တော့ဘဲ အူတောင့်ရုံမျှ ကမန်းကတန်းသွတ်ပြီးလျှင် အဆောင်မှူးထံ ပြေးရပြန်လေ၏။

"ဘယ့်နှယ် မောင်သိန်းဖေ၊ ညက မင်းအခန်းထဲမှာ တတယ်ပဲ ရှိသလား"

"ရှိပါတယ် ဆရာ၊ ကျွန်တော် နေမကောင်းလို့ အိပ်နေပါတယ်။ ည ထမင်းတောင် မစားနိုင်ဘူး၊ ဓာတ်ချုပ်လို့"

"ဒါနဲ့ စောစောက ခေါင်းကိုက်လို့ဆို"

"ဓာတ်ချုပ်တဲ့အတွက် ခေါင်းကိုက်တာပါ" ဟု ညာလိုက်ရပြီးလျှင် "ဆရာ ကျွန်တော့် ဘာအပြစ်ရှိလို့လဲ ဆရာ" ဟု မေးလေ၏။

"ငါ မသိဘူး၊ မင်းတို့အပြစ် မင်းတို့ သိမှာပဲ။ မင်းကို နာမည်နဲ့ ခေါ်ထားတယ်။ နို့ပြီးတော့ ဟောလ်တိုင်းမှာ မနေ့ညက ကျောင်းပြန်ပြီး မလာတဲ့ လူတွေကိုလည်း ကျောင်းအုပ်ကြီးဆီကိုပို့ဖို့ အမိန့်ရတယ်" ဟု ဆိုပြီး သိန်းဖေ၏အငိုက်ကို ဖမ်းမည်ဟူသောသဘောဖြင့် "မင်းတို့ မနေ့ညက မြို့ထဲမှာ ဘာဖြစ်သလဲ" ဟု မေးလေ၏။

"ကျွန်တော် မြို့ထဲကို ထွက်မှမထွက်ဘဲ။ ဘာဖြစ်တယ် မသိဘူး၊ ကျွန်တော် ကျောင်းမှာရှိတာပဲ" ဟု ဖြေလိုက်သောကြောင့် အဆောင်မှူးမှာ စဉ်းစားရခက်သွားသကဲ့သို့ ဖြစ်သွားလေ၏။

"ကောင်းပြီ၊ မင်းကို ဆရာကြီး ခေါ်ထားတာ သိသလား"

"သိပါတယ်၊ အမိန့်စာ ကပ်ထားတာ ဖတ်ရပါတယ်။ နို့ပေတဲ့ ဘာကြောင့် ခေါ်တယ်ဆိုတာ မသိရဘူး"

"ဒါတော့ ဆရာကြီးနဲ့တွေ့ရင် သိရမှာပေါ့"

"ဒါပဲလား ဆရာ"

"အော်လ်ရိုက်။ ယူမေဂိုး" ဟု သွားခွင့်ပြုလိုက်သဖြင့် သိန်းဖေလည်း ထွက်၍ လာကာ စောင့်နေသော ကျော်ဝင်းနှင့် တွေ့ရှိပြီး မိမိအခန်းသို့ သွားလေ၏။

"ဆရာ ဘာတွေပြောသလဲ"

"ညက ကျွန်တော် ရှိမရှိမေးတာပေါ့။ ကျွန်တော့်ကို မိမလားလို့ စကားအမှားဖမ်းလိုက်သေးတယ်။ ကျွန်တော်လည်း လူပါးပဲဗျ၊ ဘာရမလဲ။ နို့ပြီးတော့ ညကလစ်တဲ့ လူတွေလည်း ခေါ်ထားတယ်တဲ့"

"ဟာ. . . ဟုတ်ပြီ၊ ညက မအေးစိန် မရှိဘူး၊ ဒါကြောင့် ညကကျောင်းသားထဲက ဘယ်သူ ပျောက်သလဲဆိုတာ ဖမ်းတာပဲ"

"နို့ပေတဲ့ ကျွန်တော် ရှိတယ်ဆိုတာ သက်သေအရှိသားနဲ့ ဘာပြုလို့ [illegible]ရ

www.burmeseclassic.com

www.burmeseclassic.com


တာတုံး"

"ဒါကတော့ အင်းလျားဟောလ်က ဘယ်လိုအစီရင်ခံစာ ပေးလိုက်သလဲမှ မသိဘဲ။ ခင်ဗျားနဲ့ မြို့ထဲသွားတယ်လို့ ရေးသလားမှ မသိဘဲ"

"သက်စ် သ တစ်ကက်၊ အစစ်ပဲဗျို့။ အဲဒါကို လိမ်ဖို့လိုတယ်။ လိမ်မယ်ဆိုရင်လည်း ပြန်ပြီးပို့တယ်လို့ ဆိုရမှာပဲ။ မကောင်းဘူးလား"

"ကောင်းသားပဲ။ ဒီနည်းပဲ ရှိတော့တာပေါ့"

ထိုအခိုက်တွင် မေးရမြန်းရအောင် လာကြသော ကျောင်းသားများ ရောက်လာကြသဖြင့် ထိုစကားကို ရပ်ထားပြီး "မသိဘူး" ဟူသော လက်နက်ဖြင့် မေးသမျှကို ဘူးကွယ်ရလေ၏။ ထိုသို့စကားပြောနေရာက ကျောင်းအုပ်ကြီးထံသို့ သွားရောက်တွေ့ဆုံကြရန်အချိန် ရောက်လာလေ၏။

သိန်းဖေ၏ စိတ်ထဲ၌ ငိုချင်ရယ်ချင် ဖြစ်၍နေလေတော့၏။ လာလတ္တံ့သော အရေးကို တွေးတောကြောက်ရွံ့ကာ နှလုံးသားတွင် တဒိတ်ဒိတ် သွေးတိုးနေသည်ကို ကြားနေရသကဲ့သို့ ရှိနေပေတော့၏။

"ဘယ်လိုများ ဖြစ်မလဲတော့ မသိဘူး ကိုကျော်ဝင်းရေ"

"လန့်သလားဗျ"

"မလန့်ပါဘူး၊ ကြက်သီးထတယ်"

"ကိုယ့်လူ ရယ်နိုင်သေးသလား"

"ဩော်. . . မချိလို့ပေါ်တဲ့သွားတောင် ရယ်သလားမေးတယ် ဆိုတာမျိုးပေါ့။ ကဲ. . . ကဲ. . . ပြောနေကြာတယ်။ ပြောမနေ မကြာဘူး။ ဟုတ်လား။ ခမည်းတော်ဘုရားက သားတော်ကလေးမျက်နှာကို ရှုစားတော်မူချင်လွန်းလို့ မှာတဲ့ဟာကို အခစားနောက်ကျလို့ မျက်မာန်တော်ရှမှာလည်း စိုးရိမ်ရသေးတယ်" ဟု ပြော၍ အခန်းအပြင်သို့ ထွက်မည်ပြုပြီးမှ "အိုင်ဆေး ကိုကျော်ဝင်း၊ ကျွန်တော့်နာမည်နဲ့ ငွေလာတယ်၊ မလာဘူး ကြည့်ထားလိုက်စမ်းပါဗျာ။ ဟောလ်နာမည်နဲ့ မှာထားတယ်။ သံကြိုးနဲ့ ပို့လိမ့်မယ်" ဟု မှာထားလေ၏။ ထို့နောက် အခန်းနီးချင်း ကျောင်းသားကိုလည်း မှာပြီးမှ ကျောင်းအုပ်ကြီးနှင့်တွေ့ရန် သွားရပြန်လေ၏။

စာမေးပွဲများ ပြီးစီးကုန်ပြီ ဖြစ်သဖြင့် ကျောင်းတက်သူများ မရှိတော့ပြီ ဖြစ်သောကြောင့် ကျောင်းအုပ်ကြီး၏ ရုံးသားများမှတစ်ပါး အားလုံးတိတ်ဆိတ်လျက် ရှိကြလေ၏။ သိန်းဖေသည် ကျောင်းထဲသို့ ဝင်ရောက်လာသောအခါ ကျောင်းသားတစ်ဦးတလေသာလျှင် သွားလာနေသည်ကို တွေ့ရပြီးမှ ကျောင်းအုပ်ကြီး၏ အခန်းအနီးကို ရောက်သောအခါတွင်မူကား ကျောင်းသားလေးငါးခြောက်ယောက်ခန့် အပေါက်ဝတွင်ရပ်ကာ အခေါ်စောင့်နေသည်ကို တွေ့ရလေ၏။

"ခင်ဗျားတို့ ဘာပြုလို့ ခေါ်ထားတာလဲဗျ"

www.burmeseclassic.com



"ညက လစ်နေလို့" ဟု တစ်ယောက်က ဖြေလေ၏၊

"လစ်တာသက်သက်ကြောင့်ပဲလား၊ တစ်ခြားအကြောင်းကော ပါသေးသလား"

"ဘာမှန်း မသိဘူးဗျ၊ လစ်တာတော့ အားလုံးလစ်တာပဲ၊ အဲဒါ ဆရာကြီးနဲ့ တွေ့ရမယ်ဆိုပြီး လွှတ်လိုက်တာပဲ၊ ပရှမ်းဟောလ်က နှစ်ယောက်၊ ဒိုပြင်ဟောလ်တွေက တစ်ယောက်စီ၊ ပုဂံမပါဘူး"

"ကျွန်တော်က ပုဂံကဗျ"

"ဒါဖြင့် ခင်ဗျားလည်း ဒီအထဲကပဲ မဟုတ်လားလို့"

"မဟုတ်ဘူးဗျ၊ ကျွန်တော်က နာမည်တပ်ပြီး အခေါ်ခံရတာ"

"ညက မလစ်ဘူးလား"

"လစ်တော့ လစ်တာပဲ။ လစ်တာကို မသိဘူးဗျ။ ဘာကြောင့်ခေါ်မှန်းလည်း မသိဘူး" ဟု ပြောပြီး "ခင်ဗျားတို့ဟောလ်တွေထဲက ညကလစ်တဲ့လူ ဘယ်သူကျန်သေးသလဲ" ဟု မေးလိုက်လေ၏၊ အားလုံး တစ်ယောက်တလဲစီ ခေါင်းခါပြကြလေ၏၊

"ဒါဖြင့် ဒီမနက်မှာ အကုန်ပြန်လာကြတာပေါ့"

အားလုံး တစ်ယောက်တလဲစီ ခေါင်းညိတ်ပြကြလေ၏၊

"အထဲကို ဘယ်သူဝင်နေသလဲ"

"ကျွန်တော်တို့ ပရှမ်းဟောလ်က တစ်ယောက်ဝင်သွားပြီ၊ သူအရင်စပြီး ဝင်တာပဲ" ဟု ပြောပြီးနောက်. . .

"ဟော. . . နားထောင်၊ နားထောင် ကြိမ်းနေတယ်၊ ဘာတွေကြိမ်းနေသလဲ မသိဘူး" ဟု ပြောသဖြင့် ငြိမ်ပြီးနားထောင်နေကြလေ၏။

မကြာမီ ထိုကျောင်းသား ထွက်၍လာသဖြင့် ၎င်းအား ဝိုင်း၍မေးကြလေ၏၊

"ဘယ့်နှယ်လဲ၊ ဘာပြောသလဲ၊ ဘာတွေဆူနေတာလဲ၊ ဒဏ်ချသေးသလား" စသည်ဖြင့် မေးကြလေ၏။

"ဆူတာပေါ့၊ ညကို အပြင်ထွက်လည်ပြီး တစ်စုံတစ်ရာဖြစ်ရင် ဘယ့်နှယ်လုပ်မလဲတဲ့။ သူတို့ တာဝန်ရှိတယ်တဲ့။ ဒဏ်တော့မချဘူး၊ ဝမ်နင်ပေးလိုက်တာပဲ။ စာမေးပွဲပြီးနေမှပဲဗျာ၊ လည်တာ ဒဏ်မချပါဘူး"

"ဒိုပြင် ဘာမေးသေးသလဲ" ဟု သိန်းဖေက မေးလေ၏၊

"ဒိုပြင် တစ်ခုမေးသေးတယ်ဗျ။ တစ်ယောက်တည်း သွားသလား၊ အဖော်ပါသလား၊ မိန်းကလေးအဖော် မပါဘူးလားလို့ မေးတယ်"

"အင်း အင်း" ဟု သိန်းဖေသည် ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်စားသော အမူအရာကို ပြလေ၏။

"ကျွန်တော်ကတော့ ထင်တယ်ဗျ။ အင်းလျားဟောလ်က ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက် ပျောက်သွားပြီထင်တယ်။ အင်းလျားဟောလ်ဝါဒင်ရော အများကြီးပဲ"

"ဟာ. . . ဒီလိုဆိုရင် ကိုယ်တို့ ပုန်းနေရအကောင်းသား။ ခိုးပြေးတယ် အထင်ခံရ နည်းလား"

"အစစ်ပဲ၊ ခြင်ထောင်ထဲက ခုနစ်ရက်လောက် မထွက်ဘဲနေရအောင်" ဟု ပြောရင်းပင် ထိုပြောသူအား ခေါ်လေ၏။

ထိုသို့ခေါ်နေခြင်းမှာ မအေးစိန် ပျောက်သွားသဖြင့် ညက ကျောင်း၌မရှိသူများကို စစ်ဆေးခြင်း ဖြစ်သည်ဟု သိန်းဖေ၏စိတ်တွင် တွေးမိလေ၏။ အကယ်၍သာ ထိုသို့ထွက်၍ လည်သူထဲမှ တစ်ယောက်ယောက်သာ ပြန်၍မလာခဲ့သော် ထိုသူနှင့် အစွပ်စွဲခံရမည်မှာ မလွဲဟု စဉ်းစားမိသဖြင့် အားလုံးပြန်၍လာကြသည်ကိုပင် သိန်းဖေတွင် စိတ်သက်သာရရကာ မအေးစိန်အပေါ်တွင် ခိုးရာလိုက်ပြေးသည်ဟူ၍ ထင်မှတ်ဖွယ် မရှိဟု အောက်မေ့မိလေ၏။

သို့အားဖြင့် ထိုကျောင်းသားများ အကုန်စစ်ဆေးပြီးလေရာ သိန်းဖေမှာ မိမိဝင်ရန် တာဝန်ကျရောက်လာပြီ ဖြစ်သဖြင့် စာရွက်ကလေးတစ်ရွက်ကိုဖြုတ်၍ မိမိနာမည်ရေးသွင်းပြီး အခန်းတွင်းသို့ ယူသွားရန် ချာပရာစီလက်ထဲသို့ အပ်လိုက်လေ၏။ ချက်ချင်းပင် ချာပရာစီ ပြန်ထွက်လာကာ သိန်းဖေအား ဆလံပေးလိုက်ရာ သိန်းဖေမှာ ရင်ထဲ၌ တဒိတ်ဒိတ်ခုန်ကာ တုန်တုန်ယင်ယင်နှင့် ဝင်သွားလေ၏။

အခန်းတွင်းသို့ ဝင်မိသောအခါ ကျောင်းအုပ်ကြီးအပြင် အင်းလျားအဆောင်မှူးနှင့် မြန်မာဆရာကြီးတို့လည်း ရှိကြသည်ကို တွေ့ရပြီး အားလုံးပင် မိမိအား စိမ်းစိမ်းကြည့်နေကြသည်ကို တွေ့ရသဖြင့် ကြက်သည်းမွေးညှင်းထ၍သွားလေ၏။ ထို့နောက်မှ ဣန္ဒြေမပျက်ရအောင် မနည်းစိတ်တင်းကာ အားလုံးအရှိအသေပေးပြီး ကျောင်းအုပ်ကြီး၏ စားပွဲအနီးသို့ သွားရောက်၍ ရပ်လေ၏။

"မင်း မောင်သိန်းဖေလား" ဟု ကျောင်းအုပ်ကြီးက မေးလိုက်ရာ အသံမတုန်စေရန် မနည်းကြိုးစားပြီး "ဟုတ်ပါတယ်" ဟု ဖြေလိုက်လေ၏။

"မင်း မနေ့က ဘယ်သွားသလဲ"

ထိုစကား၌ နေ့ညခွဲ၍မေးထားသည် မဟုတ်သည့်အတွက် သိန်းဖေသည် အမိဖမ်းတာပဲဟု တွေးမိကာ "ကျွန်တော် နေ့လည်က မြို့ထဲကို ထွက်သွားပါတယ်။ ခေါင်းကိုက်လို့ ပြန်လာပြီး အစောကြီး အိပ်နေပါတယ်" ဟု ဖြေလိုက်ရလေ၏။

ကျောင်းအုပ်ကြီးသည် သိန်းဖေ ကာကွယ်ပြောဆိုနေသည်ကို တွေ့ရသဖြင့် "ငါမေးတာကို ဖြေပါ၊ အပိုတွေ မထည့်ပါနဲ့၊ မင်းခေါင်းကိုက်တာကို မမေးဘူး" ဆိုပြီး "မင်း မြို့ထဲသွားသလား" ဟု ဆိုလေ၏။

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"မင်းနဲ့ မအေးစိန် အတူတူသွားကြတယ် မဟုတ်လား" ဟု အင်းလျားအဆောင်မှူး ဝင်၍မေးလေ၏။

သိန်းဖေမှာ မျက်နှာထားမပျက်အောင် မနည်းဟန်ဆောင်ပြီး "ဟုတ်ပါတယ်" ဟု ဖြေလေ၏။

"ဘယ်သွားကြသလဲ" ဟု ကျောင်းအုပ်ကြီးက မေးလေ၏။

"မြို့ထဲသွားပြီး ရုပ်ရှင်ကြည့်ကြတယ်၊ နောက်ပြီးတော့" ဟုဆို၍ ဟိုတယ်သွားကြောင်း ပြောမည်ကြံပြီးမှ ရှေ့ရေးကို ဖျတ်ခနဲတွေးမိ၍ "နောက်ပြီးတော့ ပြန်လာကြပါတယ်" ဟု ပြောပြီးလျှင် နောက်လာမည့် မေးခွန်းများအတွက် အဖြေကို အတော်စဉ်းစားရလေ၏။

"ဘာနဲ့ ပြန်လာသလဲ"

"ကားနဲ့"

"ကျောင်းကို ပြန်ပို့သလား"

"ပို့ပါတယ်"

"ဘယ်သူမြင်သလဲ" ဟု မေးလိုက်ရာတွင် သိန်းဖေသည် အကြပ်တွေ့၍သွားသောကြောင့် မိမိစကား အသွားအလာ မပျက်စေဘဲ ပြင်ဆင်ရန် အမြန်စဉ်းစားညာဏ်ထုတ်ကာ "ဒီလိုပါ ကျွန်တော်တို့ ဘတ်စ်ကားနဲ့ ပြန်လာကြပါတယ်။ အင်းလျားလမ်းနဲ့ တက္ကသိုလ်ရိပ်သာ လမ်းဒေါင့်မှာ သူဆင်းနေရစ်ခဲ့ပြီး ပုဂံဟောလ်ကို ကျွန်တော် ပြန်ခဲ့ပါတယ်။ သူတစ်ယောက်တည်း အင်းလျားဟောလ်ကို ခြေလျင်လျှောက်သွားပါတယ်" ဟု ပြောလေ၏။

"ဒါဖြင့် ခုနကပြောတဲ့ကားဆိုတာ ဘတ်စ်ကားကို ပြောတာပေါ့" ဟု မြန်မာဆရာကြီးက မေးလေ၏။

"ဟုတ်ပါတယ်၊ ဘတ်စ်ကားနဲ့ပါ။ ဘတ်စ်ကားနဲ့ ကျောင်းကိုပြန်လာတာကို ဆိုလိုပါတယ်။ အင်းလျားဆောင်တံခါးဝအထိ လိုက်ပို့တယ် မဆိုလိုပါဘူး" ဟု ပြန်၍ ဖြေသဖြင့် မြန်မာဆရာကြီးက အင်္ဂလိပ်ဘာသာဖြင့်ပင် ကျောင်းအုပ်ကြီးအား ရှင်းလင်းပြောပြရလေ၏။

"မအေးစိန် ညက ကျောင်းကို ပြန်မရောက်လာဘူးဆိုတာ မင်း သိသလား" ဟု အင်းလျားအဆောင်မှူးက မေးလေ၏။

"မသိပါဘူး။ အခုပြောမှ သိရပါတယ်"

"မအေးစိန် မရှိတဲ့အကြောင်းနဲ့ ပတ်သက်ပြီး မင်း ဘာပြောစရာ ရှိသလဲ" ဟု ကျောင်းအုပ်ကြီးက မေးလေ၏။

"ကျွန်တော် ဘာမှမပြောနိုင်ပါဘူး။ ကျွန်တော် သိသမျှမှာဖြင့် ဘတ်စ်ကားပေါ်ကဆင်းပြီး ကျန်ရစ်ခဲ့တာ သူ့ကို နောက်ဆုံးမြင်လိုက်ရတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

“ဘတ်စ်ကားပေါ်မှာ ဘယ်သူတွေပါသေးသလဲ”

“ကျောင်းသားတစ်ယောက် နှစ်ယောက်လောက်နဲ့ အပြင်လူတစ်ယောက် နှစ်ယောက်ပါတယ်”

“ဒီကျောင်းသားတွေဟာ ဘယ်သူတွေလဲ”

“သူတို့နာမည်ကို ကျွန်တော် မသိပါဘူး။ သူတို့မျက်နှာတွေတော့ မြင်ဖူးလိမ့်မယ် ထင်တယ်”

ကျောင်းအုပ်ကြီးသည် သိန်းဖေအား ထိုင်ဖို့ပြောလိုက်မှ သိန်းဖေလည်း ကုလားထိုင်တွင် ထိုင်လေ၏။

“မင်းနဲ့ တို့မှာ ပြောချင်တာကတော့ မအေးစိန် ပျောက်သွားတဲ့ကိစ္စမှာ တို့အပေါ်မှာ တာဝန်ရှိနေတယ်။ ဒီကိစ္စဟာ ပုလိပ်ကို တိုင်ရမယ့်ကိစ္စဖြစ်မယ်၊ မဖြစ်ဘူးလို့ မဆိုနိုင်ဘူး။ မအေးစိန် ပျောက်သွားတာမှာ မင်းနဲ့ ပတ်သက်တယ်လို့ ယူဆစရာရှိနေတယ်။ အကြောင်းကတော့ တို့မှာ သိရသလောက်မှာ မင်းနဲ့အတူတူ ထွက်သွားတာဖြစ်တယ်။ မင်းအပြစ် မကင်းဘူးဆိုတာ မင်းသိရဲ့လား”

“ကျွန်တော်မှာ ဘာမှအပြစ်မရှိဘူးလို့ ထင်ပါတယ်”

“မင်း ဘယ်လိုသက်သေပြမလဲ”

“ကျွန်တော် မနေ့ညက ကျောင်းမှာရှိတာ အထင်အရှားပါပဲ”

“တကယ်လို့ မအေးစိန်ကိုခေါ်ပြီး မြို့ထဲမှာထားပြီး ကျောင်းပြန်ပြီး အိပ်တယ်ဆိုရင် မဖြစ်နိုင်ဘူးလား” ဟု မေးသဖြင့် သိန်းဖေမှာ အဖြေပေးရန် အတော်ပင် ခက်ခဲသွားလေ၏။

“ကျွန်တော် ပြန်ပို့တာ အမှန်ပါပဲ”

“ဒါကို မင်း အထင်အရှားလုပ်ပြီး ပြနိုင်ရဲ့လား။ မင်း မပြနိုင်ဘူး မဟုတ်လား။ ဒီတော့ မင်းပြောတဲ့စကားအတိုင်းပဲ ပြန်ပို့တယ်ထားဦးတော့၊ မအေးစိန် တစ်စုံတစ်ရာဖြစ်မယ်၊ ဥပမာ-လူသတ်ခံရတယ်ဆိုရင် မင်းမှာ အပြစ်ရှိတယ်”

“လူသတ်ခံရရင်လည်း ကျွန်တော် မတတ်နိုင်ဘူး။ သူ့ကိုယ်သူ သတ်ဖို့ကန်ထဲကို ခုန်ချချင်လည်း ချမှာပဲ” ဟု ပြောလိုက်သဖြင့် သိန်းဖေကို ဝိုင်း၍ရယ်ကြလေ၏။

“ဘာပြုလို့ သူ့ကိုယ်သူ သတ်ရမှာလဲ”

“စာမေးပွဲ မဖြေချင်လို့ ဖြစ်ချင်ဖြစ်မယ်”

“အိုး ဟိုး ဟိုး ဟိုး၊ ဟား ဟား ဟား”

“မဟုတ်ဘူး၊ မဟုတ်ဘူး၊ တို့များ မေးတာကို ကျေနပ်လောက်အောင် ဖြေစမ်းပါ”

“ကျွန်တော် ဖြေပြီးပါပြီ”

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလိုက်သဖြင့် သိန်းဖေကိုကား ဤကဲ့သို့ မေး၍ရမည် မဟုတ်သည်ကို သိသဖြင့် မည်သို့ပြုလုပ်လျှင် ကောင်းမည်ကို စဉ်းစားလိုသောကြောင့် "ကောင်းပြီ၊ မင်း အပြင်မှာ ခဏစောင့်နေဦး၊ မကြာခင် တို့ခေါ်ပြီး ပြောမယ်" ဟု ဆိုလိုက်သောကြောင့် သိန်းဖေမှာ စိတ်နှလုံးပွေနောက်ကာ အပြင်သို့ ရောက်လာလေ၏။

အတွင်း၌ကား အတန်ကြာ တိုင်ပင်နေကြလေ၏။ သိန်းဖေမှာ စကားပြောစရာ လူမရှိ၊ လက်ဖက်ရည်လည်း သောက်ချင်၊ ထွက်သွား၍လည်း မဖြစ်နိုင်သောကြောင့် အောင့်အီး၍ စောင့်နေရလေ၏။

အတန်ကြာမှ ချာပရာစီ ဆလံပေးလာသဖြင့် အတွင်းသို့ ပြန်၍ဝင်ရပြန်လေ၏။ သိန်းဖေမှာ ဘာများကြားရဦးမည်နည်းဟု လန့်နေစဉ် မြန်မာဆရာကြီးက "ကောင်းပြီ မောင်သိန်းဖေ အခု မင်းကို ထပ်မံပြီး မေးစရာ မရှိတော့ဘူး။ နို့သော်လည်း မင်းကို ဆရာ တွေ့ချင်သေးတယ်။ ညနေ (၃) နာရီကကျော်ရင် ဆရာ့အိမ် လာခဲ့ပါ" ဟုဆိုမှ သိန်းဖေမှာ တာဝန်ပေါ့သွားကာ "ဟုတ်ကဲ့ဆရာ" ဟု ပြောပြီး အားလုံးကို နှုတ်ဆက်ခဲ့၍ ပုဂံဆောင်သို့ အမြန်ပြေးလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၂)

ပုဂံကျောင်းဆောင်သားတို့သည် စာမေးပွဲကြီး ဖြေဆိုပြီးစီးပြီ ဖြစ်သည့်အလျောက် လွတ်လပ်ပျော်ရွှင်စွာ ဟစ်အော်မြူးတူးလျက်ရှိလေရာ ၎င်းတို့၏ အသံများသည် ပြေး၍လာသော သိန်းဖေအား ဆီး၍လှောင်ပြောင်သကဲ့သို့ ရှိပေ၏။ သိန်းဖေရောက်လာသည်ကို မြင်လျှင် ကျော်ဝင်းသည် အကျိုးအကြောင်း မေးမြန်းရန် ပြေး၍လာလေ၏။

"ဘယ့်နှယ်လဲ ကိုသိန်းဖေ။ ဘာတွေမေးလို့ ဘာတွေပြောခဲ့ရသလဲ။ သူတို့သိသလား"

"မေးတာတွေတော့ အများကြီးပဲဗျာ။ စဉ်းစားပြီး ပြောစမ်းပါရစေဦး။ သူတို့တော့ မအေးစိန် ပျောက်သွားတာနဲ့ ကျွန်တော်နဲ့ ထွက်သွားတယ် ဆိုတာပဲ သိတာပဲ။ နို့ပေတဲ့ ကျွန်တော်ကလည်း ရှိနေပြန်၊ သူတို့ ဖျစ်ညှစ်ပြီး မေးသမျှတွေကိုလည်း ကျွန်တော်က အမျိုးမျိုးလှည့်ပတ်ပြီး ဖြေထားပြန်တော့ သူတို့ အစဉ်းစားရ ခက်နေတာပေါ့။ ကျွန်တော့်မှာလည်း အတော့်ကို ကြံဖန်ပြီး ဖြေရတယ်။ စိတ်ကိုရှုပ်သွားတာပဲဗျာ။ ဒီကြားထဲ ရယ်စရာ တွေ့ရသေးတယ်"

"ဆိုစမ်းပါဦး၊ ဘယ်လိုတုံး"

"မနေ့က မအေးစိန် ပျောက်သွားတယ်ဆိုတော့ မနေ့ညက ဟောလ်တွေထဲက အပြင်လစ်သွားတဲ့လူတွေ အကုန်ခေါ်ပြီး စစ်တာပေါ့ဗျ။ ငနဲတွေလည်း ဘုမသိဘမသိနဲ့ တစ်ပုံကြီး ရောက်လာကြတယ်။ နို့ပြီးတော့ လစ်တဲ့ငနဲတွေဟာလည်း အကုန်ပြန်ပြီး လာကြပေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com


"ဟား ဟား. . . ပြန်မလာတဲ့အကောင်ဆိုရင် အချောင်သက်သက် အထင်ခံရမှာ"

"အစစ်ပေါ့။ ဒါကြောင့် ငနဲတွေကတောင် ဒီလိုမှန်း မသိလို့တဲ့။ သိများသိရင် ပုန်းပြီးနေလိုက်ရ အကောင်းသားတဲ့။ အထင်ခံရ နည်းသလားတဲ့"

"ကျလည်း ကျတဲ့ ငနဲတွေ။ နို့ ကျောင်းက ဘာစီမံလဲ"

"ကျောင်းကတော့ သူ့အိမ်ကို ပျောက်သွားတဲ့အကြောင်း သံကြိုးရိုက်ပြီးရောပေါ့။ သူတို့ကတော့ ကျွန်တော့်ကို ထင်တာပဲ။ ပထမတော့ ရှေ့နေ စစ်သလို စစ်တာပဲ။ နောက်မရလို့ ချော့စစ်ပြန်တယ်။ ဒါကို မရတဲ့အတွက် ဘာကြံပြန်တယ် မသိဘူး။ ဆရာဖေနဲ့ ထပ်ပြီး တွေ့ရဦးမယ်"

"ဘယ်တော့သွားပြီး တွေ့ရမလဲ"

"အာဖတား သရီး"

"ဩော်. . . ဒါထက် ခင်ဗျားငွေ ရောက်လာတယ်။ ခင်ဗျား မတွေ့လို့ စာတိုက်ကို ပြန်ပြီးယူသွားတယ်။ နှစ်နာရီမထိုးခင် လာပြီးယူရင် ရမယ်တဲ့"

"ခွကျတာပဲဗျာ။ ကျွန်တော် မြို့ထဲပြေးပြီး မအေးစိန်နဲ့ တွေ့ချင်သေးတယ်။ သူ့ခမျာ သိပ်ပြီး စိတ်ငယ်နေမှာပဲ။ သွားဖို့ကလည်း အချိန်မရှိဘူး။ ငွေကလည်း သွားပြီးယူရဦးမယ်။ ငွေယူပြီး ဆရာဖေနဲ့ သွားတွေ့ရဦးမယ်။ ဒီကြားထဲ မြို့ထဲသွားဖို့ အချိန်မရှိဘူး။ အရေးထဲမှာ လက်ဖက်ရည်သောက်ချင်လိုက်တာဗျာ။ ဆာလိုက်တာလွန်လို့ပဲ"

"ဟား ဟား . . . ဒီလောက်တောင် ပျာလောင်ခတ်နေရတဲ့အထဲ လက်ဖက်ရည်သောက်ဖို့ သတိရသေးသကိုး"

"ဒါက အရေးမကြီးပါဘူး။ အသာထားလိုက်စမ်းပါဦး"

"အော်. . . ခက်မှခက်ရပလေ ကိုရင်ရယ်။ ကိုရင့်ဟာ ကိုရင် ဘာပြောတယ်ဆိုတာ သိရဲ့လား။ ဘာကို အသာထားရမှာလဲ"

"လုပ်စမ်းပါဦးဗျာ၊ ဟိုဒင်း ဟိုဒင်း"

"ဟော. . . လာပြန်ပြီတစ်မျိုး၊ ဘာလုပ်ရမှာလဲလို့"

"မြို့ထဲကို တစ်ဆိတ်လောက် သွားစမ်းပါဗျာ။ မအေးစိန်ဆီကို သွားပေးစမ်းပါ"

"ဘာပေးရမှ"

"မဟုတ်ပါဘူး ဟိုဒင်းလုပ်စမ်းပါဗျာ သွားပြီးပြောပေးစမ်းပါ။ ကျွန်တော် ဒီလို ဒီလို ဖြစ်နေလို့ မလာနိုင်သေးဘူးလို့။ ညနေကျမှ လာနိုင်မယ်လို့"

"သွားလို့ဖြစ်မယ် မထင်ဘူးဗျာ။ ကျွန်တော့်ကိုမြင်ရင် သူရှက်နေမှာ။ နို့ပြီး ကျွန်တော်လည်း မသန်းမြင့်ဆီ သွားရဦးမယ်။ မလာရင် ဘုကျနေပါဦးမယ်။ ခင်ဗျားတို့က ခိုးပြေးလို့ အေးနေပြီ။ ကျွန်တော်တို့က အခုမှ အလွမ်းသယ်ပြီးနေရတုံး"

www.burmeseclassic.com

www.burmeseclassic.com


"ကျပ်တာပဲဗျာ ကျပ်တာပဲ။ ဘာလုပ်ရပ့်မလဲ မသိဘူး။ နေဦးဗျာ၊ ကျွန်တော် ပြေးလိုက်ရဦးမယ်"

"ဘယ်လဲ"

"စာတိုက်ကို၊ ဒါထက် မသန်းမြင့်နဲ့တွေ့ရင် . . . အိုဗျာ၊ ပြောချင်လည်း ပြောလိုက်ပါတော့ မထူးပါဘူး။ သူများတွေလည်း မသိပါစေနဲ့။ သွားလိုက်ဦးမယ်ဗျာ ကျွန်တော်"

ကျော်ဝင်းသည် သိန်းဖေ၏ ပျာလောင်ခတ်၍နေခြင်းကို တွေ့ရသဖြင့် ရယ်လည်း ရယ်ချင်၊ သနားလည်း သနားကာ မချင့်မရဲ ပြုံးမိလေ၏။ သိန်းဖေသည်လည်း အရှူးမီးဝိုင်းဖြစ်နေကာ ယူနီဗာစီတီစာတိုက်သို့ ပြေးရပြန်လေ၏။

သိန်းဖေ ထွက်သွားသည့်နောက် ကျော်ဝင်းသည် အင်းလျားဆောင်သို့ သွားရောက်ပြီးလျှင် မသန်းမြင့်နှင့် တွေ့လေ၏။ မသန်းမြင့်မှာ သတင်းနားထောင်လိုဆဲမှာပင် ကျော်ဝင်းကို တွေ့ရသဖြင့် များစွာဝမ်းမြောက်သော အမူအရာကို ပြလေ၏။

"ကိုကျော်ဝင်း . . . ကိုသိန်းဖေ ကျောင်းမှာ ရှိသလား"

"ရှိတယ်၊ ရှိတယ်"

"ဟင် . . . ဒါဖြင့် မအေးစိန် ဘယ့်နှယ်ဖြစ်တာတုံး။ မအေးစိန် မရှိတော့ဘူး သိလား။ ညက ပြန်မလာဘူး။ မနေ့က ကိုသိန်းဖေနဲ့ ထွက်သွားတာ အားလုံးက ကိုသိန်းဖေနဲ့ ခိုးပြေးကြပြီလို့ ထင်နေတာ အခုတော့"

"နေဦး၊ တိုးတိုး . . . တိုးတိုး ကိုယ်ပြောပြမယ်"

"ပြောစမ်းပါဦး ဘယ်လိုများတုံး၊ ဒါကြားချင်လို့ မျှော်နေတာ၊ တစ်နေ့လုံးပဲ"

ကျော်ဝင်းလည်း မအေးစိန်ကို သိန်းဖေ ခိုးပြေးခဲ့ရပုံ၊ မည်သည့်အတွက် ပြန်လာပြီး မည်သို့စီစဉ်ထားပုံ၊ ဆရာကြီးများနှင့် တွေ့ပုံတို့ကို ပြောပြလေ၏။ မသန်းမြင့်မှာ အံ့ဩသော အမူအရာဖြင့် နားစိုက်နေလေ၏။

"အခုပြောတဲ့အတိုင်းပဲ။ စကားတွေက အမျိုးမျိုးလွန်နေပြီဖြစ်တော့ မခိုးဘူး လုပ်ထားမှဖြစ်မယ်။ ခိုးပြေးရတယ် ဆိုတာလည်း ကြားလို့မကောင်းဘူး။ နောက်မှ သိချင်လည်း သိကြပေစေပေ့ါ"

"ဟုတ်ပါတယ်၊ အဲဒါပဲ ကောင်းပါတယ်၊ ဒီသတင်းတွေ ကြားရရင် မိန်းကလေး မိဘတွေ စိတ်မကောင်းဘဲဖြစ်မယ်။ ပေါ့ရှပ်ရှပ် မိန်းကလေးတွေလည်း ကျောင်းမှာ ရှိတာပေါ့။ ဒီလိုအတွင်းရေးတွေသိရင် ကျောင်းကို အထင်အမြင်သေးမှာ စိုးရသေးတယ်"

"ဒါပေါ့လေ။ ထင်သာထင်စေ၊ မသိစေနဲ့လို့ ဆိုရမှာပေါ့"

"မအေးစိန် ပျောက်သွားတာ ယောကျ်ားလေးတွေ သိပြီလား"

"အကုန်ဘာသိမလဲ၊ သိတဲ့လူလည်း သိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် အတင်းအဖျင်း နားထောင်ပြောဆိုလိုသော ကျောင်းတော်သူကလေးတစ်စုတို့သည် ၎င်းတို့ထံသို့ ရောက်လာကြလေ၏။

"ကိုကျော်ဝင်း. . . မအေးစိန်ကို ကိုသိန်းဖေ ခိုးသွားတယ်ဆို၊ ဟုတ်လား"

"ဟား ဟား ဟား ဟား ဘယ်သူက ပြောသလဲ"

"ဒီလိုပဲ အကုန်လုံး ပြောနေကြတာပဲ၊ မအေးစိန်လည်း မရှိဘူး"

"ဟုတ်လား" ဟု အံ့အားသင့်သွားဟန်ဖြင့် မေးလိုက်လေ၏။

"တကယ်ပါ၊ မသိရပါဘူး။ မအေးစိန် မရှိဘူးဆိုတာ အခုပြောမှ သိရတယ်"

"ရှင်. . . ဘုရားစူး"

"အို သွားလေရာ အိမ်ထောင်ကျရစေရဲ့"

"ဟဲ ဟဲ. . . ညာတာ ညာတာ"

"အဟုတ်ပါ၊ ကိုသိန်းဖေ ကျောင်းမှာရှိတယ်။ သူ့ခမျာ ဘာမှမသိရှာပါဘူး။ ပြန်တော့မှ ပြောပြရဦးမှာ၊ မစွပ်စွဲကြပါနဲ့ဗျာ။ မဟုတ်ဘဲနဲ့ နာမည်ကြီးပြီး နောက်ကို မိန်းမ မရဘဲ နေပါဦးမယ်"

"ဟင်. . . ဘယ့်နှာတုံး၊ ဒါဖြင့် မအေးစိန် ဘယ်သွားပါလိမ့်၊ ၎က်ဆင်ပဲ ချီသွားရော့သလား။ နေပါဦး ကိုကျော်ဝင်းရယ်၊ ဟုတ်မှလည်း ပြောစမ်းပါ"

"ဩော်. . . ကျားကိုက်ပါတယ်ဆို ပေါက်သွားသေးသလား မေးနေပြန်ပါပြီ၊ တကယ်ပြောနေတာပါ"

"အလိုလေး ဘုရားရေ" ဟု ဆိုကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခိခိ. . . ခိခိ လုပ်နေကြလေ၏။

"ဟောတော့ ကျော်တော့လှေ့သူကြီး၊ ညားတော့ သမှာန်ကုလား. . . ဟေဟေ့"

"ဒါဖြင့် ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော် မသိရပါလား ခင်ဗျာ" ဟု ကျော်ဝင်းက ခပ်ပြောင်ပြောင် ပြောလိုက်သဖြင့် မိန်းကလေးများမှာ အစဉ်းစားရကြပ်သွားကာ၊ တွေဝေ၍နေကြပြီးမှ "လာဟေ့၊ ဟိုကောင်မတွေသွားပြီး ပြောကြဦးစို့" ဟု ဆိုကာ ခပ်သုတ်သုတ် ထွက်သွားသောကြောင့် မသန်းမြင့်နှင့် ကိုကျော်ဝင်းတို့မှာ ရယ်မောရင်း ကျန်ရစ်ကြလေ၏။

သိန်းဖေမှာ စာတိုက်တွင် အတန်ကြာအောင် စောင့်စားနေရပြီးမှ ငွေထုတ်၍ ရလာသဖြင့် ပုဂံဟောလ်သို့ပြန်၍ ရောက်သောအခါ ကျော်ဝင်းကို မတွေ့ရဘဲ ရှိနေလေ၏။ နံနက်ကျောင်းသို့ ပြန်၍ရောက်လာကတည်းက အနားနေရသည် မရှိဘဲ၊ ပြေးရလွှားရ စိတ်ပန်းလူပန်း ဖြစ်နေရပြီးလျှင် ညကလည်း အအိပ်ပျက်ခဲ့သောကြောင့် ခေါင်းနောက်မူးဝေ၍နေလေတော့၏။ အိပ်မည်ကြံပါသော်လည်း မြန်မာစာဆရာနှင့် တွေ့ရဦးမည်ဖြစ်၍ အချိန်မရှိတော့ပြီ ဖြစ်လေရာ၊ အားလုံးကိစ္စများပြီးစီးမှ အခွင့်

www.burmeseclassic.com

www.burmeseclassic.com

တောင်းပြီး ပစ္စည်းများယူ၍ ပြန်နိုင်ရန် အဝတ်အစားများကို သိမ်းဆည်းထုပ်ပိုးနေရပြန်လေ၏။

သို့မှတစ်ဖန် အချိန်ကျရောက်၍လာပြန်သောကြောင့် ဆရာဖေထံသို့ ရောက်ခဲ့ရပြန်လေ၏။ ထိုသို့ရောက်ရှိရာတွင် မိမိအား မည်သို့မည်ပုံ မေးမြန်းပေလိမ့်မည်နည်းဟု စိတ်ထဲတွင် တထင့်ထင့်နှင့် လာခဲ့ရာ၊ ယခုမှာ ထိုသို့မဟုတ်ဘဲ ကောင်းမွန်စွာ ဧည့်ခံကာ မုန့်အမျိုးစုံနှင့် လက်ဖက်ရည်တိုက်ကျွေးလျက် ဓာတ်စက်ဖွင့်၊ ရယ်စရာပြော၊ စသည်ဖြင့် ပြုလုပ်သည်ကို တွေ့ရသောကြောင့် မိမိတွေ့ကြုံနေရသည်ကိုပင် မယုံကြည်နိုင်လောက်အောင် အံ့ဩမိကာ အဘယ်အကြောင်းကြောင့် မိမိအား ဤကဲ့သို့ ဖြေဖျော်နေလေသနည်းဟု တွေးတော၍ မရနိုင်အောင် ရှိပေ၏။

ဆရာလည်း သိန်းဖေနှင့် ရယ်စရာပြောလိုက်၊ မြန်မာစာပေအကြောင်း ဆွေးနွေးလိုက်၊ ကျောင်းသူမိန်းကလေးများအကြောင်းကို ပြောလိုက်၊ အချစ်အကြောင်း လက်ချာပေးလိုက်နှင့် ပြုလုပ်လေရာ သိန်းဖေနှင့် အပြောအဆို အလွမ်းသင့်နေကြလေ၏။

"နေပါဦး မောင်သိန်းဖေရဲ့၊ ဆရာ တစ်ခု မေးစမ်းပါရစေ။ အချစ်အကြောင်း ပြောတော့ ဒါကိုသွားပြီး ဆရာ တွေးမိတယ်"

"ဘယ်လိုလဲ ဆရာ"

"မောင်သိန်းဖေနဲ့ မအေးစိန်နဲ့ ချစ်ခဲ့ကြဖူးတယ် မဟုတ်လား" ဟု မေးလိုက်ရာ သိန်းဖေတွင် မျက်နှာပျက်မည်ကဲ့သို့ ဖြစ်သွားကာ လက်စသတ်တော့ ငါ့ကို ချော့မေးရအောင် ကြံတာကိုးဟု ရိပ်မိလေ၏။

"မဟုတ်ရပါဘူး ဆရာရယ်၊ ဆရာ ဘယ်ကကြားသလဲ"

"ဒီလိုပဲ ကြားတာပဲ။ ကျောင်းသူကလေးတစ်ယောက်က ပြောဖူးတယ် ထင်ပါရဲ့။ မှတ်တော့ မမှတ်မိဘူး"

"နားကြားလွဲလို့နဲ့ တူပါတယ် ဆရာ။ တစ်ခါတုန်းက ကျွန်တော် သူ့ကို စာပေးဖူးပါတယ်။ ဆရာကြီးကိုတောင် အတိုင်ခံရသေးတယ်"

"ဩော်. . . ဟုတ်လား။ ဟဲ ဟဲ ဒီလိုဆိုရင်လည်း ချစ်ဖို့အကြောင်းမရှိဘူးပေါ့၊ ဒါနဲ့ မေးလိုက်ပါရစေဦး၊ ဒီလိုစိတ်ဆိုးပြီးမှ ဘာလို့အခုလို ပြန်ပြီးတည့်ကြတာလဲ။ အဲဒါ တစ်ခုတော့ ဆရာ စဉ်းစားလို့ မရဘူး"

"ဒါကတော့ ဆရာကြီးပြောတဲ့အတိုင်း အပိုလိုဂျိုက်စ် လုပ်ခိုင်းလို့ ကျွန်တော်လည်း လုပ်လိုက်တာပဲ။ ရန်သူတောင် လက်နက်ချပြီး တောင်းပန်ရင် ကျေအေးရသေးတာပဲ ဆရာရယ်။ ကျွန်တော်လည်း တောင်းပန်ရတာပေါ့"

"အင်း. . . အင်း. . . အင်း ဒီလိုကိုး"

"ဟုတ်ကဲ့၊ ဒီလိုကိုး"

www.burmeseclassic.com



"အခုတော့ သင့်သင့်မြတ်မြတ် ရှိနေကြပြီပေါ့လေ။ အေး၊ နို့ အခုလို သင့်မြတ်ကြပြန်တော့ မေတ္တာရှိသေးသလား"

"ကျွန်တော် ပြောခဲ့ပါပြီကော ဆရာ။ ကျွန်တော်တို့ ရိုးရိုးတန်းတန်းပါပဲ။ မိတ်ဆွေအဖြစ် နေကြပါတယ်။ အရင်တုန်းက စာပေးမိတဲ့အတွက် စိတ်ဆိုးပြီးမှ အခုလို ပြန်ပြီး မိတ်ဆက်မိတာကို တစ်ချို့က အထင်လွဲကောင်း လွဲကြမှာပေါ့ ဆရာ၊ မဟုတ်ဘူးလား"

"အင်း. . . ဒီလိုလည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

"ဒါကတော့ ဒီလိုရှိတယ် ဆရာ၊ အရင်ကတော့ ကျွန်တော် မေတ္တာရှိလို့ ပေးခဲ့တာ အမှန်ပါပဲ။ နောက်တော့ သူမေတ္တာမရှိမှန်း သိတာနဲ့ ကျွန်တော် ဒီစိတ်ကို စွန့်လိုက်ပြီး ရိုးရိုးတန်းတန်း ချစ်ခင်ကြတာပါပဲ"

"နို့သော်လည်း ငယ်ကအချစ် အနှစ်တစ်ရာ ဆိုတာလိုပေါ့။ မောင့်စိတ်ထဲမှာ အချစ်ငွေ့တော့ ကျန်ဦးမှာပေါ့ ဟဲ ဟဲ"

"ဒါတော့ ဆရာ၊ ဟဲ ဟဲ ဟဲ ဟဲ နေပါဦး ဆရာ၊ ဘာပြုလို့ ဒါလောက်တောင် စစ်နေတာလဲ ဆရာရဲ့"

"ဒီလိုကွဲ့. ဒီလို၊ မအေးစိန် ပျောက်သွားတော့ အုပ်ချုပ်တဲ့လူတွေအပေါ် မှာ တာဝန်မကင်းဘူး။ ဒီတော့ သူချစ်တဲ့လူရှိလို့ပဲ ထွက်ပြေးသလား၊ ဒါမှမဟုတ်ရင် ကြီးလေးတဲ့အမှု တစ်စုံတစ်ရာများ ဖြစ်နေလေရော့သလားဆိုတာ သိဖို့လိုတာကိုး။ တကယ်လို့ မောင်သိန်းဖေနဲ့ မအေးစိန်နဲ့ ချစ်နေကြတယ် ဆိုပါတော့. . ."

"မဟုတ်ပါဘူး ဆရာ၊ မချစ်ပါဘူး"

"အေးလေ၊ ဥပမာပြောတာပါ။ ဆရာပြောသလို မောင်တို့အချင်းချင်း ချစ်ပြီး ပြေးကြရင်လည်း ဆရာတို့ မခွဲကြပါဘူး။ အကြောင်းသိလို့ရှိရင် သူ့မိဘကို တိုင်ကြားစရာ ရတာပေါ့၊ ဘာမှအကြောင်း မသိရတော့ ဂတ်ကိုတိုင်ဖို့ ဖြစ်နေတယ်။ အခု သူ့မိဘဆီလည်း အကြောင်းကြားလိုက်ပြီ။ ရောက်လာလို့ရှိရင် ဘာကြောင့်ပျောက်သွားတယ်ဆိုတာ ပြောပြနိုင်ဖို့ လိုတယ်။ တကယ်လို့ ဆရာပြောတဲ့အတိုင်း မောင်တို့ချစ်ကြိုက်ကြရင်လည်း မောင်တို့နေရာကျအောင် မိဘတွေကို ပြောပေးနိုင်ပါတယ်။ ဥပမာ မောင်တို့ ခိုးပြေးတာကို မအေးစိန် မိဘက သဘောမတူဘူးဆိုရင် ဆရာပြောပေးမယ်၊ ဆရာကြီးလည်း ပြောပေးမယ်"

"ဒီလိုဆိုရင် ကျေးဇူးတင်စရာပေါ့ ဆရာ။ နို့ပေတဲ့ ကျွန်တော် ခိုးမပြေးရတာက ခက်တယ်"

"ဒီလိုလေ၊ ဒီလို၊ မောင်သိန်းဖေကိုလည်း ခိုးပြေးတယ် မဆိုပါဘူး၊ အကြောင်းက ရှိနေတယ်ကွဲ့။ မအေးစိန် ပျောက်သွားတာမှာ မောင်သိန်းဖေနဲ့ ပျောက်သွားတာသာ နောက်ဆုံး တွေ့လိုက်ကြရတာကိုး။ ကျောင်းပြန်ပြီး ရှောင်တာကို

www.burmeseclassic.com


ဘယ်သူမှ မတွေ့ရတော့၊ ကဲ အားလုံးက ဘယ်လိုထင်ကြမလဲ။ မောင်ခိုးပြေးတယ်လို့ ထင်စရာ တစ်ခုတည်းပဲရှိတယ် မဟုတ်လား။ ဟုတ်ရင် ဟုတ်တယ် ပြောရတာ ဝန်မလေးသင့်ပါဘူး။ ရှက်စရာလည်း မရှိပါဘူး။ ဆရာတို့ သိဖို့ပဲ၊ အပြစ်ပေးချင်လို့ မဟုတ်ပါဘူး၊ ပေးလည်း မပေးနိုင်ပါဘူး။ တကယ်လို့ သူ့မိဘက အပြစ်ရှာတောင် ဆရာတို့ ကူညီပါ့မယ် ပြောထားပြီကပဲ"

"ဟုတ်ပါတယ် ဆရာ၊ ကြားပါတယ်၊ ဆရာတို့ တာဝန်ရှိလို့ မေးတာလည်း သိပါတယ်။ နို့ပေတဲ့ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘဲ တစ်နေ့လုံး အလုပ်များနေတာပဲ။ ဘာမှမဟုတ်ဘူး ဆရာ၊ အခြောက်တိုက်ခံနေရတာ"

"ဟား ဟား" ဟု ရယ်ရာက ဆရာလည်း တစ်မျိုးသို့ပြောင်းကာ သိန်းဖေကို ချော့မော့ပြန်လေ၏။

ထိုသို့ ပြောဆိုစုံစမ်း၍နေရာ နှစ်နာရီကျော်၍လာသည့်တိုင်အောင် ထောက်လှမ်း၍မရနိုင်သဖြင့် ဆရာလည်း လက်လျှော့လိုက်လေ၏။ သိန်းဖေမှာ ပြန်ချင်လှပြီဖြစ်ပေ၏။ သို့ရာတွင် ဆရာ စိတ်ဆိုးမည်စိုးသဖြင့် ပြန်လိုကြောင်း မပြောရဲ၊ ဆရာလည်း ပြန်ဖို့စကားကို အစပြု၍မပေးဘဲ အချိန်ဆွဲထားသဖြင့် သိန်းဖေမှာ ဖင်တကြွကြွနှင့် အနေရကြပ်၍နေလေ၏။

ထို့နောက်မှ ဆရာက "ပြန်ချင်ပြီလား" ဟု မေးလေ၏။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် အိမ်ကိုပြန်ဖို့ စီမံစရာတွေရှိနေတယ်။ ညကို ပြန်မယ် စိတ်ကူးတယ်"

"အင်း. . . အင်း စာမေးပွဲအောင်ပါစေကွယ်၊ ဆရာ ဆုတောင်းပါတယ်။ ဪ ဒါထက် မောင်တို့ကျောင်းဆောင်မှူးက တွေ့ချင်တယ်ပြောတယ်၊ တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး၊ ပြန်ဖို့ပြောရင်း တွေ့ရဦးမယ်"

"ကဲ. . . ကဲ သွားပေတော့" ဟု ဆိုလိုက်မှ သိန်းဖေလည်း အားရဝမ်းသာဖြစ်သွားကာ ဝဋ်ကျွတ်ပြီဟု အောက်မေ့လျက် ဆရာကို နှုတ်ဆက်ခဲ့ပြီးလျှင် ပျော်ရွှင်သောစိတ်ဖြင့် ပုဂံဆောင်သို့ ပြန်ခဲ့လေ၏။

ပုဂံဆောင်သို့ ရောက်ရှိ၍ မိမိအခန်းသို့ သွားရာတွင် မိမိတို့ဘက် ကော်ရစ်ဒါ၌ လမ်းလျှောက်နေသော အဆောင်မှူးကို တွေ့ရလေ၏။ အဆောင်မှူးလည်း သိန်းဖေကို မြင်သောအခါ တစ်စုံတစ်ရာ မေးမြန်းလိုသော သဘောဖြင့် ၎င်းထံသို့ ရှေ့ရှုလာလေ၏။

"မင်းကို ဘာကိစ္စနဲ့ ခေါ်တာလဲ"

"အင်းလျားဟောလ်က မိန်းကလေးတစ်ယောက် ညက ပျောက်သွားပါတယ်၊ ဘယ်လိုကြောင့် ပျောက်သွားမှန်း မသိရပါဘူး။ ကျောင်းသား အများကြီးကိုခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com


မေးတဲ့အထဲမှာ ကျွန်တော် ပါနေတာပဲ"

"ဩော်. . . ဒါလား၊ အဲဒီဟာနဲ့ ပတ်သက်ပြီး ဆရာကြီးဆီက စာရတယ်၊ မင်းနဲ့ ပြောစရာနည်းနည်းရှိတယ်၊ ထမင်းစားပြီးတဲ့အခါ ငါ့အခန်းကို လာပါ"

"ဟုတ်ကဲ့ ဆရာ" ဟု ကတိပေးပြီးမှ "ဆရာ ကျွန်တော် အခုည အိမ်ပြန်မယ်၊ ဆရာ အခွင့်ပေးပါ" ဟု ပြောလေ၏။

"ကနေ့ အခွင့်မပေးနိုင်ဘူး ထင်တယ်။ မင်းနဲ့ စကားပြောဖို့လည်း ရှိသေးတယ်၊ ကျောင်းလည်း သန်ဘက်ခါမှ ပိတ်မယ်၊ စောစောအခွင့်မပေးနိုင်ဘူး ထင်တယ်"

"အိမ်ကစာလာတယ် ဆရာ၊ ကျွန်တော်တို့အဖွား အသည်းအသန် ဖြစ်နေတယ် စောစောပြန်မှဖြစ်မယ်"

"အသက်ကြီးမှပဲ ဝမ်းနည်းဖို့ မရှိတော့ပါဘူး။ ကောင်းပြီလေ၊ အဲဒီစာကိုယူခဲ့၊ ငါလည်း စဉ်းစားပါဦးမယ်" ဟု ဆို၍ ထွက်သွားသဖြင့် သိန်းဖေမှာ ငေးမော၍ ကျန်ရစ်ခဲ့ပြီးမှ  အခန်းဖွင့်၍ ဝင်လေ၏။

အခန်းထဲသို့ ရောက်၍မှ မကြာသေးမီ ကျော်ဝင်း ရောက်လာလေ၏။ သို့နှင့် အကျိုးအကြောင်း ပြောနေရပြန်ကာ အင်းလျားဆောင်မှ သတင်းကိုလည်း ကျော်ဝင်းထံမှ ကြားရပြန်လေ၏။ ထိုသို့ ပြောဆိုနေရသော်လည်း သိန်းဖေ၏စိတ်ထဲတွင် မအေးစိန်ကိုသာ သတိရနေကာ မြို့ထဲသို့ ပြန်၍ပြေးချင်လှတော့၏။ အချိန်မှာကား စကော စကဖြစ်၍နေသည့်ပြင် လူလည်း မောပန်းနွမ်းနယ်ကာ မျက်လုံးများ ပူစပ်လျက် အိပ်ချင်ငိုက်မျဉ်း၍ နေလေတော့၏။ သို့ဖြစ်သဖြင့် ကျော်ဝင်းနှင့် စကားပြောရင်း အိပ်ရာပေါ်တွင် အညောင်းဆန့်ကာ မှိန်းပြီးစဉ်းစားနေရာက ကျော်ဝင်းပြောသော စကားများကို ပြန်၍မပြောနိုင်တော့ဘဲ အိပ်ပျော်သွားလေ၏။

သိန်းဖေသည် လောကကြီးနှင့်တကွ မအေးစိန်ကို မေ့လျော့သောအဖြစ်သို့ ရောက်ရှိသွားလေရာ အပူအပင်ကင်းလျက် ရှိနေသော်လည်း ထိုအချိန်တွင် မအေးစိန်မှာ စိတ်မအေးနိုင်ဘဲ နောက်ဆံတင်းကာ ပြင်းပြစွာ ပူဆွေးလျက် ရှိရလေတော့၏။ နံနက်မှ ထွက်သွားကတည်းက ယခုအချိန်အထိ ပြန်၍မရောက်လာသေးဘဲ ရှိလေရာ၊ ချစ်ကြတော့မည်ဟု ကြံရွယ်ခါစ ဖြစ်ကြကုန်သော ချစ်သူတို့တွင် တစ်ဦးနှင့်တစ်ဦး ကွေကွင်းလျက် ရှိခြင်းကြောင့် ကျန်ရစ်သူတစ်ဦး၏စိတ်၌ မည်မျှလောက် အနေရခက်မည်ကို စုံစေ့အောင် ဖော်ပြခြင်းငှာ မစွမ်းနိုင်တော့ပေ။ မအေးစိန်မှာ သိန်းဖေ မရှိသဖြင့် အလွန်မှပင် အားငယ်ရသည့်ပြင် သူတစ်ပါးအိမ်တွင် အဖော်ကင်းမဲ့စွာ နေထိုင်ရသည့်အတွက် ဝမ်းနည်းပူဆွေးကာ အိပ်ရာပေါ်တွင်လှဲပြီး ကြိတ်ငိုလိုက်၊ ထွက်၍မျှော်လိုက်နှင့် ဒေါသထွက်၊ ဝမ်းနည်းအခံရခက် ဖြစ်နေရှာလေတော့၏။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

"ဆန်း. . . တစ်ဆယ့်ငါးရက်ဆီ၊ နေရီရီဖလ်ရောင်ပပါလို့၊ ဖိုးရွှေလထိန်ထိန်သာတော့၊ ရွှေမျက်နှာ နှစ်ကိုယ်ဆုံကြစို့ရဲ့၊ ငွေယုန်ကို မိတ်ဆွေဖွဲ့ပါလို့၊ ပြန်ခဲ့မည်ယဉ်ကေပွင့်ငုံ၊ ခင်ခင့် မောင်လာချိန်နီးပြီမို့၊ ဆီးကြိုတော်မူနှင့်တော့ကွယ်" ဟူ၍ ပုဂံကျောင်းဆောင်တစ်ခန်းဆီက လွမ်းလွမ်းဆွေးဆွေး သီဆိုနေသူမှာ စာမေးပွဲကြီးပြီး၍ ကိုယ့်မြို့ ကိုယ့်ရွာ ပြန်ရချိန် နီးကပ်လာပြီ ဖြစ်သောကြောင့် ကျန်ရစ်ခဲ့သော ချစ်သူကလေးကို တွေးမိနေဟန် ရှိရှာပေ၏။

ထိုသူ၏ တေးသံကို ကြားရသဖြင့် အားကျမခံ ဖြစ်ဟန်ရှိသော ကျောင်းသားတစ်ယောက်သည်ကား ကွဲအက်သောအသံဖြင့် "သွားခါနီး မောင်ကြီးရယ်တဲ့ မှာခဲ့မယ်၊ သမန်းပင် နင်မတက်လေနဲ့၊ သွေးထွက်တတ်တယ်" ဟူ၍ လက်တန်းစပ်ဆိုကာ နောက်ပြောင်လိုက်သည်ကိုလည်း ကြားကြရလေကုန်၏။

ရေချိုးခန်းများ၌မူကား မိုးတွင်း၌ ဖားသီချင်း ဆိုသလို တစ်ယောက်တစ်ပေါက်စီ ဟစ်အော်ဆူညံကာ နေကြလေကုန်၏။ ယင်းသို့ ပျော်ရွှင်နေကြရာတွင် ထမင်းစားခေါင်းလောင်း ထိုးလိုက်သဖြင့် ဆူညံသံများ ပပျောက်သွားကာ ထမင်းစားခန်းသို့ သွားကြသည့် ဖိနပ်သံများ ပေါ်ပေါက်လာပြန်လေ၏။

သိန်းဖေမှာ မောမောနှင့် အိပ်ပျော်၍နေသောကြောင့် ကျောင်းတော်သားတို့၏ ပျော်ရွှင်ခြင်းကို မကြားနိုင်၊ သူတို့အထဲ မပါဝင်နိုင်။ ထမင်းစားနေကြသည်ကိုလည်း မသိရှိဘဲ လောကကြီးကို မေ့လျော့နေသောကြောင့် "ဟေ့လူ ကိုသိန်းဖေ၊ ထလေဗျာ၊ ထမင်းစားကြကုန်ပြီ။ ကနေ့မှ မအိပ်စဘူး အိပ်နေလိုက်တာ" ဟု ကျော်ဝင်းကိုယ်တိုင် လာ၍နှိုးတော့မှ အိပ်ရာက ကမန်းကတန်း ထ၍ဖြစ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟာ. . . အချိန်လွန်ကုန်ပြီဗျို့။ ခင်ဗျားနှယ်ဗျာ စောစောစီးစီး နှိုးရောပေါ့။ ခဏလောက်ကလေး မှိန်းလိုက်ပြီး မြို့ထဲပြေးမယ် ကြံနေတာ။ အခုတော့ ခွကျနေပြီဗျ။ ဘယ့်နှယ်လုပ်ရမှန်းလည်း မသိဘူး။ မအေးစိန်ဆီက ဘာသတင်းမှ မကြားရဘူးလား"

"ဘယ်သူလာလို့ ကြားရမှာလဲ"

"ကိုအောင်မြင့် မလာဘူးလား၊ အဲဒါ ခွကျတာပဲ၊ ကျွန်တော် အခုထက်ထိ ပြန်မလာသေးလို့ ဘယ်လိုများ ထင်နေမယ်မသိဘူး။ စိတ်တော့ပူနေမယ် ထင်တာပဲ"

"စိတ်ချလို့နဲ့ တူပါတယ်ဗျာ။ စိတ်မချရင် ကိုအောင်မြင့်ကို အမေးခိုင်းမှာပေါ့"

"ဟာ. . . အားနာလို့ ပြောချင်မှ ပြောမှာ"

"ကိုင်းပါ၊ ဒါထားလိုက်ပါဦး။ ထမင်းစားရအောင်၊ မျက်နှာသစ်ချေဗျာ" ဟု ကျော်ဝင်းက ပြောသဖြင့် သိန်းဖေလည်း ရေချိုးခန်းသို့ ပြေးခဲ့ရလေ၏။

မကြာမီ ထမင်းစားပွဲသို့ ရောက်ရှိကြပြီးသည့်နောက် ထိုင်၍စားသောက်ကြရာတွင် သိန်းဖေမှာ ထမင်းကိုမျှ မစားနိုင်။ ပါးစပ်ထဲ ထမင်းထည့်၍မှ ထည့်မှန်းမသိဘဲ မဝါးမမျို ငေးမော၍နေသောကြောင့် ကျော်ဝင်းက သတိပေးရလေ၏။

သိန်းဖေသည် ထမင်းထဲတွင် စိတ်မဝင်စားဘဲ မအေးစိန်ထံသို့သာလျှင် စိတ်ရောက်၍နေကာ မည်ကဲ့သို့ ပူပင်နေရှာပါလိမ့်မလဲဟုတွေး၍ စိတ်မကောင်း ဖြစ်နေလေ၏။

"စိတ်မကောင်းဘူးဗျ၊ မျက်ခုံးတွေလည်း လှုပ်တယ်" ဟု သိန်းဖေက ပြောသဖြင့် "ဘယ်က လှုပ်သလဲ" ဟု ကျော်ဝင်းက မေးလေ၏။

"အောက်ကလှုပ်တယ်" ဟု သိန်းဖေကပြောရာ စားသောက်ဖော်တစ်ယောက်က "အောက်လှုပ်ရင် ငြိမ်ငြိမ်ထိုင်နေ" ဟု နောက်လိုက်သည်ကို အခြားသူများ ရယ်မိကြသော်လည်း သိန်းဖေမှာ ရယ်ခြင်းသည် အဘယ်သို့သောအရာ ဖြစ်သည်ကိုပင် မသိသကဲ့သို့ ကြောင်ပြီး ကြည့်နေရှာလေ၏။

ကျောင်းတော်သားတို့မှာ အမွှေးမစင်သော ဝက်သားခေါက်ကိုပင် ဗိုက်ပေါက်မတတ် စားသောက်နေကြကုန်သော်လည်း၊ သိန်းဖေမှာ နဂိုက မစားချင်ရသည့်အထဲ စိတ်အနှောင့်အယှက်ဝင်၍နေသောကြောင့် မျို၍မကျနိုင်ဘဲရှိကာ "ဝပြီဗျာ" ဟု ဆို၍ထလေ၏။

"မြန်လှချည့်လား၊ စားမကောင်းဘူးထင်တယ်"

"စားချင်စိတ် မရှိဘူးဗျာ၊ ဘယ်လိုဖြစ်မှန်း မသိဘူး"

"ဒါဖြင့်နေဦးဗျာ၊ ပြီးတော့ လက်ဖက်ရည်သွားပြီး သောက်ကြတာပေါ့"

"သောက်ဖို့ အချိန်မရှိဘူးဗျာ။ ဆရာနဲ့ တွေ့ရဦးမယ်။ မြန်မြန်တွေ့ပြီးမှ မြန်မြန် မြို့ထဲသွားနိုင်မယ်"

"အော်. . . ဟုတ်သားပဲ၊ ကဲ ကဲ မြန်မြန်သွားတွေ့ချေ"

www.burmeseclassic.com

www.burmeseclassic.com



သိန်းဖေလည်း ထမင်းစားခန်းထဲမှ ထွက်ခဲ့၍ အဆောင်မှူး၏အလုပ်ခန်းဆီသို့ ခပ်သုတ်သုတ် သွားရောက်လေ၏။ သို့ရာတွင် အဆောင်မှူးသည် အလုပ်ခန်းထဲသို့ မရောက်သေးဘဲ အခန်းမှန်တံခါး ပိတ်ထားသည်ကို တွေ့ရသဖြင့် စိတ်ထဲတွင် အခံရကျပ်လျက်ရှိကာ ဆရာကို အတွေ့မပေးတော့ဘဲ မြို့ထဲသို့သာ ထွက်၍ပြေးလိုက်ချင်ပေတော့၏။ သို့ရာတွင် ဆရာ၏ဩဇာကိုလည်း မဖျက်လို၊ အခွင့်မရှိဘဲလည်း ပြေးရမှာအခက်၊ ထိုသို့ပြေးလိုက်ခြင်းအားဖြင့် အားလုံးရိပ်မိကာ ပေါ်ပေါက်ကုန်မည်ကိုလည်း စိုးရိမ်မိသောကြောင့် အောင့်အီးပြီး စောင့်နေရလေ၏။

ကျော်ဝင်းလည်း ထမင်းစားပြီး၍ လျှောက်လာရင်း သိန်းဖေကို တွေ့ရလေ၏။

"ခင်ဗျား မတွေ့ရသေးဘူးလား"

"ဟာဗျာ. . . သိပ်စိတ်ပျက်စရာကောင်းတာပဲ၊ သူလည်း မလာသေးဘူး၊ ထမင်းစားတုန်းပဲထင်တယ်"

"ဒါဖြင့် လာဦးဗျာ၊ ခင်ဗျား အခန်းကို သွားကြဦးစို့ ပြီးတော့မှ လာတာပေါ့"

"ခင်ဗျားတို့ သွားနှင့်ဗျာ၊ ကျွန်တော် တွေ့ပြီးမှ လာခဲ့မယ်၊ ရော့ သော့" ဟု ဆိုကာ သိန်းဖေက မိမိ၏အခန်းသော့ကို ပေးလိုက်၍ ကျော်ဝင်းသည် သော့ကိုယူကာ ထွက်သွားလေ၏။

ကျော်ဝင်းသည် သိန်းဖေ၏အခန်းထဲသို့ ရောက်ရှိပြီးနောက် ထုပ်ပိုးထားသော သေတ္တာများပေါ်တွင် အခြားကျောင်းသားနှစ်ဦးနှင့်အတူထိုင်ကာ သိန်းဖေကို စောင့်စားရင်း စကားပြောနေကြလေ၏။

"အိုင်ဆေး ကိုကျော်ဝင်း၊ ခင်ဗျားဆီမှာ ကိုသိန်းဖေသော့တွဲရှိတယ် မဟုတ်လား" ဟု ကျောင်းသားတစ်ဦးက မေးလိုက်သဖြင့် ကျော်ဝင်းက "ရှိတယ် ဘာလုပ်မလို့လဲ" ဟု ဆိုလေ၏။

"ရှိရင် ပေးစမ်းဗျာ၊ သူ့သေတ္တာတွေဖွင့်ပြီး မဟုတ်တာတွေ ရှပ်နောက်ပြီး ထည့်ထားရအောင်"

"မလုပ်ပါနဲ့ဗျာ၊ သနားပါတယ်"

"အံမာ ခင်ဗျားလူမို့ သနားနေတာလား။ ဒီလူ သနားဖို့ မကောင်းဘူး။ ခါတိုင်း ကျွန်တော်တို့ ပြန်ကာနီးတိုင်း ဒီလူ အင်မတန်နောက်တယ်။ ပေးလိုက်ပါဗျာ၊ သူ့သော့ကို ပေးလိုက်စမ်းပါဗျ"

တစ်ယောက်နှင့်အများ. . . များရာကနိုင်၍နေသောကြောင့် ကျော်ဝင်းမှာ သိန်းဖေ၏သော့ကို ပေးလိုက်ရလေ၏။ ရှပ်နောက်လိုသောသူတို့မှာ အလွန်ပင်သဘောကျသွားကြကာ တစ်ယောက်က ပြုံးပြုံးရွှင်ရွှင်နှင့် သေတ္တာကိုဖွင့်၍ တစ်ယောက်က ဝမ်းသာအားရ ထွက်သွားကာ ကျောင်းအောက်က အုတ်ခဲ၊ ကျောက်ခဲများကို ကောက်

www.burmeseclassic.com

www.burmeseclassic.com



ယူ၍ ပြန်လာလေ၏။

"ရော့ဗျို့၊ ရော့ ရော့ ဟောဒီကျောက်ခဲတွေ အောက်ဆုံးကထည့်၊ အပေါ်က နေပြီး အဝတ်တွေနဲ့အုပ်ထား။ အဲ. . . အဲ ဟုတ်ပြီ. . . ဟုတ်ပြီ။ ဟား ဟား ထမ်းရတဲ့ ကူလီလည်း ခါးချိုးရောပဲ"

"နို့ပြီး ဘာလုပ်ဦးမယ်"

"နေဦးဗျာ စဉ်းစားဦးမယ်"

"ဟိုဟာလုပ်ရင် မကောင်းဘူးလား"

"ဘယ်လိုဟာတုံး"

"ပြောမယ်လေ ဟို. . . ဟို စာရေးထည့်ရအောင်၊ သူ့ကောင်မဆီက ပေးတဲ့ စာမျိုး"

"ဒါဖြင့် ဒီလိုလုပ်ရအောင်"

"ဘယ်လိုဟာတုံး"

"ပြောမယ်လေ၊ နားထောင်ပါဦး။ ဟိုဒင်းဗျာ သူတိတ်တိတ် ယူထားတဲ့ ကောင်မက ပေးတဲ့စာမျိုးလုပ်ပြီး ရေးရအောင်၊ အိမ်ပြန်ရောက်လို့ သူ့အိမ်က မွှေနှောက် ကြည့်တဲ့အခါ မိသွားရင် ငနဲကြီးတော့ ချောက်ကျပြီးသားပဲ. . . ဟဲ ဟဲ"

"ဟား ဟား ဟား ဟား. . . ကောင်းတယ် ကောင်းတယ်"

ကျော်ဝင်းမှာ အခြားကျောင်းသားနှစ်ယောက်၏ ပြုမူပုံကိုကြည့်၍သာ နေရလေတော့၏။ ထိုနှစ်ယောက်တို့မှာကား တပြုံးပြုံးနှင့် ခေါင်းချင်းဆိုင်၍ စာရေး ကြလေ၏။ တစ်ယောက်က ဒိုင်ခံရေး၍ တစ်ယောက်မှုကား ဖြည့်စွက်ထည့်သွင်းရန် အကြံပေးလိုက်၊ သိန်းဖေ လာ,မလာကို ထွက်ကြည့်လိုက်နှင့် အလုပ်များနေလေ၏။

"တော်ပြီဗျ။ တော်ပြီ. . . တော်ပြီ။ ဒါလောက်ပဲ ကောင်းတယ်"

"ကိုင်း ဖတ်စမ်းပါဦး၊ ဖတ်စမ်းပါဦး"

"အဟမ်း နားထောင်"

**ကောလိပ်ကျောင်းသား ကိုသိန်းဖေရှင့်-**

"ကိုတို့မှာတော့ ပျော်နိုင်ပါပေရဲ့။ ပူရတော့ ကျွန်မက ပူရတာရှင့်။ အခု ကျွန်မမှာ ဗိုက်ခြောက်လနဲ့ ငါးပူတင်း ဖြစ်နေပြီ။ အခုတော့ ရှင်လုပ်တာ ကောင်းသေးရဲ့လား၊ မြို့အုပ်လောင်းကြီးရဲ့။ အော် အခုတော့ ရှင့်လိုဘပြည့်လို့ ကျွန်မဆီ မလာတော့ တာပေါ့လေ။ တော်ပါပေရဲ့ ကိုစိမ်းကားကြီးရဲ့။ ကောလိပ်ကျောင်းကြီးက ကျွန်မထက် ချောတဲ့ လှတဲ့ဟာကလေးတွေတွေ့လို့ မေ့ပြီ ထင်ပါရဲ့နော်။ ဒါမှမဟုတ်ရင် အရင် တစ်ခါ ရှင်လာတုန်းက ကျွန်မ ပြောလိုက်ဆိုလိုက်တာတွေ စိတ်ဆိုးလို့လား ကိုသိန်းဖေ ရယ်။ အဲဒီတုန်းက ရှင်က ငါယောက်ျားဟဲ့ဆိုပြီး မူးရမ်းလာတာကိုး။ ကျွန်မ ဘယ်ခံနိုင် ပါ့မလဲ။ အားနွဲ့တဲ့ မိန်းမသားအပေါ်မှာ ဒီလိုစော်ကားတယ်ဆိုတော့ ကျွန်မလည်း

www.burmeseclassic.com

www.burmeseclassic.com

ဒေါသနဲ့ မောက်မာမိပါတယ် ကိုသိန်းဖေရယ်။ ဒီဟာလောက်အပြစ်ကလေးနဲ့ ရှင်ဆောင့်ထွက်သွားတာဟာ ကျွန်မဖြင့် ငိုလိုက်ရတဲ့ မျက်ရည်တွေ။ အခုတော့ ရှင်လည်း မလာ၊ ကျွန်မလည်း မျှော်နေပါသည်။ လူမလာနဲ့ဦးတော့၊ စားစရိတ်ကလေး မှန်မှန်ပေးရင်ဖြင့် တော်ပါသေးတယ်ရှင်"

ကံဆိုးမ၊ မိကြည်

ထိုကျောင်းသားလည်း ကန့်ကရအသံဖြင့် ဟန်ပါပါ ဖတ်ပြလေရာ၊ စာကိုနားထောင်ရင်း တဝါးဝါး ရှိနေကြပြီး "ကိုင်း ထည့်တော့၊ ထည့်တော့၊ သူ လာခါနီးနေပြီ" ဟု တစ်ယောက်က ပြောလိုက်သဖြင့် ထိုစာကို ထည့်လိုက်ပြီး နောက်ထပ်မွှေနှောက်ကြရာ တစ်စုံတစ်ခုကို တွေ့ရသဖြင့် "ကော်တာပဲ" ဟု တစ်ယောက်က ဟစ်အော်ကာ ထ၍ခုန်လေ၏။

ကျော်ဝင်းမှာ ထိုသူ၏ လက်ထဲသို့ရောက်သွားသော မအေးစိန်၏ ဓာတ်ပုံကို တွေ့ရလေရာ ဒီလိုကြည့်နေလို့တော့ မဖြစ်ဘူးဟု နှလုံးပြုပြီး အခန်းအပြင်ဘက်သို့ ထွက်၍မျှော်ကာ "ဟေ့လူတွေ. . ဟေ့လူတွေ ကိုသိန်းဖေ လာပြီ. . . လာပြီ" ဟု ပြောလိုက်သဖြင့် ထိုလူများလည်း ဓာတ်ပုံကို ကမန်းကတန်းပြန်၍ထည့်ကာ သေတ္တာကို သော့ခတ်လိုက်ကြလေ၏။ ထို့နောက်မှ ကျော်ဝင်းက "ပေး ပေး သော့ပေး" ဟု တောင်းပြီး သော့ကို ယူထားလိုက်ရလေ၏။

ထို့နောက် ကျောင်းသားနှစ်ယောက်စလုံး ဟန်အမူအရာ မပျက်ရအောင် မျက်နှာထား တည်တံ့စွာဖြင့် စကားပြော၍နေကြလေ၏။ သို့သော် အတန်ကြာသည့်တိုင်အောင် ခြေသံမကြား၊ ဖိနပ်သံ မကြားရဘဲ ရှိနေသဖြင့် ကျောင်းသားတစ်ယောက်က ထွက်၍ကြည့်ရာ မည်သူကိုမျှ မတွေ့ရမှ ကျော်ဝင်း နောက်ပြောင် သည်ကိုသိ၍ ရယ်ကြလေ၏။

"ခင်ဗျားနှယ်ဗျာ၊ အလန့်တကြား၊ တကယ်များလားလို့" ဟု တစ်ယောက်က အပြစ်တင်သဖြင့် ကျော်ဝင်းက "ဒါလောက်နောက်ရရင်လည်း တော်လောက်ပါပြီဗျာ" ဟု တောင်းပန်လိုက်ရလေ၏။

သိန်းဖေမှာ အတန်ကြာသည့်တိုင်အောင် ပြန်၍မလာဘဲရှိကာ ကျောင်းဝင်းတံခါး ပိတ်ချိန်သို့ရောက်၍ ခေါင်းလောင်းထိုးလိုက်သဖြင့် ကျော်ဝင်း၏စိတ်ထဲတွင် "ဟိုက်. . . ဒီလူတော့ ချောက်ပဲ၊ အပြင်မထွက်ရတော့ဘူး" ဟု တွေး၍ပူမိလေ၏။

ရှုပ်နောက်နေကြသော ကျောင်းသားနှစ်ယောက်လည်း ရယ်ကာမောကာနှင့် ထကြရာ ကျော်ဝင်းက "နေပါဦးဗျာ၊ စာကျက်ဖို့မှ မရှိဘဲ၊ နေကြပါဦး" ဟု ပြောသော်လည်း မရတော့ဘဲရှိကာ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ၏။

ထိုသို့ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရာတွင် အိပ်ရာခင်း၊ ခေါင်းအုံး မရှိသော မွေ့ရာပေါ်၌ ပက်လက်လှန်၍ "ငါ့လူ ဘယ်လိုများ ဖြစ်ပါလိမ့်မလဲ" ဟူသော တွေး

www.burmeseclassic.com

www.burmeseclassic.com

တောခြင်းဖြင့် စဉ်းစားနေစဉ် စိတ်ညစ်မှိုင်တွေသော အမူအရာဖြင့် ရောက်လာသော သိန်းဖေကို တွေ့ရလေ၏။

ကျော်ဝင်းသည် သိန်းဖေကိုကြည့်ကာ "ကိုယ့်လူ မှိုင်လှချည့်ကလား၊ ဘာပြောလိုက်သလဲ" ဟု မေးလေ၏။

"ဟာဗျာ၊ ကျွန်တော်တော့ သေပစ်လိုက်ချင်တော့တာပဲဗျာ။ သူပြောတာတွေက ဘာမှအရေးမကြီးဘူး၊ မြို့ထဲမသွားရတာ ခက်တာပဲ၊ အိမ်ကိုပြန်တော့မယ်ဆိုပြီး အခွင့်တောင်းတာလည်း မရဘူးဗျ"

"မရရင် နိုးထွက်ဗျာ။ ဝင်းထရံပေါ်ကကျော်ပြီး ထွက်ပြေးတာပေါ့။ ဒါကိုတော့ မပူပါနဲ့ဗျာ။ ဆရာ မေးတာတွေလည်း ပြောစမ်းပါဦး။ ဘာအတွက် ခေါ်တာလဲ"

"ဘာမှ မဟုတ်ဘူးဗျ။ ကျွန်တော် ညကို ကျောင်းကမပြေးနိုင်အောင် ကြံတာပဲ။ ဒါကြောင့် ဟိုကနေ ဟိုလွှတ်၊ ဒီကနေ ဒီလွှတ်နဲ့ အချိန်မကုန်ကုန်အောင် လုပ်နေတာ။ ကျွန်တော်တော့ ကျောင်းကို ပြန်လာမိတာ ချောက်ကျတာပဲ"

"မေးတာတွေကော ပြောစမ်းပါဦး"

"မေးတာတွေကတော့ မထူးပါဘူးဗျာ။ မနက်က မေးတာမျိုးတွေလို လှည့်ပတ်ပြီး စကားတောင်းတာပဲဗျ။ ဆရာက ညက ကျွန်တော် ထွက်ပြေးတာကို မသင်္ကာဘူးဗျ။ မင်း ညက တကယ်ပဲ ရှိရဲ့လားလို့တောင် မေးသေးတယ်။ ဒါကြောင့် ကျွန်တော်ကလည်း ကျွန်တော် ညက နေမကောင်းလို့ အိပ်နေတာလည်း ဆရာ အသိသားပဲ မဟုတ်လားလို့၊ ကျွန်တော် ဈာန်နဲ့ မပျံတတ်ပါဘူး၊ ကိုယ်လည်း မဖျောက်တတ်ပါဘူးလို့ ပြောလိုက်ရတာပေါ့"

"ဒီတော့ ဆရာက ဘာပြောသေးသလဲ"

"ဘာပြောမလဲ ရယ်နေတာပေါ့ဗျ" ဟု ပြောနေစဉ် အဆောင်မှူးရောက်၍ လာလေ၏။

"ဘာလုပ်နေကြတာလဲ"

"ရိုးရိုးစကားပြောနေတာပဲ"

"ဒီဟာတွေကကော" ဟု ပစ္စည်းများကို လက်ညှိုးထိုး၍ မေးလေ၏။

"ကျွန်တော် ပြန်ဖို့ အခွင့်ရမလားလို့ စောစောက သိမ်းထားတာ"

"ဘယ့်နှယ်လုပ်ပြီး အိပ်မလဲ"

"အိပ်ရာကိုပြန်ပြီး ခင်းရဦးမှာပေါ့"

"ကောင်းပြီ. . . စောစောအိပ်ကြ၊ မဆူကြနဲ့" ဟု ပြောပြီးနောက် ကျော်ဝင်းကို ကြည့်ကာ "မင်းလည်း မင်းအခန်းကိုပြန်ပြီး အိပ်ပါတော့လား" ဟု ပြောဆိုကာ ထွက် သွားလေ၏။

ထို့နောက် သိန်းဖေက သော့တောင်းသဖြင့် ကျော်ဝင်းလည်း သော့ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com

လေရာ သိန်းဖေက သေတ္တာဖွင့်မည် ပြုလုပ်သဖြင့် ကျော်ဝင်းက နောက်ပြောင်ထားသည်များကို တွေ့ရှိသွားပြီး မိမိအပေါ် အပြစ်တင်နေမည်စိုးသောကြောင့် "ဘာလုပ်ဦးမလဲ" ဟု မေးလိုက်လေ၏။

"အိပ်ရာခင်းနဲ့ ခေါင်းအုံးထုတ်မလို့"

"ဒီညအိပ်ဦးမှာလား၊ ခိုးပြီးထွက်မယ် မဟုတ်လားလို့" ဟု ပြောလိုက်မှ သိန်းဖေသည် တွေးတောဟန်ပြုနေပြီးလျှင် သေတ္တာမဖွင့်တော့ဘဲ "အစစ်ပဲ ခိုးထွက်မှ ဖြစ်တော့မှာပဲ" ဟု ပြောလေ၏။

သို့နှင့် ညတွင် ခိုးထွက်၍ပြေးရန် စီမံတိုင်ပင်ကြပြီးနောက် ရှေ့ရေး၊ နောက်ရေးများကို ပြောဆိုနေကြလေရာ၊ အတော်ညဉ့်နက်၍လာပြီဖြစ်သဖြင့် အချို့ကျောင်းသားများလည်း စောစောတံခါးပိတ်၍ မီးမှိတ်ပြီး အိပ်နေကြသောကြောင့် ပုဂံကျောင်းဆောင်မှာ တဖြည်းဖြည်း မှောင်စ,ပြု၍လာလေ၏။ ကျော်ဝင်းလည်း အိပ်ချင်လာပြီဖြစ်သဖြင့် မိမိအခန်းသို့ ပြန်ခဲ့လေ၏။

သိန်းဖေသည် အခန်းမီးပိတ်ကာ တစ်ယောက်တည်းထိုင်၍ အကြံထုတ်နေလေ၏။ အတန်ကြာ၍ တစ်ကျောင်းလုံး တိတ်ဆိတ်နေပြီဖြစ်ရာ၊ သိန်းဖေသည် ကျောင်းပေါ်သို့ ဒရဝမ် လှည့်ပတ်ကြည့်ရှုလျက်ရှိသည် မရှိသည်ကို ရှာဖွေကြည့်ရှုပြီးနောက် ဝင်းတံခါးဝရှိ လက်မှတ်ထိုးရသော ရုံကလေးထဲတွင် ဒရဝမ် ရှိသည်ကိုသိရမှ ထွက်ပြေးရန် စီစဉ်ရလေ၏။

ထိုသို့ထွက်ပြေးရန်မှာ ယမန်နေ့က ကျော်ဝင်း လုပ်သကဲ့သို့ အခန်းကို အတွင်းမှ ပိတ်ထားခဲ့ပြီး ဝင်းသံတိုင်ကို ကျော်တက်၍ ထွက်ပြေးရန် ဖြစ်ပေ၏။ သို့နှင့် တံခါးများကို စ,၍ပိတ်ရာ ဒရဝမ် ရောက်၍လာလျှင် တွေ့သွားမည်ကို စိုးရိမ်ခြင်းဖြင့် သုတ်သီးသုတ်ပျာ လုပ်ရသောကြောင့် အရင်လိုမှ အရောက်နှေး ဆိုသကဲ့သို့ ပြတင်းပေါက်က ခလုတ်ကလေးမှာ ရုတ်တရက် ပိတ်၍မရနိုင်အောင် ရှိနေလေ၏။

အတန်ကြာမှ တံခါးများကို သေချာစွာပိတ်၍ရရှိကာ မည်သည့်ဘက်မှ ထွက်ပြေးရမည်ကို စဉ်းစားသောအခါ မြောက်ဘက်ဝင်းထရံ တံတိုင်းဘက်မှာ အတွင်းကျသဖြင့် ပို၍မှောင်သောကြောင့် ထိုနေရာဘက်ဆီက ထွက်ပြေးရန် စိတ်ကူးလေ၏။ သို့သော် ထိုနေရာမှာ ထွက်ပြေး၍လည်း အကောင်းဆုံး၊ အဆောင်မှူးနေသော နေရာနှင့်လည်း အနီးဆုံး ဖြစ်သောကြောင့် သိန်းဖေမှာ တထိတ်ထိတ်နှင့် ကျောင်းပေါ်မှ ဆင်းရကာ မြက်ခင်းပေါ်တွင် လေးဖက်ထောက်လျက် ဝပ်၍သွားရလေ၏။ သံတံတိုင်းများမှာ မိမိအရပ်ထက် နှစ်ဆနီးပါးမျှ မြင့်သည်ကို တွေ့ရပြီးလျှင် သစ်ချောင်းအလုံးမဟုတ်သဖြင့် ခြေမနှင့်ညှပ်၍တက်ရန် ခက်ခဲနေလေ၏။ ထိုမျှမကသေး ဝင်းကာထားသော သံတံတိုင်းများမှာ သံပြားအတွန့်ဖြစ်လျက် ထိပ်ဖျားတွင် အချွန်သုံးခုခွဲ၍ထားသောကြောင့် ကျော်၍တက်ရသည်မှာ အတော်ပင် အသည်းယားစရာ ကောင်းလှပေ

www.burmeseclassic.com



တော့၏။

သိန်းဖေသည် ဟိုဟိုဒီဒီ ကြည့်ပြီးနောက် စိတ်ချလောက်ပြီဟု ယူဆမိသောအခါ ချစ်သူအတွက်နှင့် ထိုမျှလောက် တံတိုင်းကို ဂရုမစိုက်နိုင်ဘဲ အရဲစွန့်၍တက်လေ၏။ သံပြားအတွန့်များကို ဆုပ်ကိုင်ကာ ခြေကန်၍တက်ရသည်မှာ အတော်ခက်ခဲသောအလုပ်ဖြစ်သည့်ပြင် လက်များ ပြတ်လုမတတ် နာကျင်လှပေ၏။ သို့ရာတွင် ငွဲသန်နေသော သိန်းဖေမှာ ထိုမျှလောက် နာကျင်ခြင်းကို အမှုမထားဘဲ တက်လေ၏။

သို့နှင့် သံတိုင်များ၏ အဖျားသို့ရောက်၍ ကျော်လိုက်ရာတွင် အောက်သို့ဆင်း၍မရ နောက်ကဆွဲထားသည်ကို တွေ့ရလေ၏။ သို့ရာတွင် လူဆွဲထားခြင်း မဟုတ်ဘဲ လုံချည်နှင့် သံတိုင်ငြိ၍နေခြင်း ဖြစ်သည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ သိန်းဖေမှာ အခက်အခဲနှင့်ကြုံ၍နေလေတော့၏။ လုံချည်ငြိနေသည်ကို လက်တစ်ဖက်ထဲနှင့် သံတိုင်ကိုကိုင်ပြီးဖြုတ်ဖို့ရန် အတော်ပင် ခက်ခဲလှပေ၏။ လုံချည်ကိုချွတ်ပြီး ခုန်ချလိုက်ဖို့ရန်မှာလည်း ခေါင်းဇောက်ထိုးစိုက်၍ကျသွားမည်ကို စိုးရိမ်ရတော့၏။

သို့ဖြစ်ရကား သိန်းဖေမှာ မည်သို့မျှ မကြံတတ်ဖြစ်ကာ၊ အရင်လိုလမ်းအိုလိုက် ဆိုသကဲ့သို့ ကျောင်းဝင်း အတွင်းဘက်သို့ပြန်၍ဆင်းမှ ငြိနေသော လုံချည်စသည်ကျွတ်လွတ်သွားမည် ဖြစ်သည့်အတိုင်း ကျောင်းဘက်သို့ ပြန်၍ဆင်းရလေ၏။

သိန်းဖေမှာ အတော်မောသွားပြီးလျှင် နောက်ထပ်ပြန်၍တက်ဖို့ရန် လက်ပန်းကျကာ လက်ဖဝါးများ နာကျင်လျက် ရှိလေတော့၏။ သို့သော်လည်း မိမိမထွက်လျှင်မဖြစ်သောကြောင့် ခါးတောင်းကိုမြှောင်အောင်ကျိုက်ကာ တက်ပြန်လေ၏။ သို့တက်ရာတွင် စောစောကလောက် မမြန်ဘဲ နှေးကွေး၍နေသည်တွင် "ကြိုးရိုးဝါးလား၊ ဟေးကြိုးရိုးဝါးလား။ ပတ်ကရိုး၊ ပတ်ကရိုး" ဟု ဒရဝမ်အော်သံကို ကြားရပြီးလျှင် ဝါးရင်းတုတ်ကြီးကို မြှောက်ကိုင်ကာ မိမိထံသို့ ပြေးလာသည်ကို တွေ့ရလေ၏။

သိန်းဖေမှာ မတက်နိုင်တော့ဘဲ လျင်မြန်စွာ ဆင်းရပြီးလျှင် ကျောင်းပေါ်သို့ပြန်၍ တက်ပြေးရလေ၏။ ဒရဝမ်ကလည်း ဆက်လက်၍ သူခိုးဟုဟာစ်ကာ ပြေးလိုက်၍လာလေ၏။

အိပ်နေသော ကျောင်းသားများလည်း ဆူညံသောအသံကို ကြားရ၍ အူယားဖားယား ထကြကာ ဟော်ကီးတုတ်၊ ခုတင်တိုင်၊ အင်ဒီယံကလပ် စသည်များကိုဆွဲကိုင်ကာ "ဘယ်မလဲ သူခိုး" "ကီဒဲရ်မီကြိုးရိုးဟဲ" စသည်ဖြင့် ရေရွတ်ကာ ထွက်၍လိုက်ကြလေ၏။

ကျောင်းသားများသည် မဲမဲမြင်လျှင် ရိုက်ကြတော့မည်ကို သိသဖြင့် ရုတ်တရက် အတွေ့ခံရမည်ကလည်း ခက်သည့်ပြင်၊ မိမိအခန်းကိုလည်း လွယ်လင့်တကူဖွင့်၍လည်း မရနိုင်သည်ကို သိသောကြောင့် ရေချိုးခန်းထဲသို့ အတင်းဝင်ပြေးကာ အိမ်သာခန်းထဲသို့ဝင်ပြီး တံခါးကို လျင်မြန်စွာ ပိတ်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒရဝမ်ကလည်း ထိုအခန်းဆီသို့ ညွှန်ပြသဖြင့် ကျောင်းသားများလည်း စွတ်၍လိုက်ကြရာ ထိုအခန်းထဲသို့ ရောက်သောအခါ အိမ်သာအခန်းတစ်ခုထဲမှ သီချင်းအော်၍ ဆိုနေသံကို ကြားရလေ၏။ သိန်းဖေမှာ ကြံရာမရသောကြောင့် အသံပေးသောအားဖြင့် "လာမယ်၊ လာမယ်၊ တပ်ချီခဲ့ကွဲ့ ဘယ်မလဲဟဲ့ ဂဠုန်၊ တကယ်ရဲတဲ့ ဂဠုန်" ဟု ဟစ်အော်၍ ဆိုနေလေရာ သူခိုးလိုက်သော ကျောင်းသားများမှာ သိန်းဖေ၏ သီချင်းသံကို ကြားရ၍ သူခိုးကို သတိမရနိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မောမိကြရှာလေတော့၏။

"အောင်မလေး. . . ဟလေး၊ သူများတွေမှာ သူခိုး လိုက်ရလို့ ဖားနေရတဲ့အထဲ သူ့ပဲ သီချင်းဆိုနိုင်တယ်။ ဟေ့ ကိုသိန်းဖေ ထွက်ခဲ့၊ ခင်ဗျား ဘာလုပ်နေတာလဲ" ဟု ကျောင်းသားတစ်ယောက်က ဆိုသဖြင့်. . .

"နေပါဦးဗျ တစ်ပန်းကန်ပြားစာလောက် ကျန်နေသေးလို့" ဟု ပြန်၍နောက်လိုက်ပြီးလျှင် "ရှမ်းဗေပိမ့်ထုံထုံ၊ ဖမ်းပေစေ့ဂဠုန် ဂဠုန်၊ နန်းတော်ရှေ့ ယနေ့ထက်ထိမယုံ" ဟူ၍ သီချင်းအဆုံးသတ်ကာ ခါးတောင်းကျိုက်ကိုဖြုတ်လျက် ရယ်မောကာ ထွက်လာလေ၏။

ထိုအခါ ကျောင်းသားများက ဒရဝမ်အား "သူခိုး ဘယ်မှာလဲ" ဟု မေးကြရာ ဒရဝမ်မှာ သိန်းဖေ၏ မျက်နှာကိုကြည့်ကာ အပြောရခက်၍နေပြီးလျှင် ကျောင်းသားများဘက်သို့ ကျီးကြည့်ကြောင်ကြည့် ကြည့်နေသောကြောင့် ကျောင်းသားများသည် သူခိုးလန့်ခြင်း ဖြစ်သည်ကိုသိကာ ရယ်မောသူက ရယ်မောကြ၍ ဆဲဆိုကြိမ်းမောင်းသူက ကြိမ်းမောင်းကြလေ၏။

သိန်းဖေမှာကား ငိုချင် ရယ်ချင်ဖြစ်လျက် မချိသွားဖြဲ ပြုံးရယ်ပြောဆိုကာ ကျောင်းသားများနှင့်အတူ ရေချိုးခန်းထဲမှ ထွက်ခဲ့ရလေသတည်း။

□□□

www.burmeseclassic.com

## အခန်း (၄၄)

သိန်းဖေသည် မည်သို့မည်ပုံ ဖြစ်ပျက်နေ၍ မလာနိုင်သည်ကို မသိရှာသော မအေးစိန်မှာ ထိုညအဖို့၌ မည်သို့လျှင် အိပ်နိုင်ရှာတော့မည်နည်း။

ချစ်ကြိုက်၍ ခိုးရာသို့လိုက်ခဲ့ရာတွင် ကြင်နာသော စကားများဖြင့် ချစ်တင်းနှီးနှော တစ်ခွန်းမျှ မပြောကြရသေး။ ချစ်စခင်စအခါတွင် တစ်ဦးမျက်နှာကို တစ်ဦးဝအောင်မျှ မကြည့်ရသေးဘဲ တစ်ခဏမျှ တွေ့ရပြီးမှ တစ်နေ့နှင့် တစ်ညမျှ ကွဲနေကြခြင်း၊ ချစ်သူနှင့် ကွေကွင်းရသောဒုက္ခ၊ ပူဆွေးကြောင့်ကြရခြင်း အဝဝတို့ကြောင့် မအေးစိန်မှာ မသာမယာ အကြံခက်ကာ မျက်ရည်များ တွေတွေကျဆင်းလျက် မျက်နှာမှောက်၍ထားသော ခေါင်းအုံးပေါ်တွင် ငိုမျက်ရည် ရွှဲစို၍နေလေတော့၏။

မအေးစိန်သည် အိပ်ရာပေါ်တွင် လူးလွန့်ကာ ကြိတ်နှိပ်ပူဆွေးရာမှ တွေးလေ တွေးလေ ပိုမို၍ ဆွေးလေ ဖြစ်လာသောကြောင့် ဟစ်၍များပင် ငိုလိုက်ချင်မိသော်လည်း အိမ်သားများ ကြားသိသွားမည်ကို စိုးသည့်အတွက် ရှိုက်၍ငိုရသည်ကိုပင် အသံမထွက်အောင် ရှိုက်ရခြင်းဖြင့် တစ်ကိုယ်လုံးမှာ တုန်တုန်ယင်ယင်ဖြစ်လျက် ရှိရှာပေ၏။

မည်သည့်အတွက်ကြောင့် သိန်းဖေ ပြန်၍မလာနိုင်သည်ကို မအေးစိန်မှာ မည်သို့မျှတွေး၍မရ။ တွေးမိသမျှမှာလည်း ဧကန်ဧကေ ဖြစ်နိုင်မည်ဟု တစ်ထစ်ချယူမှတ်စရာ ရှိသလို ဆင်ခြေဆင်လက် ထွက်ပေါ်သည့် အစွန်းအစတွေက ရှိနေသည်ဖြစ်သောကြောင့် မအေးစိန်မှာ အနည်းငယ်မျှ ပိုင်ပိုင်နိုင်နိုင် အကြောင်းရှာ၍ မရနိုင်ဘဲ ရှိလေရာ 'ငါ့ကို မချစ်လို့လော၊ မုန်းလို့လော' ဟု တွေးတောစရာများ ပေါ်လာပြန်လေ၏။

www.burmeseclassic.com



အပြစ်ကိုရှာလျှင် အနာကို တွေ့ရမည် ဖြစ်သည့်အတိုင်း၊ သိန်းဖေသည် မိမိအား မချစ်၍သာလျှင် ပြန်၍မလာခြင်း ဖြစ်သည်ဟု တွေးလိုက်သောအခါ မုန်းစရာများ တသီတတန်းကြီး ပေါ်၍လာလေတော့၏။

ထိုသို့တွေးလိုက်သောအခါ သိန်းဖေသည် မိမိထံသို့ ပြန်၍လာမည်ဆိုက မည်မျှအဆီးအတား အနှောင့်အယှက်များ ရှိစေကာမူ တကယ်စင်စစ် ချစ်ခြင်းဖြစ်လျှင် ထိုမျှမကသော အခက်အခဲတို့ကိုပင် ပမာမထားဘဲ လာနိုင်မည်ပင် ဖြစ်ပေသည်။ ထို့ပြင် သိန်းဖေအား တားဆီးထားနိုင်စရာ အကြောင်းတစ်စုံတစ်ရာမျှ မမြင်၊ ယောကျ်ားကလေးကျောင်း ဖြစ်သဖြင့် လွတ်လပ်ခွင့်ကောင်းစွာ ရရှိပေသည်။ ယခုစာမေးပွဲစစ်၍ အားလပ်ခွင့် ပိုမိုရရှိနေသည့်အခါ အဘယ်နည်းနှင့်မျှ မလာနိုင်စရာ အကြောင်းမရှိ၊ စာသင်၍နေကြရစဉ်ကပင် အမျိုးမျိုးခိုး၍ ထွက်ကြသေးသည်။ ယခုမူ မိမိထက် အရေးကြီးသောကိစ္စသည် အဘယ်မှာ ရှိမည်နည်း။ မိမိထက် မည်သူ့အား ပိုမို၍ ချစ်ရမည့်သူသည် ကျောင်း၌ရှိနေ၍ မိမိကို ဂရုမစိုက်နိုင်ရမည်နည်း။ ကေန်စင်စစ် မိမိချစ်သလောက် မချစ်၍သာလျှင် မိမိအား ပစ်ပစ်ခါခါ ဂရုမစိုက်ခြင်းပင် ဖြစ်ပေသည်။

ဤကဲ့သို့ဖြစ်ခဲ့လျှင် မိမိအားချစ်၍ ခေါ်လာခြင်းမဟုတ်၊ မလွဲသာသဖြင့် ရုတ်တရက် အကြံရသလို ခေါ်လာပြီး သည်ကိုရောက်ခါမှ နှစ်နှစ်ကာကာ စုံမက်စွဲလန်းခြင်း မရှိသည့်အပြင် မိမိအတွက်နှင့် ခံစားရမည့် ဒုက္ခတို့ကို တွေးမိကာ ထိုဒုက္ခတို့ကို မခံစားလိုသည့်အတွက်၊ ယောကျ်ားတန်မဲ့ အလိမ်အကောက်ဉာဏ်ကိုသုံးလျက် မိမိနှင့်ဝေးအောင် တစ်မျိုးတမည် ဉာဏ်ဆင်ပြီး ပြေးလေတော့သည်။ ရိုးရိုးဖြောင့်ဖြောင့်သဘောဖြူ အူစင်း ဖြစ်ပါမူ မည်သို့သော အတားအဆီး ရှိစေကာမူ ဤအချိန်လောက်တွင် ပြန်လည်၍ ရောက်ဖို့သင့်ပေပြီဟု တွေးတောကာ ငါ့ကို မချစ်လို့ မပေါင်းလိုလို့ ဒီလိုရှောင်သွားတာပဲ။ ငါ လိုက်မိတာ မှားလေခြင်း။ ငါ အရှက်ကွဲပြီ။ လူတွေတောထဲ ငါ ဘယ်လိုမျက်နှာပြရပ့်ါမလဲဟု မချိတင်ကဲ ဝမ်းနည်းဒေါသဖြစ်ကာ အသားများ ဆတ်ဆတ်တုန်လျက် ကြိတ်၍ရှိုက်ငိုမိလေတော့၏။

"ကိုသိန်းဖေ. . . ရှင်ဟာ အစဉ်းစား အဆင်ခြင်ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ တက္ကသိုလ် ကျောင်းတော်သားကြီး မဟုတ်ပါလား ကိုသိန်းဖေရယ်။ တကယ်ဆိုရင် ကိုယ်မချစ်လို့ရှိလည်း ခေါ်ပြီးမလာပါနဲ့တော့လား။ အခုတော့ ကျွန်မကို တမင်သက်သက် အရှက်ကွဲစေရအောင် လုပ်တာနဲ့ ဘာမှမထူးတော့ပါကလား။ မလွဲသာလို့ ခေါ်လာပြန်ရင်လည်း မချစ်သော်လည်း အောင့်ကာနမ်း ဆိုတာလို ကိုယ်မစုံမက် မပေါင်းသင်းချင်ပေမယ့် ကိုယ်ခေါ်ခဲ့မိမှပဲ ကိုယ်ချင်းစာနာ၊ နှမချင်းစာနာပြီးတော့ ကြင်နာဖို့ကောင်းပါသေးရဲ့ရှင်။ အခုတော့ ရှင်လုပ်ပုံဟာ ကျွန်မကို ခိုးခဲ့ပြီးမှ ရှေ့ကို တွေ့ရမယ့် ဒုက္ခတွေကြောက်လို့ ကျွန်မကို ရက်ရက်စက်စက် စွန့်ပစ်ခဲ့တာများ၊ ယောကျ်ားတစ်ယောက်လုံးလုပ်နေပြီး မိန်းမသားကလေးတစ်ယောက်ရဲ့ပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com


အသနား အကြင်နာ နည်းနည်းကလေးမှ မရှိတာကို ပြတာပဲ။ ရှင့်အသည်းနှလုံးတွေဟာ ကျောက်တုံးကျောက်ခဲတွေများ ဖြစ်ရှာသလားရှင်၊ ရက်စက်လှချည်ရဲ့ ကိုသိန်းဖေရယ်။ ကောလိပ်ကျောင်းသူလေးတစ်ယောက်လုံးဖြစ်ပြီး အခုလိုအဖြစ်မျိုးကို ကြုံရတယ်ဆိုတာ လူတကာ ဘယ်လိုပြောကြပါ့မလဲ။ ကျွန်မ ဘယ်လိုလုပ်ပြီး ဒီအရှုပ်ကို ရှင်းရမှာလဲ။ ကျွန်မ အသည်းကွဲပေါ့ ကိုသိန်းဖေရဲ့" ဟု စိတ်ထဲမှ တိုင်တန်းကာ ငိုမိလေသောကြောင့် အသံများပင်ထွက်၍လာသဖြင့် နှုတ်ခမ်းကိုက်ခါ ကြိတ်နှိပ်ထားရပြီး ပြန့်ကျဲဖားလျားဖြစ်လျက်ရှိသော ဆံပင်များကို လက်ဆယ်ချောင်းဖြင့် ဆုပ်ကိုင်ဆွဲငင်ကာ အိပ်ရာပေါ်တွင် လူး၍နေရှာလေ၏။

ထိုသို့ ကြိတ်နှိပ်၍ ငိုနေရင်း ကြိတ်မနိုင်ခဲမရ ဖြစ်လာကာ၊ သိန်းဖေအပေါ်တွင် တွေးရင်းဒေါသဖြစ်၍လာလေ၏။ "ငါ့ကို ပညာရှိနှိပ်စက်တာပဲ၊ ငါ့ကို ချစ်တာမဟုတ်၊ တမင် နှစ်တာ၊ ငါရေတိမ်မှာနစ်ပြီ" ဟု တွေး၍ဒေါသပြင်းထန်လာကာ ငိုရသဖြင့် နီရဲနေသော မျက်လုံးများသည် ကြောက်မက်ဖွယ် ပြူးကြောင်လာလျက် အိပ်ရာမှထ၍ထိုင်ကာ မျက်ရည်များကို ရပ်တန့်စေပြီး ဒေါသဖြင့် ရှိုက်၍နေပြန်လေ၏။

ယင်းသို့ဖြစ်လျက်နေရာမှ ဒေါသထဲတွင် မုန်းစိတ်များ ဝင်ရောက်၍လာကာ မိမိအပေါ်၌ ဤမျှလောက် အသနားအညှာတာ မေတ္တာကင်းမဲ့သူတစ်ယောက်အပေါ်တွင် အဘယ်ကြောင့် မိမိကကော ချစ်၍နေရမည်နည်းဟု နှလုံးပိုက်မိကာ ထောင်းခနဲ ဒေါသမာန် မာနတက်လာပြီးလျှင် အိပ်ရာပေါ်မှ စားပွဲဆီသို့ ရောက်သွားလေ၏။

ထိုသို့ စားပွဲဆီသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် စာရေးရန် စက္ကူများကို တုန်တုန်ယင်ယင် ရှာဖွေကာ တစ်စုံတစ်ရာ ရေးသားမည်ပြုသည်တွင် မင်တံကို ကိုင်ထားသော လက်များသည် စာလုံးတစ်လုံးကိုပင် ရေး၍မဖြစ်နိုင်လောက်အောင် တုန်လှုပ်လျက် ရှိနေလေတော့၏။ စိတ်ကို ငွတ်တင်း၍ ရေးမည်ဟု စာကိုစ,လိုက်သည်တွင် ဝမ်းနည်းဆို့လှိုက်၍လာပြန်သောကြောင့် စက္ကူဖြူပေါ်တွင် မျက်ရည်များ တစ်ပေါက်ပေါက်ကျကာ မျက်စိရှေ့တွင် မျက်ရည်တွေ ဝေပိုင်းပြီး မမြင်မကန်း ရှိရှာတော့လျက် စာရေးစက္ကူပေါ်တွင် မျက်နှာမှောက်ပြီး ရှိုက်ငိုမိလေတော့၏။

ယင်းသို့ မအေးစိန် ဖြစ်ပျက်နေပုံကို ပုဂံဆောင်မှနေ၍ သိန်းဖေ မြင်နိုင်လျှင် မည်မျှမစူးမရဲ ကြိတ်ခဲမရ ဖြစ်ရှာမည်ကို ဆိုဖွယ်ရာ မရှိတော့ပေ။ သို့ရာတွင် သိန်းဖေမှာ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုသကဲ့သို့ ဝင်းကိုကျော်၍ ပြေးမည်အပြုတွင် သူခိုးအော်၍ အလိုက်ခံရသည်ကို မခံချိမခံသာ ဖြစ်ရရှာလျက် မိမိ၏ကြမ္မာဆိုးပုံကိုတွေးပြီး ဝမ်းနည်းပူဆွေး၍နေရရှာရင်းဖြင့် မအေးစိန်၏ဖြစ်အင်ကို မမြင်နိုင် မထင်နိုင် ရှိလေတော့၏။

သိန်းဖေမှာ သူခိုးအလိုက်ခံရပြီး သိသည့်နောက်၌ ဒရဝမ်သည် ကျောင်းဝင်း

www.burmeseclassic.com


ကို လှည့်ပတ်ပြီး စောင့်ကြပ်နေသောကြောင့် ပြေးဖို့ရန် ခက်ခဲနေပေတော့ပြီး ဖြစ်သည့်အတွက် မိမိအခန်းကို လူများစွာ မသိဘဲ အပြင်မှဖွင့်၍ဝင်ရအောင် အတော်ပင်ကြံဖန်ပြုလုပ်ရရှာလေ၏။

အခန်းထဲသို့ ရောက်ပြန်သောအခါ အိပ်ရာခင်း၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးများ ကင်းမဲ့လျက်ရှိသော မွေ့ရာပေါ်တွင် စိတ်မောလူမော ပက်လက်လှန်၍ ပစ်လှဲကာ မအေးစိန် မည်သို့နေရှာမည်၊ ပူဆွေးရှာမည်၊ မိမိအပေါ်၌ မည်သို့ထင်မြင်အယူလွဲရှာမည်တို့ကို အစဉ်တစိုက် စဉ်းစားတွေးတောလိုက်သောအခါ တစ်ကိုယ်လုံး ပူထူလျက်ရှိကာ ငွတ်ထွက်ပါတော့မည်ဟု အတန်တန်ကြံစည်အားထုတ်မိပေ၏။ သို့ရာတွင် အခန်းတံခါးသို့ရောက်၍ လိုက်ကာကို ဖြကြည့်လိုက်သည့်အခါတိုင်း ဒရဝမ်၏မျက်နှာကို တွေ့မြင်နေရသဖြင့် မကြံနိုင်အောင်ရှိရရှာလေ၏။

ဒရဝမ်သည်လည်း သိန်းဖေကို မသက်ာဘဲ ရှိခြင်းကြောင့် သိန်းဖေ၏အခန်းရှေ့ရှိ ဝရံတာတွင် စကြံန်လျှောက်၍နေလေရာ သိန်းဖေ၏ စိတ်ထဲတွင် ဒရဝမ်အား ရိုက်သတ်၍ ခိုးထွက်ပြေးဖို့တိုင်အောင် စိတ်ကူးမိလေတော့၏။ သို့သော် သိန်းဖေမှာ ဘာမျှမတတ်နိုင်ရှာဘဲ အခန်းနီးချင်းရှိ ကျောင်းသားများသည် နှစ်ခြိုက်အားရစွာ အိပ်ပျော်နေကြလျက် တခေါခေါ အိပ်မောကျ၍ ဟောက်သံများကို ကြားရကာ ၎င်းတို့နည်းတူ မအိပ်နိုင်ရခြင်းကို မနာလို မခံချင် ဝမ်းနည်းမိလေတော့၏။

သိန်းဖေသည် ချစ်သူကို လက်ဝယ်ရရှိထားပြီးမှ တစ်မိနစ် တစ်စက္ကန့်မျှ အချစ်၏ အရသာကို မခံစားရသေး၊ မောင်မယ်စုံ ယှဉ်တွဲပြီး အချစ်ပွဲကြီးဆင်ကာ တွတ်တီပလီ တီတီတာတာ မပြောကြရသေးဘဲလျက် ယခုကဲ့သို့ ခွဲ၍နေရခြင်းမှာ ဆေးလိပ်တိုကို တွေ့ရလျက် သံတိုင်ကြားမှ လက်လှမ်းကောက်ယူ၍ မမီနိုင်သော အကျဉ်းသမားကဲ့သို့ အားမလိုအားမရကြီးဖြစ်၍နေရှာကာ ပက်လက်မှ ငုတ်တုတ်ငုတ်တုတ်မှ မှောက်လျက်၊ မှောက်လျက်မှတစောင်း၊ တစောင်းမှ ပြောင်းပြန်၊ ကျွမ်းသဒါလန်လျက် မဆည်နိုင်မဖိုနိုင်၊ ကြံမှိုင်ခက်ခဲ အသည်းလောင်ကျွမ်းကာ ဘယ်သောအခါကမျှ မကြုံခဲ့ဘူးသော ပူဆွေးခြင်းကို ခံစားလျက် နေရရှာလေ၏။

တက္ကသိုလ်ကျောင်းတော်တစ်ဝိုက်တွင် အသက်ကင်းမဲ့ တိတ်ဆိတ်၍နေလေတော့၏။ ခပ်စောစောအချိန်လောက်တွင် ကျောင်းဆောင်အနီးအပါး၌ ပျံသန်းပျော်မြူးကာ တဂိဂိ မည်တွန်နေလေ့ရှိသော ငှက်ဆိုးငှက်ပြာတို့သည် မော၍ အိပ်တန်းတက်ကြလေကုန်ပြီ။ တဝီဝီ သွားလာနေသော မော်တော်ကားသံတို့မှာလည်း ရပ်စဲ၍သွားကာ တစ်နာရီလောက်ကြာမှ တစ်ခေါက်လောက်သာလျှင် ပြည်လမ်းမကြီးဆီက ဝေါခနဲအပြင်းအထန် မောင်းနှင်သွားသံကို ပုဂံဟောလ်ဆီမှ သဲ့သဲ့သာလျှင် ကြားရလေ၏။ ထိုမျှကွာခြားသော အချိန်သို့ ကျရောက်တိုင်း ကမာရွတ်ကင်းဂိတ်မှ သံချောင်းခေါက်သံကိုသာ ကြားရပေ၏။ ကုက္ကိုင်းဘက်က ခြံများဆီမှ သေးသိမ်သော ကြက်တွန်သံကို

www.burmeseclassic.com

တစ်ခါတစ်ရံ ကြားရလေ၏။ ကြံ့တောသချိုင်းဆီမှ လာသည်ဟု ထင်ရသော ရှည်လျား ဝမ်းနည်းစွာ ခွေးတို့၏အူသံကြီးသည် ကြက်သီးထစရာ ကောင်းလှပေ၏။

သိန်းဖေမှာ မည်သည့်အချိန်တွင် အိပ်ပျော်သွားသည်ဟု မသိလိုက်ရ။ မနက်ထ လက်ဖက်ရည်သောက်ချိန်တွင် အိပ်ရာမှ မထသေးဘဲ အိပ်မောကျ၍နေလေတော့၏။ အတန်ကြာသောအခါ သိန်းဖေမှာ တစ်ပိုင်းတစ်ဝက် နိုးကြားသော စိတ်၏နှိုးဆော်ခြင်းဖြင့် လန့်ဖျပ်၍ နိုးလေ၏။

ထိုသို့ နိုးသည်နှင့်တစ်ပြိုင်နက် အိပ်ရာမှ လူးလဲ၍ထပြီးလျှင် လိုက်ကာကို ဖယ်၍ မှန်ပြတင်းအပြင်ဘက်သို့ ကြည့်လိုက်ရာ လောကဓာတ်ကြီးတစ်ခုလုံး ထွန်းလင်းလျှက် ရှိနေသည်ကို တွေ့ရသဖြင့် 'ဟိုက်' ဟူ၍ပင် အသံထွက်သွားလေ၏။ ဆရာလာရောက်၍ တစ်စုံတစ်ရာ မေးမြန်းလိုက မေးမြန်းမည်စိုးသဖြင့် စောစောထွက်ပြေးမည်ဟု ကြံစည်ထားရာ၊ အချိန်လွန်နေပြီကို တွေ့ရသောကြောင့် စိတ်မကောင်းဖြစ်သွားမိလေ၏။

ထို့နောက်မှ အခန်းတံခါးကိုဖွင့်ကာ ရေချိုးခန်းသို့ မျက်နှာသစ်ရန် ကမန်းကတန်း ပြေးရလေ၏။ ရေချိုးခန်းမှ ပြန်လာသောအခါ အဝတ်အစားများ သိမ်းဆည်းထားပြီးပြီ ဖြစ်သောကြောင့် မျက်နှာသုတ်ပုဝါ မရှိသည်ကို တွေ့ရလေရာ သေတ္တာကို ဖွင့်ရန် အချိန်မပေးနိုင်တော့ဘဲ နံရံတွင် ချိတ်ထားသော အပေါ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပုဝါကိုထုတ်၍ သုတ်ရလေ၏။ ပြီးသည်နှင့်တစ်ပြိုင်နက် စားပွဲပေါ်မှ မျက်မှန်ကို ကောက်ယူ၍တပ်ကာ အပေါ်အင်္ကျီဝတ်ပြီးလျှင် ကမန်းကတန်း အခန်းတွင်းမှ ထွက်လေ၏။

သိန်းဖေလည်း အခန်းတံခါးကို သော့ပိတ်နေစဉ် တစ်ဖက်သောအကွယ်မှ ကျော်ဝင်း ပေါ်ပေါက်၍ လျှောက်လာသည်ကို တွေ့ရလေသည်။

"အိုင်ဆေး ဘယ်လဲ" ဟု ကျော်ဝင်းက လှမ်း၍မေးလိုက်သည်ကိုပင် သိန်းဖေမှာ ပါးစပ်ဖြင့် ပြန်မဖြေနိုင်။ ကျော်ဝင်းကိုလည်း ရပ်၍စောင့်မနေနိုင်ဘဲ မြို့ထဲသို့ လက်ညှိုးပြကာ အပြေးလျှောက်သွားသဖြင့် ကျော်ဝင်းမှာ တားဆီး၍မထားနိုင်ဘဲ ငေးမောပြီး ကြည့်နေခဲ့ရလေသည်။

သိန်းဖေသည် ကျောင်းပေါ်မှ ဆင်း၍ပြေးလာခဲ့ရာ၊ ကျောင်းဝင်းအဝသို့ အရောက်တွင် ဘတ်စ်ကားတစ်စီး ထွက်စပြုနေသည်ကို တွေ့ရသဖြင့် ရပ်ပေးရန် ဟစ်အော်ပြောဆိုရင်း ပြေး၍လိုက်လေ၏။ ထိုသို့ ပြေးလိုက်နေစဉ် နောက်ကနေ၍ တိုးရင်း ကားတစ်စီးပေါ်မှ ဟွန်းသံပေးကာ မိမိ၏နာမည်ကို ခေါ်သံကြားရသဖြင့် လှည့်ကြည့်ရာ ကားပေါ်မှ လက်တစ်ဘက်မြှောက်ပြကာ မောင်းနှင်လာနေသော အောင်မြင့်ကို တွေ့ရသဖြင့် ဘတ်စ်ကားကို ထွက်သွားတော့ဟူသော လက်ဟန်ပြ၍ အောင်မြင့် ကားမောင်းရာသို့ လှည့်ပြေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ၊ ဘာလဲ ဘာလဲ" ဟု သိန်းဖေက ပျာပျာသလဲ ပူပင်မကင်းသော မျက်နှာဖြင့် မေးလေ၏။ အောင်မြင့်မှာကား ဘရိတ်ကိုအတင်းဆွဲ၍ ရပ်ကာ အရှိန်သတ်လိုက်လေ၏။ သိန်းဖေသည် အနားသို့ ပြေးလာကာ မသာယာသော အောင်မြင့်၏ မျက်နှာကိုကြည့်ရင်း "ဘာအကြောင်းထူးသလဲဗျ၊ ပြောစမ်းပါဦး မြန်မြန်" ဟု မေးပြန်လေ၏။

"မအေးစိန် မရှိတော့ဘူး" ဟု အောင်မြင့်က ဖြေလိုက်သည်တွင် သိန်းဖေမှာ "ဟိုက်" ခနဲ အသံထွက်ကာ မျက်လုံးများ ပြာဝေမူးနောက်သွားသဖြင့် မော်တော်ကား တံခါးဘောင်ကိုကိုင်ကာ မျက်စိမှိတ်လျက် ကိုယ်ကို မနည်းဟန်၍ထားရလေ၏။ နောက်ပြီးမှ စိတ်ကို အနိုင်တင်း၍ ငြိမ်သက်အောင်ပြုရကာ "ဟုတ်ရဲ့လား ကိုအောင်မြင့်၊ ကျွန်တော့်စိတ်ကို စမ်းတာလား" ဟု မျှော်လင့်ချက်ပြု၍ မေးလေ၏။

အောင်မြင့်သည်လည်း စိတ်နှလုံးလှုပ်ရှားနေသဖြင့် ရုတ်တရက် ပြန်၍မဖြေနိုင်သေးဘဲ တံတွေးမျိုချကာ ပျာပျာသလဲ အိတ်ထဲသို့နှိုက်ရင်း "ကျွန်တော် တကယ်ပြောနေတာဗျ၊ တကယ့်ကို မရှိတော့ဘူး၊ မနက်က လက်ဖက်ရည် သောက်ဖို့မလာတော့၊ အိပ်ရာထ နောက်ကျနေတယ်မှတ်လို့၊ နောက်တော့မှ တော်တော်နဲ့ သူမလာတာနဲ့ ကျွန်တော့်နှမလေးက သူ့အခန်းထဲ သွားကြည့်တော့. . ." ဟု အလောတကြီးနှင့်ပြောကာ အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ပြီးလျှင် "သူ့ကို မတွေ့တော့ဘူး၊ ဟောဒီစာပဲ တွေ့ရတယ်" ဟု ပြော၍ စာကို ပေးလေ၏။ သိန်းဖေသည် စာကို လျင်မြန်စွာ ယူလိုက်ရင်း ဖောက်၍ဖတ်ဖို့ရန် အချိန်မပေးဘဲ "ဘာပါသလဲဗျ၊ သူ ဘယ်သွားသလဲ" ဟု ဝမ်းနည်းလုံးဆို့သော အသံနှင့်မေးရာ. . .

"မသိဘူးဗျ၊ ဒီစာဟာ ခင်ဗျားနာမည်နဲ့ပေးတဲ့စာပဲ၊ စာအိတ်လည်း ပိတ်ထားတယ်၊ ဒါကြောင့် ကျွန်တော်လည်း မဖတ်ကြည့်လို့ မသိဘူး" ဟု ပြောမှ သိန်းဖေသည် စာအိတ်ကို ဖွင့်လေ၏။

ထိုအခိုက်တွင် ကျော်ဝင်းသည် ၎င်းတို့အား ကျောင်းပေါ်မှ လှမ်း၍မြင်သဖြင့် ပြေး၍လာကာ အနားသို့ ရောက်ပြီးနောက် "အိုင်ဆေး ဘာဖြစ်ကုန်ကြတာလဲဗျို့" ဟုမေးရာ အောင်မြင့်မှာ ပါးစပ်က စကားမထွက်နိုင်ဘဲ သိန်းဖေ စာဖတ်နေသည်ကို မေးထိုး၍ ပြလေ၏။ သိန်းဖေမှာလည်း ကျော်ဝင်း၏ အမေးထက် မိမိဖတ်နေသော စာက အရေးကြီးသဖြင့် ဂရုစိုက်၍ မဖြေနိုင်ဘဲ စာကိုသာ အလျင်အမြန် ဖတ်လေ၏။ ကျော်ဝင်းမှာ အဖြေကို မစောင့်နိုင်ဘဲ သိလိုဇောပြင်းခြင်းဖြင့် သိန်းဖေ၏ပခုံးပေါ်မှ ကျော်လွှား၍ စာကိုဖတ်လေ၏။

စာမှာ နှစ်စောင် ပူးတွဲထားသည်ကို တွေ့ရပြီးလျှင် သိန်းဖေ ဖတ်နေသော စာမှာ စာလုံးများသည် မင်ကွက်လျက် ရှိသည်ကို တွေ့ရသောကြောင့် ထိုစာကိုဖတ်ရင်း မျက်ရည်များပင် ကျရှာပေသည်ဟု တွေးတောမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ကိုသိန်းဖေ

ဤစာရလျှင် ကျွန်မ မရှိတော့ပါပြီ။ လိုက်မရှာပါနှင့်၊ မတွေ့ပါရစေနှင့်တော့။ ကျွန်မ ကိုသိန်းဖေကို အလွန်ချစ်မိခဲ့ပါ၏။ ချစ်၍လိုက်ခဲ့ပါသည်။ ကိုသိန်းဖေကတော့ ကျွန်မလောက် မချစ်ပါ။ မချစ်သော်လည်း ဤမျှလောက် ရက်စက်မုန်းတီးဖို့ မသင့်ပါ။ ကျွန်မတစ်သက်တွင် သည့်ထက်ပို၍ ရှက်စရာမရှိပြီ။ ရှက်၍မဆုံးနိုင်၊ နောက်ထပ်၍ကား မရှက်ပါရစေနှင့်၊ ကျွန်မတွင် စိတ်ဆင်းရဲ ဝမ်းနည်းခြင်းဖြစ်ရ ခံစားရသော်လည်း စိတ်နာခြင်းကို ပြေပါ၏၊ အကုသိုလ် အကျိုးပေး မလှခြင်းကို ဝမ်းနည်းရတော့သည်။ ဤအကြိမ်သာလျှင် နောက်ဆုံး ခံစားရပါစေတော့ဟု ဆုတောင်းရပါ၏။

ကျွန်မမှာမူ မရှက်နိုင်သော မျက်နှာမွဲဖြင့် ကျေးဇူးရှင်နှစ်ပါးထံ ပြန်ပါပြီ၊ ကျွန်မအပေါ်တွင် ကြင်နာသောစိတ်၊ ဆံချည်တစ်လုံးလောက်မျှ ရှိပါသေးလျှင် ကျွန်မ၏အရှက်ကို တတ်နိုင်သမျှ ဖုံးဖိပါတော့။ ပူးတွဲပါစာကို မသန်းမြင့်အား ပေးစေလိုပါသည်။

'ကိုသိန်းဖေ' ဤနာမည်ကို နောက်ဆုံးခေါ် လိုက်ပါသည်၊ အောက်က နာမည်ကိုလည်း မေ့လိုက်ပါတော့။

မအေးစိန်

သိန်းဖေသည် စာကိုဖတ်ပြီးလျှင် ကျောက်ရုပ်ကြီးကဲ့သို့ မတုန်မလှုပ်ဘဲ ရှိနေသဖြင့် ကျော်ဝင်းမှာ သိန်းဖေ ဆို့တက်၍သွားလေသလောဟု မျက်နှာကိုငုံ၍ ကြည့်မိလေ၏။ သိန်းဖေမှာ မျက်ရည်များလည်လျက် ငိုင်နေသည်ကို ကျော်ဝင်းမှာ ဤတစ်ခါသာလျှင် တွေ့ရသဖြင့် စိတ်ထဲတွင် ထိခိုက်သွားလေ၏။

သိန်းဖေ၏ အမြဲကြည်လင် ပြုံးရွှင်နေလေ့ရှိသော မျက်နှာမှာ မည်းမှောင်ညစ်ပုပ်လျက် ရှိလေ၏။ သို့ရာတွင် သိန်းဖေသည် မျက်ရည်ကို မျက်ခမ်းပေါ် လျှံ၍မကျအောင် မနည်းစိတ်တင်း၍ ဆည်ထားကာ "မအေးစိန် အထင်လွဲပြီ" ဟု ဝမ်းနည်းပက်လက်ဖြစ်သော အသံကြီးဖြင့် သူငယ်ချင်းများဘက်သို့ လှည့်၍ပြောလေ၏။

"အို. . . အားမငယ်ပါနဲ့ ကိုသိန်းဖေ. . . အားမငယ်ပါနဲ့။ အချိန်ရှိပါသေးတယ်။ မော်လမြိုင် ရထားကို အမီလိုက်မယ်" ဟု ကျော်ဝင်းက ပြောလေ၏။

အောင်မြင့်သည် လက်ပတ်နာရီကို မြှောက်၍ကြည့်ကာ "ဟော့ ရှစ်နာရီထိုးခါနီးနေပြီ၊ ဆယ့်ငါးမိနစ်လောက် လိုတော့တယ်" ဟု ပြောလေ၏။

သိန်းဖေမှာ လိုက်ရလျှင် ကောင်းမည်လော၊ မလိုက်ဘဲနေရလျှင် ကောင်းမည်လော။ မအေးစိန်က မလိုက်ပါနှင့်ဟု မှာသည်ကို ငွတ်လုပ်ရကောင်းမည်လောဟု တွေးတောနေရာ ကျော်ဝင်းက "ဟေ့လူ. . . ဘာတွေ စဉ်းစားနေသလဲ။ ဘာမှ စဉ်းစားမနေနဲ့၊ ကားပေါ်တက်၊ လိုက်မယ်" ဟု ဆိုပြီး ကားတံခါးကို ဖွင့်ပေးကာ သိန်းဖေအား

www.burmeseclassic.com

www.burmeseclassic.com

တွန်း၍တင်လိုက်ပြီး မိမိလည်း ဆက်လက်၍ တက်မိသည်နှင့်တစ်ပြိုင်နက် အောင်မြင့်သည် စက်နှိုး၍ မောင်းနှင်လေ၏။

ကားမောင်း၍လာသောအခါ ကျော်ဝင်းက သိန်းဖေအား "ဟို မသန်းမြင့်ပေးဖို့ဆိုတဲ့စာကို ကြည့်စမ်းပါဦး၊ ဘာတွေများ ရေးထားသလဲ မသိဘူး" ဟု ပြောသဖြင့် သိန်းဖေသည် မိမိလက်ထဲ၌ ဆုပ်ထားသောစာကို ပြန်၍ဖြန့်ကာ မသန်းမြင့်၏စာကို လှန်၍ဖတ်ကြည့်လေ၏။

မသန်းမြင့်

အဖော်ကောင်းသဖြင့် ကျွန်မ မော်လမြိုင်သို့ လိုက်သွားပါသည်။ စာကိုတော့ဖြင့် ရှည်ရှည်မရေးနိုင်တော့ပါ။ ဤစာကို အဆောင်မှူးအားပြ၍ ကျွန်မ၏ပစ္စည်းများကို မသန်းမြင့် အပြန်တွင် ယူခဲ့ပါ၊ ကျေးဇူးတင်ပါ၏။

မအေးစိန်

သိန်းဖေသည် စာကိုဖတ်ပြီးနောက် အတန်ကြာ တွေဝေ၍နေပြီးမှ ကျော်ဝင်းဘက်သို့လှည့်ကာ "အဖော်ကောင်းသဖြင့်ဆိုတာ ကျွန်တော့်ကြောင့် သူဒီလို ပြောရတယ်ဆိုတဲ့ အဓိပ္ပါယ်မဟုတ်လား" ဟု ဝမ်းနည်းသောအသံဖြင့် မေးလေ၏။ ကျော်ဝင်းသည် ခေတ္တမျှ စဉ်းစားဟန်ပြုကာ "ဟုတ်မယ် မထင်ပါဘူးဗျာ၊ သူ့စိတ်ထဲမှာ သူ့အကြောင်းကို မသန်းမြင့်လည်း မသိဘူးထင်လို့၊ မသိတာကိုလည်း ဆက်ပြီး မသိရစေရအောင် သူထွက်ပြေးတာဟာလည်း ထွက်ပြေးတာမျိုး မဟုတ်ဘဲ အဖော်တွေ ဆွဲခေါ်လို့ ကျောင်းကိုတောင်မှပြန်ပြီး ခွင့်မတိုင်နိုင်ဘဲ လိုက်သွားရတဲ့ အဖြစ်မျိုးလည်းရောက်အောင်ဆိုသလို အရှက်ကိုဖုံးပြီး ရေးလိုက်တဲ့ သဘောပါပဲဗျာ" ဟု ပိဋကတ္တပိတ် စကားပြေရှင်းလိုက်မှ သိန်းဖေတွင် ဟုတ်ကောင်း ဟုတ်ပေလိမ့်မည်ဟူသော ယူဆခြင်းဖြင့် ငြိမ်၍လိုက်လာလေ၏။

ကားသည်လည်း ဥပဒေကို ကျူးကျော်ကာ အမြန်ဆုံး မောင်းလာလေ၏။ သို့သော် မြန်နိုင်သမျှ လီဗာကို အကုန်နင်း၍မောင်းလိုက်လျှင် အကွေ့တွင် ကားမှောက်ပြီး အကုန်လုံး သေကြေကုန်မည်ကို စိုးရသဖြင့် အောင်မြင့်သည် ကားကို ထိန်းနိုင်ရုံမျှ လျင်မြန်စွာ မောင်းခဲ့ရသောကြောင့် ၎င်းနှင့်တကွ အားလုံးတို့၏ စိတ်ထဲတွင် မီမှမီပါ့မလားဟု စိုးရိမ်မကင်း ဖြစ်မိကြလေ၏။

ဓာတ်ပြအဲဗင်းနယူးထဲသို့ ကားဝင်လိုက်သောအခါတွင် နာရီမှာ ရှစ်နာရီထိုးတော့မည်ကို ပြ၍နေလေတော့၏။ ဘူတာရုံသို့ ရောက်လုနီးသောအခါ စက္ကန့်၏အစိတ်အပိုင်းမျှသာ လိုတော့သည်ကို တွေ့ရသဖြင့် အားလုံးပင် အသက်မရှူနိုင်အောင်ရှိကြလေ၏။ ထို့နောက် ဘူတာရုံ ပေါ်တီကိုအောက်တွင် ကားထိုး၍ရပ်လိုက်ရာ သိန်းဖေမှာ တံခါးကို ဖွင့်နေရန်ကိုမျှ အချိန်မပေးနိုင်တော့ဘဲ ခုန်၍ဆင်းကာ လက်မှတ်ပေါက်သို့ ပြေးလေ၏။ ကျော်ဝင်းသည်လည်း ကမန်းကတန်း လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဝင်တံခါးပေါက်သို့ ရောက်သောအခါ လက်မှတ်စစ်က သိန်းဖေကို တားချ်ထားပြီး လက်မှတ်ပြခိုင်းရာ သိန်းဖေမှာ လက်မှတ်လည်းမပါ၊ ထိုသူကိုလည်း ဂရုစိုက်နေရန် အချိန်မရဘဲ အတင်းတိုးပြေးမည်အပြုတွင် လက်မှတ်စစ်က အင်္ကျီကို ဆွဲထားသောကြောင့် ရန်ဖြစ်မည်ပြုနေစဉ် ကျော်ဝင်းသည် နောက်ကရောက်သွားကာ လက်မှတ်စစ်ကို ဆွဲဖယ်လိုက်လေ၏။

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် စကားအပြန်အလှန် ပြောနေကြရာမှ ဒေါသကိုဖြေကာ အကျိုးအကြောင်း ပြောကြရာတွင် မော်လမြိုင်ရထား ထွက်သွားသည်မှာ (၅) မိနစ်ကျော်ကျော် ရှိနေပြီကို ပြောပြမှ သိရှိရလေ၏။ ကျော်ဝင်းနှင့် သိန်းဖေတို့သည်လည်း မယုံကြည်နိုင်သဖြင့် ဘူတာရုံအတွင်းရှိ နာရီကို ကြည့်လိုက်ရာ ရှစ်နာရီမှာ (၇) မိနစ်သာသာ ကျော်၍နေသည်ကို တွေ့ကြရကာ ထိုအခါမှ နှစ်ယောက်စလုံး မောဟိုက်သွားကြလေတော့၏။

သိန်းဖေမှာ ရှုံးသွပ်တော့မည်ကဲ့သို့ ငေးမှိုင်ကြောင်စီကာ ဝမ်းနည်းပက်လက်ဖြစ်သော မျက်နှာကို ပြလေ၏။ ကျော်ဝင်းမှာလည်း ခဲလေသမျှ သဲရေကျဖြစ်ရခြင်းကြောင့် မချင့်မရဲဖြစ်ကာ သိန်းဖေ၏မျက်နှာကိုကြည့်ပြီး သနားဝမ်းနည်းစိတ်များပေါ်လာလေ၏။ ထို့နောက်မှ လေးလံထိုင်းမှိုင်းသော ခြေလှမ်းများဖြင့် လှည့်ထွက်ခဲ့ကြရာ အောင်မြင့်သည် ကားဘေးတွင်ရပ်လျက် လက်ပတ်နာရီအား အချိန်တိုက်နေသည်ကို တွေ့ရလေ၏။

"ခွကျသွားတယ်ဗျာ၊ အရေးထဲကျမှ ကျွန်တော့်နာရီကလည်း နောက်ကျနေတယ်"

"နောက်ကျလည်း မမီပါဘူးဗျာ၊ မကျလည်း မမီပါဘူး" ဟု သိန်းဖေက ညည်းတွားသောအသံဖြင့် ပြောလေ၏။

"ကိုင်း. . . ဘယ်လိုလုပ်ကြမလဲ၊ ပဲခူးအထိ ကားနဲ့လိုက်ကြဦးမလား" ဟု ကျော်ဝင်းက မေးရာ သိန်းဖေသည် ညှိုးမှိုင်းသော မျက်နှာဖြင့် ခေါင်းခါ၍ပြရင်း "ကျောင်းကိုပဲ ပြန်တော့မယ်" ဟု ပြောကာ လေးကန်စွာ ကားပေါ်သို့ တက်လေ၏။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၅)

သိန်းဖေ၏အခန်းတွင်း၌ သိန်းဖေနှင့်တစ်ကွ ကျော်ဝင်း၊ အောင်မြင့်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်မကြည့်ဘဲ ငေးမိငေးရာတွင် စူးစိုက်၍ကြည့်ကာ ကိုယ်စီ ကိုယ်ငှ စိတ်ကူးထုတ်၍နေကြလေ၏။

ကျော်ဝင်းနှင့် အောင်မြင့်တို့၏စိတ်ထဲ၌ မိမိတို့၏မိတ်ဆွေတစ်ယောက် ဖြစ်မှုဖြစ်ရလေခြင်းဟူသော ကြင်နာသည့်စိတ်ဖြင့် ကိုယ်တိုင်ခံစားရဘိသကဲ့သို့ သနားမိကြလေ၏။ သိန်းဖေမှာ နှလုံးသားများ တလှပ်လှပ် လှုပ်ရှားကာ ဟာတာပေါ့ပျက် အနေခက်လျက် ဝမ်းနည်းပက်လက်ကြီးဖြစ်ရင်း ဦးနှောက်ရှုပ်ထွေကာ ဝေမှိုင်းလျက် ရှိလေ၏။

ထိုသို့ တစ်ဦးကိုတစ်ဦး စကားမပြောဘဲ စဉ်းစားခန်းထုတ်နေရာမှ သိန်းဖေ၏ "ဟင်း" ခနဲ သက်ပြင်းချလိုက်သည့်အသံကို ကြားရ၍ သိန်းဖေ၏မျက်နှာကို စူးစိုက်ကြည့်ရှုကာ ၎င်းပြောမည့်စကားကို စောင့်စားအာရုံပြု၍နေကြလေ၏။ သိန်းဖေသည် ညှိုးငယ်သော မျက်နှာနှင့် တစ်ယောက်တလဲစီကြည့်ကာ "တကယ်ဆိုရင် မေးပါမြန်းပါဦးတဲ့လားဗျာ၊ အခုတော့ ကျွန်တော် လာအောင်မှ မစောင့်နိုင်ဘူး၊ သူ့စိတ်ချည်းပဲဗျာ၊ သူ့စိတ်ချည်းပဲ" ဟု ပြောလိုက်သည်တွင် နားထောင်ရသူများပင်လျှင် ဝမ်းနည်းသလိုလို ဖြစ်လာကြလေ၏။

ခေတ္တမျှ ပြန်၍ငြိမ်သက်သွားပြီးမှ အောင်မြင့်က "မနေ့ကဗျာ၊ သူ တစ်နေ့လုံး မျှော်တာပဲ၊ ခင်ဗျား မလာနိုင်တော့ ကျွန်တော် သွားပြီးမေးပေးမယ်လို့ သူ့ကို ပြောတယ်၊ သူက ရှက်လည်းရှက်၊ အားလည်းနာ ထင်ပါရဲ့၊ မသွားပါနဲ့၊ လာပါလိမ့်မယ်လို့ တား

www.burmeseclassic.com

www.burmeseclassic.com



ထားတာနဲ့ ကျွန်တော်လည်း နေလိုက်ရတယ်၊ နောက်တော့ မိုးချုပ်သထက် ချုပ်လာတာနဲ့ ကျွန်တော် သူ့ကို မပြောဘဲ လိုက်လာခဲ့မယ်ကြံတော့ အချိန်မရှိတော့ဘဲ ဖြစ်နေတယ်။ လာလို့လည်း မထူးဘူး ကျောင်းတံခါး ပိတ်နေတော့မှာပဲဆိုပြီး မလာဘဲနေလိုက်ရတယ်။ ခင်ဗျားကလည်းဗျာ၊ ဒီလိုမလာနိုင်လည်း တစ်ယောက်ယောက် လွှတ်လိုက်ဖို့ကောင်းတယ်" ဟု ပြောလေ၏။

သိန်းဖေသည် စိုက်၍နားထောင်နေရာမှ "တစ်ခြားလူကို လွှတ်ဖို့ဟာကလည်း လူတိုင်း အသိပေးလို့ မဖြစ်ဘူးဗျ၊ ကိုကျော်ဝင်းကို လွှတ်မယ်ကြံသားပဲ၊ သူ့မှာလည်း အင်းလျားဟောလ်ကို သွားဖို့ရှိနေတော့ သွားမယ့်လူ မရှိဘူး" ဟု အောက်မေးလေးသံဖြင့် ပြောလေ၏။

"ကျွန်တော့် အပြစ်ပါပဲဗျာ၊ ကျွန်တော့်အပြစ်ပါပဲ၊ ကိုသိန်းဖေက ခိုင်းပါတယ်၊ ကျွန်တော်ကလည်း မသန်းမြင့် စိတ်ဆိုးမှာစိုးလို့ ကိုယ့်ဖို့ကိုသာ ကိုယ်သိမိတာ၊ ကျွန်တော် မှားတာပါပဲ"

"အို. . . ခင်ဗျားကို ကျွန်တော် အပြစ်မတင်ပါဘူး။ ခင်ဗျား အပြစ်လည်း မဟုတ်ပါဘူး။ အဆုံးမှာတော့ ကျွန်တော့်ကုသိုလ်အတိုင်းပါပဲ။ ဖြစ်ဖို့ရှိတာ ဖြစ်ရမှာပဲ။ ကိုကျော်ဝင်း သွားရင်လည်း တစ်ခုခုတော့ ကြံဖန်ပြီး ဖြစ်တော့မှာပဲ။ ကျွန်တော် အင်မတန် ကံဆိုးတဲ့အကောင်ပါပဲဗျာ" ဟု ဆိုကာ ဆံပင်ထဲသို့ လက်ငါးချောင်း ထိုးမွှေကာ စားပွဲပေါ်တွင် လက်ထောက်၍ ငေးမှိုင်နေလေ၏။

"အပြစ်တင်မယ် ဆိုရင်လည်း ကျွန်တော့်ကိုပါ တင်စရာပါပဲ။ မတင်ဘူးဆိုရင်လည်း ဘယ်သူမှ အပြစ်မရှိဘူးပေါ့ဗျာ။ နို့ပေတဲ့ ဒီဟာနဲ့ ကိစ္စမပြီးသေးဘူး။ အရေးကြီးတာက ဘယ်လိုစီမံရမယ် ဆိုတာကိုသာ စဉ်းစားကြဖို့ပဲ"

သိန်းဖေသည် ခေတ္တမျှ စဉ်းစားနေပြီး "သူတော့ဖြင့် ကျွန်တော့်ကို စိတ်အနာကြီး နာသွားပြီ။ ဒီစိတ်နာနည်းမျိုးဟာ သမီးရည်းစား စိတ်ကောက်တာမျိုးနဲ့ မတူဘူး။ တစ်သက်လုံး ကွဲကြဖို့အကြောင်း၊ ဒီကနေ့ကစပြီး နောက်ကို တစ်ယောက်မျက်နှာတစ်ယောက် မြင်ကြရတော့မှာ မဟုတ်တော့ဘူး" ဟု ပြောကာ ခေတ္တမျှ အနားယူနေပြီးနောက် "သူ အခုလို ဖြစ်ရတာ ကျွန်တော့်ကြောင့်ပါပဲ။ အဲဒီတော့ ကျွန်တော့်မှာ သူ့နာမည်ကို အသရေဆည်ဖို့ ဝတ္တရား ရှိနေတယ်။ သူနဲ့ ကျွန်တော်နဲ့ အခုလိုဖြစ်ကြတာကို ကျွန်တော်တို့ လူရင်းသုံးယောက်ကလွဲရင် တစ်ကျောင်းလုံး၊ တစ်မြို့လုံး အိုကုန်ကုန်ပြောရရင် မြန်မာပြည်တစ်ပြည်လုံး ဘယ်သူမှ မသိကြဘူး။ ဒီတော့ ဒီအကြောင်းကို မပေါ်ပေါက်ကြစေဘဲ မအေးစိန် အခုထွက်သွားတာဟာ သူ့စာထဲမှာ ရေးသလို သူ့မိတ်ဆွေ အဖော်အပေါင်းတွေနဲ့ အိမ်ကို ပြန်သွားတယ်လို့သာ မေးတဲ့လူတိုင်းကို ပြောပေါ့။ ကျွန်တော်တော့ဖြင့် ဒီနည်းနဲ့ပဲ သူ့အပေါ် ကာကွယ်ရတော့မှာပဲ" ဟု ပြောလိုက်ရာ အားလုံးဆိတ်ငြိမ်စွာ နားထောင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီဟာ အကောင်းဆုံးပါပဲ။ ကျွန်တော် အများကြီး သဘောတူတယ်။ တော်တော်ကြာရင် ကျွန်တော်လည်း မသန်းမြင့်ဆီသွားပြီး မအေးစိန် ပေးလိုက်တဲ့ စာကလေးပေးရင်း အကျိုးအကြောင်း ပြောရတော့မှာပဲ"

"ကောင်းပါတယ်၊ ကောင်းပါတယ်။ အများကြီး ကောင်းပါတယ်" ဟု အောင်မြင့်ကပြောစဉ် ခေါင်းလောင်းသံ ကြားရသဖြင့် ကျော်ဝင်းက "ဟော ဘဲလ်ထိုးပြီ၊ အဆင်သင့်ပဲ ကိုအောင်မြင့်ရေ၊ ဒီမှာပဲ ထမင်းစားသွားပေတော့" ဟု ပြောလေ၏။

"တော်ပြီဗျာ၊ တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်၊ မဆာသေးဘူး၊ အိမ်ကျမှပဲ စားတော့မယ်။ အိမ်မှာလည်း တခြားကိစ္စတွေ ရှိသေးတယ်" ဟု ဆိုသောကြောင့် တား၍မရနိုင်ဘဲ ကျော်ဝင်းနှင့် သိန်းဖေတို့သည် ထမင်းစားခန်းသို့ ထွက်ခဲ့၍ အောင်မြင့်မှာမူ ၎င်းတို့အား နှုတ်ဆက်ပြီး ပြန်သွားလေ၏။

နေ့လည်အချိန်လောက်တွင် အင်းလျားဆောင်ဧည့်ခန်း၏ စားပွဲတစ်လုံးတွင် ကျော်ဝင်းနှင့် မသန်းမြင့်တို့ထိုင်၍ စကားပြောနေကြသည်ကို တွေ့ကြရလေ၏။ မသန်းမြင့်မှာ မအေးစိန်၏စာကိုဖတ်လျက်၊ ကျော်ဝင်းမူကား လက်နှစ်ဖက်ဖြင့် မေးထောက်၍ မသန်းမြင့်၏ မျက်နှာကို စူးစိုက်ကြည့်ရှုနေလေ၏။

စာဖတ်ပြီးသည့်နောက် မသန်းမြင့်သည် ဖြေးညင်းစွာ ပင့်သက်ထုတ်၍ "အင်း နှစ်ယောက်စလုံး သနားဖို့ ကောင်းတာပဲ၊ အထင်လွဲပြီး ဖြစ်ကြရတာပဲ" ဟု ပြောပြီးနောက် "ဒီစာအတိုင်းဆိုရင် မအေးစိန်အပေါ်မှာ တစ်မျိုးတစ်မည် ထင်စရာ မရှိတော့ဘူး။ မအေးစိန် ဖေဖေကြီးလည်း မနက်က ရောက်လာတယ်။ အခုထက်ထိ တော့ သူ့မှာ ဘာမှမတွေးနိုင်၊ မစဉ်းစားနိုင် ရှိနေတာပဲ" ဟု ပြောလေ၏။

"ဒါဖြင့် ဘယ်လိုစီမံကြသတဲ့လဲ"

"ဒါကိုတော့ဖြင့် မပြောတတ်ဘူး။ ဒီစာကို ပြလိုက်ရင်တော့ အကြောင်းစုံကို သိရပြီး စိတ်အေးသွားမှာပဲ။ သူလည်း မအေးစိန် ပစ္စည်းတွေ ယူရအောင် အခုညနေ ပြန်ပြီးလာဦးမယ်"

"နို့ပြီးတော့ ဝါဒင်ကိုလည်း ဒီစာပြလိုက်ပါဦး၊ ဒါမှ တစ်ဆင့်ကတစ်ဆင့် ဆိုင်ရာကို အကြောင်းကြားပြီး ကိုသိန်းဖေနဲ့ မအေးစိန်တို့ ဘယ်လိုမှ မပတ်သက်ဘူး ဆိုတာ အယုံအကြည် ရှိကြလိမ့်မယ်။ ဒါမှ ကိုသိန်းဖေအဖို့လည်း အေးပြီ၊ မအေးစိန်မှာ လည်း နာမည်ကို အစွန်းအငြိ မရှိဘဲ ဒီအကြောင်းကို လူရင်းကလွဲရင် ဘယ်သူမှ မသိနိုင်ဘဲ ရှိကြလိမ့်မယ်"

"ဟုတ်ပါတယ်၊ သူတို့အဖို့တော့ ကိစ္စချောမောဖို့ပဲ ရှိပါတယ်။ နို့ပေတဲ့ ဒီလို ဖြစ်ကြရတာဟာ ဝမ်းနည်းစရာပေါ့လေ။ အချစ်ကြီးလို့ အမျက်ကြီးသွားကြတာပဲ။ နောက်ဆုံးတော့ နဖူးစာ ရှိကြသလို ဖြစ်ကြရမှာပဲ"

"အဲဒါအမှန်ပဲ၊ ကိုကျော်ဝင်းနဲ့ မသန်းမြင့်လည်း တစ်နေ့ကျရင် ဘယ်လိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြဦးမယ်ဆိုတာ မပြောနိုင်ကြဘူး။ မထင်ဘဲနဲ့ ကွဲချင်ကွဲကြပြီး ကိုသိန်းဖေတို့က ပြန်ပြီး ဆုံချင် ဆုံမိကြမှာ မဟုတ်ဘူးလား"

"အမှန်ပေါ့၊ ရှေ့ကို အများကြီး မျှော်ပြီး မပြောထားနဲ့ဦးတော့၊ အခု ညမှာပဲ ကွဲကြရဦးမှာပဲဆိုတာ ကိုကျော်ဝင်း တွေးမိရဲ့လား"

"ဪ. . . မသန်းမြင့် အခုည ပြန်တော့မလို့လား၊ ဘယ့်နှယ်လဲ၊ ဘာမပြော ညာမပြောနဲ့ မြန်လှချည့်ကလား"

"မြန်တယ်ဆို မအေးစိန် ဖားသားကြီးနဲ့ အတူတူပြန်ပြီး လိုက်ခဲ့လို့ အိမ်က မှာလိုက်တယ်။ ကိုကျော်ဝင်းတို့ကော ဘယ်တော့ပြန်ကြမလဲ"

"ကိုသိန်းဖေတော့ ဘယ်နေ့ပြန်မယ် မသိဘူး။ ဒီကတော့ဖြင့် မပြန်နိုင်ဘူး၊ ဝေါလ်တာလော့ ဒိုင်းလုပွဲအတွက် ကျောင်းမှာပဲ နေရစ်ခဲ့ရဦးမယ်။ တစ်ခါ ဒီဒိုင်းလုပွဲပြီးရင် နယ်လှည့်ပြီး အလှူပွဲတွေအတွက် ကစားရဦးမယ်"

မသန်းမြင့်သည် ကျော်ဝင်း၏စကားကို နားစိုက်မှတ်သားလေ၏။ ထို့နောက်မှ "ဒီလိုဆိုရင် ကိုသိန်းဖေတစ်ယောက်တည်း ပြန်ရတော့မှာပေါ့နော်။ သူလည်း ကျောင်းကြီးမှာ ကြာကြာနေချင်ရှာမယ် မထင်ပါဘူး။ ထွေထွေရာရာတွေ တွေးမြင် တွေးမိပြီး စိတ်ကောင်းရှာမယ် မဟုတ်ဘူး။ သူ့ခမျာ သနားပါတယ်နော်။ သူ့ကို ပြော လိုက်ပါ။ ဒီလိုဖြစ်ကြတာ ကြားရလို့ ကျွန်မ အများကြီး စိတ်မကောင်းပါဘူးလို့ ပြောလိုက်ပါ" ဟု မှာလေ၏။

"ကောင်းပါပြီ၊ ပြောလိုက်ပါမယ်။ ညကိုလည်း ဘူတာရုံကို ကိုကျော်ဝင်း လာခဲ့ဦးမယ်"

"နို့ပေတဲ့ ဘူတာရုံကျရင် နည်းနည်းသတိထားနော်။ မအေးစိန်တို့ ဖားသား ကြီးရှေ့မှာ ဣန္ဒြေမပျက်ပါစေနဲ့"

"ဒီအတွက်တော့ မပူပါနဲ့လေ၊ အကင်းပါးပါတယ်" ဟု စိတ်ချစေပြီးနောက် ပြန်တော့မည်ပြု၍ ထိုင်ရာမှ ထသဖြင့် မသန်းမြင့်လည်း ထ၍လိုက်ခဲ့လေ၏။

ထို့နောက် နှစ်ယောက်သား ယှဉ်တွဲ၍ အခန်းထဲမှ ထွက်လျှောက်လာကြရင်း ကျော်ဝင်းက "မသန်းမြင့် သတိရတုန်း မှာလိုက်ပါရစေ။ ကျောင်းပိတ်ထားတုန်းအခါ စာမကြာ မကြာပေးပါနော်။ ဒီစာကလေးကိုပဲကြည့်ပြီး ဖြေဖျော်ရတော့မှာပဲ" ဟု ပြော လေ၏။ မသန်းမြင့်က မပြုံးတပြုံးလုပ်ကာ "ကိုကျော်ဝင်းက ဒီလိုပြောလိုက်တော့ လူပျက်တွေပြောတဲ့ စကားကို သွားပြီး သတိရတယ်" ဟု ဆိုရာ. . .

"ဘယ်စကားလဲ" ဟု မေးလိုက်သည်တွင်

"ကောက်ညှင်းက မစီးရဘဲ ခွေးချေးက သိပ်နံတယ် ဆိုတာလေ" ဟု ပြော လိုက်သည့်အတွက် ကျော်ဝင်းတွင် ဟက်ဟက်ပက်ပက် ရယ်မောမိကာ နှုတ်ဆက်ပြီး ထွက်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းများပိတ်လိုက်ပြီ ဖြစ်သဖြင့် ထိုနေ့တွင်ပင် ကျောင်းတော်သားအချို့တို့သည် မီးရထားတစ်တန်၊ သင်္ဘောတစ်တန်ဖြင့် မိမိတို့ ရပ်ဌာနသို့ ပြန်သူတွေ ပြန်ကုန်ကြပြီ ဖြစ်သောကြောင့် ကျောင်းဆောင်အသီးသီးတို့မှာ ခြောက်ကပ်၍ လာစပြုလေ၏။ အလွန်ပျော်ရွှင်ဖွယ်ကောင်းလှသော ပုဂံဆောင်သည်လည်း လူခြေတိတ်ဆိတ်ကာ သာယာခြင်းပ,ပျောက်စပြု၍ လာလေ၏။

ကျော်ဝင်းသည် ထိုနေ့ညတွင်ပင် မသန်းမြင့်နှင့် ခေတ္တခွဲခွာလိုက်ရမည်ကိုပင် စိတ်မရွှင်ဘဲရှိကာ ပုဂံဆောင်သို့ ပြန်ရောက်လာရာ သိန်းဖေ၏အခန်းရှိရာ မျက်နှာစာတစ်လျှောက်တွင် တိတ်ဆိတ်၍နေသည်ကို တွေ့ရလေ၏။

ကျော်ဝင်းသည် ဖြည်းညင်းစွာ ခြေနင်းလျက် လျှောက်လာခဲ့ရာ သိန်းဖေ၏ အခန်းသို့ ရောက်သည်တွင် တိတ်ဆိတ်လျက်နေသည်ကို တွေ့ရသဖြင့် သိန်းဖေမှ ရှိလေရဲ့လော၊ စိတ်ညစ်၍ တစ်စုံတစ်ရာ ပြုလုပ်လျှင် အခက်ပဲဟူ၍ ပူပန်မိလေ၏။ အခန်းတံခါးမှာမူ မပွင့် တပွင့် ဟလျက်နေသည်ကို တွေ့ရလေ၏။ သို့နှင့် တံခါးကို ဖြည်းညင်းစွာ ဆွဲဖွင့်ကာ တံခါးကြားမှနေ၍ အတွင်းသို့ ချောင်းမြောင်း ကြည့်ရှုလိုက်လေ၏။

အခန်းတွင်း၌ သိန်းဖေကို တွေ့မြင်ရလေ၏။ ကျော်ဝင်းမှာ သိန်းဖေကို မြင်ရမှ စိတ်အေး၍သွားသော်လည်း သိန်းဖေ၏ ထူးခြားသော ပြုမူပုံကို တွေ့ရ၍ ကြင်နာသနားမိလေတော့၏။

သိန်းဖေသည် အပြင်မှ ချောင်းမြောင်းကြည့်ရှုနေသည်ကို သတိမပြုနိုင်ဘဲ ဖွင့်ထားသော သေတ္တာတစ်လုံး၏ဘေးတွင် ဒူးထောက်လျက်ထိုင်ကာ လက်ထဲ၌ ဆုပ်ကိုင်ထားသော မအေးစိန်၏ဓာတ်ပုံကို ခေါင်းငုံ့ကာ စူးစိုက်ကြည့်ရှုလျက် မျက်ရည်များ တွေတွေကျဆင်းနေသည်ကို တွေ့ရသည်တွင် ကျော်ဝင်းမှာ ဝမ်းနည်းပက်လက်ဖြစ်ကာ ရင်ထဲတွင် ဆို့သွားလေသည်။ အမြဲတမ်း ရွှင်ပြုံးနေလေ့ရှိသော သိန်းဖေ၏ မျက်နှာတွင် ဘယ်အခါမှ မတွေ့ရ မမြင်ရစဖူးသော မျက်ရည်များကို တွေ့ရခြင်းသည် ကျော်ဝင်းအား ကြက်သေ,သေ၍နေစေလေ၏။

ထို့နောက်မှ ကျော်ဝင်းသည် သိန်းဖေအား အနှောင့်အယှက် မပြုလိုသဖြင့် အခန်းတွင်းသို့ မဝင်တော့ဘဲ တံခါးစေ့လိုက်ကာ သက်ပြင်းရှူရှိုက်လိုက်ပြီး ညှိုးငယ်စွာ ရှောင်ထွက်သွားလေတော့သတည်း။

□□□

www.burmeseclassic.com

## အခန်း (၄၆)

ကြည်လင်သာယာသော အင်းယားကန်ကြီးနှင့်တကွ ပတ်ဝန်းကျင်ရှိ စိုပြည်စိမ်းလန်းသော သစ်ပင်၊ ပန်းနွယ်တို့နှင့် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော တက္ကသိုလ်မြို့တော်ကြီးကို နေအရုဏ်ရောင်ခြည်များသည် ကျက်သရေဖြင့် ရွှန်းဝေအောင် တန်ဆာဆင်ယင်ကာ ကြည်လင်ရွှင်လန်းဖွယ်ရာ ဖန်တီးလျက် ရှိပေတော့၏။ လတ်ဆတ်သော ရောင်ခြည်များသည် ကြက်ဥနှစ်အသွေးကိုဆောင်ကာ အမှောင်နှင့် မြူရည်များကို ဖယ်ရှားရန် အားထုတ်စအခါ ဖြစ်သဖြင့် ကောင်းစွာပွင့်လင်းထွန်းတောက်ခြင်း မရှိသေးဘဲ ကျောင်းတော်ကြီးတစ်ဝိုက်တွင် နှင်းရည်ချိုသိုင်း မှုန်မှိုင်းပြာရီလျက်ပင် ရှိချေသေးရကား ကျောင်းတော်ကြီးသို့ ရောက်နှင့်ကြပြီးသော ကျောင်းတော်သားတို့သည် နံနက်ခင်း အေးချမ်းသာယာသော အရသာကို ခံစား၍ မဝနိုင်ကြသေးဘဲ နဖူးနှင့်ဒူး တစ်သားတည်းကျအောင်ကွေးကာ ပေါင်ကြားတွင် လက်လျှိုပြီး အိပ်မောကျလျက်ပင် ရှိကြသေးပေ၏။

မြောက်လေပြည်ဆော်သွေးသဖြင့် တဖွေးဖွေး ကျရောက်သော မြူနှင်းတို့သည် ပုဂံဆောင် မြောက်ဘက်မျက်နှာစာတွင် ဝရံတာတစ်လျှောက်လုံး ပိတ်ဆို့၍နေလေတော့၏။ ထိုသို့ မြူနှင်းများ ကျနေသည့်အတွင်းဝယ် နုထွားပျိုရွယ်သော ကျောင်းတော်သားတစ်ယောက်သည် ချမ်းအေးသော ရာသီဥတု၏ နှိပ်စက်ခြင်းမှ ကာကွယ်ရန် အလို့ငှာ မာဖလာနှင့် ဖလေဇာကုတ်ကို အသားနှင့် ကပ်နေအောင် တင်းကြပ်စွာ ဝတ်ထားလျက်၊ တစ်ဘက်သော ဝရံတာစွန်းမှ လျှောက်၍လာသည်ကို တွေ့ရပေ၏။ ထိုကျောင်းသားသည် ဖလေဇာကုတ်အင်္ကျီ အိတ်နှစ်ဖက်စလုံးကို လက်နှိုက်ကာ ခပ်ကုပ်ကုပ်လျှောက်၍လာရင်း ဝရံတာတစ်လျှောက်ရှိ အခန်းများထဲသို့ကြည့်ရှု၊

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဖွင့်စ ဖြစ်သဖြင့် ကျောင်းသားများ မစုံလင်သေးဘဲ အချို့အခန်းများ၌သာ ကျောင်းသားများရှိ၍ အချို့၌ ဟာလာဟင်းလင်း ဖြစ်လျက်ပင် ရှိသေးသည်ကို တွေ့ရှိရလေသည်။ ထိုသို့လျှောက်လာရင်း တစ်ဘက်သော ထောင့်စွန်းသို့ မရောက်မီ သုံးခန်းလောက်အလိုတွင် ရပ်တန့်ပြီးလျှင် အခန်းထဲသို့ကြည့်၍ မှန်တံခါးကို သုံးလေးကြိမ်ခေါက်ကာ အခန်းတွင်း၌ အိပ်နေသူကို နှိုးလေ၏။

ထိုသို့ တံခါးခေါက်နှိုးရုံနှင့် အခန်းတွင်းရှိ ကျောင်းသားသည် မနိုးသေးသဖြင့် တံခါးမကြီးတွင် တပ်ထားသော သော့ခလောက် မြောက်လက်ကို ဆွဲ၍လှုပ်ကာ "အိုင်ဆေး ကိုသိန်းဖေ. . . ကိုသိန်းဖေ" ဟု ခေါ်၍နှိုးရပြန်လေ၏။

သိန်းဖေသည်ကား ကာလာနဂါး၏ အကြာဆုံး အိပ်နိုင်သော စံချိန်ကို ချိုးမည်ဟူသောဇွဲဖြင့် အိပ်နေဘိသကဲ့သို့ တုတ်တုတ်မျှ မလှုပ်ဘဲ ရှူးဂေါ၊ ရှူးဂေါနှင့် ဟောက်၍နေလေ၏။

အပြင်မှ နှိုးနေသူသည် ခေတ္တမျှ ငြိမ်သက်ပြီး နားထောင်နေရာ သိန်းဖေ၏ ဟောက်သံမှတစ်ပါး ဘာမျှလှုပ်ရှားသံ မကြားရသဖြင့် မနိုးသေးသည်ကို သိသောကြောင့် နှိုးရသည်ကို စိတ်မရှည်နိုင်တော့ဘဲ တံခါးကို ပြင်းထန်စွာ ဆွဲလှုပ်လိုက်မှ သိန်းဖေသည် လန့်၍နိုးကာ မျက်လုံးပွင့်သွားသော်လည်း အိပ်၍ကောင်းနေတုန်းဖြစ်သဖြင့် မထချင်သေးဘဲ မျက်လုံးကို ပြန်ပိတ်ကာ မှိန်း၍နေရင်း အာပုတ်ရေလူးလျက်ရှိသော လျှာကို တပြတ်ပြတ်ဝါးကာ အင်း. . . အားနှင့် ရီးယောင်သံပြု၍ မေ့ကန်ပျော်သွားပြန်လေ၏။

"ဟေ့လူ ထ,လဗျာ၊ သေတော်ခေါ်လို့ အားမရနိုင်သေးဘူးလား" ဟူသော အသံနှင့် တကျိမ်းကျိမ်းမြည်သံ ထပ်မံ၍ ပေါ်လာပြန်သဖြင့် သိန်းဖေမှာ အိပ်၍မရနိုင်တော့ဘဲ အိပ်ချင်မူးတူးဖြစ်သော အောက်မေးလေးသံကြီးဖြင့် "အင့်. . . ဟင်. . . အင်၊ ဘယ်သူတွေလဲဗျ၊ အိပ်ကောင်းရင် လာရှုပ်ကြပြီ" ဟု ညည်းညည်းညူညူပြု၍ ပြောလေ၏။

"အိုင်ဆေး ကိုသိန်းဖေ၊ ကျွန်တော်ပါဗျ၊ ထစမ်းပါ၊ ဘယ်အချိန် ရှိပြီလဲ၊ မီးရထား ဆိုက်တော့မယ်၊ ထလဗျာ အချိန်မရှိဘူး"

ထိုအခါမှ သိန်းဖေသည် မီးရထားသို့သွား၍ ကျောင်းသူကလေးများအား ကြိုရန် ကျော်ဝင်းနှင့် တိုင်ပင်ထားသည်ကို သတိရကာ အိပ်ရာမှ ထထိုင်လျက် မျက်လုံးကို ပွတ်သပ်ရင်း "ကိုကျော်ဝင်းလား" ဟု မေးလေ၏။

"ကဲပါ၊ ဖွင့်စမ်းပါ၊ အပြင်မှာ နေရတာ ချမ်းလှပြီ" ဟု ဆိုမှ သိန်းဖေသည် ကိုယ်မှ စောင်ကိုခွာပြီးနောက် ပြေကျ၍ကျွတ်နေသော လုံချည်ကွင်းကို ပြန်၍မစည်းနိုင်သေးဘဲ လက်တစ်ဘက်က မျက်ချေးများကိုခွာရင်း ကုတင်ပေါ်မှ ထလာကာ တံခါး ဖွင့်ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းသည် သိန်းဖေအား ထိုသို့သွားရန်လာရန် ချိန်းဆိုထားသည့်နေ့မှ ဤမျှလောက် အအိပ်ကြီးရသလောဟု အပြစ်ထပ်မံ၍တင်မည်အပြုတွင် တံခါးပွင့်လာသဖြင့် ငိုင်တိငိုင်တိုင် ဖြစ်နေသော သိန်းဖေ၏ရုပ်ကို စုတ်ဖွားပွရောင်းသောဆံပင်မှ ခြေဖျားအထိ ကြည့်မိရာ စွန်တောင်စွဲပြောက်ထားသည့်ဘက်မှ လုံချည်စသည် အထက်သို့တက်နေပြီး တစ်ဖက်သောအစမှာ ဒူးခေါင်းသို့ရောက်အောင် လျှောကျသည်ကို တွေ့ရသဖြင့် အပြစ်ပြောမည့်စကားကိုပင် သတိမရနိုင်တော့ဘဲ ရယ်မောမိသဖြင့် သိန်းဖေက "ဘာရယ်တာလဲဗျ" ဟု မေးလေ၏။

"ကိုယ့်လူရ လုံချည်ကို သေသေချာချာ ဆွဲငင်ပြီး ဝတ်စမ်းပါဦး၊ ခင်ဗျားရှပ်အင်္ကျီ ဖုံးနေပေလို့ပေါ့။ ရှပ်အင်္ကျီသာ မရှိရင်" ဟု ဆိုဆဲမှာပင် သိန်းဖေသည် မျက်တောင်ဆင်းလျက် မျက်ချေးများ အင်္ဂတေကိုင်ထားသော မျက်လုံးများကို မဖွင့်သေးဘဲ ဒူးအောက်သို့ လျှောကျနေသော တစ်ဘက်သော လုံချည်စကို ဆွဲလှန်လိုက်မိရာ မမြင်မကန်းနှင့် ဆွဲလိုက်မိသဖြင့် ရှပ်အင်္ကျီစကို ဆွဲလှန်လိုက်မိသောကြောင့် ကျော်ဝင်းမှာ ဟက်ဟက်ပက်ပက် ခွက်ထိုးခွက်လန် ရယ်မောလျက် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ မကြည့်ရဲဟန် လုပ်လေ၏။

ထိုအခါမှ သိန်းဖေသည် ကိုယ့်ကိုယ်ကို ငုံ့၍ကြည့်မိကာ "ဟင်" ဟု တစ်ချက်မျှ ညည်းတွားပြီး ရှက်ပြုံးကြီးပြုံးရင်း လုံချည်ကို ပြင်၍ဝတ်လေ၏။

"ကိုသိန်းဖေ. . . ခင်ဗျား အဲဒါမျိုး ကျပ်ကျပ်လုပ်။ ဘူတာရုံမှာ မအေးစိန်ပါလာလို့ အခုလို လုပ်ပြတာ မြင်သွားရင် ခင်ဗျားကို ယူရဲတော့မှာ မဟုတ်ဘူး" ဟု ပြောဆိုရယ်မောကာ ကျော်ဝင်းသည် ဘီရိုပေါ်တွင် စမ်းတဝါးဝါး ရှာနေသော သိန်းဖေကို တွေ့ရသဖြင့် "အမယ်လေး. . . ကန်းလိုက်တာကလည်း လွန်လို့ပဲဗျ။ ဟောဒီမှာ သွားတိုက်ဆေးနဲ့ဆပ်ပြာ" ဟု ရှာ၍ပေးပြီး တစ်ခါတည်း မျက်နှာသုတ်ပုဝါပါ ခုတင်တိုင်မှ ဖြုတ်ယူ၍ သိန်းဖေ၏ပခုံးတွင်တင်၍ ပေးလိုက်ရလေ၏။

အတန်ငယ်ကြာသောအခါ သိန်းဖေသည် မျက်နှာသစ်ရာမှ ပြန်လာပြီးလျှင် စာရေးစားပွဲတွင် ခုံနှင့် မိမိမျက်နှာကို တစ်ထွာနီးပါးမျှကပ်လျက် ခွေးအမဲရိုးနံ့ခံသလို ဟိုထိုး ဒီထိုးနှင့် ခေါင်းကြီးကို ထိုးနေသည်ကို တွေ့ရပြန်သောကြောင့် "ဘာရှာတာလဲ" ဟု မေးမှ "မျက်မှန်" ဟု အဖြေပေးသောကြောင့် ကျော်ဝင်းမှာ သိန်းဖေ မမြင်မစမ်း ရှာနေရသည်ကို သနားလှသဖြင့် စာအုပ်ပေါ်တွင် တင်ထားသော မျက်မှန်ကို ကောက်ယူ၍ ပေးလိုက်လေ၏။

သိန်းဖေသည် မျက်မှန်ကိုတပ်ပြီး မျက်နှာကိုမော့၍ ဟိုဟိုဒီဒီကြည့်ကာ "အင်း. . . အခုမှပဲ စကြဝဠာနှစ်ကွင်း အလင်းရတော့တယ်။ အလို လှူပြည်ဆိုတာ မိုးကားအဖုံး၊ မြေကား အထဲပါကလား" ဟု ပြက်ချော်ချော်လုပ်၍ ပြောသောကြောင့်. . .

ကျော်ဝင်းက "အမယ်. . . အစက ကိုသိန်းဖေ မှတ်ပါတယ်။ လူ့စသတ်

www.burmeseclassic.com

www.burmeseclassic.com

တော့ သူလာကွကွ၊ ငါလာကွကွပါလား" ပြန်၍ နောက်လိုက်သဖြင့်. . .

သိန်းဖေ ကြောင်စီစီ ဖြစ်သွားကာ "စူဠာသမ္မဝ၊ မဟာသမ္မဝပါဗျာ။ ဘယ့်နှာ သူလာကွကွရမှာလဲ" ဟု မပြုံးသော မျက်နှာဖြင့်ပြောကာ အင်္ကျီအဝတ်အစားများ ကောက်ငင်၍ လဲလေ၏။ ထိုသို့ အင်္ကျီလဲရင်း ကိုယ်တွင်ကပ်နေသော အဝတ်ဟောင်း ကိုချွတ်လိုက်ရာ တုန်ကနဲ အေးသွားသဖြင့် ပါးစပ်မှ တရှူးရှူးလုပ်ကာ အချမ်းဖြေရင်း ကျော်ဝင်းဘက်သို့လှည့်၍ "အခုလိုအခါ ကျွန်တော့်မှာ ပိုက်ဆံချမ်းသာရင် သံဃာတော် အရှင်မြတ်တို့ကို အလှူကြီး အတန်းကြီး ပေးချင်ပါရဲ့" ဟု ပြောသဖြင့်. . .

ကျော်ဝင်းက "ကြာဆံဟင်းချိုလား၊ မုန့်ဟင်းခါးလား၊ ကောက်ညှင်းပေါင်း လား" ဟု မေးရာ. . .

"ဒါလောက်လှူချင်ရုံနဲ့ ပိုက်ဆံချမ်းသာဖို့ လိုသလားဗျာ။ ကျွန်တော်က အခု လို ချမ်းတဲ့အခါ သံဃာတော်အပါးတစ်ထောင်လောက် ကျောင်းရှေ့ကို ပင့်ဖိတ်ပြီး ရေခဲရေ သပ္ပာယ်တော်မူကြပါဘုရားလို့ လှူချင်တယ်" ဟု ပြောမှ ကျော်ဝင်းမှာ သိန်းဖေ နောက်နေသည်ကို ရိပ်မိသဖြင့် သရော်သောလေသံဖြင့်. . .

"တယ်လည်း အလှူရဲရင့်တဲ့ ဝေသန္တရာလောင်းကြီး၊ ချမ်းရတဲ့အထဲ ဘုန်းကြီး တွေ ရေခဲရေ ချိုးခိုင်းမလို့တဲ့။ ချမ်းသာပါပေရဲ့၊ ပေါများပါပေရဲ့၊ အဲဒါတောင် သူဌေး ဖြစ်မှ လှူမတဲ့၊ ကြွယ်ဝပါပေရဲ့"

"ကဲ. . . တော်ပါတော့၊ ဒါလောက်လည်း ချီးမွမ်းမနေပါနဲ့၊ စကားပြောဖို့ အချိန်မရှိတော့ဘူး။ ကျွန်တော်လည်း ဝတ်ပြီးပြီ၊ လာသွားမယ်"

"အမယ်. . . အခုမှ သူက လောနေလိုက်တာ။ သူ့ရည်းစား မအေးစိန်ကြီး ပါလာလိမ့်မယ် မှတ်နေလို့လား၊ ကဲ ဒါလောက်လောတဲ့လူ လာလာ" ဟု ဆို၍ ကျော် ဝင်းက သိန်းဖေ၏လက်ကို တအားဆွဲရာမှ ဆဒ္ဒန်ဆင်မင်း နှာမောင်းဖြင့် ဘိန်းစားကို ဆွဲ၍ရမ်းသလို သိန်းဖေမှာ အားခြင်းမမျှသဖြင့် ဒရွတ်တိုက်ကာ အပြင်သို့ ပါသွားလေ ၏။

သိန်းဖေမှာ ထိုသို့အလုပ်ခံရသည်ကို များစွာသဘောကျလျက် တဟဲဟဲ ရယ်မောရင်း အခန်းတံခါးကိုပိတ်ကာ ရယ်မောရင်း နှစ်ယောက်သား ထွက်ခဲ့ကြလေ ၏။

ကျော်ဝင်းနှင့် သိန်းဖေတို့ ကျောင်းပေါ်မှ ဆင်းလာကြရာ နေရောင်မထွက်မီ တအားကုန်ကျလျက်ရှိသော နှင်းရည်နှင်းပွင့်ကလေးများသည် အဝေးသို့ မျှော်မှန်း၍ မမြင်နိုင်အောင် ပိတ်ဆီးလျက် ရှိသည်ကို တွေ့ရလေ၏။ "ကျွန်တော်တို့ ဘာနဲ့သွားမလဲ ကိုကျော်ဝင်း၊ ဒီအချိန် ဘတ်စ်ကားရမှာ မဟုတ်သေးဘူးထင်တယ်"

"ရပါတယ်ဗျ၊ ကုန်စိမ်းတင်တဲ့ ဘတ်စ်ကားတွေ အစောကြီး ပြေးနေတာပဲ၊ ပြည်လမ်းထောင့်က စောင့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"စောင့်ရမယ့်အတူတူ အချိန်ရသေးရင် ကုလားအဘိုးကြီးဆိုင် အတင်းနှိုးပြီး လက်ဖက်ရည်တစ်ခွက်လောက် သောက်ရအောင်၊ အိပ်ရာထမို့ ဆာလိုက်တာ"

"အချိန်မီသွားဖို့ အရေးကြီးနေရတဲ့အထဲ လက်ဖက်ရည်သောက်ဖို့ စိတ်မကူးစမ်းပါနဲ့ဦး၊ မြို့ထဲကျမှ ဗိုက်ပြအောင် သောက်စမ်းပါ" ဟု ကျော်ဝင်းက ပြောဆိုကာ လျှောက်လာကြစဉ် သထုံကျောင်းဆောင်လမ်းမှ ထွက်လာသော မော်တော်ကားတစ်စင်း၏မီးရောင်ကို မြင်ရသဖြင့် "အိုင်ဆေး ကိုသိန်းဖေ၊ ဟိုဒင်းဟာ တက္ကစီနဲ့ မတူဘူးလား" ဟု မေးလေ၏။

"ဟုတ်လိမ့်မယ်၊ ကျောင်းသားပို့ပြီး ပြန်ထွက်လာတာနဲ့တူတယ်"

"ဟာ. . . ဟုတ်တယ်ဗျို့၊ အဆင်သင့်ပဲ၊ လာ. . . လာ" ဟု သိန်းဖေကိုခေါ်ကာ ခပ်သုတ်သုတ်ပြေးပြီး ကားကို ရပ်ခိုင်းလေ၏။

ထိုကားမှာ ၎င်းတို့ ထင်မြင်သည့်အတိုင်းပင် ကျောင်းသားပို့ပြီး ပြန်လာသော တက္ကစီ ဖြစ်နေသဖြင့် အချိန်မကုန်ဘဲ ကားရကြပြီးလျှင် ကားပေါ်သို့ တက်ရောက်ကြ၍ ဘူတာရုံကြီးသို့ မောင်းခိုင်းလေ၏။ ကားပေါ်တွင် သိန်းဖေသည် ကျော်ဝင်းအနီးသို့ တိုးကပ်၍ ကိုယ်ငွေ့လှုံကာ "ချမ်းလိုက်တာဗျာ၊ ခင်ဗျားသာ မအေးစိန်ဖြစ်ရင် သိပ်ပြီး အချမ်းလုံမှာပဲ" ဟု ပြောကာ ခါးကို တို့သလိုလို ကိုယ်ကိုဖက်သလိုလို ပလူးပလဲ လုပ်သဖြင့် ကျော်ဝင်းမှာ ယားကျိကျိ ဖြစ်သွားကာ သိန်းဖေကို တစ်ဘက်သို့ တွန်း၍ပစ်လိုက်လေ၏။ သိန်းဖေမှာမူ ကျေနပ်သည့် အမူအရာဖြင့် ကားထောင့်တွင် ပြုံး၍နေလေ၏။

ကားထွက်၍ အတော်ရောက်သောအခါ ကိုသိန်းဖေသည် မိမိအိတ်များကို စမ်းဟန်ပြုပြီး "ကိုကျော်ဝင်း ကျွန်တော့်ပိုက်ဆံအိတ် မေ့ကျန်ခဲ့ပြီဗျို့၊ ခင်ဗျားကော ပါလာသေးလား" ဟု မေးလေ၏။

ကျော်ဝင်းသည် "ပါပါတယ်" ဟု ပြန်ပြောရင်း အိတ်ကိုစမ်းရာ သားရေအိတ်ကို မတွေ့ရသဖြင့် မျက်လုံးကျယ်၍သွားလေ၏။ သိန်းဖေသည် ကျော်ဝင်း၏ အမူအရာကို မြင်သဖြင့် ကျော်ဝင်းအား 'မပါဘူးလား' ဟူသော အထိမ်းအမှတ်ဖြင့် ခေါင်းခါ၍ မေးဟန်ပြုလေ၏။ ကျော်ဝင်းက ပြန်၍ခေါင်းခါပြလေရာ သိန်းဖေသည် မျက်လုံးပြူး၍ ပြလိုက်ပြီး "ကားခ ဘယ်လိုပေးရပါ့မလဲ" ဟူသကဲ့သို့ ဒရိုင်ဘာဘက်သို့ မေးငေါ့၍ ပြလေ၏။ ကျော်ဝင်းက ပခုံးကိုကျုံ့၍ လက်ဝါးနှစ်ဖက်ကို လှန်ပြကာ 'ဘယ်လိုလုပ်ပြီး ပေးရပါ့မလဲ မသိဘူး' ဟူသော အဓိပ္ပာယ်ကို ပြလေ၏။ ၎င်းတို့မှာ ဒရိုင်ဘာ ကြားသွားမည်ကို စိုးရိမ်နေသဖြင့် အသံထွက်အောင်လည်း စကားမပြောရဲဘဲ ရှိလေ၏။

ကျော်ဝင်းသည် မိမိအခန်းမှ ထွက်လာစဉ်က ပိုက်ဆံအိတ်ကို ထည့်ခဲ့မိသလိုလို မထည့်ခဲ့မိဘူးလိုလို ဇဝေဇဝါဖြစ်ကာ မိမိကုတ်အင်္ကျီရှိ အိတ်ပေါက်အားလုံးနှိုက်၍ စမ်းသပ်ပြန်လေ၏။ သို့သော် သားရေအိတ်ကို မတွေ့ဘဲ ရှိသဖြင့် ကားခပေးရန်

www.burmeseclassic.com

www.burmeseclassic.com



ခက်နေသောကြောင့် ကျောင်းသို့ပြန်၍ မောင်းခိုင်းရလျှင် ကောင်းမည်လောဟု စိတ်ကူးကာ သိန်းဖေအား နောက်သို့ပြန်၍ လက်ညှိုးထိုးပြလေ၏။ သိန်းဖေက ဘယ်ဘက်လက်ကောက်ဝတ်ကိုပြရာ ကျော်ဝင်းသည် လက်ပတ်နာရီကို ကြည့်လေ၏။ ထို့နောက် လက်ဝါးကို ငါးပြေမ ဆားပက်သလို အပြန်အလှန် လက်ခါပြကာ အချိန်မရှိတော့ကြောင်းကို ပြလေ၏။ သိန်းဖေသည် သက်ပြင်းချလိုက်ပြီးနောက် 'အို. . . ဆက်သာသွားဗျာ၊ ဖြစ်ချင်တာ ဖြစ်ပစေ' ဟူသောသဘောဖြင့် မျက်စိကို စုံမှိတ်ပြီး ခေါင်းကိုငုံ့၍ပြလိုက်သဖြင့် ကျော်ဝင်းမှာ "ငါ့လူ ဘယ်လိုများ ကြံဦးမှာလဲ မသိဘူး" ဟုတွေးရင်း စိတ်မသိုးမသန့်ဖြစ်လျက် လိုက်ပါလာလေ၏။

ခါတိုင်း၌ ကျော်ဝင်းသည် မသန်းမြင့်တို့ကို ကြိုဆိုရန် ဘူတာရုံသို့လာလျှင် မော်တော်ကားများမှာ အလွန်အသွားနှေးသည်ဟု ထင်မိ၏။ ယခုမူ ဘူတာရုံသို့ရောက်လျှင် ကားခပေးရန်ကျပ်နေသဖြင့် ဘူတာရုံသို့ ရောက်ရမည်ကိုပင် အလွန်စိုးရိမ်နေသောကြောင့် ယနေ့မှ မော်တော်ကားစီးရသည်မှာ အလွန်မြန်လှသည်ဟု အောက်မေ့ကာ ဘူတာရုံနှင့် နီးလေလေ အနေအထိုင်ခက်လေ ဖြစ်လေ၏။ သိန်းဖေကို ကြည့်လိုက်သောအခါ၌မူ ကားထောင့်တွင် အမြိုင့်သားထိုင်ကာ လေချွန်၍ပါလာသည်ကို တွေ့ရသောကြောင့် သိန်းဖေ၏ မပူမပင် ပျော်ရွှင်တတ်ခြင်းကိုပင် ဒေါသဖြစ်မိပေ၏။

ဘူတာရုံသို့ရောက်၍ ကားထိုးရပ်လိုက်သောအခါ ကျော်ဝင်းမှာ အဆင်းရခက်နေပြီး ကားထဲတွင် ထိုင်နေသဖြင့် သိန်းဖေက "ကိုကျော်ဝင်း ဆင်းလေ" ဟု ဆိုလိုက်သည့်အတွက် ကျော်ဝင်းလည်း အကြံရခက်သော မျက်နှာဖြင့် ငွေဘယ်လိုလုပ်ပေးမလဲဟု မေးသည့်သဘောဖြင့် လက်ညှိုးနှင့် လက်မကို ကွင်းပြီး ဒင်္ဂါးသဏ္ဌာန်လုပ်၍ပြလိုက်မှ သိန်းဖေသည် ဟက်ဟက်ပက်ပက် ရယ်မောကာ "ကိုယ့်လူ ကားခမပေးနိုင်တာ သိပ်ပူနေသလား" ဟု ဆိုရင်း မိမိအိတ်ထဲတွင် ဝှက်ထားသော ကျော်ဝင်း၏သားရေအိတ်ကို ထုတ်ပေးသဖြင့် ကျော်ဝင်းမှာ အံ့ဩဝမ်းသာ ဒေါသဖြစ်သလိုလို ရုတ်တရက် စကားပြန်မပြောနိုင်ဘဲ ဖြစ်သွားပြီးမှ ပြုံးရယ်လာနိုင်ကာ သားရေအိတ်ကို ယူ၍ ကားပေါ်မှ ဆင်းလာ၏။

ကျော်ဝင်းသည် ကားခပေးပြီးနောက် "ကိုသိန်းဖေ သိပ်တော်တဲ့လူဗျာ၊ ကျွန်တော်ဖြင့် ကားသမားနဲ့ ဘယ်လိုများ မျက်နှာချင်းဆိုင်ရမလဲလို့ ပူနေတာ"

"ဟဲ ဟဲ. . . ချမ်းတယ်ဆိုပြီး ခင်ဗျားအနား ကပ်တုန်းက နှိုက်ထားလိုက်တာဗျ၊ နှိုက်လို့ နှိုက်တာတောင် မသိ၊ ကောလိပ်ကျောင်းသားဆိုပြီး ဒါလောက်မှ မပါးရင် ကျောင်းမနေပါနဲ့တော့ ရှက်စရာကြီး၊ ဖိုးသူတော်လုပ်ပြီး ဂျပ်တစ်လုံးနဲ့ ညောင်ပင်အောက် အိပ်ချေတော့"

"ခင်ဗျားလည်း ကျောင်းမနေပါနဲ့တော့ဗျာ၊ ခါးပိုက်နှိုက် လုပ်စားပါတော့"

"ထွီ" ဟု သိန်းဖေသည် ရွံရှာသည့်ဟန် လုပ်ပြသဖြင့် ကျော်ဝင်းက ရယ်မော

www.burmeseclassic.com

www.burmeseclassic.com



ကာ "ဒါ့ကြောင့် ပိုက်ဆံအိတ်ကို လာတုန်းက ယူလာမိပါတယ် အောက်မေ့နေတာ" ဟု ပြောဆိုကာ ဘူတာရုံထဲသို့ ဝင်ခဲ့လေ၏။ ထိုနေ့တွင် မသန်းမြင့်တို့သည် မော်လမြိုင်ရထားဖြင့် လိုက်ပါလာကြမည် ဖြစ်သည့်အလျောက် ကျော်ဝင်းသည် မော်လမြိုင်ရထားကို ကြိုဆိုရန် ထိုနေ့အဖို့ အိပ်ရာထ ဝီရိယကောင်းခဲ့ခြင်း ဖြစ်ပြီးလျှင် သိန်းဖေသည်လည်း မအေးစိန် ပါလာကောင်း ပါလာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် လိုက်ပါလာခဲ့တော့၏။

ဘူတာရုံတွင်းသို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် မော်လမြိုင်ရထား ဝင်လာသည်ကို အဝေး၌ မြင်ကြရသဖြင့် ကျော်ဝင်းမှာ တွေ့ရတော့မည်ဖြစ်၍ အသည်းထဲတွင် ရွှ၍နေလျက် သိန်းဖေမှာမူ မိမိမျှော်လင့်ချက်နှင့် ကိုက်ပါ့မလားဟု တထိတ်ထိတ်ရှိလေ၏။

မီးရထားကြီးသည် တဝေါဝေါနှင့် မြည်ဟီးကာ ပလက်ဖောင်းဘေးသို့ ထိုးဝင်၍လာလျှင်ပင် ကျော်ဝင်းနှင့် သိန်းဖေတို့၏ မျက်လုံးများသည် ပျာလောင်ခတ်၍နေကာ မီးရထားတွဲ ပေါက်စေ့အောင် ကြည့်ရှုရှာဖွေကြလေရာ၊ ကျော်ဝင်းသည် ဒုတိယတွဲတွင် ပါလာသော မသန်းမြင့်ကို မြင်လိုက်သဖြင့် "ပါတယ်၊ ပါတယ်၊ ဟော ဟိုမှာ" ဟု ဆိုလိုက်ရာ သိန်းဖေသည်လည်း ဘေးတိုက်ပြေး၍ လိုက်သည်တွင် ရှေ့ကိုမကြည့်ဘဲ မီးရထားတွဲကိုသာကြည့်၍လိုက်သောကြောင့် သံတိုင်တစ်တိုင်ကို ပခုံးနှင့် ဆောင့်မိပြီး အောင့်သက်သက်ဖြစ်ကာ နောက်ကျန်ခဲ့လေ၏။

ကျော်ဝင်းမှာလည်း လူသွားလူလာ အတက်အဆင်း ကူလီ စသည်တို့ ရှုပ်နေသောကြောင့် ရုတ်တရက် မရောက်နိုင်ဘဲ ရှိလေ၏။ ကျော်ဝင်းသည် မိမိအား မသန်းမြင့်ကြည့်လျှင် ဝမ်းသာအားရ ပြုံး၍ပြလိုက်မည်ဟု အလှဆုံး ပြုံးရယ်မည့်သဏ္ဌာန်ကို ဟန်ပြင်ရင်း လူကြားထဲမှ တိုး၍လာခဲ့ရာ တစ်ယောက်နှင့်တစ်ယောက် ဝါးတစ်ရိုက်လောက်အကွာတွင် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်မိကြ၍ ကျော်ဝင်းက အားရပါးရကြီး ပြုံးရယ်နှုတ်ဆက်လိုက်လေ၏။ မသန်းမြင့်ကမူ ကျော်ဝင်းကို အကြောင်သား ငေးကြည့်ပြီး မျက်နှာလွှဲသွားသဖြင့် ကျော်ဝင်း၏ခြေလှမ်းများမှာ သွေးကြောပြတ်သကဲ့သို့ ရှေ့တိုး၍ မရတော့ဘဲ ထိုနေရာတွင် ပါးစပ်ဟောင်းသားနှင့် ငေး၍ရပ်နေလေတော့၏။

မသန်းမြင့်သည် ကျော်ဝင်းဘက်သို့ နောက်ထပ်လှည့်၍ မကြည့်ဘဲ၊ တွဲထဲမှ ထွက်လာသော ဖြူဖြူစင်စင် ဝဖြိုးခန့်ညားသော အသက် (၄၅) နှစ်ခန့်ရှိ မိန်းမကြီးတစ်ယောက်ကို အောက်သို့ဆင်းနိုင်ရန် လက်တစ်ဖက်လှမ်း၍ အားပြုရန်ပေးလိုက်သည်ကို တွေ့ရလေ၏။ ထိုမိန်းမကြီး တွဲအောက်သို့ ရောက်သည်တွင် ကျောင်းသားလိုလို ဆရာလိုလို လူတစ်ယောက်သည် အနားသို့ ကပ်သွားသည်ကို တွေ့ရပြီး မိန်းမကြီးကလည်း ထိုသူအား ပြုံးရယ်နှုတ်ဆက်သည်ကို တွေ့ရလေ၏။

www.burmeseclassic.com



ကျော်ဝင်းလည်း ထိုသူကား မည်သူပေနည်းဟု သေချာစွာကြည့်ရှုနေရာ ၎င်းနှင့် မသန်းမြင့်တို့ ရယ်ရယ်မောမော နှုတ်ဆက်ပြောဆိုနေသည်ကို တွေ့ရပြီးမှ ၎င်းမှာ ကျူတာဆရာတင်အောင် ဖြစ်သည်ကို သိရလေတော့၏။ ဆရာတင်အောင်မှာ မသန်းမြင့်တို့အတွက် ကုသိုလ်ဖြစ် တာဝန်ဆောင်သကဲ့သို့ ကူလီများအား ပစ္စည်းများကို သယ်ယူစေရန် စေခိုင်းကာ အလုပ်များနေသည်ကို တွေ့ရသောကြောင့် ကျော်ဝင်းမှာ အံ့သြငေးမောနေမိစဉ် "ဟေ့လူ. . . ဘာလို့ရပ်နေတာလဲ" ဟု အနားကပ်၍ ပြောသံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ပခုံးတစ်ဖက်ကို လက်နှင့်နှိပ်ရင်း အနားသို့ ကပ်လာသော သိန်းဖေကို တွေ့ရလေ၏။

ကျော်ဝင်းသည် သိန်းဖေ၏အမေးကို မဖြေဘဲ မသန်းမြင့်တို့ဘက်သို့ ပြန်၍ လှည့်လိုက်သောကြောင့် သိန်းဖေလည်း ကျော်ဝင်းလှည့်ရာဘက်သို့ လိုက်၍ကြည့်ရာတွင် မသန်းမြင့်တို့ကိုသာမြင်၍ မအေးစိန်ကို မတွေ့ရသဖြင့် "အိုင်ဆေး ကိုကျော်ဝင်း မအေးစိန် ပါတယ်ဆို၊ ဘယ်မလဲ" ဟု မေးလေ၏။

"ဘယ်သူက ပြောလို့လဲဗျ"

"နို့. . . ခင်ဗျားက ပါတယ် ပါတယ်။ ဟိုမှာ ဟိုမှာဆို"

"ခင်ဗျားဟာ ပါတာပြောတာ မဟုတ်ဘူး။ မသန်းမြင့် ပါတယ်လို့ ပြောတာ" ဟု ဆိုလိုက်သဖြင့် သိန်းဖေတွင် အောင့်သက်သက် ဖြစ်သွားလေ၏။

"နို့. . . ဟိုမှာ မသန်းမြင့်တို့ မဟုတ်လား။ ဘာပြုလို့ အနားမသွားဘဲ ဒီမှာရပ်နေတာတုန်း"

"အို. . . ခင်ဗျား မသိပါဘူးဗျ။ အသာနေစမ်းပါ"

"အော့ဟော်၊ မသိလို့ မေးပါတဲ့ဥစ္စာ၊ ခင်ဗျား မသိပါဘူးရယ်လို့တဲ့ဗျာ၊ ခက်ပဲခက်ရချေသေးတော့"

"နောက်တော့ သိလိမ့်မယ်ဗျာ၊ အသာနေ" ဟု ဆိုလိုက်သဖြင့် သိန်းဖေလည်း ငြိမ်၍ကြည့်နေရလေတော့၏။

ဆရာတင်အောင်မှာ ကျော်ဝင်း လုပ်နေကျ အလုပ်မျိုးကို ကျော်ဝင်း၏ ကိုယ်စားသဖွယ် အရေးတယူ လုပ်ကိုင်ဆောင်ရွက်ပေးနေသည်ကို တွေ့ရလေ၏။ မသန်းမြင့်သည် ကျော်ဝင်းဘက်သို့ တစ်ချက်မျှပင် ထပ်မံ၍ မလှည့်တော့ဘဲ ဆရာတင်အောင် ဆောင်ရွက်ပေးနေသည်ကိုပင် ကျေနပ်သည့်အမူအရာဖြင့် ကြည့်ရှုနေသည်ကို တွေ့ရသောကြောင့် ကျော်ဝင်း၏စိတ်ထဲတွင် ထောင်းကနဲ ဒေါပွသွားကာ. . .

"လာဗျာ ကိုသိန်းဖေ ပြန်မယ်။ သူတို့နဲ့ တွေ့ရလည်း ကျေးဇူးထူးမှာ မဟုတ်ပါဘူး" ဟု ဆို၍ အတင်းဆွဲခေါ်ရာ သိန်းဖေက "နေပါဦးဗျာ၊ မအေးစိန် လာ,မလာ ကြည့်စမ်းပါရစေဦး" ဟု ပြောဆိုတောင်းပန်သော်လည်း မရဘဲ "ခင်ဗျားဟာကြီး မလာပါဘူးဗျာ" ဟု ပြောပြောဆိုဆို ဆွဲခေါ်သွားသောကြောင့် သိန်းဖေမှာ ခြေပစ်ဘက်

www.burmeseclassic.com



ဒရွတ်ဆွဲ၊ ခြေတစ်ဘက်က လမ်းလျှောက်ကာ စိုက်စိုက်နှင့် ပါသွားလေ၏။

မသန်းမြင့်တို့လည်း ဝန်စည်စလယ် အထုပ်အပိုးများ လှည်းကလေးပေါ်သို့ အားလုံးရောက်ပြီ ဖြစ်သဖြင့် အပြင်သို့ ထွက်ခဲ့ကြ၏။

ထိုသို့ ထွက်လာကြရင်း မသန်းမြင့်သည် ကျော်ဝင်းအား လှည့်ကြည့်လိုက်ရာ ယခင်နေရာတွင် မရှိတော့သည်ကို တွေ့ရသောကြောင့် ဟိုဟိုဒီဒီ ကြည့်ရှုလိုက်သည်တွင် ကုန်းတံတားကြီးပေါ်သို့ တက်၍သွားကြသော ကျော်ဝင်းနှင့် သိန်းဖေ၏ ကျောပိုင်းကိုသာ တွေ့လိုက်ရသဖြင့် ၎င်းတို့နှင့် မတွေ့လိုက်ရခြင်းကို ဝမ်းနည်းစွာဖြင့် အပြင်သို့ ထွက်လာခဲ့လေ၏။

▢▢▢

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၇)

ကျော်ဝင်းနှင့် သိန်းဖေတို့သည် မြို့ထဲမှ ပြန်၍ရောက်ရှိကြပြီးနောက် သိန်းဖေ၏အခန်းထဲတွင် ထိုင်လျက်ရှိကြကာ တစ်ယောက်နှင့်တစ်ယောက် စကားမပြော၊ မိမိစိတ်ကူးနှင့် မိမိ မှိုင်တွေငေးမော၍နေကြလေ၏။

ကျော်ဝင်း၏စိတ်ထဲ၌ မသန်းမြင့်၏ထူးခြားသော အမူအရာကိုသာ တစ်အုံနွေးနွေး တွေးမိလျက် ရှိပေတော့၏။ ခါတိုင်း၌ မိမိသည် မသန်းမြင့်အား ကြိုဆိုရန်သွားသည့်အခါ မိမိကို မြင်သည်နှင့် တစ်ပြိုင်နက် မသန်းမြင့်၏မျက်နှာသည် ပြုံးရယ်ရွှင်ပျသွားသည်ကို တွေ့ရပေ၏။ ယခုမူ ယခင်ကနှင့် လုံးလုံးကွာခြားနေသည်ကို တွေ့ရသည့်အပြင် ဆရာတင်အောင်နှင့်လည်း ရင်းရင်းနှီးနှီး ရယ်မောပြောဆိုနေသည်ကို တွေ့ရသောကြောင့် မည်သည့်သဘောနှင့် မိမိအား နှုတ်မဆက် မပြုံးရယ်ဘဲ မျက်နှာလွှဲသွားသည်ကို တွေး၍မရနိုင်အောင် ရှိပေ၏။

ဆရာတင်အောင်မှာ မသန်းမြင့်နှင့် တစ်မြို့တည်းသား ဖြစ်သည့်အပြင် မသန်းမြင့်ကိုယ်တိုင်က ဆွေမျိုးတော်စပ်သည်ဟု မကြာခဏ ပြောဖူးသောကြောင့် ၎င်းအပေါ်တွင် တစ်မျိုးတစ်မည် အထင်လွဲစရာ မရှိသည်ကို တွေးမိပေ၏။ သို့ရာတွင် ကျော်ဝင်းမှာ မိမိနှင့် မသန်းမြင့်တို့ မည်သို့မျှ စိတ်ခုစရာအကြောင်း မရှိဘဲလျက် ထိုသို့ပြုမူခြင်းကို အကြောင်းရှာ၍ မရနိုင်အောင် ရှိချေတော့၏။

ထိုသို့ နှစ်ယောက်သား တိတ်ဆိတ်စွာ စဉ်းစားတွေးတောနေကြသည်တွင် သိန်းဖေမှာလည်း မအေးစိန်အကြောင်းကို မတွေးဘဲ မနေနိုင် ရှိလေ၏။ သိန်းဖေမှာ မအေးစိန်နှင့် ကျောင်းမပိတ်မီက အခန့်မသင့် ဖြစ်ခဲ့ကြသော်လည်း ကျောင်းပြန်ဖွင့်

www.burmeseclassic.com

www.burmeseclassic.com

လျှင် မအေးစိန် ပြန်လည်၍လာလိမ့်မည်ဟု မျှော်လင့်ကိုးစားမိခဲ့သဖြင့် မအေးစိန်နှင့် တွေ့ရလို တွေ့ရငြား ဘူတာရုံသို့ လိုက်ပါလာခဲ့ရာတွင် မအေးစိန်ကို မမြင်ခဲ့ရသဖြင့် ကျောင်းသို့ ပြန်လည်မလာရောက်၍သာ မတွေ့ရခြင်း ဖြစ်သည်ကို တွေးတောဖွယ်ရာ ရှိသောကြောင့် မိမိအပေါ်တွင် တစ်ခါတည်း မုန်းတီးသွား၍သာလျှင် ပြန်မလာခြင်း လော။ ရှက်၍မလာခြင်းပေလောဟု ဝေခွဲ၍မရနိုင်ဘဲ ရှိလေ၏။ ရှက်လောက်အောင် ဖြစ်ရမည်မှာကလည်း မိမိတို့ ဖြစ်ခဲ့သောကိစ္စတွင် မိမိတို့ အတွင်းလူချင်းသာ အကြောင်းစုံ သိကြသည် ဖြစ်သောကြောင့် အခြားသူများအား ရှက်စရာ မရှိသဖြင့် ထိုအကြောင်းကြောင့် ကျောင်းသို့ ပြန်မလာခြင်း ဖြစ်သည်ဟူသော ယူဆချက်ကို ဦးနှောက်ထဲတွင် သွတ်သွင်းစဉ်းစားခြင်း မပြုနိုင် ရှိလေ၏။ မိမိအပေါ်တွင် မုန်းတီး သွားမည်ဟု ဆိုရမှာကလည်း မိမိ၏အပြစ်ကြောင့် မဟုတ်ဘဲ အထင်လွဲ၍ ဖြစ်ရသော ကြောင့် ထိုအထင်လွဲခြင်းကို အဘယ်နည်းနှင့်မဆို မသန်းမြင့်က ဖြေရှင်းပြောပြမည်မှာ အမှန်မလွဲပင် ဖြစ်သည်ဟု ယုံကြည်မိသည်နှင့်အညီ ထိုသို့မဟုတ်မမှန်သည့်အတိုင်း ဖြေရှင်းပြောဆိုပါလျက်နှင့် အမျက်မပြေနိုင်ဘဲ ချစ်ခဲ့ကြသော အချစ်ကို ပစ်ပယ်စွန့် လွှတ်ပြီး ငွတ်မုန်းတော့မည် ဆိုသည်မှာ အလွန်အခံရကျပ်သော အကြောင်းတစ်ရပ် ဖြစ်ပေ၏။ ထိုအကြောင်းကြောင့်သာ မုန်းတော့မည်ဆိုလျှင် တစ်သက်တွင် အချစ်ဆို သည့်စိတ်ကို ဘိတ်ဘိတ်သားမထားဖို့ ကောင်းသည်ဟု နှလုံးပြုမိလေ၏။

သိန်းဖေသည် စဉ်းစားရာမှ ငြိမ်၍မနေဘဲ ညည်းတွားသောအသံဖြင့် "ခက် တာပဲဗျာ၊ မအေးစိန် ပြန်မလာတော့ပါဘူး ထင်ပါရဲ့" ဟု မိမိ၏စိတ်အပူကို လူသိ အောင် ထုတ်ဖော်၍ ပြောလိုက်မိလေ၏။

ကျော်ဝင်းသည် သိန်းဖေ၏ ညည်းတွားသံကို ကြားရသဖြင့် ၎င်းအား စိမ်းစိမ်းလှည့်၍ကြည့်ကာ "ဒီလူကလည်းဗျာ၊ သူများ စိတ်မကောင်းရတဲ့အထဲ အနား ကပ်ပြီး ညည်းညည်းညူညူ လုပ်နေပြန်ပါပြီ" ဟု ဆိုလိုက်ရာ သိန်းဖေသည် မကျေနပ် သော မျက်နှာအမူအရာဖြင့် "ခင်ဗျားကလည်းဗျာ ညည်းတာမှ မညည်းရတော့ဘူး လား။ ကျွန်တော်လည်း ခင်ဗျားလိုပေါ့ဗျ။ ခင်ဗျားတစ်ယောက်တည်းပဲ တစ်ဦးတည်း ကိုယ်စားလှယ်ခံပြီး စိတ်ညစ်ရမှာတဲ့လားလို့" ဟု ငေါ့လိုက်လေ၏။

"ခင်ဗျားကြီးဟာက အစကတည်းက ကွဲနေတာပဲဗျာ" ဟု ပြောသောကြောင့် သိန်းဖေတွင် မျက်နှာရှုံ့သွားကာ "နို့. . . ခင်ဗျားဟာကတော့ကော" ဟု ပြန်၍ပြော လိုက်သဖြင့် ကျော်ဝင်းက "နောက်မနေပါနဲ့" ဟု ဆိုနေစဉ် မိတ်ဆွေကျောင်းသား နှစ်ယောက် ဝင်၍လာကြသဖြင့် မှိုင်တွေရှုံ့မဲ့သော မျက်နှာများကို ပြင်လိုက်ကြရလေ ၏။

"အိုင်ဆေး ခင်ဗျားတို့ ဘယ်နေ့က ရောက်ကြသလဲ" ဟု ဝင်လာသူတစ်ယောက် က မေးလိုက်ရာ ကျော်ဝင်းက "မနေ့က" ဟု တိုတောင်းစွာဖြေ၍ သိန်းဖေကမူ "[illegible]

www.burmeseclassic.com



တွေ၊ ခင်ဗျားတို့ မလာကြနဲ့ဗျာ" ဟု ဆိုလိုက်သဖြင့် မေးလာသော ကျောင်းသားမှာ အံ့အားသင့်သွားပြီးမှ "ကျွန်တော်မျိုး ဘာများအပြစ်ရှိလို့ပါလဲ၊ နောင်ကြီးရာ တယ်လည်း ကြိမ်းမောင်းလိုက်ပါကလား" ဟု လေပျော့နှင့် ချော့လေ၏။

"ခင်ဗျားတို့ ဘာကောင်းသလဲဗျ။ အရင်ပြန်ခါနီး သေတ္တာထဲမှာ စားစရိတ်တောင်းတဲ့စာတွေဘာတွေ ထည့်ပေးလိုက်တာ အိမ်ကတွေ့လို့ ဆူလိုက်တာ မပြောပါနဲ့တော့။ အိပ်စလိန်းတွေ၊ ဝိုင်စပလိန်းတွေ လုပ်လိုက်ရတာ သေချင်သွားတာပဲ" ဟု ဆိုလိုက်သည်တွင် ထိုသူတို့သည် မိမိတို့လက်ချက်ကို ကျေနပ်ပြီး ရယ်မောကြလေ၏။ ကျော်ဝင်းသည်လည်း ထိုအထဲတွင် ပါဝင်သူ ဖြစ်ခဲ့သဖြင့် ထိုသို့ သိန်းဖေ ချောက်ကျခဲ့ရသည်ကို နှလုံးတွေ့သွားကာ ပြုံးစေ့စေ့ ဖြစ်သွားလေ၏။

ဝင်လာသော ကျောင်းသားများသည်လည်း တွေ့ကရာ ထိုင်ကြကာ ထွေရာသောင်းပြောင်း ပြောဆိုနေကြသောကြောင့် ကျော်ဝင်းတွင် မသန်းမြင့်နှင့် ပတ်သက်၍ စဉ်းစားခြင်းကို မေ့ပစ်ကာ ၎င်းတို့နှင့် ရောနှောပြောဆိုနေရလေ၏။

ထိုနေ့သည်ကား ကျောင်းဆောင်သားတို့ ပြန်လည်လက်ခံသော နေ့မျှသာဖြစ်သေး၍ ကျောင်းမဖွင့်သေးသောကြောင့် နေ့လည်ချိန်လောက်တွင် ကျောင်းဆောင်သားများသည် မြို့ထဲသို့ထွက်၍ လည်ပတ်ကြသဖြင့် ပုဂံဆောင်၌ ကျောင်းသားအနည်းငယ်မျှသာ ကျန်ရစ်ခဲ့လေရာ ခြောက်သွေ့သော နေ့လည်ချိန်တွင် တိတ်ဆိတ်ငြိမ်သက်ကာ ပျင်းရိဖွယ်ရာကြီးဖြစ်၍နေပေတော့၏။

သိန်းဖေသည် မြို့ထဲသို့ ထွက်၍မလည်ဘဲ အခန်းထဲတွင် ကုပ်၍နေလေရာ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ၎င်းအား အတွေးပွားစေအောင် ဖန်တီးလျက်ရှိကာ ၎င်း၏စိတ်များသည် မအေးစိန်ဆီသို့ရောက်လျက် ရှိချေတော့၏။ ထိုသို့လျှင် သိန်းဖေသည် အတွေးနှင့်ဆွေးကာ လွမ်းလွမ်းဆွတ်ဆွတ်ကြီး ဖြစ်မိလေရာ ထိုသို့ဆွေးသမျှတွေးမိသမျှတို့ကို စာဖြင့် စီကုံးချယ်လှယ်ရပါက ဖတ်ရသူတိုင်း၏စိတ်တွင် စွဲငြိထိတွေ့မည် အမှန်ဖြစ်၍ ထိုစာများကို မအေးစိန်သာလျှင် ဖတ်လိုက်ရပါမူ မိမိအပေါ်တွင် အထင်အမြင် လွဲသမျှ ပပျောက်ပြီး စိတ်လည်လာပေလိမ့်မည်ဟု ယုံကြည်မိလေ၏။ သို့ဖြစ်ရကား မည်ကဲ့သို့သော စာကိုရေး၍ မည်သည့်နည်းအားဖြင့် မအေးစိန်သိအောင် ကြံရမည်ကို စဉ်းစားဉာဏ်ထုတ်လိုက်သောအခါ ကဗျာသည်သာလျှင် လွမ်းဆွတ်ကြည်နူးဖွယ်ရာ အကောင်းဆုံး ဖြစ်သည့်ပြင် မအေးစိန် သိနိုင်ရန် နည်းလမ်းမှာ မိမိတို့ကျောင်းမှ ထုတ်ဝေသော တက္ကသိုလ်မဂ္ဂဇင်းတွင် ထည့်သွင်းခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမိသည်နှင့်အညီ ချောင်ကုပ်၍ တွေးနေရာမှ ထလာကာ အချိန်မလင့်ရအောင် စားပွဲတွင်ထိုင်၍ စာစီလေ၏။

သိန်းဖေသည် မိမိရေးသောစာထဲတွင် အလွန်ပင် စိတ်ဝင်စား၍နေရကား ကာရန် အစပ်အဟပ်များကို စိတ်ထဲတွင်သာ မပြီးစေနိုင်ဘဲ၊ ပါးစပ်မှနေ၍ တွနယ်တူ

www.burmeseclassic.com



တီး နုတိုနိုက်၊ တတိုနိုက်၊ တူးနိုက်တေနေတောက် စသည်ဖြင့် တတွတ်တွတ်ရွတ်ကာ ကာရန်ညှိလျက် ဘယ်ဘက်လက်ညှိုးကလည်း ဗင်တီးဝိုင်းဆရာ၏ လက်ကိုင်တုတ်ကလေးကဲ့သို့ တငေါက်ငေါက်ထိုးကာ စည်းလိုက်၍နေသည်ကို တွေ့နိုင်ပေ၏။

တစ်ချက်ချက်တွင် ကာရန်ကိုက်မည့်စကားလုံးကို ရှာသည့်သဘောဖြင့် ၎င်း၏ပါးစပ်မှ အသံထွက်အောင် "ကူ၊ ခူ၊ ဝူ၊ ဆူ၊ ၎ူ" စသည်ဖြင့် စကားလုံး မတွေ့မချင်း တစ်ယောက်တည်း ရွတ်သွားလေရာ၊ တစ်ရပ်တစ်ရွာ အလည်ရောက်လာသော ကျောင်းသား ဆွေမျိုးတို့ အပြင်မှကြား၍သွားရှိသော် တက္ကသိုလ်ရောက်မှပင် သင်ပုန်းကြီး သင်ရသေးသူ ရှိသေးသည်ဟု ထင်ကောင်းထင်မည် မလွဲပင် ဖြစ်ကြပေတော့၏။

သိန်းဖေသည် ရေးပြီးသော စာပိုဒ်အချို့တို့ကို ပြန်ဖတ်ကာ သဘောမကျသည့် စာလုံးကိုပြင်လိုက်၊ ထပ်၍ဖတ်ကာ ကျေနပ်သည့်အမူအရာဖြင့် ပြုံးလိုက်နှင့် မိမိစာထဲတွင် အတော်ပင် စိတ်ဝင်စား၍နေသောကြောင့် အပြင်မှ တံခါးခေါက်သံကို ရုတ်တရက် မကြားနိုင်ဘဲရှိပြီး တံခါးခေါက်သံ ပြင်းထန်လာမှ နူးညွတ်ပျံ့လွင့်နေသော စိတ်များသည် သိန်းဖေ၏ ကိုယ်တွင်းသို့ ပြန်၍ဝင်ရောက်လာကာ အပြင်မှခေါ်သည်ကို သတိပြုမိပြီး တံခါးကို ဖွင့်ပေးလိုက်လေ၏။

ဝင်လာသူကား ကျော်ဝင်းပင် ဖြစ်ပေတော့၏။ သိန်းဖေသည် ကျော်ဝင်း၏ အဝတ်အစားသစ်နှင့်တကွ ၎င်းသယ်ယူထုတ်ပိုးလာသော ပစ္စည်းစုများကို တွေ့ရသဖြင့် "ကိုကျော်ဝင်း၊ ခင်ဗျား အခုမြို့ထဲက ပြန်လာတာလား" ဟု မေးရာ ကျော်ဝင်းက ခေါင်းညိတ်လိုက်သည်တွင် "တော်တဲ့လူဗျာ၊ မြို့ထဲကိုသွားတာတောင် ကျွန်တော့်မခေါ်ဘူး၊ အသိတောင် ပေးမသွားဘူး" ဟု အပြစ်တင်သည့်အလား ပြောလေ၏။

"လည်ဖို့သွားတာမှ မဟုတ်ဘဲဗျာ၊ တိုလီမိုလီ နည်းနည်းပါးပါး ဝယ်စရာရှိလို့သွားတာ၊ ခင်ဗျားကိုခေါ်လည်း အပိုသက်သက် ဖြစ်နေမှာပေါ့" ဟု ပြောပြပြီး ပါလာသော ပစ္စည်းများကို သိန်းဖေ၏ဘီရိုပေါ်တွင် တင်ထားကာ "ကိုယ့်လူ အပြင်ဘက်က အကြာကြီး ခေါက်နေတာတောင် ရုတ်တရက် မကြားဘူးလား၊ အိပ်နေတာလည်း မဟုတ်ဘဲနဲ့ ဘာများ အာရုံစိုက်နေတာလဲ" ဟု မေးလေ၏။

သိန်းဖေသည် ပြုံးစေ့စေ့လုပ်လျက် "ကျွန်တော် ကဗျာတစ်ပုဒ်စပ်နေတာ၊ ကိုယ့်ဟာကိုယ် သဘောကျပြီး အာရုံစိုက်နေတာနဲ့ မကြားဘူး" ဟု ဖြေလေ၏။

"ဟား ဟား. . . ကိုယ့်လူကတော့ တစ်မျိုးပြီးတစ်မျိုး တယ်ထွင်တဲ့လူပဲ၊ ဘာကဗျာများ ရေးနေသလဲ"

"ခေတ်စမ်းကဗျာ"

ကျော်ဝင်းသည် သိန်းဖေ၏အဖြေကို ကြားရလျှင် သရော်သလိုလို၊ ရယ်ချင်သလိုလို မျက်နှာဖြင့်ပြုံးကာ သိန်းဖေ ရေးထားသောစာ စားပွဲပေါ်၌ ရှိမည်ဟု အတက်သိသော မျက်လုံးများဖြင့် စားပွဲဆီသို့ကြည့်ကာ ရေးထားသောစာကို လှမ်း၍ယူစဉ်

www.burmeseclassic.com

သိန်းဖေက "အဲဒါ မဂ္ဂဇင်းထဲမှာ ထည့်မလို့" ဟု ကြွားလိုက်လေ၏။ ကျော်ဝင်းသည် အခြစ်ဖျက်ရာ အလွန်များလှသော စာရွက်ကလေးကို အတန်ကြာအောင် ဖတ်ယူရပြီးနောက် စာတစ်ပိုဒ်ဆုံးသောအခါ ၌ အူလှိုက်အသည်းလှိုက် ရယ်နေလေ၏။

"ဘာရယ်တာလဲဗျ၊ ရေးရတဲ့လူမှာဖြင့် ကိုယ့်ဟာနဲ့ကိုယ် အင်မတန်အလွမ်းငြိနေတာ။ ခင်ဗျားက ဘာတတ်လို့ ရယ်တာလဲ" ဟု ကဲ့ရဲ့ ပြောဆိုလေ၏။

"ကျွန်တော် မတတ်တာထက် ခင်ဗျား မဟုတ်မဟတ် ရေးထားတာ ရယ်ချင်လွန်းလို့ပါ။ ဒါဘာအဓိပ္ပာယ်လဲ"

ချစ်သောသူ

သည်းအူပြတ်မျှ

မျှော်လွမ်းတ,လျက်

ကျဘိသည်လည်း တောက်. . . တောက်. . . တောက်။

"အဟားဟားဟား ဘာတွေ အရူးထလာတာလဲ ကိုသိန်းဖေ" ဟု ဖတ်ပြရင်း ရယ်မောကာ ပြောလေ၏။

"ခင်ဗျား ဘာနားလည်လဲဗျ။ ခေတ်စမ်းကဗျာဆိုတာ စာလုံးရေ နည်းနည်းကလေးနဲ့ တစ်လုံးတစ်လုံးမှာ အဓိပ္ပာယ်တွေက တစ်ပြုံတစ်ခေါင်းကြီးပါအောင် သလဲသီးများလို တသန့်တသန့်၊ အကန့်အကန့်နဲ့ ရေးရတာ၊ ခင်ဗျားတို့လို နောက်ပေါက်လူဗိန်းကလေးတွေ ဘာနားလည်လို့လဲ၊ ဒီစာကို အဝယဝတ္ထုအဓိပ္ပာယ် ပိဏ္ဍတ္ထအဓိပ္ပာယ် ရှင်းလိုက်ရင်"

"အမယ် ကြီးကျယ်တဲ့ ဆင့်ဖင်ရာ၊ စာကလေးတစ်ညှိလောက်နဲ့ အဝတ်ဝတ်တို့ အနာထပိဏ်တို့ လုပ်မနေစမ်းပါနဲ့၊ ကဲ. . . ကဲ ခင်ဗျားဟာ ခင်ဗျား အဓိပ္ပာယ် ရှင်းလင်းစမ်းပါဦး"

"ချစ်သောသူ ဆိုတာကိုကြည့်၊ ချစ်ဆိုတာမှာ ငါးရာနှစ်ဆယ်ရှစ်သွယ်သော မေတ္တာနဲ့ ချစ်ခြင်း၊ ထောင့်ငါးရာ ကိလေသာနဲ့ ချစ်ခြင်း၊ အဖိုက အမ၊ အမက အဖို၊ ထိုထို ဤဤ၊ ကလီကမာ မသတီစရာသဘော"

"အောင်မယ်လေး၊ ရှည်လျားလိုက်တာဗျာ၊ သုညကမ္ဘာကျနေပြီ၊ ချစ်ဆိုတာ ကျွန်တော် သိပါတယ်ဗျာ၊ တရာဏာသီ ဖွဲ့မနေစမ်းပါနဲ့၊ တိုတိုပဲ ပြောစမ်းပါ"

"ဒါကြောင့် ကျွန်တော် ပြောပကော၊ ခေတ်စမ်းဆိုတာ စာနည်းနည်းနဲ့ အဓိပ္ပာယ် အင်မတန်များတာဗျ၊ နို့ပြီး သည်းအူဆိုတာက အသည်းတွေ၊ အူတွေ၊ နှလုံးတွေ၊ သည်းပွတ်တွေ၊ သရက်ရွက်တွေ၊ ကျောက်ကပ်တွေ၊ ကလီဆာတွေ"

"လာ လာချည်သေးဗျာ၊ ခင်ဗျား ဒါလောက်နားလည်ရင် ကျောင်းမနေဘဲ မှတ်စုစာအုပ်တွေထုတ်ပြီး ကျောင်းသားကလေးတွေ ညာပြီးရောင်းစားပါတော့လား"

"ကျွန်တော်ပြောတာ နားထောင်စမ်းပါဦး၊ မျှော်လွမ်းတ,လျက်ဆိုတာကတော့

www.burmeseclassic.com


ခင်ဗျား နားလည်ပါတယ်၊ မပြောတော့ပါဘူး။ အဲဒီသုံးပိုဒ် အဓိပ္ပာယ်ပေါင်းလိုက်တော့ မောင်ကြီး အလွန်တရာ ချစ်လှစွာသော နှမငယ်၊ မောင့်မှာ နှမကို ချစ်ရတဲ့စိတ်နှင့် မျှော်ရ လွမ်းရ တ,ရတဲ့အတွက် အသည်းတွေ၊ အူတွေ ဗလောင်ဆူပြီး ပြတ်လုခမန်းမျှ ဖြစ်တာတဲ့။ နောက်ဆုံးက ကျဘိသည်လည်း တောက်တောက်တောက်ဆိုတာ" ဟု စကားကို မဆက်ရမီ ကျော်ဝင်းသည် ထိုစာပိုဒ်ကို သဘောကျပြီး ရယ်နေလေ၏။

"မရယ်နဲ့လေ၊ အဲဒီစာဟာ အသားအပါဆုံးပဲ။ စာဝှက်ထားတဲ့အတွက် ကိလိဋ္ဌ အဓိပ္ပာယ်တွေ အများကြီးပါတယ်။ ကျဘိသည်လည်းဆိုတာ ဘာတွေကျသလဲ လို့ စဉ်းစားဖို့ရှိတယ်။ ရည်းစားလွမ်းလို့ ကျတယ်ဆိုတာ မျက်ရည်ပဲ ရှိတယ်မဟုတ်လား၊ မျက်ရည်ဆိုတဲ့ စာကိုဝှက်ပြီး 'တောက်တောက်တောက်'ဆိုတဲ့ စကားကို ထည့်ထားတဲ့ အတွက် အဓိပ္ပာယ်ပေါ်နေတယ် မဟုတ်လား။ မျက်ရည်တွေ တောက်ကနဲ တောက်ကနဲ ကျရပါတယ်လို့ဆိုတာ ဘယ်လောက် လေးနက်သလဲ"

ကျော်ဝင်းမှာ ရယ်၍မဆုံးနိုင်အောင် ရှိလေတော့၏။ ထို့နောက်မှ ရယ်ချင်စိတ်ကို ချုံးနှိမ်ကာ နောက်တစ်ပိုဒ်ဆက်၍ ဖတ်ပြပြန်လေ၏။

"ချစ်သောသူ
ဆွေးပူဖိုလှိုက်
မျက်ဖြူဆိုက်မျှ
ရှိုက်ဘိသည်လည်း ဟီး ဟီး ဟီး"

ဟု ဖတ်ပြကာ ကျော်ဝင်းသည် ရယ်ရပြန်လေ၏။

"ဒါ ဘယ်လောက်အဓိပ္ပာယ် ရှင်းသလဲ။ ချစ်သူအတွက် တဟီးဟီး ချုံးချပြီး ငိုရှိုက်ရတာ တက်မတတ် ချက်မတတ် မျက်ဖြူတွေဆိုက်ပြီး ရင်ထဲမှာ ပူဆွေးပြီး ရင်ဖိုနေတယ် ဆိုတာပေါ့"

ကျော်ဝင်းသည် ပြုံးပြုံးကြီး လုပ်နေရာက "ဒါဖြင့် ခင်ဗျား စကားအသုံးအနှုန်း မှားနေတယ်" ဟု ပြောလေ၏။

"ဘယ်ဒင်းမှာ မှားလို့လဲ"

"ဆွေးပူဖိုလှိုက်ဆိုတာ မဖြစ်နိုင်ဘူး။ မျက်ဖြူဆိုက်တယ်ဆိုတာ သေခါနီးမှာ ဖြစ်တဲ့အတွက် အသက်ငင်တဲ့အခါဖြစ်လို့ ဖုတ်လှိုက် ဖုတ်လှိုက်နဲ့ ဖြစ်နေရမယ်။ ဒါကြောင့် ဆွေးပူဖိုလှိုက်ကို ဆွေးပူဖုတ်လှိုက်လို့ပြင်ရင် ခင်ဗျားရဲ့ကဗျာ အင်မတန် ကောင်းသွားပြီး ဝေလမင်းသားဆုတောင် ရလိမ့်မယ်" ဟု ပြောမှ သိန်းဖေသည် နောက်မှန်းသိကာ "တော်ဗျာ" ဟု ဆိုရင်း မိမိကဗျာကို ဆက်၍မဖတ်ရအောင် စာရွက်ကို ဆွဲယူထားလိုက်လေ၏။

ထိုအခိုက်တွင် တစ်ဦးတစ်ယောက်သောသူသည် အခန်းဝသို့ ရောက်လာကာ "ဟေ့ ကိုသိန်းဖေ၊ ဟေး ကိုကျော်ဝင်း" ဟု အားရဝမ်းသာစွာ ခေါ်သံကြားရသဖြင့်

www.burmeseclassic.com

တံခါးဝဆီသို့ ကြည့်လိုက်ကြရာ အလည်ရောက်လာသော ဘဦးကို တွေ့ရသဖြင့် အားရဝမ်းသာစွာ "ဟာ ကိုဘဦး လာဗျို့" ဟု ခေါ်ကြလေ၏။

ဘဦးသည် ပြုံးရွှင်စွာ အခန်းထဲသို့ ဝင်လာပြီးလျှင် "ခင်ဗျားတို့ ဘယ်နေ့က ရောက်ကြသလဲ"

"မနေ့ကတည်းက ရောက်နေတာ"

"ဩော် ကျွန်တော်တောင် လာသာလာရတာ၊ ခင်ဗျားတို့ကို တွေ့မှ တွေ့ပါ့မလားလို့ တထိတ်ထိတ်နဲ့ပဲ"

ကျော်ဝင်းက "ခင်ဗျား ကံကောင်းလို့ ကျွန်တော်နဲ့တွေ့တာ၊ အခုပဲ မြို့ထဲက ပြန်လာတာ" ဟု ပြောလေ၏။

"နို့. . . ခင်ဗျားတို့ မြို့ထဲသွားတာ မသန်းမြင့်နဲ့ မတွေ့ခဲ့ဘူးလား"

"ဟင့်အင်း. . . မတွေ့ဘူး၊ ဘာဖြစ်လို့တုံး"

"ဘာမှတော့ မဖြစ်ပါဘူး။ မြို့ထဲမှာ မသန်းမြင့်ရယ်၊ ဆရာတင်အောင်ရယ်၊ မိန်းမကြီးတစ်ယောက်ရယ် စကော့မားကက်ထဲက အထွက်တွေ့ခဲ့တယ်၊ ကျွန်တော့်ကိုတော့ သူတို့ မမြင်ပါဘူး။ ကျွန်တော်တောင် ခင်ဗျားကို တွေ့ရမလားလို့ ကြည့်သေးတယ်၊ မမြင်တာနဲ့ ရောက်မှရောက်ပါဦးမလားလို့ အောက်မေ့တယ်"

"ဩော်" ဟု သိန်းဖေနှင့် ကျော်ဝင်းတို့နှစ်ယောက်စလုံး ပြိုင်တူအသံထွက်ကာ တစ်ယောက်မျက်နှာကို တစ်ယောက် အံ့ဩသော အမူအရာနှင့် ကြည့်ကြသည်ကို ဘဦးမှာ တွေးမရနိုင်သဖြင့် "ဘာဖြစ်လို့လဲ" ဟု မေးသည်တွင် ကျော်ဝင်းက မိမိတို့၏ စိတ်မကောင်းခြင်းကို မဖော်လိုသဖြင့် "ဘာမှမဖြစ်ပါဘူး၊ ကဲ. . . လာဗျာ ကျွန်တော့် အခန်းကို သွားကြစို့၊ ကိုသိန်းဖေ ပြီးတော့လိုက်ခဲ့" ဟုဆိုပြီး ပစ္စည်းများကိုယူ၍ ထွက်ခဲ့ကြလေ၏။

□□□

www.burmeseclassic.com

# အခန်း (၄၈)

နောက်တစ်နေ့တွင် စာသင်ခန်းများ ဖွင့်လှစ်ပြီဖြစ်ရကား တက္ကသိုလ် စာသင်ကျောင်းတော်ကြီးတွင် သစ်သစ်လွင်လွင် ဝတ်စားဆင်ယင်ကြကုန်သော ကျောင်းသားကြီးငယ်တို့ဖြင့် စည်စည်ကားကားကြီး ဖြစ်ပေါ်၍လာပြန်တော့၏။ ကျောင်းပိတ်ရက်အတွင်း ကွဲကွာနေကြရကုန်သော ကျောင်းတော်သားများသည် မိမိတို့၏အပေါင်းအသင်းချင်း ပြန်လည်တွေ့ဆုံကြရာတွင် အားရဝမ်းသာစွာ အော်ဟစ်ပြောဆို နှုတ်ဆက်ကြသည်မှာ စီစီညံညံ ရှိလှတော့၏။

နာမည်ကျော်မိန်းကလေးများ စုဝေးရာခန်းမတွင် လက်ပံပင်ဇရက်သိုက်ကျသလို ပွက်ပွက်ရိုက်မျှ တစာစာမြည်သောအသံများဖြင့် ပြည့်လျှံလျက် ရှိလေ၏။ ကျောင်းပိတ်ရက်အတွင်း မည်သည့်မြို့များသို့ အလည်ရောက်ခဲ့သည်ဟု ကြွားသူကကြွား၊ အဝတ်အစား ပြိုင်သူကပြိုင်၊ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ထေ့ငေါ့၊ ခပ်ပေ့ါပေ့ါ စကားများကို ပြောသူကပြော၊ မလျှော့တမ်း ငွတ်တင်းပြီး အတွင်သာငြင်းသူကငြင်းနှင့် ပျော်ရွှင်အားရစရာကြီး ဖြစ်တော့၏။

မသန်းမြင့်သည် ကျော်ဝင်းအား ဘူတာရုံတွင် တွေ့စဉ်က အကြောင်းမသင့်၍ မခေါ်နိုင်၊ နှုတ်မဆက်နိုင် ရှိခဲ့သည်ကို စိတ်မကောင်းဖြစ်ကာ ကျော်ဝင်းနှင့် တွေ့ဆုံရန် ၎င်းအလာကို စောင့်စား၍နေလေ၏။

ကျော်ဝင်းသည် ဘူတာရုံတွင် မသန်းမြင့်၏အမူအရာ တွေ့မြင်ရပုံကို စိတ်ခုနေသည့်အထဲတွင် ထိုနေ့ညနေကလည်း ဆရာတင်အောင်နှင့် မြို့ထဲသို့သွားကြသည်ဟု ကြားရသောစကားကြောင့် ၎င်းတို့ကိုပင် မသင်္ကာချင်သလိုလို ဖြစ်မိသဖြင့် ကျောင်းတွင် မသန်းမြင့်ကိုတွေ့လျှင် အကြောင်းပြရအောင် နှုတ်မဆက်၊ မမြင်ချင်ယောင်ဆောင်၍

www.burmeseclassic.com

www.burmeseclassic.com



ရှောင်သွားမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျောင်းတက်၍လာခဲ့လေ၏။

ထိုသို့ စိတ်တင်းထားသည်နှင့်အညီ ကျောင်းထဲသို့ ဝင်ရာတွင် မသန်းမြင့်ကို မြင်သည့်အခါ ၎င်းအားမကြည့်ဘဲ မျက်စိကို ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်ရှုပြီးလျှင် မျက်နှာထားတင်းတင်းထား၍ လျှောက်သွားလေ၏။ မသန်းမြင့်သည် ကျော်ဝင်း၏ မျက်နှာထားပုံကို မြင်ရလျှင်ပင် မိမိအား စိတ်ကောက်နေသည်ကို ရိပ်မိကာ မိမိကို ကျော်လွန်သွားသည့်တိုင်အောင် အရိပ်အကဲကို ကြည့်၍နေလေ၏။ ကျော်ဝင်းသည် မသန်းမြင့်အနားသို့ ရောက်သောအခါ ဣန္ဒြေပျက်လုမတတ် မျက်နှာထားခက်၍သွားသော်လည်း စိတ်ကို ဇွတ်တင်း၍ လျှောက်လာခဲ့ရာ မသန်းမြင့်ကို ကျော်လွန်၍ တစ်လှမ်းနှစ်လှမ်းမျှသာ လျှောက်မိသေးစဉ် "ကိုကျော်ဝင်း" ဟု ခေါ်လိုက်သော ကြည်လင်ပြတ်သားသည့် အသံကလေးများသည် ကျော်ဝင်းအား ရှေ့သို့တိုးမရအောင် အကြောအခြင်အားလုံးကို ဖမ်းချုပ်ဆုပ်ကိုင်လိုက်သဖြင့် စောစောက တင်း၍ထားသော စိတ်များသည် အရည်ပျော်ကျကာ မသန်းမြင့်ဘက်သို့ ပြန်၍လှည့်လာလေတော့၏။

မသန်းမြင့်သည် ကျော်ဝင်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ချိုပြုံးရွှင်ပျသော မျက်နှာဖြင့် ပြုံးရယ်နှုတ်ဆက်ကာ "ကိုကျော်ဝင်းတို့များ လူတစ်ယောက်လုံး ရပ်ပြီးနေတာတောင် မမြင်ချင်ယောင်ဆောင်ပြီးသွားလိုက်တာ၊ မသန်းမြင့်ထက် အရေးကြီးတာများ ရှိနေလို့လား" ဟု ခနဲ့လိုက်သည်တွင် ကျော်ဝင်းသည် မသန်းမြင့်ကို ပြန်၍ချော့ရသည်အလား ခက်ထန်သောမျက်နှာမှ အချိုသွေးသော မျက်နှာသို့ပြောင်းကာ. . .

"မမြင်ချင်ယောင်ဆောင်တာ မဟုတ်ပါဘူး စိတ်ကူးလွန်ပြီးသွားလို့ပါ၊ မသန်းမြင့်လိုများ မှတ်လို့လား" ဟု ပြန်၍ခနဲ့လေ၏။

"ကိုကျော်ဝင်း ဒီစကားမျိုး ပြောလိမ့်မယ်ဆိုတာ မနေ့ကတည်းက တွေးမိပြီးသား၊ ဘူတာရုံမှာ ကိုကျော်ဝင်းကိုတွေ့လို့ နှုတ်မဆက်တာကို စိတ်ဆိုးနေတာပေါ့လေ"

"ဆိုးပါဘူး"

"မဆိုးပေမယ့် ကျွဲမြီးတိုတယ် မဟုတ်လား။ မနေ့က နှုတ်ဆက်ချင်ပေမယ့် မေမေ ပါလာတာနဲ့ သူ့ရှေ့မှာဆိုတော့ မကောင်းလို့ ကမင်သက်သက် ကိုကျော်ဝင်း အနားကို မလာစေရအောင် မျက်နှာလွှဲသွားတာ၊ ဒီကစိတ်ထဲမှာဖြင့်လေ ကိုကျော်ဝင်း မျက်နှာကို မြင်မြင်ချင်း နှုတ်ဆက်ချင်လိုက်တာမှ မပြောနဲ့တော့၊ စိတ်ထဲမှာ ရှုနေတာပဲ၊ ဝမ်းသာလိုက်တာလည်း လွန်လို့ပဲ"

"နှုတ်ဆက်တာကလေးလောက်နဲ့ ဘာအပြစ်ရှိလို့ မသန်းမြင့်တို့ မေမေရှေ့မှာ နှုတ်မဆက်ရဲတာလဲ၊ ကျောင်းနေဖက် အတန်းသားချင်း နှုတ်ဆက်တာကို မသန်းမြင့်တို့ မေမေကလည်း ပိတ်ပင်မှာ မဟုတ်ပါဘူး"

"ကိုကျော်ဝင်း မသိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူးထင်လည်း ပြောစမ်းပါဦး"

"မအေးစိန်ကြောင့် ဒီလိုဖြစ်တာပေါ့၊ မအေးစိန် ပြန်ပြီးလာတာကို အကြောင်းမသိတဲ့လူတွေက ရည်းစားရှိလို့ တစ်ယောက်ယောက်နဲ့ အလွန်အကျူးဖြစ်ပြီး ကလေးရှိလို့ ဘာလို့ ညာလို့နဲ့ပေါ့လေ၊ လျှာမှာ အရိုးမရှိတဲ့အတိုင်း သပုပ်လေလွင့် ပြောကြတာပေါ့။ မအေးစိန်ကလည်း အိမ်ထဲကကို မထွက်ရဲဘူး၊ မသန်းမြင့် သူ့အိမ် ခဏခဏ သွားတာတောင် တစ်ခါတည်းပဲ အတွေ့ခံတယ်"

"အဲဒါနဲ့ ဘာဆိုင်သလဲလို့"

"ဒီစကားမျိုးတွေ ကြားရတော့ မေမေလည်း စိတ်မချဘူးပေါ့။ ဒီအထဲမှာ တို့ချင် ရှို့ချင်တဲ့ လူတွေကလည်း ဒီကအကြောင်းတွေ လေသံပစ်တော့ သာစိတ်မချဖြစ်ပြီး ကျောင်းတောင် မထားတော့ဘူးလိုလို လုပ်နေလို့ နှစ်ဝက်ပဲ ကျန်ပါတော့တယ်ဆိုပြီး မနည်းတောင်းပန်ရတယ်။ ဒါကြောင့် မေမေ့ရှေ့မှာ မတွေ့စေချင်တာ"

"အခု မသန်းမြင့်တို့ မေမေကော"

"မနေ့ညက ပြန်သွားပြီ။ အခုတော့ မသန်းမြင့်ကို ကြည့်ပါရှုပါဆိုပြီး ဆရာကိုတင်အောင်ကို အပ်သွားတယ်"

"အဲ. . . ပြီးပါလေရောဗျာ၊ သူ့လက်မှ ဝကွက်ပြီး အပ်သွားရှာတယ်" ဟု ကျော်ဝင်းက လွှတ်ကနဲ ပြောလိုက်မိရာ မသန်းမြင့်သည် အံ့ဩသော အမူအရာဖြင့် "ဘာပြုလို့လဲ" ဟု မေးလေ၏။

"ဆရာကိုတင်အောင်ကကော ရိုးမတဲ့လား"

"ကိုကိုဝင်း ဒီလိုထင်ရင် မှားမှာပေါ့။ ဆရာကိုတင်အောင်နဲ့ မသန်းမြင့်တို့နဲ့ အမျိုးတော်တယ်"

"မသိဘူးလေ၊ အမျိုးမတော်ဘူးထင်လို့ ပြောတာပေါ့" ဟု စကားကို လျှောချလိုက်ရာ. . .

"အမယ်. . . မသိဘူး လုပ်မနေပါနဲ့။ အမျိုးတော်တဲ့အကြောင်းပြောတာ ဘယ်နှခါ ရှိပြီလဲ" ဟု ပြောသဖြင့်. . .

ကျော်ဝင်းသည် စိတ်ထဲ၌နာ၍နေသည့်အချက်ကို မျိုသိပ်၍မရတော့ဘဲ "ခုကာလ ဆွေမျိုးတွေဟာ တယ်ပြီးစိတ်ချရတာမျိုးတွေ မဟုတ်ဘူး။ ရှေးကတောင် နှမနဲ့မောင် ပြည်တည်ထောင် ဆိုတာလို" ဟု စကားညွှန့်တက်နေရာ မသန်းမြင့်က ထိုစကား ချေပမည်ပြုစဉ် ဖြုန်းကနဲ သိန်းဖေ ရောက်လာသဖြင့် စကားပြတ်၍သွားလေ၏။

"ကိုသိန်းဖေ နေလို့ထိုင်လို့ ကောင်းတယ်နော်"

"ကောင်းပ့ါဗျာ၊ စားလို့ပျော်၊ အိပ်လို့ဝင်၊ ဆင်အော်တာတောင် မနိုးဘူး"

"ကြားရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မက စိတ္တဇရောဂါဖြစ်ပြီး မအိပ်နိုင်

www.burmeseclassic.com

မစားနိုင်ရှာသလားလို့"

"အောင်မယ် ဒီစိတ်နဲ့တော့ဖြင့် ကိုယ့်ကိုယ်ကို သတ်ပြီးသေဖို့တောင် စိတ်မကူးဘူး"

"ကိုသိန်းဖေ သူ့ကို မလွမ်းဘူးလား"

"မလွမ်းပါဘူး၊ အောက်မေ့တာပါပဲ" ဆိုကာ မျက်ရည်ကျဟန်ပြုသဖြင့် မသန်းမြင့်နှင့် ကျော်ဝင်းတွင် ပြုံးရွှင်မိကြလေ၏။

ထိုအတွင်းဝယ် ကျော်ဝင်းက ကြားဝင်၍ "မအေးစိန် ဘယ်တော့မှ ပြန်မလာတော့ဘူးတဲ့လား" ဟု မေးရာ မသန်းမြင့်က "ကျောင်းတော့ဖြင့် မနေတော့ဘူးတဲ့၊ နို့ပေတဲ့ အလွတ်ဝင်ပြီး ဖြေရအောင်တော့ လာလိမ့်မယ်" ဟု ပြောလေ၏။

"ဒါဖြင့် တွေ့ရဦးတော့မှာပေါ့" ဟု သိန်းဖေသည် ဝမ်းမြောက်သော အမူအရာဖြင့် အကယ်ပင် ဝမ်းမြောက်စွာ ပြောလေ၏။

"တွေ့တော့ တွေ့မှာပါပဲ၊ နို့ပေတဲ့ မအေးစိန်က ကိုသိန်းဖေအပေါ်မှာ ဘယ်လောက်စွဲသလဲဆိုတာ ကိုသိန်းဖေအကြောင်း ပြောပြတော့၊ မသန်းမြင့်ရယ် ကျွန်မကိုချစ်ရင် ဒီစကားကို မပြောပါနဲ့တော့တဲ့" ဟု ပြောပြရာ ကျော်ဝင်းမှာ ဟက်ဟက်ပက်ပက် ရယ်မောမိ၍ သိန်းဖေမှာ မျက်နှာမည်း၍သွားပြီးမှ အမူမပျက်အောင် ရွှင်ရွှင်ကြီးပြုံးကာ "အဲဒါချစ်တာ၊ ချစ်တာ" ဟုဆို၍ ရယ်ရယ်မောမော ထွက်ခဲ့သဖြင့် ကျော်ဝင်းလည်း မသန်းမြင့်ကို နှုတ်ဆက်ကာ သိန်းဖေနောက်သို့ လိုက်သွားလေ၏။

နှစ်ယောက်သား တွဲမိကြသောအခါ ကျောင်းတက်ရန် အချိန်အနည်းငယ်လိုနေသေးသဖြင့် ကွန်းမွန်းရွှမ်းထဲသို့ သွားရောက်အချိန်ဖြုန်းကြလေသည်။ ထိုအခန်းမှာ အချိန်အားလပ်စဉ် ကျောင်းသားများ စုဝေးကြရာ ဖြစ်သဖြင့် တက္ကသိုလ်ကျောင်းတော်ကြီးတွင် အဆူညံဆုံးသော အခန်းများအနက် တစ်ခုအပါအဝင် ဖြစ်ပေ၏။ အထူးသဖြင့် ထိုနေ့မှာ ကျောင်းစတင်ဖွင့်လှစ်သည့်နေ့ ဖြစ်သဖြင့် မည်သူမျှ စာပေနှင့်ပတ်သက်၍ ဆွေးနွေးခြင်း မရှိကြဘဲ ကျယ်လောင်ကျယ်လောင်နှင့် ဟစ်အော်ပြောဆိုနေကြသူသာ များပေတော့၏။ ယမန်နေ့က ကြည့်ရှုခဲ့သော ရုပ်ရှင်ဇာတ်လမ်းကို အာပေါင်အာရင်းသန်သန်နှင့် စားမြုံ့ပြန်သူ မရှား၊ တစ်ယောက်ကို တစ်ယောက်ကျီစယ်ရှုပ်နောက်သူလည်းမရှား၊ ခွေးထီးနှင့် ခွေးမ မည်သည့်ခွေးက အမြီးရှည်သည်စသကဲ့သို့သော ငြင်းခုံမှုမျိုးစုံဖြင့် ဆူညံနေသူလည်းမရှား၊ တစ်ချက်တစ်ချက်တွင် အချင်းချင်း ပြောဆိုနေကြသော စကားများထဲမှ စိတ်ကြိုက်နှင့် တွေ့ကြသည့်အခါ စားပွဲခုံကို လက်ဝါးနှစ်ဖက်ဖြင့် တဖြုံးဖြုံးတီးကာ ဩဘာသံ ဆူညံစွာ ပေးသူများလည်း မရှားအောင်ပင် ရှိကြလေ၏။

ကျော်ဝင်းနှင့် သိန်းဖေတို့သည် လူရှင်းသည့်နေရာတွင် ထိုင်ကြရာ ကျော်ဝင်းက စကားစ၍ "ကိုယ့်လူတော့ မအေးစိန်မျက်နှာကို ပြန်ပြီးတွေ့ရဦးတော့

www.burmeseclassic.com


မှာပဲ၊ စာမေးပွဲကြီး စစ်တော့မှပဲ၊ အလွတ်ဖြေရအောင် လာတော့မယ် ဆိုပါကလား" ဟု ပြောလေ၏။

"အစစ်ပဲဗျာ၊ တစ်ခါ တစ်ခါ သူ့အကြောင်းနဲ့ ပတ်သက်ပြီး တွေးလိုက်မိရင် ဘာမဟုတ်တာကလေးနဲ့ အထင်လွဲပြီး ကွဲရတာ အခံရသိပ်ကျပ်တာပဲ"

"ခင်ဗျားတို့ နဖူးစာမပါဘူး ထင်ပါ့ဗျာ"

"ကျွန်တော့်နဖူးစာ သိပ်ဆိုးတာပဲ။ တစ်ခါ တစ်ခါ ငါ့နဖူးစာဟာ ရှေ့မှာမရှိဘဲ နောက်စေ့မှာ ကပ်နေရော့သလားလို့တောင် တွေးမိတယ်"

"ဒီလိုဆိုရင် နဖူးစာရှေ့ကို ရောက်လာအောင် ခုနစ်ရက်လောက်မှောက်ပြီး အိပ်နေပါလား"

"အိပ်တော့ အိပ်ချင်ပါရဲ့၊ ဖင်ထဲ ကြွက်ဝင်မှာ ကြောက်တယ်" ဟု နောက်သဖြင့် ကျော်ဝင်းမှာ ရယ်မိရကာ "ဒါဖြင့်ရင် ကြွက်ထောင်ချောက် တပ်ထားပါလား" ဟု အကြံပေးလေ၏။

ထိုသို့ပြောနေကြစဉ် "ကိုယ့်လူတို့ ဘာတွေသဘောကျပြီး ရယ်နေတာလဲ" ဟု မေးကာ ကျောင်းသားတစ်ယောက် ထပ်၍ရောက်လာလေ၏။

"အလကားပါဗျာ၊ ကိုသိန်းဖေက သူပိုးတဲ့ မအေးစိန်ကြီး ကျောင်းကို ပြန်မလာတာနဲ့ ဝမ်းနည်းပက်လက် ရယ်နေတာပါ" ဟု ကျော်ဝင်းက စကားကိုလွှဲ၍ ပြောင်းပြီးပြောလိုက်သဖြင့် ထိုကျောင်းသားလည်း ပြုံးရယ်ရာက "ဒါထက် မအေးစိန်ကြီးအကြောင်း ဘာလိုလို ပြောသံကြားတယ်" ဟု ဆိုလေ၏။

"ဘယ်လိုမျိုး ကြားသလဲ" ဟု သိန်းဖေက စိတ်မလုံတလုံဖြင့် မေးရာ. . .

"ဘာဖြစ်သွားတယ် ဆိုလားဗျာ၊ သေသေချာချာလည်း မပြောတတ်ပါဘူး" ဟု ဖြေသောကြောင့်. . .

"အင်း. . . ခင်ဗျားပြောမှပဲ ရှင်းတော့တယ်" ဟု ကျော်ဝင်းက ဆိုလိုက်သဖြင့် ထိုသူတွင် အကြောင်းရိုက်၍သွားသည်ကို သိန်းဖေမှာ ရယ်မော၍ မပြီးနိုင်အောင် ရှိလေတော့၏။ ပြီးမှ သိန်းဖေက ထပ်မံ၍ "ခင်ဗျားပြောတဲ့အတိုင်း တကယ်ပဲလားဗျ" ဟု နောက်၍မေးပြန်သောကြောင့် ထိုကျောင်းသားမှာ ရှက်ပြုံးပြုံးကာဖြင့် "ဟာ. . . တယ်နောက်တဲ့လူတွေ၊ ခင်ဗျားတို့နဲ့ ကြာကြာနေရင် ကျွန်တော် အရူးဖြစ်လိမ့်မယ်" ဟု ဆိုကာ ထွက်၍သွားတော့မှ သိန်းဖေတို့လည်း ၎င်းအားကြည့်၍ ရယ်မောလျက် ကျန်ရစ်ရာမှ ပထမခေါင်းလောင်းထိုးသဖြင့် အခန်းထဲမှ ထ၍လာကြကာ လူချင်းခွဲခွာခဲ့ကြလေ၏။

ကျော်ဝင်းသည် သိန်းဖေနှင့် ခွဲပြီးသည့်အချိန်မှစ၍ ညနေကျောင်းဆင်းသည့်တိုင်အောင် ထပ်မံ၍ မတွေ့ရတော့ဘဲ တစ်ယောက်တည်း ပုဂံဆောင်သို့ ပြန်လာခဲ့၏။ ကျော်ဝင်းသည် ပုဂံဆောင်သို့ ပြန်ရောက်၍ ကျောင်းလှေကားထစ်ကလေးကို တက်

www.burmeseclassic.com

www.burmeseclassic.com



မည်အပြုတွင် ကျောင်းပေါ်မှ လက်ခုပ်သံ၊ ဒိုးပတ်သံများကို ကြားရသဖြင့် သိန်းဖေ၏ လက်ချက်နှင့်တူသည်ဟု တစ်ထစ်ချယူမှတ်ကာ မည်မျှအကြီးအကျယ် နောက်ပြောင် နေကြပြန်သနည်းဟူသော သိချင်ဇောဖြင့် ခပ်သုတ်သုတ် ကျောင်းပေါ်သို့ တက်ခဲ့ လေ၏။

ကျောင်း၏အတွင်းဖက် ဝရံတာလေးထောင့်ပတ်လည်တစ်ဘက်တွင် က,သူ တွေက၊ ဆိုင်းတီးသူတီး၊ အိပ်ရာလိပ်၊ ခေါင်းအုံး၊ ရေတခေါင်း၊ ပက်လက်ကုလားထိုင် များကို ထမ်းရွက်သူက ထမ်းရွက်ကာ တသီတတန်းကြီး စီတန်းလှည့်လာသူများကို တွေ့ရလျှင်၊ ကျော်ဝင်းမှာ အကြောင်းမသိခင်ကပင် ရယ်ချင်မိလေတော့၏။ ထိုသို့ အရှူးထနေသူများထဲတွင် မပါဝင်သော အခြားကျောင်းသားများမှာမူ မိမိတို့အခန်း များမှ ခေါင်းပြူကာ ရယ်မောရ၍ ကြည့်နေကြလေ၏။ ကျောင်းမှ ပြန်လာသူ အချို့တို့ လည်း ပွဲလှည့်လာသည်ကို လမ်းမှရပ်၍ ကြည့်နေကြလေ၏။

သိန်းဖေသည် ဟော်ကီတုတ်ကို မြင်းလုပ်၍စီးပြီးလျှင် 'ဖူးရိ' ဟု ကျောင်းသား များ ခေါ်လေ့ရှိသော ဗိုလ်ရှူး (ဝါ) ဗိုလ်စုတ်တစ်ယောက်၏ ကိုယ်ကြပ် ဂျာကင်အင်္ကျီကို လူပြက်များ ရှင်မီးအင်္ကျီ ပြောင်းပြန်ဝတ်သကဲ့သို့ ဝတ်ဆင်၍၊ ဥပဒေတန်း ကျောင်းသား တစ်ယောက်၏ ခေါင်းပေါင်းအနွမ်းကို ငှက်ပျောတောမင်းသားကဲ့သို့ ပေါင်းရစ်ကာ ဣန္ဒြေအနည်းငယ်မျှ မပျက်စေဘဲ မြင်းစီး၍လာလေ၏။ ဘတိုးသည် တောသူဌေးဟန် ဖြင့် စွပ်ပြဲအင်္ကျီတွင် သက္ကလပ်အင်္ကျီအနက် ထပ်၍ဝတ်ကာ ပေါင်ဒါဖြင့် နှုတ်ခမ်းမွေး ထားလျက် သိန်းဖေ၏ နောက်မှ ပါလာလေ၏။

ကျော်ဝင်းမှာ ရုတ်တရက် တွေးတောဝေခွဲမရသဖြင့် အကြောင်းကိုမေးရန် အနားကို ကပ်လာလေ၏။

"ဟား ဟား. . . ကိုသိန်းဖေ ဘာဖြစ်လာတာတုန်း၊ ရှင်လောင်းလှည့်တာ လား၊ ကလေး မသာချတာလား" ဟု မေးရာ သိန်းဖေသည် အနည်းငယ်မျှ မပြုံး၊ ဣန္ဒြေမပျက် ကျော်ဝင်းဘက်သို့လည်း လှည့်၍မကြည့်ဘဲ မိမိစီးလာသော မြင်းမှာ ဇက်ကိုချုပ်၍ မရအောင် ဆိုးသည့်ဟန်ဖြင့် ခုန်ဆွခုန်ဆွနှင့် ပြုလုပ်ကာ ကျော်ဝင်းကို မြင်းနှင့်တိုက်သဖြင့် ကျော်ဝင်း ထွက်ပြေးရလေ၏။

ကျော်ဝင်းသည် ခပ်ရှင်းရှင်းနေရာသို့သွား၍ ရပ်ကြည့်နေပြီးလျှင်၊ အနီးရှိ အခန်းထဲမှ ကျောင်းသားတစ်ယောက်အား "သူတို့ ဘာလုပ်နေတာလဲဗျ" ဟု မေးယူရ လေ၏။

ထိုကျောင်းသားလည်း မဖြေမိကပင် အတော်ရယ်မောရ၍နေလိုက်ပြီးမှ "ကိုသိန်းဖေက သတို့သားတဲ့ဗျ။ ကိုဘတိုးက သူ့အဖေ မြောက်ပြင်သူဌေး မောင်ဘောက် တဲ့၊ အဲဒါ ဟိုဘက်ဝင်းက အချော်ကလေးကို လက်ထပ်ရအောင် မိန်းမတောင်းသွားကာ တဲ့ဗျာ" ဟု ပြောကာ ရယ်မော၍ အဆုံးသတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အချော်ကလေးက ဘယ်သူလဲဗျ"

"ဒီနှစ် စီနီယာအင်တာက မောင်လှရီဆိုတာ"

ကျော်ဝင်းမှာ အတော်ပင် ကျေနပ်သွားလျက် ပြုံးပြုံးကြီး ကြည့်နေလေ၏။ သိန်းဖေ၏မြင်းမှာ ရှေ့သို့ ကဆုန်ချ၍ ပြေးလိုက်၊ နောက်ပြန်၍ဆုတ်လိုက်၊ ပေကပ်၍ နေလိုက်နှင့် ရှိသဖြင့် အတော်ပွဲကျနေလေ၏။ ဒိုးပတ်သမားကလည်း လုံချည်ဒူးပေါ် အောင်ဝတ်ကာ ကိုယ်ကျွတ်တစ်ချို့ စွပ်ပြတစ်ချို့ မျက်နှာသုတ်ပဝါ ခေါင်းပေါင်း၍ ပကတိ တောသားများပမာ သဏ္ဌာန်ဆင်ကာ အကမျိုးစုံကဲ၍နေကြလေ၏။

မကြာမီ သတို့သား မောင်သိန်းဖေသည် သတို့သမီး မောင်လှရီ၏ အခန်းထဲသို့ရောက်၍ ထိုအခန်း၏ အတွင်းအပြင်မှာ ကျောင်းသားများဖြင့် ရှုပ်ယှက်ခတ်ပွေလီကာ တရုန်းရုန်း ဖြစ်နေကြလေ၏။

အခန်းထဲရှိ ကုတင်ပေါ်တွင် သတို့သားနှင့် သတို့သမီး ယှဉ်တွဲ၍ ထိုင်ကြစေပြီးလျှင် ၎င်း၏ရှေ့တွင် အခြားကျောင်းသားများ ကစားပွဲများမှ ရရှိထားသော ဖလားများ ကလပ်များကို စီ၍ထားလေ၏။ သတို့သမီး မောင်လှရီမှာ ရှုပ်နှောက်လိုသူများ၏ အတင်းအကြပ် လက်ထပ်ပေးရန် စီမံခြင်းကြောင့် အတင်းရုန်းကန်လျက် ရှိလေရာ ၎င်းထွက်၍ မပြေးရအောင် ကျောင်းသားနှစ်ယောက် သုံးယောက်က ချုပ်ကိုင်၍ ထားကြလေ၏။

ဘတိုးသည် သိန်းဖေ၏ဖခင်အဖြစ်မှ ပုဏ္ဏားအဖြစ်သို့ ရုတ်တရက် ပြောင်းသွားကာ သတို့သားနှင့် သတို့သမီးအကြားတွင် မျောက်ထိုင်ထိုင်ပြီးလျှင် "ဟရီ ဟရီ၊ ဟရွမ် ဟရွမ်၊ အဟွတ် အဟွတ် ဗျစန္ဒရိုဂါမိန္ဒရို အာဟိန္ဒရို အာဟိန္ဒရို ညာဟိန္ဒရို ဖူဖူ" ဟု ရွတ်ဆိုနေစဉ် သတို့သား မောင်သိန်းဖေသည် မျောက်လောက်မှ ဣန္ဒြေမရဘဲ သတို့သမီး၏ပါးကို တို့လိုက် တို့သောလက်ကို လျှာဖြင့်လျှက်လိုက်နှင့် လုပ်နေသည်ကို ပွဲကျ၍နေကြလေ၏။

"ဟရီ ဟရီ. . . ကောင်းမြတ်သောမင်္ဂလာအခါတွင် သူခိုးသားမောင်မောင်ဖွတ်နှင့် သူခိုးသမီး ခင်ခင်ပြတို့ကို မိဖတို့၏ ကိုးဆယ့်ခြောက်ပါးသောရောဂါနှင့်အညီ သားသမီးကို ဆင်နင်း၍ ခွေးကိုက်တာ ကြည့်ချင်ကြသည့်အတိုင်း၊ ယခုကြွလာသော လူကြီးသူမိုက်တို့၏ရှေ့တွင် သူနှင့်သူ လက်ထပ်မည့်အကြောင်းကို လူလည်ခေါင်ပြောင်ထုတ်၍ပြလျက် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြား သားတိုးမင်္ဂလာ ပြုလုပ်ပါကြောင်း" ဟု မင်္ဂလာစကားဆုံးသည်နှင့်တစ်ပြိုက်နက် သိန်းဖေသည် သတို့သမီးကို အတင်းဖက်၍ နမ်းလေရာ မောင်လှရီမှာ သိန်းဖေလက်ထဲ၌ တွန့်လိမ်၍နေလေ၏။

ထိုအခိုက် ညနေစာလက်ဖက်ရည်ခေါင်းလောင်းထိုးလိုက်ရာ ကျောင်းသားများလည်း သတို့သမီးနှင့် သတို့သားအား ဆန်ပန်းပေါက်ပေါက်တို့ဖြင့် ကြဲသကဲ့သို့ ခေါင်းအုံး၊ စောင်၊ အိပ်ရာခင်း၊ ခြင်ထောင်၊ ဖိနပ်များဖြင့်ကြဲကာ လက်ဖက်ရည်ခန်းသို့

www.burmeseclassic.com

www.burmeseclassic.com



ပြေးကြသဖြင့် သိန်းဖေနှင့် မောင်လှရီမှာ စောင်ပုံများအောက်၌ပိ၍ ကျန်ရစ်ခဲ့ကြလေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၉)

တက္ကသိုလ်ကျောင်းတော်ကြီးမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့များကို ရရှိကြပြီးသည့်နောက်၊ အပြင်တွင် အလုပ်ရှာ၍ မရနိုင်သူတို့အနက် အိမ်တွင်ထိုင်၍ မှီတက်မခံနိုင်သူအချို့တို့သည် မည်သည့်ရည်ရွယ်ချက်မျှ မရှိဘဲ ဥပဒေတန်းတွင် သင်သူတို့ကား သင်ကြားကြလျက်၊ ပရော်ဖက်ဆာများနှင့် အလွမ်းသင့်သူတို့မှာမူ ကျူတာဖြစ်သူဖြစ်၊ ဒီမွန်စထရေတား ဖြစ်သူဖြစ်နှင့် တက္ကသိုလ်ကျောင်းကြီးတွင် ကပ်ရပ်လျက် ရှိနေကြကာ အခြားတွင် အလုပ်ရသည့်တိုင်အောင် စောင့်စား၍နေကြပေတော့၏။

ဆရာတင်အောင်သည်ကား ဝိဇ္ဇာတန်းတွင် ပါဠိဘာသာ၌ အထူးအောင်မြင်ခဲ့ပြီးနောက်၊ အပြင်၌ အလုပ်ရဖို့ရန် ရုတ်တရက်အဖို့၌ မျှော်လင့်ချက် မရှိသဖြင့် ကျော်ဝင်း မသန်းမြင့်တို့ ကောလိပ်သို့ ရောက်သည့်နှစ်မှာပင် ပါဠိဘာသာဖက်ဆိုင်ရာတွင် အချိန်တစ်ဝက်တစ်ပျက် သင်ကြားရသော ကျူတာကလေးအဖြစ်ဖြင့် ကပ်ရပ်၍ နေခဲ့ရာမှ အပြင်၌ အလုပ်ရနိုင်ရန် တစ်နေ့တခြား စခန်းဝေးလာသည်နှင့်အညီ၊ အလုပ်တွင် စွဲမြဲသွားကာ ပတ်ကားကျူတာဘဝသို့ ရောက်ခဲ့လေ၏။

ကျူတာတို့မည်သည်မှာ ကျောင်းသားဘဝမှ ဆရာဘဝသို့ ဘဝပြောင်းသွားကြသူမျှသာ ဖြစ်သဖြင့် ကျောင်းသားနှင့် ကျူတာမှာ ခေါင်းပေါင်းတစ်ခုသာ ခြားနားသည့်အလျောက်၊ ကျူတာမှန်လျှင် ကျောင်းသားကြီးများထဲမှ မည်သူမျှ ရိုသေခန့်ညားခြင်း မရှိကြဘဲ ဖြစ်ပေ၏။ ဖရက်ရှာဟဲ့မှာမူ ကျောင်းသို့ရောက်စတွင် ကျူတာနှင့် ကျောင်းသား ခွဲခြား၍ မသိကြသဖြင့် ဘေးချင်းဝင်၍တိုက်သည့်အခါ တိုက်နေတတ်ကြ၍ အတန်းထဲသို့ ကျူတာ ဝင်လာသည့်အခါ မိမိတို့ကဲ့သို့ ကျောင်းသားမှတ်သဖြင့် ရေးရေးမျှ ဂရုမစိုက်ဘဲနေမိတတ်ကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ကျူတာအဖြစ်ဖြင့် အတော်ဝါရင့်လာကြသောအခါ ကျူတာတို့ မည်သည် ခေါင်းပေါင်းစ,ထောင်၍ လာတတ်သူများ ဖြစ်ကြပေ၏။

ဆရာတင်အောင်မှာ ပါဠိဘာသာတွင် လက်ထောက်ဆရာကျူတာ ဖြစ်လေရာ ထိုဘာသာတွင် မိန်းကလေးများ အတော်အတန် များပြားစွာ သင်ယူလေ့ရှိကြသည့်အလျောက်၊ ဆရာတင်အောင်တွင် မိန်းကလေးအသိ များပြားသည့်အပြင် ၎င်းကိုယ်တိုင်ကလည်း မိန်းကလေးများနှင့် ရောရောနှောနှော နေထိုင်ရခြင်းကို အထူးကျေနပ်အသားယူလေ့ ရှိပေ၏။

သို့အားဖြင့် ၎င်းမှာ မိန်းကလေးများအား ရုပ်ရှင်သို့ ထိန်းကျောင်းခေါ်ဆောင်ရခြင်း၊ ပစ်ကနစ် ပျော်ပွဲစားသို့ ခေါ်ရခြင်း၊ စသည်ဖြင့် အမျိုးသမီးဝန်ထမ်းအလုပ် အတော်ပင် များပြားသူ ဖြစ်ပေတော့၏။

ပွဲလမ်းသဘင် ရှိသည်ဟုဆိုလျှင် ၎င်းမပါလျှင် မပြီးသလောက် ဖြစ်ပေ၏။ ပွဲသဘင်များရှိရာသို့ ကျောင်းတော်သူများ ရောက်ကြသည့်အခါ နေရာထိုင်ခင်းပေးကာ 'အတ်ရှား' လုပ်သူမှာလည်း သူပင်။ ဇာတ်ခုံအနားတွင် ခေါင်းပေါင်းစ,တကားကားနှင့် လမ်းသလားကာ မိန်းကလေးများရှေ့တွင် ဟန်ရေးပြသူမှာလည်း သူပင်။ အငြင်းအခုံစကားပြောပွဲ လက်ချာဟောပွဲ စသည်များ၌လည်း အမှုဆောင်အဖြစ်ဖြင့်လည်းကောင်း၊ အကျိုးဆောင်အဖြစ်ဖြင့်လည်းကောင်း၊ ဘာမှမဆိုင်ဘဲဖြင့်လည်းကောင်း၊ အလုပ်များနေသူမှာလည်း သူပင်၊ နေရာတကာတွင် သူ့ချည့်ပင် တွင်ကျယ်လေ့ရှိကာ တစ်မိုးလုံး ဖျောက်ဆိတ်လုပ်လေ့ရှိသောကြောင့် ထိုသို့လုပ်တတ်သော ဆရာတို့ကို ကျောင်းတော်သားများ မျက်စိစပါးမွေးစူးလေ့ရှိကာ 'တို့ဆရာ' ဟူသော ဘွဲ့မည်ပေးအပ်လေ့ရှိသည်နှင့်အညီ ဆရာတင်အောင်မှာ စာရင်းစဉ်အားဖြင့် တို့ဆရာနံပါတ်သုံးဘွဲ့ထူးကို ရရှိသူ ဖြစ်ပေ၏။

ကျောင်းသားများ၏စိတ်၌ မတွေ့သောဆရာဖြစ်လျှင် ၎င်းမှာ သွားလေရာလာလေရာတွင် ခလုတ်မလွတ်၊ ဆူးမလွတ်သူ ဖြစ်တတ်သည့်အတိုင်း၊ ပွဲလမ်းသဘင်များ၌ အခန်းထဲသို့ ထိုသူ ဝင်လာသည်ကို မြင်လျှင်လည်းကောင်း၊ မိန်းကလေးများနှင့် ပရော်ပရည် ပြုနေသည်ကို မြင်လျှင်လည်းကောင်း၊ အာပေါင်အာရင်းသန်သော ပါးစပ်များမှ 'ဖိုးအိ' ဟု စူးရှစွာ အော်သူအော်၊ 'ဘိုစမီးတောက်တဲ့' ဟု ခေါ်သူခေါ်ကာ အမြဲပြောင်လှောင်ခံရပေ၏။

သို့ရာတွင် ဆရာတင်အောင်၏ ထူးခြားသော အရည်အချင်းမှာ မိမိအား မည်သို့ပင် ပြောင်လှောင်ကြစေကာမူ မိမိနှင့် မဆိုင်သကဲ့သို့ အမှုမဲ့နေကာ မျက်နှာပြောင်တိုက်ရဲခြင်းပင် ဖြစ်ပေ၏။

မိန်းကလေးများကမူ မိမိတို့အား ရုပ်ရှင်ခေါ်ခြင်း၊ ကားနှင့် လေညင်းခံခေါ်ခြင်း၊ အလိုလိုက်ခြင်း၊ အတန်းတွင်း၌ အရေးစိုက် မျက်နှာသာပေးခြင်း စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့၏အလိုကိုဖြည့်သူ ဖြစ်သည့်အလျောက်၊ ၎င်းအပေါ် တွင် ခင်မင်ပုံရကာ ၎င်း၏ဩဇာကိုလည်း အထိုက်အလျောက် လိုက်နာကြပေ၏။ သို့ဖြစ်သည်နှင့်လျော်ညီစွာ မိန်းကလေးများအား ကျောင်းကပွဲ အမျိုးမျိုးနှင့် ဂျူပလီ ကပွဲအမျိုးမျိုးတွင် ပါဝင်အောင် ဆောင်ရွက်နိုင်သူမှာ ဆရာတင်အောင်သာလျှင် ဖြစ်ပေ၏။ ထိုကပွဲများတွင် အရှုပ်အရှင်းဖြစ်ကာ အပုပ်နံ့ထွက်လာပြန်ကလည်း ၎င်း၏နာမည်မှာ မလွတ်ကင်းဘဲ ရှိသည်ကို တွေ့ကြရစမြဲပင် ဖြစ်ပေ၏။

သို့အားဖြင့် တို့ဆရာနံပါတ်သုံးမှာ ကျောင်းသားများ မျက်မုန်းကျိုးခံရလေ့ရှိကာ ၎င်းတစ်စုံတစ်ရာလုပ်လျှင် (ဝါ) တစ်နေရာရာတွင် ၎င်းပါရှိလာလျှင် အမြဲတမ်းအရိပ်အကဲ ကြည့်လေ့ရှိသူများ မရှားဘဲ ရှိပေ၏။

ထိုသို့ အရိပ်အကဲ ခတ်လေ့ ရှိသူများထဲမှ ကျော်ဝင်းနှင့် ခင်မင်သူကျောင်းသားတစ်ယောက်မှာ မသန်းမြင့်အား တို့ဆရာ အလွန်အရေးယူနေခြင်းကို မရှုစိမ့်နိုင်ဘဲရှိကာ "အိုင်ဆေး ကိုကျော်ဝင်း ခင်ဗျား မသန်းမြင့်ကို ကြည့်နေနော်၊ တစ်နေ့ကျရင် ဖိုးတင်အောင်လက်ထဲ ပါသွားမယ်" ဟု လာ၍ သတိပေးလေ၏။

ကျော်ဝင်းမှာ မသန်းမြင့်၏ ပြောစကားများဖြင့် လာပြောသူ၏စကား အရေးကြီးသည်ဟု မယူဆဘဲ "ဒါတော့ အထင်လွဲစရာ မရှိပါဘူးဗျာ၊ သူတို့ချင်း ဆွေမျိုးတော်တာ၊ ဘာမှမဖြစ်နိုင်ပါဘူး။ မသန်းမြင့် မားသားကြီးက သူ့ကို ကြည့်ရှုဖို့ အပ်သွားလို့ အရေးယူတာပါ ဗျာ" ဟု ပြန်ပြောလိုက်ပေ၏။

"ကျွန်တော်လည်း မော်လမြိုင်သားပါပဲဗျာ၊ ဒီအကြောင်းတွေ သိပါတယ်။ သူတို့ အမျိုးတော်တယ်ဆိုတာ ရင်းရင်းနှီးနှီး မဟုတ်ပါဘူးဗျာ၊ ငရုတ်သီးဆယ်တောင့်မှာမှ တစ်တောင့်လောက် စပ်တာပါ။ မသန်းမြင့်က မြို့ပေါ်က၊ ငနဲက တောကပါဗျာ၊ အခုမှ ဗူးသီးလို့ အရိုးတော် ဆိုသလို ဒီရောက်ကြမှ ဆွေမျိုးတော်သလေး ဘာလေးဖြစ်တာ၊ ငနဲကတော့ လူကြားကောင်းအောင် ပြောမှာပေ့ါ။ ခင်ဗျားလည်း ကျောင်းနေလာတာ ဘယ်နှစ်နှစ် ရှိသလဲ၊ ကျောင်းက ကာဇင်တွေ ဘရာသာတွေ ဆိုတာတွေဟာ ဘာတွေဆိုတာ ခင်ဗျားလည်း အသိသားနဲ့"

"မဟုတ်ဘူးဗျ၊ မသန်းမြင့်ကိုက ပြောတာ"

"ဒီလိုဆိုရင် မသန်းမြင့်ကိုယ်တိုင် ကျနေလို့လားမှ မသိဘဲ။ ဒါမှမဟုတ်ရင်လည်း မသန်းမြင့်က ကိုယ်က အရပ်ကရယ်လို့ အားကိုးအားထားပြုပြီး ဆွေမျိုးအရင်းအခြာလို သဘောထားလို့နဲ့ တူပါတယ်။ နို့ပေတဲ့ ငနဲစိတ်ထဲကနေပြီး ဘယ်လောက်ပိုးလိုက်မလဲဆိုတာ သူ့အပြင် သူတစ်ယောက်ပဲ ရှိမှာပါပဲ။ ကျွန်တော်က ခင်ဗျားအကျိုးကို ပြောနေတာ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ နို့ပေတဲ့ မေးစမ်းပါရစေဦး၊ ခင်ဗျား သူ့အပေါ် ဘာပြုလို့ ဒါလောက်တောင် အငြိုးကြီးနေတာလဲ"

www.burmeseclassic.com

"အငြိုးကြီးတာ မဟုတ်ပါဘူး။ ကျွန်တော်က မဟုတ်တာကို ဘယ်တော့မှ မခံဘူး။ ဒီငနဲအတွက်နဲ့ ကြာရင် ငနဲမကလေးတွေ ပျက်စီးကုန်မယ်ဗျ။ ငနဲကြောင့် ကျွန်တော်တို့ မြို့သားတွေလည်း နာမည်သိပ်ပျက်တာပဲ။ ငနဲလည်း ကျွန်တော်တင် မကဘူး၊ လူတိုင်းက မုန်းနေတာ။ ကြည့်နေ၊ တစ်နေ့နေ့ကျရင် လူအများကြီး လက်မှတ်ထိုးပြီး ပရင်စီပယ် (ကျောင်းအုပ်ကြီး) ဆီ စာပစ်လိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း ငနဲ ကျောင်းက ထွက်ပြေးရအောင် ကောလိပ်မဂ္ဂဇင်းထဲကနေပြီး တွယ်ကြလိမ့်မယ်။ ခင်ဗျား ကြည့်သာနေ၊ တွေ့ရပါလိမ့်မယ်။ နောက်တော့မှ ကျွန်တော် ပြောတာတွေ ဟုတ်ပါကလားလို့ သိပ်ပြီးကျေးဇူးတင်နေမယ်" ဟု ပြောပြောဆိုဆို ထွက်၍သွားသဖြင့် ကျော်ဝင်းလည်း ၎င်း၏စကားများကို စဉ်းစားရင်း တစ်ကိုယ်တည်း ကျန်ရစ်လေ၏။

သိန်းဖေသည်ကား မည်ကဲ့သို့ သန္ဓေပေး၍ အမေ မွေးလာသည်မသိ၊ မရှုပ်ရ မနောက်ရလျှင် မပြီး။ သူတစ်ပါး ခံရခက်အောင် ရှုပ်နောက်ရခြင်းကို ဘယ်အခါမျှ မငြီးနိုင်သူတစ်ဦး ဖြစ်ပြီးလျှင် အမြဲတမ်းလိုပင် ပျော်ရွှင်၍နေရမှ အိပ်လို့ပျော်၊ စားလို့ဝင် ဘိသည့်အလား ထူးခြားသော သန္ဓေပါလာသူ ဖြစ်သည်နှင့်လျော်ညီစွာ တက္ကသိုလ်တွင် ပညာသင်ကြား၍ လာခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ရှည်ဝေး၍ ကျောင်းဆွေးတော့မည် ဖြစ်သည့်တိုင်အောင် အတန်းထဲတွင် ဒုတိယတန်းမှလွဲ၍ အခြားခုံတန်းများတွင် မနေနိုင်ဘဲ ထိုဒုတိယခုံတန်းမှနေ၍သာလျှင် နေ့စဉ်နှင့်အမျှ ကျောင်းတော်သူကလေးများ မခံချင်အောင်တစ်မျိုး၊ ရယ်ချင်အောင်တစ်မျိုးဖြင့် အမျိုးမျိုးရွှတ်၍သာလျှင် နေလေ့ရှိပေ၏။

သိန်းဖေ နေခဲ့ရသော အတန်းများမှာ တစ်ခါမျှ မကျရှုံးဘူးသော အတန်းမရှိသဖြင့် သင်ရသောစာများမှာ ထပ်တလဲလဲ ဖြစ်နေသောကြောင့် သင်ကြားသော လက်ချာများကို နားစိုက်၍မထောင်ဘဲ ပါးစပ်မှ ဗလွတ်ရွှတ်တ ထွက်လျက်သာ တစ်ချိန်ပြီး တစ်ချိန်ပြောင်း ညနေစောင်း၍ ကျောင်းကိုပြန်၊ ဘယ်စာမှ ဟန်ဟန်ပန်ပန် မလိုက်သည်သာ များပေ၏။ ဣန္ဒြေကြီးသော ဆရာ၏အခန်း၌ သင်ရသောအခါ၌မူ နောက်ပြောင်ရွှတ်နောက်ရမည်ကို ခက်၍နေသည့်အတိုင်း ဆရာကဲ့သို့ပင် ဣန္ဒြေနှင့် နေရသောကြောင့်၊ ထို (၄၅) မိနစ် ကာလပတ်လုံးတွင် သိန်းဖေမှာ ပျင်းရိ၍မဆုံးနိုင်ဘဲ ပုတ်သင်ညိုပမာ ခေါင်းတညိတ်ညိတ်နှင့် အိပ်ငိုက်၍နေသည်သာ များပေတော့၏။

သိန်းဖေကို လူရှုပ်ဟု အများက သမုတ်ကြသော်လည်း တက္ကသိုလ်တွင် သိန်းဖေတစ်ယောက်တည်းသာ လူရှုပ်ရှိသည် မဟုတ်ဘဲ ကျောင်းသားတို့ဘာဝ ရှုပ်နောက်ပျော်ရွှင်တတ်သူတွေလည်း များစွာပင် ရှိပေ၏။ သို့ရာတွင် သိန်းဖေသည် လူအများကို ရှုပ်သလို တစ်ခါတစ်ရံတွင် ၎င်းတို့က သိန်းဖေကို ပြန်၍ရှုပ်ကာ ချောက်ကျပေါင်းလည်း များလှပြီ ဖြစ်ပေ၏။

တစ်နေ့တွင် သိန်းဖေသည် ဒုတိယတန်းခုံကနေ၍ ရှေ့ခုံကို ရှုပ်နောက်နေ

www.burmeseclassic.com

www.burmeseclassic.com

လေရာ တတိယတန်းခုံမှ သိန်းဖေအား ရှုပ်နောက်ထားသည်ကို သိန်းဖေမှာ မသိဘဲ ရှိလေ၏။ အခြားကျောင်းသားများမှာမူကား သိန်းဖေကို ကြည့်ကာ တခွိခွိ ဖြစ်နေကြလေရာ သိန်းဖေမှာ ၎င်းတို့၏ ရယ်မောခြင်းကို မရိပ်မိဘဲ မိမိရှုပ်နောက်နေသည်ကို သဘောကျ၍ ရယ်မောနေကြသည်ဟု အထင်ရှိ၍ မကြာခဏ နောက်ခုံသို့လှည့်ကာ ပြုံးစိစိမျက်နှာနှင့် မျက်စိတစ်ဖက် မှိတ်ပြကာ ကျေနပ်၍လေ၏။ တတိယတန်းခုံမှ ကျောင်းသားများကမူ မိမိတို့ အရယ်လွန်လျှင် သိန်းဖေ ရိပ်မိသွားမည်စိုး၍ တစ်ယောက်ကိုတစ်ယောက် တတောင်နှင့်တွက်ကာ အသံမထွက်ကြရန် သတိပေး၍ မြုံ့နေကြလေ၏။

သိန်းဖေသည်ကား မိန်းကလေးများ ကြားလောက်အောင် မိမိဘေးရှိ ကျောင်းသားများအား ထင်ရာမြင်ရာတွေကို လျှောက်ပြောနေလေ၏။

"ကိုယ်တော့လား မိန်းမယူရင် ကောလိပ်ကျောင်းသူတွေ မယူဘူးဗျ၊ ဘုရားစူးစေရဲ့"

"ဘာပြုလို့လည်း မရနိုင်လို့လား"

"ဒါကြောင့် မဟုတ်ဘူး။ သူတို့ကို ယူရတာ အင်မတန် ပိုက်ဆံကုန်တယ်။ ဒါကြောင့် ပိုက်ဆံမကုန်အောင် ကတုံးနဲ့မိန်းမ၊ နားရွက်မပါတာမှ ရွေးပြီးယူမယ်" ဟု ပြောလိုက်ရာ ရှေ့ခုံမှ ကြားရသော ကျောင်းသူအချို့သည် သိန်းဖေ၏ ထူးဆန်းသောစကားကို နားစိုက်၍နေကြလေ၏။

"ဘာပြုလို့ ကတုံးနဲ့ နားရွက်မပါတာကိုမှ ကြိုက်သလဲ" ဟု ဘေးကကျောင်းသားတစ်ယောက်က မေးလေ၏။

"ကတုံးဆိုတော့ ဆံစုလည်း မကုန်ဘူး။ ဆီမကုန်ဘူး။ စိန်ဘီး စိန်ဆံထိုးတွေလည်း မပူဆာတော့ဘူး။ နားရွက်မရှိတော့ နားကပ် အကုန်သက်သာတဲ့အပြင် သနပ်ခါးလိမ်းတဲ့အခါ နားရွက်မပါတဲ့အတွက် တစ်နေ့ကို တစ်ပြားဖိုးလောက် သက်သာသေးတယ်" ဟု ပြောလိုက်သဖြင့် ရှေ့ခုံ၌ တခိခိ ဖြစ်နေကြသည်ကို သိန်းဖေတို့ တစ်သိုက်မှာ ပီတိဖြစ်ကာ ကျေနပ်၍နေကြလေ၏။

တခိခိ ရယ်မောနေကြသံကြောင့် လက်ချာပေးရာတွင် အနှောင့်အယှက်ဖြစ်နေသဖြင့် ကထိက လုပ်သူသည် မိန်းကလေးများဘက်သို့ ကြည့်လိုက်ရာ နောက်ခုံ၌ သိန်းဖေ အမူပျက်နေသည်ကိုတွေ့၍ "ဘာကို ရယ်နေကြသလဲ" ဟု မေးလိုက်လေ၏။

သိန်းဖေလည်း ကယောင်ကတန်းထကာ "နားရွက်မပါဘူး ဆရာ" ဟု မြန်မာလို ဖြေလိုက်ရာ တစ်ခန်းလုံး ရယ်မောသံများ ပွက်ပွက်ရိုက်၍သွားလေ၏။ ဆရာမှာ မြန်မာစကားကို နားမလည်သူဖြစ်၍ အကြောင်းသား ငေးနေရလေ၏။ သိန်းဖေလည်း မိမိယောင်ယမ်းစကားမှား၍ ပြောမိသဖြင့် ရှက်ပြုံးပြုံးရကာ ရယ်ချင်သဖြင့် ပါးစပ်ကိုပိတ်၍ရယ်ရင်း ပြန်ထိုင်လေ၏။ ကထိကလည်း ဆက်၍မမေးမြန်း

www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ စာကို ဆက်လက်ပို့ချသွားသည်။ သူများနောက်မှတွေးပြီး ရယ်သူတစ်ယောက်၏အသံကြောင့် အကုန်လုံး ထပ်မံ၍ ရယ်ကြပြန်သဖြင့် ရှုံ့ရှုံ့ဟူသော လျှာဖျားလေသံပေးလျက် ငြိမ်ကြရန် အထိမ်းအမှတ် လုပ်ယူရလေတော့၏။

သိန်းဖေလည်း ဣန္ဒြေလုပ်ကာ စက္ခုန္ဒြေချပြီး ရှေ့ကကျောင်းသူများ၏ကျောကို ကမ္ဘဋ္ဌာန်းတရား ပွားများနေရာ ကျောသားတစ်ပိုင်းပေါ် အောင် မလုံ့တလုံဝတ်ထားသော ဘော်ဒီအင်္ကျီကို ချုပ်ရိုးပါမကျန် မြင်နိုင်အောင် ပါးလွှာသော ဝိုင်သားအင်္ကျီထဲမှ ထိုးထွင်း၍ တစ်ယောက်သော မိန်းကလေး၏ ချိုင်းမွေးများကို တွေ့မြင်ရသည်တွင် မျက်လုံးပြူး၍နေလေတော့၏။

ထိုသို့ သိန်းဖေ စူးစိုက်နေသည်ကို ဘေးအနီးရှိ ကျောင်းသားက တွေ့ရ၍ "ဟော့လူ. . . မျက်မှန်ကျွတ်ကျပ့ါမယ်၊ ဘာစိုက်နေတာလဲ" ဟု မေးသဖြင့် သိန်းဖေက ထိုကျောင်းသား၏နားတွင်ကပ်ကာ "ချိုင်းမွေးတွေနဲ့" ဟု ဖြေလေ၏။

သိန်းဖေသည် ပြန်၍ကြည့်ကာ ချိုင်းမွေးများကို တစ်ပင်စီ ရေတွက်နေရာတွင် ဘေးကကျောင်းသားသည် သိန်းဖေကဲ့သို့ ပါးစပ်အငြိမ်မနေဘဲ "လှယဉ်ကျေးမခင်လေးတို့က ချိုင်းမွေးထူ" ဟု ဆိုလိုက်သဖြင့် ရှေ့ကကြားသွားကာ ကိုယ်ကို ကြုံ့လိုက်သောကြောင့် သိန်းဖေမှာ မျက်စေ့အာရုံပျက်၍သွားလေ၏။

သို့နှင့် သိန်းဖေသည် မကျေမနပ်ကြီး ဖြစ်သွားကာ အတန်းလွှတ်လျှင် ကျောင်းသူကလေးများ၏နောက်မှ ကပ်ရပ်၍လိုက်ကာ အားရအောင် နောက်ပြောင်မည်ဟု စိတ်ထဲတွင် ဆုံးဖြတ်လိုက်မိသည်နှင့်အညီ စာသင်ချိန်စေ့၍ ခေါင်းလောင်းထိုးသံ ကြားရပြီးနောက် ကျောင်းသူကလေးများ တစ်ပြုံတည်းစု၍ အထွက်တွင် ထ၍လိုက်လေ၏။

ထိုသို့ သိန်းဖေ ထ,လိုက်ရာတွင် ၎င်း၏နောက်ခုံမှ ကျောင်းသားတစ်ယောက်က နောက်ပြောင်၍တပ်ထားသော စက္ကူမြောက်မြီးရှည်ကြီးသည် တန်းလန်းတန်းလန်းနှင့် ပါသွားရာ အခန်းထဲမှ ထွက်လာသော ကျောင်းသားများသည် ၎င်းကိုကြည့်ပြီး တဝါးဝါး ဖြစ်နေကြလေ၏။ သိန်းဖေမှာ မိမိအား မျောက်မြီးတပ်ထားသဖြင့် ရယ်မောကြသည်ကို မသိရှာဘဲ မိမိ၏အပြုအမူကို ရယ်မောကြသည်ဟု ထင်မြင်ကာ၊ အမြန်လမ်းလျှောက်ပြိုင်ပွဲတွင် လျှောက်သူဟန်မျိုးဖြင့် ပြောင်ချော်ချော်လျှောက်ကာ ကျောင်းသူတို့နောက်က ကပ်လိုက်သွားရာ ၎င်း၏ဟန်ပန်အမူအရာနှင့်တကွ မျောက်မြီးကြီးသည် နောက်မှနေ၍ မြင်ရသော ကျောင်းသားများအဖို့ ပျော်တော်ဆက်၍နေလေတော့၏။

သိန်းဖေနှင့် ကျောင်းသူကလေးများမှာ တလံသာသာမျှလောက်သာ ကွာခြားလေရာ ၎င်းတို့မှာ မိမိတို့နောက်က တောက်တဲ့ကပ်ကပ်၍ လိုက်နေသူ တစ်ယောက်ရှိသည်ကိုသိကာ ခြေလှမ်းမမှန်ဘဲ ရှောင်ပေးရတော့မလိုလို၊ ဘေးကပ်၍ ရပ်နေရတော့

www.burmeseclassic.com

မလိုလိုဖြစ်လျက်၊ မသွားတတ်မလာတတ်အောင် ဖြစ်သွားကြလေ၏။ ထိုအခိုက်တွင် ကျောင်းသားတစ်ယောက်သည် သိန်းဖေအား ချောက်ချရန် သိန်းဖေ၏နောက်သို့ ခပ်သုတ်သုတ် လိုက်သွားပြီး သိန်းဖေ၏ ဖိနပ်နောက်မြီးကို တက်၍နင်းထားလိုက်ရာ သိန်းဖေမှာ ရှေ့သို့ဟပ်ထိုး ဟပ်ထိုး စိုက်၍သွားကာ မိန်းကလေးတစ်ယောက်၏ ကြီးမားလှသော တင်ဆုံကို ခေါင်းနှင့် ဝင်တိုက်ကာ ဂိုးသွင်းတော့မည်ကဲ့သို့ ဖြစ်သွားသဖြင့် ကျောင်းသားများ ဝါးကနဲ ဖြစ်သွားကြလေ၏။

သိန်းဖေမှာ မနည်းကိုယ်ရှိန်သတ်ကာ မိမိကိုယ်ကို တည့်မတ်လိုက်ရလေ၏။ ရှေ့က မိန်းကလေးများမှာ မိမိတို့နောက်မှ ရုတ်ရုတ်ရက်ရက် ဖြစ်သွားသော အသံကို ကြားရ၍ လန့်ဖျပ်သွားကာ၊ ဘေးသို့ကပ်ပြီး လှည့်ကြည့်လိုက်ကြရာ မျက်နှာထားပျက်နေသော သိန်းဖေကို တွေ့ကြရလေ၏။ သိန်းဖေသည် မိမိ၏ဖိနပ်ကို တက်၍နင်းသူအား လှည့်ကြည့်မှတ်သားလိုသော်လည်း မိမိအား မိန်းကလေးများ ကြည့်နေသဖြင့် ၎င်းတို့ရှေ့တွင် တစ်စုံတစ်ရာ ပြုလုပ်ပြက မိမိ ဟပ်ထိုးဟပ်ထိုး လဲမည်ဖြစ်သည်ကို ရိပ်မိသွားမည်စိုးသောကြောင့် မကြည့်ဘဲ နေလိုက်ရလေ၏။

မိန်းကလေးများလည်း သိန်းဖေကြောင့် မိမိတို့ အသွားအလာ ခက်နေသဖြင့် သိန်းဖေကို သွားနှင့်စေရန် ရှောင်၍ပေးကြလေရာ သိန်းဖေက "သင့်ကယူ" ဟုဆိုရင်း ဣန္ဒြေဆယ်လျက် ၎င်းတို့ရှေ့သို့ တက်သွားလေ၏။

သိန်းဖေ ရှေ့သို့ရောက်သွားသည်တွင် မိန်းကလေးများမှာ နောက်ကမျောက်မြီးကို မြင်ရသဖြင့် တခစ်ခစ်နှင့် ဖြစ်သွားကြလေ၏။ ထိုသို့ ရယ်မောသံကြောင့် သိန်းဖေမှာ မိမိကိုယ်ကို မသင်္ကာဖြစ်ကာ နောက်ကကျောင်းသားကို လှည့်ကြည့်ဟန်ဖြင့် မိမိ၏ ကျောကို တစေ့တစောင်း ကြည့်လိုက်ရာ မျောက်မြီးကြီး တပ်ထားသည်ကို တွေ့ရသဖြင့် အတိုင်းမသိ ရှက်သွားလေ၏။

သို့ရာတွင် သိန်းဖေမှာ မျောက်မြီးကြီးကို တွေ့လျက်နှင့် မဖြုတ်ရဲအောင် ရှိနေလေ၏။ ကျောင်းသူကလေးများရှေ့တွင် မျောက်မြီးကိုဖြုတ်လျှင် ဘုန်းကြီးနှစ်ခါ ရှုက် ထပ်၍ဖြစ်မည်စိုးသောကြောင့် မိမိ ဘာမျှမသိရှာသည့် အမူအရာဖြင့် မဖြုတ်ဘဲ ထားတာကမှ သက်သာဦးမည်ဟု ယူဆကာ အကွယ်တစ်ခုသို့ရောက်မှ ဖြုတ်တော့မည်ဟု နှလုံးပြုပြီး ကျောင်းသူကလေးတို့၏ရှေ့၌ ရယ်စရာကောင်း ဖြစ်နေသောဘဝမှ မြန်မြန်လွတ်မြောက်ရန် သုတ်ခြေတင်၍သွားလေရာ မျောက်မြီးကြီးမှာ လေထဲတွင် တလူလူလွင့်လျက် ပါသွားသဖြင့် မြင်ရသူတို့မှာ မည်သူမျှ ဣန္ဒြေဆယ်၍မရအောင် ဖြစ်ကြလေ၏။

သိန်းဖေမှာ ကော်ရစ်ဒါအကွေ့တစ်ဘက်သို့ ဝင်မိမှ စိတ်သက်သာရာရကာ မျောက်မြီးကြီးကို ဆွဲဖြုတ်လိုက်ရလေ၏။ သိန်းဖေသည် မျောက်မြီးကို ကြည့်လိုက်ရာ မင်အနီ၊ အပြာများဆိုး၍ထားသည်ကိုပင် တွေ့ရသောကြောင့် ရုတ်တရက် အ[illegible]၍

www.burmeseclassic.com

www.burmeseclassic.com

နောက်ပြောင်ခြင်းမဟုတ်ဘဲ စောစောက ကြိုတင်ကာ တမင်လုပ်၍ထားပြီး မိမိအား အရှက်ခွဲသည်ဟု တွေးမိ၍ ဒေါ်ပွကာ စက္ကူမျောက်မြီးကို လုံးချေ၍ပစ်ရင်း ပြန်၍လက်စားချေရန် သန္နိဋ္ဌာန်ပြုလိုက်စဉ် လျှောက်လာသော ခြေသံများကို ကြားရပြန်သဖြင့် လစ်၍ပြေးရပြန်လေ၏။

ထိုသို့ပြေးရင်း သိန်းဖေသည် အခန်းတစ်ခန်းထဲသို့ ဝင်မည်ပြုလိုက်ပြီးမှ ထိုအခန်းထဲတွင် ကျောင်းသူတစ်ယောက်နှင့် ကျောင်းသားကို တွေ့လိုက်ရသဖြင့် လှမ်းပြီးသားခြေကို ပြန်၍ဆုတ်လိုက်ရလေ၏။ ထို့နောက်မှ သိန်းဖေလည်း ၎င်းတို့အား အသေအချာ ကြည့်လိုက်ရာ မသန်းမြင့်နှင့် ဆရာကိုတင်အောင် ဖြစ်၍နေသည်ကို တွေ့ရသဖြင့် များစွာအံ့အားသင့်မိလေ၏။

မသန်းမြင့်သည် နံရံတွင် ချိတ်ထားသော ကျောက်စာပုံ ရိုက်ထားသည့် ကားချပ်ကြီးများကို ရေးကူးလျက် ရှိနေပြီးလျှင် ဆရာကိုတင်အောင်က အနားမှရပ်ကာ စကားပြောလေ၏။

သိန်းဖေသည် ၎င်းတို့ကိုကြည့်ကာ စဉ်းစားဝေခွဲ၍ မရနိုင်သဖြင့် အတန်ကြာ အရိပ်အကဲခတ်နေပြီးမှ ထွက်၍လာကာ ကျော်ဝင်းအား သတင်းပေးရန် လိုက်၍ရှာလေ၏။ ကျော်ဝင်းမှာ ထိုသို့အရေးတကြီး ရှာဖွေခါမှ မတွေ့နိုင်အောင်ရှိကာ သိန်းဖေမှာ တက်ရဆင်းရနှင့် အတော်ပင်မောဂ၍သွားပြီးမှ လက်ဖက်ရည်ဆိုင်မှ ပြန်လာသော ကျောင်းသားအသိတစ်ယောက်က ကျော်ဝင်းကို တွေ့ခဲ့ကြောင်း ပြောသဖြင့် လက်ဖက်ရည်ဆိုင်သို့ လိုက်ရပြန်လေ၏။

သိန်းဖေသည် လက်ဖက်ရည်ဆိုင်တွင် ကျော်ဝင်းနှင့် အခြားကျောင်းသား တစ်ယောက် လက်ဖက်ရည်သောက်နေသည်ကို တွေ့ရမှ အမောပြေ၍သွားကာ ၎င်းတို့အနားသို့ ကပ်သွားပြီးလျှင် "အိုင်ဆေး ကိုကျော်ဝင်း၊ ခင်ဗျားဖို့ အင်မတန်အရေးကြီးတဲ့ကိစ္စ တစ်ခုရှိတယ်။ အခုလိုက်ခဲ့" ဟုခေါ်ရာ ကျော်ဝင်းမှာ သိန်းဖေ၏စကားကိုဆိုလျှင် တော်ရုံမျှဖြင့် မယုံကြည်ချင်သောကြောင့်. . .

"တော်ပါ ဖိုးစောရာ။ လက်ဖက်ရည်သောက်ချင်လို့ လိုက်လာရင်လည်း လိုချင်တာ မှာရောပေါ့ဗျာ။ ကြံဖန်ပြီး စကားလက်ဆောင်တွေ ယူမလာပါနဲ့" ဟု ပြောလိုက်လေ၏။

"တန်ပါ ဖိုးထောင်ရာ၊ ကျွန်တော်က အကောင်းပြောနေတာ။ ခင်ဗျားကစီးပြီး အပေါက်ဆိုးမှတ်ပြန်ပြီ"

"စိတ်မဆိုးပါနဲ့ နောက်ကြီးရာ၊ ဒေါသရှေ့ထား မှားတော့မပေါ့" ဟု ပြန်၍ချော့ကာ. . .

"ကဲ. . . ဘာစားမလဲ၊ မှာလိုက်ဗျာ" ဟု ဆိုလေ၏။

"အဟုတ်ပါဗျ၊ ကျွန်တော် တကယ်ပြောနေတာ။ ဘာမှလည်း မစားချင်ဘူး။

www.burmeseclassic.com



ခင်ဗျား အကျိုးရှိဖို့ဟာတွေ ပြောချင်လို့ လာတာပါ"

"ပြောစရာရှိရင်လည်း ပြောပါတော့တဲ့လားလို့။ ခင်ဗျားက ကိုယ့်ကိုယ်ကို မင်းသားဖိုးစိန် အောက်မေ့ပြီး စကားပလ္လင်တွေ ထိုးမနေစမ်းပါနဲ့"

"တစ်ယောက်ချင်း ပြောရမယ့်စကား ဖြစ်နေတယ်။ ခင်ဗျားလည်း လိုက်ခဲ့မှ ဖြစ်မယ်။ လာပါဗျာ၊ သွားရင်းပြောမယ်" ဟု ဣန္ဒြေရရ ပြောတော့မှ ကျော်ဝင်းတွင် သိန်းဖေ၏စကားကို ယုံကြည်သလိုလို ဖြစ်လာကာ လက်ဖက်ရည်ဖိုး လက်မှတ်ထိုးခဲ့ပြီး အတူတူသောက်နေသူနှင့် ခွဲခဲ့ပြီးနောက် သိန်းဖေနှင့်အတူ လိုက်သွားလေ၏။

နှစ်ယောက်သား လျှောက်၍လာရင်း သိန်းဖေက မိမိတွေ့မြင်ခဲ့ရသော အကြောင်းကို ပြောပြရာ ကျော်ဝင်းတွင် အံ့ဩတွေဝေသွားပြီးမှ "ဟုတ်မှ ဟုတ်ကဲ့လား ကိုယ့်လူရ" ဟု မေးလေ၏။

"ဘဝဆက်တိုင်း ဆက်တိုင်း ကိုယ့်ရည်းစားနဲ့ မညားရဘဲ ရှိစေရဲ့။ တကယ့်ကို မြင်ရလို့ ပြောတာပါ"

"ဘယ်တော့မှ မယားမရနိုင်မှန်း သိရက်သားနဲ့ ဒါလောက်ရဲရဲတင်းတင်းကြီး ကျိန်မနေစမ်းပါနဲ့ဗျာ" ဟု ကျော်ဝင်းက ကျီစယ်လိုက်ပြီး ဆက်လက်၍ "နို့ နေစမ်းပါဦး၊ သူတို့နှစ်ယောက် ကျွန်တော်တို့ လိုက်ကြည့်လို့ တွေ့ရတော့ ကျွန်တော်က ဘာလုပ်ရမှာတဲ့လဲလို့။ ရင်ဘတ်ထုပြီး ငိုချင်းချပြရမှာလား။ ဒါမှမဟုတ်ရင်လည်း ဆရာတင်အောင်ကို ထိုးရမှာလား" ဟု မေးလေ၏။

"အော် . . . ကျပ်ပဲ့ဗျာ။ ခင်ဗျား သိရအောင် ခေါ်ပြီးပြရတဲ့အလုပ်ကို ခင်ဗျားက ဘာလုပ်ချင်သေးလို့လဲလို့။ ဒါတော့ ခင်ဗျားသဘောအတိုင်းပေါ့ဗျာ။ ငိုချင်ငို၊ ထိုးချင်ထိုး၊ ကျောင်းပေါ်က ကျွမ်းပစ်ချပြီး သေချင်သေ၊ ကျွန်တော်တော့ မြှောက်ပေးမှာပဲ"

"အင်း တားမလား အောက်မေ့ပါတယ်၊ မြှောက်ပေးမယ်တဲ့။ ကျွန်တော့်ကို တယ်ပြီးမသေစေချင်ဘူးထင်တယ်"

ထိုအခိုက်တွင် သိန်းဖေက "နေဦး" ဟု ဆိုကာ ကျော်ဝင်းကို ဆွဲထားလိုက်ပြီး ရပ်ကြလေ၏။

"သူတို့ ရှေ့ကအခန်းထဲမှာ ရှိတယ်။ ခင်ဗျားတစ်ယောက်တည်းသွား။ ကျွန်တော် မလိုက်ဘူး။ ဒီကစောင့်နေမယ်" ဟု သိန်းဖေက ပြောသဖြင့် ၎င်း၏စကား အတိုင်း ကျော်ဝင်းလည်း တစ်ယောက်တည်း လျှောက်သွားလေ၏။

ထိုသို့လျှောက်လာရင်း မသန်းမြင့် ရှိသည်ဆိုသော အခန်းရှေ့သို့ ရောက်လာသဖြင့် အတွင်းသို့ ကြည့်လိုက်ရာ သိန်းဖေပြောသည့်အတိုင်း မသန်းမြင့်နှင့် ဆရာတင်အောင်တို့ ပူးပူးကပ်ကပ် ထိုင်နေကြသည်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် သွေးသားများ ရပ်ဆိုင်း၍သွားဘိသည့်အလား ခြေသယ်၍ မရသကဲ့သို့ ရပ်၍နေမိလေ၏။ ပြီးမှ ရုတ်တရက် သတိရကာ မိမိကို မမြင်စေလို၍ ဆက်၍လျှောက်သွားမည်အပြုတွင်

www.burmeseclassic.com

www.burmeseclassic.com

မသန်းမြင့်သည် အခန်းအပြင်ဘက်မှ ခြေသံကြား၍ လှမ်းမျှော်ကြည့်လိုက်ရာ ကျော်ဝင်းကို မြင်သဖြင့် "ကိုကျော်ဝင်း ပလိစ်" ဟု ခေါ်ရင်း ထလာလေရာ ကျော်ဝင်းမှာ ဆက်၍မလျှောက်နိုင်တော့ဘဲ လှည့်၍လာရလေ၏။

ထို့နောက် အခန်းတံခါးဝတွင် နှစ်ယောက်သား ရပ်ကြကာ မသန်းမြင့်က "ကိုကျော်ဝင်း ကျွန်မကို လိုက်ရှာနေသလား" ဟု မေးလိုက်ရာ ကျော်ဝင်းမှာ အဖြေရခက်သွားလေ၏။

ကျော်ဝင်းသည် အတန်ကြာစဉ်းစားပြီးမှ မသန်းမြင့်၏စကားကို တိုက်ရိုက်မဖြေဘဲ "အလကားပဲ အားလို့လျှောက်လာတာ။ မသန်းမြင့် ဘာလုပ်နေသလဲ" ဟု မေးလေ၏။

"ကျောက်စာကူးနေတယ်"

"ဆရာကော ဘာလုပ်နေသလဲ"

"အနားကကြည့်ပြီး ပြောနေတယ်"

ကျော်ဝင်းသည် အခန်းထဲသို့ ကြည့်လိုက်ရာ၊ ဆရာတင်အောင်ကလည်း မိမိတို့အား ကြည့်နေသည်ကို မျက်နှာချင်း ဆုံမိကြလေ၏။ ထိုသို့ ခေတ္တမျှကြည့်နေကြပြီးမှ မပြုံးမရယ် နှုတ်မဆက်ကြဘဲ မျက်နှာလွှဲလိုက်ကြလေ၏။

"အခု စနေနေ့မှာ ကျွန်မတို့ဟောလ်မှာ ဆိုရှယ်ရှိတယ်။ ကိုကျော်ဝင်း လာနိုင်မယ် မဟုတ်လား"

"မသန်းမြင့်ဖိတ်ရင် လာရတာပေါ့"

"နို့ . . . အခုဖိတ်နေတာ မဟုတ်လားလို့" ဟု မသန်းမြင့်က ပြောလိုက်သဖြင့် ကျော်ဝင်းမှာ အဖြေမပေးနိုင်သေးဘဲ ပြုံးရယ်၍နေလိုက်ရလေ၏။

ထို့နောက် မသန်းမြင့်က အသံတိုးတိုးဖြင့် "ကိုကျော်ဝင်း စနေနေ့ကို အားသလား" ဟု မေးလေ၏။

"အားသားပဲ။ ရုပ်ရှင်ကြည့်ချင်လို့လား" ဟု မေးလေ၏။

"ဂလုပ်ကလဲမည့်ကားဟာ ကောင်းတယ် ပြောတယ်။ ကျောင်းပြန်ဖွင့်ကတည်းက တစ်ခါမှ ရုပ်ရှင်မသွားရသေးဘူး"

ကျော်ဝင်းမှာ မသန်းမြင့်၏အလိုကို မငြင်းနိုင်သဖြင့် ရုပ်ရှင်ပြရန် ကတိပေးခဲ့ပြီးနောက် နှုတ်ဆက်ပြီး ထွက်သွားလေ၏။ စောင့်နေသော သိန်းဖေမှာ ကျော်ဝင်းထွက်သွားသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် နောက်မှပြေး၍လိုက်လေ၏။

"ဘယ့်နှယ်လဲ ကိုကျော်ဝင်း၊ ခင်ဗျားတို့နှစ်ယောက် စကားများကြမလား မှတ်ပါတယ်၊ ရယ်လို့မောလို့ပါလား"

"အို . . . ဘာပြုလို့ ရန်ဖြစ်ရမှာလဲဗျ၊ အကြောင်းမှ မရှိဘဲနဲ့၊ ရိုးရိုးပြောတဲ့ စကားကို ရယ်ရယ်မောမောပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူးလေ၊ ဟိုငနဲနဲ့ ခင်ဗျားမြာနဲ့ ဘာတွေညာတွေလုပ်တာ မြင်ရသလား လို့"

"ရှိုးရှိုးတန်းတန်း ပြောဆိုနေကြတာပဲဗျ"

"ခင်ဗျားက ထင်နေတာကိုးဗျ။ မသန်းမြင့်က ရိုးပေမယ့် ဟိုက ပိုးချင်ပိုးနေမှာ"

"ဆင့်ဖင်နဲ့ သစ်ငုတ်နဲ့ အလွတ်ကြီးပါဗျာ။ ခင်ဗျားက ပူမနေပါနဲ့"

"ကောင်းပါပြီဆရာ၊ ဒီလို သဘောထားကြီးကြီးထားတယ်ဆိုတာ သိရတာ ဝမ်းသာပါတယ်။ နောက်တော့သာ မသန်းမြင့် သူ့လက်ထဲ ပါသွားလို့ အိုးကြို့အိုးကြား က ထွက်လာတဲ့ ကြွက်ဆင်းရဲ မျက်နှာကလေးနဲ့ အမယ်လေး. . . ကိုသိန်းဖေရဲ့၊ ကျွန်တော့်ကို မကယ်နိုင်တော့ဘူးလား အစ်ကိုကြီးရဲ့လို့ လာလုပ်မနေနဲ့"

ကျော်ဝင်းတွင် သိန်းဖေ ပြောပုံဆိုပုံ အမူအရာကို သဘောကျကာ ပြုံးရယ် လျက် "ကိုယ့်လူက အပြောကတော့ သိပ်ပါတာပဲ" ဟု ဆိုရင်း သိန်းဖေ၏ကျောကို ပုတ်လိုက်ရာ သိန်းဖေသည် တစ်စုံတစ်ရာကို လန့်ကာ မိမိကျောကို ပြန်ကြည့်လေ၏။

"ဘာလန့်တာလဲဗျ"

"ကျောပုတ်သလိုလို ဘာလိုလိုနဲ့ မျောက်မြီးများ တပ်ထားသလားလို့ လန့်ရ တာပေါ့။ ခပ်စောစောက နောက်ခုံက ငနဲတွေ ကျွန်တော့်ကို မျောက်မြီးတပ်လွှတ်လိုက် လို့ သောက်ရှက်ကွဲပြီးပြီ"

"ခင်ဗျား ရှက်တာများ နားလည်သေးသကိုး။ ဟဲ ဟဲ ကိုယ့်လူချင်း မယုံ မကြည် မရှိပါနဲ့ဗျာ"

"ကိုယ့်လူချင်း ဖယ်ထားတော့။ ကိုယ်ကကျူးရင် ကိုယ့်ဒူးမပြောနဲ့ ကိုယ့်ဖင် တောင် မယုံရဘူး"

"ခင်ဗျားပြောမှဖြင့် အဆန်းချည်းပဲ"

"မဆန်းပါဘူး။ ခင်ဗျားလည်း တွေ့ဖူးမှာပဲ။ တစ်ခါတလေ ဝမ်းနာလို့ အိမ်သာထဲ ဝင်တယ်။ ဝမ်းမသွားရဘဲ လေလယ်ရုံနဲ့ ပြီးခဲ့ရတယ်။ ဖင်ကတောင် ဒီအထိ လိမ်ရင် တစ်ခြားလူတော့ မပြောနဲ့တော့"

ကျော်ဝင်းသည် သိန်းဖေ၏ဖြေရှင်းပုံကို သဘောကျ၍ ရယ်မောမိလေ၏။ ထို့နောက် ကွန်းမွန်းရှမ်းအနီးသို့ ရောက်လာကြရာ ထိုအခန်းနားတွင် ရပ်ကြပြီး ကျော်ဝင်းက "ကဲ ဘယ်သွားကြမလဲ" ဟု မေးလေ၏။

"ဘယ်မှ သွားစရာ မရှိဘူး"

"လက်ဖက်ရည် သောက်ဦးမလား"

"အချိန်မရှိဘူး။ နောက်အချိန် ကလပ်စ်တက်ရဦးမယ်။ ဒီအခန်းထဲသွားပြီး ခဏထိုင်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ကျွန်တော် ဟိုလူနဲ့ပြန်ပြီး တွေ့လိုက်ဦးမယ်ဗျာ၊ ခင်ဗျား နေရစ်ပေတော့"

"သွားစေဗျား၊ သွားစေ" ဟု သိန်းဖေက ခွင့်ပြုပြီး "အိုင်ဆေး ညနေအားရင် ဘယ်မှမသွားနဲ့ဦးဗျ၊ ကျွန်တော့်စောင့်နေပါ၊ ဘုရားကို သွားရအောင်"

"ဘယ်အားမလဲဗျ။ ရိဂတ္တာ (လှေပြိုင်ပွဲ) နီးလာပြီ။ ညနေတိုင်း ပရိက်တစ်ဆင်းနေရတယ်။ ခင်ဗျားလည်း အသိသားနဲ့"

"အော် ဟုတ်သားပဲ။ ကျွန်တော် သတိမေ့နေတယ်။ ကဲ သွားပေတော့" ဟု ဆိုကာ သိန်းဖေသည် အခန်းတွင်းသို့ ဝင်၍သွားလေ၏။

ㅁㅁㅁ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၀)

စနေနေ့တွင် နေ့တစ်ဝက် ကျောင်းဆင်းသဖြင့် မသန်းမြင့်မှာ အင်းလျားဆောင်သို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် မြို့ထဲသို့သွားရန်ကို ပထမဦးဆုံး အမှတ်ရကာ အလှပြင်ရန် ရေမိုးချိုးလေ၏။ မိန်းကလေးများမှာ ဣန္ဒြေရှင်ဟု အခေါ်ခံကြရသော်လည်း ယောကျ်ားကလေးများရှေ့တွင် တစ်ယောက်ချင်း ဖြစ်နေသည့်အခါ ရှက်သလိုလို ကြောက်သလိုလို အမူပိုနေခြင်းကို အကြောင်းပြု၍ ဣန္ဒြေရှင်ဟု ခေါ်ဝေါ်သမုတ်ကြလေရော့သလား မသိ။ ၎င်းတို့ချည်း ရှိကြသည့်အခါ၌မူကား အင်းလျားဆောင်၌လည်း ရေချိုးခန်းမင်းသမီးတွေ အများအပြားပင်ရှိကာ သံသေးသံကြောင်ဖြင့် သီဆိုပျော်မြူးလျက် အူရှင်နေကြသည်ကို တွေ့ကြရလေ၏။

အချို့မှာ အခန်းတစ်ခန်းထဲတွင် (၄၊ ၅၊ ၆) ယောက် စုရုံးကာ ဟားတိုက်၍ နေကြလျက် ယောကျ်ားကလေးများ၏ ကျောင်းဆောင်ခန်းများ၌မှာကဲ့သို့ပင် ထင်ရာမြင်ရာ ကြနေတတ်ကြပေ၏။

မသန်းမြင့်သည် ရေချိုးခန်း မင်းသမီးတို့၏ အချစ်ဖွဲ့ အလွမ်းဖွဲ့များကို နားသောတဆင်ရင်း ရေချိုးပြီးနောက် မိမိအခန်းသို့ ပြန်ရောက်သောအခါ အလှအပပြင်ဆင်မွမ်းမံ၍နေလေ၏။ ထိုသို့ မသန်းမြင့် ဖီးလိမ်းပြင်ဆင်နေသည်ကို အနားမှထိုင်၍ ကြည့်ရှုကာ မသန်းမြင့်၏အလှဂုဏ်ကို အားကျသူလည်း မရှား။ ဆံမြိတ်တို၍မြင်းမြီးပြတ်နှင့်တူသည် စသည်ဖြင့် ရွှတ်တီးရွှတ်တ ပြောသူကလည်း မရှားသဖြင့် မသန်းမြင့်မှာ ၎င်းတို့၏နောက်ပြောင်ခြင်းကို အတော်ပင် သည်းညည်းခံလျက် ဖီးလိမ်းဝတ်ဆင်၍နေရလေ၏။

မသန်းမြင့်လည်း ဝတ်စားဆင်ယင်ပြီးနောက် အခန်းတွင်းရှိ ကျေနပ်သူ

www.burmeseclassic.com

ကလေးများနှင့် ရွှင်ရွှင်ပြုံးပြုံး သောလုံးရယ်လုံးများနှင့် ပြောဆိုနေကြစဉ် ချာပရာစီ ရောက်လာကာ အောက်၌ဧည့်သည်စောင့်နေသည်ဟု ပြောလိုက်သည်တွင် ကျော်ဝင်းကို တွေ့ရတော့မည်ဟု အားရဝမ်းသာဖြစ်လျက် "ကဲ မိမိတို့ မမတို့၊ တခြားအခန်း ပြောင်းကြပေရော့" ဟု နှင်ထုတ်ယူရလေတော့၏။

မသန်းမြင့်သည် လှေကားမှ ဆင်းလာရင်း မိမိ၏ဝတ်ပုံစားပုံ အဘယ်နေရာတွင် လို၍နေလေသနည်းဟု အပြန်အလှန် ကြည့်ရှုကာ အင်္ကျီစ,ဆွဲ၍ပြင်၊ လုံချည်စညီအောင်ညှိနှင့် ပြုပြင်ကာ လာခဲ့လေ၏။

ဧည့်ခန်းသို့ ဝင်သည့်အခါ မသန်းမြင့်သည် မိမိမျှော်လင့်သည့်အတိုင်း မဖြစ်ဘဲ ကျော်ဝင်းကို မတွေ့ရ။ ဆရာတင်အောင်ကို တွေ့ရသောအခါ စိတ်အပျက်ကြီးပျက်၍သွားကာ ဆရာတင်အောင်အား အတွေ့ခံရလျှင် ကောင်းမည်လော၊ အတွေ့မခံဘဲနေလိုက်ရ ကောင်းမည်လောဟု ချိန်ဆနေစဉ်မှာပင် မိမိအား ဆရာတင်အောင်မြင်သွားပြီ ဖြစ်သည်ကို  တွေ့ရသောကြောင့် ရှောင်လွှဲခြင်းငှာ မတတ်သာတော့ဘဲ ဆရာတင်အောင် ရှိရာသို့ ဆက်၍ လျှောက်သွားရလေ၏။

"ဆရာ တယ်ပြီးစောပါလား။ ဘာအကြောင်းထူး ရှိလို့လဲ"

"မစောပါဘူး" ဟု ဆိုကာ ဆရာတင်အောင်သည် မိမိ၏ရွှေလက်ပတ်နာရီကို အင်္ကျီလက်မှ လှန်၍ကြည့်ကာ "နှစ်ချက်တောင် ထိုးတော့မယ်။ ဒီကနေ့ ရုပ်ရှင်သွားမလို့ မသန်းမြင့်တို့ကို ခေါ်ရအောင် လာတာ" ဟု ပြောလျှင်ပင် မသန်းမြင့်မှာ မျက်လုံးပြူး၍သွားတော့မည်ကဲ့သို့ဖြစ်ကာ ဣန္ဒြေမပျက်ရအောင် အတော်ပင် စိတ်တင်းထားလိုက်ရလေတော့၏။

ကျော်ဝင်းအား ရုပ်ရှင်ခေါ်ရန် ပြောထားသည့်နေ့မှ ယခုကဲ့သို့ ဆရာတင်အောင်ရောက်လာကာ ရုပ်ရှင်သို့ ခေါ်နေသည်ကို တွေ့ရလေရာ မသန်းမြင့်မှာ မည်ကဲ့သို့ ဆုံးဖြတ်ရမည်ကို ဝေခွဲ၍မရနိုင်ဘဲ အကြံအိုက်၍သွားလေ၏။ စောစောက အခြားသူနှင့် ကြိုတင်ချိန်းဆိုချက် ထားရှိသည်ဟု ဆရာတင်အောင်အား ပြောရမည်မှာ ဆရာတင်အောင် ပါမှ မြို့ထဲသို့ သွားလာရန် မိခင်ဖြစ်သူက ကြည့်ရှုစောင့်ရှောက်ရန် အပ်နှံထားခဲ့သဖြင့် အခြားသူနှင့်သွားမည်ဆိုသောစကားမှာ ပြော၍မဖြစ်နိုင်အောင် ရှိလေ၏။ ထိုသို့ ပြော၍မဖြစ်နိုင်သဖြင့် ဆရာတင်အောင်နှင့် လိုက်ရန်ကလည်း ကျော်ဝင်းအား သေချာစွာ ပြောဆိုပြီးမှ စကားဖျက်ရမည်မှာ သာ၍ပင်ခက်ခဲနေသောကြောင့် မသန်းမြင့်မှာ အဖြေပေးရန် စကားကို အတော်ပင် အချိန်ဆွဲပြီး စဉ်းစားရရှာလေတော့၏။

"မလိုက်နိုင်ဘူးထင်တယ် ဆရာ။ နေမကောင်းဘူး"

"မညာပါနဲ့ မသန်းမြင့်ရယ်။ ဖီးလိမ်းဝတ်စားထားတဲ့ လူတစ်ယောက်က နေမကောင်းဘူးပြောတာ ယုံစရာ ရှိပါ့မလား၊ အားနာလို့ မလိုက်ချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"အားနာလို့ မဟုတ်ပါဘူး။ ဘာအားနာစရာ ရှိသလဲ"

"ဒါဖြင့် တခြားချိန်းထားတာ ရှိလို့လား"

"မရှိပါဘူး ဆရာ၊ ဆရာကလည်း မဟုတ်တဲ့စကားတွေ ပြောနေပြန်ပါပြီ။ ဘယ်သူနဲ့ ချိန်းထားရမှာလဲလို့"

"ဒီလိုဆိုရင် ဘာမလိုက်နိုင်စရာ ရှိသလဲ မသန်းမြင့်ရယ်။ အခုလည်း ဝတ်စားပြီးသားပဲ။ လိုက်မယ်ဆို အဆင်သင့် ထပြီးလိုက်ရုံရှိတာပဲ"

မသန်းမြင့်သည် မိမိ၏လည်တွင် ဆွဲထားသော ပုလဲပုတီးကလေးကို လက်နဲ့ဆွဲဆန့်ကာ ပုတီးစေ့တစ်လုံးကို ကြိုးပေါ်တွင်လှည့်လျက် စူးစိုက်ကြည့်ရှုရင်း စဉ်းစားတွေဝေ၍နေလေ၏။

ထိုအခိုက်တွင် ဆရာတင်အောင်နှင့် အလွမ်းသင့်နေကြသော ကျောင်းသူကလေးနှစ်ယောက် ရောက်ရှိလာကြကာ "ဘယ့်နှယ်လဲ ဆရာ၊ ရုပ်ရှင်ပြမယ်ဆိုတာ ဘယ်လောက် ကြာပလဲ၊ တစ်ခါမှ မခေါ်သေးဘူး" ဟု တစ်ယောက်က ပြောလေ၏။

"အခု ရုပ်ရှင်ခေါ်ရအောင် လာတာပဲလို့၊ အပြစ်တင်တာ စောလွန်းလှချည့်လား၊ ဟောဒီမှာ မသန်းမြင့်ကို ခေါ်နေတာ၊ သူက အင်တင်တင် လုပ်နေတယ်"

"သူကတော့ ဘာလိုက်ချင်မလဲ" ဟု ကျောင်းသူတစ်ယောက်က ပါးစပ်ဟလိုက်ရာ "မသန်းမြင့်က တော်ပါရှင် ဘာတွေမဟုတ်မဟတ် ပြောဦးမှာလဲ" ဟု ရုတ်တရက် စကားပိတ်လိုက်ရလေ၏။

"ကဲလေ၊ လိုက်မှာဖြစ်ရင်လည်း ငြင်းမနေပါနဲ့တော့။ ကျွန်မတို့လည်း လိုက်မှာပဲ၊ လာပါ မသန်းမြင့်ရယ်" ဟု အတင်းဆွဲလေ၏။

"အမလေး၊ သိပ်မဆွဲကြပါနဲ့ဦး၊ လက်ပြုတ်ထွက်ရချည်ရဲ့။ ခင်တို့ လိုက်မယ်ဆိုရင် ဖီးချေလိမ်းချေကြလေ။ ကျွန်မတော့ ပြီးပြီးသားပဲ"

"ကဲ. . . ဒါဖြင့် စိတ်ချပါရစေနော်။ သွားခါနီးကျမှ ကေတိကာတိ ဂျီးများမနေနဲ့ဦး" ဟု ဆိုကာ ကျောင်းသူနှစ်ယောက်လည်း အဝတ်အစား လဲလှယ်ဝတ်ဆင်ရန် ကျောင်းပေါ်သို့ ပြန်သွားကြသဖြင့် မသန်းမြင့်မှာ ဆရာတင်အောင်နှင့် ကျန်ရစ်ရင်း တွေးတောစိတ်အိုက်ကာ အကြံရခက်နေလေတော့၏။

ကျော်ဝင်းမှာ ရေချိုးနေစဉ် မိမိ၏အခန်းထဲမှ လုံချည်အားလုံးကို သိန်းဖေယူ၍ ဝှက်ထားသဖြင့် ဒေါပွလျက် ရှိနေလေ၏။ ဖိနပ်စီးပြီးသား၊ ရှပ်အင်္ကျီဝတ်ပြီးသား၊ ဆံပင်ဖြီးပြီးသား ရှိသော်လည်း လုံချည်မရှိဘဲ ဖြစ်နေသောကြောင့် အတွင်းခံဘောင်းဘီကလေးကို ဝတ်ကာ ဒူးပေါ်ပေါ် ပေါင်ပေါ်ပေါ်နှင့် တစ်ကျောင်းလုံးနှံ့အောင် သိန်းဖေအား လိုက်၍ရှာနေသည်ကို မြင်ရသော ကျောင်းသားများ ရယ်မောနောက်ပြောင်၍မဆုံးနိုင်အောင် ရှိကြလေ၏။

"ဟောဒီမှာဗျို့ ကိုကျော်ဝင်း လုံချည်လည်း မပါဘူး။ ကျောင်းပေါ်မှာ လျှောက်

www.burmeseclassic.com

www.burmeseclassic.com

နေတယ်၊ ကြည့်ကြစမ်းပါဦး" ဟု ကျောင်းသားတစ်ယောက်က ကျယ်ကျယ်လောင်လောင်ကြီး ဟစ်အော်ကြွေးကြော်လိုက်ရာ အခန်းအောင်းနေသော ကျောင်းသားများမှာ အကယ်ပင် လုံချည်မပါ ဗလာချည်းနီး ဖြစ်နေရှာသလားဟု ထွက်ကြည့်ကြပြီးမှ လုံချည် မပါသော်လည်း ဘောင်းဘီ ရှိနေသည်ကို တွေ့ကြရ၍ အထင်နှင့် မကိုက်သောကြောင့် ဟစ်အော်သူ၏စကားကို တွေးပြီး ပြုံးမိကြလေ၏။

ကျော်ဝင်းသည် သိန်းဖေ၏ အခန်းသို့ သွားရောက်ကြည့်ရှုပါသော်လည်း အခန်းအပြင်ဘက်မှ တံခါးပိတ်ထားသည်ကို တွေ့ရပြီး အထဲ၌လည်း ပုန်းအောင်းနေသည်ကို မတွေ့ရသောကြောင့် အရှာရခက်၍နေလေ၏။ မသန်းမြင့်ထံ သွားရမည့်အချိန်ကလည်း နီး၍နေပြီဖြစ်သောကြောင့် ကျော်ဝင်းမှာ နာရီကို ကြည့်မိတိုင်း ဒေါပွကာ သိန်းဖေ ခါတိုင်းနောက်သည်ထက် ထိုနေ့တွင် နောက်ခြင်းကို ဒေါသဖြစ်မိလေ၏။ ကျော်ဝင်း၏ရှပ်အင်္ကျီမှာ ကုလားများ ရှပ်အင်္ကျီ အပြင်ထုတ်၍ ဝတ်သကဲ့သို့ အတွင်းခံပေါင်ကပ်ဘောင်းဘီတိုကလေးကို ဖုံးအုပ်၍နေလေရာ အင်္ကျီက ပွရောင်းရောင်း၊ မျက်နှာထားက ဒေါဖောင်းဖောင်းဖြင့် သိန်းဖေအား ရှာနေသော ကျော်ဝင်းမှာ မြင်ရသူတို့အဖို့၌ ရယ်စရာ ဖြစ်နေလေ၏။ ထိုသို့ ကျော်ဝင်းသည် သိန်းဖေကို ရှာနေရင်း ထမင်းစားခန်းမှ ဖြတ်၍လျှောက်လာသော အဆောင်မှူးနှင့် ရင်ဆိုင်တိုးနေသဖြင့် မိမိအဝတ်အစားကို ငုံ့ကြည့်ကာ နောက်သို့ပြန်လှည့်ပြီး သုတ်ခြေတင်ခဲ့ရလေ၏။

ကျော်ဝင်းသည် မိမိ၏အခန်းသို့ ပြန်သွားကာ ခုတင်ပေါ်တွင် ခြေတွဲလောင်းချလျက် စိတ်ပျက်စွာထိုင်၍နေရင်း မည်သူ့ထံမှ အဝတ်အစားငှား၍ သွားရပါမည်နည်းဟု စဉ်းစားခန်းထုတ်နေလေ၏။

ထိုအခိုက်တွင် "ကပ်ပရားဝါလားဟဲ့၊ မန်းဒလေး လွန်းဂီ၊ ဘန်ကောက်လွန်းဂီ၊ အခြားဝါလားမားလ်ဟဲ၊ ဘို့သ်ဆာ့စကားဝါးလားဟဲ၊ ဟော့ ထိုးဒတ်ဆန်နား၊ ခြောက်မူး ခြောက်မူး" နှင့် ဟစ်အော်နေသော သိန်းဖေ၏အသံကို ကြားရသဖြင့် ဖြုန်းကနဲထကာ အခန်းဝမှ ထွက်၍ကြည့်လိုက်လေ၏။

သိန်းဖေသည် မူစလင်ကျောင်းသားတစ်ယောက်ထံမှ ငှားယူဟန်ရှိသော ကုလားဦးထုပ်ကိုဆောင်းကာ ဘယ်ဖက်လက်ပေါ်တွင် လုံချည်များကို အခေါက်လိုက်ဖြန့်၍ ချိတ်တင်ကာ လက်တစ်ဖက်မှ လုံချည်တစ်ထည်ကိုမြှောက်ရင်း "လေးလိုးဘိုင်၊ လေးလိုးဘိုင်" နှင့် အခန်းပေါက်တိုင်းရပ်၍ လုံချည် ရောင်းနေသည်ကို တွေ့ရသဖြင့် ကျော်ဝင်းသည် အခန်းထဲမှ ထွက်၍လိုက်လေ၏။

သိန်းဖေသည် ကျော်ဝင်း ပြေးလိုက်လာသည်ကို တွေ့ရသည်နှင့်တစ်ပြိုင်နက် လုံချည်များကို ပစ်ချထားခဲ့ပြီးလျှင် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် မိမိ၏ အခန်းသို့ ပြန်ပြေးကာ တံခါးကို မြန်မြန်ဖွင့်ပြီး အတွင်းသို့ဝင်၍ ပိတ်ထားလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းသည် မိမိလုံချည်များကို ပြန်၍ကောက်မယူနိုင်သေးဘဲ သိန်းဖေ၏ ကျောကိုထုရမှ ကျေနပ်မည် ဖြစ်သဖြင့် သိန်းဖေ၏နောက်သို့ အတင်းလိုက်ရာ သိန်းဖေ၏အခန်းသို့ရောက်လျှင် တံခါးပိတ်ထားသည်ကို တွေ့ရသောကြောင့် မကျေမနပ်ဖြစ်ရင်း "ကိုသိန်းဖေ ခင်ဗျား သိပ်နောက်တဲ့လူ၊ နောက်စရာရှားလို့ဗျာ၊ သွားခါနီး လာခါနီး ဒီလိုလုပ်တာ ဘာကောင်းမလဲဗျ" ဟု ဆိုကာ တံခါးကို ဝုန်းခနဲမြည်အောင် ခြေနှင့်ကန်လိုက်သဖြင့် အတွင်းမှ တဟားဟား ရယ်မောနေသောကြောင့် မခံချိမခံသာဖြစ်ကာ ပြန်၍လာခဲ့ရလေ၏။

သိန်းဖေမှာ မိမိအကျီစားလွန်ခြင်းကြောင့် ကျော်ဝင်း စိတ်ဆိုးနေပြီကို ရိပ်မိကာ အခန်းထဲမှမထွက်ရဲဘဲ ရှိနေလေ၏။ သို့နှင့် တစ်ယောက်တည်း ကြိတ်မြုံကာ အခန်းထဲ ကုပ်၍နေပြီးလျှင် ကျော်ဝင်းထွက်၍ သွားချိန်တန်သည့်တိုင်အောင် တပိန်ပိန် တလိန်လိန်နှင့် ဒုက္ခခံ၍နေရလေ၏။

ထို့နောက် ကျော်ဝင်း ထွက်သွားပြီဟု စိတ်ချရလောက်သောအချိန်သို့ရောက်မှ အခြားသူများအခန်းသို့သွား၍ ရှုပ်နောက်ဦးမည်ဟု အခန်းတံခါးကို ချောက်ကနဲ ဖွင့်လိုက်စဉ် တစ်ဘက်ခန်းရှိ ကျောင်းသားတစ်ယောက်က "ဟေ့လူ ပြန်ဝင်၊ ပြန်ဝင် ကိုကျော်ဝင်း လာနေတယ်" ဟု ဆိုလိုက်သဖြင့် ပြုံးပြင်းနှင့် အခန်းတွင်းသို့ ပြန်ဝင်ကာ တံခါးပိတ်လိုက်ရလေ၏။ ထိုအခါမှ တစ်ဘက်ခန်းမှ အားရပါးရ ရယ်မောသံကို ကြားရသောကြောင့် "ဟာ. . . သိပ်နောက်တဲ့လူပဲ၊ တကယ်လားလို့ လန့်သွားတာပဲ" ဟု ညည်းတွားကာ တံခါးကို ပြန်ဖွင့်၍ ထွက်လာလေ၏။

"ဟား ဟား. . . ကိုယ့်လူက ကြောက်တော့လည်း အကြောက်သားပဲ။ ဒါနဲ့များ နောက်ချင်သေးတယ်"

"မလုပ်နဲ့ဆရာ၊ သူ့လက်သီးတစ်လုံးမိလိုက်ရင် သုံးနှစ်လောက် လူစဉ်မီမှာ မဟုတ်ဘူး။ ဒေါပွနေတုန်းတော့ လန့်ရပါပြီလား" ဟု ဆိုကာ သိန်းဖေသည် ထိုကျောင်းသား၏ အခန်းထဲသို့ ဝင်သွားလေ၏။

"ခင်ဗျား ကျွန်တော့်အခန်းထဲ လာပြီးတော့ နောက်မနေနဲ့ဆရာ။ ကောင်းကောင်း နေရင်နေ၊ မနေရင် စောစောစီးစီးထွက်၊ ခင်ဗျားတော့ လန့်တယ်"

"မလန့်ပါနဲ့ဗျာ၊ စိတ်ချပါ။ ကျွန်တော် ကောင်းကောင်းမွန်မွန် နေပါ့မယ်။ စကားပြောမယ့်လူ မရှိလို့ပါ"

"ခင်ဗျား တစ်ယောက်ဟာလေ၊ သိပ်ပြီး အံ့ဩဖို့ကောင်းတဲ့လူ။ နောက်တဲ့ဘဝတော့ ကမ်းကုန်နေတာပဲ" ဟု ချီးမွမ်းလိုက်သဖြင့် သိန်းဖေမှာ ကျေနပ်ခြင်းဖြစ်ကာ ပြုံး၍နေမိလေ၏။ သို့နှင့် သိန်းဖေမှာ ထိုအခန်းထဲတွင် နေခွင့်ရကာ ထိုကျောင်းသားနှင့်အတူ ရယ်သွမ်းပြောဆို၍နေလေ၏။

ထိုသို့ပြောဆိုနေကြ၍မှ များစွာမကြာသေးမီ အခန်းဝတွင် ကျော်ဝင်း လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်၍ ရပ်နေသည်ကို တွေ့ရလေရာ ထိတ်၍သွားလေ၏။

"ဟေ့လူ လာခဲ့၊ လာခဲ့။ ခင်ဗျားတော့ ကောင်းကောင်းတွယ်ပြီးပေးရဦးမယ်" ဟု ကျော်ဝင်းက ပြောလိုက်ရာ သိန်းဖေသည် ရယ်ရွှမ်းပတ်ရွှမ်းဖြင့် မျက်နှာချိုသွေးကာ "ကျွန်တော် လာပါပြီခင်ဗျာ။ တုတ်ကောက်ခဲ့ရဦးမလား" ဟု ဆိုလျက် ကျုံ့ကျုံ့ယုံ့ယုံ့ ကုန်းညွတ်၍ ထွက်လာလေ၏။

ကျော်ဝင်းသည် ဒေါပါပါဖြင့် သိန်းဖေ၏နားရွက်တစ်ဖက်ကို ဆွဲ၍မြှောက်လိုက်ရာ သိန်းဖေသည် ကိုယ်ကိုဆန့်၍ ကျော်ဝင်း ဆွဲရာသို့ ပါသွားကာ "ကိန် ကိန် ကိန်" နှင့် အော်ပြလိုက်သဖြင့် ကျော်ဝင်းမှာ ဒေါသမဖြစ်နိုင်တော့ဘဲ ပြုံးမိလေ၏။

သိန်းဖေ ထွက်လာသောအခန်းမှ ကျောင်းသားက သိန်းဖေ၏အော်သံကို ကြားရ၍ ပြုံးရယ်ကာ "ဒီခွေးဟာ သဘော်ခွေးမစစ်ဘူး။ နားရွက်ဆွဲတာ အော်တယ်" ဟု နောက်လိုက်လေ၏။ "အော်မှာပေါ့ဗျာ၊ နတ်သုဒ္ဓါစားနေရတဲ့ခွေးပဲ၊ နှုတ်သီးမဲကြီးနဲ့" ဟု ကျော်ဝင်းက ဆက်လက်နောက်လိုက်ရာ သိန်းဖေက "ထွီ" ကနဲ ရွံရှာသည့်သဖွယ်ပြု၍ "ကျွန်တော် ပါးစပ်သနအောင် မပြောပါနဲ့ဗျာ။ ဒီအစာမှ ကျွန်တော် ကြိုက်တတ်တာ" ဟု ပြန်၍ရွတ်လိုက်လေ၏။

နောက် ကျော်ဝင်းက သိန်းဖေ၏နားရွက်ကို လွှတ်လိုက်ပြီး "လာ ခင်ဗျား အခန်းထဲကိုသွားမယ်" ဟု ခေါ်လေ၏။

သိန်းဖေ၏အခန်းထဲသို့ရောက်လျှင် ကျော်ဝင်းက "ခင်ဗျား သိပ်ပြီးစိတ်ဆိုးဖို့ ကောင်းတဲ့လူဗျာ" ဟု ဆိုရာ သိန်းဖေက "စိတ်လည်းဆိုးသားနဲ့ဗျာ၊ စိတ်ဆိုးဖို့ ကောင်းနေရသေးသလား" ဟု စကားကျကောက်၍ ပြောလိုက်လေ၏။

"တော်ဗျာ။ ခင်ဗျား နောက်ဖို့ပဲတတ်တယ်။ ခင်ဗျား နောက်တာနဲ့ မသန်းမြင့်နဲ့ မတွေ့ရတော့ဘူး၊ ကောင်းသေးရဲ့လားလို့"

"တယ်တော့ကောင်းပုံမရဘူး" သိန်းဖေက အနောက်မလျှော့သေးဘဲ "ဘယ့်နှယ်ဖြစ်နေပြန်တာလဲဗျ၊ တကယ့်ကို မတွေ့ခဲ့ရဘူးလား" ဟု မေးလေ၏။

"ဩော် ကျားကိုက်ပါတယ်ဆိုမှ နာတာရှည်လားလို့ဗျာ။ အခု မတွေ့ရလို့ ပြန်ပြီးလာတာပေါ့ဗျ"

"ရှို့ သူဘယ်သွားသတုံး"

"သူနဲ့ကိုယ် မတွေ့ခဲ့ရဘူး။ အသိတစ်ယောက်နဲ့တွေ့လို့မေးတော့ ဆရာတင်အောင်နဲ့ ရုပ်ရှင်ထွက်သွားကြတယ်တဲ့။ စီစဉ်ထားတာတွေ ဘောက်ဖြစ်ကုန်တာပေါ့ဗျ။ အလကား ခင်ဗျား နောက်နေတာနဲ့ အချိန်ကုန်သွားတာ။ စောစောသွားရင် တွေ့မှာပေါ့ဗျ"

"အဲဒါ ကျပ်တာပဲ ဆရာတင်အောင်နဲ့ဆိုရင် ငါးပါးမှောက်ပါပြီ"

"ငါးပါးမှောက်တာထက် ကျွန်တော့်ကို စိတ်ကောက်သွားမှာ စိုးရတယ်၊

www.burmeseclassic.com

www.burmeseclassic.com


လာခေါ်ပါမယ်လို့ အသေအချာ ပြောဆိုထားခဲ့ပြီးမှ မလာဘူးဆိုတော့ စိတ်ဆိုးမှာပေါ့ဗျ။ ဒါကြောင့် ဆရာတင်အောင်နဲ့ လိုက်သွားသလားမှ မသိဘဲနဲ့ဗျာ၊ ခင်ဗျားကိုပဲ သိပ်စိတ်ဆိုးတာပဲ"

"ခင်ဗျားကလည်းဗျာ၊ ကျွန်တော့်အပေါ်မှာချည်း လုံးလုံးအပြစ်ချနေတာကိုးဗျ။ မသန်းမြင့် ဆရာတင်အောင်နဲ့ လိုက်သွားတာတော့ ခင်ဗျား ဘာမှမပြောဘူး။ တယ်တော်တဲ့လူ။ ကိုယ့်ရည်းစားမို့ တယ်ပြီးအပြစ်ကင်းတယ်၊ တကယ်ဆိုရင် ခင်ဗျား လာပြီးခေါ်မယ်ဆိုလျက်သားနဲ့ စောင့်နေပါဦးတော့တဲ့လားလို့။ အချိန်တွေ အများကြီး ရှိသေးသားနဲ့ဟာ"

သိန်းဖေ ပြောလိုက်သော စကားသည် ကျော်ဝင်းအား စဉ်းစားစရာ ဖြစ်သွားလေ၏။ သိန်းဖေ ပြောသည်မှာ ဟုတ်သလိုလို ရှိနေလေ၏။

"အစစ်ပဲဗျ၊ ဒါလည်း စဉ်းစားဖို့ရှိတာပဲ" ဟု ကျော်ဝင်းက ထောက်ခံလိုက်သဖြင့် သိန်းဖေသည် မိမိအပြစ်လုံးလုံးလွတ်အောင် ဆက်လက်၍ တွန်းပြန်လေ၏။

"ခင်ဗျား မသန်းမြင့်လည်း သိပ်ပြီးစိတ်ချမနေနဲ့ဗျ။ အခုတလော ဆရာတင်အောင်နဲ့ ပူးတွဲပူးတွဲ ဖြစ်နေတာ ခဏခဏ ခင်ဗျားလည်း အမြင်ရသားပဲ။ လောကကြီးမှာ ရည်းစားကို မပြောနဲ့ ကိုယ့်လက်ထဲ ရောက်နေပြီးသား မယားတောင် စိတ်ချရတာမျိုးမှ မဟုတ်ဘဲ။ ရှေးက ပုံအရှိသားပဲ၊ ကြုတ်ထဲမှာထည့်ပြီး ဝှက်ထားတာတောင် ဝိဇ္ဇာနဲ့ နှစ်ပါးသွားသေးတာ။ အင်းလျားဆောင်မှာ ရှိတာလောက်တော့ ဝိဇ္ဇာမိုရ်ပြီး ကျူတာဖြစ်နေတဲ့ လူတစ်ယောက်က အပျော့ပေါ့ဗျ"

"အေးဗျာ ဒီငနဲ ကြားဝင်ပြီးရှုပ်နေတာ။ ကျွန်တော်လည်း သူ့ကို တယ်ပြီး မသက်ာချင်ဘူး။ နို့ပေမယ့် မသန်းမြင့်တော့ မသင်္ကာစရာ မရှိပါဘူး။ ကျွန်တော့်အပေါ်မှာ သစ္စာရှိပါတယ်။ ဒါတော့ ကျွန်တော် စိတ်ချပြီးသား" ဟု ပြောပြီး နှစ်ယောက်သား စကားမဆက်ကြဘဲရှိကာ ငြိမ်သက်စွာ စဉ်းစားခန်းထုတ်နေကြလေ၏။ ထို့နောက်မှ ကျော်ဝင်းသည် စကားပြန်လည်၍ဆက်လက်ကာ "ဒါထက် ကျွန်တော့်ကို မသန်းမြင့် စိတ်ဆိုးမှာ သိပ်ပြီးစိတ်ပူနေတာပဲ" ဟု ပြောပြလေ၏။

"ဒီလိုဆိုရင် မြို့ထဲလိုက်သွားပါလားဗျ။ ရုပ်ရှင်ရုံမှာတော့ တွေ့မှာပဲ"

"ဟာ. . . ဘယ်ဖြစ်မလဲဗျာ၊ ဘယ်ရုံသွားကြည့်မှန်းမှ မသိဘဲနဲ့။ နို့ပြီး ဟိုဆရာနဲ့သွားတာ ကျွန်တော် မလိုက်ချင်ဘူးဗျာ။ ဒီလူ့မျက်နှာနဲ့ မဆိုင်ချင်ဘူးဗျ။ သူကပေမယ့် ကျွန်တော့်ကို မသန်းမြင့်နဲ့ ပြောတာဆိုတာ တယ်ပြီးမနာလိုချင်ဘူး"

"ဘာ နာလိုနိုင်ပါ့မလဲဗျာ။ ခင်ဗျားတို့နှစ်ယောက် ချစ်နေတယ်ဆိုတာ သူလည်း သိမှာပေါ့။ မသိချင်ယောင်ဆောင်နေတာ ဖြစ်ရင်ဖြစ်မယ်"

"ဒါ ထားပါဦး၊ မသန်းမြင့် စိတ်ကျေအောင် ဘယ်လိုလုပ်ရပါ့မလဲ၊ ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဗျာ. . . ဒါတော့ အကျိုးအကြောင်းရှင်းအောင် ပြောတာပေါ့။ ညကျတော့ အင်းလျားဟောလ်ဆိုရှယ်ကို ခင်ဗျား သွားဦးမှာပဲ မဟုတ်လား။ တွေ့တဲ့အခါ သူ့စကား လာစောင့်ပြီး အကျိုးအကြောင်း ပြောပြတာပေါ့"

"အင်း. . . ဒီနည်းပဲ ရှိတာပဲ"

"ကဲဗျာ၊ အင်္ကျီတွေဘာတွေချွတ်ပြီး ထားစမ်းပါဦး။ အေးအေးလူလူ ပျော်ပျော် ရွှင်ရွှင် စကားပြောရအောင်" ဟု သိန်းဖေကပြောမှ ကျော်ဝင်းလည်း အပေါ်အင်္ကျီကို ချွတ်၍ ချိတ်ကာ သိန်းဖေ၏ကုတင်ပေါ်တွင် လဲလျောင်းရင်း သိန်းဖေ၏ဗလရွှတ်တ ပြောစကားများ နားထောင်ကာ စိတ်ရှုပ်စရာများကို မေ့လိုက်ရလေ၏။

မသန်းမြင့်မှာမူ ရုပ်ရှင်သို့ လိုက်ပါသွားရသည်တွင် အနည်းငယ်မျှ စိတ် မကောင်းရှာချေ။ ထိုနေ့အဖို့ စိတ်ကြည်လင်ရွှင်ပြစွာ နေနိုင်လိမ့်မည်ဟု မျှော်လင့်ထား ကာမှ စိတ်မချမ်းမြေ့စရာ ဖြစ်ပေါ်လာကာ မိမိအား ကျော်ဝင်း အထင်လွဲမည်ကို စိုးရိမ်လျက် ဆရာတင်အောင်အပေါ်တွင် ကြိတ်၍ဒေါသဖြစ်မိလေ၏။

ဆရာတင်အောင်သည် မတစ်ထောင်တစ်ကောင်ဖွားသော ဖျံသိုးကြီးလုပ်နေ ကာ မိန်းကလေးများနှင့်အတူ ရုပ်ရှင်ပွဲထဲတွင် ယှဉ်တွဲ၍ထိုင်ရခြင်းကို ပီတိစိတ် ရွှန်းရွှန်း စိုလျက် ပြုံးချို၍နေကာ ဝေဿန္တရာနှင့် ဂုဏ်တုဂုဏ်ပြိုင် အလှူကြီးအတန်းကြီး ပေးနေ လေ၏။ ကျောင်းသူကလေးများမှာ စတုဒိသာချပွဲသို့ ရောက်သကဲ့သို့ ချောကလက်၊ ဧီးချိုသီး၊ အောရိန်းကရပ်တို့ကို မစားသောက်ချင်အဆုံးဖြစ်၍ နေကြလေတော့၏။

ရုံထဲတွင်ရှိကြသော ကျောင်းတော်သားအချို့တို့မှာ တို့ဆရာ နံပါတ်သုံးကို မျက်စောင်းတကဲကဲနှင့် ရှိကြလေ၏။ တို့ဆရာတို့မည်သည်မှာ တိုင်းပြည်ရန်သူနံပါတ် တစ်နှင့်မခြား၊ တက္ကသိုလ်ကျောင်းတော်ကြီးတွင် အလွန်ရှုပ်ထွေးသော ဆူးညှောင့် ခလုတ် အမှိုက်သရိုက်ကဲ့သို့ ကျောင်းတော်သားတို့၏စိတ်ထဲဝယ် ရွံရှာမုန်းတီးခြင်းခံရ သောသူများပင် ဖြစ်ပေ၏။ မသန်းမြင့်၏ စိတ်များမှာကား ရုပ်ရှင်ထဲတွင် အာရုံမစိုက် ဘဲနှင့် လေလွင့်လျက် ရှိရှာလေ၏။

ထိုအချိန်၌ ပုဂံဟောလ်ရှိ သိန်းဖေ၏အခန်းထဲ၌ အတီးအမှုတ်နှင့်တကွ စည်စည်ကားကားကြီး ဖြစ်၍နေသည်ကို တွေ့ကြရပေတော့၏။ သိန်းဖေသည်ကား စိတ်ပျော်လက်ပျော် ရှိလှသဖြင့် အဘိုးကြီးဆိုင်မှ လက်ဖက်ရည်နှင့်မုန့်များ အထူးစပါယ် ရှယ်မှာ၍ ကျွေးမွေးပြန်သောကြောင့် အမြဲဘိုင်ကျလေ့ရှိသော သိန်းဖေထံမှ စားရ သောက်ရခဲလှစွာသော ၎င်းကျွေးမွေးသည့်မုန့်များကို အားရမြိန်ရှက်စွာ အလုအယက် စားသောက်ကြလေ၏။

ကျော်ဝင်းမှာ ထိုသို့ စည်ကားပျော်ရွှင်စွာ ရှိကြခြင်းကို အကြောင်းပြု၍ စိတ် နှလုံး ကြည်လင်လာကာ စောစောက စိတ်မကောင်းခဲ့မိသော အကြောင်းများကို မေ့ ပျောက်ကာ အများနှင့်အတူရော၍ ပျော်ရွှင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com


အခန်းထဲတွင် ကျောင်းသားငါးယောက် ရှိသည့်အနက် မည်သူမျှ သီချင်းကြီး သီချင်းကောင်း တစ်ပုဒ်ဆုံးအောင် ကောင်းစွာမရကြသဖြင့် သီချင်းဆိုရင်းက သီချင်း မျက်စိလည်၍နေကာ မုန့်လုံးစက္ကူကပ်နေကြရကား ဆိုလိုက်တိုင်း ရယ်မော၍နေကြရလေ၏။ သိန်းဖေမှာကား သီချင်းအစတွင် ဟုတ်တိပတ်တိ ရှိလှသော်လည်း နားထောင်နေသူများ ချီးမွမ်း၍မဆုံးမီ ဓာတ်စက်အပ်သွားချောင်းချော်နေသလို တစ်နေရာတည်း၌ပင် အထပ်ထပ်လည်၍နေကာ ရှေ့သို့မတိုးနိုင်သောကြောင့် တော်စမိုး ဩဘာပေး၍ အတင်းပင် သီချင်းဆို ရပ်ခိုင်းရလေတော့၏။

ကျော်ဝင်းမှာကား အဆိုလည်းမရ၊ အတီးလည်းမရသူ ဖြစ်သောကြောင့် ပွဲကြည့်ပရိသတ်သက်သက်မျှ ဖြစ်နေလေရာ မည်သူမျှ အဟုတ်အဟတ် ကျကျနန သီဆိုနိုင်သည်ကို မတွေ့ရဘဲ ညည်းငွေ့၍လာကာ "အင်း ခင်ဗျားတို့ သီချင်းဆိုကြတာ ကောင်းတော့ ကောင်းပါရဲ့၊ နို့ပေမယ့် လူကြိုက်နည်းနေတယ်" ဟု ဆိုရာက ထ၍ အပေါ်အင်္ကျီကို လှမ်းယူလိုက်လေ၏။

"အိုင်ဆေး ကိုကျော်ဝင်း နေပါဦးဗျာ၊ အခုမှ စည်စည်ကားကား ရှိကာစ သွားတော့မလားဗျ" ဟု သိန်းဖေက တားလေ၏။

"ဒါလောက် သည်းခံပြီး နားညည်းခံနေရရင် ကျေနပ်လောက်ပါပြီဗျာ။ ဒီထက်တိုးပြီး နားမညည်းပါရစေနဲ့"

"ဩော်. . . ကျွန်တော်တို့ ဆိုတာ က,တာတွေကို အများကြီးပဲ သဘောကျတယ်လား၊ အယ်လား"

"နည်းနည်းလေးမှ မကြိုက်ပါဘူးတဲ့ဗျာ။ နားမထောင်ပါရစေနဲ့"

"ဩော်. . . ကျွန်တော့်ကို အများက တောင့်တ,ကြတယ်လား၊ အယ်လား"

"တော်စမ်းပါ သေခြင်းဆိုးရာ၊ ခင်ဗျားကို နည်းနည်းမှ ငါ သဘောမကျဘူးတဲ့။ ကိုင်း ကျုပ်သွားပါရစေတော့" ဟု ဆိုမှ သိန်းဖေက "နေပါဦးဗျ၊ ပရိသတ်ကို ဒါလောက် တောင်းပန်ရရင် မကောင်းတော့ဘူးဗျာ"

ထိုအခါမှ ကျော်ဝင်းက "ကျွန်တော် ပြောင်နေတာပါ၊ ကျွန်တော် လေ့လော့် သွားရဦးမယ်ဗျ" ဟု ပြောသောကြောင့် "အော်. . . ဟုတ်သားပဲ၊ ဒီလိုဆိုရင်လည်း သွားလေ" ဟု သိန်းဖေက ပြောလေ၏။

"အိုင်ဆေး ကိုကျော်ဝင်း ဒီနှစ်လှေပြိုင်ပွဲမှာ ဂျပ်ဆင်ကောလိပ်ကို ခင်ဗျားတို့ နိုင်နိုင်ပါ့မလား" ဟု ကျောင်းသားတစ်ယောက်က မေးလေ၏။

"ဒီအတွက် သိပ်ပြီးကြိုးစားနေကြရတယ်ပေါ့ဗျ။ နိုင်ဖို့တော့ ချန့်စ်အများကြီး ရှိတယ်" ဟု ပြောပြကာ ကျော်ဝင်းထွက်၍သွားသဖြင့် သိန်းဖေနှင့် အခြားသုံးယောက်တို့သာလျှင် ကျန်ရစ်ခဲ့ကြလေ၏။

□□□

www.burmeseclassic.com

## အခန်း (၅၁)

ထိုနေ့ည၌ အင်းလျားကျောင်းသူများ၏ ဆိုရှယ် (မိတ်ဆက်ပွဲ) ရှိသောကြောင့် ကျောင်းဆောင်သူကလေးများမှာ ပွဲကရတော့မည့် မင်းသမီးများကဲ့သို့ ဖီးလိမ်းပြင်ဆင်ခြင်းဖြင့် အလုပ်များ၍နေကြလေ၏။ ကျောင်းတော်သူများ၏ဖိတ်ကြားခြင်းခံရသော ကျောင်းတော်သားများသည်လည်း မိန်းကလေးများကဲ့သို့ပင် ပေါင်ဒါရိုက်ရခြင်း၊ ဆံပင်မွှေးတစ်ချောင်းမှ ထောင်၍မနေရအောင် ဆံပင်ခွဲရခြင်း စသဖြင့် အလုပ်များလျက် ရှိကြလေ၏။

မသန်းမြင့်မှာ ရုပ်ရှင်ရုံမှ ပြန်လာကတည်းက စိတ်အိုက်လျက်ရှိကာ ကိုကျော်ဝင်း စိတ်ဆိုးသွားပြီလော၊ ညကို လာမှ လာပါဦးမည်လော စသဖြင့် တွေးတောကာ မည်သို့မှ အဖြေမပေးတတ်ဘဲ အခက်နှင့်ကြုံ၍နေလေ၏။ သို့နှင့် မသန်းမြင့်မှာ မြို့ထဲသို့သွားစဉ်က အဝတ်အစားကိုပင် ပြောင်းလဲ၍မဝတ်နိုင်ဘဲ ရှိသဖြင့် မြို့ထဲသို့ အတူ ရုပ်ရှင်သွားကြည့်သူများက "မသန်းမြင့် ဘာဖြစ်နေတာလဲ၊ အဝတ်အစားတောင် မလဲနိုင်တော့ဘူးလား" ဟု ဆိုမှ မသန်းမြင့်မှာ အဝတ်လဲရန် သတိရလေ၏။

များစွာသော ကျောင်းသူကလေးများမှာ မီးရောင်အောက်တွင် မည်သည့် လုံချည်ဝတ်လျှင် မိမိတို့အသားအရည် အရုပ်အမောင်းနှင့်လိုက်မည် စသဖြင့် ရွေးချယ်ကြရသည်မှာ တစ်မောကြီးပင် ဖြစ်ပေတော့၏။ အချို့မှာလည်း ခြေဆုံးခေါင်းဆုံး သနပ်ခါးပေါင်ဒါလိမ်း၍ အားမရနိုင်သေးဘဲ၊ ပါးနီ နှုတ်ခမ်းနီ လက်သဲနီ ဆေးဆိုးကာ ညီ့မညီ မှန်ထဲ၌ ကြည့်ရှုဖြင့် မကျေနပ်ကြသေးဘဲ ဟိုကျောင်းသူမေးရ၊ ဒီကျောင်းသူ မေးရနှင့် လှုလိုက်ချင်ကြသည်မှာ လွန်လွန်မင်းမင်းဖြစ်၍နေကြလေ၏။

အချို့မှာလည်း မိမိတို့အချင်းချင်း ညှိထားကာ လုံချည်ဖက်ဖူးရောင်မြစ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ဆံထုံး၌ စိုက်ထားသော စက္ကူဖယောင်းပန်းကလည်း ဖက်ဖူးရောင် စသည်ဖြင့် 'ယူနီဖောင်း' ဝတ်ဆင်ကြလေ၏။

အင်းလျားဆောင်၏ ဖက်ရှင်လီဒါများမူကား ဆံထုံးမထုံးဘဲ ဆံပင်ခွဲ၍ ဖွတ်မီးထိုးကာ တစ်ဖက်တစ်ချက်တွင် အခွေလုပ်သူလုပ်၊ ဖွတ်မြီးကို ငယ်ထိပ်ပေါ်သို့ ပြန်၍ပတ်ကာ အသစ်ထွင်သူထွင်၊ နောက်စေ့တစ်ဘက်တစ်ချက်တွင် ထုံးသူထုံး၊ အင်္ကျီလည်း ပါးနိုင်သမျှ ပါးစေ၍ ပန်းမထိုးဘဲ ဝိုင်ယာပိတ်ဖြင့် ပြုလုပ်သည့် ဖယောင်းပန်းခက် ပန်းပွင့် အဖြူအနွယ်ကလေးများ အင်္ကျီတွင် ချုပ်သီကာ ပခုံးအထိတပ်သူတပ်၊ ငွေလုံချည် ပြောင်လက်လက်ကို ဒူးအောက်ညို့သကြီးလောက်ဆီမှ အတွန့်ပြုလုပ်ကာ ဂါဝန်ပမာ ခပ်ကားကား ထားသူထား၊ ခုံမြင့်ရှေ့ထိုး လေဒီရှူးအမျိုးမျိုးဖြင့် မိမိတို့ကိုယ်၌ မရှိသောအလှကို အဝတ်အစားဖြင့် လှပဟန်ဆောင်ကြလေ၏။ မသန်းမြင့်မှာကား သူများနည်းတူ မဝတ်လျှင် မကောင်း၍သာ ဆင်ပြင် ဖီးလိမ်းလိုက်ရသော်လည်း များစွာ ဆန်းဆန်းပြားပြား မရှိလှဘဲ ရိုးရိုးနှင့်ယဉ်ယဉ် ဝတ်ဆင်ထားလေရာ နဂိုက ရှင်ရည်လှပသူ ဖြစ်သဖြင့် ထိုမျှဝတ်ဆင်သည်မှာပင် နုနုယဉ်ယဉ် ပြင်သူငေး၊ ယဉ်လေးယဉ်ယဉ့် ခင်လေးခင်ခင့် ဆိုသကဲ့သို့ ကြည့်ရှု၍ အလွန်တင့်တယ်ပေတော့၏။

ကျော်ဝင်းသည်လည်း သိန်းဖေတို့၏ အကူအညီဖြင့် အဝတ်အစား အချိုးအချိတ်ကျအောင် ဝတ်စားဆင်ပြင်ကာ ရှေ့ပြန်နောက်ပြန် မှန်ကြည့်၍ အားမရနိုင်ဘဲ ရှိလေ၏။ သိန်းဖေမူကား စတိုင်တင်းလှသော ကျော်ဝင်း၏ ဝတ်ပုံစားပုံကိုကြည့်ကာ မအေးစိန်သာလျှင် ရှိပါသေးက မိမိလည်း ဆိုရှယ်ပွဲသွား၍ ပျော်မြူးရပေမှာပဲဟု တွေးလျက် ဆွေးမိလေ၏။

"ဘယ့်နှယ်လဲ ကိုသိန်းဖေ၊ ကျွန်တော် စတိုင်ကျရဲ့လား"

"စတိုင်ပဲမင်း၊ ခင်ဗျား ဒီလိုဝတ်စားထားတော့ ရုပ်ရည်အပုံကြီး အကောင်းသေးသားပဲဗျာ"

"တော်ပါဗျာ၊ အရင်ကတော့ နူနေလို့လား" ဟု ပြောလိုက်သဖြင့် သိန်းဖေနှင့် အခြားအဖော်များမှာ အားရစွာ ရယ်ကြလေ၏။

ကျော်ဝင်းသည် လက်ပတ်နာရီကို လှန်ကြည့်ကာ "အချိန်နီးနေပြီမင်း၊ သွားမှပဲ၊ စကားပြောနေလို့ မဖြစ်တော့ဘူး။ ကဲ မောင်မင်းကြီးသားများ တဆိတ် အပြင်ကြွတော်မူကြပါဦး" ဟု ပြောမှ သိန်းဖေလည်း ထိုင်ရာမှထကာ "ကဲ ဘာနဲ့ပို့စေချင်လဲ ထောင်ရောင်နေ ကြိုက်သလား၊ မျောက်မင်းအူသံ ကြိုက်သလား" ဟု မေးလိုက်သည်ကို အခြားကျောင်းသားများမှာ တပြုံးပြုံးဖြစ်ကာ အခန်းထဲမှ ထွက်ကြလေ၏။

ထို့နောက် ကျော်ဝင်းသည် အခန်းမီးပိတ်၍ အပြင်သို့ထွက်ပြီး တံခါးသော့ခလောက်ခတ်နေစဉ် သိန်းဖေက "အိုင်ဆေး ကိုကျော်ဝင်း တစ်ခုမှာလိုက်ပါရစေဗျာ"

"ဘာလဲ"

www.burmeseclassic.com

"မုန့်တွေပိုရင် စက္ကူနဲ့ထုတ်ပြီး ယူခဲ့စမ်းပါဗျာ"

"တယ် ဒီလူဟာ၊ လူတိုင်း သူ့လိုအကျင့်မျိုးချည့် မှတ်နေသလား" ဟု ပြောကာ ထွက်၍လာခဲ့သဖြင့် သိန်းဖေက "သွားတော့ ကိုကျော်ဝင်းရေ၊ ဆိုင်းမပါ ဗုံမပါနဲ့၊ ဘုန်းကြီးပွဲကလေးမှ မထည့်လိုက်ရဘူး၊ သနားလိုက်ပါသေးရဲ့" ဟု ဆို၍ အဖော်များနှင့် ရယ်မောကာ ကျန်ရစ်ခဲ့လေ၏။

ကျော်ဝင်းသည် အင်းလျားဆောင်သို့ ရောက်သောအခါ မိမိကဲ့သို့သော ကျောင်းတော်သားတွေ အများအပြားပင် ရောက်ရှိနေကြသည်ကို တွေ့ရသဖြင့် ဤကိစ္စမျိုးတွင် ဝီရိယ အလွန်ကောင်းကြပါကလားဟု အောက်မေ့ကာ စိတ်ထဲတွင် ကြိတ်၍ပြုံးမိလေ၏။

ကျော်ဝင်းကို တစ်ကျောင်းလုံးတွင် မသိသူ မရှိသလောက် ရှားပါးလှသဖြင့် ကျော်ဝင်း လာသည်ကိုမြင်လျှင် ဧည့်ခံကျောင်းသူကလေးများသည် ပြုံးရွှင်စွာ ကြိုဆို နှုတ်ဆက်ကြလေ၏။ အသိမိတ်ဆွေ ကျောင်းတော်သားများကလည်း ကျော်ဝင်းအား ရွှင်လန်းစွာ နှုတ်ဆက်ခေါ်ငင်ကြလေ၏။

မသန်းမြင့်သည် ကျော်ဝင်းလာသည်ကို တွေ့ရလျှင် စိတ်ထဲ၌ ရွှင်လန်းအားရ သွားသော်လည်း မိမိအား မည်သို့အပြစ်တင်လေမည်နည်းဟု တထိတ်ထိတ်နှင့်ပင် ကျော်ဝင်းအား ခေါ်ငင်နှုတ်ဆက်ရန် ကျော်ဝင်းထံသို့ လျှောက်လာလေ၏။

ကျော်ဝင်းလည်း မသန်းမြင့်ကို မြင်လိုက်လျှင်ပင် ၎င်း၏မျက်နှာတွင် ရွှင်ပြုံးခြင်း မရှိလှသည်ကို တွေ့ရသောကြောင့် မိမိနေ့လယ်က ရုပ်ရှင်ခေါ်ရန် စောစော မရောက်လာခြင်းကို အပြစ်တင်တော့မည်ဟု ထင်မြင်ကာ ဆင်ခြေပေးရန်ကို ကြံလုံး ထုတ်နေလေ၏။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် နီးကပ်လာကြသောအခါမှ မပွင့်တပွင့်ပြုံး၍ နှုတ်ဆက်ကာ တစ်ယောက်၏အပြောကို တစ်ယောက်စောင့်နေကြ ပြီးမှ မသန်းမြင့်က စတင်၍ "ကိုကျော်ဝင်း နေ့လယ်က ကျွန်မ စောင့်မနေဘဲ ထွက် သွားတာကို စိတ်ဆိုးသလား" ဟု မေးလိုက်သဖြင့် ကျော်ဝင်းတွင် မိမိအား ရန်မတွေ့ဘဲ မိမိ၏ခွင့်လွှတ်ခြင်းကိုပင် တောင်းဆိုနေပြန်သည်ကို တွေ့ရသောကြောင့် အပူလုံးကျ သွားကာ "ဘာစိတ်ဆိုးစရာရှိသလဲ မသန်းမြင့်ရယ်၊ ကိုကျော်ဝင်း အလာနောက်ကျသွား တာကိုတောင် ခွင့်လွှတ်ဖို့ တောင်းပန်မလို့" ဟု ပြောလိုက်မှ နှစ်ယောက်စလုံး စိတ်မကောင်းခြင်း ပပျောက်သွားကာ ရွှင်ပြုံးကြလေ၏။

"ကျွန်မလည်း စောင့်နေတယ်။ ဆရာတင် အတင်းလာခေါ်လို့ လိုက်သွားရ တယ်"

ကျော်ဝင်းသည် 'ဆရာတင်' ဟူသော စကားကို ကြားရလျှင် စိတ်ထဲတွင် မျက်ကနဲ ဖြစ်သွားပြီးမှ ပြန်၍စိတ်ကိုနှိမ်ကာ ပြုံးရယ်သော မျက်နှာဖြင့် "ဒီကလည်းပဲ စောစောလာမလို့ ပဲ၊ ကိုသိန်းဖေ ရှုပ်တာနဲ့ မလာနိုင်ဘူး။ လုံချည်တွေ အကုန်လုံး

www.burmeseclassic.com

www.burmeseclassic.com


ဖွက်ထားတယ်" ဟု ပြောပြသဖြင့် မသန်းမြင့်လည်း သဘောကျကာ ပြုံးရယ်မိလေ၏။

ထို့နောက် နှစ်ယောက်သား ရယ်ရယ်မောမောဖြင့် လျှောက်သွားကြကာ စားပွဲတစ်ခုတွင် ထိုင်ကြလေ၏။ ထိုသို့ထိုင်နေကြသည်ကို မိန်းကလေးတစ်သိုက်၏ အကြားတွင် 'ကိုထင်ပေါ်' လုပ်၍နေသော ဆရာတင်အောင် မြင်လိုက်သဖြင့် မိန်းကလေးများထဲမှ ထွက်၍လာကာ ၎င်းတို့၏အနားသို့ ရောက်လာလေ၏။

"သြော်. . . ဆရာ လာလေ ထိုင်ပါ" ဟု မသန်းမြင့်က နေရာပေးလိုက်သဖြင့် ဆရာတင်အောင်လည်း ကုလားထိုင်အလွတ်တစ်ခုတွင် ဝင်၍ထိုင်လေ၏။ ကျော်ဝင်းနှင့် ဆရာတင်အောင်တို့သည် တစ်ယောက်ကိုတစ်ယောက် မခေါ်မပြောကြဘဲ ထိုင်နေကြရာ မသန်းမြင့်က ဆရာတင်အောင်အား "ဆရာ သူ့ကို မသိဘူးလား၊ ကျွန်မတို့ ကလပ်စ်က ကိုကျော်ဝင်းရယ်လေ" ဟု ပြောပြရာ ဆရာတင်အောင်သည် သိလျက်နှင့်ပင် ကျော်ဝင်းအား ခပ်တည်တည် ကြည့်နေပြီးမှ "မြင်ဖူးသားပဲ" ဟု ဆိုလေ၏။

မသန်းမြင့်က တစ်ဖန် ကျော်ဝင်းအား "ဆရာ့ကို သိတယ်မဟုတ်လား" ဟု ပြောပြန်သဖြင့် ကျော်ဝင်းသည် ဖော်ဖော်ရွေရွေ ပြုံးရွှင်ကာ ဆရာတင်အောင်ဘက်သို့ လက်တစ်ဘက်လှမ်း၍ "ဟောင်းဒူးယူဒူး" ဟု နှုတ်ဆက်လေရာ ဆရာတင်အောင်သည် ခပ်ကြောင်ကြောင် ကြည့်နေပြီးမှ ကျော်ဝင်း ကမ်းထားသော လက်ကိုဆွဲ၍ လက်လှုပ်နှုတ်ဆက်လေ၏။

ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ ဆရာတင်အောင် ရှိနေသဖြင့် မိမိတို့ ပြောချင်ဆိုချင်သည့် စကားများကို လွတ်လပ်စွာ ပြောဆိုခွင့် မရနိုင်ဘဲ အနေရအထိုင်ရ ကျပ်တည်း၍နေလေ၏။ ထိုအခိုက်တွင်မှ ကျောင်းသူကလေးအချို့ ရောက်ရှိလာကာ ရယ်မောပြောဆိုနေကြပြီး ဆရာတင်အောင်ကို အတင်းခေါ်သွားသောကြောင့် ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ သက်သာခွင့် ရသွားကြလေ၏။

ဆိုရှယ်ဆိုသည့် မိတ်ဆက်ပွဲများမှာ ယောက်ျားလေးနှင့် မိန်းကလေးများအား လွတ်လွတ်လပ်လပ် လွှတ်၍ပေးသော ပွဲသဘင်မျိုးပင် ဖြစ်ရကား ချိတ်ဆက်ပွဲဟုဆိုက မလွဲနိုင်သော စကားပင် ဖြစ်ပေ၏။ အကြောင်းမူကား ပျော်ပျော်ပါးပါး စားကြပြီးသည့်နောက်၌ ဒွိယံ ဒွိယံ နှစ်စုံတွဲ၍ အဖုံဖုံနွှဲကြသည့် ခေတ်ကာလ ယဉ်ကျေးခြင်းမှာ မိဘတွေ ရင်လေးခြင်း ဖြစ်ဖွယ်ရာ ကောင်းလှပေတော့၏။

ဂါဝန်ဝတ် ကျောင်းသူကလေးများနှင့် ဘောင်းဘီဝတ် ကျောင်းတော်သားတို့မှာ တစ်ယောက်ကိုတစ်ယောက် လူလုံ၍ပြေးမည်စိုးသကဲ့သို့ အားရပါးရ ပွေ့ဖက်ကာ ညှော်ခန်းကြီးထဲတွင် ယှဉ်တွဲကခုန်လျက် ရှိသည်ကို တွေ့ကြရပေတော့၏။

မြန်မာ့သားသမီးများမှာကား ၎င်းတို့ကဲ့သို့ မကတတ်ကြသောကြောင့် ပျော်ရွှင်စွာ ကစားနည်းဖြင့်သာ ကျေနပ်ကြရလေ၏။ ထိုသို့ မိမိတို့ အတွဲနှင့်အတွဲ အစုလိုက် အသိုက်လိုက် ပျော်မြူးနေကြရာ ဆရာတင်အောင်မှာမူ ကျောင်းသူကလေး

www.burmeseclassic.com

www.burmeseclassic.com



အချို့ ဝိုင်းဝန်းလျက်ရှိသော ပီယာနိုတွင် လူတွင်ကျယ်လုပ်ကာ ကျောင်းသူကလေးများအား မရမက သီချင်းဆိုခိုင်း၍ မိမိက ပီယာနို တီးလေ၏။

ကျော်ဝင်းသည်ကား မည်သည့်နေရာတွင်မှ မပါဘဲ ချောင်ကုပ်၍ကြည့်နေလေ၏။

ဆရာတင်အောင်သည် ပီယာနိုကို ခပ်သွက်သွက် တီးကွက်များများနှင့်တီးကာ တစ်ချီတစ်ချီ တီးနေရင်းက သီချင်းကွက်ထဲသို့ဝင်၍ ဆိုလိုက်သေး၏။ ကျောင်းသူကလေးများမှာ ဆရာတင်အောင်၏ အတီးအဆိုကို အတော်ပင် နှစ်သိမ့်ခြင်း ဖြစ်နေကြကာ သီချင်းတစ်ပုဒ်အဆုံးတွင် လက်ခုပ်လက်ဝါးတီးကာ "အင်းကိုး" ဟု ထပ်မံ၍ခိုင်းကြလေ၏။ ထိုသို့ အင်းကိုးသံကို ကြားရလျှင် ဆရာတင်အောင်မှာ ပီတိလျှမ်းလျက် ပြုံးပြုံး ပြုံးပြုံးနှင့် ဖြစ်နေလေ၏။

"ကဲ. . . ဆရာ တစ်ပုဒ်လောက် နောက်ထပ်ပြီး တီးစမ်းပါဦး၊ သိပ်နားထောင်ကောင်းတာပဲ" ဟု ကျောင်းသူတစ်ဦးက မြှောက်ပင့်၍ ပြောလေ၏။

ဆရာတင်အောင်သည် အနီးရှိ မသန်းမြင့်ကိုကြည့်ကာ "ကဲ ဆရာတီးရင် မသန်းမြင့်က သီချင်းဆိုရမယ်" ဟု ပြောလိုက်ရာ မသန်းမြင့်မှာ ရှက်ကြောက်သော အမူအရာဖြင့် "ဟင်. . . ဆရာကလည်း ရှက်စရာကြီး၊ မဆိုချင်ပါဘူး" ဟု ငြင်းပယ်လေ၏။

သို့ပြောလိုက်သဖြင့် ကျောင်းသူကလေးများက "ဘာရှက်စရာရှိသလဲ မသန်းမြင့်ရဲ့၊ သူများတွေလည်း ဆိုတာပဲ။ ဆိုပါ တစ်ပုဒ်ထဲပါ" ဟု ဝိုင်းဝန်းတိုက်တွန်းကြလေ၏။

"အို. . . သီချင်းမှ ကောင်းကောင်းမရဘဲနဲ့၊ အသံလည်း မကောင်းပါဘူး"

"မသန်းမြင့် အသံလား မကောင်းတာ၊ ကောင်းပါတယ် မသန်းမြင့်ရဲ့၊ ရတဲ့သီချင်းပဲဆိုပါ၊ ဘာဖြစ်သလဲ"

မသန်းမြင့်မှာ မိမိအား အတင်းအကျပ်ကိုင်နေကြသည်ကို တွေ့ရသဖြင့် ထွက်ပြေးမည်ပြုလုပ်ရာ၊ ဆရာတင်အောင်က "အို ဘယ်သွားမလို့လဲ မသန်းမြင့်၊ ဟင့်အင်း မသွားရဘူး" ဟု ဆိုကာ မသန်းမြင့်၏လက်ကို ဖမ်းဆွဲထားလိုက်လေ၏။

ကျော်ဝင်းသည် မိမိမျက်စိရှေ့တွင် ဖြစ်ပျက်နေပုံကို မြင်ရသည်တွင် မွှန်ထူ၍သွားလေ၏။ ကျောင်းသူကလေးများကလည်း အံ့အားသင့်လျက် ကြည့်နေကြလေ၏။

"အို. . . ဆရာ လွှတ်ပါဆရာ၊ ကျွန်မမှ မဆိုတတ်ဘဲနဲ့ဟာ" ဟု မသန်းမြင့်က ငြင်းဆန်၍နေသော်လည်း ဆရာတင်အောင်သည် မသန်းမြင့်အား မလွှတ်ဘဲ စပ်ဖြဲဖြဲမျက်နှာထားဖြင့် "ဒီလိုနဲ့မရဘူး၊ ဟဲ ဟဲ သီချင်းဆိုမယ်ပြောမှ လွှတ်မယ်" ဟု ပြောသဖြင့် မသန်းမြင့်မှာ ခက်၍နေလေ၏။

ကျော်ဝင်းတွင် ကြည့်ရင်းကြည့်ရင်း ဒေါသဖြစ်လာကာ ဆရာတင်အောင်ထံ

www.burmeseclassic.com

www.burmeseclassic.com

သို့ သွားရောက်တားမြစ်မည်ဟု ကြံရွယ်၍ တစ်လှမ်းနှစ်လှမ်း ရှေ့သို့လျှောက်သွားပြီးမှ လျင်မြန်စွာ စိတ်ပြောင်းလိုက်ပြီးလျှင် ချာကနဲလှည့်ကာ အခန်းကြီးထဲမှ ထွက်၍သွားလေ၏။

သိန်းဖေနှင့် မိတ်ဆွေတစ်ချို့တို့မှာ ထိုနေ့သည် စနေနေ့ ဖြစ်သည့်အလျောက် ည (၉) နာရီခွဲအထိ လွတ်လပ်ခွင့်ရကြသည့်အတိုင်း သိန်းဖေ၏ အခန်းထဲ၌ ဟားတိုက်၍ နေကြလေ၏။

ထိုအခိုက်တွင် ကျော်ဝင်း ရုတ်တရက် ပြန်လာသည်ကို တွေ့ကြရသဖြင့် အားလုံးထက် သိန်းဖေမှာ ပို၍အံ့အားသင့်မိလေ၏။

"ဟာ ကိုကျော်ဝင်း၊ ခင်ဗျား ပြန်လာတာ စောလှချည့်ကလား၊ ဆိုရှယ် ပြီးပလား"

"မပြီးသေးပါဘူး၊ ကြာကြာနေရင်လည်း မထူးတာနဲ့ ပြန်လာတယ်"

"ဘယ့်နှယ်လဲ ပျော်ခဲ့ရဲ့လား" ဟု ကျောင်းသားတစ်ယောက်က မေးလေ၏။

"ပျော်တယ် ဘယ်ဟုတ်မလဲဗျာ။ ဆိုရှယ်ဆိုတာ ရုတ်ရုတ် ရုတ်ရုတ်နဲ့ပြီးတာပဲ" ဟု ပြောပြီးနောက် ကျော်ဝင်းသည် သိန်းဖေ၏အခန်းထဲ၌ လူများ၍နေသဖြင့် ပြောချင်တာ မပြောနိုင်သည်ကို တွေ့ရသောကြောင့် အခန်းထဲသို့ မဝင်ဘဲ မိမိအခန်းသို့ ပြန်သွားလေ၏။

သိန်းဖေသည် ကျော်ဝင်း၏အမူအရာတွင် ထူးခြားချက်ပါလာသည်ကို ရိပ်မိကာ၊ နေ့လယ်က ရုပ်ရှင်လိုက်၍မပို့သဖြင့် မသန်းမြင့်နှင့် ဘောက်ကျ၍ လာလေသလော၊ အခြားတစ်စုံတစ်ရာ ဖြစ်၍လာလေသလောဟု တွေးတောပူပန်မိကာ ကျော်ဝင်း၏နောက်သို့ လိုက်လိုသဖြင့် မိမိ၏အဖော်များ အခန်းထဲကထွက်အောင် ရမယ်ရှာရလေ၏။

သို့နှင့် ကျောင်းသားများ ထွက်သွားကြပြီးသည့်နောက်မှ သိန်းဖေလည်း မိမိအခန်းမှထွက်ကာ ကျော်ဝင်းထံသို့ သွားလေ၏။

ကျော်ဝင်းသည် အဝတ်အစား မချွတ်လဲသေးဘဲ ခုတင်ပေါ်တွင် ခြေတွဲလွဲချ၍ထိုင်ကာ ပေါင်ပေါ်တွင် တတောင်ထောက်၍ လက်ဖဝါးနှစ်ဖက် ယှက်ထားပြီး ကြမ်းပြင်ကို စူးစိုက်ကြည့်ရှုလျက် တွေဝေနေသည်ကို တွေ့ရသောကြောင့် သိန်းဖေသည် မိမိ၏ထင်မြင်ချက်အတိုင်း တစ်စုံတစ်ရာဖြစ်၍လာပြီဟု စိတ်ချပြီးလျှင် ကျော်ဝင်း၏ ဘေးတွင် ယှဉ်၍ထိုင်လေ၏။

"ဘယ့်နှယ် ကိုကျော်ဝင်း၊ ရွှေမျက်နှာတော်အို ဘာအလိုတော်များ မကျတာတုံး"

ကျော်ဝင်းသည် ဖျတ်ကနဲ ခေါင်းထောင်ကာ သိန်းဖေဘက်သို့လှည့်၍ "အိုင်ဆေး ကိုယ်တော့ ဆရာတင်အောင်နဲ့ တစ်နေ့ကျရင် တွေ့တော့မှာပဲ" ဟု အရင်း

www.burmeseclassic.com

www.burmeseclassic.com

အဖျားမရှိ ပြောလိုက်ရာ သိန်းဖေမှာ အံ့အားသင့်၍သွားလေ၏။

"ဟင်. . . ဘယ့်နှယ်ဖြစ်ကြလို့တုန်း၊ ကျွန်တော်က မသန်းမြင့်နဲ့များ စိတ်ဆိုးလာကြသလားမှတ်တယ်။ အခုတော့ ဆရာတင်အောင်နဲ့ပါကလား"

ကျော်ဝင်းသည် ခေတ္တမျှ ငြိမ်နေပြီးမှ မိမိတွေ့ခဲ့သော အဖြစ်အပျက်တို့ကို ပြတ်ပြတ်တောင်းတောင်း ပြောပြလေ၏။

တောက်ခနဲ သိန်းဖေက တက်ခေါက်ကာ "ဟာ. . . ဒီလိုဆိုရင် ဒီဆရာကို ကျောင်းမှာ ကြာကြာထားလို့ မဖြစ်ဘူး" ဟု ဒေါနှင့်မာန်နှင့် ပြောနေသဖြင့် ကျော်ဝင်းက သိန်းဖေ၏ အမူအရာကိုကြည့်ကာ "ကိုယ့်လူက ဒေါသကြီးလှချည့်လား၊ ဘယ်လိုများ လုပ်မလို့တုန်း" ဟု မေးရာ. . .

". . . သင်းပစ်မယ်" ဟု သိန်းဖေက ပြောလိုက်သဖြင့် ကျော်ဝင်းတွင် ဒေါသဖြစ်နေရသည့်အထဲမှ ပြုံးချင်ရယ်ချင် ဖြစ်သွားလေ၏။

"ခင်ဗျားက ရယ်မနေနဲ့၊ ကျွန်တော်က တကယ်ပြောတာ၊ မနက်ဖြန်ကျရင် ဒီလူကို ကျွန်တော်ကိုယ်တိုင်ချောင်းပြီး ချောင်ရိုက်မယ်၊ ဝိုင်းပြီးမြှောက်ပေးကြစမ်းဗျာ" ဟု မျက်နှာထားအတည်နှင့် ပြောနေသဖြင့် ကျော်ဝင်းမှ သိန်းဖေကို အတန်ကြာကြည့်နေပြီး "ကိုယ့်လူကလည်း ဘာတွေလျှောက်ပြောနေတာလဲဗျာ၊ မနောက်စမ်းပါနဲ့" ဟု ဆိုလေ၏။

"ခင်ဗျားက ကျွန်တော် နောက်နေတယ် မှတ်သလား၊ ကျွန်တော် အတည်ပြောနေတာ။ ဒီဆရာ ကျောင်းမှာ ကြာကြာရှိနေရင် မိန်းကလေးတွေ ဒုက္ခများနေမယ်။ ကျွန်တော်က မြန်မာအချင်းချင်း ဒီလိုသက်သက်မဲ့ အကြောကြီးနဲ့ လုပ်တာမျိုးကို နည်းနည်းမှ မခံချင်ဘူး။ ကိုယ့်နှမလေးတွေလို သဘောထားဖို့ အင်မတန်ကောင်းတဲ့ အလုပ်ကို သူက ပိုင်စိုးပိုင်နင်းနဲ့။ မောင်မင်းကြီးသား အင်းလျားဟောလ်ကအပြန်မှာ သူပေါက်တဲ့သေးကြောင်းကို မြွေမှတ်လို့ လန့်ပြီး ခုန်ပါစေဗျာ၊ ခင်ဗျား မခံနဲ့ဗျ။ ခင်ဗျား ရည်းစားကို ဒီလိုလုပ်တာ ငြိမ်ပြီးခံနေရင် ခင်ဗျား အသုံးကျတော့မှာ မဟုတ်ဘူး"

"နေစမ်းပါဦးဗျ၊ ခင်ဗျားကချည့်ပဲ ဒေါသဖြစ်နေတာပဲ၊ ကာယကံရှင်လည်း ဒေါသဖြစ်ဖို့ နည်းနည်းချန်စမ်းပါဦး"

"ကဲ. . . ခင်ဗျားက ဘယ်လိုလုပ်မယ် ကြံသလဲ"

"သူ့ကို လုပ်ဖို့တွေ ပြောမနေစမ်းပါနဲ့ဦးဗျာ။ ဒီဆရာ လုပ်ပုံကိုင်ပုံတွေဟာ ဘယ်အပေါက်ချိုးနေတယ်ဆိုတာ စဉ်းစားစမ်းပါဦး"

"သိပ်စဉ်းစားလို့ အပိုပဲ။ ခင်ဗျား ရည်းစားကို တစ်နေ့ကျရင် သူလုပ်ပြီး ယူလိမ့်မယ်။ အဲဒါပဲ"

ကျော်ဝင်းသည် သိန်းဖေ၏စကားကို နားထောင်ရင်း စဉ်းစားခန်းထုတ်နေလေ၏။ ထိုသို့တွေးနေရာမှ ကျော်ဝင်းက "အမျိုး. . . အမျိုးနဲ့ ကြာရင်ခက်ပါလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဗျာ" ဟု လေရှည်ညည်းလိုက်သောကြောင့် သိန်းဖေက "အစစ်ပေါ့ဗျ၊ ဒါတွေမြင်လို့ အရင်ကတည်းက ကျွန်တော် ခဏခဏ ပြောပြောနေတာ။ ဒီဆရာကို တစ်နည်းနည်းနဲ့ နှိမ်ပေးမှဖြစ်မယ်။ ဒီလိုမလုပ်ရင်လည်း ခင်ဗျား ရေထဲဆင်းသေရအောင် အင်းလျား ကန်ကြိုက်လား၊ ကန်တော်ကြီး ကြိုက်သလား၊ ကြည့်မြင်တိုင် ဘောတံတား ကြိုက်သလား၊ အဲဒါကိုသာ ရွေးပေတော့" ဟု ပြောလေ၏။

"ကျပ်တာပဲဗျာ၊ ဒီလူဟာ ကျွန်တော့်ကို အရွဲ့တိုက်ချင်လို့ ကြားဝင်ရှုပ်နေတာနဲ့ တူတာပဲ။ မသန်းမြင့်ကို သူနဲ့ နီးနီးစပ်စပ် မနေဖို့ တားမြစ်ရမှာကလည်း သဝန်တိုလွန်းရာ ရောက်နေမယ်။ ကိုယ်ကလည်း ပိုင်တာမဟုတ်တော့ အပြောရခက်သားပဲဗျ"

"ဘာခက်သလဲဗျာ၊ ဒီဆရာ မိန်းကလေးတွေနဲ့ ပူးတွဲပူးတွဲ မနေရဲအောင် မဂ္ဂဇင်းထဲကနေပြီး မဟုတ်တာတွေရော ဟုတ်တာတွေရော ထည့်ရေးဗျာ။ ဒီလိုရေးလိုက်ရင် တစ်ကျောင်းလုံး ဆူပွက်သွားမှာပဲ"

"ဟာ. . . ဒါမျိုးတွေတော့ ကျွန်တော် မကြိုက်ဘူးဗျာ။ ကျွန်တော်က မှတ်မှတ်ရရ ဖြစ်အောင်ကို လုပ်လိုက်ချင်တယ်"

"ဒီလိုဆိုရင် လူချင်း မျက်နှာချင်းဆိုင်ပြီးပြောဗျာ။ ဒါနဲ့မရရင် ဆွဲပြီးထိုးတာပေါ့။ ဒါပဲရှိတယ်"

"သက်သက်မဲ့ စော်ကားတာလည်း မကောင်းသေးဘူးဗျာ။ ထိုးတယ်ဆိုတာ စော်ကားတာနဲ့ အတူတူပဲ၊ ကျွန်တော်တော့ တွေ့တွေ့ဆိုင်ဆိုင် ပြောပစ်ချင်တယ်"

"ဒါလည်းကောင်းသားပဲ" ဟု သိန်းဖေက ပြန်၍ပြောစဉ် တဒေါက်ဒေါက် နင်းလာသော ဖိနပ်သံကို ကြားရသဖြင့် "ဟိုက်. . . ဆရာတောင် လာနေပြီ၊ ခေါင်းလောင်းထိုးသွားမှန်းတောင် မသိဘူး" ဟု ပြောကာ သိန်းဖေသည် ကမန်းကတန်း ထ၍ပြေးလေ၏။ ကျော်ဝင်းသည်လည်း ရုတ်တရက် အပေါ်အင်္ကျီကိုချွတ်၍ချိတ်ကာ စားပွဲတွင် ထိုင်လေ၏။ အဆောင်မှူးလည်း ကျော်ဝင်း၏အခန်းမှ ကျောင်းသားတစ်ယောက် ထွက်သွားသည်ကို မြင်လိုက်ရသဖြင့် ကျော်ဝင်း ဘာလုပ်နေသလဲဟုသိရန် ကျော်ဝင်း၏အခန်းသို့ရောက်၍ အခန်းတွင်းသို့ စေ့စေ့စပ်စပ် ကြည့်လိုက်ရာ ကျော်ဝင်းသည် မိမိ၏ရှေ့တွင် စာအုပ်တစ်အုပ်ကိုလှန်လျက် စာဖတ်နေသည်ကို တွေ့ရသောကြောင့် ဘာမျှမပြောဘဲ အခြားအခန်းများကို စစ်ဆေးရန် ဆက်လက်၍ လျှောက်သွားလေ၏။

ထိုညကုန်မြောက်၍ နောက်နေ့နံနက်သို့ ရောက်သောအခါ သိန်းဖေသည် ထမင်းစားပြီးနောက် ထုံးစံအားဖြင့် ကျော်ဝင်း၏အခန်းသို့ သွားနေကျဖြစ်သည့်အတိုင်း ထမင်းစားခန်းမှထွက်၍ ကျော်ဝင်း၏အခန်းသို့ သွားလေ၏။ ကျော်ဝင်း၏အခန်းတံခါး အပြင်မှ ပိတ်ထားသည်ကို တွေ့ရသောကြောင့် ကျော်ဝင်းသည် မိမိအား ဘာမျှမပြောဘဲ အဘယ်နေရာသို့ ထွက်သွားသည်ကို ဝေခွဲ၍မရနိုင်ဘဲရှိကာ မိမိ၏အခန်းသို့ပြန်၍ လာခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းသည်ကား လွန်ခဲ့သည့်ညက တစ်ညလုံး အိပ်၍မပျော်နိုင်အောင် ပင်ရှိကာ အင်းလျားဆောင်ဆိုရှယ်တွင် ဖြစ်ပျက်တွေ့မြင်ရသည့်အခင်းကို တနုံ့နုံ့တွေးမိ ရင်း တဖျဉ်းဖျဉ်း ဒေါသဖြစ်ကာ တစ်ညလုံး အိပ်မပျော်ရဘဲ မိုးစင်စင်လင်းခဲ့ရလေ၏။

မိုးသောက်၍ နောက်နေ့သို့ရောက်ရာ၌ သူများတကာ နိုး၍နေကြကုန်သော အချိန်တွင် အိပ်ပျက်ပျက်နှင့် အိပ်လျက်နေခဲ့ပြီးမှ နံနက်စာ စားချိန်တွင် ထ၍စားပြီး လျှင် တစ်စုံတစ်ခုသော အကြံအရွယ်ဖြင့် ပုဂံဟောလ်မှ ထွက်၍သွားလေ၏။

မသန်းမြင့်မှာ ယမန်နေ့က ဆိုရှယ်ပွဲအပြီးတွင် ကျော်ဝင်းကို ရှာလေရာ အဘယ်နေရာမှ ရှာမတွေ့၊ မည်သူ့ကိုမျှ မေး၍လည်း မရနိုင်သဖြင့် မိမိအား ဘာမျှ မပြောဆိုဘဲ ရုတ်တရက် ပျောက်ခြင်းမလှ ပျောက်ကွယ်ထွက်သွားသည်မှာ အဘယ် အကြောင်းကြောင့်ပါ၍ တပ်အပ်သေချာစွာ တွေးတော၍လည်း မရနိုင်ဘဲရှိကာ အိပ်ရာထဲသို့ ရောက်သော်လည်း အိပ်၍မရနိုင်ဘဲ တစ်လွန့်လွန့် တလူးလူးနှင့် ဖြစ်နေ ရာက "မိမိအား တစ်စုံတစ်ရာသော အကြောင်းကြောင့် စိတ်ဆိုး၍သွားလေပြီလော၊ မိမိနှင့် ဆရာတင်အောင် နေထိုင်ပုံကို မနှစ်သက်၍ ထွက်သွားခြင်းပေလော၊ ၎င်းကို အရေးတယူ ဂရုတစိုက် မပြုသဖြင့် ဒေါသထွက်ကာ· ရုတ်တရက် ပြန်သွားခြင်းပေ လောဟု အမျိုးမျိုး တွေးတောရင်းနှင့်ပင် မပျော်တစ်ချက် ပျော်တစ်ချက်နှင့်ပင် နံနက် သို့ ရောက်ခဲ့ရပေတော့သည်။

ထိုသို့ နောက်နေ့သို့ ရောက်ပြန်သောအခါ၌လည်း မသန်းမြင့်တွင် ပူပန် သောက မအေးနိုင်ဘဲရှိကာ ကျော်ဝင်း ယနေ့ နေ့လည် လာဦးမည်လော၊ လာလျှင် အကျိုးအကြောင်း သိနိုင်မည်ဖြစ်၍ မလာခဲ့သော် မည်သည့်နည်းအားဖြင့် အကျိုး အကြောင်းသိရန် ကြံစည်ရပါမည်နည်းဟု တစ်ကိုယ်တည်း မေးခွန်းထုတ်ကာ မဖိးနိုင်၊ မလိမ်းနိုင် ပေါင်ဒါမျှ မရိုက်နိုင်ရှာဘဲ ငေးတိငေးမောဖြစ်လျက် ကြံရာမရရှိ၍ နေရှာ လေတော့သတည်း။ ထိုအချိန်၌ ကျော်ဝင်း အဘယ်နေရာတွင် ရှိလေသည်ကို သိန်းဖေ သော်လည်းကောင်း၊ မသန်းမြင့်သော်လည်းကောင်း မည်သူမျှ မသိကြ။ တွေး၍လည်း မရနိုင်ကြဘဲ ရှိကြလေတော့၏။ ကျော်ဝင်းသည်ကား ဆရာတင်အောင့်အပေါ်၌ ဖြစ်ပွားသောဒေါသမှာ တစ်ညပြောင်းခဲ့သဖြင့် ဒေါသပြေပျောက်ဖို့ရှိသည်ကို မပြေနိုင်ရုံ ရှိသည်သာမက တွေးမိတိုင်း ပို၍ဒေါသဖြစ်ကာ ဆရာတင်အောင်နှင့် တွေ့နိုင်မည့် အချိန်ကို မျှော်မှန်းပြီး ထမင်းစားပြီးသည်နှင့် တစ်ပြိုင်နက် သထုံဟောလ်သို့ ရောက်လာ ခဲ့ပေတော့၏။

ဆရာတင်အောင်သည် ဗဟိုထမင်းစားရုံမှ ပြန်လည်၍ မိမိအခန်းသို့ ရောက် ရှိကာ အပေါ်အင်္ကျီကိုချွတ်၍ နံရံတွင် ချိတ်နေစဉ်ခဏ၌ပင် အခန်းဝတွင် တစ်စုံ တစ်ယောက်သောသူ လာ၍ရပ်နေသည်ကို ရိပ်ကနဲ မြင်လိုက်သောကြောင့် လှည့်၍ ကြည့်လိုက်ရာ ကျော်ဝင်းကို တွေ့လိုက်ရသည်တွင် ရုတ်တရက်သော် အံ့အားသင့်သွား

www.burmeseclassic.com

www.burmeseclassic.com


ခြင်းဖြင့် ငေး၍ကြည့်နေမိလေ၏။

ကျော်ဝင်းသည် မိမိအား ဆရာတင်အောင် ကြည့်နေသည်ကို တွေ့ရလျှင် "မေအိုင်ကမ်းအင်" ဟု အင်္ဂလိပ်လိုပြော၍ ဝင်ခွင့်တောင်းလေ၏။

ဆရာတင်အောင်မှာ ကျော်ဝင်း အဘယ်အကြောင်းကြောင့် လာသည်ကို တွေး၍ မသိမြင်ဘဲ တစ်ဦးတစ်ယောက် ရှိသေစွာ ဝင်ခွင့်တောင်းနေသည်ကို ကောင်းမွန်စွာပင် ခွင့်ပြုလိုက်လေ၏။

ကျော်ဝင်းသည် အခန်းအတွင်းသို့ ဝင်လာပြီး စားပွဲနားတွင် ရပ်လေ၏။ ဆရာတင်အောင်လည်း ဝတ္တရားအတိုင်း ကုလားထိုင်တွင် ထိုင်ရန်ပြောရာ ကျော်ဝင်းသည် ၎င်းညွှန်ပြသော ကုလားထိုင်တွင် မထိုင်ဘဲ မိမိရပ်နေသည့်အနီးရှိ စားပွဲပေါ်တွင် တင်တစ်ခြမ်းချိတ်ကာ မှီရပ်နေသဖြင့် ဆရာတင်အောင်လည်း မထိုင်ဘဲ ရပ်၍နေကာ "ဘာအကြောင်းကြောင့် လာသလဲ" ဟု အင်္ဂလိပ်ဘာသာဖြင့် မေးလိုက်လေ၏။

ကျော်ဝင်းသည် ထက်မြက်စူးရှသော မျက်လုံးဖြင့် ဆရာတင်အောင်အား စိမ်းစိမ်းကြီး စိုက်ကြည့်ကာ "ခင်ဗျား ကျောင်းသူကလေးများနဲ့ ရှုပ်ရှုပ်ထွေးထွေး ပြုလုပ်နေတာကို သတိပေးချင်တယ်" ဟု ပြောလိုက်ရာ ဆရာတင်အောင်မှာ ကြက်သေ,သေပြီးလျှင် ငေးမော၍နေမိလေ၏။

ထို့နောက်မှ ဆရာတင်အောင်လည်း စကားပြောနိုင်အောင် မနည်းအားအင်ထုတ်ကာ "ဒါ ဘာဖြစ်သလဲ၊ ခင်ဗျား ကျုပ်ကို သတိပေးနိုင်တဲ့ အခွင့်အာဏာ ဘာရှိသလဲ" ဟု မေးလေ၏။

"ခင်ဗျားကို ကျွန်တော် စော်ကားရန်စ,ပြုရအောင်လာတာ မဟုတ်ပါဘူး။ ကျွန်တော် ပြောမယ့်စကားတွေဟာ ခင်ဗျားစိတ်ကို နှောင့်ယှက်ရာရောက်တယ်ဆိုရင် ကျွန်တော် အများကြီး ဝမ်းနည်းပါတယ်။ သို့သော်လည်း မြန်မာအမျိုးသားတစ်ဦးအဖြစ်နဲ့ ကျောင်းတော်သူကလေးများရဲ့ ဂုဏ်သရေကို ကာကွယ်ရအောင် ပြောရခြင်း ဖြစ်ပါတယ်။ ခင်ဗျားဟာ ကျောင်းတော်သူကလေးများနဲ့ အလွန်တမင်း ရင်းရင်းနှီးနှီး ပေါင်းသင်းနေတာကို တစ်ကျောင်းလုံးက မနှစ်သက်ဘူး။ မိန်းကလေးများကလည်း ကျေနပ်နှစ်သက်ကြတဲ့အတွက် ခင်ဗျားကို လက်ခံနေကြတယ်လို့ ကျွန်တော် မထင်ပါဘူး။ မနေ့က ဆိုရှယ်မှာ ခင်ဗျား ဘယ်လိုပြုမူတယ်ဆိုတာ ခင်ဗျား ပြန်ပြီးစဉ်းစားမိရင် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့ဝင် တစ်ဦးအဖြစ်နဲ့ ဒီလိုက္ကန္ဒြေမဲ့ ပြုလုပ်တာဟာ အများကြီးရှက်ဖို့ ကောင်းပါတယ်"

ဆရာတင်အောင်မှာ မိမိအား စွပ်စွဲပြောဆိုနေသည့် စကားများကို ကြားရလျှင်ပင် သွေးသားများ ဆူပူလှုပ်ရှားကာ ဒေါသဖြစ်လာလျက် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေလေ၏။

"ခင်ဗျား ကျုပ်ကို ဘယ်လိုအကြောင်းကြောင့် စွပ်စွဲတယ်ဆိုတာ ကျုပ် နား

www.burmeseclassic.com

www.burmeseclassic.com


မလည်နိုင်ဘူး။ မနေ့ညက ဆိုရှယ်မှာ ကျုပ် ဘာမှ ကွန့်မြူဖြူလုပ်တယ်ဆိုတာ တွေးလို့ မရနိုင်ဘူး။ ဘာမှလည်း မလုပ်ခဲ့ဘူး"

"ခင်ဗျားကိုယ်တိုင် အပြစ်လုပ်ခဲ့သမျှ အကောင်းထင်နေရင် ဘယ်အပြစ်မှ မြင်မှာ မဟုတ်ဘူး။ ခင်ဗျား မနေ့က ကျောင်းသူတစ်ဦးရဲ့လက်ကိုဆွဲတာ ခင်ဗျား မေ့လိမ့်မယ် မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်။ မြန်မာတို့သဘောမှာ မိန်းကလေး တစ်ယောက်ရဲ့ လက်ကိုဆွဲခြင်းဟာ ဘယ်လောက်ရိုင်းစိုင်းတဲ့ အပြုအမူဆိုတာ ခင်ဗျား လည်း သိနိုင်တဲ့လူတစ်ယောက် ဖြစ်ပါတယ်"

ထိုသို့ပြောလိုက်လျှင် ဆရာတင်အောင်မှာ မျက်လုံးပြူး၍သွားလေ၏။ ယမန် နေ့ညက မသန်းမြင့်၏လက်ကို ဆွဲမိခြင်းကိုလည်း လက်ဆွဲမှုဖြင့် ပုလိပ်လာ၍ ဖမ်း သကဲ့သို့ ထူပူ၍သွားလေ၏။ ဆရာတင်အောင်လည်း ထိုသို့လာ၍ပြောနေခြင်းကို ဒေါသဖြစ်သည်ထက်ဖြစ်ကာ "မင်း ငါ့ကို ဒီဟာနဲ့ပတ်သက်ပြီး ဘာမှလာပြီး ပြောနေဖို့ မရှိဘူး။ မင်းထွက်သွားလိုက်ပါ။ မင်းနဲ့ သူနဲ့ ဘာဆိုင်သလဲ" ဟု ပြင်းပြင်းထန်ထန် ပြောလေ၏။

ကျော်ဝင်းလည်း ထိုသို့ပြောစကားကို ကြားရ၍ ဒေါသထွက်ကာ "ကျုပ်ပြော နိုင်တဲ့ အခွင့်အရေးရှိတယ်၊ သူ. . . ကျုပ်ရည်းစား" ဟု လွတ်ကနဲ ပြောလိုက်မိလေ၏။ ဆရာတင်အောင်လည်း ကျော်ဝင်းက ဤသို့ဖွင့်ဖော်ပြောလိုက်ခြင်းကို ကြားရသည့် အတွက် သာလွန်ဒေါသဖြစ်ကာ "မင့်ရည်းစားဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်၊ ငါဘာမှ အမှုမစိုက် ဘူး။ မင်း ငါ့အခန်းထဲက ထွက်သွားပါ။ မင်း ငါ့ကို လာပြီးစော်ကားတာ မင်းဘယ်အထိ ဒုက္ခရောက်သွားမယ်ဆိုတာသိရင် ထွက်သွားလိုက်ပါ" ဟုဆိုရင်း လက်သီးလက်မောင်း ပြင်ကာ ကျော်ဝင်းအနားသို့ ကပ်၍လာလေ၏။

ကျော်ဝင်းမှာ အနည်းငယ်မျှ တုန်လှုပ်ရွေ့လျားခြင်းမပြုဘဲ "ခင်ဗျား ကျုပ်ကို ဘာလုပ်ချင်သလဲ" ဟု မေးလေ၏။

"မင်း ငါ့အခန်းထဲကိုလာပြီး စော်ကားတဲ့အတွက် မင်းကျောင်းက ထွက် မသွားချင်ရင် အခန်းပြင်ကို ထွက်လိုက်ပါ"

"ခင်ဗျား ကျုပ်အပေါ်မှာ မကျေနပ်ရင် လူကြီးလူကောင်းပီပီ နှစ်ယောက် သား ဘယ်အခါမဆို ယှဉ်ပြိုင်ပြီး သတ်နိုင်တယ်။ ဘောက်ဆင် ကြိုက်သလား၊ ဘာ ကြိုက်သလဲ။ ကြိုက်တာကိုရွေးပါ။ သရဲဘောနည်းတဲ့လူလို ဒီကိစ္စကလေးနဲ့ ကျုပ်ကို ကျောင်းမှာတိုင်ကြားပြီး ကျောင်းထွက်ရအောင် လုပ်မလို့လား။ ခင်ဗျား လူကြောက်၊ သူရဲဘောနည်းတဲ့လူ"

ဆရာတင်အောင်သည် ဒေါသကို မထိန်းသိမ်းနိုင်ဘဲ "ယူဂိုးတူဟဲလ်" ဟု ရေရွတ်ကာ ကျော်ဝင်းအား လက်သီးနှင့်ထိုးလိုက်ရာ ကျော်ဝင်းသည် မျက်စိရှင်သဖြင့် ဆရာတင်အောင်၏လက်သီးကို ကာကွယ်ဖယ်ရှားလိုက်ပြီးလျှင် ထပ်မံ၍ မိမိအား

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာပြုပါက တွန်းလှန်ရန် အသင့်စောင့်စားလျက် ရပ်၍နေလေ၏။

ဆရာတင်အောင်မှာ ကျော်ဝင်းကို မထိလိုက်ရသည့်အတွက် ပိုမို၍ဒေါသဖြစ်ကာ ပြေးလာပြီး ထပ်၍ထိုးပြန်သဖြင့် ကျော်ဝင်းက တစ်ချက်တည်း ပြန်၍ထိုးလိုက်ရာ အမြဲကစား ခုန်စားနေသူ၏ ခွန်အားနှင့် ကစားခုန်စားခြင်း မရှိသူ၏ခွန်အားမှာ ကွာခြားသည်နှင့်အညီ ဆရာတင်အောင်သည် နောက်သို့ယိုင်သွားကာ ခုတင်ပေါ်တွင် ဖင်ထိုင်လျက် လဲကျသွားစဉ် ကျော်ဝင်းက "ခင်ဗျား ကျုပ်ကို တတ်နိုင်သမျှ အပြစ်ရအောင်လုပ်လိုက်၊ ကျုပ် ဘာမှ အရေးမစိုက်ဘူး" ဟု ဆိုကာ ဆရာတင်အောင်၏အခန်းထဲမှ ထွက်၍သွားလေသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၂)

မသန်းမြင့်သည် ယမန်နေ့ညက ဆိုရှယ်တွင် ကျော်ဝင်းသည် မိမိအား နှုတ်မဆက်ဘဲ ထွက်၍သွားခြင်းကို တအုံနွေးနွေး တွေးမိတိုင်း စိတ်မကောင်းခြင်း ဖြစ်ကာ မိမိအပေါ်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် စိတ်ဆိုးလျက် ထွက်သွားခြင်း ဖြစ်ပေမည်ဟု ယူဆမိ၍ ကျော်ဝင်း စိတ်ဆိုးလောက်အောင် မိမိသည် ဘယ်အရာကို ပြုမူမိလေသနည်းဟု ယနေ့က အကြောင်းများကို တစ်ခုပြီးတစ်ခု ပြန်လှန်စဉ်းစားပါသော်လည်း တပ်အပ်သေချာစွာ မသိမြင်ဘဲရှိကာ ကျော်ဝင်းထံသို့ စာရေးလိုက်ရလျှင်လာကောင်း ရောက်ရှိလိမ့်မည်ဖြစ်၍ ထိုသို့ အလည်လာမှပင် မေးရလျှင်ကောင်းမည်လောဟု ဝေခွဲချိန်ဆ၍နေလေ၏။

ကျော်ဝင်းထံသို့ စာရေးရမည်မှာကလည်း မည်သည့်အတွက် ကျော်ဝင်း စိတ်ဆိုးသွားသည်ကို မသိရသဖြင့် အကြောင်းမသိဘဲ အခွင့်လွှတ်ဖို့ တောင်းပန်သည်မှာ နည်းလမ်းမဟုတ်သောကြောင့် ကျော်ဝင်း လာမှပင် မေးတော့မည်ဟု နှလုံးပြုကာ ဤအချိန်ကျလျှင်ဖြင့် ကျော်ဝင်း လာတတ်သည်၊ ဤအချိန်ဖြင့် ကျော်ဝင်း ရောက်တတ်သည်၊ စသည်ဖြင့် စိတ်စွဲကာ နာရီကိုသာ မကြာခဏ ကြည့်မိလေ၏။ သို့ပါသော်လည်း မိမိအား မည်သူမျှ အခေါ်မရောက်သဖြင့် ဝရံတာသို့ထွက်၍ ကျော်ဝင်း လာမည့်လမ်းသို့ မျှော်လိုက်၊ အောက်တွင် ရောက်ရှိနေပြီလောဟူသော ထင်တရေးဖြင့် ဧည့်ခန်းသို့ ဆင်း၍ ကြည့်လိုက်နှင့် အငြိမ်မနေနိုင်ဘဲရှိကာ မျှော်ပါသော်လည်း ပေါ်လာခဲဖြစ်နေသောကြောင့် မိမိအခန်း၌သာ အိပ်ရာပေါ်တွင် လှဲလျောင်းရင်း စဉ်းစားလိုက်၊ ကုလားထိုင်တွင် ထိုင်၍တွေးလိုက်ဖြင့် စိတ်မအေးရဘဲ ရှိလေ၏။

သိန်းဖေမှုကား အားလပ်သော တနင်္ဂနွေနေ့ ဖြစ်သဖြင့် မြို့ထဲသို့ထွက်၍

www.burmeseclassic.com

www.burmeseclassic.com


လည်လိုပါသော်လည်း အတူသွားရန် ကျော်ဝင်း မရှိ၊ ကျော်ဝင်း ဘယ်သို့ထွက်သွားသည်ကိုလည်း မသိလိုက်ရသဖြင့် အဖော်ကင်းမဲ့ ဘက်ပဲ့၍နေသောကြောင့် တစ်နည်းအားဖြင့် အပျင်းပြေစေရန် ပြည်ကျောင်းဆောင်သို့ သွားရောက်ရှုပ်နောက်ဦးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်သွားလေ၏။

ပြည်ကျောင်းဆောင်သို့ရောက်လျှင် ဘိုင်ကျကျနှင့် ခွေ၍အိပ်နေသော ကျောင်းသားတစ်ယောက်၏ အခန်းသို့ဝင်ကာ "အိုင်ဆေး ကိုတင်ကြီး၊ ခင်ဗျား မြို့ထဲမသွားဘူးလား" ဟု မေးလေ၏။

"မသွားလို့ တွေ့တာပေါ့၊ သွားရင် ဘာတွေ့မလဲ" ဟု ဆိုကာ မောင်တင်ကြီးသည် အိပ်ရာမှ မထဘဲ ပြောလေ၏။

"ကိုယ့်လူ၊ အကြီးအကျယ် ဘိုင်ကျနေပြီမှတ်တယ်"

"ဘိုင်မကျပါဘူး၊ ပိုက်ဆံမရှိတာပါပဲ" ဟု ပြောသဖြင့် သိန်းဖေသည် သဘောကျ၍ သွားလေ၏။

ထို့နောက်မှ မောင်ဇင်ကြီးသည် အိပ်ရာမှထ၍ထိုင်ကာ သိန်းဖေ သောက်နေသော စီးကရက်ကို ကြည့်၍ "ဟော့. . . ကိုသိန်းဖေ၊ အခု စီးကရက် ဘယ်ဈေးလဲဗျ" ဟု မေးလိုက်ရာ သိန်းဖေသည် အားရပါးရ ရယ်မောလျက် "ဟား ဟား ကိုယ့်လူ ဘိုင်ကျပြီး စီးကရက် မသောက်နိုင်တာ ဘယ်နှရက် ရှိနေပြီလဲ" ဟု ဆိုကာ အိတ်ထဲမှ စီးကရက်ဗူးကို လှမ်း၍ပေးရင်း ကုလားထိုင်တွင် ထိုင်လေ၏။

"ဘိုင်ကျတာလောက်တော့ မပြောနဲ့တော့၊ ပိုက်ဆံမရှိတဲ့အထဲ လက်ဖက်ရည်ဆိုင်က အကြွေးတွေများနေလို့ အကြွေးမပေးတာနဲ့ စီးကရက် မသောက်နိုင်တာ ဘယ်နှရက် ရှိနေပြီလဲ၊ စီးကရက် ဘယ်ဈေးရောင်းတယ် ဆိုတာတောင် မမှတ်မိအောင် ဖြစ်နေပြီ"

"အိုင်ဆေး ဘာမှမပူနဲ့၊ ခင်ဗျား ဒီကနေ့ လက်ဖက်ရည်နဲ့ မုန့်နဲ့ ကောင်းကောင်းသောက်ရမယ်၊ ကျွန်တော်လည်း တစ်ပြားမှ ကုန်မှာမဟုတ်ဘူး"

"ဘယ်လိုလုပ်မတုံး"

"ကျွန်တော် ပြောမယ်၊ ခင်ဗျားလည်း အားသန်သားပဲ၊ ခုတင်နဲ့ ကုလားထိုင်ကို တစ်လန်လောက်ခွာထားပြီး တစ်ဖက်က ခေါင်းတင်၊ တစ်ဖက်က ခြေတင်ပြီး ခင်ဗျား တောင့်နိုင်မယ် မဟုတ်လား"

"ဒါတွေ ကိုယ်လုပ်နေကျတွေပဲ"

"နိုပ်ဟာ၊ ဒီလိုဆိုရင် ကျွန်တော်က အိပ်မွေ့ချတတ်တဲ့လူလုပ်မယ်၊ ခင်ဗျားက အညှို့ခံ အိပ်ပျော်သွားတဲ့ ဟန်မျိုးလုပ်ပြီး ခင်ဗျားကို အတောင့်ခိုင်းမယ်၊ ခင်ဗျားတောင့်ထားပေတော့"

"ဟာ. . . ဒီလိုဆိုရင် နေရာကျတယ်ဆရာ၊ စောမောင်ဆိုတဲ့ ငနဲတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

က အိပ်မွေ့ချတာ မယုံဘူးတဲ့၊ သူ့ကိုခေါ်ပြီး လောင်းကြေးစားကြေး လုပ်ရရင်တော့ ဗိုက်ပြဲနေအောင် စားရမှာပဲ"

"ဒါဖြင့် ခေါ်ဗျာ" ဟု သိန်းဖေက ပြောပြီး "နေဦး၊ နေဦး၊ လုပ်မယ့်လုပ်လည်း ယုတ္တိရှိအောင်လုပ်မှ၊ ခင်ဗျား ဒီအခန်းထဲကပစ္စည်းတွေ ဘယ်နေရာမှာ ဘာရှိတယ် ဆိုတာ အသေအချာမှတ်ထား၊ ခင်ဗျားကို အိပ်မွေ့ချပြီး မျက်နှာကို လက်ကိုင်ပုဝါနဲ့ အုပ်မေးမယ်၊ ဒါလောက်ပြောနိုင်ရင် ယုံရောပေါ့" ဟု ပြောလေ၏။

သို့နှင့် နှစ်ယောက်သား တိုင်ပင်ညီညွတ်ကြကာ မောင်တင်ကြီး ထွက်သွားပြီး စောမောင်ကို ခေါ်၍လာလေ၏။

"အိုင်ဆေး ကိုသိန်းဖေ၊ ခင်ဗျား အိပ်မွေ့ချတတ်တယ်ဆိုတာ တကယ်ပဲလား"

"ခင်ဗျား မယုံလို့လား" ဟု သိန်းဖေက သွယ်ဝိုက်၍ ဖြေလေ၏။

"ခင်ဗျားက တတ်မှမတတ်ဘဲနဲ့ မယုံပါဘူး၊ ခင်ဗျား အိပ်မွေ့ချတတ်တယ်လို့ ဘယ်တုန်းက ပြောဖူးသလဲ"

"ဩော် . . . ခက်တဲ့လူပဲ၊ ကိုယ်တတ်တာလျှောက်ပြီး ကြွားနေရမှာလားဗျ"

"မယုံပါဘူးဗျာ"

"ကဲ. . . မယုံရင် ခင်ဗျားတို့ လောင်းကြေးစားကြေး လုပ်ကြမလား" ဟု မောင်တင်ကြီးက ဝင်၍ပြောလေ၏။

"လာ. . . လုပ်မယ်၊ ခင်ဗျား အိပ်မွေ့ချလို့ရရင် ကျွန်တော်က ဒီအခန်းထဲမှာ ရှိတဲ့လူတွေကို လက်ဖက်ရည်တိုက်မယ်၊ မရရင် ခင်ဗျားကတိုက်"

"စိန်လိုက်၊ ခင်ဗျား ကျွေးချင်တဲ့လူရှိရင် ထပ်ပြီးခေါ်လိုက်ဦး၊ ဘယ်နှယောက် ခေါ်မလဲ"

"အံမာ၊ ခင်ဗျား ဒီသုံးယောက်ပဲ လောက်အောင်ကျွေးပါဦး၊ ရှုံးမယ့်လူက သဒ္ဒါနေလိုက်တာ"

"ဘယ်သူကျွေးရမလဲဗျာ၊ ကြည့်ကြသေးတာပေါ့" ဟု သိန်းဖေ ပြောသဖြင့် စောမောင်မှာ မခံချင်သည့်စိတ်ဖြင့် "ဟေ့. . ကိုအောင်ကျော်၊ ကိုထွန်းကြွယ် လာကြဗျို့၊ ကိုသိန်းဖေက စတုဒီသာချမလို့တဲ့" ဟု ဆိုလိုက်သဖြင့် ထိုသူနှစ်ယောက်လည်း အားရ ဝမ်းသာစွာ ၎င်းတို့အခန်းထဲမှ ထွက်ပြေး၍ လာကြလေ၏။ ၎င်းတို့ဝင်လာကြပြီးနောက် မောင်တင်ကြီးက "ကဲ ကဲ တော်ပြီ၊ လူတွေသိပ်များလာရင် အိပ်မွေ့ချတာ အနှောင့် အယှက် ဖြစ်နေဦးမယ်" ဟု ဆိုကာ အခန်းတံခါးကိုပိတ်၍ ကန့်လန့်ထိုးထားလိုက် လေ၏။

ထွန်းကြွယ်နှင့် အောင်ကျော်တို့လည်း အကျိုးအကြောင်း သိရှိကြပြီးနောက် ထွန်းကြွယ်က "ကျုပ်ကို ရအောင်ညှိဗျာ၊ နိုင်လို့ရှိရင် ကျုပ်က ကြက်ဥထပ်ပြီးကျွေးမယ်" ဟု ပြောသဖြင့် စောမောင်က "သဘောတူတယ်၊ ကိုထွန်းကြွယ်ကိုညှိပါ။ စားချင်သမျှ

www.burmeseclassic.com

www.burmeseclassic.com


အကုန်ကျွေးမယ်" ဟု ပြောလေ၏။

သိန်းဖေမှာ ထွန်းကြွယ် အညှို့ခံလျှင် မိမိတို့ အစီအမံပျက်ကာ ချောက်ကျတော့မည်ကိုတွေး၍ လန့်နေလေ၏။ သို့ဖြစ်၍ မည်သို့လီဆယ်ရပါမည်နည်းဟု အမျိုးမျိုး ဉာဏ်ထုတ်ကာ ထွန်းကြွယ်အား "ခင်ဗျား တကယ်အညှို့ခံရဲရဲ့လား" ဟု မေးလေ၏။

"ခင်ဗျား စိတ်နိုင်မှလုပ်နော်၊ စိတ်မနိုင်ရင် မလုပ်နဲ့၊ ကျွန်တော့်ကို သင်ပေးတဲ့ဆရာဟာ သူ့တပည့်ကလေးတစ်ယောက်ကိုညှို့ပြီး နိုးလာအောင် ဖြေနေတုန်း ဗြုန်းဆိုအရပ်ထဲမှာ မီးလောင်တာနဲ့ ဆရာလည်း မဖြေရခင်၊ ကမန်းကတန်း ထပြေးလိုက်တာ ညှို့ခံရတဲ့အကောင်လည်း မပြေဘဲလန့်ပြီး နိုးလာတာနဲ့ ဦးနှောက်တွေဘာတွေပျက်ပြီး တစ်ခါတည်း ရူးနေလိုက်တာ ကနေ့ထက်ထိ ကျွန်တော်တို့မြို့မှာ ရှိသေးတယ်။ သူနိုးတုန်းက မီး မီး ဆိုတဲ့ အသံကို ကြားရတာနဲ့ သူ့မျက်စေ့ထဲမှာ မီးတွေချည်း မြင်နေပြီး အမြဲတန်း မီး မီးနဲ့အော်ပြီး ပြေးနေတာပဲ" ဟု မျက်နှာထား တည်တံ့စွာဖြင့် ချောက်လန့်ပြောလိုက်ရာ ထွန်းကြွယ်မှာ လန့်သွားပြီး "တကယ်ပဲလား" ဟု မေးလေ၏။

"ကျွန်တော် ညာပြောပ့ါမလား၊ မယုံရင် ခင်ဗျား စမ်းကြည့်လေ။ ကျွန်တော်တော့ ညှို့ရုံသာ ညှို့တတ်တာ။ ဒီလိုဖြစ်သွားရင်တော့ မနိုင်ဘူး။ အဲဒါ ကျွန်တော်စောစောက ပြောထားတာပဲ၊ သတ္တိရှိမှလည်း လုပ်ကြ"

"ဟင်. . . ဒီလိုဆိုရင် ကျွန်တော် အညှို့မခံချင်ဘူး"

"ကိုအောင်ကျော်ကော"

"နိမ်းမန်တကား ဆရာ၊ ဒါမျိုးတွေ ကျွန်တော် ကြောက်တယ်၊ မလိုချင်ဘူး။ ကျွန်တော် ကြည့်ရအောင်လာတာ"

ထိုအခါမှ မောင်တင်ကြီးက "ကဲဗျာ. . . ကိုယ်တိုင်လုပ်မယ်၊ ဘာဖြစ်ဖြစ်ရူးရုံရူးတာ၊ မသေနိုင်ပါဘူး" ဟု ဆိုသဖြင့် အားလုံးကပင် သဘောတူကြသောကြောင့် မောင်တင်ကြီးအား ညှို့လေ၏။

သိန်းဖေနှင့် မောင်တင်ကြီးတို့မှာ စီစဉ်ပြီးသား ဖြစ်ကြသည့်အတိုင်း အထူးလုပ်စရာမရှိတော့ဘဲ နာရီဝက်ခန့်အကြာတွင် ၎င်းတို့အခန်းထဲမှ "ဟေး. . . စွတ်ကရူးကြာရိုးလောင်း ပန်းချိပြားလား အန်ဒါဖရိုင်းပန်ချိထိုး စီးကရက်ယှေ့က်ပါကက်" စသောအသံများ ထွက်ပေါ်လာကာ သိန်းဖေနှင့် မောင်တင်ကြီးတို့မှာ အလကားစားရသောမုန့်များကို တပြုံးပြုံးနှင့် အားရပါးရ စားသောက်လျက် ရှိကြလေ၏။

စားသောက်ပြီးကြသောအခါတွင် အရှုံးပေးလိုက်ရသော စောမောင်မှာ မကျေမနပ်ကြီး ဖြစ်နေကာ သိန်းဖေထံမှ ပြန်၍စားလိုသေးသောကြောင့် "လာ. . . ပိုကာဆွဲမယ်၊ ပွိုင့်ဒေါင်း၊ အရင်ဦးဆုံးအောက်တဲ့လူက ကဘဖ်၊ နောက်ပလာတာ၊ နောက်ဂျင် ဘာရီး၊ နောက် စီးကရက်" ဟု ဆွယ်လေရာ ဖဲကစားရာတွင်မူ မြောင်လိမ်

www.burmeseclassic.com

www.burmeseclassic.com

ရမည်ကို ခက်နေသောကြောင့် မတော်တဆ ရှုံးမည်ကို စိုးရသဖြင့် ရှုံးလျှင် မောင်တင်ကြီးမှာလည်း အကြွေးမရ၊ သိန်းဖေမှာလည်း ပိုက်ဆံပါ၍မလာသောကြောင့် "ဟာဗျာ ဗိုက်ပြည့်နေပါပြီ၊ ထပ်မစားပါရစေနဲ့တော့၊ ဖဲချတာလည်း ဝါသနာမပါဘူး၊ ကျွန်တော်လည်း သွားစရာရှိသေးတယ်" ဟု ဆိုကာ နောက်ထပ်မဆွယ်နိုင်အောင် ပုဂံဟောလ်သို့ ပြန်ခဲ့သဖြင့် မောင်တင်ကြီးမှာ ကျေနပ်သွားပြီး ကျန်လူများမှာမူ မခံချိမခံသာဖြစ်လျက် မောင်တင်ကြီး အခန်းထဲမှ ထွက်ခဲ့ကြလေ၏။

ပုဂံဟောလ်သို့ ပြန်ရောက်သောအခါ သိန်းဖေသည် ကျော်ဝင်း ပြန်လာလိုလာငြား သိရအောင် ကျော်ဝင်း၏အခန်းသို့သွားရာ အခန်းအပြင်ဘက်မှ သော့ခလောက်ကို တွေ့ရသဖြင့် အခန်းထဲ၌ ကျော်ဝင်း ရောက်ရှိနေပြီကို သိရှိကာ တံခါးကို ခေါက်လျက် "အိုင်ဆေး ကိုကျော်ဝင်း ဘယ်သွားနေတာလဲဗျ" ဆိုစဉ် ဂျောက်ခနဲ တံခါးပွင့်လာလေ၏။

"ခင်ဗျားဗျာ တယ်တော်တဲ့လူ" ဟု စကားစပြီးမှ သိန်းဖေသည် ကျော်ဝင်း၏ ပွရောင်းသော ဆံပင်ကိုကြည့်ကာ အမဲလိုက်ခွေးကဲ့သို့ လေထဲတွင် အနံ့ခံရင်း မိမိပြောမည့်စကားကို မဆက်နိုင်ဘဲ ကျော်ဝင်းအားကြည့်ကာ "ခင်ဗျား ဘာလုပ်နေသလဲ" ဟု မေးလေ၏။

ကျော်ဝင်းသည် ဘာမျှမဖြေဘဲ သိန်းဖေကိုသာ စူးစိုက်ကြည့်ရှုနေလေရာ သိန်းဖေသည် အခန်းထဲတွင် ဟိုဟိုဒီဒီ ကြည့်ရှုလိုက်သည်တွင် ခုတင်အောက်သို့ ထိုးထားသော ပုလင်းတစ်လုံးကို တွေ့ရသဖြင့် မျက်လုံးပြူးသွားလေ၏။

"ဟော့. . . ကိုကျော်ဝင်း ခင်ဗျားတို့ ရိုက်ဗ္ဗာလည်း နီးနေပြီ။ ဒါတွေလုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲဗျ၊ ဟာ မဟုတ်တာပဲ။ ကျွန်တော့်လည်း တစ်ခွက်ငှဲ့ပါဦး" ဟု အဖျားရှူး၍ ရွတ်လိုက်သော်လည်း ကျော်ဝင်းက ပြုံးမှုပင် မပြုံးဘဲ "ကိုယ်တော့ ဆရာတင်အောင်နဲ့ ရန်ဖြစ်လာခဲ့ပြီ" ဟု ပြောပြလိုက်လေ၏။

သိန်းဖေလည်း ပုလင်းကိုထောင်၍ ကိုင်ကြည့်နေရာက ကျော်ဝင်း၏စကားကို ကြားရ၍ "ဟင်. . ဘယ့်နှယ်၊ မြန်လှချည့်လား။ ဘယ်အချိန်ကသွားပြီး ဘယ်အချိန်ဖြစ်ကြတာတုံး။ လက်စသတ်တော့ ခင်ဗျား ပျောက်နေတာ ဒါကြောင့်ကိုး" ဟု ဆိုလေ၏။

"ရှည်ရှည်တော့ မပြောချင်ဘူးဗျာ၊ မနက်က ထမင်းစားပွဲကထပြီးသွားတာပဲ။ ဟိုကျတော့ တစ်ယောက်တစ်ခွန်း ဘောက်ပြောပြီး သူကလည်းထိုး ကျွန်တော်ကလည်း ပြန်ထိုးပြီး ထွက်လာခဲ့တာပဲ"

"ဟင်. . . ဟုတ်လား၊ ခင်ဗျား ဒုက္ခဖြစ်နေဦးမှာလားဗျာ"

"ဖြစ်ချင်လည်း ဖြစ်မှာပဲ၊ မပြောတတ်ဘူး။ ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ အဲဒီကဆက်ပြီး မြို့ထဲထွက်သွားတာပဲ။ ဟိုကျမှ တစ်ယောက်တည်း ပျင်းပျင်း[illegible]ကြီး

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေတာနဲ့ ဒါတစ်လုံးဆွဲပြီး ပြန်လာခဲ့တယ်။ ဒီကျတော့ ခင်ဗျားလည်း မတွေ့ဘူး။ ဒါနဲ့ ကျွန်တော်တစ်ယောက်တည်း"

"ကောင်းတယ်ဗျာ၊ ဒီလိုချပေးမှ ကောင်းတယ်။ မြှောက်ပေးတယ်လည်း မအောက်မေ့နဲ့။ တကယ်ပြောတာ၊ ဒါမှ မှတ်မှတ်ရရ ဖြစ်သွားမယ်"

"နို့ပေတဲ့ဗျာ၊ ဒီလိုဖြစ်ပြီးမှ ကျွန်တော့်စိတ်ထဲမှာ မကောင်းဘဲ ဖြစ်နေတယ်။ ကျွန်တော် စိတ်ညစ်လို့ ဒါကိုယူတာ၊ နို့မို့ရင် မလုပ်ပါဘူး"

"ဘာ စိတ်ညစ်စရာ ရှိသလဲဗျ၊ မှန်တာလုပ်တာပဲ"

"ခင်ဗျား မသိဘူးဗျာ၊ ဒီကိစ္စကလေးနဲ့ အရေးယူခံရရင် သိပ်ရှက်စရာ ကောင်းတာပဲဗျာ။ ကျွန်တော်လည်း ဒေါသဖြစ်နေတုန်းတော့ လုပ်မိရာ လုပ်လိုက်တာပဲ ဗျာ။ ပြီးတော့မှ လုပ်လည်းပြီးရော၊ ဒေါသလည်း ကုန်သွားရော။ အခုတော့ စဉ်းစားမိပြီး သိပ်ရှက်စရာကောင်းနေတာပဲဗျာ"

"အံမယ်ဗျာ၊ ဘာမှမပူပါနဲ့။ သူလည်းပဲ ဒီလိုအလုပ်ခံရတယ်ဆိုတာ ရှက်ပြီး ကြိတ်နေမှာပဲ၊ မပြောရဲပါဘူး။ ပြောကော ဘာဂရုစိုက်ရမှာလဲလို့၊ တွေးမနေပါနဲ့ဗျာ။ လုပ်ပြီးတာ ဖြစ်ရင်လည်း လူမသိအောင်နေလိုက်ပေါ့" ဟု ပြောသဖြင့် ကျော်ဝင်းတွင် အဘယ်အရာကို တွေးမိသည်မသိ ပြုံးစိစိ ဖြစ်သွားမှ သိန်းဖေက "ကဲဗျာ၊ ပျော်ပျော် ပါးပါးကလေး နေကြရအောင်ဗျာ" ဟု ဆိုကာ ရုတ်တရက် တစ်ဦးတစ်ယောက် ဝင်၍ မလာနိုင်အောင် အခန်းတံခါးကို ထ၍ပိတ်လေ၏။

မသန်းမြင့်သည် ကျော်ဝင်းအား တစ်နေ့လုံး စောင့်မျှော်ပါသော်လည်း ကျော်ဝင်း မလာသောကြောင့် တွေးတောပူပန်ခြင်းသည် စိတ်ကို ညှင်းပမ်းစပြုလေ၏။ ဆရာတင်အောင်ကြောင့် ငါ့ကို စိတ်ဆိုးသွားသလော၊ ငါ သူ့ကို အရေးယူ ဂရုမစိုက်ဘူး ထင်၍ စိတ်ဆိုးသလောဟူသော မေးခွန်းများသည် တစ်မျိုးပြီးတစ်မျိုး ပေါ်လာကာ ကျော်ဝင်း စိတ်ပြေအောင် မည်သို့ပြုလုပ်ရပါမည်နည်းဟု အဖြေကို ရှာရင်းပင် ရေချိုး ချိန်၌ ရေမချိုးနိုင်၊ လမ်းလျှောက်ချိန်၌ မလျှောက်နိုင်၊ ကစားရန်ခေါ်လည်း မဆင်းနိုင်ဘဲ အခန်းထဲတွင် တစ်ယောက်တည်း ကြိတ်မှိုင်၍နေကာ မှိုင်တွေငေးမောမိလေတော့ ၏။ မသန်းမြင့်၏ ပူပန်ခြင်းမှာ ထိုကာလ၌ပင် ရပ်စဲခြင်း မရှိဘဲ ညဦးဘက်သို့ ယူဆောင် ပြန်လေသောကြောင့် စာကြည့်၍လည်းမရ၊ အိပ်၍လည်းမဖြစ်ဘဲ တလူးလူး တလွန့် လွန့်နှင့် ဖြစ်၍နေရှာလေ၏။

ကျော်ဝင်းနှင့် သိန်းဖေတို့မှာ ညစာစားပြီးသည်နှင့်တစ်ပြိုင်နက် ဆေးတန်ခိုး ဖမ်းသဖြင့် မျက်တောင်စင်း၍နေပြီ ဖြစ်သောကြောင့် အခန်းနီးချင်းတို့အား "ဆရာလာ ရင် နေမကောင်းလို့ အိပ်နေတယ်ပြောပါ" ဟု မှာကြားကာ အိပ်ရာထဲသို့ ဝင်လိုက်သည့် အချိန်မှစ၍ မိုးလင်းသည့်တိုင်အောင် တစ်ရေးမျှမနိုးဘဲ ရှိကြလေတော့၏။

ကျော်ဝင်းနှင့် သိန်းဖေတို့မှာ အိပ်ရာထကြလျှင် ယမန်နေ့က အဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com

များကို မေ့လျော့ကာ စိတ်ရွှင်လန်းပေါ့ပါးလျက် ရှိကြလေ၏။ ထိုနေ့သည်ကား ကျောင်းတက်ရမည့်နေ့ ဖြစ်သောကြောင့် စောစောစီးစီး ရေမိုးချိုးကြကာ အဝတ်အစားများ ပြင်ဆင်ဝတ်စားထားပြီးလျှင် ထမင်းစားခေါင်းလောင်းကိုသာ နားစွင့်၍နေကြလေ၏။

သို့နှင့် နံနက်စာ စားသောက်ပြီးကြသည့်နောက် နှစ်ယောက်သား ကျောင်းသို့ အတူတကွ ထွက်လာကြလေ၏။ ကျောင်းတော်သူ ကျောင်းတော်သားများမှာ နံနက်ကျောင်းသို့ တက်သည့်အချိန်တွင် ကြော်ငြာသင်ပုန်း (နို့တစ်ဘုတ်) ၌ဆွဲကပ်ထားသော အမိန့်စာများတွင် မိမိတို့နှင့် သက်ဆိုင်ရာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထိုအမိန့်စာကို ကြည့်ရသော အလုပ်တစ်ခုမှာ မပြုမနေရသော တာဝန်ကြီးတစ်ခုကဲ့သို့ပင် ဖြစ်သည်နှင့်အညီ ကျော်ဝင်းနှင့် သိန်းဖေတို့သည် ကြော်ငြာအမိန့်စာများ ချိတ်ထားရာ နေရာသို့ ရှေ့ရှု၍ လာခဲ့ကြလေ၏။

ထိုသို့ ကြော်ငြာများ ချိတ်ဆွဲထားရာနေရာတွင် ကျောင်းသားများ စုရုံးလျက်နေကြလေ၏။ အချို့သော သူတို့မှာ ကျောင်းသားတစ်ဦးတစ်ယောက် နောက်ပြောင်သွားသော 'ခုံဖိနပ်အမြီးတို ဘယ်ဘက်တစ်ဖက် ပျောက်ဆုံးနေသည်၊ တွေ့ရှိသူသည် အင်းလျားဆောင်သို့ လာပေးပါ၊ ညာဖက် ခုံဖိနပ်တစ်ဖက်ကို ဆုချမည်' ဟူသော ပစ္စည်းပျောက်ကြော်ငြာကိုဖတ်ကာ ပြုံးရွှင်လျက် ရှိကြကာ၊ အခြားသူ တစ်ဦးတစ်ယောက်မှာမူကား ကျောင်းလခ မပေးနိုင်သဖြင့် အတန်းဝင်ခွင့်မပြုသော စာရင်းထဲတွင်ပါနေသည့် မိမိနာမည်ကို ကြော်ငြာများ ထည့်ထားသော အိမ်ကလေး၏ သံဇကာအဖုံးကြားထဲမှ တွယ်အပ်တစ်ချောင်းဖြင့် အခြားသူများ မဖတ်နိုင်အောင် ဖျက်၍နေလျက် ကျန်ကျောင်းသားတစ်ချို့မှာ မိမိတို့နှင့် သက်ဆိုင်သော အသင်းကြော်ငြာ၊ ယူတီစီအမိန့်၊ သင်ကြားသော ဘာသာဆိုင်ရာဌာနများ၏ အမိန့် စသည်တို့ကို ဖတ်ရှုမှတ်သားနေကြလေ၏။

သိန်းဖေသည် ကြော်ငြာများကို ဖတ်ရှုနေရာက တစ်စုံတစ်ခုသော အမိန့်ကို တွေ့ရသဖြင့် အံ့အားသင့်သွားကာ "အိုင်ဆေး ကိုကျော်ဝင်း၊ ခင်ဗျားကို ပရင်စီပယ်ခေါ်ထားပါကလား" ဟု ဆိုလိုက်လေ၏။

ကျော်ဝင်းမှာမူကား ထိုအမိန့်စာ တွေ့ရမည်ကို ယမန်နေ့ကပင် မျှော်လင့်ထားသူ ဖြစ်သောကြောင့် များစွာအံ့အားသင့်သော အမူအရာကို မပြဘဲ "ဆရာကြီးက ကျွန်တော့်ကို ချစ်လို့ ခေါ်တာပေါ့" ဟု မျက်နှာထား အတည်ထား၍ပြောကာ ဘယ်အချိန်တွင် တွေ့ရမည်ကို သိရှိရန် အမိန့်စာကို ဖတ်လေ၏။

"တန်တော့ ဆရာတင်အောင် ရှိပြီထင်တယ်"

"ဒီလိုမထင်လို့ ခင်ဗျားက ဘယ်လိုများ ထင်ချင်သေးလဲ" ဟု ကျော်ဝင်းက ခပ်အေးအေးပင် ပြန်၍ပြောလိုက်စဉ်၊ အနီးရှိကျောင်းသားတစ်ယောက်က "ကိုကျော်

www.burmeseclassic.com

www.burmeseclassic.com



ဝင်း. . . ဟိုမှာ ခင်ဗျားကို ခေါ်ထားတာ တွေ့ပြီလား၊ ဘာဖြစ်လို့လဲဗျ" ဟု မေးရာ ကျော်ဝင်းက "ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော့်ကို စတိတ်စကောလားအဖြစ်နဲ့ အင်္ဂလန်ကို လွှတ်ချင်လို့ ခေါ်ထားတာ" ဟု ဖြေလိုက်သည်တွင် ဘာမှမသိရှာသော ထိုကျောင်းသားမှာ ဝမ်းသာအားရဖြင့် လက်ထိုးပေးရာ "ကမ်းမွန် ရှိတ်" ဟု ဆိုသောကြောင့် ကျော်ဝင်းက ပြန်၍ လက်ဆွဲလှုပ်ပြီး သိန်းဖေအား မျက်စပစ်ကာ ထိုနေရာမှ ထွက်ခွာခဲ့ကြလေ၏။

"ကိုကျော်ဝင်း ဒီလိုဆိုရင် ခင်ဗျား ဘယ့်နှယ်လုပ်ပါ့မလဲ၊ ချောက်ကျနေဦးမှာလား"

"ဘယ့်နှယ်လုပ်ရမလဲဆို၊ ခေါ်တာသွားလိုက်ရုံပေါ့"

"မေးတော့ကော"

"ဟုတ်တဲ့အတိုင်း ဖြေရုံပေါ့"

"ဟာ. . . ခင်ဗျားကလည်း ဘောက်ချည့်ပြောနေပြန်ပါပြီ။ ဒီဟာပျက်တီးပျက်ချော် လုပ်နေလို့ မဖြစ်ဘူးဗျ။ ဘယ်လိုလုပ်ဖို့ဆိုတာ စောစောက စိတ်ကူးထားမှပေါ့ဗျ။ မတော်မဆ အိတ်စပင်းရှင်း ထိနေရင် ဒုက္ခပေါ့"

"အိတ်စပင်းရှင်း ထိရင်လည်း ကျောင်းကထွက်ပြီး အိမ်ပြန်ရုံပေါ့။ လိမ်တော့ မပြောဘူး။ ဟုတ်တဲ့အတိုင်း ပြောရမှာပဲ"

"ဒီလိုဆိုရင် ဘယ်ဖြစ်မလဲဗျ။ ခင်ဗျားကို ထုတ်ပစ်ရင်တော့ ကျွန်တော်တို့ တစ်တွေ မခံနိုင်ဘူး"

"နေပါဦးလေ၊ ဆရာကြီး ဘာပြောမယ်ဆိုတာ စောင့်ပြီးနားထောင်ပါဦး။ ပူစရာမရှိ လျှောက်ပြီးပူမနေပါနဲ့" ဟု ကျော်ဝင်းကပြောမှ သိန်းဖေလည်း ငြိမ်၍သွားကာ နှစ်ယောက်သား ကွန်မွန်းရုမ်းသို့ သွားကြလေ၏။

မသန်းမြင့်သည် ကျောင်းတက်၍ မိန်းကလေးများအခန်းသို့ ရောက်သည့်အချိန်မှစ၍ ကျော်ဝင်းအား မျှော်လေ၏။ သို့ရာတွင် ကျော်ဝင်းတို့မှာ ခပ်စောစော ရောက်နေကြသောကြောင့် မသန်းမြင့်မှာ ခါတိုင်းကဲ့သို့ မတွေ့လိုက်ရ ရှိလေ၏။ ကျော်ဝင်းနှင့် သိန်းဖေတို့မှာလည်း ကွန်မွန်းရုမ်းထဲတွင် တိုင်ပင်ခန်းထုတ်နေကြကာ ထွက်၍မလာကြဘဲ ရှိသည့်အတွက် မသန်းမြင့်မှာ ကျောင်းတက်ခေါင်းလောင်းထိုးသည့်တိုင်အောင် ကျော်ဝင်းကို မတွေ့ရသဖြင့် အတန်းထဲသို့ ရောက်နှင့်နေပြီလောဟု ထင်မြင်ကာ အတန်းထဲသို့ အစင်၌ ကျော်ဝင်းကို ကြည့်ရှုရှာဖွေရာ မတွေ့ရပြန်ဘဲ ရှိသည်တွင် တွေးတောဖွယ်ရာများမှာ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာကာ မိမိနံပါတ်ကိုခေါ်၍မှ ရုတ်တရက် မထူးနိုင်ဘဲရှိ၍ အနီးရှိကျောင်းသူတစ်ဦးက လက်တို့လိုက်မှ ထူးရန်သတိရလေတော့၏။

ကျော်ဝင်းနှင့် သိန်းဖေတို့မှာ အတန်းမတက်ကြတော့ဘဲ ကွန်မွန်းရုမ်းထဲမှာ

www.burmeseclassic.com

ပင် တစ်ချိန်လုံး ကုန်ဆုံးအောင် နေကြပြီးနောက်၊ ကျောင်းအုပ်ကြီးနှင့် တွေ့ရမည့် အချိန်သို့ မရောက်သေးမီ ကြိုတင်၍ ကျောင်းအုပ်ကြီး၏ရုံးခန်းအပြင်တွင် စောင့်နေကြလေ၏။ မကြာမီပင် အချိန်စေ့သဖြင့် ကျော်ဝင်းသည် အခန်းထဲသို့ ဝင်သွား၍ သိန်းဖေ အပြင်က စောင့်၍နေလေ၏။

ကျောင်းအုပ်ကြီးလည်း ကျော်ဝင်း လာသည်ကိုမြင်လျှင် မိမိအလုပ်မှ မျက်နှာခွာပြီး ကျော်ဝင်း ကပ်ရောက်လာသည့်တိုင်အောင် ကျော်ဝင်းကို အကဲခတ်၍နေလေ၏။

ကျော်ဝင်းမှာ ကျောင်းတွင် ထင်ရှားသူ ဖြစ်သည့်အတိုင်း ကျောင်းအုပ်ကြီးကိုယ်တိုင် ကောင်းစွာသိရှိရုံမျှမက အတော်ပင် ခင်မင်ခြင်းခံရသဖြင့် ကျောင်းအုပ်ကြီးမှာ ကျော်ဝင်းအား ဝေခွဲ၍မရနိုင်သော မျက်နှာထားဖြင့် ကြည့်နေလေ၏။

ကျော်ဝင်းသည် "ဂွတ်မောနင်း" ဟူ၍ နှုတ်ဆက်ကာ ကြည်လင်သော မျက်နှာဖြင့် ကျောင်းအုပ်ကြီး၏ စားပွဲရှေ့တွင် ရပ်လေ၏။ ကျောင်းအုပ်ကြီးသည် ပြန်၍နှုတ်ဆက်ရင်း ဖိုင်တွဲတစ်ခုမှ စာရွက်ကိုထုတ်ကာ မိမိ၏ရှေ့တွင်ချထားလျက် "ငါ့မှာ ဆရာတင်အောင်ထံက မင်းကို တိုင်ကြားတဲ့ စာတစ်စောင်ရတယ်၊ မင်းတို့ ဘယ်လိုဖြစ်ကြသလဲ" ဟု မေးလေ၏။

ကျော်ဝင်းသည် မဆိုင်းမတွဘဲ "ကျွန်တော်တို့ ရန်ဖြစ်ခဲ့ကြတယ်" ဟု ဖြေလေ၏။

"ဘယ်လိုဖြစ်တာတုံး"

"ကျွန်တော်တို့ အငြင်းအခုံတစ်ခုဖြစ်ပြီး မကျေနပ်ကြတဲ့အတွက်၊ လက်သီးချင်း ထိုးရတဲ့ အခြေအနေကို ရောက်သွားတယ်" ဟု ကျော်ဝင်းက တိုတိုရှင်းရှင်းပင် ပြောလိုက်လေ၏။

ကျောင်းအုပ်ကြီးလည်း အနည်းငယ် စဉ်းစားပြီး "မင်း သူ့အခန်းထဲကို ကျူးလွန်ပြီး သူ့ကို စော်ကားတယ်၊ တိုင်းထွာတယ်လို့ သူက တိုင်ထားတယ်။ ဒီလိုဆိုရင် မင်းမှာ အပြစ်အင်မတန်ကြီးနေတယ်"

"ကျွန်တော် သူ့အခန်းထဲကို ခွင့်တောင်းပြီးမှ ဝင်တယ်။ နောက် ကျွန်တော် မကျေနပ်တဲ့ အကြောင်းတစ်ခုကို သူ့ကို ပြောပြတယ်။ ကျွန်တော် ပြောတဲ့စကားကို သူစိတ်ဆိုးပြီး ကျွန်တော့်ကို လက်သီးနဲ့ထိုးတယ်။ ကျွန်တော်က သူ့ကို ဒီလိုမလုပ်ဘဲ နှစ်ယောက်သား ဘောက်ဆင်ထိုးဖို့ ပြောရင်းက သူက ထပ်ပြီးထိုးတဲ့အတွက် ကျွန်တော်က ပြန်ထိုးပြီး သူ့ကို 'လူကြောက်'လို့ ခေါ်လိုက်တယ်"

"မင်းတို့ အငြင်းအခုံ ဖြစ်တာဟာ ဘာလဲ"

"ကျွန်တော် ဒါကို မဖြေလိုဘူး၊ တိုင်တဲ့လူကိုပဲ မေးစေလိုပါတယ်၊ အမှန်အားဖြင့် ကျွန်တော် သူ့အပြုအကျင့်တွေကို မနှစ်သက်လို့ တားဆီးတဲ့အတွက် ဖြစ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို ဟို၊ မင်းတို့ ဘာဖြစ်တယ်ဆိုတာ နားမလည်နိုင်ဘူး။ မင်းကို ငါသိသမျှမှာ ဖြင့် မင်း ဒီလိုစိတ်မြန်တာကို တစ်ခါမှ မတွေ့ဖူးဘူး၊ အခု မင်းအပေါ် မှာ စွပ်စွဲထားတဲ့ အချက်တွေဟာ အများကြီးရှိတယ်၊ ဒီဟာကို တို့စဉ်းစားရလိမ့်ဦးမယ်။ ဒီအတွင်းမှာ မင်းကို အရေးမယူနိုင်သေးသော်လည်း အခုစွပ်စွဲချက်တွေကို ဘာဆာကပေးလိမ့်မယ်။ ဒီစာထဲမှာ ပါတာတွေကို မင်းစာနဲ့ ရေးပြီး ဖြေရှင်းပါ" ဟု ပြောဆိုလိုက်ရာ ကျော်ဝင်း ရုတ်တရက် တွေဝေငေးမောနေခြင်း ဖြစ်သွားလေ၏။

ကျောင်းအုပ်ကြီးလည်း တိုင်ကြားချက်ပေါ်တွင် တစ်စုံတစ်ရာ ရေးသားနေပြီး နောက် လွတ်လပ်သောနံရံကို ငေးစိုက်၍ကြည့်နေပြီးလျှင် မျက်နှာထား ပြောင်းလွဲ လိုက်ကာ တည်ကြည်သော ဣန္ဒြေဖြင့် "မင်းကို နောက်ထပ်အမိန့်မထုတ်မီ အတန်း ဖြုတ်ထားလိုက်တယ်" ဟု အမိန့်ပေးပြီးနောက် ပြန်သွားခွင့်ပြုလိုက်လေ၏၊

ကျော်ဝင်းသည် ထိုနေရာတွင် အမြစ်တွယ်၍သွားသကဲ့သို့ မလှုပ်မယှက် ဖြစ်နေပြီးမှ ကျောင်းအုပ်ကြီးအား နှုတ်ဆက်ပြီး ထွက်လာရာ၊ အဝတွင် အသင့်စောင့် မျှော်နေသော သိန်းဖေက စိုးရိမ်မကင်းသော အမူအရာဖြင့် "ဘယ့်နှယ်တုံး၊ ဘာပြော သလဲ" ဟု ပျာပျာသလဲ မေးလေ၏။

ကျော်ဝင်းသည် သိန်းဖေ၏ပုခုံးကိုဖက်ကာ တွဲလျှောက်လာပြီးနောက်မှ "ဆပ်စပင်း လုပ်ထားလိုက်တယ်" ဟု မိမိအား အတန်းဖြုတ်ထားကြောင်းကို ပြောပြ လေ၏။

"ဘယ်အထိလဲ"

"ဘယ်အထိလဲဆိုရင် ကျွန်တော့်အမှုကို စဉ်းစားဦးမှာပေ့ါ။ စဉ်းစားပြီး သူတို့ ဆုံးဖြတ်တဲ့အချိန်အထိပဲ ဖြစ်မှာပေ့ါ။ ကျွန်တော့်ကို ကျောင်းကထုတ်ပစ်တဲ့အထိ ဖြစ်ချင်လည်း ဖြစ်မှာပေ့ါ"

"ဘယ်တော့ စဉ်းစားမှာလဲ"

"ဒါကို မပြောနိုင်ဘူး၊ ကျွန်တော့်ဆီက အိတ်စပလင်နေးရှင်း တောင်းထား တယ်။ ဒီစာရပြီးမှ ဒါပါထည့်ပြီး စဉ်းစားမှာပေ့ါ"

"နေပါဦး၊ ခင်ဗျားကို အိတ်စပလင်နေးရှင်း တောင်းထားတဲ့အထဲမှာ ဘာတွေ ပါသလဲ"

"ဒါတွေ ဘာမှမသိရသေးဘူး။ ဘာဆာဆီက စာလာမှ သိမှာပဲ။ စာနဲ့ ဆပ်စပင်းရှင်း အော်ဒါလာမှာပဲ"

"ပြောစမ်းပါဦး၊ ခင်ဗျားကို ဆပ်စပင်းရှင်း လုပ်တာ မြန်လှချည်လားဗျ"

"ဒါတော့ ဘယ်သိမလဲ။ မနေ့ကပဲ ချက်ချင်း အင်မာဂျက်စီမီတင် ခေါ်ပြီး စဉ်းစားချင် စဉ်းစားမှာပေ့ါ။ နို့ပြီးတော့လည်း ဒီကိစ္စလောက်တော့ ပရင်စီပယ်[illegible]ဘာ အတိုင်း ဖြစ်နိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ကျပ်တာပဲဗျာ။ ကျွန်တော် သိပ်စိတ်မကောင်းတာဘဲ။ ထုတ်ပစ်ချင်ပစ်မှာ စိုးရတယ်"

"ထုတ်ပစ်ကော ဘာတတ်နိုင်လို့တုံးဗျာ၊ ထွက်ရုံပေါ့"

"အို. . . ဒီလိုတော့ မဖြစ်ရဘူးဗျာ၊ ခင်ဗျားကိုထုတ်ရင် ကျောင်းကို သပိတ်မှောက်ပစ်မယ်၊ သပိတ်လည်းမှောက်၊ ဒီဆရာလည်း ချောက်ပေါ့ဗျာ၊ နေနိုင်ရိုးလား"

ကျော်ဝင်းသည် ဘာမှပြန်မပြောဘဲ တွေဝေ၍နေလေ၏။ သိန်းဖေမှာ ကျော်ဝင်းအတွက် စိတ်မကောင်း၊ ဆရာတင်အောင်အပေါ်၌လည်း ဒေါ်ဖောင်း၊ ၎င်း၏ ပုံပန်းနှင့် ဒေါသထွက်နေပုံမှာ ကြည့်၍ရယ်စရာလိုလိုပင် ဖြစ်နေပေတော့လေ၏။ ကျော်ဝင်းမှုကား အခြေအနေကို မစဉ်းစားတတ်သေးသည့် အနေသို့ ရောက်ရှိနေကာ တွေဝေလျက် ရှိတော့လေ၏။

ထိုသို့ အတန်ကြာ ငြိမ်သက်နေပြီးမှ သိန်းဖေက "ကဲ. . . ခင်ဗျား ဘယ်သွားမလဲ၊ ကွန်မွန်းရှမ်းထဲ ပြန်သွားပြီး တိုင်ပင်ကြဦးမလား၊ လက်ဖက်ရည်ဆိုင် သွားကြမလား" ဟု မေးလေ၏။

"ကျွန်တော် ဘယ်မှမသွားချင်ဘူးဗျာ၊ ဘယ်သူနဲ့မှလည်း မတွေ့ချင်ဘူး။ ကျွန်တော် ဟောလ်ကို ပြန်မယ်"

"နို့. . . ဘာဆာဆီကစာကော"

"ဒါ ကျွန်တော် ပူဖို့ မရှိပါဘူးဗျာ။ ကျွန်တော် သွားမယူရင် ဟောလ်ကို လာပြီးပို့မှာပေါ့။ ကဲဗျာ ပြောနေကြာတယ်။ ကျွန်တော် သွားမယ်၊ ခင်ဗျား မလိုက်ခဲ့နဲ့တော့၊ ခင်ဗျား အတန်းတက်ဖို့ရှိတာ တက်တော့" ဟု ပြောကာ ကျော်ဝင်းသည် သိန်းဖေကို ပစ်ထားခဲ့ပြီးလျှင် ပုဂံဟောလ်သို့ လေးကန်စွာ ပြန်ခဲ့လေ၏။

□□□

www.burmeseclassic.com

## အခန်း (၅၃)

မသန်းမြင့်သည် တစ်မနက်လုံး ကျော်ဝင်းအား မည်သည့်စာသင်ခန်းတွင်မှ မတွေ့၊ အခန်းကူးပြောင်းရင်းလည်း မမြင်၊ အားလပ်ချိန်တွင်လည်း မိမိတို့ အခန်းနားဆီသို့ မလာသဖြင့် အမျိုးမျိုးတွေးလျက် ပူပန်နေမိကာ မည်သူ့အား မေးမြန်းရပါမည်နည်းဟု စဉ်းစားတွေးတောနေလေ၏။ ထိုသို့ စဉ်းစားရာတွင် သိန်းဖေကို တွေးမိလေရာ နေ့လည်ပိုင်း ကျောင်းနားချိန်တွင် သိန်းဖေကို ရှာလေ၏။

သိန်းဖေသည် နေ့လည်ချိန်တွင် ဗဟိုထမင်းစားရုံမှ လက်ဖက်ရည်သောက်၍ ပြန်လာပြီးနောက် ကြော်ငြာအမိန့်များ ကပ်သောနေရာသို့ သွားရောက်ကြည့်ရှုရာ ကျော်ဝင်းအား အတန်းဖြုတ်ထားသောအမိန့်ကို တွေ့ရှိရသဖြင့် အခြားကျောင်းသားများ မတွေ့ရှိစေရန် အမိန့်စာရွက်ကို ဆွဲ၍ဖြုတ်ယူထားလိုက်လေ၏။

ထိုသို့ဆွဲ၍ဖြုတ်လိုက်စဉ်၊ မိမိကျောနောက်မှ "ကိုသိန်းဖေ ဘာလုပ်နေတာလဲ" ဟု မေးသံကြားလိုက်ရသဖြင့် ကျောတုန်၍သွားလေ၏။ သိန်းဖေသည် အသံ၏ထူးခြားခြင်းကြောင့် မည်သူများပေနည်းဟု လှည့်ကြည့်ရာတွင် မသန်းမြင့် ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်၍သွားကာ ဆွဲဖြုတ်ထားသော အမိန့်စာရွက် ကိုင်ထားသည့် လက်ကို ကျောနောက်သို့ ပစ်လိုက်ပြီးလျှင် မသန်းမြင့် မမြင်အောင် အမိန့်စာရွက်ကို လုံးချေ၍ပစ်လိုက်လေ၏။

"ကိုကျော်ဝင်းတစ်ယောက်ကို မြင်သလား"

"မြင်သားပဲ၊ ခပ်စောစောကတောင် တွေ့သေးတယ်"

"ဘာဖြစ်လို့ အတန်းမတက်သလဲ၊ အတန်းထဲမှာ သူ့ကို ကြည့်တာ မမြင်ဘူး"

"ဟုတ်လား တကယ်ပဲ မတက်ဘူးလား"

"ကိုသိန်းဖေ မသိချင်ယောင်ဆောင်နေပြီထင်တယ်။ သူကျောင်းမတက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဖေ သိမှာပေါ့"

"မသိတာတော့လား၊ တကယ့်ကို မသိပါဘူး"

"မညာပါနဲ့ ကိုသိန်းဖေရယ်၊ သိရင်လည်း ပြောစမ်းပါ။ ကျွန်မ စိတ်မကောင်း ဖြစ်လို့ပါ။ တစ်နေ့ညနေကလည်း ဆိုရှယ်မှာ ဘာမပြော ညာမပြောနဲ့ ထွက်သွားတယ်၊ မနေ့ နေ့ခင်းကလည်း ဟောလ်ကို မလာဘူး။ ကနေ့လည်း ကျောင်းမတက်ဘူး။ တစ်ခု ခုတော့ဖြစ်တာ အမှန်ပဲ။ ဘာမှန်းကို မသိရလို့ ကျွန်မ သိပ်စိတ်ညစ်တာပဲ"

သိန်းဖေသည် ပြောရလျှင် ကောင်းမည်လော၊ မပြောဘဲနေရလျှင် ကောင်းမည်လောဟု တွေးနေလေ၏။ ထိုသို့တွေးတောနေစဉ် မသန်းမြင့်ကလည်း ပြောပြရန် အထပ်ထပ် တိုက်တွန်းနေသောကြောင့် နောက်ဆုံးတွင် သိန်းဖေမှာ ထိုအကြောင်းကို မသန်းမြင့်အားပြော၍ တာဝန်မကြီးဟု ယူဆကာ မည်သို့မျှ မကွယ်မထောက်နိုင်တော့ဘဲ အလုံးစုံ ပြောပြလေ၏။

သိန်းဖေပြောသော စကားများကို ကြားရလျှင် မသန်းမြင့်မှာ မပြောနိုင်မဆိုနိုင်ကြီးဖြစ်ကာ ပူပန်စိုးရိမ်ခြင်းဖြင့် သွေးသားများ လျှင်မြန်စွာ လှုပ်ရှားလျက် သိန်းဖေ၏ မျက်နှာကို အတန်ကြာစွာ ငေးစိုက်နေပြီးမှ "တကယ်ပဲလား ကိုသိန်းဖေရယ်၊ ကျွန်မ သိပ်ပြီးစိတ်မကောင်းလိုက်တာ" ဟု ပြောလေ၏။

"တကယ်ပါပဲ မသန်းမြင့်ရယ်၊ မပြောတော့လည်း မပြောဘူးတဲ့၊ ပြောပြန်တော့လည်း မယုံဘူး"

"ဩော်. . . ကိုသိန်းဖေက တစ်ခါတလေ နောက်ပြီးပြောတတ်လွန်းလို့"

"တစ်ခါတလေ မဟုတ်ဘူး။ အမြဲတန်းနောက်ပြီး ပြောတာပဲ၊ ဒီတစ်ခါတော့ တကယ်ပါ။ အတည်ပြောနေတာ" ဟု ဆိုမှ မသန်းမြင့်တွင် လုံးလုံးယုံကြည်ခြင်းဖြစ်ကာ "ဒီလိုဆိုရင် ခက်တော့တာပဲ ကိုသိန်းဖေ" ဟု ညှိုးငယ်သော အမူအရာဖြင့် ပြောသောကြောင့် သိန်းဖေသည် မည်သို့မျှ ဆက်၍မပြောဘဲ နားထောင်လေ၏။

ထိုအခိုက်တွင် ပထမခေါင်းလောင်းထိုး၍သွားလေ၏။ မသန်းမြင့်မှာ မေးမြန်းပြောဆိုလိုသော စကားများ အများအပြားပင် ကျန်သေးသော်လည်း အချိန်မရှိတော့ပြီ ဖြစ်သဖြင့် "ကိုကျော်ဝင်းနဲ့တွေ့ရင် ကျေးဇူးပြုပြီး ပြောလိုက်စမ်းပါ ကိုသိန်းဖေရယ်၊ ညနေကို ဆက်ဆက်ကြီး တွေ့ရအောင် လာပါလို့" ဟု မှာ၍ သိန်းဖေလည်း ပြောပါမည်ဟု ကတိပြုပြီးနောက် တစ်ယောက်တစ်ခြားစီ ခွဲထွက်၍ သွားကြလေ၏။

မသန်းမြင့်သည် ဤကိစ္စတွင် မိမိကြောင့် ဖြစ်ရလေသည်ဟု တွေးမိကာ ဝမ်းနည်းပက်လက်ကြီးဖြစ်လျက် ရှက်လည်း ရှက်မိလေ၏။ သို့ရာတွင် မိမိ၏ဝမ်းနည်းခြင်း၊ ရှက်ခြင်းထက် ကျော်ဝင်း၏အရေးမှာ အေးချမ်း၍သွားဖို့က ပို၍အရေးကြီးနေသောကြောင့် မည်သည့်နည်းအားဖြင့် မိမိသည် ကူညီနိုင်ပါမည်နည်းဟု စဉ်း[illegible]မိန်း ထုတ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စဉ်းစားရာတွင် ဆရာတင်အောင်အား ကျေစေရန် ပြောဆိုတောင်းပန်ခြင်း တစ်နည်းသာလျှင် တွေးမိလေရာ မိမိအတွက်နှင့် ဖြစ်ရသောကိစ္စတွင် မိမိက တောင်းပန်ရမည်ဆိုသော် မိမိအပေါ်တွင် ဆရာတင်အောင်က စိတ်ဆိုးမည်ဖြစ်သည့်အပြင် မိမိ တောင်းပန်သည့်အတိုင်းလည်း လိုက်နာချင်မှ လိုက်နာမည်ဖြစ်လျက် ၎င်းထံသို့လာ၍ ထိုကဲ့သို့ ပြောရပါမည်လောဟူသော ဒေါသနှင့် မကျေမချမ်းခြင်းကြောင့် မိမိ၏မိဘများထံ တစ်မျိုးတစ်မည် အကြောင်းကြားဦးမည်ကိုပင် စိုးရိမ်စရာရှိနေပြန်သည်ကို စဉ်းစားမိကာ အကြံရကျပ်လျက် ထိုနေ့အဖို့၌ သင်ကြားနေသော စာထဲတွင် အနည်းငယ်မျှ စိတ်မဝင်စားနိုင်ဘဲ အင်းလျားဆောင်သို့ပြန်ကာ ကျော်ဝင်းကိုသာ စောင့်မျှော်နေလိုတော့သဖြင့် အချိန်များသည် မြန်မြန်ကုန်လွန်ပါစေ ဟူ၍သာလျှင် တောင့်တမိလေ၏။

သိန်းဖေသည်လည်း ကျော်ဝင်းအတွက် စိတ်မကောင်းခြင်းထက် ကျော်ဝင်း စိတ်ညစ်၍ တစ်စုံတစ်ရာ ပြုလုပ်နေမည်ကို ပိုမိုစိုးရိမ်မိသောကြောင့် နေ့လည်ပိုင်း အတန်းတစ်တန်း တက်ပြီးနောက် ကျန်တစ်တန်းကို မိမိအတွက် နံပါတ်ခိုး၍ ထူးပေးရန်၊ ဒိုင်ခံထူးလေ့ရှိသော ကျောင်းသားတစ်ယောက်အား မှာထားခဲ့ပြီးလျှင် ပုဂံဟောလ်သို့ ပြန်လာခဲ့လေ၏။

ပုဂံဟောလ်၌ ကျောင်းသားများ ကျောင်းသို့သွားရောက်နေကြကာ၊ စာသင်ချိန် အားလပ်သော ကျောင်းသား အနည်းငယ်မျှသာ ရှိသဖြင့် အခန်းများအားလုံးလိုပင် ပိတ်ထားလျက် ခြောက်သွေ့ဆိတ်ငြိမ်၍နေသောကြောင့် ထိုသို့ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် သိန်းဖေ၏စိတ်ကို ခြောက်ခြားစေလေတော့၏။ သိန်းဖေသည် တထင့်ထင့် စိုးရိမ်မကင်းသောစိတ်ဖြင့် ကျော်ဝင်း၏အခန်းဖက်သို့ လျှောက်လာခဲ့ရာ ထိုအခန်းသို့ရောက်လျှင် အခန်းတွင်းမှ ဘာသံမျှ မကြားရဘဲ ငြိမ်သက်၍နေသောကြောင့် မရဲတရဲနှင့်ပင် မှန်တံခါးကို ခေါက်လိုက်လေ၏။ သို့တွင် အတွင်းမှ ရုတ်တရက် ဘာမျှပြန်ကြားခြင်း မပြုသည့်အတွက် ထိတ်လန့်၍သွားကာ တံခါးကို ဆွဲကြည့်လိုက်ရာ၊ တံခါးဖွင့်ထားသည်ကို တွေ့ရ၍ အတွင်းသို့ ချောင်းကြည့်လိုက်သည်တွင် ခုတင်တွင်ထိုင်ကာ ငေးမောတွေမှိုင်သော အမူအရာဖြင့် လက်ထဲတွင် စာရွက်တစ်ရွက်ကို စိုက်ကြည့်နေသော ကျော်ဝင်းကို တွေ့ရမှ တစ်နည်းအားဖြင့် စိတ်အေးချမ်း၍သွားကာ အထဲသို့ ဝင်သွားလေ၏။

ကျော်ဝင်းသည် သိန်းဖေအား မကြည့်ဘဲ လက်ထဲရှိစာကို စိုက်၍နေလေရာ သိန်းဖေသည် အနားသို့ ကပ်ရောက်ရပ်တန့်ကာ ကျော်ဝင်း ကိုင်ထားသောစာကို ငုံ့စိုက်၍ကြည့်လျက် "ဘယ်ကစာလဲဗျ" ဟု မေးမှ ကျော်ဝင်းက မော့၍ကြည့်ကာ "ဘာဆာဆီက" ဟု ပြောရင်း သိန်းဖေအား စာရွက်ကို လှမ်းပေးလိုက်လေ၏။

သိန်းဖေသည် စာရွက်ကိုယူကာ ကုလားထိုင်တွင် ထိုင်၍ဖတ်ရင်း "ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ အတော့်ကို အပြစ်ပြထားတာပဲ။ ခင်ဗျား ဘယ်လိုဖြေမလဲ" ဟု မေးလေ၏။

"မဖြေဘူးဗျာ၊ ဒီအတိုင်း ထားလိုက်မယ်၊ ဘာဖြစ်ဖြစ်"

"ဟာ. . . ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ခင်ဗျား မဖြေရင် ခင်ဗျား အပြစ်ရှိတယ်ဆိုတာ ဝန်ခံရာ ရောက်နေမှာပေါ့ဗျ၊ ပြန်ပြီးဖြေမှပေါ့ဗျ၊ စာထဲမှာ ထုချေလွှာ အမြန်ဆုံး တင်သွင်းဖို့ ခေါ်ထားတာပဲ"

ကျော်ဝင်းသည် တွေဝေ၍ စဉ်းစားနေပြီးမှ "ဖြည်းဖြည်းပေါ့ဗျာ၊ တစ်ညလုံး စဉ်းစားနိုင်ပါသေးတယ်" ဟု ပြောစဉ် သိန်းဖေသည် သတိရ၍ "ဒါထက် မသန်းမြင့်က ခင်ဗျားကို ညနေတွေ့ချင်လို့တဲ့" ဟု ပြောပြလေ၏။

ကျော်ဝင်းလည်း မသန်းမြင့်ဟူသော စကားကိုကြားရလျှင် မျက်နှာတွင် ရုတ်တရက် ပြောင်းလဲခြင်း ဖြစ်သွားကာ "ခင်ဗျား ပြောလိုက်သလား" ဟု မေးလေ၏။

"မပြောလို့ ဘယ်ဖြစ်တော့မလဲဗျာ၊ ဒီကိစ္စဟာ တစ်ကျောင်းလုံး သိကြတော့မှာပဲ"

"ရှက်တယ်ဗျာ၊ ကျွန်တော် မတွေ့ချင်ဘူး၊ ဒါနဲ့လည်း မုန်းချင်မုန်းပေစေတော့။ ကျောင်းက ဒီစီးရှင်း မကျမချင်း ကျွန်တော် ဘယ်မှ မထွက်ချင်ဘူး"

"မဟုတ်ဘူးဗျ၊ သွားဦးမှပေါ့၊ စိတ်မကောင်းဘဲ ဖြစ်နေပါဦးမယ်ဗျာ"

"ပြောပြီကောဗျာ၊ မုန်းချင်မုန်းပေစေလို့တောင် ဆိုနေမှပဲ"

"အေးလေ၊ ဒါတော့ သဘောပေါ့။ ကျွန်တော် ဘာတတ်နိုင်မှာလဲ" ဟူ၍ လေအေးဖြင့်ပြောကာ သိန်းဖေမှာ နှုတ်ပိတ်လျက် နေလိုက်ရလေ၏။

ထိုသို့လျှင် အတန်ကြာစွာ ငြိမ်သက်နေကြပြီး ထိုသို့ငြိမ်၍နေကြသည့်အထဲမှ တစ်ချက်တစ်ချက်တွင် တစ်စုံတစ်ရာကို သတိရသဖြင့် တစ်ယောက်က မေးလိုက် တစ်ယောက်က ဖြေလိုက်လုပ်၍ ငြိမ်သွားလိုက်ကြနှင့် ကိုယ့်စိတ်ကူးနှင့်ကိုယ် အကြံထုတ်၍ နေကြလေ၏။

ပုဂံဟောလ်မှာ တဖြည်းဖြည်း တစ်စတစ်စ ဖိနပ်သံများ၊ စကားပြောသံများ ပေါ်ပေါက်လာကာ ကျောင်းမှပြန်လာသော တစ်ယောက်ချင်းလည်းကောင်း၊ အတွဲလိုက်လည်းကောင်း၊ ရောက်ရှိ၍လာကြပြီးလျှင်၊ လက်ဖက်ရည်ခေါင်းလောင်း ထိုးလေ၏။ ကျော်ဝင်းမှာ မိမိ၏စိတ်ကူးမှတစ်ပါး အပြင်အပကမ္ဘာ မည်သည့်အသံ မည်သည့်အာရုံကိုမျှ ဝင်စားစူးစိုက်ခြင်း မရှိဘဲနေသောကြောင့် "လာဗျာ၊ လက်ဖက်ရည် သွားသောက်ကြဦးစို့" ဟု သိန်းဖေကခေါ်မှ လက်ဖက်ရည်ချိန် ရောက်ပြီကို သိရလေ၏။

လက်ဖက်ရည်ခန်းထဲတွင် အချို့သောကျောင်းသားများက ကျော်ဝင်းအား ပြုံးရယ်နှုတ်ဆက်ကြရာ၊ ကျော်ဝင်းသည် ၎င်းတို့အား ပြန်၍ပြုံးလိုက်သော်လည်း ထိုပြုံးပုံတွင် ရွှင်ပျခြင်း မပါဘဲ မချိသွားဖြဟန်မျှ ရှိလေ၏။

အကြောင်းမသိသူအချို့က "အိုင်ဆေး ကိုကျော်ဝင်း ခင်ဗျားကို စာတန်းထဲ

www.burmeseclassic.com

www.burmeseclassic.com


မှာ မမြင်ပါလား။ ဘာလို့ ကျောင်းမတက်သလဲ" ဟု မေးရာ ကျော်ဝင်းသည် မုသား မပြောလို၊ ဖြေလည်းမဖြေလိုသဖြင့် ငြိမ်၍နေသောကြောင့် သိန်းဖေက ပြောင်သလိုလို ဖြင့် "ကျောင်းမတက်တာ ဘန့်လုပ်ချင်လို့ပေါ့" ဟု ဆိုလိုက်ရာတွင် "ခင်ဗျားကို ရှေ့နေ မငှားပါဘူးဗျာ" ဟု ပြော၍ထွက်သွားကြလေတော့၏။

ကျော်ဝင်းသည် လက်ဖက်ရည်သောက်ပြီးသော်လည်း မထသေးဘဲ ထိုင်မိ ထိုင်ရာ ငိုင်၍ထိုင်နေလေရာ ကျောင်းသားများ ကုန်လုမှ သိန်းဖေက "လာဗျာ၊ ဒီမှာ ထိုင်မနေပါနဲ့၊ အခန်းပြန်ပြီး မှိုင်နေရင် လူမသိပါဘူး" ဟု ခေါ်၍ နှစ်ယောက်အတူ ထွက်ခဲ့ကြလေ၏။

သို့နှင့် ကျော်ဝင်း၏အခန်းသို့ပင် ပြန်ခဲ့ကြရာ၊ အခန်းရှေ့တွင် ရပ်၍စောင့်နေ သူတစ်ယောက်ကို သိန်းဖေ မြင်သဖြင့် "ဟော. . . ဟိုမှာ ကိုဖေသန်း ရောက်နေပါ ပကောလား" ဟု ပြောလိုက်သည်တွင် ကျော်ဝင်းသည် လှမ်း၍ကြည့်လိုက်ရာ မိမိတို့ လှေအသင်း ကပ္ပတိန် ဖေသန်းကို တွေ့ရလေ၏။

ဖေသန်းသည် ကျော်ဝင်းကိုမြင်လျှင် ပြုံးရွှင်သောမျက်နှာဖြင့် "အိုင်ဆေး ကိုကျော်ဝင်း၊ မနေ့က ဘာပြုလို့ ဘုတ်ကလပ်ကို မဆင်းသလဲ၊ ခင်ဗျား မလာလို့ဗျာ၊ မနေ့က အသစ်ရောက်လာတဲ့ တွမ်တီဖိုးအင့်ချ်လင့်ကားကြီးတစ်ခုတောင် ထုတ်ပြီး လှော်ကြသေးတယ်ဗျ။ အတော်ကောင်းသားပဲ" ဟု အားရပါးရ ပြောသော်လည်း ကျော်ဝင်းသည် ဘာမျှမပြောဘဲ ဖေသန်း၏အနားသို့ ကပ်လာလေ၏။

"ပြောပါဦး၊ မနေ့က ဘာပြုလို့ မလာတာတုံး၊ ထရိုင်ရယ်ဖိုး ပြိုင်ကြည့်ဖို့ဟာ ခင်ဗျား မလာတာနဲ့"

"လာပါဦးလေ၊ အထဲဝင်ပါဦး၊ ပြောတာပေါ့" ဟု ကျော်ဝင်းကခေါ်၍ တံခါး ဖွင့်ကာ အရင်ဝင်သဖြင့် ကပ္ပတိန်နှင့် သိန်းဖေတို့ ဝင်၍လိုက်ကြလေ၏။

ကျော်ဝင်းသည် ဖေသန်းအား ကုလားထိုင်ထိုးပေးပြီးနောက် ခုတင်ပေါ်တွင် ထိုင်လိုက်ရင်း "ကျွန်တော် အခု ဆပ်စပင်းလုပ်ခံနေရတယ်" ဟု ပြောလေ၏။

ဖေသန်းမှာ ဆပ်စပင်းလုပ်ခံရသည်ဟူသော စကားလောက်ဖြင့် စိတ်တွင် ထူးခြားခြင်း မရှိလှဘဲ "ဘာပြုလို့လဲ၊ ကျောင်းလခတွေ မပေးဘဲထားလို့လား" ဟု မေးရာ ကျော်ဝင်းက "မဟုတ်ဘူး၊ ဆရာတင်အောင်နဲ့ ထိုးကြလို့" ဟု ပြောလိုက်မှ ဖေသန်းတွင် အံ့အားသင့်သွားကာ "ဟာ. . . ခင်ဗျား ဒီလိုလုပ်တတ်တဲ့ လူလည်း မဟုတ်ပါဘူး၊ ဘယ့်နှယ်ဖြစ်တာတုန်း" ဟု စိုးရိမ်မကင်း မေးလေ၏။

"ကျွန်တော်တော့ တယ်ပြီးမပြောချင်တော့ဘူးဗျာ၊ ကိုသိန်းဖေသာ မေးကြည့် ပေတော့" ဟု သိန်းဖေ၏ပါးစပ်ကို ငှားလိုက်သဖြင့် သိန်းဖေလည်း ရာဇဝင်ခင်း၍ တစ်စမကျွင်း ပြောပြရလေတော့၏။

"ဟင်. . . ဒီလိုဆိုရင် ရီဂတ္တာ (လှေပြိုင်ပွဲ) အတွက် ခက်တာပေါ့ဗျ၊ အခုနေ

www.burmeseclassic.com

www.burmeseclassic.com

ပုံတော့ ခင်ဗျား မပါနိုင်တော့ဘူးပေါ့။ ချောက်ပါပဲဗျာ။ ဒါမှ အကြီးအကျယ် ချောက်ပါပဲ။ ဟာ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ခင်ဗျား မပါရင်သွားလိမ့်မယ်" စသဖြင့် ဖေသန်းမှာ ညည်းညည်းညူညူနှင့် ခေါင်းကုတ် ဇက်ကုတ်ဖြစ်၍နေလေတော့၏။

"နေပါဦး၊ ထပ်ပြီးမေးပါရစေဦး။ အခု ခင်ဗျားကေ့စ်ကို ဘယ်လိုလုပ်ထားသလဲ"

"အန်ဒါကော်ဒစရေးရှင်း၊ သူတို့ မီတင်လုပ်ဦးမယ်ဗျာ၊ ပြီးတော့မှ ဘယ်လိုဆုံးဖြတ်တယ်ဆိုတာ သိရမှာပဲ"

"အိုင်ဆေး ဒီလိုလုပ်ပါဗျာ၊ ခင်ဗျား ဆရာတင်အောင်ကို အက်ပိုလိုဂျိုက်စ် (တောင်းပန်) လုပ်လိုက်ပါဗျာ။ ကျွန်တော် သူ့တိုင်ချက်ကို ဝစ်သ်ဒရောလုပ်ဖို့ သူ့ကိုလည်း ပြောပါဦးမယ်။ ဒီလိုနဲ့ ပြီးရင်လည်း ပြီးကြတာပေါ့ဗျာ။ နို့မဟုတ်ရင် ခင်ဗျား ထုတ်ခံထိချင် ထိနေဦးမယ်။ လှေပြိုင်ပွဲလည်း အခက်ပဲ။ ဒီနှစ် ဂျပ်ဆင်ကို ရှုံးမယ်ဆိုရင်လည်ပင်း ဘဲဥအိုးချည်ပြီး ရေထဲသာ ခုန်ချလိုက်ဖို့ ကောင်းတာပါပဲဗျာ"

ကျော်ဝင်းသည် ဆရာတင်အောင်အား တောင်းပန်ဖို့ စကားကိုကြားလျှင် ဆစ်ကနဲ ဒေါသထွက်လျက် "တောင်းပန်ဖို့စကားတော့ မပြောနဲ့ဗျာ။ ဒီကျောင်းမနေရလို့လည်း အရေးမကြီးပါဘူး" ဟု ပြောလေ၏။

"ခင်ဗျားနှယ်ဗျာ၊ ဆောရီးဆိုတဲ့ စကားတစ်လုံးကို ပြောရတာ ဘာဝန်လေးသလဲဗျာ"

"နိုး. . . နိုး. . . ကျွန်တော် သူ့ကိုလား၊ တစ်သက်လုံး ဒီစကားကို မပြောဘူး။ ကျွန်တော် အပြစ်မရဖို့ကလေးနဲ့ ဒီစကားကို မပြောဘူး။ တကယ်ပြောရရင် ကျွန်တော် သူ့ကို ဒီလိုလုပ်လိုက်ရတာ ဝမ်းမနည်းဘူး"

ဖေသန်းမှာ ကျော်ဝင်းကို ပြော၍ရမည်မဟုတ်သူတစ်ယောက် ဖြစ်နေပြီကို သိကာ ခေါင်းကို အတွင်းကုတ်နေလေ၏။

"ကဲ. . . ကဲ. . . ခင်ဗျား ဒါတွေမလုပ်ချင်လည်း နေတာပေါ့ဗျာ။ နို့ပေတဲ့ ဘုတ်ကလပ်လိုက်ပြီး လှော်နေကျလှော်ပါဦး။ ခင်ဗျားကို ထုတ်ပစ်ချင်မှလည်း ထုတ်ပစ်မှာပါပဲဗျာ။ အခု ဆပ်စပရှင်းလုပ်ထားရုံတင် ရှိသေးတာပဲ။ ဒီအမှုကို စကွပ်လုပ်ချင် လုပ်ပစ်လိုက်မှာ၊ အခု ဘုတ်ကလပ်ကို မဆင်းဘဲနေရင် ပြိုင်ပွဲနေ့ကျတော့ ပရက်တစ်မရှိ၊ ဘာမရှိနဲ့၊ မလှော်နိုင်ဘဲ နေပါဦးမယ်"

"ကျွန်တော် ဒါတွေ ဘာမှ စိတ်ထဲမှာ မဝင်စားတော့ဘူး။ ကျွန်တော့်နေရာကို သာ လူစားသွင်းပေတော့" ဟု ပြောလိုက်သဖြင့် ဖေသန်းမှာ လက်လျှော့လိုက်ရကာ "ကဲဗျာ. . . အချိန်လည်း နီးနေပြီ၊ မနက်ဖြန် ကျွန်တော် လာဦးမယ်" ဟု ပြောရစ်ကာ သာလျှင် ထွက်ခဲ့ရပေတော့သတည်း။

မသန်းမြင့်မှာ မိမိမှာထားသည့်အတိုင်း ကျော်ဝင်း ရောက်လာလိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်ကာ ကျော်ဝင်းကို စောင့်မျှော်ရင်း ထွက်၍ကြည့်လိုက်၊ ဆင်း၍ကြည့်လိုက်၊ တင်းနစ်ကွင်းဖက်ဆီ မျှော်၍ကြည့်လိုက်နှင့် အငြိမ်မနေနိုင်ဘဲ ရှိလေ၏။ သို့ရာတွင် ကျော်ဝင်းကား မပေါ်လာချေ။

မသန်းမြင့်သည် ကျော်ဝင်း လာနိုင်ရန် အချိန်ကုန်ခဲ့ပြီ ဖြစ်တော့မှ မိမိအခန်းထဲတွင် ကြိတ်၍ပူဆွေးနေလျက် ထမင်းစားချိန်တွင်လည်း ဆင်း၍မစား၊ ခေါ်၍လည်း မလိုက်ဘဲ အိပ်ရာပေါ်တွင် လူးလာပြန်ခေါက် မှောက်ချည်လှန်ချည်လုပ်ကာ ကြံရာမရ ရှိနေလေ၏။

'ကိုကျော်ဝင်း ငါ့ကို မုန်းပြီ' ဟူသော တွေးတောချက်သည် ဦးနှောက်ထဲသို့ ဝင်ရောက်လာကာ မသန်းမြင့်မှာ ဝမ်းနည်းခြင်းဖြင့် မျက်ရည်ကို မွေးမြူ၍နေလေတော့၏။ မုန်းသော်လည်း မုန်းသည်ကို မသိရ၊ ချစ်သော်လည်း ချစ်သည်ကို မသိရသောအကြောင်းသည် မသန်းမြင့်အား စိတ်မချမ်းမြေ့ မသာယာစေအောင် ဖန်တီးကာ အပူကို ပွားစေလေရကား၊ နောက်ဆုံးတွင် မသန်းမြင့်သည် အကြောင်းကို သိရအောင် စာရေးရန် ဆုံးဖြတ်လျက် အိပ်ရာမှထ၍ အခန်းမီးထွန်းကာ စားပွဲတွင် ထိုင်လေ၏။

ကိုကိုဝင်း

မြင့်ကိုဖြင့် မုန်းပြီပေါ့နော်၊ မုန်းလို့ ခေါ်လို့လည်း မလာ၊ မျှော်လို့လည်း မလာ၊ မြင့်မှာဖြင့် ကိုကိုဝင်းအတွက်နဲ့ ဘယ်လောက်တောင် ဆွေးနေရတယ်ဆိုတာ ပြလိုက်ချင်လှတယ် ကိုကိုဝင်းရယ်။ ဆိုရှယ်တုန်းက ကိုကိုဝင်းမျက်စိရှေ့မှာ တွေ့ရမြင်ရတာတွေ စိတ်ဆိုးပြီး မြင့်ကိုမှ နှုတ်မဆက်နိုင်ဘဲ ထွက်သွားတာတွေ တွေးမိတိုင်း မချိဘဲ မြင့်မှာ လူများ မမြင်ရအောင် ကြိတ်ပြီးငိုနေရပါတယ်။ အရင်တုန်းက မြင့်မျက်စိထဲက မျက်ရည်တွေကျတာ မြင်ရရင် သွေးပေါက်တွေကျတယ်ထင်ပြီး မမြင်ရက်ပါဘူးဆိုတဲ့ ကိုကိုဝင်းရဲ့၊ အခုတော့ နေနိုင်လိုက်တာ ကိုကိုဝင်းရယ်။ မြင့်နဲ့ တွေ့ရအောင်လာပြီး မြင့်ပြောချင်တာလေးတွေ ပြောရအောင် နားထောင်ပြီးမှ မုန်းသင့်လည်း မုန်းတာပေါ့၊ အခုတော့. . . ဟု ရေးနေဆဲမှာပင်-

"မသန်းမြင့် ဘာတွေလုပ်နေတာလဲ"

ဟူသော အသံကို ကြားရသဖြင့် ကြည့်လိုက်ရာ ကပ်နေသောအခန်းမှ ကျောင်းသူတစ်ဦး ဝင်လာသည်ကို တွေ့ရ၍ ရေးနေသောစာကို လျင်မြန်စွာ ဝှက်လိုက်ရလေ၏။

သို့ရာတွင် ထိုကျောင်းသူမှာ မသန်းမြင့်၏အမူအရာကို မြင်လိုက်ရပြီး ဖြစ်သောကြောင့် "ဝှက်လို့မရဘူး ဆရာ၊ ဒီကမြင်ပြီးသား၊ ဘာစာတုံး ပြစမ်းပါ၊ ကျွန်မတို့လည်း ရည်းစားတွေ ဘာတွေထားတဲ့အခါ အတုခိုးပြီး ရေးရအောင်" ဟု ပြောပြောဆိုဆို စာရွက်ကို လုသောကြောင့် မသန်းမြင့်က "အို ဘာမှမဟုတ်ပါဘူး၊ တခြားစာပါ" ဟု ဆိုသော်လည်း မရသည့်အတွက် မိမိရေးထားသော စာကလေးကို ဆုတ်ဖြဲ၍ပစ်

www.burmeseclassic.com


လိုက်ရလေ၏။

ထိုကျောင်းသူသည်လည်း မိမိအကျီစားလွန်သွားသည်ကို သတိရပြီး "မသန်းမြင့် စိတ်ဆိုးသလား" ဟု ပြောကာ မသန်းမြင့်၏မျက်နှာကို ကြည့်လိုက်ရာ ဝမ်းနည်းဒေါသဖြင့် နှုတ်ခမ်းပါးကလေးကို ပေါက်လုနီးပါးကိုက်လျက် အခန်းအပြင်ဆီသို့ တွေဝေငေးစိုက်၍ကြည့်ကာ မျက်ရည်များ ရစ်ဝဲဝေဝိုင်းနေသည်ကို တွေ့ရသောကြောင့် မသန်းမြင့်၏ ပခုံးကလေးကို ပွတ်သပ်ယုယလျက် "အို. . . အမ်ဆောရီး" ဟု ပြောဆိုတောင်းပန်ပြီးလျှင် အသာထွက်လာကာ အခန်းတံခါးကိုပြန်၍ စေ့ပိတ်ပေးလိုက်လေ၏။

နောက်နေ့တွင် ကျော်ဝင်း၏ကိစ္စသည် ကျောင်းတော်သားများနားသို့ ပေါက်ကြားခဲ့လေတော့၏။ ထိုကိစ္စမှာ ကျောင်းသားများ စုမိရာ နေရာတိုင်း၌လိုလိုပင် ပွစိပွစိ ပြောဆိုလျက် ရှိကြလေတော့သတည်း။

ကျော်ဝင်း၏အခန်းမှာ လှုပြတ်လှသည် မရှိတော့ဘဲ ချစ်ခင်ရင်းနှီးသူများ ရောက်ရှိလာကြကာ မေးမြန်းကြသည်မှာ လူမမာမေးသကဲ့သို့ပင် ရှိနေရကား၊ သိန်းဖေ၏အကြံပေးချက်အားဖြင့် ကျော်ဝင်း၏အခန်းကို ပိတ်ထားပြီး သိန်းဖေ၏အခန်း၌ တိုးတိုးတိတ်တိတ် ကြိတ်၍နေကြရလေတော့၏။ သို့ဖြစ်သည့်တိုင်အောင် အက်စအေဒဗလျူများ၊ ကစားခုန်စားဖက်များ ရောက်ရှိ၍ပင် လာပေသေးတော့၏။ ၎င်းတို့ကလည်း မိမိတို့ စုံစမ်းကြားသိခဲ့ရသည့်အတိုင်း ကျော်ဝင်း၏ကိစ္စမှာ အတော်ပင်ကြီးလေးနေသည့်အတွက် စိုးရိမ်ရကြောင်း၊ ဆရာတင်အောင်ကိုလည်း စစ်ဆေးသည်ဟု ကြားရကြောင်း၊ စသည်ဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းများကိုလည်းကောင်း၊ ဆရာတင်အောင်အား ၎င်း၏တိုင်ချက်ကို ပြန်၍ရုပ်သိမ်းရန် ဆိုင်ရာကခိုင်းကြောင်း၊ ဆရာတင်အောင်ကိုပင် ပြန်၍အရေးယူတော့မလို စသော စိတ်အေးရတော့မည်ကဲ့သို့သော သတင်းများကိုလည်းကောင်း အမျိုးမျိုး ပြောကြလေကုန်၏။

ကျော်ဝင်းမှာ မိမိအတွက် မည်သို့ပင် ဖြစ်သည့်တိုင်အောင် မထူးတော့ပြီဖြစ်သကဲ့သို့ စိတ်ပိုင်းဖြတ်ပြီး ဖြစ်သည့်အတိုင်း မပူပင်လှသော်လည်း သိန်းဖေမှာ စိုးရိမ်သည်ထက် ပိုမိုစိုးရိမ်လာလေ၏။ သိန်းဖေသည် ကျော်ဝင်းအား ကျောင်းမှထုတ်ပစ်ခံရမည် ဆိုသည်ကို အနည်းငယ်မျှ မခံနိုင်ဘဲ ကျော်ဝင်းအား ထုတ်၍မပစ်စေနိုင်အောင် မည်သို့ပြုရမည်၊ ထုတ်၍ပစ်က မည်သို့ကြံရမည် စသည်တို့ကို အမျိုးမျိုးအကြံထုတ်လေရာ နောက်ဆုံးတွင် အကြံတစ်ခုကို စိတ်ကူးမိသဖြင့် ထိုအကြံသည်ကားအကောင်းဆုံးဟု ယူဆကာ တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌ တစ်ဦးနှင့် တိုင်ပင်ကြည့်လေ၏။

သမဂ္ဂအသင်းကြီးသည်ကား ကျောင်းသားများ၏ ဟစ်တိုင်၊ ကျောင်းသားများ၏အခွင့်အရေးကို မထိခိုက်စေရအောင် ကာကွယ်သော တံတိုင်းကြီးပင် ဖြစ်သတည်း။ သမဂ္ဂကြီးတွင် ဆောင်ရွက်နေကြသော ကျောင်းတော်သားများသည်ကား

www.burmeseclassic.com


ထက်မြက်လျှင်မြန်သော စိတ်ထားရှိကြသည့်အတိုင်း ဉက္ကဋ္ဌဖြစ်သူနှင့် သိန်းဖေတို့ တိုင်ပင်ကြရာတွင် သိန်းဖေက ကျော်ဝင်းနှင့် ပတ်သက်ပြီး လုံးဝဉသုံ အကုန်အစင်ဖွင့်၍ ပြောရုံမျှမကသေး၊ ဆရာတင်အောင်၌လည်း ဆရာမပီသသော ချွတ်ယွင်းချက်များကို ဖိ၍ပြောလေရာ ဉက္ကဋ္ဌဖြစ်သူ၌လည်း ထိုထိုသောအရေးကိစ္စတို့ကို ဆောင်ရွက်လိုလှသည်နှင့်အညီ အတော်ပင် ကျေနပ်၍သွားလေ၏။

"ကောင်းပြီလေ. . . ဒီလိုလုပ်၊ ကျွန်တော်တို့ အမှုဆောင်ကော်မတီတွေ ဆောလျှင်စွာ အစည်းအဝေးခေါ်မယ်၊ အစည်းအဝေးမှာ တိုင်ပင်ကြဦးမယ်။ တကယ်လို့ ကိုကျော်ဝင်းကို ထုတ်ပစ်ရင် ပြန်ပြီးထားဖို့ ဆရာတင်အောင် ဂျပိုးကျတာတွေလည်း အရေးယူဖို့၊ ဒီအချက်တွေကို ဆုံးဖြတ်ပြီး ဆုံးဖြတ်ချက်တွေကို ဆိုင်ရာကို ပို့မယ်"

"ဒါနဲ့မှ အရေးမယူရင်ကော"

"ဆိုင်ရာက အရေးမယူလို့ရှိရင်ပဲဖြစ်ဖြစ်၊ ဆိုင်ရာက ဆုံးဖြတ်ချက်ကို မတရားဘူး ထင်ရင်ပဲဖြစ်ဖြစ်၊ ကျွန်တော် လုပ်စရာ တစ်လမ်းတည်းပဲ ရှိတယ်"

"သပိတ်မှောက်မလား" ဟု သိန်းဖေက မေးလိုက်ရာ ဉက္ကဋ္ဌလည်း ပြုံးရွှင်စွာဖြင့် "မှောက်သင့်ရင်လည်း မှောက်ရမှာပေါ့" ဟု ပြောလေ၏။

ထိုသို့ သိန်းဖေနှင့် သမဂ္ဂဉက္ကဋ္ဌတို့ တိုင်ပင်သောစကားများမှာ ကျော်ဝင်းကိစ္စကို အရေးစိုက်နေသူတို့၏နားထဲသို့ ရှာရှာဖွေဖွေ ပေါက်ကြားခဲ့လေရာ၊ ကျောင်းကို သပိတ်မှောက်မည်ဟူသော စကားသည် တက္ကသိုလ်ရပ်ကွက်တွင် ပွက်စီပွက်စီ ဖြစ်လျက် ရှိနေလေတော့၏။

ထိုကောလဟာလသတင်းသည် တောမီးကဲ့သို့ လျှင်မြန်စွာ ပျံ့နှံ့လျက်ရှိလေရာ "မှောက်သာမှောက်ဟ၊ ဒီနှစ် စာမေးပွဲမအောင်မှာနဲ့တော့ မထူးတော့ဘူး" ဟူ၍ ဝမ်းသာသူ မရှားဘဲ ရှိလေတော့၏။

□□□

www.burmeseclassic.com

## အခန်း (၅၄)

ကျော်ဝင်း၏ကိစ္စနှင့် ပတ်သက်၍ တက္ကသိုလ်ကျောင်းတော်ကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေလေရာ သပိတ်မှောက်မည်ဟူသော လေသံသည် ဆရာများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်တို့၏ နားထဲသို့ တစ်ဆင့်ထက်တစ်ဆင့် ရောက်ရှိ၍သွားလေ၏။

ဆရာတင်အောင်မှာလည်း ဤကိစ္စတွင် သမဂ္ဂပါ ပါ၍လာတော့မည်ကို သိရလေရာ သမဂ္ဂတစ်စုံတစ်ရာ အရေးယူလျှင် တစ်နည်းနည်းအားဖြင့် မိမိအား ထိခိုက်တော့မည်ကို ကိုယ်တိုင်တွေးမိသည့်ပြင် ဆရာများနှင့်တကွ မိတ်ဆွေများ၏ ပြောစကားအရ ဤကိစ္စသည် ဤကဲ့သို့လျှင် အေးအေးနှင့်သွားတော့မည် မဟုတ်သည်ကိုတွေး၍ လန့်နေလေ၏။

လှေအသင်း ကပ္ပတိန်နှင့်တကွ အသင်းသားအားလုံးတို့မှာ အခြားအရေးထက် မိမိတို့၏လှေပြိုင်ပွဲကို ပိုမိုအရေးကြီးနေကြကာ ဂျပ်ဆင်နှင့် ယှဉ်ပြိုင်ရာတွင် ကျော်ဝင်း မပါလျှင် စိတ်မချရသည့်အလျောက်၊ သပိတ်မှောက်ခြင်း၊ ဆူပူခြင်း စသည်များထက် ကျော်ဝင်းအပေါ်တွင် အရေးယူခြင်းကို ပယ်ဖျက်ကာ ပြိုင်ပွဲတွင် ကျော်ဝင်း ပါဝင်နိုင်ရန်ကို အထူးအရေးကြီးနေကြလေ၏။

သို့ရာတွင် ပြိုင်ပွဲပြုလုပ်မည့်နေ့မှာ နှစ်ရက်မျှသာ လိုလေရကား၊ ထိုအတောအတွင်းဝယ် မည်သည့်နေ့တွင် ဆိုင်ရာမှ ကျော်ဝင်း၏ကိစ္စကို ဆုံးဖြတ်မည်ဟူ၍လည်း မသိရ၊ ထိုအတွင်း၌ ဆုံးဖြတ်ချင်မှလည်း ဆုံးဖြတ်ပေလိမ့်မည် ဖြစ်သဖြင့် ဘုတ်ကလပ် အသင်းသားများမှာ စိတ်ပျက်ကြခြင်းဖြစ်ပြီးလျှင် ကျော်ဝင်း၏နေရာတွင် အစားသွင်းရန် ကိုယ်အလေးချိန်နှင့်တကွ အလေ့အကျင့်တော်သူကို ကြည့်ရှုရှာဖွေကြလေ၏။

ကပ္ပတိန်ဖေသန်းမှာ စိတ်ပျက်ခဲ့ပြီ ဖြစ်သော်လည်း လုံးဝစိတ်မလျှော့သေးဘဲ

www.burmeseclassic.com



ဆရာတင်အောင်ကို တောင်းပန်မည်ဟူသော ရည်ရွယ်ချက်ဖြင့် သထုံဟောလ်သို့ သွားရောက်တွေ့ဆုံလေ၏၊

"ကိုတင်အောင် ခင်ဗျားတို့ကေ့စ်ကို ဘယ်လို ဒီဆိုက် လုပ်မယ်ဆိုတာ ကြားသလား"

"ဒါကို ကျွန်တော် ဘာမှမပြောနိုင်သေးဘူး၊ ကျွန်တော် အခုပဲ ပရင်စီပယ်နဲ့ တွေ့လာခဲ့တယ်"

"ဘာပြောသလဲ"

"ဒါကို ကျွန်တော် ဘယ်သူ့မှ မပြောနိုင်ဘူး၊ ဒီကိစ္စဟာ ကျွန်တော် တစ်ယောက်တည်းနဲ့ ပတ်သက်တာပဲ"

"ကျွန်တော်တော့ဗျာ၊ မိတ်ဆွေအဖြစ်နဲ့ ပြောရင်ဖြင့် အခု ခင်ဗျားတို့ဖြစ်တဲ့ ကိစ္စဟာ ကျေလိုက်ကြဖို့ ကောင်းပါတယ်ဗျာ။ ကျွန်တော်ကလည်း ဟိုလူ့အတွက် ကျွန်တော့်မှာ အရေးကြီးနေတယ်ဗျ။ အင်တာကောလိပ်ပြိုင်ပွဲမှာ သူမပါရင်တော့ ရှုံးပြီးသားပဲ။ အခု သူ့မှာ ကျောင်းကိစ္စဆိုရင် ဘာမှမပါနိုင်ဘူး။ ဒီအတွက်နဲ့ ကျွန်တော် မနေ့က ပရင်စီပယ်နဲ့ တွေ့သေးတယ်။ နို့ပေတဲ့ အခုအခါတော့ ဘာမှ မတတ်နိုင်ဘူး၊ တစ်ခုပဲရှိတယ် ခင်ဗျားက ကျေနပ်လိုက်ရင် ပြီးတာပဲ"

"ကျွန်တော်က ကျေဖို့ကိုပဲ အများက ပြောကြတယ်၊ နို့ပေတဲ့ ကျွန်တော့်ကို ကျေဖို့ သူက မတောင်းပန်တာကိုတော့ ဘယ်သူမှ မပြောကြဘူး"

"ဒါတော့လည်း ဟုတ်သားပဲဗျ။ နို့ပြီးတော့ တစ်ခုရှိသေးတယ်၊ ယူနီယံက လည်း ခံမှာမဟုတ်ဘူး၊ ဘယ်ဘက်မှ မျက်နှာမလိုက်ဘဲ ပြောရရင် အခုအခါ ကျောင်းသားအင်အားက များနေတယ်။ ဒီတော့ ရှေ့ကို အရှည်ဆက်ပြီးတော့ အရှုပ်အရှင်း မများရအောင် အေးစေချင်တာပဲ"

ဆရာတင်အောင်သည် တွေဝေ၍နေလေ၏။ ထို့နောက်မှ သက်ပြင်းကြီး ချကာ "ဒါတွေ ကျွန်တော် စဉ်းစားပါတယ်။ အခုတော့ဖြင့် ကျွန်တော် လုပ်တာ အမှန်ပဲလို့ ယူဆထားတာပဲ။ မနက်ဖြန်ညကိုလည်း အင်မာဂျင်စီမီတင် လုပ်လိမ့်မယ်။ ဒီမီတင်မှာ ဒီကိစ္စကို အပြီးဆုံးဖြတ်မယ် ထင်တာပဲ။ ဒို့ပြင်တော့ ကျွန်တော် ဘာမှပြောစရာ မရှိဘူး" ဟု စကားအဆုံးသတ်၍ ပြောလိုက်သဖြင့် ဖေသန်း၏စိတ်ထဲတွင် မတင်မကျ ကြီးဖြစ်လျက် ပြန်ခဲ့ရလေ၏။

ထိုသို့ဆောလျှင် အစည်းအဝေးလုပ်မည့်နေ့တွင် သတင်းအမျိုးမျိုး ပေါ်ပေါက်ခဲ့လေ၏။ အချို့ကလည်း ကျော်ဝင်းကို ထုတ်ပစ်ရန် သဘောတူသည့်ဘက်များ ကြောင်း၊ အချို့ကလည်း ဆရာများ၏ တိုက်တွန်းချက်အရ ဆရာတင်အောင်ကပင် မိမိ၏တိုင်ချက်ကို ရုပ်သိမ်းသဖြင့် အစည်းအဝေးလုပ်မည် မဟုတ်ကြောင်း၊ အချို့က လည်း ဆရာတင်အောင်၏ အပေါ်၌ပင်လျှင် အရေးယူလိမ့်ဦးမည်ဖြစ်ကြောင်း၊ စသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မညီညွတ်သော သတင်းများကို အမျိုးမျိုးပြောလျက် ရှိကြလေ၏။

အစည်းအဝေး ကျင်းပမည့်ညတွင် သိန်းဖေနှင့်တကွ ထိုကိစ္စတွင် အရေးစိုက်နေကြသူ တစ်စုတို့သည် မည်သို့မည်ပုံ ဆုံးဖြတ်ကြသည်ကို သိရှိရန် အစည်းအဝေး ကျင်းပရာဖြစ်သော ချိမ်းဘားသို့ နားထောင်ရန် သွားရောက်ကြရာ၊ မည်သူမျှ အဝင်မခံသဖြင့် စိတ်ပျက်စွာ ပြန်ခဲ့ကြရလေ၏။

မသန်းမြင့်မှာ ထိုနေ့ညတွင် ကျော်ဝင်း၏ကိစ္စကို ဆွေးနွေးဆုံးဖြတ်မည်ဟု ကြားရသည်နှင့်လျော်ညီစွာ၊ ထိုနေ့တွင် စာမကြည့်၊ မအိပ်နိုင်ဘဲ ဤအချိန်၌ အစည်းအဝေး စလောက်ပြီ၊ ဤအချိန်၌ အတိုက်အခံ အငြင်းအခုံ ပြောဆိုနေကြပြီ၊ ဤအချိန်တွင် ဆန္ဒမဲ ယူကြပြီဟု တွေးမိသောအဆုံး၌ မျက်လုံးပြူးကျယ်ကာ ရင်တွင်းတွင် တထိတ်ထိတ်ဖြစ်လျက် မည်ကဲ့သို့ ဆုံးဖြတ်ချက်ချလေမည်နည်း။ တစ်ခါတည်း ထုတ်ပယ်လိုက်ကြပြီလောဟု တွေးတောပူပင်ကာ မိမိ၏ဖြစ်အင်ကို ငြိုငြင်ဝမ်းနည်း ငိုပွဲကြီး ဆင်ခြင်အောင် ဖြစ်မိ၏။

နောက်နေ့နံနက်တွင် အချို့သောကျောင်းသားများသည် အကျိုးအကြောင်း သိရှိရန် ကျော်ဝင်း၏အခန်းသို့ သွားရောက်ကြရာတွင် စာအုပ်များကို သေတ္တာထဲသို့ သွတ်သွင်းလျက် အဝတ်အစားများကို သိမ်းဆည်းနေသော ကျော်ဝင်းကို မြင်ကြရလျှင် 'ထုတ်လိုက်ပြီ' ဟူ၍ စိတ်ထဲ၌ ဆုံးဖြတ်ချက် အဖြေပေးကာ ကျော်ဝင်း တွေ့မြင်လျှင် အားနာဖွယ်ရာ ဖြစ်သည့်အလျောက်၊ ၎င်း၏အခန်းထဲသို့ မဝင်ကြတော့ဘဲ အသာ ရှောင်တိမ်း ထွက်ခွာသွားကြကာ တစ်ခန်းမှ တစ်ခန်းသို့ ကူးပြောင်းလျက် တိုးတိုးတိတ်တိတ် သတင်းပို့ကြလေ၏။

ထိုနေ့သည်ကား နှစ်လည်လှေပြိုင်ပွဲကြီး ပြုလုပ်မည့်နေ့ကြီး ဖြစ်ပေတော့၏။ တက္ကသိုလ်ကျောင်းတော်သား များစွာတို့သည်ကား ယနေ့အဖို့ ထူးခြားသော ကိစ္စကိုသာ အာရုံစိုက်ကြသည့်အလျောက်၊ ကျော်ဝင်း၏ကိစ္စကို မေ့လျော့သူတို့ မေ့ကုန်ကြကာ လှေပြိုင်ပွဲနှင့်ပတ်သက်သည့် စကားများကိုသာ ပြောဆိုလျက် ရှိတော့၏။ ၎င်းတို့ပြောသော စကားများထဲတွင် "ကနေ့ ကိုယ်တို့ အင်တာကောလိပ်ရေ့စ်မှာတော့ဖြင့် ကိုယ်တို့ကျောင်းက ရှုံးတော့မှာပါပဲ၊ ကိုကျော်ဝင်းမှ မပါတော့ပဲ" ဟူသော စကားသာလျှင် ကျော်ဝင်းအကြောင်း ပါရှိလေတော့၏။ ကပ္ပတိန်ဖြစ်သူ ဖေသန်းမှာ ကျော်ဝင်းအတွက် များစွာစိတ်မကောင်းဘဲရှိကာ လှေပြိုင်ပွဲအတွက် စေစေစီးစီး စီစဉ်ရန်ကိုမျှပင် စိတ်မကူးနိုင်ဘဲ ကျော်ဝင်းထံသို့ ရောက်လာခဲ့လေ၏။ ကျော်ဝင်း၏ အခန်းထဲသို့ ရောက်သောအခါ ကျော်ဝင်းအပြင် သိန်းဖေကိုပါ တွေ့ရလေတော့၏။

"အိုင်ဆေး ခင်ဗျား နောက်ထပ် ဘာကြားသေးလဲ"

"ဘာမှတော့ မကြားတော့ဘူး၊ ကျွန်တော့်အဖို့တော့ ဇာတ်လမ်းဆုံးပြီ" ဟု ပြောလိုက်ရာ "မဟုတ်သေးပါဘူးဗျာ၊ ဒီလူက ဘာမှန်းညာမှန်း မသိရသေးဘဲနဲ့ ပြန်ဖို့ရာ

www.burmeseclassic.com



တကဲကဲ လုပ်နေလို့ နေပါဦးလို့ မနည်းတားထားရတယ်" ဟု ပြောပြလေ၏။

"အမယ်. . ခင်ဗျားက ထင်မနေစမ်းပါနဲ့ဗျာ၊ ဒီကိစ္စကြီးဟာ အစကတည်းက ဖိုးဂွန်းကွန်ကလူးရှင်း ချထားပြီးသားပါ" ဟု ကျော်ဝင်းက ပြန်၍ပြောလေ၏။

"ကျွန်တော်ကလည်း ခင်ဗျားအတွက် နေရာတကာ လိုက်ပြောတာပါပဲဗျာ၊ နို့ပေတဲ့ဗျာ၊ အရေးကြီးတာက ဒီကနေ့ ဘာမှမသိရတာ ဆိုးတာပဲ" ဟု ဖေသန်းမှာ အရင်းအဖျားမရ၊ လျှောက်၍ညည်းညူမိလေ၏။

သို့အားဖြင့် ဖေသန်းလည်း ကျော်ဝင်းတို့နှင့်အတူ ရောနှော၍ ငေးမှိုင်ကာ ညည်းညူသည့် စကားများကိုသာလျှင် တဖျစ်ဖျစ် တတောက်တောက် ပြောဆိုနေပြီးမှ လှေပြိုင်ပွဲအတွက် အချိန်နီးလာပြီ ဖြစ်သောကြောင့် မခွဲချင်ခွဲချင်နှင့် ထ၍လာလေရာ ကျော်ဝင်းက "လှေပြိုင်ပွဲတွင် နိုင်ပါစေ" ဟု အင်္ဂလိပ်ဘာသာဖြင့် ကောင်းချီးပြုရင်း နှစ်ယောက်သား ကျန်ရစ်ကြလေ၏။

လှေပြိုင်ပွဲအချိန်သို့ နီးကပ်လာသည်၌ လှေအသင်းရုံရှိရာ ကျွန်းဆွယ်ကလေးပေါ်တွင် ပြိုးပြိုးပြောင်ပြောင် ဝတ်စားဆင်ယင်လာကြကုန်သော ကျောင်းတော်သူ ကျောင်းတော်သားတို့၏ အဝတ်အစားများဖြင့် ဖြူနီညိုပြာ ရောင်ဝါမျိုးစုံ ယှက်သန်း၍ နေလေတော့၏။

စွပ်ကျယ်ဖြူ၊ ဖိနပ်ဖြူ၊ ဘောင်းဘီဖြူ၊ ဘေးအစင်းစိမ်း ဝတ်ဆင်ထားသော လှေလှော်မည့် ကျောင်းတော်သားတို့သည်ကား အသင်းရုံထဲမှတစ်ချို့၊ ကျောင်းတော်သူ ကျောင်းတော်သားတို့၏အကြားတွင်တစ်ချို့၊ ဟိုသွားဒီလာရှိကြကာ၊ ရှုံးမည်နိုင်မည် မသိရသေးမီအတွင်းဝယ် အတော်ပင် မျက်နှာပွင့်လင်းနေ၏။

မသန်းမြင့်မှာကား ကျောင်းတော်သူများ ဆွဲငင်လာခြင်းကြောင့် ပါလာရသော်လည်း ကျော်ဝင်းကို တွေ့ရတော့မည် မဟုတ်ဟု မျှော်လင့်ပြီးသည့်အတိုင်း မည်သည့်နေရာတွင်မှ ကျော်ဝင်းကို ကြည့်၍မမြင်သဖြင့် ပျော်ရွှင်ခြင်းအလျဉ်းမရှိဘဲ လှေအသင်းသားအချို့တို့ ပြုံးပြုံးရွှင်ရွှင် ရယ်မောပြောဆိုနေကြသည်မှာ မိမိအား ၎င်းတို့နည်းတူ ကျော်ဝင်းနှင့် ပျော်ရွှင်ပြုံးရယ်စွာ မပြောဆိုကြရသည်ကို သရော်၍နေကြဘိသည့်အလား စိတ်တွင် မှတ်ထင်မိလေ၏။ တစ်ဖန် မသန်းမြင့်သည် ကျော်ဝင်းနှင့်ပတ်သက်၍ အကျိုးအကြောင်း မေးမြန်းရန် သိန်းဖေကို ရှာဖွေကြည့်ရှုပါသော်လည်း မည်သည့်နေရာ၌မျှ မတွေ့မြင်ရဘဲ ရှိသောကြောင့် မည်သို့သော အကြောင်းကိုမျှ မသိနိုင်၊ မကြံနိုင်၊ မတွေးနိုင် ရှိရှာလေတော့၏။

မကြာမီ လှေပြိုင်ပွဲကြီး စတင်လေ၏။ ကျောင်းတော်သားတို့သည် တက်မများကို ကိုယ်စီကိုင်ကာ လှေပေါ်သို့ ဆင်းလာကြသော ကျောင်းတော်သားများကို မြင်ရလျှင် လက်ခုပ်သြဘာများတီး၍ပေးကြလေ၏။ လှေပြိုင်ရန် ဆင်း၍လာကြသော ကျောင်းတော်သားများသည်ကား မိမိတို့ဆိုင်ရာ အတန်းသားများ ကျောင်းသောင်သား

www.burmeseclassic.com

www.burmeseclassic.com

များ၏ ဩဘာသံကို ကြားကြရ၍ တစ်အားတက်မိကြပြီးလျှင် ကျောင်းတော်သူကလေးများ၏ ဩဘာသံကို နားစည်းစိမ်ခံကာ တပြုံးပြုံးနှင့် ဆင်းခဲ့ကြလေ၏။

မသန်းမြင့်မှာမူကား ယှဉ်ပြိုင်လျက် ရှိကြသော လှေများ တာဝင် တာထွက်တွင် ကျောင်းတော်သားတို့၏ ဟစ်အော်အားပေးသံ၊ လက်ကိုင်ပုဝါလှုပ်ကာ ကမ်းပေါ်မှကုန်း၍ ရှင်မြူးအော်ဟစ်သံများကို မကြားနိုင်၊ မမြင်နိုင်ဘဲ ဤနေရာတွင် ကျော်ဝင်းသာ ပါ၍လာခဲ့ပါမူ မည်မျှပျော်ရွှင်စရာ ကောင်းပေမည်နည်းဟု တွေး၍သာလျှင် ဝမ်းနည်းမိလေတော့၏။ သို့နှင့် စကားလား၊ ပဲယား၊ တပ်ဖိုး၊ ထရိုင်ရဲလ်အိတ် စသည်ဖြင့် တစ်ခုပြီးတစ်ခု တစ်ဆိုင်းပြီးတစ်ဆိုင်း ယှဉ်ပြိုင်လာခဲ့ကြရာ၊ အင်တာကောလိပ်ခေါ် ကောလိပ်ကျောင်းခြင်း ယှဉ်ပြိုင်ရမည့်အလှည့်သို့ ရောက်လာလေ၏။ ကြည့်ရှုလျက်ရှိကြသော ပရိသတ်များသည်ကား ကောလိပ်အသီးသီးမှ လာရောက်ကြသည့် ကျောင်းတော်သားများ ဖြစ်ကြသည့်အတိုင်း၊ မိမိတို့ အသိုက်အဝန်းနှင့် မိမိတို့ စုရုံးကာ ဟစ်အော်ဆူညံ၍နေကြလေ၏။

ထိုသို့ရှိနေကြစဉ် ဂျပ်ဆင်ကောလိပ်မှ လှေလှော်သူ လေးယောက်နှင့် 'ကောက်စ်' လုပ်သူတို့သည် တန်းစီ၍ထွက်လာကြသည်ကို မြင်ရလျှင် ဂျပ်ဆင် ကျောင်းတော်သားတို့သည် အားရွှာ ဩဘာပေးကြလျက် ဆိုင်ရာအသင်း၏ အရောင်ပါသော အလံနှင့် လက်ကိုင်ပုဝါများ လှုပ်ပြကြသည်မှာ ငှက်ကလေးများ ပျံသန်းသကဲ့သို့ပင် ရှိကြလေ၏။

ဂျပ်ဆင်ကျောင်းတော် လှေလှော်သားများသည် ပွန်တွန်အနီးတွင် ကပ်ထားသော ပြိုင်လှေပေါ်သို့တက်ကာ မိမိတို့ ဆိုင်ရာနေရာများတွင် ထိုင်ကြပြီးနောက်၊ အခိုင်းအစေ ကုလားများ၏ အကူအညီဖြင့် လှော်တက်များကို တပ်ဆင်၊ လှေစတင်ယှဉ်ပြိုင်ထွက်ရမည့် နေရာဖြစ်သော အဂ္ဂါကျွန်းသို့ လှော်ခတ်သွားကြလေသည်။

ယူနီဗာစီတီ ကောလိပ်အသင်းမှ ယှဉ်ပြိုင်ရမည့် ကျောင်းသားများမှာ ရုတ်တရက် မဆင်းကြသေးဘဲ လှေအသင်းရုံနားတွင် ရပ်တန့်ကာ ကပ္ပတိန်ဖြစ်သူ၏ ဩဝါဒကို နာခံနေကြလေ၏။ ယူနီဗာစီတီကျောင်းတော်သားတို့သည် မိမိတို့အသင်းသားများကို ကြည့်လိုက်ရာ ကျော်ဝင်းအစား ကျောင်းသားတစ်ဦး ထည့်ထားသည်ကို တွေ့ရသဖြင့် နိုင်မှနိုင်ပါ့မလားဟု ပူပန်မိကြလေ၏။ ကပ္ပတိန်လည်း "ရိုးတီးလ်ယူအာဒက်" ဟူသော မသေမချင်းလှော်ဆိုသည့် အသင်းလက်သုံးစကားကို ပြောကြားပြီး "ဂွတ်လပ်" ဟု ကောင်းချီးပြုလိုက်သည့်အဆုံး၌ စီတန်း၍ ထွက်လာကြလေ၏။

ထိုသို့ ဆင်းလာသည်ကိုမြင်လျှင် တက္ကသိုလ်ကျောင်းတော်သားတို့သည် အားပေးကြရသော်လည်း အားပျော့သော လေသံများသာ ထွက်လျက်ရှိကြရာမှ ဖြန်းကနဲ ဆူဆူညံညံကြီး ဖြစ်ပေါ်သွားကာ "ကျော်ဝင်းကွ၊ ကျော်ဝင်း" ဟူသော အသံများ ပေါ်လာလေ၏။ ထိုအသံကြားရလျှင် လှေအသင်းသားများမှာ ရုတ်တရက် ရပ်တန့်

www.burmeseclassic.com



သွားကြလေ၏။ ကျောင်းတော်သူ ကျောင်းတော်သားတို့သည်လည်း အများစူးစိုက်ကြည့်ရှုရာဘက်သို့ လှည့်ကြလေ၏။ မသန်းမြင့်သည် ၎င်းတို့ကြည့်ရာဘက်သို့ လိုက်၍ကြည့်လိုက်ရာ လှေပြိုင်မည့် အဝတ်အစားကို ဝတ်ဆင်ကာ သိန်းဖေနှင့်အတူ ပြေး၍လာသော ကျော်ဝင်းကို မြင်ရလျှင် ဝမ်းသာလုံးဆို့၍သွားလေ၏။ ကျောင်းတော်သားအချို့တို့၏ ပါးစပ်များမှာမူ "ဟေ့ ကျော်ဝင်း ပါတယ်ဟေ့၊ ပါတယ်ကွ" နှင့် မကျယ့်တကျယ် ထွက်ပေါ်လာလေတော့၏။

ကျော်ဝင်းသည် ပြေး၍လာပြီးလျှင် ကပ္ပတိန် ဖြစ်သူထံကပ်၍ တစ်စုံတစ်ရာပြောလိုက်ရာ ကပ္ပတိန်မှာ ရွှင်လန်းအားရသော မျက်နှာဖြစ်ပေါ်လာကာ ကျော်ဝင်း၏လက်ကို ဆွဲ၍လှုပ်လေ၏။ ကျော်ဝင်းမှာ ကြာရှည်စွာရပ်၍ မနေနိုင်ဘဲ ဆင်းသွားကြသော လှေအသင်းသားများဆီသို့ ပြေးလိုက်ပြီးလျှင် ကောက်ဆွိန်း လုပ်နေသူနောက်ကပါလာသော 'ဘောက်' တွင် လှော်ရမည့်သူ၏လက်ထဲမှ တက်ကိုယူကာ ထိုသူအားတစ်စုံတစ်ရာ ပြောလိုက်သဖြင့် ထိုသူက ထွက်ပေးရာ လှော်ရမည့်သူထဲတွင် ကျော်ဝင်းပါသွားသည်ကို မြင်ရလျှင် ဩဘာသံများ ဆူညံ၍သွားလေ၏။

မသန်းမြင့်မှာ လှေပေါ်သို့ ဆင်းသွားသော ကျော်ဝင်းကို ကြည့်လိုက်၊ သိန်းဖေနှင့် လှေအသင်းကပ္ပတိန်တို့ ပြုံးပြုံးရွှင်ရွှင်နှင့်ရပ်၍ စကားပြောနေကြသည်ကို ကြည့်လိုက်နှင့် အငြိမ်မနေနိုင်အောင်ဖြစ်ကာ အလိုလိုဝမ်းသာလုံးဆို့၍နေလေ၏။ ထို့နောက်ကျော်ဝင်းတို့၏ လှေထွက်၍သွားသောအခါ မသန်းမြင့်သည် သိန်းဖေနှင့် ကပ္ပတိန်တို့ကို ကြည့်လိုက်ရာ၊ သိန်းဖေသည် ကျော်ဝင်း၏ ရွှေကြိုးကွပ် ဖလေဇာအစိမ်းကိုညာဘက်လက်တစ်ဖက်က ပိုက်ထားကာ ဘယ်ဘက်လက်တစ်ဖက်က စာတစ်ရွက်ပြလျက် ကပ္ပတိန်လုပ်သူက ထိုစာရွက်အနားဖက်ကို လက်တစ်ဖက်နှင့်ကိုင်ကာ အာရုံစူးစိုက်စွာ ဖတ်ရှုနေသည်ကို မြင်ရလေ၏။ မသန်းမြင့်မှာ ၎င်းတို့၏ ဝမ်းသာနေကြခြင်းကို အဝေးမှ ငေးမျှော်၍သာလျှင် ကြည့်ရခြင်းကို အားမရနိုင်တော့ဘဲ ဝမ်းသာစရာရှိလျှင် အတူတူဝမ်းသာလိုသောကြောင့် ထိုင်ရာမှထကာ ၎င်းတို့ထံသို့ ထွက်သွားရာတွင်ကျောင်းသူ ကျောင်းသားအချို့တို့သည် မသန်းမြင့်အား ငေး၍ ကြည့်နေကြလေ၏။

မသန်းမြင့်သည် ပြုံးရွှင်သောမျက်နှာဖြင့် သိန်းဖေ၏အနားသို့ ကပ်သွားကာ "ကိုသိန်းဖေ ကိုကျော်ဝင်း ကိစ္စပြီးပလား၊ ဘယ်လိုတုံး" ဟု မေးလိုက်ရာ သိန်းဖေသည်မသန်းမြင့်ကို မြင်ရလျှင် ဝမ်းသာလွန်းသဖြင့် ပါးစပ်ကြီးဖြဲ၍ပြုံးကာ "ဟာ. . မသန်းမြင့်ကိုကျော်ဝင်းလား သူ့ကိစ္စ နေရာကျသွားပြီ၊ ဆရာတင်အောင်က သူ့တိုင်ချက်ကို ပြန်ပြီးနုတ်လိုက်တဲ့အတွက် ကိုကျော်ဝင်းအပေါ်မှာ ဘာမှအရေးမယူနိုင်တော့ဘူး၊ ဆပ်စပင်းရှင်းလုပ်ထားတာလည်း ဖျက်လိုက်ပြီ။ ဟောဒီစာ အချိန်မီကလေးကပ်ပြီး ရောက်လာလို့ပေါ့၊ နို့မဟုတ်ရင် ကိုကျော်ဝင်း ဒီနေ့ပါရတော့မှာ မဟုတ်ဘူး" ဟု အရပ်အနားမရှိဘဲ တလျှောက်ထဲ ဆက်၍ပြောကာ ဆိုင်ရာမှ ကျော်ဝင်းထံသို့ပေးသောစာကို ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မသန်းမြင့်သည် စာကိုလျှင်မြန်စွာ ဖတ်ပြီးနောက် ဝမ်းမြောက်သော မျက်နှာဖြင့် "ဒီလိုဆိုတော့လည်း ဆရာတင်အောင် အတော်သားပဲ" ဟု ပြောလေ၏။

"သူပြန်ပြီး တိုင်ချက်ကို ရုပ်သိမ်းလိုက်လို့ပေါ့၊ ဒီလိုမှမဟုတ်ရင် သူချောက်ကျပြီးသားပဲ။ တစ်နည်းနည်းနဲ့ သူ့ကို အရေးယူပြီး အလုပ်က ပယ်ပစ်အောင် သမဂ္ဂက စီမံထားကြပြီးပြီ" ဟု ပြောနေစဉ် 'ထိန်းကနဲ' သေနတ်သံ ကြားလိုက်ရာ၊ ဟစ်အော်ဆူညံသော အသံများ ထွက်ပေါ်လာသဖြင့် လှေများလွှတ်လိုက်ပြီကိုသိကာ စကားပြတ်ပြီး အယှဉ်ပြိုင်ထွက်လာကြသော လှေများကို ကြည့်နေကြလေ၏။

လှေ (၂) စင်းမှာ ထွက်ကတည်းကပင် တစ်ညီတစ်ညာတည်း ရင်ပေါင်တန်းယှဉ်၍လာကြရာ (၄) လျားခန့် ထွက်မိလျှင် ယုဒသန်လှေက တစ်ကိုက်လောက်သာ၍သွားလိုက်၊ တက္ကသိုလ်လှေက အမီလိုက်ပြီး ကျော်သွားလိုက်နှင့် တိုးချည်တက်ချည်ဖြစ်၍နေလေရာ ကျောင်းတော်သားတို့မှာ စိတ်မရိုးမရွှဖြစ်လျက် မိမိတို့ကျောင်းက လှေကို ခေါ်ဝေါ်ကာ ဟစ်အော်အားပေးကြသည်မှာ တစ်ရုံမစဲ ရှိလေတော့သည်။

"ကမ်းမွန် ဟစီတီ၊ ဟစီတီ"

"ရိုးတီးလ် ယူအာဒက်"

"ဝေး ဝေးဟေး"

"ဂျဆိုးနီးယန်းစ်၊ ပူလ်အွန်း" စသော အမျိုးမျိုးဟစ်အော် အားပေးသံတို့သည် လှေလှော်သားများအား လှော်ရင်း သေသွားပစေဟူသော စိတ်ထားဖြင့် အားကြိုးမာန်တက် လှော်ကြလေ၏။ ထွက်ခွာစ ခပ်မှန်မှန် လှော်ကြသည်မှ မကြာမီ တက်သုတ်နှင်၍ လာကြလေရကား လှေများ၏တစ်ဘက်တစ်ချက်သို့ ထွက်လျက်ရှိသော တက်ရှည်ကြီးများမှာ နိမ့်ချည် မြင့်ချည် တစ်ညီတစ်ညွတ်တည်း လှုပ်နေသည်မှာ ရေပေါ်တွင် ငှက်ပျံသကဲ့သို့ ကြည့်ရှု၍ လှလို့မဆုံး၊ အားရလို့မဆုံးနိုင်အောင် ရှိပေတော့၏။

"ကမ်းလောင်း ဘွိုင်စိန် တိတ်ဟာအင်" ဟူသော ကမ်းပေါ်မှ အော်ပြောလိုက်ကြသော အသံများသည် ပန်းတိုင်သို့ ရောက်လုနီးသော လှေများအား ပိုမို၍ လျင်မြန်လာစေပြီးလျှင် ထိုအသံမစဲမီပင် "ဟစီတီးဟူရေး" ဟူသော အသံများအကြားတွင် တက္ကသိုလ်လှေသည် ပန်းဝင်၍သွားလေသည်။

သိန်းဖေမှာကား မိမိ၏အနီးအနားတွင် မည်သူမည်ဝါ ရှိသည်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ကျော်ဝင်း၏ဘလေဇာကွတ်အင်္ကျီကို မြှောက်ကာ ရမ်းကာ ဝမ်းသာအော်ဟစ်လျက် ဖြစ်ချင်တိုင်း ဖြစ်၍နေလေတော့၏။ မသန်းမြင့်မှာကား ဝမ်းသာစရာတွေ တစ်ခုပြီးတစ်ခု တွေ့နေရသဖြင့် ဝမ်းသာလုံးဆို့ကာ၊ ဘာမျှမပြောနိုင် မဆိုနိုင်ဘဲ အလွန်တရာ ချိုပြုံးသော မျက်နှာရှိလျက် ခုန်ဆွခုန်ဆွ ဖြစ်တော့မည်ကဲ့သို့ တလှုပ်လှုပ် တရွရွ ရှိနေလေ၏။ ကပ္ပတိန်ဖြစ်သူ ဖေသန်းမှာမူကား လက်သီးတစ်ဘက်ကို အခြားလက်ဖဝါးဖြင့် အုပ်ကိုင်၍ဆုပ်ကာ ခေါင်းပေါ်သို့ မြှောက်၍လှုပ်ရင်း မိမိ၏အသင်းကို

www.burmeseclassic.com



ချိုးမွှမ်းထုတ်ဖော်မိလေ၏။

နှစ်သင်းသော လှေလှော်သားတို့မှာ အားပြတ်၍သွားကြဘိသည့်အလား၊ ကောက်စ်လုပ်သူ (၂) ဦးမှတစ်ပါး လှော်သားအားလုံးတို့သည် ဒူးပေါ်တွင် ခေါင်းငိုက်စိုက်ချကာ အပန်းဖြေရင်း ပါသွားကြလေ၏။ လှေများမှာ အရှိန်ဖြင့် တာရိုးကြီးအနီးသို့ ရောက်ရှိလာကြမှ ပဲ့ကိုင်အမိန့်အားဖြင့် လှော်သူများသည် ခေါင်းထောင်၍လာကြကာ ဖြေးညင်းစွာ လှော်ခတ်လျက် ကမ်းသို့ ပြန်လာကြလေ၏။

တက္ကသိုလ်လှေလှော်သား ကမ်းသို့အဆိုက်တွင် ကျောင်းတော်သူ ကျောင်းတော်သားတို့၏ ဩဘာလက်ခုပ်သံများသည် အမောပြေအောင် ဆီးကြိုနှုတ်ဆက်သကဲ့သို့ ရှိကြလေ၏။

ကျော်ဝင်းသည် ရွှင်ပြုံးစွာ ကမ်းပေါ်သို့တက်လာရာ ခပ်သုတ်သုတ် မိမိထံသို့ လာနေကြသော သိန်းဖေ၊ ဖေသန်းတို့နှင့်အတူ မသန်းမြင့်ကို မြင်လိုက်ရလျှင် စောစောက မောပန်းသမျှ ပ,ပျောက်၍သွားလေ၏။ ထို (၄) ဦးသားသည် အားရဝမ်းသာစွာ ပြုံးရွှင်ပြောဆို ကြရင်း လှေအသင်းရုံအနီးဆီသို့ လျှောက်၍လာကြရာတွင် "မသန်းမြင့် ပလီစ်" ဟူသော အသံနှင့်အတူ ဆရာတင်အောင် ပေါ်ပေါက်လာသည်ကို တွေ့ရသဖြင့် အံ့အားသင့်၍နေကြစဉ်၊ မသန်းမြင့်မှာ မလွဲသာဘဲ ဆရာတင်အောင် ခေါ်ရာသို့ ပါသွားတော့သဖြင့် ကျော်ဝင်းတွင် မခံချိမခံသာဖြစ်လျက် ကြည့်နေမိလေရာ ဖေသန်းက လှည့်ပတ်ပြောဆို၍ အသင်းရုံထဲသို့ ခေါ်သွားလေတော့၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၅)

ကျော်ဝင်းနှင့် မသန်းမြင့်တို့သည် ပညာသင်ကြားရေးအတွက် တက္ကသိုလ်ကျောင်းတော်ကြီးသို့ လာကြရာတွင် အချစ်သည်လည်း ပညာသင်ကြားရေးစနစ်တွင် တစ်စိတ် တစ်ဒေသ အပါအဝင် ဖြစ်သကဲ့သို့ စာသင်ခြင်းနှင့် အချစ်ကို တစ်ခြားစီခွဲထား၍ မရနိုင်ဘဲ ရှိကြလေ၏။ ထိုသို့ရှိကြသည့်အလျောက် ၎င်းတို့၏အချစ်သည် ယုတ်လျော့ခြင်း မရှိဘဲ နှစ်စဉ် အတန်းတက်ကြသကဲ့သို့ ၎င်းတို့၏အချစ်သည် တစ်နေ့တခြား အတန်းတက်လာကာ ကြီးမားသည်ထက် ကြီးမား၍လာကြသည့်အလျောက်၊ မိမိတို့၏အချစ်ကို သိကြားဖျက်၍ မပျက်နိုင်ဟု ယုံကြည်စိတ်ချကာ အချစ်၏အရသာတွင် သာယာကြည်နူး ရွှင်မြူးနှစ်သိမ့်ကာသာလျှင် ဝိဇ္ဇာဂုဏ်ထူးကို ဆွတ်ခူးရလုနီးပြီဖြစ်သောအချိန်သို့ ရောက်လာခဲ့ကြပြီ ဖြစ်လေ၏။

သိန်းဖေအဖို့မှာကား "ပျော်ပျော်နေ နတ်ပြည်ရောက်" ဟူသော စကားကို လက်ကိုင်ထားသည်ဟုဆိုလျှင် မှားနိုင်ဖွယ်ရာ မရှိပေ။ တက္ကသိုလ်ကျောင်းတော်ကြီး၌ နေရခြင်းမှာ မိမိအဖို့၌ ပျော်၍မဆုံးနိုင် ရှိသည့်အလျောက်၊ ဤနှစ်ပေါင်းရှည်မြင့်စွာ ပညာသင်ကြားခဲ့ရ၍ ယခုထက်တိုင် ဝိဇ္ဇာဘွဲ့ထူးနှင့် ဝေးလှသေးသည်ကို ရှက်ဖွယ်ရာဟူ၍ တစ်ရံတစ်ဆစ်မျှ မတွေးမိ၊ စိတ်ကူးထဲသို့ပင် မထည့်မိဘဲ၊ ဤကျောင်းကြီး၌ နေရမည်ဆိုလျှင် ကျောင်းဆွေးဆွေး၊ ငါဆွေးဆွေး ကျောင်းတိုင်ကြီးဖက်၍ သေချင်သေရ၊ ပျော်ပျော်နေရလျှင် ပြီးစတမ်းဟူ၍ ကျေနပ်နေလေ၏။ အချစ်သည်ကား သိန်းဖေ၏အဖို့၌ ရုတ်တရက် အပြင်းဖမ်းသော ခေါင်းကိုက်ရောဂါတစ်မျိုးဟူ၍ မှတ်ထင်ဖွယ်ရာ ရှိပေ၏။ ထိုရောဂါမှာ တစ်ခါတစ်ရံ ပေါ်ပေါက်လာ၍ ထိုသို့ရောဂါစွဲကပ်နေသည့်အခါတွင် ဟစ်အော်လူးလိမ့်၍နေခဲ့ရသော်လည်း ထိုရောဂါမှာ ရုပ်ပါရက်

www.burmeseclassic.com

ပျောက်တတ်သော ရောဂါဖြစ်သည်နှင့်အညီ ထိုရောဂါပျောက်သွားပြီဟုဆိုလျှင် စောစောက ထိုရောဂါ ရခဲ့သည်ဟူ၍ အမှတ်မထင်ဘဲ ရွှင်ပြုံးသောဘဝသို့ ရောက်ခဲ့လေ၏။ သိန်းဖေ၏ စိတ်နှလုံးသည်ကား မေ့လွယ်ပျောက်လွယ် ထိခိုက်လွယ်လှပေတော့၏။

သို့အားဖြင့် တက္ကသိုလ်ကျောင်းတော်ကြီးတွင် ကျော်ဝင်း၊ သိန်းဖေ၊ မသန်းမြင့်တို့ သုံးဦးသားသည် ပျော်ရွှင်စရာရှိလျှင် အတူပျော်ရွှင်ကြလျက်၊ စိတ်ညစ်ဝမ်းနည်းစရာရှိလျှင်လည်း အတူပင် စိတ်ညစ်ကြရကား ယခုစာမေးပွဲကြီး နီးကပ်လာသောအခါ၌လည်း အတူတူပင် ပူပင်မကင်းကြဘဲ ယခင်က မေ့ပျောက်စွန့်ပစ်ထားသော စာအုပ်များကို ပြန်လည်ကောက်ငင်ကာ ဖုံသုတ်ပြီး ဖွင့်ဖတ်ကြိုးစားကြလေတော့၏။ စာမေးပွဲကြီးသည်ကား ကျောင်းသား မှန်သမျှတို့၏စိတ်ကို အခြောက်လှန့်နိုင်ဆုံးသော ဖုတ်ပြိတ္တာသရဲကြီးပင် ဖြစ်ပေတော့သည်။ ထိုသရဲကြီးသည် ကျောင်းသူကျောင်းသားတို့၏ ကုပ်ပေါ်တွင် ခွစီးကာ အမြဲပူးကပ်နေသောကြောင့် သွားရာလာရာ၌လည်း ထိုစာမေးပွဲကောင်ကြီး၏ အမှောင့်ပယောဂမကင်း၊ စားသောက်ပျော်ပါး ကစားခုန်စားရာ၌လည်း မကင်း၊ စာဖတ်ရာ၌လည်းမကင်း၊ မည်သည့်အခါမျှ လွတ်ရှင်းသည်ဟူ၍ မရှိ။ ထိုသရဲကြီးကို အမြဲသတိရကာ စိတ်နှလုံး မကြည်သာကြရသည်နှင့်ပင် မပြီးနိုင်သေးဘဲ၊ အိပ်ပျော်နေသည့်အခါ၌ပင် အိပ်မက်ထဲသို့ဝင်၍ နှောင့်ယှက်ကာ အိပ်မက်မက်သူမှာ စာမေးပွဲအချိန်မမီသဖြင့် တစ်ပြန့်စ်ပြမ္ဘာဝေးသော ကျောင်းတိုက်သို့ မိမိ၏ကျောင်းဆောင်မှနေ၍ လေယာဉ်ပျံတစ်မျိုး၊ မီးရထားတစ်မျိုး၊ ကျွမ်းထိုးမှောက်ခုန် ဆန်စုံပြေးလွှား၊ အူယားဖားယား သွားရောက်ကာ အိပ်မက်ထဲတွင် မောနေရသူလည်းမရှား၊ စာမေးပွဲ အောင်စာရင်းထွက်၍ ဂေဇက်ကို ဖတ်ရှုလိုက်ရာ မိမိနာမည် မပါလာသဖြင့် ချုံးချ၍ ငိုရာမှ ကျယ်လောင်စွာ အသံထွက် အိပ်မက်မှနိုးကာ ရယ်ချင်ငိုချင်.ပူပင်မကင်းသူတွေလည်း မရှား၊ အတော်ပင် သနားစရာကောင်းလောက်အောင် စိတ်ဒုက္ခပေးနိုင်သော စာမေးပွဲသရဲကြီးပေတည်း။

များစွာသော ကျောင်းသူကျောင်းသားတို့မှာ ညဉ့်နက်သန်းခေါင်တိုင်အောင် စာကျက်မှတ်သား၊ ဖတ်ကြား တွက်ချက်ကြကုန်ပြီးနောက် အိပ်ချိန်သို့ ရောက်သဖြင့် ကျန်းမာရေးကို ထိခိုက်မည်စိုး၍သာ အိပ်ရာသို့ ဝင်လိုက်ကြသော်လည်း နံနက်စောစော နိုးမှ နိုးပါ့မလားဟု စိတ်တထင့်ထင့်နှင့်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်၍မပျော်နိုင်ကြဘဲ နာရီနိုးစက်ပေး၍ လေးနာရီလောက်တွင် အိပ်ရာမှ ပြန်ထကာ ချမ်းသည်အေးသည်ကိုပင် ပဓာနမပြု၊ ဂရုမစိုက်နိုင်ဘဲ အခန်း၌ စောင်ကာပြီး ဖယောင်းတိုင်ထွန်းကာ တိတ်တိတ်ကြိတ်၍ ဖတ်သူဖတ်၊ လမ်းမီးအောက်တွင် ကြည့်သူကြည့်၊ စာဖတ်ခန်း၊ ထမင်းစားခန်း မီးဖွင့်၍ရနိုင်မည့် အခန်းများထဲ၌ တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ဘဲ ငြိမ်သက်စွာ ကျက်သူကျက်နှင့် အအိပ်ပျက် အစားပျက်ခံကာ ကြိုးစားကြ

www.burmeseclassic.com

ရှာသည်မှာ မိဘဖြစ်သူများသာ မြင်ခဲ့ပါမူ "အိပ်ပျက်မခံပါနဲ့ လူကလေးရယ်၊ စာမေးပွဲ မအောင်ချင်လည်း နေပါစေတော့၊ အောင်လို့လည်း အလွယ်တကူ အလုပ်မရနိုင်ပါဘူး၊ ငါ့သား မြင်ရတာ အဖေတို့ စိတ်မချမ်းသာပါဘူး" ဟု အထူးပင် သနား ကြင်နာမည်မှာ ကား မလွဲဟု ဆိုရမည်ပင် ဖြစ်ပေတော့၏။

သိန်းဖေမှာကား ခါးချိ၍နေပြီ ဖြစ်ပေ၏။ တစ်နှစ်ပတ်လုံး ပျော်ရွှင်၍လာကာ စာကိုမူ အသင့်အတင့်မျှသာ လေ့လာဖတ်ရှု၍လာခဲ့သဖြင့် စာမေးပွဲကြီး နီးလာသော အခါတွင် စေ့စုံစွာ မကျက်ရသောစာ အများအပြား ကျန်နေသဖြင့် မဖတ်ရ မမှတ်ရ မကျက်ရ မတွက်ရသေးသော စာအုပ်များကို စားပွဲပေါ်တွင် ပုံလိုက်သည့်အခါ စားပွဲ ကြီးညွတ်၍ ကျိုးလုမတတ် များပြားနေသည်ကို တွေ့ရသဖြင့် စာအုပ်ပုံကြီးကိုကြည့်ကာ ရင်လေးလျက် မျက်လုံးပြူးမိလေတော့၏။ သို့အားဖြင့် ထိုစာအုပ်များကို အားလုံးစုံစေ့ စွာ တစ်ခေါက်ပြန်ဖတ်ရှုနိုင်ဖို့ရန် သိန်းဖေမှာ ခါးမချိဘဲ မနေနိုင်ပြီ ဖြစ်ပေ၏။

အစားပျက်၊ အအိပ်ပျက်၊ ပါးရိုးထွက်၊ မျက်တွင်းကျကာ မဖီးနိုင် မလိမ်းနိုင် အအိပ်ပျက်၍ ငိုင်တိငိုင်တိုင် ဖြစ်လျက်ရှိကုန်သော ကျောင်းတော်သူ ကျောင်းတော် သားတို့ကို အခန်းတိုင်း၌ပင် တွေ့ရပေတော့၏။

ကျောင်းတော်သားတို့မှာ ပျော်ပွဲရွှင်ပွဲများ၊ ရုပ်ရှင်ပွဲများ၊ ကစားခုန်စားမှုများကို ဖြတ်ထားကြရလေတော့၏။ အခန်းတစ်ခန်းမှ တစ်ခန်းသို့ ကူးပြောင်းလည်ပတ်ကာ ပျော်ရွှင်စွာ ဟစ်အော် ရှုပ်နောက်မှုများသည် ပ,ပျောက်ခဲ့လေပြီ။ အခန်းတိုင်း၌ပင် အထဲတွင် ကျောင်းသားများ ရှိလင့်ကစား မည်သည့်အသံမျှ မကြားရသဖြင့် ကျောင်း ဆောင်အသီးသီးတို့မှာ သူတော်ကောင်းများ ကိန်းအောင်းမွေ့လျော် ကမ္မဋ္ဌာန်းတရား ဖြင့် ပျော်ကြရာဖြစ်သော တောရဂူချောင် လှိုဏ်မြောင်အလား စိတ်ဝင်စားဖွယ်ရာကောင်း အောင် ငြိမ်သက်တိတ်ဆိတ်လျက် ရှိကြပေတော့သတည်း။

ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ ရှေးကကဲ့သို့ အတူသွားလာလည်ပတ် ပျော်ရွှင်ခြင်းများ မပြုနိုင်တော့ဘဲ ကျော်ဝင်းမှာ အင်းလျားကျောင်းဆောင်သို့ပင် သွားရောက်လည်ပတ်ခြင်းလည်း မပြုနိုင်အောင် ရှိပေ၏။ ချစ်သူနှစ်ဦးတို့မှာ အချစ် ငိုကာ မချဲ့နိုင်ဘဲ ယခုလက်ငင်း အရေးကြီးဆုံး ဖြစ်နေသော စာမေးပွဲကြီးအတွက် စာကျက်မှတ်ရေးခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေရတော့၏။

သို့နှင့် စာမေးပွဲကြီး စတင်စစ်ဆေးမည့်နေ့ကြီးသို့ ရောက်ရှိလာတော့၏။ စာမေးပွဲကြီးသည်ကား မည်သူ့အားမျှ မစောင့်တော့ချေ။ မည်သူမှာ ပြည့်စုံလုံလောက် စွာ စာကျက်၍ မပြီးသေးသဖြင့် တစ်ရက်ဆိုင်းဦးမည်၊ နှစ်ရက်ဆိုင်းဦးမည်ဟူ၍ စာမေးပွဲကြီးသည် မျက်နှာလိုက်ခြင်း၊ စောင့်စားခြင်း၊ ငဲ့ညှာခြင်း မရှိ။ ထိုသို့ စာကျက်၍ ပြီးခြင်း မပြီးခြင်းမှာ ကျောင်းသားတို့၏ တာဝန်မျှသာဖြစ်၍ မိမိ၏တာဝန်မှာ မည်သူ သည် တက္ကသိုလ်ပညာအရည်အချင်းနှင့် ပြည့်စုံသည်ကို တရားခွင်၌တင်၍ စစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com


ဆုံးဖြတ်ရန် ဖြစ်သည်နှင့်အညီ သက်သေထွက်ဆိုရန် စာမေးပွဲသမ္မာန်ပြာတာသည် ကျောင်းတော်သားတို့အား နာမည်ခေါ်၍နေပြီ ဖြစ်ပေ၏။

"အိုင်ဆေး ကိုသိန်းဖေ. . . ခင်ဗျား တော်တော် ပရိပဲရား ဖြစ်ရဲ့လား" ဟု ကျော်ဝင်းသည် သိန်းဖေနှင့်အတူ ပုဂံဟောလ်မှ ဆင်း၍လာရင်း မေးလေ၏။

"သိပ်တော့မဖြစ်လှဘူးဗျာ။ စာတွေကလည်း တော်တော်နောက်ကျနေတာ၊ ရမ်းသရွှေလုပ်ပြီး ဖတ်ရတော့တာပဲ။ တစ်ချို့လည်း စာမေးပွဲထဲပါမယ်ထင်တာတွေ စပေါ့လုပ်ကျက်ပြီး ဦးနှောက်ထဲ ဟိုနေရာသွပ်၊ ဒီနေရာသွပ်နဲ့ ထားစရာနေရာတောင် မရှိဘူး"

"သိပ်လည်း မထည့်နဲ့ဦး၊ ဦးနှောက်မဆန့်လို့ ပြဲပြီးထွက်သွားဦးမယ်၊ တစ်ချို့တလေလည်း ဗိုက်ထဲထည့်ပြီး မှတ်ထားပါလား"

"ဗိုက်ထဲတော့ ထည့်ချင်ပါရဲ့၊ နောက်ဖေးသွားရင် ပါသွားမှာစိုးလို့ မထည့်ရဲဘူး"

သို့ဖြင့် သိန်းဖေနှင့် ကျော်ဝင်းတို့မှာ ပျော်ပျော်ရွှင်ရွှင် ပြောဆိုကြရင်းဖြင့် စိတ်၏သက်သာခွင့်ကို ရှာကြရလေ၏။

စာမေးပွဲအချိန်သို့ မရောက်မီတွင် လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း၊ ကျောင်းသို့သွားရာလမ်း၌လည်းကောင်း စစ်ဆေးမည့်အခန်းများ၏ အပြင်ဘက်တွင်လည်းကောင်း ကျောင်းတော်သားတို့မှာ စာများကို နှီးနှောပြောဆိုလျက် သွားလာနေထိုင်ကြသည်ကို တွေ့ရပေ၏။ အချို့မှာ စာအုပ်နှင့် မျက်နှာမခွာကြသေးဘဲ စာကြည့်ဆဲပင် ရှိကြလေသေး၏။ အချို့မှာ မဖီးနိုင် မလိမ်းနိုင် အဝတ်အစားမှ မလဲနိုင်ကြဘဲ ရှိကြ၍ အချို့မှာလည်း မိမိတို့အဖို့ အောင်မည်ကိုလည်းကောင်း၊ ကျမည်ကိုလည်းကောင်း တစ်ခုခုကို သေချာနေကြပြီ ဖြစ်သဖြင့် ခါတိုင်းထက်တိုး၍ ပြောင်လက်စွာ ဝတ်ဆင်လာကြသည်ကို တွေ့ရပေ၏။

စာမေးပွဲအခန်းများ ဖွင့်လှစ်မည့်အချိန်သည် တစ်မိနစ်ထက် တစ်မိနစ် နီးကပ်၍လာလေ၏။ သိန်းဖေမှာ မိမိဖြေဆိုရမည့်ဌာနဖြစ်သော ဘွဲ့နှင်းသဘင်ရုံကြီး၏ လမ်းတစ်လျှောက် ကော်ရစ်ဒါတွင် ဟိုလူ့ထံပြေး၍မေးလိုက်၊ ဒီလူ့ထံပြန်၍ နှီးနှောလိုက်ဖြင့် ယောက်ရက်ခတ်၍နေကာ စိတ်နှလုံးလှုပ်ရှားပြောင်းဆန်၍ နေပေတော့၏။

"ဟေ့လူ ကိုသိန်းဖေ၊ ခင်ဗျား မအေးစိန်ကြီးကို တွေ့ပြီလား" ဟု လာ၍ပြောသော ကျောင်းသားတစ်ယောက်၏စကားကို ကြားလိုက်ရလျှင် သိန်းဖေမှာ စာတွင် ဝင်စားနေသော စိတ်သည် အခိုးအငွေ့သဖွယ် ပျောက်ကွယ်၍သွားပြီး "ဟာ. . . ဟုတ်လား ဘယ်မှာလဲ" ဟု မေးလိုက်၏။

"အမယ်. . . ခင်ဗျားက မသိသလို လုပ်မနေစမ်းပါနဲ့၊ မအေးစိန် အလွတ်ဖြေရအောင် လာမယ်ဆိုတာ ခင်ဗျား သိပြီးသားပါဗျာ၊ ဟန်လုပ်မနေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com


"တကယ်ပါပဲ၊ သူလာတာကို ကျွန်တော် မသိပါဘူး၊ ပရိုက်ဗိတ်နဲ့ဖြေရအောင် လာမယ်ဆိုတာတော့ သိပါရဲ့၊ ရှိပေတဲ့ သူရောက်နေတာကိုတော့ မသိပါဘူး၊ စာမေးပွဲ အတွက် စိတ်များနေရတာနဲ့ သူ့ကိုတောင် သတိမရဘူး"

"အော်. . . ခင်ဗျားက မသိသေးဘဲကိုး၊ ဒါဖြင့် ခင်ဗျား မြန်မြန်ပြေးပြီး တွေ့ ပေတော့၊ အရှေ့ဘက်ဝင်းမှာ အခုပဲ ကျွန်တော် တွေ့ခဲ့တယ်"

ထိုသို့ပြောလိုက်လျှင် သိန်းဖေမှာ စာမေးပွဲ မဖြေရဘဲ သုံးဆင့်ဂုဏ်ထူးနှင့် အောင်သကဲ့သို့ အလွန်အမင်း ဝမ်းမြောက်ခြင်းဖြစ်ကာ လာ၍သတင်းပေးသူကိုမှ ပြန်၍နှုတ်မဆက်ခဲ့နိုင်ဘဲ မအေးစိန်နှင့်တွေ့ရန် ကမန်းကတမ်း ပြေးလေ၏။

သိန်းဖေ သုတ်သီးသုတ်ပျာ ပြေးသည်ကိုမြင်လျှင် သိကျွမ်းရင်းနှီးရသော ကျောင်းသားတို့မှာ တစ်စုံတစ်ရာ သိန်းဖေ အလျင်စလို ဖြစ်နေသည်ကို သိကြ၍ "ဟေ့လူ ဘယ်လဲ" ဟု ဆိုရင်း လက်ဆွဲသူကဆွဲ၊ အင်္ကျီစဆွဲသူကဆွဲဖြင့် တမင်နောက်ပြောင်တားဆီး၍ ထားကြလေရာ၊ သိန်းဖေမှာ "ဟာဗျာ၊ ဟင်ဗျာ၊ ဟေ့လူတွေ မလုပ်ပါနဲ့ဗျ၊ နေပါဦးဗျ၊ အရေးကြီးလို့ပါဗျ" နှင့် တအင်အင် တအာအာဖြစ်ကာ အတင်းရုန်းနေစဉ်၊ ပထမခေါင်းလောင်းထိုးလိုက်သံ ထွက်လာလေ၏။ သိန်းဖေမှာ မတွေ့လိုက်ရဘဲ ရှိမည်ကို ပူပန်ကာ တစ်အားကုန်ရုန်း၍ ထွက်ခဲ့ရလေ၏။

ထိုအခိုက်တွင် စာမေးပွဲခန်းထဲသို့ ကျောင်းသားများ ဝင်ရောက်ရန် တံခါးများ ဖွင့်ပေးလိုက်သဖြင့် ပြုံ၍ဝင်ကြလေရာ သိန်းဖေမှာ ရှုပ်ယှက်ခတ်လျက် ရှိနေသော ကျောင်းသားများအကြားမှ မနည်းတိုးဝှေ့၍ သွားရလေ၏။ ထိုသို့ တိုးဝှေ့လာခဲ့ရင်း မိန်းကလေးတစ်သိုက်စု၍နေသောနေရာနှင့် မလှမ်းမကမ်းသို့ ရောက်လာ၍ ၎င်းတို့အား မျှော်မှန်း၍ ကြည့်လိုက်ရာ ရယ်ရယ်မောမော ပြောဆိုနှုတ်ဆက်နေကြသော ကျောင်းတော်သူအချို့၏အကြားတွင် ရက်ပေါင်းများစွာ ကွဲကွာနေရသော မအေးစိန်၏မျက်နှာကို မြင်လိုက်ရလျှင် သိန်းဖေ၏ နှလုံးသွေးမှာ လှုပ်ရှားခုန်ကြွ၍သွားလေ၏။ မအေးစိန်လည်း ကျောင်းသူများနှင့် စကားပြောဆိုနေသည့်အကြားမှ ကွက်ကနဲ သိန်းဖေ၏မျက်နှာကို မြင်လိုက်ရာ၊ ပြောဆိုနေသည့် စကားပင် ဝါကျပင် မဆုံးဘဲ ရပ်၍သွားပြီး ကြောင်တောင်ကြီး ငေးကြည့်နေမိလေ၏။ ကျောင်းတော်သူများလည်း မအေးစိန် ကြည့်ရာသို့ လှည့်ကြည့်လိုက်ရာ၊ ပြုံးတော့မလို၊ ငိုတော့မလို၊ ရယ်တော့မလို မျက်နှာနှင့် အူယားဖားရား လျှောက်လာသော သိန်းဖေကို မြင်ရသဖြင့် အတန်ကြာ ငေးစိုက်၍ ကြည့်နေကြပြီးမှ မအေးစိန်အား ကျီစယ်မည်ဟု မအေးစိန်ဘက်သို့လှည့်လိုက် မအေးစိန်သည် မိမိတို့အနီးတွင် မရှိတော့ဘဲ အခန်းကြီးထဲသို့ ဝင်သွားသည်ကို တွေ့ရသဖြင့် အံ့အားသင့်၍သွားကြလေ၏။

သိန်းဖေမှာ မျှော်လင့်ခြင်းကြီးစွာဖြင့် ပြေးလာခဲ့ပြီးမှ ထိုသို့တွေ့လိုက်ရလျှင် ရင်တွင်း၌ဆို့လျက် တောင်တက်၍လာသူကို ရင်ဝသို့ ခြေဖြင့် စုံကန်လိုက်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

ခံစားရကာ ဖင်ထိုင်၍ လဲမသွားရအောင် မနည်းပင် စိတ်တင်းလိုက်ရလေ၏။ သို့အား ဖြင့် သိန်းဖေမှာ ဝမ်းနည်းပက်လက်ကြီးဖြစ်လျက် ရပ်မိရပ်ရာတွင် မတုန်မလှုပ်ကြီး ဖြစ်ကာ ကြက်သေ,သေ၍နေလေရာ ဒုတိယခေါင်းလောင်း ထိုးလိုက်သည်တွင် တွေဝေ နေရာမှ သတိရလာပြီး စာမေးပွဲအခန်းတွင်းသို့ ကမန်းကတန်း ဝင်ရောက်ကာ မိမိ ထိုင်၍ဖြေရမည့် စားပွဲနံပါတ်ကို ရေးကြီးသုတ်ပျာ ရှာဖွေရလေတော့၏။

သိန်းဖေသည် စားပွဲ၌ ထိုင်နေရသော်လည်း ထိုင်ရမှန်းမသိ၊ လက်ထဲသို့ စာမေးပွဲ မေးခွန်းစာရွက် ရရှိထားသော်လည်း ရထားမှန်းမသိ၊ မအေးစိန် ရှိရာသို့ ငေးတိငေးမော ကြည့်၍နေမိလေ၏။ မအေးစိန်နှင့် မိမိမှာ များစွာမဝေးလှသော်လည်း စာမေးပွဲအခန်းထဲတွင် တစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းဖို့ မဆိုထားဘိ၊ ဖင်နေရာ ကိုမျှ မရွေ့ရလောက်အောင် အချုပ်အချယ် ကြီးမားလှသဖြင့် သိန်းဖေမှာ မအေးစိန်နှင့် နီးလျက်နှင့် ဝေးရှာသောအဖြစ်သို့ ရောက်ရှိနေလေ၏။

စာမေးပွဲအခန်းထဲတွင် စောင့်ရှောက်ကြည့်ရှုသူများသည် သိန်းဖေ ဖြစ်ပျက် နေပုံကို မြင်ရသဖြင့် ခိုးချောင်း၍ ကြည့်နေသလောဟု သင်္ကာမကင်းဖြစ်ကာ အနိုပ်အကဲ ခတ်နေကြ၍ သိန်းဖေနှင့် ရင်းနှီးသော ဆရာအချို့တို့မှာမူ 'ငါ့လူတော့ အကျပ်ရိုက် နေပြီ၊ တစ်ခုမှ မဖြေနိုင်ဘူး ထင်ပါရဲ့' ဟု တွေးမိကြကာ၊ အနားသို့ ကပ်လာကြည့်ရှုရာ အဖြေစာအုပ်ကိုမှ နံပါတ်မထိုးရသေးသည်ကို သိရသဖြင့် စာအုပ်ပေါ်တွင် လက် ထောက်ပြီး သတိပေးရလေ၏။

သို့ဖြင့် သိန်းဖေမှာ နာရီဝက်ခန့်ကြာမှ မေးခွန်းစာရွက်တွင် မျက်စိစူးမိကာ လျှောက်၍ကြည့်နေလိုက်၊ ဖြေနိုင်မည့် မေးခွန်းမှာတစ်ဝက်၊ မဖြေနိုင်သည့် မေးခွန်းမှာ တစ်ဝက် ပါနေသဖြင့် ရင်ခုန်၍သွားလေ၏။ စာမေးပွဲ ဖြေဆိုရင်းတွင် ထိုသို့စိတ် အနှောင့်အယှက် ပေါ်ပေါက်လာရသည်မှာ သိန်းဖေအဖို့ ချောက်ကျစရာတစ်ခုပင် ဖြစ်စေတော့သည်။ စာမေးပွဲကြောင့် စိတ်တုန်လှုပ်၍ မအေးစိန်ကြောင့် စိတ်ဖောက်ပြား ခြင်းမှာ သိန်းဖေအား မည်သည့်အရာကိုမျှ စိတ်မစွဲမြဲနိုင်အောင် ရှိစေသဖြင့်၊ သိန်းဖေ မှာ စာမေးပွဲတွင် စိတ်ဝင်စားအောင် အတော်ပင် စိတ်တင်း၍ထားကာ လွယ်ကူမည့် မေးခွန်းကို ဦးစွာရွေးချယ်၍ ဖြေရလေ၏။

သိန်းဖေမှာ အချိန်အတော်နောက်ကျသွားမှ စတင်၍ ဖြေရသဖြင့် အချိန်လု ၍ ဖြေဆိုနေရသောကြောင့် ခေါင်းမှမဖော်၊ နာရီကိုမှ မော်မကြည့်ရဲအောင် ရှိလေ၏။ သို့ဖြင့် အချိန်ကုန်သွားသဖြင့် ခေါင်းလောင်းထိုးလိုက်သောအခါတွင် နောက်ဆုံး မေးခွန်းကို ဖြေဆိုရင်းတန်းလန်း ဖြစ်နေသောကြောင့် စာအုပ်ကို လာ၍မတောင်းမချင်း အမြန်ကြိတ်၍ ဖြေနေရလေ၏။ စာစစ်သူများက စာအုပ်လာတောင်း၍ ပေးလိုက်ရ သောအခါတွင် သိန်းဖေသည် မအေးစိန်ကို လှမ်းကြည့်လိုက်ရာ ၎င်း၏နေရာတွင်မျှ ကျောင်းသူများလည်း ထွက်၍သွားကြသည်ကို တွေ့ရလေတော့၏။ သို့ဖြစ်၍ သိန်းဖေ

www.burmeseclassic.com

www.burmeseclassic.com



သည် အခန်းထဲမှ လျှင်မြန်စွာထွက်၍ လိုက်လံရှာဖွေရာ အဘယ်နေရာမှ မတွေ့ရတော့သောကြောင့် မိမိကုန်း၍ဖြေနေစဉ် ထွက်သွားပြီဟု နှလုံးပြုကာ စိတ်လက်မချမ်းသာဘဲ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့လေ၏။

ကျော်ဝင်းသည် ငိုင်ပြီး မှိုင်နေသော သိန်းဖေကို မြင်ရသဖြင့် အနားသို့ကပ်လာကာ "ကိုယ့်လူ မှိုင်လှချည်လား၊ မဖြေနိုင်ဘူး မှတ်တယ်" ဟု ပြောလိုက်ရာ သိန်းဖေသည် ကျော်ဝင်းကို လှည့်ကြည့်ပြီး အဖြေမပေးမိ ကြောင်၍ငေးနေမိလေ၏။

"မဖြေနိုင်လို့ မဟုတ်ပါဘူး၊ ဖြေနိုင်တာလည်း ပါတယ်၊ မဖြေနိုင်တာလည်း ပါတယ်၊ အကုန်လုံးတော့ ဖြေလိုက်တာပဲ။ နို့ပေတဲ့ ကျွန်တော် စာမေးပွဲကြောင့် မှိုင်နေတာ မဟုတ်ပါဘူး။ မအေးစိန်ကို တွေ့မိလို့"

"အေး. . . အေး. . . ခင်ဗျားပြောလို့ သတိရတယ်၊ မအေးစိန် လာတယ်လို့ ပြောတယ်"

"ဒါကြောင့်ပေါ့ဗျ၊ သူ့ကို ကျွန်တော် တွေ့ရအောင်လိုက်တာ၊ နှစ်ခါစလုံး မတွေ့လိုက်ရလို့ စိတ်ညစ်နေတာ"

"အင်း. . . ခင်ဗျားတော့ ချောက်ပဲ၊ စာမေးပွဲဖြေနေတဲ့အထဲမှ ဒီလိုစိတ်ရှုပ်စရာ ပေါ်လာတာ"

"ပြောဗျာ၊ ပြော. . . ပြော၊ စာမေးပွဲအတွက် အားပေးမလား အောက်မေ့တယ်၊ ပိုပြီး အားလျော့အောင် ပြောနေပြန်ပါပြီ" ဟု သိန်းဖေက ညည်းညူသောကြောင့် ကျော်ဝင်းသည် သိန်းဖေနှင့် ပြန်၍ထိုင်ကာ ချော့မော့လိုသော မျက်နှာဖြင့် ပြုံးလေ၏။

"ကိုသိန်းဖေ ကျွန်တော် တစ်ခုပြောမယ်။ အခုစာမေးပွဲဟာ အရေးကြီးဆုံးဆိုတာ ကျွန်တော် ထူးထူးထွေထွေ ပြောနေဖို့ မလိုဘူး။ ခင်ဗျားလည်း သိပြီးသားပဲ။ ဒီတော့ ဒီလောက် အရေးကြီးတဲ့ကိစ္စမှာ အနှောင့်အယှက် ဝင်လာရင် ဆိုးတာပဲ။ ဒါကြောင့် ကျွန်တော့်သဘောအရ အကြံပေးချင်တာကတော့ စာမေးပွဲဖြေတဲ့ရက်တွေအတောအတွင်းမှာ မအေးစိန်အကြောင်းကို စိတ်ကူးထဲလည်း မထည့်နဲ့၊ သူ့ကိုလည်း မကြည့်နဲ့၊ ဒီလိုဆိုရင် ကောင်းမယ်။ စာမေးပွဲကိုသွားပြီး ထိခိုက်ရင် ဒုက္ခပဲ။ စာမေးပွဲဖြေပြီးပြီဆိုတဲ့အခါကျတော့မှ ကိုယ်ထင်သလို လုပ်တာပေါ့။ ဒါတစ်ခုကိုတော့ဖြင့် လေးလေးနက်နက် စိတ်စွဲထားပါလို့ ခင်ဗျားကို တောင်းပန်ချင်တယ်"

"ခင်ဗျား ပြောတာလည်း ဟုတ်ပါတယ်၊ ကျွန်တော်လည်း သိသလောက်သိတာပဲ။ နို့ပေတဲ့ ကျွန်တော့်ကိုယ်ထဲကို ခင်ဗျား စိတ်ဝင်စားပြီး ကြည့်လေ။ ခင်ဗျားမှာ ဒီလိုကြုံလာရင် ဘယ်လိုဖြစ်မလဲဆိုတာ ကိုယ်ချင်းစာကြည့်"

"ဒါတော့ ဒါပေါ့ဗျာ၊ နို့ပေတဲ့ စိတ်ဆိုတာ ကိုယ်အကျိုးရှိဖို့ဘက်ကို တယ်ပြီး မလိုက်ချင်ဘူး။ မကောင်းတဲ့ဘက်ကိုသာ အလိုလိုက်တတ်တော့ ခင်ဗျား အကျိုးရှိဖို့ ပြောရတာကိုးဗျ။ အသိတော့လည်း အသိကြသားပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်အားဖြင့် ကျော်ဝင်း၏စကားမှာ ငြင်းပယ်စရာ မရှိသောကြောင့် သိန်းဖေသည် ဝန်ခံသည့်အလား ငြိမ်၍နေကာ တွေဝေစဉ်းစားနေလေရာ ကျော်ဝင်းက သိန်းဖေ၏ စိတ်လေလွင့်နေသည်ကို အာရုံပြောင်းလဲရန် အမျိုးမျိုးဖန်တီးပေးမှ သိန်းဖေလည်း စိတ်အနည်းငယ် ပြောင်းသွားကာ မှာထားသော စားစရာများကို စားဖို့ရန် သတိရလေတော့၏။

သိန်းဖေလည်း စားရင်းသောက်ရင်းက သတိရလာပြန်သဖြင့် မအေးစိန်ကို တွေ့ရသော အကြောင်းများကို လျှောက်၍ပြောလေရာ၊ ကျော်ဝင်းသည် သိန်းဖေ၏ စိတ်ပြောင်းရန် အကြံပြုလေ၏။

"ကဲ. . . ကိုသိန်းဖေ ကျွန်တော် ပြောမယ်၊ စိတ်လည်း မဆိုးနဲ့၊ မအေးစိန်နဲ့ ခင်ဗျားဟာ အရင်တုန်းက ချစ်ခဲ့ကြတာ အမှန်ပဲ။ နို့ပေတဲ့ အရင်တုန်းက ချစ်ကြသလို အခုချစ်ကြသေးသလားဆိုတာ စဉ်းစားလိုက်စမ်း"

"စဉ်းစားလိုက်တော့ ကျွန်တော်တော့ ချစ်တုန်းပဲ"

"အဲ. . . ဟုတ်ပြီ၊ ခင်ဗျားကတော့ ချစ်တာအမှန်ပဲ၊ နို့ပေတဲ့ သူကတော့ ခင်ဗျားကို မချစ်တော့ဘူး" ဟု ပြောလိုက်ရာ သိန်းဖေမှာ မျက်စိမျက်နှာပျက်လျက် "ဘာပြုလို့ မချစ်ဘူး ဆိုနိုင်သလဲ" ဟု မေးလေ၏။

"ခင်ဗျားကို ချစ်လို့ရှိရင် အခုလို ကွဲနေကြပြီးမှ ပြန်တွေ့ကြတဲ့အခါမှာ အားရဝမ်းသာ တွေ့ကြ၊ ပြောကြ၊ နှုတ်ဆက်ကြနဲ့ ဖြစ်ဖို့ မဟုတ်လား။ အခုတော့ ခင်ဗျားကို မြင်တာနဲ့ အခန်းထဲကို ဝင်သွားတယ်ဆိုတာ ဘယ်လိုပဲ တွေးကြည့် တွေးကြည့် ခင်ဗျားအပေါ်မှာ အချစ်ကုန်နေပြီဆိုတာ အစင်းသားပေါ်နေတယ် မဟုတ်လား" ဟု ပြောလိုက်ရာ သိန်းဖေမှာ ငြင်းလုံးရှာ၍ မရနိုင်ဘဲ တွေ၍နေသောကြောင့် ကျော်ဝင်းက မိမိစကားနိုင်ပြီဟု နှလုံးပြုကာ သိန်းဖေ စိတ်ပြောင်းရန် နင်း၍ဖိမည်ဟူသော အကြံဖြင့် "ဒီတော့ 'ဂျင်းစိမ်းနဲ့ မိဿလင်၊ သူကြင်ရင် ကြင်တန်းပေါ့' ဆိုသလို အရေးမစိုက်ဘဲ ထားလိုက်ရုံ ရှိတာပေါ့ဗျ။ ကိုယ့်ကို မေတ္တာမရှိမှန်းသိရက်နဲ့ သူ့အတွက်ဆွေးပြီး စာမေးပွဲ အနာခံရမယ်ဆိုရင် ဒီ့ထက်မိုက်တာ လောကမှာ ရှိသေးသလား" ဟု စိတ်နာစရာများကို မရပ်မနား ပြောလေတော့၏။

သို့အားဖြင့် သိန်းဖေမှာ နာစရာတွေကို တွေးမိပြီး တဖြည်းဖြည်း စိတ်မာ၍လာကာ 'တော်ပြီ၊ ငါ သူ့ကို မတွေးတော့ဘူး၊ မစဉ်းစားဘူး' ဟု စိတ်တင်းလိုက်မိလေတော့၏။ ကျော်ဝင်းမှာ သိန်းဖေ၏ ပညာရေးအတွက် ထိုသို့ပြောလိုက်ရသော်လည်း တွေးပြီးသနားမိလေ၏။

သို့အားဖြင့် သိန်းဖေသည် ဆက်လက်စာမေးပွဲဖြေဆိုရာတွင် မအေးစိန်အား တွေးတောခြင်းကို ဦးနှောက်ထဲမှ ဖယ်ထုတ်လေ၏။ စာမေးပွဲ တစ်နေ့ပြီး၍ [illegible]ည ပြောင်းပြန်ရာတွင်လည်း စိတ်ကူးတွင်မထည့်၊ စာထဲတွင် စိတ်ဝင်စားအားလျော့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွင်း၌ မိဘများထံမှ ရောက်လာသည့်စာ၌ "ငါ့သား စာမေးပွဲဖြေဆိုနေပြီဟု သိရ၍ ချောမောအောင်မြင်စေရန် ဆုတောင်းလိုက်သည်။ မနေ့က ဘုရားသို့သွား၍ မင်းအတွက် ပန်း၊ ဆီမီး သက်စေ့ ပူဇော်ပြီး ဆုတောင်းပါသည်။ အောင်အောင်ကြိုးစား၍ ဖြေပါ၊ စာမေးပွဲအောင်မှ တို့များ စိတ်အေးရမည်။ မင်းကိုပဲ အားကိုးနေရသည်၊ စာကလွဲ၍ ဘာမျှစိတ်မကူးပါနှင့်" စသဖြင့် ရေးသားပေးပို့လိုက်သောစာကို ရပြန်၍ သာ၍ပင် စိတ်တင်းမိကာ စာကို အာရုံစိုက်လေ၏။

သို့ရာတွင် 'ငါ ဒါကို မလုပ်ဘူး' ဟု တင်းထားရသောစိတ်သည် ထိုသို့တင်းနေရသမျှကာလပတ်လုံး ဒါကို သတိရ၍သာ တင်းနေရခြင်း ဖြစ်သည့်အတွက် သိန်းဖေမှာ ဖျတ်ခနဲ ဖျတ်ခနဲ စိတ်ပြောင်းသွားရသဖြင့် အလွန်ခက်ခဲစွာပင် စိတ်ဖျောက်ရလေ၏။

ထိုသို့လျှင် တစ်ရက်မှ တစ်ရက် ကုန်မြောက်၍လာကာ နောက်ဆုံးဖြေဆိုရမည့်နေ့သို့ ဆိုက်ရောက်ခဲ့လေ၏။ သိန်းဖေသည် မိမိစိတ်ကို အတော်ပင် နိုင်နင်းခဲ့ပြီဖြစ်ပေ၏။ စာကိုလည်း အထူးကြိုးစား၍ကြည့်ကာ စိတ်ဝင်စားစွာနှင့်ပင် ကျေနပ်၍နေခဲ့သောကြောင့် ဆင်ပြောင်ကြီးအမြီးကျမှ မတစ်ရစေရန် စာမေးပွဲအချိန်ကပ်၍နေသည့်တိုင်အောင် စာကုပ်၍ ကြည့်ပြီး အချိန်နီးမှ ကမန်းကတန်း စာမေးပွဲခန်းသို့ ပြေးခဲ့လေ၏။

သိန်းဖေမှာ အလျင်စလိုပြေး၍ လာခဲ့ရခြင်းဖြင့် ရှေ့တွင်ဘာရှိသည်ကိုမှ ဂရုမစိုက်နိုင်သောကြောင့် ကော်ရစ်ဒါထောင့်အချိုးတွင် ကျောင်းသူတစ်ယောက်နှင့် ဝင်၍တိုးကာ ကျောင်းသူမှာ လန့်ဖျတ်ပြီး ဝုန်းကနဲ စာအုပ်များ လွတ်ကျလေ၏၊ သိန်းဖေမှာ အားလည်းနာ၊ ရှက်လည်း ရှက်သဖြင့် မျက်နှာကိုမှ မကြည့်ရဲဘဲ "ဆောရီး" ဟုဆိုရင်း စာအုပ်များကိုပေးရန် တစ်အုပ်စီ ကောက်လေ၏။

စာအုပ်များအားလုံး ကောက်ယူပြီးနောက် သိန်းဖေလည်း ထ,ပြီးလျှင် စာအုပ်များကို လှမ်းပေးရင်း ရှက်ပြုံးပြုံးလျက် မျက်နှာကို ကြည့်လိုက်ရာ မအေးစိန်ဖြစ်နေသောကြောင့် ပြုံးရယ်သော ပါးစပ်မှာ အံ့အားသင့်သော အမူအရာသို့ပြောင်းကာ ပေါင်းလောင်းကြီးဟလျက် ကြောင်၍ကြည့်နေလေ၏။ မအေးစိန်သည် သိန်းဖေနှင့် မျက်နှာချင်းဆိုင်မိရာတွင် ကြက်သေ,သေကာ ငေး၍နေမိလေ၏။ ထိုသို့တစ်ယောက်ကို တစ်ယောက်ကြည့်ကာ စကားလည်း မပြောနိုင်၊ မပြုံးလည်း မပြုံးနိုင်ကြဘဲနေရင်း မအေးစိန်သည် သိန်းဖေအား ကြည့်နေရာမှ မျက်ရည်များ လည်လာလေ၏။

သိန်းဖေသည် ထိုသို့မြင်ရသဖြင့် ပါးစပ်မှ စကားထွက်အောင် မနည်းကြိုးစားအားထုတ်ကာ "**မအေးစိန်**" ဟု တစ်လုံးချင်း လေးလေးကြီး ခေါ်လိုက်လေ၏။

မအေးစိန်မှာ ပြန်၍ထူးဖို့ရန် အတန်ကြာစွာ ပါးစပ်မှ တရွရွနှင့် ငိုပြီးမှ "ကိုသိန်းဖေ" ဟု ထူးလိုက်ရာတွင် ဝမ်းနည်းလုံးဆို့၍ အသံကပ်နေသလားမသိ

www.burmeseclassic.com

www.burmeseclassic.com


လေသံမျှသာ ထွက်လာလေ၏။

ကျောင်းသားသုံးလေးဦးမှာ ၎င်းတို့၏အမူအရာကို ငေး၍ကြည့်နေကြစဉ် မညှာမတာ ရက်စက်လှစွာသော ခေါင်းလောင်းသံကြီးသည် သိန်းဖေနှင့် မအေးစိန်တို့ အတူမနေရအောင် ခွဲခွာရန် ထွက်ပေါ်လာလေရာ တစ်ယောက်ကို တစ်ယောက် ဘာမျှမပြောနိုင်ကြတော့ဘဲ ငိုမလို ရယ်မလို မချိသော ပြုံးခြင်းဖြင့် နှလုံးတွင်ဆွေးကာ ခွဲခွာ၍သွားကြသည်ကို တွေ့ကြရပေတော့သတည်း။

သိန်းဖေမှာ စာဖြေဆိုရန် တင်းခဲ့သမျှ စိတ်တို့သည် ပျော့ခွေလျော့ကျခဲ့ပြီ ဖြစ်ပေတော့၏။ တစ်လုံးမျှ မရေးရသေးသော အဖြေစာအုပ်၏ ဖြူစင်သော မျက်နှာမှာ ရုပ်ရှင်ပိတ်ကားကြီးဘဝသို့ ရောက်သွားလျက် မိမိတို့၏ အဖြစ်အပျက်ဟောင်းများသည် အရိပ်အရောင် ထင်မြင်ကာ ပေါ်ပေါက်လာလေ၊ ထိုသို့ဖြစ်ရာမှ ရုတ်တရက် သတိရ ကာ ဖွတ်မိုတ်၍ ဖြေဖျောက်ပါသော်လည်း ပျောက်ချည်တစ်လှည့်၊ ပေါ်ချည်တစ်ခါ ဖြစ်လျက် **'မအေးစိန်' 'ကိုသိန်းဖေ'** ဟူသော စာလုံးများကို ယောင်ယောင်မှားမှား ရေးလိုက်နှင့် သိန်းဖေ၏ဦးနှောက်သည် ချာချာလည်၍နေသတော့၏။

မအေးစိန်မှာ သိန်းဖေနှင့် တွေ့လိုက်ရပြီး နာမည်ကလေးမျှသာ ခေါ်လိုက်ရ ကာ ခွဲခွာလိုက်ရသဖြင့် ရှေးကအဖြစ်ကို မည်သို့သတိရ၍ မည်မျှမချိဆင်းရဲဖြစ်ကာ စိတ်ဒုက္ခရောက်ရရှာလေသည် မသိရ။ တစ်နာရီ ကုန်ဆုံးသွားပြီး မကြာမီကလေး လောက်တွင် သိန်းဖေသည် မအေးစိန်နေရာသို့ လှမ်းကြည့်လိုက်ရာ မရှိတော့ပြီကို တွေ့ရသဖြင့် မအေးစိန်မှာလည်း မိမိနှင့် တွေ့ရ၍ မိမိကဲ့သို့ စာကိုမျှ မဖြေနိုင်အောင် ရှိကာ တစ်နာရီကြာမှ စာမေးပွဲအခန်းမှ ထွက်နိုင်ခွင့်ပေးသည့်အတွက် တစ်နာရီတိတိ ထိုင်ပြီး စိတ်ညစ်ခံရကာ စာကိုပင် မဖြေတော့ဘဲ ထွက်ခွာ၍ သွားရှာလေပြီဟု တွေး၍ မချိ ဖြစ်ခဲ့ပြီးမှ 'ငါ့သား စာမေးပွဲအောင်မှ မိဘများ စိတ်အေးရမည်' ဟူသော စာကို ပြန်၍ သတိရကာ စိတ်မချိတရိနှင့်ပင် မအေးစိန်ကို အတင်းမေ့ဖျောက်ပစ်ရကာ အားခဲပြီး ဖြေဆိုရလေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

တက္ကသိုလ်ကျောင်းသားတို့မှာ စာမေးပွဲကြီး ပြီးခဲ့သဖြင့် ရွှင်ပြုံးပျော်မြူးလျက် ရှိလေတော့သတည်း။ ပုဂံဟောလ်၌ တယော၊ မယ်ဒလင်၊ ဘင်ဂျို၊ ဂစ်တာ၊ ဂရာမာဖုန်းတို့ဖြင့် သာယာမဆုံးနိုင် ရှိလေ၏။ တစ်နှစ်ပတ်လုံး တစ်ကုန်းကုန်း ကျက်ခဲ့ရသော ကျောင်းတော်သားတို့သည် အုံးအုံးကျွက်ကျွက်ပွက်ပွက် ဆူညံရယ်မောသံဖြင့် တစ်ရုံမလပ် ဒလစပ် ပျော်မြူးလျက် ရှိကြလေတော့၏။

အခါခပ်သိမ်း ပျော်ရွှင်လျက် နေလေ့ရှိသော သိန်းဖေမှာ ထိုကဲ့သို့သော စာမေးပွဲပြီးသည့်အခါများတွင် အဆူအညံဆုံး၊ အူအရွှင်ဆုံး ဖြစ်ခဲ့သော်လည်း ယခုမူ အချစ်၏အနှောင့်အယှက်ဖြင့် မပျော်ရွှင်ဘဲရှိကာ အချစ်မြားစူးသွားသော ဒဏ်ရာကို အလွမ်းဖြေကာ ကုသနေရလေတော့၏။

"ဗျို့ ကိုသိန်းဖေ၊ ခင်ဗျား အကုန်လုံး ဖြေပြီးပြီလား"

"ပြီးပြီ"

"ပြီးရင် ကုန်းလိုက်" ဟု တစ်ဘက်ခန်းမှ လှမ်း၍နောက်သည်ကိုပင် သိန်းဖေမှာ မရွှင်နိုင်၊ မပြုံးနိုင်၊ ပြန်၍မချေပနိုင်ဘဲ ငုတ်တုတ်ကြီးသာခံ၍ နေလိုက်ရလေ၏။

ကျော်ဝင်းမှုကား ကြီးလေးသော တာဝန်ကြီးသည် မိမိ၏ပခုံးပေါ်မှ လျော့ကျသွားပြီဖြစ်သဖြင့် လွတ်လပ်ပေါ့ပါးကာ စိတ်ကြည်လင် ရွှင်မြူးလျက် ရှိလေ၏။ မသန်းမြင့်မှာလည်း ကျော်ဝင်းကဲ့သို့ပင် စိတ်အေးချမ်းသာခဲ့ရပြီ ဖြစ်လေရာ ထိုနှစ်ဦးသားတို့မှာ ရှေ့အဖို့၌ စာအတွက် ပူပင်စရာမရှိ၊ စာကြည့်ရန်လည်း မလိုဘဲ၊ အကယ်၍ စာမေးပွဲ အောင်ကြလျှင် နောက်နှစ်၌ ကျောင်းသို့ပြန်၍ ရောက်လိုမှ ရောက်ကြရတော့မည်ဖြစ်ရကား ယခု ကျောင်းပိတ်၍ ခွဲခွာလိုက်ကြရသည့်နောက်တွင် တစ်ဦးနှင့်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ပြန်၍တွေ့ကြဖို့ရန်မှာ အနည်းငယ် ခဲယဉ်းနေပြီ ဖြစ်သောကြောင့် ယခု လွတ်လပ်ခွင့်ရကြသော အချိန်အခါကလေးတွင် အတိုးချပြီး ပျော်ရွှင်ကာ အချစ်ဇာတ်လမ်းကို အစွမ်းကုန်ကြတော့မည်ဟု တူနှစ်ကိုယ် ယှဉ်တွဲကာ မြို့ထဲသို့ထွက်၍ လည်ပတ်ကြလေတော့၏။

သိန်းဖေမှာကား အခြားသော ကျောင်းသားတို့၏ ပျော်ရွှင်ဖွယ်ရာ ဆိုလိုက်ကြသော သီချင်းများ၊ လွမ်းဆွတ်ဖွယ်ရာ ဖွဲ့နွဲ့ဆိုလိုက်သော တေးသံများကိုသာ နားစည်းစိမ်ခံရင်း ကြည်နူးချည်တစ်ခါ၊ လွမ်းချည်တစ်လှည့်ဖြင့် အခန်းတွင်း၌ ကြိတ်၍ဆွေးနေလေ၏။

"ဒေါက် ဒေါက် ဒေါက်" ဟူသော တံခါးခေါက်သံနှင့် "အိုင်ဆေး ကိုသိန်းဖေ၊ ကိုသိန်းဖေ၊ ကိုသိန်းဖေ" ဟု လျင်မြန်စွာ ဆက်၍ခေါ်သော ကျော်ဝင်း၏အသံကို ကြားရလျှင် သိန်းဖေသည် ဘာအကြောင်းထူးရှိလာပြန်ပါလိမ့်ဟူသော တွေးတောချက်ဖြင့် ရုတ်တရက် ထ၍ တံခါးဖွင့်ပေးလိုက်လေ၏။

"ဒီမှာ မအေးစိန် အခုည ပြန်မယ်တဲ့"

"ဟုတ်လား ဘယ်သူပြောသလဲ"

"ကျွန်တော် မသန်းမြင့်နဲ့အတူ မြို့ထဲက လည်ပြီးပြန်လာခဲ့တယ်။ မသန်းမြင့်ကပဲ ပြောတာ။ အဲဒါ ခင်ဗျား တွေ့ချင်ရင် ဘူတာရုံ လိုက်ပေတော့" ဟု ပြောလိုက်ရာ သိန်းဖေမှာ မျက်နှာရွှင်လန်း၍သွားလေ၏။

"ဒါဖြင့် ခင်ဗျားလည်း လိုက်ခဲ့ဗျာ၊ မသန်းမြင့်တို့လည်း အတူတူပြန်ကြမယ် မဟုတ် လား"

"မပြန်သေးဘူး၊ မနက်ဖြန်မှပြန်မယ်၊ နို့ပေတဲ့ ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ ခင်ဗျား ထမင်းစားပြီးပြီလား"

"မပြီးသေးဘူး၊ အခုပဲ စားတော့မှာပဲ"

"ဒီလိုဆိုရင် အဝတ်လဲထားဗျာ။ ကျွန်တော် ငှားလာတဲ့ကားကို မလွှတ်သေးဘူး၊ စောင့်ခိုင်းထားမယ်၊ ထမင်းစားပြီးပြီးချင်း သွားကြတာပေါ့"

"ဟုတ်ပြီ နိပ်တာပဲ၊ ခင်ဗျားကားကို ပြန်ပြီးပြောချည်ဗျာ၊ ကျွန်တော် အဝတ်လဲနှင့်မယ်" ဟု ဆိုသဖြင့် ကျော်ဝင်းသည် ကားစောင့်ခိုင်းဖို့ ပြောရန်ထွက်သွား၍ သိန်းဖေလည်း အဝတ်လဲလေ၏။

အဆင်သင့်ပင် ထမင်းစားခေါင်းလောင်းလည်း ထိုးနေပြီ ဖြစ်သောကြောင့် သိန်းဖေလည်း မြန်မြန်ဆန်ဆန် အဝတ်လဲပြီး ထမင်းစားခန်းသို့ သွားလေ၏။ သိန်းဖေမှာ ထိုသို့သွားရမည့် အရေးကြောင့် ကသောကမြော ထမင်းစားလေရာ ကျော်ဝင်းသည် သိန်းဖေကို ကြည့်၍ပြုံးကာ "ဖြည်းဖြည်းစားပါ ကိုယ့်လူ၊ အချိန်တွေ အများကြီး ရှိပါသေးတယ်။ ထမင်းလည်း ဘယ်မှ ထွက်မပြေးပါဘူး၊ မတော်လို့

www.burmeseclassic.com

အာခေါင် ခက်ရင်းစူးမှုဖြင့် ဟိုကျတော့ စကားပီအောင် မပြောနိုင်ဘဲ ဝူးဝါးဝူးဝါး ဖြစ်နေပါဦးမယ်" ဆိုမှ သိန်းဖေလည်း ပြုံးနိုင်ရွှင်နိုင်ရှိကာ "လောကမှာ သုတ်သုံးကျမ်း ကြေရမယ်ဗျ။ စားလည်း သုတ်သုတ်၊ သွားလည်း သုတ်သုတ်၊ အိပ်ရင်လည်း အင်း သုတ်သုတ်ပေါ့လေဗျာ" ဟု ရယ်မောပြောဆိုသော စကားများ ထွက်လာတော့သဖြင့် ကျော်ဝင်းမှာ သိန်းဖေကိုကြည့်ရင်း ပါးစပ်ထဲက ထမင်းလုံးများ ပန်းကန်ထဲသို့ကျ အောင် ရယ်မိလေ၏။

ထိုသို့ ပြုံးရွှင်၍နေကြသော မျက်နှာများမှာ ထမင်းစားပြီး၍ ကားပေါ်တက် ကာ မြို့ထဲသို့ ထွက်သွားကြသည့်တိုင်အောင် အပြုံးမပျက်ဘဲ သာ၍ပင် ချိုပြုံးရွှင်ပြ လျက် ရှိပေ၏။ သို့အားဖြင့် မြို့ထဲသို့ ရောက်ကြပြန်သောအခါ မီးရထားအချိန်မှာ စော၍နေသေးသဖြင့် အချိန်ကုန်ခံကာ ထိုင်၍စောင့်မနေလိုကြသောကြောင့် ကျောင်း မပိတ်မီ နောက်ဆုံးပျော်ကြခြင်းဖြင့် ပျော်ကြဦးမည်ဟု နှလုံးပြုကာ ကားတစ်စင်းနှင့် လည်ကြပြန်လေ၏။

သိန်းဖေမှာ အထူးသဖြင့် စိတ်လက်ပျော်ရွှင်၍လာလေရာ အပျော်ကျူး၍နေ သည့်အတွက် အချိန်ကုန်မှန်းမသိ ကုန်သွားပြီး မီးရထားထွက်လုနီးအချိန်ကျမှ သတိရ ကာ ဘူတာရုံသို့ အမြန်လာခဲ့ကြရပြန်လေ၏။ ဘူတာရုံသို့ ရောက်ကြလျှင် သိန်းဖေမှာ မအေးစိန်နှင့် တွေ့ရတော့မည်ဟူသောဇောဖြင့် ရွှင်မြူးအားရစွာ ဘူတာရုံထဲသို့ ဝင်၍ သွားသဖြင့် ကျော်ဝင်းလည်း သိန်းဖေ၏ အမူအရာကိုကြည့်ကာ ပြုံးရွှင်ကျေနပ်စွာ ပါသွားလေ၏။

မီးရထားထွက်ချိန်နီး၍လာသဖြင့် ဘူတာရုံထဲ၌ လှုပ်လှုပ်ရှားရှား ရှိနေလေ ရာ ကျော်ဝင်းနှင့် သိန်းဖေတို့မှာ မီးရထားတွဲများဆီသို့ မျှော်မှန်းကြည့်ရှုရင်း ထိုလူများ အကြားမှ တိုးဝှေ့၍ သွားကြရလေ၏။ ထိုသို့လာကြရင်း တွဲတစ်တွဲထဲမှ မျက်နှာပြူထွက် နေသော မအေးစိန်ကို နှစ်ယောက်သား ပြိုင်တူမြင်ကြရကာ "ဟော ဟိုမှာ" ဟု သံပြိုင် ဆိုရင်း မအေးစိန်တွဲ ရှိရာသို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြလေ၏။

မအေးစိန်လည်း အသွားအလာများကို ကြည့်နေရင်း သိန်းဖေကို မြင်မိကာ မျက်နှာချင်း ဆုံမိကြလေ၏။ သိန်းဖေလည်း ထိုသို့ မျက်စိချင်း ဆုံမိကြသည်နှင့် တစ်ပြိုင်နက် အားရရွှင်ပြုံး၍ နှုတ်ဆက်လိုက်ရာ မအေးစိန်မျက်နှာတွင် တစ်စုံတစ်ရာ ပူပင်မကင်းသော အမူအရာကို တွေ့လိုက်ကြရပြီးနောက် မအေးစိန်သည် မီးရထား တံခါးဘောင်ကို ကိုင်ထားသော လက်တစ်ဖက်ကို ပြန်၍လှုပ်ကာပြကာ တစ်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သဖြင့် နှစ်ဦးသား ရှေ့သို့မတိုးနိုင်ကြဘဲ၊ ထိုသို့မြင်ရသောနေရာ တွင် ခြေလှမ်းတန့်ကာ ရပ်၍နေလိုက်ကြရလေ၏။

သိန်းဖေမှာ ရုတ်တရက် မွန်ထူ၍သွားကာ အဘယ်အကြောင်းကြောင့်ပါ၍ စဉ်းစားမရနိုင်ဘဲရှိပြီး "ဘာကို ပြတာလဲ" ဟု ကျော်ဝင်းကို မေးလေ၏။

www.burmeseclassic.com



"အနားကို မလာနဲ့လို့ ပြောတာဗျ။ သူ့မားသားကြီး ပါလာသလား၊ ဖားသားကြီး ပါလာသလား မသိဘူး။ အဲဒါ လက်ညှိုးထိုးပြတာ သူတို့ ရှိနေတယ်၊ မလာနဲ့လို့ လက်ကာပြတာ" ဟု မအေးစိန်၏ အမူအရာကို ဘာသာပြန်၍ ပြောရလေ၏။

သိန်းဖေမှာ ထိုသို့သိရှိသဖြင့် မောဟိုက်၍သွားလေ၏။ ရထားတွဲထဲသို့ အသေအချာ ကြည့်လိုက်လျှင် မအေးစိန်၏ အဖေကြီးနှင့် အမေကြီးတို့ ဖြစ်သည်ဟု မှတ်ယူအပ်သူ နှစ်ယောက်တို့ကို တွေ့မြင်ရသဖြင့် ၎င်းတို့ရှိနေခြင်းအားဖြင့် အဘယ်နည်းနှင့်မျှ အနားသို့ကပ်ကာ စကားပြောဆိုနိုင်ခွင့် မရှိတော့သည်ကို တွေးမိလျက် အခံရခက်၍နေလေ၏။

"ကိုကျော်ဝင်း ခက်တာပဲဗျာ။ ဘယ်လိုလုပ်ရပါ့မလဲ၊ အကြံပေးစမ်းပါဦး"

"ကျွန်တော်လည်း ဘယ်လိုမှ မစဉ်းစားတတ်အောင် ရှိတာပဲဗျာ။ ခင်ဗျားမှာ စက္ကူအလွတ်ပါရင် ရေးချင်တာရေးပြီး အနားကို မယောင်မလည်ကပ်သွားပြီး ပေးတာပေါ့"

"စက္ကူလည်း မပါဘူးဗျ။ ဝယ်ရင်တော့ ရမှာပဲ။ နို့ပေတဲ့ စာရေးနေဖို့ကလည်း အချိန်မရှိတော့ဘူးဗျာ၊ သိပ်ခက်တာပဲ၊ ဒီလိုမှန်းသိရင် စောစောပြန်လာရကောင်းသား"

"ဒီလိုဖြစ်မယ်လို့ ဘယ်သူသိမလဲဗျာ၊ မသန်းမြင့်ကလည်း မပြောဘူး။ အခုတောင် ကံကောင်းလို့ မြင်ကြရတာ။ အပျော်လွန်ပြီး သတိမေ့ကြဦးမလို့" ဟု ပြောပြီးနောက် ကျော်ဝင်းက "ခင်ဗျား သူ့ကို တကယ်ချစ်ပြီး သတ္တိရှိရင် မီးရထားပေါ်တက်ပြီး ပွေ့ယူလာခဲ့ဗျာ၊ ကားနဲ့ အတင်းခိုးပြေးမယ်" ဟု ပြောလေ၏။

"ခင်ဗျား အကြံပေးတာတော့ ကောင်းပါရဲ့ဗျာ။ နို့ပေတဲ့ ကျွန်တော် ဂတ်ထဲမှာ မအိပ်ရဲဘူး၊ ကြမ်းပိုးကြောက်တယ်"

"အင်း. . . ဒီလိုဆိုရင်ဖြင့် မျှော်ပြီးကြည့်နေရုံရှိတာပဲ" ဟု ကျော်ဝင်းက ပြောသည့်အတိုင်းပင် တန်းလျားကလေးတစ်ခုသို့ နှစ်ယောက်သား သွားရောက်၍ ထိုင်ကြကာ မအေးစိန်ကိုသာ မျှော်ကြည့်၍ နေရှာလေ၏။

မအေးစိန်လည်း သိန်းဖေအား အားရပါးရ ပြောချင်ဆိုချင်ဟန်ရှိသည့်ဟန်ဖြင့် ထိုသို့မပြောနိုင်သည်ကို စိတ်ထဲတွင် မချင့်မရဲ ဖြစ်ရဘိသည့်အလား မိမိတို့အား ညှိုးငယ်စွာ စိုက်၍ကြည့်နေသည်ကို တွေ့ရလျှင် သိန်းဖေမှာ မီးရထားအထွက်တွင် ပြေး၍ဆွဲထားလိုက်ချင်သော စိတ်များပင် ပေါ်လာမိလေ၏။

သိန်းဖေနှင့် မအေးစိန်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်၍မဝနိုင်သကဲ့သို့ တစ်ယောက်မျက်နှာ တစ်ယောက်မခွာဘဲ စိုက်၍ကြည့်နေကြစဉ် 'ဒါလောက်ကြည့်ရရင် အားရလောက်ပြီ။ တော်ကြတော့' ဟု ဆိုသည့်အလား ပထမခေါင်းလောင်းထိုးသံကို ကြားရလေ၏။ တစ်ယောက်ကိုတစ်ယောက် ခွဲကြရတော့မည့် အချိန်သည် မိနစ်၏အစိတ်ပိုင်းမျှသာ ရှိတော့သည်ကို သိကြလျှင် မအေးစိန်၏စိတ်တွင် မည်သို့ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မည်ကို မဆိုထားဘိ၊ သိန်းဖေမှာမူ ထွက်တော့မည့်ဆဲဆဲဖြစ်သည့် ရထားတွဲကြီး၏ ဘီးများကို ဆွဲထားချင်သကဲ့သို့လည်းကောင်း၊ ခေါင်းတွဲရှေ့တွင် လည်စင်း၍ ခံလိုက်ချင်သကဲ့သို့လည်းကောင်း ဦးနှောက်ဆူဝေနေ၍ နေလေတော့၏။

သိန်းဖေသည် ထိုင်ရာမှ ငေးတိငေးမှိုင်ကြီးထကာ ဝမ်းနည်းလျက် မျက်ရည်လည်နေသော မျက်လုံးများဖြင့် မအေးစိန်အား မျက်တောင်မခတ်ဘဲ ကြည့်နေသည်တွင် မအေးစိန်၏မျက်နှာပေါ်တွင် ဖြူဖွေးသော အရာလေးတစ်ခု ရောက်သွားသည်ကို တွေ့မြင်ရသဖြင့် သေချာစွာကြည့်လိုက်ရာ လက်ကိုင်ပဝါဖြူဖြင့် မျက်နှာကိုအုပ်ပြီး မျက်နှာလှည့်သွားကာ တွဲထဲသို့ ပုန်းကွယ်လိုက်သည်ကို တွေ့ရလျှင် မအေးစိန် မျက်ရည်ကျရှာလေပြီဟု တွေးမိခြင်းဖြင့် မချိအောင်ဖြစ်ကာ မိမိ၏မျက်စိထဲမှ လည်၍နေသော မျက်ရည်များကို ထွက်၍မကျအောင် အနိုင်နိုင် အားတင်းရလေ၏။

ထိုအခိုက်တွင် မအေးစိန်၏မျက်နှာ ပြန်၍ပေါ်လာလေရာ၊ သိန်းဖေလည်း နောက်ဆုံးကြည့်ရသော အဖြစ်မျိုးနှင့် ကြည့်နေစဉ် ရှည်လျားသော ခရာသံကို ကြားလိုက်ရပြီး ရထားတွဲကြီးသည် တအိအိ ထွက်စပြုပြီကို တွေ့ရှိရလေ၏။ သိန်းဖေမှာ တဖြည်းဖြည်း ဝေးကြရတော့မည်ကို တွေးမိရာက ပြတင်းပေါက်ကို ခေါင်းမီကာ ငေးမှိုင်လျက် မျက်ရည်တို့၍ ပါသွားရှာသော မအေးစိန်ကို မြင်ရသောကြောင့် မျက်လုံးများ ပြာပြီးလျှင် မူးမိုက်၍လဲတော့မည့်ပုံမျိုး ဖြစ်နေသည်ကို ကျော်ဝင်း တွေ့မြင်ရကာ သိန်းဖေကို ပွေ့ဖက်ထားရင်း တဖြည်းဖြည်း ရွေ့လျားထွက်ခွာသွားသော ရထားပေါ်တွင် ပါသွားသည့် မအေးစိန်ကို အထူးငေးကြည့်လျက် တွေ၍ရပ်နေမိကြလေ၏။

မီးရထားကြီးသည် တဖြည်းဖြည်း မြန်သည်ထက် မြန်လာကာ ဝေးသည်ထက် ဝေး၍သွားပြီးလျှင် နီရဲသော နောက်မီးခွက်ကလေးသည် မဲမှောင်သော ညဉ့်နက်ထဲတွင် မှေးမှိန်ပ,ပျောက်၍သွားလေ၏။ သိန်းဖေနှင့် ကျော်ဝင်းတို့သည် ဘာမျှမမြင်ကြရတော့သည့်တိုင်အောင် ရပ်ငေးကာ ကြည့်နေကြပြီးမှ မိမိတို့ ဘေးပတ်လည်ကို ကြည့်လိုက်ရာတွင် အသွားအလာ ရှင်းလင်း၍နေကာ မိမိတို့သာလျှင် ရှိသည်ကို တွေ့ရတော့မှ ကျော်ဝင်းက "ကဲ. . . ပြန်ကြပါစို့ ကိုသိန်းဖေ၊ မထူးတော့ပါဘူး" ဟု ပြောကာ သိန်းဖေကို ဖက်၍ မချိတရိ လျှောက်ကာ ဘူတာရုံထဲမှ ထွက်ခဲ့ကြလေတော့သတည်း။

ထိုတစ်ည ကုန်မြောက်၍ နောက်တစ်ညသို့ ရောက်ပြန်သောအခါ ကျော်ဝင်းမှာ မသန်းမြင့်နှင့် ခွဲရတော့မည့်အချိန်သို့ တဖြည်းဖြည်း ကပ်လာသဖြင့် သိန်းဖေကဲ့သို့ပင် လွမ်းချင်ချင် ဖြစ်မိပြန်လေတော့၏။

"ကဲ. . . ကိုသိန်းဖေ မနေ့ညကတော့ ခင်ဗျား လွမ်းရတာ ကျွန်တော် ကြည့်ရပြီ။ ဒီကနေ့ညတော့ ကျွန်တော် လွမ်းရတာကို လိုက်ကြည့်ပေဦးတော့"

"မလိုက်ပါရစေနဲ့တော့ ကိုကျော်ဝင်းရယ်၊ မီးရထားထွက်ရတာ မြင်ရရင် ကျွန်တော့်စိတ်ထဲမှာ မချိဘဲနေမှာစိုးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ကျွန်တော့်ကို ကူပြီးလွမ်းမယ့်သူ အဖော်ရပြန်တာပေါ့ဗျာ၊ လိုက်ခဲ့တာပေါ့" ဟု ခေါ်သောကြောင့် သိန်းဖေမှာ ကျော်ဝင်းနှင့်အတူ လိုက်ရပြန်လေ၏။

ထိုနေ့၌ကား ကျောင်းသူကျောင်းသားများ အတော်ပင် များပြားစွာ ပြန်ကြသောနေ့ ဖြစ်သဖြင့် မီးရထားဘူတာရုံကြီး၌ ခါတိုင်းထက် လူစည်ကား၍နေပေ၏။ ပြည်ရထားတွင်တစ်ချို့၊ မော်လမြိုင်ရထားတွင်တစ်ချို့ ကျောင်းသူကျောင်းသားတို့ဖြင့် ပြည့်နှက်နေကာ ၎င်းတို့၏ပျော်ရွှင်စွာ ပြောဆိုအော်ဟစ်သံများမှာ ဆူညံ၍နေလေတော့သည်။

ကျော်ဝင်းမှာ မသန်းမြင့်တို့စီးသော မီးရထားတွဲအပြင်၌ရပ်ကာ ပြတင်းပေါက်မှ ထွက်ပြူနေသောကြောင့် မသန်းမြင့်နှင့် နောက်ဆုံးပြောရခြင်းအဖြစ်မျိုးဖြင့် အားရပါးရ ပြောဆိုမှာကြား၍ နေလေသည်။ သိန်းဖေမူကား ထိုသို့အဖြစ်မျိုးကို မြင်ရလျှင် တွေး၍ဝမ်းနည်းမည်စိုးသောကြောင့် စိတ်လက်ပြေပျောက်စေရန် အခြားတွဲများရှိ ကျောင်းသားများဆီသို့ သွားရောက်စကားပြောဆိုနေလေတော့၏။

ကျော်ဝင်းမှာ မသန်းမြင့်နှင့် စကားပြောရသော်လည်း များစွာအားရတင်းတိမ်ခြင်း မရှိရသည့်အထဲတွင် ဆရာတင်အောင်မှာ ပျာလောင်ခတ်ကာ မကြာခဏရောက်လာပြီး မသန်းမြင့်နှင့်တကွသော မိန်းကလေးများအား အဘယ်အရာ လိုသေးသနည်း၊ အဘယ်အရာ လုပ်ပေးရဦးမည်နည်းနှင့် အလုပ်ရှုပ်၍နေသောကြောင့် ကျော်ဝင်းမှာ အနှောင့်အယှက်ကြီးတစ်ခု တွေ့နေရပြန်လေ၏။

သို့ဖြင့် အားရပါးရ စကားပြောဆိုလိုက်ချင်သေးသောကြောင့် စားသောက်ခန်းတွင် အေးချမ်းစွာ စကားပြောရအောင် မသန်းမြင့်အား ဆရာတင်အောင်အလစ်တွင် လက်တို့ပြီး ခေါ်ခဲ့ရလေ၏။

မကြာမီ ဘူတာရုံအတွင်းရှိ ပထမတန်း စားသောက်ခန်းတွင် ကျော်ဝင်းနှင့် မသန်းမြင့်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် အားရအောင်ကြည့်ကာ မှာစရာရှိသမျှတို့ကို တစ်လှည့်စီ မှာကြားနေကြလေ၏။

"မသန်းမြင့် နောက်ကို ကိုကျော်ဝင်းနဲ့ တွေ့မယ် မတွေ့ဘူးဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ နဖူးစာ ဘယ်လိုရှိတယ် ဆိုတာလည်း မသိနိုင်တော့ နောက်ကို ဒီလို ချစ်ချင်မှ ချစ်ကြရတော့မှာပဲ။ ဒါကြောင့် ကိုကျော်ဝင်း တစ်သက်လုံး မမေ့နိုင်အောင် မသန်းမြင့်ကို ချစ်လိုက်ပါရစေ" ဟုပြောရင်း ကျော်ဝင်းသည် မပြုံးတပြုံး လုပ်နေရာ မသန်းမြင့်သည် ရှက်သွေးဖြာကာ ခေါင်းကလေးကိုငုံ့လျက် "ဆိုးရှိမ်း" ဟု အလွန်ရှက်ကြောင်း ပြောလေ၏။

ကျော်ဝင်းသည် မသန်းမြင့်ဘက်သို့ ပြောင်း၍ထိုင်ကာ "ချစ်တဲ့သူအချင်းချင်းမှာ ရှက်ဖို့ မရှိပါဘူး မသန်းမြင့်ရယ်၊ ဘယ်သူမှလည်း မမြင်ဘူး" ဟု ဆိုကာ ကျော်ဝင်းသည် မသန်းမြင့်၏ကိုယ်ကလေးကို ဆုပ်ကိုင်ကာ မိမိဘက်သို့ တိမ်းညွှတ်ထွေးယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် မသန်းမြင့်သည် မည်သို့မျှ မငြင်းဆန်ဘဲ အလိုက်သင့်ပါလာသောကြောင့် ကျော်ဝင်းသည် မိမိမျက်နှာနှင့် မသန်းမြင့်၏နူးညံ့ဖြူဖွေးသော ပါးပြင်ကို ယှဉ်အပ်လိုက်စဉ် ကျိုကနဲမြည်သံနှင့်အတူ အခန်းအဝင်တံခါး ပွင့်လာသဖြင့် မထိရသေးသော မျက်နှာကို ဖြတ်ခနဲခွာကာ ကြွနေဲ့လုပ်၍ နေလိုက်ကြရလေ၏။

"မသန်းမြင့် မီးရထား ထွက်တော့မယ်" ဟု ပြောသံကို ကြားရသဖြင့် ဆရာတင်အောင်၏အသံ ဖြစ်သည်ကို သိရသောကြောင့် ကျော်ဝင်းတွင် မချင့်မရဲ ဖြစ်သွားလေ၏။ မသန်းမြင့်မှာလည်း ဆရာတင်အောင်၏မျက်နှာကို မကြည့်ရဲအောင် ရှိကာ ကျော်ဝင်းအား နှုတ်ဆက်ပြီး ခေါင်းငုံ့လျက် ထွက်သွားသည်ကို ကျော်ဝင်းမှာ ပြန်၍မှ နှုတ်မဆက်နိုင်ဘဲ တွေဝေငေးကြည့်နေမိလေ၏။

အတန်ကြာမှ ကျော်ဝင်းသည် စားသောက်ခန်းထဲမှ ထွက်၍လာခဲ့ရာ ထွက်သွားတော့မည့်ဆဲဆဲ ဖြစ်နေသော ရထားတွဲပေါ်မှ မျှော်၍ကြည့်နေသူ မသန်းမြင့်ကို မြင်ရလေ၏။ ထိုအခိုက်တွင် သိန်းဖေသည် အနားသို့ရောက်လာကာ "ကဲ ကိုကျော်ဝင်း လွမ်းတော့မလား၊ လွမ်းခါနီးရင် ကျွန်တော့်ကိုပြော၊ ကျွန်တော်လည်း ကူပြီးလွမ်းမယ်" ဟု စိတ်ပြေပျောက်စေရန် ပြောသော်လည်း ကျော်ဝင်းမှာ ဘာမျှမပြောနိုင်၊ သတိမပြုနိုင်ဘဲ နှေးကန်သော ခြေလှမ်းဖြင့် မသန်းမြင့်၏ တွဲဆီသို့ လျှောက်သွားစဉ် ဂတ်ဗိုလ်၏ ခရာသံကို ကြားလိုက်ရသဖြင့် တွဲဆီသို့ ခပ်မြန်မြန် ပြေးရလေ၏။

သိန်းဖေသည် ကျော်ဝင်းတို့၏ အမူအရာကို ကြည့်နေလေရာ ၎င်းတို့နှစ်ယောက်သည် မျက်နှာကို ပြုံးအောင်ပြုကာ နှုတ်ဆက်ကြသော်လည်း ထိုသို့ပြုံးထားသည့်မျက်နှာ၌ ရွှင်ပျသော အမူအရာ မရှိသည်ကို တွေ့မြင်နေရလေ၏။ ထိုသို့မြင်နေရစဉ် ရထားတွဲကြီးသည် တရွေ့ရွေ့ထွက်၍သွားလေရာ ကျော်ဝင်းသည် တွဲဘေးမှ လျှောက်ပြီး ခပ်လှမ်းလှမ်းသို့ရောက်အောင် လိုက်သွားပြီးမှ မီးရထားသည် မြန်၍လာသဖြင့် ရပ်၍နေလိုက်ကာ မသန်းမြင့်အား ပဝါလှုပ်ပြ နှုတ်ဆက်ကာ မသန်းမြင့်၏ ပဝါလှုပ်ပြခြင်းကို ကြည့်ရင်း ကျန်ရစ်ခဲ့သည်ကို သိန်းဖေ တွေ့ရသောကြောင့် အနားသို့ ကပ်သွားပြီး "အမယ်. . . ကိုကျော်ဝင်း လဲပါ့မယ်၊ သတိထား" ဟု ပြောလိုက်သဖြင့် ကျော်ဝင်းမှာ သိန်းဖေဘက်သို့ လှည့်ပြီးလျှင် အနည်းငယ် ပြုံးနိုင်ကာ သိန်းဖေကိုဖက်ပြီး ထွက်ခဲ့လေ၏။

"ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏" ဆိုသော စကားသည်ကား တက္ကသိုလ်ကျောင်းတော်သားတို့အဖို့၌ မှန်သင့်သလောက် မှန်နေပေတော့၏။ တစ်နှစ် တစ်နှစ်လျှင် အမြောက်အမြား ရောက်ရှိလာကြကုန်သော ကျောင်းတော်သားတို့မှာ ရှေးယခင်က ဘယ်အခါမျှ မမြင်ဘူးခဲ့သောသူတို့နှင့် ပေါင်းသင်းဆက်ဆံလျက် ချစ်ချစ်ခင်ခင် နေထိုင်ကြကာ ကျောင်းဖွင့်လျှင် တွေ့လိုက်ကြ၊ ကျောင်းပိတ်လျှင် ခွဲလိုက်ကြနှင့် နောက်ဆုံး ကျောင်းထွက်ကြသည့်အခါ ပြန်၍တွေ့မှုတို့သာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရပြီး အချို့သူတို့မှာမူ ပြန်တွေ့ကြရသည် မရှိတော့ဘဲ အစဉ်သဖြင့် ကွဲကွာကြ ရလေကုန်တော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၇)

စာမေးပွဲပြီးသည့်နောက် တက္ကသိုလ်ကျောင်းတော်ကြီးကို နွေရာသီအတွက် သုံးလမျှ ပိတ်ထားလိုက်ရာ ကျောင်းဆောင်အသီးသီးတို့မှာ ကျောင်းတော်ကြီး၏ အသက်သွေးခဲများ ဖြစ်ကြသော ကျောင်းသားများ၏ ကင်းမဲ့ခြင်းဖြင့် လွန်စွာ ပျော်ရွှင်ဖွယ်ရာကောင်းသောဘဝမှ ပျင်းရိငြီးငွေ့ဖွယ်ရာအဖြစ်သို့ ပြောင်းလဲကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြလေကုန်၏။

သိန်းဖေ၊ ကျော်ဝင်းတို့ နေထိုင်ပျော်မြူးရာဖြစ်ခဲ့သော ပုဂံကျောင်းဆောင်ကြီးမှာ အခန်းတံခါးများ ပိတ်ထားလျက်ရှိသဖြင့် ခြောက်ခြောက်ကပ်ကပ်ရှိလျက် လွန်စွာမှ ဆိတ်ငြိမ်၍နေသောကြောင့် နေ့လယ်ကြောင်တောင်ကြီး၌ပင် သရဲခြောက်မည်ကဲ့သို့ ကြောက်စရာကောင်း၍နေပေတော့၏။

ထိုသို့လျှင် ပူပြင်းလှသော နေအရှိန်အောက်တွင် (၃) လမျှကာလပတ်လုံး အထီးအကျန် ရှိကြကုန်သော ကျောင်းဆောင်ကြီးများနှင့် သစ်ပင်ကြီးငယ်တို့မှာ မိုးသံလေသံ ကြားရသော အချိန်အခါသို့ ရောက်လာသည်တွင် ကျောင်းတော်သူ ကျောင်းတော်သား အသစ်အဟောင်းတို့ ပြန်လည်လာကြတော့မည်မှာ နီးကပ်၍ လာလေပြီဟု သိရှိကြသည့်အလား ပန်းပင်၊ သစ်ပင်တို့မှာ ရွှင်လန်းလတ်ဆတ်၍ လာကြလေကုန်၏။ လေပြည်လေညင်းတို့သည်လည်း လိုက်တန်းပြေးတန်း ကစားသကဲ့သို့ သစ်ပင်များအကြားတွင် ပြေးလွှားတိုးဝှေ့ကာ ယခင်က ငြိမ်သက်ခြောက်ကပ်လျက် ရှိနေခဲ့ကြသော သစ်ပင်များကို လှုပ်ရှားရွှင်မြူးစေလေတော့၏။

ထိုသို့ (၃) လ စေ့မြောက်၍ ကျောင်းတော်ကြီးဖွင့်ချိန်သို့ ရောက်သောအခါ အားလပ်သော ကျောင်းပိတ်ရက်များအတွင်းက အရပ်ရပ်သို့ လည်ပတ်သွားသောကြ

www.burmeseclassic.com

www.burmeseclassic.com


ကုန်သော ဆရာများ၊ ကထိကများ၊ ပါမောက္ခများတို့သည် ကျောင်းသားတို့အရင် ကြိုတင်ရောက်ရှိလာကြပြီးနောက် လာရောက်လတ္တံ့သော ကျောင်းသားများကို လက်ခံရန် အသင့်စောင့်စား၍ နေကြလေကုန်၏။

တစ်ခုသော နံနက်ခင်း၏ ဝေလီဝေလင်းအချိန်၌ ပုဂံကျောင်းဆောင်၏ အတက်အဆင်း လှေကားရင်းတွင် တစ်စီးသော မော်တော်ကားသည် ဆိုက်ရောက်၍ လာပြီးနောက် တစ်ယောက်တည်းသော ကျောင်းသားသည် ကားပေါ်မှ ဆင်း၍လာသည်ကို တွေ့ရလေ၏။ များသောအားဖြင့် ကျောင်းသို့ ပြန်ရောက်လာကုန်သော ကျောင်းတော်သားများသည် ကျောင်းဝင်းထဲသို့ရောက်လျှင် ရွှင်ပျကြကုန်သော်လည်း ထိုကျောင်းသားမှာမူ ကျောင်းပေါ်သို့ တက်ရမည်ကိုပင် စိတ်ကြည်လင်ခြင်း မရှိသကဲ့သို့ အားလျော့သော အမူအရာဖြင့် သားရေအိတ်ကိုဆွဲကာ ကျောင်းပေါ်တက်သွားပြီးလျှင် ကားပေါ်၌ ကျန်ရစ်ခဲ့သော အဝတ်သေတ္တာ၊ စာအုပ်သေတ္တာများကို ကူလီများအား သယ်ယူလာရန် အမိန့်ပေးခဲ့လေ၏။

ထိုကျောင်းသားသည် မလှမ်းချင့် လှမ်းချင်သော ခြေလှမ်းများဖြင့် အဆောင်မှူး၏အခန်းသို့ သွားရောက်ပြီးလျှင် အသင့်စောင့်နေသော အဆောင်မှူးကို တွေ့ရသဖြင့် မင်္ဂလာနံနက်ခင်း နှုတ်ဆက်ခြင်းကို ပြုလေ၏။ အဆောင်မှူးလည်း စာရေးရာမှ ပြန်၍နှုတ်ဆက်ရင်း ထိုကျောင်းသားအား ကြည့်လိုက်ပြီးလျှင် ၎င်း၏မျက်နှာကို မြင်သည်နှင့်တစ်ပြိုင်နက် ပြုံးပြုံးကြီးလုပ်ကာ "ဟဲလို မောင်သိန်းဖေ၊ မင်း ပြန်ပြီးလာရ ပြန်ပကော" ဟု ပြောလိုက်ရာ သိန်းဖေမှာ မိမိ စာမေးပွဲ ကျဆုံးရသည်ကို အဆောင်မှူး သိသည့်အတိုင်း ထိုစကားဖြင့် ပြောသည်ကို ရှက်ပြုံးပြုံးနေလိုက်ရလေသည်။

"မင်းမိတ်ဆွေ မောင်ကျော်ဝင်းကော"

"သူ အောင်တယ် ဆရာ။ နို့ပေတဲ့ ပြန်မလာတော့ဘူးလို့ ကျွန်တော့်ဆီ စာရေးလိုက်တယ်" ဟု ပြောရင်း မိမိ၌ အဖော်ကင်းမဲ့ခဲ့ပြီကို တွေးမိကာ စောစောက ပြုံးထားသော မျက်နှာမှာ ပြန်၍ညှိုးသွားလေတော့သည်။

ထို့နောက် အဆောင်မှူးလည်း မိမိဝတ္တရားရှိသည်တို့ကို ပြုလုပ်ပြီးနောက် သိန်းဖေအား အခန်းသော့ကို ပေးလိုက်ရာ သိန်းဖေလည်း သော့ကိုယူပြီးလျှင် ပစ္စည်း သယ်ယူလာသော ကုလားများကို ရှေ့ဆောင်ကာ မိမိနေရမည့်အခန်းသို့ လာခဲ့လေ၏။

သိန်းဖေမှာ စာမေးပွဲကျဆုံးခြင်းကြောင့် ဝမ်းမနည်း၊ ကျောင်း၌ ပြန်လည် နေခွင့်ရသမျှ ဝမ်းသာ၍မဆုံးဘဲ ရှိမည်ပင် ဖြစ်လေရာ ယခုအခါမှာ ဝမ်းသာစရာပင် ဖြစ်သော်လည်း ရင်းနှီးခင်မင်သော မိတ်ဆွေများနှင့် ပြန်လည်တွေ့ရတော့မည် မဟုတ်ဘဲ လူသစ်များနှင့်သာ ပေါင်းရတော့မည်ကို စိတ်မကောင်းဖြစ်မိခြင်းပင် ဖြစ်တော့၏။ အထူးသဖြင့် ကျော်ဝင်းနှင့် ကွဲကွာရခြင်းကို စိတ်မကောင်းနိုင်ဆုံး ဖြစ်ရပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းကား စာမေးပွဲအောင်မြင်ခဲ့ချေပြီ။ မသန်းမြင့်လည်း အောင်မြင်ခဲ့၏။ ကျော်ဝင်း အောင်၍ မသန်းမြင့် အောင်သကဲ့သို့ မိမိရှုံး၍ မအေးစိန်ကျခြင်းမှာ သိန်းဖေအဖို့၌ တွဲဖက်အကျိုးပေး တူလှချေတကားဟု တွေးတောမိ၏။

သိန်းဖေသည် ကျောင်းသို့ရောက်စတွင် ကျော်ဝင်း မရှိခြင်းကို စိတ်တွင် များစွာမထိခိုက်လှသေးဘဲ တစ်နေ့ထက်တစ်နေ့ ကြာမြင့်လာပြီး ကျောင်းသားသစ်များနှင့် ပေါင်းကြသည့်အခါ မိမိတို့ ယခင်က နေခဲ့ကြသည့် နည်းမျိုးဖြင့် နေထိုင်ပေါင်းသင်း၍ မရသည်ကို တွေ့ရမှ ကျော်ဝင်း မရှိခြင်း၌ ပိုမို၍ စိတ်တွင်ထိခိုက်ကာ သွားရလာရသည်မှာ ဟာတာပေ့ါပျက်ကြီး ရှိခဲ့လေ၏။

သိန်းဖေ တွေ့ကြုံနေရသော ကျောင်းသားများမှာကား ရှေးကကဲ့သို့ ကျောင်းသားပီပီ ပျော်ရွှင်စွာနေတတ်သူ အလွန်နည်းပါးလျက်၊ ပျော်ရွှင်မြူးတူး နောက်ရှုပ်ခြင်းကို ရှုံ့ချတတ်သူများ ဖြစ်သည်ကို တွေ့ရလေ၏။ အချို့သော ကျောင်းသားတို့သည်ကား မြန်မာပြည်ကြီးကို မိမိတို့သာလျှင် ကယ်တင်နိုင်မည့်သူများ ဖြစ်သကဲ့သို့သော ယူမှတ်ယုံကြည်ချက်ဖြင့် နိုင်ငံရေးဖက်တွင် စိတ်ပါဝင်စားလျက် နိုင်ငံခြား၌ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၏ ပုန်ကန်ထကြွခြင်း၊ နိုင်ငံရေးဆောင်ရွက်ခြင်း၊ စသည့် စာအုပ်များကို ဖတ်ရှုကာ ၎င်းတို့၏ဦးနှောက်ထဲတွင် တက္ကသိုလ်ကြီးနှင့်တကွ မြန်မာပြည်ကြီးကို ပြောင်းလဲတော်လှန်လိုသော စိတ်များသာ ဝင်ရောက်ကြပြီးလျှင် ပင်နီအင်္ကျီ မြန်မာဖြစ်အထည်အလိပ်များကိုသာ ဝတ်စားကြသူများ ဖြစ်ကြသည်ကိုတွေ့ကာ ယခင်ကောလိပ်ကျောင်းသားတို့နှင့် နေပုံထိုင်ပုံမှစ၍ များစွာ ကွာခြားနေလေရာ သိန်းဖေနှင့် မည်သို့မျှ ပေါင်းသင်း၍ မရရှိနိုင် ရှိကြလေ၏။ ၎င်းတို့ လုပ်သလို သိန်းဖေ မလုပ်နိုင်၊ သိန်းဖေ လုပ်ပုံမျိုးကိုလည်း ၎င်းတို့ မနှစ်သက်နိုင် ရှိကြလေ၏။

အချို့မှာကား စာကြမ်းပိုးသက်သက် ဖြစ်ကြပြန်သဖြင့် သိန်းဖေ၏ ပျော်ရွှင်မှုမှာ ၎င်းတို့အတွက် အနှောင့်အယှက်ကြီး ဖြစ်နေကာ မည်သည့်နည်းနှင့်မျှ အစေးမကပ်နိုင် ရှိပေ၏။ အချို့မှာလည်း ကောလိပ်ကျောင်းသားဟူသော မာနဖြင့် ဝတ်ရေးစားရေး ဟန်လုပ်ရေးတွင်သာ အရေးကြီးနေသူများ ဖြစ်ကြလေရာ သိန်းဖေကဲ့သို့သောသူ တစ်ဦးတစ်ယောက်နှင့် ပေါင်းသင်းရခြင်းသည် မိမိတို့အဖို့ ဂုဏ်ယုတ်လေသကဲ့သို့ ထင်မှတ်ကြပေ၏။

ထိုသို့လျှင် တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့၏ အနေအထိုင်မှာ တစ်မျိုးစီ တစ်မျိုးစီ ပြောင်းလဲလာကြလေရာ၊ သိန်းဖေ ကျောင်းသို့ စတင်ရောက်ရှိသည့် ခေတ်က နေပုံ ထိုင်ပုံ ပျော်ရွှင်ကြပုံများနှင့် ခြားချင်တိုင်း ခြား၍နေလေသောကြောင့် သိန်းဖေမှာ မိမိကဲ့သို့ ကျောင်းမှ မထွက်နိုင်သေးသူများနှင့် နှစ်ကြီးသမားအချို့တို့ကိုသာ ရွေးချယ်ပြီးလျှင် ပေါင်းသင်းဆက်ဆံရလေတော့၏။

တစ်နေ့တွင် သိန်းဖေ အံ့အားသင့်စရာ အချက်တစ်ခုသည် ပေါ်ပေါက်၍

www.burmeseclassic.com

www.burmeseclassic.com


လာလေ၏။ အကြောင်းကား သိန်းဖေ၏ အပေါင်းအဖက်ဖြစ်သော ကျောင်းသားတစ်ယောက်သည် သိန်းဖေထံသို့ ရောက်ရှိလာကာ "ဟေ့ ကိုသိန်းဖေ၊ ခင်ဗျား မသန်းမြင့်အကြောင်း ကြားရပလား" ဟု အစချီ၍ ပြောလိုက်သောစကားပင် ဖြစ်လေ၏။

"ဟင့်အင်း. . . ဘာမှ မကြားရပါကလား"

"ကိုကျော်ဝင်းဆီကကော မသန်းမြင့် အကြောင်းနဲ့ ပတ်သက်ပြီး စာမလာဘူးလား"

"စာတော့လာတယ်၊ မသန်းမြင့်အကြောင်းတော့ မပါဘူး"

"အင်း. . . ခင်ဗျား လူတော့ ချောက်ကျတော့မယ်"

"ဘာဖြစ်လို့တုံး"

"ကျွန်တော် ကျောင်းပိတ်တုန်းက မော်လမြိုင်ကို ပြန်ပြီးသွားပါရောလား၊ အဲဒီတုန်းက ကြားတာပဲဗျ"

"ဘာကြားတာလဲ"

"မသန်းမြင့်နဲ့ ဆရာတင်အောင်နဲ့ နေရာကျတော့မလို့"

"ဟုတ်မှ ဟုတ်ကဲ့လား ကိုယ့်လူရာ၊ စိတ်မကောင်းစရာ တမင်လာပြီး လုပ်တာလား"

"ဘုရားအဆူဆူ ချွတ်လို့မကျွတ်ဘဲ ရှိရစေရဲ့၊ တကယ့်ကိုပြောတာ၊ မယုံရင် ဆရာတင်အောင် အခန်းကို သွားကြည့်ချေ၊ မသန်းမြင့် ဓာတ်ပုံကို ချိတ်ထားတာ တွေ့ရလိမ့်မယ်"

"နေပါဦးဗျာ၊ ရေရေလည်လည် ပြောစမ်းပါဦး၊ သူတို့နှစ်ယောက် ချစ်နေကြလို့လား၊ လူကြီးတွေ စေ့စပ်လို့လား"

"အဲဒီလိုလည်း မဟုတ်ဘူးလေ၊ ကျွန်တော်ပြောမယ် နားထောင်၊ ဒီလိုဗျ မသန်းမြင့်နဲ့ ဆရာတင်အောင်ဟာ နည်းနည်းပါးပါး အမျိုးတော်တယ်။ နို့ပေမယ့် သွေးသားတော့ မစပ်ပါဘူး။ အင်လောတွေနဲ့ စပ်ယူရတဲ့ အမျိုးပေါ့။ ဆရာတင်အောင်က မသန်းမြင့်ကို အတော်ကျနေတယ်ဗျ၊ သူ့အိမ်ကို ခဏခဏ သွားတာပဲ။ သူ့မားသားကြီးကလည်း ဆရာတင်အောင်ကို အလိုတူပုံရတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး ဘာလိုလို၊ ညာလိုလို၊ ကျွန်တော် ကြားခဲ့ရတယ်။ အဲဒါကို ခင်ဗျား ကိုကျော်ဝင်း သိပြီလားတော့ မပြောတတ်ဘူး၊ သိရင်လည်း စောစောက ကြံခိုင်းပေတော့။ ဒီလို မလုပ်ရင် ကောပြီး ကျန်ရစ်ဖြစ်နေမယ်"

သိန်းဖေမှာ အံ့အားသင့်ကာ တွေဝေ၍နေလေ၏။ ၎င်း၏မိတ်ဆွေ ပြောသော စကားများမှာ တကယ်ပင် ပြောနေသည်ကို သိရသဖြင့် မည်သို့ပြုလုပ်ရမည်ကို မသိအောင် ရှိနေပြီးမှ "ကဲ. . . ဒီလိုဆိုရင် ကိုကျော်ဝင်းဆီကို စာရေးလိုက်ရင် [illegible]ပြီး သိမှာပဲ" ဟု ပြောကာ ချက်ချင်းပင် စာကောက်ရေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သိန်းဖေသည် ကျော်ဝင်းထံသို့ စာပေးပြီးနောက် ပြန်စာကို စောင့်မျှော်၍ နေလေရာ ငါးရက်ခန့်ကြာလျှင် ကျော်ဝင်းထံမှ ပြန်စာရောက်၍လာလေ၏။ သိန်းဖေသည် စာကို ဖောက်၍ဖတ်လိုက်ရာ "မိတ်ဆွေ ပရော်ဖက်ဆာ အူရှိုး" ဟု အစချီသော ခပ်ရွှန်းရွှန်း ရေးထားသည့်စာကို တွေ့ရသဖြင့် ခင်မင်ပျော်ရွှင်သောစိတ်များ မပျောက်သေးသည်ကို တွေ့မိကာ သိန်းဖေသည် ပြုံးမိလျက် စာကို ဆက်လက်ဖတ်ရှုလေ၏။ စာထဲတွင် သိန်းဖေထံမှ စာရရှိ၍ အကျိုးအကြောင်းသိရှိ ကျေးဇူးတင်ကြောင်း၊ မသန်းမြင့်နှင့် ပတ်သက်၍ သိန်းဖေ ရေးလိုက်သောအကြောင်းကိုမူ မကြားသိရသေးကြောင်း၊ ဟုတ်မည်လည်း မထင်ကြောင်း၊ မသန်းမြင့်၏သဘောမှာ မိမိကလွဲလျှင် မည်သူ့ကိုမျှ စိတ်ကူးမည် မထင်ကြောင်း၊ စသည်ဖြင့် ဖတ်ရှုလိုက်ရမှ သိန်းဖေတွင် စိတ်အေး၍သွားကာ ဆက်လက်ရေးသားထားသော စာရှုပ်စာပြောင်တို့ကို ဖတ်ရင်း တပြုံးပြုံး ဖြစ်နေလေ၏။

သိန်းဖေမှာ ကျော်ဝင်းနှင့် ကွဲကွာနေရသော်လည်း၊ ကျော်ဝင်းထံမှ စာများကို ဖတ်ရှုရခြင်းအားဖြင့် ကျော်ဝင်းနှင့် ကိုယ်ဘိုင်တွေ့နေရဘိသကဲ့သို့ရှိကာ ကျော်ဝင်းနှင့် စာပေးစာယူ မပြတ်ဘဲ ကျော်ဝင်းထံမှ ပြန်စာကလေးများကို ကြည့်ကာ နှစ်သိမ့်ဖြေဖျော်နေရရှာလေ၏။ သို့အားဖြင့် သိန်းဖေမှာ ကျော်ဝင်းထံက စာပြန်ချိန်တန်လျက် စာမရောက်လာသေးရှိသော် တမျှော်မျှော် တစောင့်စောင့်နှင့် ဖြစ်နေကာ ရည်းစားထံမှ စာမပြန်သည့်အဖြစ်မျိုးထက်ပင် တိုး၍ပူပင်မိပေ၏။

တစ်နေ့တွင် ကျော်ဝင်းထံမှ စာတစ်စောင် ရရှိရာ ထိုစာထဲတွင် ပါဝင်သော အချက်များသည် သိန်းဖေအား စိတ်အေးချမ်း ပျော်ရွှင်ခြင်းမှ ကင်းမဲ့ပူပန်စေရန် ဖန်တီးလိုက်သကဲ့သို့ ရှိပေတော့၏။ ထိုစာမှာကား မသန်းမြင့်အကြောင်းနှင့် ပတ်သက်၍ စိတ်မကောင်းဖြစ်ကာ ကျော်ဝင်းထံသို့ စာရေးရာတွင် ဘာမျှပူပင်ဖွယ် မရှိကြောင်း စာပြန်၍လာသဖြင့် စိတ်အေးခဲ့ရပြီးမှ ယခုစာတွင်-

"မိတ်ဆွေထံမှ ယခင်ပေးသောစာတွင် ပါရှိသည့်အကြောင်းများမှာ ယခုအခါ ဟုတ်သင့်သလောက် ဟုတ်မှန်နေသည်ကို သိရပေတော့၏။ ထိုအကြောင်းကို ရေးရလျှင် မိတ်ဆွေသည် အမှန်ပင် စိတ်မကောင်းဖြစ်မည်ကို တွေးမြင်မိပါသည်။ သို့သော် သိသင့်သိထိုက်သူ ဖြစ်သည့်အတိုင်း ထိုအကြောင်းကို မရေးဘဲ မနေနိုင်ပါ။ အကြောင်းမှာ ယနေ့နံနက် မသန်းမြင့်ထံမှ စာတစ်စောင် ရောက်လာပါသည်။ စာတွင် မသန်းမြင့်၏ မယ်တော်ဖုရားက ဆရာတင်အောင်နှင့် လိုလားနေသည်ကို ဖတ်ရပါသည်။ ထိုစာကိုဖတ်ရလျှင် ကျွန်တော်၏စိတ်ထဲမှာ ရင်ကွဲလုမတတ် ဖြစ်သွားပါတော့သည်။ ကျွန်တော်မှာ စာဖတ်ရင်း မျက်စေ့တွေပြာ၊ လက်တွေတုန်လာပြီး ရှေ့ကိုပင် ဆက်ပြီး မဖတ်ချင်လောက်အောင် ဖြစ်မိပါသည်။ သို့ရာတွင် အတင်းအဓမ္မ ပြုလုပ်

www.burmeseclassic.com


ခြင်းမျိုး မဟုတ်ဘဲ မသန်းမြင့်၏အလိုကို စမ်းနေရုံမျှ ဖြစ်သေးသည်ကို ဆက်လက်ဖတ်ရှုရသည့်အတွက် စိတ်သက်သာရာရတော့သည်။ သူ့စာတွင် သူ့ကို တကယ်တန်းချစ်လျှင် နီးရအောင် အမြန်ကြံစည်ပါဟု ပါလာပါသည်။ ကျွန်တော် မည်သို့ကြံရမည်ကို မသိ၊ မည်သို့မျှလည်း မစဉ်းစားတတ်။ ယခု အခါ မောင်တစ်ရွာ မယ်တစ်မြို့ ဖြစ်နေပြီး ဘယ်နည်းနှင့် နီးအောင်ကြံရမည်ကို ကျွန်တော်ဖြင့် မတွေးတတ်တော့ပါ"

စသည်ဖြင့် ရှည်လျားစွာ ရေးလိုက်သည်ကို ဖတ်ရှုရသောအခါ သိန်းဖေမှာ ကြံရာမရဖြစ်၍သွားလေတော့၏။

ကျော်ဝင်း၏ပူပင်ရခြင်းမှာ မိမိ၏ ပူပင်ဖွယ်ရာတမျှ သဘောထားရရှာသော သိန်းဖေမှာ ထိုစာကို အခေါက်ခေါက်အခါခါ ဖတ်ရှုပြီးလျှင် ထိုင်၍စဉ်းစားလိုက်၊ အိပ်ရာပေါ်တွင် လှဲ၍စဉ်းစားလိုက်၊ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် စကြံန်လျှောက်ရင်း စဉ်းစားလိုက်ဖြင့် အမျိုးမျိုးအကြံထုတ်၍နေပြီးမှ စာပြန်နိုင်လေတော့၏။

သို့ဖြင့် တစ်ယောက်ထံတစ်ယောက် အပြန်အလှန် ပေးပို့ကြသော စာများမှာ တစ်နေ့တစ်ခြား ပြောင်လှောင်နောက်ရှုပ်သော စကားများကင်းမဲ့၍လာကာ တိုး၍သာ လျှင် စိတ်မကောင်းဖွယ်ရာများ ပါရှိ၍လာလေကုန်၏။

သိန်းဖေမှာ ကျော်ဝင်း၏စိတ်တွင် အနည်းငယ်ရွှင်မှ ရွှင်ပါစေတော့ဟု ခပ်ရွှန်းရွှန်း ရေးခဲ့သော်လည်း ကျော်ဝင်းထံမှ ပြန်စာများတွင် အပြောင်အပျက် တစ်ကွက်မျှ မပါသည်ကို တွေ့ရသောကြောင့် မိမိက ရယ်စရာများရေးလျှင် ကျော်ဝင်း၏ ပူပင်စိုးရိမ်မကင်း ဖြစ်နေသည်ကို ဝမ်းသာ၍ ရေးရာရောက်မည် စိုးရိမ်သည့် အတွက် သိန်းဖေ၏စာများတွင်ပင် ပျော်ရွှင်ဖွယ်ရာများ တဖြည်းဖြည်း ယုတ်လျော့ခဲ့လေတော့၏။

နေ့ရက် အချိန်ကာလများသည်ကား ရပ်နားသည် ဘယ်အခါမျှ မရှိဘဲ၊ တစ်နေ့ကုန်မြောက် တစ်နေ့ရောက်၍ တစ်လပျောက်ကာ တစ်လလာပြီး၊ တစ်ရာသီမှ တစ်ရာသီသို့ ကူးပြောင်းလျက် ဆောင်းရာသီသို့ ဝင်ခဲ့လေ၏။

တစ်ခုသော နံနက်ခင်း ထမင်းစား၍အပြီးတွင် သိန်းဖေသည် ကျောင်း မတက်မီ ဖိနပ်တိုက်၍နေစဉ် အခန်းဝ၌ တစ်ဦးတစ်ယောက်သောသူ၏အရိပ်သည် လာရောက်ရပ်ကွယ်၍နေသည်ကို တွေ့ရသဖြင့် သိန်းဖေသည် ဖိနပ်တိုက်ရာမှ ခေါင်း မော်၍ ကြည့်လိုက်ရာ စကားမပြောနိုင်အောင် အံ့အားသင့်နေပြီးမှ ဝမ်းသာအားရပြုံး ကာ "ဟာ. . . ကိုကျော်ဝင်း" ဟု ဆိုရင်း လက်ထဲမှဖိနပ်နှင့် ဝက်မှင်ဘီးကို ပစ်ချပြီး လျှင်မြန်စွာထ,သွား၍ ကျော်ဝင်း၏ လက်ရုံးနှစ်ဖက်ကို ဆုပ်ဖက်ကာ ကိုင်ပြီးလျှင် ရွှင်ပြုံးသောမျက်နှာနှင့် "ခင်ဗျားနှယ်ဗျာ၊ လာမယ်ဆိုရင်လည်း စာကလေးတစ်စောင် လောက် ရေးလိုက်ရောပေါ့၊ ဆင်းမကြိုရပါလား။ အခုတော့ ပြောသံမကြား၊ စည်သံ

www.burmeseclassic.com


မကြား၊ ဟဲ ဟဲ လာဗျာ လာလာ. . . ထိုင် ထိုင်။ အမလေး ဝမ်းသာလိုက်တာဗျာ။ ခင်ဗျား အသားအရေတွေ တိုးပြီးလာလိုက်တာ၊ ချစ်စရာတောင် ကောင်းနေပြီ။ အခုတော့ အိမ်မှာ စည်းစိမ်နဲ့ စားနေရလို့ ထင်ပါရဲ့" ဟု ဝမ်းသာအားရ ပြောနေသဖြင့် ကျော်ဝင်း မှာလည်း သိန်းဖေကဲ့သို့ပင် ဝမ်းသာကာ ပြုံးပြုံးကြီး ဖြစ်နေလေ၏။

"ဟား ဟား. . . ကျွန်တော် ခင်ဗျားကို ဆပ်ပရိုက်စ်ဖြစ်အောင် လုပ်မယ်ဆိုပြီး စာမရေးတာဗျ။ ခင်ဗျား ကျွန်တော် လာလိမ့်မယ်ဆိုတာ မထင်ဘူးပေါ့"

"ကွန်ဗိုကေးရှင်း (ဘွဲ့နှင်းသဘင်) အတွက် လာဖို့ရှိတာတော့ သိပါရဲ့၊ နို့ပေတဲ့ ရက်နည်းနည်း လိုနေသေးတာ။ အခုအချိန်လောက် ရောက်လိမ့်မယ် ဘယ်ထင်မလဲ" ဟု ဆိုပြီးလျှင် "အမယ်လေး မသေလို့ တွေ့ရ၊ မေ့နိုင်ပ့ါမလား ကိုကျော်ဝင်းရဲ့" ဟု ဆိုကာ ဇာတ်မင်းသမီးဟန်ဖြင့် ကျော်ဝင်းအား ပြေး၍ဖက်သောကြောင့် ကျော်ဝင်းမှာ "အ ဟား ဟားဟား" ရယ်ကာ ပါးစပ်အပြဲသားနှင့် ပြုံးပြုံးကြီး ဖြစ်နေပြီး "ဟဲ ဟဲ ဒါမျိုးတွေ မတွေ့ရတာ ကြာပြီ" ဟု ဆိုလေ၏။

"မတွေ့ရဆို ကျွန်တော်ဖြင့်ဗျာ၊ ခင်ဗျားတို့ မရှိကတည်းက ယောင်တိယောင်တနဲ့ သောင်ပြင်လွှတ်တဲ့ နတ်သားကလေးလို ဖြစ်နေတာပဲ" ဟု ပြောပြသဖြင့် ကျော်ဝင်းမှာ ပြုံး၍မပြီးနိုင်အောင် ရှိလေ၏။

"ကျောင်းမှာ ဘယ်သူတွေ ဘယ်သူတွေ ရှိသလဲဗျ"

"မရှိဘူးဗျာ၊ လူဟောင်းတွေဆိုရင် တော်တော်များများပဲ ပြန်ပြီးမလာကြတော့ဘူး။ တစ်ချို့လည်း တခြားဟောလ်ကို ရောက်ကုန်ကြပြီ။ ဒီဟောလ်မှာဆိုရင် လူဟောင်းတွေထဲက တစ်ယောက်နှစ်ယောက်လောက်ပဲ ရှိတော့တယ်။ နောက်လာတဲ့ လူတွေကလည်း လူတစ်မျိုးတွေ။ ကျွန်တော်တို့လို စိတ်တူ သဘောတူလူတွေ သိပ်နည်းသွားတာပဲ။ ကိုယ်လိုလူချင်း မနည်းရှာပေါင်းနေရတယ်"

"ကိုဘဦးတစ်ယောက်ကော တွေ့ရဲ့လား"

"တစ်ခါတလေတော့ လာပါရဲ့။ ကျွန်တော်လည်း မြို့ထဲထွက်တဲ့အခါထွက်၊ သူ့ဆီကို သွားတဲ့အခါ သွားတာပဲ" ဟု ပြောပြီး "ဒါထက် အခု ခင်ဗျားတစ်ယောက်တည်း လာတာလား" ဟု မေးလေ၏။

"ကျွန်တော့်ဖားသားကြီးလည်း ပါလာတယ်၊ မြို့ထဲမှာ နေရစ်ခဲ့တယ်။ ကျွန်တော်လည်း ရောက်ရောက်ချင်း ရေမိုးချိုး သူ့ထားပြီး ထွက်လာခဲ့တယ်။ ဒါထက် ခင်ဗျား ကျောင်းတက်မလို့လား"

"အစကတော့ တက်မယ်စိတ်ကူးနေတာပဲ။ အခု ခင်ဗျားလာတာနဲ့ ကျွန်တော် မတက်တော့ဘူးဗျာ။ ကျောင်းကိုသွားပြီး ဟိုလူတွေ ဒီလူတွေ နည်းနည်းပါးပါးတွေ့ပြီး မြို့ထဲသွားပြီးလည်ကြတာပေါ့"

"ဟား ဟား. . . ခင်ဗျားလည်းပဲ အခုထက်ထိ ကျောင်းပြေးဖို့လောက်ပဲ စိတ်

www.burmeseclassic.com


ကူးနေတာပဲနော်"

"မပြောပါနဲ့တော့ဗျာ၊ ခင်ဗျားတို့ မရှိကတည်းက ကျွန်တော်လည်း သိပ်ပျင်းနေတာပဲ။ ပျော်မလားလို့ ကျောင်းကို ပြန်ပြီးလာတာ၊ ဒီရောက်တော့မှ ကျောင်းနေချင်တဲ့စိတ်ကို ကုန်သွားတာပဲ။ ဒါထက် ခင်ဗျား ထမင်းစားပြီးပြီလား"

"ဘယ်ပြီးဦးမလဲဗျ"

"ဒါဖြင့် လာဗျာ၊ ကျောင်းကိုလည်း သွားရင်း ဆိုင်မှာသွားပြီး စားရအောင်၊ ပြီးတော့ မြို့ထဲထွက်ကြတာပေါ့" ဟု ဆိုကာ သိန်းဖေသည် အဝတ်အစားများ လဲလှယ်ပြီးလျှင် နှစ်ယောက်သား ပြုံးပြုံးရွှင်ရွှင်ဖြင့် ထွက်ခဲ့ကြလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၈)

ထိုနေ့သည်ကား တက္ကသိုလ်ကျောင်းတော်ကြီးတွင် ဘွဲ့နှင်းသဘင် ကျင်းပမည့်နေ့ကြီးပေတည်း။

မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ အစရှိသော ဘွဲ့ထူးများကို အပ်နှင်းခံရမည်ဖြစ်သော ကျောင်းတော်သူ ကျောင်းတော်သားတို့မှာ ကျောင်းဆောင်အသီးသီးရှိ မိမိတို့ ခင်မင်ရင်းနှီးရာ မိတ်ဆွေများ၏အခန်းထဲတွင် ပျော်ရွှင်ရယ်မောကာ ဝတ်စားဆင်ယင်လျက်ရှိသည်ကို တွေ့ကြရပေ၏။ ခေါင်းပေါင်း မပေါင်းတတ် ပေါင်းတတ်နှင့် ပေါင်း၍နေသည်ကို အခြားကျောင်းသားများက ဝိုင်းဝန်းနောက်ပြောင်နေကြသည်မှာ တပျော်တပါးကြီးပင် ဖြစ်ပေ၏။ ဆရာပေါက်စဖြစ်သော မိတ်ဆွေများမှာ ခေါင်းပေါင်းခြင်း၌ အတော်အတန် ကျွမ်းကျင်နေကြပြီ ဖြစ်သဖြင့် ၎င်းတို့ထံသို့လာ၍ ခေါင်းပေါင်း ပေါင်းခိုင်းသူများမှာ ထပ်မနား ဖြစ်ပေတော့၏။

သိန်းဖေ၏အခန်းထဲ၌ကား ကျော်ဝင်းကို ဆရာတစ်ယောက်နှင့် ကျောင်းသားသုံးလေးယောက်ကဝိုင်း၍ ခေါင်းပေါင်း ပေါင်းပေးနေရလေ၏။ ခေါင်းပေါင်း ပေါင်းပေးရသည်မှာ တော်ရုံနှင့် အချိုးမကျနိုင်သဖြင့် ပေါင်းသူများမှာ လက်အံသေကာ ချွေးတလုံးလုံးနှင့် ရှိကြပြီး ကျော်ဝင်းမှာလည်း နဖူးကြိမ်းလုပြီ ဖြစ်ပေတော့၏။

တစ်နာရီခန့် ပေါင်းပေးကြရမှ ကျော်ဝင်း၏ခေါင်းပေါင်းမှာ ကျကျနန ရှိသွားလေရာ သိန်းဖေသည် ကျော်ဝင်းကို ကြည့်ပြီးလျှင်-

"ခင်ဗျား ဒီလို ခေါင်းပေါင်း ပေါင်းထားတော့ သိကြားမင်း နွားယောင်ဆောင်တာ သွားပြီးသတိရတယ်" ဟု ပြောရာ-

"ဘယ်လိုကြောင့်လဲ" ဟု ကျော်ဝင်းက မေးမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းပေါင်းစရှည်တာချင်းတူနေလို့" ဟု ပြောလိုက်သည်တွင် ကျော်ဝင်းသည် မှန်ထဲသို့ကြည့်ကာ ခေါင်းပေါင်းကို မကျေနပ်ဘဲ ချွတ်ပစ်မည်ပြုသဖြင့် အားလုံးက တား၍ထားရကာ. . .

"အလကားပါ၊ ဒီလူနောက်နေတာ။ နောက်ထပ်ပေါင်းရင် ဒါလောက်ကောင်းမှာ မဟုတ်ဘူး" ဟု ဆိုရင်း သိန်းဖေအား "ခင်ဗျား သိပ်နောက်တဲ့လူပဲဗျ၊ မလုပ်စမ်းပါနဲ့ဗျ၊ ပေါင်းပေးရတဲ့ လူတွေဖြင့် သေလုနေပြီ၊ အခုဥစ္စာအပုံကြီး ကြည့်ကောင်းနေတာပဲ" ဟု ပြောသောကြောင့် သိန်းဖေသည် ဟက်ဟက်ပက်ပက်ရယ်ရင်း "ဟား ဟား သိပ်ကြည့်ကောင်းတာပဲ၊ ငှက်ပျောတော မင်းသားလိုလို၊ မျောက်ဖိုးစိန်လိုလို" ဟု ပြောပြန်သည့်အတွက် ကျော်ဝင်းသည် ခေါင်းပေါင်းကို ချွတ်ပစ်မည် လုပ်ပြန်ရာ သိန်းဖေက ရုတ်တရက်လှမ်း၍ ကျော်ဝင်း၏လက်ကို ဆွဲထားတားဆီးလိုက်ရလေ၏။

"ကောင်းပါတယ်ဗျာ၊ အလကား ကျွန်တော် နောက်နေတာပါ" ဟု ဆိုမှ ကျော်ဝင်းလည်း မှန်ထဲတွင် ပြန်၍ကြည့်ပြီး ကျေနပ်၍သွားလေ၏။

ထိုအခါမှ သိန်းဖေသည် "အင်း ဝတ်ဖူးတယ်ရှိအောင် ဝတ်ရဦးမှာပဲ။ ကိုယ်တော့ ဘယ်တော့မှ ဘီအေအောင်မှာ မဟုတ်ပါဘူး" ဟု ဆိုကာ ကျော်ဝင်း ဝတ်ဆင်ရမည့် ဝတ်ရုံအနက်ကြီးကို ဝတ်ဆင်ကာ မှန်ထဲတွင် မျက်နှာပေးအမျိုးမျိုးထား၍ ကြည့်ရင်း ကြီးမြင့်သော အာလုပ်သံကြီးဖြင့် "ငါ၏ထံပါး မြဲခစားတဲ့ လေးပါးနောက်ပိုး တဏှာအိုးတို့" ဟု ခေါ်လိုက်ရာ မည်သူမျှ မထူးဘဲနေကြသဖြင့် ကိုယ်တိုင် "ဗျာအာဗျား" ဟု ထူးလိုက်ရလေ၏။

သိန်းဖေမှာ အူရှင်၍လာကာ ရုပ်သေးထဲက ဝန်ရုပ်ကို ကြိုးတုပ်၍ဆွဲလိုက်သလို ခုန်ဆွ ခုန်ဆွသွားရင်း လက်နှစ်ဖက်ကို ရုပ်သေးထဲက ဝက်ဝံလက်လွှဲသကဲ့သို့ ကိုးယိုးကားယားလှုပ်ကာ "ဝန်ကြီးလေးပါး ချီးယိုသွား၊ ဖားမြွေကိုက် တုတ်နဲ့ရိုက်ပါ၊ ရိုက်ဝှံ့ရိုက်စမ်း အီးနဲ့ပန်းပါ" ဟု ရွတ်၍နေလေရာ အားလုံးရယ်၍နေကြစဉ် တစ်ဦးတစ်ယောက်သောသူ အခန်းထဲသို့ ဝင်လာသဖြင့် သာလွန်ပြီးရယ်မောမိကြလေ၏။ သိန်းဖေသည် ကုန်းကုန်းကွကွနှင့် ခုန်ဆွ ခုန်ဆွ လျှောက်နေရာမှ ခေါင်းမော်၍ ကြည့်လိုက်ရာ ကျော်ဝင်း၏ဖခင်ကြီး ဖြစ်နေသည်ကို တွေ့ရ၍ မျက်နှာအန်းလျက်ကြောင်စီစီ ဖြစ်နေပြီးမှ ရှက်ပြုံးပြုံးကာ အများနှင့်ရော၍ ရယ်လိုက်ရလေ၏။

"ဟား ဟား. . . မောင်တို့ကလည်း သိပ်ပြီးပျော်နေကြတာပေါ့လေ။ ဟဲ ဟဲ ကိုယ့်သူငယ်ချင်းအတွက် ဝမ်းသာနေကြဟန်တူတယ်။ ဒီလိုတွေ့ရတာ ဝမ်းသာစရာကြီးပဲ။ မောင်သိန်းဖေတစ်ယောက်တော့ဖြင့် ဒီထဲမှာ အပျော်ဆုံးနေမှာပေါ့" ဟု ပြောသောကြောင့် သိန်းဖေသည် အဖြေမပေးဘဲ "ဟဲ ဟဲ" ဟု ရယ်ကာ ကျော်ဝင်း၏ဖခင်အား ကုလားထိုင် ထိုး၍ပေးလေ၏။

ကျော်ဝင်း၏ ဖခင်ကြီးလည်း ကုလားထိုင်တွင် ထိုင်ပြီးနောက်၊ ကျော်ဝင်းအား

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးကြီးကြည့်ကာ "ဟား ဟား. . . ငါ့သားက ဒီလိုတော့ အချောသား အခန့်သားပဲ" ဟု ခပ်ပျော်ပျော် ပြောလိုက်သဖြင့် အားလုံးရယ်မောကြကာ သိန်းဖေက "ချောဆို အဖေတူကလေးပဲ" ဟု ရွှန်းလိုက်သောကြောင့် အဖိုးကြီးမှာ "အဟား ဟား ဟား" ဟု မျက်ရည်ထွက်လုမတတ် ရယ်သည်ကိုကြည့်၍ ရယ်မောကြကာ "ကိုသိန်းဖေ သိပ်နောက်တဲ့လူ" ဟု ကျောင်းသားတစ်ယောက်က ထိန်းလိုက်ရလေတော့၏။

ထို့နောက် သိန်းဖေသည် မိမိဝတ်ထားသော ဝတ်ရုံကိုချွတ်ကာ ကျော်ဝင်းအား ဆင်ယင်ကြပြန်လေ၏။ ကျော်ဝင်း၏ဖခင်ကြီးမှာ မိမိ၏သားအတွက် အလိုလိုမှပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရသည့်အထဲ ကျောင်းသားတို့၏ ပျော်ရွှင်စွာ ပြောဆိုကြခြင်းနှင့် သိန်းဖေ၏ အပြောင်အပျက်တို့ကြောင့် ပြုံးတစ်ခါ ရယ်တစ်လှည့်နှင့် အလွန်အမင်း ကျေနပ်၍နေလေတော့၏။

သို့နှင့် ဘွဲ့နှင်းသဘင်ဆောင်သို့သွားရန် အချိန်ရောက်၍လာလေရာ၊ သိန်းဖေသည် အဝတ်အစားများ လဲလှယ်ဝတ်ဆင်ပြီးနောက် ကျော်ဝင်း၊ ၎င်း၏ဖခင်ကြီးနှင့်အတူ ပုဂံဟောလ်မှထွက်ကာ ကျော်ဝင်း၏ ဖခင်ကြီး စီးလာသော မော်တော်ကားဖြင့် ဘွဲ့နှင်းသဘင်ဆောင်သို့ ထွက်ခဲ့ကြလေ၏။

ဘွဲ့နှင်းသဘင်ရုံကြီး၏ ပတ်လည်တွင် ဝတ်ရုံအမျိုးမျိုးကို ဝတ်စားဆင်ယင်ထားကြသော ကျောင်းသူ ကျောင်းသားများ၊ ၎င်းတို့၏ မိဘဆွေမျိုးများ၊ ၎င်းတို့ကိုအားပေးချီးမြှောက်ရန် လာကြကုန်သော မိတ်ဆွေကျောင်းသားများဖြင့် စည်စည်ကားကားကြီး ရှိလှပေတော့၏။ နီးကပ်ရာ ကျောင်းဆောင်များမှ ခြေလျင်လာကြသော ကျောင်းသားများ၏ ပြောင်လက်သော အဝတ်အစားများသည် တက္ကသိုလ်ကျောင်းဝင်းကြီးကို အရောင်မျိုးစုံတို့ဖြင့် တန်ဆာဆင်ယင်သကဲ့သို့ ရှိလေ၏။ မော်တော်ကားများမှာကား ဥဒဟို ရောက်ရှိကာ ဘွဲ့နှင်းသဘင်ဆောင်ကြီး၏ရှေ့တွင် လာ၍ဆိုက်ကြပြီးနောက် သီးသန့်ထားသောနေရာသို့သွား၍ စီတန်းထားကြသည်မှာ မော်တော်ကားပုံစံအမျိုးမျိုး ပြပွဲကြီးကဲ့သို့ ရှိပေတော့၏။

ကျော်ဝင်းတို့၏ကားသည် ဘွဲ့နှင်းသဘင်ဆောင်သို့ ရောက်ရှိပြီး အသီးသီးဆင်းကြကာ အဆောင်ထဲသို့ တက်ရောက်ကြသည်တွင် အဆောင်လှေခါးထိပ်၌ရပ်နေသော ခန့်ငြားသည့် ရုပ်ရည်ရှိသူ လူကြီးတစ်ယောက်နှင့် ကျော်ဝင်း၏ ဖခင်တို့သည် တစ်ဦးကိုတစ်ဦး မျက်နှာချင်းဆုံမိကာ အံ့အားသင့်ကာ ခေတ္တမျှ ကြည့်နေကြပြီးမှ ကျော်ဝင်း၏ဖခင်က ထိုလူကြီးအား "ဟာ. . . ဝန်ထောက်မင်း မဟုတ်လား" ဟု နှုတ်ဆက်လိုက်ရာ ဝန်ထောက်ကြီး ဆိုသူက အားရဝမ်းသာ ပြုံးရယ်လျက် "အလို ဦးရိုးပါကလား၊ ဒါကြောင့် တူပါတယ်လေလို့ အောက်မေ့ပြီး ကြည့်နေတာ၊ တွေ့ရတာ ဝမ်းသာလိုက်တာ" ဟု ပြောပြီး အားလုံးအပေါ်သို့ရောက်၍ မျက်နှာချင်းဆိုင် ရပ်ကြသောအခါ "ဦးရိုး အသားအရေတွေ အပုံကြီးကောင်းသေးတာပဲ၊ ရုပ်ရေတွေ အပုံပဲကျော့သေး

www.burmeseclassic.com


တယ်" ဟု ပြောလေ၏။

"ဟာ အသားအရေကောင်းတာတော့ မပြောနဲ့တော့ လူတိုင်းက ချီးမွမ်းနေတာပဲ၊ အခုထက်ထိ သွားမကျိုးသေးဘူး။ ကွမ်းသီးများစားလိုက်ရင် ဒေါက်ကနဲနေတာပဲ။ မျက်စေ့ကလည်း ကောင်းသေးတာပဲ။ အဲ. . . တစ်ခုတော့ရှိတယ်။ ဆံပင်တော့ဖြင့် နည်းနည်းဖြူနေတယ်"

"အသက်လည်းကြီးမှပဲ၊ ဆံပင်တော့ ဖြူရောပေါ့"

"အခု သွားမကျိုး မျက်စေ့မမှုန်တာဘဲ အတော့်ကို သီလကောင်းတယ်ဆိုရမှာပဲ။ ဒါထက်နေပါဦး အခုလာတဲ့အကြောင်းက. . ." ဟု ဆိုကာ စကားမဆက်ဘဲ ကျော်ဝင်း၏ အဝတ်အစားကို ကြည့်နေစဉ် ဦးရိုးက "ဟောဒီကသားတစ်ယောက် ဒီနှစ် ဘီအေအောင်တာ ဘွဲ့ယူရအောင် လာတာပဲ" ဟု ပြောကာ ကျော်ဝင်းအား လက်ညှိုးထိုးပြလေ၏။

"ဩော်. . . ဒီလိုကိုး၊ ဒီကလည်း သမီးကလေးအတွက် လာခဲ့တာပဲ"

"အမယ်. . . ဝန်ထောက်မင်းမှာ သမီးကြီး သားကြီးများတောင် ရှိနေမှုကိုး"

"ဒီသမီးတစ်ယောက်ပါပဲ၊ အရင်မြို့အုပ်အဖြစ်နဲ့ ရေနံချောင်းကို ကျွန်တော်ရောက်တုန်းက မော်လမြိုင်မှာ ထားခဲ့တယ်ဆိုတဲ့ ကလေးပေါ့။ ဟိုတုန်းကပဲ (၁၁) နှစ်လောက် ရှိနေပြီ။ ကျွန်တော် ရေနံချောင်းက ပြောင်းလာတာလည်း ဒါလောက်နီးပါး ရှိနေမှပဲ"

"အင်း. . . အင်း ဟုတ်ပေသားပဲ။ ဝန်ထောက်မင်း ပြောမှပဲ သတိရတော့တယ်။ အခု ဝန်ထောက်မင်း. . ."

"အခု ပင်စင်ယူပြီး မော်လမြိုင်မှာပဲ အငြိမ်းစားနေတာပဲ"

"နို့. . . ဝန်ထောက်မင်း သမီးကော"

"ဟော. . . ဟိုဖက်မှာ ကျောင်းသူကလေးတွေနဲ့ စကားပြောနေကြတယ်။ သူ့မေမေလည်း ပါလာတယ်။ လာလေ၊ စကားပြောရအောင်" ဟု ခေါ်သဖြင့် ဦးရိုး၊ ကျော်ဝင်းနှင့်တကွ သိန်းဖေပါ ဝန်ထောက်ကြီးနှင့် အတူလိုက်ပါ၍ သွားကြလေ၏။

ဘွဲ့နှင်းခန်းမကြီး၏ အရှေ့ဘက် ကော်ရစ်ဒါတွင် ဘွဲ့နှင်းခံရန် ဝတ်ရုံနက်ကြီးများကို ဝတ်ဆင်ထားသော ကျောင်းသူကလေးများသည် ၎င်းတို့၏ မိဘဆွေမျိုး၊ မိတ်ဆွေအသိများနှင့် ပြုံးပြုံးရယ်ရယ် စကားပြောဆိုလျက် ရှိသည်ကို တွေ့ရပေ၏။ ဝန်ထောက်ကြီးနှင့် ဦးရိုးတို့လည်း လျှောက်၍လာကြရာ ဝန်ထောက်ကြီးက ရှေ့သို့လက်ညှိုးညွှန်ကာ "ဟော. . ဟိုမှာ မင်းကတော်နဲ့ သူ့သမီး" ဟု ပြလိုက်သည်တွင် ကျော်ဝင်းသည် ရှေ့သို့လှမ်း၍ ကြည့်လိုက်ရာ မိမိမြင်ဖူးသလိုလိုရှိသော မိန်းမကြီးတစ်ဦးကို မြင်ရသဖြင့် ဘယ်မှာမြင်ဖူးပါလိမ့်မလဲဟု တွေးတောရင်း အနားသို့ ကပ်သွားလေ၏။ ထိုမိန်းမကြီးသည် ကျော်ဝင်း၏ ဖခင်ကိုမြင်၍ "ဟော သူဌေးမင်းပါကလား၊ ဘယ်က

www.burmeseclassic.com

www.burmeseclassic.com

ကြွလာသလဲ" ဟု ဆိုလိုက်စဉ် ထိုမိန်းမကြီး၏ဘေးတွင်ရပ်လျက် မိမိဘက်သို့ ကျောပေးကာ အခြားကျောင်းသူများနှင့် စကားပြောနေသော ဝတ်ရုံနက် ဝတ်ဆင်ထားသည့် ကျောင်းသူတစ်ဦးသည် မိမိတို့ဘက်သို့ လှည့်ကြည့်လိုက်ရာ မသန်းမြင့် ဖြစ်နေသည်ကို တွေ့ရလေ၏။

ကျော်ဝင်းနှင့် မသန်းမြင့်တို့သည် အံ့အားသင့်စွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေပြီးမှ "ဟလို. . . မသန်းမြင့်" "အော်. . . ကိုကျော်ဝင်း" ဟု ခေါ်ကာ ပြုံးပြုံးကြီး နှုတ်ဆက်လိုက်ကြရာ၊ ဝန်ထောက်ကြီးသည် ၎င်းတို့၏အမူအရာကို ကြည့်ရှုအကဲခတ်လျက် "အော် မင်းတို့အချင်းချင်းလည်း သိကြသားပဲကိုး" ဟု ဆိုလိုက်သဖြင့် သိကြပါတယ် ဆိုသည့်အလား ဝန်ထောက်ကြီးအား ပြုံးရွှင်၍ပြကြခြင်းဖြင့် အဖြေပေးကြလေ၏။

ထို့နောက် ကျော်ဝင်းက မသန်းမြင့်အား ဦးရိုးကိုပြကာ "ဒါ ကိုကျော်ဝင်းရဲ့ ဒက်ဒီပဲ" ဟု ပြောသဖြင့် မသန်းမြင့်သည် ဦးရိုးအား ပြုံးပြုံးကလေးကြည့်၍ နှုတ်ဆက်ပြီးလျှင် မသန်းမြင့်ကလည်း "ဒါ မသန်းမြင့်တို့ ဖေဖေ၊ ဒါ မေမေ" ဟု ကျော်ဝင်းအား ပြောပြပြီး ဖခင်ဖြစ်သူအား တစ်ဖန် "ဒါ ကိုကျော်ဝင်း ဆိုတာပဲ၊ ကျွန်မတို့နဲ့ အတန်းအတူတူပဲ၊ အင်မတန်ခင်တယ်၊ ဘောလုံးကန်မှာတော့ နာမည်သိပ်ကြီးတာပဲ" ဟု ပြောပြအသိဖွဲ့ပေးလိုက်သဖြင့် ဝန်ထောက်ကြီးလည်း ကျော်ဝင်း၏မျက်နှာကို အသေအချာ ကြည့်ပြီးနောက် "အော်. . . သူကိုး၊ အင်း သတင်းစာထဲမှ ဓာတ်ပုံနဲ့ ဘာနဲ့ တွေ့ဖူးပါရဲ့၊ ဘောလုံးမှာတော့ဖြင့် အတော်ပဲ နာမည်ကြီးပေတယ်၊ ဝမ်းသာလိုက်တာကွာ" ဟုဆိုပြီး ကျော်ဝင်းနှင့် လက်ဆွဲနှုတ်ဆက်လေရာ ဦးရိုး၊ သိန်းဖေ၊ မသန်းမြင့်၊ မင်းကတော်ကြီးတို့မှာ ရွှင်ပျသောမျက်နှာဖြင့် ကြည့်၍နေကြလေ၏။

"အဲဒါပဲ ဦးရိုးရဲ့၊ လောကမှာ တစ်ဦးမေတ္တာတစ်ဦးမှာဆိုတာ သိပ်မှန်တာပဲ။ လူကြီးချင်း အင်မတန် ခင်မင်ကြတော့ သွေးသားများကတောင် မိဘအကျိုးအကြောင်း မသိဘဲ ခင်မင်ကြရှာတယ်"

"ဟုတ်ပါပြီလား ဝန်ထောက်မင်းရယ်။ မှန်ပါပေတယ်။ ဝန်ထောက်မင်းနဲ့ ကွဲကွာကြတာ အတော့်ကို ကြာခဲ့ပြီးမှ တွေ့မယ့်တွေ့တော့လည်း မမျှော်လင့်တဲ့နေရာမှာ လာတွေ့ပြီး၊ ကလေးတွေအကြောင်းကိုလည်း သိရပြန်တော့ သာပြီးဝမ်းသာစရာ ဖြစ်နေတာပဲ"

ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ ထိုသို့သော အကျိုးအကြောင်းများကို သိရခြင်းဖြင့် အလွန်အမင်း ဝမ်းသာကျေနပ်လျက် ရှိကြလေ၏။ သိန်းဖေမှာ သူများ၏ ပြောစကားကို နားထောင်သမား ဖြစ်နေရသော်လည်း အပျော်ကြီး ပျော်နေလေ၏။

မသန်မြင့်၏မိခင်သည် ကျော်ဝင်းအား တစိမ့်စိမ့် ကြည့်နေပြီးနောက် ဦးရိုးဘက်သို့လှည့်ကာ "တော်ပါပေတယ်၊ သားတစ်ယောက်ရယ်လို့ ဂုဏ်ယူလောက်စရာ

www.burmeseclassic.com



ပါပဲ။ ပညာဆိုတာလည်း ပြောဖို့မလိုဘူး။ ကျောင်းမှာလည်း ထင်ထင်ပေါ်ပေါ်ဖြစ်ပြီး ရုပ်ရည်ကလေးကလည်းလှ၊ မိဘကလည်း ပိုက်ဆံရှိတယ်ဆိုတော့. . . " ဟု ဆိုကာ ရယ်နေသဖြင့် ဦးရိုးက. . .

"ဟဲ ဟဲ. . . သားကောင်း မယားကောင်း ရဖို့ပဲ လိုတော့တယ် ဆိုပါတော့" ဟု စကားဆက်ပေးလိုက်လျှင် "ဒါတော့ သားမယား ကောင်းကောင်းမွန်မွန် ရဖို့တော့ ဝန်ထောက်မင်းနဲ့ မင်းကတော်တို့ကိုပဲ အားကိုးရမှာပဲ။ ကြည့်ပြီး တော်သလို နေရာချပေတော့ ဟဲ ဟဲ" ဟု ခပ်ချိတ်ချိတ် ပြောလိုက်သည်တွင် ကျော်ဝင်းနှင့် သိန်းဖေတို့၏ စိတ်ထဲတွင် "အလို့. . . အဘိုးကြီးက ဒီနေရာတော့ တယ်ပြီးလာပါကလား" ဟု တွေးတောဝမ်းမြောက်ကာ ကျော်ဝင်းမှာ ဖိုးကျိုင်းတုတ်ဖြစ်ရင်း ဖခင်ကြီးကို ဦးသုံးကြိမ်ချလိုက်ချင်လေတော့၏။

ဦးရိုးပြောသော စကားကို ကြားလိုက်ရသဖြင့် မသန်းမြင့် မိဘများသည် ခပ်ပြုံးပြုံး ပြုလုပ်နေကြပြီးနောက် "ကျွန်တော်တို့လည်း ဒီအတွက် ဒီသမီးအတွက် တာဝန်ကြီးတစ်ခု ရှိနေတာပဲ၊ သူ့အတွက်လည်း. . . " ဟု ဆိုနေစဉ်-

"ဟာ. . . ဒေါ်ဒေါ်တို့ ဘယ်အချိန်က ရောက်နေကြသလဲ၊ ကျွန်တော်လည်း ကြည့်နေတာ မမြင်ဘူး၊ အခုမှပဲ တွေ့ရတော့တယ်" ဟူသော အသံနှင့် ဆရာတင်အောင် ပျာပျာသလဲ ရောက်လာသဖြင့် စကားပြတ်သွားကြလေ၏။

"အော်. . . မောင်တင်အောင်ပါကလား" ဟု မသန်းမြင့်၏ မိခင်က နှုတ်ဆက်၍ ဖခင်ကမူ ပြုံးရုံမျှပင်ပြု၍ နှုတ်ဆက်လေ၏။

"အထဲမဝင်ကြသေးဘူးလား၊ အချိန်နီးပါပကော" ဟု ဆရာတင်အောင်က ပြောရာ မင်းကတော်ကြီးက "ဟောဒီမှာ မိတ်ဟောင်းဆွေဟောင်း တွေ့နေလို့ ဝမ်းသာအားရနဲ့ စကားပြောနေကြတယ်။ ဟောဒါက ရေနံချောင်းက တွင်းပိုင်သူဌေး ဦးရိုးဆိုတာပဲ၊ ဒေါ်ဒေါ်တို့နဲ့တော့ ဆွေလိုမျိုးလို သိပ်ပြီးခင်တာပဲ။ သူ့သားမောင်ကျော်ဝင်းလည်း မသန်းမြင့်နဲ့ ဒီနှစ်ဘီအေအောင်လို့ ဘွဲ့နှင်းခံရအောင် လာတာတယ်" ဟု ပြောလိုက်ရာ ဆရာတင်အောင်သည် ကျော်ဝင်းကိုကြည့်ပြီး မျက်နှာမသာမယာဖြစ်ကာ မသန်းမြင့်၏ မိခင်ဘက်သို့လှည့်၍ မချိသွားဖြဲ ပြုံးနေလေ၏။

ထိုအခိုက်တွင် ဘွဲ့နှင်းသဘင်အခန်းတွင်း၏ အပေါ်ထပ်မှ စစ်တပ်သားများ၏ သာယာသော ဘင်ခရာသံများ ထွက်ပေါ်လာလေရာ၊ ကျော်ဝင်းက "ကျွန်တော်တို့ အချိန်နီးနေပြီ၊ အထဲမှာဝင်ပြီး ထိုင်ကြရတော့မယ်" ဟု အားလုံးကို ပြောလေ၏။

မသန်းမြင့်၏ဖခင်က "ကဲ ကဲ. . . ဝင်ကြစို့၊ ကျွန်တော်တို့ ဒီကပြီးတော့ တွေ့ကြပြီး အိမ်မှာ အေးအေးချမ်းချမ်း စကားစမြည် ပြောကြသေးတာပေါ့" ဟု ပြောသဖြင့် ဦးရိုးက "ကောင်းပြီလေ အတူသွားကြတာပ" ဟု ပြောပြီးလျှင် သိန်းဖေအား "ကဲ မောင်သိန်းဖေနဲ့ ဦးနဲ့အတူတူ ထိုင်ကြတာပေါ့" ဟု သိန်းဖေကို ခေါ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့အားဖြင့် မသန်းမြင့်နှင့် ကျော်ဝင်းတို့သည် အတူတူ ပြုံးရွှင်စွာဖြင့် ဘွဲ့နှင်းသဘင်ခန်းမကြီး၏ ရှေ့ဆုံးတန်းသို့ ဝင်ကြ၍ မသန်းမြင့်၏မိဘများနှင့် ဦးရိုးတို့သည် ဧည့်သည်များ နေရာသို့ ဝင်ကြရာ၊ သိန်းဖေသည် ဦးရိုးနှင့်အတူ ဧည့်သည်လုပ်ကာ လိုက်ပါသွားလေ၏။ ဆရာတင်အောင်မှာ ကျောင်းတောင်ငေး၍သာ ကျန်ခဲ့လေ၏။

ဘွဲ့နှင်းသဘင် အခန်းကြီးထဲ၌ ရှိကြသူတို့ကို ကြည့်ရသည်မှာ အထူးသဖြင့် စိတ်အားတက်ကြွဖွယ်ရာ ကောင်းလှပေတော့၏။ ခမ်းနားကြီးကျယ်သော ခန်းမကြီးထဲ၌ သပ်ရပ်ခန့်ညားစွာ ဆင်ပြင်ထားအပ်သော စင်မြင့်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လျက်ရှိကြသည့် ဘွဲ့နှင်းခံယူကြကုန်အံ့သော ကျောင်းတော်သူ ကျောင်းတော်သားတို့ကို တွေ့မြင်ရပုံမှာ ဘွဲ့မယူနိုင်ကြသေးသော ကျောင်းတော်သားတို့အဖို့ လွန်စွာမှ အားကျမက်မောစရာကြီး ဖြစ်ပေတော့၏။ ၎င်းတို့၏နောက်၌ ထိုင်လျက်ရှိကြကုန်သော ၎င်းတို့၏မိဘဆွေမျိုးများသည် မိမိတို့၏သားသမီး၊ တူ၊ ညီ စသည်တို့အတွက် အားတက်ဝမ်းမြောက်ကာ ရွှင်လန်းသောမျက်နှာနှင့် ရှိကြသည်ကို အခြားသော မိဘများမြင်ရလျှင် မိမိတို့သားသမီးများအတွက်လည်း ထိုသို့ဖြစ်ချင်ကြမည်မှာ မလွဲစတမ်းပင်ဖြစ်တော့၏။

နောက်ဆုံးတွင် ရှိကြသော စာသင်ဆဲ ကျောင်းတော်သားများမှာ မိမိတို့၏ နောင်တော်ကျောင်းတော်သားကြီးများအတွက် ဝမ်းမြောက်ဝမ်းသာ ရှိကြကာ၊ ၎င်းတို့ကိုကြည့်ပြီး 'တစ်နေ့ကျလျှင် ငါတို့လည်း ဘွဲ့နှင်းခံရမည်' ဟူသော စိတ်သည် ဖြစ်ပွားပေါ်ပေါက်လာတော့၏။

ထိုအချိန်မှာ ညနေသုံးနာရီသာသာရှိပြီ ဖြစ်ပေ၏။ ထိုအချိန်တွင် ဘွဲ့နှင်းသဘင်ရုံကြီးအတွင်းရှိ ကောင်စီချိမ်းဘားထဲတွင် မိမိတို့ဆိုင်ရာ ဝတ်ရုံကြီးများကို ဝတ်ဆင်ထားကြသော ဆီးနိတ်အဖွဲ့ဝင် လူကြီးများနှင့် တက္ကသိုလ်ဒုတိယအဓိပတိကြီးတို့သည် စုဝေးကြကာ ထုံးစံအတိုင်း ပြုလုပ်ရန်ဖြစ်သော အခမ်းအနား အစီအစဉ်တို့ကို စတင်ပြုလုပ်နေကြပြီ ဖြစ်ပေ၏။

ဝိဇ္ဇာအတတ်၊ သိပ္ပံအတတ်၊ စက်ယန္တရားအတတ်၊ ဥပဒေပညာ၊ ဆေးပညာနှင့် ပညာသင်ကြားရေးအတတ်များအတွက် ဘွဲ့ချီးမြှောက်ခြင်းပြုရန် ဆိုင်ရာပါမောက္ခကြီးများက ဒုတိယအဓိပတိအား လျှောက်ထားခြင်း ပြုပြီးသော် ဒုတိယအဓိပတိကြီးကလည်း ထုံးတမ်းစဉ်လာစကားဖြင့် ချီးမြှင့်ခြင်း ပြုလေ၏။

ထိုသို့ အစဉ်အလာတိုင်း ဆောင်ရွက်ပြီးနောက် တက္ကသိုလ်ကြီး၏ အဓိပတိကြီးအဖြစ် တင်မြှောက်ထားသော ဘုရင်ခံမင်းမြတ်သည် ကောင်စီချိမ်းဘားထဲသို့ ကြွရောက်လာလေရာ၊ ဒုတိယအဓိပတိနှင့် ရီဂျစ္စထရာ စာရင်းထိန်းအရာရှိတို့က ခရီးဦးကြို ပြုလင့်ကြကုန်၍ ဆီးနိတ်အဖွဲ့ဝင်တို့က အရိုအသေပြုကြလေ၏။ ဘုရင်ခံသည် 'ဖဲလိုး' များ၏ အရိုအသေပြုခြင်းကို ပြန်လည်နှုတ်ဆက်ပြီးသော် ရီဂျစ္စထရာသည်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံအား ဝတ်လဲတော်ဆောင်သို့ ပို့ဆောင်လေ၏။ ဘုရင်ခံသည် မိမိ၏ဂုဏ်ထူး အဆောင်အရွက်ဖြစ်သော ဝတ်ရုံတော်ကို ဆင်ယင်ပြီးသော် ဖဲလိုးများထံသို့ ပြန်လည်၍လာပြီးလျှင် ဒုတိယအဓိပတိနှင့် ဖဲလိုးများသည် ဘွဲ့နှင်းသဘင် ကျင်းပရာဖြစ်သော ခန်းမဆောင်ကြီးသို့ စီတန်းကြွမြန်းကြလေ၏။

ဘွဲ့နှင်းခန်းမကြီးထဲတွင် အဓိပတိကြီး ကြွရောက်လာတော့မည်ကို သိကြလျှင် ငြိမ်သက်၍နေသော စင်မြင့်ဘက်သို့ စူးစိုက်နေကြလေ၏။ ထိုသို့ကြည့်နေစဉ်ပင် ဘုရင်ခံ အမှူးရှိသော ဖဲလိုးများ ဝင်ရောက်၍လာသည်ကို တွေ့ကြရလျှင် ဘွဲ့နှင်းခံယူမည့် ကျောင်းသူ ကျောင်းသားတို့သည် မတ်တပ်ရပ်ကာ အရိုအသေပြုကြလေ၏။ ဧည့်သည်များ၊ အထူးဧည့်သည်များနှင့် ကျောင်းသားများသည်လည်း ရပ်တန့်အရိုအသေပြုကြလေ၏။ ထိုသို့ ရပ်တန့်နေကြပြီးသော် အဓိပတိကြီး၊ ဒုတိယအဓိပတိနှင့် ဖဲလိုးများသည် မိမိတို့၏ နေရာများတွင် ထိုင်ကြမှ အရိုအသေပြုသူများလည်း တညီတညွတ်တည်း ထိုင်ကြရလေကုန်၏။

ထို့နောက် အဓိပတိကြီးသည် ထပြီးလျှင် "ယခု စည်းဝေးကြရခြင်းမှာ ဘွဲ့ထူးနှင့် လက်မှတ်များကို ရသင့်ရထိုက်သူတို့အား အပ်နှင်းရန်ဖြစ်၍၊ ဆီးနိတ်အဖွဲ့၏ တည်ဆဲကော်မတီမှ တက္ကသိုလ်ဘွဲ့ထူးများကို ရသင့်ရထိုက်သည်ဟူ၍ ထုတ်ပြန်လိုက်သော သူတို့သည် ရပ်ကြလော့" ဟု မိန့်မြွက်သည်တွင် ဝတ်ရုံဆင်မြန်းထားသော ကျောင်းသူ ကျောင်းသားတို့သည် ရပ်တန့်ကြရလေကုန်၏။

ထိုသို့ ရပ်တန့်ကြပြီးသော် အဓိပတိကြီးက "သင်တို့အား ရသင့်ရထိုက်သည်ဟု ထောက်ခံခြင်းပြုပြီးဖြစ်သော ဘွဲ့ထူးကို အပ်နှင်းရရှိပြီးသည်ဖြစ်သော် သင်တို့သည် နေ့စဉ် နေမှုထိုင်မှုနှင့်တကွ ပြောမှု၊ ဆိုမှုတို့တွင် ဤတက္ကသိုလ်ကြီး၏သားကောင်း ပီသစွာ ပြုမူကြပါမည်ဟူ၍ စိတ်စေတနာ ဖြူစင်စွာဖြင့် ကတိပြုကြပါ၏လော" ဟု မေးမြန်းရာ "ကျွန်ုပ်သည် ကတိပြုပါ၏" ဟု အသီးသီး တစ်ညီတည်း ဖြေကြားကြလေ၏။

"အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် ပညာထက်သန် ကောင်းမွန်ရေး အတွက် သင်တို့ အစွမ်းရှိသမျှနှင့် အခါအခွင့်သင့်သမျှ အားပေးချီးမြှောက်ပါမည်ဟု ကတိပြုကြပါ၏လော"

"ကျွန်ုပ်သည် ကတိပြုပါ၏"

"သင်တို့အချင်းချင်း ကြီးပွားကောင်းမွန်ရေးနှင့် ပေါင်းသင်းဆက်ဆံရေးကို တိုးတက်မြဲမြံအောင် သင်တို့၏ အစွမ်းရှိသမျှ ဆောင်ရွက်ပါမည်ဟူ၍ ကတိပြုကြပါ၏လော"

"ကျွန်ုပ်သည် ကတိပြုပါ၏"

ထိုသို့ သစ္စာခံခြင်းကို ပြုပြီးနောက် ဆေးပညာနှင့် ဥပဒေပညာဘွဲ့ထူးယူမည့်

www.burmeseclassic.com

www.burmeseclassic.com

သူတို့အားလည်း ၎င်းတို့နှင့် စပ်ဆိုင်သော ကတိကဝတ်များကို ထုံးတမ်းစဉ်လာအတိုင်း မေးမြန်းကတိပြုစေလေ၏။ ထိုသို့လျှင် အားလုံးသော ကျောင်းသားများအား ကတိပြုစေပြီးသောအခါတွင် အဓိပတိကြီးသည် ဘွဲ့ယူရရှိမည့် ကျောင်းသားများကို တင်သွင်းရန် မိန့်ဆိုလေ၏။ သို့အားဖြင့် မဟာဝိဇ္ဇာများမှ အစပြုပြီးလျှင် အစီအစဉ်အတိုင်း တစ်ယောက်စီ၊ တစ်ယောက်စီ၊ တက်ရောက်စေလျက် အဓိပတိကြီးထံ ဆက်သကြလေ၏။

ဝတ်ရုံကြီးများကို ဝတ်ဆင်ကာ ဦးထုပ်ပြားအနက်ဆောင်း၍လည်းကောင်း၊ ခေါင်းပေါင်း ပေါင်း၍လည်းကောင်း၊ ဆံထုံး ထုံး၍လည်းကောင်း၊ ထိုသို့ ဝတ်ဆင်ထားကြကုန်သော ကျောင်းသား၊ ကျောင်းသူတို့သည် ဘွဲ့ထူးလက်မှတ်များကိုကိုင်ကာ တက္ကသိုလ် အဓိပတိဖြစ်သော ဘုရင်ခံနှင့် လက်ဆွဲနှုတ်ဆက်ကြရာတွင် ကြည့်ရှုလျက်ရှိကြသော ကျောင်းသားများသည် အားရဝမ်းမြောက်စွာ ဩဘာပေးကြလေ၏။ ထိုသို့ ဩဘာပေးသံများကို ကြားရလျှင် ထိုကျောင်းသားတို့၏ မိဘများမှာ မိမိတို့၏ သားများအတွက် ဘယ်၍ဘယ်မျှ အားရနှစ်သက်၊ အားတက်ဝမ်းသာကြမည်ကို ဖော်ပြရေးသား၍ ကုန်နိုင်ဖွယ်ရှိမည်ပင် မဟုတ်တော့ပေ။

ဦးရိုးနှင့် သိန်းဖေမှာ ကျော်ဝင်းကိုသာ တမျှော်မျှော် ရှိနေကြကာ ၎င်းတို့၏ မျက်နှာတွင် ကြည်ရွှင်အားရခြင်းသည် ထင်ရှားစွာ ပေါ်ပေါက်နေလေ၏။ မဟာဝိဇ္ဇာ၊ ဆေးပညာ၊ ဥပဒေပညာ၊ ပညာရေး စသည်တို့အတွက် အောင်မြင်သူများပြီး၍သွားသည့်အခါတွင် တက္ကသိုလ်ကျောင်းအုပ်ကြီးက ဝိဇ္ဇာတန်းအောင်သူများကို တင်သွင်းလေ၏။

ကျောင်းသားတို့၏ လက်ခုပ်သံများမှာ ကျယ်လောင်စွာ ပွက်ကနဲ ထွက်လာလိုက်၊ ခပ်ဖြေးဖြေး တီးလိုက်ရှိကြသည်ကို ထောက်ချင့်ခြင်းအားဖြင့် မည်သူသည် ကျောင်းတွင် ထင်ရှားသည်၊ လူသိများသည်၊ ချစ်သူပေါသည်ကို သိသာနိုင်ပေ၏။

မကြာမီ လက်ခုပ်သံများသည် ဆူပွက်၍လာလေ၏။ ဧည့်သည်များနှင့်တကွ အခြားသူတို့သည် အဘယ်သူဖြစ်၍ ဤမျှလောက် ဩဘာပေးကြပါသနည်းဟု ကြည့်လိုက်ရာ တက်ရောက်လာသူမှာ မသန်းမြင့်ပင် ဖြစ်ပေတော့သတည်း။ မသန်းမြင့်၏ မိဘများမှာ အတောမသတ် ဝမ်းသာမိကြလေ၏။ ဦးရိုးနှင့် သိန်းဖေတို့မှာ လက်ခုပ်မတီးဘဲ မနေနိုင်ကြတော့ပေ။

ဦးရိုးသည် ဝန်ထောက်ကြီးနှင့် မင်းကတော်တို့ကို ကြည့်လိုက်ရာ ၎င်းတို့သည် သမီးဖြစ်သူအတွက် ဝမ်းသာအားရ ဩဘာပေးနေကြရာမှ မိမိတို့အား ဂုဏ်ယူကြွားဝါလိုဟန်ဖြင့် လှည့်၍ကြည့်လိုက်ကြသည့်အတွက် မျက်နှာချင်းဆုံမိသောကြောင့် ပြုံးပြုံးကြီး ရယ်ပြလိုက်ပြီးလျှင် မိမိ၏သား တက်ရောက်လာမှ ၎င်းတို့ထက်ပို၍ မျက်နှာထား ချိုပြလိုက်မည်ဟု အားခဲထားလိုက်လေ၏။

www.burmeseclassic.com


ဘွဲ့နှင်းရာတွင် ဘွဲ့ခံသူတို့၏ နာမည်နောက်ဆုံးအမည်စာလုံး၏ အင်္ဂလိပ် အက္ခရာစဉ်အတိုင်း တစ်ယောက်စီခေါ်၍ ပေးခြင်းဖြစ်သောကြောင့် ကျော်ဝင်း၏ အလှည့်ကိုရောက်ရန် အတော်စောင့်ရဦးမည် ဖြစ်ပေ၏။

အတန်ကြာလျှင် ဘွဲ့နှင်းရုံကြီး ကွဲအက်လုမတတ် ဩဘာလက်ခုပ်သံများ ဆူညံသွားလေ၏။ ညွှန့်သည်တို့၏ မျက်လုံးများသည် တက်လာမည့်သူကို အာရုံစိုက်နေကြလေ၏။ ထိုအခိုက်တွင် ကျော်ဝင်း တက်ရောက်လာသည်နှင့်တစ်ပြိုင်နက် ဦးရိုး၏မျက်နှာမှာ ချိုအိ၍သွားပြီးလျှင် အားရစွာ လက်ခုပ်တီးသော်လည်း အသက်အရွယ် ကြီးနေသဖြင့် တီးလိုက်သည့် လက်ခုပ်သံမှာ လူငယ်များလောက် လက်သံမပြောင်ဘဲ 'ဖတ် ဖတ် ဖတ် ဖတ်' ဖြစ်နေသည်ကို အားမရနိုင်သောကြောင့် သိန်းဖေအား "တီးပါကွ မောင်သိန်းဖေရ၊ အားရှိပါးရှိ တီးစမ်းပါ" ဟု သိန်းဖေအား မြှောက်၍ပေးကာ သိန်းဖေနှင့် ဦးရိုးတို့မှာ လက်ခုပ်တီးပြိုင်၍ နေကြလေတော့၏။

ဝန်ထောက်ကြီးနှင့် မင်းကတော်တို့လည်း ကျော်ဝင်းအတွက် ဝမ်းသာလျက် ဩဘာပေးကြရင်း၊ ဦးရိုးဘက်သို့ ခပ်ပြုံးပြုံး လှည့်ကြည့်ရာ ဦးရိုးသည် နှုတ်ခမ်းမွေးကလေး ထောင်နေအောင် ပြုံးရယ်လျက် မိမိတို့အားကြည့်ကာ ဂုဏ်ထုတ်နေသည်ကို တွေ့ရသောကြောင့် ၎င်းတို့ကလည်း မိမိတို့ သမီးအတွက် ဂုဏ်ထုတ်ကာ၊ သားသမီးရှင် မိဘတို့သည် မိမိတို့ သားသမီးအတွက် ဂုဏ်တက်ကြွသော အမူအရာမည်သူ သာသည်ကို ပြိုင်၍နေကြလေတော့၏။

ထို့နောက် ကျောင်းသူကျောင်းသားများအား အဓိပတိကြီးနှင့် မိတ်ဆက်ခြင်း ပြုပြီးသည်တွင် ကျောင်းသူကျောင်းသားများ မိမိတို့နေရာသို့ ပြန်လည်ရောက်ရှိကြကာ ရပ်တန့်၍ အရိုအသေပေးနေကြလေ၏။ ထိုသို့ ရှိကြပြီးသောအခါ အဓိပတိကြီးသည် **"ကျွန်ုပ်အား ရန်ကုန်တက္ကသိုလ်ကြီး၏ အဓိပတိ တင်မြှောက်ခြင်းအားဖြင့် ရရှိသော ဂုဏ်အင်္ဂါနှင့် လျော်ညီစွာ သင်တို့အား သင်တို့နှင့် ထိုက်တန်သည်ဟူ၍ ထုတ်ပြန်အပ်သော ဘွဲ့ထူးကို အပ်နှင်းပြီးလျှင် ထိုသို့အပ်နှင်းသောအားဖြင့် သင်တို့အား ဘွဲ့ထူးလက်မှတ်ကို ချီးမြှင့်၍ သင်တို့၏ ဘွဲ့ထူးကိုဆောင်သော ဝတ်ရုံများကို ဆင်ယင်ဝတ်စား နိုင်ခွင့်ပြုလိုက်သည်"** ဟု မိန့်မြွက်စကားဖြင့် ဘွဲ့နှင်းအပ်လိုက်လေသတည်း။

ထိုသို့ အဆင့်အတန်းအသီးသီး ခွဲခြားဘွဲ့နှင်းခြင်းပြုပြီးသော် ရီဂျစ္စထရာသည် ဘွဲ့ထူးမှတ်ပုံတင်စာရင်းကို အဓိပတိကြီးအား ဆက်သရာ အဓိပတိကြီးသည် လက်မှတ်ရေးထိုးလိုက်ပြီးနောက် မဟာဝိဇ္ဇာ၊ ဝိဇ္ဇာ၊ ဝိဇ္ဇာမဖြစ်ပြီးကုန်ကြသူတို့သည် မိမိတို့၏နေရာတွင် ထိုင်ကြလေ၏။ ထို့နောက် အဓိပတိကြီးသည် ဝိဇ္ဇာ၊ ဝိဇ္ဇာမအဖြစ်သို့ ရကြကုန်သူတို့အား ဩဝါဒမိန့်ခွန်းကို မိန့်မြွက်ကြားရာ ဩဘာသံများမှာ အဘပ်ထပ် ထွက်ပေါ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက်တွင် ဒုတိယအဓိပတိက အဆောင်အရွက်ပြုမြဲ ဖြစ်သည်ကို ပြုပြီးသည့်အဆုံး၌ အဓိပတိ၊ ဒုတိယအဓိပတိနှင့် ဖဲလိုးများသည် ရပ်တန့်ကြပြီးနောက်၊ အဓိပတိကြီးက ဤသဘင်ကို ရုပ်သိမ်းလိုက်ကြောင်း မိန့်မြွက်ကြေညာလိုက်သည်တွင် ဘွဲ့ရပြီးသူ ဂရက်ဂျုံးယိဒ်တို့သည် မတ်တပ်ရပ်၍ အရိုအသေပေးကုန်၍ အဓိပတိကြီးနှင့်တကွ ဖဲလိုးတို့သည် စီတန်းကာ ထွက်ကြလေသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၉)

ဘွဲ့နှင်းသဘင်အပြီးတွင် ရုံကြီး၏ဘေးပတ်လည်၌ ဝတ်ရုံဖားလျား ခေါင်းပေါင်းကားကားနှင့် ကျောင်းသား ကျောင်းသူများသည် ရှုပ်ယှက်ခတ်၍နေလေတော့၏။ အဖိုးတန်အဝတ်အစားများဖြင့် ပြောင်လက်စွာ ဝတ်ဆင်ထားကြသော မိဘဖြစ်သူများ ပြုံးပြုံးရွှင်ရွှင် ရှိကြကာ၊ မိမိတို့ သားသမီးအား မိတ်ဆွေကျောင်းသားများက ဝမ်းမြောက်ဝမ်းသာ လက်ဆွဲနှုတ်ဆက်ကြသည်ကိုကြည့်၍ ပီတိဖြစ်နေကြလေသည်။

ကျော်ဝင်းမှာ ထိုသို့လက်ဆွဲနှုတ်ဆက်သူတွေ များလှသဖြင့် လက်မလည်နိုင်အောင် ရှိနေလေရာ၊ ဦးရိုးမှာ သားအတွက် အားရမဆုံးနိုင် ရှိလေ၏။ သိန်းဖေမှာမူကား တပြုံးပြုံး ဖြံထားသော ပါးစပ်မှာ စေ့ပိတ်ရသည်ဟူ၍ မရှိအောင် ဖြစ်နေတော့၏။ ထိုသို့ ရှိနေကြစဉ် မသန်းမြင့်နှင့်တကွ မိဘများသည် ၎င်းတို့အနားသို့ ရောက်လာကြလေ၏။

"သူဌေးမင်းမှာတော့ဖြင့် သားကလေးအတွက် သိပ်ပြီးဝမ်းသာနေရှာတာပဲ"

"ဟဲ ဟဲ. . . ဒါတော့ မင်းကတော်တို့လိုပဲ၊ ရှိပေတော့မပေါ့"

မသန်းမြင့်၏ ဖခင်သည် ပြုံး၍နေပြီးလျှင် "ကဲ. . . ဦးရိုးတို့ အခု မြို့ထဲကိုပဲ ပြန်ကြမယ် မဟုတ်လား" ဟု မေးရာ ဦးရိုးက. . .

"ဟုတ်ပ၊ မြို့ထဲကိုပဲ ပြန်ရမှာပဲ" ဟု ဖြေလေ၏။

"ဒီလိုဆိုရင် ဦးရိုးနဲ့ ကျွန်တော်နဲ့ ကားတစ်ကားထဲ အတူတူစီးသွားကြရအောင်။ ဦးရိုးကိုလည်း တိုင်ပင်စရာကလေး တစ်ခုရှိလို့" ဟု ပြောလိုက်ရာ ဦးရိုးတွင် ထိုစကားကိုကြား၍ စိတ်ထဲတွင် ရွှင်ပျ၍သွားကာ. . .

"ကောင်းပါတယ်၊ ကောင်းပါတယ်၊ အတူတူသွားကြတာပေါ့။ ကွဲနေကြတာ

www.burmeseclassic.com

www.burmeseclassic.com



လည်းကြာတော့ ပြောစရာရှိတာတွေ အိတ်သွန်ဖာမှောက် ပြောကြရတာပေါ့။ ကဲ ဘယ်ကိုသွားကြမှာတုံး။ ဝန်ထောက်မင်းတို့က ဘယ်မှာတည်းကြသလဲ" ဟု မေးလေ၏။

"ကန်တော်မင်မှာ တည်းကြတယ်။ ဟယ်လပင်လမ်းထဲမှာ မင်းကတော်ရဲ့ ညီမတစ်ဝမ်းကွဲ တစ်ယောက်ရှိတယ်"

"ဩော်. . . ဒီလိုကိုး၊ ဒါဖြင့် သွားကြစို့ရဲ့" ဟု ဆိုကာ ဆိုက်ထားသော ကားများဆီသို့ သွားကြလေသည်။ မသန်းမြင့်၏မိခင်မှာ ကျော်ဝင်းကို တစိမ့်စိမ့် ကြည့်ကာ စကားတပြောပြောနှင့် ပါလာလေ၏။

ထိုအခိုက်တွင် ဆရာတင်အောင်သည် ရုတ်တရက် ပေါ်ပေါက်လိုက်လာကာ "ဒေါ်ဒေါ်တို့ ပြန်ကြတော့မလား" ဟု မေးလေ၏။

"အင်း. . . ပြန်ကြမလို့ဘဲ၊ မောင်တင်အောင်နဲ့လည်း တယ်ပြီးစကားပြောဖို့ အချိန်မရှိတော့ဘူး၊ နောက်များမှပဲ တွေ့သေးတာပေါ့" ဟု ပြောလိုက်ရာ ဆရာတင်အောင်မှာ မချိအောင် ဖြစ်သွားလေ၏။ မိမိအား ခေါ်လေမည်လားဟူသော မျှော်လင့်ချက်ဖြင့် လာခဲ့ရာ၊ မင်းကတော်ပြောသော စကားများမှာ စိတ်ပျက်ဖွယ်ရာ ကောင်းလှသည့်ပြင် မိမိအပေါ်တွင် စိတ်တစ်မျိုးတစ်မည် ပြောင်းလဲသွားသည်ကို တွေ့ရသဖြင့် နာခံခက်ခဲဖြစ်၍နေရာက "ကျွန်တော် လိုက်ပို့ရဦးမလား" ဟူသော မျှော်လင့်ချက်ကလေးဖြင့် ပြန်မေးရာ "နေပါစေကွယ်၊ အားနာစရာကြီး၊ မောင်ကျော်ဝင်းတို့လည်း အပါသားပဲ" ဟု ဖြေလိုက်သော စကားများမှာ ဆရာတင်အောင်၏စိတ်ကို ချေမှုန်းပစ်သကဲ့သို့ ရှိစေလေတော့၏။

"ကဲ. . . ဦးရိုးနဲ့ ကျွန်တော်တို့က ဒီကားပေါ်တက်မယ်။ မသန်းမြင့်တို့သားအမိက ဟိုကားနဲ့ လိုက်လိမ့်မယ်" ဟု မသန်းမြင့်၏ ဖခင်ဖြစ်သူက ပြောလိုက်သည်တွင် မိခင်ဖြစ်သူက "ကဲ မောင်ကျော်ဝင်း၊ ဒေါ်ဒေါ်တို့ကားနဲ့ လိုက်ခဲ့ပါလား" ဟု ခေါ်လေ၏။

ကျော်ဝင်းမှာ သိန်းဖေအတွက် မည်သို့မည်ပုံ စီမံရမည်နည်းဟု စဉ်းစားကာ "ကိုသိန်းဖေ ခင်ဗျားလည်း လိုက်ခဲ့လေ" ဟု အသံပစ်လိုက်ရာ ဦးရိုးက "မောင်သိန်းဖေတော့ တို့ကားနဲ့ပဲ ခေါ်တာပေါ့၊ ကဲ. . . မောင်သိန်းဖေ လာလာ. . . တက်တက်" ဟု ခေါ်လေ၏။

သိန်းဖေသည် ဦးရိုး၏ကားပေါ်တွင် ဦးရိုးနှင့် မသန်းမြင့် ဖခင်အကြား၌ ပါသွား၍၊ ကျော်ဝင်းမှာ မသန်းမြင့်တို့၏ကား၌ပါကာ မသန်းမြင့် မိခင်က အလယ်က ထိုင်၊ လက်ယာဘက်က မသန်းမြင့်ထိုင်၊ လက်ဝဲဘက်က မိမိထိုင်ကာ ကားနှစ်စင်း ရှေ့ဆင့် နောက်ဆင့် ထွက်သွားလေရာ ဆရာတင်အောင်မှာ မိမိအား နှုတ်မျှပင်မဆက်ခဲ့သဖြင့် ရင်ကွဲပက်လက်ဖြစ်ကာ ငေး၍ကျန်ရစ်လေ၏။

သိန်းဖေသည်ကား ဘူတာကြီးနှင့် ဘူတာကလေးအကြားတွင်ထိုင်ကာ ပြော

www.burmeseclassic.com


ဆိုသော စကားများကို နားထောင်ရင်း ပြုံးပြုံး. . . ပြုံးပြုံးနှင့် ပါလာလေ၏။

"ဝန်ထောက်မင်း၏ သမီးမသန်းမြင့် အသက်ဘယ်လောက် ရှိပြီလဲ" ဟု ဦးရှိုး မေးသည်ကို ကြားရလျှင် သိန်းဖေမှာ ကြိတ်၍ကျေနပ်နေလေ၏။

"မသန်းမြင့်လား၊ နှစ်ဆယ့်တစ်နှစ်ရှိပြီ"

"အင်း. . . မောင်ကျော်ဝင်းနဲ့ဆိုတော့ နှစ်နှစ်လောက်ပဲ ငယ်တာပဲ၊ နှစ်နှစ်ကြီး နှစ်နှစ်ငယ်တွေပေါ့၊ ဒီအရွယ်တွေဆိုတော့ ကိုယ့်ကိုယ်ကို ချင့်ချိန်ဆုံးမနိုင်တဲ့ အရွယ်တွေပဲ" ဟု ပြောရာ သိန်းဖေမှာ ရယ်ချင်သည်ကို မျိုသိပ်ကာ ဣန္ဒြေဆယ်နေရလေ၏။

နောက်ကားတွင် ပါလာသော မသန်းမြင့်နှင့် မင်းကတော်၊ ကျော်ဝင်းတို့မှာ တပြုံးပြုံး တရွှင်ရွှင်နှင့် ရယ်ရယ်မောမော ပြောဆိုကာ ပါလာကြလေ၏။ ကျော်ဝင်းမှာကား ထိုနေ့သည်ကား မိမိအဖို့ ပျော်ရွှင်စရာအကောင်းဆုံးနေ့ကြီးပါတကားဟု တွေး၍ ဝမ်းသာမိလေ၏။

မကြာမီ ကားနှစ်စင်းသည် ဟယ်လပင်လမ်းရှိ ခြံဝင်းကျယ်ကျယ်နှင့် ခေတ်ဆန်ဆန်ဆောက်ထားသော အိမ်ထဲသို့ ဝင်ရောက်သွားကြလေ၏။ ကားများပေါ်မှ ဆင်းလာကြသူတို့မှာ တစ်ယောက်မကျန် ပြုံးရွှင်လျက် ရှိကြလေ၏။ ထို့နောက် အိမ်ပေါ်သို့ တက်ကြရာ၊ သိန်းဖေသည် ကျော်ဝင်း၏ အင်္ကျီစကို ဆွဲထားကာ နောက်ချန်နေစေလေ၏။

"အိုင်ဆေး ကိုကျော်ဝင်း၊ ခင်ဗျား နေရာကျတော့မှာပဲ" ဟု ပြောရာ ကျော်ဝင်းမှာ ပြုံး၍သွားကာ. . .

"ဘာများ သိရလို့တုံးဗျ၊ ဆိုစမ်းပါဦး" ဟု မေးမှ. . .

"ကားပေါ်မှာ ဘုတာကြီးနှစ်ယောက် စကားချိတ်လာကြတယ်ဗျ။ ကျွန်တော့်လည်း ဟိုဒင်းဒီဒင်းတွေ မေးတယ်၊ စိတ်ချဗျ၊ ခင်ဗျားတို့တော့ နေရာကျပြီ" ဟု ဆိုသဖြင့် ကျော်ဝင်းသည် သိန်းဖေအား အားရဝမ်းသာ ဖက်လိုက်ပြီး လှေကားပေါ်သို့ တက်သွားကြလေ၏။

အိမ်ပေါ်တွင်ကား အိမ်သူအိမ်သားများနှင့်တကွ မသန်းမြင့် မိဘများ၊ ဦးရှိုးစသည်တို့သည် အားပါးတရ စကားပြောဆိုနေကြ၏။ အိမ်သူအိမ်သားများမှာလည်း လက်ဖက်ရည် ဖျော်ရ၊ ပြင်ရနှင့် တပျော်တပါး အလုပ်များနေကြလေ၏။

ထိုသို့လျှင် စကားတပြောပြောနှင့် လက်ဖက်ရည်နှင့် မုန့်များ စားသောက်နေကြပြီးနောက်၊ မသန်းမြင့်၏ဖခင်က "ကဲ. . . ဦးရှိုးတို့ ရောက်လို့ရှိမှပဲ နေကြသေးတာပေါ့၊ တဖြည်းဖြည်းမှ ပြန်ပေါ့" ဟု ပြော၍ မင်းကတော်က "ညစာ ဒီမှာပဲ စားကြတာပေါ့" ဟုဆိုရာ ဦးရှိုးက ကျေးဇူးတင်စွာဖြင့် ငြင်းပယ်သော်လည်း အတင်းဆွဲထားသဖြင့် သဘောတူရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့အားဖြင့် ညစာထမင်းစားကြမည်ဟု ဆိုသောကြောင့် မသန်းမြင့်၏ဖခင်က "ကဲ. . . မောင်ကျော်ဝင်းလည်း ဝတ်ရုံကြီး ဝတ်ထားရတာ အိုက်လှတယ်၊ ချွတ်ပြီး ထားတာပေါ့" ဟု ပြောပြီးနောက် "အပေါ်မှာ လူကြီးတွေနဲ့နေရတာ ပျင်းလို့ရှိရင်လည်း အောက်ဆင်းပြီး ခြံထဲမှာ အပျင်းပြေလျှောက်ရင်း စကားပြောနေကြပေါ့။ ကဲ မသန်းမြင့် မောင်ကျော်ဝင်းတို့နဲ့ အဖော်ရအောင် လိုက်သွားပါလား" ဟု ပြောလိုက်ရာ၊ ထိုအချိန်တွင် မသန်းမြင့်၊ ကျော်ဝင်း၊ သိန်းဖေတို့လောက် ပျော်ရွှင်သူသည် လောက၌ မရှိတော့ပြီဟု ထင်မှတ်ရမည်ပင် ရှိတော့၏။

အနည်းငယ်မျှ ကြာသောအခါတွင် လှပစွာ ပွင့်ဖူးလျက် ရှိကြကုန်သော ပန်းပင်ပျိုကလေးများအကြားတွင် မသန်းမြင့်နှင့် ကျော်ဝင်းတို့သည် အတူယှဉ်တွဲ လမ်းလျှောက်ကာ တပြုံးပြုံးနှင့် စကားပြောနေကြသည်ကို တွေ့ရပေတော့၏။ အိမ်အပေါ်ထပ်တွင်ကား ဦးရိုး၊ မသန်းမြင့်၏ မိဘများနှင့် အဒေါ် ဦးလေးတို့သည် သားသမီးတို့၏ အကျိုးအကြောင်းနှင့် ရှေးဟောင်းနှောင်းဖြစ်ကို ပြောဆို၍နေကြလေ၏။

ထိုသို့ ပြောဆိုနေကြရင်း သူဝင် ငါတွက်နှင့် ရှိကြပြီးနောက်၊ အတန်ကြာလျှင် ဦးရိုးနှင့် ဝန်ထောက်ကြီးသာလျှင် ကျန်ရစ်ကြကာ၊ တိုးတိုးကြိတ်ကြိတ် တိုင်ပင်ပြောဆိုကြပြီးလျှင် နှစ်ဦးသား ထိုင်ရာမှထ၍ စကားပြောကြပြန်လေ၏။ ဦးရိုးသည် ထိုသို့ပြောဆိုလျက်ရှိကြသော စကားတွင် အတော်ပင် စိတ်ဝင်စားနေဟန် ရှိနေပေ၏။ ဦးရိုး၏ မျက်နှာမှာ ချိုပြုံးလျက် ရှိပေတော့၏။

ဦးရိုးလည်း စကားပြောရာမှ ခြံထဲသို့ လှည့်ကြည့်မိရာ၊ ပန်းရုံကလေးတစ်ခုအနီးတွင်ရှိသော ခုံတန်းလျားလေးတစ်ခုပေါ်တွင် နှစ်ကိုယ်ယှဉ်တွဲ၍ ထိုင်နေကြသော ကျော်ဝင်းနှင့် မသန်းမြင့်တို့ကို မြင်မိသဖြင့် အံ့အားသင့်ပြီး ကြည့်နေပြီးမှ ပြုံး၍လာကာ "လာလေ၊ ဝန်ထောက်မင်း စားပွဲမှာထိုင်ပြီး အေးအေးဆေးဆေး ပြောကြပါစို့ရဲ့" ဟု လှည့်ပတ်၍ ခေါ်သွားလေ၏။

အချစ်တွင် စိတ်ဝင်စားလျက် ရှိကြသူများမှာကား  မိမိတို့က မည်သူ့ကိုမျှ မမြင်ရခြင်းကို မိမိတို့ကို မည်သူမျှ မမြင်ရဟု ထင်မြင်ခြင်းဖြင့် ကျေနပ်နှစ်သိမ့်ကာ ချစ်ကြည်နူးလျက် ပျော်မြူးအားရစွာ ချစ်တင်းနှီးနှော ပြောဆိုလျက် ရှိကြလေ၏။

"အခုတော့ဖြင့် မသန်းမြင့်နှင့် ကိုကျော်ဝင်းတို့ဟာ ရှေ့ကိုပျော်ဖို့ပဲ ရှိတော့တာပေါ့နော်" ဟု ကျော်ဝင်းက ပြောလိုက်သည်ကို မသန်းမြင့်သည် ပြုံးပြုံးကလေး နားထောင်၍နေလေ၏။

"ကိုယ်တော့ ဖားသားကြီးကို ပူဆာရတော့မှာပဲ၊ ဖားသားကြီးကလည်း သဘောတူပုံရပါတယ်။ မသန်းမြင့်တို့ ဖားသားနဲ့ မားသားကလည်း ငြင်းမယ်မထင်ပါဘူး" ဟု ပြောရာ၊ မသန်းမြင့်သည် နားစိုက်စဉ်းစားနေပြီးမှ "ကြည့်စမ်းနော်၊ လော

www.burmeseclassic.com



ကြီးဟာ သိပ်ပြီးဆန်းကျယ်တာပဲ၊ မထင်ဘဲနဲ့ ဖြစ်တာတွေ အများကြီးပဲ၊ အခုဆိုရင် ကြည့်ပါလား၊ မသန်းမြင့် ဖားသားနဲ့ ကိုကျော်ဝင်း ဖားသားကြီးဟာ အခုလိုအဖြစ်နဲ့ လာပြီးတွေ့ကြရလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ကြဘူး။ ဒါကို မပြောထားနဲ့လေ၊ အခုလောက် ချစ်ချစ်ခင်ခင် ရှိလိမ့်မယ်ဆိုတာ၊ အသိအကျွမ်းဖြစ်မယ် ဆိုတာတောင် မသိကြဘူး။ အခုပုံတော့ဖြင့် အေးဖို့အကွက် ဖြစ်ပေါ်လာတာပဲ" ဟု ပြောရာ ကျော်ဝင်းသည် မသန်းမြင့်၏မျက်နှာကလေးကို စိုက်ကြည့်နားထောင်နေရာမှ မချင့်မရဲ ဖြစ်လာပြီးလျှင်. . .

"ဒီလို ဖားသားမားသား အများချစ်ကြတော့ ကိုကျော်ဝင်းနဲ့ မသန်းမြင့်တို့ စုလျားရစ်ပြီး နှစ်ပါးကစ်ဖို့ ရှိတာပေါ့" ဟု ဆိုကာ မသန်းမြင့်၏ လက်ရုံးကလေး နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရာ. . .

မသန်းမြင့်မှာ ရုတ်တရက် ရှက်ကြောက်သကဲ့သို့ ဖြစ်သွားပြီး "အို. . ကိုကျော်ဝင်း လူမြင်မယ်နော်၊ ရှက်စရာကြီး" ဟု ဆိုသော်လည်း ကျော်ဝင်းက မလွှတ်ဘဲ "ဘယ်သူမှ မမြင်ပါဘူး မသန်းမြင့်ရယ်၊ ဟိုအရင်တစ်ခါ ဘူတာရုံထဲမှာတုန်းက မသန်းမြင့်ကို အားရပါးရ ချစ်လိုက်မယ်လို့ကြံတာ၊ သူယုတ်မာဝင်ပြီးဖျက်လို့ မချစ်လိုက်ရဘဲ ညှိုးထားတာ၊ ဒီတစ်ခါတော့ အတိုးနဲ့ ချစ်ရတော့မှာပဲ။ အခုတော့ဖြင့် ဘယ်သူမှ နှောင့်ယှက်စရာ မရှိတော့ဘူး" ဟု ဆို၍ မသန်းမြင့်အား မိမိဘက်သို့ သာယာစွာ ဆွဲယူကာ မျက်နှာချင်းအပ်လုနီးတွင် "ဟိုက်ရော" ဟူသော အသံကြီးသည် မိမိတို့ နောက်နားက ကပ်၍ပေါ်လာသဖြင့် လန့်ဖျပ် မျက်လုံးပြူးကာ လူချင်းခွာ၍လိုက်ရလေ၏။

ကျော်ဝင်းနှင့် မသန်းမြင့်တို့မှာ တုန်တုန်ယင်ယင် ဖြစ်နေကာ နောက်သို့မျှ လှည့်မကြည့်ရဲဘဲ ခေါင်းငုံ့၍နေကြစဉ် မိမိတို့နောက်မှ ပန်းချီ၏လှုပ်ရှားသံဖြင့် တဟားဟား ရယ်သံကြား၍ လှည့်ကြည့်လိုက်ရာ ကိုသိန်းဖေကို တွေ့ရတော့မှ ကြောက်စိတ်များ ပျောက်သွားကာ ရှက်ပြုံးပြုံးပြီးလျှင် သိန်းဖေ၏ လုပ်ပုံကိုင်ပုံကိုကြည့်ကာ ရယ်မောမိကြလေ၏။

သိန်းဖေမှာ ကျော်ဝင်းတို့၏ ဖြစ်ပျက်ပုံကို ရှက်၍မကြည့်ရဲသကဲ့သို့ မျက်နှာကို လက်ဝါးနှင့် အုပ်ထားသော်လည်း မမြင်ရအောင် အုပ်ထားခြင်း မဟုတ်ဘဲ လက်ချောင်းများကိုဖြဲ၍အုပ်ကာ လက်ချောင်းများအကြားက မျက်စိပြူးကာ ကြည့်နေပုံပြုလုပ်ထားပြီးလျှင် ခေါင်းကိုလည်း လက်ကိုင်ပုဝါကို ဖော့လုံးဖြူခေါင်းပေါင်းသဏ္ဍာန်ဖြင့် ယုန်နားရွက် နှစ်စထောင်၍ ပေါင်းထားသည်မှာ ကျော်ဝင်းတွင် ကြည့်ရင်း အသံထွက်အောင် ရယ်မိလေ၏။

"ဟား ဟား ကိုယ့်လူ၊ တယ်နောက်တဲ့လူပဲ၊ ဘယ်ပျောက်နေသလဲ အောက်မေ့ပါတယ်၊ လက်စသတ်တော့ ဒီချုံထဲကထိုင်ပြီး ချောင်းနေတာကိုး" ဟု ကျော်ဝင်းက

www.burmeseclassic.com

ပြောသည်ကို သိန်းဖေသည် မည်သို့မျှ ပြန်မပြောဘဲ လက်နှစ်ဖက်ကို ခရုသင်းသဏ္ဌာန် ပြုလုပ်ပြီး ကျော်ဝင်းနှင့် မသန်းမြင့်တို့အပေါ်ကို ရေစင်လောင်းဟန်ပြုကာ ပါးစပ်မှ "ဟွမ် ဟွမ် အာပဟိန္နရို ဗာပဟိန္နရို နဝစန္နရို တေဘဂျာလျှရု လျှရာ" စသည့် အသံမျိုးဖြင့် လျှာသွက်သလို ဘိသိက်သွန်းနေသောကြောင့် ကျော်ဝင်းမှာ အားရဝမ်းသာစွာ ရွှင်ပြုံး၍ မသန်းမြင့်မှာမူ ကျော်ဝင်း၏ ရင်ခွင်တွင် ခေါင်းဝှက်ကာ ရှက်ပြုံးပြုံးလျက် ရှိလေတော့သတည်း။

□□□

ဇဝန

www.burmeseclassic.com